ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝံ့သကာ

သာသနဓဇသိရီပဝရ ဓမ္မာစရိယ

အစိုးရ ပဌမကျော်

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

ဆဋ္ဌသံဂါယနာဝိသဇ္ဇက

## ပဌမဆုံး တိပိဋကဓရ ဆရာတော်ဘုရားကြီး

# အရှင်ဝိစိတ္တသာရာဘိဝံသ ထေရုပ္ပတ္တိ

## တိပိဋကဓရ ဝုဍ္ဎန္တိကာသိနီ


အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက,

[B.A. HONS.] ဝိဇ္ဇာဂုဏ်ထူး (သီရိလင်္ကာ)

ရေးသားပူဇော်သည်။


---


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဒီဇင်ဘာလ ၁၉၈၀

၁၅၁၂၂

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ္ဋသကာ
သာသနဓဇသိရီပဝရ ဓမ္မာစရိယ
အစိုးရ ပဌမကျော်
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
ဆဋ္ဌသံဂါယနာဝိသဇ္ဇက

# ပဌမဆုံး တိပိဋကဓရ ဆရာတော်ဘုရားကြီး

# အရှင်ဝိစိတ္တသာရာဘိဝံသ

အဋ္ဌုပ္ပတ္တိ အဖြစ်ကောက်စဉ်ပြု

# တိပိဋကဓရ ဝုဋ္ဌာနက်ိဳးကာသိနိ

အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက,
[B.A. HONS.] ဝိဇ္ဇာဂုဏ်ထူး (သိရိလင်္ကာ)
ရေးသားပူဇော်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။


သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ခရစ်ႀကာလ ၁၉၈၀

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။



ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋံသကာဘွဲ့
သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့
အစိုးရပဋ္ဌမကျော်ဘွဲ့
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
ဆဋ္ဌသံဂါယနာ ဝိဿဇ္ဇက

**အရှင်ဝိစိတ္တသာရာဘိဝံသ**



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်,
ဒုတိယ ဥက္ကဋ္ဌ ဆရာတော် ၂-ပါး,
ဒုတိယ အကျိုးတော်ဆောင် ဆရာတော် ၂-ပါးနှင့်အတူ ဖူးမြင်ရသော
အရှင်ဝိစိတ္တသာရာဘိဝံသ

## တိပိဋကဓရ ဝုတ္တန္တဝိကာသိနီ

## ကျမ်းဦးအမှာ

---

**ထူးချွန်သည့်ပုဂ္ဂိုလ်ကျော်။** ။ဤအဋ္ဌုပ္ပတ္တိသခင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသသည် အလွန်လျှင် ထူးချွန်ဥက္ကဋ္ဌ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

**သမိုင်းမပျောက်စကောင်း။** ။ယင်းသို့ ထူးချွန်သော ပုဂ္ဂိုလ်မြတ်ကြီး လုပ်ဆောင်ချက်တို့ကို မှတ်တမ်းမတင်ပဲ မသားကောင်းချေ၊ သမိုင်းမပျောက်စကောင်းချေ။

**အကြိမ်ကြိမ်ရေးခဲ့။** ။မိမိသည် ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ၏အဖြစ်တော်စဉ်ကို အကျဉ်း အားဖြင့်ရင်း မကျဉ်းမကျယ် အသယ်အသတ်အားဖြင့်ရင်း အကျယ်အားဖြင့်ရင်း အကြိမ်ကြိမ် ရေးသားစီရင် မှတ်တမ်းတင်ခဲ့သည်[၁]။

**တိပိဋကဓရဝုတ္တန္တဝိကာသိနီ။** ။ဤတိပိဋကဓရဝုတ္တန္တဝိကာသိနီကျမ်းကြီး၌ကား ဆရာတော်၏ အဖြစ်တော်စဉ်ကို အခြံအရံမှတ်သားဖွယ်များကိုပါ ထည့်သွင်း၍ အကျယ်စုဆောင်းရေးသားစီရင်ထား၏၊ ရေးသားစီရင်၍ ပြီးဆုံးခဲ့သည်မှာလည်း ၁၃၄၀-ပြည့်နှစ် တပေါင်းလက ဖြစ်သည်။

**အနည်းငယ်ထပ်မံဖြည့်စွက်ခြင်း။** ။ယင်းသို့ပြီးစီး၍ စာပုံနှိပ်တိုက်၌ ရိုက်နှိပ်ရန် အပ်ထားစဉ် ထပ်မံ သိရှိရသော အကြောင်းအရာ အချက်အလက်အနည်းငယ်ကို ထည့်သွင်း၍ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် မွမ်းမံခဲ့ပါသည်။

**အတွဲ ၅-တွဲခန့်။** ။မိမိ မည်သို့ပင် ကြိုးပမ်းသော်လည်း ပြည့်စုံအောင်ရေးသားရန်ကား ခက်ခဲလှ၏၊ ဆရာတော်၏ လုပ်ဆောင်ချက်များ အနယ်နယ် အစိုစို အမြိုမြို အရွာရွာ ရောက်တော်မူ၍ ဘာသနာရေး လုပ်ငန်းများကို ပြည့်စုံအောင် ရေးသားရလျှင် ဆရာတော်အရှင်ဝိစိတ္တသာရာ-

---

၁။ တိပိဋကဓရဝုတ္တန္တသန္ဒိပနီကျမ်း၊ စစ်ကိုင်းသာသနာ့ဝင်ကျမ်း၊ ထေရုပ္ပတ္တိသန္ဒီပနီကျမ်းများကို ကြည့်။

ဘိဝံသ၏ **အဖြစ်တော်စဉ်ကျမ်းကြီးသည်** ဝဘမျက်နှာ ၅၀၀-ခန့်စီရှိ ကျမ်းကြီး ၂-တွဲခန့်ရှိမည်ဟု ထင်မြင်မိပေ၏။

**ရိပ်ဝေးမိ သိနိုင်လေသကဲ့ပြီ။** ။မိမိ များလှထွေပြား အလုပ်ကိစ္စတွေ ကြားမှ
ရသမျှအချိန်ကာလအတွင်း စုဆောင်းရေးသား
အပ်သော ဤတိပိဋကမရေဝုတ္တန္တဝိကာသိနီကျမ်းကြီးကို ကျမ်းဦးမှတ်ဖွယ်မှ နိဂုံး အထိ သေချာစေ့ငု ကြည့်ရှုလေ့လာပါက ဆရာတော်၏ သဒ္ဓါ, ပညာ, စေတနာ, ဝီရိယ စသည်ကို ရိပ်ဝေးမိ သိနိုင်လေသကဲ့ပြီ။

**ကြည်ညိုကြ ပူဇော်ဖူးမြော်ကြ** ။ကြုံယောင့်ကြုံခဲ ထူးကဲစွာ မြန်မာ့သာသနာ
တွင် ပေါ်ထွန်းလာသော ကျေးဇူးရှင်
တိပိဋကမရေ မေ့ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးကို သဒ္ဓါ ရှိန်းစို ကြည်ညိုကြပုန်မှ၏၊ မြတ်လေး မောင်ရော်ကုန်ရာ၏၊ ဆရာဟော်ရှိရာ ဒေသသို့ ချဉ်းကပ်ကြပြီး သဝန်းငွေသော မျက်နှာတော်ကို ဖူးမြော်ကြကုန် ရာ၏။

## တိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်း

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ


**ကျမ်းဦးမှတ်ဖွယ်** ၁ မှ ၆၂
ဘုရားရှင်ဝေနေယျတို့ကို ခြေချွတ်နိဗ္ဗာန်ဝင်စံ .... .... ၁
ပိဋက ၃-ပုံနှင့် ဒေသနာ, သာသနာ, ကထာ, သိက္ခာ, ပဟာန် .... ၁
ဓမ္မက္ခန္ဓာပေါင်း ၈-သောင်း ၄-ထောင် .... .... ၂
ဓမ္မက္ခန္ဓာ ၈-သောင်း ၄-ထောင် ရေတွက်ပုံ .... .... ၃
ပိဋက ၃-ပုံ ဓမ္မက္ခန္ဓာဖြင့် ခွဲဝေပုံ .... ၃
နှစ် ရာပေါင်းများစွာ ပိဋက ၃-ပုံ နှုတ်ဖြင့်ဆောင်၍ သင်ယူချပို့ခဲ့.... ၄
အချို့ မသေရိမြတ်များ အဋ္ဌကထာကိုပါ နှုတ်ရဆောင် .... ၄
ရာဇသီဟာမင်း လက်ထက်တွင် မဟာအဋ္ဌကထာကြီး
ပျက်စီးဟု ဆိုကြ .... .... ၄
ဘုရားရှင် ရှေ့လက်ထက်တော်က တိပိဋကဓရ ရဟန္တာပုဂ္ဂိုလ်များ ၅
အလွန်လျှင် ခေ ျော်ကြားသည့် ပဋိသမ္ဘိဒါပတ္တ တိပိဋကဓရ
ပုဂ္ဂိုလ်များ .... .... ၅
ထိပ်တန်း ပဋိသမ္ဘိဒါပတ္တ တိပိဋကဓရ မဟာသာဝက ရှစ်ဆယ် ... ၆
ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် နှုတ်ငုံဆောင်
အရှင်အာနန္ဒာ .... .... ၇
ပိဋက ၃-ပုံဆောင် အရှင်သုဟေမန္တထေရ် .... .... ၇
ပိဋက ၃-ပုံဆောင် အရှင်သာနုထေရ် .... ... ၈
ပိဋက ၃-ပုံဆောင် အရှင်ပေါဋ္ဌိလထေရ် .... .... ၈
ရဟန်း ၅၀၀-စီ အခြံအရံရှိသည့် တိပိဋကဓရ ရဟန်းတော် ၂-ပါး.... ၈
ပိဋက ၃-ပုံဆောင် ဝိနည်းအရာ ထူးထူးခြားခြား ဆောင်ရ
အရှင်ဥပါလိထေရ် .... .... ၉
**တိပိဋကဓရ** အရှင်စူဠပန်သာမဏေ .... .... ၁၀
ပိဋက ၃-ပုံဆောင် ဆတ္တပါဏိဒါယကာ .... ... ၁၀
**အမျိုးသမီး** သာသနာ့အာဇာနည် ပိဋက ၃-ပုံဆောင်များ .... ၁၀
ပိဋက ၃-ပုံဆောင် အရှင်မဓေမာထေရီ .... .... ၁၀
ပိဋက ၃-ပုံဆောင် အရှင်မဥပ္ပလဝဏ္ဏာထေရီ .... .... ၁၁

အကြောင်းအရာ | စာမျက်နှာ


ပိဋကတ် ၃-ပုံဆောင် ထူးထူးခြားခြား ဝိနည်းတော်ရ
    အရှင်မပဋ္ဌာစာရိ .... .... ၁၂
ပိဋကတ် ၃-ပုံဆောင် အချီးသမီးအာဇာနည် ရဋ္ဌတ္တရာ .... ၁၂
သံဃာတော်ပေါင်း ၇-သိန်း စုဝေးမိခြင်း တိပိဋကဓရတွေ
    များစွာပါဝင် .... .... ၁၂
ကျောင်းတိုက်ကြီးတိုင်း ပိဋကတ် ၃-ပုံဆောင်တွေ ရှိခဲ့.... .... ၁၃
ပိဋကတ် ၃-ပုံ, နိကာယ် ၅-ရပ်ဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ၅၀၀.... ၁၃
အရှင်ဒါသကထေရ်၏ တပည့် ဝိနယဓရ ရဟန်းတွေ မရေနိုင် .... ၁၃
ဝိနယဓရ ရဟန္တာပုဂ္ဂိုလ်တွေ တထောင် .... .... ၁၃
သောဏကထေရ်၏ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်
    ဝိနယဓရ တပည့်တွေ မရေနိုင် .... .... ၁၄
ရဟန္တာ ဝိနယဓရတွေ တထောင် .... .... ၁၄
သိဂ္ဂဝထေရ်၏ ဝိနယဓရ ရဟန္တာ တထောင်, ပုထုဇဉ်, သောတာပန်,
    သကဒါဂါမ်, အနာဂါမ် ဝိနယဓရတွေ မရေနိုင်အောင်များလှ.... ၁၄
သံဃာတော် ၁-သန်း ၂-သိန်း အစည်းအဝေး .... .... ၁၄
ပဋိသမ္ဘိဒါပတ္တ ပိဋကတ် ၃ ပုံဆောင် ရဟန္တာ ၇၀၀.... .... ၁၅
တိပိဋကဓရ အရှင် သိဂ္ဂဝထေရ် .... .... ၁၅
တိပိဋကဓရ အရှင်စဏ္ဍဝဇ္ဇီထေရ် .... .... ၁၅
တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ အရှင်မောဂ္ဂလိပုတ္တ
    တိဿထေရ် .... .... ၁၅
သံဃာတော် ၆-သန်း အစည်းအဝေး .... .... ၁၆
ပိဋကတ် ၃ ပုံဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ၁၀၀၀ .... ၁၆
ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ပိဋကတ် ၃-ပုံဆောင်တွေ
    သောင်း သိန်း ချီရှိ .... .... ၁၆
နိကာယ်ကျမ်းဂန်ကြီးများ တာဝန်ခွဲဝေဆောင်ရွက်ချပို့ခဲ့ကြ .... ၁၇
ဘာဏကပုဂ္ဂိုလ်တွေ များစွာ ပေါ်ထွန်းခဲ့ .... .... ၁၇
ဆက်လက်၍ နိကာယ် ၅ နိကာယ်, ပိဋကတ် ၃-ပုံကို နှုတ်ရဆောင်
    ချပို့ခဲ့ကြသည့် မထေရ်မြတ်များ .... .... ၁၇
သီဟိုဠ်ကျွန်းမှ ပိဋကတ် သုံးပုံဆောင်တွေ .... .... ၁၈
ဝိနည်းပိဋကနှင့်တကွ ပိဋကတ်ကို ကြိုးကြိုးပမ်းပမ်းဆောင်ခဲ့သော
    မထေရ်များ .... .... ၁၈

အကြောင်းအရာ စာမျက်နှာ

**အဘိဓမ္မာ ၇-ကျမ်းကို ကြိုးကြိုးပမ်းပမ်း နှုတ်ရဆောင်**
**ချပို့တော်မူခဲ့သူများ** .... .... ၁၉
ပိဋကတ် ၃-ပုံဆောင် ရဟန်းတွေ ဦးဆောင်ဆွမ်းကပ်လေ့ရှိ .... ၁၉
သီရိဓမ္မာသောကမင်းကြီး ပိဋကတ် ၃-ပုံဆောင်တို့အား
**အနဝတတ်ရေကို လှူ** .... .... ၂၀
ပိဋကတ် ၃-ပုံဆောင် စာချအကျော် အရှင်ဓမ္မရက္ခိတထေရ် .... ၂၀
ပဏ္ဍိသမ္ဘိဒါပတ္တ, ပိဋကတ် ၃-ပုံဆောင် အရှင်နာဂသေနထေရ် .... ၂၀
သာဂလမြို့ သင်္ချေယျကျောင်းတိုက်ရှိ ပိဋကတ် ၃-ပုံဆောင်,
နိကာယ် ၄-ရပ်ဆောင်, ၅-ရပ်ဆောင်များ .... .... ၂၂
သီဟိုဠ်ကျွန်း ပိဋကတ် ၃-ပုံနှင့် နိကာယ်ဆောင်အာဇာနည်များ .... ၂၂
သီဟိုဠ်ကျွန်း ပဌမဆုံးရဟန္တာ ၆၂-ပါး .... .... ၂၃
မင်းစိုးရာဇာမျိုးမှ ရဟန်း-၅၀၀ .... .... ၂၃
ကုန်သည်မျိုးမှ ရဟန်း-၅၀၁ .... .... ၂၃
သီဟိုဠ်တကျွန်းလုံး အနှံ့အပြား တယ္ဗဇနာက္ခာအရပ် ကျောင်းတိုက်
တည် ပိဋကကျမ်းဂန်တတ်တွေ ကျောင်းတင်.... .... ၂၄
အရှင်ကာဠဗုဒ္ဓရက္ခိတထေရ် .... .... ၂၄
မဟာဝိဟာရကျောင်းတိုက်ကြီး၌ သံဃာတော် ၄-ထောင်
၅-ထောင် ရှိခဲ့ .... .... ၂၄
ကြေးပြာသာဒ်ကြီး ဒုတိယထပ်၌ ပိဋကတ် ၃-ပုံဆောင်တွေ
သီတင်းသုံး .... .... ၂၅
ပဥ္စနိကာယမဏ္ဍလဆောင်၌ ပါဠိ, အဋ္ဌကထာ ရွတ်ဆို ချပို့ကြ .... ၂၆
သီဟိုဠ်ကျွန်းတောင်ပိုင်း ပိဋကတ် ၃ ပုံဆောင်တွေ တိဿမဟာဂါမ
ကျောင်းတိုက်တွင် ပိဋကတ် ၃-ပုံ သရဇ္ဈာယ်ချပို့ .... .... ၂၆
အရှင်တိပိဋကစူဠနာဂထေရ် .... .... ၂၆
ပိဋကတ် ၃-ပုံဆောင် ဝိနည်း ၁၈-ခေါက် သင်ယူခဲ့သူ အရှင်ပဒုမထေရ် ၂၇
အရှင်တိပိဋကမဟာသုမထေရ် .... .... ၂၇
အရှင်တိပိဋကစူဠသုမထေရ် .... .... ၂၈
အရှင်တိပိဋကစူဠသုမနထေရ် .... .... ၂၈
အရှင်တိပိဋကစူဠာဘယထေရ် .... .... ၂၈
အရှင်တိပိဋကတိဿထေရ် .... .... ၂၈
အရှင်တိပိဋကမဟာဓမ္မရက္ခိတထေရ် .... .... ၂၉
အရှင်တိပိဋကမဟာသိဝထေရ် .... .... ၂၉

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တိပိဋကဓရ အရှင်ဝတ္တဗ္ဗကနိဂြောဓထေရ် .... .... | ၂၉ |
| အရှင်ဥပတိဿထေရ် .... .... | ၂၉ |
| အရှင်ဖုဿဒေဝထေရ် .... .... | ၃၀ |
| နိကာယ် ၄-ရပ်ဆောင် အရှင်တိဿထေရ် .... .... | ၃၀ |
| နိကာယ် ၄-ရပ်ဆောင် အရှင်ပဏ္ဍိတတိဿထေရ် .... .... | ၃၀ |
| နိကာယ် ၄-ရပ်ဆောင် အရှင်ပိဏ္ဍတိဿထေရ် .... .... | ၃၀ |
| နိကာယ် ၄-ရပ်ဆောင် အရှင်ဘဏ္ဍိကထေရ် .... .... | ၃၁ |
| ဇာတကဘာဏီ အရှင်ပဒုမထေရ် .... .... | ၃၁ |
| ဒီဃနိကာယ်ဆောင် အဘယထေရ် .... .... | ၃၁ |
| မဇ္ဈိမနိကာယဝိနိစ္ဆယညူ အရှင်မဟာသင်္ဃရက္ခိတထေရ် .... | ၃၂ |
| သံယုတ္တနိကာယ်ဆောင် အရှင်စူဠသိဝထေရ် .... .... | ၃၂ |
| အဘိဓမ္မာပိဋကဆောင် အရှင်ဂေါဒတ္တထေရ် .... .... | ၃၂ |
| တိပိဋကဓရ တလင်္ဂရဝါသီ အရှင်ဓမ္မဒိန္နထေရ် .... .... | ၃၃ |
| သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာတင်ခြင်း .... .... | ၃၃ |
| ဘုရားစံနေ် တရားမြို့တော်၌ ပိဋကဆောင် နိကာယ်ဆောင်တို့ဖြင့် ကျက်သရေရှိခဲ့ .... .... .... | ၃၃ |
| ပိဋက ၃-ပုံဆောင် မဟာ[illegible]ထေရ် .... .... | ၃၄ |
| အဆက်မပြတ်ပေါ်ထွန်းခဲ့သည့် ပိဋကတ်ဆောင် ပိဋကတ်သိ ပညာရှိ ရဟန်းတော်များ .... .... .... | ၃၄ |
| ပိဋကဆောင် ပိဋကတတ် အရှင်မဟာဗုဒ္ဓဃောသထေရ် .... | ၃၅ |
| ပိဋကဆောင် ပိဋကတတ် အရှင်စူဠဗုဒ္ဓဃောသထေရ် .... | ၃၅ |
| ပိဋကဆောင် ပိဋကတတ် အရှင်ဗုဒ္ဓဒတ္တထေရ် .... .... | ၃၆ |
| ပိဋကဆောင် ပိဋကတတ် အရှင်အာနန္ဒာထေရ် .... .... | ၃၆ |
| တိပိဋကကျမ်းဂန်တတ် အရှင်အာနန္ဒဝနရတနထေရ် .... | ၃၇ |
| ပိဋကဆောင် ပိဋကတတ် အရှင်ဓမ္မပါလထေရ် ... .... | ၃၇ |
| တိပိဋကကျမ်းဂန်တတ် အရှင်ဥပသေနထေရ် .... .... | ၃၈ |
| တိပိဋကကျမ်းဂန်တတ် အရှင်မဟာနာမထေရ် .... .... | ၃၈ |
| တိပိဋကဓရ အရှင်ဓမ္မသိရိထေရ် .... .... | ၃၈ |
| တိပိဋကဓရ ဝေဒေဟသာမိထေရ် .... .... | ၃၉ |
| တိပိဋကကျမ်းဂန်တတ် အရှင်အနုရုဒ္ဓထေရ် .... .... | ၃၉ |
| တိပိဋကဓရ အဘိဓါန်အဋ္ဌကထာကျမ်းပြုထေရ် .... .... | ၃၉ |
| တိပိဋကဓရ အရှင်ဗုဒ္ဓပိယထေရ် .... .... | ၄၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တိပိဋကကျမ်းတတ် အရှင်သိဒ္ဓတ္ထထေရ် .... .... | ၄၀ |
| တိပိဋကကျမ်းတတ် အရှင်ဝဇိရဗုဒ္ဓိထေရ် .... .... | ၄၀ |
| တိပိဋကကျမ်းတတ် ဒိဗ္ဗလာဂလ အရှင်ကဿပထေရ် .... | ၄၁ |
| တိပိဋကကျမ်းတတ် အရှင်သာရိပုတ္တရာထေရ် .... .... | ၄၁ |
| တိပိဋကကျမ်းတတ် အရှင်စောဠိယကဿပထေရ် .... .... | ၄၁ |
| တိပိဋကကျမ်းတတ် အရှင်ဝါစိဿရထေရ် .... .... | ၄၂ |
| တိပိဋကကျမ်းတတ် အရှင်သုမင်္ဂလသာမိထေရ် .... .... | ၄၂ |
| တိပိဋကကျမ်းတတ် အရှင်ဗုဒ္ဓနာဂထေရ် .... .... | ၄၂ |
| တိပိဋကကျမ်းတတ် အရှင်သံဃရက္ခိတထေရ် .... .... | ၄၃ |
| တိပိဋကကျမ်းတတ် အရှင်သီလဝံသထေရ် .... .... | ၄၃ |
| တိပိဋကကျမ်းတတ် အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ် .... .... | ၄၃ |
| တိပိဋကကျမ်းဂန်တတ် အရှင်ဝေဒေဟထေရ် .... .... | ၄၄ |
| တိပိဋကကျမ်းဂန်တတ် အရှင်မေဓင်္ကရထေရ် .... .... | ၄၄ |
| တိပိဋကကျမ်းဂန်တတ် အရှင်ဗုဒ္ဓရက္ခိတထေရ် .... .... | ၄၅ |
| တိပိဋကကျမ်းဂန်တတ် အရှင်မောဂ္ဂလ္လာန်ထေရ် .... .... | ၄၅ |
| တိပိဋကကျမ်းဂန်တတ် အရှင်ပိယဒဿီထေရ် .... .... | ၄၅ |
| တိပိဋကကျမ်းဂန်တတ် အရှင်ရာဟုလာထေရ် .... .... | ၄၅ |
| တိပိဋကကျမ်းဂန်တတ် အရှင်ဓမ္မကိတ္တိထေရ် .... .... | ၄၆ |
| တိပိဋကကျမ်းဂန်တတ် ကဝိစက္ကဝတ္တိ အရှင်အာနန္ဒာထေရ် .... | ၄၆ |
| တိပိဋကကျမ်းဂန်တတ် အရှင်တိပိဋကစူဠာဘယထေရ် .... | ၄၆ |
| တိပိဋကကျမ်းဂန်တတ် အရှင်ရတနပညာထေရ် .... .... | ၄၇ |
| မိလိန္ဒပဉ္ဟာပါဠိတော်ကြီးကို နှုတ်ရဆောင်ခဲ့သော အရှင်ဒေါဏိကထေရ် | ၄၇ |
| တိပိဋကကျမ်းဂန်တတ် အရှင်သဒ္ဓမ္မဇောတိပါလထေရ် .... | ၄၇ |
| တိပိဋကကျမ်းဂန်တတ် အရှင်အဂ္ဂဝံသထေရ် .... .... | ၄၇ |
| အရှင်တိပိဋကရေ အဘယထေရ် .... .... | ၄၈ |
| တိပိဋကရေ အရှင်သုဝဏ္ဏဒီပထေရ် .... .... | ၄၈ |
| တိပိဋကရေ အရှင်အာနန္ဒာထေရ် .... .... | ၄၉ |
| တိပိဋကကျမ်းဂန် အလွန်တတ်လှသော ရေငုံဆရာတော် .... | ၄၉ |
| တိပိဋကကျမ်းတတ် အရှင်အရိယဝံသထေရ် .... .... | ၄၉ |
| တိပိဋကကျမ်းဂန်တတ် အရှင်သဒ္ဓမ္မပါလထေရ် .... .... | ၅၀ |

အကြောင်းအရာ စာမျက်နှာ

တိပိဋကကျမ်းဂန်တတ် မဟာတိပိဋကာလင်္ကာရ
အရှင်မုနိန္ဒဃောသထေရ် .... .... ၅၀
တိပိဋက ကျမ်းဂန်တတ်, လောကီကျမ်းတတ် မ-ကာရလောပ
တောင်တွင်းဆရာတော် ခင်ကြီးပျော် .... .... ၅၁
တိပိဋက ကျမ်းတတ်အကျော် ထေရ်သုံးဖော် .... .... ၅၂
တိပိဋကကျမ်းတတ် ဗားကရာဆရာတော်
အရှင်ဓမ္မာဘိနန္ဒထေရ် .... .... ၅၂
ဝိနယသင်္ဂဟ အဋ္ဌကထာကို နှုတ်ငုံဆောင် အရှင်ဂုဏထေရ် .... ၅၃
ပိဋက ၃-ပုံ အကုန်အစင် တတ်မြောက်သည့် ဆရာတော်ဦးဗုဒ် .... ၅၄
ဥဘတောဝိဘင်းပြန် မောင်းဆောင် သာသနာပိုင်
အရှင်ဉာဏာဘိဝံသထေရ် .... .... ၅၅
တိပိဋက ကျမ်းဂန်တတ် အရှင်မေဓာထေရ် .... .... ၅၅
တိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု ဘုရားကြီးဆရာတော်
အရှင်ဇာဂရထေရ် .... .... ၅၆
တိပိဋကကျမ်းဂန်တတ် အရှင်ပညာသာမိထေရ် .... .... ၅၆
တိပိဋကကျမ်းဂန်တတ် အရှင်ဝရသမ္မောဓိထေရ် .... .... ၅၆
ဝိနည်း ၅-ကျမ်းဆောင် ဝိနယဓရ အရှင်သုတဗုဒ္ဓိထေရ် .... ၅၇
တေပိဋကဘာဏက အရှင်ဇဝနထေရ် .... .... ၅၇
ဝိနည်း ၅-ကျမ်းပြန် ဝိနယဓရ အရှင်သဒ္ဓမ္မထေရ် .... ၅၈
အဘိဓမ္မာ ၇-ကျမ်းပြန် အဘိဓမ္မာဘာဏက အရှင်မဉ္ဇူထေရ် .... ၅၈
တိပိဋကကျမ်းဂန်တတ် အရှင်အရိယာလင်္ကာရထေရ် .... ၆၀
ပဋ္ဌာန်းအာဂုံပြန် အရှင်အရိယဝံသ .... .... ၆၀
ကထာဝတ္ထုကျမ်းပြန် အရှင်ဉာဏထေရ် .... .... ၆၀
တိပိဋကကျမ်းဂန်တတ် အရှင်သာရဒဿီထေရ် .... .... ၆၁
ဥဘတောဝိဘင်းပြန် အရှင်ပညာရံသီထေရ် .... .... ၆၁
ဝိဘင်းပါဠိတော်နှင့် ပဋ္ဌာန်းအာဂုံပြန် အရှင်ဝိသုဒ္ဓထေရ် .... ၆၁
ပိဋက ၃-ပုံဆောင် ပေါ်ပေါက်သည်ကို မတွေ့ရ .... .... ၆၂
သီပေါမင်းလက်ထက် ပိဋက ၃-ပုံ စာပြန်ပွဲ ဆက်လက်ကျင်းပ .... ၆၂
ဝိနည်း ၅-ကျမ်းဆောင် ဝိနယဓရ အရှင်ကလျာဏထေရ် .... ၆၂
သာသနာရေးဌာန, သာသနာရေးဦးစီးဌာနက
ထုတ်ဝေနိုင်ခဲ့ .... .... ၆၃

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တိပိဋကဓရ ဝိတ္ထန္တဝိကာသိနီကျမ်းကြီး ရေးသားခြင်း | ၆၃ |
| အရှင်ကုမာရ (က)၊ အရှင်ကုမာရ (ခ)၊ အရှင်ပညာသီဟတို့ ကူညီကြ | ၆၄ |
| တိုက်တွန်းချက် | ၆၄ |
| ရတနတ္တယ ပဏာမ | ၆၇ |
| အာစရိယ ပဏာမ | ၆၈ |
| ဝိစိတ္တသာရာဘိဝံသ ပဏာမ | ၆၉ |
| အဘိယာစကနှင့် ပဋိညာဉ် | ၇၀ |
| ဇမ္ဗူဒီပါ လကျာ်တောင်ကျွန်း | ၇၀ |
| အာဇာနည်ပုဂ္ဂိုလ်မြတ်တို့ ပေါ်ထွန်းရာ | ၇၁ |
| မြန်မာနိုင်ငံတော် | ၇၁ |
| လောကီ,လောကုတ္တရာ ရတနာများပေါ်ထွန်းရာ | ၇၂ |
| အံ့မခန်းသည့် လောကုတ္တရာ ရတနာများ | ၇၂ |
| မြင်းခြံခရိုင် | ၇၄ |
| လူမျိုးစုံတို့နေထိုင်ရာ | ၇၅ |
| တံဆိပ်ရ, မရ ကျွမ်းပြုပုဂ္ဂိုလ် ပညာရှိတို့ ပေါ်ထွန်းရာ | ၇၆ |
| မြင်းခြံကိုရွေးချယ်၍ သန္ဓေတွယ်ခဲ့ | ၁၀၈ |
| သာသနာပိုင် တောင်ခွင်ဆရာတော်ဘုရားကြီး ဦးစီးကွပ်ကဲကာ သာသနာပြုခြင်း | ၁၀၉ |
| သာသနာရေး တောက်ပြောင်ချိန် ဖွားမြင် | ၁၁၁ |
| တန်ဆောင်မာသ ခါသမယ | ၁၁၁ |
| ကျည်းပင်ရွာ | ၁၁၃ |
| ကျည်းပင်ရွာနှင့် ပတ်ဝန်းကျင်ဒေသ မြေပုံ | ၁၁၅ |
| ကျည်းပင်ရွာကျောင်း၏ မျက်နှာစာပြပုံ | ၁၁၆ |
| အရှင်ဝိစိတ္တသာရာဘိဝံသ လောင်းလျာ ဖွားမြင်ပြီ | ၁၁၇ |
| အရှင်ဝိစိတ္တသာရာဘိဝံသ ဇာတာတော် | ၁၁၇ |
| မိဘ ၂-ဦး ရှင်မြူးဝမ်းမြောက်ကြ | ၁၁၈ |
| ဆရာတော်လောင်းလျာ ငယ်နာမည် မောင်ခင် | ၁၁၉ |
| ဆရာတော်လောင်းလျာအား လှန်စွာစောင့်ရှောက် | ၁၁၉ |
| ဆရာတော်လောင်းလျာ၏ ရုပ်ရည် | ၁၂၀ |
| သာမုဒ္ဒိက လက္ခဏာကျမ်း | ၁၂၁ |
| မျက်လုံးတော် လက္ခဏာ | ၁၂၂ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အရပ်ခုနစ်ပါး ဖြိုးမောက်ခြင်း | .... | .... | ၁၂၃ |
| အသံတော်လက္ခဏာ | .... | .... | ၁၂၃ |
| မွေးချင်း သုံးဦး | .... | .... | ၁၂၃ |
| ဆရာတော်အလောင်းအလျာ၏ အလေ့အလာ | .... | .... | ၁၂၄ |
| တိပိဋကဓရ အာဇာနည်လောင်းလျာ စောင့်ရှောက်ကြ ဝမ်းမြောက်ကြ | .... | .... | ၁၂၄ |
| ဖခင်ကြီး ဦးဆုံ ကွယ်လွန်ခြင်း | .... | .... | ၁၂၅ |
| ဆရာတော် အရှင်သာသနမဟာထေရ် | .... | .... | ၁၂၅ |
| ဆရာတော်လောင်းလျာ အရှင်သာသနထံ ပညာသင် | | .... | ၁၂၇ |
| ငယ်စဉ်ကတည်းက စာနှင့်ပျော်ခဲ့ | .... | .... | ၁၂၇ |
| အဘိုး၏ သာသနာ့အာဇာနည်မွေးနည်း | .... | .... | ၁၂၈ |
| အဘိုးအဘွားတို့က ပဌမအကြိမ်ရှင်ပြု | .... | .... | ၁၂၈ |
| ဆရာတော် အရှင်သောဘိတမဟာထေရ် | .... | .... | ၁၂၉ |
| သံဝဂလေကာ | .... | .... | ၁၃၀ |
| ဆရာတော် အရှင်သောဘိတထံ ပညာသင် | .... | .... | ၁၃၀ |
| အရှင်ဝိစိတ္တသာရာဘိဝံသလောင်းလျာ စာအံနည်း | | .... | ၁၃၀ |
| ဒုတိယအကြိမ်ရှင်ပြု, သာမဏေဝတ် | .... | ..... | ၁၃၁ |
| ဥပဇ္ဈာယ်ဆရာတော် အရှင်သောဘိတ | .... | .... | ၁၃၂ |
| အစစအရာရာ ဆန်းကြယ်မွန်မြတ်သူဖြစ်အောင် ကြိုးပမ်းရမည် | | .... | ၁၃၂ |
| ဘုရင့်သား စစ်ဗိုလ်ကလေးလို အလွန်ကိုလှပ | .... | .... | ၁၃၃ |
| ဥပဇ္ဈာယ်ဆရာတော်ထံ ပညာသင် | .... | .... | ၁၃၃ |
| ကစ္စည်းသဒ္ဒါကြီး ရှစ်စောင်ပါဠိ | .... | .... | ၁၃၄ |
| ကစ္စည်းသဒ္ဒါကြီး အာဂုံပြန်ဆိုခြင်း | .... | .... | ၁၃၄ |
| အဘိဓမ္မတ္ထသင်္ဂဟပါဠိ | .... | .... | ၁၃၄ |
| အဘိဓမ္မတ္ထသင်္ဂဟပါဠိ အာဂုံပြန်ခြင်း | .... | .... | ၁၃၅ |
| ပညာစွမ်းပြခဲ့သူ | .... | .... | ၁၃၆ |
| တိပိဋကဓရနိမိတ်ထူး | .... | .... | ၁၃၆ |
| ပိဋကကျမ်းစာတွေ စတင်ကြည့်ရှု | .... | .... | ၁၃၆ |
| ပေါရာဏဒီပနီကျမ်းကြီး ၂-ကျမ်း | .... | .... | ၁၃၇ |
| ပေါရာဏဒီပနီကျမ်း ပဌမတွဲ | .... | .... | ၁၃၇ |
| ပေါရာဏဒီပနီကျမ်း ဒုတိယတွဲ | .... | .... | ၁၃၉ |
| ယင်းကျမ်းကြီး ၂-ကျမ်းဖြင့် ကဗျာဉာဏ်ဖွင့်ခဲ့ | .... | .... | ၁၄၁ |

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မပျင်းမရိ စာပေကြိုးစား .... .... | ၁၄၁ |
| ပဌမငယ်တန်းစာမေးပွဲ အောင်မြင်ခြင်း .... .... | ၁၄၂ |
| ပဌမလတ်တန်းကျမ်းစာများ လေ့လာပြီးခြင်း .... .... | ၁၄၂ |
| ပဌမလတ်တန်း ဖြေဆိုအောင်မြင်တော်မူခြင်း .... .... | ၁၄၂ |
| သာသနာ့အာဇာနည် ငယ်, လတ် စာပေလေ့လာတော်မူခဲ့ပုံ .... | ၁၄၃ |
| အနုဋီကာကျမ်းများ .... .... | ၁၄၃ |
| သာသနာ့အာဇာနည်လောင်းလျာ အနုဋီကာကျမ်းများ ငယ်စဉ်ကပင် ကြည့်ရှုခဲ့ .... .... | ၁၄၄ |
| မဓုဋီကာကျမ်းများ .... .... | ၁၄၅ |
| မဓုဋီကာကျမ်းများကို ငယ်စဉ်က ကြည့်ရှုလေ့လာ .... | ၁၄၇ |
| ယောဇနာကျမ်းဂန်များ .... .... | ၁၄၇ |
| ယောဇနာကျမ်းများကို ကြည့်ရှုလေ့လာခြင်း .... .... | ၁၄၇ |
| အလွန်လျှင် အလိုက်သိ, အမြော်မြင်ကြီးသော ဆရာတော် .... | ၁၄၈ |
| ဇိနာလင်္ကာရဋီကာကျမ်းကြီး .... .... | ၁၄၈ |
| ကျက်မှတ်ဖွယ်ဂါထာကောင်းများ .... .... | ၁၄၉ |
| သာသနာ့အာဇာနည်လောင်းလျာ ဇိနာလင်္ကာရဋီကာ လေ့လာကြည့်ရှု .... .... | ၁၅၂ |
| ဇာတတ္ထကီပါဌ်ကျမ်းကြီး .... .... | ၁၅၃ |
| ဇာတတ္ထကီကျမ်းကို ကြည့်ရှုလေ့လာခြင်း .... .... | ၁၅၄ |
| သောတတ္ထကီပါဌ် .... .... | ၁၅၄ |
| သောတတ္ထကီပါဌ်ကို ကြည့်ရှုလေ့လာခြင်း .... .... | ၁၅၇ |
| ဒုလ္လဘမျိုးစုံကို ရရှိတော်မူခဲ့ .... .... | ၁၅၇ |
| အဓိပ္ပါယ်ပြောကြားစေခြင်း .... .... | ၁၅၇ |
| ဆရာတော်အရှင်သောဘိတ မကျန်းမမာဖြစ်သဖြင့် ပူပန်ခြင်း .... | ၁၅၇ |
| နှိုင်းယှဉ်ရှုမှတ်တော်မူခြင်း .... .... | ၁၅၈ |
| ဥပဇ္ဈာယ်ဆရာတော်ပျံလွန် သံဝေဂဖြစ်ခဲ့ .... .... | ၁၅၉ |
| သာယာတင့်ရှန်း မင်းကွန်းတောင်ရိုး .... .... | ၁၅၉ |
| မင်းကွန်းဓမ္မနာဒတိုက် ဆရာတော် အရှင်ပညာစက္ကမဟာထေရ် .... | ၁၆၃ |
| သာသနာ့အာဇာနည်လောင်းလျာ မင်းကွန်းဓမ္မနာဒတိုက် ဆရာတော် အရှင်ပညာစက္ကထံ ရောက်ခြင်း .... .... | ၁၆၄ |
| ဤသို့ အကြံတော် ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်မည်.... .... | ၁၆၄ |
| သာသနာ့အာဇာနည်လောင်းလျာ၏ တောရစိတ်.... .... | ၁၆၅ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဘုန်းတော်ကြီး အရှင်ဣန္ဒာလောက အမေး အရှင်ဝိစိတ္တသာရ အဖြေ | .... | .... | ၁၆၅ |
| သူတော်သူမြတ်တို့နှင့် သင့်လျော်သည့်ဒေသမွန် | .... | .... | ၁၆၇ |
| သာသနာ့အောင်မြေ စင်စစ်ဖြစ်ခြင်း | .... | .... | ၁၆၈ |
| ရွှေမြင်တင်တောင်တန်း၌ ဆရာတော်ကြီးတို့ တရားဖြင့်ပျော်ကြ | .... | | ၁၆၈ |
| ကိုရင် ဘာသံလဲ | .... | .... | ၁၆၈ |
| တိပိဋကဓရလောင်းလျာကို ရှင်ဝဏ္ဏိတ ရူပသိဒ္ဓိကျမ်းသံဖြင့် ကြိုဆို | .... | .... | ၁၆၈ |
| ဆရာတော် အရှင်ပညာစက္က ခြေတော်ရင်းရောက်ပြီ | | .... | ၁၆၉ |
| ရှင်ဝိစိတ္တသာရ အရတော်ခြင်း | .... | .... | ၁၆၉ |
| ဆရာတော် အရှင်ပညာစက္က၏ ဩဝါဒ | .... | .... | ၁၇၀ |
| ယောနိသောမနသိကာရ ရှေ့သွားရှိခြင်း | .... | .... | ၁၇၁ |
| သာသနာ့မိခင် ကောမာရဗြဟ္မစာရိနီ ဒေါ်ဓမ္မစာရီ | | .... | ၁၇၁ |
| သစ္စဝါဒီဋီကာ ပြုစီရင်ခြင်း | .... | .... | ၁၇၂ |
| ရှင်ဝိစိတ္တသာရ ဒေါ်ဓမ္မစာရီနှင့်တွေ့ | .... | .... | ၁၇၄ |
| ရှင်ဝိစိတ္တသာရ ဓမ္မနာဒ ဆရာတော်ထံ ပညာသင်ကြားဘို့ အားထုတ်ပြီ | .... | .... | ၁၇၆ |
| မောဂ္ဂလ္လာန်ဗျာကရုဏ်းကျမ်းကြီး | .... | .... | ၁၇၇ |
| မောဂ္ဂလ္လာန်ဗျာကရုဏ်းကျမ်းကို သင်ယူခြင်း | .... | .... | ၁၇၉ |
| ပါဠိသဒ္ဒါနိုင်လျှင် မြန်မာသဒ္ဒါလဲ နိုင်ကြောင်း ဩဝါဒ | | .... | ၁၇၉ |
| သဒ္ဒါပါရဂူ လင်းယဉ်ထူပြီ | .... | .... | ၁၈၀ |
| အဘိဓာန်ကျမ်း (အဘိဓာနပ္ပဒီပိကာကျမ်း) | .... | .... | ၁၈၁ |
| တနေ့ အဘိဓာန်ဆယ်ဂါထာ ကျက်ခြင်း | .... | .... | ၁၈၃ |
| ဆရာကောင်းမှ တပည့်ကောင်းဖြစ်နိုင် | .... | .... | ၁၈၃ |
| ဆရာလဲကောင်း တပည့်လဲကောင်း | .... | .... | ၁၈၄ |
| သုဗောဓာလင်္ကာရကျမ်း | .... | .... | ၁၈၄ |
| အလင်္ကာကျမ်းကို လေ့လာကျက်မှတ်ခဲ့ | .... | .... | ၁၈၇ |
| ဝုတ္တောဒယဆန်းကျမ်း | .... | .... | ၁၈၇ |
| သာသနာ့အာဇာနည်လောင်းလျာ ဝုတ္တောဒယကျမ်း နှုတ်ရဆောင် | .... | .... | ၁၈၈ |
| ပါဠိကဗျာ, မြန်မာကဗျာ နှစ်မျိုးလုံးနိုင်နင်းခဲ့ | .... | .... | ၁၈၈ |
| သုဗောဓာလင်္ကာရဋီကာသစ်ကျမ်း | .... | .... | ၁၈၉ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ရှင်ဝိစိတ္တသာရ သုဗောဓာလင်္ကာရဋီကာသစ်ကျမ်း သင်ယူခြင်း .... | ၁၇၉ |
| ပဌာန်းအရကောက်ကျမ်းကြီး သင်ယူခြင်း .... .... | ၁၇၉ |
| နိုင်နင်းစွာသင်ယူခဲ့ .... .... | ၁၉၀ |
| သဒ္ဒတ္ထဘေဒစိန္တာကျမ်း .... .... | ၁၉၁ |
| သာသနာ့အာဇာနည်လောင်းလျာ ဘေဒစိန္တာကျမ်းသင်ယူခြင်း.... | ၁၉၁ |
| ကစ္စာယနသာရကျမ်း .... .... | ၁၉၂ |
| သာသနာ့အာဇာနည် ကစ္စာယနသာရကျမ်း သင်ယူ .... | ၁၉၂ |
| စာတက်ပြီး ညဥ့်နက်သန်းခေါင် စာပြန် .... .... | ၁၉၃ |
| ကစ္စာယနသာရသရူပတ္ထဒီပနီကို လေ့လာကြည့်ရှု .... .... | ၁၉၃ |
| သင်္ဂဇာမူ ဓမ္မပဒပါဠိတော်နိဿယ .... .... | ၁၉၄ |
| ပါဠိစာစီစာကုံး လေ့ကျင့်ခြင်း .... .... | ၁၉၅ |
| ဆန်းကျမ်းကို လေ့လာခြင်း .... .... | ၁၉၅ |
| မဃဒေဝလင်္ကာသစ်ကျမ်းကြီး .... .... | ၁၉၆ |
| မဃဒေဝလင်္ကာကျမ်းကြီးဖြင့် ကဝိနယ်အပြီးတိုင်ဝင်ခဲ့ .... | ၁၉၆ |
| နာယတရားဆယ်ပါးပြပါဠိ အရကျက်ခဲ့ .... .... | ၁၉၇ |
| ဒသနာရထကရဏပါဠိ .... .... | ၁၉၇ |
| ကဗျာဆိုင်ရာ ရတု ဩဘာစာ စသည်များ ရေးသားစေခြင်း .... | ၁၉၉ |
| မိုးနှုးသစ်ပင် လန်းလန်းရှင်ခဲ့ .... .... | ၁၉၉ |
| ဆာဦးသွင်နှင့် လေဒီသွင်တို့က ရဟန်းခံလိုကြ .... .... | ၂၀၀ |
| ရှင်ဝိစိတ္တသာရ ရဟန်းဘဝ ဒုလ္လဘာ ရရှိပြီ .... .... | ၂၀၀ |
| နေ လ အလား ဥပဇ္ဈာယ်ဆရာတော်နှစ်ပါး .... .... | ၂၀၀ |
| ကမ္မဝါစာ ဆရာတော်များ .... .... | ၂၀၁ |
| ငါတို့ နောက်ဆုံး စည်းဝေးရပေသည် .... .... | ၂၀၁ |
| မိခင်ကြီး ဒေါ်ဆင် မကြုံဘူးအောင်ဝမ်းမြောက် ဆရာတော် အရှင်ပညာစက္က ပီတိဖြစ် .... .... | ၂၀၂ |
| ဝိနည်းပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများ .... .... | ၂၀၃ |
| ဝိနည်းအဋ္ဌကထာကျမ်းကြီးများ .... .... | ၂၀၃ |
| ဝဇိရဗုဒ္ဓိဋီကာ .... .... | ၂၀၄ |
| သာရတ္ထဒီပနီဋီကာ .... .... | ၂၀၅ |
| ဝိမတိဝိနောဒနီဋီကာ .... .... | ၂၀၅ |
| ဝိနည်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူလေ့လာခြင်း | ၂၀၆ |
| အဘိဓမ္မပိဋက ပါဠိတော်ကျမ်းကြီးများ .... .... | ၂၀၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဘိဓမ္မာအဋ္ဌကထာကျမ်းကြီးများ .... .... | ၂၀၇ |
| မူလဋီကာကျမ်းကြီးများ .... .... | ၂၀၇ |
| အနုဋီကာကျမ်းကြီးများ .... .... | ၂၀၈ |
| အဘိဓမ္မာပါဠိ, အဋ္ဌကထာ, ဋီကာများကို ဆိုဝါဖြင့်သင်ယူ .... | ၂၀၈ |
| စံကျောင်းနိယံ (ရွှေရေးဆောင်နိယံ) .... .... | ၂၀၈ |
| စံကျောင်း (ရွှေရေးဆောင်) နိယံ ညဝါအဖြစ်ဆို .... | ၂၁၀ |
| မထေရ်ကြီးများအား ဆည်းကပ်ပုံသင်ပေး .... .... | ၂၁၀ |
| ကံကြီး ကံငယ် ဆောင်ရွက်ပုံသင်ပြ .... .... | ၂၁၀ |
| အာစရိယ ပီသသည့် ပုဂ္ဂိုလ်ထူး .... .... | ၂၁၁ |
| ဂရုပီသသည့်ပုဂ္ဂိုလ် .... .... | ၂၁၁ |
| ဆရာဝတ်ကျေသော ဆရာတော် .... .... | ၂၁၂ |
| ဒေါ်ဓမ္မစာရီနှင့် ဆာဦးသွင်-ဒေါ်ဒေါ်သိန်းတို့ စောင့်ရှောက်ကြခြင်း .... .... | ၂၁၂ |
| ဘုရားဟောဒေသနာနှင့်အညီ လိုက်နာကျင့်ကြံလေ့ရှိခြင်း .... | ၂၁၃ |
| သာသနာ့ဥယျာဉ်မှူးများ .... .... | ၂၁၄ |
| ပဋ္ဌမပြန်စာမေးပွဲ .... .... | ၂၁၄ |
| ပဋ္ဌမကြီးတန်း ၂-ကြိမ်အောင် ပဋ္ဌမကျော်အောင်မြင်ခြင်း .... | ၂၁၆ |
| အမျိုးသား ပဋ္ဌမကြီးတန်း အောင်မြင်ခြင်း .... .... | ၂၁၇ |
| ပရိယတ္တိသာသနဟိတအသင်း .... .... | ၂၁၇ |
| ပရိယတ္တိသာသနဟိတ(သကျသီဟ)စာသင်တန်းအောင်မြင်ခြင်း | ၂၁၈ |
| အရှင်ဝိစိတ္တသာရာဘိဝံသအမည် .... .... | ၂၁၉ |
| ပရိယတ္တိသာသနဟိတ(သကျသီဟ)စာချတန်းနှစ်ချင်းအောင် .... | ၂၁၉ |
| ဝဋံသကာ(ဦးစိုက်ပန်း) .... .... | ၂၁၉ |
| အဋ္ဌကထာပြန်အကျော်ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း .... | ၂၂၀ |
| ထောမနာဂါထာများ .... .... | ၂၂၁ |
| ဥပဇ္ဈာယ်မဟာထေရ်မြတ်၏ မပြတ်ဆုံးမတော်မူအပ်သော သြဝါဒကထာ .... .... | ၂၂၃ |
| မန္တလေးမြို့ ဝိသုဒ္ဓါရုံ အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော် ချီးကျူးဖွဲ့ဆိုသည့် ဂါထာများ .... .... | ၂၂၄ |
| ပဋ္ဌာန်းညဝါ စာချဆရာ အရှင်အဂ္ဂဝံသရေးသားအပ်သော ထောမနာဂါထာ .... .... | ၂၂၆ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပဌမကြီးရဟန်းတော် အရှင်အဂ္ဂဝံသရေးသားအပ်သော ဃောမနာဂါထာ .... .... | ၂၂၇ |
| ပဌမကျော်အရှင်မြတ် သီတင်းသုံးဖော် အရှင်နန္ဒိယ ဖွဲ့စီရေးသား အပ်သော ပဌမကျော်ဘွဲ့ လေယာဉ်ပျံဂါထာ .... | ၂၂၉ |
| ပဌမကျော်အရှင်မြတ်၏တပည့် ရဟန်းတော်အရှင်နာဂိတ ဖွဲ့သီ အပ်သော အာသီသမင်္ဂလာ ပြဿာရတုပိုဒ်စုံ .... | ၂၃၂ |
| သာသနာမူလ မဟာပူဇနိယ ထုတိဃောသ ပြဿာစာတမ်း .... | ၂၃၃ |
| ပြဿာစာ .... — | ၂၃၄ |
| မင်္ဂလာသံပိုင်း .... .... | ၂၄၂ |
| အစိုးရပဌမကျော်၊ သကျသီဟ အဋ္ဌကထာပြန်အကျော် ဟူသော ဘွဲ့လိပ်နှင့်ရွှေတံဆိပ် ဆက်ကပ်လှူဒါန်းသော အခမ်းအနားဘွဲ့ ဖတ်ကြားသော မင်္ဂလာရတုပိုဒ်စုံ .... .... | ၂၄၃ |
| စာသင်ရပ်စဲစေ .... .... | ၂၄၅ |
| ဓမ္မနာဒနာယကဖြစ်ခြင်း .... .... | ၂၄၅ |
| အရှင်ဝိစိတ္တသာရာဘိဝံသစိတ်ထား .... .... | ၂၄၆ |
| သာသနဓဇ သိရိပဝရဓမ္မာစရိယ .... .... | ၂၄၆ |
| တိပိဋကဓရရွေးချယ်ရေးအဖွဲ့ — .... | ၂၄၇ |
| တိပိဋကဓရ ရွေးချယ်ပွဲစည်းမျဉ်း .... .... | ၂၄၇ |
| ရွေးချယ်ပွဲအမည် .... — | ၂၄၈ |
| ကျောင်းပရာဌာန .... .... | ၂၄၈ |
| အချိန်ကာလ .... .... | ၂၄၈ |
| ကျောင်းပုံ .... .... | ၂၄၈ |
| ပြဋ္ဌာန်းသော ကျမ်းစာများ — .... | ၂၅၀ |
| အာဂုံပြန်ဆိုပွဲ၌ ယောက်မစစ်ဆေးခြင်း .... .... | ၂၅၀ |
| သဘောရေးဖြေပွဲ၌ ပုစ္ဆာထုတ်အမှတ်ပေးခြင်း .... .... | ၂၅၁ |
| ဘွဲ့လက်မှတ်နှင့် တံဆိပ်တုံး .... .... | ၂၅၂ |
| ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ခြင်း .... .... | ၂၅၃ |
| ပစ္စည်းလေးပါးရပ်စဲခြင်း .... .... | ၂၅၅ |
| တိပိဋကဓရရွေးချယ်ပွဲ စည်းကမ်းဥပဒေ .... .... | ၂၅၆ |
| ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ရေးဆွဲသော တိပိဋကဓရရွေးချယ်ပွဲ စည်းမျဉ်းဥပဒေ၏အကြောင်း .... .... | ၂၅၇ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သာသနာရေးဦးစီးဌာနမှ ထုတ်ပြန်သော တိပိဋကဓရရွေးချယ်ရေး စာမေးပွဲနည်းဥပဒေများ | .... | .... | ၂၅၈ |
| ပြဋ္ဌာန်းသော ကျမ်းစာများ | .... | .... | ၂၆၀ |
| တိပိဋကဓရရွေးချယ်ပွဲကျင်းပရန် ကြေငြာခြင်း | .... | .... | ၂၆၁ |
| မဏ္ဍပ်ကနားများပြင်ဆင်ခြင်း | .... | .... | ၂၆၁ |
| မင်းခမ်းမင်းနားဖြင့် စဘင်ဖွင့်လှစ်ခြင်း | .... | .... | ၂၆၁ |
| အာဂုံပြန်ဆိုပွဲကျင်းပပြီ | .... | .... | ၂၆၃ |
| စာဆောင်စာမ နာယက, စာမှတ်ဆရာ, အကျိုးဆောင်ဥက္ကဋ္ဌတို့၏ လုပ်ငန်း | .... | .... | ၂၆၄ |
| ကြပ်မကြည့်ရှု ပြန်ဆိုစေကြခြင်း | .... | .... | ၂၆၄ |
| တိပိဋကတ်တော် ပြန်ဆိုချိန် နားချိန် | .... | .... | ၂၆၅ |
| အာဂုံပြန်ပွဲပြီး သဘောရေးဖြေပွဲကျင်းပ | .... | .... | ၂၆၅ |
| ပဌမအကြိမ်ရွေး ချယ်ပွဲ တပါးမျှမအောင်မြင် | .... | .... | ၂၆၆ |
| ဓမ္မပူဇော်ပွဲကျင်းပ လှူဒါန်းချီးမြှောက် | .... | .... | ၂၆၆ |
| ဒုတိယအကြိမ် တိပိဋကဓရရွေးချယ်ပွဲ | .... | .... | ၂၆၇ |
| ဝိသိဋ္ဌဝိနယဓရ ဆရာတော်အရှင်ပညာသာရ အဋ္ဌုပ္ပတ္တိအကျဉ်း | | | ၂၆၈ |
| ချီးကျူးပူဇော်ပွဲ | .... | .... | ၂၆၈ |
| အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရပုဂ္ဂိုလ် ပြုလုပ်ရန်ကြံစည် | .... | | ၂၆၉ |
| ပီတိသောမနဿကို အစားထိုးပေးမည် | .... | .... | ၂၇၀ |
| အကြောင်းညီညွတ်လျှင် တိပိဋကဓရအဖြစ်ဖြင့် ကျေးဇူးဆပ်မည် | | | ၂၇၀ |
| မလုပ်မပြော လုပ်မှာဖြစ်၍ ပြောသည် | .... | .... | ၂၇၁ |
| ရှေးဦးစွာ ဝိနယလမ်းစဉ် ရှာတော်မူပြီ | .... | .... | ၂၇၁ |
| စဉ်းစားဖွယ် ဝိနယဓရလမ်းစဉ် | .... | .... | ၂၇၂ |
| သက္ကရာဇ် ၁၃၁၂-ခု၊ နတ်တော်လ ဓနုရာသီ | .... | .... | ၂၇၄ |
| တတိယအကြိမ် တိပိဋကဓရရွေးချယ်ပွဲကြီး | .... | .... | ၂၇၄ |
| မင်္ဂလာအခါတော်ကြား ကေပိုဒ်ရတု | .... | .... | ၂၇၅ |
| နိုင်ငံတော်သမ္မတကြီး သံဿာတော်လျှောက်ကြား အခမ်းအနား ဖွင့်ခြင်း | .... | .... | ၂၇၆ |
| နိုင်ငံတော်သမ္မတကြီး၏ သံဃာတော်အား လျှောက်ထားလွှာ | .... | | ၂၇၆ |
| တိပိဋကဓရရွေးချယ်ရေးအဖွဲ့ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၏ ဩဝါဒမိန့်ခွန်းတော် | .... | .... | ၂၇၈ |
| နေ့ဆွမ်းဆက်ကပ်ကျွေးမွေးခြင်း | .... | .... | ၂၈၁ |

အကြောင်းအရာ စာမျက်နှာ

စာတော်ပြန်ပွဲ ဆင်နွဲချိန် .... .... ၂၈၁
စာတော်ပြန် သံဃာတော်ငါးပါး .... .... ၂၈၂
စာတော်ပြန်ပွဲကြီးကို ဆက်လက်ကျင်းပခြင်း .... .... ၂၈၂
ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များစွာ ရောက်ရှိအားပေးချီးကျူး
    စာများ ရေးသားချီးကျူးကြ .... .... ၂၈၃
သဘောရေးဖြေပွဲကြီး .... .... ၂၈၄
ပုစ္ဆာချားစစ်ဆေးခြင်း .... .... ၂၈၅
တတိယအကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ အောင်မှတ်
    ဇယားပုံစံ .... .... ၂၈၇
ရဟန်းရှင်လူ ကြည်ဖြူဝမ်းမြောက်ကြခြင်း .... .... ၂၈၈
သမ္မတအိမ်တော်၌ ချီးကျူးပူဇော်ပွဲ ကျင်းပခြင်း .... ၂၈၈
နိုင်ငံတော်သမ္မတ၏ ချီးကျူးမိန့်ကြားချက် .... .... ၂၈၉
ဗုဒ္ဓသာသနာနုဂ္ဂဟဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒလက်မှတ်,
    ဘွဲ့တံဆိပ်ဆက်ကပ်ခြင်း .... .... ၂၉၁
ခမ်းနားကြီးကျယ်လှသော သာသနာ့ရိပ်သာ ချီးကျူးပူဇော်ပွဲ ၂၉၂
ဦးလှစိန်ဖတ်ဆိုသည့် ကေပိုဒ်ရတု .... .... ၂၉၂
ချီးကျူးလွှာတချို့ကို ဖော်ပြခြင်း .... .... ၂၉၃
အလင်္ကာကျော်စွာ သခင်ကိုယ်တော်မှိုင်းရေးသားဖတ်ဆိုသည့်
    ဩဘာစာတမ်း .... .... ၂၉၄
အဂ္ဂမဟာပဏ္ဍိတ ဆရာဦးလင်းရေးသားဖတ်ကြားအပ်သော
    အဋ္ဌုပ္ပတ္တိအကျဉ်းချုပ်ပါရှိသည့် ချီးကျူးလွှာ .... ၂၉၅
တိပိဋကဓရရွေးချယ်ပွဲ အာဂုံပြန်ဆိုပွဲတွင် အလှည့်ကျ စာထောက်
    ဆရာ ဦးညွန့်မောင်၏ မှတ်တမ်းမှ ကောက်နုတ်ချက် .... ၂၉၈
ဓမ္မာစရိယ ဦးညွန့်မောင်ချီးကျူးပူဇော်သည့် ဝိစိတ္တသာရာဘိဝံသ
    ရှစ်ခါယ်ပေါ် ထပ်တွန့်တေးထပ် .... .... ၃၀၀
သုဓမ္မဝတီ ဦးပန်းမောင် နည်းမှီးစီစဉ်အပ်သော ဥဒါန်သောမနာ
    အာမေးအဖြေဂါထာ .... .... ၃၀၁
ချီးကျူးလွှာများ အမြွက်ထုတ်ပြခြင်း .... .... ၃၀၂
အပူဇော်ခံ မင်းကွန်းပြန်ကြွ အဘိဓမ္မာ ရွှေငါးကျမ်းကျက် .... ၃၀၂
အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဘိဓမ္မာအောက် ၅-ကျမ်း
    လျှော့သာပုံ ကျက်ပုံနည်း .... .... ၃၀၃
ဝိဘင်းပါဠိတော် လေ့လာကျက်မှတ်တော်မူပုံ .... .... ၃၀၄

အကြောင်းအရာ | စာမျက်နှာ

ဓာတုကထာပါဠိတော် လေ့လာ ကျက်မှတ်တော်မူပုံ .... ၃၀၄
ပုဂ္ဂလပညတ္တိပါဠိတော် လေ့လာ ကျက်မှတ်တော်မူပုံ .... ၃၀၅
ကထာဝတ္ထုပါဠိ .... .... ၃၀၅
သာသနာ့အာဇာနည် ကထာဝတ္ထု လေ့လာပုံ .... .... ၃၀၆
အဘိဓမ္မာငါးကျမ်းကို နေ့စဉ် ချုပ်၍ပြန်ဆို .... .... ၃၀၆
အဘိဓမ္မာငါးကျမ်း အဋ္ဌကထာ ဋီကာများ လေ့လာကြည့်ရှု .... ၃၀၇
ပြန်ဆိုရေးဖြေရန် ရန်ကုန် ကြွတော်မူခြင်း .... .... ၃၀၇
တိပိဋကဓရရွေးချယ်ပွဲကြီး စတင်ပြီ .... .... ၃၀၇
နာယကဆရာတော်၏ ဩဝါဒမိန့်ခွန်းတော် .... .... ၃၀၈
ရဟန်းသံဃာများ .... .... ၃၀၈
ပြည်ပိုင် ဒာစိုးရများ .... .... ၃၀၈
ဒါယကာ ဒါယိကာမများ .... .... ၃၀၉
တိပိဋကဓရရွေးချယ်ရေးအဖွဲ့ဝင်များ .... .... ၃၀၉
စာထောက် စာမများ .... .... ၃၁၀
ရွေးချယ်ပွဲဝင် အာဇာနည်များ .... .... ၃၁၀
နိဂုံးချုပ်စကား .... .... ၃၁၀
ဂုဏ်ထူးနှင့်ဆင့်ဖြင့် အောင်မြင်တော်မူခြင်း .... .... ၃၁၁
နိုင်ငံတော်သမ္မတ အောင်လက်မှတ်ဆက်ကပ် .... .... ၃၁၁
ချီးကျူးဂုဏ်အချို့ကို ဖော်ပြခြင်း .... .... ၃၁၂
အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၏ ချီးကျူးချက် .... .... ၃၁၂
စာရိတ္တပြုပြင်ရေး ဆရာဦးဖံတင့်ရေး အရှင်ဝိစိတ္တသာရအား
ချီးကျူးသည့် စည်တော်သံ .... .... ၃၁၉
ဓမ္မစကြာအမျိုးသမီးဝတ်အဖွဲ့မှ ချီးကျူးလွှာ .... .... ၃၁၉
ပါဠိ မြန်မာ ပညာရှိ ဦးချစ်ဖေ၏ ချီးကျူးလွှာ .... .... ၃၂၀
ဓမ္မာစရိယ ဆရာဦးအုန်းဖေ စီကုံးသော ရန်ကုန်မြို့
ရှင်သာမဏေစာပြန်ပွဲအဖွဲ့၏ ချီးကျူးလွှာ .... .... ၃၂၀
ဟံသာဝတီခရိုင်ဝန်ရုံး ဗုဒ္ဓဘာသာအသင်းမှ ချီးကျူးလွှာ .... ၃၂၀
ဆရာဦးဘသန်း ရေးသား၍ ရွှေပြည်တော် ဦးဘတင်
ဖတ်လျှောက်သည့် ကော်ပိုဒ်ရတုကဗျာ .... .... ၃၂၃
ဆာဦးသွင်၏ နိဂုံးချုပ်မိန့်ခွန်း .... .... ၃၂၄
မင်းကွန်း ပြန်ကြွတော်မူခြင်း .... .... ၃၂၇
ယမိုက်ပါဠိတော် သုံးအုပ်, ပဋ္ဌာန်းပါဠိတော် ငါးအုပ် .... ၃၂၇

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သဘောရေးဖြေအတွက်လဲ အခက်အခဲမကြုံ .... .... | ၃၂၈ |
| အဘိဓမ္မာပိဋက အထက်ပိုင်းနှစ်ကျမ်း ပြန်ဆိုရေးဖြေရန် ရန်ကုန် ကြွတော်မူခြင်း .... .... | ၃၂၈ |
| သမ္မတကြီး လျှောက်ထားချက် .... .... | ၃၂၉ |
| အရှင်ဝိစိတ္တသာရာဘိဝံသ ပြန်ဆိုပြီ .... .... | ၃၃၁ |
| ရေးဖြေစာမေးပွဲ ဆက်လက်ဖြေဆို .... .... | ၃၃၂ |
| ဂုဏ်ထူး ၂-ဆင့်ဖြင့်ပင် အောင်မြင်ခြင်း .... .... | ၃၃၂ |
| အရှင်ဝိစိတ္တသာရာဘိဝံသ အောင်လံတော်ဘွဲ့တံဆိပ်တော်အလှူခံ | ၃၃၃ |
| နိုင်ငံတော်သမ္မတ လျှောက်ကြားသည့်စာတမ်း .... .... | ၃၃၃ |
| သာသနာ့ရိပ်သာ၌ ချီးကျူးပူဇော်ပွဲ ကျင်းပခြင်း .... | ၃၃၅ |
| နိုင်ငံတော်ဝန်ကြီးချုပ် ချီးကျူးလျှောက်လွှာ .... .... | ၃၃၅ |
| အဘိဓမ္မာပြန့်ပွါးရေးအသင်း ချီးကျူးပူဇော်လွှာ ရွှေနားတော်ဖွင့် | ၃၄၀ |
| ကေပိုဒ်လျှောက်ရတု .... .... | ၃၄၀ |
| မိနှင့်ဘမည် .... .... | ၃၄၁ |
| ဘွဲ့ဂုဏ်ရည်တည့် .... .... | ၃၄၃ |
| သင်းကြည်ရန့် .... .... | ၃၄၄ |
| အံ့ဖွယ်ကျော်မျက် .... .... | ၃၄၆ |
| သူစားကျက်နှင့် .... .... | ၃၄၈ |
| ဆောင်ရှက်သံဂီ .... .... | ၃၄၉ |
| ပဝေဏီမှန်းမျှော် .... .... | ၃၅၀ |
| အံ့ဩမဆုံး .... .... | ၃၅၂ |
| ဂုဏ်တထုံးသည် .... .... | ၃၅၃ |
| နိဂုံးဆုပန်လွှာဘုရား .... .... | ၃၅၅ |
| စေတိယင်္ဂဏပရိယတ္တိအသင်း ချီးကျူးလွှာ .... .... | ၃၅၆ |
| ဆူးလေစေတီတော် ဓမ္မစကြာအမျိုးသမီးဝတ်အဖွဲ့ ချီးကျူးလွှာ.... | ၃၅၉ |
| သိမ်ကြီးဈေးသမဂ္ဂ ထုတ်မင်္ဂလာ ဩဘာစာတမ်း.... .... | ၃၆၀ |
| မင်းကွန်းပြန်ကြွ သုတ္တန်ပိဋက(ဒီဃနိကာယ်)ကျက်ရန်အားထုတ်.... | ၃၆၂ |
| သုတ္တန်ပိဋက(ဒီဃနိကာယ်)ကျက်မှတ်ပုံ .... .... | ၃၆၂ |
| စာမေးပွဲမတိုင်မီ တရားပွဲတွေ .... .... | ၃၆၅ |
| တိပိဋကဓရရွေးချယ်ပွဲ ဝင်ရောက် ပြန်ဆို ရေးဖြေ .... | ၃၆၆ |
| နှုတ်ခွန်းဆက်လျှောက်လွှာ .... .... | ၃၆၈ |
| ဦးသိန်းလွင်၏ အခမ်းအနားဖွင့် ကေပိုဒ်ရတု .... .... | ၃၇၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိုင်ငံတော် သမ္မတကြီး၏ လျှောက်ထားချက် .... .... | ၃၇၁ |
| နာယကဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော် .... | ၃၇၃ |
| မင်္ဂလာအခမ်းအနားဖွင့် ဩဘာစာတမ်း .... .... | ၃၇၆ |
| အခမ်းအနားဖွင့် မင်္ဂလာရတုပိုဒ်စုံ .... .... | ၃၇၈ |
| ဆရာဦးသွင်၏ နိဂုံးချုပ်စကား .... .... | ၃၇၉ |
| အာဂုံပြန်ဆိုပွဲ .... .... | ၃၈၀ |
| အရှင်ဝိစိတ္တသာရာဘိဝံသ ရဲရင့်စွာပြန်ဆို .... .... | ၃၈၁ |
| ပါဠိမှား ပါဠိလွဲများကို ပြင်ဆင်ပြန်ဆို .... .... | ၃၈၁ |
| သဘောရေးဖြေပွဲ .... .... | ၃၈၁ |
| ဂုဏ်ထူး ၂-ဆင့်ဖြင့် အောင်မြင်ပြန် .... .... | ၃၈၂ |
| မျှော်လင့်ချက် ပြည့်ဝခဲ့ပြီ .... .... | ၃၈၂ |
| နိုင်ငံတော် သမ္မတကြီးက ဘွဲ့တံဆိပ်လှူ ချီးကျူးပူဇော် .... | ၃၈၃ |
| နိုင်ငံတော်သမ္မတ ဆန္ဒအရ ဖိတ်ကြားလွှာ .... .... | ၃၈၃ |
| ကြီးကျယ်သော အခမ်းအနားဖြင့် သမ္မတအိမ်တော်ပင့်ဆောင် | ၃၈၄ |
| အခမ်းအနားဖွင့် ဇယမင်္ဂလာ ဂါထာပါဠိအနက် .... | ၃၈၅ |
| ဓမ္မာသနပလ္လင်နှင့် ထီးဖြူတော် အဘိသိက်သွန်း ဂါထာပါဠိအနက် | ၃၈၆ |
| နိုင်ငံတော်သမ္မတ လျှောက်ကြားသည့်စာတမ်း .... | ၃၈၈ |
| ရှင်းလင်းချက် သိမှတ်ဖွယ် .... .... | ၃၉၁ |
| ဆင်စွယ်ယပ်ဝန်းတော် .... .... | ၃၉၁ |
| ကနက္ကဒဏ်ထီးဖြူတော် .... .... | ၃၉၁ |
| ထီးဖြူတော်အရောင်နှင့် ဦးရေ ခြားနားချက်များ .... | ၃၉၁ |
| ဆက်ကပ်ခြင်း ၃-မျိုး .... .... | ၃၉၁ |
| သာသနာ့ရိပ်သာ ချီးကျူးပူဇော်ပွဲ .... .... | ၃၉၃ |
| နယ်မှ ချီးကျူးပူဇော်ပွဲများ .... .... | ၃၉၄ |
| ချီးကျူးပူဇော်လွှာများ ဖော်ပြခြင်း .... .... | ၃၉၄ |
| သာသနာ့ရိပ်သာ ချီးကျူးပွဲ၌ သာသနာရေးဝန်ကြီး၏ .... နှုတ်ခွန်းဆက်စကား .... .... | ၃၉၄ |
| ဗုဓ် ၃-ဗုမ် .... .... | ၃၉၄ |
| လူဖြစ်ကျိုးနပ်ပါပြီ .... .... | ၃၉၅ |
| ၆-ဂဏန်းနိမိတ် .... .... | ၃၉၅ |
| ပရိယတ်မှ ပဋိပတ်သို့ .... .... | ၃၉၆ |
| သံဂါယနာတင် ကောလာဟလ .... .... | ၃၉၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဖြစ်ပါ့မလား .... .... | ၃၉၇ |
| သံသယမရှိပါပြီ .... .... | ၃၉၇ |
| အခိုင်ဒွာန် ၃-ချက် .... .... | ၃၉၈ |
| အရိယာပုဂ္ဂိုလ်တွေ .... .... | ၃၉၈ |
| ကျွတ်တမ်းအတူတူ .... .... | ၃၉၉ |
| ထောမနာစာတမ်း .... .... | ၄၀၀ |
| ကုက္ကိုင်း ဗဟန်း ရွှေတောင်ကြားရပ်ကွက် လူထုကြီးက အရှင်ဝိစိတ္တသာရ တိပိဋကရေအား ချီးကျူးအပ်သော ထောမနာ ဂါထာများ .... .... | ၄၀၅ |
| တာမွေကြီးတိုက်နယ် သာသနာရေးအသင်းအဖွဲ့များ၏ တိပိဋကဓရ ချီးကျူးပွဲ၌ ဝံ့ချီးဖတ်ကြားအပ်သော ဓမ္မဂီတိများ .... | ၄၀၆ |
| ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ချီးကျူး ပူဇော်လွှာ .... .... | ၄၀၉ |
| ရွှေနားတော်ဖွင့် .... .... | ၄၀၉ |
| ဆုတောင်းမင်္ဂလာ .... .... | ၄၁၅ |
| အရှင်ဝိစိတ္တသာရာဘိဝံသမထေရ်မြတ်အား ရန်ကုန်မြို့ ကုက္ကိုင်းရပ် ဗဟန်းရပ် ရွှေတောင်ကြားရပ်ကွက် ဒါယကာ-ဒါယိကာမများ တို့က ဆက်ကပ်လှူဒါန်းအပ်သော ဓမ္မပူဇာ ထုတိသြဘာစာတမ်း | ၄၁၆ |
| အလုံတိုက်နယ် သံဃဒါနဆွမ်းလောင်းအသင်း၏ ထောမနာ ပဏာမ ကေပိုဒ်ရတု .... .... | ၄၁၈ |
| ချီးကျူးထောမနာ သြဘာစာ .... .... | ၄၁၉ |
| ဆုတောင်းပတ္ထနာ ပို့မေတ္တာ .... .... | ၄၂၁ |
| သိမ်ကြီးဈေးသမဂ္ဂ မာတလိအဖွဲ့ကြီး၏ ထောမနာစာတမ်း | ၄၂၂ |
| လမ်းမတော်ရပ်ကွက်မှ ဝံ့ချီးဖတ်ကြားအပ်သော အဘိတ္ထဝမင်္ဂလာ ထောမနာစာတမ်း .... .... | ၄၂၄ |
| ဆဋ္ဌသံဂါယနာတင်ရန်အတွက် ကျမ်းစာများသုတ်သင်ခြင်း | ၄၂၇ |
| ပရိဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်း .... .... | ၄၂၈ |
| မဟာဝါ အဋ္ဌကထာ, ဋီကာကြီးများကို ပြင်ဆင်ခြင်း .... | ၄၂၉ |
| ဋီကာစာဖောင်များ ပြင်ဆင်ခြင်း .... .... | ၄၄၄ |
| ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး .... .... | ၄၄၄ |
| အရှင်ဝိစိတ္တသာရာဘိဝံသ ဝိသဇ္ဇကတာဝန်ဆောင်ရွက်ခြင်း .... | ၄၄၅ |
| နမူနာပုစ္ဆာ, ဝိသဇ္ဇနာ .... .... | ၄၄၇ |

အကြောင်းအရာ　　　　　　　　　　　　　　　　　　စာမျက်နှာ


အဋ္ဌကထာသံဂါယနာ မဟာဓမ္မသဘင် .... .... ၄၄၇
ဝိသဇ္ဇက, ဝိစာရကတာဝန် ဆောင်ရွက်ခြင်း .... .... ၄၄၈
ဋီကာသံဂါယနာသဘင် .... .... ၄၄၈
ဒုတိယသန္နိပါတတွင် ဝိသဇ္ဇကတာဝန် ဆောင်ရွက်ပြီ .... ၄၄၈
ဝန်ဆောင်သံဃာ့အဖွဲ့ဝင် တာဝန် .... .... ၄၄၉
တိပိဋကဓရ အထိမ်းအမှတ် နေ့ထူးတရပ်သတ်မှတ်ခြင်း .... ၄၄၉
အထိမ်းအမှတ်ပွဲ ကျင်းပခြင်း .... .... ၄၅၀
မဟာပညာဗလ ဦးကြီးဖေ လျှောက်လွှာ .... .... ၄၅၀
မီခင်ကြီး ဒေါ်ဆင် ကွယ်လွန်ခြင်း .... .... ၄၅၂
ကျမ်းဂန်များစွာတို့ကို ပူဇော်ရင်တော်မူခြင်း .... .... ၄၅၄
ဖြဟ္မယာစနကထာ သံခေပဝိတ္ထာရ ဝိသဇ္ဇနာကျမ်း .... ၄၅၅
အဘိဓမ္မာနေ့ အခါတော် ကျူးရင့်သံ .... .... ၄၅၇
ဘုရားနေမင်း .... .... ၄၅၇
ထိန်လင်းဉက္ကာ .... .... ၄၅၉
အဘိဓမ္မာ အမေးဖြေကျူးရင့်သံများ .... .... ၄၆၁
မျှပွတ်တခန်း .... .... ၄၆၃
ကျမ်းခုနစ်ပုံ မေးဖြေစုံ .... .... ၄၆၅
ဓမ္မသင်္ဂဏီ .... .... ၄၆၇
ဝိဘင်္ဂ .... .... ၄၆၉
ဓာတုကထာ .... .... ၄၇၁
ပုဂ္ဂလပညတ္တိ .... .... ၄၇၂
ကထာဝတ္ထု .... .... ၄၇၄
ယမက .... .... ၄၇၆
ပဋ္ဌာန်း .... .... ၄၇၈
ဗုဒ္ဓသာသနာ့ဗုဒ္ဓဝင်ကျမ်းကြီး .... .... ၄၇၉
ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသထံ တာဝန်ကျရောက်ခြင်း .... ၄၈၀
နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ တောင်းပန်ပြန်ခြင်း .... ၄၈၁
စာတော်ဖတ်တို့ ကြည်ညိုစေချင် .... .... ၄၈၄
ဇိနာလင်္ကာရကျမ်းလာ ဘုန်းရှင် ဒါနပါရမီဖြည့်ကျင့်ပုံ
　　ဂါထာယောဇနာချက် .... .... ၄၈၄
ပါရမီဆယ်ပါး အပြားသုံးဆယ်ဆောင်ပုဒ် .... .... ၄၈၅
သမ္ဘာသုခ(၈)ပါးဆောင်ပုဒ် .... .... ၄၈၅

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အင္ဂုကထာဆရာ၏ လုမ္ဗိနီဉယျာဉ်ဘွဲ့ | .... | .... | ၄၈၅ |
| ကိသာဂေါတမီ၏ နိဗ္ဗုတိဉဒါန်း | .... | .... | ၄၈၆ |
| ဘုရားရှင်ဉဒါန်း အနေကဇာတင် ဂါထာအနက် | .... | .... | ၄၈၇ |
| ယဒါ ဟဝေ ၃-ဂါထာအနက် | .... | .... | ၄၈၈ |
| ကျောင်းအနုမောဒနာ ၅-ဂါထာအနက် | .... | .... | ၄၉၁ |
| ပရိတ်ရွတ်သူ အင်္ဂါဆောင်ပုဒ် | .... | .... | ၄၉၂ |
| ပုဗ္ဗဝ သန္နိဝါသေန ဂါထာပါဠိအနက် | .... | .... | ၄၉၃ |
| မြေလှုပ်ကြောင်း အင်္ဂါ ၈-ပါးပြလက်ာ | .... | .... | ၄၉၄ |
| နေလင်္ဂေါ သေတပစ္ဆာဒေါ ဂါထာအနက် | .... | .... | ၄၉၄ |
| ဝူဠပန္ထကသာမဏေ ၄-လကျက်၍ မရသော ဂါထာပါဠိအနက် | .... | .... | ၄၉၅ |
| အဘိဏှရာဟုလောဝါဒသုတ် တရားအချုပ်ဆောင်ပုဒ် | | .... | ၄၉၅ |
| ဘုရားရှိခိုး ဂါထာပါဠိအနက် | .... | .... | ၄၉၅ |
| သံဝေဂ ဂါထာပါဠိအနက် | .... | .... | ၄၉၆ |
| ဝေဠုဝန်ဉယျာဉ်ဘော်ဖွဲ့ ဂီတိ ၄-ဂါထာပါဠိအနက် | | .... | ၄၉၇ |
| နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး ဂါထာပါဠိအနက် | .... | .... | ၄၉၇ |
| မေတ္တာပို့နှင့် အရဟံပုတီးစိပ်နည်း | .... | .... | ၅၀၂ |
| အရဟံဂုဏ်ကော် ပုတီးစိပ်နည်း | .... | .... | ၅၀၂ |
| နေမကောင်းဖြစ်စဉ် သံဝေဂလက်ာစီရင် | .... | .... | ၅၀၃ |
| ဗုဒ္ဓမာဒ သံဝေဂလက်ာ | .... | .... | ၅၀၃ |
| ဝိပဿနာဘာဝနာ ဓမ္မသံဝေဂလက်ာ | .... | .... | ၅၀၃ |
| ရုပ်နာမ်ကိုပိုင်း၍ ဝိပဿနာတင်ရန် | .... | .... | ၅၀၄ |
| ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးနှင့် မူလသာသနာ့ရိပ်သာ တည်ပုံ သံပိုင်းမော်ကွန်း | .... | .... | ၅၀၅ |
| သံပိုင်းလက်ာ | .... | .... | ၅၁၃ |
| သာသနမလဝိစေသာခေါ် သိမ်အောင်စာ | .. | .... | ၅၁၄ |
| ဗဒ္ဓသိမ်သမုတ်ရန် မြေပေးအမိန့်တော် | .... | .... | ၅ ၈ |
| နယ်နိမိတ်များ | .... | .... | ၅၁၉ |
| ဆုတောင်းနှင့်အမျှဝေ | .... | .... | ၅၂၂ |
| သြဘာစာ သောမနာစာတမ်းအမျိုးမျိုး | .... | .... | ၅၂၃ |
| အရှင်ဉတ္တမာဘိဝံသအား ချီးကျူးဂုဏ်ပြုလွှာ သြဘာစာ | | .... | ၅၂၄ |
| အမျှဝေ ဆုတောင်း ဧကပိုဒ်လက်ာ | .... | .... | ၅၂၇ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **အရှင်ဝိစိတ္တသာရာဘိဝံသ၏** | |
| ဇေယျမင်္ဂလာ ထောမနာစာတမ်း .... .... | ၅၂၉ |
| ညောင်ရမ်းဆရာတော် ပျံလွန်တော်မူစဉ် အရှင်ဝိစိတ္တသာရာဘိဝံသ ရေး ဂုဏဝဏ္ဏနာ သံဝေဂ ဂါထာများ .... | ၅၃၁ |
| **ရည်ညွှန်းချက်** .... .... | ၅၃၁ |
| **သံဂီတိပါဓောက္ခ** .... .... | ၅၃၂ |
| **သီလမြေထု** .... .... | ၅၃၄ |
| **ကရုဏာရေစင်** .... .... | ၅၃၄ |
| **ပညာတော်စက်** .... .... | ၅၃၅ |
| **သက်တော်ကြွေလျှင်း** .... .... | ၅၃၅ |
| **သေမင်းရှုတ်ချ** .... .... | ၅၃၆ |
| **အပ္ပမာဒ** .... .... | ၅၃၇ |
| သံဝေဂ .... .... | ၅၃၇ |
| မစိုးရိမ် ဂုဏဝဏ္ဏနာဂါထာ .... .... | ၅၃၈ |
| သံဝေပဏ္ဏနာ မဟာသေရှပ္ပတ္တိကထာ ထောမနာစာတမ်း .... | ၅၃၉ |
| အနုဗလပ္ပဒါန အဘိတ္ထဝ ပတ္ထနာစာတမ်း .... .... | ၅၃၉ |
| ဘုရားရှိခိုး အမျိုးမျိုး .... .... | ၅၄၀ |
| ဇိနာလင်္ကာရကျမ်းလာ သုဂတဂုဏ်တော်ဘွဲ့ ဘုရားရှိခိုး .... | ၅၄၀ |
| ပါရမီတော်ချီး မဟာနမက္ကာရ ဘုရားရှိခိုး .... .... | ၅၄၉ |
| သဘောထားနှင့် ခံယူချက် ဩဝါဒကထာ .... .... | ၅၅၁ |
| ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ သဘောထားနှင့် ခံယူချက် .... .... | ၅၅၁ |
| ဦးကြည်ဦး ဒေါ်မြကြည် မိသားစုတို့၏ ရှင်ပြုမင်္ဂလာပွဲတွင် ဆရာတော် အရှင်ဝိစိတ္တသာရ မြွက်ကြားသော ဩဝါဒကထာမှ ကောက်နုတ်ချက် .... .... | ၅၅၄ |
| **ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၌ နိကာယ်စာလျှောက်မေးပွဲတွင် ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ ဟောကြားအပ်သော ဩဝါဒကထာ** .... | ၅၅၇ |
| **နိကာယ်သာသနာတော် ထွန်းကားရေး အသင်းကြီး ပထမနှစ်ပတ်လည်အစည်းအဝေး၌ အရှင်ဝိစိတ္တသာရာဘိဝံသ၏ သမ္မောဒနီယ အနုဗလပ္ပဒါနကထာ** .... | ၅၆၇ |

| **အကြောင်းအရာ** | စာမျက်နှာ |
|---|---|
| **ဝိနည်းပူဇော်ပွဲ၌ အရှင်ဝိစိတ္တသာရာဘိဝံသ ချီးမြှင့်တော်မူသော ရေစက်ချစာတမ်း** .... .... | ၅၆၉ |
| **၃၇-ခန်း ကမ္ဘာဝါစာ** .... .... | ၅၇၀ |
| **စာမူများပြင်ဆင် တည်းဖြတ်ပေးတော်မူခြင်း** .... .... | ၅၇၂ |
| **ပါဠိအသင်း မဂ္ဂဇင်း ပဏ္ဏာမဂါထာများ ပြင်ဆင်ခြင်း** .... | ၅၇၂ |
| **ဗုဒ္ဓဘာသာ့ထောက်ပြုသနာကျမ်းကို တည်းဖြတ်ပြင်ဆင်ခြင်း** .... | ၅၇၃ |
| **သာသနာ့ကြယ်ရောင်စာတမ်း သုတ်သင်တည်းဖြတ်ခြင်း** .... | ၅၇၄ |
| **နေတ္တိနိုသျှည်းကျမ်းငယ် စာအုပ်အဖြစ်ရောက် ကူညီခြင်း** .... | ၅၇၅ |
| **ထူးချွန်သည့် ဓမ္မကထိက** .... .... | ၅၇၅ |
| **မဟောဘူးသည့် တိုင်း၊ ပြည်နယ်၊ မြို့ကြီး မရှိသလောက်** .... | ၅၇၆ |
| ဘုရားလက်ထက် ဓမ္မကထိက ပုဂ္ဂိုလ်တွေ ဖာရှုံပြု၍ရ .... | ၅၇၇ |
| ရွှေတံဆိပ်များ ရွှေတိဂုံဘုရားပြတိုက်လှူ .... .... | ၅၇၈ |
| တိပိဋကဓရ လစာ ဆွမ်းဆန်တော်ကို နိကာယ်သာသနာ့အားပူဇော် | ၅၇၉ |
| ဆရာတော်၏ တိပိဋကဓရ လစာ လှူဒါန်းသော စာတမ်း .... | ၅၇၉ |
| ဆရာတော်၏ သိစေသည့် စာတမ်း .... .... | ၅၈၁ |
| ထူးခြားစွာ အများအကျိုးဆောင်သည့် ဆရာတော် .... | ၅၈၂ |
| သံဃာ့ဝန်ဆောင်အဖွဲ့၏ အကြံပေးတာဝန်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်တာဝန် .. . | ၅၈၄ |
| **ငွေအသပြာ သုံးဆိန်းကျော် အသင်းအဖွဲ့များလှူ** .... | ၅၈၄ |
| တိပိဋကဓရ ပူဇော်ပွဲများ၌ တရားချီးမြှင့် .... .... | ၅၈၅ |
| **ငွေရတုသဘင် ပူဇော်ပွဲများ** .... .... | ၅၈၆ |
| ဓမ္မဓရ သောတာပန်နတ်သား .... .... | ၅၈၆ |
| **အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း** .... | ၅၈၆ |
| **အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆရာတော်ကြီး ၁၃-ပါးအား ကပ်လှူ** .... | ၅၈၇ |
| **အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်** .... .... | ၅၈၇ |
| **အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်** .... .... | ၅၈၇ |
| **သံဃာ့ဝန်ဆောင် အကြံပေးတာဝန်** .... .... | ၅၈၈ |
| **နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်တာဝန်** .... | ၅၈၈ |
| **ရန်ကုန်မြို့ တိပိဋကကျောင်းတော်** .... .... | ၅၈၈ |
| **တိပိဋကနိကာယ ကျောင်းတိုက်ကြီး တည်ထောင်ခြင်း** .... | ၅၈၉ |
| **ပင့်လျှောက်ခြင်း** .... .... | ၅၈၉ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အေးချမ်းစွာ စာကျက် စာကြည့်တော်မူကြ .... .... | ၅၇၉ |
| သပ္ပါယများစွာ သိတင်းသုံးတော်မူနိုင်ပြီ .... .... | ၅၉၀ |
| တိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်း .... .... | ၅၉၀ |
| တိပိဋကဓရ ဝုတ္တန္တဝိကာသိနီ နိဂုံး .... .... | ၅၉၁ |
| အရှင်ကေလာသ ပြုစုသော ကျမ်းစာများ .... .... | ၅၉၅ |


---

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဓမ္မာစရိယ၊ ဂဏဝါစက၊ ဘီအေ (ဂုဏ်ထူး) အရှင်ကေလာသ ပြုစုရေးသားသော မိမိ၏အဋ္ဌုပ္ပတ္တိ တိပိဋကဓရ-ဝုတ္တန္တ ဝိကာသိနီ ကျမ်းကြီးကို ရိုက်နှိပ်ထုတ်ဝေခွင့်ပြုပါသည်။

ကျေးဇူးအထူးတင်လျက်

ဦးဝိစိတ္တသာရာဘိဝံသ ( ၁၅-၃-၄၁ )

**အရှင်ဝိစိတ္တသာရာဘိဝံသ**

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊
ဓမ္မနာဒတိုက်၊ မင်းကွန်း။

# တိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်း

## ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၆၄ | ၂၃ | အှရှင်ကုမာရ ( မင်းကန် ) | သုံးခွအရှင်ကုမာရ (ဂ) အရှင်ကုမာရ ( မင်းကန် ) ( ခ ) |
| ၁၁၀ | ၂၆ | ရွှေရေးဆောင်ဆရာတော် | ရွှေရေးကျောင်းဆရာတော် |
| ၂၀၃ | ၉ | အာဇဉာ ဝိဒူ | အာဇဉော ဝိဒူ |
| ၇၂၇ | ၉ | ပူဇာမ မဟုဿပံ | ပူဇာမဟုဿဝံ |
| ၃၆၅ | ၁၄ | မဟာသုစိတ္တံ | မဟာသုမိတ္တံ |
| ၃၆၅ | ၁၄ | ဥတ္တာန ပသိဒတိ | ဥတ္တာ န ပသိဒတိ |
| ၃၀၁ | ၁၇ | များများမှ | များမှ |
| ၄၁၁ | ၂၅ | ပြတင်နေနတ် | ပြဘင်နေနတ် |
| ၅၃၀ | ၂၂ | လေယာဉ်ပျံဖြင့် | လေယာဉ်ပျံဖြင့် ပင့်ဆောင်၍ |
| ၅၇၀ | ၁၄ | သော အသိ | သော အာသိ |

တိပိဋကစရေ ဝုတ္တန္တစိကာသိနိကျမ်း

# ကျမ်းဦး မှတ်ဖွယ်

---

## ဘုရားရှင် ဝေနေယျတို့ကို ခြွေချွတ်နိဗ္ဗာန်ဝင်စံ

သမ္ဗုဒ္ဓတဉာဏ်တော်သခင် ဘုရားရှင်သည် သက်တော် ၈၀၊ ဝါတော် ၄၅-ဝါ ကာလပတ်လုံး တည်တော်မူလျက် ပိဋက ၃-သွယ် နိကာယ် ၅-ဖြာ အင်္ဂါ ၉-တန် ဓမ္မက္ခန္ဓာပေါင်း ၈-သောင်း ၄-ထောင်တို့ကို ဟောဖော်ညွှန်ကြားတော်မူကာ ဝေနေယျကြာ သတ္တဝါပေါင်း ၂၄-အသင်္ချေ ကုဋေ ၆၀ ဖိုလ်ခြေ ၁-သိန်းတို့ကို ခြွေချွတ်တော်မူပြီး မလ္လတိုင်း၏မြို့တော်ဖြစ်သော ကုသိနာရုံမြို့ အင်ကြင်းဥယျာဉ်တောတွင် အင်ကြင်းပင် ၂-ပင်အကြား ခင်းထားအပ်သော ညောင်စောင်းတော်၌ မြောက်သို့ဦးခေါင်း ယာန်တောင်းဖြင့် လျောင်းတော်မူယင်း အပ္ပမာဒတရား လက်ကိုင်ထားကြရန် ရဟန်းတို့အား နောက်ဆုံး မိန့်ခွန်းတော်ခြွေပြီး ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့လေသည်။

## ပိဋက ၃-ပုံနှင့် ဒေသနာ, သာသနာ, ကထာ, သိက္ခာ, ပဟာန်

ယင်း ပိဋက ၃-သွယ် နိကာယ် ၅-ဖြာ အင်္ဂါ ၉-တန် ဓမ္မက္ခန္ဓာပေါင်း ၈-သောင်း ၄-ထောင်ဟူသည် ဝိနည်း, သုတ္တန်, အဘိဓမ္မာ ဖြစ်၏။ ထိုတွင် ဝိနည်း ၅-ကျမ်းသည် ဝိနည်း ပိဋက, အဘိဓမ္မာ ၇-ကျမ်းသည် အဘိဓမ္မာပိဋက, ယင်းမှ ကြွင်းသော နိကာယ် ၅-ရပ်သည် သုတ္တန်ပိဋကမည်၏။ သာသနာတော်၌ ဝိနည်း ၅-ကျမ်းဟူသော ဝိနည်းပိဋက, ဒီဃနိကာယ်ဟူသော သုတ် ၃-ကျမ်း အဘိဓမ္မာ ၇-ကျမ်းဟူသော အဘိဓမ္မာပိဋကကို သင်ရိုးပိဋက ၃-ပုံဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်။

ဝိနည်းပိဋကကို—

(၁) အာဏာဒေသနာ၊
(၂) ယထာပရာဓဒေသနာ၊
(၃) သံဝရာသံဝရကထာ၊

သုတ္တန်ပိဋကကို—

(၁) ဝေါဟာရဒေသနာ၊
(၂) ယထာနုလောမသာသနာ၊
(၃) ဒိဋ္ဌိဝိနိဝေဌနကထာ၊

အဘိဓမ္မာပိဋကကို—

(၁) ပရမတ္ထဒေသနာ၊
(၂) ယထာဓမ္မဒေသနာ၊
(၃) နာမရူပပရိစ္ဆေဒကထာ-

ဟု ခေါ်ဆိုၛ။

ၡင်းပြင် ဝိနည်းပိဋကၛ—

(၁) အဓိသီလသိက္ခာ၊
(၂) ဝီတိက္ကမပဟာန်၊
(၃) တဒင်္ဂပဟာန်၊
(၄) ဒုစ္စရိတသံကိလေသပဟာန်၊

သုတ္တန်ပိဋကၛ—

(၁) အဓိစိတ္တသိက္ခာ၊
(၂) ပရိယုဋ္ဌာနပဟာန်၊
(၃) ဝိက္ခမ္ဘနပဟာန်၊
(၄) တဏှာသံကိလေသပဟာန်၊

အဘိဓမ္မာပိဋကၛ—

(၁) အဓိပညာသိက္ခာ၊
(၂) အနုသယပဟာန်၊
(၃) သမုစ္ဆေဒပဟာန်၊
(၄) ဒိဋ္ဌိသံကိလေသပဟာန်—

ကို ဟောတော်မူၛ။[၁]

## ဓမ္မက္ခန္ဓာပေါင်း ၈-သောင်း ၄-ထောင်

ဖော်ပြပါ ပိဋက ၃-ပုံကို ဓမ္မက္ခန္ဓာအားဖြင့် ရေတွက်လျှင် ၈-သောင်း ၄-ထောင်ရှိသည်ဟု ဆိုကြ၏။ ထိုရာတွင် အရှင်အာနန္ဒာ သင်ယူခဲ့သော ဓမ္မက္ခန္ဓာများကို ဖော်ပြရာ၌ ဘုရားရှင့်ထံမှ ၈-သောင်း ၂ထောင်၊ အရှင်သာရိပုတ္တရာစသော ရဟန်းတော်များထံမှ ၂-ထောင် အားဖြင့် ၈-သောင်း ၄-ထောင်ဟု

---

၁။ ဝိ၊ဋ္ဌ၊၁၊၁၄-၈။ ဒီ၊ဋ္ဌ၊၁။၁၇-၂၀။ အဘိ၊ဋ္ဌ၊၁။၁၉-၂၃။

ဖော်ပြသဖြင့် အဘိဓမ္မာပိဋက ကထာဝတ္ထုကျမ်း, မဓုရသုတ်[၁], ဝိမာနဝတ္ထု ပါဠိတော်လာ ဂါထာအချို့ စသည်များသည် ယင်း ဂ-သောင်း ၄-ထောင်၌ မပါဝင်ဟု သီလက္ခန်ဋီကာသစ်၌ ဆို၏[၂]။ ဘုရားဇိနေ့ာ် ပရိနိဗ္ဗာန်စံတော်မူပြီး သည့်နောက်မှ အရှင်အာနန္ဒာ ဟောကြားတော်မူအပ်သော သုဘသုတ်[၃] ဂေါပကမောဂ္ဂလ္လာနသုတ်[၄] များသည် အရှင်သာရိပုတ္တရာ အစရှိသော ရဟန်း တော်များအထံမှ သင်ယူအပ်သော ဓမ္မက္ခန္ဓာ ၂-ထောင်၌ ပါဝင်၏ဟု ပဋိသမ္ဘိ- ဒါမဂ်ဂဏ္ဌိပုဒ်၌ ဆို၏။ ယင်း ၂-သုတ်သည် ဘုရားရှင် ပေးတော်မူသည့် နည်း အတိုင်း ဟောကြားအပ်သည်ဖြစ်၍ ဘုရားရှင့်ထံမှ သင်ယူအပ်သော ဓမ္မက္ခန္ဓာ ဂ-သောင်း ၂-ထောင်တွင် ပါဝင်သည်ဟု ဆိုလျှင်လည်း သင့်မြတ်ပေသည်သာ[၅]။

## ဓမ္မက္ခန္ဓာ ဂ-သောင်း ၄-ထောင် ရေတွက်ပုံ

စုဏ္ဏိယ သုတ္တန်ပါဠိတော်များ၌ အနုသန္ဓေတခုသည် ဓမ္မက္ခန္ဓာ ၁-ခု၊ ဂါထာ များ၌ အမေးဂါထာသည် ဓမ္မက္ခန္ဓာ ၁-ခု၊ အဖြေဂါထာသည် ဓမ္မက္ခန္ဓာ ၁-ခု၊ အဘိဓမ္မာပိဋကာ၌ တိက် ၁-တိက်၊ ဒုက် ၁-ဒုက်ကို ဝေဘန်ရာ ဝါရသည် ဓမ္မက္ခန္ဓာ ၁-ခု၊ ဝိနည်းပိဋကာ၌ ဝတ္ထု ၁-ဝတ္ထုသည် ဓမ္မက္ခန္ဓာ ၁-ခု၊ မာတိကာသည် ဓမ္မက္ခန္ဓာ ၁-ခု၊ ပဒဘာဇနီ, အန္တရာပတ္တိဝါရ, အာပတ္တိဝါရ, အနာပတ္တိဝါရ, တိကစ္ဆေဒဝါရများသည် ဓမ္မက္ခန္ဓာတခုစီ ဖြစ်၏။ ဤသို့ရေတွက်လျှင် ဓမ္မက္ခန္ဓာ ပေါင်း ဂ-သောင်း ၄-ထောင် ဖြစ်၏[၆]။

## ပိဋက ၃-ပုံ ဓမ္မက္ခန္ဓာဖြင့် ခွဲဝေပုံ

ဝိနည်း ပိဋကာ၌ ဓမ္မက္ခန္ဓာပေါင်း ၂-သောင်း ၁-ထောင်၊ သုတ္တန်ပိဋကာ၌ ဓမ္မက္ခန္ဓာပေါင်း ၂-သောင်း ၁-ထောင်၊ အဘိဓမ္မာပိဋကာ၌ ဓမ္မက္ခန္ဓာပေါင်း ၄-သောင်း ၂-ထောင် ပါရှိကြောင်း—

ကေဝီသတိ သဟဿာနိ၊ ခန္ဓာ ဝိနယပိဋကေ။
ကေဝီသတိ သဟဿာနိ၊ တထာ သုတ္တန္တပိဋကေ။
ဒွါစတ္တာလီသ သဟဿာနိ၊ ခန္ဓာဘိဓမ္မပိဋကေ။
ဣတိ တံ စတုရာသီတိ၊ သဟဿံ ခန္ဓတော နမေ[၇]—

ဟူသော ဂါထာဖြင့် ဖော်ပြကြကုန်၏။

---

၁။ မ၊၂။၂၇၀-၇။ ၂။သီဋီ၊သစ်၊၁။၁၃၃။ ၃။ဒီ၊၁။၁၈၈-၂၀၄။ ၄။မ၊၃။၅၈-၆၆။
၅။ သာရတ္ထ၊၁။၁၀၄။ သီဋီ၊သစ်၊၁။၁၃၃။ ၆။ဝိ၊ဋ္ဌ၊၁။၂၃။ ဒီ၊ဋ္ဌ၊၁။၂၅။
၇။ ဝဇိရသာရတ္ထသင်္ဂဟဋီကာ။ ပိဋကတ်တော်သမိုင်း။ ၃၀၉။

## နှစ် ရာပေါင်းများစွာ ပိဋက ၃-ပုံ

## နှုတ်ဖြင့်ဆောင်၍ သင်ယူချပို့ခဲ့

ဘုရားရှင် ပွင့်တော်မူသည့် အခါသမယကစ၍ နှစ်ပေါင်း ၄၅၀-တိုင်အောင် ပိဋက ၃-သွယ် နိကာယ် ၅-ရပ်ကို နှုတ်ဖြင့် ဆောင်ယူ ချပို့တော်မူခဲ့ကြသည်၊ သာသနာသက္ကရာဇ် ၄၅၀-နောက် နှစ်ပေါင်း တော်တော်ကြာအောင်ပင် သီဟိုဠ်ကျွန်း၌ ရဟန်း သံဃာတော် အများအပြား နှုတ်ဖြင့်ပင် ဆောင်ရွက် မှတ်သား ချပို့သေး၏။

## အချို့မထေရ်မြတ်များ အဋ္ဌကထာကိုပါ နှုတ်ရဆောင်

အလွန်လျှင် ကျယ်ဝန်းလှသည့် ဘုရားဟော, အရှင်သာရိပုတ္တရာ အစရှိသော မဟာထေရ်မြတ်ကြီးတို့ ဟောပြချက် ပိဋကတ် ၃ သွယ် နိကာယ် ၅-ရပ် အဖွင့်ကျမ်းကြီးလည်း ရှိခဲ့သည်။ ယင်းကို ပကိဏ္ဏကဒေသနာဟူ၍ရင်း, မဟာအဋ္ဌကထာဟူ၍ရင်း ခေါ်သည်။ ယင်းကျမ်းကြီးကိုလည်း ဘုရားရှင့်လက်ထက်တော်မှစ၍ သာသနာသက္ကရာဇ် ၂၃၀-ခန့်တိုင်အောင် ဇမ္ဗူဒိပ်၌ ထူးချွန်သော ထိပ်တန်း ပရိယတ္တိဝန်ဆောင် ရဟန်းတော်များ နှုတ်ရဆောင်၍ အဆက်ဆက် ချပို့တော်မူကြသည်။ ယင်းကျမ်းကြီးကို အရှင်မဟိန္ဒထေရ် နှုတ်ရဆောင်၍ သီဟိုဠ်ကျွန်းသို့ ဆောင်ယူကြွတော်မူခဲ့၍ နောက်တွင် သီဟိုဠ်ဘာသာဖြင့် ရေးတင်ထားလေရာ သီဟိုဠ်အဋ္ဌကထာ အဖြစ်ဖြင့် ယင်ရှားခဲ့သည်၊ ယင်းသို့ ဖြစ်ကြောင်း အောက်ပါ မဟာဝံသဂါထာဖြင့် သိသာသည်။

သီဟဠဋ္ဌကထာ သုဒ္ဓါ၊ မဟိန္ဒေန မတိ မတာ။
သံဂီတိတ္တယမာရုဠံ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။
သာရိပုတ္တာဒိဂီတဉ္စ၊ ကထာမဂ္ဂံ သမေက္ခိယ။
ကတာ သီဟဠဘာသာယ၊ သီဟဠေသု ပဝတ္တတိ[1]။

## ရာဇသီဟမင်းလက်ထက်တွင် မဟာအဋ္ဌကထာကြီး ပျက်စီးဟု ဆိုကြ

သာသနာသက္ကရာဇ် ၂၁၂၄-၂၁၃၅-တွင် သီဟိုဠ်ကျွန်း၌ ရာဇသီဟမင်းခေါ် အဘသတ်မင်း နန်းတက်သည်။ ယင်းရာဇသီဟမင်းသည် သီဟိုဠ်သာသနာဝန်ထမ်း ရဟန်းတော်များကို နှိပ်စက်ညှဉ်းပန်းခြင်း, စာပေ ကျမ်းဂန်များကို မီးတိုက်ဖျက်ဆီးခြင်း စသည်တို့ ပြုလုပ်လေရာ မဟာအဋ္ဌကထာ ကျမ်းကြီးများလည်း ထိုအခါတွင် ပျက်စီးခဲ့ကြောင်း ဆိုကြသည်။ မဟာဝံသဋ္ဌကား–

---

၁။ မဟာဝံသ။ ၃၇။ ၂၂၉၊ ၂၃၀။

> တဒါ ရာဇဘယေနေ၀၊ ဥပ္ပဇ္ဇိံသု ဘိက္ခဝေါ။
> သံသာရတိရုကာ တေသု၊ ဂတာ အာသုံ တဟိံ တဟိံ။
> သဗ္ဗလောကဟိတံ ဗုဒ္ဓ-သာသနံ ဟိ သုနိမ္မလံ။
> မံသေတွာ' ကာသိ ရဇ္ဇံ သော၊ ပုဗ္ဗပုညဖလေနိဓ[၁]—

ဟူသော ၂-ဂါထာဖြင့် သာသနာ ဖျက်ဆီးကြောင်း စသည် သာမန်ဖော်ပြပါရှိသည်။

## ဘုရားရှင့်ရှေ့လက်ထက်တော်က တိပိဋကဓရ ရဟန္တာပုဂ္ဂိုလ်များ

ထေရဂါထာပါဠိတော်ကား အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ပေါင်း ၂-ရာ ၆-ဆယ့် ၄-ပါး (၂၆၄) တို့၏ ကိုယ်တိုင် တရားအတွေ့အကြုံ စသည်တို့ကို ဖော်ပြရာ ကျမ်းကြီးဖြစ်၏[၂]။ ယင်းထေရဂါထာလာ ရဟန္တာ မထေရ်မြတ်ပေါင်း ၂၆၄-ပါး အနက် ဆဋ္ဌဘိညာ, ပဋိသမ္ဘိဒါပတ္တ, တိပိဋကဓရ ရဟန္တာ ပုဂ္ဂိုလ်ပေါင်း အများအပြား ပါဝင်လေသည်။ ၎င်းပြင် အပဒါန် ပါဠိတော်လာ ၅၆၀-ကျော် မထေရ်မြတ်တို့တွင်လည်း ဆဋ္ဌဘိညာ ပဋိသမ္ဘိဒါပတ္တ, တိပိဋကဓရ မထေရ်ပေါင်း များစွာ ပါဝင်လေသည်။

## အလွန်လျှင်ကျော်ကြားသည့် ပဋိသမ္ဘိဒါပတ္တ တိပိဋကဓရ ပုဂ္ဂိုလ်များ

ဘုရားမြတ်စွာ လက်ထက်အခါက ပိဋကာ ၃-ပုံ နိကာယ် ၅-ရပ်ဆောင် ပဋိသမ္ဘိဒါပတ္တ, ဆဋ္ဌဘိညာ, တေဝိဇ္ဇ ဂုဏ်ထူးများဖြင့် အလွန်လျှင် ကျော်စောကိတ္တိရှိသော ပုဂ္ဂိုလ်များအဖြစ် ပါဠိတော်များ၌—

> အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်မဟာကဿပ, အရှင်ကစ္စာယန, အရှင်မဟာကောဋ္ဌိက, အရှင်မဟာကပ္ပိန, အရှင်မဟာစုန္ဒ, အရှင်ရေဝတ, အရှင်အာနန္ဒာ—

ဟူသော အရှင်မြတ်၉-ပါးတို့ တိုက်ရိုက်လာရှိ၍ ကျန်မထေရ်မြတ်များကို အခြားကျော်စောကိတ္တိရှိကုန်သော မထေရ်မြတ်များဟု လာရှိသည်[၃]။

## ထိပ်တန်း ပဋိသမ္ဘိဒါပတ္တ တိပိဋကဓရ မဟာသာဝက ရှစ်ဆယ်

အဘိညာဉ်, သမာပတ်, ဝသီဘော်, ပဋိသမ္ဘိဒါဉာဏ်တို့၌ အလွန်လျှင် ထူးချွန်တော်မူသော ထိပ်တန်း ပိဋက ၃-ပုံ, နိကာယ် ၅-ရပ်ဆောင် တပည့်

---

၁။ မဟာဝံသ။ ၉၂။ ၁၄၁၅။

၂။ သေနာ စ ဒွေသတာသဋ္ဌိ၊ စတ္တာရော စ ပကာသိတာ။ (ထေရဂါ၊၁။၄)

၃။ မ၊၃။၁၂၂။

ကြီး ရှစ်ကျိပ် အမည်များကို အင်္ဂုတ္တရဋ္ဌကထာဋီကာများ၌ တစုတဝေးတည်း ဖော်ပြပါရှိသည်။ ၎င်းတို့မှာ—

၁-အရှင် အညာသိကောဏ္ဍညထေရ်။ ၂-အရှင်ဝပ္ပထေရ်။ ၃-အရှင် ဘဒ္ဒိယထေရ်။ ၄-အရှင် မဟာနာမထေရ်။ ၅-အရှင် အဿဇိထေရ်။ ၆-အရှင်နာလကထေရ်။ ၇-အရှင်ယသထေရ်။ ၈-အရှင်ဝိမလထေရ်။ ၉-အရှင်သုဗာဟုထေရ်။၁၀-အရှင်ပုဏ္ဏဇိထေရ်။ ၁၁-အရှင်ဂဝမ္ပတိထေရ်။ ၁၂-အရှင်ဥရုဝေလကဿပထေရ်။ ၁၃-အရှင်နဒီကဿပထေရ်။ ၁၄-အရှင်ဂယာကဿပထေရ်။ ၁၅-အရှင်သာရိပုတ္တရာထေရ်။ ၁၆-အရှင် မဟာမောဂ္ဂလ္လာန်ထေရ်။ ၁၇-အရှင်မဟာကဿပထေရ်။ ၁၈-အရှင် မဟာကစ္စာယနထေရ်။ ၁၉-အရှင်မဟာကောဋ္ဌိကထေရ်။ ၂၀-အရှင် မဟာကပ္ပိနထေရ်။ ၂၁-အရှင်စုန္ဒထေရ်။ ၂၂-အရှင်အနုရုဒ္ဓါထေရ်။ ၂၃-အရှင်ကင်္ခါရေဝတထေရ်။ ၂၄-အရှင်အာနန္ဒာထေရ်။ ၂၅-အရှင် နန္ဒကထေရ်။ ၂၆-အရှင်ဘဂုထေရ်။ ၂၇-အရှင်နန္ဒထေရ်။ ၂၈-အရှင် ကိမိလထေရ်။ ၂၉-အရှင်ဘဒ္ဒိယထေရ်။ ၃၀-အရှင်ရာဟုလထေရ်။ ၃၁-အရှင်သီဝလိထေရ်။ ၃၂-အရှင်ဥပါလိထေရ်။ ၃၃-အရှင်ဒဗ္ဗထေရ်။ ၃၄-အရှင်ဥပသေနထေရ်။ ၃၅-အရှင်ခဒိရဝနိယရေဝတထေရ်။ ၃၆-အရှင်မန္တာဏိပုတ္တပုဏ္ဏထေရ်။ ၃၇-အရှင်သုနာပရန္တကပုဏ္ဏထေရ်။ ၃၈-အရှင်သောဏကုဋိကဏ္ဏထေရ်။ ၃၉-အရှင်သောဏကောဠိဝိသထေရ်။ ၄၀-အရှင်ရာဓထေရ်။ ၄၁-အရှင်သုဘူတိထေရ်။ ၄၂-အရှင်အင်္ဂုလိမာလထေရ်။ ၄၃-အရှင် ဝက္ကလိထေရ်။ ၄၄-အရှင် ကာဠုဒါယီထေရ်။ ၄၅-အရှင် မဟာဥဒါယီထေရ်။ ၄၆-အရှင် ပိလိန္ဒဝစ္ဆထေရ်။ ၄၇-အရှင်သောဘိတထေရ်။ ၄၈-အရှင် ကုမာရကဿပထေရ်။ ၄၉-အရှင် ရဋ္ဌပါလထေရ်။ ၅၀-အရှင်ဝင်္ဂီသထေရ်။ ၅၁-အရှင်သဘိယထေရ်။ ၅၂-အရှင် သေလထေရ်။ ၅၃-အရှင် ဥပဝါနထေရ်။ ၅၄-အရှင် မေဃိယထေရ်။ ၅၅-အရှင်သာဂတထေရ်။ ၅၆-အရှင်နာဂိတထေရ်။ ၅၇-အရှင်လကုဏ္ဋကဘဒ္ဒိယထေရ်။ ၅၈-အရှင်ပိဏ္ဍောလဘာရဒ္ဒါဇထေရ်။ ၅၉-အရှင်မဟာပန္ထကထေရ်။ ၆၀-အရှင်စူဠပန္ထကထေရ်။ ၆၁-အရှင် ဗာကုလထေရ်။ ၆၂-အရှင်ကုဏ္ဍဓာနထေရ်။ ၆၃-အရှင်ဒါရုစီရိယ ထေရ်။ ၆၄-အရှင်ယသောဇထေရ်။ ၆၅-အရှင်အဇိတထေရ်။ ၆၆-အရှင် တိဿမေတ္တေယျထေရ်။ ၆၇-အရှင်ပုဏ္ဏကထေရ်။ ၆၈-အရှင် မေတ္တဂူထေရ်။ ၆၉-အရှင်ဓောတကထေရ်။ ၇၀-အရှင်ဥပသီဝထေရ်။ ၇၁-အရှင်နန္ဒထေရ်။ ၇၂-အရှင်ဟေမကထေရ်။ ၇၃-အရှင်တောဒေယျထေရ်။ ၇၄-အရှင်ကပ္ပထေရ်။ ၇၅-အရှင်ဇတုကဏ္ဏိထေရ်။ ၇၆-အရှင်

ဘဒြာဝုဓထေရ်။ ၇၇-အရှင်ဥဒယထေရ်။ ၇၈-အရှင်ပေါသာလထေရ်။
၇၉-အရှင်မောဃရာဇထေရ်။ ၈၀-အရှင်ပိင်္ဂိယထေရ်—
အားဖြင့် ၈၀-ဖြစ်ကုန်၏[၁]။

**ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် နှုတ်ငုံဆောင် အရှင်အာနန္ဒာ**

အရှင်အာနန္ဒာသည် ဘုရားရှင်ဟောတော်မူသမျှ ဓမ္မက္ခန္ဓာဒေသနာပေါင်း ရှစ်သောင်း လေးထောင်ရှိ ပိဋက ၃-သွယ် နိကာယ် ၅-ရပ် တရားဒေသနာတော်ကို ကရားရေလွှတ် တဘွတ်တွတ် နှုတ်လွတ်အာဂုံ ရရှိတော်မူသည့်ပုဂ္ဂိုလ် ဖြစ်တော်မူသည်။

အရှင်အာနန္ဒာကား များစွာကြားနာမှတ်သားအပ်သော ပရိယတ္တိရှိသော ရဟန်းတို့တွင်လည်း ဧတဒဂ်ရဖြစ်၏။ ဘုရားရှင်ဟောသမျှ တရားဒေသနာတော်ကို ဆောင်ရွက်မှတ်သားနိုင်ကြောင်း မမေ့မလျော့သော သတိရှိသော ရဟန်းတို့တွင်လည်း ဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်၏။ ဘုရားရှင်ဟောတော်မူသည့် နည်းအားဖြင့် သိစွမ်းနိုင်သော ဉာဏဂတိရှိသည့် ရဟန်းတို့တွင်လည်း ဧတဒဂ်ရဖြစ်၏။ ၎င်းပြင် သင်ယူခြင်း, သရဇ္ဈာယ်ခြင်းအားဖြင့် ဆောင်ရွက်နိုင်သော ဝီရိယရှိသော ရဟန်းတို့တွင်လည်း အမြတ်ဆုံး အသာဆုံးဖြစ်၏။ ဘုရားသဗ္ဗညုအား ပြုစုလုပ်ကျွေးတတ်သော ရဟန်းတို့တွင်လည်း ဧတဒဂ်ရ ပုဂ္ဂိုလ်ထူးတည်း[၂]။ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်ကြီးကလည်း "အာယသ္မာ အာနန္ဒော အတ္ထကုသလော၊ ဓမ္မကုသလော၊ဗျဉ္ဇနကုသလော၊နိရုတ္တိကုသလော၊ ပုဗ္ဗာပရကုသလော= ဘုရားညီဖွား အရှင်အာနန္ဒာကား အနက်မှာလဲလိမ္မာ, အက္ခရာသဒ္ဒါမှာလဲ တတ်သိ, နိရုတ္တိခေါ် ဆို ဝိဂ္ဂိုဟ်ဝါကျမှာလည်း ကျွမ်းကျင်, ရှေ့နောက် နှစ်အင် စကားအဆက်အစပ်တွင်လည်း အလွန်လျှင်လိမ္မာတတ်သိသူပါတည်း"[၃] စသည်ဖြင့် ချီးကျူးတော်မူသည်။

၎င်းပြင် အရှင်အာနန္ဒာကား နှုတ်တော်လည်း လွန်စွာလျင်မြန်သည်၊ ပကတိလူများ တခွန်းလျှင် အရှင်အာနန္ဒာ ရှစ်ခွန်းပြီးသည်[၄]၊ သာသနာသက္ကရာဇ် ၁-ခုနှစ်တွင် ပြုအပ်သော ပဌမ သံဂါယနာတွင်လည်း သုတ္တန်, အဘိဓမ္မာ ဆိုင်ရာ ဝိသဇ္ဇကတာဝန်ကို ဆောင်ရွက်တော်မူခဲ့သည်။

**ပိဋက ၃-ပုံဆောင် အရှင်သုဟောမန္တထေရ်**

ဘုရားရှင့်လက်ထက်က ပိဋက ၃-ပုံဆောင် အရှင်သုဟောမန္တထေရ်သည် အာသဝေါကင်းကွာ ရဟန္တာဖြစ်ပြီးနောက် မိမိထံမှောက် ရောက်ရှိလာသော

---

၁။ ထေရ၊ ဋ္ဌ၊ ၂။ ၅၄၁-၂။ အံ၊ ဋ္ဌ၊ ၂။ ၁၃၂။ ၂။ အံ၊၁၊၂၅။
၃။ အံ၊၂။၁၇၇။ (ခိပ္ပနိသန္တိသုတ်)။ ၄။ သာရတ္ထ၊၂။၃၁။

တပည့်ရဟန်းတို့ကို ဩဝါဒ, အနုသာသနီ ပေး၍ရင်း၊ တပည့်ရဟန်းတို့၏ ယုံမှားသံသယကို ဖျောက်ပယ်တော်မူ၍ရင်း၊ တရားစာပေ ဟောပြချပို့၍ရင်း သာသနာပြုတော်မူခဲ့လေသည်[၁]။

## ပိဋက၃-ပုံဆောင် အရှင်သာနုထေရ်

ဘုရားရှင့်လက်ထက်တော်က ဇမ္ဗူဒိပ်တကျွန်းလုံး အုပ်ဖုံးကျော်ကြားသည့် ပိဋက ၃-ပုံဆောင် ရဟန္တာသခင် အရှင်သာနုထေရ်သည် တရားဟော လွန်စွာ ထူးချွန်သည်၊ သို့ဖြစ်၍ "တိပိဋကဓရ မဟာဓမ္မကထိက"ဟု ထင်ရှားလေသည်။ သက်တော် ၁၂၀-တိုင် အသက်ရှည်၍ ကြာမြင့်စွာ သာသနာပြုခွင့်ကို ရတော်မူခဲ့လေသည်[၂]။

## ပိဋက ၃-ပုံဆောင် အရှင်ပေါဋ္ဌိလထေရ်

ဘုရားရှင့်လက်ထက်တော်က အရှင်ပေါဋ္ဌိလထေရ်သည် ပိဋက ၃-ပုံကို နှုတ်ငုံဆောင် တတ်သိ၍ ဂိုဏ်းကြီး ၁၈-ဂိုဏ်း(သံဃာတော် ၅၀၀)တို့ကို ပိဋက ၃-ပုံချပို့၍ ပရိယတ္တိ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်၏။ အရှင်ပေါဋ္ဌိလသည် ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ-ဟူသော ဘုရား ၇-ဆူတို့၏ သာသနာတော်၌ တိပိဋကဓရချည်း ဖြစ်ခဲ့သည်။ သို့ရာတွင် မဂ်ဖိုလ်တရားထူးရယူရန် သူ မကြိုးစားခဲ့ချေ၊ ဘုရားရှင်က ပေါဋ္ဌိလအား မဂ်ဖိုလ်တရားထူး ရစေလိုသဖြင့် ကိုယ်တော့်ထံမှောက် လာရောက်လျှင် "ဧဟိ တုစ္ဆ ပေါဋ္ဌိလ=အချည်းနှီး ပေါဋ္ဌိလ လာခဲ့လော့။ ဝန္ဒ တုစ္ဆ ပေါဋ္ဌိလ=အချည်းနှီး ပေါဋ္ဌိလ ရှိခိုးလော့။ နိသီဒ တုစ္ဆ ပေါဋ္ဌိလ= အချည်းနှီး ပေါဋ္ဌိလ ထိုင်လော့။ ယာဟိ တုစ္ဆ ပေါဋ္ဌိလ=အချည်းနှီး ပေါဋ္ဌိလ သွားလော့"စသည်ဖြင့် မိန့်ကြားလေရာ နောက်တွင် သံဝေဂရပြီး မထေရ်ကြီးမှ စ၍ အဆင့်ဆင့် တာဝန်လွှဲပြောင်းခံရသည့် ကမ္မဋ္ဌာနာစရိယ သာမဏေငယ်ထံ တရားဓောင်းပြီး တရားအားထုတ်၍ ရဟန္တာဖြစ်သည်[၃]။

## ရဟန်း ၅၀၀ စီ အခြံအရံရှိသည့် တိပိဋကဓရ ရဟန်းတော် ၂-ပါး

ဘုရားရှင့်လက်ထက်က ကောသမ္ဘီတစ်ခုငယ် ဥဒါန်းတခုကိုသာ အလေ့အလာ များသဖြင့် "ကေဒါနိယ"ဟု တွင်သော မထေရ်တပါး သီတင်းသုံး၏။ မထေရ်မြတ်သည်—

---

၁။ ထေရါဋ္ဌ၊၁။၂၆၉-၂၇၀။ ၂။ သံဋ္ဌ၊၁။၂၈၂။ ၃။ ဓမ္မဋ္ဌ၊၂။၂၆၂-၄။

အစိစေတသော အပမင္ဇတော၊
မုနိနော မောနပထေသု သိက္ခတော။
သောကာ န ဘဝန္တိ တာဒိနော၊
ဥပသန္တဿ သဒါ သတီမတော—

ဟူသော ဂါထာကို ရွတ်ဆိုလေရာ နတ်တွေ တောလုံးညံ့မျှ သာခုခေါ်ကြ၏။ တနေ့တွင် သာခုသံတွေ ကြားသဖြင့် "တိပိဋကဓရ" ရဟန်းတော် ၂-ပါး တပည့်ရဟန်း ၅၀၀-စီခြံရံလျက် တောထဲ အရှင်ကေုဒါနမထေရ်ထံ ရောက်လာပြီး တပါး တရားဟောအပြီး တပါး ထပ်၍ဟော၏၊ နတ်များ သာခုမခေါ်ကြ၊ အထက်ဖော်ပြပါ "အစိစေတသော"စသော ဂါထာကို ရွတ်ဆိုစေရာ နတ်တွေ တောလုံးညံ့မျှ သာခုခေါ်ကြ၏။ ထိုအကြောင်း ဘုရားရှင် သိတော်မူသဖြင့် "အိုရဟန်းတို့.... အများကြီးသင်ယူ၊ အများကြီးပြောသူကို ဓမ္မဓရ လို့ ငါဘုရား မမိန့်ဘူး၊ တဂါထာတည်းပင် သင်ယူပြီး သစ္စာ ၄-ပါး သိတယ်ဆိုလျှင် ဓမ္မဓရ-ဟု ငါဘုရား မိန့်တော်မူသည်"ဟု မိန့်ကြားတော်မူ၏[၁]။

## ပိဋက ၃-ပုံဆောင် ဝိနည်းအရာ ထူးထူးခြားခြား
## ဧတဒဂ်ရ အရှင်ဥပါလိထေရ်

အရှင်ဥပါလိထေရ်သည် ပဋိသမ္ဘိဒါ ၄-ပါး, ဝိဇ္ဇာ ၈-ပါး, အဘိညာဉ် ၆-ပါး ပိုင်ရှင် တိပိဋကဓရ ရဟန္တာပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ သို့ရာတွင် ဝိနည်းပိဋကကို ဘုရားရှင့်ထံမှ သင်ယူတော်မူခဲ့ရာ ထူးထူးခြားခြား နိုင်နင်း တတ်မြောက် အလွန်အမင်း ကျွမ်းကျင်သဖြင့် ဘုရားရှင်က ဝိနည်းအရာ ဧတဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးတော်မူသည်၊ အရှင်ဥပါလိထေရ်သည် ဝိနည်းအရာ၌ သာသနာတော် တခုလုံး ဘုရားမြတ်စွာမှလွဲလျှင် သာသူကိုမဆိုထားဘိ တူသူပင် မရှိကြောင်း—

ယာဝတာ ဗုဒ္ဓခေတ္တမှိ၊ ဌပေတွာ တံ မဟာမုနိံ။
ဝိနယေ မာဒိသော နတ္ထိ၊ ကုတော ဘိယျော ဘဝိဿတိ[၂]—

ဟူ၍ ကိုယ်တိုင်ထုတ်ဖော် မြွက်ကြားတော်မူခဲ့လေသည်။ ဘုရားတူမျှ ဝိနည်းပိဋကကို ထူးထူးခြားခြား နှလုံးအိမ်၌ ထားတော်မူပြီး ထာဝစဉ် ဝိနည်းကို ရှိခိုး ပူဇော်၍ နေတော်မူလေ့ ရှိ၏။ အရှင်ဥပါလိသည် တောရကျောင်း၌ တပါးတည်း ကိန်းအောင်းနေလို၏၊ သို့ရာတွင် ဘုရားရှင်က ခွင့်မပြု၊ ဝိနည်းကို ချပို့ရမည်-ဟု အမိန့်တော် ရှိသဖြင့် ဝိနည်း ပိဋကကို ဆက်တိုက် ချပို့ရာ ဝိနည်းတတ် တပည့်တွေ ရေတွက်မရ မြောက်မြားစွာ ပေါ်ထွန်းခဲ့သည်။

---

၁။ ဓမ္မဋ္ဌ၊၂။ ၂၄၃-၄။ ၂။ အပ၊၁။၄၀။

## တိပိဋကဓရ အရှင်စူဠပန်သာမဏေ

"ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ"စသော ၄-ပါဒ ၁-ဂါထာကို ၄-လကျက်၍ မရနိုင်ခဲ့သော အရှင်စူဠပန် သာမဏေငယ်သည် ဘုရားရှင်ပေးသော ကမ္မဋ္ဌာန်းနည်းကြောင့် တိပိဋကဓရ, ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်မြတ် ဖြစ်ရလေသည်။

အရဟတ္တမဂ္ဂေနေဝ စဿ တေပိဋကဉ္စ ဆ အဘိညာ စ အာဂမိံသု။
အံ၊ဋ္ဌ၊၁။၁၆၉။

## ပိဋက ၃ ပုံဆောင် ဆတ္တပါဏိ ဒါယကာ

ဘုရားရှင် ရှေ့လက်ထက်တော်က သာဝတ္ထိပြည်၌ ဆတ္တပါဏိ အမည်ရှိသော ပိဋက ၃-ပုံဆောင် အနာဂါမ်ဥပါသကာ ရှိခဲ့ဘူးသည်။ ပိဋက ၃-ပုံကို မိမိကိုယ်တိုင် နှုတ်ငုံရရှိပြီး အခြားသူတို့အားလည်း ဟောပြော၍ တဘက်တလမ်းမှ သာသနာပြုခဲ့လေသည်။ ဘုရားရှင် ကိုယ်တော်တိုင်က ကောသလမင်းကြီးအား "မဟာရာဇ အယံ ဆတ္တပါဏိ ဥပါသကော ပဏ္ဍိတော ဒိဋ္ဌဓမ္မော တိပိဋကဓရော အတ္တာနတ္ထကုသလော = ရေမြေ့ရှင် မင်းတရား.... ဤဆတ္တပါဏိ ဥပါသကာဟာ ပညာရှိ၏၊ သစ္စာ ၄-ပါးတရား သိပြီးသူ ပေတည်း၊ ပိဋက ၃-ပုံဆောင်သူပေတည်း၊ အကြောင်းအရာ ဟုတ်သည်-မဟုတ်သည်၌ လိမ္မာသူပေတည်း"ဟူ၍ မိန့်ကြားတော်မူသည်[၁]။

## အမျိုးသမီး သာသနာ့အာဇာနည် ပိဋက ၃-ပုံဆောင်များ
## ပိဋက ၃-ပုံဆောင် အရှင်မ ခေမာထေရီ

ဘုရားရှင်၏ လက်ျာတော်ရံ တပည့်မ အရှင်မ ခေမာထေရီသည် ဆဠဘိညာ ပဋိသမ္ဘိဒါပတ္တ ပိဋက ၃-ပုံဆောင် ဘိက္ခုနီမ ဖြစ်သည်၊ ပညာကြီးသော ရဟန်းမိန်းမတို့တွင် ဧတဒဂ်ရ ဘိက္ခုနီ ဖြစ်၏။ ဝိသုဒ္ဓိနှင့် ကထာဝတ္ထု အဘိဓမ္မာတို့၌ မူကား ထူးထူးခြားခြား ပါရဂူပေါက် တတ်မြောက် ကျွမ်းကျင်ကြောင်း—

ကုသလာဟံ ဝိသုဒ္ဓီသု၊ ကထာဝတ္ထုဝိသာရဒါ။
အဘိဓမ္မနယညူ စ၊ ဝသိပတ္တာမှိ သာသနေ[၂]—

ဟူသော ဂါထာဖြင့် ကိုယ်တိုင် ဖော်ပြခဲ့သည်။ ပိဋကသုံးပုံ ချပို့၍ ဘိက္ခုနီသာသနာကို တိုးတက်အောင် စည်ပင် ပွင့်လင်းအောင် ကျင့်ဆောင်ခဲ့သည့် ဒုက္ခသာန်း ငြိမ်းချမ်းပြီး ဘိက္ခုနီမ ဖြစ်သည်၊

အဟဉ္စ ခေါ နမဿန္တီ၊ သမ္ဗုဒ္ဓံ ပုရိသုတ္တမံ။
ပမုတ္တာ သဗ္ဗဒုက္ခေဟိ၊ သတ္ထုသာသနကာရိကာ[၃]။

---

၁။ မဇ္ဈိ၊ဋ္ဌ၊၁။၂၇၀။ ၂။ အပ၊၂။၂၂၇။ ၃။ ထေရီ။၃၉၅။

## ပိဋက ၃-ပုံဆောင် အရှင်မ ဥပ္ပလဝဏ္ဏာထေရီ

ဘုရားရှင်၏ လက်ဝဲတော်ရံ တပည့်မ အရှင်မ ဥပ္ပလဝဏ္ဏာထေရီသည်လည်း ထိပ်တန်း ဘိက္ခုနီ ပိဋက ၃-ပုံဆောင် ဖြစ်ကြောင်း—

အတ္တဓမ္မနိရုတ္တီသု၊ ပဋိဘာနေ တထေဝ စ။
ဉာဏံ မေ ဝိမလံ သုဒ္ဓံ၊ သဗ္ဗာဝေန မဟေသိနော[၁]—

ဟူသော ထေရီအပဒါန် ပါဠိလာ ဂါထာဖြင့် သိသာသည်။ ပဋိသမ္ဘိဒါ ၄-ပါး ရသည်နှင့် တပြိုင်နက် ပိဋကတတ်ပြီး ပိဋက ၃-ပုံဆောင် ဖြစ်လေသည်။

ဥပ္ပလဝဏ္ဏာထေရီသည် ဗာန်ခိုးဣဒ္ဓိပါဒ်ကြီးသူဘိက္ခုနီမထဲတွင် သူမကို သာလွန်သူမရှိ၊ လွန်စွာ ထူးချွန်နိုင်နင်းသည်၊ ဘုရားရှင် တိတ္ထိတို့ကို နှိမ်နင်းလို၍ တန်ခိုးပြာဋိဟာ ပြတော်မူရန် သာဝတ္ထိပြည် ကဏ္ဍဥယျာဉ်မှူး၏ သရက်ဖြူပင်ရင်း ကြွရောက်စဉ် ရှတ်တရက် လေးထောင့်ရထားယာဉ် ဖန်ဆင်းပြီး တက်စီးကာ ကျောင်းမှလာ၍ ဘုရားရှင့် ခြေတော်ရင်းတွင် ဆင်းပြီး "ဘုန်းတော် နေလ ထိန်ထိန်ပ ပါပေသော လောကဥက္ကဋ္ဌ ဘုရားမြတ်.... တပည့်တော်မ တန်ခိုးပြပါမည်"ဟု လျှောက်ထားလေသည်။ ယင်းသို့ ဖြစ်ကြောင်း—

ဣဒ္ဓိယာ အဘိနိမ္မိတွာ၊ စတုရဿံ ရထံ အဟံ။
ဗုဒ္ဓဿ ပါဒေ ဝန္ဒိတွာ၊ လောကနာထဿ တာဒိနော[၂]—

ဟူသော ဂါထာဖြင့် သိသာသည်။

ဋင်းပြင် မဟာပဇာပတိဂေါတမီထေရီ၊ ဓမ္မဒိန္နာထေရီ၊ အဘိရူပါနန္ဒာထေရီ၊ သုမင်္ဂလာထေရီ၊ အစုကာသိထေရီ၊ စိတ္တာထေရီ၊ မေတ္တိကာထေရီ၊ မိတ္တာထေရီ၊ အဘယမာတုထေရီ၊ သာမာထေရီ၊ အပရာသာမာထေရီ၊ ဥတ္တမာထေရီ၊ အပရာဥတ္တမာထေရီ၊ ဒန္တိကာထေရီ၊ သုက္ကာထေရီ၊ သောမာထေရီ၊ နန္ဒုတ္တရာထေရီ၊ ဘဒ္ဒကုဏ္ဍလကေသာထေရီ၊ စန္ဒာထေရီ၊ ဝါသေဋ္ဌီထေရီ၊ ဂုတ္တာထေရီ၊ ဝိဇယာထေရီ၊ ဥတ္တရာထေရီ၊ ကိသာဂေါတမီထေရီ၊ ပုဏ္ဏာထေရီ၊ အမ္ဗပါလီထေရီ၊ ရောဟိနီထေရီ၊ သုန္ဒရီထေရီ၊ သုဘာကမ္မာရဓီတုထေရီ- စသည်တို့ သည်လည်း ပဋိသမ္ဘိဒါပတ္တ ပိဋက ၃-ပုံဆောင် ထေရီအမျိုးသမီးအာဇာနည်တို့ ဖြစ်ကုန်၏။ ပဋိသမ္ဘိဒါပတ္တဖြစ်လျှင် ပိဋကတ် ၃-ပုံဆောင် ဖြစ်တော့သည်[၃]။

---

၁။ အပ၊၂။၂၃၀။ ၂။ အပ၊၂။၂၃၅။ ထေရီ၊၃၀၄။ထေရီဋ္ဌ။၂၀၄ ကြည့်။
၃။ သဟ ပဋိသမ္ဘိဒါဟိယောဝဿ တီဏိ ပိဋကာနိ အာဂမိံသု။ ဓမ္မ၊ဋ္ဌ၊၁။၁၅၇။

### ပိဋကသုံးပုံဆောင် ထူးထူးခြားခြား ဝိနည်းတော်ဒဂ်ရ အရှင်မ ပဋာစာရီ

ပဋာစာရီသည် ပဋိသမ္ဘိဒါပတ္တ ပိဋက ၃-ပုံဆောင် ရဟန္တာထေရီမ ဖြစ်၏။ ဘုရားရှင့်ထံတွင် ဝိနည်းပိဋကကို သင်ယူရာ ဝိနည်း၌ ထူးထူးခြားခြား နိုင်နင်းသည်၊ ကျွမ်းကျင်သည်၊ ဘိက္ခုနီမလောကတွင် ဝိနည်းအရာ သူ့ထက်သာသူ မဆိုထားဘိ၊ တူသူပင်မရှိပါချေ၊ ထိုသို့ဖြစ်ကြောင်း—

တတောဟံ ဝိနယံ သဗ္ဗံ၊ သန္တိကေ သဗ္ဗဒဿိနော။
ဥဂ္ဂဟိံ သဗ္ဗဝိတ္ထာရံ၊ ဗျာဟရိဉ္စ ယထာတထံ။
ဇိနော တသ္မိံ ဂုဏေ တုဋ္ဌော၊ ဧတဒဂ္ဂေ ဌပေသိ မံ။
အဂ္ဂါ ဝိနယဓာရီနံ၊ ပဋာစာရာဝ ဧကိကာ[၁]။

ဟူသော ၂-ဂါထာဖြင့် ထင်ရှား၏၊ ပဋာစာရီသည် တပည့်မ များစွာ အကျိုးပေးသည်။ ပဋိသမ္ဘိဒါပတ္တ တပည့်မ ရဟန္တာပေါင်း ၃၀၂၊ ရဟန္တာ တပည့်မ ပေါင်း ၅၀၀ အနည်းဆုံး ထွန်းကားသည်[၂]။

### ပိဋက ၃-ပုံဆောင် အမျိုးသမီးအာဇာနည် ခုဇ္ဇုတ္တရာ

အမျိုးသမီးများအနက် ဗဟုဿုတအရာ ဧတဒဂ်ရ ခုဇ္ဇုတ္တရာသည် ပိဋက ၃-ပုံ နှုတ်ငုံဆောင် ထူးခြားသော အမျိုးသမီး ဖြစ်သည်။ ဣတိဝုတ် ပါဠိတော်ကြီးကို ဘုရားရှင့်ထံမှ တဆင့်နာယူပြီး သာမာဝတီအမှူးရှိသော အရိယ သာဝိကာ အမျိုးသမီးတို့အား တဆင့်ဟောခဲ့သည့် သာသနာတွင် ထင်ရှားသော အမျိုးသမီး ပိဋက ၃-ပုံဆောင် အာဇာနည် ဖြစ်သည်[၃]။

### သံဃာတော်ပေါင်း ၇-သိန်း စုဝေးမိခြင်း
### တိပိဋကဓရတွေ များစွာပါဝင်

မလ္လတိုင်း၏ မြို့တော် ကုသိနာရုံမြို့ရှိ ရဂုံသာလမာ အင်ကြင်းတော၌ ဘုရားသဗ္ဗညု ပရိနိဗ္ဗာန်ဝင်စံတော်မူသဖြင့် သံဃာတော်ပေါင်း ၇ သိန်း စုဝေးမိလေသည်။ ယင်းသံဃာအစည်းအဝေးကို အရှင်မဟာကဿပ သည် သံဃမဟာနာယက သံဃပါမောက္ခ ဖြစ်တော်မူသည်။ ဖော်ပြပါ သံဃာတော် ၇-သိန်း အနက် ပုထုဇဉ်, သောတာပန်, ပိဋက ၃-သွယ် နိကာယ် ၅-ရပ်ဆောင် တိပိဋကဓရ ပဉ္စနိကာယဓရ ရဟန်းတွေ ရာပေါင်းများစွာ, ထောင်ပေါင်းများစွာ ပါရှိခဲ့ရှိကြောင်း—

---

၁။ အပ၊ ၂။ ၂၃၉ (ထေရီအပဒါနပါဠိ)။ ၂။ ထေရီဋ္ဌ။၁၂၁။ ၃။ထေရီဋ္ဌ။၁၂၈။
၄။ သာ ၁ တထာ ကာရေန္တီ အပရာဘာဂေ တိပိဋကဓရာ ဇာတာ၊ ဓမ္မ၊ ဋ္ဌ၁။၁၃၄။
ဣတိဝုတ်ဋ္ဌ။၂၉။ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၇၉။

"ထေရော သကလနဝင်္ဂသတ္ထုသာသနပရိယတ္တိဓရေ ပုထုဇ္ဇန-
သောတာပန္န သကဒါဂါမိ အနာဂါမိ သုက္ခဝိပဿက ခီဏာသဝဘိက္ခူ
အနေကသတေ အနေကသဟဿေ စ[၁]—

စသော အဋ္ဌကထာစကားဖြင့် သိနိုင်၏။

ကျောင်းတိုက်ကြီးတိုင်း ပိဋက ၃-ပုံဆောင်တွေရှိခဲ့

ဘုရားရှင့် လက်ထက်တော်ကရင်း, ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး နှစ်ပေါင်း ၃၀၀-ခန့်အတွင်းလောက်ကရင်း ဇမ္ဗူဒိပ် (အိန္ဒိယနိုင်ငံ) ၌ တည်ရှိသော သံဃာတော်များစွာရှိသော ကျောင်းတိုက်ကြီးတိုင်းမှာလိုလို ပိဋက ၃-ပုံဆောင်, နိကာယ် ၅-ရပ်ဆောင် ပုဂ္ဂိုလ်တွေ အနည်း အများ ရှိသည်ချည်း ဖြစ်ကုန်၏။

သမ္မာသမ္ဗုဒ္ဓကာလေ စ၊ တံ ပစ္ဆာသမယေပိ စ။
သဗ္ဗတ္ထ မဟာရာမေသု၊ တေပိဋကာ ဗဟုဿုတာ။

ပိဋက ၃-ပုံ, နိကာယ် ၅ ရပ်ဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ၅၀၀

ဘုရားသဗ္ဗညူ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ၃-လလွန်မြောက် ၄-လ အရောက်တွင် ပဌမသံဂါယနာတင်စဉ်က သံဂီတိနာယက, သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပမဟာထေရ်သည် ပိဋက ၃-သွယ်, နိကာယ် ၅-ရပ် အလုံးစုံသော ပရိယတ္တိသာသနာကို ဆောင်တော်မူသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်ကျော် ၅၀၀-ကို ရွေးထုတ်တော်မူ၍ ထေရိက သံဂါယနာခေါ် ပဌမသံဂါယနာသဘင်ကြီးကို ဆင်ယင်တော်မူခဲ့သည်[၁]။

အရှင်ဥပါလိထေရ်၏ တပည့် ဝိနယဓရ ရဟန်းတွေ မရေနိုင်

ဝိနယဓရ ရဟန္တာပုဂ္ဂိုလ်တွေ တထောင်

သာသနာ ၁-ရာစုနှစ် အတွင်း ရှေးပိုင်းတွင် ဝိနည်းတေဒဂ်ရ အရှင်ဥပါလိ၏ တပည့် အရှင်ဒါသကသည်လည်း ဝိနည်းကို ထူးထူးခြားခြား တတ်မြောက် ကျွမ်းကျင်တော်မူ၏။ တနေ့လျှင် အကြိမ်ပေါင်းများစွာ နေ့ညဉ့် မရွေး နှုတ်လွတ် ဝိနည်းပိဋကကို မဟာအဋ္ဌကထာ တွဲဖက်၍ ချပို့ သင်ပြပေးတော်မူခဲ့ရာ ဝိနယ-ဓရတပည့် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန်းတွေ အတိ အကျ ဂဏန်းချ၍ မရေတွက်နိုင်အောင် များလှ၏။ ရဟန္တာဝိနည်း ၅-ကျမ်း ဆောင် ဝိနယဓရ တပည့်တွေချည်း ၁၀၀၀(တထောင်) ပေါ်ထွန်းခဲ့လေသည်[၂]။

---

၁။ ဝိ၊ဋ္ဌ၊၁။ ၆။ ၂။ ဝိ၊ဋ္ဌ၊၁။ ၂၅။

### သောဏထေရ်၏ ပုထုဇဥ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ဝိနယဓရတပည့်တွေ မရေနိုင် ရဟန္တာ ဝိနယဓရတွေ တထောင်

အဆက်ဖော်ပြပါ အရှင်ဒါသကအ၏ တပည့် ဝိနယဓရ အရှင်သောဏကသည် ဝိနည်းပိဋကကို မဟာအဋ္ဌကထာ တွဲဖက်၍ နေ့ညဥ့်မရွေး နှုတ်လွှတ် အကြိမ်များစွာ ချပို့သင်ကြားပေးခဲ့လေရာ ပုထုဇဥ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ဝိနယဓရ ရဟန်းတွေ မရေနိုင်အောင် မြောက်မြားစွာ ပေါ်ထွန်းခဲ့ကုန်၏၊ ရဟန္တာ ဝိနယဓရပုဂ္ဂိုလ်တွေ ၁၀၀၀ (တထောင်) ပေါ်ထွန်းခဲ့လေသည်[၁]။

### သိဂ္ဂဝထေရ်၏ ဝိနယဓရရဟန္တာတထောင်, ပုထုဇဥ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ဝိနယဓရတွေ မရေနိုင်အောင်များလှ

အရှင်သိဂ္ဂဝထေရ်သည် အရှင်သောဏထေရ်ထံမှ ဝိနည်းငါးကျမ်းကို မဟာအဋ္ဌကထာ တွဲဖက်၍ နှုတ်လွှတ်အာဂုံ သင်ယူ တတ်မြောက်တော်မူခဲ့သည့် ထိပ်တန်း ဝိနယဓရ ရဟန္တာပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်။

အရှင်သိဂ္ဂဝသည် ဆက်လက်၍ ဝိနည်းပိဋကကို မဟာအဋ္ဌကထာ တွဲဖက်၍ ချပို့တော်မူရာ ဝိနယဓရ တပည့် ရဟန္တာတထောင် ပေါ်ထွန်းခဲ့သည်၊ ပုထုဇဥ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ဝိနယဓရတွေ မရေတွက်နိုင်အောင် များစွာ ပေါ်ထွန်းခဲ့လေသည်။ ဖော်ပြပါ အရှင်သိဂ္ဂဝတို့ ပေါ်ထွန်းချိန်က ဇမ္ဗူဒိပ် (အိန္ဒိယ) နိုင်ငံ၌ သံဃာတော် အရေအတွက် အလွန်များပြား (သန်း, ကုဋေချီ များပြား)လှကုန်၏။ ဤသို့ ပိဋကကျမ်းဂန်ကို ချပို့ကြသဖြင့် သံဃာတော်များစွာ အဆက်မပြတ် ပေါ်ထွန်းခဲ့ခြင်း ဖြစ်ပေသည်၊ ယခုအခါမှာလည်း စာပေကျမ်းဂန်ကို များစွာချပို့ဖို့ လိုအပ်လှလေပြီ။

မဟတာ ဥဿာဟေနေဝ၊ ထေရာ ထိရသု သဏ္ဌိတာ။
ဝါစယိတွာ တေပိဋကံ၊ အာမနေသုံ ဇိနသာသနံ။

### သံဃာတော် ၁-သန်း ၂-သိန်း အစည်းအဝေး

ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် အနှစ် ၁၀၀-မြောက်တွင် ဝဇ္ဇီ တိုင်းသားရဟန်းများ၏ ဝတ္ထု ၁၀-ချက်[၂] ပြဿနာ ဖြေရှင်းဖို့ အကြောင်းပြုပြီး

---

၁။ ဝိ၊ဋ္ဌ၊၁။၂၅။ ၂။ သိင်္ဂီလောဏံ ဒွင်္ဂုလကပ္ပံ၊ ဂါမန္တရာဝါသာနုမတိ။
တထာအာစိဏ္ဏမထိတ-ဇလောဂိ စာပိ ရူပိယံ။
နိသိဒနံ အဒသကံ၊ ဒိပိ သု ဗုဒ္ဓသာသနေ။
ဥဒ္ဒမ္မံ ဥဗ္ဗိနယဥ္စ၊ အပဂတံ သတ္ထုသာသနေ။ ဒီပဝံသ။၄။၅၁၅၆။

ဝဇ္ဇီနိုင်ငံတော် ဝေသာလီမြို့တော်၌ သံဃာ့အစည်းအဝေး ကျင်းပပြုလုပ်ရာ သံဃာတော်ပေါင်း ၁-သန်း ၂-သိန်း တက်ရောက်ပါဝင်ခဲ့လေသည်[၁]။ ယင်း သံဃာ ၁-သန်း ၂-သိန်း အစည်းအဝေးတွင် အရှင်ရေဝတမဟာထေရ်က ဝိနည်း ကို မေး၍ အရှင်သဗ္ဗကာမိထေရ်က ဖြေဆိုပြီး ဝဇ္ဇီတိုင်းသား ရဟန်းများ၏ ပြဿနာ ၁၀-ချက်ကို သုတ်သင်ရှင်းကြကုန်၏။

## ပဋိသမ္ဘိဒါပတ္တ ပိဋက ၃-ပုံဆောင် ရဟန္တာ ၇၀၀

ဒုတိယသံဂါယနာ သံဃနာယက ဖြစ်တော်မူသော အရှင်ယသမဟာထေရ် (အရှင်ရေဝတမဟာထေရ်)သည် ယင်းသံဃာတော် ၁-သန်း ၂ သိန်းအနက် နိကာယ် ၅-ရပ်, ပိဋက ၃-ပုံ နှုတ်တိုက်ဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ် ၇၀၀-ကို ရွေးကောက်တော်မူ၍ ဝေသာလီမြို့တော် ဝါလိကာရုံကျောင်းတိုက်၌ ဒုတိယသံဂါယနာ တင်တော်မူခဲ့ကြကုန်၏[၂]။

## တိပိဋကဓရ အရှင်သိဂ္ဂဝထေရ်

တတိယသံဂါယနာ သံဃမဟာနာယက ဖြစ်တော်မူသော အရှင်မဟာ-မောဂ္ဂလိပုတ္တတိဿထေရ်၏ ဥပဇ္ဈာယ် ငယ်ဆရာရင်း အရှင်သိဂ္ဂဝထေရ်သည် ရဟန်းသိက္ခာဝါ ငယ်ရွယ်စဉ်ကပင် ပိဋက ၃-ပုံဆောင် တိပိဋကဓရ, ပဋိသမ္ဘိဒါ-ပတ္တ ရဟန္တာပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## တိပိဋကဓရ အရှင်စဏ္ဍဝဇ္ဇထေရ်

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်အား ပိဋက ၃-ကိုပုံ သင်ကြားချပို့ပေးတော်မူသော အရှင်စဏ္ဍဝဇ္ဇီထေရ်သည်လည်း ငယ်စဉ်ကပင် တိပိဋကဓရ,ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ (တေန ခေါ ပန သမယေန သိဂ္ဂဝတ္ထေရော စ စဏ္ဍဝဇ္ဇိတ္ထေရော စ ဒွေပိ နဝကာ ဟောန္တိ ဒဟရဘိက္ခူ တိပိဋကဓရပတ္တ-ပဋိသမ္ဘိဒါ ခီဏာသဝါ။ ဝိ႒၁။ ၂၈)။

## တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တရဟန္တာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်

တတိယသံဂါယနာ သံဃမဟာနာယက ဖြစ်တော်မူသော သီရိဓမ္မာသောက မင်းကြီး၏ဆရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် သာမဏေဘဝဖြင့် ဝိနည်းပိဋကမှ ကြွင်းသော သုတ္တန်ပိဋက, အဘိဓမ္မာပိဋကတို့ကို မဟာအဋ္ဌကထာ နှင့်တကွ သင်ယူတတ်မြောက်တော် မူခဲ့လေသည်။ ရဟန်းဖြစ်ပြီး ဆက်လက်၍ သင်ယူတော်မူရာ ပိဋက ၃-ပုံကို အကုန်လုံး ရဟန်းဝါမရခင် အာဂုံနှုတ်တက် ရရှိ

---

၁။ ဝိ႒၁။ ၂၆။ ၂။ ဝိ႒၁။ ၂၇။

တော်မူသည့် ထိပ်တန်း တိပိဋကဓရပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ တတိယသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ဘုရားရှင် ပေးတော်မူအပ်သော မာတိကာကို အစဉ်မှီးနည်းယူတော်မူကာ သကဝါဒ၌ သုတ် ၅၀၀, ပရဝါဒ၌ သုတ် ၅၀၀, ၂-ရပ်ပေါင်း သုတ် ၁-ထောင်ဖြင့် တန်ဆာဆင်၍ ကထာဝတ္ထုကျမ်းကြီးကို ဟောတော်မူခဲ့လေသည်[၁]။

## သံဃာတော် ၆-သန်း အစည်းအဝေး

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သာသနာသက္ကရာဇ် ၂၀၀-တွင်လည်း ပဏ္ဍိဇဒေသ၌ ဘုရားမြတ်စွာသာသနာ လွန်စွာ စည်ပင် ပွင့်လင်းခဲ့လေသည်။ သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် မဂဓနိုင်ငံတော် ပါဋလိပုတ်မြို့တော် အသောကာရုံကျောင်းတိုက်ကြီး၌ သံဃာတော်ပေါင်း ၆-သန်း စည်းဝေးမိလေသည်။

## ပိဋက ၃-ပုံဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ၁၀၀၀

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ်သည် ဖော်ပြပါ သံဃာ့အစည်းအဝေးကြီးမှ ဆဠဘိည, တေဝိဇ္ဇ, ပဋိသမ္ဘိဒါပတ္တ ဖြစ်တော်မူသော ပိဋက ၃-ပုံဆောင် ရဟန္တာ-၁၀၀၀ (တထောင်) ကို ရွေးကောက်တော်မူ၍ တတိယသံဂါယနာသဘင် ဆင်ယင်တော်မူခဲ့လေသည်။

ကထာ ဘိက္ခုသဟဿေန၊ တသ္မာ သဟဿိကာတိ စ။
ပုရိမာ ဒွေ ဥပါဒါယ၊ တတိယာတိ စ ဝုစ္စတိ[၂]။

## ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ပိဋက ၃-ပုံဆောင်တွေ သောင်းသိန်းချီရှိ

ထိုစဉ်က ဇမ္ဗူဒိပ်၌ ဆဠဘိည, ပဋိသမ္ဘိဒါပတ္တ, ပိဋက ၃-ပုံဆောင်တွေ ထောင်နှင့်ချီ ရှိနေသည်ကို ထောက်လျှင် ပိဋက ၃-ပုံဆောင် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန်းတွေ သောင်းသိန်းချီ၍ ရှိနိုင်ကြောင်း အနုမာနဉာဏ်ဖြင့် သိနိုင်လေသည်။

တဒါ ဟိ ပေဋကဓရာ၊ နဟုတလက္ခမတ္တာပိ စ။
ဘဝေယျုံ ဇမ္ဗုဒီပေတိ၊ ဉာတဗ္ဗံ ဟိ သုဝိညုနာ။

---

၁။ ဝိဋ္ဌ၁။၃၂။ အဘိဋ္ဌ၁။၅။ ၂။ ဝိဋ္ဌ၁။၄၆။

## နိကာယ်ကျမ်းဂန်ကြီးများ တာဝန်ခွဲဝေ ဆောင်ရွက် ချပို့ခဲ့ကြ

ပဌမသံဂါယနာတင်အပြီး သံဂီတိနာယက,သံဃပါမောက္ခ ဖြစ်တော်မူသော အရှင်မဟာကဿပ မဟာထေရ်သည် နိကာယ်ကျမ်းဂန်တို့ကို အသီးအသီး တာဝန်ခွဲဝေ ချပို့၍ နှုတ်လွတ်အာဂုံ ဆောင်စေတော်မူခဲ့လေသည်။ အရှင်အာနန္ဒာ၏တပည့်များကို ဒီဃနိကာယ်ကို နှုတ်လွတ်အာဂုံဆောင်၍ ချပို့စေတော်မူခဲ့လေသည်။ မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့်များကို အာဂုံဆောင်၍ နှုတ်လွတ် ချပို့စေတော်မူခဲ့လေသည်။ သံယုတ္တနိကာယ်ကို မိမိ (အရှင်မဟာကဿပ) ၏ တပည့်များကို ချပို့စေတော်မူခဲ့လေသည်။ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါ၏ တပည့်များကို ချပို့စေတော်မူခဲ့လေသည်။

နိကာယေ ဝိဘဇိတွာန၊ ဝါစေသိ နာယကော သုမိ။
သုမိ ကေန္တပုဒ္ဓဿ၊ သာသနဿာဘိဝုဒ္ဓိယာ။

## ဘာဏကပုဂ္ဂိုလ်တွေ များစွာပေါ်ထွန်းခဲ့

သို့ဖြစ်၍ ထိုစဉ်က ဇမ္ဗူဒိပ်တခွင်လုံး၌ ဒီဃဘာဏက ရဟန်းတော်တွေ, မဇ္ဈိမဘာဏက ရဟန်းတော်တွေ, သံယုတ္တဘာဏက ရဟန်းတော်တွေ, အင်္ဂုတ္တရဘာဏက ရဟန်းတော်တွေ, အတိအကျ ရေတွက်မပြနိုင်, ဂဏန်းမထိုးနိုင်အောင် ပေါ်ထွန်းခဲ့ကုန်၏။ ယခုအခါမှာလဲပဲ နိကာယ်စာသင်တိုက်ကြီးများမှာ ယင်းစနစ်ကိုယူ၍ သတိမလစ်စေပဲ နိကာယ်ကျမ်းဂန်များ, ပိဋကကျမ်းဂန်များကို စနစ်တကျ ခွဲဝေပို့ချသင့်ပေသည်။

## ဆက်လက်၍ နိကာယ် ၅-ရပ်, ပိဋက ၃-ပုံကို နှုတ်ရဆောင် ချပို့ခဲ့ကြသည့် မထေရ်မြတ်များ

သာသနာသက္ကရာဇ် ၂၃၆-တိုင်အောင် ဝိနည်းပိဋကတော်ကြီး မပျောက်ကွယ်အောင် နှုတ်ငုံချပို့ သယ်ဆောင်ခဲ့သော ပုဂ္ဂိုလ်မြတ်ကြီးတို့မှာ ဘုရားရှင့်လက်ထက်တော်က ဝိနည်းတေဒဂ်ရ အရှင်ဥပါလိထေရ်, အရှင်ဒါသကထေရ်, အရှင်သောဏထေရ်, အရှင်သိဂ္ဂဝထေရ်, အရှင်မောဂ္ဂလိပုတ္တတိဿထေရ်တို့ ဖြစ်ကုန်၏။ ယင်းသို့ဖြစ်ကြောင်း—

ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော။
ပရမ္ပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိဇ္ဇမာနာ အာနေသုံ၊ တတိယော ယာဝ သင်္ဂဟော[၁]—

ဟူသော ၂-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

---

၁။ ဝိဋ္ဌ၁။၄၆။

## သီဟိုဠ်ကျွန်းမှ ပိဋကသုံးပုံဆောင်တွေ

သာသနာသက္ကရာဇ် ၂၃၆-ခုနှစ် နယုန်လပြည့်နေ့မှစ၍ စတင်တည်ထောင်ခဲ့သော သီဟိုဠ်ကျွန်း၌ ဘုရားမြတ်စွာ သာသနာသည် အလွန်လျှင် စည်ပင်ပွင့်လင်းခဲ့သည်။ တကြိမ်တခါတွင် ပုထုဇဉ်ရဟန်းဟူ၍ပင် မရှိဟု အဆိုရှိ၏[၁]။ တခါတရံ သံဃာ့ပရိသတ်ထဲ ရဟန္တာပုဂ္ဂိုလ်တွေက များပြီး ပုထုဇဉ်ရဟန်း အနည်းငယ်သာ ပါရှိလေရာ ဤရဟန်းသာ ပုထုဇဉ်ပါဟု လက်ညှိုးထိုး၍ ပြကြသည်[၂]။ ရံခါ နိုင်ငံကလေး(ကျွန်းကလေး)နှင့် မမျှအောင် သံဃာတွေ များလွန်းသည်။ သောင်းပေါင်းများစွာ ရှိခဲ့ဘူးသည်။ သို့ကလောက် သီဟိုဠ်သာသနာ စည်ပင်ပွင့်လင်းအောင် ပိဋက ၃-ပုံ နိကာယ် ၅ ရပ်ဆောင်မထေရ်မြတ်ကြီးတို့ ကြောင့်ကြမဲ့နေတော် မမူပဲ နေ့ရှိ ညည နှုတ်လွတ်ဆောင်၍ ပိဋက ၃-ပုံ, နိကာယ် ၅-ရပ်ကို ချပို့တော်မူကြခြင်းကြောင့် ဖြစ်သည်။ ဝိနည်းကို ထူးထူးခြားခြား ချပို့စောင့်ရှောက်တော် မူခဲ့ကြကုန်၏။

## ဝိနည်းပိဋကနှင့်တကွ ပိဋကကို
## ကြိုးကြိုးပမ်းပမ်းဆောင်ခဲ့သောမထေရ်များ

ယင်းသို့ပိဋက ၃-ပုံ, နိကာယ် ၅-ရပ်ကို နှုတ်ရဆောင်၍ ချပို့ခဲ့သော မထေရ်မြတ်တို့မှာ အရှင်မဟိန္ဒထေရ်, အရှင်ဣဋ္ဋိယထေရ်, အရှင်ဥတ္တိယထေရ်, အရှင်သမ္ဗလထေရ်,အရှင်ဘဒ္ဒသမ္ဗလထေရ်[၃], အရှင်အရိဋ္ဌထေရ်,အရှင်တိဿဒတ္တထေရ်, အရှင်ကာဠသုမနထေရ်(က), အရှင်ဒီဃထေရ် (ဒီဃသုမနထေရ်), အရှင်ကာဠသုမနထေရ် (ခ), အရှင်နာဂသေရ်, အရှင်ဗုဒ္ဓရက္ခိတထေရ်, အရှင်တိဿထေရ်, အရှင်ခေမာထေရ်, အရှင်ဥပတိဿထေရ်, အရှင်ဖုဿဒေဝထေရ်, အရှင်သုမနထေရ်(ခ), အရှင်ပဒုမထေရ်, အရှင်မဟာသိဝထေရ်, အရှင်ဥပါလိထေရ်,အရှင်မဟာနာဂသေရ်, အရှင်အဘယထေရ်, အရှင်တိဿထေရ်,တိဿထေရ်၏တပည့် အရှင်သုမနထေရ်, အရှင်စူဠာဘယထေရ် အရှင်တိဿထေရ်, အရှင်စူဠဒေဝထေရ်, အရှင်သိဝထေရ် စသည်တို့ ဖြစ်ကုန်၏[၄]။ ဖော်ပြပါ မထေရ်မြတ်တို့သည် သီဟိုဠ်ကျွန်း ဝိနည်း ပိဋကတ်နှင့်တကွ ပိဋက ၃-ပုံ, နိကာယ် ၅-ရပ်ကို မပြတ်ဆက်လက်ချပို့၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့ကြကုန်၏။ ယခုကာလ ရဟန်းတော်များလည်း အမှတ်တမဲ့ ပြုတော်မမူကြပဲ ကိုရင်ရှိ ကိုရင်စာချ, ရဟန်းရှိ ရဟန်းစာချဖို့ အလွန်အရေးကြီးပါသည်။ မြန်မာ့သာသနာ၌ ပရိယတ္တိ

---

၁။အဘိ၊ဋ္ဌ၊၂။၄၁၂။ မ၊ဋ္ဌ၊၄။၈၀။ ၂။အဘိ၊ဋ္ဌ၊၂။၄၂၇။
၃။ယင်းထေရ်တို့ကားဇမ္ဗူဒိပ်(အိန္ဒိယနိုင်ငံ)မှ ကြွလာကြသောမထေရ်မြတ်တို့ ဖြစ်ကန်၏။
၄။ဝိ၊ဋ္ဌ၊၁။၄၆-၇။



၁၃၃၀-ခုနှစ် နတ်တော်လတွင် ပခုက္ကူမြို့သို့ရောက်စဉ်
ပခုက္ကူမြို့ တိပိဋကဓရ အရှင်နေမိန္ဒ, အလှူဒါယကာ ပဉ္စရူပ
ဆေးလိပ်ခုံပိုင်ရှင် ဦးအောင်ဆင်တို့နှင့် အတူ
အမှတ်တရ ဓာတ်ပုံရိုက်ထားသော
ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသကို ဖူးမြင်ရပုံ

သာသနာ ကျဆင်းယော်င် ဖြစ်နေရာ မကျဆင်းအောင် ဆောင်ရွက်ကြဖို့ များစွာလိုနေပါပြီ။

ဝါစယိတွာန ပေဋကံ၊ ရတ္တိန္ဒိဝံ မတန္ဒိတာ။
ဇိနသာသနံ ဇောတေန္တု၊ သဗ္ဗညုသာသနေ ရတာ။

## အဘိဓမ္မာ ၇-ကျမ်းကို

## ကြိုးကြိုး ပမ်းပမ်း နှုတ်ရဆောင် ချပို့တော်မူခဲ့သူများ

ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟူသော အဘိဓမ္မာ ၇ ကျမ်းကို အရှင်သာရိပုတ္တရာသည် ဘုရားရှင့်ထံမှသင်ယူတော်မူခဲ့ပြီး လင်းနို့သား ၅၀၀-ဖြစ်ဘူးသော ရဟန်းစသည်တို့အား ချပို့တော်မူ၍ သယ်ဆောင်တော်မူခဲ့လေသည်။ အရှင်သာရိပုတ္တရာ နောက် အရှင်ဘဒ္ဒဇိထေရ်, အရှင်သောဘိတထေရ်, အရှင်ပိယဇာလိထေရ်, အရှင်ပိယပါလထေရ်, အရှင်ပိယဒဿိထေရ်, အရှင်ကောသိယပုတ္တသိဂ္ဂဝထေရ်, အရှင်သန္ဒေဟထေရ်, အရှင်မောဂ္ဂလိပုတ္တသုဒတ္တထေရ်, အရှင်ဓမ္မိယထေရ်, အရှင်ဒါသကထေရ်, အရှင်ရေဝတထေရ်အစရှိသော မထေရ်မြတ်တို့သည် ကြိုးကြိုးပမ်းပမ်း နေ့မအား ညမအား အဘိဓမ္မာ ၇-ကျမ်းကို နှုတ်လွတ်အာဂုံဆောင်၍ အဆင့်ဆင့် ချပို့တော်မူကာ တတိယသံဂါယနာခေတ် သာသနာသက္ကရာဇ် ၂၃၆-တိုင်အောင် သယ်ဆောင်တော်မူခဲ့ကြကုန်၏။ ၎င်းမှတဖန် သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒထေရ်, အရှင်ဣဋ္ဋိယထေရ်, အရှင်ဥတ္တိယထေရ်, အရှင်သမ္ဗလထေရ်, အရှင်ဘဒ္ဒသမ္ဗလထေရ်တို့နှင့် သီဟိုဠ်ရဟန်းတော် အဆက်ဆက်တို့ ဆောင်တော်မူခဲ့ကြကုန်၏[၁]။

အာစေရပရမ္ပရာယ၊ အာဘတော'ဘိဓမ္မာပိ စ။
အဓုနာ သာသနဝုဒ္ဓ-န္တာယ ဓာရေန္တု ဒေသနံ။

## ပိဋက ၃-ပုံဆောင် ရဟန်းတွေ ဦးဆောင်ဆွမ်းကပ်လေ့ရှိ

အိန္ဒိယ, သီဟိုဠ် သာသနာ အလွန် ပွင့်လင်းစည်ပင်စဉ် ဟိုရှေးယခင်က ပိဋကာ ၃-ပုံဆောင် ရဟန်းတော်တွေကို "အရှင်ဘုရားတို့.... အရှင်ဘုရားတို့နှင့်တကွ သံဃာ ၂၅-ပါး, ၅၀, ၁၀၀-စသည် ပင့်ဆောင်၍ တပည့်တော်များအိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူပါ" စသည်ဖြင့် ပင့်ဖိတ်၍ ဆွမ်းစသည် ဆက်ကပ်လှူဒါန်းလေ့ ရှိကြကုန်၏[၂]။

---

၁။အဘိဋ္ဌ၁။၃၂၃၃။ ၂။တေပိဋကေ စ ဓမ္မကထိကေ စ ဘိက္ခုသတေနပိ သဒ္ဓိံ နိမန္တေန္တိ။ ဝိဋ္ဌ၄။၉၇။ဝိသင်္ဂဟ။၂၃၂။(ဤ၌ ပိ-ဖြင့်၂၅-ပါး ၅၀-စသည်ကို ဆည်းသည်၊ပေါင်းသည်။)

## သီရိဓမ္မာသောကမင်းကြီး
## ပိဋက ၃-ပုံဆောင်တို့အား အနုဝတတ်ရေကိုလှူ

ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယ) မဂဓနိုင်ငံတော် ပါဋလိပုတ်မြို့တော်၌ သာသနာသက္ကရာဇ် ၂၁၈-ခုနှစ်မှ ၂၅၅-တိုင်အောင် နန်းစိုက်၍ မင်းပြုခဲ့သော သာသနာ့ဒါယကာ သီရိဓမ္မာသောကမင်းကြီးသည် မဟိန္ဒသတို့သား ၁၄-နှစ်သားအရွယ်ရှိရာ သာသနာသက္ကရာဇ် ၂၁၈-ခုနှစ်တွင် အဘိသိက်ခံယူခဲ့လေသည်[၁]။ အဘိဘိက်သွန်းပြီး အဘိသိက်၏ အာနုဘော်ကြောင့် ဇမ္ဗူဒိပ်မြေပြင် တခွင်လုံး၌ ပြိုင်ဘက်မရှိပဲ တယောက်တည်းသော မင်း ဖြစ်လာလေသည်။ အထက်ကောင်းကင် တယူဇနာ, မြေအောက် တယူဇနာ ထိုးဖောက်၍ အာဏာစက်ပျံ့နှံ့သည်။ နေ့စဉ် အနုဝတတ်အိုင်မှ ရေ ၈-ထမ်း ၁၆-လုံးကို နတ်တို့ ပို့ဆက်ကြကုန်၏။ ယင်း ၁၆-လုံး အနက် ၂-လုံးသော ရေကို ပိဋက ၃-ပုံဆောင် ရဟန်း ၆၀-တို့အား လှူဒါန်းလေသည်[၂]။

## ပိဋက ၃-ပုံဆောင် စာချအကျော် အရှင်ဓမ္မရက္ခိတထေရ်

သာသနာသက္ကရာဇ် ၄၈၀-လောက်က ပါဋလိပုတ်မြို့တော် အသောကာရုံကျောင်းတိုက်ကြီး၌ ပိဋက ၃-ပုံ နှုတ်ငုံဆောင် စာချပုဂ္ဂိုလ်အကျော် အရှင်ဓမ္မရက္ခိတမဟာထေရ် ပေါ်ထွန်းခဲ့လေသည်။ နေ့ရော ညဉ့်ပါ ဇွဲသန်သန်ဖြင့် အကြိမ်များစွာ ချပို့တော်မူလေ့ရှိသည်။ ပိဋက ၃-ပုံ နိကာယ် ၅-ရပ် ပညာသင်ရဟန်းများစွာကို တာဝန်ခံ၍ ပိဋက ၃-ပုံ နိကာယ် ၅-ရပ်ကို ချပို့တော်မူသည်၊ မိလိန္ဒပဉှာ ကျမ်းကြီးကို ဟောတော်မူခဲ့သော အရှင်နာဂသေနမထေရ်သည် ဖော်ပြပါ အရှင်ဓမ္မရက္ခိတထေရ်ထံ ပိဋက ၃-ပုံ အလုံးစုံကို ၃-လဖြင့် ကရေးရေလွှတ် တတွတ်ဘွတ်ရအောင် သင်ယူတော်မူခဲ့လေသည်။ အနက်အဓိပ္ပါယ်ကိုလည်း ၃-လဖြင့် သဘောပေါက်အောင် လေ့လာနှလုံးသွင်းတော်မူခဲ့လေသည်[၃]။

## ပဋိသမ္ဘိဒါပတ္တ, ပိဋက ၃-ပုံဆောင် အရှင်နာဂသေနထေရ်

သာသနာသက္ကရာဇ် ၅၀၀-ခန့်တွင် မိလိန္ဒမင်းကြီးအုပ်စိုးသည့် သာဂလနိုင်ငံတော်၌ ပဋိသမ္ဘိဒါ ၄-ပါးပိုင်ရှင် အလွန်လျှင်ထူးချွန်သော ပိဋက ၃-ပုံ, နိကာယ် ၅-ရပ်ဆောင် အရှင်နာဂသေန မဟာထေရ် ပေါ်ထွန်းခဲ့သည်။ ပြဿနာခက်ဆစ်ကို ဖြေဆိုမှု၌ ဘုရားမြတ်စွာ သာဝကတို့အနက် အရှင်

---

၁။ ဒီပဝံသ၊၆။၂၃။ ၂။ ဒွေ ဃဋ္ဋေ သဋ္ဌိမတ္တာနံ တိပိဋကဓရာနံ။ ဝိ၊ဋ္ဌ၊၁။၃၂။

၃။ မိလိန္ဒ။၁၇။

သာရိပုတ္တရာကလဲ့လျှင် အရှင်နာဂသေနနှင့် အတူမရှိဟုပင် မိလိန္ဒမင်း၏ လျှောက်တင်ခြင်းကို ခံယူရသည့် ပုဂ္ဂိုလ်ထူးဖြစ်သည်[၁]။

ဖော်ပြပါ အရှင်နာဂသေနထေရ်၏ ဂုဏ်ရည်ဂုဏ်ပုဒ်များကို မိလိန္ဒပဥှာပါဠိ ဗာဟိရကထာ၌—

"အာယသ္မာ နာဂသေနော သမဏဂဏပရိဝုတော သံဃီ ဂဏီ ဂဏာစရိယော ဉာတော ယသဿီ သာဓုသမ္မတော ဗဟုဇနဿ ပဏ္ဍိတော ဗျတ္တော မေဓာဝီ နိပုဏော ဝိညူ ဝိဘာဝီ ဝိနီတော ဝိသာရဒေါ ဗဟုဿုတော တေပိဋကော ဝေဒဂူ ပဘိန္နဗုဒ္ဓိမာ အာဂတာဂမော ပဘိန္နပဋိသမ္ဘိဒေါ နဝင်္ဂသတ္ထုသာသနေ ပရိယတ္တိဓရော ပါရမိပ္ပတ္တော ဇိနဝစနေ ဓမ္မတ္ထဒေသနာပဋိဝေဓကုသလော အက္ခယဝိစိတြပဋိဘာနော စိတြကထီ ကလျာဏဝါက္ကရဏော ဒုရာသဒေါ ဒုပ္ပသဟော ဒုရုတ္တရော ဒုရာဝရဏော ဒုန္နိဝါရယော၊ သာဂရော ဝိယ အက္ခောဘော၊ ဂိရိရာဇာ ဝိယ နိစ္စလော၊ ရဏဉ္ဇဟော တမောနုဒေါ ပဘင်္ကရော မဟာကထီ ပရဂဏိဂဏမထနော ပရတိတ္ထိယမဒ္ဒနော ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ရာဇူနံ ရာဇမဟာမတ္တာနံ သက္ကတော ဂရုကတော မာနိတော ပူဇိတော အပစိတော လာဘီ စီဝရပိဏ္ဍပါတသေနာသနဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရာနံ လာဘဂ္ဂယသဂ္ဂပ္ပတ္တော ဝုဒ္ဓါနံ ဝိညူနံ သောတာဝဓာနေန သမန္နာဂတာနံ သန္ဒဿေန္တော နဝင်္ဂံ ဇိနသာသနရတနံ ဥပဒိသန္တော ဓမ္မမဂ္ဂံ ဓာရေန္တော ဓမ္မပဇ္ဇောတံ ဥဿာပေန္တော ဓမ္မယူပံ ယဇန္တော ဓမ္မယာဂံ ပဂ္ဂဏှန္တော ဓမ္မဒ္ဓဇံ ဥဿာပေန္တော ဓမ္မကေတုံ ဓမေန္တော ဓမ္မသင်္ခံ အာဟနန္တော ဓမ္မဘေရိံ နဒန္တော သီဟနာဒံ ဂဇ္ဇန္တော ဣန္ဒဂဇ္ဇိတံ မဓုရဂိရဂဇ္ဇိတေန ဉာဏဝရဝိဇ္ဇုဇာလပရိက္ခိတေန ကရုဏာဇလဘရိတေန မဟတာ ဓမ္မာမတမေဃေန သကလလောကမဘိတပ္ပယန္တော ဂါမနိဂမရာဇဓာနီသု စာရိကံ စရမာနော အနုပုဗ္ဗေန သာဂလနဂရံ အနုပ္ပတ္တော ဟောတိ[၂]..."

ဟူ၍ လာရှိ၏။

---

၁။ ဣမသ္မိံ သာသနေ ဌပေတွာ ဓမ္မသေနာပတိံ သာရိပုတ္တတ္ထေရံ အညော တယာ သဒိသော ပဥှဝိဿဇ္ဇနေ နတ္ထိ။ မိလိန္ဒ။၄၀၇။

၂။ မိလိန္ဒ။ ၂၀။ ၁၅၁၂

## သာဂလမြို့ သင်္ချေယျကျောင်းတိုက်ရှိ ပိဋက ၃-ပုံဆောင် နိကာယ် ၄-ရပ်ဆောင် ၅-ရပ် ဆောင်များ

အထက်ဖော်ပြပါ ဂုဏ်ထူးတို့ဖြင့် ထူးခြားလှသည့် ထိပ်တန်း ပိဋက ၃-ပုံ နိကာယ် ၅-ရပ်ဆောင် အရှင်နာဂသေနမထေရ်သည် ယောနကတိုင်း သာဂလမြို့ သင်္ချေယျကျောင်းတိုက်ကြီးသို့ ရောက်ရှိတော်မူလာရာ ယင်းသင်္ချေယျကျောင်းတိုက်ကြီး၌ ရဟန်းပေါင်း ၈-သောင်းနှင့်အတူ သီတင်းသုံးတော်မူ၏။ ယင်းရဟန်းပရိသာက်ထဲတွင် အရှင်နာဂသေနထေရ်သည် ပိဋက ၃-ပုံ နှုတ်ငုံဆောင် ရဟန်းတွေ, နိကာယ် ၅-ရပ်ဆောင် ရဟန်းတွေ, နိကာယ် ၄ ရပ်ဆောင် ရဟန်းတွေကို မွေ့သွားပြုလျက်ရှိကြောင်း—

ဗဟုဿုတော စိတြကထီ၊ နိပုဏော စ ဝိသာရဒေါ။
သာမယိကော စ ကုသလော၊ ပဋိဘာနေ စ ကောဝိဒေါ။

တေ စ တေပိဋကာ ဘိက္ခူ၊ ပဉ္စနေကာယိကာပိ စ။
စတုနေကာယိကာ စေဝ၊ နာဂသေနံ ပုရက္ခရုံ။

ဂမ္ဘီရပညော မေဓာဝီ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒေါ။
ဥတ္တမတ္ထံ အနုပ္ပတ္တော၊ နာဂသေနော ဝိသာရဒေါ။

တေဟိ ဘိက္ခူဟိ ပရိဝုတော၊ နိပုဏေဟိ သစ္စဝါဒိဘိ။
စရန္တော ဂါမနိဂမံ၊ သာဂလံ ဥပသင်္ကမိ။

သင်္ချေယျပရိဝေဏသ္မိံ၊ နာဂသေနော တဒါ ဝသိ။
ကထေတိ သော မနုဿေဟိ၊ ပဗ္ဗတေ ကေသရီ ယထာ—

ဟူ၍ လာရှိ၏။ ယင်းကို ထောက်၍ ထိုစဉ်ကလည်း ယောနကတိုင်း၌ ပိဋက ၃-ပုံ နှုတ်ငုံဆောင်တွေ, နိကာယ် ၅-ရပ်ဆောင်, နိကာယ် ၄-ရပ်ဆောင်, နိကာယ် ၃-ရပ်ဆောင် နိကာယ် ၂ ရပ်ဆောင်, နိကာယ် ၁ ရပ်ဆောင်တွေ အများအပြားရှိကြောင်း သိသာ၏။

## သီဟိုဠ်ကျွန်း ပိဋက ၃ ပုံနှင့် နိကာယ်ဆောင် အာဇာနည်များ

သီဟိုဠ်ကျွန်း၌လည်း သီဟိုဠ်သာသနာပြု အရှင်မဟိန္ဒထေရ်မှ စကာင်ထွန်းပေါ်ခဲ့သည့် ပိဋက ၃-ပုံဆောင်, နိကာယ် ၅ ရပ်ဆောင်, နိကာယ် ၄-ရပ်ဆောင်, နိကာယ် ၃-ရပ်ဆောင်, နိကာယ် ၂-ရပ်ဆောင်, နိကာယ် ၁-ရပ်ဆောင်တို့ကို အတိအကျ ဖော်ပြ၍ ခြားနိုင်ပါ မလွယ်ကူပါချေ။

၁။ မိလိန္ဒ။ ၂၀၊ ၂၁။

## သီဟိုဠ်ကျွန်း ပဌမဆုံး ရဟန္တာ ၆၂-ပါး

သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် အရှင်မဟိန္ဒ ကြွရောက်တော်မူ၍ ဘုရားမြတ်စွာ သာသနာတော်ကို တည်ထောင်တော်မူရာ အရှင်အရိဋ္ဌ အမတ် အပါအဝင် အမျိုးသားပေါင်း ၆၂-ပါး ရဟန်းပြုကြရာ အားလုံး အာသဝေါကင်းကွာ ရဟန္တာချည်း ဖြစ်ကြသည်။ သီဟိုဠ်ကျွန်း စေတိယ တောင်၌ ယင်း ရဟန္တာ ၆၂-ပါးတို့ ပဌမဆုံး ဝါကပ်၍ သာသနာပြုတော်မူကြ ကုန်၏။ ဖော်ပြပါ ရဟန္တာ ၆၂-ပါးတို့သည် အရှင်မဟိန္ဒ သင်ပြသဖြင့် ပိဋက ၃-ပုံ ကျမ်းကျင်တတ်မြောက် ပိဋက ၃-ပုံဆောင် ရဟန္တာတို့ များစွာ ပါဝင်ကြ ကုန်၏[1]။

ဒွါသဋ္ဌိဟာ အသေကေ္ခသု၊ တိပေဋကာ ဗဟူ ဘဝူ။
မဟိန္ဒတ္ထေရံ ပဋိစ္စ၊ သဗ္ဗေ ဩဿတိတာ ဘဝူ။

## မင်းစိုးရာဇာမျိုးမှ ရဟန်း-၅၀၀

သီဟိုဠ်ကျွန်း သာသနာတည်ဦးစ သာသနာ ၂၃၆-ခုနှစ်လောက်က မဟိန္ဒ ထေရ်ထံ မင်းစိုးရာဇာမျိုးမှ ရဟန်းပြုကြသော ရဟန်းတော်ပေါင်း ၅၀၀-တို့သည် ကူဿရာသမဏ္ဍကျောင်းတိုက်၌ သီတင်းသုံးတော်မူကြ၍ သာသနာပြုတော်မူ ကြသည်။ ဖော်ပြပါ ရဟန်း ၅၀၀-အနက် ပိဋက ၃-ပုံဆောင် ရဟန်းတို့ အများ အပြား ပါရှိသည်။

ပဉ္စသတေဟိ ဿရေဟိ၊ မဟာဓမ္မရက္ခိတဿ သန္တိကေ။
ပဗ္ဗဇ္ဇံ ဂသီတင္ဌာနေ၊ ကူဿရသမဏ္ဍကော သဟု[2]။

## ကုန်သည်မျိုးမှ ရဟန်း ၅၀၀

ကုန်သည်မျိုးမှလည်း အမျိုးသား ၅၀၀-တို့သည် မဟိန္ဒထေရ်ထံ၌ ရဟန်းပြု ကြသည်။ ၎င်းတို့ သီတင်းသုံးရာ ကျောင်းတိုက်သည် ဝဿဂိရိ-ကျောင်းတိုက် ဟု တွင်သည်။ ယင်း ရဟန်း ၅၀၀-တို့တွင်လည်း ပိဋက ၃-ပုံဆောင်, ပိဋက ၃-ပုံ ကျွမ်းကျင်တတ်မြောက်သည့် ရဟန်းတို့ များစွာ ပါရှိကုန်၏။

ပဉ္စသတေဟိ ဝဿေဟိ၊ မဟာထေရဿ သန္တိကေ။
ပဗ္ဗဇ္ဇာ ဂသီတင္ဌာနေ၊ တတော ဝဿဂိရိ ဆဟု[3]။

---

၁။ ထေ ဒွါသဋ္ဌိ အရဟန္တော၊ သဗ္ဗေ စေတိယပဗ္ဗတေ။
တတ္ထ ဝသံ ဥပဂန္တွာ၊ အကံသု ရာဇသင်္ဂဟံ။ ။(မဟာဝံ၊ ၁၄။၁၆။၁၇)

၂။ မဟာဝံသ။ ၂၀။ ၁၄။

၃။ မဟာဝံသ။ ၂၀။ ၁၅။

## သီဟိုဠ်တကျွန်းလုံး အနှံ့အပြား တယူဇနာကွာအရပ် ကျောင်းတိုက်တည် ပိဋကကျမ်းဂန်တတ်တွေ ကျောင်းတင်

သာသနာသက္ကရာဇ် ၂၃၆ (၇) ၂၇၇-တွင် သီဟိုဠ်ကျွန်း၌ မင်းပြုသော ဒေဝါနံပိယတိဿ မင်းကြီးသည် အရှင်မဟိန္ဒထေရ်၏ စေခိုင်းချက်အရ သီဟိုဠ်ကျွန်း အနှံ့ အပြား တယူဇနာကွာ အရပ်များ၌ ကျောင်းတိုက်များ တည်ဆောက်ခဲ့လေသည်။ အရှင်မဟိန္ဒထေရ်သည် ယင်းကျောင်းများ၌ ပိဋက ၃-ပုံဆောင် (ပိဋကကျမ်းဂန်တတ်) ရဟန်းတော်များကို နေထိုင်စေ၍ ပိဋကချပို့ပြီး သာသနာပြုစေတော်မူခဲ့လေသည်။

ဝိဟာရေ ကာရယိတွာန၊ ဌာနေ ယောဇနယောဇနေ။
ဓာတုယော တတ္ထ ထူပေသု၊ နိဓာပေသိ ယထာရဟံ[၁]။

### အရှင်ကာဠဗုဒ္ဓရက္ခိတထေရ်

၁-ဘာဏဝါရရှိသော စူဠသစ္စကသုတ်နှင့် ၁-ဘာဏဝါရခွဲရှိသော မဟာသစ္စကသုတ်ဒွိကို ဘုရားရှင် ဟောတော်မူခဲ့သော်လည်း တရားထူးလည်း မရ၊ ရဟန်းလည်း မပြု၊ သရဏဂုံမျှပင် မတည်သော သစ္စကပရိဗိုဇ်သည် သာသနာသက္ကရာဇ် ၂၃၆–၂၇၇[၂] တွင် သီဟိုဠ်ကျွန်း၌ နန်းတက်သည့် ဒေဝါနံပိယတိဿမင်း လက်ထက်တွင် သီဟိုဠ်ကျွန်း၌ ပဋိသမ္ဘိဒါပတ္တ ပိဋက ၃-ပုံဆောင် အာသဝေါကင်းကွာ ရဟန်းပုဂ္ဂိုလ်မြတ် ဖြစ်၍ တည့်တပန်း ရဟန်းသံဃာပေါင်းများစွာ ခြံရံလျက် အနုရာဓမြို့အရှေ့ဘက် ရှစ်မိုင်ကွာ စေတိယတောင်ကျောင်း၌ သာသနာပြု သီတင်းသုံးတော်မူခဲ့သည်[၂]။

### မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ သံဃာတော် ၄-ထောင် ၅-ထောင် ရှိခဲ့

သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ မဟာဝိဟာရ ကျောင်းတိုက်ကြီးကား အရှင်မဟိန္ဒထေရ် သာသနာသက္ကရာဇ် ၂၃၆-ခုနှစ် နယုန်လဆုတ် ၂-ရက်နေ့က စတင်တည်ထောင်ခဲ့သော ကျောင်းတိုက်ကြီး ဖြစ်သည်။ ယင်းကျောင်းတိုက်ကြီး၌ အခါအားလျော်စွာ သံဃာတော် ၄၀၀၀, ၅၀၀၀-စသည် သီတင်းသုံးတော်မူကြသည်။ ကရုဏ်ခရီးသည် ရဟန်းတော်ဖာဟီယန် ရောက်စဉ် ခရစ်သက္ကရာဇ် ၄၀၀-ခန့် မဟာဝိဟာရ အာရုံနိမ့်စဉ်ကပင် သံဃာတော် ၃၀၀၀-ကျော် ရှိသေးကြောင်း ဆို၏၊ ယင်း မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ ပိဋက ၃-ပုံဆောင်တွေ အများအပြား ပေါ်ထွန်းခဲ့ကုန်၏။

---

၁။ မဟာဝံသ။ ၂၀။ ၁၂။ ၂။ မဒ္ဒါ၊ ၂။ ၁၉၅။

## ကြေးပြာသာဒ်ကြီး ဒုတိယထပ်၌ ပိဋက ၃-ပုံဆောင်တွေ့ သိတင်းသုံး

**သာသနာသက္ကရာဇ်** ၃၇၃-၄၁၇-တွင် သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီး နန်းတက်ခဲ့သည်။ ယင်း ဒုဋ္ဌဂါမဏိ မင်းကြီးကား အလွန်လျှင် သဒ္ဓါတရား ကောင်းသည်၊ ပြုပြုသမျှသော ကြိုးပမ်းမှု ဆန့်ကျင်ဘက် တမိလ်မင်းတို့ကို တိုက်ခိုက်မှုသည် သာသနာပြုဖို့ပင် ဖြစ်ကြောင်း—

ရဇ္ဇသုခါယ ဝါယာမော၊ နာယံ မမ ကဒါစိပိ။
သမ္ဗုဒ္ဓသာသနဿေဝ၊ ဌပနာယ အယံ မမ[၁]။

မင်းစည်းစိမ်တွက်၊ ရည်မှန်းချက်ဖြင့်၊ ဆက်ဆက်မှုချ၊ ဝါယာမမူ၊ ငါ မပြုဘူး၊ မုနိမြတ်စွာ၊ သာသနာရောင်၊ တောက်ပြောင်စေရန်၊ ကေန်ရည်မှန်း၊ ငါကြိုးပမ်းသည်၊ ဥဒါန်းတွင်ရစ် ပစေတည်း— ဟူသော စကားဖြင့် သိသာ လေသည်။ ဒုဋ္ဌဂါမဏိမင်းသည် သီဟိုဠ်ကျွန်းအနှံ့အပြား ကျောင်း (ကျောင်း တိုက်)ပေါင်း ၉၉-ကျောင်း(တိုက်), မရိစဝဋ္ဋိစေတီနှင့် မရိစဝဋ္ဋိကျောင်းတိုက် ကြီး, မဟာစေတီ စသည်တို့ကို တည်ဆောက်, တည်ထား ကိုးကွယ်ခဲ့သည်။

ကေူနသတဝိဟာရေ၊ မဟာရာဇေန ကာရိတာ။
ကေူနဝီသကောဋ္ဌီဟိ၊ ဝိဟာရော မရိစိဝဋ္ဋိ[၂]။

မဟာဝိဟာရကျောင်းတိုက်အတွင်း၌ ကုဋေ-၃၀ အကုန်အကျခံ၍ အထပ် ပေါင်း ၉-ထပ်ရှိသော လောဟပါသာဒပြာသာဒ် (ကြေးပြာသာဒ်)[၃]တော်ကြီး တည်ဆောက်၍ သံဃာတော်အား လှူဒါန်းခဲ့လေသည်။ ယင်း လောဟပါသာဒ ပြာသာဒ်ကြီး ဒုတိယအဆင့်၌ မင်းတရား၏ဆန္ဒအရ မဟာဝိဟာရကျောင်းတိုက် သံဃာ့ထေရ်ကြီးများက ပိဋက ၃-ပုံဆောင် ရဟန်းတို့ကို သိတင်းသုံးစေတော် မူကြောင်း—

ပုထုဇ္ဇနာဝ အဋ္ဌံသု၊ ဘိက္ခူ ပဌမဘူမိယံ။
တေပိဋကာ ဒုတိယာယ၊ သောတာပန္နာဒယော ပန။
ကေကာဒယော ဝ အဋ္ဌံသု၊ တတိယာဒိသု ဘူမိသု။
အရဟန္တောဝ အဋ္ဌံသု၊ ဥဒ္ဓံ စတူသု ဘူမိသု[၄]—

စသည့် ဂါထာများဖြင့် လာရှိ၏။

---

၁။ မဟာဝံသ။ ၂၅။ ၁၇။ ၂။ မဟာဝံသ။ ၃၂။ ၂၆။
၃။ ကြေးပြာသာဒ်ဟု ဆိုရိုးရှိ၏။ ကြေးနီအဆင်းရှိသော အုတ်ကြွပ်တို့ဖြင့် မိုးထားသော ပြာသာဒ်ဟု ဆိုလိုရင်းတည်း။
တမ္ဗလောဟိဋ္ဌကာဟေဝေသော၊ ပါသာဒေါ ဆာဒိတော အဟု။
လောကပါသာဒ ဝေါဟာရော၊ တေန တဿ အဇာယထ။ ။မဟာဝံသ။ ၂၇။ ၄၂။
၄။ မဟာဝံသ။ ၂၄။ ၄၄၊ ၄၅။ ဒီပ္ပ။ ၂။ ၁၇၂။

### ပဥ္စနိကာယမဏ္ဍလဆောင်၌ ပါဠိ, အဋ္ဌကထာ ရွက်ဆိုချပို့ကြ

ဖော်ပြပါ လောဟပါသာဒပြာသာဒ်ကြီး၌ ပဥ္စနိကာယမဏ္ဍလ (နိကာယ် ၅-ရပ်ကို စုပေါင်းရွတ်ကုန်) ဆောင် ပါရှိ၏၊ လောဟပါသာဒ ပြာသာဒ် ဒုတိယ ထပ်၌ သီတင်းသုံးတော်မူသော ပိဋက ၃-ပုံဆောင် ရဟန်းတို့သည် အခါအား လျော်စွာ ပဥ္စနိကာယမဏ္ဍလဆောင်၌ စုဝေး၍ ပိဋက ၃-ပုံကို ရွတ်ဖတ် သရဇ္ဈာယ်ကြ, ချပို့ကြကုန်၏၊ ဝါကျွတ်လျှင် မဟာဝေလိဂင်္ဂါ (မဟာဝေလိ မြစ်) မြောက်ဘက်နေ ရဟန်းတော်တို့သည် မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ကြွလာတော်မူကြပြီး လောဟပါသာဒပြာသာဒ် ပဥ္စနိကာယမဏ္ဍလဆောင်၌ ပိဋက ၃-ပုံ ပါဠိတော်၌ ကျွမ်းကျင်သော ရဟန်းတော်က ပိဋက ၃-ပုံ ပါဠိကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြကုန်၏၊ အဋ္ဌကထာ၌ ကျွမ်းကျင်သူတို့က အဋ္ဌကထာကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည်။

ဘိက္ခူ အပါရဂင်္ဂါယ၊ မဟာဝိဟာရသင်္ဂယံ။
ပတ္တာန လောဟပါသာဒေ၊ ပဥ္စနေကာယမဏ္ဍလေ။
ပေဋကံ သဇ္ဈာယံ ကရုံ၊ ပုဗ္ဗေ လံကာတလေ သုဘော။

### သီဟိုဠ်ကျွန်းတောင်ပိုင်း ပိဋက ၃-ပုံဆောင်တွေ တိဿမဟာဂါမ ကျောင်းတိုက်တွင် ပိဋက ၃-ပုံ သရဇ္ဈာယ်ချပို့

သီဟိုဠ်သာသနာ အတက်ဆုံး ဒိဂရီပြုစဥ်က သီဟိုဠ်ကျွန်း တောင်ပိုင်း၌ပင် သံဃာတော်-၂၀၀၀၀ (၂-သောင်း) အနည်းဆုံး သီတင်းသုံးတော်မူကြသည်။ ထိုစဥ်က ဝါကျွတ်လျှင် သီဟိုဠ်ကျွန်းတောင်ပိုင်း ပိဋက ၃-ပုံဆောင် ရဟန်း တော်တွေ မဟာဝေလိမြစ် ဟိုဘက်ကမ်း (တောင်ဘက်ကမ်း) နေ ပိဋကဆောင် ရဟန်းတော်များ, တိဿမဟာရာမကျောင်းတိုက်ကြီးသို့ ရောက်ရှိကြ၍ ပိဋက ၃-ပုံ ပါဠိ, အဋ္ဌကထာတို့ကို သင့်သလို ရွတ်ဖတ်သရဇ္ဈာယ် သုတ်သင်တော်မူကြ ကုန်၏[၂]။

ပါရဂင်္ဂါ ဝါသိနောပိ၊ ဇိနေ၁ရသာ ဗဟုဿုတာ။
တိဿဝိဟာရံ သမ္ပတ္တာ၊ သဇ္ဈာယမကာရုံ ပုရေ။

### အရှင်တိပိဋကစူဠနာဂထေရ်

အရှင်တိပိဋကစူဠနာဂထေရ်ကား ဘုရားမြတ်စွာ သာသနာတွင် အလွန်လျှင် သမိုင်းပြောင်သည့် သာသနာ့ခေါင်းဆောင်တပါး ဖြစ်တော်မူသည်။ သာသနာ

---

၁။ ဒုဋ္ဌဂါမဏိ, ဘာတ္တိပဟိ ၀တ္တိုဖြင့် ဘုရင်ကာကဝဏ္ဏတိဿမင်း၏ ကောင်းမှုတော် ကျောင်းတိုက်။ ၂။ဒီ၊ဋ္ဌ၊၂။၁၇၃။

သက္ကရာဇ် ၄၇၅-၅၃၀-လောက်တွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းခဲ့သည့် ထိပ်တန်း သာသနာပြု ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ဒီ၊ဋ္ဌ၊၂။၃၃၆-၌ တိပိဋကစူဠသုမန ထေရ်၏ တပည့်ဟု ဆိုသည်[၁]။ တိပိဋကစူဠသုမနထေရ်ထံ ဝိနည်းပိဋကကို ၇-ခေါက် သင်ယူတော်မူခဲ့သည်။ ဝိ၊ဋ္ဌ၊၃။၁၆၅-ကြည့်။ သီဟိုဠ်ကျွန်း အမ္ဗိလ-ကာဠ ကျောင်းတိုက်၌ ဆဆက္က သုတ္တန်ကို ဟောတော်မူရာ လူပရိသတ်ကြီး တဂါဝုတ်, နတ်ပရိသတ် တယူဇနာ ရှိ၏၊ ရဟန်းပေါင်းတထောင် အရဟတ္တဖိုလ် တည်သည်၊ နတ်တွေ တရားထူးရကြသည်၊ ပုထုဇဉ်နတ်ဟူ၍ အနည်းငယ်သာ ကျန်သည်။ သို့စဉ်ကလောက် တရားဟော ကောင်းတော်မူ၏။ မ၊ဋ္ဌ၊၄။၂၄၇။ အရှင်တိပိဋကစူဠနာဂထေရ်၏ အဆိုအမိန့်များကို နိကာယ် အဋ္ဌကထာကြီးများ၊ ဝိနည်းအဋ္ဌကထာများ၊ အဘိဓမ္မာအဋ္ဌကထာများ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီး များ စသည်တို့၌ မကြာမကြာ တွေ့ရသည်။ သီဟိုဠ်ကျွန်း၌ တခေတ်က စာချကောင်း ထိပ်တန်း ပိဋက ၃-ပုံ နိကာယ် ၅-ရပ်ဆောင် ပုဂ္ဂိုလ်မြတ်တည်း။

## ပိဋက ၃-ပုံဆောင် ဝိနည်း ၁၈-ခေါက် သင်ယူခဲ့သူ
## အရှင်ပဒုမထေရ်

အရှင်ပဒုမထေရ် သည် သာသနာသက္ကရာဇ် ၄၄၀-၄၈၀ အတွင်းလောက်က ထင်ရှားသည့် ပိဋက ၃-ပုံဆောင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်[၂]။ နာမည်ကျော် အရှင်ဥပတိဿထေရ်၏ တပည့်ဖြစ်သည်၊ အရှင်ဥပတိဿထေရ်ထံ အရှင်မဟာသုမထေရ်နှင့် အတူ ဝိနည်းပိဋကကို မဟာအဋ္ဌကထာ, မဟာပစ္စရိ-အဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ တို့နှင့် တွဲဖက်၍ ၉-ခေါက် သင်ယူတော်မူခဲ့သည်။ မိမိတပါးတည်းလည်း ၉-ခေါက် သင်ယူတော်မူခဲ့ရာ ဝိနည်းကိုချည်း ၁၈-ခေါက် သင်ယူတော်မူခဲ့လေသည်[၃]။

အရှင်ပဒုမထေရ်သည် အခြားပိဋကများကိုလည်း ချပို့တော်မူသည်၊ ဝိနည်း ကို မူကား ထူးထူးခြားခြား စောင့်ရှောက်တော်မူသည်။

ပဒုမထေရဇသဋ္ဌော ဟိ၊ ဝိနယံ သာဋ္ဌကထံ ဟိ ခေါ၊
အဋ္ဌာရသက္ခတ္တုံ သုဏိ၊ ဥပတိဿသ သန္တိကေ။

## အရှင်တိပိဋကမဟာသုမထေရ်

မဟာသုမထေရ် သည်လည်း ပိဋက ၃-ပုံ တတ်မြောက် ကျမ်းကျင်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ မထေရ်မြတ်၏ ဥပဇ္ဈာယ်ဆရာတော်ကား

၁။ ဒီပဝိဟာရဝါသီ သုမ္မထေရ်၏တပည့်။ အံ၊ဋ္ဌ၊၂။၃၇။
၂။ သီဟိုဠ်အဋ္ဌကထာ ကထာဝတ္ထု။၇၉။ ၃။ မဟာပဒုမတ္ထေရော တေန သဒ္ဓိံ နဝက္ခတ္တုံ ဝိသုဒ္ဓကေတောဝ နဝက္ခတ္တုန္တိ အဋ္ဌာရသက္ခတ္တုံ အသောသိ။ ဝိ၊ဋ္ဌ၊၁။၂၂၈။

အနုရုဒ္ဓါမထေရ် ဖြစ်သည်[၁]။ မဟာသုမထေရ်ဟု အဋ္ဌကထာ၊ ဋီကာတို့၌ အခေါ်ရများသည်။ အရှင်ဥပတိဿထေရ်ထံ များစွာကျမ်းဂန်တို့ကို သင်ယူတော်မူခဲ့သည်။ ဝိနည်းကို အလွန်နိုင်နင်းသည်၊ ဆရာ့ထံ ကိုးခေါက်သင်ယူခဲ့သည်ဟု သိရ၏။ ဝိနည်းအဋ္ဌကထာကြီးများ၌ ယင်း မဟာသုမထေရ်၏ အဆိုအမိန့်များများစွာ ပါရှိ၏[၂]။

## အရှင်တိပိဋကစူဠသုမထေရ်

အရှင်တိပိဋကစူဠသုမထေရ်သည် ပိဋက ၃-ပုံကို နှုတ်ငုံရရှိတတ်မြောက်သော သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၄၄၀-ခန့်က ထင်ရှားသည့် မထေရ်မြတ်ဖြစ်တော်မူသည်။ ဝိနည်း၌ ပို၍နိုင်နင်းသည်ဟု ကျော်ကြားသည်။ မထေရ်မြတ်စာပေချပို့ ကြိုးပမ်းမှုကြောင့် သာသနာ့ဝန်ဆောင် ထိပ်တန်းတပည့်တွေ များစွာ ပေါ်ထွန်းခဲ့သည်[၃]။

## အရှင်တိပိဋကစူဠသုမနထေရ်

အရှင် တိပိဋကစူဠသုမနထေရ်သည် ပိဋက ၃-ပုံကို ထုံးလိုမွေ ရေလိုနှောက် ပေါက်ရောက် တတ်မြောက် ကျွမ်းကျင်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ သာသနာသက္ကရာဇ် ၄-ရာကျော်လောက်တွင် ပေါ်ထွန်းခဲ့သည်[၄]။

## အရှင်တိပိဋကစူဠာဘယထေရ်

အရှင် တိပိဋကစူဠာဘယထေရ်သည်လည်း ပိဋက ၃ သွယ် နိကာယ် ၅-ရပ်ကို ထပေါက်ကမ်းပေါက်ရောက် တတ်မြောက် ကျွမ်းကျင် သိနှံ့နိုင်သလို အာဂုံနှုတ်တက် ရရှိတော်မူသည့် သီဟိုဠ်သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ သာသနာသက္ကရာဇ် ၄၇၅-၅၃၀ လောက်တွင် ပေါ်ထွန်းခဲ့သည်ဟု သီဟိုဠ်ဘာသာရေး အဋ္ဌကထာ ကထာဝတ္ထုကျမ်း၌ ဆို၏။ သီဟိုဠ်ကျွန်း အနုရာဓမြို့ လောဟပါသာဒ ပြာသာဒ်ကြီးအောက်ထပ်၌ ရဟန်းများစွာတို့အား ဝိနည်းပိဋကကို ချပို့တော်မူခဲ့သည်[၅]။ အရှင်တိပိဋကစူဠာဘယထေရ်၏ အဆိုအမိန့်များ၌ အဋ္ဌကထာ, ဋီကာတို့၌ များစွာလာ၏။

## အရှင်တိပိဋကတိဿထေရ်

အရှင်တိပိဋကတိဿထေရ်သည် ပိဋက ၃-ပုံကို ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါး အာဂုံနှုတ်တက် ရရှိတော်မူသည့်မထေရ်အဖြစ် သီဟိုဠ်ကျွန်း၌ ကျော်ကြား

---

၁။ ဝိ၊ဋ္ဌ၊၂။၂၇၈။ ၂။ D.P လည်းကြည့်။ ၃။ ဒီ၊ဋ္ဌ၊၂။၃၃၃။မ၊ဋ္ဌ၊၁။၂၃၅။ D.P လည်းကြည့်။ ၄။ ဒီ၊ဋ္ဌ၊၂။၁၀၄။ ၅။ ဝိ၊သင်္ဂဟ။၃၁၂။

ကိတ္တိ ရှိကြီးရှိသည့် မထေရ်မြတ် ဖြစ်တော်မူသည်။ သာသနာသက္ကရာဇ် ၅၀၀-ခန့်တွင် ပေါ်ထွန်းသည့် မထေရ်ကျော်ဖြစ်၏။

## အရှင်တိပိဋကမဟာဓမ္မရက္ခိတထေရ်

အရှင်တိပိဋက မဟာဓမ္မရက္ခိတထေရ် သည်လည်း ဘုရားမြတ်စွာ၏ ၃-ဖြာသောပိဋကတ် ၅-ရပ်သောနိကာယ်ကို နှုတ်ဝယ်တွတ်တွတ် အာဂုံဆောင်ရွက်ချပို့သည့် မထေရ်မြတ် ဖြစ်သည်။ သီဟိုဠ်ကျွန်း၌ သာသနာ ၅-ရာစုလောက်က ပေါ်ထွန်းခဲ့သည့် ထိပ်တန်းသာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ဖြစ်သည်။ သီဟိုဠ်ကျွန်းတောင်ပိုင်း ရောဟဏဇနပုဒ် တုလာဓာရကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ သံဃာ့ဂိုဏ်းကြီးများကို နေ့ညမရွေး စာပေချပို့၍ ဘုရားရှင့်သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်[၁]။

## အရှင်တိပိဋကမဟာသိဝထေရ်

အရှင်တိပိဋက မဟာသိဝထေရ် သည်လည်း ကြာရိုး ကြာစွယ် တို့ကို မြမြထက်သော ဓားဖြင့် ဖြတ်တောက်သကဲ့သို့ မေးအပ်သမျှ ပြဿနာအရပ်ရပ်ကို ခဏချက်ခြင်း ဖြေစွမ်းနိုင်သော ပိဋက ၃-ပုံဆောင် သာသနာ့ အာဇာနည်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ အရှင်မဟာ ဗုဒ္ဓဃောသ၏ အဋ္ဌကထာများ၌ အရှင်တိပိဋက မဟာသိဝထေရ်၏ အယူအဆဝါဒများကို တော်တော်များများ တွေ့ရှိရ၏[၂]။

## တိပိဋကစေရ အရှင်ဝတ္တဗ္ဗကနိဂြောဓထေရ်

သီဟိုဠ်ကျွန်း၌ သာသနာ သက္ကရာဇ် ၄၄၀-ကျော်ခန့်တွင် ပိဋက ၃-ပုံ နှုတ်ငုံဆောင် အရှင်ဝတ္တဗ္ဗကနိဂြောဓထေရ်လည်း ပေါ်ထွန်းခဲ့ဘူးသည်၊ ဘုရားမြတ်စွာ သာသနာ ကြာရှည်လေးမြင့် တည်တံ့ရန် ပိဋက ၃-ပုံကို မဟာအဋ္ဌကထာနှင့် တွဲဖက်၍ ချပို့တော်မူခဲ့လေသည်။

## အရှင်ဥပတိဿထေရ်

အရှင် ဥပတိဿထေရ်သည် သီဟိုဠ်ကျွန်း၌ စက္ကာလတိဿ သူပုန်ခေတ်အတွင်း သာသနာ သက္ကရာဇ် ၄၄၀-ခန့်တွင် ပေါ်ထွန်းသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ အရှင် ဥပတိဿထေရ်, အရှင် မဟာပဒုမထေရ်, အရှင် မဟာသုမထေရ်တို့၏ ဆရာ ဖြစ်သည်၊ စက္ကာလတိဿ ခိုးသူဘေး ထစဉ် ၁၂-နှစ်ကာလ

---

၁။ ဝိသုဒ္ဓိ၊၁။၉၃။ အဘိဋ္ဌ၊၃။၄၁-စသည် ကြည့်။
၂။ ဒီဋ္ဌ၊၁။၁၀၁။ ဒီဋ္ဌ၊၂။၂၃။ မဋ္ဌ၊၁။၂၇၃။ မဋ္ဌ၊၄။၁၂၄-တို့ ကြည့်။

အတွင်းက ဝိနည်းပိဋကကြီး မကွယ်မပျောက်အောင် အရှင် ဖုဿဒေဝထေရ်နှင့်အတူ သစ်ဥ, သစ်ဖု စသည့် အာဟာရများဖြင့် မျှတ၍ မသေရုံတမယ်အသက်ရှင်လျက် စောင့်ရှောက်တော် မူခဲ့သည့် ပုဂ္ဂိုလ်ထူး ဖြစ်သည်။

## အရှင်ဖုဿဒေဝထေရ်

အရှင် ဖုဿဒေဝထေရ်သည် ဖော်ပြပါ အရှင်ဥပတိဿထေရ်နှင့် ဆရာတူတပည့် ဖြစ်သည်၊ အရှင် ဥပတိဿထေရ်နှင့် စိတ်တူကိုယ်မျှ ချစ်ကြည်လေးမြတ်စွာ သီတင်းသုံးတော်မူ၍ ဘုရားမြတ်စွာ၏ ပိဋကတော်များကို ထိန်းသိမ်း ဆောင်မှတ် စောင့်ရှောက်တော် မူခဲ့သည်။ အသူးသဖြင့် ဝိနည်းပိဋကကြီး မကွယ်မပအောင် အသက်ကို ပဓာန မပြုဘဲ ခဲခဲယဉ်းယဉ်း စောင့်ရှောက်တော် မူခဲ့သည်။ အရှင် ဥပတိဿထေရ်နှင့် အရှင်ဖုဿဒေဝထေရ်တို့သည် ထိုစဉ်က သီဟိုဠ်ကျွန်း၌ နေလအလား စံဘားထိုက်သည့် မထေရ်မြတ်တို့ ဖြစ်တော်မူကြသည်။

> ဥပတိဿော သူရိယော၊ ဖုဿော ဒေဝေါ စန္ဒော ယထာ။
> လင်္ကာသာသနဝေဟာသေ၊ သောဘေသုံ တေ တဒါ ဥဘော။

## နိကာယ် ၄-ရပ်ဆောင် အရှင်တိဿထေရ်

**စတုနိကာယိကတိဿထေရ်** ဟု ထင်ရှားသော နိကာယ် ၄-ရပ်ဆောင် **အရှင်တိဿထေရ်သည်** ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် ဟူသော နိကာယ် ၄-ရပ်ကို နှုတ်တတ်အာဂုံ ဆောင်မှတ်၍ ချပို့တော်မူသည့် သီဟိုဠ် သာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်။ နိကာယ် ၄-ရပ်ကို ထာဝစဉ် နိစ္စ နှုတ်တက်ရသဖြင့် နိကာယ် ၄-ရပ်နှင့် စပ်၍ ပြဿနာလာလျှင် အရှင် တိဿထေရ်က ဖြေရှင်းတော်မူသည်။ ဖော်ပြပါ အရှင်တိဿထေရ်၏ ဥပဇ္ဈာယ် ဆရာကား ပိဋက ၃-ပုံ နိကာယ် ၅-ရပ်ဆောင် အရှင်တိဿ ဖြစ်သည်[၁]။

## နိကာယ် ၄-ရပ်ဆောင် အရှင်ပဏ္ဍိတတိဿထေရ်

"**စတုနိကာယိက ပဏ္ဍိတတိဿထေရ်**" ဟု ထင်ရှားသော နိကာယ် ၄-ရပ်ဆောင် အရှင် ပဏ္ဍိတတိဿထေရ်သည်း သီဟိုဠ်သာသနာ၌ ပေါ်ထွန်းခဲ့သည်။ သာသနာ သက္ကရာဇ် ၄၀၀-ကျော်ခန့်က ပေါ်ထွန်းခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ နိကာယ် ၄-ရပ်နှင့် စပ်၍ မေးလာလျှင် ကရားရေလွှတ် ရွတ်ဆိုမိန့်ကြားတော် မူနိုင်သည်[၂]။

---

၁။ အဘိဋ္ဌ၊၂။၄၅၆။ ၂။ အဘိဋ္ဌ၊၁။၇၄။ သီဟိုဠ် သာသနာဝင် ကြည့်။

## နိကာယ်၄-ရပ်ဆောင် အရှင်ပိဏ္ဍောတိဿထေရ်

"စတုနိကာယိကပိဏ္ဍတိဿထေရ်"ဟု ထင်ရှားသော နိကာယ် ၄-ရပ်ဆောင် အရှင်ပိဏ္ဍတိဿထေရ်လည်း သီဟိုဠ်သာသနာတွင် ပေါ်ထွန်းဘူးသည်။ သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာဗိုလ်များ အားကောင်းသဖြင့် နိကာယ် ၄-ရပ်ကို ထာဝစဉ် မပြတ်ဆောင်နိုင်ခြင်းဖြစ်သည်[၁]။

## နိကာယ် ၄-ရပ်ဆောင် အရှင်ဘဏ္ဍိကထေရ်

"စတုနိကာယိက ဘဏ္ဍိကထေရ်"ဟု ကျော်စောသည့် နိကာယ် ၄-ရပ်ဆောင် အရှင် ဘဏ္ဍိကထေရ်ဟူ၍လည်း သီဟိုဠ်သာသနာ၌ ပေါ်ထွန်းခဲ့ဘူးသည်။ နိကာယ်၄-ရပ်လာ အချက်အလက်တို့ကို မေးမြန်းလျှင် မိုးစည်တီးသည့်ပမာ ကျွမ်းကျင်စွာ ကောက်ကာ, ငင်ကာ ဖြေဆိုဟောစွမ်းနိုင်သည့် မထေရ်မြတ်ဖြစ်၏[၂]။

## ဇာတကဘာဏီ အရှင်ပဒုမထေရ်

၅၅၀ (၅၄၇) ဇာတ်ပါဠိတော်ကြီး (ဂါထာ ၂-သောင်းကျော်) ကို တလုံး တပါဒမကျန် အရခောင်၍ ချပို့ဟောပြောတော်မူသည့် အရှင်ပဒုမထေရ် အမည်ရှိသော ပုဂ္ဂိုလ်ထူးလည်း သာသနာ သက္ကရာဇ် ၃၀၀-ကျော်တွင် ပေါ်ထွန်းခဲ့သည်။ ဇာတ်ပါဠိတော်အားလုံး ဟောရွတ်ချပို့ ဟောပြောသဖြင့် "ဇာတကဘာဏီ ပဒုမ" ဟူ၍ သီဟိုဠ်သမိုင်းများ၌ တအံ့တသြ မှတ်တမ်းတင်ကြကုန်၏၊ ယင်းမထေရ်ကို သီဟိုဠ်ကျွန်း၌ မင်းနှင့် ပြည်သူတို့က များစွာကြည်ညို လေးမြတ်ကြကုန်၏။ ယင်းမထေရ်သည် ရောဟဏဇနပုဒ် တုလာဓာရ တောင်၌ ကြာရှည်လေးမြင့် သီတင်းသုံးတော်မူ၍ ဇာတ်ပါဠိတော်ကြီးကို မကွယ်မပျောက်အောင် ဆောင်ရွက် လေ့လာ ချပို့တော်မူခဲ့သည်။ မဟာဝံသကျမ်းကြီး၌လည်း—

မဟာပဒုမနာမဿ၊ တတ္ထ ဇာတကဘာဏိနော။
တုလာဓာရဝ္ဟာဝါသိဿ၊ မဟာထေရဿ သန္တိကေ[၃]—

စသည်ဖြင့် ဇာတကဘာဏီမဟာပဒုမထေရ်နှင့်စပ်၍ လာရှိ၏။

## ဒီဃနိကာယ်ဆောင် အဘယထေရ်

မထေရ်၏အမည်ရင်းမှာ အဘယထေရ်ဖြစ်၏။ သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျ ဟူသော ဒီဃနိကာယ် ၃-ကျမ်းကို နှုတ်ရဆောင်၍ ချပို့တော်

---

၁။ အံ၊ဋ္ဌ၊၂။၃၃၄-ကြည့်။ ၂။ သံ၊ဋ္ဌ၊၁။၂၀။ သံ၊ဋ္ဌ၊၁။၆၃။ သီဟိုဠ်သာသနာဝင် ကြည့်။
၃။ မဟာဝံသ။၃၅။၃၀။

မူသည့်ကစ၍ "ဒီဃဘာဏကအဘယထေရ်" ဒီဃဘာဏယထေရ်=ဒီဃနိကာယ် ဆောင် အဘယထေရ်ဟု ထင်ရှားသည်။ သာသနာသက္ကရာဇ် ၄၀၀-၅၀၀-တွင် ပေါ်ထွန်းသည့် သီဟိုဠ်ကျွန်း သာသနာ့ဝန်ဆောင်တည်း။ထိုစဉ်က ဒီဃနိကာယ် နှင့် စပ်၍ မရှင်းမလင်းရှိလျှင် ဖော်ပြပါ ဒီဃဘာဏကအဘယထေရ်ကိုလည်း မေးလျှောက်ကြသည်[၁]။

## မဇ္ဈိမနိကာယဝိနိစ္ဆယည္ဟ အရှင်မဟာသံဃရက္ခိတထေရ်

မဇ္ဈိမနိကာယ်ပါဠိတော်ကို ယင်း၏အဖွင့် မဟာအဋ္ဌကထာနှင့်တကွ ကျမ်းကျင် တတ်မြောက်သည့် အရှင်မဟာသံဃရက္ခိတထေရ်လည်း သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းခဲ့သည်။ သာသနာသက္ကရာဇ် ၅-ရာစုလောက်က ပေါ်ထွန်းသည့် မထေရ်မြတ်ဖြစ်သည်။ မဇ္ဈိမနိကာယ်နှင့်စပ်၍ အခက်အခဲနှင့်ကြုံလျှင် ဖော်ပြပါ အရှင်သံဃရက္ခိတမထေရ်ကိုလည်း မေးလျှောက်၍ သံသယ ပျောက်ကြကုန်၏။ အရှင်မဟာသံဃရက္ခိတထေရ်၌ တပည့်ဘပန်း ပညာတတ် ရဟန်းများစွာတို့ လည်း ပေါ်ထွန်းခဲ့ကုန်၏[၂]။

## သံယုတ္တနိကာယ်ဆောင် အရှင်စူဠသိဝထေရ်

သာသနာသက္ကရာဇ် ၄၅၀-ခန့်တွင် သီဟိုဠ်ကျွန်း၌ သံယုတ္တနိကာယ်ဆောင် အရှင်စူဠသိဝထေရ် ပေါ်ထွန်းခဲ့သည်။ ဖော်ပြပါ အရှင်စူဠသိဝထေရ်သည်–

> သတ္တသုတ္တသဟဿာနိ၊ သတ္တသုတ္တသတာနိ စ။
> ဒွါသဋ္ဌိ စေဝ သုတ္တာနိ၊ ဧသော သံယုတ္တသင်္ဂဟော[၃]—

ဟူသည်နှင့်အညီ သုတ်ပေါင်း ၇၇၆၂-သုတ်ရှိ သံယုတ္တနိကာယ်ကြီးကို ထာဝရနိစ္စ နှုတ်ရဆောင်ရွက် ချပို့တော်မူ၍ ဘုရားဘုန်းခေါင် ပရိယတ္တိသာသနာတော်ကို နှစ်ငါးထောင်ရှည် တည်တံ့အောင် သယ်ဆောင်ခဲ့သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်တို့တွင် အပါအဝင်ဖြစ်တော်မူသည်[၄]။

## အဘိဓမ္မာပိဋကဆောင် အရှင်ဂေါဒတ္တထေရ်

သီဟိုဠ်သာသနာ ထူးခြားသော ခေတ်က ဖော်ပြခဲ့သည့်အတိုင်း ထိပ်တန်း ပိဋကဆောင်တွေ့၊ နိကာယ်ဆောင်တွေဖြင့် သာသနာတော် အလွန်လျှင် ကျက်သရေရှိခဲ့လေသည်။ ထိုစဉ်က အဘိဓမ္မာ ၇-ကျမ်းကို မိုးဝကောင်းကင်

---

၁။ အဘိဋ္ဌ၊၂။ ၇၇။ အံဋ္ဌီ၊၃။၁၂၉။ ၂။ ထေရောတိ ပန မဟာသံဃရက္ခိတတ္ထေရော။ သော ဟိ ဣမသ္မိံ မဇ္ဈိမနိကာယေ တံ တံ ဝိနိစ္ဆယံ ကထေသိ။မဋ္ဌီ၊ ၁။ ၂၉၉ (သမ္မာဒိဋ္ဌိသုတ်အဖွင့်)။ ၃။ သံဋ္ဌ၊၁။၃။ ၄။ အဘိဋ္ဌ၊၃။၄၂၇။

သိန္နောနှင်သလို တောက်တပိုချင်း ပြန်ဆိုဖြေရှင်းနိုင်သော အရှင်ဂေါဒတ္တထေရ်လည်း ရှိခဲ့ဘူးသည်၊ အာဘိဓမ္မိက ဂေါဒတ္တဟူ၍ ထင်ရှား၏၊ ယင်းသို့ အဘိဓမ္မာနှုတ်ငုံဆောင်အဖြစ် ထင်ရှားသော်လည်း ဝိနည်းကိုလည်း တတ်မြောက် ကျွမ်းကျင်သည်သာ[၁]။

## တိပိဋကဓရ တလင်္ဂရပါသိ အရှင်ဓမ္မဒိန္နထေရ်

သီဟိုဠ်ကျွန်း တလင်္ဂရပါသိ အရှင်ဓမ္မဒိန္နထေရ်သည် သာသနာသက္ကရာဇ် ၄၀၀-ခန့်တွင် သီဟိုဠ်၌ထင်ရှားသည့် ရဟန်းသံဃာတော် များစွာတို့ကို ပိဋကတ်ပို့ချ ဩဝါဒပေး သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်သည်[၂]။

## သီဟိုဠ်ကျွန်း၌ ပေထက်အက္ခရာတင်ခြင်း

သာသနာသက္ကရာဇ် ၄၅၀-ခန့်တွင် အနာဂတ်အရေးကို တွေးခေါ်ဆင်ခြင် မြင်မြော်တော်မူကြသည့် တိပိဋကဓရ ရဟန္တာသခင် အရှင်မြတ်ကြီးတို့သည် စဏ္ဍာလတိဿ သူပုန်ဘေး, ဗောရနာဂ သူပုန်ဘေး, ဒုဗ္ဘိက္ခခေါ် မိုးခေါင်ဘေး စသည့် ဘေးမျိုးစုံကြောင့် ဓမ္မသံဝေဂဖြစ်တော်မူကြကာ နောင်တွင် သဒ္ဓါ, သတိ, ဝီရိယ, ပညာတို့ ဆုတ်ယုတ်တော့မည်ဖြစ်သဖြင့် ပိဋကတ်တော်ပို့ချရန် ခဲယဉ်းမည်ကို သိတော်မူကြ၍ ပိဋက ၃-ပုံ, နိကာယ် ၅-ရပ်ကို သီဟိုဠ်ကျွန်း မလယဇနပုဒ် (မာတာလေ့) အာလောကလိုဏ်ဂူ၌ ပေထက်အက္ခရာ တင်တော်မူခဲ့ကြကုန်၏။ ယင်းကို ပေါတ္ထကာရုဠှ သံဂါယနာဟူ၍၎င်း, စတုတ္ထသံဂါယနာဟူ၍၎င်း သမုတ်ကြကုန်၏။

> ပိဋကတ္တယပါဠိဉ္စ၊ တဿ အဋ္ဌကထမ္ပိ စ။
> မုခပါဌေန အာနေသုံ၊ ပုဗ္ဗေ ဘိက္ခူ မဟာမတီ။
> ဟာနိံ ဒိသွာန သတ္တာနံ၊ တဒါ ဘိက္ခူ သမာဂတာ။
> စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ပေါတ္ထကေသု လိခါပယုံ[၃]။

## ဘုရားဇိနေ့် တရားမြို့တော်၌ ပိဋကဆောင် နိကာယ်ဆောင်တို့ဖြင့် ကျက်သရေရှိခဲ့

ဤသို့စသည်ဖြင့် ဘုရားမြတ်စွာ သာသနာတော်တည်းဟူသော မြို့တော်သည် ပိဋက ၃-ပုံဆောင်, နိကာယ် ၅-ရပ်ဆောင်, နိကာယ် ၄-ရပ်ဆောင်, နိကာယ် ၃-ရပ်ဆောင်, နိကာယ် ၂-ရပ်ဆောင်, သုတ္တန်ဆောင်, ဝိနည်းဆောင်, အဘိဓမ္မာဆောင်စသည့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ထူး

---

၁။ ဝိ၊ဋ္ဌ၊၁။၂၆၆။ ၂။ အဘိ၊ဋ္ဌ၊၂။၄၇၀။
၃။ ဒီပဝံသ။၂၀။၂၀၊၂၁။ မဟာဝံသ။၃၃။၁၀၂၊၁၀၃။

တို့ဖြင့် တင့်တယ်ခဲ့လေသည်၊ သာယာခဲ့လေသည်၊ ရှုမောဖွယ် ကောင်းလှလေသည်၊ ကြည်နူးဖွယ် ကောင်းလှလေသည်၊ စိတ်ဝင်စားဖွယ် ကောင်းလှလေသည်။ သို့ဖြင့် အရှင်နာဂသေနမထေရ်က သာဂလနိုင်ငံတော်သခင် မိလိန္ဒဘုရင်အား—

"ဘဂဝတော ခေါ မဟာရာဇ ဓမ္မနဂရေ ဝေရူပါ ဇနာ ပဋိဝသန္တိ သုတ္တန္တိကာ, ဝေနယိကာ, အာဘိဓမ္မိကာ, ဓမ္မကထိကာ, ဇာတကဘာဏကာ, ဒီဃဘာဏကာ, မဇ္ဈိမဘာဏကာ, သံယုတ္တဘာဏကာ, အင်္ဂုတ္တရဘာဏကာ, ခုဒ္ဒကဘာဏကာ, သီလသမ္ပန္နာ, သမာဓိသမ္ပန္နာ, ပညာသမ္ပန္နာ[၁]။

ဒကာတော် ရှေ့မြှသာနှင်း မိလိန္ဒမင်းတရား.... ဘုရားမြတ်စွာ သာသနာတော် တည်းဟူသော တရားမြို့တော်၌ ဤသို့ထူးခြားတဲ့ ပုဂ္ဂိုလ်တွေ နေကြ ရှိကြတယ်၊ သုတ္တန်ပိဋကဆောင်တွေလဲ ရှိတယ် ဒကာတော်ရေမြှေရှင်၊ ဝိနည်းပိဋကဆောင်တွေ, အဘိဓမ္မာပိဋကဆောင်တွေ, အကျော်ဇေယျ ဓမ္မကထိကတွေ, ဇာတ်ပါဠိအားလုံး နှုတ်တိုက်အာဂုံဆောင် ပုဂ္ဂိုလ်တွေ, ဒီဃနိကာယ်ဆောင်တွေ, မဇ္ဈိမနိကာယ်ဆောင်တွေ, သံယုတ္တနိကာယ်ဆောင်တွေ, အင်္ဂုတ္တရနိကာယ်ဆောင်တွေ, ခုဒ္ဒကနိကာယ်ဆောင်တွေ, သီလနဲ့ ပြည့်စုံတဲ့ ရဟန်းတွေ, သမာဓိနဲ့ ပြည့်စုံတဲ့ ရဟန်းတွေ, ပညာနဲ့ ပြည့်စုံတဲ့ ရဟန်းတွေ အများကြီး ရှိတယ် ဒကာတော်" ဟူသည်ဖြင့် မိန့်ကြားတော်မူခဲ့လေသည်။

## ပိဋက ၃-ပုံဆောင် မဟာနာဂထေရ်

သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၁၀၀-ကျော်တွင် နန်းတက်သည့် ပဉ္စမအဂ္ဂဗောဓိမင်း လက်ထက်တွင် ပိဋက ၃-ပုံဆောင် အရှင်နာဂထေရ် ပေါ်ထွန်းခဲ့သည်၊ မထေရ်မြတ်သည် ပိဋက ၃-ပုံ ချပို့ သာသနာပြုတော်မူခဲ့သည်။

မဟာနာဂဿ ပုညတ္ထံ၊ ရညော တံ နာမကံ အကာ။
မဟာလေခဿ ယဋ္ဌာဒါ၊ ရာဇာ တေပိဋကဿ သော[၂]။

## အဆက်မပြတ် ပေါ်ထွန်းခဲ့သည့် ပိဋကတ်ဆောင် ပိဋကတတ်သိ ပညာရှိ ရဟန်းတော်များ

ဘုရားမြတ်စွာ သာသနာတော် အနှစ် ၅-ထောင် ကြာရှည်အောင် သယ်ဆောင်တော်မူကြသည့် သာသနာ့လုပ်သားကောင်း ပိဋကဆောင် ပိဋကတတ်သိ ပညာရှိတို့ သာသနာတော်၌ အဆက်မပြတ် ပေါ်ထွန်းခဲ့သည်။

---

၁။ မိလိန္ဒ။၃၂၄။

၂။ မဟာဝံသ။၄၁။၂၄။

## ပိဋကဆောင် ပိဋကတတ် အရှင်မဟာဗုဒ္ဓဃောသထေရ်

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီး ၂-အုပ်, သမန္တပါသာဒိကာ အမည်ရှိသော ဝိနည်း အဋ္ဌကထာကျမ်းကြီး ၄-အုပ်, အဋ္ဌသာလိနီ အဋ္ဌကထာ အမည်ရှိသော ဓမ္မသင်္ဂဏီအဋ္ဌကထာကျမ်း, သမ္မောဟဝိနောဒနီအဋ္ဌကထာ အမည်ရှိသော ဝိဘင်းအဋ္ဌကထာကျမ်းကြီး, ပဉ္စပကရဏ အဋ္ဌကထာခေါ်သော ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းအဋ္ဌကထာ ဟူသော အဋ္ဌကထာ ၅-ကျမ်းတွဲ ၁-အုပ်, ကင်္ခါဝိတရဏီ အဋ္ဌကထာမည်သော မာတိကာအဋ္ဌကထာ, သုမင်္ဂလဝိလာသိနီ အမည်ရှိသော ဒီဃနိကာယ်အဋ္ဌကထာ ၃-အုပ်, ပပဉ္စသူဒနီ အမည်ရှိသော မဇ္ဈိမနိကာယ်အဋ္ဌကထာကျမ်းကြီး ၄-အုပ်, သာရတ္ထပ္ပကာသိနီ အမည်ရှိသော သံယုတ် ၅-ကျမ်း အဋ္ဌကထာ ၃-အုပ်, မနောရထပူရဏီ အမည်ရှိသော အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း အဋ္ဌကထာ ၃-အုပ်, ခုဒ္ဒကပါဌအဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ ၂-အုပ်, သုတ္တနိပါတ် အဋ္ဌကထာ ၂-အုပ်, ဇာတ်အဋ္ဌကထာ ၇-အုပ်ကိုပါ ထည့်သွင်း၍ ဆဋ္ဌသံဂါယနာ စာတော်မူ စာအုပ်ရေ ၃၅-အုပ် စာမျက်နှာပေါင်း ၁-သောင်း ၃-ထောင်ကျော် ပမာဏရှိသော အဋ္ဌကထာ ကျမ်းကြီးများကို ပြုစီရင်တော်မူခဲ့သော မဇ္ဈိမဒေသ ဗုဒ္ဓဂယာအနီး ဃောသက ရွာဇာတိ အရှင်မဟာဗုဒ္ဓဃောသထေရ်သည် သာသနာသက္ကရာဇ် ၉၅၀-ကျော် တွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းသည့် မဟာဝိဟာရ ကျောင်းတိုက်ကြီးနှင့် မဟာဝိဟာရဂိုဏ်းကြီး၏ လျှမ်းလျှမ်းတောက် ပိဋက ၃-ပုံဆောင် အဋ္ဌကထာ နှင့်တကွ ပိဋက ၃-ပုံတတ် ပညာရှိကြီး ဖြစ်တော်မူသည်။ အရှင်မဟာဗုဒ္ဓဃောသ ထေရ် ပြုစီရင်တော်မူသည့် အဋ္ဌကထာများ၏ အဆုံး၌—

> တိပိဋကပရိယတ္တိပ္ပဘေဒေ သာဋ္ဌကထေ သတ္ထုသာသနေ အပ္ပဋိ-
> ဟတဉာဏပ္ပဘာဝေန မဟာဝေယျာကရဏေန –

စသော အရှင်မဟာဗုဒ္ဓဃောသထေရ်၏ တပည့်တပါးပါး, သို့မဟုတ် အရှင် မဟာဗုဒ္ဓဃောသထေရ်ကို ကြည်ညိုသည့် ပုဂ္ဂိုလ်တဦးဦး ဖော်ပြသော ဂုဏ်ပုဒ် များဖြင့်လည်း အရှင်မဟာဗုဒ္ဓဃောသထေရ် လျှမ်းလျှမ်းတောက် ပိဋကဆောင်, ပိဋကတတ် ပညာရှိ ပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်း သိသာသည်[၁]။

## ပိဋကဆောင် ပိဋကတတ် အရှင်စူဠဗုဒ္ဓဃောသထေရ်

သောတတ္ထကီကျမ်းပြု အရှင်စူဠဗုဒ္ဓထေရ်သည် သာသနာသက္ကရာဇ် ၉၅၀- ကျော်တွင် အရှင်မဟာဗုဒ္ဓဃောသထေရ်နှင့် ခေတ်ပြိုင်ပေါ်ထွန်းသည့် ပိဋက ၃-ပုံ ကျမ်းဂန်တတ် ပညာရှင်တပါး ဖြစ်သည်။ အရှင်မဟာဗုဒ္ဓဃောသထေရ်

---

၁။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်။၄-၃၂။

အောက် သိက္ခာ၀ါ အနည်းငယ် ငယ်ကောင်းငယ်မည်ဟု ခန့်မှန်းသိရှိနိုင်သည်။ အရှင်မဟာဗုဒ္ဓဃောသထေရ်အား အဋ္ဌသာလိနီ အဋ္ဌကထာရေးရန် တောင်းပန်သူ ဗုဒ္ဓဃောသမှာ ဖော်ပြပါ အရှင်စူဠဗုဒ္ဓဃောသထေရ် ဖြစ်ကြောင်း သီဟိုဠ်ပညာရှင်တို့ ဆိုကြ၏။ အရှင်မဟာဗုဒ္ဓဃောသထေရ်သည် အရှင်စူဠဗုဒ္ဓဃောသထေရ်၏ ဂုဏ်ပုဒ်များကို—

ဝိသုဒ္ဓါစာရသီလေန၊ နိပုဏာမလဗုဒ္ဓိနာ။
ဘိက္ခုနာ ဗုဒ္ဓဃောသေန၊ သက္ကစ္စံ အဘိယာစိတော[1]—

ဟူသောဂါထာဖြင့် ဖော်ပြတော်မူခဲ့သည်၊ သောတတ္တကီကျမ်းနိဂုံး၌ကား—

ဂရုဟိ ဒိန္နနာမေန၊ ဗုဒ္ဓဃောသောတိ ဝိဿုတော။
ကတော ထေရေန တေနာယံ၊ နိဒါနဗုဒ္ဓဂေါစရော[2]—

ဟူသောဂါထာဖြင့် သာမန်သာရှိ၏။

## ပိဋကဆောင် ပိဋကတတ် အရှင်ဗုဒ္ဓဒတ္တထေရ်

သီဟိုဠ်ကျွန်း၌ အရှင်ဗုဒ္ဓဒတ္တထေရ်ကို "မဟာကဝိဗုဒ္ဓဒတ္တ" ဟု ခေါ်ကြသည်။ အရှင်ဗုဒ္ဓဒတ္တထေရ်သည် သာသနာသက္ကရာဇ် ၉၀၀-ကျော်တွင် ပေါ်ထွန်းသည့် ထေရ်ကျော်မဟာတ် ပုဂ္ဂိုလ်မြတ် ဖြစ်သည်။ အိန္ဒိယတောင်ပိုင်း ဥရဂပူရ(ဥရိုလ်ပူရ်)ဇာတိဖြစ်ပြီး သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ရောက်ရှိ၍ မဟာအဋ္ဌကထာ စသည်တို့ကိုလည်း လေ့လာသင်ကြားခဲ့သည်။ အရှင်ဗုဒ္ဓဒတ္တသည် (၁) အဘိဓမ္မာဝတာရအဋ္ဌကထာ၊ (၂) ဝိနယဝိနိစ္ဆယပါဠိ၊ (၃) ဥတ္တရဝိနိစ္ဆယပါဠိ၊ (၄) ရူပါရူပဝိဘာဂပါဠိ၊ (၅) ဗုဒ္ဓဝံသအဋ္ဌကထာတို့ကို ပြုစီရင်တော်မူခဲ့သည့် ပိဋကဆောင် ပိဋကတတ် သာသနာပြု ပညာရှိပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်[3]။

## ပိဋကဆောင် ပိဋကတတ် အရှင်အာနန္ဒာထေရ်

ဓမ္မသင်္ဂဏီမူလဋီကာပါဠိ၊ ဝိဘင်္ဂမူလဋီကာပါဠိ၊ ပဋ္ဌာနပကရဏမူလဋီကာပါဠိ[4]တို့ကို ပြုစီရင်တော်မူခဲ့သော အိန္ဒိယတောင်ပိုင်းဇာတိ သီဟိုဠ်ရောက် ပညာသင်ကြားဆည်းပူးခဲ့သူ အရှင်အာနန္ဒာထေရ်သည်လည်း ပိဋကဆောင် ပိဋကတတ် သာသနာပြု ပညာရှိပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်[5]။

---

၁။ အဘိ၊ဋ္ဌ၊၁။၁။ ၂။ သောတတ္တကီ။နှာ၊၇၉။ ၃။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်။၃၆-၃၉။ ၄။၃-အုပ်ဆင့်သံဂါယနာမူ စာမျက်နှာ ၆၇၆-ရှိ၏။
၅။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင် ၄၀-၄၁။




၁၃၄၀-ပြည့်နှစ်က ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌

အရှင်ဝိစိတ္တသာရာဘိဝံသ

ပခုက္ကူမြို့ ဈေးဟောင်းရပ် ကျောင်းအမကြီး ဒေါ်တင်၏

ဒါနမျိုးစုံကို ရေစက်ချပေးတော်မူပုံ

### တိပိဋကကျမ်းဂန်တတ် အရှင်အာနန္ဒဝနရတနထေရ်

စိရံ ယော ပါရမီ ဓမ္မေ ဂဒေဟိ ဘာဝိတန္တရော။
ဒေသနာမန္တသတ္တီဟိ၊ သတ္တေ တာယီ ဂဒါဒိတော။

တေန ကာရုညပညေန၊ သမ္ဗုဒ္ဓေန ဟိတေသိနာ။
ဘာသိတာနိ ပရိတ္တာနိ၊ ယာနိ သုတ္တာနိ သတ္ထုနာ။

သဗ္ဗူပဒ္ဒဝနာသာယ၊ ပဝတ္တေသုံ ပုရာတနာ။
သမာဟရိတွာ ဧကတ္ထ၊ နိက္ခိပိံသု နိကာယတော။

စတုန္နံ ဘာဏဝါရာနံ၊ တေသံ အဋ္ဌကထံ ပဟံ။
အနောမဒဿီဝိချာတ – မဟာသာမိနိယောဂတော။

ပါဠေတ္ထ ပရိဇာနိတွာ၊ ကတာဿ ဗလသိဒ္ဓိတော။
ပမုစ္စိတွာန ဧကတ္ထ၊ နိက္ခိပိဿံ တတော တတော–

ဟူသော ဂန္ထာရမ္ဘ ၅-ဂါထာ ပါရှိသည့် စတုဘာဏဝါရ အဋ္ဌကထာကျမ်းပြု အရှင်အာနန္ဒဝနရတနထေရ် ဖော်ပြပါ မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ၏ တပည့် တိပိဋကကျမ်းဂန်တတ် မထေရ်မြတ် ဖြစ်သည်။(သီဟိုဠ်ပါဠိသ ဟိတျ။ ၂၇၇)။

### ပိဋကဆောင် ပိဋကတတ် အရှင်ဓမ္မပါလထေရ်

ဥဒါနအဋ္ဌကထာ၊ စရိယာပိဋကအဋ္ဌကထာ၊ ဝိမာနဝတ္ထုအဋ္ဌကထာ၊ ပေတဝတ္ထုအဋ္ဌကထာ၊ ထေရဂါထာအဋ္ဌကထာ၊ စရိယာပိဋကအဋ္ဌကထာ၊ နေတ္တိအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ၊ ဒီဃနိကာယဋီကာ၊ မဇ္ဈိမနိကာယဋီကာ၊ သံယုတ္တနိကာယဋီကာ၊ အင်္ဂုတ္တရနိကာယဋီကာ(ဟောင်း)၊ နေတ္တိဋီကာ၊ အဘိဓမ္မာအနုဋီကာကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော အရှင်ဓမ္မပါလသည်လည်း ပိဋကဆောင် ပိဋကတတ် ထိပ်တန်းသာသနာပြု ပညာရှိပုဂ္ဂိုလ်မြတ် ဖြစ်သည်။ အရှင်ဓမ္မပါလသည် သာသနာ့နှစ် ၁၁ ရာစု ၁၂-ရာစုခန့်တွင် ပေါ်ထွန်းသည်။ ယင်းမထေရ်၏ ပိဋက ၃-ပုံ၊ နိကာယ် ၅-ရပ်၊ သီဟိုဠ်ဘာသာဖြင့် တည်ရှိသည့် မဟာအဋ္ဌကထာ ကျမ်းကြီးများ၊ ရှေးရှေးကျမ်းဂန်တတ် သီဟိုဠ်ဆရာတော်တို့၏ ဝိနိစ္ဆယဖြတ်ထုံး၌ လိမ္မာကျမ်းကျင်တတ်မြောက်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း—

သဟ သံဝဏ္ဏနံ ယသ္မာ၊ ဓရေတေ သတ္ထုသာသနံ။
ပုဗ္ဗာစရိယသီဟာနံ၊ တိဋ္ဌတော ဝိနိစ္ဆယော။

တသ္မာ တမုပနိဿာယ၊ ဩဂါဟေတွာန ပဉ္စပိ။
နိကာယေ ပေဋကေနာပိ၊ သံသန္ဒိတွာ ယထာဗလံ–

ဟူသော ၂-ဂါထာဖြင့် သိသာသည်[၂]။

## တိပိဋကကျမ်းဂန်တတ် အရှင်ဥပသေနထေရ်

"သဒ္ဓမ္မပဇ္ဇောတိကာ"အမည်ရှိသော မဟာနိဒ္ဒေသ အဋ္ဌကထာ၊ စူဠနိဒ္ဒေသ အဋ္ဌကထာတို့ကို ပြုစီရင်တော်မူခဲ့သော သာသနာသက္ကရာဇ် ၁၁၀၇-ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ မင်းပြုသော ပဌမအဂ္ဂဗောဓိမင်း လက်ထက်လောက်တွင် ပေါ်ထွန်းသော အရှင်ဥပသေနထေရ်သည်လည်း တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်ထူး ဖြစ်လေသည်[၃]။

## တိပိဋက ကျမ်းဂန်တတ် အရှင်မဟာနာမထေရ်

သဒ္ဓမ္မပ္ပကာသိနီအမည်ရှိသော ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ကျမ်းကြီး ၂-တွဲ[၄]နှင့် မဟာဝံသာရှေ့ပိုင်း ၃၇-ပိုင်း ဂါထာ ၅၀-အထိနှင့် မဟာဝံသဋီကာ တို့ကို ပြုစီရင်တော် မူခဲ့သော အရှင် မဟာနာမထေရ်သည် သာသနာ သက္ကရာဇ် ၁၀၆၁-ပတ်ဝန်းကျင်တွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းခဲ့သည့် တိပိဋကကျမ်းဂန် တတ် ပညာရှိ မထေရ်မြတ် ဖြစ်သည်[၅]။

## တိပိဋကဓရ အရှင် ဓမ္မသိရိထေရ်

သာသနာ သက္ကရာဇ် ၁၇၇၇- မတိုင်မီတွင် သီဟိုဠ်၌ ပေါ်ထွန်းခဲ့သည့်—

အာဒိတော ဥပသမ္ပန္န သိက္ခိတဗ္ဗံ သမာဟိတံ။
ခုဒ္ဒသိက္ခံ ပဝက္ခာမိ၊ ဝန္ဒိတွာ ရတနတ္တယံ—

ဟူသော ရတနတ္တယ ပဏာမ ပဋိညာဉ် ပါရှိသည့် ခုဒ္ဒသိက္ခာကျမ်းပြု တိပိဋကဓရ အရှင် ဓမ္မသိရိထေရ်သည်လည်း ဘုရားမြတ်စွာ သာသနာစည်ပင်ရန်

---

၁။ နေတ္တိ၊ ဋ္ဌ။ ၂။ ၂။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်။၄၂-၄၅။
၃။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်။၅၁-၅၄-ကြည့်။
၄ ။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ပဌမတွဲ ဆဋ္ဌမူစာမျက်နှာ ၃၄၅-ရှိ၍ ဒုတိယတွဲ ၃၂၃-ရှိ၏။
၅။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်။၅၅-၅၈။

စသော ကျမ်းပြု သီဟိုဠ်ကျွန်း၌ သဗ္ဗညုမြတ်စွာ သာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်[၁]။

### တိပိဋကဓရ မဟာသာမိထေရ်

သာသနာ သက္ကရာဇ် ၁၇၀၇-မတိုင်မီ တိပိဋကဓရ အရှင်မေဓင်္ကရထေရ် ထက် အနည်းငယ်စော၍ သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းခဲ့သော—

နတွာ နာထံ ပဝက္ခာမိ၊ မူလသိက္ခံ သမာသတော။
ဘိက္ခုနာ နဝကေနာ’ဒေါ၊ မူလဘာသာယ သိက္ခိတုံ—

ဟူသော ဂန္ထာရမ္ဘ ပါရှိသည့် မူလသိက္ခာကျမ်းပြု တိပိဋကဓရ အရှင် မဟာသာမိထေရ်သည် သာသနပါလက ပုဂ္ဂိုလ်မြတ်တပါး ဖြစ်တော်မူသည်။

### တိပိဋကကျမ်းဂန်တတ် အရှင်အနုရုဒ္ဓါထေရ်

အဘိဓမ္မတ္ထသင်္ဂဟ သင်္ဂြိုဟ်ကျမ်း, နာမရူပ ပရိစ္ဆေဒကျမ်း, ပရမတ္ထဝိနိစ္ဆယ ကျမ်း စသည်တို့ကို ပြုစီရင်တော် မူခဲ့သော ဇာတိအိန္ဒိယတောင်ပိုင်း ကဉ္စိပုရမြို့၊ ပဝတ္တိ သီဟိုဠ်ကျွန်း အရှင်အနုရုဒ္ဓါထေရ်သည်လည်း တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်သည်[၂]။

### တိပိဋကဓရ အပဒါန်အဋ္ဌကထာ ကျမ်းပြုထေရ်

သာသနာ သက္ကရာဇ် ၁၁၀၀-ခန့်တွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းခဲ့သော အပဒါန် အဋ္ဌကထာကျမ်းကြီး ၂-အုပ် (ပဌမတွဲ ၃၅၂, ဒုတိယတွဲ ၃၀၃) ကို ပြုစီရင်တော် မူခဲ့သည့် ပိဋက ၃ ပုံဆောင် တိပိဋကဓရထေရ် (အရှင်တိပိဋက ဓရထေရ်) သည်လည်း သီဟိုဠ်ကျွန်း သာသနာ၏ သာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်။ အပဒါန် အဋ္ဌကထာကျမ်းပြု ဆရာတော်၏ တိပိဋကဓရ ဖြစ်ကြောင်း—

“တိပိဋကဓရေန ဘိက္ခုနာ အာဘတံ ဣမံ အပဒါနဋ္ဌကထံ
သဇ္ဇာ သဒေဝလောကော ဇာနာတု”—

ဟူသော စကားဖြင့် သိနိုင်၏[၃]။

---

၁။ မဟာဝိသုတာရာမနိကာယ သာသနာဝင်။ ၅၉-ကြည့်။

၂။ အကျယ် မဟာဝိသုတာရာမနိကာယ သာသနာဝင်။ ၆၀-၆၂။

၃။ အပ၊ဋ္ဌ၊၂။၃၀၃။

## တိပိဋကဓရ အရှင်ဗုဒ္ဓပ္ပိယထေရ်

ပဒရူပသိဒ္ဓိကျမ်းနှင့် ပဒရူပသိဒ္ဓိဋီကာ, ပဇ္ဇမဓုကျမ်းတို့ကို ပြုစီရင်တော်မူခဲ့လေသော သာသနာ သက္ကရာဇ် ၁၇၈၉-၁၇၉၃-လောက်တွင် အိန္ဒိယတောင်ပိုင်း စောဠတိုင်း၌ ပေါ်ထွန်းသည့် အရှင် ဗုဒ္ဓပ္ပိယထေရ်သည်လည်း ပိဋက ၃-ပုံဆောင် တိပိဋကဓရဖြစ်၍ သာသနာ ပြုတော်မူခဲ့သည်။ အရှင် ဗုဒ္ဓပ္ပိယသည် သီဟိုဠ်ကျွန်း၌လည်း သီတင်းသုံးတော်မူ၍ အရှင် အာနန္ဒာထေရ်ထံတွင် ပညာသင်ကြားခဲ့သည်။ ကျမ်းဂန် အရပ်ရပ်ကိုလည်း ချုပ်ဆိုတော် မူခဲ့သည်။ အရှင် ဗုဒ္ဓပ္ပိယထေရ်၏ ပိဋက ၃-ပုံဆောင် တိပိဋကဓရ ဖြစ်ကြောင်းကို—

ဒက္ခိဏာရာမ ပတိနော၊ ပိဋကတ္တယဓာရိနော။
ဗုဒ္ဓပ္ပိယဝှထေရဿ၊ ယော သိဿန္တိမော ယတိ[1]—

ဟူသော ဂါထာဖြင့် သိနိုင်၏။ ဒက္ခိဏာရာမ ပတိနော-၌ ဒက္ခိဏာရာမအရ သီဟိုဠ်ကျွန်း၊ အနုရာဓမြို့ရှိ ဒက္ခိဏာရာမ ကျောင်းတိုက်ကိုလည်း ယူနိုင်သည်။ သို့ရာတွင် သင့်မည်မထင်၊ အိန္ဒိယနိုင်ငံ တောင်ပိုင်း၌ ရှိခဲ့ဘူးသည့် ဗာလာဒိစ္စ ကျောင်းတိုက်နှင့် စူဠဂဏ္ဍကျောင်းများကို ဆိုလိုဟန်ရှိ၏[2]။

## တိပိဋကကျမ်းတတ် အရှင်သိဒ္ဓတ္ထထေရ်

သာရသင်္ဂဟ အဋ္ဌကထာကျမ်းပြု အရှင် သိဒ္ဓတ္ထသည် တိပိဋကဓရ ပဒရူပ သိဒ္ဓိကျမ်းနှင့် ပဒရူပသိဒ္ဓိဋီကာ, ပဇ္ဇမဓုကျမ်းပြု အရှင် ဗုဒ္ဓပ္ပိယထေရ်၏ နောက်သုံးကသည့် စာချ, ကျမ်းပြု, ပိဋကတ်ကျမ်းတတ်မထေရ်မြတ် ဖြစ်သည်[3]။

## တိပိဋကကျမ်းတတ် အရှင်ဝဇိရဗုဒ္ဓိထေရ်

သမန္တပါသာဒိကာ ခေါ်သော ဝိနည်းပါးကျမ်း အဋ္ဌကထာ၏ အဖွင့် ဝဇိရဗုဒ္ဓိဋီကာကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိထေရ်သည် သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၆၀၀-ခန့်တွင် ပေါ်ထွန်းသည့် တိပိဋကကျမ်းတတ် မထေရ်မြတ် ဖြစ်တော်မူသည်။ ကစ္စည်း သဒ္ဒါကြီးအဖွင့် နျာသ(ညာသ်ကျမ်း)ကိုလည်း အရှင်ဝဇိရဗုဒ္ဓိထေရ် စီရင်သည်ဟု သီဟိုဠ်ပညာရှင်တို့ ယူဆကြသည်။

---

၁။ သာရ သင်္ဂဟအဋ္ဌကထာ နိဂုံး။

၂။ အကျယ် မဟာဝိဟာရမသာသနာဝင်။၆၇-၇၀-ကြည့်။

၃။ မဟာဝိဟာရမနိကာယသာသနာဝင်။၆၆-၆၇-လည်း ကြည့်။

### တိပိဋကကျမ်းတတ် ဒိဗ္ဗုလာဂလ အရှင်ကဿပထေရ်

သဂြိုဟ်ဋီကာဟောင်းကို ပြုစုခဲ့သူဟု သီဟိုဠ်ကျွန်း၌ အဆိုရှိသော ဝိနယသင်္ဂဟ အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာ စသည့်ကျမ်းပြု အရှင်သာရိပုတ္တရာ၏ဆရာ ဒိဗ္ဗုလာဂလ အရှင်ကဿပသည် သာသနာသက္ကရာဇ် ၁၇၀၀· လောက်တွင် သီဟိုဠ်၌ ထင်ရှားသည့် တိပိဋကကျမ်းဂန်တတ် ပရိယတ်ဝန်ဆောင် ပဋိပတ်ဝန်ဆောင် တပါး ဖြစ်သည်[၁]။

### တိပိဋကကျမ်းတတ် အရှင်သာရိပုတ္တရာထေရ်

ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ, အင်္ဂုတ္တိုရ်ဋီကာ, အဘိဓမ္မတ္ထသင်္ဂဟ သီဟိုဠ်နိဿယ, ဝိသုဒ္ဓိပထသင်္ဂဟကျမ်း, ကမ္မဋ္ဌာနသင်္ဂဟကျမ်း, မင်္ဂလသုတ္တဋီကာ, ပဉ္စိကာလင်္ကာရဋီကာ·စသည့် ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သာရိပုတ္တရာထေရ်သည် သာသနာသက္ကရာဇ် ၁၇၀၀–၁၇၅၀·ခန့်တွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းခဲ့သည့် ထိပ်တန်း တိပိဋကကျမ်းတတ် မထေရ်မြတ် ဖြစ်တော်မူသည်။ မထေရ်မြတ်ကား တက်ကျွမ်း, သက္ကတကျမ်းမျိုးစုံ စသည်တို့၌လည်း ကူးခပ်သက်ဝင် ချင်းနင်းနိုင်သည့် ဉာဏ်ရည် ဉာဏ်သွား စွမ်းပကား ရှိသည့် မထေရ်မြတ် ဖြစ်တော်မူသည်[၂]။

### တိပိဋကကျမ်းတတ် အရှင်စောဠိယကဿပထေရ်

ကာရုညာဘာဝိတံ ယဿ၊ ဉာဏစက္ခုမဟောဒယံ။
အန္ဓဘူတဿ လောကဿ၊ ဇာတံ သာမညလောစနံ –

အစရှိသော ဂန္ထာရမ္ဘ ၁၀·ဂါထာဖြင့် စတင်စီရင်အပ်သော မောဟဝိစ္ဆေဒနီကျမ်း[၃]နှင့် ဝိမတိဝိနောဒနီဋီကာ·ကျမ်းကြီး ပဌမတွဲ, ဒုတိယတွဲတို့ကို ပြုစီရင်တော်မူခဲ့သော သာသနာသက္ကရာဇ် ၁၇၀၀·ခန့်တွင် အိန္ဒိယတောင်ပိုင်း စောဠတိုင်းနှင့် သီဟိုဠ်ကျွန်းတွင် ထင်ရှားသော အရှင်စောဠိယကဿပထေရ်သည် ပိဋကသုံးပုံ နိကာယ် ၅·ရပ် ကျမ်းဂန်တတ် ဖြစ်သည်။ အရှင်စောဠိယကဿပထေရ်သည် မိမိ၏ ပိဋက ၃·ဖြာ ပညာရှင်ဖြစ်ကြောင်းကိုလည်း—

သတ္တန္တရေသု နိပုဏော ပိဋကတ္တယေ စ၊
ဝါဒီဘယူထဝိပိနေ မိဂရာဇလီလော[၄]—

ဟူသော မောဟဝိစ္ဆေဒနီကျမ်း နိဂုံးလာ စကားဖြင့်လည်း သိသာသည်။

---

၁။ မဟာဝိဘုတာရာမနိကာယသာသနာဝင်။၇၄။ ၂။ ရှင်း ၇၅-၈၆။
၃။ မောဟဝိစ္ဆေဒနီကျမ် သည် ဗုဒ္ဓသာသနာ့အဖွဲ့ ရိုက်နှိပ်ထုတ်ဝေသည့် ဟုဆို ၄၀၀ မျက်နှာရှိ၏။
၄။ မောဟဝိစ္ဆေဒနီ။၄၀၇။

### တိပိဋကကျမ်းတတ် အရှင်ဝါစိဿရထေရ်

အာဒိစ္စဝံသမ္ဘဝပါတုဘူတံ၊ ဗျာမပ္ပဘာမဏ္ဍလဒေဝစာပံ။
ဓမ္မမ္ဗုနိဗ္ဗာပိတပါပဃမ္မံ၊ ဝန္ဒာမဟံ ဗုဒ္ဓမဟာမ္ဗုဝဏ္ဍံ–

အစရှိသော ၁၉ ဂါထာ ဂန္ထာရမ္ဘပါရှိသော ဝိနယဝိနိစ္ဆယဋီကာ[1]နှင့် ဥတ္တရဝိနိစ္ဆယဋီကာ–

ယဿိံ သယိံသု ဇိနဓာတုဝရာ သမန္တာ၊
ဆဗ္ဗဏ္ဏရံသိဝိသရေဟိ သမုဇ္ဇလန္တာ။
နိမ္မာယ လောကဟိတဟေတု ဇိနဿ ရူပံ၊
တံ ထူပမဗ္ဘုတတမံ သိရသာ နမိတ္ဝာ–

အစရှိသော ဂန္ထာရမ္ဘ ၅ ဂါထာ အစချီ၍ စီရင်အပ်သော ထူပဝံသပါဠိ၊ ပဉ္စသမ္ဘိဒါမဂ္ဂ လီနတ္ထဒီပနီ၊ လစ္စသင်္ခေပအနက် အဖွင့်(သီဟိုဠ်ဘာသာ)၊ ဝိသုဒ္ဓိမဂ် သံခိပ်ကျမ်း (သီဟိုဠ်ဘာသာ)၊ သီမာလင်္ကာရသင်္ဂဟကျမ်းနှင့် သီမာလင်္ကာရသင်္ဂဟဋီကာကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ဝိနယသင်္ဂဟ၊ သာရတ္ထဒီပနီဋီကာ စသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူသော အရှင်သာရိပုတ္တရာ၏ တပည့် အရှင်ဝါဂိဿရထေရ်သည် သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၇၀၀–၁၈၀၀ အတွင်းတွင် ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်ထူးဖြစ်သည်[2]။

### တိပိဋကကျမ်းဂန်တတ် အရှင်သုမင်္ဂလသာမိထေရ်

အဘိဓမ္မတ္ထဝိကာသိနီ မည်သော အဘိဓမ္မာဝတာရဋီကာသစ်၊ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(ဋီကာကျော်)ကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သုမင်္ဂလသာမိထေရ်သည် သာသနာသက္ကရာဇ် ၁၇၀၀–၁၈၀၀ အတွင်း သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းသည့် အရှင်သာရိပုတ္တရာ၏ တပည့် တိပိဋကကျမ်းဂန်တတ် ပညာရှိမထေရ်မြတ် ဖြစ်သည်[3]။

### တိပိဋကကျမ်းဂန်တတ် အရှင်ဗုဒ္ဓနာဂထေရ်

ကင်္ခါဋီကာသစ် (ကင်္ခါဝိတရဏီအဘိနဝဋီကာ)ကျမ်းပြု အရှင်ဗုဒ္ဓနာဂထေရ်သည်လည်း သာသနာသက္ကရာဇ် ၁၇၀၀ ကျော်တွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်း

---

၁။ သာသနာ့စာမူ၌ ကေနဒီ ထေရေန ဝိရစိတာ-ဟု ဆို၏။ သီဟိုဠ်စာပေသမိုင်း၌ အရှင်ဝါစိဿရထေရ် ရေးကြောင်း ဆိုသည်။

၂။ အကျယ် မဟာဝိသုတာရာမနိကာယ သာသနာဝင်။ ၈၈၊၈၉-ကြည့်။

၃။ အကျယ် မဟာဝိသုတာရာမနိကာယ သာသနာဝင်။ ၉၇၊၉၈။

သည့် အရှင်သာရိပုတ္တရာ၏ တပည့် တိပိဋကကျမ်းဂန်တတ် ပညာရှိ ဖြစ်သည်။ အကျယ် ဝိသုတာ။ ၉၀။

### တိပိဋကကျမ်းဂန်တတ် အရှင်သံဃရက္ခိတထေရ်

သုဗောဓာလင်္ကာရ အမည်ရှိသော မာဂဓအလင်္ကာကျမ်း, ဝုတ္တောဒယ ဆန်းကျမ်း, ခုဒ္ဒသိက္ခာဘိနဝဋီကာ, ပယောဂသိဒ္ဓိကျမ်း, မောဂ္ဂလ္လာန်ပဉ္စိကာဋီကာ, သုဗောဓာလင်္ကာရဋီကာဟောင်းကျမ်း, သမ္ဗန္ဓစိန္တာ စသည့် ကျမ်းဂန်ပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော မဟာသာမိဘွဲ့ရ အရှင်သံဃရက္ခိတထေရ်သည် သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၇၀၀–၁၈၀၀-အတွင်း ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ သံဃရက္ခိတမဟာသာမိ-ဟု အသုံးရှိရာ မဟာသာမိမှာ မင်းပေးဘွဲ့တံဆိပ် ဖြစ်သည်။ ယင်းသို့ဖြစ်ကြောင်း—

> အာာ တေသု ပရက္ကန္တ-ဘုဇဓသေဋ္ဌ သုတံ သဒါ။
> မဟာသာမိံ ပုရက္ခတွာ၊ သံဃရက္ခိတဝိသုတံ။

ဟူသော မဟာဝံသ။ ၇၉၊ ၇၆-တို့ဖြင့် သိသာသည်[၁]။

### တိပိဋကကျမ်းဂန်တတ် အရှင်သီလဝံသထေရ်

> နိရုတ္တိနိကရာပါရ-ပါရုဝါရန္တဂံ မုန်ိ။
> ဝန္ဒိတွာ ဓာတုမဉ္ဇူသံ၊ ဗြူမိ ပါဠိနုဇသံ—

အစရှိသော ပဏာမ, ပဋိညာဉ် စသည်ပါရှိသည့် ဓာတုမဉ္ဇူသာကျမ်းပြု အရှင်သီလဝံသသည် အထက်ဖော်ပြပါ အရှင်သံဃရက္ခိတထေရ်၏ ဆရာ သီဟိုဠ်ကျွန်း ယောဂန္တရာယတန နိကာယဝါသီ တိပိဋကကျမ်းဂန်တတ် မထေရ်မြတ် ဖြစ်တော်မူသည်[၂]။

### တိပိဋကကျမ်းဂန်တတ် အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်

အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်မထေရ်သည် သာသနာသက္ကရာဇ် ၁၇၀၀-ကျော်တွင် သီဟိုဠ်ကျွန်း ပုလတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်ကြီး၌ သတင်းသုံး စာချ, ကျမ်းပြုတော်မူသည့် တိပိဋက ကျမ်းဂန်တတ်ပညာရှင် ဖြစ်တော်မူသည်[၃]။

---

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၈၈-၈၉-ကြည့်။ ၂။ သိဟိုဠ်ဘာသာရေး ပါဠိသာဟိတျ။ ၅၃၈။ ၃။ အကျယ် မဟာဝိသုတာရာမနိကာယ သာသနာဝင်။ ၉၃-ကြည့်။ ပဋ္ဌက္ကူ အဘိဓာန်နိဿယ သစ် နိဒါန်းလည်းကြည့်။

### တိပိဋကကျမ်းဂန်တတ် အရှင်ဝေဒေဟထေရ်

သမန္တကူဋဝဏ္ဏနာကျမ်း, ရသဝါဟိနီကျမ်း, သိဒ္ဓတ်သင်္ဂဟကျမ်း စသော ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော ခရစ်သက္ကရာဇ် ၁၂၃၆-၁၂၇၀-လောက်တွင် သီဟိုဠ်၌ ပေါ်ထွန်းခဲ့သည့် မဟာကဝိ အရှင်ဝေဒေဟသည်လည်း တိပိဋက ကျမ်းဂန်တတ် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ အရှင်ဝေဒေဟထေရ်သည် မိမိ၏ နိကာယ်, ပိဋကကျမ်းဂန်တတ်ပုဂ္ဂိုလ်၏အဖြစ်ကို—

တဿ သိဿော’သိ ယော ဝိပ္ပ-ဂါမဝံသေက ကေတုနော။
ဉာတာဂမော ရညဝါသိ၊ သီလာဒိဂုဏဘူသနော–

ဟူသောဂါထာတွင် “ဉာတာဂမော” ဟူသော စကားရပ်ဖြင့် ဖော်ပြခဲ့သည်[၁]။

### တိပိဋကကျမ်းဂန်တတ် အရှင်မေဓင်္ကရထေရ်

ဥတ္တမံ ဥတ္တမင်္ဂေန၊ နမဿိတွာ မဟေသိနော။
နိဗ္ဗာနမဓုဒံ ပါဒ-ပင်္ကဇံ သဇ္ဇနာလိနံ။

ပဟာမောဟတမံ လောကေ၊ ဓံသေန္တံ ဓမ္မဘာကရံ။
ပါတုဘူတံ မဟာတေဇံ၊ ဓမ္မရာဇောဒယာစလေ။

ဇန္တုစိတ္တသရေ ဇာတံ၊ ပသာဒကုမုဒံ သဒါ။
ဗောဓေန္တံ သံဃစန္ဒံ စ၊ သီလောရုကိရဏုဇ္ဇလံ။

တဟိံ တဟိံ သုဝိတ္ထိဏ္ဏံ၊ ဇိနဿ စရိတံ ဟိတံ။
ပဘက္ခာမိ သမာသေန၊ သဒ္ဒါနုဿရဏတ္ထိကော—

ဟူသော ပဏာမ, ပဋိညာဉ် ပါဠိသည့် ဇိနစရိတကျမ်းပြု ခရစ်သက္ကရာဇ် ၁၂၇၇-၁၂၈၈-ခန့်လောက်တွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းခဲ့သည့် အရှင်မေဓင်္ကရ ထေရ်သည်လည်း တိပိဋက ကျမ်းဂန်တတ် ပုဂ္ဂိုလ်ဖြစ်သည်။ ယင်းမထေရ်မြတ်၏ ပညာရှင်တပါးဖြစ်ကြောင်းကို—

မေဓင်္ကရာဘိဓာနေန၊ ဒယာဝါသေန ဓီမတာ။
ထေရေန ရစိတံ ဧတံ၊ သဗ္ဗံ သံသေဝိတံ သဒါ[၂]—

ဟူသောဂါထာဖြင့် ထင်ရှား သိသာသည်။

---

၁။ အကျယ် မဟာဝိဟာရကာရာမနိကာယ သာသနာဝင်။ ၉၃-ကြည့်။ ပခုက္ကူအဘိဓာန် နိဿယသစ် နိဒါန်းလည်းကြည့်။
၂။ ဇိနစရိတ။၄၇၁။

## တိပိဋကကျမ်းဂန်တတ် အရှင်ဗုဒ္ဓရက္ခိတထေရ်

ဇိနာလင်္ကာရဋီကာကျမ်းပြု အရှင်ဗုဒ္ဓရက္ခိတထေရ်သည် သာသနာသက္ကရာဇ် ၁၇၀၀-ခုနှစ်ဖွား သီဟိုဠ်ကျွန်း ရေဟဏတိုင်းဇာတိ စာချ ဂဏာဒါစက, ကျမ်းပြု, တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ အထူးသဖြင့် အရှင်ဗုဒ္ဓရက္ခိတထေရ်သည် အဘိဓမ္မာကျမ်းဂန်တတ်အဖြစ် သီဟိုဠ်ကျွန်း၌ အလွန်လျှင် ထင်ရှားသည်[၁]။

## တိပိဋကကျမ်းဂန်တတ် အရှင်မောဂ္ဂလ္လာန်ထေရ်

သညာဒိကဏ္ဍအစရှိသော အပိုင်းကဏ္ဍ ၆-ခုပါရှိသော မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်းကြီးနှင့် ဝုတ္တိဝိဝရဏပဉ္စိကာကျမ်း, မောဂ္ဂလ္လာနဓာတ္ဝိဝုတ္တိ ကျမ်းတို့ကို ပြုစီရင်တော်မူသော "နိခိလဗေယျာကရဏ စက္ကစူဠာမဏိကဝိကုလတိလက"ဟူ၍ ကျော်စောကိတ္တိရှိတော်မူသော သီဟိုဠ်ကျွန်း အနုရာဓမြို့ ထူပါရာမကျောင်းတိုက်၏ အဓိပတိ အရှင်မောဂ္ဂလ္လာန်ထေရ်သည် သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀-အတွင်းက ပေါ်ထွန်းခဲ့သည့် တိပိဋကကျမ်းတတ် မထေရ်မြတ် ဖြစ်တော်မူသည်[၂]။

## တိပိဋကကျမ်းဂန်တတ် အရှင်ပိယဒဿိထေရ်

ပဒသာဓနဗျာကရဏ်းကျမ်းပြု အရှင်ပိယဒဿိထေရ်သည်လည်း သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀-တွင် ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ပဒသာဓနဗျာကရဏ်းကျမ်းတွင် မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်းကြီးမှ ထုတ်နှုတ်စီရင်သည့် သုတ်ပေါင်း ၅၀၇-သုတ် ပါရှိသည်။

## တိပိဋကကျမ်းဂန်တတ် အရှင်ရာဟုလာထေရ်

အရှင်ရာဟုလာထေရ်ဟုဆိုသော်လည်း အရှင်ရာဟုလာ သံဃရာဇာထေရ်ဟု သိရာ၏။ အရှင်ရာဟုလာထေရ်သည် ခရစ်သက္ကရာဇ် ၁၃၁၅-မှ ၁၄၆၇-တွင် သီဟိုဠ်ကျွန်း၌ ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပညာရှိမထေရ် ဖြစ်သည်။ အရှင်ရာဟုလာသည် ပဉ္စိကာပဒီပ နှင့် ပဒသာဓနဋီကာ စသည်တို့ ကိုလည်း ပြုစီရင်တော်မူခဲ့သည်။

---

၁။ ဗုဒ္ဓရက္ခိတနာမေန၊ ဘိက္ခုနာ ဂဏဝါစကော။
အဘိဓမ္မေနဒေဘ ဝါယုဝေဝေဂါဝ မတိယာ ဂတော။ ဇိနာလင်္ကာရဋီ။၃၃၂။
၂။ ဝိသုတာ။၁၀၁၊၁၀၂-ကြည့်။

**ပဒသာဓနဋီကာနိဂုံး၌—**

ဝိချာတော ပဒါကျေတတ္ကကုသလော၊ ဝါဒီဘသီဟော သုဓီ။
သော ဝါစိဿရသံဿရေ ဌော ပဝရော၊ ဗျာကာသိ ဋီကံ ဣမံ—

ဟူ၍လာရှိရာ "ဝါစိဿရ"မှာ ဘွဲ့တံဆိပ်တော် နာမည်ဖြစ်သည်။ **အရှင်**ရာဟုလာ၏ ဘွဲ့တံဆိပ်တော်မှာ "တြိပိဋကဝါဂီဝွရာစာယ်"ဖြစ်သည်၊ ယင်းကို "ဝါစိဿရ"ဟု ချုံး၍ မိန့်ဆိုသည်ဟု သံရာ၏။

တိပိဋကကျမ်းဂန်တတ် အရှင် ဓမ္မကိတ္တိထေရ်

ဗုဒ္ဓံ တိဓာဘိဝန္ဒိတွာ၊ ဗုဒ္ဓမ္ဗုဇ ဝိလောစနံ။
ဗာလာဝတာရံ ဘာသိဿံ၊ ဗာလာနံ ဗုဒ္ဓိဝုဒ္ဓိယာ—

ဟူသော ပဏာမ, ပဋိညာဉ်ဖြင့် စတင်စီရင်အပ်သော ဗာလဝတာရဗျာကရဏ်းကျမ်းပြု ပဌမ ဓမ္မကိတ္တိထေရ်သည် သီဟိုဠ်ကျွန်း၌ အေဒီ ၁၄-ရာစုတွင် ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပညာရှင်ဖြစ်သည်[၁]။

တိပိဋကကျမ်းဂန်တတ် ကဝိစက္ကဝတ္တိ အရှင်အာနန္ဒာထေရ်

သဗ္ဗာသဝဝိနိမုတ္တံ၊ သဗ္ဗသာဓုဂုဏာကရံ။
သဗ္ဗလောကဂရုံ ဝီရံ၊ ဟိတံ အမတမဂ္ဂဒံ—

အစရှိသော ဂန္ထာရမ္ဘ ၄-ဂါထာ ပါရှိသည့် သဒ္ဒမ္မောပါယန ကျမ်းပြု အရှင်ကဝိစက္ကဝတ္တိ အရှင်အာနန္ဒာထေရ်သည် သီဟိုဠ်ကျွန်း အဘယဂိရိကျောင်းတိုက်မှ ပေါ်ထွန်းခဲ့ဘူးသည့် တိပိဋကကျမ်းဂန်ဘတ် မဟာထေရ်ဖြစ်သည်။ (မဟာထေရလလိတ၊ ၁၅၈-၉)။

တိပိဋကကျမ်းဂန်တတ် အရှင်တိပိဋက စူဠာဘယထေရ်

မိလိန္ဒပဉ္စဝိဝရဏံ၊ မဓုရတ္ထပကာသိနီ။
ရစယိဿံ သမာသေန၊ တံ သုဏာထ သမာဟိတာ—

ဟူသော ပဋိညာဉ်ပါရှိသော မိလိန္ဒပဉ္စဋီကာကျမ်းပြု အရှင်တိပိဋကစူဠာဘယထေရ်သည် အေဒီ ၁၄၊ ၁၅-ရာစုနှစ်လောက်တွင် ယိုးဒယားနိုင်ငံ၌ ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်ဘတ် မထေရ်မြတ် ဖြစ်တော်မူသည်[၂]။

---

၁။ D.P လည်း ကြည့်။ ၂။ အကျယ် ဝိသုတာ။၁၀၀-၉ ကြည့်။

## တိပိဋက ကျမ်းဂန်တတ် အရှင်ရတနပညာထေရ်

ဇိနကာလမာလိကျမ်းနှင့် ဝဇိရသာရတ္ထသင်္ဂဟကျမ်းပြု အရှင်ရတနပညာထေရ်သည် သာသနာသက္ကရာဇ် ၂၀၁၇-လောက်တွင် ယိုးဒယားနိုင်ငံ၌ ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပညာရှိမထေရ်မြတ် ဖြစ်သည်[၁]။

## မိလိန္ဒပဥှာ ပါဠိတော်ကြီးကို နှုတ်ရဆောင်ခဲ့သော အရှင်ဒေါဏိထေရ်

မိလိန္ဒပဥှာပါဠိတော်ကြီးမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ-၄၀၀ ရှိ၏။ ယင်းပါဠိတော်ကြီးကို သာသနာ့ဝန်ဆောင်များ အဆင့်ဆင့် အာဂုံဆောင်တော်မူခဲ့၍ မပျောက်မကွယ်အောင် စောင့်ရှောက်တော် မူခဲ့ကြသည်။ နောက်ဆုံး သာသနာသက္ကရာဇ် ၁၇၉၀-ခန့်တွင် သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာ) ဇမ္ဗုဒေါဏိ (ဒမ္ဗဒေဏိ) မြို့နေ အရှင်ဒေါဏိမထေရ်သည် အာဂုံနှုတ်ရ ဆောင်တော်မူခဲ့လေသည်။ ယင်းသည့်ခေတ်၌ရှေ့က ပေထက်တွင် ရေးတင်ပြီး မိလိန္ဒပဥှာ ပါဠိတော်လည်း မကျန်မရှိတော့ချေ၊ သို့ဖြစ်၍ အရှင်ဒေါဏိထေရ်သည် မိမိမရှိလျှင် အခက်ကြုံတော့မည်၊ ဤမိလိန္ဒပဥှာပါဠိတော်ကြီး ကွယ်ပလိမ့်မည်ဟု သဘောပေါက်သဖြင့် ပေထက်တွင် ရေးတင်တော်မူခဲ့လေသည်။

ယခုလက်ရှိ မိလိန္ဒပဥှာပါဠိတော်ကြီးကို လေ့လာခွင့်,ကြည့်ရှုခွင့် ရသည်မှာ အရှင်ဒေါဏိထေရ်၏ စွမ်းဆောင်တော်မူခြင်းကြောင့် ဖြစ်လေသည်။

လင်္ကာယံ ဒေါဏိနဂရေ၊ ထေရေန ဒေါဏိနာမိနာ။
မဟာထေရေန လိခိတွာ၊ သုဋ္ဌပိတံ ယထာ သုတံ[၂]။

## တိပိဋကကျမ်းဂန်တတ် အရှင်သဒ္ဓမ္မဇောတိပါလထေရ်

သင်္ခေပဝဏ္ဏနာဋီကာပါဌ်, နာမာခ္ယာဒီပကပါဌ်, သုတ္တနိဒ္ဒေသပါဌ်, သီမာလင်္ကာရဋီကာ, ဝိနယဂူဠတ္ထဒီပနီ စသည့် ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သဒ္ဓမ္မဇောတိပါလထေရ်သည် သာသနာသက္ကရာဇ် ၁၉၉၀-ခန့်တွင် မြန်မာနိုင်ငံ ပုဂံမြို့တော်၌ ပေါ်ထွန်းခဲ့သည့် တိပိဋကကျမ်းဂန်တတ် မထေရ်မြတ် ဖြစ်သည်[၃]။

## တိပိဋကကျမ်းဂန်တတ် အရှင်အဂ္ဂဝံသထေရ်

သဒ္ဒနီတိ ပဒမာလာကျမ်း, သဒ္ဒနီတိ ဓာတုမာလာကျမ်း, သဒ္ဒနီတိ သုတ္တမာလာကျမ်းများကို ပြုစီရင်တော်မူခဲ့သော သမ္မာသမ္ဗောဓိဆုပန် အရှင်အဂ္ဂ-

---

၁။ ဝိသုတာ။၁၀၆-၇ ကြည့်။ ၂။ မိလိန္ဒ။၄၁၈။ ၃။ အကျယ် ပုဂံသာသနာဝင် ကြည့်။

ဝံသထေရ်သည် မြန်မာသက္ကရာဇ် ၄၅၀ ပတ်ဝန်းကျင်တွင် ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်ဖြစ်သည်[၁]။

## အရှင်တိပိဋကဓရ အဘယထေရ်

ပုဂံသာသနာဝင်တွင် တိပိဋကဓရအဘယထေရ် အမည်ဖြင့် သာသနာ့ဝန်ဆောင် တပါး အကြောင်းကို လေ့လာသိရှိနိုင်သည်။ ယင်းအဘယထေရ်မှာ ဉာဏ်လည်း ထက်မြက် ပိဋက ၃-ပုံလည်း အရအမိ များလှသဖြင့် အများက "တိပိဋကဓရ အဘယထေရ်" ဟု သမုတ်ခြင်း ဖြစ်ဟန်တူ၏။ အရှင် တိပိဋကဓရ အဘယထေရ်သည် ပုဂံမြို့ ရွှေဂူကျောင်းတိုက်၌ သီတင်းသုံး၍ စာပေချပို့ ကျမ်းဂန်ပြုစုရေးသား သာသနာ ပြုတော်မူခဲ့လေသည်။ သမ္ဗန္ဓစိန္တာဋီကာဟောင်း, သဒ္ဒတ္ထဘေဒစိန္တာဋီကာဟောင်း တို့မှာ ဖော်ပြပါ အရှင် တိပိဋကဓရ အဘယထေရ် ပြုစီရင်သည့် ကျမ်းဂန်များ ဖြစ်သည်ဟု သိရ၏။

ရင်းပြင် ပုဂံခေတ် အရှင်သဒ္ဓမ္မဉာဏထေရ်, သဒ္ဒတ္ထဘေဒစိန္တာ ကျမ်းပြု အရှင် သဒ္ဓမ္မသိရိထေရ်, မဟာဗောဓိဝံသဋီကာ ကျမ်းပြု ပေါင်လောင် အရှင် ကဿပထေရ်, ပဓာနတ္ထဇောတိကာဋီကာ ကျမ်းပြု အရှင် ဝေပုလ္လဗုဒ္ဓိထေရ်၊ ကာရိကာကျမ်းပြု အရှင် ဓမ္မသေနာပတိထေရ်, ကစ္စာယနသာရကျမ်းပြု အရှင် ယသထေရ်,သဒ္ဒဝုတ္တိကျမ်းပြု အရှင် သဒ္ဓမ္မဂုရုထေရ်-အစရှိသည် တို့လည်း ပုဂံခေတ် ပုဂံမြေတွင် ထင်ရှားသည့် လျှမ်းလျှမ်းတောက် တိပိဋကကျမ်းဂန်တတ် မထေရ်မြတ်တို့ ဖြစ်ကြကုန်၏။

ပုဂါမသမယေ စာပိ၊ ရမ္မေ မရမ္မဘူတလေ။
ဟေပိဋကာ ယေနသေဋ္ဌာ၊ အာသုံ စက္ကသ ဇောတကာ။

## တိပိဋကဓရ အရှင်သုဝဏ္ဏဒီပထေရ်

အရှင် သုဝဏ္ဏဒီပထေရ်သည် ပိဋက ၃-ပုံ၌ အလွန်လျှင် ကျမ်းကျင်တတ်မြောက်တော်မူသဖြင့် "တိပိဋကဓရ သုဝဏ္ဏဒီပထေရ်" ဟူ၍ ကျော်စောသံလျှံတက်ခဲ့လေသည်။ သက္ကရာဇ် ၉၁၂-ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်သော ပဲခူးမြို့ ဟံသာဝတီဆင်ဖြူများရှင် ဘုရင် မင်းတရား၏ သမီးတော် သီဝလီဒေဝီ၏ ဆရာလည်း ဖြစ်တော်မူသည်။ တိပိဋကဓရ အရှင်သုဝဏ္ဏဒီပထေရ်သည် အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာကျော်ကျမ်း၏ အဖွင့်ကျဉ်းဖြစ်သော အဖေဂ္ဂုသာရဒီပနီဋီကာပါဌ်ကို ရေးသား စီရင်တော် မူခဲ့လေသည်။ ကျမ်းဦး၌—

---

၁။ အကျဉ်း ပုဂံသာသနာဝင်ကြည့်။ (အရှင်အဂ္ဂဝံသပေါ်ချိန်ကို သက္ကရာဇ် ၆၀၀-နှင့်တွင်ဟုလည်း မှန်းဆကြသည်။)

ယော ခေါ စဗ္ဗတိတာ ဗုဒ္ဓါ၊ ယေ စ ဗုဒ္ဓါ အနာဂတာ။
တေသုပိ ဉာဏမေကသ္မိ၊ ဂုဏသာရ အသာဒိယာ—

စသော ဂန္ထာရမ္ဘ ၅-ဂါထာ ပါရှိသည်။ ကျမ်း၏အဆုံး၌ "ဣစ္စေဝံ ဥပါယတော်ဒွေ ဟံသာဝတီနဂရေ သီဝလိဒေဝိယာ အာစရိယေန ပရက္ကမဝလယုဇပုတ္တေန ပညာဇဝရာဇသာတုဘူတေန တိပိဋကဓရေန မဟာသင်္ဃဒိပတ္တေရေန ရစိတာ အဘေဂ္ဂုသာရဒီပနီ နာမ စူဠဋီကာယ ဂဏ္ဌနာ သမတ္တာ" ဟု လာရှိသည်။

## တိပိဋကဓရ အရှင်အာနန္ဒာထေရ်

သက္ကရာဇ် ၉၂၀-ကျော်တွင် မြန်မာပြည် အောက်ရပ်၌ နိ ဟံသာဝတီတွင် ထင်ရှားလှသော မဓုဋီကာကျမ်းပြု အရှင်အာနန္ဒထေရ်သည် ပိဋက ၃-ပုံကို ကျမ်းကျင်တတ်မြောက် ဆောင်မှတ်နိုင်သဖြင့် တိပိဋကဓရ အရှင်အာနန္ဒာဟူ၍၎င်း, တိပိဋကဝရဓရ အရှင် အာနန္ဒာ ဟူ၍၎င်း ထင်ရှားခဲ့လေသည်။ ယင်းသို့ ဖြစ်ကြောင်း မဓုဋီကာ နိဂုံး၌—

"စူဠဗုဒ္ဓဘာတိကာ နာမ ဝယေန မဟာကဝိဓရေန ဝိစိတ္တဂမ္ဘိရတိပိဋကဝရဓရေန မဟာရာဇဂုရုနာ"[၁] စသည်ဖြင့် လာရှိ၏။

## တိပိဋကကျမ်းဂန် အလွန်တတ်လှသော ရေငုံဆရာတော်

အင်းဝခေတ် ထူပါရုံစေတီတော် ဒါယကာ နရပတိမင်းလက်ထက် ဂ၈၄-တွင် ကျော်စောသော ရေငုံဆရာတော်သည် စစ်ကိုင်းတောင်ရိုး ပုညရှင် စေတီ မြောက်ဘက်တွင် သီတင်းသုံးတော်မူသည်၊ တိပိဋကကျမ်းဂန် အလွန်တတ်လှ ပေသည်။ သံဃာများစွာကို စာပေချပို့၍ ပရိယတ္တိသာသနာပြုခဲ့၏။ စာမချပို့ သောအခါ အခြား ရပ်စကား ရွာစကား မပြောမိရန် ထာဝစဉ် ရေကိုငုံ၍ နေတတ်သဖြင့် ရေငုံဆရာတော်ဟု တွင်သည်။ နာမည်ကျော် မဏိသာရမဉ္ဇူ သာဋီကာ ဆရာတော် အရှင် အရိယဝံသအား ၂-ရက် ၃-ရက် ဆရာနည်းပေး တော်မူသည်။ အကျယ် စစ်ကိုင်းသာသနာဝင် ကြည့်။

## တိပိဋကကျမ်းတတ် အရှင် အရိယာဝံသထေရ်

သန္တာသန္တာပိ ဓီ ယဿ၊ နန္တာနန္တာဝလမ္ဗတော။
ဒယာဒယာပိ တံ ဗုဒ္ဓံ၊ သုတံ သုတံ ဘိဝန္ဒိယ။

ယဿ ဗုဒ္ဓဿ ယံ ဓမ္မံ၊ ယော သံဃော ယော ဂဓတာ ဂတော။
သုဒုလ္လဘော နမိတွာ တေ၊ ကပ္ပကောဋိယစွာယေမပိ။

---

၁။ မဓုဋီကာ၊ ၂။ ၂၇၇။

အဘိဓမ္မတ္ထသင်္ဂဟ·ဝဏ္ဏနာ ဝဏ္ဏနာ သုဘာ။
သုဝိနိစ္ဆိတလီနတ္ထာ၊ ကထျတေ ကထျတေ ဂရု—

ဟူသော ဂန္ထာရမ္ဘ ၃-ဂါထာ ပါရှိသည့် မဏိသာရမဉ္ဇူသာဋီကာကျမ်းကြီး၊

ဒုဗ္ဗောဓံ မူလဋီကာယ၊ တံ တံ ဌာနံ ယထာဗလံ။
ယာဝ ဒွါရကထာ တာဝ၊ ဝဏ္ဏယိဿံ သမာသတော—

ဟူသော ပဋိညာဉ် ပါရှိသော မူလဋီကာဒွါရကထာအထိ အဖွင့်ကျမ်းဖြစ်သော မဏိဒီပဋီကာကျမ်း၊

ဝိစိတြနယသမ္ပန္နာ၊ ဒေသနာ ယဿ တာဒိနော။
နမော သဒ္ဓမ္မသံဃဿ၊ တဿ အာဒိစ္စဗန္ဓုနော—

စသော ဂန္ထာရမ္ဘ ၄-ဂါထာ ပါရှိသည့် ဂန္ထာဘရဏကျမ်း၊ ဇာတကဝိသောဓနကျမ်း၊ အနုဋီကာမဟာနိဿယကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်အရိယဝံသထေရ်သည် အင်းဝခေတ်တွင် အလွန်လျှင် ထင်ရှားသည့် တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်[၁]။

## တိပိဋကကျမ်းဂန်တတ် အရှင်သဒ္ဓမ္မပါလထေရ်

ယဇိတမ္ပိ ယဇိတွာန၊ နမိတမ္ပိ နမာမဟံ။
ယဇနာဒျာနုဘာဝေန၊ အန္တရာယံ ဇဟံ သဒါ—

အစရှိသော ဂန္ထာရမ္ဘ ၉-ဂါထာပါရှိသော နေတ္တိဝိဘာဝိနီကျမ်းပြု အရှင်သဒ္ဓမ္မပါလထေရ်သည် သာသနာသက္ကရာဇ် ၂၁၀၀-ကျော်တွင် အင်းဝခေတ်၌ ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ အရှင်သဒ္ဓမ္မပါလထေရ်သည် သာသနာသက္ကရာဇ် ၂၁၀၈-ခုနှစ်တွင် နေတ္တိဝိဘာဝိနီကျမ်းကြီးကို ပြုစီရင်တော်မူသည်။ ယင်း နေတ္တိဝိဘာဝိနီကျမ်းသည် ဆဋ္ဌသံဂါယနာတင်စဉ်က ဋီကာသံဂါယနာတင်တွင် ပါဝင်သည့် ကျမ်းကောင်း ကျမ်းမြတ် ဖြစ်၏၊ ဆဋ္ဌသံဂါယနာစာတော်မူ ၃၅၆-မျက်နှာရှိ၏[၂]။

## တိပိဋကကျမ်းဂန်တတ် မဟာတိပိဋကာလင်္ကာရ
## အရှင် မုနိန္ဒဃောသထေရ်

ဝိနယာလင်္ကာရဋီကာပါဠ်၊ မာတိကာအရကောက်၊ ယမိုက်အရကောက်၊ ပဋ္ဌာန်းအရကောက် စသည့် ကျမ်းဂန်ပေါင်း ၂၀-ကျော်တို့ကို ပြုစီရင်တော်

---

၁။ အကျယ် စစ်ကိုင်းသာသနာဝင်ကြည့်။

၂။ အကျယ် အင်းဝသာသနာဝင်ကျမ်း၊ စစ်ကိုင်းသာသနာဝင်ကျမ်းတို့ကြည့်။



၁၃၄၂-ခုနှစ် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ခေတ္တ သီတင်းသုံးစဉ်က ဆွမ်း ဘုဉ်းပေးနေတော်မူသော
**အရှင်ဝိစိတ္တသာရာဘိဝံသ**

မှုခဲ့သော တိပိဋကာလင်္ကာရ, မဟာတိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်တော် ၂-ထပ်ရ သက္ကရာဇ် ၉၄၀-ပြည့်နှစ်ဖွား ၁၀၁၃-ခုနှစ် ပျံလွန် တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသထေရ်သည် အင်းဝခေတ်တွင် ထူးခြားစွာ ပေါ်ထွန်းသည့် ပိဋက ၃-ပုံ နိကာယ် ၅-ရပ် ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော် ဖြစ်တော်မူသည်။[၁]

၎င်းပြင် တိလောကဂုရုထေရ်, ဒါဌာနာဂရာဇဂုရု အရှင်သဒ္ဓမ္မသီရိထေရ်, အရှင်မဟာချန္ဒသာရထေရ်, အရှင်မဟာသီလဝံသထေရ်, အရှင်အဂ္ဂသမာဓိထေရ်, အရှင်တေဇောသာရထေရ်, အရှင်ဥတ္တမကျော်ထေရ်, အင်းပပဉ္စင်းကျော် ပဋ္ဌမ အရှင် အရိယာလင်္ကာရထေရ်, အရှင်သုဝဏ္ဏရံသီသံဃရာဇာထေရ်, အရှင်သီရိ သဒ္ဓမ္မဝိလာသထေရ်, အရှင်ပုညရံသီထေရ်, အဂ္ဂဓမ္မာလင်္ကာရရာဇဂုရု အရှင်အဂ္ဂ ဓမ္မလင်္ကာရထေရ်, အရှင်နန္ဒမေဓာထေရ် စသည်တို့သည်လည်း အင်းဝခေတ်တွင် အသွန်လျှင် ထင်ရှားသည့် တိပိဋကကျမ်းဂန်တတ် မထေရ်မြတ်တို့ ဖြစ်ကုန်၏[၁]။

## တိပိဋကကျမ်းဂန်တတ်, လောကီကျမ်းတတ်
## မကာရလောပ တောင်တွင်းဆရာတော် ခင်ကြီးပျော်

၁၀၇၄-၁၁၂၄-တောင်တွင်းဆရာတော် ခင်ကြီးပျော်သည်လည်း ထိပ်တန်း တိပိဋက ကျမ်းဂန်တတ်, လောကီကျမ်းဂန်တတ် ပညာရှင် ပုဂ္ဂိုလ်ဖြစ်သည်။ စစ်ကိုင်းမြို့တည် နောင်တော်ကြီးမင်းတရားက မရမကပင့်သဖြင့် စစ်ကိုင်းမြို့သို့ ကြွတော်မူသည်။ သုဓမ္မာစရပ်၌ သုဓမ္မာဆရာတော်များ ပိဋက ၃-ပုံလာ ခက်ဆစ် ခက်ရပ်တို့ကို မေးမြန်းလေရာ ခင်ကြီးပျော်သည် ကောင်းကင်မြစ်,နတ်မြစ်, ရေတံခွန်, ရေခါးတင်ကို ဆွဲချသည့်ပမာ လျှင်မြန်စွာ ဖြေဆိုနိုင်လေသည်။ မေးသမျှ တခုမကျန် တီးခတ်လိုက်သည့် စည်ကြီး မြည်ဟိန်းသလို တောက် တပို ချက်တဖြုတ် ကောက်ကာ ငင်ကာ ပါဠိရွတ်,အနက်ပေး ကြားမငင်နိုင် အောင် ဖြေဆိုလေသည်။ သို့ဖြစ်၍ နောင်တော်ကြီးမင်းတရားက ရှင်ဉာဏဝရ ဘွဲ့တော်ရှိ ခင်ကြီးပျော်အား "ဉာဏာဘိလင်္ကာရမဟာဓမ္မရာဇဂုရု" ဟူသော ဘွဲ့ တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းလေသည်။

လောကီရေးရာ၌လည်း မသိတာမရှိသည့် အနေမျိုးဖြင့် မ တလုံးကျေ "မကာရလောပ" ဆရာတော်အဖြစ် ထင်ရှားသည်။ ထို့ကြောင့် "မကာရ လောပ၊ အံ့ချီးကြသား၊ ဉာဏဝရဇိန်၊ တောက်ထိန်ပြောင်လင်း၊ အခေါင်ချင်း သည့်၊ တောင်တွင်းအကျော်၊ ခင်ကြီးပျော်" ဟု စပ်ဆိုချီးကျူးကြကုန်၏။ ဆရာ တော်သည် ပဋ္ဌာန်းအရကောက်, ဉာဏ်ကောက် အစရှိသော ကျမ်းပေါင်း ၃၇-ကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ဝါတော် ၁၉၊ သက်တော် ၃၉-နှစ်

၁။ အကျယ် အင်းဝသာသနာဝင်ကျမ်းနှင့် စစ်ကိုင်းသာသနာဝင်ကျမ်းတို့ ကြည့်။

တွင်ပျံလွန်တော်မူသည်၊ ထောင်တွင်းအကျော်ခင်ကြီးပျော်ကား ရင်သပ်ရှုမော အံ့ဩလောက်သည့် ထိပ်တန်း တိပိဋကကျမ်းဂန်တတ်၊ လောကီကျမ်းဂန်တတ် ပညာရှင်ပေတည်း။

ခင်ကြီးပျော် တပေါမနော ဟိ၊ ပသိဒ္ဓေါ မြန်မာ့ဘူတာလေ။
မကာရဗောဓိဝါဒေန၊ အစ္ဆေရော လောမဟံသိရော။

## တိပိဋကကျမ်းဟတ်အကျော် ထေရ်သုံးဖော်

"စာတတ်ငါးခုန်၊ စာကုန်မန်ကျည်းတော၊ စာပြောသဲအင်း" ဟူသည်နှင့်အညီ သက္ကရာဇ် ၁၁၃၂-၁၂၀၂ "အာဒိစ္စဝံသာဘိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကာရိကာနိဿယသစ်၊ ခုဒ္ဒသိက္ခာဒီပနီဂဏ္ဌိပါဌ်၊ စနိဿယပိဋကအဋ္ဌကထာနိဿယ၊ သက္ကန်ပါတ်ဇာတ်အဋ္ဌကထာနိဿယ၊ ဗုဒ္ဓဝံသအဋ္ဌကထာနိဿယ စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ပဲ့မငါးခုန်ဆရာတော်ဘုရားကြီး အရှင် အာဒိစ္စဝံသသည် ပိဋကကျမ်းဂန်တတ်လှသဖြင့် "စာတတ်ငါးခုန်" ဟု ကျော်စောသည်။ သက္ကရာဇ် ၁၁၃၇-၁၂၀၉ မန်ကျည်းတောဆရာတော် အရှင်သာသနဓဇသည် ပါဠိတော်ကို အဋ္ဌကထာတွဲဖက်၍ အငိုပွါယ်မပြောပဲ မြန်မြန် ချဖို့သဖြင့် ကျမ်းစာ ကုန်လွယ်သည်။ သို့ဖြစ်၍ "စာကုန်မန်ကျည်းတော" ဟု ဆိုရိုးဖြစ်လာသည်။ သက္ကရာဇ် ၁၁၂၅-၁၂၁၅ "သူရိယဝံသာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပဋ္ဌာန်းသုံးချက်စု၊ ပဋ္ဌာန်းဖွင့်ပြုံ၊ ပဋ္ဌာန်းရာသီစု၊ ယမိုက်အရကောက်၊ ပဋ္ဌာန်း အရကောက်၊ ဝိထိလက်ရိုးကျမ်း၊ ဉာသ်ကောက်ကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယသည် ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ်ဆပ်၊ ပုဒ်ဟောစပ် စသည်တို့ကို တပည့်တော်များလည်အောင် အပြောကောင်းလှသဖြင့် "စာပြောသဲအင်း" ဟူ၍ သာသနာတော်ဘာလျှောက် ကျော်စောသံ လျှံပေါက်ခဲ့လေသည်။ ဖော်ပြပါ ငါးခုန်ဆရာတော် အရှင်အာဒိစ္စဝံသထေရ်၊ မန်ကျည်းတောဆရာတော် အရှင်သာသနဓဇထေရ်၊ သဲအင်းဆရာတော် အရှင်သူရိယထေရ်တို့ကား တိပိဋကကျမ်းတတ်အကျော် ထေရ်သုံးဖော်တို့ ဖြစ်ကုန်၏။

## တိပိဋကကျမ်းတတ် ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒထေရ်

သဒ္ဒတ္ထဘေဒစိန္တာနိဿယ၊ ကစ္စာယနသာရနိဿယ စသည်ရှိသော ကျမ်းပေါင်း ၃၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒထေရ်သည် အလွန်လျှင် ဉာဏ်သက်မြက်၏။ သက္ကရာဇ် ၁၁၀၀ ပြည့်နှစ်တွင် ဖွားမြင်သတည်း။ ဆရာတော်၏ ရွှမ်းရည်သည် ကုန်းဘောင်ခေတ်ရှေ့ပိုင်း

စဉ့်ကူးမင်းလက်ထက်, ဘိုးတော်လက်ထက်တွင် အလွန်လျှင် ထင်ရှားသည်။ ထို ခေတ်က ပါဠိ, အဋ္ဌကထာ, ဋီကာနှင့်စပ်၍ မပြောဆိုလျှင် ဆရာတော်သည် ကရားရေလွတ် တတွတ်ဘွတ် ပါဠိကိုရွတ်၍ မိုးချုန်းသလို ပြောလေ့ရှိရာ အခြား ပုဂ္ဂိုလ် ကြားဝင်ရန်ပင် မလွယ်ကူချေ။ သို့ဖြစ်၍ ပိဋကတ် ၃-ပုံဆောင်ပုဂ္ဂိုလ်နှင့် မခြားတမူ အလားတူဟတ်မြောက်သဖြင့် မင်းကောင်က "တိပိဋကာလင်္ကာရ- သိရီဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်ကို ဗားကရာဆရာတော်အား လေးမြတ် ကြည်ဖြူ ဆက်ကပ်ပူဇော်လေသည်[၁]။

## ဝိနယာလင်္ကာရဋီကာကို နှုတ်ငုံဆောင် အရှင်ဂုဏထေရ်

ဝိနယာလင်္ကာရဋီကာကြီးမှာ ဝိနိစ္ဆယကထာပေါင်း ၃၄-ရှိ၏။ ဧဋ္ဌသံဂါ- ယနာ စာတော်မူ ၄၆၈-မျက်နှာရှိသည်၊ သိဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၇၀၀-ကျော်ခန့်တွင် ပေါ်ထွန်းသည့် ပညာရှင် အရှင်သာရိပုတ္တရာ သံဃရာဇာ ထေရ် ပြုစီရင်သည့် ကျမ်းဂန်ကြီးဖြစ်သည်။ ကုန်းဘောင်ခေတ်(အမရပူရခေတ်) တွင် ထင်ရှားသော အရှင်ဂုဏသည် ဝိနည်းအဆုံးအဖြတ်တို့၌ အလွန်အမင်း နိုင်နင်းလိုသဖြင့် ဝိနယာလင်္ကာရဋီကာကြီးကို နှုတ်ငုံဆောင်တော်မူခြင်း ဖြစ်သည်ဟု သိရ၏။ ယင်းမထေရ်ကား "ဂုဏမုနိန္ဒာဓိပတိပဝရသာမိမဟာဓမ္မ- ရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ မန်လည်သာသနာပိုင်ဟု ထင်ရှားသော မြင်းခြံ ခရိုင် တောင်သာမြို့နယ် သစိုးမန်လည်ရွာဇာတိ ဖြစ်တော်မူသည့် အရှင်ဂုဏ ဖြစ်သည်[၁]။

ဤသို့စသည်ဖြင့် ပရမတ္ထဗိန္ဒုနိဿယ, ဆန်းနိဿယ စသော ကျမ်းပေါင်း များစွာတို့ကို ပြုစီရင်သော နွားပြင်း အရှင်မုနိန္ဒထေရ်, မူလဋီကာနိဿယ, ဇိနာလင်္ကာရဋီကာနိဿယ အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော် မူသော "ပညာသီဟာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် တော်ရ အရှင်ပညာသီဟထေရ်, ဝိနည်းအဋ္ဌကထာကျော်, နျာသနိဿယ, ပရမတ္ထ ဝိနိစ္ဆယနိဿယ, ဓာတုဗုဒ္ဓဋီကာနိဿယ စသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူသော "ဉာဏာလင်္ကာရာဘိသဒ္ဓမ္မဓဇမဟာရာဇဂုရု" ဘွဲ့တံဆိပ် တော်ရ အရှင်ဉာဏသဒ္ဓမ္မထေရ်, ပါဌေယျ ပါဠိတော်နိဿယ စသည်တို့ကို ပြုစီရင်ခဲ့သော "ပရမသိရီမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကတိုးဆရာတော် အရှင်ပညာထေရ်, အဘိဓမ္မာဝတာရအဋ္ဌကထာနိဿယသစ်, ရာဇိန္ဒရာဇ ဥဿဘပနိ ကျမ်း စသည်တို့ကို ပြုစီရင်တော်မူသော ဥဘယပေါဝိတင်းပြန် "မုနိန္ဒာဘိဝံသ- ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပထမသာသနာပိုင် ဆရာတော် အရှင်ပညာသီဟ (မုနိန္ဒ)ထေရ်, ဉာဏဓမ္မဒီပအနန္တဓဇမဟာဓမ္မ-

---

၁။ အကျယ် အမရပူရသာသနာဝင် ကြည့်။

ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ မင်းရွာဆရာတော် အရှင်ဇာဂရထေရ်, ဂုဏာဘိအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု” စသည့် ဘွဲ့တံဆိပ်တော် ၄-ထပ်ရ သာသနာပိုင် မင်းအိုဆရာတော် အရှင်ဂုဏာသိရိထေရ်, “ဂုဏမုနိန္ဒာလင်္ကာရ-သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ ရွှေတောင်ဆရာတော် အရှင်ဂုဏထေရ်, “ကဝိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ကဝိန္ဒထေရ်, “ဇမ္ဗုဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ဇမ္ဗုဒီပဓဇထေရ်, ပိဋကပါဠိတော်နိဿယကျမ်းပြု အရှင်သာရဓမ္မထေရ်, ဓမ္မသင်္ဂဏီပါဠိတော်နိဿယ ကျမ်းပြု ထနောင်းဝန်း ဆရာတော် အရှင်အဂ္ဂဓမ္မထေရ်, “ပညာသာမိကဝိသာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ပညာသာမိထေရ် စသည့် မထေရ်မြတ်တို့သည် အမရပူရခေတ်တွင် ထင်ရှားသည့် တိပိဋကကျမ်းဂန်တတ်တို့ ဖြစ်ကုန်၏[၁]။

## ပိဋက ၃-ပုံ အကုန်အစင်တတ်မြောက်သည့် ဆရာတော် ဦးဗုဒ်

“ဗုဒ်စ ဗုဒ်လယ် ဗုဒ်ဆုံး”ဟူ၍ ဆိုရိုးစကားရှိသည်။ “ဗုဒ်စ”ဟူရာ၌ ဘုရားရှင်သည် ဓမ္မစက္ကပ္ပဝတ္တနသုတ်ဒေသနာ ဂ-သောင်း ၄-ထောင်ကို စတင်ဟောကြားတော်မူသည့် အတုမဲ့ပညာရှင် အစဆုံးဘုရားဟု ဆိုလို၏။ သာသနာသက္ကရာဇ် ၉၅၀-ခန့်တွင် ပေါ်ထွန်းသည့် အဋ္ဌကထာကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသသည် ပညာရှိအလယ် စာပေပိဋကကျမ်းဂန်တတ် အလယ်ဟူ၏။ သက္ကရာဇ် ၁၁၄၉-ခုဖွား ညောင်ကန်ဆရာတော် ဦးဗုဒ်ကိုကား ပိဋက ၃-ပုံ ကျမ်းဂန်တတ် နောက်ဆုံးဟု ဆိုကြသည်။

အမရပူရမြို့တော် အရှေ့မြောက်ယွန်း မင်္ဂလာဘုံကျောင်း ညောင်ကန်တိုက် (ယခု မန္တလေးမြို့ တောင်ပြင် ရှမ်းစုဘူတာအရှေ့ဘက် ညောင်ကန်တိုက်)၌ သီတင်းသုံးတော်မူစဉ် မင်းကြေးချက်က သဲအင်းသာသနာပိုင်ဆရာတော်အား ဆရာတော်ဦးဗုဒ်ကျော်စောလှသည် ပိဋက ၃-ပုံ တတ်မြောက်ပါ၏လော ဟု လျှောက်သဖြင့် သဲအင်းသာသနာပိုင်ဆရာတော်ကြီးသည် ဆရာတော် ဦးဗုဒ်ကို ပင့်ခေါ်စေ၍ ပိဋက ၃-သွယ် နိကာယ် ၅-ရပ်၌ နက်နဲဆန်းကြယ်သော ပုစ္ဆာ အရပ်ရပ်ကို မေးမြန်းလေရာ ရွှေတောင်မြင်းမိုရ် ဖြိုချခွဲပစ်သလို တောက်တပို ချက်ချင်း မေးတိုင်း မေးတိုင်း ဝိနည်းပိဋကအရာ, သုတ္တန်ပိဋကအရာ, အဘိဓမ္မာ-ပိဋကအရာတို့၌ ဖြေဆိုတော်မူနိုင်သည်။

ထိုအခါ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးက ဦးဗုဒ်ကိုယ်တော်ကား အကျော်နှင့်အကျော် အကျော်ကနည်းသေးသည်ဟု မိန့်ကြားတော်မူသည်။ ဆရာတော်ဦးဗုဒ်သည်—

---

၁။ အမရပူရ သာသနာဝင်ကျမ်းကြည့်။

သမ္ဗန္ဓစိန္တာစာကိုယ်နိဿယ၊ နယမုခဒီပနီပါဠ်နိဿယ၊ ပရိတ်ကြီးနိဿယ၊ နိရုတ္တိဘေဒသင်္ဂဟပါဠ်နိဿယ၊ ဗြဟ္မဇာလသုတ်နိဿယ၊ ပစ္စယတ္ထပကာသနီပါဠ်နိဿယ၊ ရူပဘေဒပကာသနီပါဠ်နိဿယ၊ သစ္စသံခေပအဋ္ဌကထာနိဿယ၊ သဒ္ဒနီတိပဒမာလာနိဿယ၊ သဒ္ဒနီတိဓာတုမာလာနိဿယ၊ သဒ္ဒနီတိသုတ္တမာလာနိဿယ၊ ရူပသိဒ္ဓိနိဿယ၊ ရူပသိဒ္ဓိဋီကာနိဿယ စသည့် ကျမ်းပေါင်း ၅၀-ကျော်တို့ကိုလည်း ပြုစီရင်တော်မူသည်။ "စက္ကိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု နှင့် စက္ကိန္ဒာဘိသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူသည်။ သက်တော် ၅၅-နှစ် ဝါတော် ၃၅-ဝါအရောက်တွင် ပျံလွန်တော်မူသည်[၁]။

## ဥဘတောဝိဘင်းပြန် မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသထေရ်

သာရဝိလာသိနီအမည်ရှိသော သီလက္ခန်ဋီကာသစ်, ပေဋကာလင်္ကာရဋီကာ အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်ခဲ့သော "ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသထေရ်သည် ပိဋက ၃-သွယ် နိကာယ် ၅-ရပ်ကို ပတ်ပတ်မွှေနှောက် ပါရဂူပေါက် ကျမ်းကျင်တတ်မြောက်တော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ ငယ်စဉ်ကပင် ဥဘတောဝိဘင်းဆောင် ဖြစ်၏။

ဉာဏာဘိဝံသဓမ္မသေ-နာပတီတိ သုဝိဿုတော။
ဒွေဝိဘင်္ဂဒိတရကော၊ ဥပဇ္ဈာစရိယတံ ပတ္တော[၂]။

## တိပိဋက ကျမ်းဂန်တတ် အရှင်မေဓာထေရ်

အရှင်မေဓာဟူ၍ရင်း၊ အရှင်မေဓာဝီဟူ၍ရင်း၊ အရှင်မေဓိယဇေဟူ၍ရင်း ထင်ရှားသော "မေဓာလင်္ကာရပရမသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် "မေဓာဘိဝံသသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သမ္ဗန္ဓစိန္တာနိဿယ, သဒ္ဒတ္ထဘေဒစိန္တာနိဿယ, ကစ္စာယနသာရနိဿယ, ကစ္စာယနသာရသရူပတ္ထဒီပနီ၊ ငါးရာ့ငါးဆယ်ဇာတ်ပါဠိတော်နိဿယ၊ ဋီကာကျော်နိဿယသစ်၊ ဓာတုမာလာလက်သန်းကျမ်းပါဠ်နိဿယ၊ ဝိသုဒ္ဓိမဂ်နိဿယသစ်, ခန္ဓဝိဘာဝိနီဋီကာပါဠ်, ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ၊ သဠာယတနဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ, မဟာဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ, အဋ္ဌသာလိနီအဋ္ဌကထာနိဿယ စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ပြည်ဆရာတော်

---

၁။ အကျယ် မန္တလေး သာသနာဝင်ကျမ်း၊ ညောင်ကန်သာ ... ကြည့်။

၂။ သီဠိုသစ်၊ ၂။ ၄၃၇။

ဘုရားကြီး (၁၁၅၀-၁၂၂၅)သည် အမရပူရခေတ်, မန္တလေးခေတ်ဦးပိုင်းတို့တွင် ပေါ်ထွန်းသည့် တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်မြတ်ဖြစ်သည်[၁]။

## တိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု ဘုရားကြီးဆရာတော် အရှင်ဇာဂရထေရ်

ပါစိတျာဒိယောဇနာပါဠ်, ဒီပဝံသဋီကာပါဠ်, ဂန္ဓာဘရဏဋီကာပါဠ် စသည့် ကျမ်းပေါင်း ၂၀-ခန့်တို့ကို ပြုစီရင်တော်မူခဲ့သော ပဌမသံဂါယနာ သံဃမဟာနာယက မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် အရှင်ဇာဂရာဘိဝံသထေရ်သည်လည်း ပိဋက ၃-သွယ် နိကာယ် ၅-ရပ်၌ ပတ်ပတ်နှောက်မွေ ကြေညက်တတ်မြောက်လှပေသည်၊ သို့ဖြစ်၍ ပဌမသံဂါယနာတင် မင်းတုန်းမင်း တရားကြီးသည် ဆရာတော်အရှင်ဇာဂရထေရ်အား "ဇာဂရာဘိဝံသတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကို လေးမြတ်ကြည်ဖြူ ဆက်ကပ်လှူဒါန်းလေသည်။ ဘုရားကြီးဆရာတော်ကား ကျက်ဉာဏ်အရာမှာ ဆရာတော်ဦးဖုတ်အောက် မကျ, သမာဓိသာ ဆရာတော် ဦးဖုတ်ကို မမှီသည်ဟု ဆရာစဉ်ဆက် ဆိုရိုးရှိသည်[၂]။

## တိပိဋကကျမ်းဂန်တတ် အရှင်ပညာသာမိထေရ်

"ပညာသာမိ သိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်း, အဘိဓာန်ဋီကာနိဿယ, အက္ခရဝိသောဓနီကျမ်း, သဒ္ဒနီတိ ဋီကာကျမ်း, သာသနဝံသပ္ပဒီပိကာပါဠ်, ဇာတ်ဋီကာသစ်ကျမ်း စသည့်ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော မောင်းထောင်ဆရာတော် (၁၁၇၇-၁၂၃၀) အရှင်ပညာသာမိသည် အမရပူရခေတ်နှင့် ရတနာပုံခေတ်ရှေ့ပိုင်းတွင် ပေါ်ထွန်းခဲ့သည့် တိပိဋကကျမ်းဂန်တတ်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်[၃]။

## တိပိဋကကျမ်းဂန်တတ် အရှင်ဝရသမ္ဘောဓိထေရ်

သက္ကရာဇ် ၁၁၇၅-၁၂၃၇ (၁၂၄၁) ဓမ္မပဒမဟာဋီကာပါဠ်, ပဋိသန္ဓိဝိနိစ္ဆယကျမ်း၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဂဏ္ဌိ၊ ရာဇဝံသတိကျမ်း၊သုတသာရပဏ္ဍာမကျမ်း၊ ယထာဘူတဝိလာသိနီကျမ်း၊ ထေရဂါထာအဋ္ဌကထာ နိဿယစသော ကျမ်းဂန်ပေါင်း ၂၀-ခန့်တို့ကို ပြုစီရင်ခဲ့သော ရေစကြိုမြို့ အောင်မြေသာယာ သူဌေး

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ မန္တလာရာမ သာသနာဝင် ကြည့်။

၂။ မန္တလေးသာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမသာသနာဝင် ကြည့်။

။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ မင်္ဂလာရာမမောင်းထောင်သာသနာဝင် ကြည့်။

တိုက်ဆရာတော်အရှင်ဝရသမ္ဘောဓိထေရ်သည်လည်း ထိပ်တန်းတိပိဋကကျမ်းဂန်တတ်ဖြစ်သည်။ ပချုက္ကူသာသနာ့ဝင်။ ၂၀၄-၆။

## ဝိနည်း ၅-ကျမ်းဆောင် ဝိနယဓရ အရှင်သုတဗုဒ္ဓိထေရ်

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်၌ အလွန်လျှင်ထူးချွန်သော အရှင်သုတဗုဒ္ဓိအမည်ရှိသော သာသနာ့အာဇာနည်တပါး ပေါ်ထွန်းခဲ့ဘူးသည်။ အရှင်သုတဗုဒ္ဓိထေရ်သည် ညောင်ဦးမြို့မ ဆုံကုန်းရပ်၌ ၁၂၀၁-ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့သည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ဆရာတော်လောင်းလျာကား ဝဇီရစိန်အသွင် အလွန်လျင် ဉာဏ်ထက်မြက်သည်၊ ပါရာဇိကဏ် ဂဏ္ဌိသစ်ကိုလည်း ပြုစီရင်တော်မူခဲ့သည်၊ ဝိဘင်္ဂဇ္ဈတ္တဋီကာကိုလည်း ရဟန်း ၅-ဝါအရတွင် စီရင်တော်မူခဲ့သည်။ သက်တော် ၂၂-နှစ် ရဟန်း သိက္ခာ ၂-ဝါအရတွင် ဝိနည်း ၅-ကျမ်းကို ကလားမရှောက် တတွတ်တွတ် အာဂုံရဆောင်မူ၍ ဝိနယဓရ ဖြစ်ခဲ့လေသည်။

ယင်းသို့ဖြစ်ကြောင်း—

ဇာတိယာ ဇာယမာနေန၊ ပဉ္စဝဿေန ဘိက္ခုနာ။
သုတဗုဒ္ဓိတိ နာမေန၊ ဒွိဝဿေန ဝိနယဒ္ဓရာ[၁] —

ဟူသော ဝိဘင်္ဂဇ္ဈတ္တဋီကာဟောင်းလာ ဂါထာဖြင့် သိအပ်၏။

## တေပိဋကဘာဏက အရှင်ဇဝနထေရ်

ပဏ္ဍိတဝေဒနီယဒီပနီကျမ်း, နိရုတ္တိပဒမဉ္ဇူနိပါဌ်, အရိယမဂ္ဂဒီပနီ, ဟိုင်းကြီးသောဥဿာအဆုံးအဖြတ်ကျမ်း, ဝိနိစ္ဆယပကာသနီကျမ်း, အဘိဓမ္မတ္ထသရူပဒီပနီကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော သေက္ခတောင် ဦးဟိမဝန္တာ၏ ဆရာတပါး ဖြစ်တော်မူသော ပန်းချီတိုက် ငုက်ဖျောတောရွာ ကျောင်းထိုင် စာချဆရာတော် အရှင်ဇဝနထေရ်သည် မင်းတုန်းမင်းလက်ထက် ပိဋက ၃-ပုံပြန် တေပိဋကဘာဏကဟု ဆိုသည်။ သို့ရာတွင် ပိဋက ၃-ပုံလုံး ဟုတ်ဟန်မတူပါ၊ ပိဋက တပုံ, တကျမ်း စသည် ဆောင်သူဖြစ်ပါလိမ့်မည်။

ဘဒ္ဒန္တဇဝနော ထေရော၊ ပက္ခိရမ္မဝနေ ဌိတော။
တေပိဋကဘာဏကောတိ၊ ဝိဿုတော ယော မုနိသဘော။

(ပဏ္ဍိတဝေဒနီယဒီပနီကျမ်း နိဂုံး ၃၃-ခုမြောက်ဂါထာ။)

---

၁။ ဝိဘင်္ဂဇ္ဈတ္တဋီကာဟောင်း။ နှာ- ၃၆၅။ သုဓမ္မဝတီမူ။ ၁၉၂၀-ခုရိုက်။

## ဝိနည်း ၅-ကျမ်းပြန် ဝိနယဓရ အရှင်သဒ္ဓမ္မထေရ်

ပဌမသံဂါယနာတွင် မင်းတုန်းမင်းတရားလက်ထက်က ဝိနည်း ၅-ကျမ်းပြန် ပုဂ္ဂိုလ်ကျော် ပေါ်ထွက်ခဲ့ဘူးသည်။ မင်းတုန်းမင်းတရားသည် "ဥဒယျမ္ဗာဘိ-မုနိဝရဉာဏကိတ္တိသီရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" အစရှိသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီးကို ဦးစီးပဓာန မဟာနာယကပြု၍ ပိဋက ၃-ပုံ ပြန်ဆိုပွဲကို ရွှေနန်းတော်ဦး အမှူး မြေနန်းတော် ပြာသာဒ်တော်ကြီးတွင် ကျင်းပရာ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် (ယိုစဉ်က ပခန်းစီရင်စု) သမန္တပါသာဒိကာ ၁၁၇၂-ခုဖွား အရှင်သဒ္ဓမ္မသည် ဝိနည်း ၅-ကျမ်းကို ဖြန်းဖြန်းကွဲပြန်ဆောင် အောင်မြင်တော်မူသဖြင့် ဝိနယဓရ ဘွဲ့ကို ဆွတ်ခူးတော်မူသည်။ ဝိနည်း ၅-ကျမ်းပြန်ဟူ၍ လွန်စွာထင်ရှားခဲ့သည်၊ မင်းတုန်းမင်းတရားကြီးသည် အရှင်သဒ္ဓမ္မအား များစွာကြည်ညိုလေသည်။ သို့ဖြစ်၍ ကျောင်းတိုက်တည် ကိုးကွယ်တော်မူသည်။

ဝိနည်းငါးကျမ်းပြန် အရှင်သဒ္ဓမ္မထေရ်၏ ကျောင်းတိုက်သည်လည်း ငါးကျမ်းတိုက်ဟု ထင်ရှားလေသည်။ ဆရာတော် ပြုစီရင်သည့် ကင်္ခါဝိတရဏီလည်း ငါးကျမ်းကင်္ခါနိဿယဟူ၍ ထင်ရှားသည်၊ ဆရာတော် အရှင်သဒ္ဓမ္မသည် ဝိနည်း ၅-ကျမ်း မပြန်မဆိုမီက ဥဘတောဝိဘင်းကိုလည်း ပြန်ဆိုတော်မူခဲ့သည်။ သို့ဖြစ်၍ "သုဓောဓယျာဘိဓေယ်မဟာဓမ္မရာဇဂုရု၊ သဒ္ဓမ္မပါလ ဝိဘင်္ဂဘာဏက မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်များကိုလည်း အလှူခံယူရရှိတော်မူသည်။ တဖန် "သဒ္ဓမ္မဓဇသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူသည်[၁]။

## အဘိဓမ္မာ ၇-ကျမ်းပြန် အဘိဓမ္မာဘာဏက အရှင်မဥ္ဇူထေရ်

မန္တလေးမြို့ အနောက်ပြင် မင်းတဲအိကင်းရပ်၌ ရတနာမဥ္ဇူဘုရား မြောက်ဘက်၌ ဝတ်လုံကျောင်းတိုက်ကြီးတည်ရှိသည်။ ပဌမသံဂါယနာတွင် မင်းတရားလက်ထက်က အဘိဓမ္မာညဏ် ကျမ်းဂန်တတ်အကျော် ဆရာတော်တို့ သီတင်းသုံး၍ အဘိဓမ္မာညဏ်ကျမ်းစာများကို ပို့ချရာအဖြစ် လွန်စွာကျော်စောသည့် ကျောင်းတိုက်ကြီးဖြစ်လေသည်။

ယင်းကျောင်းတိုက်ကြီး၏ ပဌမဆုံး အာရာမဿာမိကပဓာန ဆရာတော်မှာ "အရိယဝံသာလင်္ကာရဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်အရိယဝံသ မဟာထေရ်မြတ်ဖြစ်သည်။ အရှင်အရိယဝံသဆရာတော်ဘုရားကြီးမှာ သက်တော် ရင့်၍ သွားလာမှုလေးလံသဖြင့် မိုးအုံးကိုမှီ၍ သီတင်းသုံးရသော် ၁၂၂၂-ခုနှစ်ခန့်က တနေ့တွင် နန်းတော်က စာချွန်တော်ရောက်ရှိလာ၏။ ယင်း စာချွန်

---

၁။ မန္တလေး သာသနာဝင်ကျမ်း၊ ငါးကျမ်းတိုက် သာသနာဝင်ကြည့်။

တော်၌ "ဒကာတော်ရေမြွေရှင့် မြေနန်းတော်၌ ပိဋက ၃-ပုံ စာပြန်ပွဲကျင်းပရန် ရှိပါသည်။ ဆရာတော်ဘုရား၏ကျောင်းမှာ အဘိဓမ္မာဂရု ကျော်စောသော ကျောင်းတိုက်ဖြစ်ရာ အဘိဓမ္မာ ၇-ကျမ်းပြန် ပုဂ္ဂိုလ်သွင်းနိုင်ရန် ကြွးပမ်းတော်မူပါရန်" စသည် ပါရှိလေသည်။

သို့ဖြစ်၍ ဆရာတော်အရှင်အရိယဝံသသည် မိမိ၏တပည့်ရင်း ဉာဏ်လည်း ထက်မြက်, ရုပ်ရေရှုပကာယနှင့်လည်းပြည့်စုံ, စိတ်ရင်းသဘောထားလည်းကောင်း ဘက်စုံတော်သည့် ကပိုင်ရွာဇာတိ ၁၁၇၂-ခုနှစ် ကဆုန်လဆုတ် ဂ-ရက်နေ့ဖွား ရဟန်းတော် အရှင်မဥ္ဇူကိုခေါ်၍ အဘိဓမ္မာ ၇-ကျမ်းကို ကျက်မှတ်၍ မင်းတုန်းမင်းတရား၏ ပိဋက ၃-ပုံ စာပြန်ပွဲတွင် ဝင်ရောက်ပြန်ဆိုရန် မိန့်တော်မူလေသည်။

ဆရာသမားစကားကို တသွေမတိမ်း လိုက်နာလေ့ရှိသည့် အရှင်မဥ္ဇူသည် ဓမ္မသင်္ဂဏီကျမ်းမှစ၍ အဘိဓမ္မာ ၇-ကျမ်းကို လွန်ကဲသောဆန္ဒ, ဝီရိယ, သတိ, သမာဓိ, ပညာတို့ဖြင့် ကျက်မှတ်လေသည်။ ကျက်ပြီးသမျှကို မမေ့မပျောက်လေအောင် ညဦးနက်သန်းခေါင် တဖောင်ဖောင်ပြန်လေသည်၊ ၇-လ, ဂ-လခန့် အကြာတွင် အဘိဓမ္မာ ၇-ကျမ်းကို အရှင်မဥ္ဇူ နှုတ်တက်ရွရွ အာဂုံရလေပြီ။ ရွှေနန်းတော်ဦး မြေနန်းပြာသာဒ်တော်ကြီး၌ "ဧဝံယျမ္မာဘိမုနိဝရဉာဏ-ကိတ္တိသိရိဇေဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သံဃာ့ဦးကိုင် သာသာပိုင်ဆရာတော်ဘုရားကြီး ဦးဆောင်၍ ပိဋက ၃ ပုံ စာတော်ပြန်ပွဲကြီး ကျင်းပလေပြီ၊ မင်းညီမင်းသား မှူးကြီးမတ်ရာ သေနာပတိမှ စ၍ မိဖုရားများ, မောင်းမမိဿံများတို့ လေးမြတ်ကြည်ဖြူ နာယူကြည်ညိုကြကုန်၏။

အရှင်မဥ္ဇူသည် ဖော်ပြပါ ပိဋက ၃-ပုံ စာတော်ပြန်ပွဲကြီးတွင် ဝင်ရောက်၍ အဘိဓမ္မာပိဋကအခက်အခဲကို ထော်လည်းသကဲ့သို့ ရဲရဲရင့်ရင့် ပြန်ဆိုလေပြီ။ အထောက်အမ လုံးဝမရှိ ပကတိသန့်ရှင်းစွာ ပြန်ဆိုအောင်မြင်လေသည်၊ မင်းစိုးနေဇာပရိသတ်တို့ ရင်သပ်ရှုမော အံ့ဩကြရကုန်၏။ ယင်းသို့ မင်းတရားသည် အရှင်မဥ္ဇူ အဘိဓမ္မာ ၇ ကျမ်းကိုပြန်ဆိုအောင်မြင်တော်မူသဖြင့် နန်းတော်မှ မြင်းသည်တော် စေလွှတ်၍ ဆရာတော်ဘုရားကြီး အရှင်အရိယဝံသအား အကြောင်းကြားစေတော်မူသည်။ အရှင်အရိယဝံသ ဆရာတော်ကြီးသည် သတင်းကြားလျှင် ဝမ်းမြောက်တော်မူလှသဖြင့် တပည့်များနှင့်တွဲ၍ မိုအုံးနေရာမှ လာတော်မူပြီး ထုတ်သုမ်းကျောင်းတိုက်ကြီး အဝင်ဝမှ အဘိဓမ္မာ ၇-ကျမ်းပြန် တပည့်၏အပြန်ကို စောင့်မျှော်ကြိုဆို ဂုဏ်ပြုတော်မူသည်။ အရှင်မဥ္ဇူ ထေရ်သည် အဘိဓမ္မာ ၇-ကျမ်း အာဂုံပြန်ပုဂ္ဂိုလ်ကျော်အဖြစ် ထင်ရှားခဲ့လေသတည်း။ မင်းတရားကြီးက "မဥ္ဇူသာရာဘိကဝိဓဇမဟာဓမ္မရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းလေသည်။

သားတော် ရတနာမာရ်အောင်စေတီတော် ဒါယကာ သီပေါမင်းတရား လက်ထက်တွင်လည်း မင်းတရားက "မဥ္ဇူသာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို လေးမြတ်ကြည်ဖြူ ဆက်ကပ်လှူဒါန်း အပူဇော် ခံတော်မူရလေသည်[၁]။

## တိပိဋကကျမ်းဂန်တတ် အရှင်အရိယာလင်္ကာရထေရ်

သက္ကရာဇ် ၁၀၂၀-ပတ်ဝန်းကျင်တွင် ပေါ်ထွန်းသည့် ဒီဃနိကာယ်ပါဠိတော် နိဿယ, ဒီဃနိကာယ်အဋ္ဌကထာနိဿယ စသည့် ကျမ်းဂန်ပေါင်း ၂၀-နီးပါး ခန့်ကို ပြုစီရင်တော်မူခဲ့သည့် နေရင်း မဏိရတနာဆရာတော် အရှင်အရိယာ-လင်္ကာရသည်လည်း အလွန်ကျမ်းဂန်တတ်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ စာချ လည်း အလွန်ကောင်းသည်၊ စာရေးလည်း အလွန်မြန်သည်၊ ကျမ်းပြုသော အခါ ပုရပိုက်တွင် ဦးစွာ မရေးမကြင်ရပဲ ပေဒ်သာ ကညစ်ဖြင့် တောက်လျှောက် ရေးနိုင်သည့် ထိပ်တန်း တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော်ပါတည်း။ ပဋ္ဌက္ကူ သာသနာဝင်။၁၆၇-၁။

## ပဋ္ဌာန်းအာဂုံပြန် အရှင်အရိယဝံသ[၂]

မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်ကြီး၏ တတိယမြောက် နာယက ဆရာတော် အရှင်အရိယဝံသသည် ပဥ္စင်းပျိုဘဝက ဖော်ပြပါ ပိဋက ၃-ပုံ စာပြန်ပွဲတွင်ပဋ္ဌာန်းပါဠိတော်ကြီးကို ပြန်ဆိုအောင်မြင်တော်မူသဖြင့် "ပဋ္ဌာန်း အာဂုံပြန် ဆင်စွယ်တံဆိပ်တော်" ကို အလှူခံရရှိတော်မူခဲ့လေသည်[၃]။

## ကထာဝတ္ထုကျမ်းပြန် အရှင်ဉာဏထေရ်

ကထာဝတ္ထုကျမ်းကြီးသည် ခက်ခဲ၏၊ နက်နဲ၏၊ မိစ္ဆာဝါဒီ ၁၈-ဂိုဏ်းတို့၏ အယူအဆ ဆိုးညစ်ပါပ ဓာလဝါဒကို ဖြုတ်ချပယ်ခွင်း ဖြေရှင်းရာ ကျမ်းကြီး ဖြစ်၏၊ ဆဋ္ဌသံဂါယနာစာအုပ်မှ စာမျက်နှာ ၄၅၄-ရှိ၏။ သာသနာသက္ကရာဇ် ၂၄၁၅-ခုနှစ် ပဉ္စမသံဂါယနာပွဲ အတွင်း အရှင်ဉာဏသည် ဖော်ပြပါ ကထာ ဝတ္ထု ပါဠိတော်ကြီးကို များစွာသော သံဃာ့ပရိသတ်အလယ်တွင် ကြောက်ရွံ့ ခြင်းကင်း နှုတ်ရှင်းရှင်းဖြင့် ရဲတင်းစွာပြန်ဆိုတော်မူခဲ့လေသည်။အရှင်ဉာဏကား အခြားပုဂ္ဂိုလ် မဟုတ်၊ ကျမ်းပေါင်း ၁၈၀-ကျော်ကို ပြုစီရင်တော်မူခဲ့သည့် အဂ္ဂမဟာပဏ္ဍိတနှင့် ဒီလစ် ဘွဲ့တံဆိပ်တော်ရ လယ်တီဆရာတော်ဘုရားကြီး

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း တုတ်လှမ်းသာသနာဝင်ကြည့်။

၂။ အရှင်အရိယာလင်္ကာရ ပုကွဲ။

၃။ မန္တလေးသာသနာဝင်ကျမ်း အရှေ့ပြင် ခင်မကန်သာသနာဝင်ကြည့်။

ဖြစ်တော်မူသည်။ အရှင်ဉာဏထေရ်သည် ဘာကယ်ပြန်ဆိုမည်ဆိုလျှင် ပိဋက ၃-သွယ် နိကာယ် ၅-ရပ်လုံး နှုတ်ငုံပြန်ဆိုနိုင်မည့် ပုဂ္ဂိုလ်ဖြစ်လေသည်။ ဆရာတော် ပြုစုသည့် ကျမ်းပေါင်း ၁၀၀-ကျော်အနက် နိရုတ္တိဒီပနီကျမ်းနှင့် ပရမတ္ထဒီပနီ (ဋီကာမော်) ကျမ်းကြီးတို့မှာ သီဟိုဠ်ကျွန်းမှ တိပိဋကပါရဂူမိ ထိပ်တန်းပညာရှင်တို့၏ ဋီကာကျမ်းကြီးများ၏ စသည့်အောက် မကျသည့် ဂန္ထဝင်မြောက်ကျမ်းကြီး ဖြစ်သည်။ ဆရာတော်ကိုယ်တိုင်လည်း ယင်းကျမ်းကြီး ၂-ကျမ်းကို အလွန်အားရတော်မူလှသဖြင့်—

ယထာ လောကမှိ ဇောတန္တိ၊ ဥဘော စန္ဒိမသူရိယာ။
တထေဝ ပါဠိယတ္ထေသု၊ အယံ နိရုတ္တိဒီပနီ။

ပရမတ္ထေသု ယာ သုဘာ၊ ဋီကာ ပရမတ္ထဒီပနီ။
ဥဘော လောကမှိ ဇောတန္တု၊ သာဒ္ဓမ္မော ယာဝ တိဋ္ဌတိ[၁]—

ဟူသော ၂-ဂါထာဖြင့် ယင်းကျမ်းကြီး ၂-ကျမ်းကို ကောင်းကင်ယံဆီက လ, နေ-တို့ တရယည် သာသနာ တည်တွန်းပါစေဟု ရှင်ရှင်မြူးမြူး ကျူးရင့် တောင့်တတော်မူခဲ့လေသည်။

## တိပိဋကကျမ်းဂန်တတ် အရှင်သာရဒဿီထေရ်

သက္ကရာဇ် ၁၀၆၅–၁၁၂၉ ဂူဠတ္ထဝဏ္ဏနာဋီကာပါဌ်, စရိယာပိဋကအဋ္ဌကထာ နိဿယ, နေတ္တိပါဠိတော်နိဿယ-စသည့် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော နေရင်းပုဗ္ဗာရုံ ဆရာတော် အရှင်သာရဒဿီသည်လည်း ဉာဏ်ပညာကြီးကျယ်နက်နဲသည့် တိပိဋကကျမ်းဂန်တတ် ပုဂ္ဂိုလ်ဖြစ်သည်။ အကျယ် ပခုက္ကူသာသနာဝင်။ ၁၆၉-၁၇၁-ကြည့်။

## ဥဘတောဝိဘင်းပြန် အရှင်ပညာရံသီထေရ်

မန္တလေးမြို့ တောင်ပြင်မြင်းဝန်တိုက်မှ စာချသဆရာတော် အရှင်ပညာရံသီထေရ်သည်လည်း ဥဘတောဝိဘင်းပြန် ပုဂ္ဂိုလ်ဖြစ်သည်၊ အရှင်ပညာရံသီထေရ်သည် ဥဘတောဝိဘင်းပြန် စာချကောင်းဆရာတော်အဖြစ် သာသနာ့သမိုင်း တွင်ရစ်သည့် ပုဂ္ဂိုလ်ထူးပေတည်း[၂]။

## ဝိဘင်းပါဠိတော်နှင့် ပဋ္ဌာန်းအာဂုံပြန် အရှင်ဝိသုဒ္ဓထေရ်

သက္ကရာဇ် ၁၂၀၆-၁၂၉၉ တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင် ဝိသုဒ္ဓထေရ်သည် ရဟန်းသိက္ခာ ဂ-ဝါအရ သက်တော် ငယ်စဉ်က ပဋ္ဌမသံဂါ

---

၁။ နိရုတ္တိဒီပနီ။၅၆၄။ ၂။ မန္တလေးသာသနာဝင်ကျမ်း မြင်းဝန်တိုက် သာသနာဝင်ကြည့်။

ယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက် မြေနန်းတော်တွင် ကျင်းပပြုလုပ်သော စာပြန်ပွဲသဘင်၌ အဘိဓမ္မာ ဝိဘင်းပါဠိတော်နှင့် ပဋ္ဌာန်းပါဠိတော်တို့ကို ပြန်ဆိုအောင်မြင်တော်မူသဖြင့် ဆင်စွယ်တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့သည်[၁]။

## ပိဋကတ် ၃-ပုံဆောင် ပေါ်ပေါက်သည်ကိုမတွေ့ရ

ပဋ္ဌမသံဂါယနာတင် မင်းတရားကြီးသည် ပိဋက ၃-ပုံဆောင် ပေါ်ပေါက်မှန် အလွန် ဆန္ဒရှိ၏။ သို့ရာတွင် ပိဋက ၃-ပုံဆောင် မပေါ်ပေါက်ပဲ တပုံဆောင်၊ တကျမ်းဆောင်၊ ၂-ကျမ်းဆောင် စသည်တို့ကိုသာ ဖော်ပြခဲ့သည့်အတိုင်း ပေါ်ထွန်းခဲ့ကြောင်း သိရသည်၊ သို့ဖြစ်၍ မင်းတုန်း ရေမြေရှင်သည် သက္ကရာဇ် ၁၂၃၅-ခုနှစ်တွင် တံဆိပ်တော်ရ-မရ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်သံဃာတော်တို့ကို နန်းတော်သို့ ပင့်ဖိတ် ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်းပြီး "ဆရာတော်တို့ ပိဋကတ် ၃-ပုံလုံးကို ပြန်ဆိုနိုင်သည့် ရှင်ရဟန်းတို့ကို ရအောင် ပေါ်ပေါက်အောင် အားထုတ်တော်မူကြပါ၊ ဒကာတော် ရေမြေရှင် ပိဋက ၃-ပုံဆောင် ပုဂ္ဂိုလ်ကို ပေါ်ထွန်းစေလိုလှပါသည်" စသည်ဖြင့် လျှောက်ထားကြောင်း မှတ်တမ်းများအရ သိရသည်[၂]။

## သီပေါမင်းလက်ထက် ပိဋက ၃-ပုံ စာပြန်ပွဲ ဆက်လက်ကျင်းပ

ပဋ္ဌမ သံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ အိမ်ရှေ့စံ သားတော် သီပေါမင်းသားသည် သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက်နေ့တွင် ခမည်းတော်မင်းတရားကြီး နတ်ရွာစံသဖြင့် ထိုနေ့၌ပင် ထီးနန်းကို သိမ်းပိုက်တော်မူသည်၊ ၁၂၄၁-ခုနှစ် နယုန်လတွင် သီပေါမင်းတရားသည် သီရိပဝရ-သနာ အဘိသိက်ခံတော်မူ၍ ထီးဆောင်းမင်္ဂလာ ဥကင်သ ဖွင့်တော်မူပြီးလျှင် "သီရိပဝရာဒိတျ တိလောကာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ" ဘွဲ့တံဆိပ်နာမံတော်ကို ခံယူတော်မူသည်။ ဖော်ပြပါ မင်းတရား လက်ထက်တွင်လည်း မြေနန်းတော်၌ ပိဋက ၃-ပုံ စာပြန်ပွဲကို ဆက်လက် ကျင်းပတော်မူသည်။

## ဝိနည်း ၅-ကျမ်းဆောင် ဝိနယဓရ အရှင်ကလျာဏထေရ်

မန္တလေးမြို့ အနောက်ပြင် ခမဿတိ တောင်သမန်ကျောင်းတိုက်ကြီး၏ တတိယမြောက် ဆရာတော် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ အရှင်ကလျာဏထေရ်သည် ၁၂၃၆-ခုနှစ်က နန်းတော်အတွင်း မဟာသီဟာသန

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ တောင်ခွင် သာသနာဝင်ကြည့်။

၂။ မန္တလေးသာသနာဝင်ကျမ်းကြီးများ ကြည့်။

ပလ္လင်တော်ကြီး၏ အနီးကပ်လျက် အရှေ့မျက်နှာအရပ် အိမ်ရှေ့နန်းလျာ မဟာဥပရာဇ် စသော မင်းသားများနှင့် မင်းအမတ်အပေါင်းတို့၏ ပူဇော်ကန်တော့မှုကို ခံယူရာ ရွှေချကွန်းစဉ်တိုင် ယွန်းဆက်ဘုံဆောင် စုလစ်မွန်းချွန်တို့ဖြင့် သာယာလှပ ကျက်သရေရှိလှပေသော မြေနန်းအပြင် ရာဇင်္ဂဏ၌ပြုလုပ်ကျင်းပအပ်သော ပိဋက ၃-ပုံ စာပြန်ပွဲကြီးတွင် ပါရာဇိကပါဠိ, ပါစိတ္တိယပါဠိ, မဟာဝဂ္ဂပါဠိ, စူဠဝဂ္ဂပါဠိ, ပရိဝါရပါဠိ ဟူသော ဝိနည်း ၅ ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော် မူခဲ့လေသည်[၁]။

## သာသနာရေးဌာန,သာသနာရေးဦးစီးဌာနက ထုတ်ဝေနိုင်ခဲ့

ယင်းသို့ မြန်မာနိုင်ငံတွင် မင်းအဆက်ဆက် မဖော်ထုတ်နိုင်ခဲ့သော တိပိဋက-ဓရ ရဟန်းတော်များကို မြန်မာအစိုးရ, ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရတို့သည် ထုတ်ဖော်နိုင်ခဲ့လေပြီဟူ၏။ ၁၃၁၀ ခုနှစ်မှစ၍ ပိဋက ၃-ပုံဆောင် ပုဂ္ဂိုလ်ကျော် ရွေးချယ်ပွဲကြီးကို နှစ်စဉ် ငွေ သိန်း, သောင်း အကုန်အကျခံ၍ ကျင်းပပြုလုပ်ခဲ့ရာ ၁၃၁၅-ခုနှစ်တွင် ပိဋက ၃-ပုံဆောင်အဖြစ် အရှင်ဝိစိတ္တသာရာဘိဝံသထေရ် ဦးစွာပဌမ မြန်မာနိုင်ငံကို သိမ့်သိမ့်တုန်စေလျက် ပေါ်ထွန်းခဲ့သည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသနောက်တွင်လည်း ကြိုးကြားကြိုးကြား ပိဋက ၃-ပုံဆောင်, ၂-ပုံဆောင်, ၁-ပုံဆောင်တို့ ပေါ်ထွန်းခဲ့ကုန်၏။ ငါတို့စံပျော် မြန်မာနိုင်ငံတော် အစိုးရဟူကား ဘုန်းကံကြီးမားကြပေကုန်၏။

## တိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်းကြီး ရေးသားခြင်း

ဤစာပြုသူသည် ၁၃၄၀-ခုနှစ် တန်ခူးလဆန်း ၁၂-ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီး၌ တိပိဋကဓရ ပုဂ္ဂိုလ်ကျော် ၄-ပါးတို့ကို ပခုက္ကူမြို့လုံးကျွတ် ပူဇော်ပွဲကြီး ကျင်းပပူဇော်ကြသည့် ထိုစဉ်က ပူဇော်ပွဲကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဦးအောင်ဆင့်၏ လျှောက်

---

၁။ သစတ္တာလီသာဓိကဒွိသတသဟဿသက္ကရာဇေ အန္တေပုရမှိ မဟာသီဟာသနပလ္လင်္ကဿ ပုရတ္ထိမသမီပေ မဟာဥပရာဇာဒိရာဇရာဇမဟာမတ္တာနံ ပူဇနဂ္ဂါဟဋ္ဌာနဘူတေ သော-ဝဏ္ဏမယထမ္ဘာဘူမိစူဠိကာဒိဟိ အလင်္ကတေ ဘူမိဘာဇင်္ဂဏေ သရာဇိကာယ ပရိသာယ ဝိနယပိဋကပဉ္စပကရဏဥ္စ သဇ္ဈာယိ။
(ဆင်တဲချနက် ဋီကာကျော်နိဿျ-နိဂုံး ၄၇၆။)

ထားချက်အရ တိပိဋကဓရ သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ကျော် ၄-ပါးတို့၏ အဖြစ်တော်စဉ်ကိုဖော်ပြမှု တိပိဋကဓရ ဝုတ္တန္တသန္ဒီပနီကျမ်းကို ရေးသားစီရင်ခဲ့သည်။ ယင်းတိပိဋကဓရဝုတ္တန္တသန္ဒီပနီကျမ်းကြီးကို ဖတ်ရှုကြရသော ရဟန်းရှင်လူ သူတော်ကောင်းတချို့တို့သည် ပဌမဆုံး တိပိဋကဓရ ဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်တော်မူသော "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် ကျမ်းကြီးတစောင်ကို ပြည့်ပြည့်စုံစုံ ရေးသားပြုစုရန် မိမိအား လျှောက်ထား တိုက်တွန်းတောင်းပန်ကြကုန်၏။

ယင်းသို့ ရဟန်းရှင်လူ သူတော်ကောင်းတို့၏ လျှောက်ထား တိုက်တွန်းတောင်းပန်ချက်အရ ဖော်ပြပါ "ဝိသိဋ္ဌ တိပိဋကဓရ, မဟာတိပိဋက ကောဝိဒ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဖြစ်တော်စဉ်ကို ဖော်ပြရာ တိပိဋကဓရဝုတ္တန္တ-ဝိကာသိနီ ကျမ်းကြီးကို သမိုင်းမှတ်တမ်း အမျိုးမျိုးနှင့် ပိဋက ၃-ပုံ နိကာယ် ၅-ရပ် ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုပါ မွေနှောက်ကြည့်ရှု၍ အင်္ဂုတ္တရနိကာယ် ပါဠိတော်ကို အဋ္ဌကထာနှင့် တွဲဖက်ပြီး ချုပ်ခြင်းကိစ္စ, ပခုက္ကူဆဒ္ဒါသုတ်နက် အစရှိသော ကျမ်းစာများကို ချုပ်ခြင်းကိစ္စ, တ-ဝဂ် တိပိဋက ပါဠိ- မြန်မာအဘိဓာန် ကျမ်းကြီးများနှင့် တ ဝဂ် တိပိဋက ပါဠိပဒ ကျမ်းညွှန်း ကျမ်းကြီးများကို ဦးဆောင်ရေးသားခြင်းကိစ္စ စသည့် အလုပ်ကိစ္စများကြားတွင် ရေးသားစီရင်အပ်ပါသတည်း။

### အရှင်ကုမာရ(က) အရှင်ကုမာရ (ခ) အရှင်ပညာသီဟတို့ကူညီကြ

ဤ တိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်းကြီးကို ကြိုးပမ်းရေးသားရာ၌ မိမိ၏ စာဆိုတပည့်ရင်းချာများ ဖြစ်ကြသော ဓမ္မာစရိယ အရှင်ကုမာရ (မင်းကန်), အရှင် ပညာသီဟတို့သည် လက်နှိပ်စက်ရိုက်ပေးခြင်း, စာမူတိုက်ပေးခြင်း စသည်ဖြင့် များစွာ ကူညီကြကုန်၏။

> ကုမာရော ကုမာရော စေဝ၊ အပရော ပညာသီဟောပိ စ။
> ဂန္ထကာရကံ ထမ္ဘေသုံ၊ ဂန္ထေသု လဂ္ဂမာနသာ။

### တိုက်တွန်းချက်

အိုစာတော်ဖတ်တို့ အသင်စာတော်ဖတ်တို့သည် သာသနာတော်၌ ထူးကဲစွာ ပေါ်ထွန်းလာသော အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် တိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်းကြီးကို ကျနစွာဖတ်ရှု၍ ဆရာတော်

ဘုရားကြီးကဲ့သို့ တိပိဋကဓရ ပုဂ္ဂိုလ်ထူးဖြစ်အောင်, သို့မဟုတ် တိပိဋက-ကျမ်းဂန်ကို နိစ္စမပြတ် လေ့ကျက်ချပ်နေကြသော ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်များ, ပဋိပတ္တိဝန်ဆောင်ပုဂ္ဂိုလ်များအား ထောက်ပံ့ ကူညီနိုင်အောင် ကြိုးပမ်းနိုင်ကြပါစေသတည်းဟု ဆုတောင်းယင်း ဤ တိပိဋက ဝုတ္တန္တ ဝိကာသနီ ကျမ်းဦးမှတ်ဖွယ်ကို လက်စသတ်လိုက်ပါပြီ။

အရှင်ကေလာသ
ဓမ္မာစရိယ, ဂဏဝါစက, ဘီအေ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။
တပေါင်းလဆန်း ၁၁-ရက်၊ ၁၃၄၀-ခုနှစ်။



၁၃၄၂-ခုနှစ်၊ ပြာသိုလဆန်း ၁၁-ရက်နေ့
ရန်ကုန်မြို့ ၁၂-လမ်း၊ ဒေါ်သန်းရှင်၊ ဒေါ်သန်းခင်နှင့်
မောင်နှမတစုတို့၏ ဆွမ်းအနုမောဒနာအပြီးတွင်
ဖူးမြင်ရသော အရှင်ဝိစိတ္တသာရာဘိဝံသ

ပဉ္စမအကြိမ် ပိဋကသုံးပုံဆောင်
သာသနဒ္ဓဇ အာစာနည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းဆရာတော်
**အရှင်ဝိစိတ္တသာရာဘိဝံသ၏**
အဖြစ်တော်စဉ်

# တိပိဋကဓရ ဝတ္တုဒီပကသိခ်ိ

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ရတနတ္တယ ပဏာမ**

ဝန္ဒေ ဝိစိတ္တဓမ္မဿ၊ ဒေသကံ အဂ္ဂပုဂ္ဂလံ။
သေဝိတံ တေန ဓမ္မဉ္စ၊ သံဃဉ္စာပိ နိရင်္ဂဏံ။

**အဟံ**၊ အရှင် ဝိစိတ္တသာရာဘိဝံသ သာသနဓ္ဓဇ **အာစာနည်** ဂုဏ်ရည် **ဖော်ထုတ်** အကျွန်ုပ်သည်။ ဝိစိတ္တဓမ္မဿ၊ အစ, အလယ်, အဆုံး သုံးပါးတင့်တယ် ဆန်းကြယ်လှစွာ တရားဒေသနာတော်ကို။ ဒေသကံ၊ အသာဓာရဏ မဟာ-ကရုဏာတော်ဖြင့် ဟောဖော်ညွှန်ပြတော်မူတတ်သော။ အဂ္ဂပုဂ္ဂလံ၊ လောက ဓာတ်ဘုံဆိုင် ပြိုင်ဘက်မမြင် အလွန်လျှင်ထူးမြတ် ဥက္ကဋ္ဌထွတ်ထိပ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုလည်း။ တေန၊ လောကဥက္ကဋ္ဌ ထိုဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်။ သေဝိတံ၊ အမြဲမပြတ် မှီဝဲ ပူဇော်အပ်တော်မူသော။ ဓမ္မဉ္စ၊ မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန္ဓာဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုလည်း။ နိရင်္ဂဏံ၊ ရာဂ, ဒေါသ,မောဟ အင်္ဂဏ ကင်းစင်ပတော်မူသော။ သံဃဉ္စာပိ၊ ရှစ်ပါးအရိယာ မြတ်သံဃာကိုလည်း။ ဝန္ဒေ၊ သဒ္ဓါပန်းခိုင် ကြိုင်လှိုင်ပျံ့သင်း ဝပ်စင်းခယ ဦးချ ရှိခိုးပါ၏။

[မိမိသည် ဘုရားမြတ်စွာ သာသနာတော်၌ ပဌမဆုံး ထူးခြားစွာ ပေါ်ပေါက်လာသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မင်းကွန်းဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် ကျမ်းကြီးကို ကြိုးပမ်းအားသစ် ရေးသား စီရင်မည်ဖြစ်သဖြင့် အန္တရာယ် ကင်းပျောက် ကျမ်းစာပြီးမြောက်ဖို့ အလွန်ကိုအလိုရှိသဖြင့် အထွတ် အထိပ် အားကိုးရာစင်စစ် အမှန်ဖြစ်သည့် ရတနာသုံးပါးကို ရိုသေညွတ်ခ ရှိခိုးဦးချ ပဏာမပြုပါသည်။]

## အာစရိယ ပဏာမ

ပုဗ္ဗာစရိယသီဟေ စ၊ ဝိသုတာရာမဝါသိနော။
နိကာယပါရဂေ ထေရေ၊ ဝန္ဒေ ပသန္နမာနသော။

နိကာယပါရဂေ၊ ဒီဃ, မဇ္ဈိမ, သံယုတ္တနှင့် အင်္ဂုတ္တရ ခုဒ္ဒကမည် **နိကာယ်ငါး ခန်း** ကျမ်းပင်လယ် တဘက်ကမ်းသို့ တတ်လှမ်းကူးမြောက်တော် မူကြကုန် **သော**။ ထေရေ-မဟာထေရေ၊ သက်တော်တိုးပွါး ရှည်လျားမြင့်ကြာ မြဲစွာခိုင်ခံ့ တည်တံ့သော သီလ, သမာဓိ, ပညာ ရှိတော် မူကြကုန်သည်ဖြစ်၍ မဟာထေရ် ချည်း ဖြစ်တော်မူကြကုန်**သော**။ ဝိသုတာရာမဝါသိနော၊ ပခုက္ကူမြို့ မဟာဝိသု- တာရာမ နိကာယ တက္ကသိုလ် ဗဟို စာချ ကျောင်းတိုက်ကြီး၌ ယာပိုထ်မျှတ နိကာယ်ငါးဝ ပိဋကကို ချပို့ရှင်ပျော် နှစ်မြို့တော်မူကြကုန်**သော**။ ပုဗ္ဗာ**စ**ရိယ- သီဟေ စ၊ မဟာဝိသုတာရာမတိုက်တော်တည် ဒီဃဒဿီ ကိုးဂိုဏ်းချုပ် ကျေးဇူး ရှင် ရေစကြို ဆရာတော် ဘုရားကြီး အရှင် ဂန္ထသာရမဟာထေရ်, အဂ္ဂမဟာ- ပဏ္ဍိတ အရှင် ပညာမဟာထေရ်, **အဘိဓဇမဟာရဋ္ဌဂုရု**, အဂ္ဂမဟာပဏ္ဍိတ **အရှင်** သုန္ဒရမဟာထေရ်, **အဂ္ဂမဟာပဏ္ဍိတ** **အရှင်နန္ဒဝံသ** **မဟာထေရ်**, **အဂ္ဂမဟာ** ပဏ္ဍိတ အရှင်ဂန္ဓမာမဟာထေရ်, တိုက်အုပ် ဆရာတော် အရှင်နန္ဒိယမဟာထေရ်, တိုက်အုပ် ဆရာတော် အရှင်မ-ဃိန္ဒမဟာထေရ် ဟူကုန်**သော** ရှေး ဆရာသခင် အရှင်မြတ်တို့ကိုလည်း။ ပသန္နမာနသော၊ မဟာထေရ်မြတ်တို့၏ ဂုဏ်ရည်၌ ကြည်ညိုယိုဖိတ်သော စိတ်ရှိသည်ဖြစ်၍။ ဝန္ဒေ၊ သဒ္ဓါပြုဆွတ် ကုသိုလ်ဝတ်ဖြင့် ဦးညွတ် ရှိခိုးပါ၏။

[မိမိသည် တိုက်တော်တည် ရေစကြို ဆရာတော် ဘုရားကြီး အရှင် ဂန္ထသာရ မဟာထေရ်, အရှင် ပညာမဟာထေရ်, အရှင် နန္ဒဝံသ မဟာထေရ်တို့ သီတင်းသုံးတော်မူ၍ ဝုရနှစ်ပါး ပွါးများအားသစ်ရာ သာသနဇောတိပါလ ကျောင်းကြီးပေါ်၌ နေထိုင်၍ ကျမ်းစာမျိုး စုံကို ချပို့ခြင်း, ကျမ်းစာမျိုးစုံကို ရေးသားခြင်းတို့ဖြင့် သာသနာပြုခွင့် ကို ရရှိလေရာ ထိုဆရာတော်ဘုရားကြီးများကား မိမိအဖို့လည်း ကျေးဇူး

များလှပါသည်။ အဘိဓမ္မမဟာရဋ္ဌဂုရု အရှင်သုန္ဒရ ဆရာတော်ဘုရားက လည်း မိမိအား ဓမ္မာနုဂ္ဂဟ, အာမိသာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူရာ ကျေးဇူးဥပကာရ လွန်စွာမှ များလှပါသည်။ ဆရာတော် အရှင် နန္ဒိယထံ ကျမ်းဂန်များစွာတို့ကို ဆိုဝါဖြင့် သင်ယူခဲ့ရသဖြင့် ယခုအခြေ အနေသို့ ရောက်ရပေရာ အရှင်နန္ဒိယ၏ ကျေးဇူးတော်များမှာ ဆပ်၍ မကုန်နိုင်ပါချေ။ ဆရာတော် အရှင်မာဃိန္ဒသည်လည်း နည်းပေးလမ်းပြ ဆရာတပါးပင် ဖြစ်ပါ၏၊ သို့ဖြစ်ရာ ဖော်ပြပါ ဆရာတော် ဘုရားကြီးတို့ ကိုလည်း ရှိခိုး ဦးချပါသည်။]

## ဝိစိတ္တသာရာဘိဝံသ ပဏာမ

ဝန္ဒေ ဝိစိတ္တသာရာဘိ-ဝံသံ ဂိစိတ္တဝါစကံ။
နိခိလေ အာဂမေ သေဋ္ဌေ၊ ဆေကံ ဥတ္တမပုဂ္ဂလံ။

ဝိစိတ္တဝါစကံ၊ ပိဋကသုံးပုံ အာဂုံနှုတ်တက် ဆောင်ရွက်မှတ်သား ဆန်းကြယ် သော တရားစကားကို ဟောကြားတော် မူတတ်သော။ သေဋ္ဌေ၊ အလွန်အကြူး အထူးသဖြင့် ချီးမွမ်းအပ်ထ မြတ်လှစွာသော။ နိခိလေ အာဂမေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော နိကာယ် ကျမ်းဂန်၌။ ဆေကံ၊ သည် သာသနာခေတ်တွင် တစ်ခေါ် လောက်သား ထူးခြားစွာတတ်မြောက် ကျွမ်းကျင်လိမ္မာတော်မူသော။ ဥတ္တမပုဂ္ဂလံ၊ သီလ, သမာ, ပညာကိန်းဝပ် ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မြတ် ကြီး ဖြစ်တော်မူသော။ ဝိစိတ္တသာရာဘိဝံသံ၊ ပဋ္ဌမကျော်, ဝဋံသကာ, ဆဋ္ဌ-သံဂါယနာ ဝိသဇ္ဇက ကျော်ပေါက်ပြသား တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ သာသနာ့ အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသ မဟာထေရ် မြတ်ကိုလည်း။ ဝန္ဒေ၊ ဂုဏ်တော် မြားမြောက် အောက်မေ့ရိုကျိုး ရှိခိုး ဦးချ ပါ၏။

[သည် သာသနာခေတ်တွင် တစ်ဆိုလောက်အောင် ထူးခြား သည့် မှန်သောက်မာတင် ပညာရှင်ကြီး ဖြစ်တော်မူသော ဆဋ္ဌသံဂါ ယနာ ဝိသဇ္ဇက, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ ပုဂ္ဂိုလ်ထူး၏ အဋ္ဌုပ္ပတ္တိအဖြစ်တော်၍ ကျမ်းကြီးကို ကြိုးပမ်း အားသစ် ရေးသား စီရင်တော်မူမည်ဖြစ်ရာ ထူးမြတ်သော အနက်ရယ် ပျော်ကြောင်း,ကျမ်းစာ ပြီးမြောက်ခြင်းကို အလိုရှိသဖြင့် ပုဂ္ဂိုလ်ထူးဖြစ်သော ဤအဋ္ဌုပ္ပတ္တိသခင် အရှင် ဝိစိတ္တသာရာဘိဝံသကိုလည်း ရိုသေမြတ်နိုး ရှိခိုး ဦးချပါသည်။]

## အဘိယာစကနှင့် ပဋိညာဉ်

ကရိဿာမိ သမာသေန၊ ဗဟူဟိ အဘိယာစိတော။
ဝိစိတ္တသာရထေရဿ၊ ဥပ္ပတ္တိဒီပကံ သုဘံ။

ဝန္ဒိတွာ၊ ရတနာသုံးပါး ဆရာသမားများနှင့် အရှင်ဝိစိတ္တသာရာဘိဝံသတို့ကို လေးစားရိုကျိုး ရှိခိုးဦးချပြီး၍။ ဗဟူဟိ၊ များစွာသော ရှင်လူရဟန်းတို့သည်။ အဘိယာစိတော၊ရိုသေစွာတောင်းပန်အပ်သည်ဖြစ်၍။ ဝိစိတ္တသာရထေရဿ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်၏။ သုဘံ၊ မကြုံစဖူး ထူးဆန်းအံ့ဘွယ် လွန်တင့်တယ်သော။ ဥပ္ပတ္တိဒီပကံ၊ ထူးခြားတုံ့စပ် ဖြစ်စဉ်ကိုပြ ဥပ္ပတ္တိဒီပကမည်ရှိသော အဋ္ဌုပ္ပတ္တိအဖြစ်တော်စဉ် တိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်းကို။ သမာသေန၊ အကျယ်မသွင်း အကျဉ်းအားဖြင့်။ ကရိဿာမိ၊ ဂန္ထခုရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပေအံ့။

[မိမိသည် ပခုက္ကူမြို့ တိပိဋကဓရပူဇော်ပွဲကို အကြောင်းပြု၍ တိပိဋကဓရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်လေးပါးတို့၏ အဖြစ်တော်စဉ် တိပိဋကဓရ ဝုတ္တန္တသန္ဒိပနီကျမ်းကို ကြိုးပမ်းရေးသားခဲ့ပါသည်။ ဖော်ပြပါ တိပိဋကဓရဝုတ္တန္တသန္ဒိပနီကျမ်းကို ဖတ်ရှုခြေရသော ရဟန်းရှင်လူ သူတော်ကောင်းတို့သည် ပဌမဦးစွာ ပေါ်ထွန်းလာသည့် တိပိဋကဓရပုဂ္ဂိုလ်ကျော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဋ္ဌုပ္ပတ္တိအဖြစ်တော်စဉ်ကျမ်းကြီးကို တသ်စွန်းသမျှ ပြည့်စုံစွာ ပြုစုရေးသားပါရန် လျှောက်ထားတောင်းပန်ကြကုန်၏။ သို့ဖြစ်၍ မဟာဝိသိဋ္ဌ တိပိဋကဓိုရ် ပုဂ္ဂိုလ်ကျော်၏ အဖြစ်တော်စဉ်ကို အကျဉ်း ရေးသား စီရင်ပါအံ့ သတည်း။]

## ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း

ဤဇမ္ဗူကျွန်းကား မြင်းမိုရ်တောင်၏ လက်ျာဘက်၌ တည်ရှိသည်။ သို့ဖြစ်၍ ဤဇမ္ဗူကျွန်းကို ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းဟု ခေါ်ကြသည်။ ဖော်ပြပါ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းသည် တာဝတိံသာနတ်ပြည်, အသုရာပြည်, အဝီစိငရဲတို့ကဲ့သို့ အလျားအနံ ယူဇနာတသောင်းကျယ်သည်၊ ထို့ကြောင့်ပင် ဤလေးဌာနကို သောင်းကြီးလေးရပ်ဟု ခေါ်ကြသည်။

ယင်းယူဇနာတသောင်းအနက် ယူဇနာလေးထောင်သည် သမုဒ္ဒရာ၊ ယူဇနာသုံးထောင်သည် ဟိမဝန္တာဖြစ်၍ လူနေအိမ်ခြေတည်ရှိရာအရပ်သည် ယူဇနာ သုံးထောင်သာရှိသည်[၁]။

---

၁။ သာရတ္ထ၊၁။၂၇၂။

ဤဇမ္ဗူဒီပါ ကျွန်းလကျာ၏ အမှတ်အသား သစ်ပင်သည် ကမ္ဘာဆုံးတိုင် တည်တံ့ကြံ့ခိုင်သည့် သပြေပင်ဖြစ်လေသည်၊ ယင်းသပြေပင်ကြီးသည် ဟိမဝန္တာဒေသ၌ တည်ရှိသည်။ ဖော်ပြပါသပြေပင်ကြီးသည် အမြစ်ရင်းမှ အခက်ရင်းထိ ယူဇနာငါးဆယ်၊ အခက်ရင်းမှ အဖျားအထိ ယူဇနာငါးဆယ် မြင့်သဖြင့် ယူဇနာတရာမြင့်လေသည်။ အရပ်လေးဘက် ဖြာထွက်သောသစ်ကိုင်းမတို့သည်လည်း ယူဇနာငါးဆယ်စီ ရှိကုန်၏။ ပင်စည်လုံးပတ် တဆယ့်ငါးယူဇနာရှိသည်၊ အသီးကား အိုးစရည်းပမာဏ ရှိလေသည်။

ဤဇမ္ဗူဒီပါ လကျာတောင်ကျွန်း၌လည်း အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်း တို့ကဲ့သို့ပင် ကျွန်းငယ်ငါးရာ အခြံအရံရှိသည်။ အဝီစိငရဲကြီးသည်လည်း ဤကျွန်း၏အောက်၌ တည်ရှိသည်။ ဤကျွန်း၌ သဘောဆိပ် လှေဆိပ်ပေါင်း ကုဋေကိုးသန်းခြောက်သိန်းရှိ၍ ရတနာမျိုးစုံထွက်ရာ ငါးဆယ့်ခြောက်ဌာနရှိသည်။ အခွန်ဘဏ္ဍာထွက်သည့် မြို့ရွာပေါင်း ကိုးသန်းခြောက်သိန်းနှင့် မြို့တော်ပေါင်း တသိန်းရှစ်သောင်းကိုးထောင် ရှိလေသည်။

## အာဇာနည်ပုဂ္ဂိုလ်မြတ်တို့ ပေါ်ထွန်းရာ

ဤဇမ္ဗူဒီပါလကျာတောင်ကျွန်း၌သာလျှင် ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကများနှင့် စကြာမင်းတို့ ပွင့်ထွန်း ဖြစ်ပေါ်တော်မူကြကုန်၏။ အရှေ့ကျွန်း, အနောက်ကျွန်း, မြောက်ကျွန်းတို့၌ ဖော်ပြပါ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက, စကြာမင်းတို့ ဖြစ်ပွင့်ပေါ်ထွန်းရိုး မရှိကြကုန်။ ထို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက, ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက,အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ သာသနာ့အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်ကျော်သည် ဤ ဇမ္ဗူဒီပါလကျာတောင်ကျွန်း မြန်မာနိုင်ငံ မြင်းခြံခရိုင် ကျည်းပင်ရွာ၌ ဇာတိဆက်သွယ်ကာ ပေါ်ပေါက်လာတော်မူခဲ့ခြင်း ဖြစ်လေသည်။

သဗ္ဗညုဗုဒ္ဓ ပစ္စေက–ဗုဒ္ဓါနံ စ မဟိဒ္ဓိနံ။
မန္ဒာတု စက္ကဝတ္တီနံ၊ ရာဇူနဥ္စာပိ သဗ္ဗဒါ။

ဥပ္ပတ္တိဋ္ဌာနဘူတဿ၊ ဇမ္ဗုဒီပဿ ဘူသနေ။
ဇာတော သော ဒေသသေဋ္ဌမှိ၊ တိပိဋကဓရော သုတော။

## မြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ (ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ) သည် ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဌာနမွန်ဖြစ်၍

ဖော်ပြပါ ဇမ္ဗူဒီပါ လက်ျာကောင်ကျွန်းတွင် ထင်ရှားသောနိုင်ငံ တနိုင်ငံ ဖြစ်လေသည်၊ အာရှတိုက် အိန္ဒိယကျွန်းဆွယ် အရှေ့ဘက်၌တည်ရှိရာ အရှေ့ဘက်၌ ယိုးဒယားနိုင်ငံ, အနောက်ဘက်၌ အိန္ဒိယနိုင်ငံ, တောင်ဘက်၌ မုတ္တမပင်လယ်ကွေ့နှင့် မလေးရှားနိုင်ငံ, အရှေ့မြောက်ဘက်၌ တရုတ်နိုင်ငံတို့ တည်ရှိကုန်၏။ အကျယ်အဝန်း စတုရန်းမိုင် ၂၆၁၇၁၉-ဖြစ်၍ အလျားမိုင် ၉၀၀-ကျော် ရှည်သော ဧရာဝတီမြစ်နဒီသည် မြောက်မှတောင်သို့ ဖြတ်ဆင်းလျက် ဘင်္ဂလားပင်လယ်အတွင်း စီးဝင်လေသည်။ ၎င်းပြင် အနောက်ရိုးမ, အရှေ့ရိုးမနှင့် အလယ်ရိုးမ တောင်တန်းများသည် မြောက်မှတောင်သို့ တန်းလျက် မြန်မာနိုင်ငံကို တန်ဆာဆင်ထားသကဲ့သို့ ရှိနေလေသည်၊ ငါတို့ပျော်ရာ အမိမြန်မာနိုင်ငံသည် အလျားမိုင် ၁၂၀၀-ရှိပြီး အနံမိုင် ၅၇၅-မိုင် ကျယ်ပြောလေသည်။

ဧရာဝတီ နဒီယာပိ၊ မြမ္မဒေသော သုသောဘတိ၊
မဇ္ဈေ သုဒီဃပဗ္ဗတ—ပန္တိယာ ရုစိရော ဘဝိ။

## လောကီ, လောကုတ္တရာ ရတနာများ ပေါ်ထွန်းရာ

မြန်မာနိုင်ငံသည် လောကီ, လောကုတ္တရာ ရတနာတို့ တည်ရှိ, ပေါ်ထွက်ရာ နိုင်ငံဖြစ်သည်။ ဆန်စပါး, ရေနံ, နှမ်း, မြေပဲ, အခြားပဲမျိုးစုံ, ချည်မျှင်ရှည်ဝါ, သံဖြူ, သံ,ခဲ, ဘော်, ခဲမဖြူ, အဖြိုက်နက်, ကြေးနီ, တန်စတင်, ကျောက်မီးသွေး, ဘရိုက်တီးကျောက်, သတ္တု, ကျောက်စိမ်း, ကျောက်မျက်ရတနာ အမျိုးမျိုး, ထုံးကျောက်, ဘယဆေး, ဗာဂျိနီယာဆေး, ကြက်ပေါင်းစေး, ဂုံးလျှော်, အာလူး, ပြောင်းဖူးစေ့, သကြား, ဆား, ဘိလပ်မြေ, ဆပ်ပြာ, မီးခြစ်, ဖယောင်း, ဓာတ်ဆီ, ဒန်အိုး, ဒန်ခွက်, အိမ်ရိုက်သံ, အထည်အလိပ်, စီးကရက်, ပုလဲ, ပယင်း, ယွန်းထည်, သစ်-စသည်တို့မှာ မြန်မာနိုင်ငံထွက် လောကီရတနာတို့ ဖြစ်ကုန်၏။ အထူးသဖြင့် မြန်မာနိုင်ငံ သစ်တောကြီးကို ကမ္ဘာက ရင်သပ်ရှုမော အံ့ဩရသည်၊ မြန်မာနိုင်ငံ သဘာဝသစ်တောကြီးမှာ စတုရန်းမိုင် ၁၄၉၅၂၀ ကျယ်ဝန်းသည်ဟု သိရ၏။

မရမ္မသုပုရံ နာမ၊ လောကိယရတနာလယံ။
ပါတုဘူတံ တဒ္ဒေသိနံ၊ ပုညေန အဘိနိဗ္ဗတ္တံ။

## အံ့မခန်းသည့် လောကုတ္တရာ ရတနာများ

မြန်မာတို့ ပျော်စံရာ အမိမြန်မာနိုင်ငံတော် မြေပထဗျာကမ္ဗလာ၌ ဘုရားမြတ်စွာ ကိုယ်တော်တိုင် နင်းချကော်မူခဲ့သည့် ခြေတော်ရာနှစ်ဆူနှင့် ရွှေတိဂုံ, မဟာမြတ်မုနိ အစရှိသော ဘုရားဇိနေ်ာ ဓာတ်မွေသရီတော်တို့ ကိန်းဝပ်တော်

မူရာ ရွှေရောင် ငွေရောင် တောက်ပ၍နေသော စေတီတော်များ ဟူသော ဘုရားရတနာဖြင့်လည်း လောကအလယ် တင့်တယ်ဝင့်ကြွားလျက် ရှိပေသည်။

ယင်းစေတီပုထိုးတို့ကို အမြွက်မျှ ထုတ်ပြရသော်–ရန်ကုန်မြို့၌ ရွှေတိဂုံ, ဆူးလေ, ဗိုလ်တထောင်, ကမ္ဘာအေး, ကျိုက္ကစံ စသော စေတီတော်များ။ တံတားမြို့၌ ရွှေဆံတော်စေတီ။ မော်လမြိုင်မြို့၌ ကျိုက်သံလံ, မဟာမြတ်မုနိ, ဦးဇိနစသော စေတီပုထိုးများ။ ကျိုက္ခမီမြို့၌ ရေလယ်ဘုရား။ ဘားအံမြို့၌ ဇွဲကပင်စေတီ, သေဠမာန်အောင်စေတီ။ သန်လျင်မြို့၌ ငါးထပ်ကြီးဘုရား, ကျိုက်ခေါက်စေတီ။ ကျောက်တန်းမြို့၌ ကျိုက်မှော်ဝန်းစေတီ။ သထုံမြို့၌ ရွှေစာရံစေတီ။ ကျိုက်ထိုမြို့၌ ကျိုက်ထီးရိုးစေတီ။ ထားဝယ်မြို့၌ ရွှေမုဋ္ဌောစေတီ, ရွှေသာလျောင်းဘုရား။ ဇလွန်မြို့၌ ပြည်တော်ပြန်ဘုရား။ ပဲခူးမြို့၌ ရွှေမောဓောစေတီ, မဟာစေတီ, ရွှေသာလျောင်းဘုရား။ တောင်ငူမြို့၌ မြတ်စောညီနောင်စေတီ,မြစည်းခုံစေတီ။ပြည်မြို့၌ ရွှေဆံတော်စေတီ။ရွှေတောင်မြို့၌ ရွှေနတ်တောင်စေတီ။ မြန်အောင်မြို့၌ ရွှေဘုံသာစေတီ, ဆုတောင်းပြည့်ဘုရား။ ပုသိမ်မြို့၌ ရွှေမြင်တင်စေတီ, ရွှေမုဋ္ဌောစေတီ။ ဟင်္သာတမြို့၌ ဦးပါရဲစေတီ, ငါးမျက်နှာဘုရား။ မိတ္ထီလာမြို့၌ ရတနာသင်းကျစ်စေတီ, ထီးသုံးဆင့်စေတီ, ရေလယ်ဘုရား, ရွှေယင်မှော်စေတီ။ကောင်တင်းကြီးမြို့၌ ရွှေအင်းတောင်စေတီ။ ဗိဿကိုးမြို့၌ ရွှေရောင်တော်စေတီ။မကွေးမြို့၌ မြသလွန်စေတီ။မင်းဘူးမြို့၌ စက္ကတဲစေတီ။ စစ်ကိုင်းမြို့၌ ဟောင်းမှုတော်စေတီ, ဆင်မျှားရှင်စေတီ, ထူပါရုံစေတီ, ပုညရှင်စေတီ, ပတ္တမြားစေတီ, ရှင်ပင်နံကိုင်းစေတီ, ရှင်ဖြူရှင်လှစေတီ, အောင်မြေလောကစေတီ။ လယ်ကိုင်းမြို့၌ ကျောင်းတော်ရာစေတီ။ အမရပူရမြို့၌ ကျောက်တော်ကြီးဘုရား, ပုထိုးတော်ကြီးစေတီ, ရွှေကြက်ယက်စေတီ။ အင်းဝမြို့၌ တံတားဦးစေတီတော်။ မင်းကွန်းရွာ၌ မင်းကွန်းစေတီ, မြသိန်းတန်စေတီ။ မန္တလေးမြို့၌ မဟာမြတ်မုနိဘုရား, ကုသိုလ်တော်စေတီ, ကျောက်တော်ကြီးဘုရား, စန္ဒာမုနိစေတီ, အိမ်တော်ရာဘုရား, မဟာသကျသီဟဘုရား, မာန်အောင်ရတနာစေတီ, ရွှေကျိုးမြင့်စေတီ။ ညောင်ဦးမြို့၌ ရွှေစည်းခုံစေတီ, ကျောက်ကူးစေတီ, ဆပဋစေတီ။ ပုဂံမြို့၌ အာနန္ဒာဘုရား, ကန်တော့ပလ္လင်စေတီ, စူဠာမုနိစေတီ, ဂူပြောက်ကြီးစေတီ, ဂူပြောက်ကလေးစေတီ, ထီးလိုမင်းလိုစေတီ, ဓမ္မရံကြီးစေတီ, နဂါးရုံစေတီ, နန်းဘုရားစေတီ, ဗူးဘုရားစေတီ, မနူဟာဘုရား, မင်္ဂလာစေတီ, မင်းမျှော်ရာဇာစေတီ, သဗ္ဗညုစေတီ, မင်းအိုချမ်းသာစေတီ, ရွှေကူကြီးစေတီ, လောကနန္ဒာစေတီ။ မြင်းခြံမြို့ ဆုတောင်းပြည့်စေတီ, ဆယ့်နှစ်မုခ်စေတီ, ရန်အောင်မြင့်ဘုရား။ ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရား, ရွှေကူဘုရား, ဖောင်တော်ဦးဘုရား။ မိုင်းမြို့ ရွှေမြင်တင်ဘုရား။ ပခန်းမြို့ စည်သူရှင်ဘုရား, ရှင်မတောင်စေတီ, ဆင်ကြိုးရွှေကူဘုရား။ ရေစကြိုမြို့ ရွှေလဝန်းဘုရား။

ထီးလင်းမြို့ ရွှေကုန်အုပ်ဘုရား။ ဂန့်ဂေါမြို့ ရွှယ်တော်ရှင်ဘုရား။ မုံရွာမြို့ ဆုတောင်းပြည့်စေတီ။ မိုးညှင်း သမ္ဗုဒ္ဓေစေတီ။ တကောင်းမြို့ ရွှေစည်းခုံစေတီ၊ သီဟတော ရွှေပြင်ကင်စေတီ။ ပင်းတယမြို့ ရွှေဥမင်စေတီ။ ရှမ်းပြည်တောင်ပိုင်း အင်းလေး ဖောင်တော်ဦးဘုရား။ ရွှေဘိုမြို့ ရွှေချက်သိုစေတီ၊ မြို့ကောင့်စေတီ၊ ရွှေတန်ဆာစေတီ၊ ဖောင်တော်ဦးစေတီ။ မိုးကုတ်မြို့ ဖောင်တော်ဦးစေတီ၊ ရွှေကူကြီးစေတီ။ မြေဒူးမြို့ ကူမြင့်စေတီ။ ကျောက်ဖြူမြို့ ကျောက်တလုံးစေတီ။ မော်ဇာမြို့ ဘုရားတောင်စေတီ။ လှိုင်တက်မြို့ ဘုရားတောင်စေတီ။ စဉ့်ကိုင်မြို့ ရှင်ပင်ဆိတ်ပေါက်စေတီ။ ပွင့်ဖြူမြို့ ရွှေဘုံသာစေတီ။ စလင်းမြို့ ရွှေတန်ဆာစေတီ စသည်တို့ ဖြစ်ကုန်၏။ ဤသို့ စသည်ဖြင့် မြန်မာ့မြေပြင်ဗျာဉ္ဇ ဖြူဖွာနတ်လူတို့ ကြည်ဖြူဦးခိုက် ပူဇော်ထိုက်သည့် ဘုရားရှင်၏ ဓာတ်မွေသရီတို့ ကိန်းဝပ်တည်ရှိကုန်၏။

ငင်းပြင် ဝိမုတ္တိရသပုဒ်တိုင်း ပါရှိသည့် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါး ဗောဓိပက္ခိယ သုံးဆယ့်ခုနစ်ပါးတည်းဟူသော အနှစ်သာရ အဆီတွေ စုဝေးနေသော မဂ်ဖိုလ်နိဗ္ဗာန် ရရန်နည်းတွေ အလျှံပယ်ပါရှိနေသည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အရေးအတွက်ရှိသည့် ပိဋကသုံးပုံ နိကာယ်ငါးရပ်ဟူသော တရားကျမ်းစာအစုံပေါင်း သောင်းသိန်းများစွာ အရေအတွက်ရှိသော တရားတော်စာပေများ၊ အရှင်အညာသိကောဏ္ဍည၊ အရှင်မဟာကဿပ အစရှိသည့် ဆဋ္ဌဘိည၊ ပဋိသမ္ဘိဒါပတ္တ အာသဝေါက္ခီဏ ရဟန္တာသခင် အရှင်မြတ်ကြီးတို့မှ ဆက်သွယ်ဆေါ်ဆွန်းခဲ့သော သောင်းသိန်း အရေအတွက်ရှိသော သံဃာတော်ရတနာဟူသော အံ့မခန်းသည့် လောကုတ္တရာ ရတနာတို့လည်း အမိမြန်မာ မြေမှာရာဉ္ဇ အပူဇော်ခံ ထွန်းပေါ်လျက်ရှိကုန်၏။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် သည်ခေတ်သည်သမယတွင် တုယှဉ်မရ လောကုတ္တရာ ရတနာ အပေါ်များဆုံးနိုင်ငံ ဖြစ်နေလေသည်။

ဝေဠုံ မြမ္မရဋ္ဌံ တံ၊ အနဂ္ဃရတနေဟိပိ။
ဘူသိတံ လောကုတ္တရေဟိ၊ သာဓူဟိ အာဘိမာနိတံ။

## မြင်းခြံခရိုင်

မြင်းခြံခရိုင်သည် မြန်မာနိုင်ငံအလက်ပိုင်း မန္တလေးတိုင်းတွင် မန္တလေးမှ လွဲလျှင် အကြီးဆုံးမြို့ကြီးဖြစ်၍ မြင်းခြံခရိုင်၏ ရုံးစိုက်ရာ အချက်အချာမြို့ ဖြစ်သဖြင့် ရောင်တီ မြစ်နဒီ၏ လက်ဝဲဘက်၌တည်ရှိသော သဘောသင်္ဘောဆိပ်ကမ်းမြို့ ဖြစ်လေသည်။ ယင်းမြင်းခြံမြို့သည် ရေလမ်းမိုင်အားဖြင့် ရန်ကုန်မြို့မှ ၅၁၅-မိုင် ကွာလှမ်းသည်၊ မန္တလေးမြို့နှင့်ကား မိုင် ၇၀-ကျော် ကွာလှမ်း၏။ အိမ်ခြေ တသောင်းကျော်ခန့် ရှိသဖြင့် မြို့ကြီးများတွင် ပါဝင်ထင်ရှားခဲ့လေသည်။

ငင်းပြင် မြင်းခြံမြို့သည် ဗုဒ္ဓဘာသာဝင်တို့ သဒ္ဓါဇောဝင် ဖူးမြင်ဦးတိုက်ရာ ပူဇော်ရာ ကုသိုလ်ပုညမျိုးစေ့စိုက်ပျိုးရာ ပုညာတိတ္ထ၊ ပုညဘူမိ၊ ပုညပဒေ ဖြစ်ကုန်သည့် ရန်အောင်မြင်ဘုရားကြီး၊ ရွှေမြင်တင်၊ နှစ်ကျိပ်ရှစ်ဆူ၊ ရှင်ပင်ရေပေါ်၊ ဆယ့်နှစ်မုခ၊ သံသရာအေး စသည့် စေတီပုထိုး အမျိုးမျိုးတို့ဖြင့်လည်း တန်ဆာဆင်ထားလေရာ ဗုဒ္ဓဘာသာဝင်တို့၏ ရွှင်ပျိုငမ်းမြောက်ရာ မြို့မွန်မြို့မြတ်လည်း ဖြစ်၏။

မြင်းခြံဝှနဂရံ နာမ၊ အဗျာသေကံ အသောစနံ။
ဇနာနံ သပ္ပုရိသာနံ၊ သောဂတဓမ္မကာမိနံ။

ထို့ပြင် ရဟန်းသာမဏေတို့ ဗုဒ္ဓစာပေကျမ်းဂန်တို့ကို ချပို့သင်ပေးရာ ဝိဇ္ဇာပိဋ ဝိဇ္ဇာဃထနများဖြစ်သည့် မင်းကျောင်းတိုက်၊ ကိုးဆောင်ကျောင်းတိုက်၊ သုဓမ္မာကျောင်းတိုက်၊ ပြောင်းပြာကျောင်းတိုက်၊ ဇောတိကာရုံကျောင်းတိုက်၊ မဟာဝိသုတာရာမတိုက်သစ် အစရှိသည်တို့ဖြင့်လည်း ဘုရားမြတ်စွာ သာသနာ၏ ကျက်သရေဆောင်ရာ ဒေသမွန်လည်း ဖြစ်လေသည်။

ထိုမှတပါး မြင်းခြံမြို့သည် စွန်းလွန်းသာသနာ့ရိပ်သာ၊ မဟာစည်သာသနာ့ရိပ်သာ၊ ဟံသာဝတီ သာသနာ့ရိပ်သာ အစရှိသည့် ပဋိပတ္တိအလုပ် အားထုတ်ရာဌာနတို့ဖြင့်လည်း သူတော်စဉ်သူတော်ကောင်းတို့ စိတ်နှလုံး၏ ရွှင်ပြုံးမွေ့လျော် ပျော်ဘွယ်ရာလည်း ဖြစ်ပေသည်။

ဘုတာရုံကြီး၊ အထက်တန်းကျောင်းကြီး၊ ပြည်သူ့ဆေးရုံကြီး၊ အစိုးရရုံးကြီးများ၊ ဈေးကြီး၊ ဆီစက်ကြီးများ၊ ဆပ်ပြာစက်များ၊ ပါဂွမ်းစက်ကြီးများ စသည့် မြို့၏စည်ကားကြောင်း အဆောက်အဦတို့ဖြင့်လည်း ကျက်သရေ ရှိလှပေသည်။

မြင်းခြံဝှနဂရံ နာမ၊ အတိဝ ရာမဏီယတံ။
သိပ္ပသာလာဟိနေကာဟိ၊ အဝိစိတ္တံ မနောရမံ။

## လူမျိုးစုံတို့ နေထိုင်ရာ

မြင်းခြံမြို့သည် လူမျိုးပေါင်းစုံတို့၏ နေထိုင်ရာ စည်ကားသည့် မြို့လည်း ဖြစ်သည်။ တရုတ်လူမျိုး၊ ကုလားလူမျိုး၊ မြန်မာလူမျိုး၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ နေရာလည်း ဖြစ်သည့်ပြင် ဘုရားမြတ်စွာ သာသနာ့ဂန်ထမ်းများ ဖြစ်တော်မူသော ရဟန်းသာမဏေ(၉၈၀-၁၀၀၀)ခန့်တို့ သီတင်းသုံး စံပျော်၍ ခုရနှစ်ပါးကို ပွါးများအားသစ်ရာလည်း ဖြစ်သည်။ တောင်သာ၊ နွားထိုးကြီး၊ မိတ္ထီလာ၊ သာစည်၊ မန္တလေး၊ ရန်ကုန်၊ ရှမ်းပြည် စသည်တို့သို့ ပြေးဆွဲ ခုတ်

မောင်းနေသည့် မော်တော်ကား ယာဉ်သံများ၊ မြင်းခြံ ရန်ကုန် အစုန်အဆန် မီးရထား၊ သာစည်အစုံအဆန်ဖြလာ်ကာယ် မီးရထားသံများစသည်တို့ဖြင့် မတိတ်ဆိတ်ပဲ ရှိလေ၏။

မြင်းခြံဝှနဂရံ နာမ နာနာဇနသမာကုလံ။
ယာနသဒ္ဒေဟိနေကေဟိ၊ အဝိဝိတ္တံ မနောရမံ။

မြင်းခြံမြို့နယ်သည် ၇၄·စတုရန်းမိုင် (၂၆၉၁၄၄) ကျယ်ဝန်း၏။ မြေပြင် ၂၂၂၄၀·ဧက၊ ရေပြင် ၁၇၀၉၆ ဧက ပါဝင်၏။ ကျေးရွာအုပ်စုပေါင်း ၆၆·နှင့် ရွာပေါင်း ၁၈၅·ရွာ ပါဝင်သည်။ စစ်ကိုင်းမြို့နယ်နှင့် ၂၀·မိုင်၊ နွားထိုးကြီးမြို့နယ်နှင့် ၂၈.၇·မိုင်၊ တောင်သာမြို့နယ်နှင့် ၁၅.၉·မိုင်၊ ဧရာဝတီမြစ်နှင့် ၂၈.၆·မိုင် ထိစပ်နေ၏။ မြင်းခြံမြို့သည် ၁၉၇၆·ခုနှစ် သန်းခေါင်စာရင်းအရ ၁၁၇၄-ဧက ကျယ်ဝန်းကြောင်း သိရ၏။ မြင်းခြံမြို့၌ ရပ်ကွက်ပေါင်း ၁၉·ခု၊ အိမ်ခြေထောင်စုပေါင်း ၅၄၄၇၊ လူဦးရေပေါင်း ၆၉၁၁၅·ယောက် ရှိကြောင်း သိရ၏။ ဤသို့ဖြင့် မြင်းခြံမြို့နယ်နှင့် မြင်းခြံမြို့၏ ကျယ်ဝန်း စည်ပင်ကြောင်း သိနိုင်ပေ၏။

ဝေံ ဟိ မြင်းခြံပဒေသော၊ ဝိတ္ထိဏ္ဏော ဝိပုလော အဟု။
ဇဂတိပ္ပမာဏေနာပိ၊ မနုညော ရုစိရော ခလု။

## တံဆိပ် ရ-မရ ကျမ်းပြုပုဂ္ဂိုလ်ပညာရှိတို့ ပေါ်ထွန်းရာ

မြင်းခြံခရိုင် မြင်းခြံနယ်ပယ်, မြင်းခြံဒေသသည် သာသနာ့ဝန်ဆောင် ဘွဲ့တံဆိပ်တော်ရ·မရ ဂန္ထကာရက ကျမ်းပြု အကျော်အမော် ပုဂ္ဂိုလ်တို့၏ ပေါ်ထွန်းရာ ဒေသမှန်ဖြစ်လေသည်။

မြင်းခြံမြို့ မြင်းခြံခရိုင်မပေါ်မီ ရှေးယခင်ကစ၍ ယင်းနယ်ပယ်၌ ပညာရှင်တို့ ဆက်တိုက်လိုလို ပေါ်ထွန်းခဲ့ကုန်၏။ ယင်းသို့ဖြစ်ကြောင်း သမိုင်းပင်လယ်ကို ကူးခပ်၍ သမိုင်းသုတေသီတို့အတွက် အခါ့ စေတနာ အပြည့်အဝဖြင့် ဖော်ညွှန်းထုတ်ပြဦးအံ့။

ပုဂံသာသနာဝင်လာ်င် ထင်ရှားလှသော အရှင်ဂုဏာဘိရာမသည် အရှင်အရဟံ၏ တပည့်ဖြစ်ရာ ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံမြို့) ၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ သာသနာပြုကော်မူခဲ့သည့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ် ဖြစ်သည်[၁]။

---

၁။ အကျယ်ပုဂံသာသနာဝင်နှင့်မဟာဝိသုတာရာမနိကာယသာသနာဝင်၁၄၃·လည်းကြည့်။

သာသနာဝင်တွင် ထင်ရှား ကျော်စောလှသည့် ပဌမ အဂ္ဂပဏ္ဍိတ လောကုပ္ပတ္တိပကာသနီကျမ်းပြု ဒုတိယ အဂ္ဂပဏ္ဍိတ မထေရ်မြတ်တို့သည်လည်း ပုဂံ (မြင်းခြံခရိုင် ပုဂံ)၌ ဖြစ်ထွန်းကြီးပွါးကြသော မထေရ်မြတ်တို့ဖြစ်သည်[၁]။

ခီရေယံ ပဂ္ဂနာမေန၊ ယေန ဗုဒ္ဓေန ဒေသိတံ။
သိတံ မမ္မခဉာယ၊ ဉာယတော အမတံ ပဒံ။

တံ နမိတွာ မဟာဝီရံ၊ သဗ္ဗညုံ လောကနာယကံ။
မဟာကာရုဏိကံ သေဋ္ဌံ၊ ဝိသုဒ္ဓံ သုဒ္ဓိဒါယကံ–

အစရှိသော ဂန္ထာရမ္ဘ ၁၅-ဂါထာဖြင့် စတင် ကြုံးပမ်းအပ်သော သဒ္ဒနီတိပဒမာလာ ကျမ်းကြီးနှင့်–

ဠတော ပရံ တု သရတော၊ ဓကာရန္တာဒိဘေဒတော။
ဓာတုယော ဓာတုနိပ္ဖန္န-ရူပါနိ ဝိဝိဓာနိ စ။

သာဋ္ဌကထေ ပိဋကမှိ၊ ဇိနပါဌေ ယထာဗလံ။
နယံ ဥပပရိက္ခိတွာ၊ သမာသေန ကထေဿဟံ–

ဟူသော ကရဏပ္ပကာရ, ပဋိညာဉ် ပါရှိသော သဒ္ဒနီတိ ဓာတုမာလာ ကျမ်းကြီး၊ အပ္ပဘုဒ္ဓတကကဟာလိသာ သဒ္ဒါဝဏ္ဏာ အစ တော နပုံသကေ ဇဆုံး သုတ်စဉ်ပေါင်း ၁၃၄၇-ပါရှိ၍ ယင်းသုတ်ပေါင်း၁၃၄၇-သုတ်နှင့် ဝုတ္တိ,ဥဒါဟရဏ် စုံလင်စွာ ကန်ဆာဆင်၍ ကြုံးပမ်းစီရင်အားသစ်ပြီး——

ပရိယတ္တိ ပဋိပတ္တိ–ပဋိဝေဓေနမေဝ မေ။
အတ္ထာယ ရစိတံ တေ၊ တသ္မာ သောတဗ္ဗ မေဝိဒံ–

အစရှိသော ဂါထာ ၁၂-ဂါထာနှင့် စုဏ္ဏိယစကား–

အဟံ တု ပရမံ ဗောဓိံ၊ ပါပုဏေယျံ မနာဂတေ။
တံ ပတွာ သကလေ သတ္တေ၊ မောစေယျံ ဘဝဗန္ဓနာ။

ပါကဋ္ဌာ ခေ ရဝိန္ဒူဝ၊ ယသာ ကိတ္တိ မဟီတလေ။
အဂ္ဂဝံသာစရိယေန၊ တေန ဝီရစိတံ ဣဒံ——

ဟူသော ဆုတောင်းပတ္ထနာ, ဂန္ထကာရကပတ္ထနာပါရှိသော ၂-ဂါထာ နိဂုံး သဒ္ဒနီတိသုတ္တမာလာကျမ်းကြီးတို့ကို ပြုစုစီရင်တော်မူခဲ့သော သက္ကရာဇ် ၄၅၄၊ ၅၂၉-ခုနှစ်လောက်တွင် ပေါ်ထွန်းခဲ့သော သဗ္ဗညုဘုရားဆုပန် အရှင်အဂ္ဂဝံသ မဟာထေရ်သည် ပုဂံမြို့နယ် (မြင်းခြံခရိုင် ပုဂံခမြ)၌ သက်ဆုံးတိုင် သီတင်းသုံး

---

၁။ အကျယ် ပုဂံသာသနာဝင်နှင့် မဟာဝိသုတာရာမနိကာယသာသနာဝင် ၁၄၉-ကြည့်။

တော်မူ၍ သာသနာပြုတော်မူခဲ့သည့် ထိပ်တန်းသာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်[၁]။

အရှင်ဥတ္တရာဇီဝသည် သထုံ အရှင်ပြာဏဒဿီ၏ တပည့်ဖြစ်သော အရှင်အရိယဝံသ၏ တပည့်ဖြစ်၏။ သက္ကရာဇ် ၅၃၂-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူ၍ ပြန်ကြွလာပြီး ပုဂံမြို့ (မြင်းခြံရှိ ပုဂံမြို့)၌ သက်ဆုံးတိုင် သီတင်းသုံး၍ သာသနာပြုတော်မူသည်[၂]။

တိက္ခတ္တုံ ပတ္တလင်္ကော ယော၊ ပတိဋ္ဌာပေသိ သာသနံ။
ဝန္ဒိတွာ လောကနာထံ တံ၊ ဓမ္မံ သံဃဉ္စ ပူဇိတံ။

အာဂတာဂမသတ္တေန၊ စန္ဒေ့ာဝ သရဒမ္ဗရေ။
ပါကဋေနိဓ ဒီပမှိ၊ မဟာဝိဇယဗာဟုနာ။

ဥက္ကဋ္ဌိကံ နိသီဒိတွာ၊ သာသနတ္ထာဘိကင်္ခိနာ။
ယာစိတောဟံ ကရိဿာမိ၊ သဒ္ဒေပဒဝဏ္ဏနံ။

ပေါရာဏေဟိ ကတာနေကာ၊ သန္တိ ယာ ပန ဝဏ္ဏနာ။
တော ဝေဋ္ဌာဒိ ဂန္ထေသု၊ အစောတစန္ဒဝူပမာ။

တသ္မာ ခဇ္ဇောတတုလ္လံပမံ၊ ကရိဿံ ကိဉ္စိ ဝဏ္ဏနံ။
သာဓရေတံ နိသာမေထ၊ သာသနဿ သုဗုဒ္ဓိယာ—

ဟူသော ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ်, ပကရဏဟေတု, ပကရဏပယောဇဉ်, ဥဒယျာဇဉ်တို့ဖြင့် တန်ဆာ ဆင်အပ်သည့် ဂန္ထာရမ္ဘ ၅-ဂါထာ ပါရှိသော သဒ္ဒေပဝဏ္ဏနာဋီကာပါ၏[၃]။

တိက္ခတ္တုံ ပတ္တလင်္ကော ယော၊ ပတိဋ္ဌာပေသိ သာသနံ။
ဝန္ဒိတွာ လောကနာထံ တံ၊ ဓမ္မဉ္စသ ဂဏုတ္တမံ။

သဒ္ဒမဋ္ဌတိကာမေန၊ ယာစိတော ဓမ္မစာရိနာ။
သန္နိဒ္ဒေသံ ကရိဿာမိ၊ ကစ္စာနသုတ္တဝဏ္ဏနံ။

ပေါရာဏေဟိ ကတာနေကာ၊ သန္တိ ယာ ပန ဝဏ္ဏနာ။
တာ ဇဟိတွာန နိဒ္ဒေသံ၊ ဝိတ္ထာရနယဒီပိကာ။

---

၁။ သဒ္ဒနီတိပဒမာလာကျမ်းကြီးရှိုင်ဆိုက်စာမျက်နှာ-၄၁၈။ သဒ္ဒနီတိဓာတုမာလာကျမ်းကြီး ၃၉၁။ သဒ္ဒနီတိသုတ္တမာလာကျမ်းကြီး ၄၃၂ ရှိ၏။ အကျယ် ပုဂံသာသနာဝင် ကြည့်။
၂။ ပုဂံသာသနာဝင်ကြည့်။
၃။ ယင်းသဒ္ဒေပဝဏ္ဏနာဋီကာသည် ရှိုင်ဆိုက် စာမျက်နှာ-၁၅၆ ရှိသည်။

တသ္မာ ကိဉ္စိ အဝသိဋ္ဌံ၊ ကရိဿံ သုတ္တဝဏ္ဏနံ။
ကိဉ္စိမတ္တံ အဝက္ကမ၊ သာသနဿ ဟိတတ္ထိကာ—

ဟူသော ရတနတ္တယပဏာမ,အဘိယာစက,ပဋိညာဉ်,ကရဏပ္ပကာရ,ဥယျောဇဉ်တို့ပါရှိသော ဂန္ထာရမ္ဘ ၄-ဂါထာဖြင့် ကြိုးပမ်းအပ်သော သုတ္တနိဒ္ဒေသပါဠိ[1]။

နမဿိတွာန သမ္ဗုဒ္ဓံ၊ ဘူမိဇာတာ နမဒ္ဒိနံ။
ဝိဇာနန္တုတ္တမံ ဓမ္မံ၊ သံဃံ စ ဂုဏသာဂရံ။

ရစယိဿံ သမာသေန၊ နာမစာရဿ ဒီပကံ။
ပဉ္စာနနယဂါဟံ တံ၊ တံ သုဏာထ သမာဟိတာ—

ဟူသော ပဏာမ, ပဋိညာဉ်, ဥယျောဇဉ် ပါရှိသော ဂန္ထာရမ္ဘ ၂-ဂါထာဖြင့် ကြိုးပမ်းအပ်သော နာမစာရဒီပကပါဠိ။

သဗ္ဗတ္ထယုတ္တ ပိဋကတ္တယပါရဒဿီ၊
သော ဆပ္ပဋဝှယသုတော ယတိ ရာဇပုတ္တော။
သီမာယ လံကရဏသံဂဟော ဝဏ္ဏနေ မံ၊
သံခေပတော ဝိရစယိ မုနိသာသနတ္ထံ—

ဟူသော နိဂုံးဂါထာပါရှိသော သီမာလင်္ကာရဋီကာကျမ်းများနှင့် ဝိနယဂူဠ-ဒီပနီကျမ်းစသည်တို့ကို ပြုစီရင်တော်မူခဲ့သော သီဟိုဠ်ပြန် အရှင်သဒ္ဓမ္မဇောတိ-ပါလ(ဆပ္ပဋ) မဟာထေရ်သည် ပုဂံပြည် (မြင်းခြံခရိုင် ပုဂံမြေပထျာ)၌ သက်ဆုံးတိုင် သာသနာပြုတော်မူခဲ့သည်[2]။

နတွာ ဗုဒ္ဓါဒိစ္စံ ပုဗ္ဗံ၊ ဝေနေယျုပ္ပလဗောဓကံ။
ဝဏ္ဏယိဿံ သမာသေန၊ ဝုတ္တောဒယပဒက္ကမံ။
ပေါရာဏေဟိ ကတာ ဋီကာ၊ န သာ သဗ္ဗတ္ထ ဗောဓကာ။
ဝစနတ္ထဉ္စ ကေတ္ထ၊ အဓိပ္ပါယဉ္စ ဘာသတော—

ဟူသော ပဏာမ, ပဋိညာဉ်, ကရဏပ္ပကာရ ပါရှိသော ဂန္ထာရမ္ဘ ၂-ဂါထာဖြင့် ကြိုးပမ်းစီရင်အပ်သော ဝုတ္တောဒယ(ဆန်း) ကျမ်းအဖွင့် ဝစနတ္ထဇော-တိကာ ဋီကာကျမ်းပြု အရှင်ဝေပုလ္လဗုဒ္ဓိထေရ်သည် သက္ကရာဇ် ၄၂၀-ကျော်လောက်တွင် ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံမြို့) ဒက္ခိဏာဝါသကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ သာသနာ ပြုတော်မူခဲ့သည်[3]။

---

၁။ ယင်းသုတ္တနိဒ္ဒေသပါဠိသည် ရှင်ဆိုက် ၂၉၁-မျက်နှာ ရှိ၏။

၂။ အကျယ် ပုဂံသာသနာဝင်ကြည့်။

၃။ ဝစနတ္ထဇောတိကာဋီကာပါဠိ ဒိမိုင်းဆိုက် စာမျက်နှာ-၆၀ ရှိ၏။

သဒ္ဒတ္ထ ဘေဒဝါဒီနံ၊ ပဝရံ ဝရဝါဒိနံ။
အဘိဝါဒိယ သဒ္ဒတ္ထ၊ ဘေဒစိန္တာဘိဓိယတေ——

ဟူသော ၂ ပဏ္ဏာမ, ပဋိညာဉ် ပါရှိသော ဂန္ထာရမ္ဘဂါထာဖြင့် ပြုစီရင်အပ်သော ဂါထာ ၄၀၀-ပါရှိသည့် သဒ္ဒတ္ထဘေဒစိန္တာပါဠိကျမ်းပြု သမ္မာသမ္ဗောဓိဆုကြီးပန် အေ-ဒီ ၁၂-ရာစုနှောက်တွင် ထင်ရှားသော အရှင်သဒ္ဓမ္မသိရိထေရ်သည် ပုဂံမြို့တော်(မြင်းခြံခရိုင် ပုဂံမြို့)၌ ကျမ်းပြု, စာချ သာသနာပြုတော်မူခဲ့သည်[1]။

သိဒ္ဓသဒ္ဒတ္ထသမ္ဗန္ဓ—ဒေသကံ ဇိနပုင်္ဂဝံ။
တပ္ပကာသိတဓမ္မဉ္စ၊ ဂဏဉ္စ ဂုဏသာဂရံ။

နတွာ ကစ္စာနထေရဉ္စ၊ တေန သဒ္ဒါနုသာသနံ။
ယမိဒါနိ ကတံ တဿ၊ ကာရိကာ ဝုစ္စတေ မယာ——

ဟူသော ရတနတ္တယပဏာမ, ကစ္စာယနထေရပဏာမ, ပဋိညာဉ် ပါရှိသော ဂန္ထာရမ္ဘ ၂-ဂါထာ,

တမ္ဗဒီပဝှယေ ရဋ္ဌေ၊ ရိမဒ္ဒနပုရေ ဝရေ။
မဟာဘောဂနိမာဝါသေ၊ နန္ဒာ နာမ ဝိဟာရကေ။

ဝသတာ ထိရစိတ္တေန၊ ဇိနသာသန နန္ဒိနာ။
ဓမ္မသေနာပတိ နာမ၊ ထေရေန ရစိတာ အယံ——

ဟူသောနိဂုံး ၂-ဂါထာတို့နှင့်တကွ ဂါထာပေါင်း ၅၆၈-ဂါထာ ပါရှိသော **ကာရိကာသဒ္ဒါငယ် ကျမ်းနှင့်—**

ဂုဏမုတ္တမသမ္ဗုဒ္ဓံ၊ ဓမ္မံ သံဃဉ္စ သာဓုကံ။
နမဿိတွာ ကရိဿာမိ၊ ကာရိကာယတ္ထဝဏ္ဏနံ—

ဟူသော ရတနတ္တယ ပဏာမ, ပဋိညာဉ် ပါရှိသော ကာရိကာ ဋီကာကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ကျမ်းဂန်တတ်သိ ပညာရှိ ပုဂ္ဂိုလ် ဖြစ်တော်မူသော အရှင် ဓမ္မသေနာပတိ ထေရ်သည် ပုဂံမြို့တော် (မြင်းခြံ ခရိုင် ပုဂံမြို့) ၌ သက္ကရာဇ် ၄၂၆-ခုနှစ်တွင် နန်းတက်သော ကျန်စစ်မင်း လက်ထက်၌ ပေါ်ထွန်းခဲ့သည် ။

---

၁။ အကျယ် ပုဂံသာသနာဝင်ကြည့်။

မုနိန္ဒက္ကော တမံ မောဟံ၊ ဟန္တွာ ဗောဓေသိ ပဏ်ဇံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊ သော သမ္ဗာလေတု မံ ဇိနော။
မာဂဓိကာယ ဗာလာနံ၊ ဗုဒ္ဓိယာ ဗုဒ္ဓသာသနေ။
ဝက္ခံ ကစ္စာယနသာရံ၊ နိဿာယ ဇဿဒါသကံ–

ဟူသော အာသီသ ပုဗ္ဗက ပဏာမ ကရဏပ္ပကာရ, ပဋိညာဉ် စုံသင့်စွာ ပါရှိသော ဂန္ထာရမ္ဘ ၂-ဂါထာ ကျမ်းဦးစကားနှင့်တကွ ၇၂-ဂါထာ ပါရှိသော ကစ္စာယနသာရပါဠ်ကို ရေးသား စီရင်ခဲ့သော အရှင် ယသ မထေရ်သည် အေဒီ ၁၂-ရာစုခန့်တွင် ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံမြို့)၌ ပေါ်ထွန်းခဲ့သည်[၁]။

သီဟိုဠ်မှ ဥတ္တရ ဝိနိစ္ဆယ ဋီကာပါဠ်ကို သီဟိုဠ် ကျွန်းမှ မြန်မာနိုင်ငံ ပုဂံမြို့သို့ ယူဆောင်တော်မူခဲ့သော သီဟိုဠ် ကျွန်းနှင့် ပုဂံမြို့တို့၌ နေအသွင် လအလား ထင်ရှားတော်မူသော အရှင် သီဝလိ ထေရ်သည် ပုဂံမြို့တော် (မြင်းခြံ ခရိုင် ပုဂံမြို့)၌ သီတင်း သုံးတော်မူ၍ စာပေချုပ်ပို့ သာသနာပြုတော် မူခဲ့သည့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်[၁]။

ထေရေန ထိရစိတ္တေန၊ သာသနုဇ္ဇောတနတ္ထိနာ။
ပုညဝါ ဉာဏဝါ သီလီ၊ သုဟဇ္ဇော မုဒုကော ထတော။
ယော သီဟဠာရိမဒ္ဒေသု၊ စန္ဒိမာ သူရိယော ဝိယ။
ပါကဋော သီဝလိတ္ထေရော၊ မဟာတေဇော မဟာယသော။
တေန နိတာ သီဟဠာ ယာ၊ ဣမ ပတ္တာ သုဓိမတာ။
သော သံဝဏ္ဏနာ သီဟ-ဠက္ခရေန သုလိက္ခိတာ[၂]။

ဤ ဥတ္တရဝိနိစ္ဆယ ဋီကာပါဠ်ကို သီဟိုဠ်အက္ခရာမှ မြန်မာအက္ခရာ ပြန်ဆို ရေးသားစီရင်တော် မူခဲ့သော အရှင်ရေဝတမထေရ်သည်လည်း ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံမြို့) ၌ ဘုရားမြတ်စွာ သာသနာ့ဝန်ကို လင်းလက်စေအောင် ဆောင်ရွက်တော် မူခဲ့လေသည်[၁]။

ရေဝတော ဣတိ နာမေန၊ ထေရေန ထိရစေတသာ။
အရိမဒ္ဒိကေ ရက္ခန္တေန၊ ပရိဝတ္တေန သာဓုကံ။
လိခါပိတာ ဟိတတ္ထာယ၊ ဘိက္ခူနံ အရိမဒ္ဒိကေ။
သော သံဝဏ္ဏနာ သဒ္ဒ-သန္နိဋ္ဌာန မုပါဂတာ။
တထေဝ သဗ္ဗသတ္တာနံ၊ သဗ္ဗတ္ထော စ သမိဇ္ဈတု[၂]။

---

၁။ အကျယ် ပုဂံသာသနာဝင်ကြည့်။

၂။ ဥတ္တရဝိနိစ္ဆယ ဋီကာ-၅၃၀ (ပစ္ဆာ ဌပိတာ ဂါထာယော)။

စျာန်အဘိညာဉ်ရ ရဟန္တာ ပုဂ္ဂိုလ်မြတ်ဟူ၍ ကျော်စော ထင်ရှားလှသော အရှင် သုမေဓာ မထေရ်မြတ်သည် ပုဂံပြည် (မြင်းခြံခရိုင် ပုဂံမြေ ပထမျာဦ) သီတင်းသုံး သာသနာပြုတော် မူခဲ့သည်[၁]။

ယဿ မူလေ နိသိန္နော၀၊ သဗ္ဗာရိ ဝိဇယံ အကာ။
ပတ္တော သဗ္ဗညုတံ သတ္ထာ၊ ၀န္ဒေ တံ ဗောဓိပါဒပံ။

ဇနိတံ ယံ ပဏ္ဍာမေန၊ ဣတိ ဗောဓိမဟီရုဟော။
ပုညံ တဿာနုဘာဝေန၊ တောသ္မာ သဗ္ဗေ ဥပဒ္ဒဝေ။

ဒဿယိဿံ မဟာဗောဓိ-ဝံသံ ဘာသာယ သတ္တုနော။
ပုဗ္ဗေ သီဟဠဘာသာယ၊ ဌိတံ ၀ုဒ္ဓဇနာနုဂေါ-

ဟူသော ၃-ဂါထာ ဂန္ထာရမ္ဘဖြင့် သီဟိုဠ် ပညာရှိ ရဟန်းတော် အရှင် ဥပတိဿထေရ် စီရင်အပ်သော မဟာဗောဓိဝံသအဋ္ဌကထာ၏ အဖွင့်သံဝဏ္ဏနာဋီကာကို -

ယဿ မူလေ နိသိန္နော၀၊ သဗ္ဗာရိ ဝိဇယံ အကာ။
ပတ္တော သဗ္ဗညုတံ သတ္ထာ၊ ၀န္ဒေ တံ ဗောဓိပါဒပံ---

ဣစ္စေဝမာဒိနာ ဝိရစိတေ မဟာဗောဓိဝံသေ ပဒဝိဝရဏံ ကရိမာနေန မယာ အာရမ္ဘ ဌပ္ပာ စသည်ဖြင့် ဖွင့်ဆို ရေးသားအပ်သော မဟာဗောဓိဝံသဋီကာပါဌ်နှင့် ပရမတ္ထဗိန္ဒုဋီကာ, ခုဒ္ဒသိက္ခာနိဿယဟောင်း စသည့် ကျမ်းဂန်တို့ကို ပြုစီရင်တော် မူခဲ့သော ပေါင်လောင် အရှင်မဟာကဿပမဟာထေရ်သည် ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံမြို့)၌ စာပေချပို့ ကျမ်းပြု, တရားဟော, တရားအား ထုတ် သာသနာပြုခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်သည်[၁]။

မုခမတ္တသာရကျမ်း, မုခမတ္တသာရဋီကာကျမ်း စသည်တို့ကို ပြုစီရင်တော် မူခဲ့သော အရှင်ဂုဏသာဂရမထေရ် သည် သက္ကရာဇ် ၅၀၀-ကျော် ၆၀၀-ခန့်တွင် ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံမြို့)၌ ပေါ်ထွန်းခဲ့သည့် ပညာရှိ သာသနာ့၀န်ဆောင် မထေရ်မြတ် ဖြစ်တော်မူသည်။

ဃတေ စာတိ စသဒ္ဒေန၊ ပဏ္ဍာတေတ္တံ သမုစ္စယေ။
တေန သိဒ္ဓံ ရာဇဓီတော၊ သေဋ္ဌိဓီတာတိအာဒိကေ -

ဟူသော ဂါထာသည် အရှင်ဂုဏသာဂရထေရ်၏ မုခမတ္တသာရ ဋီကာလာ ဂါထာဖြစ်သည်[၁]။

---

၁။ အကျယ်ပုဂံသာသနာ၀င်ကြည့်။

"ဣတိ ပရမဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိ ဝီရိယပဋိမဏ္ဍိတေန တိပိဋကဓရာဘယထေရောတိ ဂရူဟိ ဂဟိတနာမဓေယျေန ယေျာကရဋ္ဌေန ပရဟိတေသိနာ ထေရေန ကတာယံ သဒ္ဒတ္ထဘေဒစိန္တာယ လီနတ္ထပကာသနာယံ သံဝဏ္ဏနာဝဏ္ဏဘူတာ သာရတ္ထသင်္ဂဟာ နာမ ဋီကာ သမတ္တာ ဖရိပုဏ္ဏာ" ဟူသော နိဂုံးစကားပါရှိသော သဒ္ဒတ္ထဘေဒစိန္တာဋီကာကျမ်းပြု ဆရာတော် တိပိဋကဓရာဘယ မဟာထေရ်သည် ပုဂံမြို့(မြင်းခြံခရိုင် ပုဂံမြို့)၌ သာသနာပြုသည့် သာသနာ့ဝန်ဆောင် ဆရာတော် ဖြစ်တော်မူသည်[၁]။

သညာဝိမာနံ သုရဘန္တိ သန္တိ၊
နိသေမနံ ဗျဥ္ဇနသန္ဓိ သန္ဓိ။
ယော နိဂ္ဂဟီဟာဃ စ သန္ဓိကပ္ပေ၊
သုနိစ္ဆယော သော ဟိ မယေတ္ထ ဝုတ္တော။

အန္တရာဝိဃာတတ္ထံ၊ မင်္ဂလာ စ ဟိတာယ စ။
သဒ္ဒါဓေဝ ဝတ္ထုနော တေန၊ ပဏာမဝစနံ ကတံ—

အစရှိသော ဂါထာများနှင့်တကွ ဂါထာပေါင်း ၃၁၇-ဂါထာ ပါရှိသော သဒ္ဒါကျမ်းနက်, သင်ပုန်းကြီး ခေါကိုယ်ပါဌ်, သင်ပုန်းကြီးဋီကာပါဌ် စသည့်ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော နရသီဟပတေ့ တရုတ်ပြေးမင်း လက်ထက် (သို့မဟုတ် ကျစွာမင်းလက်ထက်)တွင် ထင်ရှားသော ဓိသာ ပါမောက္ခာစရိယ ဆရာတော် ဦးကျဉ်ဖွေ့ ဟု ကျော်ကြားသော အရှင်သဒ္ဓမ္မနန္ဒီသည် ပုဂံ(မြင်းခြံခရိုင် ပုဂံမြို့)မှ သာသနာပြု ပုဂ္ဂိုလ်ကျော်တပါး ဖြစ်လေသည်[၁]။

အနန္တဉာဏံ သမ္ဗုဒ္ဓံ၊ သဒ္ဒဝုတ္တိ ပကာသကံ။
သဒ္ဓမ္မာစရိယ သံဃဥ္စ၊ သက္ကစ္စံ အဘိဝါဒိယ။

သဒ္ဒဝုတ္တိနိမိတ္တေသု၊ ဆေကာကာမေန ဘိက္ခုနာ။
ယာစိတောဟံ ကရိဿာမိ၊ သဒ္ဒဝုတ္တိပကာသကံ—

ဟူသော ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ် ပါရှိသော ဂန္ထာရမ္ဘ ၂-ဂါထာဖြင့် အားသစ် ကြိုးပမ်းအပ်သော—

ယတ္ထ ယတ္ထ ပဒေဒေသု၊ ဒိဋ္ဌေ ဝိသာဇ္ဇနေ သတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝ ဝိဘာဝိနာ—

ဟူသော အဆုံးဂါထာနှင့် တကွ ဂါထာပေါင်း ၁၁၅-ဂါထာ ပါရှိသော သဒ္ဒဝုတ္တိပါဌ် ကျမ်းပြု အရှင် သဒ္ဓမ္မဂုရုမဟာထေရ်သည် သက္ကရာဇ် ၆၀၀ ခန့်တွင်

---

၁။ အကျယ် ပုဂံသာသနာဝင် ကြည့်။

ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံ)၌ ပေါ်ထွန်းခဲ့သည့် အကျွရုစိန် သုခမိန် ပညာရှိ မထေရ်မြတ် ဖြစ်တော်မူသည်[၁]။

အနန္တညာဏံ သမ္ဗုဒ္ဓံ၊ သဒ္ဒဝုတ္တိ ဝိဇာနနံ။
မောဟာယ ဓံသကံ ဓမ္မံ၊ သံဃဉ္စာပိ နိရင်္ဂဏံ။

သက္ကစ္စံ အဘိဝါဒိယ၊ သိဿာနံ ဆေကပါပကံ။
သဒ္ဒဝုတ္တိ ပကာသဿ၊ ကရိဿာမတ္ထဝဏ္ဏနံ—

ဟူသော ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ် ပါရှိသော ဂန္ထာရမ္ဘ ၂-ဂါထာဖြင့် ကြိုးကုတ်စီရင်အပ်သော သဒ္ဒဝုတ္တိဋီကာ ကျမ်းပြု ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံမြို့)ဖောင် မြင်းကပါအရပ် မြင်းကပါဥယျာဉ် ကျောင်းတိုက်၌ သီတင်းသုံး၍ ရဟန်းကိစ္စ နှစ်ခုရ လုံးလအားသည်းသည့် မဟာထေရ်မြတ်ကြီး ဖြစ်သည်[၁]။

သီလဝန္တ သိက္ခာကာမ ဂုဏ်ပေါင်း ခတော်မူသည့် ပဋိပတ္တိအရာ လွန်စွာကျော်ကြားသည့် အရှင်သီလဗုဒ္ဓိမဟာထေရ် (စွယ်ရှင်ပံသုကူမဟာထေရ်) သည် သက္ကရာဇ် ၄၂၄-ခုနှစ် နန်းတက်သော အလောင်းစည်သူမင်း လက်ထက် နောက်ပိုင်း ပုဂံသာသနာပြုမထေရ်မြတ် ဖြစ်သည်[၁]။

"ဂုဏမုနိန္ဒာဓိပတိ ပဝရသာမိ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ, ဝိနယသင်္ဂဟအဋ္ဌကထာ ကျမ်းကို အစအဆုံး ရသည်ဟု ကျော်စောသော ဝိနည်းသိက္ခာ ပုဒ်တော်တို့၌ အလွန်လျှင် အလေးဂရုပြုတော်မူသော—

မန်လည် မဟာစရိယော ဟိ၊ လဇ္ဇီ သိက္ခာကာမော သုခီ။
သူရတော နိဝါတော ဧဝ၊ ခန္တိယာ ဥပေတော ဝိဒူ။

ဗဟုဿုတ သဗ္ဗညုနေ ဝ၊ ဝုဒ္ဓိကာမော ပိသာရဒေါ။
သာသန ဓသာမဓကာ မစေ၊ လဇ္ဇီဝံသသု ပါကဋော—

ဟူသော ဂါထာများဖြင့် အမရပူရ သာသနာဝင်၌ ဖွဲ့ဆို ချီးကျူးလျက် ဖော်ပြပါဝင်သော သက္ကရာဇ် ၁၀၇၆-ခုနှစ်ဖွား ၁၁၆၇-ခုနှစ် ပျံလွန် မန်လည်ဆရာတော်ဘုရားကြီး အရှင်ဂုဏာဘိလင်္ကာရ မဟာထေရ်သည် မြင်းခြံခရိုင် တောင်သာမြို့နယ် သစိုးမန်လည်ရွာ ဇာတိဖြစ်သည်[၂]။

---

၁။ အကျယ်ပုဂံသာသနာဝင် ကြည့်။

၂။ အကျယ် အမရပူရ သာသနာဝင်။ သာသနာပိုင်မန်လည်ဆရာတော်အရှင် ဂုဏာဘိလင်္ကာရ ကြည့်။

ပဏာမျဟံ ပု ခံ သံ မေ၊ ဂရုံ စ ယာစိတော လိခံ။
ယုဝသောတူနမတ္ထာယ၊ နိဿယံ ဒွါရဋီကာယ—

ဟူသောဂါထာဖြင့် ဂန္ထာရမ္ဘ (ကျမ်းဦး) ဂါထာပါရှိသည့် ဓမ္မသင်္ဂဏီ ဒွါရကထာ မူလဋီကာနိဿယကျမ်း,

ပရမတ္ထဝိန္ဒုနောဟံ၊ ကဿံ နတွာန နိဿယံ။
သမ္ဗုဒ္ဓဉ္စ ဧဝ ယုဂန္တရံ။ ဓမ္မဉ္စဿ ဂဏံ ဝရံ—

ဟူသော ဂန္ထာရမ္ဘ (ကျမ်းဦး) ဂါထာဖြင့် အားသစ်ကြိုးပမ်း၍—

နလဂါဒ္ဒိကဝဿဓေ၊ သာသနေ အင္ဂဿေ ကတော။
သက္ကရာဇေ စ သမ္ပတ္တော၊ သုဒဿနံ သောဘိတော။
နာမေန အမရပူရေ၊ နဂရေ အတိသောဘိတေ။
ဗာကရာ နာမ ဝိဟာရေ၊ သာသနဿ ဟိတေသနေ။
ဝသတော မဟာထေရဿ၊ ယော သိဿော သုတသမ္ပန္နော။
ဟိတတ္ထိကော စ တေနေဝ၊ မုနိန္ဒသာရနာမေန။
တဿ နယံ ဥဂ္ဂဏှိတွာ၊ သုကာရိတော ယ နိဿယော။
အနာကုလာ သမာသေန၊ တံ သိက္ခန္တု ဟိတေသကာ။
အနေန သဗ္ဗတဝေသု၊ ပဿိတွာဝ ကောက္ခရံ။
နာနာနယံ သဘာဝေန၊ ဓာရိတော ဟောမိ ပဏ္ဍိတော—

ဟူသော နိဂုံး ၅-ဂါထာပါရှိသည့် ပရမတ္ထဝိန္ဒုနိဿယ, ဘိက္ခုပါတိမောက်နိဿယ, ဝုတ္တောဒယ (ဆန်း) နိဿယစသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော သမ္မာသမ္ဗောဓိ ဆုကြီးပန် န္တားပြင်းဆရာတော် အရှင်မုနိန္ဒသာရသည် မြင်းခြံခရိုင် န္တားပြင်းရွာ ဇာတိဖြစ်သည်[၁]။

အာလောကာဘိဝရသာသနရဉ်္ဇ မဟာဓမ္မရာဇဂုရု အာလောကာဘိဝရ မဟာဓမ္မရာဇာဓိရာဇဂုရု, အာလောကာဘိဝရအကုလာဓိပတိ သိရီပဝရ မဟာ ဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ—

ဧတေန မုညကမ္မေန၊ ဓဇတ္တေယျသော သာန္တိကေ။
ခိဏာသဝေါ ဘဝေယျာဟံ၊ အရဟာ ဟေဘိက္ခုကော။
မာနေယျဥ္စာပိ ပူဇေယျံ၊ တသ္မိံ ကာလေ ဂရုဉ္စ မေ။
အဂ္ဂဓမ္မ အလင်္ကာရံ၊ သုတံ မရမ္မရဋ္ဌကေ—

ဟူသော ဆုတောင်းစကား နိဂုံး၌ပါရှိသော ဗာလာဝတာရနိဿယ—

၁။အကျယ် အမရပူရသာသနာဝင်။ န္တားပြင်းဆရာတော် အရှင်မုနိန္ဒာသာရတော်ရဲကြည့်။

ကဝိနံ ကဏ္ဌာဘူသာယ၊ ကတာ သဒ္ဒတ္ထကဏ္ဌိကာ။
ကဏ္ဌာဆိဒ္ဒေ ပဓပေသေတွာ၊ နိစ္စံ ရာဇန္တု ရှိယာ——

ဟူသော ဥယျောဇဉ်စကား နိဂုံး၌ပါရှိသော ၅၉-ဂါထာရှိ လိင်္ဂမာလာပါဌ်, လိင်္ဂမာလာနိသျ, နာမ်ရူပမာလာကျမ်း, ပစ္စဝေက္ခဏာလေးပုဒ် စကားပြေ, ရူပဟကာသနီကျမ်း, အာချာတ်ပဒမာလာကျမ်း, ဂဏာသ်သင်္ဂြိုဟ်စဉ်ကျမ်း, ဝိပဿနာရှုဖွယ်ကျမ်း, ဒွါသဋ္ဌိဒိဋ္ဌိဘေဒနကထာကျမ်း, နိဗ္ဗာန်ဝိနိစ္ဆယကထာကျမ်း, လိင်္ဂဝိပလ္လာသကထာကျမ်း, သမာသ်ပဒမာလာကျမ်း, တဒ္ဓိတ်ပဒမာလာကျမ်း, နာမပစ္စယဒီပနီကျမ်း အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော သက္ကရာဇ် ၁၁၇၁-ခုနှစ်ဖွား ၁၂၅၇-နှစ်တွင် ပျံလွန်တော်မူသော မန္တလေးမြို့ မြေတောင်ဆရာတော်ဘုရားကြီး အရှင်အာလောက မဟာထေရ်သည် မြင်းခြံခရိုင် ပုဂံမြို့နယ် ပြန်ရွာဇာတိဖြစ်သည်[၁]။

"သာသနဝရဟု ဆိုအပ်သော ပိဋကသုံးပုံ၏အဖွင့် အဋ္ဌကထာဖြစ်သော နေတ္တိသည် ဟာရ, နယ, သာသနပဋ္ဌာန အားဖြင့် သုံးပါးတည်း" အစချီ၍ ရေးစီရင်အပ်သော နေတ္တိ နိသျည်းကျမ်းငယ် စသည်တို့ကို ပြုစီရင်တော်မူခဲ့သော သက္ကရာဇ် ၁၁၅၀-ကျော်တွင် ထင်ရှားသော အရှင်အဂ္ဂဝံသမဟာထေရ်သည် မြင်းခြံခရိုင် ပုဂံမြို့၌ ထင်ရှားသော သာသနာပြုပုဂ္ဂိုလ်ဖြစ်သည်။ ပုဂံသာသနာဝင်ကြည့်။

"လက်ာဘိဝံသဓဇမဟာရာဇဂုရု" ဘွဲ့ဘံဆိပ်ကော်ရ——

ဥေ့ယျုဓမ္မ နဘညာဏာ၊ ဗုဒ္ဓဋ္ဌ မလဓောာနံ။
ဓမ္မံ ဝိသုဇ္ဈန္တိ သံဃံ၊ နာနာဒက္ခံ ဂရုံ နမေ။

ဂန္ထဝါစနမတ္တာယ၊ အဘိဓမ္မဝိဘာဝိနီ-
ဋီကာယ နာနိဿယံ၊ လက္ခဏာလမ္ဗပုဗ္ဗနံ —

ဟူသော ဂန္ထာရမ္ဘပါရှိသည့် ဋီကာကျော် နိသျသစ်စသည့် ကျမ်းပြုဆရာတော် အရှင်လက်ာဒီပသည် မြင်းခြံခရိုင် ပုဂံမြို့ဇာတိ မြင်းခြံခရိုင် ပုဂံမြို့၌ ကြာရှည်စွာ သီတင်းသုံး၍ စာပေ ချပို့ ပရိယတ္တိ ကန်တောင် ကန်သင်းကို ဆည်ဖို့တော်မူခဲ့သည်[၂]။

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း။ မြေတောင်သာသနာဝင်နှင့်ပုဂံသာသနာဝင်ကြည့်။
၂။ အကျယ် ပုဂံသာသနာဝင်ကြည့်။ မဟာဒေဝလလိတ ၁၆-လည်း ကြည့်။

"ပရိယတ္တိသာသနဟိတ မူလမဟာစရိယ" ဘွဲ့တံဆိပ်တော်ရ–

အာနာပါနံ သုဒေသေန္တံ၊ အာသာပါနံ ခယံ ဇိနံ။
အာဒရံ ဝန္ဒိတွာ ကာယံ၊ အာနာပါန ဝိပဿနံ–

ဟူသော ကျမ်းဦးပဏာမ, ပဋိညာဉ်ပြု ဂါထာဖြင့် ကြိုးပမ်းစီရင်အပ်သော အာနာပါန ရှုဖွယ်ကျမ်း–

မြန်မာလင်္ကာရဘူတေ စ၊ သုဇေ ပုရေ ရိပုဒ္ဒနေ။
ဇာတေန ကုလပုတ္တေန၊ ဘုရားစောဂါမေဝ ဇာတိယာ။

စစ်ကိုင်းနဂေ သုဘေ ရမ္မေ၊ တောယာသယသုမဏ္ဍိတေ။
မဟာရတနာဘုံစန္တိ-ဝုယေ ဝိသုတကန္ဒရေ–

ဟူသော နှစ်ဂါထာ နိဂုံးပါရှိသော ပဏ္ဍိစသဆောရုပ္ပတ္တိကျမ်း, ညဝါအခြေပြု ကျမ်း, ပစ္စယုဒ္ဒေသဒီပနီကျမ်း, ပုဂံမြို့ ဘုရားဆယ့်ခုနစ်ဆူ သမိုင်းကျမ်း,တော လေးဆယ် ပါဠိနိဿယအစရှိသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၃၆-ခုနှစ် ဖွား ၁၃၁၀-ခုနှစ် ပျံလွန် မန္တလေးမြို့ အနောက်ပြင် မြတောင် ကျောင်းတိုက်ကြီး၏ တတိယမြောက် နာယက, စစ်ကိုင်းတောင်ရိုး ရတနာ ဘုံစံဆရာတော် အရှင်ဝိစာရ မဟာထေရ်သည် မြင်းခြံခရိုင် ပုဂံမြို့နယ် ဘုရားစော ရွာ ဇာတိဖြစ်သည်[၁]။

"ဇိနစက္ကံ စိရံ ဒိဗ္ဗတု= ဇိနစက္ကံ၊ ငါးပါးမာရ်အောင် ထွတ်ဘုန်းခေါင်၏ ရွှေနှုတ်တော်ထွက် ဓမ္မစကြာသည်။ စိရံ၊ ငါးထောင်သာသနာ မြင့်ရှည်ကြာ ကာ လပတ်လုံး။ ဒိဗ္ဗတု၊ ကောင်းကင်စကြာငွေ ရောင်ဝါထွန်းလင်း ရှင်နေမင်းသို့ ဝင်းဝင်းတောက်ပ ပါစေသတည်း ဟူသော အာသီသပတ္ထနာနှင့်-

အယုတ္တံ စေ ဝဒန္တိ၊ ယံ ယုတ္တံ စေ ဂဏှန္တု၊ တံ။
သလ္လက္ခန္တု ဝါစုဂ္ဂတံ၊ ကတွာ မာနံ ရန္တု ပေသလာ။

သမ္မာ ပဋိပဇ္ဇန္တု စ။ ကိံ ကိံ အတ္ထံ ရက္ခတိဝ။
ကေစက္ခု ရက္ခတိဝ၊ ကေပုတ္တော ရက္ခတိဝ။

ဣမိနာ ပုညကမ္မေန၊ အညေန ကုသလေန စ။
သိဝံ လဘာမိ သံသာရေ၊ သန္တာရေဿာမိ ယာဝဟံ။

အဓိလေဟိ အနိဋ္ဌေဟိ၊ ဒုရိဘုတော ဒေါသဟိ။
ဟေယံ ဂုဏေဟိ ဣဋ္ဌေဟိ၊ အဓိလေဟိ သုသမ္ပန္နော။

---

၁။ အာကျယ်ပုဂံ [illegible]

ဝိညူ ဂါရယှကမ္မာနိ၊ အကရောန္တော သဒါ ဟေဿံ။
ဝိညုပ္ပသတ္ထကမ္မာနိ၊ ကရောန္တောဝ သဒါ ဟေဿံ။

သဟ ဘူတောဝ သန္တေဟိ၊ ဝိနာ ဘူတော အသန္တေဟိ။
ပရဂ္ဂုဏ ဝိဇာနကော၊ ရတနတ္တယ မာမကော။

သာသနံ ပဂ္ဂဏှန္တာနံ၊ ရာဇူနံ သဟာယော ဟေဿံ။
သာသနံ နိဂ္ဂဏှန္တာနံ၊ ဓမ္မေနာဟံ ဒမေယျံ စ။

မေတ္တေယျဿဝ သန္တိကေ၊ ပဋိသမ္ဘိဒညာဏဝါ။
ဌပိတံ ဓေယ အဂ္ဂေါတိ၊ ပညာဒီသု လဘေယျာဟံ[၁]။

မာတာ ပိတာ သတ္တာ ဉာတိ၊ ယမော တေ ဘူမိကာ ခိလာ။
သမံ ဘာဂံ လဘန္တု တေ၊ ဝသုန္ဓရီ လက္ခီ ဟောတု–

အစ ရှိသော နိဂုံး ဂါထာ စကား ပါရှိသော ဝိနည်းကုန်ချာကျမ်း, ပါတိ-မောက် အမေး အဖြေကျမ်း, ပဝါရဏာ အမေး အဖြေကျမ်း စသည်တို့ကို ပြုစီရင်တော် မူခဲ့သော သက္ကရာဇ် ၁၁၄၀-ကျော်တွင် ကျော်စောကိတ္တိ ဂုဏ် သတင်း ပျံ့သင်းလျက် ပေါ်ထွန်းတော်မူသော ဂဏပါမောက္ခ, ဂဏာစရိယဖြစ် တော်မူသော အရှင်သုမေဓာလင်္ကာရ ဆရာတော်ဘုရားကြီးသည် မြင်းခြံခရိုင် ပုဂံမြို့ အာနန္ဒာစေတီမြောက်ဘက်ရှိ ရွှေချသုံးထပ်ကျောင်းကြီး၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ သာသနာ ပြုတော်မူခဲ့လေသည်[၂]။

"မဏိဇောတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု, မဏိဇောတ သီရိသဒ္ဓမ္မ မဟာဓမ္မရာဇဓိရာဇဂုရု, မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော် သုံးထပ်ရ–

အာဒိမှိ သုပရိညာတာ၊ သဂါထာဝဂ္ဂဝဏ္ဏနာ။
မူလဋ္ဌနိဿယံ လိခိံ၊ ဝိသောဓိတ မနာယသာ။

နိဒါနဝဂ္ဂတ္ထ ဒါနိ၊ သမ္ပတ္တော ကထနောကာသော။
တသ္မာ တဿာ ကထာ ယာပိ၊ နိဿယံ ရစယိဿာမိ–

ဟူသော ဂန္ထာရမ္ဘဖြင့် သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ နိဿယ, နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ နိဿယနှင့် မူလဋီကာဒွါရကထာအဖွင့်နိဿယ, ဝိနည်း အဆုံး အဖြတ်များစသည့် စာပေကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော မင်းတုန်းမင်း ကြီး၏ ပဌမသံဃနာယက (သီဟဠရဋ္ဌသံဃနာယက) အကြိုပိဋကတ်တော်များကို

---

၁။ မူရင်းအကိုင်းဖြစ်၏(ဟန္တိကေ မေတ္တေယျဿေဝ၊ ပဋိသမ္ဘိဒညာဏဝါဟုရေးလျှင် လုပ၏)

၂။ အကျယ် ပုဂံသာသနာဝင်ကြည့်။

ပေမူများရေးကူးစဉ် သံယုတ်ပါဠိတော် ၃-ကျမ်းကို သုတ်သင်ပြင်ဆင်တင်သွင်းတော်မူခဲ့သော မန္တလေးမြို့အနောက်ပြင် ခင်မကန်ကျောင်းတိုက်နှင့် မန္တလေးမြို့အရှေ့ပြင် ခင်မကန်ကျောင်းတိုက်ကြီး နှစ်တိုက်တို့၏ အာဒိမအဓိပတိ မဟာနာယကဖြစ်တော်မူသော ခင်မကန်ဆရာတော်ဘုရားကြီး အရှင်မဏိဇောတသည် မြင်းခြံခရိုင် ခင်မကန်ရွာဇာတိဖြစ်သည်[၁]။

"သုဓမ္မာနုဇရမ္မာသာမိမဟာမေ္မရာဇာဓိရာဇဂုရု, သုဒ္ဓဿနအတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၂-တပ်ရ−

မဟာကာရုဏိကံ ဗုဒ္ဓံ၊ ဓမ္မံ အမတနာယကံ။
စူဠဝဂ္ဂါယုသိတဉ္စ၊ နတွာ သံဃံ ဇိနောရသံ—

အစရှိသော ၁၁-ဂါထာတို့ဖြင့် ဂန္ထာရမ္ဘ ပြုစီရင်အပ်သော စူဠဝါပါဠိတော်နိသျသစ်, ဓမ္မသင်္ဂဏီပါဠိတော်နိသျသစ်, ကင်္ခါစုဒ်ဓောဒနာကျမ်း, ဋီကာကျော်ကျမ်းရိုး, ဋီကာစုဒ်ဓောဒနာကျမ်း, ဒုစ္စရိတဝိနိစ္ဆယကျမ်း, သပိတ်အိတ်နှင့်တကွ မြို့တွင်း ရွာတွင်း ဆွမ်းခံ ဝင်အပ် မဝင်အပ် အဆုံးအဖြတ်ကျမ်း, သက်န်းအနားပတ်အိမ် အဆုံးအဖြတ်, မတသန္တကဝိနိစ္ဆယ, ကုဋီအဆုံးအဖြတ်, အဿာဒီပ, ဂဇာဒီပ, နရာဒီပ-ဟူသော ထိုး ၃-စင်းအဓိပ္ပါယ် အစရှိသော ကျမ်းကြီးကျမ်းငယ် များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ၁၁၇၇-ခုနှစ်တွင် ဖွားမြင်၍ ၁၂၅၀-ပြည့်နှစ်တွင် ပျံလွန်တော်မူသော စံကျောင်း ဆရာတော်ဘုရားကြီး အရှင်သုဒဿနသည် မြင်းခြံခရိုင် နွားပြင်းရွာဇာတိ ဖြစ်သည်[၂]။

ဇာတိယာ ဇာယမာနေန၊ ပဥ္စဝဿေန ဘိက္ခုနာ။
သုတဗုဒ္ဓိတိ နာမေန၊ ဒ္ဓိဝဿေန ဝိနယဒ္ဓရာ။

ကတော ယံ ဂန္ထော နိဋ္ဌိတော၊ ဝိနာ အန္တရာယံ ယထာ။
တထာ ကလျာဏသင်္ကပ္ပါ၊ သိဇ္ဈန္တု ဂန္ထန္တု ပါဏိနံ−

ဟူသော နိဂုံး ၂-ဂါထာဖြင့် ရေးသားစီရင်အပ်သော ဝိဘတျတ္ထဝိဘာဝိနီဋီကာပါဌ်၊

သာဝကဗုဒ္ဓိသယာတိတော၊ ဝိနယော ယေန ဒေသိတော။
မဟာကာရုဏိကဿ တဿ၊ နမော ဗုဒ္ဓဿ သာဒရံ−

အစရှိသော ၉-ဂါထာ ဂန္ထာရမ္ဘဖြင့် စီရင်အပ်သော ပါရာဇိကဏ်အဋ္ဌကထာဂဏ္ဌိသစ်ကျမ်းကြီး၊ မောဂ္ဂလ္လာန်သုတ်နက် အစရှိသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက်

၁။ မန္တလေးသာသနာဝင်ကျမ်း။ အနောက်ပြင်ခင်မကန်သာသနာဝင်ကြည့်။
၂။ အကျယ် မန္တလေးသာသနာဝင်ကျမ်း။ မဟာဇောတိကာရာမသာသနာဝင်ကြည့်။

စာချအကျော်ဆရာတော် အရှင်သုတဗုဒ္ဓိသည် မြင်းခြံခရိုင် ညောင်ဦးမြို့ ဆိုကုန်းရပ်ဇာတိ ဖြစ်သည်[၁]။

မြန်မာ့သာသနာဝင်၌ ရဟန္တာဟု ကျော်ကြားထင်ရှားသော သက္ကရာဇ် ၁၂၃၉-ခုနှစ်ဖွား ၁၃၁၄-ခုနှစ် စံလွန်တော်မူသော စွန်းလွန်းဆရာတော်ဘုရားကြီး အရှင်ကဝိမဟာထေရ်သည် မြင်းခြံမြို့အနီး စွန်းလွန်းရွာ ဇာတိ ဖြစ်သည်[၂]။

မေတ္တာကမ္မဋ္ဌာန်း, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတို့ဖြင့် သက်ဆုံးတိုင်မွေ့လျော်၍ သာသနာပြုတော်မူခဲ့သော သက္ကရာဇ် ၁၁၉၉-ခုနှစ်ဖွား ၁၂၅၅-ခုနှစ် ပျံလွန်တော်မူသော ဆရာတော် အရှင်ပညာသီရိမဟာထေရ်သည် မြင်းခြံမြို့ အရှေ့ဘက် ရှစ်မိုင်ကွာ စမ်းကျကျောင်းတိုက်၌ သက်ဆုံးတိုင် သီတင်းသုံး သာသနာပြုတော်မူခဲ့သည့် ထင်ရှားသော သာသနာ့ဥာဏ်ဆောင် ဆရာတော်ဖြစ်တော်မူသည်။ ယခုတိုင် ရုပ်ကလာပ်တော်ကို ဖူးမြင်နိုင်၏။

“အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရာဇနီဇောတကထာကျမ်း, ပဋ္ဌာနဗျာကရဏ ကာသာကျမ်း, ပါရမီပကိဏ္ဏက ကထာကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော ၁၁၉၈-ခုနှစ်ဖွား ၁၂၇၀-ပြည့်နှစ် ပျံလွန် ညောင်ဦးမြို့ရွှေစေတီတိုက် ဆရာတော်ဘုရားကြီး အရှင်ဥယျမဟာထေရ်သည် မြင်းခြံခရိုင် ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရွာ ဇာတိဖြစ်သည်။ အကျယ် ပုဂံသာသနာဝင်ကြည့်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သုံးချက်စုအဓိပ္ပါယ်ကျမ်း, သုတ္တတ္ထဒီပနီကျမ်း, အဒိန္နာဒါနဝိနိစ္ဆယကျမ်း, အဘိဓမ္မတ္ထသင်္ဂဟပုစ္ဆာဝိသဇ္ဇနာကျမ်း, သီလက္ခန်ဂဏ္ဌိသစ်ကျမ်း, ပါစိတျာဒိအဋ္ဌကထာဂဏ္ဌိသစ်ကျမ်း, တေရသကဏ္ဍဂဏ္ဌိကျမ်း, ပဒဝိစယတ္ထဒီပနီကျမ်း, သုတ္တတ္ထပကာသနီကျမ်း, ကင်္ခါဝိတရဏီဂဏ္ဌိသစ်ကျမ်း, အဋ္ဌသာလိနီဂဏ္ဌိသစ်ကျမ်း, အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိသစ်ကျမ်း, ခေမာသိဝံနိယံကျမ်း စသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၁၈-ခုနှစ်ဖွား ၁၂၈၈-ခုနှစ် ပျံလွန် မန္တလေးမြို့ အနောက်ပြင် ခေမာသိဝံ ဆရာတော်ဘုရားကြီး ပဌမကျော်, သုဓမ္မာဝင် ဒုတိယမြောက် ခေမာသိဝံ ဆရာတော်ဘုရားကြီး အရှင်အဂ္ဂဝံသသည် မြင်းခြံခရိုင် နွားဆိုးကြီးမြို့နယ် ကုက္ကိုစုရွာဇာတိ ဖြစ်သည်[၃]။

“အဂ္ဂမဟာပဏ္ဍိတ”ဘွဲ့တံဆိပ်တော်ရ သာကျသီဟ မူလဓမ္မာစရိယ, ဆဋ္ဌသံဂါယနာ သံဃနာယက, သဒ္ဒသင်္ခေပပုစ္ဆာဝိသဇ္ဇနာကျမ်း, အဘိဓမ္မတ္ထသရူပသင်္ခေ

---

၁။ အကျယ်မန္တလေးသာသနာဝင်ကျမ်း။ ဒက္ခိဏာရာမသာသနာဝင်ကြည့်။ ပုဂံသာသနာဝင်လည်းကြည့်။

၂။ စွန်းလွန်းပဋိပတ္တိသာသနာဝင် ကြည့်။

၃။ အကျယ် မန္တလေးသာသနာဝင်ကျမ်း ခေမာသိဝံသာသနာဝင်ကြည့်။

ပဝိနိစ္ဆယကျမ်း, သီမာဝိနိစ္ဆယကျမ်း, စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၃၅-ခုနှစ်ဖွား ၁၃၃၄-ခုနှစ် ပျံလွန် တတိယမြောက် ခေမာသိဝံဆရာတော်ဘုရားကြီး အရှင်ဝိလာသသည် မြင်းခြံခရိုင် တောင်သာမြို့နယ် လယ်ဟောင်းရွာ ဇာတိဖြစ်သည်[၁]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ မင်းတုန်းမင်းလက်ထက် ဝိဘင်္ဂရေဝိဘင်း အာဂုံပြန်, ပဋ္ဌာနမစာချ, ပဒဝိဟာရကျမ်း, သဒ္ဒတ္ထဂဏ္ဌိကျမ်း, အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိကျမ်း, သီမာနိမိတ္တကိတ္တနကျမ်း, ဝိနိစ္ဆယအမျိုးမျိုးတို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၃၂-ခုနှစ်ဖွား ၁၃၀၁-ခုနှစ် ပျံလွန် ၁၂-မြို့ဂိုဏ်းချုပ် မြင်းခြံမြို့ မင်းကျောင်းတိုက် အာဒိကမ္မိက သက်တော်ရှည် ပဋ္ဌာနဆရာတော်ဘုရားကြီး အရှင်ဂီစာရ မဟာထေရ်သည် မြင်းခြံခရိုင် တောင်သာမြို့နယ် ရွာကြီးရွာဇာတိ ဖြစ်သည်[၂]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဓမ္မကထိက, သုဓမ္မာဝင် ၁၂၁၆-ခုနှစ်ဖွား မန္တလေးမြို့အနောက်ပြင် ကူကြီးတိုက်ဆရာတော် အရှင်ဝါယမသည် မြင်းခြံခရိုင် ပန်းကုံးပင်ရွာ ဇာတိဖြစ်သည်[၃]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ,

ဗုဒ္ဓါဒိသန္တံ သုခါဝဟံ၊ အာစေရတံ့ တု နတွာဟံ။
အနန္တဂုဏလလိတံ၊ သုဘံ လိက္ခံ ပရိတ္တတ္ထံ—

ဟူသော ဂါထာ ဂန္ထာရမ္ဘပါရှိသော ကိုးဆောင်ပရိတ်ကြီးနိဿယနှင့် မေတ္တာစာပေါင်း များစွာတို့ကို ပြုစုတော်မူခဲ့သော ၁၂၂၄-ခုနှစ်ဖွား ၁၂၉၀-ပြည့်နှစ် ပျံလွန် မြင်းခြံမြို့ ကိုးဆောင်တိုက် ဝေဇယန္တာအုတ်ကျောင်းဆရာတော် အရှင်ဝေပုလ္လ (အရှင်ဝိပုလ) မဟာထေရ်သည် မြင်းခြံခရိုင် တောင်သာမြို့နယ် နွားတဲရွာဇာတိ ဖြစ်သည်[၄]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ အဘိဓာန်နိဿယသစ်, မောဂ္ဂလ္လာန်နိဿျ, မောဂ္ဂလ္လာန်ပဉ္စိကာနိဿျ, ပဉ္စိကာဋီကာနိဿျ, သမ္ဗန္ဓစိန္တာနိဿျ, မုခမတ္တဒီပနီနိဿျ, အမရကောသနိဿျ, ဟိတောပဒေသနိဿျ, ကာတန္တနိဿျ, ကာဗျဒဿဒဏ္ဍီနိဿျ, ရဃုဝံသနိဿျ, မေဃဒူတနိဿျ, ဝိသုံဂါမဝိနိစ္ဆယ အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၄၀-ပြည့်နှစ်ဖွား ၁၃၀၁-ခုနှစ် ပျံလွန်

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ ခေမာသိဝံသာသနာဝင် ကြည့်။

၂။ မန္တလေးသာသနာဝင်ကျမ်း၊ မဟာဇောတိကာရာမသာသနာဝင် ကြည့်။

၃။ မန္တလေးသာသနာဝင်ကျမ်း၊ ကူကြီးတိုက်သာသနာဝင်ကြည့်။

၄။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ မဏ္ဍလာရာမသာသနာဝင် ကြည့်။

မန္တလေးမြို့အနောက်ပြင် အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသဆရာတော်ဘုရားကြီးသည် မြင်းခြံခရိုင် ဗလုံရွာဇာတိဖြစ်သည်[၁]။

“အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ရ ပါရာဇိကဏ်အဋ္ဌကထာမဟာနိဿယ, ပါစိတျာဒိ အဋ္ဌကထာမဟာနိဿယ, သဒ္ဒါကြီးနိဿယသစ်, သင်္ဂြိုဟ်နိဿယသစ်, ရူပသိဒ္ဓိနိဿယသစ်, သဒ္ဒနီတိ ဓာတုမာလာနိဿယသစ်, သဒ္ဒနီတိသုတ္တမာလာနိဿယသစ်, ပဒမာလာ ခုနစ်စောင်တွဲကျမ်းကြီး, ဝိစိတြတ္ထယောဇနာကျမ်း, သိမ်မျိုးစုံမဟာဋီကာကျမ်း စသည့် ကျမ်းပေါင်း ၅၀-ခန့်တို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၄၂-ခုနှစ်ဖွား ၁၃၀၈-ခုနှစ်ပျံလွန် တောင်သာမြို့ ကျွန်းရွာတောရဆရာတော်ဘုရားကြီး အရှင်အဂ္ဂဝံသမဟာထေရ်သည် မြင်းခြံခရိုင် တောင်သာမြို့နယ် ကျွန်းရွာကလေးဇာတိ ဖြစ်သည်[၂]။

“အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ သံဃမဟာနာယက ၁၂၃၉-ခုနှစ်ဖွား တိုက်ကြီးမြို့နယ် ဥတိုရွာ ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓသည် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အင်းချောင်းရွာဇာတိ ဖြစ်သည်[၃]။

“အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ရ မဟာရူပသိဒ္ဓိနိဿယ, ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ, သင်္ဂြိုဟ်နိဿယ, ဝိသုဒ္ဓါရုံပိဋကတ်အဘိဓာန်စသည် ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၅၀-ပြည့်ဖွား ၁၃၁၁ ခုနှစ် ပျံလွန် မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက် စည်ရှင်ဆရာတော်ဘုရားကြီး အရှင်ကောသလ္လမဟာထေရ်သည် မြင်းခြံခရိုင် လယ်ကြီးရွာ ဇာတိဖြစ်သည်[၄]။

“အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ရ သဒ္ဒတ္ထရတနာဝလိ မဟာပါဠိအဘိဓာန် စတုတ္ထတွဲ, သာသနဗဟုဿုတပကာသနီကျမ်း, လောကာယတဝါဒဝိနိစ္ဆယကျမ်း, မဟာမင်္ဂလဒီပနီကျမ်း, ဝိဝဋ္ဋနယဒီပနီကျမ်း, ဗြဟ္မဝိဟာရဒီပနီကျမ်း, နဝင်္ဂုပေါသထဒီပနီကျမ်း, မာတာပိတုဂုဏဒီပနီကျမ်း, ကလျာဏီကျောက်စာပါဠိနိဿယ, သာသနာရုဏဒီပနီကျမ်း, နိဗ္ဗာနတ္ထပကာသနီကျမ်း, ကာလာမသုတ်နိဿယ, ကပိယဒီပနီနိဿယ, ဝိနယဓရအဋ္ဌုပ္ပတ္တိကျောက်စာပါဠိနိဿယ, ဝိနယချိန်ခွင်ကျမ်း, ဘိက္ခုနီအဆုံးအဖြတ်ကျမ်း, စေတိယင်္ဂဏ ပဋိသင်္ခရဏပ္ပဒီပိကာစာတမ်း စသည့် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၄၆-ခုနှစ်ဖွား၍ ၁၃၀၂-ခုနှစ် ပျံလွန်သည့် ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်

---

၁။ မဟာဝိသုတာရာမသာသနာဝင် ၃၇၆-၃၇၉ ကြည့်။

၂။ မန္တလေးသာသနာဝင်ကျမ်း ချမ်းသာကြီးသာသနာဝင် ကြည့်။

၃။ တိပိဋကဓရ ဝတ္တန္တဒီပနီ။ ၁၃-ကြည့်။

၄။ မန္တလေးသာသနာဝင်ကျမ်း မဟာဝိသုဒ္ဓါရုံသာသနာဝင် ကြည့်။

ဆရာတော် အရှင်ရာဇိန္ဒ မဟာထေရ်သည် မြင်းခြံခရိုင် သေယောက်နယ် နွှာပင်ရွာဇာတိ ဖြစ်သည်[၁]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ စိန်ပန်းခိုင် ဘုရားရှိခိုးကျမ်းနှင့် ဒိဋ္ဌိဖြုတ်ခဏ်းသံခိပ်ကျမ်း၊ စာရိတ္တဒီပနီကျမ်း၊ ယောဂီလမ်းပြကမ္မဋ္ဌာနဝိဓိကျမ်း တို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၄၂-ခုနှစ်ဖွား ၁၃၃၀-ခုနှစ် ပျံလွန် မန္တလေးမြို့ အနောက်ပြင် ခင်မကန် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် စန်းတွင်းကြီးရွာဇာတိ ဖြစ်သည်[၂]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဗုဒ္ဓုပဝေဏိကျမ်း၊ ကစ္စာယနဝိဘာဝိနီကျမ်း၊ တိဝန္တနာဒိဝိဘာဝိနီကျမ်း၊ ဓာတုကထာဝိဘာဝိနီကျမ်း၊ မင်္ဂလသုတ္တတ္ထဂမ္ဘီရကျမ်း၊ ကျိုက်ကမ္မာစိန် စေတီတော်သမိုင်း၊ ဘုရားဖူးရှင်ကျင့်ဝတ် အစရှိသော ကျမ်းစာများစွာတို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၅၄-ခုနှစ်ဖွား ၁၃၃၃-ခုနှစ် ပျံလွန် ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် နာယကဆရာတော်ဘုရားကြီး အရှင်ပညာဝံသသည် မြင်းခြံခရိုင် သေယောက်နယ် နွှာပင်ရွာဇာတိဖြစ်သည်[၃]။

"အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်နှင့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဆင္ဃသံဃနာယကမဟာနာယက ၁၂၃၉-ခုနှစ်ဖွား ၁၃၂၀-ခုနှစ် ပျံလွန် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက်တည် ဆရာတော်ဘုရားကြီး အရှင်ဇာဝနမဟာထေရ်သည် မြင်းခြံခရိုင် သေယောက်နယ် ဇီးတောရွာဇာတိ ဖြစ်သည်[၄]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ပခုက္ကူမြို့ ၁၂၅၅-ခုနှစ်ဖွား ၁၃၃၄-ခုနှစ် ပျံလွန် မဟာဝိဇယာရာမတိုက် ဒုတိယမြောက် မဟာနာယကဆရာတော် အရှင်ဇောတိကမဟာထေရ်သည် မြင်းခြံခရိုင် သိမ်တော်ရွာဇာတိ ဖြစ်သည်[၅]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ စာချအကျော် မန္တလေးမြို့ အနောက်ပြင် ၁၂၄၇-ခုနှစ်ဖွား ၁၃၀၇-ခုနှစ် ပျံလွန် ခင်မန်တိုက် သူဌေးကျောင်းဆရာတော်ဘုရားကြီး အရှင်ရေဝတသည် မြင်းခြံခရိုင် အင်းကန်ရွာဇာတိ ဖြစ်သည်[၆]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဋီကာကျော်နိဿယ၊ မင်္ဂလာဒီပနီနိဿယ၊ သိမာဝိနိစ္ဆယ အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော

---

၁။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၃၃၉-၃၄၀-ကြည့်။

၂။ အကျယ် မန္တလေးသာသနာဝင်ကျမ်း အနောက်ပြင်ခင်မကန်တိုက်သာသနာဝင်ကြည့်။

၃။ မဟာဝိသုတာရာမနိကာယ သာသနာဝင်။ ၃၄၁-၃၄၄-ကြည့်။

၄။ မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၆၀၃-၆၀၄-ကြည့်။

၅။ ပခုက္ကူသာသနာဝင်။ ၉၁။ တိပိဋကဓရဝတ္ထုသန္နိပနီ။ ၄၁-ကြည့်။

၆။ မန္တလေးသာသနာဝင်ကျမ်း အနောက်ပြင် ခင်မကန်တိုက်သာသနာဝင် ကြည့်။

၁၂၄၀-ပြည့်နှစ်ဖွား ၁၃၀၈-ခုနှစ် ပျံလွန် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဒုတိယမြောက် အဓိပတိ နာယကဆရာတော်ဘုရားကြီး အရှင်ပညာမဟာထေရ်သည် မြင်းခြံခရိုင် တောင်ဆင်းနယ် ခွေးပြုတ်ရွာဇာတိဖြစ်သည်[၁]။

"အဘိဓမ္မမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ ၁၂၄၁-ခုနှစ်ဖွား ၁၃၃၄-ခုနှစ် ပျံလွန် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဓိပတိ မဟာနာယကဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်သည် မြင်းခြံခရိုင် ပုဂံစောင်းရွာဇာတိ ဖြစ်သည်[၂]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ရွှေစည်းခုံသမိုင်းကျမ်းခေါ် စေတိယပုပ္ပတ္တိကထာကျမ်း, အိန္ဒိယ-သီဟိုဠ်ခရီးစဉ်ခေါ် မဂ္ဂက္ကမဒီပနီကျမ်း, ပဥ္စာဗျာကရဏပုစ္ဆာဝိဿဇ္ဇနာကျမ်း, သိင်္ဂါလောဝါဒသုတ်နိဿယနှင့် သရူပတ္ထဝိဘာဝိနီကျမ်း, သုတ်သီလက္ခန်ပါဠိတော်နိဿယ, သုတ်သီလက္ခန်အဋ္ဌကထာနိဿယ, သုတ်မဟာဝါပါဠိတော်နိဿယ, သုတ်မဟာဝါအဋ္ဌကထာနိဿယ, သုတ်ပါထေယျပါဠိတော်နိဿယ, သုတ်ပါထေယျအဋ္ဌကထာနိဿယ အစရှိသော ကျမ်းပေါင်း ၅၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၄၄-ခုနှစ်ဖွား ၁၃၁၉-ခုနှစ် ပျံလွန် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မဟာနာယကဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသမဟာထေရ်သည် မြင်းခြံခရိုင် ဆင်သားမွေးရွာဇာတိ ဖြစ်သည်[၃]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ပါဠိဝိသောဓနီဂဏ္ဌိကျမ်း, ရွှေစာရံဘုရား, ဘော်ကြိုဘုရား, လက်သမားဘုရား ဟူသော ဘုရားသုံးဆူသမိုင်းကျမ်း, သာသနမလင်္ကာရသောဓနီကျမ်း, သာသနဝံသတံခွန်ကျမ်း, ဆရာတော် ဦးဉာဏ၏ ထေရုပ္ပတ္တိကျမ်း, ကဗျာ့ရိပ်မြုံ စာမျိုးစုံကျမ်းစသည်တို့ကို ပြုစီရင်တော်မူခဲ့သော မန္တလေးမြို့ မစိုးရိမ်တိုက်, မန္တလေးမြို့ အနောက်ပြင် သီးလင်းတိုက်တို့၌ စာချအကျော် ဆရာတော်ဖြစ်တော်မူသော ၁၂၄၇-ခုနှစ်ဖွား ၁၃၂၀ ပြည့်နှစ်ပျံလွန် ရေနံချောင်းမြို့ သာသနဝံသတံခွန်ကျောင်းတိုက် ဆရာတော် အရှင်ပညာဝံသာဘိကာဝိဓဇသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့ဇာတိဖြစ်သည်[၄]။

---

၁။ မဟာထေရလလိတကြည့်။ ပခုက္ကူသာသနာဝင်။ ၅၇-၆၀။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်။ ၂၂၁-၂၄၃-ကြည့်။

၂။ မဟာထေရလလိတ-ကြည့်။ ပခုက္ကူသာသနာဝင်။ ၇၂-၇၅။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်။ ၂၄၄-၂၆၃-ကြည့်။

၃။ ထေရဝုတ္တန္တဒီပနီ-ကြည့်။ ပခုက္ကူသာသနာဝင်။ ၆၁-၆၃။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်။ ၂၆၄-၂၉၀-ကြည့်။

၄။ အကျယ် မန္တလေးသာသနာဝင်ကျမ်း မစိုးရိမ်သာသနာဝင် ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ ၁၂၁၇-ခုနှစ်ဖွား ၁၂၈၉-ခုနှစ် ပျံလွန် မန္တလေးမြို့ အရှေ့ပြင် မဟာအာတုလဝိဇယာရာမတိုက် နာယကဆရာတော်ဘုရားကြီး အရှင်ဉာဏမဟာထေရ်သည် မြင်းခြံခရိုင် တောင်သာနယ် ဇာတိဖြစ်သည်[1]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဝိနိစ္ဆယစသည့် ကျမ်းပေါင်းစုံ ၁၈-ကျမ်းတို့ကို ပြုစုတော်မူခဲ့သော ၁၂၃၂-ခုနှစ်ဖွား ၁၃၁၆-ခုနှစ် ပျံလွန်၊ ရန်ကုန်မြို့ ဗားကရာ ဥယျာဉ်ကျောင်းတိုက် သေသာဆရာတော်ဘုရားကြီး အရှင်ဓမ္မိကသည် မြင်းခြံခရိုင် တောင်သာမြို့နယ် နွားစောင်းရွာ ဇာတိဖြစ်သည်[2]။

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ၊ ဆင္ဃသံဂါယနာ သံဃမဟာနာယက ၁၂၄၅-ခုနှစ်ဖွား ၁၃၂၅-ခုနှစ် ပျံလွန် ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ်နှင့် ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်းဓမ္မိကာရုံ ပဋ္ဌာနက္ကသိုလ်ကျောင်းတိုက်ကြီးများ၏ အဓိပတိ မဟာနာယက ဆရာတော်ဘုရားကြီး အရှင်ရေဝတမမှသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ဇောင်ကျွမ်းကံမြဲရွာ ဇာတိဖြစ်သည်[3]။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ သံဃမဟာနာယက, နိဗ္ဗာနဝိနိစ္ဆယကျမ်း, အကွဲရာဝိနိစ္ဆယကျမ်း တို့ကို ပြုစုတော်မူခဲ့သော ၁၂၃၇-ခုနှစ်ဖွား ၁၃၂၉-ခုနှစ် ပျံလွန်၊ ပြူးမြို့ မြို့ထောင့်ကျောင်း ဆရာတော်ဘုရားကြီး အရှင်ဇဝန မဟာထေရ်သည် မြင်းခြံခရိုင် တောင်သာမြို့နယ် ဒါန်းတိုင်ရွာဇာတိဖြစ်သည်[4]။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ၊ ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ ရွှေကျင်နိကာယ မဟာနာယက ၁၂၃၅-ခုနှစ်ဖွား ၁၃၂၀-ပြည့်နှစ် ပျံလွန်၊ စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံချောင် နာယကဆရာတော် ဘုရားကြီး အရှင်ဇောတိပါလမဟာထေရ်သည် မြင်းခြံခရိုင် တောင်သာမြို့နယ် သီးကုန်းရွာ ဇာတိဖြစ်သည်[5]။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ ၁၂၇၁-ခုနှစ်ဖွား မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် ဆရာတော် အရှင်သောဘိတ မဟာထေရ်သည် မြင်းခြံခရိုင် ပုဂံမြို့နယ် သီရိပစ္စယာရွာ ဇာတိဖြစ်သည်[6]။

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း အတုမရှိသာသနာဝင်ကြည့်။
၂။ အကျယ် မဟာဝိသုတာရာမ နိကာယသာသနာဝင် ၆၀၂-ကြည့်။
၃။ အကျယ် မဟာဝိသုတာရာမ နိကာယသာသနာဝင်။၃၅၉-၃၆၃-ကြည့်။
၄။ မန္တလေးသာသနာဝင်ကျမ်း၊ ဒက္ခိဏာရာမ သာသနာဝင်ကြည့်။
၅။ စစ်ကိုင်းသာသနာဝင်ကြည့်။
၆။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်၊၄၁၉-၄၂၂-ကြည့်။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရ–

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ပဉ္စာဗျာကရဏာ မုတ္တမံ။
ဗျာကရဏံ ကစ္စာနဿ၊ နတွာ ကဿံ ဝိဘာဝိနိ—

အစရှိသော ပဏာမဂါထာ ၃-ဂါထာဖြင့် စတင်စီရင်အပ်သော ကစ္စာယနပဉ္စာ ဗျာကရဏဝိလာသိနီ ခေါ် သဒ္ဒါကြီး ရှစ်စောင် အမေးအဖြေကျမ်းနှင့် အာ-ဘောဂဒိဒီပနီကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော မန္တလေးမြို့ မစိုးရိမ်တိုက် နာယက စာချဆရာတော် အရှင်စန္ဒောဘာသ သာဘိဝံသသည် ၁၂၆၆-ခုနှစ်တွင် ဖွားမြင်သော မြင်းခြံမြို့ လမ်းသစ်ရပ် ဇာတိဖြစ်သည်။

လက္ခဏာတ္တာဒဝိနိစ္ဆယကျမ်း, သမ္မောဟဝိနောဒနီ အဋ္ဌကထာနိဿယသစ်, မူလဋီကာ ဂဏ္ဌိကျမ်း, ဝါကျသင်္ဂဟစာ, သံဒိဋ္ဌမဟာဋီကာကျမ်းကြီး, သံဒိဋ္ဌသင်္ကြန်ဋီကာကျမ်း, သူရိယသိဒ္ဓန္တသင်္ကြန် တွက်နည်းကျမ်း, သံဝစ္ဆရာဒိစတုက္ကကျမ်း, ဝါထပ်ရက်ငင်ဆိုင်ရာ အဓိမာသဋီကာကျမ်း စသည့် ကျမ်းပေါင်းများစွာ တို့ကို ပြုစီရင်တော်မူခဲ့သည့် ၁၂၁၂-ခုနှစ်ဖွား ၁၃၀၀-ပြည့်နှစ် ပျံလွန်၊ ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး အရှင်ဒီပ မဟာထေရ်သည် မြင်းခြံခရိုင် ဖက်ပင်အိုင်ရွာ ဇာတိ ဖြစ်သည်[၁]။

ရွှေရေးဆောင် နိယံစာကိုယ်ကျမ်း, ရွှေရေးဆောင် နိယာမသာရတ္ထဒီပနီ ကျမ်းကြီးများ (ပါဒုတ), သောတုဇနဟိတကာရီကျမ်း, သဒ္ဒတ္ထဘေဒစိန္တာ ဋီကာနိဿယ အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၁၉-ခုနှစ်ဖွား ၁၂၉၇-ခုနှစ် ပျံလွန်၊ ရွှေရေးဆောင် ဆရာတော်ဘုရားကြီး အရှင် အာဒိစ္စရံသိ မဟာထေရ် (ဦးကြည်)သည် မြင်းခြံခရိုင် တောင်သာမြို့နယ် မန်ကျည်းချိုရွာ ဇာတိဖြစ်သည်[၂]။

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ မူလစာချ ဘွဲ့တံဆိပ်တော်ရ ၁၂၅၈-ခုနှစ်ဖွား ၁၃၃၂-ခုနှစ် ပျံလွန်၊ စာချအကျော် မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်တိုက် တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ်သည် မြင်းခြံခရိုင် ကန်မြဲရွာ ဇာတိဖြစ်သည်[၂]။

ဆဋ္ဌသံဂါယနာတင်စဉ် ပဋ္ဌမသန္နိပါတတွင် သက်တော် ဝါတော်အကြီးဆုံး ဖြစ်၍ သံဂါယနာတင် သာသနာ့ကာဝန်ကို ဆောင်ရွက်တော်မူခဲ့သော ဗုဒ္ဓါဒိဂုဏာဝဏ္ဏနာကျမ်း, ပုညကြိယဒီပနီကျမ်း, ဓမ္မစကြာနိဿယ, အနတ္တလက္ခဏသုတ်နိဿယ,

---

၁။ မန္တလေး သာသနာဝင်ကျမ်း၊ မဟာဓမ္မိကာရာမ စလင်းတိုက်ဟောင်း သာသနာဝင် ကြည့်။

၂။ မန္တလေးသာသနာဝင်ကျမ်း၊ ရွှေရေးဆောင်သာသနာဝင်ကြည့်။

အဓိပ္ပါယ်ဖွင့် စသည်တို့ကို ပြုစီရင်တော်မူခဲ့သော ၁၂၂၆-ခုနှစ်ဖွား၊ ၁၃၁၆-ခုနှစ် ပျံလွန် ကျိုက်လတ်မြို့ ကွင်းပေါက်ပိုင် မငေးဆရာတော် ဘုရားကြီးသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းအရှေ့ဘက် ဆင်ခေါင်းရွာဇာတိ ဖြစ်သည်[၁]။

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ မူလစာချ ၁၂၅၆-ခုနှစ်ဖွား မန္တလေးမြို့ အနောက်ထီးလင်းတိုက် စာချဆရာတော် အရှင်သာသနာဘိဝံသသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အင်ပင်ကြီးရွာ ဇာတိ ဖြစ်သည်[၂]။

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ မူလစာချ ၁၂၅၈-ခုနှစ်ဖွား ချမ်းသာကြီးတိုက် စာချဆရာတော် အရှင်သုဇာတာဘိဝံသသည် မြင်းခြံခရိုင် ညောင်ဦးမြို့နယ် ညောင်ကြီးရွာ ဇာတိ ဖြစ်သည်[၃]။

ကဝိသာရဋ္ဌီကာနိဿယပေါင်း, သုတ်သီလက္ခန် ပါဠိတော်နိဿယ, သုတ်မဟာဝါ ပါဠိတော်နိဿယ, သုတ်ပါထေယျ ပါဠိတော်နိဿယ, သုတ်သီလက္ခန် အဋ္ဌကထာ နိဿယ, သုတ်မဟာဝါ အဋ္ဌကထာနိဿယ, သုတ်ပါထေယျ အဋ္ဌကထာနိဿယ, နျာသနိဿယပေါင်း အစရှိသည့် ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်ဂုဏဝဍ္ဎသကမဟာထေရ်သည် မြင်းခြံခရိုင် အပါအဝင် ပုဂံမြို့ မွေကျောင်း၌ စာပေချပို့, ကျမ်းစာပြုစု သာသနာ့ဝန်ဆောင် ဆရာတော် ဖြစ်တော်မူသည်[၄]။

မန္တလေးမြို့ အနောက်ပြင် သမီးတော်ဈေးအနီး ပြည်ကြီး ပျော်ဘွယ်ရပ် တောင်သမန်တိုက် အရှေ့ဘက်ရှိ ရတနာပုံ ပုဂံကျောင်းတိုက်နှင့် စစ်ကိုင်းတောင်ရိုး သီတာမုခချောင်တည် ၁၃၀၀-ပြည့်ခန့်ဖွား ဆရာတော် အရှင်ဉာဏုတ္တရသည် မြင်းခြံခရိုင် ပုဂံမြို့နယ် ဝက်လူးအိုင်ရွာဇာတိ ဖြစ်သည်[၅]။

ပဋိပတ္တိအရာ လွန်စွာကျော်စောတော်မူသော ၁၂၀၄-ခုနှစ်ဖွား ၁၂၈၈-ခုနှစ် ပျံလွန်၊ ပခုက္ကူမြို့ သဲပုံစေတီတောင် ဆရာတော် အရှင်ကိတ္တိမဟာထေရ် (ဆရာတော်ဦးကြည်)သည် မြင်းခြံခရိုင် ညောင်ဦးမြို့ဇာတိ ဖြစ်သည်[၆]။

---

၁။ မန္တလေးသာသနာဝင်ကျမ်း၊ ကောင်ခွင်သာသနာဝင်ကြည့်။
၂။ မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ထီးလင်းသာသနာဝင်ကြည့်။
၃။ မန္တလေးသာသနာဝင်ကျမ်း၊ ချမ်းသာကြီးသာသနာဝင်ကြည့်။
၄။ အကျယ် ပုဂံသာသနာဝင်ကျမ်း၊ ဒီဃနိကာယ်နိဿယကျမ်း စသည်ပြု အရှင်ဂုဏဝဍ္ဎသကမဟာထေရ်ကြည့်။
၅။ အကျယ် ပုဂံသာသနာဝင်ကျမ်း။ ရတနာပုံ ပုဂံတိုက်တည် ပုဂံဆရာတော် အရှင်ဉာဏုတ္တရမဟာထေရ်ကြည့်။
၆။ ပခုက္ကူသာသနာဝင်၊ ၁၀၆-ကြည့်။

ပုဂံမြို့ လယ်ယားနတ်ထောင်ကျောင်း ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိဒီပနီကျမ်းနှင့် သြဝါဒကထာ, မရဏာဿတိကထာ ကျမ်းပြု ဆရာတော် အရှင်တိက္ခမဟာထေရ်သည် မြင်းခြံခရိုင် ပုဂံမြို့နယ် လယ်ယားရွာ ဇာတိဖြစ်သည်[2]။

ညောင်ဦးမြို့ မဟာဝိသုကာရာမတိုက် ဒုတိယမြောက် နာယက ၁၂၅၅-ခုနှစ် ဖွား ၁၃၃၂-ခုနှစ် ပျံလွန်၊ ဆရာတော် အရှင် ဝါယမ မဟာထေရ်သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရေသဲ့တောင်ရွာ ဇာတိဖြစ်သည်[3]။

တိပိဋကပါဠိတော် ကစ္စာယန ဝိစယာကျမ်းကြီးများကို ပြုစီရင်ခဲ့သူ ဆရာကြီး ဦးကြက် (ရဟန်းမည် ဦးဂုဏ) ၁၃၁၁-ခုနှစ် ကွယ်လွန်ခဲ့သော ကျမ်းပြုစာချပညာရှိ ပုဂ္ဂိုလ်သည် မြင်းခြံခရိုင် ကန်မြရွာဇာတိ ဖြစ်သည်[4]။

မြင်းခြံမြို့ မဟာဝိသုတာရာမတိုက်သစ်တည် ပိဋကကျမ်းဂန်တတ် ဘာသာန္တရ ကောဝိဒ ဖြစ်တော်မူသော ၁၂၄၇-ခုနှစ် ဖွား ၁၂၉၄-ခုနှစ် ပျံလွန် နာယက ဆရာတော် အရှင် တိလောကမဟာထေရ်သည် မြင်းခြံခရိုင် သာယောက်နယ် မြောက်ကုန်းရွာ ဇာတိ ဖြစ်သည်[5]။

နတ်ထောင်ဂိုဏ်း မဟာနာယက ပဌမ ရွှေနတ်တောင် ဆရာတော် ဘုရားကြီး, နတ်တောင်ဂိုဏ်းအုပ် ဆရာတော် အရှင်ပညာမဟာထေရ်, မြင်းကပါတောရ အရှင်ဝိစိတ္တမဟာထေရ် နတ်ထောင်ကျောင်း ဆရာတော် အရှင်သေဋ္ဌနန္ဒိ မဟာထေရ်, အရှင်ဝိသာသာဘိဓဇမဟာထေရ်, ပုဗ္ဗာရုံဆရာတော် အရှင်တိက္ခ မဟာထေရ်, ပုဂံမြို့ နန္ဒာတိုက် ဇန်ကျောင်းဆရာတော် အရှင်စိန္တာ မဟာထေရ်, ဝက်ကြီးအင်း ယေသန္တရာမဆရာတော် အရှင်ဉာဏဝါ မဟာထေရ်, ဖွားစောရွာ ကန်စွန်းအိုးတာရ ဆရာတော် အရှင်ကေလာသ မဟာထေရ်, ပုဂံမြို့ရွှေကျောင်းဆရာတော် အရှင်စန္ဒမဟာထေရ် အစရှိသော သာသနာ့ ဝန်ဆောင် မဟာထေရ်မြတ်တို့သည်လည်း မြင်းခြံခရိုင် ပုဂံ မြေပယျာ ဖွားမြင်လာ၍ သာသနာရေး ဆောင်ရွက်ပြောင်အောင် ဆောင်ရွက်တော်မူခဲ့ကြကုန်၏။

၎င်းပြင် မြင်းခြံခရိုင် မြေကမွေးလာ၍ ယှုပုဂ္ဂိုလ် ဘဝိခို၏ အကျော်စေယျတို့ လည်း များစွာ ပေါ်ထွန်းခဲ့ကုန်၏ ပရမတ္ထဗြဟ္မပါဠိ သဒ္ဒဗြဟ္မပါဠိတို့ကို ရေးစီရင် ခဲ့သည့် သက္ကရာဇ် ၅၇၆ ခုနှစ်တွင် နန်းတက်တော်မူခဲ့သော ကျစွာမင်းကြီးသည် ကျမ်းတန်တက် ဆရာတော်များထံ ပိဋကတ် ကျမ်းဂန်တို့ကို ပြောက်တိုင် မြောက်အောင် သင်ယူ လေ့လာ တတ်မြောက်သဖြင့် စာပေချုပ်ပို၍ ဖရိသတ္တိ

၁။ ယင်း ကျမ်းများ ၁၂၉၆-ခုနှစ်ကပြုစုသည်။ ၂။ ပုဂံသာသနာဝင်ကြည့်။
၃။ မဟာဝိသုတာရာမဓိကာယ သာသနာဝင် ၄၂၅-ကြည့်။
၄။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင် ၆၁၀-ကြည့်။
၅။ အကျယ် မဟာဝိသုတာရာမနိကာယ သာသနာဝင် ၄၁၄-ကြည့်။

သာသနာကို များစွာ ချီးမြှောက်တော်မူခဲ့သည်။ ပုဂံမင်းဆက် ၅၅ (၅၇) အနက် ထူးခြားသည့် သာသနာပြုမင်း ဖြစ်သည်[၁]။

သံသာရသတ္တဂမနန္တဂုဏာဓိဝါသံ၊
နိရန္တရုပကတဥ္စ ယုမနာထနာထံ။
ဗုဒ္ဓဓမ္မ မဓိနိဟာရ မဂ္ဂသံဃံ၊
န္ယာသပ္ပဒီပအတိနမျကရောမိ သာရံ –

ဟူသော ဂန္ထာရမ္ဘ အစရှိသည့် နျာသပ္ပဒီပကာ အမည်ရှိသော နျာသဋီကာ နျာသဝဏ္ဏနာ သံပျင်ဋီကာကျမ်းကို ပြုစီရင်ခဲ့သော သံပျင်အမတ်သည် ပုဂံမြို့တော် (မြင်းခြံခရိုင်) ပုဂံမြို့၌ ပေါ်ထွန်းခဲ့သည့် ကမ်းပြုစာဆို ကဝိဖိုရ် ဖြစ်သည်[၂]။

ရဟန်း၊ သာမဏေတို့ကို လိုက်ကာအတွင်းမှနေ၍ စာ၊ ပေ ကျမ်းဂန် အမျိုးမျိုးကို ချပို့ခဲ့သော အမျိုးသမီးစာချ၊ ဂေါပါဝိကာ ကျူစွာမင်း၏ သမီးတော် သံပျင် မင်းသမီးသည် ပုဂံမြို့တော် (မြင်းခြံခရိုင် ပုဂံမြို့)၌ ပေါက်ဖွား ကြီးပွားခဲ့ဘူးသည်[၃]။

သက္ကရာဇ် ၅၃၆-ခုနှစ်တွင် ပုဂံနေပြည်၌ နန်းတက်သော နရပတိမင်းကြီး အမျက်တော်ရှိ၍ ကွပ်မျက်ခံရရှာသော အနန္တသူရိယ အမတ်သည် မြင်းခြံခရိုင်တွင် ပါဝင်မည့် ပုဂံမြေ ပအေကျာ မမ္ဗလာမွေ ရာ၌ ထူးခြားစွာ ပေါ်ထွန်းခဲ့သည့် ကဝိဖိုရ် ပုဂ္ဂိုလ်ဖြစ်၏။ ထည်မျှထူးခြားသည့် စာဆိုပုဂ္ဂိုလ်ဖြစ်ကြောင်း သေအံ့မူးမူးတွင် မိမိကို ကွပ်မျက်မည့် အမိန့် ပေးသော မင်းကောင်းအား ဆက်သရန် ရုတ်တရက် ချက်တရွတ် ရေးပေးသည့် အောက်ပါ မျက်မြှေ လင်္ကာ ၄-ပုဒ်ဖြင့် သိသာလေသည်။

၁။ သူတည်းတယောက်၊ ကောင်းဖို့ရောက်မူ၊ သူတယောက်မှာ၊ ပျက်လင့်ကာသာ၊ မမှတာတည်း။

၂။ ရွှေအိမ်နန်းနှင့်၊ ကြာဒန်းတည်းခံ၊ ဗိုလ်မတ်ရံ၍၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏဘက် ညှို၊ ရေပွက်ပမာ၊ တသက်သာတည်း။

၁။ ပုဂံသာသနာဝင်လည်းကြည့်။

၂။ ယင်းသံပျင်ဋီကာကို သက္ကရာဇ် ၁၂၇၅-ခုနှစ် နတ်တော်လတွင် ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ဋ္ဌင်ဆိုက် စာမျက်နှာ ၂၄၂-ရှိ၏။

။ သာကျယ် ပုဂံသာသနာဝင်ကြည့်။

၃။ ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ ဝိပါက်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါဘည်း။

၄။ နှိုးကောင်ရော၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်သတ်တွင်မူ၊ တုံမယူလို၊ စိတ်မြဲသို့၍၊ ကြည်ညို လွှတ်ပြန်၊ သခင်မှန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်ဖယ်ရေး၊ ခွင့်လျှင် ပေးသည်၊ သွေးသည် အနိစ္စ၊ ငါ့ခန္ဓာတည်း။

ဤသို့ စသည်ဖြင့် မြင်းခြံခရိုင်ကား မြင်းခြံခရိုင် မဖြစ်မီ မအူကရင်း, နောက်တွင်ရင်း ပညာရှင် ထိပ်တန်းပုဂ္ဂိုလ်တို့ ပေါ်ထွန်းရာ ဖြစ်လေသည်။

ပညာဏံ ဝိယ ဥဒ္ဒယျသု၊ ဒယာ ယဿာ မဟေသိနော။
သဗ္ဗသတ္တေသု ဥပ္ပန္နာ၊ ယထာရုစိ အတုလျကံ။
ဒယာယ တာယ သတ္တေသု၊ သမုဿာဟိတမာနသော။
ဝေတု ကာယဂတာသတိံ၊ နိဗ္ဗာနာယ အဒေသယိ။
တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရိမတော။
သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္ဇလိံ။
သာဋ္ဌကထံ ဂန္ထန္တရံ၊ ပုဗ္ဗာစရိယသီဟာနံ။
မတံ နိဿာယ ဘာသိဿံ၊ ကာယာနုပဿနာ နာမံ—

ဟူသော ဂန္ထာရမ္ဘ ၄-ဂါထာပါရှိသော ကာယာနုပဿနာကျမ်း,

မုနိသုရဇေဋ္ဌ မုခပဒ္မကာနနေ၊ သုသမုဋ္ဌဝါဝ သကလာဝဒါတိနီ။
သုဝိဘတ္တပီတိ ဘဝ မဉ္ဇုဘာသိနီ၊ ဝိရဇီ ဇယံ ဒဒတု နော သရဿတီ။
သန္တိံ ယဒုပိ နိဿာ ဟိ၊ မဟာပရက္ကမာဒိနံ။
တတောပိ တေန ဉာဏပန္တိ၊ သောတာရာနံ ယထာကာမံ။
တတော ဟိ မြမ္မဘာသံပိ၊ အပုဗ္ဗနိဿျသာဘံ။
ဒဿယိဿာမဟံ ဒါနိ၊ တေသံ သုခဝိဗုဒ္ဓိယာ—

ဟူသော ၃-ဂါထာ ဂန္ထာရမ္ဘ ပါရှိသော အလင်္ကာနိဿျ,

နတွာ ဗုဒ္ဓံ မဟာဝဇ္ဇံ၊ သရဏံ သဗ္ဗပါဏိနံ။
သဒ္ဓမ္မံ တေန ဒေသိန္တံ၊ သံဃံ အဋ္ဌာရိယ မုတ္တမံ၊

ဥတ္တာဟာရေန သတ္တာနံ၊ ကာလ္လာကလ္လံ ဇီဝနံ။
တသ္မာဟံ ပကာသိမိ၊ ဥတုဘောဇန သင်္ဂဟံ—

ဟူသော ဂန္ထာရမ္ဘ ၂-ဂါထာပါရှိသော ဥတုဘောဇန သင်္ဂဟကျမ်း,

သ သဒ္ဓမ္မ ဂဏုတ္တမံ၊ မဟာကာရုဏိကံ သဗ္ဗညုံ။
နမသိတ္ဝာန ဝက္ခိဿံ၊ ရာဇာန မမ္မသင်္ဂဟံ—

ဟူသော ဂန္ထာရမ္ဘ ဂါထာ ပါရှိသော ရာဇမမ္မသင်္ဂဟကျမ်း,

"မြန်မာ အက္ခရာ ပုံသဏ္ဍာန်တို့၏ ရေးနည်းကို ရှေးပညာရှိတို့ ကျဉ်းအောင် သုံး၍ ထားသောကြောင့် အသံ ခက်ခဲရှိသည်များကို အရင်းအမြစ်နှင့် သိစေခြင်းငှါ လိပိဒီပိကာ မည်သောကျမ်းကို ရေးပေးအံ့" ဟု ပဋိညာဉ် ပါရှိသော လိပိဒီပိကာကျမ်း,[၁] အဿဘေဒကျမ်း, လိလာဝတီ ဂဏန်းကျမ်း, မဟာသုဇာတကကျမ်း, ဓာတုပြသံသကျမ်း, သတ်ညွှန်းကျမ်း, မဟာသာမထေဝိနိစ္ဆယကျမ်း, လောကဓာတ်ဆေးကျမ်း,

ပါဒမ္ဗုဇံ နမသိတ္ဝာ၊ ဝိမုတ္တိ မဓုဘာဇနံ။
မဓုဗ္ဗဂတာခဿတဗ္ဗံ၊ ဝိမုတ္တိရသ မုစ္စတေ—

ဟူသော ဂန္ထာရမ္ဘ ပါရှိသော ဝိမုတ္တိရသကျမ်း,

သမ္မာသမ္ဗုဒ္ဓ စန္ဒာဘံ၊ သဒ္ဓမ္မ ဇုဏှ သီတလံ။
နတ္ဝာ ဇနတခမာဘောဒံ၊ သံဃောဠု ဂဏသောဝိတံ။

နိဗ္ဗာနတ္ထာယ ဝိညူနံ၊ သက္ကျလက္ခဏသဉ္စိတံ။
ပါဝစနာနုကုလံ ရမ္မံ၊ ဝက္ခာမိ သဒ္ဒသင်္ဂဟံ—

ဟူသော ရတနတ္တယ ပဏာမ, ပကရဏ, ပယောဇဉ်, ပဋိညာဉ်နှင့်—

သဗ္ဗေသု ဓမ္မဘောဓမ္မေသု၊ လောကဿ ဓူပနံ ယထာ။
သဗ္ဗကမ္မိက မဇ္ဈောဂ၊ သန္ဓိ သဗ္ဗတ္ထိကာ မတော—

ဟူသော သန္ဓိအပိုင်း အခန်း၏ ဂုဏ်ရည်လည်း ပါရှိသော သဒ္ဒသင်္ဂဟကျမ်းကြီး, နဝသိဒ္ဓန္တကျမ်း စသည်တို့ကို ပြုစီရင်ခဲ့သော ၁၁၉၁-ခုနှစ်ဖွား ၁၂၄၅-ခုနှစ် ကွယ်လွန်၊ ယောအတွင်းဝန် ဦးဖိုးလှိုင်သည် မြင်းခြံခရိုင် တလုပ်မြို့ ဇာတိဖြစ်သည်[၂]။

---

၁။ ယင်းကျမ်းသည် ဒီမိုင်းဆိုက် စာမျက်နှာ ၂၉-သာ ရှိ၏။
၂။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ ယောမင်းတိုက်သာသနာဝင် ကြည့်။

လောကီ လောကုတ္တရာရေးရာ ရာဇသတ်, ဓမ္မသတ် စကားအရာ စသည်တို့၌ လိမ္မာကျွမ်းကျင်လှသော ခုံတော် မောင်ကျော်သည် သက္ကရာဇ် ၈၅၀-ခန့် တွင် မြင်းခြံခရိုင်တွင် ပါဝင်သည့် ပုဂံမြို့ (ညောင်ဦးမြို့) မှန်ကြီး (မှန်ကြီးတန်း) ရပ် ဇာတိဖြစ်သည်။ (အင်းဝသာသနာဝင်ကြည့်)။

ဗျိုင်းစေသာချင်း, တိဂုံဆံတော်ရှင်နှင့် ငှက်မြတ်နားသမိုင်း, နောင်တော်ကြီး ထီးတော်သမိုင်း, ငါးထပ်ကြီး ဘုရားသမိုင်း, သင်္ဂြိုဟ်နိသျှသစ်, သဒ္ဒါအရေး အဖြေကျမ်း, စလင်းကျောင်းတိုက် သိမ်ကမ္မည်းကျောက်စာ, အမွေခန်းဖြတ်စာ, သေသက္ခရနက်ကျောက်စာသမိုင်း, ကျိုက္ကစံ ဘုရားသမိုင်း, ဗေဒမြွေသာ စာတမ်း, ဂုဏတ္ထဇာတိကျမ်း, အဘယကာရိကျမ်း, မေတ္တာစာ, လေးချိုး, ဒွေးချိုး စသည့် ကဗျာများ စသည်တို့ကို ပြုစီရင်ခဲ့သော ၁၁၄၇-ခုနှစ် ဖွား ၁၂၆၁-ခုနှစ် ကွယ်လွန်၊ စာဆိုတော်ကြီး ဦးသံမှုသည် မြင်းခြံခရိုင် ကျောက်ဆောက်မြို့အနီး ရွာသာရွာ ဇာတိဖြစ်သည်[၁]။

ကဗျာ့အဆီအနှစ်ပေါင်းချုပ် ကဗျာ့သင်္ဂဟမေဒနီကျမ်းကို စုဆောင်းစီရင်သူ ကဗျာလင်္ကာစာပေဘဏ်တိုက်မှူးဟု မှတ်တမ်းတင်လောက်အောင် ကဗျာ့ဗဟုသုတ ကြွယ်ဝသော ပညာအုပ်ချင်း ဦးလွင်သည် မြင်းခြံမြို့ ကုန်းဆောင်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဝေပုလ္လ (ဝိပုလ) မဟာထေရ်၏ ကပ္ပိယ သက္ကရာဇ် ၁၂၈၀ ကျော်တွင် မြင်းခြံမြို့၌ ပေါ်ထွန်းခဲ့သည့် ကဝိမိုရ် ပုဂ္ဂိုလ် ဖြစ်သည်[၂]။

သံချို, လေးချိုး, ဒွေးချိုး, ငိုချင်း, နတ်သံကဗျာ စသည့် ကဗျာသီချင်းများစွာတို့ကို ရေးစပ်ခဲ့သော ဦးခိုင်သည် မြင်းခြံမြို့ ဆရာခိုင်ဟု ထင်ရှား၍ မြင်းခြံ၌ ပေါ်ထွန်းသည့် ပုဂ္ဂိုလ် ဖြစ်လေသည်။

အာဟာရ ပရိယေသနကြောင့်၊
အတိဝေဒန ဒုက္ခာ။
ကိလေသ မုတ္တာအောင်၊
ရက္ခရ သေဝ။
ဓမ္မေန ရမတာ ငယ်၊
ကမ္မဋ္ဌာ ဝိပဿန။

၁။ တိပိဋကဝုတ္တန္တသန္ဒီပနီ-၄၃-လည်း ကြည့်။

၂။ ကဗျာ့သင်္ဂဟမေဒနီလည်း ကြည့်။

ဒုတ္တိံသ ဘာဝနာ၊
ထာဝရာ ပယာ။

အာရမ္မဏာ ကပ္ပဖြင့်၊
အာရုပ္ပ ကိစ္စ။

မာသုဘာ ကာသိဏာ၊
ဒိဝသ ပုနပ္ပုန်။

အဘိဏှ နုပဿီ၊
သုဒဿီ သတိပဋ္ဌာနငယ်နှင့်၊

အဘိဓမ္မ ဒေသနာ၊
နိစ္စ ရဟာ။

သုညတ ဒေသနာဝယ်၊
ကေစာ ကာယဖြင့်လေး—

အစရှိသော သံခဂေ ပါဠိစပ်စသော ကဗျာတို့ကို ဖွဲ့ဆို ရေးစပ်ခဲ့သော နာမည်ကျော် ဆရာကြီး ဦးဘောမောင်သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့၌ ပေါ်ထွန်းခဲ့သည့် ကဗိမိုရ်ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ကျောက်ပန်းတောင်းမြို့ ဆရာကြီး ဦးဘောမောင်ဟု ထင်ရှား၏။

မြရည်ရှိန် ထိန်တွန့်၊
တိမ်အညွန့် ရှက်လိန်၊

ပန်းတောက်တဲ့ နေအချိန်၊
ရွှေပန်းထိမ် ကွန့်မြူး။

လှရှက်ဖက် ပွင့်နော်ဇာကို၊
သင့်လျော်စွာ ဆေးတင်လို့ကူး။

ကညာလှ ပျိုပေါင်းရံတယ်၊
ချိုညောင်းသံ မြွက်ကျူး။

ကိုယ်ပေါင်းဟန် ယှက်ကူးလို့၊
မပျက်ဘူး ပုံသေး။

ပြုံးရယ်ရယ် ကိုယ်ကိုလှဲ၊
ကြည်ညိုဘွဲ့ ခွန်းတို့မသေ။

သိင်္ဂနိုက် ဇမ္ဗူရွှေလို၊
တူပေ-မှာ တင်နှက်လို့၊
ကြင်ဖက်ဘယ် ကြံရှယ်မှန်တယ်၊
ကြိုးပသက်လှယ်။

ရွှေကိုမျှားလို့ စကားကြွယ်ဘယ်၊
သနားစဖွယ် ချိုပြုံးပါလို့လေး—

စသော ရသမြောက် တေးထပ်စသည်တို့ကို ရေးစပ်ခဲ့သော ကဗျာဆရာကြီး ဆရာဟင်းသည် မြင်းခြံ၌ပေါ်ထွန်းခဲ့ဘူးသော မြင်းခြံမြို့ ဆရာဟင်းဟု ထင်ရှားသော ကဝိဓိုရ်ဖြစ်၏။

ရင်းပြင် သဘင့်အစဉ်ဗလာ မှတ်ဉာဏ်ဆသူတို့၊ အဆင့်ဆင့်ပညာ တတ်ရန်ပြခဲ့ပ၊ နှတ်သံဘ လက်ဦးသင် စသည့် ကြုံလေဘုံဗေ့အဆန်းဖွဲ့နှင့် "ဩဘ်သခါနုမောဘ်၊ ဖြစ်ကပျက်ပြန်၊ လောကဓံ၊ နိဗ္ဗာန်မရသေးသမျှ၊ အေးရမည်မဟုတ်၊ ဇာတိဇရာ၊ ဗျာဓိမရဏ၊ ဤသို့စ၊ ဒုက္ခတွေကလဲ ရှုပ်တဲ့ပြင်၊ ကျွန်ုပ်တို့ပုံလင်ကွဲ သားကွဲ မယားကွဲတွေကလဲ၊ အနှဲနှဲစုံနေတော့တာဘဲ" စသည့် သံဝေဂဖွဲ့ အပူဖွဲ့တို့ကို ရေးစပ်ခဲ့သော ဆရာကြီး ဦးအေးသည်လည်း မြင်းခြံ၌ ထင်ရှားခဲ့သည့် ကဗျာဆရာကြီး ဖြစ်လေသည်[၁]။

(၁) ပဟာယ ဆန္ဒဓဝဒင်္ဂ-ပဒမင္ဂာရဇ န္ဒသာ။
သစ္စန္ဒေ သဂ္ဂေန ဘာသံ၊ မဟစ္စန္ဒေန တံ နမေ။

(၂) ဆန္ဒောနျာယေသု ယေ ဆန္ဒ-ဇာတာ ဆန္ဒောဂဝေသကာ။
တေသံ ဆန္ဒာနယံ ဒဇ္ဇာ၊ အယံ မေ ဆန္ဒောဘာရတိ—

ဟူသော မင်္ဂလာစရဏ ၂ ဂါထာပါရှိသော ဆန္ဒောဘာရတီကျမ်း,

ယဿ သံဃာလိ သဥ္ဇုမှို၊ ပဒမာလာယုဂနတော။
တံ နမေ ဝိရဇံ ဓမ္မံ၊ ရဇံ အမတာဝါသိတံ—

အစရှိသော ဂန္ထာရမ္ဘ ၁၅-ဂါထာပါရှိသော လယ်တီပဒမာလာကျမ်းကြီးများ[၂],

(၁) မဟာကာရု ဉာဏဿ ပါရသင်္ဂတံ။
ကဓမ္မ ပဋ္ဋ ဇနေသု အာဘာလောယျက်။
ဝန္ဒိတွာန သမ္ဗုဒ္ဓ မဟ မာဒရံ၊
ဓမ္မဥ္စဿ သံဃဥ္စ ဂဏမုတ္တမံ။

၁။ ကဗျာသင်္ဂဟမေဒနီကျမ်းနှင့် မြင်းခြံဆိုင်ရာမှတ်တမ်းများကြည့်။
၂။ လယ်တီပဒမာလာကျမ်းကြီးမှာ ရှိုင်ဆိုက်ကြီးဖြင့် ပဌမ ဒုတိယ ၂-တွဲရှိ၏၊ ပဌမတွဲ စာမျက်နှာ ၄၆၀-ကျော်, ဒုတိယတွဲမှာ စာမျက်နှာ ၄၉၄-ရှိ၏။

(၂) ယတော ကဝိ ဘာရတိံ ဝမ္မိကာဝလိံ၊
နာနာဝိဓိ နယာသိ ကဝိသေနာနိံ။
ဒိသွာ ယာတိ ဇဋ္ဌာရိ ဂိရိဒေသသ္မိံ၊
သုကဏ္ဍေဟိ ကဿာမိ ကဝိဘာရတိံ။

(၃) ဗဟဝေါပိ ယာစန္တိ ကဝိကာရကာ၊
ရစနတ္ထံ ယံ ဂန္ထံ မမံဘိမုခါ။
အတ္ထဝဟော တေသံ သော ယတော သဗ္ဗဒါ၊
တံ ပဿန္တု သိက္ခန္တု ဗဟုပဏ္ဍိတာ။

(၄) ကဝိ ဌေတွ နိက္ခိတ္တ ဉာဏလောစနာ၊
ကဗျဗန္ဓံ သင်္ဂီတံ သဗ္ဗံ ဇာနိတွာ။
ဓမ္မပါလ မာဗဒ္ဓ ဝဋ္ဋဗန္ဓနာ၊
ဝိမုစ္စနေ ဟောဿရေ ဝိဝေကာလယာ–

ဟူသော ပဏာမာဒိမင်္ဂလာ ပါဠိသံပေါက် ၁၆-ပုဒ် ၄-ပိုဒ်ဖြင့် စတင်ရေးသား အပ်သော ကဝိဘာရတီကျမ်း၊[1]

နမာမိ သံသာရ ကန္တာရာ၊ တိဏ္ဏံ ပါရင်္ဂတံ ဇိနံ။
တေန ပုညေန ခိပ္ပံဝ၊ တိဏ္ဏော သံသာရတော ဘဝေ–

ဟူသော ဗုဒ္ဓပဏာမ အာသီသဂါထာဖြင့် စတင်ရေးသားအပ်သော လယ်တီ ပဏ္ဍိတ ဥဋ္ဌုပ္ပတ္တိကထာကျမ်း၊[2]

(၁) ယာ ယေန ယမာလင်္ကာသိ၊ ဂုဏာနန္တေယျလင်္ကတော။
တံ သမ္ဗုဒ္ဓမ္ပိ သဒ္ဓမ္မံ၊ သံဃံ နတွာ သမာဒရံ။

(၂) အလင်္ကာရေ ဒမေသီဒါ၊ ဗျမောဟာယေ ပဗျူဟိတာ။
ဝိဇညာ သူနု မေ တေသံ၊ ကာဗျလောကေ ကဝီရိတေ။

(၃) အာဒေါသံ ဂုဏဝံ ကာဗျံ၊ မလင်္ကာရေယျ လင်္ကတံ။
ရသာန္ဝိတံ ကဝိကုဗ္ဗံ၊ ကိတ္တိံ ပီတိံ စ ဝိန္ဒတိ။

(၄) နရတ္တံ ဒုလ္လဘံ လောကေ၊ ဝိဇ္ဇာ တတြ သုဒုလ္လဘာ။
ကဝိတ္တံ ဒုလ္လဘံ တတြ၊ သတ္တိ တတြ သုဒုလ္လဘာ။

---

၁။ ယင်းကဝိဘာရတီကျမ်းကြီးသည်၊ ကရောင်း ၁၆-ချိုး ၂-တွဲရှိသည်၊ ပဌမတွဲ စာမျက်နှာ ၅၀၀-ကျော် ဒုတိယတွဲ စာမျက်နှာ ၄၀၀-ကျော် ရှိ၏။

၂။ လယ်တီပဏ္ဍိတ၏ အဋ္ဌုပ္ပတ္တိကျမ်းငယ်ဖြစ်၏၊ ကရောင်း ၁၆-ချိုးဆိုက် စာမျက်နှာ ၅၀-ကျော် ရှိ၏။

(၅) မာပေမိ သဒ္ဒသံကာယ—မတ္တဂန္ဓသုလိမ္ပိတံ။
ဗျောပါယ ဗျောမတော ဒေဝိ°၊ မေခလံ ကာဗျဘာရတိ°။

(၆) တာရေသာ တေ အယံ ကာဗျ—ဘာရတီ မေခလာခလာ။
နာနာလင်္ကာဍုလင်္ကာရာ၊ တမော သံဒေ ဗဟူ ဇနေ။

(၇) ဧဝံ တိဏ္ဏမသံခိန္နံ၊ ပလောဘံ ကဿ တေ ဇနံ။
စိတြနျာယော မဟာဒေဝီ၊ ဝင်္ဂိသိ ပီတိဘာဝနီ။

(၈) ဇမ္ဘွေါ ဒဘာကရံ ဝါ မေ၊ ကာဗျဘာရကီ မေခလံ။
သုနျာယံ သုန္ဒရီဘူတံ၊ ဒက္ခိဏောသု သရသ္သတိ°။

(၉) ကဝီနံ ဇနိကာ ဝါပိ၊ ပါဏီ လောကေ မဟစ္ဆရာ။
မယှံ ပကရဏံ ဒေါလာ၊ သာလင်္ကာရ မိမံ ရသံ။

(၁၀) ဒေါလာယ ဝါဏိယာ ဘာယ၊ သမဿာသာ ပဝီရိတာ။
ကဝိတာနျာယ ခီရံသိ၊ ကဝယော သေဿရေ သုခံ။

(၁၁) ကေစိ သဃ မာဂန္တွာ၊ ကေစိ ပေသိယ ပဏ္ဏကံ။
ယာစန္တိဒံ မမေသာ ပိ၊ ဟောတိ တေသံ ဟိတာဝဟာ—

ဟုဆိုသော ဂန္ထာရမ္ဘ ၁၁-ဂါထာဖြင့် တခမ်းတနား ကြိုးပမ်းအားသစ်အပ်သော ကာဗျဘာရတီကျမ်း[၁]။

(၁) ဗုဒ္ဓပါဒ ယုဂမ္ဘောဇ၊ စိတြေက္ကင် ကေသရံ။
နခဒီဓိတိ ဂန္ဓံ မေ၊ ဃာနာလိ မဘိဝါသတံ။

(၂) ယေ မံ ကောဝိဒတံ နေန္တိ၊ ဂရူ ကောဝိဒသာမိနော။
လောကိယေ ပိဋကေ စာပိ၊ နမာမိ ကောဝိဒေါ အဟံ။

(၃) ပခုက္ကူနဂရေ ရမ္မေ၊ ဂုဟာလေဏာဒိမဏ္ဍနေ။
မဟာသီဟဠသာမိတိ၊ ထူပေ နယာဒိပူဇိတော။

(၄) ဝိနဋ္ဌာ တဿ ပေါရာဏီ၊ ယမုပ္ပတ္တိ ကထာ သုဘာ။
သမ္ဗုဒ္ဓ ဂေါပကာ သန္တာ၊ တတော မံ တံ ဘိယာစရေ။

(၅) ဂဟေတွာ ယာစနံ သောံ၊ သောံ ပေါရာဏဗျုပ္ပတ္တံ။
ပထံ အညတရေသဉ္စ၊ သဉ္စယိတွာ ဝိသေသတော။

---

၁။ ယင်းကာဗျဘာရတီကျမ်းကား အပြီးမသတ်ခဲ့၊ ပြီးသမျှရိုက်နှိပ်ထုတ်ဝေရာ ကရောင်း ၁၆-ချိုးဆိုက် စာမျက်နှာ ၁၅၆-ရှိ၏။

(၆) ဥဒိဟိဿာမိ အဗျာသေန၊ ကောမာလသာခုဂါယနာ။
ဝိဒူနံ သမ္ဘာသာဒါယ၊ ဒခံ ဥပ္ပတ္တိဘာရတိံ —

ဟူသော ၆-ဂါထာ ဂန္ထာရမ္ဘဖြင့် အားသစ်ကြိုးပမ်းအပ်သော ပနုက္ကူ သီဟိုဠ်ရှင်ဘုရားသမိုင်းကျမ်း,

(၁) သဒ္ဓမ္မပါဠိယာ နိစ္စံ၊ ဘာဏံ ပါဠိဝစီဿရော။
ပါဠိဘာဏီန မဂ္ဂေါ မံ၊ ပါလေတု ပါဠိစေတသံ။

(၂) နမော မာခုရိယာ ပါဠိ–ဘာရတိယာ ရသော ရဟိ။
ယေန ယာ ဓိဂတာ မမ္မ–ဘာရတိ တာယ တဿ ဟံ။

(၃) သမဏ္ဍာ ဗဟုလာ အာသု၊ မရမ္မေ ပါဠိဘာဏိယာ။
သာ လယ်တိပါဠိဘာဏိပုံ၊ တာသု အညတရာ သုတာ။

(၄) အာခုနိကာန မမ္မာကံ၊ ပါဠိဘာဏိ သမီတိကာ။
အညေ စ အညဒေသမှာ၊ မမံ သင်္ဂမ္မ ယာစရေ။

(၅) ပါဠိပ္ပာဘိဓာနကာရော သော၊ လယ်တီပဏ္ဍိတော စ ပဏ္ဍိတော။
မဟာဝိဇ္ဇာတိ အင်္ကိပိ၊ ယတော ယောဇေတိ မံ သဒါ။

(၆) တဿာ ယံ ဒါနိ ကာလောတိ၊ ပါဠိဘာရတိ လေခနေ။
လ္လတ် မေ မဓနုာဿာဟဿ၊ တဿိံ နိန္နာ မယိ မမံ။
သက္ကတေ ဗျာကရဏေ စာပိ၊ သာဋ္ဌကထာယ ပါဠိယာ။
ဂန္ထိတ္ထာ အာဂတံ ချာယံ၊ ပေါရာဏံ နုတနံ တုနံ။
ပါဠိယာ ပါဠိသောတူနံ၊ ဝစနေ ရစနေ ဝုနာ။
ဗဟူပကာရကံ သီဃံ၊ ကဿာမိ ပါဠိဘာရတိံ။
ပါဠိံ လိခန္တု ဂါယန္တု၊ ဘဏန္တု ပါဠိဘာဏိနော။
အမေဟိ ရစိတံ ဂန္ထံ၊ ပရိစေတွာ န ဘိက္ခဏံ။
ဥဒိ ပါဠိသောဏ္ဏဗျာမမှိ၊ ကော ကူဇန္တု ပါဠိဿရံ။
ဝိဓူရကရဝီကာ တေ၊ ဒဝင်္ဂါရာ ပရံ ရဝံ။
သမ္ဘူတာ ဘူတလေ လယ်တီ–ထေရာ ဒုဝေ မဟာမဟာ။
အာစေရုဇ္ဈာယာ ပါန္တု၊ မမံ ဒိဝင်္ဂတာ ဒိဝါ။
ဉုံ မံ သရဿတိ ဒေဝီ၊ ဉုံ လယ်တီ ပါဠိဘာဏိယာ။
ဉုံ သွာဟ သွာဟ မေ တညု၊ ဉုံ သွာပုံ သွာပုံ ပရေ တထာ—

ဟူသော ၁၂-ဂါထာပါရှိသော ဂန္ထာရမ္ဘဖြင့် ကြိုးပမ်းအားသစ်စီရင်အပ်သော ပါဠိဘာရတီကျမ်း[၁] စသည်တို့ကို ပြုစီရင်ခဲ့သော ၁၂၆၉-ခုနှစ်ဖွား ၁၃၀၀-ခုနှစ်

---

၁။ ယင်း ပါဠိဘာရတီကျမ်းမှာ ကရောင်း ၁၆-ချိုး စာမျက်နှာ ၃၃၄-ရှိ၏။ ဒုတိယတွဲ တတိယတွဲရေးရန် ရည်မှန်းသည်ဟု သိရ၏၊ သို့ရာတွင် မထွက်ခဲ့ချေ။

ကွယ်လွန် အစိုးရ ပဌမကျော်, ပရိယတ္တိ ပဌမကျော်, ပရိယတ္တိသာသနဟိတ မူလဓမ္မာစရိယ, လယ်တီအရှင်ကောဝိဒ (ပုပ္ပါး ဦးကျော်ရင်) သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရခေသ့တောင်ရွာဇာတိ ဖြစ်သည်[1]။

အလယ်တန်း မြန်မာသဒ္ဒါ, အထက်တန်း မြန်မာသဒ္ဒါကျမ်း စသည်တို့ကို ပြုစီရင်ခဲ့သော ကျမ်းပြုဆရာ, စာရေးဆရာကြီး ဒဂုန် ဦးစန်းငွေသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့ တည်ပင်တဲရွာဇာတိ ဖြစ်သည်။

ဤသို့စသည်ဖြင့် မြင်းခြံခရိုင်သည် ကျမ်းဂန်တတ်ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်တို့၏ ပေါ်ထွန်းရာ ဌာနမှန်ဖြစ်လေသည်။ ဟုတ်တိုင်းမှန်ရာ ပမာတင်၍ ပြောရလျှင် မြင်းခြံခရိုင်သည် ဗုဒ္ဓဝံသအဋ္ဌကထာ, အဘိဓမ္မာဝတာရအဋ္ဌကထာ, ဝိနယ ဝိနိစ္ဆယပါဠိ, ဥတ္တရဝိနိစ္ဆယပါဠိ, ရူပါရူပဝိဘာဂပါဠိ အစရှိသော ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သည့် အရှင်ဗုဒ္ဓဒတ္တမဟာထေရ်၊ ဥဒါနအဋ္ဌကထာ, ဣတိဝုတ်အဋ္ဌကထာ, ဝိမာနဝတ္ထုအဋ္ဌကထာ, ပေတဝတ္ထုအဋ္ဌကထာ, ထေရဂါထာအဋ္ဌကထာ, ထေရီဂါထာအဋ္ဌကထာ, စရိယာပိဋကအဋ္ဌကထာ, နေတ္တိအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်မဟာဋီကာ, ဒီဃနိကာယ်ဋီကာ, မဇ္ဈိမနိကာယ်ဋီကာ, သံယုတ္တနိကာယ်ဋီကာ, အင်္ဂုတ္တရနိကာယ်ဋီကာဟောင်း[2], နေတ္တိဋီကာ, အဘိဓမ္မာအနုဋီကာ စသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်ခဲ့သည့် အရှင်ဓမ္မပါလမဟာထေရ်၊ နာမရူပ ပရိစ္ဆေဒပါဠိ, ပရမတ္ထဝိနိစ္ဆယပါဠိ, အဘိဓမ္မတ္ထသင်္ဂဟပါဠိ စသော ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်အနုရုဒ္ဓမဟာထေရ်၊ ဓမ္မတိစ္ဆေဒနီအဋ္ဌကထာ, ဓမ္မတိဝိနောဒနီဋီကာပါဠိ ကျမ်းတို့ကို ပြုစီရင်တော်မူခဲ့သော အရှင်ကဿပ (စောဠိယကဿပမဟာထေရ်) စသည့် မဟာကဝိပုဂ္ဂိုလ်ကျော်တို့ ပေါ်ထွန်းရာ အိန္ဒိယနိုင်ငံ တောင်ပိုင်း ဒက္ခိဏဘာရတဒေသနှင့် တူလေသည်။

## မြင်းခြံကို ရွေးချယ်၍ သန္ဓေတွယ်ခဲ့

ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဌမဆုံး တိပိဋကဓရ, ဆဋ္ဌသံဂါယနာ ဝိဿဇ္ဇကဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ သာသနာ့အာဇာနည် လောင်းလျာသည် ဗလဝကုသိုလ်ကံ၏ စီမံပေးချက်အရ ထုတ်ဆိုဖော်ပြခဲ့သည့်အတိုင်း ရဟန်းပညာရှင်, လူပညာရှင်တို့ မပြတ်ဆက်ကာ ပေါ်ထွန်းရာဖြစ်သည့်

---

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင် ၆၂၈-ကြည့်။

၂။ ယင်း ဋီကာ မဆုံး တိကနိပါတ်ဆုံးရုံသာရှိသည်ဟု သိရ၏။

မြန်မာနိုင်ငံ၏ ချက်မသဖွယ်ဖြစ်သော မြင်းခြံခရိုင်၌ ဇာတိဆက်သွယ်ကာ သန္ဓေတွယ်တော်မူခဲ့ခြင်း ဖြစ်လေသည်။

မြင်းခြံဝှနဂရံ နာမ၊ ပဏ္ဍိတာနံ သုဝိညုနံ။
ဥပ္ပတ္တိဋ္ဌာနဘူတံ ဟိ၊ ဒက္ခိဏာဘာရတံ ယထာ။

ဝိစိတ္တသာရာဘိဝံသပါ၊ ပဏ္ဍိတာ ကဝိပုင်္ဂဝေါ။
ဇာတော မြင်းခြံ ပဒေသမှိ၊ ရဋ္ဌေသု နာဘိသန္နိဘော။

## သာသနာပိုင် တောင်ခွင်ဆရာတော်ဘုရားကြီး ဦးစီးကွပ်ကဲကာ သာသနာပြုခြင်း

အင်္ဂလိပ်အစိုးရလက်ထက် သက္ကရာဇ် ၁၂၆၃-ခုနှစ်သို့ ရောက်လာသောအခါ လစ်လပ်လျက်ရှိသော သာသနာပိုင် ဆရာတော်တပါးကို ရွေးချယ်ရန် မင်းတုန်းမင်း၊ သီပေါမင်းတို့လက်ထက်က "ရာဇဂုရု၊ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရရှိသော ဆရာတော် ၃၃-ပါးကို သာသနာပိုင် အရွေးချယ်ခံပုဂ္ဂိုလ်များအဖြစ် မန္တလေးမြို့လေးပြင်လေးရပ်ရှိ ကျောင်းတိုက်များမှ တိုက်အုပ် တိုက်ကြပ် ကျောင်းထိုင်ဆရာတော်တို့ကို မဲဆန္ဒပေးပုဂ္ဂိုလ်များအဖြစ် အများသဘောတူ သတ်မှတ်ကြပြီးလျှင် ယင်းသည့် ၁၂၆၃-ခုနှစ် သီတင်းကျွတ်လဆန်း(၇)ရက်နေ့ နံနက် ၈-နာရီအချိန်တွင် မန္တလေးဘောင်ခြံရှိ သုဓမ္မာဇရပ်အနီး မဏ္ဍပ်ကြီး ဆောက်လုပ်လျက် မဲဆန္ဒပေး၍ သာသနာပိုင် ရွေးချယ်ရာ မိုးတားဆရာတော်က မဲပေါင်း-၃၉၆ ပဌမ၊ တောင်ခွင် ဆရာတော် အရှင်ဝိသုဒ္ဓါစာရက မဲပေါင်း ၁၉၇ ဒုတိယ၊ ဒုတ်လှမ်းဆရာတော်က မဲပေါင်း ၈၆ တတိယ ရရှိကြသည်။ သာသနာပိုင်ရွေးချယ်ပွဲတွင် ပဌမရရှိသော မိုးတားဆရာတော်မှာ ပျံလွန်တော်မူသဖြင့် ဒုတိယရရှိသော တောင်ခွင် သာသနာပိုင်ဆရာတော် အရှင်ဝိသုဒ္ဓါစာရကိုပင် လောကရေးရာ၊ ဓမ္မရေးရာ၊ ရာဇရေးရာတို့၌ ကျွမ်းကျင်လိမ္မာသော ဆရာတော်ဖြစ်၍ ၁၂၆၅-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၁-ရက်နေ့တွင် အသိအမှတ် ပြုသောကြောင့် တောင်ခွင်ဆရာတော်သည် မဟာသံဃရာဇာ သာသနာပိုင် အဖြစ်သို့ ရောက်တော်မူသည်။ တောင်ခွင်ဆရာတော်သည် "ဝိသုဒ္ဓသီလာစာရ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊ ဝိသုဒ္ဓသီလာစာရဓဇ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊ ဝိသုဒ္ဓသီလာစာရသိရီပဝရဓမ္မသေနာပတိ မဟာသံဃရာဇာ ဟူသော ဘွဲ့တံဆိပ်တော်၊ ဒီ-လစ် ဘွဲ့တံဆိပ်တော်ဟူသော ဘွဲ့တံဆိပ်တော် ၄-ထပ်ရ ဆရာတော်ဖြစ်သည်[၁]။

---

၁။ အကျယ် မန္တလေးသာသနာဝင်ကျမ်း၊ တောင်ခွင်သာသနာဝင်ကြည့်။

ဘောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး သည် ရှေးဦးစွာ ပဌမ အကြိမ်—

အဂ္ဂမဟာပဏ္ဍိတ သံဃနာယက မောက်ကြီး ဆရာတော်, ပုဂံအတွင်းဝန်တိုက် ဆရာတော်, ဗန်းမော်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ မကုဋာရာမ ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ စံကျောင်းဆရာတော်, အဂ္ဂမဟာပဏ္ဍိတ စိန်ပန်းဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ကျောက်ပန်းတောင်းဆရာတော်, လက်ဘာရာမ ဆရာတော် အားဖြင့် ဆရာတော် ၇-ပါးကို သုဓမ္မာဝင် ဆရာတော်အဖြစ်ငင်း, ရွှေရေးဆောင်တိုက် အရှင်သီဟနေရိကို သုဓမ္မာဝင် အနုဝိဇ္ဇက ဆရာတော်အဖြစ်ငင်း ခန့်အပ်တော်မူပြီး ယင်းသုဓမ္မာဝင်, အနုဝိဇ္ဇကဆရာတော်များနှင့် တိုင်ပင်၍ အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာတို့၌ ဟိုက်တန်သော ဆရာတော်များကို ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် စသည့် အခွင့်ဆင့် ခန့်အပ်တော်မူကာ သာသနာပြုတော်မူခဲ့သည်၊

နှစ်အတန်ကြာလေသော် တချို့ သုဓမ္မာဝင် ဆရာတော်များ ပျံလွန်ခြင်း စသော အကြောင်းတို့ကြောင့်—

သံဃနာယက နိသျည်းဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ကျောက်ပန်းတောင်းဆရာတော်, ဒက္ခိဏာဝန် ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ခင်မကန် ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ အာတုမရှီဆရာတော်, အဂ္ဂမဟာပဏ္ဍိတ တပယင်း ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ခေမာသီ ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ သစ်ဆိမ့် ဆရာတော်, သင်္ဂဇာ ဆရာတော် အားဖြင့် ဆရာတော် ၉-ပါးတို့ကို ဒုတိယအကြိမ် သုဓမ္မာ ဆရာတော်များအဖြစ် ပြန်လည်ဖွဲ့စည်း ခန့်အပ်တော်မူလျက်ငင်း၊ ဘောင်ခွင်တိုက်အုပ် ဆရာတော် အရှင်စန္ဒာဘာသကို သုဓမ္မာဝင်, အနုဝိဇ္ဇက ဆရာတော် အဖြစ် ခန့်အပ်တော်မူလျက်ငင်း ငင်းဆရာတော်များနှင့် တိုင်ပင်၍ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်စသည် ခန့်အပ်၍ သာသနာပြုတော်မူခဲ့လေသည်။

တဖန် အဂ္ဂမဟာပဏ္ဍိတ သံဃနာယက သစ်ဆိမ့် ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ရွှေရေးဆောင် ဆရာတော်, တိုက်တော်ကျောင်းကြီး ဆရာတော်, စက်ဝန်တိုက် ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ဒက္ခိဏာရာမ ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ရွှေကူကြီး ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ပိဋကတ်အုတ်ကျောင်း ဆရာတော်, အာတုမရှီ ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ ဝေဠုဝန် ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ တောင်ပြင်စံကျောင်း ဆရာတော်, ခေမာသီ ဆရာတော်, ကုကြီးကုန်း ဆရာတော်, ရွှေလောင်းကြီး ဆရာတော်တို့ကို သုဓမ္မာဝင် ဆရာတော်များအဖြစ်ငင်း, အရှေ့ ခင်မကန်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ သူဌေးကျောင်း ဆရာတော်, ဓမ္မာရာရုံအုတ်ကျောင်း ဆရာတော်, တိုက်သစ်ကျောင်း ဆရာတော်, မြစ်ဝန်အုတ်

ကျောင်း ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မိုးထိ ဆရာတော်တို့ကို ဒုတိယ သုဓမ္မာဝင် ဆရာတော် အဖြစ်၎င်း၊ ပြည် ဆရာတော် အရှင်နာရဒါဘိဝံသကို ပဌမ သုဓမ္မာဝင် အနုဝိဇ္ဇက ဆရာတော်အဖြစ်၎င်း၊ ခင်မကန်တိုက် ပန်းကျောင်း ဆရာတော် အရှင်ဝိစိတ္တကို ဒုတိယသုဓမ္မာဝင် အနုဝိဇ္ဇက ဆရာတော်အဖြစ်၎င်း ခန့်အပ်လျက် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်များအဖြစ် ခန့်အပ်၍ သာသနာပြုတော်မူခဲ့လေသည်။

ဤသို့ဖြင့် တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ဆရာတော် သံဃာတော်များကို သုဓမ္မာမှ တဆင့် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် စသည် ခန့်အပ်တော်မူခဲ့သည်မှာ ၁၂၆၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့မှ စ၍ ၁၂၉၉-ခုနှစ် တပေါင်းလပြည့်ကျော် ၂-ရက်နေ့အထိ ဖြစ်လေသည်[၁]။

## သာသနာရောင် တောက်ပြောင်ချိန် ဖွားမြင်

ပဌမဆုံး ပိဋက ၃-ပုံဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရာဘိဝံသ လောင်းလျာသည် ဖော်ပြပါ တောင်ခွင်သာသနာပိုင် ထိပ်တန်း သာသနာပြု သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ် ဆရာတော်ဘုရားကြီး သုဓမ္မာဝင် ဆရာတော်များနှင့် တိုင်ပင်ညီညွတ်၍ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ခန့်ပြီး သာသနာတော်၏ အညစ်အကြေးတို့ကို သုတ်သင်၍ သာသနာ ထွန်းလင်းအောင် သာသနာပြုနေချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

## တန်ဆောင်မာသ ခါသမယ

လောကကောတို့၏ ဗြိစ္ဆာရာသီ ခေါ်တဲ့ တန်ဆောင်မုန်းလကား သာယာလှသည်၊ ပျော်စရာလဲကောင်းလှသည်၊ ရှေးယခင်က ယဉ်ကျေးမှု အမြုတေတို့၏ ဖုဒဝးရာ ဘာသာတနိုင်ငံ ခေါ်သည့် အိန္ဒိယနိုင်ငံ တဝှန်းမှာလဲ တန်ဆောင်မုန်း လပြည့်နေ့တွင် ကြတ္တိကာနက္ခတ်ပွဲ ဆင်ယင်ကျင်းပပြီး တိုင်းသူပြည်သားတွေ ပျော်ကြပါးကြသည်၊ မှူးကြီးမတ်ရာ သေနာပတိ တကစ ဘုရင်မင်းမြတ်မကျန် ကြတ္တိကာနက္ခတ်ပွဲ နွှဲပျော်ကြကုန်၏။ ရဟန်းသံဃာတော်တွေလဲ ရာသီဥတု မပူ မအေး သာယာ သမဉကျဖြစ်တဲ့ ဤ တန်ဆောင်မုန်းလမှာ ဓုမနှစ်ပါးကို

၁။ တောင်ခွင်ဆရာတော်သည် သက်တော် ၈၁၊ ဝါတော် ၆၁-မှစ၍ သုဓမ္မာဆရာတော်များအား လွှဲအပ်တော်မူ၍ ငယ်ငယ်က ကြီးတင်နေထိုင်ခဲ့ရာ အမရပူရမြို့ ဘုံကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်၊ သုဓမ္မာဆရာတော်များကလည်း သာသနာပိုင် ဆရာတော်ကြီးအား အရေးကိစ္စကြီးလျှင် လျှောက်ထားတိုင်ပင်တော် မူကြရသည်။

အအေးဒဏ်၊ အပူဒဏ် ကင်းဝေးကာ ချမ်းသာစွာ အားသစ်ကြိုးပမ်းတော်မူကြကုန်၏။ ဂါမဝါသီ ရွာနီး (မြို့နီး) ကျောင်းနေ ရဟန်းတော်များမှာ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှာ ဝါကျွတ်လေရာ မိမိ မိတ်ဆွေရင်းချာ သီတင်းသုံးဘော် သံဃာတော်တို့နှင့် တွေ့ဆုံကြုံကြိုက်ရာ လ-လဲ ဖြစ်ပေ၏။ အရညဝါသီ တောရပ်မှီတဲ့ ရဟန်းတော်များလဲ တန်ဆောင်မုန်းလပြည့်နေ့ ပဝါရဏာ ပြုတော်မူကြပြီး တန်ဆောင်မုန်းလဆုတ် ၁-ရက်နေ့ကစ၍ တောဝါကျွတ်သဖြင့် လွတ်လွတ်လပ်လပ် ကြွလိုရာ ကြွ၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား ချီးမြှောက်ရာ လ-လည်း ဖြစ်သည်။

ရှင်းပြင် ဗုဒ္ဓဘာသာဝင်အများတို့၏ နေထိုင်ရာ ငါတို့ပျော်စံရာ မြန်မာပြည်မှာ ပြည်သူပြည်သားတွေ ကထိန်သင်္ကန်း ကပ်လှူပွဲများ ကျင်းပ၍ ဒါနကောင်းမှုများ ပြုရိုး ရှိကြ၏။ မြန်မာနိုင်ငံ သာသနာပြု မင်းမြတ်များလဲ ကထိန်ပွဲများဖြင့် သာသနာကို ချီးမြှောက်ကြကုန်၏။ ရှင်းပြင် ဆီမီးတန်ဆောင် ထွန်းညှိပွဲ၊ မသိုးသင်္ကန်းရက်ပွဲ ကျင်းပ၍လဲ ဤတန်ဆောင်မာသ ခါသမယမှာ ပျော်ရွှင်ကြသည်၊ ခဲပန်းတွေလဲ ဤတန်ဆောင်မာသ ခါသမယမှာ ပွင့်ကြကုန်၏။ ဤလ ဤရာသီမှာ ငွေသော်တာ လရောင်သည်လည်း အတိုင်းထက်အလွန် ထူးထူးခြားခြား တောက်ပြောင်ထိန်ဝင်း လင်းလက်လှသည်၊ ဆီးနှင်းများလဲ ကျပြီး လောကသားတို့အား အအေးဓာတ်ပေးသည်၊ လောကသားတို့အချင်းချင်း မေတ္တာရေစင် အအေးဓာတ်ဖျန်းကြဖို့ သတိပေးသကဲ့သို့ ရှိနေချေသည်။

ဤလ ဤရာသီအခါ မြန်မာနာရီအနေဖြင့် နေ့အချိန်မှာ ၃၂-နာရီ၊ ညအချိန်အခါ ၂၈-နာရီ ရှိသည်ဟု သိရ၏။

အောက်ပါ ကဝိစာဆို ကဗျာမိုရ် ဦးပုည၏ တန်ဆောင်မုန်းလ ရာသီဘွဲ့ တေးထပ်ကလေးကို ဖတ်ရွတ်ပြီး မြန်မာ့သာသနာဝင်တွင် မကြုံဘူးဟု ဆိုရလောက်အောင် ထူးကဲပြောင်မြောက်လှသည့် ဆဋ္ဌသံဂါယနာ အဖြေတာဝန်ကို ထူးချွန်စွာ ဆောင်ရွက်တော်မူခဲ့သည့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်မြတ်ကြီး၏ မယ်တော် ဝမ်းကြာတိုက်မှ ထွက်တော်မူခဲ့ရာအခါက စ၍ ယခုတိုင် သာသနာ့တာဝန်တွေကို မနားမနေ တအားရှာဖွေဆောင်ရွက်နေပုံကို ကြည့်ညိုရာ၏။

မိုးဝသန် ချိန်ဆုံးလို့၊
တန်ဆောင်မုန်း ဗြိစ္ဆာ။

ဖဝါး နှစ် စွန်းခါဝယ်၊
ကြတ္တိကာ ကြယ်မင်း။

ခဝဲပွင့် မာလာငယ်၊
သည်ချိန်ခါ မွှေးပျံ့ထုံသင်း။

ဗာတ္တိ သ ညဉ့်နဒီမှာ၊
အငွေ့စမ်ိ နွေသွင်း။

မြောက်လေပြေ ဆော်ညှင်းလို့၊
အမင်းမင်း ရာဇာ၊

ဥတ်ကထိန် ခါသမယမို့၊
မျှားဒါန ပြုကြမြဲသာ။

ဆယ့်ရှစ်လုံး ပတ်သုညာမှာ၊
သံသရာ နောင်ရေးကိုလ၊
ထောက်တွေး ကြံဆင်ခြင်၊
ကင်းလွတ်ကြောင်းအင်။

မြတ်ပုည ကောင်းမှုခွင်မှာ၊
နှစ်အစဉ် ပွဲပေရှင့်လေး။[၁]

တိပိဋကဓရ ပုဂ္ဂိုလ်ကျော်၏ ဖွားမြင်ရာသဘွဲ့ကို အမှတ်တရ ကျဉ်းကျဉ်း ကျက်မှတ်လိုသူတို့ အောက်ပါ သူတော်ဦးမင်းဆို သဖြန်ကဗျာကို ကျက်မှတ် ကြည့်ညိုပါလေ။

လှျူကထိန် သက်နှံနှင့်၊ မဂ်လမ်းတဲ့ ဆုပန်ရှယ်။

သည်ချိန်ကို ဝတ်မှန်ကြဲလို့၊ ခဝဲရွှေညာရင်းမှာ၊ သင်းရနံ့ခြယ်။

ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး။

ရွှေလစန္ဒာနှင့်၊ ကြတ္တိကာ ကြယ်ရောင်စွန်းတယ်၊ ထွန်းထိန်လို့မြူး။

ကျည်းပင်ရွာ

ကျည်းပင်ရွာသည် ဖော်ပြပါ ပညာရှင်သာသနာ့ဝန်ဆောင်တို့ ဘောက်ပ ပေါ်ထွန်းရာ မြင်းခြံခရိုင် မြင်းခြံမြို့ အနောက်တောင်ယွန်း မြို့ဆင်ခြေဖုံး ရောဝတီ မြစ်ကမ်းအနီး၌ တည်ရှိသည်။

---


၁။ ဦးပုညသည် စလေမြို့၌ ၁၁၆၉-ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး သာမဏေအရွယ် သာမဏေ ဝတ်ခဲ့ရာ ရှင်ပုည မည်၏။ နောက် လူဖြစ်စဉ် ဦးပုညအမည်ဖြင့် အလွန် ထင်ရှားသည်။ မင်းလှသခ်ယာ-ဟု ဘွဲ့နှင့် ရွာစည်ရွာကို စားရသည်၊ ၁၂၂၉-ခုနှစ်တွင် မြင်းကွန်းမင်း အရေး၌ အခါပေးမိသဖြင့် မြို့ဝန်ဦးသာအို၏ ကွပ်မျက်ခြင်းကို ခံရရှာသည်။

ဖော်ပြပါ ကျည်းပင်ရွာသည် သဲဖြူဝကျေးရွာအုပ်စုတွင် ပါဝင်၏၊ မြစ်ရေလျှံသဖြင့် မကြာခဏ ပြောင်းရွှေ့ရသည်၊ လွန်ခဲ့သော နှစ်ပေါင်း ၆၀-ကျော်က ယခုထက် လူနေအိမ်ခြေ များပြားသည်ဟု သိရ၏။ ယခုမူ ရွာငယ်တရွာမျှသာဖြစ်သည်။ ၁၉၇၈-ခုနှစ် စာရင်းအရ ကျည်းပင်ရွာ၌ အိမ်ခြေ ၂၇-အိမ်၊ ယောကျ်ား လူကြီး ဦးရေ ၂၇-ယောက်၊ မိန်းမလူကြီး ဦးရေ ၃၇-ယောက်၊ ယောကျ်ား လူငယ် (ကလေး) ဦးရေ ၄၂-ယောက်၊ မိန်းမလူငယ် (မိန်းမငယ်) ဦးရေ ၃၁-ယောက်ရှိသည်။ အိမ်ထောင်စုအနေဖြင့် ၃၃-အိမ်ထောင်စုရှိကြောင်း သိရသည်။

သဲဖြူဝရွာ အုပ်စု တခုလုံးတွင် ၁၉၀၁-ခုနှစ် သန်းခေါင်စာရင်းအရ အိမ်ခြေ ၉၅၊ လူဦးရေ-၄၇၄ ရှိသည်၊ ၁၉၁၁-ခုနှစ် သန်းခေါင်စာရင်းအရ အိမ်ခြေ ၁၂၀၊ လူဦးရေ-၆၀၉ ရှိ၏။ ၁၉၂၁ ခုနှစ် သန်းခေါင်စာရင်းအရ အိမ်ခြေ-၁၇၁၊ လူဦးရေ ၇၇၉-ယောက်ရှိသည်။ သဲဖြူဝအုပ်စုဝင် ကျည်းပင်စသော ရွာသူရွာသားတို့သည် ဆေး, ပဲ,ပြောင်း,နှမ်း, ငရုတ်, ကြက်သွန်, ဟင်းသီး ဟင်းရွက်တို့ကို စိုက်ပျိုး၍ အသက်မွေးကြသည်။ နုံးတင်မြေနု မြေပြန့်လွင်ပြင်ဖြစ်ရာ ဆီး, မာလကာ, ငှက်ပျော စသော ခြံ,ဥယျာဉ် အနည်းငယ်ရှိ၏။ ကျည်းပင်ရွာကလေးကား အလျားကိုက် ၂၀၀-ကျော်၊ အနံကိုက် ၁၀၀-ခန့် ၅-ကေမျှသာ ကျယ်ဝန်း၏။ ရွာတွင်း၌တမာ,ကုက္ကို,မန်ကျည်း,ဆီးစသော အပင်ကြီးများ ပေါက်ရောက်၏။ ယင်းသို့ ရွာငယ်ကလေးပင် ဖြစ်သော်လည်း သာသနာ့သမိုင်းတွင်ကား အတိုင်းမသိ ကျော်စောကိတ္တိ ကြီးလှချေ၏။


ကျည်းပင်ဝှဂါမကော နာမ၊ ကိဥ္စာပိ ခုဒ္ဒကော ဘဝေ။
သာသနက္ခတိဟာသေပိ၊ ဝိဿုတောတိဝ ဝိဿုတော။

အောက်ပါမြေပုံကိုကြည့်၍ ရွာအနေအထားကို မှန်းဆသိရှိရာ၏—



ကျည်းပင်ရွာနှင့်ပတ်ဝန်းကျင်ဒေသမြေပုံ

အခန်း အကျယ်မှာ ၅ ပင် ၄ ခန်းဖြစ်သည်။

အရှေ့  အနောက်

ကျည်းပင်ရွာကျောင်း၏ မျက်နှာစာပြပုံ။

ကျည်းပင်ရွာ **ဆရာတော်** ဦးသာသနသည် သက်တော် ၉၀-ခန့်တွင် ပျံလွန်တော်မူခဲ့၏။
〃 ဒု 〃 ဦးဝန်
〃 တ 〃 ဦးဥတ္တမ ကျုပ်ရွာဇာတိ (၁၀-ဝါ ကျော်) ဦးဂိစိတ္တ၏ မွေးစားသားတပည့် ဖြစ်၏။
ဦးဝိစိတ္တထံ ဝတ်ကြီးဝတ်ငယ် ပြုစု ပညာသင်ယူခဲ့ပြီး မင်းကျောင်း ဦးသူရိယမှတဆင့်
ဦးဝိစိတ္တက ခန့်အပ်၍ ယခုနှစ် တန်ခူးလမှစပြီး ကျောင်းထိုင်ဖြစ်လာခဲ့သည်။



တိပိဋကဓရ အာဇာနည်အရှင်မြတ်၏
မိခင်ကြီး ဒေါ်ဒေါ်ဆင်

## အရှင်ဝိစိတ္တသာရာဘိဝံသလောင်းလျာ ဖွားမြင်ပြီ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက အရှင်ဝိစိတ္တသာရာဘိဝံသ လောင်းလျာ သတိုးသား ရတနာသည် အထက်က ဖော်ပြခဲ့သည့်အတိုင်း "ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ" တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး အမှူးရှိသည့် သုဓမ္မာဝင် ဆရာတော်တို့ ဦးစီး ဦးကိုင်ပြု၍ သဗ္ဗညုဘုရားရှင့် သာသနာတော် စည်ပင်အောင် သာသနာပြုရာအခါ ကျမ်းဂန်တတ် ပါရမီ ပညာရှင်တို့ အဆက်မပြတ် များစွာ ပေါ်ထွန်းရာ မြင်းခြံခရိုင် ကျည်းပင်ရွာ၌ အဘ ရွာသူကြီး ဦးဆုံ အမိ သူကြီးကတော် ဒေါ်ဆင်တို့မှ သက္ကရာဇ် ၁၂၇၃-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁-ရက် ဗုဒ္ဓဟူးနေ့ စက်နာရီ ၃-နာရီကျော် အချိန်တွင် မိးရှူးသန့်စင် ဖွားမြင်တော် မူခဲ့လေသည်။ ဆရာတော် လောင်းလျာသည် သားသမီး ၃-ယောက်အနက် သားလတ်ရတနာ ဖြစ်ခဲ့လေသည်။

မြင်းခြံနဂရသော္ဍမှို၊ ကျည်းပင်ဂါမေ မနောရမေ။
ထေရကုံရော ထိရသတ္တော၊ သုဇာတော အာဇညော ဝိဒူ။


အောက်ပါ အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဇာတာတော်ကို ဗေဒင်တတ်တို့ ကြည့်ရှုလေ့လာရာ၏။

## အရှင် ဝိစိတ္တသာရာဘိဝံသ ဇာတာတော်

ဇေယတု။ ။ သက္ကရာဇ် (၁၂၇၃) ခု ဒီဿကလိယုဂ် (၅၀၁၂) နှစ်ကြွင်း မြင်းခြံ ရဝိဖုဋ္ဌ တူရာသီ ဝေါဟာရ တန်ဆောင်မုန်းလဆန်း (၁၁)ရက် ၄-ဟူး နေ့ ညနေ စက်(၃) နာရီ (၁၅) မိနစ် မြမ္မာ နေ့(၃)ချက်တီး ကျော် (၁) နာရီ ပါဒ်ပြည့် (၅) ဗီဇနာ (၃) ပြန် (၅) ခရာ ကုံရာသီ သုဒ္ဓလဂ် ကုံစန်း (၂)လ်ာဟောရတ် (၆)ကြာတြင်း(၄) ဟူးနဝင်း စနေ ဒွါဒသင်း (၆) ကြာ တိံသင်း လဂ်စီးနက္ခတ်(၂၄)လုံး(၂)ပါဒ်(၁၃)ဃဋီ (၂၆)ဝိဃဋီ(၃၀)အနုဃဋီ ထက် လဂ်စီးလျက် ထိုနာရီ၏ အာယာ ဂုဋ္ဌဘဝါးသော်ကား (၁၂)ဘဝါး (၁၆)မုဃော (၄၇) ဆံခြည်တွင် ကြည်လင်သဒ္ဒါ ရတနာသုံးပါး ဦးထိပ် ထားလျက် ဘုန်းပညာနှင့် ပြည့်စုံသော သတိုးသား သန္ဓေစင်သည် နာမဆည့ာ အရှင်ဝိစိတ္တသာရာဘိဝံသ ဇာတာ။တက္ကာလဘုတ္တိ အာယု(၁၂၀)ရှည်စေသော်။


(၁)

ဘာဝစက်




(၂)

ရာသီစက်



(၃)

အံသာစက်



**(ဤဇာတာတော်ကို ဦးဘောဇိန္ဒ ဓမ္မနာဒ(မင်းကွန်း)ထံမှ ၁၈-၄-၇၉-နေ့တွင် ရရှိပါသည်။)**

မိဘ ၂-ဦး ရှင်မြူးဝမ်းမြောက်ကြ

တိပိဋကဓရလောင်းလျာ သတိုးသားရတနာ၏ ဖခင်ကြီးဦးဆုံနှင့် မိခင်ကြီး ဒေါ်ဆင်[1]တို့သည် ရုပ်ရေရူပကာယလဲ လှပချောမြေ၊ အသံကလဲ သာယာမြည် ဟိန်းလှသည့် သမ္မာသမ္ဗုဒ္ဓ အတုလဦးသျှောင် ငါးမာရ်အောင် သာသနာတော် စက်ကို လင်းလက်အောင် ဆောင်ရွက်မည့် သားထူး သားမြတ်၏ ပိုင်ရှင်ဖြစ် ရခြင်းအတွက် လွန်စွာရှင်မြူး ဝမ်းမြောက်ကြကုန်၏။

မာဘာပိတရော မောဒန္တိ၊ ဇာတေ ထေရက်ုရေ ဝရေ။
သုကုလပုတ္တသာမိနော၊ ဥဘော ဇနာ နရုတ္တမေ။

---

၁။ ဒေါ်ဆင်သည် ၁၃၂၃-ခုနှစ် နတ်တော်လဆန်း ၁၁-ရက်နေ့တွင် ကွယ်လွန်သည်။

## ဆရာတော်လောင်းလျာ ယဉ်နာမည် မောင်ခင်

"မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ" ဆိုသည့်အတိုင်း ယခုအခါ ဆရာတော်အား တတိုင်းပြည်လုံး မျက်နှာတော်ကို ဖူးမြင်ရသူတိုင်း၊ အသံတော်ကို ကြားရသူတိုင်းလိုလို ကြည်ညိုပူဇော်ကြသလို ဖွားမြင်ခါစ ကတည်းကပင် မြင်ရသူ ရပ်ရွာလူထုနှင့် အဘိုးအဘွားတို့ ချစ်ခင်ကြသည်၊ အသံကြားရသူ ရပ်ရွာလူထုနှင့် အဘိုးအဘွားတို့ သနားကြင်နာ ကြသည်၊ ခင်မင်ကြသည်။ သို့ဖြစ်၍ မိဘဆွေမျိုးတို့က ဆရာတော်လောင်းလျာ သတိုးသားသူငယ်ကို မောင်ခင် ဟု မှည့်ခေါ်ကြကုန်၏။

မောင်ခင်ဣတိ မနုညမ္ပိ၊ အန္ဝတ္ထံ နာမ မင္ဂဟုံ။
ဘာဇမ္ပိ တေစ သန္ဒာယ၊ မာတာပိတာဒိဉာတယော။

## ဆရာတော်လောင်းလျာအား လွန်စွာ စောင့်ရှောက်

မိခင်ကြီး ဒေါ်ဆင်သည် ရုပ်ဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော မိမိရင်သွေး သတိုးသားရတနာ မောင်ခင်ကို များစွာစောင့်ရှောက်၏၊ နို့ရည် မသန့် ဖြစ်မည်စိုး၍ အခါး အငန် အပုပ် အစပ် အစားအစာများကို မစား မသောက် ရှောင်ကြဉ်၏။ သူငယ်အား မှက်ခရုရောဂါ သူငယ်နာအမျိုးမျိုး ဖြစ် မည်စိုး၍ ဘုရားရှင်အား ဆွမ်းတော်၊ရေချမ်းတော်၊ပန်းတော် ကပ်လှူပူဇော်၍ တောင်းဆုခြွေခဲ့၏။ ထေရလောင်းလျာအတွက် ပြုစုစောင့်ရှောက်ရသော ဒုက္ခ အပူကို သိတဂူစန်းရတနာအသွင်၊ စန္ဒကူးနှင်းခဲပေါင်း ထောင်သောင်းအလား မှတ်ထင်ခဲ့လေသည်။

ထေရင်္ကုရရက္ခဏေဟိ၊ ဒုက္ခံ နာနပ္ပကာရကံ။
သုခန္တိ ဇနနီ မညိ၊ စန္ဒစန္ဒန သာဒိသံ။

ရင်းပြင် မှက်ခြင်အမျိုးမျိုး သန်း၊ကြမ်းပိုးမှစ၍ မထိုးမကိုက်ရလေအောင် ခြင်ထောင်နှင့် ပိတ်ပါးအဖုံးဖုံး အုပ်လွှားလျက် အစားမဖြောင့် အနေအချိုးမကျ တခဏကလေးမျှ မဖြစ်ရလေအောင် တစက်ကမှ အလစ်မပေးပဲ ချစ်ခြင်းတည်း ဟူသော ပီတိဓာတ်ဖြင့် မပြတ်ထာဝစဉ် စောင့်ရှောက်ခဲ့လေသည်။

"ရင်သွေးဟူက၊ ချစ်မဝတည့်၊ မိဘတံထွာ၊ သားတကာနှင့်၊ တရာ နှစ်ကဲ၊ လည်ချင်းနွဲလည်း၊ ရောင့်ရဲမထင်၊ စုံမက်ကြင်လျက်၊ ဖြူတ်၊ခြင် ကိုက်နာ၊ မြူရှိမှာမျှ၊ တရံတဆစ်၊ မဖြစ်စေရက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်းဆုယူ၊အလှူကောင်းမှု၊ကိုယ်စားပြု၍၊ ဝတ်တုစားပ၊ဆောင်

ရွှက်စသား၊ ကုံဖြေည့်တင်း၊ ဖြန့်ဖြူးခြင်းလည်း၊ မကင်းရေမိုး၊ ဥယျာဉ်ပျိုးသို့၊ မညှိုးမခေါင်း၊ ကြီးပြင်းအောင်လျှင်၊ စောင်စောင်ပျပ်ပျပ်၊ ကွပ်ညှပ်ဆုံးမ၊ သင်ပြသသည်၊ ငယ်က လက်ဦး ဆရာတည်း[၁]။

## ဆရာတော်လောင်းလျာ၏ ရုပ်ရည်

လောကမှာ ရဟန်းပဲဖြစ်ဖြစ်, လူပဲဖြစ်ဖြစ် ကျော်ကြားထင်ရှား ထူးခြားတဲ့ ပုဂ္ဂိုလ်များမှာ ကျော်ကြားထင်ရှားထိုက်သည့် အမှတ်လက္ခဏာ ပါသည်ချည်း ဖြစ်၏။ ဘုရားရှင်မှာ လက္ခဏာတော်ကြီး ၃၂-ပါး, လက္ခဏာတော်ငယ် ၈၀-တို့ဖြင့် တင့်တယ်မဆုံး ဖြစ်၏။ ဖူးမြော်သူတို့၏ စိတ်ကို ညှို့သကဲ့သို့ ဖြစ်၏။ အလွန်အလွန် ထူးခြားလှလေသည်။

အကျိုးပေးတော့လဲ ရင်သပ်ရှုမော အံ့ဩမဆုံးအောင် အတုမဲ့ အကျိုးပေးသည်။ သမိပါတိတခေါ် မဝေးကွာလှသေးသော အတိတ်မှစ၍ ယခုတိုင် ကျော်စောသံ လျှံတက်ဆဲ ဖြစ်တော်မူကြသော မန်လည်ဆရာတော်ဘုရားကြီး, လယ်တီ ဆရာတော်ဘုရားကြီးတို့၏ ရုပ်ပုံတော်များကို သတိပြု၍ ကြည့်ရှုပါ၊ နဖူးတော်,လက်မောင်းတော်ကျပုံ, ကိုယ်ပေါက်ကိုယ်ရောက်တို့ လွန်စွာထူးခြားလှ၏။ သို့ဖြစ်၍ သတ္တိ, ဇျတ္တိ, ဝီရိယမှစ၍ လွန်စွာထူးခြားသည်။

ယင်းဆရာတော်ဘုရားကြီးတို့သည် သာသနာ့အကျိုး, လောကတို့၏အကျိုးကို ထူးထူးခြားခြား ဆောင်ရွက်တော် မူနိုင်သဖြင့် ထူးထူးခြားခြား ကျော်စောကိတ္တိ ရှိလှပေသည်။

လူ့ပုဂ္ဂိုလ်ထဲကလဲ ခေတ်ပုံ ရုပ်ပုံ အတွေ့များသော ပဥ္စမ သံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ ခေတ်ပုံ, ရုပ်ပုံကို ကြည့်ရှုပါ၊ ပဥ္စမသံဂါယနာတင် သာသနာ့ပြုဘုရင်ဟု အမည်ခံနိုင်လောက်အောင် ရုပ်သွင် လက္ခဏာ ဖော်ပြနေသည်။

ဤအဋ္ဌုပ္ပတ္တိသခင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသံဂါယနာဝိဿဇ္ဇက အရှင်ဝိစိတ္တ သာရာဘိဝံသဆရာတော်ဘုရားကြီးသည်လည်း လွန်စွာလွန်စွာ ထူးခြားလှသည့် ပုဂ္ဂိုလ်မြတ်သာတည်း။လွန်စွာလွန်စွာ ထူးခြားလှသည့် ပုဂ္ဂိုလ်ဖြစ်အောင် ခန္ဓာကိုယ်ရူပကာယ ရုပ်လက္ခဏာများဖြင့်ပင် ပေါ်လွင်လှပေသည်။

---

၁။ သုတမဥ္ဇူ ဆုံးမစာ၊ အပိုဒ်-၃၄။

## သာမုဒ္ဒိကလက္ခဏာကျမ်း၌

ပဉ္စဒီဃံ စတုရဿံ၊ ပဉ္စသုခုမ ဆဋ္ဌောန္နတံ။
သတ္တရတ္တံ တိဂမ္ဘီရံ၊ တိဝိတ္ထိဏ္ဏံ ပသံသတေ—

ဟူသောဂါထာဖြင့်—

(၁) အရှည်အင်္ဂါ ၅-ပါး၊
(၂) အတိုအင်္ဂါ ၄-ပါး၊
(၃) နူးညံ့သိမ်မွေ့အင်္ဂါ ၅-ပါး၊
(၄) အမြင့်အင်္ဂါ ၆-ပါး၊
(၅) အနီအင်္ဂါ ၇-ပါး၊
(၆) အနက်အင်္ဂါ ၃-ပါး၊
(၇) ကျယ်ပြန့်အင်္ဂါ ၃-ပါး—

အားဖြင့် ချီးမွမ်းထိုက်သူ လူချွန်မည့်သူ အထက်တန်းကျမည့်သူ အကြီးအကဲဖြစ်မည့်သူ ပုဂ္ဂိုလ်ဘူး ပုဂ္ဂိုလ်မြတ်တို့၏ အင်္ဂါလက္ခဏာများ လာရှိ၏။

သာမုဒ္ဒိကလက္ခဏာလင်္ကာကျမ်း၌လည်း—

"အရှည်ငါးပါး၊ ပိုင်းခြားပြဆို၊ အတိုကားလေး၊ အသေးစတု၊ သိမ့်မွတ်ချင့်၊ အမြင့်ခြောက်လီ၊ အနီခုနစ်၊ တွက်စစ်သီးသန့်၊ ကြီးပြန့်သုံးထွေ၊ နက်စေသုံးဖြာ" ဟူ၍ အထက်၌ ဖော်ပြသည့် ကျမ်းရင်းလင်္ကာအတိုင်း မာတိကာ ၇-ချက် (ခေါင်းစဉ် ၇-ချက်) လာရှိလေသည်။

ယင်းမာတိကာ ၇-ချက်၏ အကျယ်နိဒ္ဒေသကိုလည်း—

"ရှည်ရာတွက်ကျုံး၊ မောင်းလက်ရုံးနှင့်၊ မျက်လုံးလျှာရှည်၊ တမည်မေးညောင်း၊ နှာခေါင်းနှာတံ၊ နက်စံဆုံးဖြတ်၊ သားမြက်အကြား၊ မွတ်သားသိလို၊ အတိုလေးမည်၊ လည်နိမိတ်နူန်း၊ ကျောက်ကုန်းမြင်းခေါင်း၊ မသေးသွယ်လျောင်းသား၊ ခြေချောင်းလက်တံ၊ ဆံအရိုးသွား၊ အမြင့်အားမူ၊ နံပါးဝမ်းရင်၊ အပြင်ကုန်အောင်၊ နှာရောင်မြင့်ပြုံး၊ ပခုံးနဖူး၊ အထူးသီးခြား၊ အနီပြားကား၊ ဖဝါးလက်ခြေ၊ နီတွေခြင်းခြင်း၊ မျက်တွင်းအစုံ၊ ပေါက်ငုံပွင့်နည်း၊ ခြေလက်သည်းနှင့်၊ လျှာလည်းရင်း၊ နီမောင်းစက်စက်၊ အောက်ထက်နှုတ်ခမ်း၊ ကျီးအာရှန်းသို့၊ နိုင်းတမ်းထုံးတီး၊ ကြီးစေတင့်ခေါင်၊ ပေါင် ဥက္ကောင်းဦး၊ နဖူးကြီးပြက်၊ အနက်သုံးမည်၊ အတည်အစံ၊ အသံအသွား၊ အသားချက်မှာ၊ နက်စေရာသည်၊ ကောင်းစွာအတု လွတ်ကြူးတည်း"—

ဟူ၍ ယင်း သာမုဒ္ဒိကလက္ခဏာကျမ်း၌ပင် ဆက်လက်၍ ဖော်ပြထား၏။ ဝိသိဋ္ဌ-တိပိဋကဓရ မဟာတိပိဋကကောဝိဒ, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာ-ပဏ္ဍိတ, ဆဋ္ဌသံဂါယနာဝိသဇ္ဇက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး သည်ကား ဖော်ပြပါလက္ခဏာများနှင့် ယေဘုယျအားဖြင့် ပြည့်စုံလေသည်။ ဤကျမ်း၌ ပါရှိသည့် ဆရာတော်၏ ရုပ်ပုံတော်များကို ကြည့်ရှုရာ၏။

"ဦးခေါင်းကြီးမှာ၊ လူတကာသက်၊ မြတ်စွာတက်၏"[၁] ဟူသည်နှင့်အညီ ဆရာတော်၏ ဦးခေါင်းတော်သည် တင့်တယ်လှပပြီး ခန္ဓာကိုယ်ရုပကာယနှင့် လိုက်လျော ညီထွေရှိ၍ ရှုမောဖွယ် ဖွံ့ဖြိုးတိုင်ပါး ကြီးမားလေသည်၊ ထို့ကြောင့် သာသနာတော် ၂၅၀၀ ကျော်လစ် ဤခေတ်တွင် အလွန်လျှင်ထူးချွန် မွန်မြတ် သောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပေသည်။

"တဆင့်မျက်နှာ၊ ချစ်ဖွယ်သာမှာ၊ မင်္ဂလာအသရေ၊ ရှိပေတော၏၊ သော့ဘာဂျ တည်း"[၁] ဟူသည်နှင့်အညီ ဆရာတော်၏ မျက်နှာတော်မှာလည်း လစန်းသော် မော်ပမာ တင့်တယ် အေးကြည်လှပေ၏။ သို့ဖြစ်၍ ဆရာတော်သည် မင်္ဂလာ ကျက်သရေ အမြုတေတို့၏ စုဝေးတည်နေရာဖြစ်၏။ အရှိန်အဝါလည်း အလွန် ကြီးမားတော်မူ၏။သည်ခေတ် သည်ခါတွင် ဆရာတော်၏ မျက်နှာတော်ကြေးမုံ ပြင်ကို ခေတ္တခဏ ဖူးမြင်ရရုံနှင့်ပင် ရဟန်းရှင်လူတို့ ကြည်ဖြူ ရွှင်လန်း ဝမ်းမြောက် ကြကုန်၏။ တချို့ ဒကာ, ဒကာမတွေ ငါတို့ တိပိဋကဓရဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသကို ဖူးမြင်လိုက်ရ၏။ ငါတို့တတွေ သေပျော်ပြီဟုပင် ပြောဆို မှတ်ထင် ကြကုန်၏။

အာနန် တေ မဟာသေရ၊ ပုဏ္ဏိန္ဒုသံကာသံ သုဘံ။
တေနေဝ သိရိမာ စာပိ၊ တေဇဝါ ယသဝါ သုခီ။

## မျက်လုံးတော် လက္ခဏာ

ဆရာတော်သည် အလွန်လျှင် မည်းနက်ရှန်းစည်သော မျက်နက်ဝန်းရှိခြင်း၊ မျက်မှောင် မျက်ကွင်း ရှန်းရှန်းစက် ကြည်ရှင်ခြင်း ဟူသော လက္ခဏာတော် အမြတ်တို့လည်း ပြည့်စုံတော်မူ၏။ သို့ဖြစ်၍ ဆရာတော်ကို ဖူးမြင်ရသူတိုင်း ကြည်ညိုကြသည်၊ ချစ်ခင်ကြသည်၊ လေးမြတ်ကြသည်။

မျက်နှာရှန်းစည်၊ မျက်ကွင်းကြည်၊ ချစ်မည်လူတိုင်းသာ[၂]။

---

၁။ သာမုဒ္ဒိကလက္ခဏာပျို။
၂။ လယ်တီဆရာတော်ဘုရားကြီး၏ လက္ခဏာသံပေါက်။၂၁။

ဆရာတော်ကား သည်ခေတ် သည်ခါ ထူးခြားစွာ ပေါ်ထွန်းသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူပါသတည်း။

နီလနေတ္တနယာနော စ၊ သုဒဿနော မဟာဝိဒူ။
ဝိသိဋ္ဌော ပုရိသာဇညော၊ ဒဿနေန အတပ္ပိယော။

## အရပ်ခုနစ်ပါး ဖြိုးမောက်ခြင်း

"ခုနစ်အင်သီး၊ ဖြိုးမောက်ပြီး၊ လာဘ်ကြီးမိုးသို့ရွာ[၁]" ဟူသည်နှင့်အညီ ဆရာတော်၏ လက်ဖမိုးနှစ်ဘက်၊ ခြေဖမိုးနှစ်ဘက်၊ ပခုံးစွန်းနှစ်ဘက်၊ လည်ကုပ်တို့လည်း ဖြိုးမောက်ကုန်၏။ ဆရာတော်အား အနီးကပ်ဖူးမြော်လျှင် ယင်းလက္ခဏာများကို ပေါ်လွင်စွာ တွေ့မြင်နိုင်လေသည်။ သို့ဖြစ်၍ ဆရာတော်မှာ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသော ပစ္စည်းများ သုံးမကုန် လှူမကုန်အောင် ပေါများလေသည်။ သည်ခေတ်တွင် လာဘ်လာဘအရာ ဆရာတော်ထက်သာသောသူ မဆိုထားဘိ တူသောသူပင် မရှိပါချေ။

သတ္တုဿဒေါစ သော အာသိ၊ ဝိစိတ္တော စိတြဝါစကော။
တေနေဝ လာဘဂ္ဂပတ္တော၊ အဝုနော ဟိ သုဝိသိဋ္ဌော။

## အသံတော်လက္ခဏာ

ဆရာတော်၏ အသံတော်လက္ခဏာမှာ အံ့မဆုံးဖြစ်ရသည်။ သန့်ရှင်းသည်၊ သာယာသည်၊ နားပျော်ဖွယ်ရှိသည်၊ လုံးသည်၊ နက်သည်၊ ပဲ့တင်ထပ်သည်။ သို့ဖြစ်၍ ဆရာတော်၏ တရားပွဲများ နာမိသူတိုင်း ကြည်ညိုကြသည်၊ တရားပွဲမှ မခွါနိုင်ဖြစ်ကြသည်။ ဆရာတော် အရွယ်နုပျိုတုန်း ဆင္ဃသံဂါယနာတင်စဉ်က အသံတော်ကိုကြားနာကြရသော ပရိသတ်အားလုံး ဝမ်းမြောက်မဆုံး စုတ်သပ်ကြရကုန်၏။

ထေရဿ သုနိဋ္ဌောသောပိ၊ ဝိဿဋ္ဌာဒိသုဂုဏာကော။
သုဏန္တာနံ မနုဿာနံ၊ အတိဝ အစ္ဆရိယော ဟိ ခေါ။

ဤသို့ စသည်ဖြင့် ဆရာတော်၏ လက္ခဏာတော်များမှာ ရေးသားဖော်ပြ၍ မကုန်နိုင်သောက်အောင် ထူးခြား များပြားလှကုန်၏။

## မွေးချင်း သုံးဦး

ဆရာတော်လောင်းလျာ၌ မွေးခြင်း ၃-ယောက်ရှိသည်၊ ၎င်းတို့မှာ ဒေါ်သုန်, ဦးဘသင်အားဖြင့် မွေးချင်း ပေါက်ဖော် ၂-ယောက်ရှိ၏၊ ဆရာတော်နှင့်မူ

၁။ လယ်တီဆရာတော်ဘုရား၏ လက္ခဏာလင်္ကာ။ ၁၃။

၃-ယောက်ဖြစ်၏။ ဒေါ်သုန့်မှာ ကွယ်လွန်ပြီးဖြစ်၏၊ ဦးဘသင် (ဦးသင်) မှာ ပဲခူး၌ နေထိုင်သည်။

ထေရက္ကုရသာ အညေပိ၊ သောဒရိယာ သဂဗ္ဘကာ။
ဟုတွာ ပရိဝါရာယေဝ၊ ဘဝိံသု ပုဗ္ဗကမ္မုနာ။

### ဆရာတော်ဒေလာင်းလျာ၏ အလေ့အလာ

ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကထေရ်လောင်းလျာ သူငယ်ကား အခြားကလေးများနှင့်မတူ တမူထူးခြားသည့် ပုဂ္ဂိုလ်ထူးဖြစ်လေသည်။ နုနုနယ်နယ် ငယ်ငယ်ကလေးကပင် အလွန်လျှင် ထူးခြားသည်၊ သိမ်မွေ့နူးညံ့သော စိတ်နေစိတ်ထားနှင့် ပြည့်စုံသည်။

တောရွာ ဘာသာဘာဝ အခြားကလေးသူငယ်များ၏ ကြမ်းတမ်းသော ကစားနည်းမျိုးဖြစ်သည့် ကြေးသားရိုက်၊ ထုတ်တိုး၊ တွတ်ထိုး၊ ခြေကန်၊ ထုတ်ဆီး အစရှိသည့် ကစားမျိုးများကို ဝေးစွာ ရှောင်ကြဉ်တော် မူခဲ့သည်။ သန့်သန့်ရှင်းရှင်းနှင့် နေထိုင်လေ့ရှိသဖြင့် ဆရာတော်လောင်းလျာ၏ ဖခင် ဦးဆုံက ဇာတာထဲ၌ မောင်ရန်ရှင်းဟု ရေးမှတ်ခဲ့လေသည်။ ၎င်းပြင် မိဘတို့ ခွင့်ပြုသောအိမ်မှတပါး တခြားသော အိမ်သို့လည်း လည်ပတ်ရိုးမရှိ၊ အစားအစာများကိုလည်း မိဘတို့ ခွင့်ပြုသည်ကိုသာ စားလေ့ရှိသည်။

ထေရက္ကုရော ဒဟရောဝ၊ သုခုမော နိပုဏော ဘဝေ။
သုဗ္ဗတော သုခုမာလော စ၊ သဒါ သီတသမာနသော။

### တိပိဋကဓရ အာဇာနည်လောင်းလျာ စောင့်ရှောက်ကြ ဝမ်းမြောက်ကြ

ဆဋ္ဌသံဂါယနာ ဝိသာဇ္ဇက၊ ဂန္ထကာရက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ပုဂ္ဂိုလ်ကျော်လောင်းလျာ၏ မိဘနှစ်ဦးတို့သည် ပုဗ္ဗေကတပုည ထောက်ပင့်သဖြင့် ပေါ်ပေါက်ရရှိလာသော သားသူးသားမြတ်ကို အမျိုးမျိုး အဖုံဖုံ စောင့်ရှောက်ကြကုန်၏။ မှက် ခြင် စသည်တို့ မထိုးမကိုက်အောင်လည်း စောင့်ရှောက်ကြကုန်၏။ မကြာခဏ ထေရလောင်းလျာ သတိုးသား သူငယ်ကို ပွေ့ချီချော့မြှူကြ၍ အပျော်ကြီး ပျော်ကြကုန်၏။ ဦးဆုံ-ဒေါ်ဆင် ဟူသော မိဘနှစ်ဦးတို့သည် တိပိဋကဓရ သာသနအာဇာနည်လျောင်းလျာ သားကလေးကို ရွှေရုပ်လို၊ ပန်းကုံးလို ဦးခေါင်း ရင်ခွင် စသည်တို့၌ ထားတင်ပွေ့ပိုက်၍ အပျော်ကြီး ပျော်ကြကုန်၏။

ထေရက္ကုရံ ပုတ္တကံ ဟိ၊ သုဝဏ္ဏဗိမ္ဗကံ ယထာ။
မာလာဂုဠံဝ ကတွာန၊ သီသာဒိသု သုမာတရော။
သောမနဿံ အာပဇ္ဇိံသု၊ နိစ္စံ အနုပ္ပကံ ဟိ ခေါ၊

ဆရာတော်လျှောင်းလျှာ၏ မပီတပီ အဖေ, အမေဟူ၍ ခေါ်လိုက်သော အသံကိုကြားရလျှင် မိဘတို့အဖို့ တာဝတိံသာနတ်ပြည်က ပဥ္စသိခနတ်သား၏ စောင်းသံအသွင် နားဝင်ချိုကြကုန်၏။

နေ့တိုင်းနေ့တိုင်း သားသက်နိုင်းကို ကသိုဏ်းအတု မပြတ်ပြုသည် ရှုမငြီးဘိ မျက်စိမျက်နှာ တပ်ခါခါသည် မြင်ပါချင်စိတ် ရေသို့ဖိတ်လျက် သားလှသက် သည် ထို့ထက်တာရှည် တည်ပါစေသား မောင်ရွှေသားဟု သနားကရုဏာ မေတ္တာစုံမက် ကိုယ့်အသက်ထက် ဆထက်ကြင်နာ မိမာတာကား ထပ်ကာ တိုးပွါး မွှောက်ထားထက္ခ တော့ဘတော့တီ မဃီစကား အသံကြားလည်း သနားကြင်နာ မျက်နှာရှင်ပျ မြင်တို့ရလည်း ငမ်းကမဆုံ ပီတိနှံ့လျက် နှစ်သက်ရှင်ပြုံး သားရွှေတုံးကို မျက်လုံးကဲ့သို့ထင်၏တည်း[၁]။

## ဖခင်ကြီး ဦးဆုံ ကွယ်လွန်ခြင်း

ပဌမဆုံး တိပိဋကရေဘွဲ့ထူးကို ဆွတ်ခူးတော်မူခဲ့သော ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ၏ မွေးသဖခင် ကျေးဇူးရှင်ကြီး ဦးဆုံသည် အသက် ၃၀- ကျော်အရွယ်ဆရာတော်လောင်းလျာအသက်အရွယ် ၄-နှစ်ခန့်တွင် မမျှော်လင့်ပဲ ကွယ်လွန်ခဲ့လေသည်။ ဆရာတော်လောင်းလျာ လူလားမြောက်အောင် လူ့လော က၌ နေခွင့်မရရှာခဲ့ချေ။ တိပိဋကရေဘွဲ့ထူး ဆွတ်ခူးသည်တိုင်အောင် နေသွားရ လျှင်ကား အလွန်လျှင် ဝမ်းမြောက်ဝမ်းသာ ရှိမည်သာတည်း။

ထေရကုံရေ အဝစ္ဆေ ဟိ၊ ငနကော မရဏံ ဂတော။
ထေရဘာဝမ္ပိ ပဿေယျ၊ လဘေယျနပ္ပကံ သုခံ။

## ဆရာတော် အရှင်သာသနံမဟာထေရ်

ဆရာတော် အရှင်သာသနမဟာထေရ်သည် ကျည်းပင်ရွာအနီး ညောင်ပင် ရွာ၌ ၁၂၃၄-ခုနှစ်တွင် ဖွားမြင်သည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၊ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။ မန္တလေးမြို့ တောင်ပြင် နန်းဦးတိုက်၌ ပညာသင်ကြားခဲ့ပြီး ကျည်းပင်ရွာ၌ သီတင်းသုံးနေရာ ကျည်းပင်ရွာသူရွာသား များနှင့်တကွ ပတ်ဝန်းကျင် ရွာသူရွာသား ဒါယကာ, ဒါယိကာမများ၏ လေး စား ကြည်ညိုမှုကို ခံရသည့် သာသနာ့ဝန်ဆောင်ကောင်း ဆရာတော် ဖြစ်တော် မူသည်။

---

၁။ ပုတ္တောဝါဒဆုံးမစာ၊အပိုင်-၁။

ရင်းပြင်—

ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓံ မဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ[1]—

ဟူသည်နှင့်အညီ ပန်းဝတ်ရည်ယူသုံး ပျားပိတုန်းအလား ရပ်ရွာ ဒါယကာ, ဒါယိကာမများ၏ သဒ္ဓါတရား, ပစ္စည်းဥစ္စာများကို မထိခိုက် မလျော့ပါးစေပဲ ရဟန်းကျင့်ဝတ်နှင့် အညီ ကျင့်ကြံ၍ ကျည်းပင်ရွာ၌ ကျောင်းထိုင် ဆရာတော် တာဝန် ဝတ္တရားကို ထမ်းဆောင်တော် မူခဲ့လေသည်။

ရင်းပြင်—

မကောင်းမြစ်ထာ ကောင်းရာကိုလှစ် အသစ်ဟောကျူး နာဘူးထပ်မံ
နတ်ထံတင်ရာ မေတ္တာလည်းပြု ရဟန်းမှု ခြောက်ခုလွှန်သချာ[2]—

ဟူသည်နှင့်အညီ ရဟန်းကျင့်ဝတ် ၆-ပါးနှင့် ပြည့်စုံကုံလုံသည့် သာသနာ့ ဝန်ဆောင် ဆရာတော်လည်း ဖြစ်တော်မူသည်။

အသက်ခန္ဓာ ကိုယ်မှာတည်သရွေ့ ကာလပတ်လုံး သုဒ္ဓိလေးပုံ ကျေးဇူး ဂုဏ်ကို ကုံလုံပြည့်ဝအောင် ဖြည့်ကျင့်တော် မူပြီး သက်တော် ၇၀-ကျော် ၈၀-တွင်းတွင် ပျံလွန်တော် မူခဲ့လေသည်။

သဗ္ဗေ ခယန္တာ နိစယာ၊ ပတနန္တာ သမုဿယာ။
သဗ္ဗေသံ မရဏမာဂမ္မ၊ သဗ္ဗေသံ ဇီဝိတမဒ္ဒုဝံ[3]။

သဗ္ဗေ အလုံးစုံကုန်သော။ နိစယာ၊ သိုမှီးသိမ်းဆည်းအပ်သော ဥစ္စာတို့သည်။ ခယန္တာ၊ တနေ့နေ့တွင် ကုန်ဆုံးပျက်စီးခြင်းလျှင် အဆုံးရှိချေကုန်၏။ သမုဿယာ၊ ခန္ဓာငါးပါးတို့သည်။ ပတနန္တာ၊ တနေ့နေ့တွင် ကြေမွပျက်စီးခြင်းလျှင် အဆုံးထင်ကုန်၏။ သဗ္ဗေသံ၊ စုံလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါ အားလုံးတို့၏။ မရဏံ၊ စုတိ ပြတ်ကြေ သေလွန်ရခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗေသံ၊ စုံလာ သန္ဓေ တည်နေ ဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ဝိညာဉ်သည်။ အဓုဝံ၊ မုချပုံ သေ မမြဲချေစွတကား။

သိုမှီးသိမ်းကြ၊ များခနေ၊ ပျက်ရနောက်ဆုံးသာ။
ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာ၊ သေရွာနောက်ဆုံးသာ။
သတ္တဝါမှန်သမျှ၊ ဇီဝိတ၊ မုချမမြဲပါ။

၁။ ဓမ္မပဒ။ ၂၀။ (မစ္ဆရိယသေဋ္ဌိဝတ္ထု။)
၂။ သိင်္ဂါလောဝါဒ ဆုံးမစာ။ အပိုဒ် ၁၁။ ၃။ နေတ္တိပါဠိ။ ၁၂၅။ (သာသနပဋ္ဌာန်း။)

## ဆရာတော်လောင်းလျာ အရှင်သာသနထံ ပညာသင်

ဆရာတော် လောင်းလျာ၏ မိခင်ကြီး ဒေါ်ဆင်သည် ဦးဆို ကွယ်လွန်ပြီး နောက် မိမိ၏ မိခင်အိမ်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့လေသည်။ မိခင်ကြီး ဒေါ်ဆင် သည် မျိုးနွယ်ကြီးမြင့်သူ အမျိုးကောင်း သမီးဖြစ်လေရာ ပညာရေးအားပေး ရှေ့တန်းတင်လိုသူ ဖြစ်လေသည်။

"မျက်လုံးပမာ၊ သားသည်းချာကို၊ နုပျိုငယ်က၊ သင်ချေမှတည့်၊ ထိုမှရွယ်ရောက်၊ တံခွန်ဆောက်သို့၊ တယောက်ထင်ပေါ်၊ နှံ့သိ ကျော်လိမ့်"—

ဟူသည်နှင့်အညီ မိမိရင်သွေး သားကလေး ကြီးပြင်းလာလျှင် ပညာအရာတွင် မာတင်မုန်သောက် တံခွန် ဆောက်စေလိုသဖြင့် နုနုနယ်နယ် ၅-နှစ်သား အရွယ် ကပင် ဖော်ပြပါ ကျည်းပင်ရွာကျောင်း ဆရာတော် အရှင်သာသန မဟာ ထေရ်မြတ်ထံ အပ်နှံ၍ ပညာသင်ကြား စေခဲ့လေသည်။

ဝယသာ ပဌမဝယာမှိ၊ သာသနတ္ထေရသန္တိကေ။
ပတ္ထာန သိက္ခိတဗ္ဗေ သော၊ အသိက္ခိ ဒါရကော သုဓီ။

## ငယ်စဉ်ကတည်းက စာနှင့်ပျော်ခဲ့

ဆရာတော် အရှင်သာသနသည် မိမိထံမှောက် ရောက်ရှိလာသော တိပိဋက- ဓရ သာသနာ့အာဇာနည်လောင်းလျာ သတိုးသား သူငယ်အား "နမော ဗုဒ္ဓါယ သိဒ္ဓံ၊ အ၊အာ၊ဣ၊ဤ၊ဥ၊ဦ၊ဧ၊ဩ၊က ခ ဂ ဃ င"စသည့် သရရှစ်လုံး, ဗျည်း သုံးဆယ့်သုံးလုံးကို အစထား၍ သင်ပုန်းကြီး, မင်္ဂလသုတ်, ပရိတ်ကြီး, လောက နီတိ စသည်တို့ကို သင်ကြားပေးတော် မူခဲ့လေသည်။

ဆရာတော် လောင်းလျာသည်လည်း—

ရှုပ်သွင်ကလျာ၊ ပြည့်စုံပါလည်း၊ နှံ့သာကြိုင်သင်း၊ ဂုဏ်မှုကင်းမူ၊ အဆင်း လှဆန်း၊ လူ့ပေါက်ပန်းတည်း" ဟူသည်နှင့် အညီ အဆင်းသာလှပပြီး ပညာ မတတ်မည်ကို ငယ်စဉ်ကပင် မလိုလားခဲ့ချေ။ သို့ဖြစ်၍ သက်တော် အရွယ် ငါးနှစ်ခန့်ကပင် မိမိအဆင့်အလိုက် သင်ရမည့် ပညာရပ်ကို မခိုမကပ် ကြိုးပမ်း၍ သင်ယူတော် မူခဲ့လေသည်။

ဒဟရော သမာနောယေဝ၊ သိက္ခိတဗ္ဗေ သုသိက္ခိ သော။
မဟဂ္ဃတံဝ ဝိဇ္ဇာယ၊ ဒဟရေ အဇနီ သုဓီ။

---

၁။ ပုဏ္ဏောဝါဒ။ အပိုဒ်- ၉။

## အဘိုး၏ သာသနာ့အာဇာနည် မွေးနည်း

အဘိုး ဆရာကြီး ဦးချယ်ကား ဆရာတော် လောင်းလျာ မောင်ခင် ကျောင်းသို့ သွားလျှင်လည်း ပွေ့ချီထမ်းပိုး၍ ပို့ဆောင်သည်။ ကျောင်းမှ ပြန်ချိန်တွင်လည်း ကျောင်းသို့ နေ့စဉ် သွားရောက်၍ ထမ်းဆောင် ယူငင်လေ့ ရှိသည်။ အိမ်သို့ရောက်၍ ညစာ စားပြီးသောအခါ အခြားကလေးများကဲ့သို့ ကစားခြင်းဖြင့် အချိန်ကိုမကုန်စေပဲ မိမိ၏ သမီးအငယ် (သူ၏အရီး) မငွေပေါ် နှင့်အတူ ဘုရားကန်တော့ချီး, ဂုဏ်တော်များ ချပေးခြင်း, သီလခံယူစေခြင်း, မေတ္တာပို့ချပေးခြင်း အစရှိသည်များ ပြုပြီးနောက် တူအရီး ၂-ယောက်တို့ကို တယောက်တလှည့်စီ (က ဘယ်နှယ်ရေးမယ်)ဟု တယောက်က မေး (က-ကြီး ရေ က) ဟု တယောက်က ဖြေ ဤနည်းနှင်နှင် မေးစေ ဖြေစေ၍ သင်ပုန်းကြီး ကို ပြန်နေစေလေသည်။

ယင်းသို့ဖြင့် လူနာမည်စသည်ကို ရေးတတ်ဖို့အတွက် သက်သာစွာဖြင့်ပင် မေးလိုက်တိုင်း တောက်ခနဲ အဖြေမှန်ထွက်လာတော့သည်။(နည်းယူဖွယ်တရပ် ဖြစ်၏။)

ပိတာမဟော ကုမာရဿ၊ သိက္ခဏံ ရက္ခဏံ အကာ။
သန္တာယာ'နာဂတေ ဝုဒ္ဓိံ၊ ဗဟုံ သော ဝါယာမံ အကာ။

## အဘိုး အဘွားတို့က ပဌမအကြိမ် ရှင်ပြု

"မြေးကအရင်း၊ သားကအဖျား" ဟူ၍ လောကဆိုရိုးရှိသည်။ အဘိုး ကြီး အမယ်ကြီးများ သားသမီးတွေကြီးလာလို့ အိမ်ထောင်ကျကြ မြေးတွေ ရလာတော့ သားသမီးများအပေါ် အချစ်ပေါ့တတ်ကြပြီး မြေးတွေကို ပိုချစ် ကြသည်။ သားသမီးတွေက အဖျားဖြစ်ပြီး မြေးကအရင်း ဖြစ်လာတယ်၊ သည်ကို အကြောင်းပြုပြီး "မြေးကအရင်း သားကအဖျား"ဟု ဆိုရိုးစကား ပေါ်လာခြင်းဖြစ်သည်။

ပဌမဆုံး တိပိဋကဓရ သာသနာ့အာဇာနည် လောင်းလျာ၏ အဘိုးတော် သူ ဦးချယ်နှင့် အဘွားတော်သူ ဒေါ်အုံ့တို့သည်လည်း ဆရာတော်လောင်း လျာကို များစွာချစ်ခင်ကြကုန်၏။ ဘယ်မှာမချစ်ပဲနေနိုင်မလဲ မြေးကလေးက အလှန်ကို ချက်ချာတယ်၊ဉာဏ်ကလဲ အလွန်ကောင်းတယ်၊ ဩကာသကန်တော့ ချီးချပေးလဲ ချက်ချင်းရတယ်၊ ဘုရားဂုဏ်တော်ချပေးလဲ ခဏကလေးအတွင်း ရတယ်၊ တရားဂုဏ်တော်ချပေးလဲ ရုတ်တရက် ချက်တဖြုတ်အတွင်း ရတယ်၊ သံဃာဂုဏ်တော် ချပေးလဲ အချိန်တိုအတွင်းရတယ်၊ တကြိမ်တခါ ကြားလိုက် လျှင် မှတ်မိတော့တာပဲ "ခြင်္သေ့ဆီ သိင်္ဂီရွှေခွက်မှ တည်"သလို ငယ်စဉ်က

တည်းကပင် ခြသေ့်ဆီအလား တရားစာပေအချို့ ရွှေခွက်ပုံဟပ် ဆရာတော် လောင်းလျာ၏ နှလုံးခေတ်၌ ကိန်းဝပ် တည်နေခဲ့လေသည်။

သို့ဖြစ်၍ အဘိုးဦးချယ်နှင့် အဘွား ဒေါ်အုံ့တို့က တို့မြေးမောင်ခင်ကို တို့အရင် ရှင်ပြုမယ်၊မဆင် နောက်မှ ရှင်ပြုပါဟု ပြောဆို ခွင့်တောင်းကြကုန်၏။ မဆင်ကလဲ သဘောကျ ကျေနပ်သဖြင့် အဘိုးဦးချယ်နှင့် ဒေါ်အုံ့တို့သည်—

"ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ"[၁]။

ဘိက္ခဝေ၊ ချဉ်းကပ်ခစား ရဟန်းများတို့။ တုမှေ၊ သင်ချစ်သားရဟန်း တို့သည်။ မေ၊ ငါဘုရား၏။ ဓမ္မဒါယာဒါ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ထင်ရှား လောကုတ္တရာတရား ကိုးပါးဟူသော ပေးအပ်သော အမွေကို ခံယူသူ တို့သည်။ ဝါ၊ လောကုတ္တရာတရား ကိုးပါး အမွေခံတို့သည်၊ ဘဝထ၊ မုချစင်စစ် ဖြစ်ကြကုန်လော့။ အာမိသဒါယာဒါ၊ အာမိသ အမွေခံတို့သည်။ မာ ဘဝထ၊ မဖြစ်ကြကုန်လင့်။

ဓမ္မအာမိသ၊ ယင်းနှစ်ဝ၊ မှတ်ကြအမွေပြား။
ဓမ္မအမွေ၊ သာလွန်ပေ၊ မှတ်လေလွန်ထူးခြား။
ဓမ္မအမွေ၊ ရစေရည်သန်၊ အဖန်ဖန်၊ အမှန်သင်ကြိုးစား—

ဟူသည်နှင့်အညီ ဓမ္မအမွေ သာသနာ့အမွေရရန် ရည်သန်တောင့်တကြကုန်ပြီး ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင်ကျင်းပ၍ ခေါင်ရှင်လောင်းအဖြစ်မျိုးဖြင့် အုံ့ဖွယ် ရှစ်ပြာ စုံလင်စွာသည့် ဘုရားမြတ်စွာသာသနာတော်တွင်း သွတ်သွင်း ချီးမြှင့် ကြကုန်၏။

ပပိတာ မာတာမဟိ စ၊ ဥဘော သမနုမောဒိသုံ။
ထေရကုံရံ အနုဂ္ဂဟုံ၊ ဒုလ္လဘေ ဗုဒ္ဓသာသနေ။

## ဆရာတော် အရှင်သောဘိတ မဟာထေရ်

မြင်းခြံမြို့ မင်းကျောင်းတိုက် ရဟုထောင့်ကျောင်း ဆရာတော် အရှင် သောဘိတသည် မြင်းခြံခရိုင် ခေါင်းကွဲရွာ ဦးရွှေမြင့် ဒေါ်မိတို့၏ သားဖြစ် သည်။ ငယ်မည် မောင်သာဝဖြစ်သည်။ အချယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။ စာပေကျမ်းဂန် တတ်မြောက်သဖြင့် မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်းရှိ ရဟုဒထောင့်ကျောင်း၌ သီတင်းသုံးတော် မူ၍ သက်ဆုံးတိုင် စာပေချပို့သာသနာပြုတော်မူခဲ့လေသည်။ ဆရာတော်သည်

---

၁။ မူလပဏ္ဏာသပါဠိ၊ ဓမ္မဒါယာဒသုတ်(မ၊၁။၁၅)။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် လောင်းလျာ ရဟန်းမဖြစ်ခင် ပျံလွန်တော်မူခဲ့လေသည်။

### သံဝေဂလင်္ကာ

ပညာရှိသူ၊ မရှိသူဟု၊ ကြီးသူငယ်သူ၊ ဘယ်မဟူပဲ၊ ဗိုလ်လူခပင်း၊ ထိုတသင်းကား၊ သေမင်းနိုင်ငံ၊ လိုက်ရမှန်သည်၊ ကေန်မုချ၊ အနိစ္စပါ တကား။ ကေန်မုချ၊ ဒုက္ခပါတကား။ ကေန်မုချ၊ အနတ္တပါတကား။

### ဆရာတော် အရှင်သောဘိတထံ ပညာသင်

တိပိဋကဓရ သာသနဓာဇာနည်လောင်းလျာ သတို့သားမောင်ခင်သည် ၇-နှစ်သားအရွယ်တွင် ဖေါ်ပြပါဆရာတော် အရှင်သောဘိတထံ မိခင်ကြီးက အပ်နှံသဖြင့် ရောက်ရှိကာ ပညာသင်ကြားခဲ့ရလေသည်။ ဆရာတော် အရှင် သောဘိတထံတွင် ပရိတ်ကြီးကစ၍ သင်ကြားခဲ့သည်။ စာသင်ရာ၌ ကျက်ဉာဏ်, ထိုးထွင်းဉာဏ် နှစ်မျိုးလုံး အမြင်သန်လှသဖြင့် သူတပါးအရင် စာပေများ နှုတ်တက်ရရှိ သဘောပေါက်လေ့ရှိသည်။

သန္တိကေ သောဘိတဿ၊ မင်းကျောင်းအာရာမဝါသိနော။
ပရိတ္တပေါတ္ထကံ အာဒိံ၊ ကတွာ ဗဟုမသိက္ခိ သော။

### အရှင်ဝိစိတ္တသာရာဘိဝံသလောင်းလျာ စာအံနည်း

မြန်မာနိုင်ငံ၏ အာဒိမ တိပိဋကဓရ အာဇာနည်ပုဂ္ဂိုလ်ကျော်အရှင်သူမြတ်၏ စာအံနည်းကို သိဖို့ အလွန်လိုအပ်ပါသည်။ သို့ဖြစ်၍ ယင်းဆရာတော် လောင်း လျာ၏ စာအံပုံ, စာအံနည်းကို အဋ္ဌုပ္ပတ္တိအကျဉ်းမှ ထုတ်နုတ် ဖေါ်ပြဦးအံ့။

သာသနဓာဇာနည်လောင်းလျာသည်—

ဆရာ့ထံ၌ တနေ့စာ ကျက်ရမည့်စာကို ၃-ခေါက်ဖတ်ပြီးလျှင် စာအံသော အခါ မိမိဉာဏ်နှင့် နိုင်လောက်ရုံကို ပိုင်း၍ပိုင်း၍ စာအံလေ့ရှိသည်။ တပိုင်း တပိုင်း အာဂုံနှုတ်တက်ရမှ နောက်တပိုင်းသို့ ပြောင်းရွှေ့တိုးတက် ကျက်မှတ် လေ့ရှိသည်။ အပျင်းနှင့်အဖျင်း အချင်းချင်းလည်း ပစ္စည်းတပ်ကြသည်ကို သာသနဓာဇာနည်လောင်းလျာ ပိုင်ပိုင်မိမိ သိရှိလေသည်။ ဆရာတော် လောင်းလျာမှာ စာကျက်ပျင်းသောအခါဟူ၍ တရံတဆစ်မျှ မရှိခဲ့ပါချေ။

ကျက်ရမည့် တနေ့တွက်စာကို မရလျှင် နေရာမှ ထလေ့မရှိခဲ့၊ ရမှသာ နေရာမှ ထလေ့ရှိ၏။ ဆရာတော် အရှင်သောဘိတက စာအံချိန် အတော်ခိုင်း

လိုက်လျှင် ကစားပျော်မြူးခြင်းဖြင့် အချိန်ကို မကုန်လွန်စေပဲ သိသည်ဖြစ်စေ, မသိသည်ဖြစ်စေ စာတိုစာစများကို ဖတ်လေ့ရှိသည်။

သို့ဖြစ်၍ သတင်းစာ မဂ္ဂဇင်းစသော စာပေအရသာကို ခိဋ္ဌာဒသက (၁၀-နှစ်သား) အရွယ်အတွင်းကပင် ရိပ်မိခဲ့လေသည်။

အခေပေတွာ မောဃကာလံ၊ ဝိသိဋ္ဌော ဒဟရော ယုဝါ။
ဗဟုကံ ပေါတ္တကံ သော ဟိ၊ ဩလောကေတွာန သဥ္စယိ။

## ဒုတိယအကြိမ် ရှင်ပြုသာမဏေဝတ်

ဆရာတော်လောင်းလျာ၏ မိခင်ကြီး ဒေါ်ဆင်သည် မိမိ၏ရင်သွေးသည်းချာ သာသနာ့အာဇာနည်လောင်းလျာ သားရတနာကလေးကို ဥယျာဉ်ပျိုးသလို ပြုစုပျိုးထောင်လာ၍ ၁၀-နှစ်အရွယ်သို့ ရောက်လာလေပြီ၊ သွက်လက်ချက်ချာ၍ မြင့်မားသည့် စာစကား, ပေစကား, ဘာသာရေး သာသနာရေး စကားများ ပြောဆိုတတ်သူ၏ အဖြစ်သို့ ရောက်ရှိလာလေပြီ။ သို့ဖြစ်၍ မိခင်ကြီး ဒေါ်ဆင်သည် သာသနာ့ဒါယိကာမ ဖြစ်ရေး တွေးတောကြံစည်ကာ သည်းချာရင်သွေးကလေးကို သာသနာ့ဘောင်သို့ သွတ်သွင်း၍ သာမဏေပြုစေလိုသော ဇောဆန္ဒရှိနေလေသည်။

တာဒိသောပိ မဟာစာဂီ၊ ဒါယာဒေါ သာသနဿ န။
ပစ္စယဒါယကောတွေဝ၊ ဝုစ္စတေ မနုဇာဓိပ။

မနုဇာဓိပ၊ တိုင်းသားပြည်သူ လူများသနင်း မင်းမြတ်သောကမင်းကြီးကြီးရှင်။ တာဒိသောပိ၊ ကုဋေကာရာ များမြောင်လှစွာသော ငွေအသပြာတန်ဖိုးရှိသော ပစ္စည်းဥစ္စာတို့ကို ပေးကမ်းစွန့်လှူသူ၏ အဖြစ်ဟူသော ရှုအပ်သော သဘောရှိသည်လည်းဖြစ်သော။ မဟာစာဂီ၊ များမြောက်လှစွာ လေးဖြာသောပစ္စည်းကို စွန့်လှူခြင်းရှိသော သင်မင်းကြီးကို။ သာသနဿ၊ ဘုရားမြတ်စွာ သာသနာတော်၏။ ဒါယာဒေါ၊ ဘုရားမြတ်စွာ သာသနာတော်က ပေးအပ်သော ဓမ္မအမွေကို ခံယူသူဟူ၍။ န ဝုစ္စတေ၊ မဆိုအပ် မဆိုပိုင် မဆိုနိုင်သေးသည်သာ။ ပစ္စယဒါယာဒေါတွေဝ၊ ပစ္စယဒါယကာဟူ၍သာလျှင်။ ဝါ၊ လေးဖြာသော ပစ္စည်းဖြင့် ဘုန်းမီးနေလ တောက်ပထိန်ညီး ဘုရားရှင့်သာသနာတော်မြတ်ကြီးကို ထောက်ပံ့ချီးမြှင့် လှူဒါန်းသူဟူ၍ သာလျှင်။ ဝုစ္စတေ၊ ခေါ်ဆိုပညတ် သမုတ်အပ်ပေ၏။

ယော ဝါ ပုတ္တံ ဓီတရံ ဝါ၊ ပဗ္ဗာဇာပေတိ သာသနေ။
သော သာသနဿ ဒါယာဒေါ၊ ပစ္စယဒါယကော အပိ။

မနုဇာဓိပ၊ တိုင်းသားပြည်သူ လူများသနင်း သီရိဓမ္မာသောကမင်း ကြောင့်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပုတ္တံ ဝါ၊ ရင်ကမွေးဖွား မိမိသားကို သော်၎င်း။ ဓိတရံ ဝါ၊ ချစ်၍မငြီး မိမိသမီးရင်းကိုသော်၎င်း။ သာသနေ၊ ကြုံတောင့်ကြုံခဲ သာသနာပွဲတော်၌။ ပဗ္ဗဇာပေတိ၊ ရှင်ရဟန်းပြုစေ၏။ သော၊ ထိုချစ်၍မငြီး မိမိသားရင်းသမီးရင်းကို ရှင်ရဟန်းပြုစေသော သူသည်သာလျှင်။ သာသနဿ၊ ကြုံခဲလှစွာ သာသနာတော်မြတ်ကြီး၏။ ဒါယာဒေါအပိ၊ အမွေခံထိုက်သူ မည်သည်၎င်း။ ပစ္စယဒါယကောအပိ၊ ပစ္စည်းလေးဖြာဖြင့် ဘုရားမြတ်စွာ သာသနာကို ထောက်ပံ့လှူဒါန်းသူ မည်သည်၎င်း။ ဟောတိ၊ မုချ စင်စစ် ဖြစ်ပေ၏—

ဟူ၍ တတိယသံဂါယနာ သံဃမဟာနာယက အရှင်မဟာ မောဂ္ဂလိပုတ္တ-တိဿ မဟာထေရ်က ဒီပစက္ကဝတ္တိ သီရိဓမ္မာသောကမင်းကြီးအား ဟောပြသည့် ဒေသနာတော်ကို နှလုံးသွင်း သဘောပေါက်ပါသဖြင့် ဖော်ပြခဲ့သည့်အတိုင်း သက်တော် ၁၀-နှစ်သားအရွယ်တွင် ဆွေဉာမျိုးစုဖြင့် ရဟန်းသံဃာတော်အရှင်မြတ်တို့အား၊လည်း တတ်စွမ်းသမျှ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းပြီး သာမဏေတို့၏ ပရိက္ခရာစုံလင်စွာဖြင့် သာသနာတွင်းသို့ သွတ်သွင်းချီးမြှင့်လေသည်။

> ပသန္နာ သာသနေ မာတာ၊ ထေရက္ကိုရ သုမာမကာ။
> ထေရက္ကိုရံ ပဝေသေတွာ၊ ပဂ္ဂဟိ ပဂ္ဂဟာရဟံ။

## ဥပဇ္ဈာယ်ဆရာတော် အရှင်သောဘိတ

ဆရာတော်လောင်းလျာသည် ဆရာတော်အရှင်သောဘိတကို ဥပဇ္ဈာယ်ပြု၍ ရှင်အဖြစ်ကို ရရှိတော်မူခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော် အရှင်သောဘိတ မဟာထေရ်က မိမိတပည့်သာမဏေငယ်၏ ဉာဏ်အမြင် ဆန်းကြယ်မွန်မြတ်မှုကို အစွဲပြု၍ ရှင်ဝိစိတ္တသာရ ဟူသော အမည်ကို မှည့်ခေါ်တော်မူခဲ့လေသည်။

> ဥပဇ္ဈံ သော ကရိတွာန၊ သောဘိတံ သံဃသောဘနံ။
> သာမဏေရတ္တနံ ပတ္တော၊ ဝိစိတ္တော ဝိစိတ္တသာသနေ။

## အစစအရာရာ ဆန်းကြယ်မွန်မြတ်သူဖြစ်အောင် ကြိုးပမ်းရမည်

ဥပဇ္ဈာယ်ဆရာတော် အရှင်သောဘိတသည် သာသနာ့အာဇာနည် လောင်းလျာကို ရှင်သာမဏေအဝတ်ပေး၍ ရှင်ဝိစိတ္တသာရဟူ၍ ဘွဲ့မည်မှည့်ခေါ်တော်မူပြီး ကိုရင် ငါက သင့်ကို "ရှင်ဝိစိတ္တသာရ" ဟူ၍ ဘွဲ့မည်ပေးလိုက်မည်။ ဝိစိတ္တ-သာရက ပါဠိစကားဖြစ်သည်။ မြန်မာလိုဆိုလျှင် ဆန်းကြယ်မွန်မြတ်သူ

ဖြစ်သည်။ သို့ဖြစ်၍ သင်သည် ထာဝစဉ် လုံ့လဝီရိယကို စွဲကိုင်၍ စာပေချပို့ရာ၌လဲ ထူးချွန်ဆန်းကြယ် မြင့်မြတ်သူဖြစ်အောင်, စာပေးရေးမှု၌လဲ ထူးချွန်ဆန်းကြယ်သူဖြစ်အောင်, တရားဟောရာ၌လဲ ဆန်းကြယ်မှန်မြတ်သူ ဖြစ်အောင် ကြိုးပမ်းရမည်ဟု တိုက်တွန်းတော်မူလေရာ သာသနာ့အာဇာနည် လောင်းလျာက "အာမ ဘန္တေ=ဆရာတော်မိန့်သည့်အတိုင်းကြိုးစားပါမည်" ဟု ဝန်ခံလေသည်။

ဝါစနေ လေခနေ စာပိ၊ ကထနေပိ သုဝိစိတ္တော။
သဗ္ဗတ္ထ ဝိစိတ္တော ဟောတုံ၊ ဝါယာမဝိစိတ္တော ဘဝ။
ဣတိပိ ဥပဇ္ဈာယေန၊ ဥယျောဇိတော ပုနပ္ပုနံ။
တဒါပိ ထေမုကုံရော သော၊ အာမောဒိ ပဋိညံ ကရိ။

## ဘုရင့်သား စစ်ဗိုလ်ကလေးလို အလွန်ကိုလှပ

နိစ္စထာဝစဉ် စိတ်ကောင်း နှလုံးကောင်းနှင့် ယှဉ်တော်မူသော ထူးထူးခြားခြား မိုးဦးပေါက် သစ်မျှစ်ရှိုအလား ထွားကျိုင်းပျောင်းပျော့နေသော ခန္ဓာကိုယ် ရူပကာယကို ကိလေသာစက် သုံးထောင်ဝက် ရောင်စုံသူပုန်နှင့် တိုက်ခိုက်ရာ ဖန်ရည်စွန်းသည့် သင်္ကန်းကို ဆင်မြန်း ဝတ်ရုံထားသည်မှာ လွန်စွာ အချိုးကျလှပတင့်တယ်လှပေ၏။ ပြည်လေ့ပြည်မွှား သူပုန်သူကန်များကို တိုက်ထုတ်ရန် ရွှေတန်း စစ်မြေပြင်ဆင်းဖို့အတွက် ချပ်ဝတ်တန်ဆာ စင်ငတ်စုံ ဝတ်ထားသည့် ရေမြေ့သနင်း ဘုရင်မင်းမြတ်၏ သားတော် စစ်ဗိုလ်ကလေးတမျှ တူလှပေ၏။

မာရသေန ဝိဃာတာယ၊ သုစိဝရခရော ယတိ။
သန္နဒ္ဓကဝစော ယုဒ္ဓေ၊ ရာဇပုတ္တောဝ သောဘတိ။

## ဥပဇ္ဈာယ် ဆရာတော်ထံ ပညာသင်

တိပိဋကဓရ, အဂ္ဂမဟာပဏ္ဍိတ သာသနာ့ အာဇာနည် လောင်းလျာ သာမဏေငယ် ရှင်ဝိစိတ္တ သာရသည် ဥပဇ္ဈာယ် ဆရာတော် ဖြစ်တော်မူသော ဆရာတော် အရှင်သောဘိတထံ၌ ပရိတ်တော် ၁၁-သုတ်နှင့် လိင်္ဂ, ဒဏ်, သေခိယ စသည်များ သင်ယူပြီးနောက် ကစ္စည်းသဒ္ဒါကြီးစသည်တို့ကို အနက်ဆို, ချပ်တွက်, ပါဠိနှုတ်တက် ကျက်ဆောင်ခြင်းဖြင့် သင်ယူတော် မူခဲ့လေသည်၊ ဉာဏ်ရည်ဉာဏ်သွေး စွမ်းပကားပိုင်ရှင် သာသနာ့အာဇာနည်လောင်းလျာအဖို့ ကစ္စည်းသဒ္ဒါကြီးကို သင်ယူမှု၌ ခက်ခဲမှုတစုံတရာ မရှိခဲ့ချေ။ သာသနာ့ အာဇာနည်လောင်းလျာသည် ကစ္စည်းသဒ္ဒါကြီးကို လွယ်ကူစွာ သင်ယူတော် မူခဲ့လေသည်။

ဝိစိတ္တော သာမဏေရော ဟိ၊ စိတြဉာဏိကော သုခီ။
ကစ္စာယနံ သမုဂ္ဂဏှိ၊ သုခေန သုကရေနပိ။

## ကစ္စည်းသဒ္ဒါကြီး ရှစ်စောင်ပေါင်း

သဒ္ဒါကြီး ရှစ်စောင်ပေါင်းသည် ကျစ်လစ်သိပ်သည်း ပါဠိဗျာကရဏ်းကျမ်း ဖြစ်သည်။ ပါဠိစာပေ ပိဋကတ်တိုက်ကြီးကို ဖွင့်လှစ်ရာ၌ ခိုင်ခံ့ကောင်းမွန် အဖိုးတန်သည့် အာမခံ သော့တချောင်း ဖြစ်လေသည်။ တနည်းဆိုရသော် နိကာယ် ငါးရပ် ပိဋကတ် သမုဒ္ဒရာကို ကူးခပ်ရာ၌ သေချာ စိတ်ချရသော သင်္ဘောယာဉ်ကောင်းတစင်း ဖြစ်လေသည်။ သို့ဖြစ်၍ ထေရဝါဒနိုင်ငံတိုင်းရှိ သာသနာ့ဝန်းထမ်းတို့ ကစ္စည်းသဒ္ဒါကြီးကျမ်းကို ကြိုးပမ်းကြရသည်၊ လေ့လာကြရသည်၊ အာဂုံ ဆောင်ကြရသည်။ မနောဒ္ဒါရတည်းဟူသော ပုတာတံတင်း၌ ထည့်သွင်းကြရသည်။ အထူးအားဖြင့် မြန်မာနိုင်ငံ သာသနာ့ဝန်ထမ်းတို့ ပို၍ လေ့လာကြကုန်၏။ ရေးသားစီရင် တော်မူခဲ့သော အရှင်ကစ္စည်းထေရ်ကို စွဲ၍ ကစ္စည်းသဒ္ဒါကြီးဟုလည်း ခေါ်ကြသည်၊ ယင်းကစ္စည်းသဒ္ဒါကြီး ပါဠိသည် သာသနာရေး ဦးစီးဌာန စာမူ ဒီမိုင်းဆိုက် ၃၁၅-မျက်နှာ ရှိလေသည်။[၁]

ကစ္စာယနသုဂန္ထော ဟိ၊ ဝိညူဟိ အဘိမာနိတော။
သုန္ဒရော ဂမ္ဘီရော စေဝ၊ နာနာကာရေန မဏ္ဍိတော။

## ကစ္စည်းသဒ္ဒါကြီး အာဂုံပြန်ဆိုခြင်း

သာသနာ့အာဇာနည်လောင်းလျာ သာမဏေ ရှင်ဝိစိတ္တ သာရသည် သက်တော် ၁၃-နှစ်သားအရွယ်တွင် မြင်းခြံမြို့လုံးဆိုင်ရာ သံဃသာမဂ္ဂီအသင်းမှ ဦးစီးကျင်းပပြုလုပ်သော စာပြန်ပွဲ (ဝိနည်းစာပြန်ပွဲ) ၌ ဖော်ပြပါ စာမျက်နှာ ၃၁၅-ရှိ သဒ္ဒါရှစ်စောင်(ကစ္စည်းသဒ္ဒါကြီး)ပေါင်းကို အံ့လောက်ခမန်း အထောက်အမလွတ်ကင်းစွာ အာဂုံပြန်ဆိုအောင်မြင်ခဲ့လေသည်။ ယင်းသို့ ပြန်ဆိုနေလေရာ အရွယ်တော်နှင့်မလိုက် မဖြစ်ဘူးမြဲ ထူးကဲစွာ ပေါ်ပေါက် ဖြစ်ထွန်းလာခြင်းအတွက် ထိုစဉ်ကလည်း မြင်းခြံမြို့နယ် သာသနာ့လောကတွင် အလွန်လျှင် ထူးထူးဆန်းဆန်း ဖြစ်ခဲ့လေသည်။

ဇာတိယာ ထေရသေယော၊ ကစ္စာယန မုခါဂတံ။
အကာ သော ဝိစိတ္တသာရော၊ ဝိစိတ္တဝုတ္တန္တော ဖရိ။

## အဘိဓမ္မတ္ထ သင်္ဂဟပေါင်း

အဘိဓမ္မတ္ထသင်္ဂဟပေါင်းခေါ် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းသည် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း ဟူသော အဘိဓမ္မာ

---

[၁] မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၆၃-၆၅-ကြည့်။ ပဓုက္ကူသဒ္ဒါသုတ်နက် နိဒါန်းလည်း ကြည့်။

၇-ကျမ်းကို ချုံး၍ ရေးထားသောကျမ်း ဖြစ်လေရာ ခက်ခဲသည်၊ နက်နဲသည်။ သာသနာ့ဝန်ထမ်း တချို့သာမဏေများ, တချို့ရဟန်းငယ်များ သင်္ဂြိုဟ် လန်သည်ကို တွေ့ဘူး ကြုံဘူးလေ၏။ သာသနာရေးဦးစီးဌာန ပုံနှိပ်မှု ကရောင်း ၁၆-ချီးဆိုက် ၁၆၇-မျက်နှာ ရှိ၏။ စာအုပ်အခနအထား ငယ်ငယ်ဖြစ်၏။ ယင်းသို့ ငယ်သောကျမ်း ဖြစ်လေရာ လက် ၅-ချောင်းတွင် အငယ်ဆုံး လက်သန်းနှင့် တင်စား၍ မြန်မာ့ သာသနာ့ဝန်ထမ်း အဆက်ဆက်တို့ လက်သန်း အဋ္ဌကထာဟု ကင်းပွန်း တပ်ခဲ့ကြကုန်၏။ ယင်း အဘိဓမ္မတ္ထ သင်္ဂဟပါဠိ (အဘိဓမ္မတ္ထသင်္ဂြိုဟ်) ကျမ်းကို စာပေလိုရင်းအကျဉ်း ရေးသားမှု၌ အလွန် လျှင် နိုင်နင်း ကျမ်းကျင်တော်မူလှသော အရှင်အနုရုဒ္ဓါထေရ် ပြုစီရင်တော် မူခဲ့သည်[၁]။

အဘိဓမ္မတ္ထသင်္ဂဟ–ဂန္ထောပိ ဂမ္ဘီရော ဘဝေ။
နိပုဏော သုခုမော စေဝ၊ ဂမ္ဘီရညာဏဂေါစရော။

## အဘိဓမ္မတ္ထသင်္ဂဟပါဠိ အာဂုံပြန်ခြင်း

သာသနာ့ အာဇာနည်လောင်းလျာ သာမဏေငယ် ရှင်ဝိစိတ္တသာရသည် သက်တော် ၁၄-နှစ်သားအရွယ်တွင် သံဃသာမဂ္ဂီအသင်းမှ ကြီးမှူးပြုလုပ် ကျင်းပသည့် စာပြန်ပွဲတွင် ဖော်ပြပါသင်္ဂြိုဟ် ၉-ပိုင်း(အဘိဓမ္မတ္ထသင်္ဂဟပါဠိ)ကို သက်တော်ကြီး ဝါတော်ကြီး မဟာထေရ်မြတ်ကြီးတို့၏ ရှေ့မှောက်၌ ရဲရင့်စွာ ကြည်လင်လှသော အသံဖြင့် အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုတော်မူခဲ့ လေသည်။ ဆရာတော်လောင်းလျာကား ငယ်စဉ်ကပင် စာပေရဲရင့်သဖြင့် ပွဲလယ်တင့်လှသူ ဖြစ်ခဲ့ပေ၏။

နရတ္တံ ဒုလ္လဘံ လောကေ၊ ဝိဇ္ဇာ တတြ သုဒုလ္လဘာ။
ကဝိတ္တံ ဒုလ္လဘံ လောကေ၊ သတ္တိ တတြ သုဒုလ္လဘာ[၂]–

ဟူသည်နှင့်အညီ ဆရာတော်လောင်းလျာကား ရနိုင်ခဲသည့် (၁) လူ့အဖြစ်၊ (၂) အတတ်ပညာ၊ (၃) ပညာရှိသူ၏အဖြစ်၊ (၄) ရဲရင့်မှုသတ္တိ ဟူသော ဒုလ္လဘ ၄-မျိုးလုံးကို လိုသည်မရှိ ပိုင်ပိုင်မိမိ ရရှိသူ ဖြစ်တော်မူပါပေသတည်း။

ဇာတိယာ စုဒ္ဒသေဝဿေ၊ သင်္ဂဟမ္ပိ မုခါဂတံ။
အကာ သော ဝိစိတ္တသာရော၊ အတီဝ ဝိစိတ္တော ဖရိ။

---

၁။ အကျယ်ဝိသုတာ။ ၆၀-၆၂-ကြည့်။ ၂။ ကဝိဒပ္ပဏနီတိ၊ပဏ္ဍိတကဏ္ဍ။

## ပညာစွမ်း ပြခဲ့သူ

အို...ပဌမ တိပိဋကဓရ သာသနဓဇာနည် မဟာထေရ်အရှင်သူမြတ်ကြီးဘုရား၊ အရှင်ဆရာတော်ဘုရားကြီးကား အသက်အရွယ် နုနယ်ငယ်လျစဉ် သာမဏေငယ်အရွယ်ကပင် လောကအလယ်၌ ပညာစွမ်း ပြခဲ့သူပါတည်း။ အရှင်ဆရာတော်ဘုရားကြီး၏ ဉာဏ်ရည်ဉာဏ်သွား စွမ်းပကားကား ရင်သပ်ရှုမော အံ့သြ၍မကုန်နိုင်တော့ပါ။ လူသာမန်တို့ တွေးကြံမရဲ အခက်အခဲ စာပွဲဟူသမျှ၌ ခေါင်ကချည်း အောင်ပွဲရသူ စာပေဗိုလ်ချုပ်ကြီးပါ ဘုရား။

ဂမ္ဘီရပရိက္ခဏော သုဋ္ဌု သုဝိရုဇာတိကော။
မဟာဝီရော မဟာပညော၊ အဟော နေဝ ဝိမှယာရဟော။

## တိပိဋကဓရ နိမိတ်ထူး

သာသနဓဇာနည်လောင်းလျာ သက်တော် ၁၄-နှစ်သားအရွယ်တွင် ဆရာတော် အရှင်သောဘိတသည် တိပိဋကဓရဖြစ်မည့်နိမိတ်ကို ဆောင်သည့်အနေဖြင့် သင်ရိုးပိဋကတ်ပါဠိတော်, အဋ္ဌကထာအစုံတို့ကို ပေးအပ်တော်မူသည်။

သာသနဓဇာနည်လောင်းလျာ သာမဏေငယ်၏ဦးလေးဖြစ်သူ ဦးဖြူလွင်ကလည်း သင်ရိုးပိဋကတ်ဋီကာတစုံ လှူဒါန်းလေသည်။ သာမဏေငယ်ကား မိမိ၏ ခေါင်းရင်း၌ ဘီရိုနှင့်အပြည့်ရှိနေသော ပိဋကတ်ကျမ်းစာ ပါဠိ, အဋ္ဌကထာ,ဋီကာများကို မြင်ရလေလေ စိတ်အားထက်သန်သောလေ ဖြစ်လျက်ရှိ၏။

ဂန္ထာလယေ ဂန္ထေနေကေ' ပဿိတွာန ပုနပ္ပုနံ။
ဥဒဂ္ဂစိတ္တော သော ဟောတိ၊ သဗ္ဗဒါ တုဋ္ဌမာနသော။

## ပိဋကကျမ်းစာတွေ စတင်ကြည့်ရှု

ဆရာတော်လောင်းလျာသည် စာပေကြည့်ရှုမှု၌ လွန်စွာ ဝါသနာပါသူဖြစ်သည်။ မိမိခေါင်းရင်း ဘီရိုတွင်းရှိ ပိဋကတ်ကျမ်းစာ ပါဠိ, အဋ္ဌကထာ, ဋီကာများကို တပုဒ်သို, နှစ်ပုဒ်သို, တဝါကျသို, နှစ်ဝါကျသို, တဂါထာသို, နှစ်ဂါထာသို အနေမျိုးဖြင့် ကြည့်ရှုတော်မူလေ့ရှိ၏၊ ယင်းပိဋကတ်တော်ထဲမှ မှတ်မိသမျှတို့ကိုလည်း အခြားသာမဏေတို့အား ပြောကြားလေ့ရှိ၏။ ဤသည်လျှင် တိပိဋကဓရ အာဇာနည် ထိပ်တန်းပညာရှင်ဖြစ်မည့် နိမိတ်ထူးပင် ဖြစ်ခဲ့လေတော့သည်။

ဝယသာ တရုဏောယေဝ၊ တိပိဋကမဟာဂန္ထံ၊
ပါဠေတွ္ဝါ သော နိရန္တရံ၊ ဝိစိတ္တော စိတြဉာဏိကော။

---

၁။ ပဝိဿာ ပါဠေတွာဇ္ဇတ္တနိယံ။ ပါဠေတွ္ဝါ အန္တေပုရံ သုရမ္မံ။ ပါဝိသိ ဝါ။ နီတိ၊သုတ္တာ။ ၁၀၄၇။

## ပေါရာဏဒီပနီကျမ်းကြီး ၂-ကျမ်း

မှော်ပီဆရာသိန်း[၁] ပြုစုသည့် ပေါရာဏဒီပနီကျမ်း ပဌမတွဲ, ဒုတိယတွဲသည် အဖိုးတန် ကဗျာ့ဗဟုသုတ ဘဏ်တိုက်ကြီးများ ဖြစ်သည်။ ယင်းကျမ်းကြီး ၂-ကျမ်းကို ကျနသေချာစွာ လေ့လာပါက ကဗျာ့ပါရဂူ လင်္ကာယဉ်ထူသည့် ကဝိတဆူ ဖြစ်နိုင်လေသည်။

## ပေါရာဏဒီပနီကျမ်း ပဌမတွဲ

ယင်းကျမ်းကြီး ၂-ကျမ်းအနက် ပဌမအုပ် ပဌမကျမ်းကြီးမှာ ရှိုင်ဆိုက် စာမျက်နှာ ၅၀၀-ကျော် ရှိ၏[၂]။ ယင်းပဌမတွဲ၌ စကားအမျိုးမျိုးများ အခန်းတွင် ရှေးပေါရာဏစကားနှင့် ယခုအခါ ခေါ် ဝေါ် သော စကားများ၊ ပေါရာဏနှင့် စပ်ဆိုင်သော ပျို့လင်္ကာများ၊ ပေါရာဏစကား ဟုတ်-မဟုတ် ဆင်ခြင်ရန် ဖော်ပြချက်များ၊ ပါဠိနှင့်မြန်မာ တွဲဖက်၍ပြောဆိုသော စကားများ၊ အက္ခရာ ဗျည်းတလုံးကို ထပ်၍ ပြောဆိုသော စကားဖို့ စကားမများ ပါဝင်၏။

ကဗျာစပ်နည်းအခန်းတွင် အသတ်ခြောက်ပါးအကြောင်း၊ အစပ်ခြောက်ပါးအကြောင်း၊ စာစီစာကုံးရေးနည်းအကြောင်း၊ ဘုရားနှင့် မင်းကို ချီး၍ စပ်ဆိုရသော အက္ခရာငါးလုံးအမည်၊ အမတ်ကိုချီး၍ စပ်ဆိုရသော အက္ခရာငါးလုံးအမည်၊ နတ်ကိုချီး၍ စပ်ဆိုရသော အက္ခရာသုံးလုံး အမည်၊ တိရစ္ဆာန်ကို ချီး၍ စပ်ဆိုရသော အက္ခရာငါးလုံးအမည်၊ ဆင်းရဲသားကိုချီး၍ စပ်ဆိုရသော အက္ခရာငါးလုံးအမည်၊ ဂိုဏ်းရှစ်ပါး အက္ခရာအမည်နှင့် ဂရု,လဟုကို ပြခြင်း, စပ်ဆိုစီကုံးအပ်သော ဂိုဏ်းနှင့် မစပ်ဆို မစီကုံးအပ်သော ဂိုဏ်းများ အမည်များစသည် အကြောင်းအရာပေါင်း ၃၄-ခု ပါရှိပါသည်။

စာရေးနည်း စာဖတ်နည်းအခန်း၌ သတ္တရတနာစကြာခုနစ်ထပ်ရေးနည်း ပဒုမ္မာကြာ ဖူးငုံသိုရေးနည်း ရတုသုံးပိုဒ်၊ ကိုယ်ကွင်းပြည့်ရေးနည်းသုံးပိုဒ် စသည်နှင့် ပိတုန်းပျံ့ဝဲ ရေးနည်း ဖတ်နည်း, ဝါးခွဲရေးနည်း ဖတ်နည်း စသည့် ရေးနည်း ဖတ်နည်း အကြောင်းအရာ ၆၆-ခု ပါရှိ၏။

ရှေးဟောင်းကဗျာများ အခန်း၌ တောင်ဖီလာဘုန်းတော်ကြီး ပြည်မြို့တွင် သီတင်းသုံးစဉ် ကပည့်သာမဏေက ဖွဲ့ဆိုသော ရကုကေပိုဒ်၊ ဥသကောပဒုမာ

---

၁။ မှော်ပီဆရာသိန်းသည် မှော်ဘီရှိုင် (ယခင်အင်းစိန်ခရိုင်) မှော်ဘီမြို့နယ် မင်းရွာ၌ ၁၂၂၃-ခုနှစ် နှောင်းတန်ခူးလဆန်း ၂-ရက် တနင်္လာနေ့၌ ဖွားမြင်၍ အသက် ၈၀-အရွယ် ၁၃၀၃-ခုနှစ် ပြာသိုလဆုတ် ၁-ရက်နေ့တွင် ကွယ်လွန်သည်။

၂။ အက္ခရာစဉ်မာတိကာ မပါပဲ ၅၁၀-ရှိ၏။

ရွှေကြာပန်း ရတုကေပိုဒ်စသည့် လွန်စွာ လေ့လာမှတ်သားဖွယ်ကောင်းသည့် ရှေးဟောင်းကဗျာ ၁၅၉-မျိုး ပါရှိလေသည်။

အထွေထွေမှတ်ဖွယ် အခန်းတွင် စာဖတ် စာရွတ် နှုတ်ခမ်းအာလျှာ အသာအသင့်ထားရန် ၁၂-ပါးရှိကြောင်း၊ လက်ရေးလက်သား, စာရေး,စာဖတ်, စာအံ စာကျက်, စာကြည့်, စာရွတ်, စာစီစာကုံး, အနှုန်းအဖွဲ့များအကြောင်း၊ စကားကြီးဆယ်မျိုး ဖော်ပြချက်၊ စကားအရာ အင်္ဂါလေးပါးအကြောင်း၊ စကားခြောက်ခွန်းအကြောင်း၊ ဥပမာနှင့်တကွ ပြောပြသော စကားမျိုးလေးဆယ်၊ ရှေးသူဟောင်းတို့ ပြောဆိုသော စကားပုံ ၈၄-မျိုး၊ ရှေးသူဟောင်းတို့ ပြောဆိုသုံးစွဲသော ဥပမာနှင့်ဖော်ပြသော စကားပေါင်း ၁၁၅-မျိုး၊ တရားဓမ္မသတ်အရ ဥပမာနှင့်ပြသော စကား ၅၁-မျိုး၊ တနည်းမှတ်သားရန် စကားပေါင်း ၈၆-မျိုး၊ ဥပစာ ၁၀-ပါးအကြောင်းတို့ ပါဝင်လေသည်။

ယင်းသို့ဖြင့် ပေါရာဏဒီပနီ ပဉ္စမတွဲကျမ်းကြီးသည် ကဗျာ့စာပေ သေတ္တုအနှစ်စုတို့၏ တည်ရှိစုဝေးရာ ကျမ်းကြီးဖြစ်သည်။ ယင်း ပဉ္စမတွဲ ကျမ်းဦး၌—

လေးသချေ်နှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ကျင့်တော်မူသော မြတ်စွာဘုရားသခင်ကိုရင်း၊ နှစ်သချေ်နှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ကျင့်တော်မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကိုရင်း၊ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက အရှင်မြတ်တို့ကိုရင်း ဆယ်သသန္ဓေ ဆောင်နေမြဲဘိ မြတ်သောအမိကိုရင်း၊ လောကီကျေးဇူး အထူးတင်ပေးဘူးသော မွေးသဖခင်ကိုရင်း၊ ကျောက်ထီးကဲ့သို့ အလေးပြုအပ်သော ဆရာမြတ်ကိုရင်း အကျွန်ုပ်ရှိခိုးပြီး၍ ဤ ပေါရာဏဒီပနီ အမည်ရှိသောကျမ်းကို အမျိုးကောင်းသား,အမျိုးကောင်းသမီးတို့၏ အကျိုးငှါ ရေးသားပြုပြင် စီရင်ပေအံ့ဟူ၍ ဖော်ပြ၍ ကျမ်းကို စီရင်ခဲ့သည်။ ဤကျမ်း၏ အဆုံး၌လည်း—

ပဲခူးတိုင်း ဟံသာဝတီ စီရင်စုအပိုင် မင်းရွာ၌ ဖွားရာဇာတိရှိသော ကျွန်ုပ်မောင်ဘိုးသိန်းသည် သက္ကရာဇ် ၁၂၇၇-ခု တပို့တွဲလဆန်း ၁၅-ရက်နေ့ မွန်းတည့်ငါးဘဝါးအချိန် ပြိဿလဂ် ကြွင်ရှစန်း ဓနသိဒ္ဓနက္ခတ် မွန်းမတ်တည့်၍ ကောင်းမြတ်သော မင်္ဂလာအချိန်တွင် ကျမ်းဦးအစ ပဉ္စမ ႏ္ထဘာရမ္ဘ၏ အာနိသင်ကြောင့် အန္တရာယ်ကင်းစင်၍ အောင်မြင်ပြီးစီးခြင်းသို့ ရောက်ပါသတည်း စသည်စကားပါရှိ၏။ ယင်း ပေါရာဏဒီပနီပဉ္စမတွဲ ကျမ်းကြီးကို ၁၂၇၇-ခုနှစ်က ပဉ္စမအကြိမ်, ၁၂၇၂-ခုနှစ်က ဒုတိယအကြိမ်, ၁၂၉၁-ခုနှစ်က တတိယအကြိမ်, ၁၃၂၂-(ခရစ် ၁၉၆၀) ခုနှစ်က စတုတ္ထအကြိမ် ရိုက်နှိပ်ခဲ့လေသည်။

ပေါရာဏဒီပနီနာမ-ဂန္ထော သုဝိညုမာနိတော။
ဝိညူဘာဝါယ သော ဟိ၊ ကေန္တဥပကာရကော။

## ပေါ်ရာဏာဒီပနီကျမ်း ဒုတိယတွဲ

ပေါ်ရာဏာဒီပနီကျမ်း ပဌမတွဲကို လေ့လာပြီးလျှင် ဒုတိယတွဲကိုလည်း လေ့လာသင့်၏။ ယင်း ပေါ်ရာဏာဒီပနီကျမ်း ဒုတိယတွဲကား ရှိုင်ဆိုက် စာမျက်နှာ -၃၅၉ ရှိ၏။ ယင်း ပေါ်ရာဏာဒီပနီ ဒုတိယတွဲကျမ်း၌ နည်းပေါင်း-၁၀ အကျယ်ဖော်ပြချက်၊ နည်းလေးဆယ်အမည်၊ သဒ္ဓါနည်း ၂၁-ပါးအမည်၊ နျာသနည်း ၁၁-ပါး အမည်၊ ဋီကာနည်း ၃၁-ပါးအမည်၊ ဝက်ငုတ္တိနည်း ၃၂-ပါးအမည်၊ ပဟေဠိနည်း ၁၅-ပါးအမည်၊ နန္ဒိယာဝတ္တနည်း, တိပုက္ခလနည်း, သီဟဝိက္ကီဠိတနည်း, ဒိသာလောစနနည်း, အင်္ကုသနည်း, ကေတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း, တတ္တကထာနည်း စသော နေတ္တိ(နေတ္တိပါဠိတော် အဋ္ဌကထာ လာ) နည်းပေါင်း ၂၆-ပါးအမည်, ဗျူဟာရှစ်ပါးနည်းအမည်, မဘင့်တယ် မဖွယ်ရာသော အကြောင်းရှစ်မျိုး ခပ်သိမ်းသူတို့ ပညာတတ်ကောင်းကြောင်း, အတတ်ပညာမရှိ မသိမလိမ္မာသူတို့အကြောင်း, ခပ်သိမ်းသူတို့ ကျင့်ရာသော အပရိဟာနိယတရား ၇-ပါး, သင်္ဂဟတရား ၄-ပါး, ရန်ကိုအောင်နိုင်သောတရား, ခပ်သိမ်းသူတို့အား ၆-ပါး, အမျက်ဒေါသ မသိမ်းဆည်းသဖြင့် မိမိကိုယ်ကို ပျက်စီးရသောအကြောင်း, ယုတ်မာစွာကျင့်သောအကျင့် ၁၄-ပါး, မပေါင်းအပ်သော အဆွေခင်ပွန်းတို့အကြောင်း, ပေါင်းဖော်ယှဉ်တွဲ မှီဝဲအပ်သော အဆွေခင်ပွန်းတို့အကြောင်း, အရပ် ၆-မျက်နှာအကြောင်း, ခပ်သိမ်းသူတို့ တန်ဆာဆင်ဖွယ် ၁၃-သွယ်, ခပ်သိမ်းသူတို့ ရယ်ချင်ဖွယ် ၁၀-ပါး, ခပ်သိမ်းသောသူတို့ ပျက်စီးရသောတရား ဂ-ပါး, ခပ်သိမ်းသူတို့ ကောင်းကျိုးချမ်းသာကို ဖြစ်ပွါးစေတတ်သောတရား ၆-ပါး, သူတော်သူမြတ်လက္ခဏာ ၅-ပါး, သူခပ်သိမ်းတို့ မနေအပ်သော အရပ်အကြောင်း, ဣန္ဒြေကို မသိမ်းဆည်း အာရုံ ၅-ပါး နောက်သို့လိုက်၍ပျက်စီးခြင်း၏အကြောင်း, ဘေးကင်းရန် ကြောက်ကြီး ၉-လုံး[၁], ပညာရှိသူတော်ကောင်းတို့ ကျင့်ရန်တရား ၄-ပါး၊ မချစ်မနှစ်သက်ရာသူ ၂-ယောက်, အဆွေခင်ပွန်းပျက်စီးကြောင်း ၃-ပါး၊ သူယုတ်လက္ခဏာ ၃-ပါး၊ အသက်ရှင်လျက် သေသည်မည်သူ ၅-ယောက်၊

---

၁။ မေတ္တာကုန်ခန်း၊ စိတ်မချမ်း၊ ညိုးနွမ်းမည်ကိုကြောက်။
ဥစ္စာကုန်ခန်း၊ စိတ်လက်နွမ်း၊ ပင်ပန်းမည်ကိုကြောက်။
ကိုယ်နှင့်မတန်၊ အကျင့်လွန်၊ ဘေးဒဏ်ဖြစ်မည်ကြောက်။
မျက်မှောက်မျက်မြင်၊ မဆင်ခြင်၊ လူရှင်သိမည်ကြောက်။
ဥစ္စာမမြဲ၊ အကျင့်လွဲ၊ ပါယ်ထဲရောက်မည်ကြောက်။
သေရည်သေရက်၊ လူကိုဖျက်၊ အရှက်ရမည်ကြောက်။
မင်း၏ဘဏ္ဍာ၊ အနည်းသာ၊ များစွာဖြစ်မည်ကြောက်။
လွန်ကျူးသမျှ၊ နောက်နောင်တ၊ ရှိရမည်ကိုကြောက်။
အပါယ်လားမှု၊ တခုခု၊ မပြုရှောင်ကြဉ်ကြောက်။(နှာ-၁၁၁)။

စာပေကျမ်းဂန်နှင့် ကင်းရာသောသူ ၇-ယောက်၊ အမြွတ် ၄-ပါးအကြောင်း၊ ပြော၍ မကြိုက်သူ ၅-ယောက်၊ မယားအပြား ၇-ပါး၊ မပေါင်းဖော်ထိုက်သော မိန်းမ၊ မိန်းမတို့ ယောကျ်ားဘဦးနှင့် မရောင့်ရဲနိုင်ကြောင်း၊ အကြောင်း ဂ-ပါးဖြင့် လင်ကို မထေမဲ့မြင်ပြုခြင်း၊ မိန်းမတို့အကြောင်း ၂၅-ပါးကြောင့် ဖျက်ဆီးအပ် ကဲ့ရဲ့အပ်ကြောင်း, မိန်းမတို့ မာယာ ၄၀၊ မိန်းမတို့ မရောင့်ရဲသော အရာ ၁၁-ပါး, မိန်းမတို့ အား ၅-ပါး, မိန်းမတို့ အပြစ် ၆-ပါး, မိန်းမတို့၌ ကောင်းခြင်း ၅-ပါး၊ မိန်းမမြတ်အကျင့် ၅-ပါး, မိန်းမမြတ်အင်္ဂါ ဂ-ပါး,၉-ပါး, လင်ကို ရှိသေ လုပ်ကျွေးသော မိန်းမတို့အကြောင်း, မုဒုလက္ခဏာပျို့လာ ကောက်နုတ်ချက် ၄-ပုဒ်၊ မင်းတို့ ကျင့်ရာသော ရာဇဓမ္မ ၁၀-ပါး, မင်းတို့ ကျင့်ရာသော သင်္ဂဟတရား ၄-ပါး, နာယကဂုဏ် ၆-ပါး, ရာဇဂုဏ် ၆-ပါး, ဂ-ပါး, မင်းတို့ကျင့်ရာသော အပရိဟာနိယ ၇-ပါး, မင်းတို့ နေမင်းကဲ့သို့ မကျင့်ရ လမင်းကဲ့သို့ ကျင့်သောအကြောင်း, မင်းတို့ ထာဝရ ကျင့်ရသော စရိယ ၂၀၊ မင်းတို့ မပြတ်ဆင်ယင်အပ်သော နဝရတ် ၉-ပါး, တရားသူကြီးတို့ ပဋိညာဉ် ၅ ပါးနှင့် ပြည့်စုံသော စကားကို ဆိုရန်၊ တရားသူကြီးမြောက်ထိုက်သူ ၅-ယောက်၊ ၇-ယောက်၊ တရားသူကြီးတို့ စီရင်ရာသောအကြောင်း ၄-ပါး, တရားသူကြီးအင်္ဂါ ဂ-ပါး, တရားသူကြီးတို့ ရှောင်ကြဉ်ရာသော တံစိုး ၃-ပါး, အဂတိတရား ၄-ပါး, စာရေးစာချီအင်္ဂါ ၆-ပါး, မင်းတိုင်ပင်အမတ် သုခမိန် အင်္ဂါ ဂ-ပါး, သိပ္ပအတတ် ၁၁-ပါး, ဝိဇ္ဇာအဆာတ် ၁၀-ပါး, ရာဇူးနှင့်မတော်သူ ၅-ယောက်, စိတ်ပျက်ခြင်း ၃-ပါး, သာမုနုရတရား ၄-ပါး, တွင်းသင်းတိုက်ဝန် မဟာစည်သူဆို ဝိဓူရပျို့ထွက် ရာဇဝသတိခန်း ၉-ပုဒ်၊ အရှင်မဟာရဋ္ဌသာရဆို ရာဇဝသတိခန်း ၃-ပုဒ် အရှင်မဟာသီလဝံသဆို ရာဇဝသတိခန်း ၃-ပုဒ်၊ ရာဇဝသတိခန်း တမျိုး လင်္ကာ၊ အရပ်ရပ် မှတ်သားရန် အမျိုးမျိုး, ဘုရား ဘုရင် ရေးသား ခေါ်ဝေါ်ခြင်းအကြောင်း၊ သုသာန် ခေါ်ဝေါ်ခြင်းအကြောင်း၊ သင်းချိုင်း ခေါ်ဝေါ်ခြင်းအကြောင်း၊ တန်ဆောင် ခေါ်ဝေါ်ခြင်းအကြောင်း၊ လုပ်တိုင်း ခေါ်ဝေါ်ခြင်းအကြောင်း၊ စာသင်္ဂြိုဟ်,ထောက်ပံ့သင်္ဂြိုဟ်,မီးသင်္ဂြိုဟ်, ရာဇင်္ဂြိုဟ် ဟု ခေါ်ဝေါ်ခြင်းအကြောင်း, မြမ္မာ, မြန်မာ, မြန်းမာ ခေါ်ဝေါ်ခြင်း အကြောင်း, ပုဂံဘော ခေါ်ဝေါ်ခြင်းအကြောင်း, ရှင်ဥပဂုတ်ထေရ်အကြောင်း, ရှင်မာလဲ ရဟန္တာအကြောင်း, ဝသုန္ဓရေနတ်အကြောင်း, ဝါဂရုမြို့သံတော်ခံရာ ရာဇနန္ဒ စီကုံးသော တလိုင်းမိမ္မာယ် မပင်းအောင် ကျေးစေရတုပိုဒ်စုံ၊ ညောဝတီမြို့ အိမ်ရှေ့မိဖုရား စောပြည့်ညိုက အိမ်ရှေ့မင်းထံရောက် ဆက်သသည့် ရခိုင်ဆိုလေျှာက်ရတု၊ အရှင်မဟာရဋ္ဌသာရဆို ဘောင်တဲ့တွန့်ရတု၊ ဓမ္မရာဇိက ဘုရားအရှေ့မုခ် အဝင်ဝတွင် မြောက်ဘက်နံရံ မင်နီနှင့် ရေးလျက်ရှိသော စာ, နိဂုံးစကားပြေနှင့် ရတုပိုဒ်စုံအားဖြင့် အကြောင်းအရာပေါင်း ၂၀၅-ခု ပါရှိသည်။

ယင်း ပေါရာဏဒီပနီကျမ်း ဒုတိယတွဲကို ၁၂၇၄(ခရစ် ၁၉၁၃)ခုနှစ်တွင် ရန်ကုန်မြို့ မောင်ဂိုမာရီလမ်း မြန်မာ့ဝတီသတင်းစာပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ မှတ်စရာ ပြည့်စုံသည့် ကျမ်းကောင်းကြီး ဖြစ်သည်။

ပေါရာဏဒီပနီ နာမ၊ ဒုတိယာပိ သုသောဘနာ။
ဝိတ္ထိဏ္ဏာ သုတသမ္ပန္နာ၊ မာနိတာ သာဓုထောမိတာ။

## ယင်း ကျမ်းကြီး ၂-ကျမ်းဖြင့် ကဗျာဉာဏ်ဖွင့်ခဲ့

သာသနာ့အာဇာနည်လောင်းလျာသည် အသက်အရွယ် နုနယ်ငယ်လျသက်တော် ၁၄-နှစ်အရွယ်လောက်ကပင် ကဗျာဝါသနာပါသည်၊ စာပေအရေးအသား ဝါသနာထုံတော်မူသည်။ ယင်း အကြောင်းကို ဥပဇ္ဈာယ်ဆရာတော် အရှင်သောဘိတ မဟာထေရ်သည် ကောင်းကောင်းသိတော်မူသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ အကြောင်းအရာတို့နှင့်ပြည့်စုံသော ပေါရာဏဒီပနီကျမ်းကြီး ပဌမတွဲ၊ ဒုတိယတွဲ ကျမ်း ၂-ကျမ်းကို "အို ငါ့ရှင် ဝိစိတ္တသာရ ငါ့ရှင်က ကဗျာဝါသနာပါသူ ဖြစ်၏။ ငါ့ရှင် ဝါသနာသည် ကောင်းသော ဝါသနာဖြစ်သည်၊ သို့ဖြစ်ရကား ဟောဒီ ကျမ်းစာကြီး ၂-ကျမ်းကို လေ့လာကာ ကဗျာ့ပါရဂူ လင်းယဉ်ထူအောင် ပြုလေလော့"ဟု မိန့်ဆို၍ ပေးအပ်တော်မူသည်။

ကဝိတ္တံ သာမဏေရဿ၊ မဟာထေရော အပေက္ခဝါ။
ဒေန ပေါတ္ထကဒွယံ သော၊ နိယျာတယိ သုမိတိမာ။

## မပျင်းမရိ စာပေကြိုးစား

"ရုပ်ဝါရှုအိ၊မကြီးမိက၊ ဘယ်ဆီမချွတ်၊ ကြွင်းမလပ်အောင်၊ အတတ်ပညာ၊ သင်အပ်ရာ၏"[၁] ဟူသည်နှင့်အညီ အသက်အရွယ် နုနယ်လျစဉ်ကပင် ကြိုတင်၍ မြော်မြင်တတ်သိတော်မူသော သာသနာ့အာဇာနည်လောင်းလျာသည် တပွဲတလမ်း စမ်းကြည့်သောအားဖြင့် အလွန်လျှင် ကြိုးပမ်းလေရာ အစိုးရစာမေးပွဲ ပဌမငယ်တန်းဆိုင်ရာ နေ့ဝါ ညဝါ စာပေကျမ်းဂန်တို့ကို လိုသည်မရှိ အာဂုံလည်း ရရှိ သဘောသကန်လည်း ပိုင်ပိုင်မိမိ သိရှိခဲ့လေပြီ။

ဒဟရော သမာနောယေဝ၊ ဝီရိယပုရဿရော သုခီ။
ကာတဗ္ဗံ မုခါရုဠ္ဍမ္ပိ၊ ပယိတဗ္ဗံ ကရိ ဝိဒူ။

---

၁။ သြဝါဒသူးပျို့ဆုံးမစာ။ ၂၅-ပိုဒ်။

## ပဉ္စမငယ်တန်း စာမေးပွဲ အောင်မြင်ခြင်း

ယင်းသို့ဖြင့် ပဉ္စမငယ်တန်း ကျမ်းစာများ အပြီးတိုင် လေ့လာပြီးသဖြင့် သက်တော် ၁၅-နှစ်သားအရွယ်တွင် အစိုးရပဉ္စမငယ်တန်းကို ဝင်ရောက်ဖြေဆိုရာ အဖုအထစ်မရှိ နှစ်ချင်းစွဲ အောင်မြင်တော်မူခဲ့လေသည်။

အာဒိမပရိက္ခဏေပိ၊ ပရိက္ခက ဝိစက္ခဏော။
ဝိသဇ္ဇေတွာ ထေရကုံရော၊ ဇယဂ္ဂါဟီ ဝိသာရဒေါ။

## ပဉ္စမလတ်တန်း ကျမ်းစာများ လေ့လာပြီးခြင်း

ဆရာတော် လောင်းလျာသည် "အမျိုးသား ကြိုးစားအားသစ်ရာ၊ ပညာရှိ မပျင်း မရိရာ" ဟူသော ဆောင်ပုဒ်နှင့်အညီ ယောကျ်ားကောင်း အမျိုးသား အာဇာနည်သည် ကြိုးစားအားသစ် ရမည်သာ ဖြစ်သည်။ ပညာရှိ လုပ်မည့်သူသည် ပျင်းနေလို့ မဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်တော်မူသည်။

ဆ ဒေါသာ ပုရိသေနေဟ၊ ဟန္တဗ္ဗာ ဘူတိမိစ္ဆတာ။
နိဒ္ဒါ တန္ဒိ ဘယံ ကောဓော၊ အာလသျံ ဒီဃသုတ္တတာ[၁]။

ဤလောကမှာ ကြီးပွါးတိုးတက်ခြင်းကို အလိုရှိသူသည် အိပ်ချင်တာရယ်, မှိန်းနေချင်တာရယ်, ကြောက်တတ်တာရယ်, စိတ်ဆိုးတာရယ်, ပျင်းရိတာရယ်, အလုပ်ကိစ္စတွေကို ကြာရှည်လေးမြင့် လုပ်နေတာရယ် ပယ်မှ ဖြစ်တယ်။ ငါလဲ ဘုရားမြတ်စွာ သာသာနာတော် ကြီးပွါးရေး, မိမိကြီးပွါးရေးကို လိုလားသူဖြစ်၍ ဖော်ပြပါ အပြစ် ၆-ပါးကို ပယ်ရှား၍ ကြိုးစားရမည်သာ ဖြစ်သည်ဟု သဘောပိုက်တော်မူလျက် ပဉ္စမလတ်တန်းဆိုင်ရာ နေ့ဝါ ညဝါ ကျမ်းစာများကို ဆက်လက် ကြိုးပမ်းလေရာ ပြည့်စုံ လုံလောက် ပြန်လေပြီ။

အနုဗလံ ပဒတ္တာန၊ အာဇညော ပုရိသော ဝိဒူ။
မဇ္ဈိမ ပရိက္ခဏာယ၊ သဗ္ဗံ ပရိပုဏ္ဏံ အဟု။

## ပဉ္စမလတ်တန်း ဖြေဆို အောင်မြင်တော် မူခြင်း

ယင်းသို့ ပဉ္စမလတ်တန်း ကျမ်းစာများ လေ့လာပြီး သက်တော်အရွယ်အားဖြင့် ၁၆-နှစ်သာ ရှိသေးသော သာသနာ့ အာဇာနည် လောင်းလျာသည် ပဉ္စမလတ်တန်းကို ဝင်ရောက် ဖြေဆိုပြန်ရာ နှစ်ချင်းစွဲပင် အောင်မြင်တော် မူခဲ့

---

၁။ ကဝိဒပ္ပဏနီတိ-ကြည့်။

လေသည်။ ဆရာတော် လောင်းလျာကား ပွဲတိုင်းအောင်၊ နွှဲတိုင်းအောင်၊ ဖြေတိုင်းအောင် ပုဂ္ဂိုလ်ထူး သာတည်း။

မဇ္ဈိမ ပရိက္ခာဧကပိ၊ ပရိက္ခဏ ဝိစက္ခဏာ။
ဝိဿဇ္ဇေတွာ ထေရက်ိုရော၊ ဇယဂ္ဂါဟီ ဝိသာရဒေါ။

## သာသနာ့အာဇာနည် ငယ်လတ်စာပေ လေ့လာတော်မူခဲ့ပုံ

မြန်မာနိုင်ငံ၌ ပဌမဆုံး ပေါ်ထွန်းသည့် တိပိဋကဓရ သာသနာ့ အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီး၏အဋ္ဌုပ္ပတ္တိ ကျမ်းကြီးကို ကြိုးပမ်းရာ၌ စာရှုသူတို့ အလွယ်တကူ လေ့လာဖတ်ရှု အတုယူနိုင်ရန် ဖော်ပြပါ အာဒိမ တိပိဋကဓရ ပုဂ္ဂိုလ်မြတ်ကြီး၏ ငယ်စဉ်က ငယ်၊ လတ်စာပေ လေ့လာပုံကို ဖော်ပြ ဦးအံ့။

သာသနာ့ အာဇာနည် လောင်းလျာ သာမဏေငယ်သည်—

(၁) ပုစ္ဆာ၌ ဤအချက်မျိုးကို မေးတတ်သည်၊
(၂) ပုစ္ဆာ၌ ဤအချက်မျိုးကို မေးတတ်သည်-

စသည်ဖြင့် ပုစ္ဆာ ဟောင်းများကို ကြည့်ရှု လေ့လာတော်မူ၍ ရှေးဦးစွာ အတန်းအလိုက် ပုစ္ဆာအကဲကို ဖြတ်ကြည့်တော်မူသည်။ ထိုနောက်မှ ဆိုင်ရာ ကျမ်းစာများကို ကြည့်ရှုတော်မူရင်း ဤအချက်မျိုးကို ဤနံပါတ် ပုစ္ဆာမျိုး၌ မေးတတ်သည်ဟု သတ်ပြုတော်မူ၍ နှုတ်ရဆောင်တန်လျှင် နှုတ်ရဆောင်၊ ထုတ်နုတ်၍ ရေးမှတ်သင့်လျှင် ထုတ်နုတ်၍ ရေးမှတ်တော်မူသည်။

ပဌမငယ်တန်း ဝင်ချိန်မှာ ပဌမလတ်တန်း ပုစ္ဆာများကို ဖြေဆိုနိုင်သည်အထိ လေ့လာထားတော်မူခဲ့သည်။ ပဌမလတ်တန်းဝင်ချိန်တွင် ပဌမကြီးတန်း ပုစ္ဆာ ဟောင်းအချို့ကို ဖြေဆိုနိုင်သည် အထိ လေ့လာတော်မူခဲ့သည်။ ပုစ္ဆာဟောင်းများကိုစုဆောင်း ရှာဖွေတော် မူတတ်သည်။ မိမိ စိတ်ကူးဖြင့် ပုစ္ဆာဆင် ပုစ္ဆာ ထုတ်မေးမြန်း၍ စိတ်ကူးဖြင့်ပင် ရေးဖြေ စမ်းသပ်တော် မူလေ့ရှိခဲ့သည်။

ပုရာဏပဥ္စပတ္တေပိ၊ ရာသိ ကတွာ မဟာသုဓီ။
ဝိဿဇ္ဇေတွာ ပရိစယံ၊ အကာ ဒဠှပရက္ကမော။

## အနုဋီကာ ကျမ်းများ

အနုဋီကာ ကျမ်းများသည် အလွန်လျှင် ကူးခပ်လေ့လာ ကြည့်ရှုရန် ခက်ခဲသော ကျမ်းများအဖြစ် သာသနာတွင် ထင်ပေါ်ကျော်ကြား လှ၏။ အဘိဓမ္မာ အဋ္ဌကထာ၏ အဖွင့် မူလဋီကာ ကျမ်းများ၏ အဖွင့် သံဝဏ္ဏနာဋီကာ ဖြစ်သည်။ ကျမ်းပြုပုဂ္ဂိုလ်မှာ အေဒီ ၅-ရာစုနှစ် နောက်ပိုင်းနှင့် အေဒီ ၆-ရာစုနှစ် အတွင်း

လောက်တွင် ပေါ်ထွန်းသည့် အိန္ဒိယတောင်ပိုင်း ကဉ္စိပူရမြို့ဖွား နာဂသဘော ဆိပ်အနီး (နာဂမြို့) သီရိမေဃာသောကမင်းကြီး၏ ကျောင်းမှုတော် ဆီးပင်ဆိပ် ကျောင်းတိုက်နေ ဥဒါန အဋ္ဌကထာ, ဣတိဝုတ္တက အဋ္ဌကထာ, ဝိမာနဝတ္ထု အဋ္ဌကထာ, ပေတဝတ္ထု အဋ္ဌကထာ, ထေရဂါထာ အဋ္ဌကထာ, ထေရီဂါထာ အဋ္ဌကထာ, စရိယာပိဋက အဋ္ဌကထာ, နေတ္တိအဋ္ဌကထာ, ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ, ဒီဃနိကာယဋီကာ, မဇ္ဈိမနိကာယဋီကာ, သံယုတ္တနိကာယဋီကာ, အင်္ဂုတ္တရနိကာယ ဋီကာဟောင်း (မပြီး)[၁]၊ နေတ္တိဋီကာတို့ကို ပြုစီရင်တော်မူခဲ့သော နာမည် ကျော် အရှင်ဓမ္မပါလမဟာထေရ် (အာစရိယ ဓမ္မပါလထေရ်) ဖြစ်သည်။ ယင်းဋီကာသည် မူလဋီကာကျမ်းများ၏ လီနတ္ထပဒဝဏ္ဏနာ, လီနတ္ထဝဏ္ဏနာ ဖြစ် ပေသည်။ ယင်းသို့ဖြစ်ကြောင်း "ဣတိ ဓမ္မသင်္ဂဏီမူလဋီကာယ လီနတ္ထပဒ- ဝဏ္ဏနာ ဓမ္မသင်္ဂဏီအနုဋီကာ သမတ္တာ ဣတိ သမ္မောဟဝိနောဒနိယာ ဋီကာယ (မူလဋီကာယ)လီနတ္ထဝဏ္ဏနာ ဝိဘင်္ဂအနုဋီကာ သမတ္တာ၊ ဣတိ ပဉ္စပကရဏမူလ- ဋီကာယ လီနတ္ထဝဏ္ဏနာ အနုဋီကာ သမတ္တာ"ဟူသော နိဂုံး စကားများဖြင့် သိသာသည်။ ယင်းအနုဋီကာ ကျမ်းများအနက် ဓမ္မသင်္ဂဏီအနုဋီကာမှာ ဆဋ္ဌ သံဂါယနာ စာတော်မူ ၂၂၀-မျက်နှာ, ဝိဘင်္ဂအနုဋီကာ ၂၂၉-မျက်နှာ, ပဉ္စပကရဏ အနုဋီကာ ၃၂၃-မျက်နှာ အသီးသီး ရှိသည်။

အာစရိယ ဓမ္မပါလ-ထေရေန ရစိတာ သုဘာ။
အနုဋီကာ ဟိ ဂမ္ဘီရာ၊ ဒုဒ္ဒသာ သာဓုထောမိတာ။

## သာသနာ့အာဇာနည် လောင်းလျာ အနုဋီကာကျမ်းများ ယေဘုယျကပင် ကြည့်ရှုခဲ့

**သာသနာ့အာဇာနည်လောင်းလျာ** သာမဏေ ရှင်ဝိစိတ္တသည် **ဖော်ပြပါ** အရှင်ဓမ္မပါလထေရ် ပြုစီရင်တော်မူခဲ့သည့် ခက်ခဲနက်နဲလှသော အနုဋီကာ ကျမ်းများကို သာမဏေဘဝ ယေဘုယျကပင် ကြည့်ရှုလေ့လာတော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာ ပဋ္ဌမငယ်စာမေးပွဲ ဝင်ရောက်ဖြေဆိုပြီးစက အဘွား တော်စပ်သူ ဒါယိကာမကြီး ဒေါ်တုတ်က အနုဋီကာ, မဓုဋီကာများနှင့် ယောဇနာမျိုးစုံ ဂန္ထန္တရတို့ကို လှူဒါန်းပူဇော်သဖြင့် အဆင်သင့် ကြည့်ရှုခွင့်ရတော် မူခြင်း ဖြစ်သည်။

မူလဋီကာယ လီနတ္ထ-ဘူတာ သံဝဏ္ဏနာ သုဘာ။
အနုဋီကာယော အာဇည-ပုဂ္ဂလေန အပေက္ခိတာ။

---

၁။ ယခုပုံနှိပ်ပြီး ဋီကာကို အရှင်ဓမ္မပါလ၏ ဋီကာဟောင်း မပြီးသည်ကို ထောက်၍ အင်္ဂုတ္တိုရ်ဋီကာသစ်ဟု ခေါ်သည်။

## မဓုဋီကာကျမ်းများ

မဓုဋီကာကျမ်းသည်လည်း အနုဋီကာကဲ့သို့ပင် မူလဋီကာကျမ်း၏ အဖွင့် သံဝဏ္ဏနာ ဋီကာကျမ်းဖြစ်သည်။ မြန်မာနိုင်ငံစာချအကျော်အမော်တို့ အလေး ဂရုပြုရသည့် ကျမ်းကျော်တဆူ ဖြစ်လေသည်။ ယင်းမဓုဋီကာမှာ အဋ္ဌသာလိနီ (ဓမ္မသင်္ဂဏီ) မဓုဋီကာ, ဝိဘင်းမဓုဋီကာ, ဓာတုကထာမဓုဋီကာ, ပုဂ္ဂလပညတ် မဓုဋီကာ, ကထာဝတ္ထုမဓုဋီကာ, ယမိုက်မဓုဋီကာ, ပဋ္ဌာန်းမဓုဋီကာ အားဖြင့် ၇-ကျမ်းရှိသည်။ ယင်း မဓုဋီကာ ကျမ်းများကို ဟံသာဝတီမြို့ မဟာရုံကျောင်း တိုက်, ရတနာကူဋာဂါရကျောင်း (ပဲခူးအနောက် ရိုးမတောင်ခြေ ထန်းတော ကြီးရွာ မဟာရုံကျောင်းတိုက်, ရတနကူဋာဂါရကျောင်း)နေ အရှင်အာနန္ဒာ မဟာထေရ် ပြုစီရင်တော်မူခဲ့သည် [၁]။ သက္ကရာဇ် ၉၂၄-ခုနှစ်တွင် စတင်ရေး သားခဲ့ပြီး ၉၃၃-ခုနှစ် တွင် ပြီးဆုံးသည်။ ခရစ်သက္ကရာဇ် ၁၉၂၈-ခုနှစ် ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေ ပုံနှိပ်တိုက်ရိုက် ဓမ္မသင်္ဂဏီ (အဋ္ဌသာလိနီ) မဓုဋီကာ ရှိုင်ဆိုက် စာမျက်နှာ - ၂၅၂ ရှိ၏။ ခရစ်သက္ကရာဇ် ၁၉၀၈-ခုနှစ် ရန်ကုန်မြို့ ပြည်ကြီး မဏ္ဍိုင်ပုံနှိပ်တိုက်ရိုက် ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း တပေါင်းတည်းရိုက် မဓုဋီကာကျမ်းမှာ ရှိုင်ဆိုက် ၂၉၁-မျက်နှာ ရှိသည်။ ဆရာတော် အရှင်အာနန္ဒာ (မဟာနန္ဒာ) သည် ဓမ္မသင်္ဂဏီ မဓုဋီကာ ကျမ်းဦး၌—

ယဿ သတ္တေသု ကရုဏာ၊ ဥပ္ပဇ္ဇိ ပိယ သဗ္ဗဒါ။
ပညာပိ သဗ္ဗဓမ္မေသု၊ ဉေယျောဇေသု ဥပဇ္ဇထ—

အစရှိသော ၁၈-ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ဝိဘင်းမဓုဋီကာ ကျမ်းဦး၌—

အဋ္ဌာရသဂုဏောပေတော၊ ဇိနော ဂုဏဂဏာကရော။
ဒိပဉ္စက္ခောဝ ဇလန္တော၊ သော သမ္မာလေတု မံ သဒါ—

အစရှိသော ၇-ဂါထာဖြင့်၎င်း၊

ဓာတုကထာ မဓုဋီကာကျမ်းဦး၌—

နမဿိတွာန သမ္ဗုဒ္ဓံ၊ ဓမ္မဉ္စာရိယမုတ္တမံ။
မူလဋီကာယ ဝဏ္ဏနံ၊ ကရိဿံ ကရုဏာယ’ဟံ။
စောဒိတော ဘိက္ခုဟိတတ္ထံ၊ ဇောတတ္ထံ သာသနဿ စ။
ဓမ္မရာဇဿ သုခတ္ထံ၊ သာသနဋ္ဌိတိမိစ္ဆတော။

---

၁။ ဗုဒ္ဓစူဠာဘာတိကနာမဝှယေန မဟာကဝိဝရေန ဝိရစိတာ။ (မဓုဋီကာလာ နိဂုံး)

ပုဗ္ဗာစရိယသီဟာနံ၊ နယံ ဂန္ထာနုရူပတော။
သဒ္ဓမ္မေ ဂါရဝံ ကတွာ၊ သုဏာထ မမ ဘာသတော–

ဟူသော ၃-ဂါထာဖြင့်၎င်း၊

ပုဂ္ဂလပညတ် မဓုဋီကာကျမ်းဦး၌–

သဗ္ဗပညတ္တိကုသလော၊ တိလောကေ အဂ္ဂပုဂ္ဂလော။
ဓမ္မဓဇော စ ဒီပေါ စ၊ ဇနာနံ သုဟိတံ ကရော။
သက္ကာတိသက္ကော ဗြဟ္မာ စ၊ အတိဗြဟ္မာ တထာဂတော။
မာရာတိမာရော မုနိန္ဒော၊ သောပိ မေ ပီဏယတံ မနံ။

အစရှိသော ၅-ဂါထာဖြင့်၎င်း၊

ကထာဝတ္ထု မဓုဋီကာကျမ်းဦး၌–

ကထာဝတ္ထုပကရဏံ၊ ယံ ပကာသယိ သမ္ဗုဒ္ဓေါ၊
ဟဿာ ဋီကာယ ဝဏ္ဏနံ၊ ကရိဿံ သာဒရော အဟံ–

ဟူသော ၁-ဂါထာဖြင့်၎င်း၊

ယမိုက် မဓုဋီကာကျမ်းဦး၌–

အနန္တဉာဏံ ဝန္ဒိတွာ၊ သဒ္ဓမ္မဉ္စ ဝရုတ္တမံ။
ဂဏံ နိရင်္ဂဏဉ္စေဝ၊ ပုညက္ခေတ္တံ အနုတ္တရံ။
မူလဋီကာယ အတ္ထဿ၊ ဂမ္ဘီရဿ ဂူဠှဿ စ။
ဝဏ္ဏနံ ကရိဿံ တဿ၊ ပေါရာဏနယနိဿိတံ။
အသမ္ဘိဿံ အနာကုလံ၊ မဓုရတ္ထပဒက္ကမံ။
ပါကဋတ္ထေန သံယုတ္တံ၊ တံ နိသာမေထ သာဓဝေါ–

ဟူသော ၃-ဂါထာဖြင့်၎င်း၊

ပဋ္ဌာန်း မဓုဋီကာကျမ်းဦး၌–

ဝန္ဒိတွာ သိရသာ ဗုဒ္ဓံ၊ အနန္တနယဒေသကံ။
သဒ္ဓမ္မဉ္စ သုဝိသုဒ္ဓံ၊ သံဃဉ္စာပိ နိရင်္ဂဏံ။
ပဋ္ဌာနမူလဋီကာယ၊ ကရိဿံ အတ္ထဝဏ္ဏနံ။
ဣမံ ကတွာန အဋ္ဌိကံ၊ သုဏာထ သာဓဝေါ ဇနာ–

ဟူသော ၃-ဂါထာဖြင့်၎င်း အသီးသီး ဂန္ထာရမ္ဘပြုတော်မူ၍ စီရင်တော်မူခဲ့သည်။
ကျမ်းတိုင်း၌ နိဂုံးဂါထာများလည်း ပါရှိသည်။

## မဇ္ဈိမနိကာယကျမ်းများကို ငယ်စဉ်က ကြည့်ရှုလေ့လာ

သာသနာ့ အာဇာနည် လောင်းလျာသည် ဖော်ပြပါ နက်နဲခဲကတ်သည့် မဇ္ဈိမနိကာယ ကျမ်းဂန်အရပ်ရပ် တို့ကို သာမဏေဘဝ ငယ်စဉ်ကပင် လေ့လာ ကြည့်ရှုတော်မူခဲ့လေသည်။ ဆရာတော်ကား ငယ်စဉ်ကတည်းက ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများကို မွှေနှောက်ချောက်ချားနိုင်ခဲ့လေသည်။

မဇ္ဈိမကာသုဂမ္ဘေပိ၊ ဂမ္ဘေသု ကောဝိဒေါ် သုဓ။
သာမဏေရောဝ ဟုတွာန၊ အဝေက္ခတိ မဟာမတိ။

## ယောဇနာကျမ်းဂန်များ

သာသနာတော်၌ ယောဇနာကျမ်းဂန်များလည်း များစွာ ပေါ်ထွန်းခဲ့သည်။ ယင်းတို့မှာ ကင်္ခါယောဇနာ, ကင်္ခါယောဇနာ မဟာဋီကာ, ပါရာဇိကကဏ်ယောဇနာ, ပါစိတျာဒိယောဇနာ, အဋ္ဌသာလိနီယောဇနာ, သမ္မောဟဝိနောဒနီယောဇနာ စသည်တို့ ဖြစ်ကုန်၏။ ယင်းယောဇနာကျမ်းတို့ကား ကျယ်ဝန်းလည်း ကျယ်ဝန်းလှကုန်၏၊ ခက်ခဲသော အရာများလည်း ပါရှိကုန်၏။

## ယောဇနာကျမ်းများကို ကြည့်ရှု လေ့လာခြင်း

သာသနာ့အာဇာနည် လောင်းလျာသည် ဖော်ပြပါ ယောဇနာ ကျမ်းဂန်များကိုလည်း မပျင်းမရိ ကြည့်ရှု လေ့လာတော် မူခဲ့သေသည်။ သို့ဖြစ်၍ သက်တော်ကြီးရင့်၍ ပညာဒသက အရွယ်တော်ရောက်လာရာ၌ကား ပါဠိကျမ်းစာတိုင်း ခက်ခဲသည်မရှိပဲ ဖောက်ထွင်းသိမြင် အလွန်လျှင် အနက်ထင် အဓိပ္ပါယ်သဘောပေါက်တော်မူလေသည်။

ယောဇနာဝှသုဂမ္ဘေပိ၊ ဂမ္ဘေသု ပါရဂေါ် ဝိဒူ။
ဒဟရော သမာနောယေဝ၊ ဝက္ခန္ဓံ နိဇ္ဈာနံ အကာ။

ထိုခေတ်က စာမေးပွဲများ၌ ဘာသာပြန်ကျမ်းစာ သီးခြားပြဋ္ဌာန်းချက်မရှိသဖြင့် ပါဠိမြင်လျှင် အနက်သင်နိုင်သောအခြေသို့ ရောက်အောင် လေ့လာတော် မူခဲ့လေသည်။ ညဉ့်အခါ နှုတ်တိုက်ပြန်ရမည့် ကျမ်းစာများကိုလည်း အချိန်မှန်မှန် ပြန်ဆိုလေ့ရှိတော်မူသည်။ ဆရာတော်လောင်းလျာကား—

ယောကျ်ားတကာ၊ အားထုတ်ရာတည့်၊ ကြီးစွာလုံ့လ၊ ဝါယာမမူ၊ မချကောင်းချေ၊ မသေခင်ချင်း၊ ပြီးအပ်လျှင်း၏၊ မယွင်းမှန်လှ၊ ဤလောက၌၊ လုံ့လမမူ၊ နတ်မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်းမ၏[၂]။

---

၁။ အကျယ် ပါဠိသမိုင်းကျမ်းကြည့်။ ၂။ မဃဒေဝ။ ၂၁၂-ပုဒ်။

## အလွန်လျှင် အလိုက်သိ, အမြော်မြင်ကြီးသော ဆရာတော်

ဆရာတော်လောင်းလျာ၏ဥပဇ္ဈာယ်ဆရာတော်ဖြစ်တော်မူသော ဆရာတော် အရှင်သောဘိတသည် အလွန်လျှင် အလိုက်သိ အမြော်မြင်ကြီးသည့် ဆရာတော် တပါး ဖြစ်တော်မူသည်။ စာအုပ်ပေါ်သစ်စက ဇိနာလင်္ကာရဋီကာကျမ်းကြီး, ဓာတုတ္ထကီကျမ်း, သောတတ္ထကီ ကျမ်းကြီးများကို ရန်ကုန်မြို့ သုဓမ္မဝတီ ပုံနှိပ်တိုက်မှ တမင် မှာယူပြီး တပည့် သာသနာ့အာဇာနည်လောင်းလျာအား ပေးတော်မူသည်၊ တပည့်အပေါ် ဝတ္တရားကျေသော ကေကယ့် သူတော်ကောင်း ပီသသည့် ဆရာတော်ပါပေတည်း။

> ဘဒ္ဒန္တသောဘိတတ္ထေရော၊ သောဘနော ဗုဒ္ဓသာသနေ။
> သသိဿံ သောဘနတ္ထာယ၊ အကာ ဥယျုတ္တမာနသော။

## ဇိနာလင်္ကာရဋီကာကျမ်းကြီး

ဇိနာလင်္ကာရဋီကာကျမ်းကြီးသည် စာပေအရေးအသား အစီအကုံး အနှုန်း အဖွဲ့ အလွန် ပြောင်မြောက် ကောင်းမွန်သည့် ကျမ်းကြီး ဖြစ်သည်။ ယင်း ကျမ်းကြီးကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ သာသနာသက္ကရာဇ် ၁၇၀၀-ပတ်ဝန်း ကျင်တွင် ပေါ်ထွန်းသည့် စာပေအနှုန်းအဖွဲ့ကျော် မဟာကဝိ အရှင်ဗုဒ္ဓရက္ခိတ မဟာထေရ် စာကိုယ်ဂါထာ ၂၇၀-ကျော်ကို မူတည်၍ ဖွင့်ဆိုတော်မူခဲ့သည်။

ယင်း ဇိနာလင်္ကာရဋီကာ၌ ပဏာမဂါထာဝဏ္ဏနာ, ယောဂါစာရဝဏ္ဏနာ, ဝတ္ထုသောဓနီဂါထာဝဏ္ဏနာ, တိပိဓဗုဒ္ဓခေတ္တဝဏ္ဏနာ, အသာဓာရဏဉာဏဝဏ္ဏနာ, ပုဗ္ဗာဘိနီဟာရဝဏ္ဏနာ, ဗျာကရဏဝဏ္ဏနာ, ဗောဓိသမ္ဘာရဝဏ္ဏနာ, ဂဗ္ဘောက္ကန္တိ-ဝဏ္ဏနာ, ဝိဇာတမင်္ဂလဝဏ္ဏနာ, အဂါရိကသမ္ပတ္တိဝဏ္ဏနာ, မဟာပဓာနဝဏ္ဏနာ, နေက္ခမ္မဇ္ဈာသယဝဏ္ဏနာ, မာရပရာဇယဝဏ္ဏနာ, အဘိသမ္ဗောဓိဝဏ္ဏနာ, ဒေသနာဉာဏဝဏ္ဏနာ, တိပါဋိဟာရိယဝဏ္ဏနာ, နဝဂုဏဝဏ္ဏနာ, ဗုဒ္ဓပူဇာ-ဝဏ္ဏနာ, ပတ္ထနာဂါထာ, နိဂုံးဂါထာများ ပါဝင်သည်။ အလွန်လျှင် ပြောင် မြောက်သော ဂါထာ, စုဏ္ဏိယတို့ဖြင့် ရေးသားသဖြင့် ယင်းဇိနာလင်္ကာရဋီကာ ကျမ်းကြီးကို ကျနစွာလေ့လာကြည့်ရှုကျက်မှတ်ပါက ပါဠိစာပေအရေးအသား၌ ထိပ်တန်းပုဂ္ဂိုလ် ဖြစ်နိုင်လေသည်။ ယင်း ဇိနာလင်္ကာရဋီကာကျမ်းဦး၌—

> သုခဋ္ဌ ဒုက္ခိ သမတာယုပေက္ခံ၊
> နေဝိစ္ဆိယော ကာမမကာမနိယံ။
> အဆင်္ခတံ သင်္ခတသမ္ဘဝံ ဘဝံ၊
> ဟိတွာ ဂတော တံ သုဂတံ နမာမိ—

ဟူသော ဗုဒ္ဓပဏာမဂါထာ, ယင်း ပဏာမဂါထာအဖွင့်ဖြင့်ရင်း၊

ယဉ္စာနုဘုတ္ဝာန ဇရာမရာသုံ၊
ယေ စာနုဘုတွာန ဇရာမရာသုံ။
တံ တေ နမိတ္ဝာန ဂုဏဏ္ဏဝဿ၊
ဝဏ္ဏေန ပူရေမိ မနဏ္ဏဝဿာ—

ဟူသော ဓမ္မပဏာမ, သံဃပဏာမ ဂါထာနှင့် ယင်းဂါထာအဖွင့်ဖြင့်ရင်း ဂန္ထာ-ရမ္ဘပြု၍ ကျမ်းကို စီရင်တော်မူသည်။ ၎င်းပြင် ကျမ်းဆရာသည်—

ဇိနေန္ဒြမတ္တေဘသာကုမ္ဘာစာရိနိ၊
ဇိနောရသာနံ မုခပင်္ကဇာလိနိ။
သရသ္ဝတိ မေ မုခဂဗ္ဘဂဗ္ဘိနိ၊
ရမတ္ဝနာယာသ သဒတ္ထသူဒနိ—

ဟူသော ဂါထာဖြင့် မိမိ၏ စိတ္တြကထိ ပုဂ္ဂိုလ်၏အဖြစ်ကို ဖော်ပြတော်မူခဲ့သည်။

## ကျက်မှတ်ဖွယ် ဂါထာကောင်းများ

ဖော်ပြပါ ဇိနာလင်္ကာရဋီကာကျမ်းကြီး၌ အလွန်လျှင် ကျက်မှတ်ဖွယ်ကောင်းသည့် ဂါထာများပါရှိသည်၊ ယင်းဂါထာများကို အမြွက်မျှထုတ်ပြဦးအံ့—

ထူးထူးဆန်းဆန်း ဒုလ္လဘရှစ်ပါးပြ သာဓကကို—

ဗုဒ္ဓေါ စ ဒုလ္လဘော လောကေ၊ သဒ္ဓမ္မဿဝနမ္ပိ စ။
သံဃော စ ဒုလ္လဘော လောကေ၊ သပ္ပုရိသောတိ ဒုလ္လဘော၊
ဒုလ္လဘဉ္စ မနုဿတ္တံ၊ ဗုဒ္ဓုပ္ပါဒေါ စ ဒုလ္လဘော။
ဒုလ္လဘာ ခဏသမ္ပတ္တိ၊ သဒ္ဓမ္မော ပရမဒုလ္လဘော[၁]—

ဟူသော ၂-ဂါထာဖြင့် လာရှိ၏။

သံဝေဂဝတ္ထုရှစ်ပါးကို—

ဇာတိဇရာဗျာဓိစုတိအပါယာ၊ အတီတအပ္ပတ္တကာလဒုက္ခံ။
ဣဒါနိ အာဟာရဂဝေသဒုက္ခံ၊ သံဝေဂဝတ္ထူနိ ဣမာနိ အဋ္ဌ[၂]—

ဟူသောဂါထာဖြင့် တွေ့ရ၏။

ပဋိသမ္ဘိဒါလေးပါး၏ အဓိပ္ပါယ်ကို—

ယံကိဉ္စိ ပစ္စယုပ္ပန္နံ၊ ဝိပါကာ စ ကြိယာ တထာ။
နိဗ္ဗာနံ ဘာသိတတ္ထော တိ၊ ပဉ္စေတေ အတ္ထသညိတာ။

---

၁။ ဇိနာလင်္ကာရဋီကာ။၁၇။ ယောဂါဝစရဝဏ္ဏနာ။ (နောက်တွင် ဇိနာလင်္ကာရဋီကာကို ဇိနာ-ဟု၍ ဖော်ပြအံ့။)
၂။ ဇိနာ။၁၈။ (ယောဂါဝစရဝဏ္ဏနာ။)

ပဘာနိဗ္ဗတ္တကော ဟေတု၊ အရိယမဂ္ဂေါ စ ဘာသိတံ။
ကုသလာကုသလဋ္ဌေတိ၊ ပဋ္ဌေတေ ဓမ္မသညိတာ။
တသ္မိံ အတ္ထေ ဓမ္မေ စ၊ ယာ သဘာဝနိရုတ္တိသု။
နိရုတ္တိတိ စ နိဒ္ဒိဋ္ဌာ၊ နိရုတ္တိကုသလေန သာ။
ဉာဏမာရမ္မဏံ ကတွာ၊ တိဝိဓံ ပစ္စဝေက္ခတော။
တိသု ဉာဏေသု ယံ ဉာဏံ၊ ပဋိဘာနန္တိ တံ မတံ[1]—

ဟူသော ၄-ဂါထာဖြင့် လာရှိ၏။

ဘုရားရှင်၏ အင်္ဂါရှစ်ဖော် အသံတော်ကို—

ဝိဿဋ္ဌော စ သုဝိညေယျော၊ မဉ္ဇု စ သဝနီယတာ။
ဗိန္ဒု စ အဝိသာရီ စ၊ ဂမ္ဘီရော စ နိန္နာဒိတာ[2]—

ဟူသောဂါထာဖြင့် လာရှိ၏။

မြင်းမိုရ်တောင်၏ အရပ် ၄-မျက်နှာရှိ အရောင် ၄-မျိုးကို—

ပါစီနပဿံ ရဇတံ၊ ဒက္ခိဏံ ဣန္ဒနီလကံ။
ပစ္ဆိမံ ဖလိကံ ပဿံ၊ ဥတ္တရံ ကဉ္စနာမယံ[3]—

ဟူသောဂါထာဖြင့် လာရှိ၏။

နေ၏ ၃-ကျွန်းလင်းခိုက် ၁-ကျွန်းမိုက်ကို—

ဇမ္ဗုဒီပမှိ ယဒါ ဥဒေတိ၊ မဇ္ဈန္ဟိကော ဟောတိ ဝိဒေဟဒီပေ။
ကုရုဒီပမှိ စ အတ္ထမေတိ၊ ဂေါယာနဒီပေ ဘဝတဍ္ဎရတ္တိ။
ဝိဒေဟဒီပေ စ ယဒါ ဥဒေတိ၊ မဇ္ဈန္ဟိကော ဟောတိ စ ဥတ္တရမှိ။
ဂေါယာနဒီပမှိ စ အတ္ထမေတိ၊ ဇမ္ဗုဒီပမှိ စ အဍ္ဎရတ္တိ။
ကုရုဒီပမှိ ယဒါ ဥဒေတိ၊ ဂေါယာနဒီပေ မဇ္ဈန္ဟိကော သော။
ဇမ္ဗုဒီပမှိ စ အတ္ထမေတိ၊ ဝိဒေဟဒီပမှိ စ အဍ္ဎရတ္တိ။
ဂေါယာနဒီပမှိ ယဒါ ဥဒေတိ၊ မဇ္ဈန္ဟိကော ဟောတိ စ ဇမ္ဗုဒီပေ။
ဝိဒေဟဒီပမှိ စ အတ္ထမေတိ၊ ကုရုနရဋ္ဌမှိ စ အဍ္ဎရတ္တိ[4]—

ဟူသော ၄-ဂါထာဖြင့် လာရှိ၏။

---

၁။ ဇိနာ။၃၆။ (ဝတ္ထုဝိသောဓနီဂါထာဝဏ္ဏနာ)။

၂။ ဇိနာ။၄၄၊၄၇။ (ဝတ္ထုဝိသောဓနီ ဂါထာဝဏ္ဏနာ)။

၃။ ဇိနာ။၅၈။ (တိဗုဒ္ဓခေတ္တဝဏ္ဏနာ)။ ၄။ ဇိနာ။၆၈၊၆၉။ (တိဗုဒ္ဓခေတ္တဝဏ္ဏနာ)။

**ဘုရားရှင်၏ မဟာကရုဏာဉာဏ်ကို အာရုံပြု၍ ဘုရားရှိခိုးရန်ကို—**

ဟတ္ထပ္ပတ္တံ ဗောဓိံ ဟိတွာ၊ အညေ သတ္တေ သန္တာရေတုံ။
ဝါယာမေန္တော သံသာရေ ယော၊ ဒုက္ခပတ္တော ဝန္ဒေဟံ တံ [1]—

**ဟူသောဂါထာဖြင့် ဖော်ပြပါရှိ၏။**

ဘုရားရှင်၏ ဘုရားဖြစ်ရန် (သဗ္ဗညုတဉာဏ်ရရန်) လှူဒါန်းရသော သွေးတော်, အသားတော်, ဦးခေါင်းတော်, မျက်လုံးတော်တို့၏ ပမာဏကို—

သော သာဂရေ ဇလမိကံ ရုဓိရံ အဒါသိ၊
ဘူမိံ ပရာဇိယ သမံ သမဒါသိဒါနံ။
မေရုပ္ပမာဏ မဓိကဥ္စ သမောဠိသီသံ၊
ခေ တာရကာဓိကတရံ နယနံ အဒါသိ [2]—

**ဟူသောဂါထာဖြင့် ဖော်ပြပါရှိ၏။**

ဘုရားရှင်ကို ရှိမခိုး မပူဇော်သူများ စိတ်မနှံ့သူများသာ ဖြစ်ကြောင်း အဓိပ္ပါယ်ပါရှိသော ဗုဒ္ဓထောမနာကို—

ဗုဒ္ဓါလောကာ လောကေ လောကေ၊ဇာတာ သတ္တာ ကောနုမ္မတ္တော။
ဗုဒ္ဓံ သုဒ္ဓံ ဩဃာတိဏ္ဏံ၊ သဒ္ဓါ ပညော ကော နော ဝန္ဒေ [2]—

ဟူသောဂါထာဖြင့် ဖော်ပြတော်မူခဲ့သည်။

ဘုရားရှင့် လက္ခဏာတော်ငယ် ၈၀-အပြည့်အစုံကို—

"အသီတိ အနုဗျဉ္ဇနာနိ နာမ ဓိတင်္ဂုလိတာ အနုပုဗ္ဗင်္ဂုလိတာ ဝဋ္ဋင်္ဂုလိတာ တမ္ဗနခတာ" [3]—

**စသည်ဖြင့် လာရှိသည်။**

အလောင်းတော်မြတ် ဗောဓိသတ်၏ လူဖြစ်စဉ်က စံဘော်မူခဲ့ပုံကို—

**ကာသက္ကမေန ဇန္ဒေဝ၊ ဝဓေနွေ ဝဏိတေ ကုလေ။**
ပုညောဒယေနုဒေန္တော သော၊ ဘာဏုမာ ဝိယ ဇမ္ဗရေ။
သိဒ္ဓတ္ထတော ဟိ သိဒ္ဓတ္ထော၊ လဒ္ဓါ ဒေဝိံ ယသောဓရံ။
စတ္တာလီသ သဟဿေဟိ၊ ပုရိတ္ထီဟိ ပုရက္ခတော။

၁။ ဇိနာ၊၊၁၃၃(ဗုဒ္ဓါဘိနီဟာရဝဏ္ဏနာ)။ ၂။ ဇိနာ၊၊၁၅၅(ဗောဓိသမ္ဘာရဝဏ္ဏနာ)။
၃။ ဇိနာ၊၊၁၇၇ (ဝိဇာတမင်္ဂလဝဏ္ဏနာ)။

ရမ္မသုရမ္မသုဘေသု ဃရေသု၊ တိဏ္ဏမုတူနမနုစ္ဆဝိကေသု။
ဒိဗ္ဗသုခံ ဝိယ ဘုဉ္ဇိ သုခံ သော၊ အစ္ဆရိယဗ္ဘုတရာဇဝိဘူတိ [၁]–

ဟူသော ၃-ဂါထာဖြင့် ဖော်ပြခဲ့သည်။

ယသောဓရာ အလှကညာဒေဝီကို စွန့်ပယ်၍ တံရားကျင့် ဘုရားဖြစ်တော်မူသော ဘုရားကို ရှိခိုးပါ၏ ဟူ၍ အဓိပ္ပါယ် ပါရှိသော ဘုရားရှိခိုးကို–

ယော တီသု ပါသာဒဝရေသု တေသု၊
သက္ကောဝ ဒေဝါဓိပတိ ဝသန္တော။
ယသောဓရံ ပိနပယောဓရံ၊
ဟိတွာ ဂတော တံ သုဂတံ နမာမိ [၂]–

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်။

ရှင်းပြင် မဟာပဓာနဝဏ္ဏနာအခန်း၌ ယမကတို့ဖြင့် ဆန်းကြယ်စွာ စီရင်ထားသည့် ဂါထာများစွာ ပါရှိလေရာ ဂါထာသုဓတသီတို့ ကြည့်ရှုရာ၏[၃]။

ဗုဒ္ဓပူဇာ ဝဏ္ဏနာအခန်း၌လည်း ကြည်ညိုဖွယ်ရာ ဗုဒ္ဓဝန္ဒနာဂါထာ စသည်တို့ များစွာပါရှိကုန်၏၊ ကြည့်ရှုကြရာ၏[၄]။

ဤသို့ စသည်ဖြင့် ထုတ်ပြချီးကျူး၍ မကုန်နိုင်လောက်အောင် ဆန်းကြယ်ကောင်းမွန်သည့် ကျမ်းကြီး ဖြစ်လေသည်။

ဇိနာလင်္ကာရဋီကာ ဟိ၊ မနုညာ သာဓုထောမိတာ။
သုဝိစိတ္တပဉ္စဘာန-ဇနနီ ကဝိမာနိတာ။

## သာသနာ့အာဇာနည်လောင်းလျာ ဇိနာလင်္ကာရဋီကာ လေ့လာကြည့်ရှု

ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ သာသနာ့ အာဇာနည် လောင်းလျာ သာမဏေ ရှင်ဝိစိတ္တာဘာရသည် ဖော်ပြခဲ့ပြီး အံ့ချီးမကုန် ကောင်းခြင်းဂုဏ်တို့နှင့် ပြည့်စုံလှသည့် ဇိနာလင်္ကာရ ဋီကာကျမ်းကြီးကို သာမဏေဘဝ ငယ်စဉ်ကပင် လေ့လာကြည့်ရှု ဝါစုဂ္ဂတ ပြုသင့်သည့် ဂါထာများကို ဝါစုဂ္ဂတနှုတ်ရအာဂုံ ဆောင်တော်မူခဲ့လေသည်။

ဇိနာလင်္ကာရဂန္ထမ္ပိ၊ ဂန္ထေသု ကောဝိဒေါ ဝိဒူ။
သမ္မာဆန္ဒေန သော ဟိ၊ ဣက္ခနံ ဒဿနံ အကာ။

---

၁။ ဇိနာ။ ၁၇၈(အဂါရိကသမ္ပတ္တိဝဏ္ဏနာ) ၂။ ဇိနာ။ ၁၈၇(အဂါရိက သမ္ပတ္တိဝဏ္ဏနာ)
၃။ ဇိနာ။ ၁၉၀-၂၀၈။ ၄။ ဇိနာ။ ၃၂၆-၃၃၀။

## ဇာတတ္ထကိပါဠိကျမ်းကြီး

ဇာတတ္ထကိပါဠိသည် ဘုရားရှင်၏ အဖြစ်စဉ် ဗုဒ္ဓဝင်ကို ပြရာဆိုရာကျမ်း **ကောင်း** ဖြစ်သည်။ ဇာတတ္ထကိပါဠိသည် ဇာတကဋ္ဌကထာ(ဇာတ်အဋ္ဌကထာ)၏ **နိဒါန်း** (နိဒါနကထာ) ဖြစ်သည်။ အလွန်လျှင် လေ့လာ ကြည့်ရှုသင့်သော ကျမ်း ဖြစ်သည်။ ယင်း ဇာတတ္ထကိပါဠိ၌ သုမေဓကထာ, ဒီပင်္ကရဗုဒ္ဓကထာ, ကောဏ္ဍညဗုဒ္ဓကထာ, မင်္ဂလဗုဒ္ဓကထာ, သုမနဗုဒ္ဓကထာ, ရေဝတဗုဒ္ဓကထာ, သောဘိတဗုဒ္ဓကထာ, အနောမဒဿီဗုဒ္ဓကထာ, ပဒုမဗုဒ္ဓကထာ, နာရဒဗုဒ္ဓကထာ, ပဒုမုတ္တရဗုဒ္ဓကထာ, သုမေဓဗုဒ္ဓကထာ, သုဇာတဗုဒ္ဓကထာ, ပိယဒဿီဗုဒ္ဓကထာ, အတ္ထဒဿီဗုဒ္ဓကထာ, ဓမ္မဒဿီဗုဒ္ဓကထာ, သိဒ္ဓတ္ထဗုဒ္ဓကထာ, တိဿဗုဒ္ဓကထာ, ဖုဿဗုဒ္ဓကထာ, ဝိပဿီဗုဒ္ဓကထာ, သိခီဗုဒ္ဓကထာ, ဝေဿဘူဗုဒ္ဓကထာ, ကကုသန္ဓဗုဒ္ဓကထာ, ကောဏာဂမနဗုဒ္ဓကထာ, ကဿပဗုဒ္ဓကထာ, ဂေါတမဗုဒ္ဓကထာ (ဂေါတမဗုဒ္ဓဝံ) အကျယ် ပါရှိလေသည်။ ယင်း ဂေါတမဗုဒ္ဓဝင်၌ ဗျာဒိတ်ရကြောင်း အင်္ဂါ ရှစ်ပါး၊ နိယတဗျာဒိတ် ရပြီးသော အလောင်းတော်အား တခါယ့်ရှစ်ပါးသော ဌာနတို့၌ မဖြစ်ခြင်းကို သရုပ်နှင့် တကွပြခြင်း စသည့် မှတ်သားဖွယ်များစွာတို့ ပါရှိလေရာ ယင်း ဇာတတ္ထကိ ကျမ်းကြီးကို လေ့လာကြည့်ရှုလျှင် ဗုဒ္ဓစာပေ၌ အဝါးဝစွာ တတ်မြောက် လိမ္မာသူ ဖြစ်ရန် သေချာသည်။ ယင်း ဇာတတ္ထကိပါဠိကို ပြုစီရင်သူမှာ အဋ္ဌကထာ ကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသ ဖြစ်သည်။ ယင်းကျမ်းကို အမရပူရ ပဌမမြို့တည် မင်းတရားလက်ထက် ပိဋကနာထကျောင်းနေ အဂ္ဂါ-စာရကဝိဇေမဟာဓမ္မရာဇာဒိရာဇဂုရု ဆရာတော်အရှင်အဂ္ဂါစာရထေရ်စီရင်သည့် ဇာတတ္ထကိနိဿယနှင့် တွဲ၍ ခရစ်သက္ကရာဇ် ၁၉၂၇-ခုနှစ်က ရန်ကုန်မြို့ သုဓမ္မဝတီ ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ ကျမ်းဦး၌—

ဇာတိကောဋိသဟဿေဟိ၊ ပမာဏ ရဟိတံ ဟိတံ။
လောကဿ လောကနာထေန၊ ကတံ ယေန မဟေသိနာ။
တဿ ပါဒေ နမဿိတွာ၊ ကတွာ ဓမ္မဿ စဉ္စလိံ။
သံဃဉ္စ ပတိမာနေတွာ၊ သဗ္ဗမ္မာနဘာဇနံ—

အစရှိသော ၁၁-ဂါထာဖြင့် ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။ စင်စစ်မှာ ဇာတ် **အဋ္ဌကထာ**မှ ခွဲထုတ်၍ တကျမ်းတဖွဲ့ စီစဉ်ခြင်းဖြစ်သည်[၁]။ ပါဠိစာပေ အနေ အထား လွယ်ကူရှင်းလင်း သေသပ်သဖြင့် ပါဠိစာပေ ဝါသနာရှင်တို့ စိတ် ဝင်စားဖွယ်ရာ ကျမ်းကောင်းတဆူ ဖြစ်သည်။ ရှိုင်ဆိုက် စာမျက်နှာ ၁၂၀

---

၁။ အကျယ် ပါဠိသမိုင်းကြည့်။

ရှိ၏။ ဇာတ်အဋ္ဌကထာ၌ကား ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ-၁၁၀ ရှိသည်။

ဇာတတ္ထကီသုဂန္ဓော ဟိ၊ သုန္ဒရော မနုမညာ ဟိ ခေါ။
ရမဏီယာယ ဘာသာယ၊ သင်္ဂဟကာရေန သင်္ခတော။

ယင်းဇာတတ္ထကီပါဌ် အဆုံး၌—

ဇာနိတဗ္ဗဥ္စ ဇာနာမိ၊ ဂမိတဗ္ဗံ ဂမာမဟံ။
ရမိတဗ္ဗေ စ ရမာမိ၊ ယာဝ နာမေန တာဝ စ—

ဟူသော ဂါထာ ၁-ဂါထာသာ ဇာတ်အဋ္ဌကထာလာ စာသားမှ ထူးခြားသည်။

## ဇာတတ္ထကီကျမ်းကို ကြည့်ရှုလေ့လာခြင်း

သာသနာ့အာဇာနည်လောင်းလျာ သာမဏေသည် ငယ်လျှနုနယ် အရွယ်တော်၌ တည်စဉ် သာမဏေဘဝကပင် ဖော်ပြပါဂုဏ်များဥဿုံ စုံလင်လှသည့် ဇာတတ္ထကီပါဌ်ကို လေ့လာရှုမှတ် ကျက်ဖတ်တော်မူခဲ့လေသည်။

ဇာတတ္ထကီနာမဓေယျံ၊ ဂန္ထမ္ပိ ဂန္ထမာမကော။
ဩလောကေတွာ မုခါရုဠှံ၊ ကတွာ ပရိစယံ အကာ။

## သောတတ္ထကီပါဌ်

သောတတ္ထကီပါဌ်သည် ဗဟုဿုတဖြစ်ဖွယ် အနေဖြင့် လေ့လာအပ်သော ကျမ်းများတွင်သာ ပါဝင်သဖြင့် ထူးထူးခြားခြား စာပေလိုက်စားသူတို့သာ ကြည့်ရှုလေ့လာကြသည်။

သင်ရိုးချရိုး ကျမ်းစာများတွင် မပါဝင်သဖြင့် ရိုးရိုးစာသင်စာချတို့ ကြည့်ရှုလေ့လာရိုး မရှိချေ။ သောတတ္ထကီပါဌ် ကျမ်း၌ ပဏာမပဋိညာကထာ, အသင်္ချေယျကထာ, ကပ္ပကထာ, နိဒါနကထာ, ဗာဟိရနိဒါနကထာ, အဇ္ဈတ္တိကနိဒါနကထာ, မဟာနိဒါနကထာ, အတိဒူရေနိဒါနကထာ, အဝိဒူရေနိဒါနကထာ, သန္တိကေနိဒါနကထာ, ဥဒယျောဇနကထာ, အာနန္ဒပုစ္ဆိတကထာ, နိဂမနကထာ တို့ ပါရှိကုန်၏။ ယင်းကျမ်း၌ အသူးအဆန်း မှတ်သားဖွယ်တို့လည်း များစွာ ပါရှိကုန်၏။ ဘုရားတဆူဘဆူတို့လက်ထက်တွင် သတ္တဝါဝေနေယျတို့ ၂၄-သင်္ချေ ကုဋေ-၆၀ ဗိုလ်ခြေ ၁-သိန်း ကျွတ်တမ်းဝင်ကြောင်း—

စတုဝီသတိအသင်္ချေယျော၊ သဋ္ဌိ စေဝ စ ကောဋိယော။
ပါဏာနိ သတသဟဿာနိ၊ ဧကော ဗုဒ္ဓေါ ပမောစယေ[၁]—

ဟူသောဂါထာဖြင့် လာရှိသည်။

၁။ သောတတ္ထကီပါဌ်။၄။ (အသင်္ချေယျကထာ)။

ရင်းပြင် တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ ဘုရားရှင်တို့၏ ပွင့်ရာအခါနှင့် အခြားကျမ်းများ၌ တွေ့ရခဲ့သော တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ ဘုရား ၃-ဆူတို့၏ ဗုဒ္ဓဝင်အကျဉ်းချုပ်ကို—

နဝအသင်္ချေယျာဝသာနေ၊ ကပ္ပကေ သာရမဏ္ဍကေ။
တဏှင်္ကရော မေဓင်္ကရော၊ တတော စ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ စတုဗုဒ္ဓါ သမုဋ္ဌိတာ။
တေသံ စတုန္နံ ဗုဒ္ဓါနံ၊ တဏှင်္ကရဿ သတ္ထုနော။
ပိတာ သုနန္ဒော ရာဇာ စ၊ မာတာ တဿ သုနန္ဒိသာ။
သတ္တပဏ္ဏိဒုမော ဗောဓိ၊ တဏှင်္ကရဿ သတ္ထုနော။
သုဒေဝေါ နာမ သော ရာဇာ၊ မာတာ တဿ ယသောဓရာ။
ကိံသုကော တဿ သော ဗောဓိ၊ မေဓင်္ကရဿ သတ္ထုနော။
သုမင်္ဂလော ပိတာ ရာဇာ၊ မာတာ ယသဝတီ စ သာ။
ပါဋလိ တဿ သော ဗောဓိ၊ သရဏင်္ကရဿ သတ္ထုနော။
အဓိကာရံ ကရိတွာန၊ ပဏိဓာန မကာရယိ။
န လဘိံ ဗျာကရဏံ တေသံ၊ တိဏ္ဏံ ဗုဒ္ဓါန သန္တိကေ[၁]—

ဟူသောဂါထာများဖြင့် လာရှိသည်။

တဖန် ဗောဓိပင် စိုက်ပျိုးပူဇော်သူ, ရဟန်းပြုသူ, ဆင်းတုတော် ထုလုပ်ကိုးကွယ်သူတို့ ဘုရားဖြစ်နိုင်ကြောင်း—

ဧဝံ အဝဒိ ဘဂဝါ၊ ဧဝံ ဝဒိ ဘာသာဂတော။
ဧဝံ သုတွာန အာနန္ဒော၊ ပုန ပုစ္ဆိ တထာဂတံ။
ဘန္တေ သစေ ဧဝရူပံ၊ ဗုဒ္ဓဘာဝံ သုဒုလ္လဘံ။
ဧဝံ မယာ သုတံ ပုဗ္ဗေ၊ တုမှာကံ ဝစနံ ကတံ။
ယော ဗောဓိရုက္ခံ ရောပေတိ၊ ယော စ ပဗ္ဗဇိတော နရော။
ယော စ သတ္ထုကရော ဗိမ္ဗံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
ဗိမ္ဗပဋိသမံ့ စ ယော ကရောတိ၊
ဒေဝပုရိန္ဒဒမပိ ဘိဘဝန္တဝဏ္ဏံ။
ယော မတ္တိကာဒိဟိ မဟဂ္ဃရတနေဟိ လောကေ၊
ဗုဒ္ဓေါ ဘဝိဿတိ ကတေန ဗလေန တေန။
တသ္မာ ကရေယျ တံ ဗိမ္ဗံ၊ သဗ္ဗဗုဒ္ဓေဟိ ဝဏ္ဏိတံ။
သဗ္ဗညုတဉာဏံ၊ ဣစ္ဆန္တော ပဏ္ဍိတော နရော[၂]—

ဟူသောဂါထာများဖြင့် လာရှိသည်။

---

၁။ သောတတ္တကီပါဠိ။ ၄၅ (အဝိဒူရေနိဒါနကထာ)။
၂။ သောတတ္တကီပါဠိ။ ဂ၆ (အာနန္ဒပုစ္ဆိတကထာ)။

ထိုမှတပါး နုမှာငါးရာ့ရင့်မှာတကျိပ် ဘုရားလောင်းများနှင့် စပ်၍လည်း—

ဒသုတ္တရာ ပဉ္စသတာ၊ ဗောဓိသတ္တာ သမူဟတော။
စေတေ အနုက္ကမာ စေဝ၊ အဝသေသာ နာနုက္ကမာ။
ကော တေ ဘန္တေ ဗောဓိသတ္တာ၊ ဒသ စေဝ အနုက္ကမာ။
ကထေထ ဝေါ မဟာဝီရ၊ ဝစနံ တေ သုဏောမဟံ။
တေန ဟေဝံ မဟာနန္ဒ၊ သုဏောဟိ ဝစနံ မမ။
ယေ တေ သတ္တ ဗောဓိသတ္တာ၊ ဗုဇ္ဈိဿန္တိ အနုက္ကမာ။
မေတ္တေယျော ဥတ္တမော ရာမော၊ ပသေနော ကောသလောဘိဘူ။
ဒီဃသောဏီ စ စင်္ကီ စ၊ သုဘော တောဒေယျ ဗြာဟ္မဏော။
နာဠာဂိရိ ပါလလေယျော၊ ဗောဓိသတ္တာ ဣမေ ဒသ။
အနုက္ကမေန သမ္ဗောဓိံ၊ ပါပုဏိဿန္တိ နာဂတေ[၁]။

ဤသို့ စသည်ဖြင့် မှတ်သားဖွယ် စုံလင်သည့် ကျမ်းထူး ကျမ်းမြတ်တဆူ ဖြစ်လေသည်။ ယင်း သောဘတ္တကီ ကျမ်းကို ပြုစုသူမှာ အရှင် မဟာဗုဒ္ဓဃောသ မဟာထေရ်မြတ်အား အဋ္ဌသာလိနီ အဋ္ဌကထာ ရေးသား ပြုစုစီရင်ရန် တောင်းပန်သူ အရှင် စူဠဗုဒ္ဓဃောသမထေရ်မြတ် ဖြစ်သည်[၂]။

သောဘတ္တကီကျမ်း၏ အဆုံး၌လည်း—

ဣဒဉ္စ ပကရဏံ နာမ၊ မဓုရာစေန ဒေသိတံ။
သောဘတ္တကီတိ နာမိဒံ၊ ဝေဒိတဗ္ဗံ ဟိ ဝိညုနာ။
ဣဒါနိ မဟာနိဒါနံ၊ ပရိပုဏ္ဏံဝ သဗ္ဗသော။
ဂရူဟိ ဒိန္နနာမေန၊ ဗုဒ္ဓဃောသောတိ ဝိဿုတော။
ကတော ထေရေန တေနာယံ၊ နိဒါနဗုဒ္ဓဂေါစရော—

ဟူသော ၂-ဂါထာဖြင့် ကျမ်းပြုစုသူနှင့် စပ်၍ အကြောင်းအရာ အကျဉ်း လာရှိ၏။ ယင်း သောဘတ္တကီပါဠိကို ညောင်တုန်းမြို့ ရွှေဟသာ်သာတောရ သီရိမဟာမင်္ဂလာရာမတိုက် စံကျောင်း ဆရာတော် ဘုရား၏ တပည့်ဖြစ်သော မင်္ဂလာစံကျောင်း စာချ ဘုန်းတော်ကြီး ဦးအာလောကအရှင် ရေးသား စီရင်သည်။ သောဘတ္တကီနိဿယနှင့် တွဲ၍ ခရစ်သက္ကရာဇ် ၁၉၂၈-ခုနှစ်၌ ရန်ကုန်မြို့ သုဓမ္မဝတီ ပုံနှိပ်တိုက်က ရိုက်နှိပ် ထုတ်ဝေခဲ့လေသည်။ သောဘတ္တကီပါဠိ သက်သက် ရှိုင်ဆိုက် စာမျက်နှာ ဂ၉-ရှိသည်။

သောဘတ္တကီသုဂန္ထောပိ၊ အတီဝ ရာမဏေယျကော။
ရမဏီယဘာရတီယာ၊ ဘေရေန အဘိသင်္ခတော။

၁။ သောဘတ္တကီပါဠိ။ ဂ၇၊ ဂဂ။ (အာနန္ဒပုစ္ဆိတကထာ။)
၂။ အကျယ် မဟာဝိသုတာရာမနိကာယသာသနာဝင်။ ၃၃-၃၅-ကြည့်။

## သောတတ္တကီပါဠ်ကို ကြည့်ရှုလေ့လာခြင်း

သာသနာ့ အာဇာနည် လောင်းလျာ ရှင်ဝိစိတ္တသာရသည် သာမဏေဘဝ ငယ်စဉ်ကပင် ဖော်ပြပါ သောတတ္တကီကျမ်းကို ကျနစွာ လေ့လာ ကြည့်ရှု ကျက်မှတ်တော် မူခဲ့လေသည်။ ဆရာတော်ကား ဆလွန်အလွန် တော်လှချွန်လှသည့် သာသနာ့ လူရည်ချွန် ပုဂ္ဂိုလ်ထူးစင်စစ် ဖြစ်တော်မူပေ၏။

သောတတ္တကီသုဂန္ထမ္ပိ၊ သာသနေ ကဝိမာနိတံ။
ဒဟာရေဝ ထေရကုံရော၊ ဉာတ္ဗာန် နိဗ္ဗာန် ကရိ။

## ဒုလ္လဘမျိုးစုံကို ရရှိတော်မူခဲ့

ဆရာတော် လောင်းလျာကား ဆရာတော် အရှင်သောဘိတ တည်းဟူသော သူတော်ကောင်း ဆရာသမား ဟူသော ဒုလ္လဘကိုလည်း ပိုင်ပိုင် မိမိ ရရှိသည့်ပြင် အခြား ဒုလ္လဘမျိုးစုံကိုလည်း ရရှိတော် မူခဲ့လေသည်။

ဗုဒ္ဓေါ စ ဒုလ္လဘော လောကေ၊ သဒ္ဓမ္မသဝနမ္ပိ စ။
သံဃော စ ဒုလ္လဘော လောကေ၊ သပ္ပုရိသော’တိဒုလ္လဘော။
ဒုလ္လဘဥ္စ မနုဿတ္တံ၊ ဗုဒ္ဓုပ္ပါဒေါ စ ဒုလ္လဘော။
ဒုလ္လဘာ ခဏသမ္ပတ္တိ၊ သဒ္ဓမ္မော ပရမဒုလ္လဘော[၁]။

## အစိပ္ပါယ် ပြောကြားစေခြင်း

ဆရာတော် အရှင်သောဘိတ မဟာထေရ်သည် မိမိ၏ တပည့် သာမဏေ ရှင်ဝိစိတ္တသာရအား ဖော်ပြပါ အနုဋီကာ, မဓုဋီကာ, ယောဇနာ, ဇိနာလင်္ကာရဋီကာ, ဇာတတ္တကီပါဠ်, သောတတ္တကီပါဠ် တို့ကို ကြည့်ရှု လေ့လာစေရုံသာ မကပဲ မိမိအား ယင်းကျမ်းလာ အကြောင်းအရာများကို လျှောက်ကြားစေခဲ့လေသည်။ သို့ဖြစ်၍ ဘာသနာ့ အာဇာနည် လောင်းလျာသည် သာမဏေ ငယ် အဖို့မှာ ပါဠိ စာဒပများ၌ အဝါး ဝလုံလေပြီ။

သဘာဝနိရုတ္တိဘာသာယ၊ သော ဟိ ဝိညူ သုကောဝိဒေါ။
ဒဟာရော သမာနေသယော၊ အဟော တဿ သုဝိညုတာ။

## ဆရာတော် အရှင်သောဘိတ မကျန်းမမာဖြစ်သဖြင့် ပြုစုခြင်း

တိပိဋကဓရ သာသနာ့ အာဇာနည် လောင်းလျာ သက်တော် ၁၇-နှစ် ၁၈-နှစ်တိုင် ၂-နှစ် ကျော် အချိန်အခါကာလ သမယတွင် ကျေးဇူး တော်ညီ

---

၁။ ဇိနာလင်္ကာရဋီကာ။၁၇။

ဆယ်ဆပိုသည့် မိုခိုအားထားရာ ဥပဇ္ဈာယ် ဆရာတော် အရှင်သောဘိတ မဟာထေရ် မမာမကျန်း ဖြစ်သည်၊ ယင်းသို့ ဥပဇ္ဈာယ် ဆရာတော် မကျန်းမမာ ဖြစ်သဖြင့်—

သစေ ဥပဇ္ဈာယော ဂိလာနော ဟောတိ၊ ယာဝဇီဝံ
ဥပဋ္ဌာတဗ္ဗော[၁]။

ဥပဇ္ဈာယ် မကျန်းမမာ ရှိခဲ့လျှင် အသက်ထက်ဆုံး ပြုစု လုပ်ကျွေးရမည် ဟူသော ဘုရားရှင်၏ အမိန့်တော်မြတ် သတပတ် ရွှေကြာကို ဦးထိပ်မှာ ပန်ဆင်တော် မူ၍ အစွမ်းကုန် ပြုစုစောင့်ရှောက်တော် မူသည်။

ဂိလာနေ ဥပဇ္ဈာယေ သော၊ ဥပဋ္ဌာတိ အနေကဓာ။
တေသာ ဥပကာရံ သော၊ အနုဿရိ ပုနပ္ပုနံ။

## နှိုင်းယှဉ် ရှုမှတ်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ဥပဇ္ဈာယ် ဆရာတော် အရှင်သောဘိတ မကျန်းမမာ ဖြစ်ရခြင်းအတွက် စိတ်စက်မချမ်းသာ မရွှင်ပျနိုင်ပါချေ။ သို့သော် စိတ်မချမ်းသာမှုကို တရားဓမ္မဖြင့် ဖြေဖျောက်တော်မူသည်။ ဥပဇ္ဈာယ် ဆရာတော် သခင် အနန္တ ကျေးဇူးရှင်၏ မကျန်းမာသော ခန္ဓာကိုယ်ကို မိမိ၏ နုပျိုသော ခန္ဓာကိုယ်သို့ ကပ်ယှဉ်နှိုင်းဆောင်၍ 'နတ္ထိ ခန္ဓသမာ ဒုက္ခာ' ခန္ဓာကိုယ်နှင့် တူသော ဆင်းရဲမည်သည် မရှိပါချေ။ ငါ့ရဲ့ဆရာ မကျန်းမမာ ဖြစ်ရသလို ငါလဲ ဘယ်ရောဂါ ဘယ်ဝေဒနာ တွေ့ရမယ်ဟု ပိုင်ပိုင်မိမိ မသိ။ ယခု ငါ ကျန်းမာနေသည်မှာ ဇရာနှင့် မဆက်သွယ်သေးပဲ အသက်အရွယ် ငယ်သေးလို့ သာဖြစ်သည်။

အနန္တာဒီနဝေါ ကာယော၊ ဝိသရုက္ခသမူပမော။
အာဝါသော သဗ္ဗရောဂါနံ၊ ပုဉ္ဇော ဒုက္ခဿ ကေဝလော။

ဤခန္ဓာကိုယ်ရုပကာယကြီးကား ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဟူသော အပြစ်တွေ ထူပြောများပြားလှသည်။ တကယ်တော့ အဆိပ်ပင်လိုပဲ၊ အဆိပ်ပင်နှင့် ဘာမျှမထူးပါလား။ ရောဂါအမျိုးမျိုးတို့ရဲ့ တည်ရာ ကိန်းရာ စင်စစ် ဖြစ်တယ်။ တကယ်အဟုတ် ဒုက္ခတုံးကြီးပါလား စသည်ဖြင့် ဆင်ခြင်တော်မူခဲ့ လေသည်။

ဥပသံဟရိတွာ ဉာဏေန၊ အဝေက္ခတိ သုဓီတိမာ။
ခန္ဓဿ ဒုက္ခဘာဝံပိ၊ သဘာဝေန သုဇာတိမာ။

---

၁။ ဝိ၄။၃၉၄-၈။

## ဥပဇ္ဈာယ်ဆရာတော် ပျံလွန် သံဝေဂဖြစ်ခဲ့

ဥပဇ္ဈာယ်ဆရာတော် အရှင်သောဘိတမဟာထေရ်မှာ ရောဂါမှ မထတော့ပဲ ဘဝနတ်ထံ ပျံလွန်တော်မူလေရာ များစွာ သံဝေဂ ဖြစ်တော်မူခဲ့သည်။ ထိုပြင်–မရဏာဿတိလည်း အကြိမ်ကြိမ် ဖြစ်တော်မူခဲ့လေသည်။

ဟာ သံယောဂါ ဝိယောဂန္တာ၊ ဟာ စုတျန္တာ စ ဇီဝိတာ။
ဟာ ဥပ္ပန္နာ စ ဘင်္ဂန္တာ၊ ဟာ သင်္ခါရာန ဓမ္မတာ။

သံယောဂါ၊ ဆရာတပည့် မိတ်နှင့်သား ဇနီးစသား၍ များလှဖုံဖုံ လောကခေတ် တိုက်ဘုံဝယ် ကြုံကြိုက်စပ်နွှဲ ယှဉ်တွဲပေါင်းဆုံခြင်းဟူသမျှတို့သည်။ ဟာ ဝိယောဂန္တာ၊ တနေ့မတွေ့ တနေ့တွေ့က ဆွေ့ဆွေ့လိုက်ခုန် အူသည်းတုန်မျှ မကြုံချင်ပဲ စိတ်မရဲလည်း သူကွဲ ကိုယ်ကွဲ ဤနှစ်ကွဲတွင်မှ နက်နဲဆင်ခြင် အဆုံးထင်သည် ဟင်…ကြောက်ဖွယ်ကောင်းလှချည့်တကား။

ဇီဝိတာ စ၊ အသက်ဝိညာဉ် ရှင်ရခြင်းဟူသမျှတို့သည်လည်း။ ဟာ စုတျန္တာ၊ စုတိပြတ်ကြွေ သေရခြင်းလျှင် အဆုံးထင်သည် ဟင်….စိတ်ပျက်ဖွယ်ကောင်းလှချည့်တကား။ ဥပ္ပန္နာ စ၊ သက်မဲ့သက်ရှိ သူ့ဇာတိဖြင့် ဖြစ်ဘိသမျှ သင်္ခါရ စာရင်းဝင် များဖြင်သောင်းသောင်း သင်္ခါရ တရားအပေါင်းတို့သည်လည်း။ ဟာ ဘင်္ဂန္တာ၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟု သညာဖောက်လွဲ ပညာမဲ့၍ စွဲမည် နှလုံး ကြံစည်တုန်းဝယ် ပျက်ပြုန်းကုန်စင် အဆုံးထင်သည် ဟင်…. လန့်ဖွယ်ကောင်းလှချည့်တကား။

သင်္ခါရာနံ၊ အတွင်းအပ နှစ်ဝသန္တာန် ကြွင်းမကျန်သား ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏။ ဓမ္မတာ၊ ဖြစ်လျှင်ပျက်မြဲ ဆိုလျှင်ကွဲသည့် လွဲမရပါ ဓမ္မတာ လမ်းရိုးကြီးသည်။ ဟာ၊ "ဝေ အနိစ္စာ သင်္ခါရာ, ဝေ အဒ္ဓုဝါ သင်္ခါရာ, ဝေ အနဿာသိကာ သင်္ခါရာ" ဟု ပညာနှင့်ယှဉ်တွဲ သတိစွဲက မြဲလည်းမမြဲနိုင် ခိုင်လည်းမခိုင်မာ သက်သာရာသည်း ရှာမရ သူညပြင်ပြင် လင်းလင်းထင်သည် ဟင်…. ရွံဖွယ်ကောင်းလှချည့်တကား။

## သာယာတင့်ရှန်း မင်းကွန်းတောင်ရိုး

မင်းကွန်းသည် စစ်ကိုင်းခရိုင် စစ်ကိုင်းနယ်တွင် တည်ရှိသည့် ရွာမျှသာဖြစ်သည်၊ ယင်းရွာအနီး၌ ဘိုးတော်ဘုရား၏ ပတ်လည် ပေ ၄၅၀, အမြင့် ဉာဏ်တော်ပေ ၁၆၂-ရှိ လက်စမသတ်သေးသော မင်းကွန်းပုထိုးတော်ကြီး,ဉာဏ်တော် ၁၅-ပေရှိ ပုံတော်ဘုရား, ကမ္ဘာတွင် ဆိုဗီယက်ယူနီယံရှိ ခေါင်းလောင်းကြီး ၂-ခုနောက် တတိယ အကြီးဆုံးဖြစ်သော ဘိုးတော်ဘုရား ကုသိုလ်တော် ခေါင်းလောင်းကြီး, ယင်းခေါင်းလောင်းကြီးနှင့် ဂိုက်လေးရာခန့် အကွာတွင်

ဘကြီးတော်ဘုရား နန်းမတက်မီ မြောက်သားတော် ဆင်ဖြူမယ် အနိစ္စရောက်သည်တွင် အထိမ်းအမှတ်အဖြစ်ဖြင့် တည်ထားကိုးကွယ်ခဲ့သော ဆင်ဖြူမယ်(မြသိန်းတန်)စေတီ, ပုဂံမင်းတရား ကောင်းမှုတော် ဇက်တော်ရာစေတီ စသည်တို့ တည်ရှိကုန်၏။

ၚင်းပြင် ရေဝတီ မြစ်နဒီကမ်းဘေး သစ်ပင်ကြီးများ၏ အာဝါသတွင် ဒေါ်ဦးဇန္နီး၏ ဘိုးဘွားရိပ်သာလည်း တည်ရှိသည့်ပြင် ရဟန်း, သာမဏေ, သီလရှင် သူတော်စင်တို့၏ ဓုရနှစ်ပါး ပွါးများကြိုးပမ်းရာ ကျောင်းတိုက်များ, ချောင်များတို့ဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်မြတ်တို့၏ နှလုံးခေတ်ပီတိအိမ်ကို ဆီထည့်ကာ စိမ်သကဲ့သို့ ဖြစ်စေလေသည်။ မင်းကွန်းအထက်ရှိ တောင်သည် ရေပြင်ထက် ၁၇၇၃-ပေ မြင့်သည်။ ယင်း တောင်ခြေ တောင်ခါး ပန်းတို့၌ တောတန်း တောင်စွယ် တင့်တယ်မငြိုးသည့် အသီးသီးသော ရုပ်ဝတ္ထုတို့ကလည်း သူတော်သူမြတ်တို့၏ စိတ်ခေတ်ကို မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်စေကုန်၏။ သို့ဖြစ်၍ မင်းကွန်းသည် တိုင်းပြည်က သိသော ဒေသမွန်တခု ဖြစ်လေသည်။

မင်းကွန်းဝှာဒေသော နာမ၊ အတိဝ ရာမဏေယျကော။
မဟာထူပမဟာဃဏ္ဍ–အာဒီဟိ သာဓုမာနိတော။
ဒေါ်ဦးဇန္နီးဇိဏ္ဏာလယောပိ၊ ဇိဏ္ဏာနံ ဟိ ပရာယဏော။
တပေါဝနေဟိ နေကေဟိ၊ တပဿီဟိဘိမာနိတော။

## မင်းကွန်းပျော် သာသနာ့ဝန်ဆောင် သူတော်ကောင်း
## သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ

ဖော်ပြပါ သူတော်စင်တို့ စိတ်ဝင်စားဖွယ်ရာ မင်းကွန်း တော တောင် ချောင်များ၌ များစွာသော ပညာရှိ သူတော်ကောင်းကြီးတို့ ရဟန်းကိစ္စ နှစ်မုရ၌ လှုံ့လအားသစ်တော်မူခဲ့ကြကုန်၏။

ဓာတုဝိဘာဂဒီပနီကျမ်း, သိမာလင်္ကာရသင်္ဂဟနိဿယ စသော ကျမ်းဂန်တို့ကို ပြုစီရင်တော်မူသော "မုနိန္ဒာဘိဃောသမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်နှင့် မုနိန္ဒာဘိဃောသသိရိသဒ္ဓမ္မဒ္ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်မုနိန္ဒဃောသ သည် မင်းကွန်း ရွှေမြင်တင်တောင် ရွှေမြင်တင်ဘုရားအနီး တောရကျောင်း၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ ပရိယတ်အလုပ်, ပဋိပတ်အလုပ်ကို ကြိုးကုတ်တော်မူသည်။ သက္ကရာဇ် ၁၁၂၃-ခုနှစ်ဖွား၍ သက်တော် ၉၀-တွင် ပျံလွန်တော်မူသည်[၁]။

---

၁။ စစ်ကိုင်းသာသနာဝင် ကြည့်။

ဓာတုမဇ္ဈုသာကျမ်း, ဆန်းဋီကာကျမ်း, ဓာတွတ္ထဒီပနီဋီကာ, ပညတ်နက်ကျမ်း,ပဋ္ဌာနတ္တာလိသပုစ္ဆာကျမ်း, သတပဒိကာပုစ္ဆာဝိဿဇ္ဇနာကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော "ပဏ္ဍိတသာဘိလင်္ကာ ရကင်ဝေ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပဏ္ဍိတသဓမ္မာဘိဝံသည် မင်းကွန်း ဥဒုမ္ဗရ ကျောင်း၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ ပရိယတ်, ပဋိပတ် ရေနှင့်ရောတို့ အပတ်တကုတ် အားထုတ် ကြိုးပမ်းတော် မူခဲ့သည်။ ၁၂၀၁-ခု ဖွားမြင်၍ ၁၂၄၈-ခုနှစ်တွင် ပျံလွန်တော်မူသည်[၁]။

"သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် သုဒဿနဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၂-ဆပ်ရ စံကျောင်းဆရာတော် ဘုန်းကြီး အရှင်သုဒဿနသည် မင်းကွန်း မြောက်ဘက် အနီးသင်္ချာ လက္ခဏသာလ တောရကျောင်း၌ သီတင်းသုံးတော်မူခဲ့သည်။ သက္ကရာဇ် ၁၁၇၇ ခုနှစ် ဖွားမြင်တော်မူ၍ ၁၂၅၀-ပြည့်နှစ်တွင် ပျံလွန်တော်မူသည်။

အဘိဓမ္မာဝတာရဋီကာသစ် နိဿယကျမ်း, နိဗ္ဗာန ဝိနိစ္ဆယကျမ်း, ကမ္မဝိနိစ္ဆယကျမ်း, အာရမ္မဏဝိနိစ္ဆယကျမ်း, ဗောဓိပက္ခိယ ရှုဖွယ်ကျမ်း, ပါရမီ နှုရှုဖွယ်ကျမ်း, ဝိထိပုံသုံးချက်စု လက်ကျမ်း, သီလဥမ္မင်္ဂဝိနိယ ဗန္ဓနာစာတမ်း, အလင်္ကာရတ္ထဒီပနီကျမ်း စသည်တို့ကို ပြုစီရင်တော် မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဌ ကျော် ဆရာတော် အရှင်ပဏ္ဍဝမဟာထေရ်သည် မင်းကွန်းတောင်ရိုး ဝေယန်ဘုံမြင့်ကျောင်း၌ ၃၃-နှစ် သီတင်းသုံးတော် မူခဲ့သည်၊ ၁၂၁၄-ခု နှစ်ဖွားမြင်တော်မူ၍ ၁၂၉၉ ခုနှစ်တွင် ပျံလွန်တော်မူသည်။

ပါဠိတော်ကိုးကို စာဘိ တည်ဆောင်တော်မူသော ကမ္မဋ္ဌာန်းကျမ်းပေါင်း ၅၁-ခန့်ကို ပြုစီရင်တော် မူခဲ့သော ဆရာတော် အရှင်ဆုဇ်နဲ့မဟာထေရ်သည် မင်းကွန်းတောင်ရိုး ရွှေတောင်တော ကျောင်းကို တည်ထောင်တော်မူ၍ ရရ နှစ်ပါး အားထုတ် ပွါးများ၍ သီတင်းသုံးတော်မူသည်။ သက္ကရာဇ် ၁၂၂၂-ခုနှစ် ဖွားမြင်၍ ၁၂၉၂-ခုနှစ်တွင် ပျံလွန်တော်မူသည်။

ပေဋကောပဒေသ အဋ္ဌကထာပါဠိကျမ်း, ပေဋကောပဒေသ အဋ္ဌကထာ နိဿယကျမ်း, မိလိန္ဒပဉှ အဋ္ဌကထာ ပါဠိကျမ်း, မိလိန္ဒပဉှ အဋ္ဌကထာ နိဿယကျမ်း, ဝိနယသာမုဟဝိနိစ္ဆယကျမ်း, နိဗ္ဗာနကထာကျမ်း, အာရမ္မဏဝိဝိဿဇ္ဇနာကျမ်း၊ သဒ္ဒတ္ထဝိဒိဒိဿဇ္ဇနာကျမ်း, အာနာပါန အဖြေကျမ်း, ဝိပဿနာ ဉာဏ်စဉ်ကျမ်း, ပါဒပါဒါရယကျမ်း, မူလပရိယာယသုတ် နိဿယကျမ်း, မဟာ-

၁။ စစ်ကိုင်း သာသနဝင် ကြည့်။

သဋ္ဌာယတနသုတ် နိဿယကျမ်း စသည်တို့ကို စီရင်တော်မူခဲ့သော မူလ မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီး အရှင်နာရဒမဟာထေရ်သည် မင်းကွန်း တောင်ပေါ်ကြီး ကျောင်း၌ သီတင်းသုံး၍ စာပေချပို့ တရားပြတော်မူခဲ့သည်။ ၁၂၃၀ ပြည့်နှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၁၈-ခုနှစ်တွင် ပျံလွန်တော်မူသည်။ အကျယ် စစ်ကိုင်းသာသနာဝင် ကြည့်။

လသိကဝိဘာဂ မြန်မာပြန် ကျမ်း၊ အသင်္ခတသစ် နိဿယကျမ်း စသည် တို့ကို ပြုစီရင်တော် မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင် သုန္ဒရာဘိဝံသ ဆရာတော်သည် မင်းကွန်းတောင်ရိုး သုန္ဒရာဘိဝံသကျောင်း၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ ဝါ၄နှစ်ပါး အားသစ် ပွဲများတော်မူခဲ့သည်၊ ၁၂၄၃-နှစ် ဖွားမြင်၍ ၁၃၂၂-ခုနှစ်တွင် ပျံလွန်တော်မူသည်။

ကလပ်နိဿယကျမ်း၊ ကိတ်ဥဒ္ဒေသီကျမ်း၊ မဏိဒေဝီကဝိသင်္ဂဟနာကျမ်း၊ ဝိဝိခဂိနိဂမယကျမ်း၊ ပဟာဒ္ဒိဝိနည်းသကျမ်း၊ ဓမ္မစကြာပါဠိ နိဿယကျမ်း၊ ဓမ္မစကြာ မြန်မာဋီကာကျမ်း၊ ပဋ္ဌာန်းများသံခိပ် ကျမ်း၊ အာနာပါနလိကျမ်း၊ သချာပိပနီကျမ်း၊ သချာပကာသနကျမ်း စသည်တို့ကို ပြုစီရင်တော် မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဋ္ဌာန်းများ ဆရာတော် ဘုရားကြီး အရှင် ဇာဂရမဟာထေရ်သည် မင်းကွန်းတောင်ရိုး ငွေတောင်တောရ၌ သက်ဆုံးတိုင် သီတင်းသုံး၍ ဝါ၅နှစ်ပါး ပွဲများအားသစ်တော် မူခဲ့သည်။ ၁၂၄၅-ခု ဖွား၊ ၁၃၁၄-ခုနှစ်တွင် ပျံလွန်တော်မူသည်။ အကျယ် စစ်ကိုင်း သာသနာဝင် ကြည့်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆက်တော်ချည် ဆရာတော် ဘုရားကြီး အရှင်အဂ္ဂိန္ဒမဟာထေရ် မင်းကွန်းတောင်ရိုး အရိယမဂ္ဂင်ကျောင်း၌ သီတင်းသုံးတော် မူ၍ ဝါ၅နှစ်ပါး ပွဲများ အားသစ်တော်မူသည်၊ ၁၂၅၂-နှစ် ဖွားသည်။

ဆဋ္ဌသံဂါယနာ၊ ကျမ်းညွှန်း ဩသာနသောဓက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဣန္ဒသနိမဟာထေရ်သည် မင်းကွန်းတောင်ရိုး ရတနာ ဂူကျောင်း၌ သက်ဆုံးတိုင် သီတင်းသုံးတော်မူ၍ ဝါ၂-ပါး ပွဲများ အားသစ်တော် မူခဲ့လေသည်၊ ၁၂၅၈-ခုနှစ် ဖွားမြင်၍ ၁၃၁၈-ခုနှစ်တွင် ပျံလွန် တော်မူသည်၊ အကျယ် စစ်ကိုင်း သာသနာဝင် ကြည့်။

ဩဝါဒါစရိယ ပဋ္ဌာန်းကျော် ဝဏ္ဏာဘိဝံသ အရှင်ကောသလ္လ မဟာထေရ်သည်[1] မင်းကွန်းတောင်ရိုး အဘယ ရွှေဂူကျောင်း၌ သက်ဆုံးတိုင် သီတင်းသုံးတော် မူ၍ ဝါ၄နှစ်ပါး အားသစ် ပွဲများတော် မူခဲ့သည်။ ဤသို့ စသည်ဖြင့်

---

၁။ ယင်းဆရာတော်သည် သီတင်းသုံးတော် ၅၇-ပါ သက်တော် ၇၇-နှစ်ရှိသော ၁၃၃၃-ခု၊ တပို့တွဲ လဆုတ် ၁၁-ရက်နေ့တွင် ပျံလွန်တော်မူသည်။

မင်းကွန်းတောင်ရိုးသည် ကျမ်းဂန်ဘက် ဘုရားမြတ်စွာ သာသနာ့ဝန်ဆောင် ဆရာတော် ဘုရားကြီးတို့၏ ဘုရားမြတ်စွာ သာသနာ ဂုဏ်ရည် စည်ပင် ပွင့်လင်းအောင် ပြုရာ၌ မဟာအောင်မြေ ဖြစ်သည်။

မင်းကွန်းဝုပ္ပဘာဝေသိ၊ ဇယဘူမိပကိတ္တိတာ။
နေကေသံ ထေရသေဋ္ဌာနံ၊ ဗုဒ္ဓသာသနဒေါဟနေ။

## မင်းကွန်းဓမ္မနာဒတိုက် ဆရာတော် အရှင်ပညာစက္ကမဟာထေရ်

မန္တလေးမြို့ အနောက်မြောက်(မြောက်)မင်းကွန်းတောင်ရိုး၌ ဓမ္မနာဒတိုက် အာရာမသမ္ဘဝပက ဆရာတော် အရှင်ပညာစက္ကမထေရ်သည် တိပိဋကဓမ္မဘဏ္ဍာဂါရိက သာသနာ့ အာဇာနည် လောင်းလျာကို ပညာသင်ကြား စောင့်ရှောက် ချီးမြှောက်ရန် အခွင့်ကောင်းကို ရတော်မူသည့် ပညာရှိကဝိ ဂိုဏ်းဝင် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်

မြင်းခြံမြို့ သပြေပင်ရပ်၌ သက္ကရာဇ် ၁၂၇၇-ခုနှစ် တော်သလင်း လဆန်း ၂-ရက်နေ့တွင် မိုးရွာသန့်စင် ဖွားမြင်တော်မူသည်၊ ငယ်မည် ဦးမျောက်ဖြစ်၏။ ဆရာတော်အရှင်ပညာစက္က၏ ဖခင်ကား ဦးဘူဖြစ်၍ မိခင်ကား ဒေါ်အိမ်မြ ဖြစ်သည်။

ဆရာတော် အရှင်ပညာစက္က လောင်းလျာ အမျိုးသား ဖြစ်နေသည် မြင်းခြံမြို့ မင်းကျောင်းတိုက် မြနန္ဒသောင့်ကျောင်း မိခင် ဒေါ်အိမ်မြ၏ မောင် ဆရာတော် အရှင်ကေသရထံ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့ သည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ကြသည်။ မန္တလေးမြို့ တောင်ပြင် ရွှေခေးဆောင် ကျောင်းတိုက် ဓမ္မိရုတ္တနိယာမခေါ် ရွှေခေးဆောင်နှင့် ... ဂမ္ဘီရတ္ထနိယာမ ဝိသဇ္ဇနာကျမ်း၊ သောတုဇနဟိတကာရီကျမ်း၊ သိမ်ပက်ကာကျမ်း၊ သုဗောဓာ ဓာတုကထာဘေဒကျမ်း၊ သဒ္ဒတ္ထဘေဒစိန္တာဋီကာဝေဟာင်းနိဿယကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော တောင်ပြင်ကြည်တလုံးဟု အလွန်ကျော်ကြား ကိတ္တိ ရှိသော စာချအကျော် ဆရာတော်ဦးကြည်(အရှင်အာဒိစ္စရံသီ)ထံ ရောက်၍ ပညာသင်ကြားတတ်မြောက်တော်မူခဲ့သည်။

ပညာသင်ကြား တက်မြောက်ပြီးနောက် မင်းကွန်းတောင်ရိုး ဓမ္မနာဒ ကျောင်းတိုက်ကို တည်ထောင်တော်မူ၍ လာရောက်မှီခိုလာသော စာသင်သား ရဟန်းသာမဏေတို့အား စာပေချ၍ သာသနာပြုတော်မူခဲ့သည်။ ဆရာတော် အရှင်ပညာစက္ကသည်—

၁။ ခေတ်ခြောက်ပါးသိမ်းဆည်းပုံ တရားကျမ်းငယ်၊

၂။ ရုပ်နာမ်ရှုနည်း တရားတော်၊

၃။ ဗောဓိပင်နှင့် ရွှေပလ္လင်သတ္တဋ္ဌာနဘုရားရှိခိုး၊

၄။ နေတ္တိလကာ—

စသည့် စာပေများကိုလည်း ပြုစီရင်တော်မူခဲ့သည်။ သက်တော် ၅၁-နှစ် ဝါတော် ၃၁ ဝါရှိသော ၁၂၉၉-ခုနှစ် တော်သလင်းလဆုတ် ၉-ရက်နေ့တွင် ပျံလွန်တော်မူသည်[၁]။

ပညာစက္ခော မဟာထေရော၊ ပညာယ စက္ခုဘောတကော။
ဇောတေတွာ သာသနံ သော ဟိ၊ ဂတော ဒေဝသဟဗျတံ။

## သာသနာ့အာဇာနည်လောင်းလျာ မင်းကွန်းဓမ္မနာဒတိုက် ဆရာတော် ပညာစက္ခုထံ ရောက်ခြင်း

ဆရာတော် အရှင်ဓေသာဘိတ မဟာထေရ်၏ ဈာပနကိစ္စ အဝဝပြီးသောအခါ ဆရာတော် အရှင်ဓေသာဘိတ၏ တပည့်ကြီးများက သာသနာ့ အာဇာနည်လောင်းလျာ သာမဏေရှင်ဝိစိတ္တသာရကို ဖော်ပြပါ မင်းကွန်း ဓမ္မနာဒတိုက် ဆရာတော်အရှင်ပညာစက္ခုမဟာထေရ်ထံ ပို့အပ်နှံ ဘုန်းကြီး ဦးဣန္ဒာလောက အား တာဝန်ပေးကြကုန်၏။

သို့ဖြစ်၍ သာသနာ့အာဇာနည် လောင်းလျာ ရှင်ဝိစိတ္တသာရသည် သက်တော် ၁၉-နှစ်အရွယ်တွင် မင်းကွန်းတောင်ရိုး ဓမ္မနာဒတိုက် ဆရာတော် အရှင်ပညာစက္ခုမဟာထေရ်ထံ ဘုန်းတော်ကြီး အရှင်ဣန္ဒာလောကထေရ် ကိုယ်တိုင် လိုက်ပါစောင့်ကြပ် ပို့အပ်တော်မူသဖြင့် သက္ကရာဇ် ၁၂၉၁-ခုနှစ် နှောင်းတန်ခူး လဆန်း ၁၃-ရက်နေ့တွင် ရောက်ရှိတော်မူသည်။

ဣန္ဒာလောကံ ကရိတွာန၊ ပုရဿရံ သုဓီတိမာ။
သန္တိကံ ပညာစက္ခုဿ၊ သမ္ပတ္တော ဝီရိယဝါ ဝိဒူ။

## ဤသို့ ဒကြံတော်ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်မည်

သာသနာ့အာဇာနည်လောင်းလျာ သာမဏေရှင်ဝိစိတ္တသာရသည် ငါသည် လူသူ အပေါက်အရောက် နည်းပါးသည့် တောရကျောင်း၌ ကိန်းအောင်း မွေ့လျော် စံပျော်လျက် သီလသိက္ခာကို ရိုသေစွာကျင့်သုံးမြဲရင်း, ဘုရားမိန့်မြွက်

---

၁။ ဇစ်ကိုင်းသာသနာဝင်ကျမ်း ကြည့်။

ဓမ္မစကြာကျမ်းစာဘွဲ့ကို နှုတ်ရဆောင်၍ရှင်း မုနိဘုန်းခေါင် ငါးမာရ်အောင်ဘုရားရှင်၏ ရွှေစိတ်တော်ကို နှစ်သက်အားရစေအံ့ဟူ၍ ကြိုးစား၍ စိတ်ကူးကောင်း စိတ်ဘူးတော်မူလိမ့်မည် တကား။

မင်းကွန်းဂူတိသုပညာတော၊ ကာနနေ သာဓုမာနိတော။
ဝသိတွာန သမ္ဗုဒ္ဓဿ၊ အာရာဓေမိ သုမာနသံ။
အပ္ပေဝနာမ ဘဝေယျ၊ ဝိစိတ္တဿ သုဝိညုနော။

## သာသနာ့အာဇာနည်လောင်းလျာ၏ တောရစိတ်

ဘုန်းတော်ကြီး အရှင်ဣန္ဒာလောကနှင့် သာသနာ့အာဇာနည် လောင်းလျာ သာမဏေရှင်ဝိစိတ္တသာရတို့သည် မင်းကွန်းဆိပ်ကမ်းသို့ ညဉ့်နာရီအချိန်တွင် ရောက်၍ ထိုရွာမှ ကုပ်လုပ်လေးတာ မပြန်ပါးရာ ကွာလှမ်းသော ဓမ္မနာဒ ကျောင်းတိုက်သို့ လှည်းဖြင့် သွားရောက်ရာ ထာဝစဉ်ဆိတ်ငြိမ်နေသော မင်းကွန်းတောအတွင်းသို့ ရောက်လေလေ ရှင်ဝိစိတ္တသာရ ဓမ္မလျော်လေလေ ဖြစ်လေ၏။ ဘုရားလက်ထက်က တင့်တယ်သာမော ငြိမ်ဒေသ အင်ကြင်းတော (ဂေါသိင်္ဂသာလဝန် တော)ကို ဗဟုဿုတအရာ, သတိမန္တအရာ, ဂတိမန္တအရာ, ဓိတိမန္တအရာ, ဥပဋ္ဌာက အရာတို့၌ ဧတဒဂ် ရတော်မူသည့် ဘုရားဘုန်းခေါင် ဓမ္မက္ခန္ဓာပေါင်း ၈ သောင်း ၄-ထောင်ကို နှုတ်ရဆောင်တော်မူသည့် ဓမ္မဘဏ္ဍာ-ဂါရိက=တရားဘဏ္ဍာတိုက်စိုး ဖြစ်တော်မူသော အရှင်အာနန္ဒာ မဟာထေရ်၏ တင့်တယ်စေသကဲ့သို့[1] တိပိဋကဓရ သာသနာ့အာဇာနည် လောင်းလျာသည် သစ်ပင်မျိုးစုံ မင်းကွန်းတောရဂူကို ပိဋကတ်သုံးပုံကို ကျူးသီရွက်ဆို တင့်တယ် စေလိုဟန် ရှိပေသည်။

သုရမ္မေ ကာနနေ သော ဟိ၊ ပဝိသန္တော သုမိတိမာ။
မောဒတိ ဟဋ္ဌာဒေတိ စ၊ ပီဏောတိပိ အနေကဓာ။

## ဘုန်းတော်ကြီး အရှင်ဣန္ဒာလောက အမေး
## အရှင်ဝိစိတ္တသာရ အဖြေ

မင်းကွန်း မြစ်ဆိပ်ကနေ ဓမ္မနာဒ ကျောင်းတိုက်သို့ လှည်းဖြင့် အသွား ဘုန်းတော်ကြီး အရှင်ဣန္ဒာလောက မဟာထေရ်နှင့် အရှင်ဝိစိတ္တသာရတို့ စကားပြောဆို မေးကြဖြေကြသည်မှာ အောက်ပါအတိုင်း စိတ်ဝင်စားဖွယ် ကြည်နူးဖွယ် ဖြစ်ပေသည်။

ဘဒ္ဒန္တ ဣန္ဒာလောကဿ၊ ပုစ္ဆာပိ ဝိစိတ္တာ သုဘာ။
ဝိဿဇ္ဇနာ ဝိစိတ္တဿ၊ ပေမဏီယာ သာဓု ဘောသာ ဟ။

---

၁။ မ၊၁၊ ၂၇၄။ (မူလပဏ္ဏာသ၊ မဟာဂေါသိင်္ဂသုတ် ကြည့်)။

အရှင်ဣန္ဒာလောက။ ။ကိုရင် ဤမျှလောက်ခေါင်လှသောတောကြီးအတွင်းမှာ ပျော်နိုင်ပါမည်လား။

ဝေ ဟိ ဝိဝိတ္တေ ဒါယေ၊ ဝိဂတနိဗ္ဗိဓဏ္ဍာ နနု။
အာဝုသော သမ္မ အက္ခာဟိ၊ ပုဋ္ဌော မေ အစုနာ ဟိ ခေါ။

အာဝုသော၊ ညာဏ်ဝတီရ လက်လက်ရှသည့် ငါ့ရှင်ဝိစိတ္တသာရ။ တွံ၊ သင် ငါ့ရှင်ဝိစိတ္တသာရသည်။ ဝေ ဟိ ဝိဝိတ္တေ ဒါယေ၊ သို့ဘဦကလောက် ခေါင်လှ ဆိတ်ငြိမ်လှသော တောကြီးအတွင်း၌။ ဝိဂတနိဗ္ဗိဓဏ္ဍာ နနု၊ မပျင်းမရိ မငြီးမငွေ့ နေနိုင်ပါမည်လော။ မေ၊ သင့်ကိုပို့ရန်လိုက်လာ ငါသည်။ ပုဋ္ဌော၊ မေးအပ်သော။ တွံ၊ ညာဏ်ရည်ချွန်လှ ငါ့ရှင်ဝိစိတ္တသာရသည်။ အစုနာ ဟိ ခေါ၊ ယခုအခါ၌ ပင် လျှင်။ သမ္မ အက္ခာဟိ သမ္မာ အက္ခာဟိ ကောင်းစွာ မသေ့ ဖြေစမ်းပါဦး လော့။

ရှင်ဝိစိတ္တသာရ။ ။ဘုန်းကြီးဘုရား တပည့်တော်အဖို့ ဤနေရာသို့ နတ်မျှော် ပို့ဆောင်၍သာ ရောက်လာပါသည်။ တပည့်တော်မပျင်း မရိ နေနိုင်ပါသည်။

သုဒေသိတေ ဒေဝတာဟိ၊ မင်းကွန်းသုရမ္မကာနန်။
အဟံ ဟိ ဘန္တေ မညာမိ၊ သန္တုဋ္ဌော ဝိဟရာမဟံ။

ဘန္တေ၊ ဘုန်းဘုရား အရှင်ဣန္ဒာလောက။ အဟံ ဟိ၊ တပည့်တော်သည်ကား။ ဝါ၊ တပည့်တော်ကိုကား။ ဒေဝတာဟိ၊ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့ သည်။ မင်းကွန်း သုရမ္မကာနန်၊ ရှုမော်ဖွယ် မင်းကွန်းတောအလယ်သို့။ သုဒေသိတေ၊ ပို့ပေးသည်ဟူ၍၊ (ပို့ပေးအပ်ဟူ၍) မညာမိ၊ တကယ်ကိုပင် မှတ် ထင်ပါ၏။ အဟံ၊ တပည့်တော် ဝိစိတ္တသာရသည်။ သန္တုဋ္ဌော၊ လွန်စွာလွန်စွ ဝမ်းမြောက်လှသည် ဖြစ်၍။ ဝိဟရာမိ၊ စာပေကျမ်းဂန် ပြန်အံဆို နေလို ပါ၏။

အရှင်ဣန္ဒာလောက။ ။ကိုရင် တောထဲမှာ အစားအသောက် သည်းခံပြီး နေနိုင်ပါမည်လား။ ရရသမျှဖြင့် ရောင့်ရဲပါလေ၊ သာသနာတော်ဆိုတာ တွေ့ကြုံခဲဘယ် ကိုရင်။

အသိတပီ စ ပီတေ စ၊ ခမိတုံ ဟိ သက္ကာ နနု။
ယထာလာဘေန သန္တောသ၊ ဒုလ္လဘံ ဗုဒ္ဓသာသနံ။

အာဝုသော ဘုရားသာသနာ သဒ္ဓါကြည်ညို ကိုရင်ဝိစိတ္တသာရ။ အသိ တေပိ စ၊ စားဖွယ်၌ရင်း။ ပီတေ စ၊ သောက်ဖွယ်၌ရင်း။ ခမိတုံ ဟိ၊ သည်းခံ

ခြင်းငှါ။ သက္ကာ နနု၊ စွမ်းနိုင်ပါမည်လော။ ယထာသာဒေဘန၊ ပစ္စည်းလေးဝ ရရသမျှဖြင့်။ သန္တောသ၊ ရောင့်ရဲပါလော့။ ဗုဒ္ဓသာသနံ၊ အံ့ဖွယ်နှစ်ခြို ဘုရားသာသနာကို။ ဒုလ္လဘံ၊ ခဲယဉ်းသဖြင့် ရအပ်၏။ ဝါ၊ အရမလွယ်။ ပါ၊ ကြုံဖို့မလွယ်။

ရှင်ဝိစိတ္တသာရ။ ။ဘုန်းကြီးဘုရား၊ တပည့်တော် အစားအသောက် သည်းခံနိုင်ပါတယ်၊ သည်းခံပြီး နေနိုင်ပါတယ်၊ ရရသမျှ ရှိရှိသမျှနှင့် ရောင့်ရဲပါမယ်၊ ရောင့်ရဲပြီး နေပါမယ်၊ ဘုရားသာသနာ ရခဲ ကြုံခဲသာ အမှန်ပါပဲဘုရား။

အသိ၀တ ပိဝ ပိဝတ စ၊ ခမိတုံ သက္ကောမိ အဟံ။
ယထာလာဘေန တောသေမိ၊ ဒုလ္လဘံ ဗုဒ္ဓသာသနံ။

ဘန္တေ၊ အရှင်မြတ်ဘုရား၊ အဟံ၊ တပည့်တော် ဝိစိတ္တသာရသည်။ အသိတေ ပိဝ၊ စားဖွယ်၌ရင်း။ ပီတေ စ၊ သောက်ဖွယ်၌ရင်း။ ခမိတုံ၊ သည်းခံခြင်းငှါ။ သက္ကောမိ၊ စွမ်းနိုင်ပါ၏။ ယထာလာဘေန၊ ရရသမျှ ရှိရှိသမျှဖြင့်။ တောသေမိ၊ အားရရောင့်ရဲနပ်ပါအံ့။ ဝါ၊ ရောင့်ရဲပါအံ့။ ဗုဒ္ဓသာသနံ၊ ဘုရားမြတ်စွာ သာသနာကို။ ဒုလ္လဘံ၊ ကမ္ဘာ့ကမ္ဘာ ကြာကြီးကြာလည်း လွန်စွာလွန်စွ ရခဲ ကြုံခဲလှပါ၏ဘုရား။

ဤသို့သည်ဖြင့် ဘုန်းတော်ကြီး အချင်လူနှစ်ယောက်နှင့် ရှင်ဝိစိတ္တသာရတို့ မဂ္ဂနာဒ ကျောင်းတိုက်ဆီသို့ လှည်းယာဉ်ဖြင့် ရောက်ဆက်ခဲ့ကြသည်။

## သူတော်သူမြတ်တို့နှင့် သင့်လျော်သည့် ဒေသမွန်

မင်းကွန်းဘောရာဘား ပျော်မွေ့ဖွယ်စင်စင်ဖြစ်၏ သူတော်ကောင်းတို့ပျော် အောင်းရန် ဒေသမွန် စင်စင်ဖြစ်၏၊ အရှေ့က(တောင်ဘက်က)ရေဝတီ မြစ်နဒီကြီး တည်၍ပြီး မြစ်ဖူးမှ မင်းကွန်းရွာကလေး တည်ရှိ၍ ထိုရွာမှ အနောက်ဘက် (မြောက်ဘက်) ထွက်လိုလျှင် လူနှင့်ရဟန်း မရောပြွမ်းအောင် နှဲခြားထားသည့်ပမာ ဘောင်ယာကလေးများနှင့် တောင်ငယ်ကလေး များ ခြားပြီးမှ တောနေတောင်အောင်း သူတော်ကောင်းတို့၏ ကျောင်းများ တို့ဘား တောင်ခါးပန်း၌ တောင် မြောက် စဉ်ဘန်းလျက် တည်ရှိ၏။

မင်းကွန်းသခ်ါတရမ္မံ ဟိ၊ ကာနနံ အဂ္ဂည့ ဘဝေ။
သမ္မတ္တာနံ မနုဿာနံ၊ စိတ္တပသာဒနံ ဟိ ဝေ။

## သာသနာ့အောင်မြေ စင်စစ်ဖြစ်ခြင်း

တပေါဝန တခုနှင့်တခု၊ တချောင်နှင့်တချောင်၊ တကျောင်းနှင့်တကျောင်း မရောယှက်ရလေအောင် လေးမျက်နှာမှ တောင်ငယ်ကလေးများ ဝန်းရံ၍ကွက် တည်ရှိလေသည်။ ဝိဝေကခင် သူတော်စင်တို့အဖို့ ငါးအင်အာရုံကို မိမိက အထူး ရှောင်မနေရပဲ အာရုံငါးပါးကပင် အနားသို့မကပ်ရဲသည့်ပမာ ဝေးရာက ရှောင်ရှားသဖြင့် သာသနာ့အောင်မြေ စင်စစ်ဖြစ်လေတော့သည်။

> အဝေါဒနေန ခေါကန၊ ကော် တပေါဝန် ဟိ ခေါ။
> နိဿံသဋ္ဌ နီဆကုလံ၊ နဂေဟိ ပရိဝါရိတံ၊

## ရွှေမြင်တင်တောင်တန်း၌ ဆရာတော်ကြီးတို့ တရားဖြင့်ပျော်ကြ

အနောက်ဘက်က ရွှေမြင်တင်တောင်တန်းကလည်း တောင်မြောက်တည်ရှိ သဖြင့် အနောက်မျက်နှာမှ မပြုမပြင် ပင်ကိုယ်သဘာဝ မဟာရံ တံတိုင်းကြီး တားဆီးပေးသကဲ့သို့ ရှိနေ၏။ ထို့ကြောင့်ပင် ရှေးယခင်က ရတနာထွတ်ခေါင် ဆရာတော်များ ထို ရွှေမြင်တင် တောင်တန်း၌ တောထွက်တော်မူကြသည်။

> ရွှေမြင်တင်သေလသေဟိပိ၊ ပါကာရေန သမာ ဟိ ခေါ။
> သာဓူနံ ပတိဋ္ဌာ ဟိ၊ သိက္ခိတုံ စ ဝိပဿိတုံ။

## ကိုရင်ဘာသံလဲ

ည ၉ နာရီ မိနစ် ၃၀ ခန့် အချိန်လောက်တွင် ဓမ္မနာဒကျောင်းတိုက်အနီး သို့ ရောက်သောအခါ အရှင်ဣန္ဒာလင်္ကာနှင့် ရှင်ဝိစိတ္တသာရတို့ အသံသဲ့သဲ့ ကြားကြသည်။ ထိုအခါ ဘုန်းတော်ကြီး အရှင်ဣန္ဒာလင်္ကာက ကိုရင်ဘာသံ လဲဟု မေးရာ ဘုန်းကြီးဘုရား စာအံသံပါဘုရား ဟု ရှင်ဝိစိတ္တသာရက လျှောက် ထားလေသည်။ တဖြည်းဖြည်း နီးလာသောအခါ ပဒရူပသိဒ္ဓိကျမ်း ရွတ်ဆိုသံ ဖြစ်ကြောင်း သိရလေသည်။

> အာသန္နေ ဓမ္မနာဒဿ၊ သုဏိံသု ရာမဏီယကံ။
> ဂန္ထဝါစုဂ္ဂတံ သဒ္ဒံ၊ ဉဘော တေ သမ္မမောဒိသုံ။

## တိပိဋကဓရလောင်းလျာကို ရှင်ဝဏ္ဏိတ ရူပသိဒ္ဓိကျမ်းသံဖြင့် ကြိုဆို

ကျောင်းတိုက်အပေါက် ရောက်လေတော့မှ ရူပသိဒ္ဓိ ဤကာရန္တ ဣတ္ထိလိင် နဒီသဒ္ဒါကို ဝိဘတ် ၇ သွယ်ဖြင့် ကျမ်းပြေးသံကို သဲသဲကွဲကွဲ သိရလေသည်။ ကျမ်း ပြေးနေသူမှာ သက်တော် ၁၅ နှစ်အရွယ်ရှိ ကိုရင် ရှင်ဝဏ္ဏိတဖြစ်လေသည်။ စင်စစ် တော့ ရှင်ဝဏ္ဏိတသည် တိပိဋကဓရ သာသနာ့အာဇာနည် လောင်းလျာကို—

"နဒီ နဒီ နဒိယော နဇ္ဇော ဟေနဒိ ဟေနဒီ
ဟေနဒိယော ဟေနဇ္ဇော နဒိယံ နဒိံ နဒီ နဒိယော
နဇ္ဇော နဒိယာ နဇ္ဇာ နဒီဟိ နဒီဘိ နဒိယာ နဇ္ဇာ
နဒီနံ နဒိယာ နဇ္ဇာ နဒီဟိ နဒီဘိ နဒိယာ နဇ္ဇာ
နဒီနံ နဒိယာ နဇ္ဇာ နဒိယံ နဇ္ဇံ နဒီသု"—

ဟူ၍ ပဒမာလာ ပါဠိသံဂီတဖြင့် ကြိုဆိုဂုဏ်ပြုသည်။ ဂုဏ်ပြုထိုက်သည့် ထိပ်ထိပ်ကျဲ ပါဠိပညာရှင် တိပိဋကဓရ ပုဂ္ဂိုလ်ကျော်မောင်းလျာကို ရှင်ဝဏ္ဏိတက ထိုက်ထိုက်တန်တန် ဂုဏ်ပြု ကြိုဆိုခြင်း ဖြစ်လေသည်။

ပဒမာလာသံဂီတေန၊ ဣတ္ထိဝိဘာဂ ဟိ သုဝဏ္ဏဝါ။
ပစ္စုဂ္ဂမနံ သောဘာသိ၊ ဝိစိတ္တ စိတြာ ပါဠိကံ။

## ဆရာတော်အရှင်ပညာစက္က ဖြေတော်ရင်းရောက်ပြီ

တိပိဋကဓရ သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရသည် မမ္မနာဒ ကျောင်းတိုက်တွင်း ရောက်သောအခါ လေးမြတ်ကြည်ဖြူ ဘုရားဝတ်ပြု နေတော်မူသော မမ္မနာဒ ဆရာတော် ရှင်ပညာစက္ကမဟာထေရ်အား ဖူးရ လေရာ ရေခတ္တသောပဒုမ္မာကြာပမာ လွန်စွာရွှင်ပျ ဝမ်းမြောက်တော်မူခဲ့သည်။

ဆရာတော်ရမဲ့ပုဂ္ဂိုလ်ကား တကယ့်ပင် လေးစားကြည်ညို အားကားထိုက်သော ပုဂ္ဂိုလ်ပင် ဖြစ်တော်မူသည်။ ဣန္ဒြေများလည်း ယောက်လက်ခြင်းမရှိ ပကတိဘည်ငြိမ် ခန့်ညားတော်မူလှပေသည်။ ရဟန်းကိစ္စ နှစ်ခုဝဋ္ဋ လုံ့လကပို ကြည်ညိုဖွယ်ကောင်းသည့် အသွင်အပြင်ကိုလည်း ဆောင်တော်မူသည် ငါ့ရဲ့ ဆရာသမားအဖြစ် မုချကေန် ထိုက်တန်တော်လျော်ပါပေသည် စသည်ဖြင့် သာသနာ့အာဇာနည်လောင်းလျာ ဆက်သက်ပဉ်းစားရင်း ပီတိတော့ တဖွားဖွား ဖြစ်တော်မူခဲ့လေသည်။

ပီတိယာ ဖုဋ္ဌသရီရော၊ ထေရကိုရော သုမိတိမာ။
ပညာစက္ကံ ပဿိတွာန၊ သုခီ နိရန္တရံ သုခီ။

## ရှင်ဝိစိတ္တသာရ အရှေ့ယော်ခြင်း

ဆရာတော်အရှင်သောဘိတ မဟာထေရ်၏ တပည့်ကြီးများက ရှင်ဝိစိတ္တသာရကို မင်းကွန်းမမ္မနာဒ ဆရာတော်ထံ ပို့ဖို့ရွှေးချယ်ခြင်းသည် အလွန်လျှင်မှန်သည်။ လူမှန် မူမှန်၊ လူမှန် နေရာမှန် ဖြစ်ပေသည်။ "ပုဗ္ဗေကတပုညတာ ပတိရူပဒေသဝါသော ပဒင္ဂါနံ၊ ပတိရူပဒေသဝါသော သပ္ပုရိသူပနိဿယဿ

ပဒဋ္ဌာနံ၊ သပ္ပုရိသူပနိဿယော အတ္တသမ္မာပဏိဓာနဿ ပဒဋ္ဌာနံ[1]" စသည်နှင့်အညီ ပုဗ္ဗေကတပုညတာစက်နှင့် ပြည့်စုံသဖြင့် ရှင်ဝိစိတ္တသာရမှာ ပတိရူပဒေသဝါသစက်နှင့် ပြည့်စုံခြင်းဖြစ်သည်။ ပတိရူပဒေသဝါသစက်နှင့် ပြည့်စုံသဖြင့် သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံတော်မူပြန်သည်။ သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံတော်မူသဖြင့် အတ္တသမ္မာပဏိဓိစက်နှင့် ပြည့်စုံရန် သေချာနေသည်။ အတ္တသမ္မာပဏိဓိစက်နှင့် ပြည့်စုံလျှင်ကား အထက် တိုးတက်၍ တလျှောက်လုံး အကောင်းတွေနှင့်ချည်း ရင်ဆိုင်ရတော့မည်။

ဆရာတော်ကား ဘဝများစွာက ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ဖြင့် ကုသိုလ်ကောင်းမှုတွေ များစွာပြုခဲ့သူဖြစ်သည်။ သို့ဖြစ်၍ ယင်းဉာဏသမ္ပယုတ် ကုသိုလ်စိတ္တုပ္ပါဒ်တွေက ပတိရူပဒေသဝါသစက်နှင့် ပြည့်စုံအောင် ဆောင်ပို့ခြင်း ဖြစ်သည်၊ သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံအောင် တွန်းအားပေးခြင်း ဖြစ်သည်။ ဖော်ပြပါ စက်နှစ်ပါးနှင့် ပြည့်စုံလျှင်ကား မုချစင်စစ် အတ္တသမ္မာပဏိဓိစက်နှင့် ပြည့်စုံတော့၏။

ဆရာတော်ကား ချမ်းသာသုခ မျိုးစုံနှင့် ပြည့်စုံတော့မည့် ကျက်သရေ တိုက်ကြီးများ ဆက်ကာဆက်ကာ ခန့်ခန့်သိုက်သိုက်ဆိုက်ရောက်တော့မည်။

ပတိရူပေ ဝသေ ဒေသေ၊ အရိယမိတ္တကရော သိယာ။
သမ္မာပဏိဓိသမ္ပန္နော၊ ပုဗ္ဗေ ပုညကတော နရော။
ဓညံ ဓနံ ယသော ကိတ္တိ၊ သုခဉ္စေတံဓိဝတ္တတိ[2]။

## ဆရာတော် အရှင်ပညာစက္က၏ ဩဝါဒ

ဘုန်းတော်ကြီး အရှင်ဣန္ဒာလောကနှင့် သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရတို့သည် ဆရာတော်အရှင်ပညာစက္က ဘုရားဝတ်ပြုပြီးအောင် စောင့်ဆိုင်းထိုင်နေကြကုန်၏။ ည (၁၁)နာရီ ကျော်ကျော်လောက် ဖြစ်၏။ ဆရာတော်အရှင်ပညာစက္ကသည် ဘုရားဝတ်ပြုပြီး ဘုန်းကြီး အရှင်ဣန္ဒာလောက ရှင်ဝိစိတ္တသာရတို့နှင့် အလ္လာပ, သလ္လာပ စကားစမြည်ပြောဆိုပြီး ကိုရင် "အမျိုးသား ကြိုးစားအားသစ်ရာ, ပညာရှိ မပျင်းမရိရာ" ဟူသည့်အတိုင်း စာပေကြိုးစားရမယ်၊ ဒါတတ်မှ သာသနာ ထိထိရောက်ရောက် ပြုနိုင်တယ်၊ ပညာရှိလုပ်မဲ့သူဆိုတာ မပျင်းရဘူး စသည်ဖြင့် ဩဝါဒစကား မိန့်ကြားတော်

၁။ နေတ္တိပါဠိ။ ၂၆(ပဒဋ္ဌာနဟာရဝိဘင်း)

၂။ အံ၊ ၁။ ၃၄၁ (စက္ကသုတ်)။ သုခဉ္စေတံဓိဝတ္တတီတိ သုခဉ္စ ဧတံ ပုဂ္ဂလံ အဓိ-ဝတ္တတိ၊ အဝတ္ထရတီတိ အတ္ထော။ အံ၊ ဋ္ဌ၊ ၂။ ၂၉၀။

မှုသေဆု အသွန်လျှင်သော ပဲစဉ်ကာ ကာဂုဏ်နှင့် ကိုက်ညီသည့် သာသနာ့ အာဇာနည် လောင်းလျာသည် "ကာမ ဘတ္တေ" အရှင်ဘုရား ကာလည်းစေ ရပ် ဆရာအမိန့် အတိုင်း ပြုကျင့်ပါမည်ဟု လျှောက်ထား ဝန်ခံလျက်မှုခဲ့လေသည်။

ပညာဝဍ္ဍော ဧတ္တကေပိ၊ ဩဝါဒမဒေဒီ တဒါ။
သုဗ္ဗစော ထေရကိ ရှိပိ၊ သိရော ၁ သမ္ပဋိစ္ဆိတံ။

## ယောနိသောမနသိကာရ ရှေ့သွားရှိခြင်း

ဆရာတော် လောင်းလျာသည် ယောနိသောမနသိကာရ အလိုရှိအပ် တောင့်တအပ်သော စိတ်ပွါးချမ်းသာရေး ကြောင်း နှလုံးသွင်း ကောင်းတို့ မာစဉ် ကိန်းအောင်းတော်မူသည်။ သို့ဖြစ်၍ တကိုယ်ရေစိတ်ခံနေပုံ လွန်းသော်စ တာလို ကုသိုလ်ကောင်းမှုတွေ ကောင်းသော အလုပ် ဆက်တိုက်ဖြစ်ပေါ်မည့် မှာ မြေကြီး လက်ခတ်မလွဲဘည်း။

ယောနိသောမနသိကာရော၊ ကုသလာနံ ဟမ္မသာဝါ။
ဟုတွာ ပုဗ္ဗင်္ဂမော ယော၊ စဆိုဣတိ ဒိဝါနိသံ။

## သာသနာ့မိခင် ကောမာရပြောပွစာရိ ဒေါ်ဝမ္မစာရီ

ဒေါ်ဓမ္မစာရီသည် သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် ဖွားမြင်သည့် အမျိုး ကောင်းသမီးဖြစ်သည်။ ငယ်စဉ်ကပင် သီလရှင်ဝတ်ကာ ကောမာရပြော့ပွါးရန် အကျင့်ဖြင့် သက်ဆုံးတိုင် ကြိုးကုတ်သွားသည့် အမျိုးသမီး အာဇာနည် ဖြစ်သည်။

ကံကောင်းထောက်ကူ၍ဖြင့် ပိဋကကိုညှိဖြစ်သော ဆရာသမားတို့ထံ ပညာ သင်ကြားခွင့်ကိုရသဖြင့် ပိဋက တ်ကျမ်းဂန်တို့ကိုလည်း ကြည့်ရှုချောက်ချား နိုင်သည့် ရှားမှရှား အမျိုးသမီးလူချည်ချွန်ဖြစ်လေသည်။ ကပည့်သီလရှင်များ ကို စာပေပရိယတ္တိခမ္မများ ချပို့၍ မဟာကုလားတော်ရှိး ဂူကလေးချောင် သာယာလှသည့်ပေတွင် ချမ်းသာစွာနေထိုင်သည်၊ မန္တလေးကျောင်းတိုက်ကို ကျောင်းရာမြေမှ၍ စတည်ပြုစုခဲ့သူလည်း ဖြစ်၏။ မန္တလေးဆရာတော် အရှင် ပညာစက္ကနှင့်တကွ မန္တလေးချောင်ရှိမဟာနိုင်ငံတော်တို့ကို ပဋ္ဌည် လေးပင်ဖြင့် ယထာရဟ, ယထာဗလ, ယထာသတ္တိထောက်ပံ့လှူဒါန်းလေ့ရှိသည်။ ဒေါ်ဓမ္မစာရီ သည် ဘုန်းကံပါရမီကြီးမားသည်၊ မန္တလေးမြို့ ဒါယကာ ဒါယိကာမအချို့နှင့် အထက်အညာအသိအကျွမ်း ဒါယကာ, ဒါယိကာမတို့က ပဲဈေ ပဲဆန် စသည့် စားကောင်းသောက်ဖွယ်များ မပြတ် ထောက်ပံ့လှူဒါန်းခြင်းကို ခံယူရသည်။

အောက်ရပ်ဌာနီ ဒါယကာ, ဒါယိကာမများ၏ ဆန်, ငါးပိ, ငါးခြောက် စသည်တို့ ထောက်ပံ့လှူဒါန်းမှုကိုလည်း ခံယူရသည်။ သို့ဖြစ်၍ ရဟန်းသံဃာများကို တဆင့် ထောက်ပံ့လှူဒါန်းနိုင်ခြင်းဖြစ်လေသည်။

အသျှိကာ ဓမ္မစာရိဟိ၊ သဗ္ဗဒါ ဓမ္မစာရိနီ။
သီလဝတီ ပုညဝတီ၊ သုစိမ္မော ယသသိနီ။

## သစ္စဝါဒီဋီကာ ပြုစိရင်ခြင်း

ခရစ်သက္ကရာဇ် ၁၉၂၆-၂၇ ခုနှစ်လောက်တွင် သစ္စဝါဒီဋီကာဆု ဟူသော စာပေဆုတဆု ပေါ်ပေါက်လာသည်။ ၎င်းဆုကို ရန်ကုန်မြို့ ဘားလမ်းရှိ သစ္စာဒီ သတင်းစာတိုက်ပိုင်ရှင် မင်းဒိုင်ပင်အမတ် သူဌေးဦးလွန်းကပေးသော ဆုဖြစ်သည်။

ဦးလွန်းသည် ရာဇနှာသုံးဘန်ကံကာ၏ အကျိုးကို ယုံကြည်မြတ်နိုးသူဖြစ်သည်။ ပါဠိစာပေနှင့် မြန်မာစာပေကိုလည်း မြတ်နိုးသူ ဖြစ်လေသည်။ သို့ဖြစ်၍—

(၁) သစ္စဝါဒီဟူသောအမည်ဖြင့် သတင်းစာ ထုတ်ဝေခြင်း၏ အကြောင်းရင်း၊

(၂) ထိုသို့သုတ်ခေဆုန္ဒ မြှော်လင့်ဘောင့်တသည့် ရည်သန်ချက်၊

(၃) မြန်မာနိုင်ငံအတွင်း သတင်းစာများ စတင် ပေါ်ပေါက်လာပုံ၊

(၄) သတင်းစာများကို ပညာရှိများက အလေးအနက် အသိအမှတ်ပြုကာ ဖတ်ရှုကြပုံ၊

(၅) သတင်းစာများကြောင့် သက်ရောက်လာသော အကျိုးကျေးဇူးများ—

စသည်တို့စုံလင်စွာပါရှိလေအောင်"သစ္စဝါဒီစာကိုယ်ပါဌ်"အမည်ဖြင့် ရန်ကုန်မြို့ မြန်မာပညာရှိ အသင်းဝင်ပုဂ္ဂိုလ်များအား တောင်းပန် ရေးသားစေခဲ့သည်။

ထိုအချိန်က မြန်မာပညာရှိအသင်းကို အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအစရှိသည့်ပုဂ္ဂိုလ်များက ခေါင်းဆောင်လျက် ရှိသည်။ ဦးလွန်းတောင်းပန်သည့်အတိုင်း မြန်မာပညာရှိအသင်းကြီးကလည်း "သစ္စဝါဒီတိ နာမေန" စသော ဂါထာအဦးအစက တပ်ထားသည့် သစ္စဝါဒီ စာကိုယ်ပါဌ်ကို ပါဠိဘာသာဖြင့် ရေးသားပြုစုပေးခဲ့ရာ သူဌေးဦးလွန်းသည် ယင်း သစ္စဝါဒီစာကိုယ်ပါဌ်ကို သစ္စဝါဒီ သတင်းစာ၌ ထည့်သွင်းဖော်ပြခဲ့သည်။

သစ္စဝါဒီ စာကိုယ်ပါဌ်၌ အဆုံးဌ်ပင် ယင်း စာကိုယ်ပါဌ်ကို သာသနာတွင် ထင်ရှားသည့် ရှေးရှေး ဋီကာကျမ်းကြီးတို့၏ ဖွင့်ပုံဖွင့်နည်း ဆိုနည်းဥပဒေသ အတိုင်း ပါဠိဘာသာဖြင့် ဋီကာကျမ်း ၁-ကျမ်း ရေးသားပြုစုရန် တောင်းပန် ထားသည့်အပြင် အကောင်းဆုံး ဋီကာကျမ်းကို ရေးသားပြုစုနိုင်သူအား ရွှေဒင်္ဂါး ငါးပြားနှင့် ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆု ပေးမည့်အကြောင်း ထည့်သွင်းဖော်ပြ ကြေညာထားသည်။

ထိုစဉ် ရေးသားပေးပို့ကြသော ဋီကာကျမ်းများမှာ ထင်သည်ထက် ပို၍ များနေသည့်ပြင် မြွှော်လင့်ထားသည်ထက် ပိုမို အဆင့်အတန်းမီ ကောင်းမွန် နေသော ဋီကာကျမ်းများ ပါရှိနေသည်ဟု သိရ၏။ ထို့ကြောင့် စာပေကို မြတ်နိုးသည့် သူဌေး ဦးလွန်း၏ စေတနာမှာလည်း ပို၍ကြီးထွား တိုးပွားလာ လေသည်။

မူလ ကြေညာစဉ်က ရွှေဒင်္ဂါး ငါးပြားနှင့် ဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆု တဆုတည်း ပေးမည်၊ အကယ်၍ ဆုခံယူနိုင်သည့် ဋီကာကျမ်းများ ၂-ကျမ်း ၃-ကျမ်း စသည် ဖြစ်နေပါလျှင် ထိုရွှေဒင်္ဂါး ငါးပြားကို ခွဲဝေပေးမည်ဟု ဖော်ပြထားသည်။

သို့ရာတွင် သူဌေး ဦးလွန်း၏ စေတနာ တိုးပွါး ထက်သန်လာမှုကြောင့် တဆုသာ မဟုတ်တော့ပဲ ပဌမဆု ပဥ္စမဆုထိ ၅-ဆုခန့်မျှ ဆုံးဖြတ်ကာ ဆု ၅-ဆု ကိုလည်း အောက်ပါအတိုင်း ပေးရန် ခွဲဝေသတ်မှတ်လိုက်သည်။

| | | |
|---|---|---|
| ပဌမဆု | ရွှေဒင်္ဂါး ၅-ပြားနှင့် | ရွှေတံဆိပ်၊ |
| ဒုတိယဆု | ရွှေဒင်္ဂါး ၃-ပြားနှင့် | ရွှေတံဆိပ်၊ |
| တတိယဆု | ရွှေဒင်္ဂါး ၂-ပြားနှင့် | ရွှေတံဆိပ်၊ |
| စတုတ္ထဆု | ရွှေဒင်္ဂါး ၁-ပြားနှင့် | ရွှေတံဆိပ်၊ |
| ပဥ္စမဆု | | ရွှေတံဆိပ်။ |

ထို့ပြင် ဆုရရှိသူ ၅-ဦးမှ ကျန်ရှိသည့် ပြိုင်ပွဲဝင်ရောက် ရေးသားသူမှန်သမျှ ကိုလည်း ဖောင်တိန် တချောင်းစီ ချီးမြှင့်ရန် ဦးလွန်း၏ စေတနာသည် ထက်သန်ခဲ့ပေသည်။ ထိုစဉ် သစ္စဝါဒီဋီကာဆု ရရှိခဲ့သူများမှာ—

၁။ ဦးမေဓာဝီ ပဌမဆု၊
၂။ ဦးကဝိန္ဒ ဒုတိယဆု၊
၃။ ဒေါ်ခေမစာရီ တတိယဆု၊
၄။ ဦးသာမိန္ဒ စတုတ္ထဆု၊
၅။ ဦးဇောတိပါလ ပဥ္စမဆု-တို့ ဖြစ်ပါသည်။

ဖော်ပြပါ ပုဂ္ဂိုလ်များအနက် ပဌမဆု ရသူမှာ ကစ္စာယနဂဏ္ဌိဒီပနီ၊ အဘိဓမ္မဂဏ္ဌိဒီပနီ၊ ဣက ကျော် မြန်မာပြန် စသည့် ကျမ်းပြုပုဂ္ဂိုလ်ကြီး ပရိယတ္တိသာသနဟိတ မွေစရိယ ဘွဲ့တံဆိပ်ရ ဦးမေဓာဝီ (နောက် လူပြု) မေဓာဝီ ဆရာဆိုင် ဖြစ်လေသည်။

ဒုတိယဆုရ ပုဂ္ဂိုလ်မှာလည်း "ပရိယတ္တိသာသနဟိတဓမ္မာစရိယ" ဘွဲ့ တံဆိပ်ရပင် ဖြစ်သည်။ ရန်ကုန်မြို့ ဘုရားဖြူတိုက်၌ စာခပေချပို့ သီတင်းသုံးစဉ် စင်မြင်မိက ငြိန်လွန်သည်။

တတိယဆုရ ဦးဇာမိနမှာ ရန်ကုန်မြို့ သာခုကျောင်းတိုက်မှ ဖြစ်၍ နောင်တွင် လူဖြစ်၍ ရွှေတံဆိပ်ရ "သာခဲ့ ဆရာ" ဖြင့်ကျမ်းများကို ပြုစုသူ ဖြစ်သည်။

ပဥ္စမဆုရ ဦးတေဇောပါလမှာ ပါတိမောက် အမေးအဖြေ၊ သင်္ဂြိုဟ် အမေး အဖြေ၊ သဒ္ဒါ အမေးအဖြေ၊ ဘေဒစိန္တာ အမေးအဖြေ၊ ကစ္စာယနသာရ အမေး အဖြေတို့ကို ပြုစုခဲ့သည့် မန္တလေးမြို့ မစိုးရိမ်တိုက် ပရိယတ္တိနုယူပဒေသ ကျောင်းနေ ဦးတေဇောပါလ ဖြစ်သည်။

တတိယဆုရှင် ဒေါ်ဓမ္မစာရီမှာ တိပိဋက သာသနာနှင့်အားဇာနည်းလောင်း လျှာမလို ပြုစုခဲ့လိုက်သည့် အရာတော်လုသည့် မင်းကွန်း ဂုဏလေးချောင် သီလရှင်ဆရာကြီး ဖြစ်သေးသည်။ သို့ဖြစ်၍ ဒေါ်ဓမ္မစာရီသည် သစ္စာဝါဒီဣကာ ကျမ်းပြုဟု ထင်ရှားလေသည်။

အသျှိကာ ဓမ္မစာရီ ဟိ၊ သစ္စဝါဒီ ဓမ္မဒီကာ၊
ထေရသာသနမာတာပိ၊ သံဃဿ ဥပဋ္ဌာယိကာ။

ဒေါ်ဓမ္မစာရီသည် ၁၃၃၃ ခုနှစ်၊ ဝါခေါင်လဆုတ် ၆ ရက်နေ့တွင် ကွယ်လွန် ခဲ့သည်။ ၁၃၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၄-ရက်နေ့တွင် မင်းကွန်းတောင်ရိုးရှိ ဒေါ်ဓမ္မစာရီ နေထိုင်ခဲ့သော ဂုဏလေးချောင်မယောဂ္ဂ ရာပြည့်ပွဲ ကျင်းပ ပြုလုပ်သည်ဟု သိရ၏။

အယျိကာ ဓမ္မစာရီ ဟိ၊ သာသနကိစ္စကာရိကာ။
သုသီလာ နိမ္မနံ ယာတာ၊ သခီရာ ဟိ ဝိနာသိကာ။

## ရှင်ဝိစိတ္တသာရ ဒေါ်ဓမ္မစာရီနှင့်တွေ့

ဆရာတော်လေဝင်းလျှာ ဓမ္မနာဒ်ကိုက်သို့ ရောက်ရှိ၍ နောက်နေ့ဖြစ်သော ၁၂၉၁-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄-ရက်နေ့ နံနက်တွင် ဖော်ပြပါ သစ္စဝါဒီဣကာကျမ်းပြု ရွှေဒင်္ဂါး ၂-ပြားနှင့်တကွ ရွှေတံဆိပ်မှ "ဗဟုဿုတပဏ္ဍိတမာနီ"

ဂုဏ်နှင့် ပြည့်စုံသော မင်းကွန်းတောင်ရိုး ဂူကလေးချောင် သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီကား ကျောင်းသို့ ရောက်လာပြီး နောက်သစ်မ သာသန အာဇာနည် လောင်းလျာ ရှင်ဝိစိတ္တသာရနှင့် တွေ့ဆုံပါအကြောင်း ပြောဆိုကြသည်မှာ မှတ်သားဖွယ် ကောင်းလှချေ၏။ အမျိုးသားအဖို့လဲ ဂုဏ်ယူစရာ ဖြစ်၏။ အမျိုးသမီးများအဖို့လဲ အားကျစရာ ဖြစ်၏။

ဝိစိတ္တ သာရသာရေန၊ သုဝိစိတြဉာဏိနာ။
ဓမ္မစာရိယာ သဒ္ဓိံ ဟိ၊ ကထာ အတ္တူပနာယိကာ။

ဒေါ်ဓမ္မစာရီ။ ။ကိုယ်ရှင်ဘွဲ့တော် ဘယ်လိုခေါ်သလဲ။

ရှင်ဝိစိတ္တသာရ။ ။ကိုရင်ဝိစိတ္တလို့ ခေါ်ပါတယ် ဒါယိကာမကြီး။

ဒေါ်ဓမ္မစာရီ။ ။ဝိစိတ္တသဒ္ဒါ ဆန်းကြယ်ခြင်းကို ဟောတော့ ကိုရင်ရဲ့ဘွဲ့ကို မြန်မာလိုခေါ်ရင် (ကိုရင်ဆန်းကြယ်)လို့ ခေါ်သင့်ပါလားဘုရား။

ရှင်ဝိစိတ္တသာရ။ ။အို....ဒါကတော့ ဒါယိကာမကြီး အမည်က ဆန်းကြယ်ပေမဲ့ လူကတော့ ဆန်းကြယ်ချင်မှ ဆန်းကြယ်မှာပါ။ မောင်ချမ်းသာ ဆိုပေမဲ့ သူချမ်းသာချင်မှ ချမ်းသာသလိုပေါ့။

ဒေါ်ဓမ္မစာရီ။ ။ဟုတ်ကဲ့ပါပေါ့ ကိုရင်၊ ဇာတ်တော်ထဲမှာလဲ ဇီဝက=မောင်အသက်ရှည် လို့ခေါ်တဲ့သူ အသက်အရွယ် ငယ်ငယ်နဲ့ ကွယ်လွန်ကြောင်း။ ဓနပါလီ=မငွေရှင် လို့ခေါ်တဲ့ အမျိုးသမီးကလေး တယောက် အကြွေး မဆပ်မချေနိုင်လို့ အဖွဲ့အားနာ ခံရတဲ့အကြောင်း။ ပန္ထက=မောင်လမ်း ဆိုတဲ့သူဟာ မျက်စိလည်ကြောင်း စုပေါင်းပြီး ဟောသွားတဲ့ နာမသိဒ္ဓိ ဇာတ်တော်အရှိပဲဟု ၎င်း ဇာတ်ဝတ္ထုကို အကျယ်တ၀င့် ပြောပြပြီး အဆုံး၌ အောက်ပါ—

ဇီဝကဉ္စ မတံ ဒိသွာ၊ ဓနပါလိဉ္စ ဒုဂ္ဂတိံ။
ပန္ထကဉ္စ ဝနေ မူဠံ၊ ပါပကော ပုနရာဂတော[၁]။

ဟူသော ဂါထာကို အနက်နှင့်တကွ ရွတ်ပြလာသည်။

ဂါထာနက်။ ။ဇီဝကဉ္စ၊ မောင်အသက်ရှည်ကိုလည်း။ မတံ၊ သေသည်ကိုရင်း။ ဓနပါလိဉ္စ၊ မငွေရှင်ကိုလည်း။ ဒုဂ္ဂတိံ၊ ဆင်းရဲသည်ကိုရင်း။ ပန္ထကဉ္စ၊ မောင်လမ်းကိုလည်း။ ဝနေ၊ တော၌။ မူဠံ၊ မျက်စိလယ် လမ်းမှားသည်ကိုရင်း။ ဒိသွာ၊ မြင်၍။ ပါပကော၊ ယုတ်မာသူသည်။ ပုနရာဂတော၊ အမည်နာမ၌ လျှော့လျူရှုလျက် တဖန် ဆရာထံ ပြန်သလေ၏။

---

၁။ ဇာ၊၁၊၂၇။ ၉၇-နာမသိဒ္ဓိဇာတ်။

ရှင်ဝိစိတ္တသာရ။ ။အို ဒါယိကာမကြီး အဲဒီ ဂါထာကို ကိုယ်တိုင် ရေးယူပါရစေ တဆိတ် ပြန်ပြီး ရွတ်ပါဦး။

ဒေါ်ဓမ္မစာရီ။ ။ရေးပါကိုရင်ဟု ဆို၍ ရွတ်ပြပြီး ကိုရင် မင်းကွန်းမှာ အသမှ အားမပေးနဲ့ အစေအမှုရှာ ဒါယိကာမကြီး တို့ကို အားကိုးနိုင်တယ် စသည်ဖြင့် အားပေးစကား ပြောကြားပြီး ရှင်ဝိစိတ္တကို မန်းတို့ကပင် ဆွမ်းပြုစု စောင့်ရှောက်လိုကြောင်း ဆရာတော် အရှင်ပညာစက္ကအား လျှောက်ထားရာ ဆရာတော် အရှင်ပညာစက္က၏ ခွင့်ပြုချက်အရ ရှင်ဝိစိတ္တကို ထိုအခါမှစ၍ ဒေါ်ဓမ္မစာရီက စောင့်ရှောက်ပြုစုခဲ့သည်မှာ တိပိဋကဓရ ဖြစ်သည်အထိအောင် ဖြစ်လေသည်။ တနည်းအားဖြင့် ဒါယိကာမကြီး သက်ဆုံးတိုင်အောင်ပင် ဖြစ်သည်ဟုလည်း မှတ်ရာ၏။

မမ္မစာရိနုဂ္ဂဟေန၊ ဝိစိတ္တော ဝိရူဠှော ဘဝိ။
သပ္ပုရိသနိဿယေန၊ အနုနော ပဋိပူရော ဟိ ခေါ။

ရှင်ဝိစိတ္တသာရ ဓမ္မနာဒ ဆရာတော်ထံ ပညာသင်ကြားဖို့ အားထုတ်ပြီ

ဆရာတော် အရှင်ပညာစက္ကသည်–

အယုတ်လည်းသင်၊ ပုံပြင်ဆုံးမ၊ သိပ္ပမချွန်၊ မဘားရန်ဆီးကာ၊ သင့်ရာအပ်နှံ၊ ဆရာ၅ဆုံ၊ ကျင့်တို့ဟင်ငါးဖြာ[2]။

ဟူသည်နှင့်အညီ ဆရာကျင့်ဝတ် ၅ပါးအနက် ပဋ္ဌမဆုံး ကျင့်ဝတ်ဖြစ်သည့် အဘဘပညာ သင်ကြားပေးဖို့ အားထုတ်လေပြီ။

ရှင်ဝိစိတ္တသာရသည်လည်း––

ညီညာသကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊ ထံနီးလုပ်ကြွေး၊ သင်တွေး အံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးနေသ၂[3]။

ဟူသည်နှင့်အညီ တပည့်ဝတ် ငါးပါးနှင့်အညီ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ အတတ်ပညာသင်ဖို့ ကြိုးပမ်းလေပြီ။

ပညာစက္ကဿ စက္ကဿ၊ သန္တိကေ ဝိစိတ္တော သုခီ၊
နာနာသုတ္တဂန္ထိမှိ၊ သော ဝေ ဂဟိတု မာရဘိ။

---

၁။ ဆရာတော်လောင်းလျာသည် ငယ်စဉ်ကပင် ရှင်ဝိစိတ္တ, ရှင်ဝိစိတ္တသာရ ဟူ၍ပင် ၂မျိုးတွင်သည်။

၂။ သိင်္ဂါလောဝါဒ ဆုံးမစာ၊ အပိုဒ်-၄။ ၃။ သိင်္ဂါလောဝါဒ ဆုံးမစာ၊ အပိုဒ်-၃။

## မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းကြီး

"သဒ္ဒါမသန် မောဂ္ဂလ္လာန် မြန်မြန်သင်၍နာ"ဟူသည်နှင့်အညီ သဒ္ဒါရေးရာ၌ ညံ့နေလျှင်, သဒ္ဒါမတတ်လျှင် သဒ္ဒါကျမ်းကိုဖတ် ပေါက်ရောက်တတ်မြောက်ရန်အတွက် မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းကို သင်ရန် ကျမ်းဂန်တတ် ဆရာအဆက်ဆက်တို့ တိုက်တွန်းအော် မှုခဲ့ကြကုန်၏။ သာသနာသက္ကရာဇ်-၁၇၀၇-၁၇၄၀-တွင် သီဟိုဠ်ကျွန်းပုလတ္ထိမြို့တော် မဟာပရက္ကမ ဗာဟုမင်းကြီး နန်းစိုက်၍ သီဟိုဠ်တကျွန်းလုံး အုပ်ချုပ်တော်မူသည်။ ဖော်ပြပါ မဟာပရက္ကမ ဗာဟုမင်းလက်ထက်တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့ ထူပါရုံ ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ကျမ်းဂန်တတ် အကျော်အမော်အရှင်မောဂ္ဂလ္လာန်မဟာထေရ် မြတ်သည် မောဂ္ဂလ္လာန်ပါဠိ သဒ္ဒါကြီးကျမ်းကို ကြိုးပမ်းအားသစ် စီရင်တော်မူခဲ့လေသည်။

မဟာပရက္ကမ ဗာဟုမင်းကြီး၏ နိကာယတ္တယသမဂ္ဂကရဏသဘင် (သာသနာ့သုတ်သင်ပွဲ) တွင် အနုရာဓမြို့နယ်မှ ဦးဆောင်ပါဝင်သော မဟာထေရ်မြတ်များတွင် မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းပြု ပုဂ္ဂိုလ်ကျော် အရှင်မဟာမောဂ္ဂလ္လာန် ပါဝင်ကြောင်း—

သမောဂ္ဂလ္လာနတ္ထေရံ စ၊ ထေရံ နာဂိန္ဒ ပလ္လိယံ။
ယုဝရာဇသာ ရဋ္ဌသို ၊ အညေ စ သဗ္ဗေ စ ဘိက္ခဝေါ[၁]။

ဟူသောဂါထာဖြင့် သိသာသည်။ အရှင်မောဂ္ဂလ္လာန်သည် မိမိ၏ အမည်ဖြင့်ပင် ကျမ်းကို နာမည်မှည့်၍ ပြုစီရင်တော်မူသည်၊ ယင်း မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်း၌—

(၁) သညာဒိကဏ္ဍ၊

(၂) သျာဒိကဏ္ဍ။

(၃) သမာသကဏ္ဍ။

(၄) ဏွာဒိကဏ္ဍ။

(၅) ခါဒိကဏ္ဍ။

(၆) တျာဒိကဏ္ဍ—

အားဖြင့် အခန်းပေါင်း ၆-ခန်းပါဝင်သည်။ အရှင်မောဂ္ဂလ္လာန် မထေရ်သည် ဏွာဒိဝုတ္တိ မောဂ္ဂလ္လာန်ကို သီးခြား စီရင်တော်မူသည်။

---

၁။ မဟာဝံသ။ ၇၆။ ၉။

မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းဦး၌—

သိဒ္ဓမိဒ္ဓ ဂုဏံ သာဓု၊ နမဿိတွာ တထာဂတံ။
သဓမ္မသံဃံ ဘာသိဿံ၊ မာဂဓံ သဒ္ဒလက္ခဏံ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ ပဋိညာဉ် ပြုတော်မူ၍ ဗျာကရဏ်းကျမ်းကို စီရင်တော်မူသည်။ ၎င်းပြင် တျာဒိ (ဆဋ္ဌ) ကဏ္ဍဝုတ္တိအဆုံး၌ မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်း သမိုင်းကို—

(၁) ယဿ ရညော ပဘာဝေန၊ ဘာဝိတတ္တယ မာကုလံ။
အနာကုလံ ဒုလဒ္ဓီဟိ၊ ပါပဘိက္ခူဟိ သဗ္ဗသော။

(၂) လင်္ကာယ မုနိရာဇဿ၊ သာသနံ သာဓုသဏ္ဌိတံ။
ပုဏ္ဏစန္ဒသမာယောဂါ၊ ဝါရိဓိဝ ဝိဝဍ္ဎတေ။

(၃) ပရက္ကမဘုဇေ တသ္မိံ၊ သဒ္ဓါဗုဒ္ဓိဂုဏောဒိတေ။
မနုဝံသဒ္ဓဇာကာရေ၊ လင်္ကာဒီပံ ပသာသတိ။

(၄) မောဂ္ဂလ္လာနေန ထေရေန၊ ဓီမတာ သုစိဝုတ္တိနာ။
ရစိတံ ယံ သုဝိညေယျ၊ မသန္ဒိဒ္ဓ မနာကုလံ။

(၅) အသေသ ဝိသယဗျာပိ၊ ဇိနဗျပ္ပထနိဿယံ။
သဒ္ဒသတ္ထ မနာယာသ-သာဓိယံ ဗုဒ္ဓိဝုဒ္ဓိနံ။

(၆) တဿ ဝုတ္တိ သမာသေန၊ ဝိပုလတ္ထပ္ပကာသနီ။
ရစိတာ ပုန တေနေဝ၊ သာသနုဇ္ဇောတကာရိနာ။

ဟူသော ၆-ဂါထာဖြင့် ဖော်ပြတော်မူသည်။ မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းကြီး၌ လိုက်သုတ်အလွတ် သုတ်ပေါင်း ၈၀၈-သုတ်ပါရှိသည်။ လိုက်သုတ်ပေါင်း ၄၂-သုတ်ပါရှိသေးသဖြင့် ၂-ရပ်ပေါင်း သုတ်ပေါင်း ၈၅၀-ပါရှိ၏။ ဏွာဒိဝုတ္တိ မောဂ္ဂလ္လာန် (မောဂ္ဂလ္လာနဏွာဒိဝုတ္တိ) ၌ သုတ်ပေါင်း ၂၂၉-သုတ် ပါရှိသည်။ အရှင်မောဂ္ဂလ္လာန်သည်—

(၁) မောဂ္ဂလ္လာန်သုတ်စဉ်။ (၂)မောဂ္ဂလ္လာန်ဓာတ်စဉ်။ (မောဂ္ဂလ္လာန်ဓာတုပါဌ)။ (၃) မောဂ္ဂလ္လာန်ဂိုဏ်းပါဌ်။ (၄) နာမ်လိင်တို့ကို ဆုံးဖြတ် ဆုံးမကြောင်းဖြစ်သော မောဂ္ဂလ္လာန ဝုတ္တိပါဌ်တို့ကို ကြောင်ပုဇွန်စား ကြပ်ကြပ် ဝါးရသူသည် ဗျာကရဏ ကေသရီ ဣဝိပုဂ္ဂိုလ်ကျော် ပီသတော့ကြောင်း—

သုတ္တံ ဓာတုဂဏော ဏွာဒိ၊ နာမလိင်္ဂါနုသာသနံ။
ယဿ တိဋ္ဌတိ ဇိဝှဂ္ဂေ၊ သဗျာကရဏ ကေသရီ[၁]။

ဟူသောဂါထာဖြင့် ရဲဝံ့စွာ ဝန်ခံ ဖော်ပြတော် မူခဲ့လေသည်။

---

၁။ ဏွာဒိဝုတ္တိမောဂ္ဂလ္လာန်။ ၅၇-နှာ။

## မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းကို သင်ယူခြင်း

**သာသန အာဇာနည်** တိပိဋကဓရ လောင်းလျာ ရှင်ဝိစိတ္တ သာရသည် **ဖေ**ါ်ပြပါ မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းကြီးကို နံနက်ခင်း အချိန်တွင် **ဆရာတော်** အရှင်ပညာစက္ကထေရ် ချပို့ပေးသဖြင့် သင်ယူတော် မူခဲ့လေသည်။

အရှင်ဝိစိတ္တသာရသည်—

ဗဟုံ လဟုံ စ ဂဏှန်၊ သမ္မုပဓာရဏမ္ပိ စ။
ဂဟိတ အသမ္မုဿနံ၊ ဧတံ သုဝိညုလက္ခဏံ[၁]။

ဟူသည်နှင့်အညီ များများလဲ သင်ယူ၏။ မြန်မြန်လဲ သင်ယူ၏။ သင်သမျှကို လည်း ကောင်းစွာဆောင်မှတ်၏။ သင်ယူပြီးသမျှကိုလည်း မပျောက်ပျက်အောင် သရဇ္ဈာယ်၏။ စင်စစ်တမူကား ပညာရှိကဝိတို့၏ လက္ခဏာနှင့် ပြည့်စုံအောင် **အစွမ်းကုန်** ကြိုးစားတော်မူ၏။

သုမောဂ္ဂလ္လာန ဂန္ထမ္ပိ၊ မောဂ္ဂလ္လာန သမော သုဓိ။
ထိရညာဏာသ စက္ကဿ၊ သန္တိကေ ဥဂ္ဂဏှိ မုနိ။

ပါဠိသဒ္ဒါနိုင်လျှင် မြန်မာသဒ္ဒါလဲ နိုင်ကြောင်းသြဝါဒ

**ဆရာတော်** အရှင်ပညာစက္ကသည် အလွန်လျှင် စာပေချွန် မြော်မြင်သည့် ပညာရှင်သာတည်း။

"အဟိုရှေးခါ သာသနာဝံသ နိဿယမူ နှစ်ဆူနေလ ထွန်းတောက်ပသို့ ဉာဏခေါင်ထိ ဇာရိဓဆက ဂန္ထပါရဂူ လင်းယဉ်ထူသော ဝိဒူပါမောက် မုန်သောက်မာတင် နွယ်ဝင်ဇာတိ ရာဇာဓိရာဇာ မင်း **ဆရာ**ဟု ရွှေဗျာခတ်နှိပ် တံဆိပ်တော်ရ သုံးလူဘ၏ သုံးဝသာသနာ တန်ခိုးဖြာသော စန္ဒ,ဉာ,ဂု,နန် ဆင့်ရန်တထွေ သူ,ဥ,သူ,ပဏ် ရှစ်တန် သေရဲမော် ကျွန်းလုံးကျော်တို့ ရွှေသော်ဆရာ နောက်မှာသိဘာ ဆင့်ဆင့် ပြလော့ ဝံသစင်ကြွယ် ငါတို့နွယ်တည်း[၂] ဟူသည်နှင့် အညီ–

"**စန္ဒမဥ္ဇူသာ**လင်္ကာရ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် ရ အရှင် **စန္ဒမဥ္ဇူသာ**ထေရ်, ၎င်း၏ တပည့် "ဉာဏသာဂရကိတ္တိဇယ ဓမ္မသေနာ ပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကျော်အောင်စံထား **ဆရာတော်** အရှင် ဉာဏဝရ, ၎င်း၏တပည့် ဂုဏာလင်္ကာရ သဒ္ဓမ္မဇောတက မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းအိုဆရာတော် အရှင်ဂုဏ, ၎င်း၏ တပည့် "နန္ဒာဘိဓဇ သိရိသဒ္ဓမ္မဇောတက မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်

---

၁။ ကဝိဒပ္ပဏနီတိ ပဏ္ဍိတကဏ္ဍ။

၂။ ရွှေရေးဆောင် နိယနိဂုံး၊ ၅၄-နှာ။ မဟာထေရလလိတ ၁၁၀-၁၁၁-လည်းကြည့်။

တော်ရ ပဌမ ဗားကရာဆရာတော် အရှင် ဓမ္မာဘိနန္ဒ၊ ၎င်း၏တပည့် "သူရိယာ-ဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သဲအင်း သဝ်သနာပိုင် ဆရာတော် အရှင်သူရိယ၊ ၎င်း၏တပည့် "ဥေယျဓမ္မာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ဒုတိယ မောင်းထောင်ဆရာတော် အရှင်ဥေယျ၊ ၎င်း၏တပည့် "သုဒဿနဓဇဓမ္မသာမိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မဟာဇေတိကာရာမ စံကျောင်းဆရာတော် ၎င်း၏တပည့် "ပဏ္ဍိတဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်ဆရာတော် အရှင်-ပဏ္ဍိတ။ ၎င်း၏တပည့် "တိပိဋက ဝဇိရဟု ဩကပ္ပဟိတ် ဂုဏ်နိမိတ်ကြောင့် အရှင် အာဒိစ္စရံသီ ရွှေဘွဲ့တော်ချီသည့် ဆရာတော် ဦးကြည်၏ ထိပ်ထိပ်ကျဲ တပည့်ဖြစ်ရာ ထိပ်ထိပ်ကျဲ စာဟတ်သူသာတည်း။ အရှင်ပညာစက္ကက ရှင်ဝိစိတ္တသာရကို မကြာမကြာ–

> ငါ့ရှင်ဝိစိတ္တသာရ၊ ပါဠိစာပေတတ်တာဟာ အလွန်းကောင်းတယ်၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို နှံ့စပ်အောင် ကြည့်နိုင်တယ်၊ ရှုနိုင်တယ်၊ စာကောင်းကောင်း ရေးနိုင်တယ်၊ ကောင်းကောင်း စာချနိုင်တယ်၊ ကောင်းကောင်းတရားဟောနိုင်တယ်၊ ကောင်းကောင်းကြီး ကျမ်းပြုနိုင်တယ်၊ မြန်မာ့စာပေ တဘ်ချင်လျှင်လဲ ပါဠိတကယ် တတ်လျှင် မြန်မာစာပေလဲ တတ်ပါတယ်၊ မြန်မာစာရေးတဲ့အခါ ပါဠိဝါကျ အသွားအလာ သတိပြု ဂရုစိုက်ရေးလျှင် မြန်မာစာလဲ ကောင်းကောင်း ရေးတတ်တယ်—

စသည်ဖြင့် မိန့်ကြားတော်မူလေ့ရှိသည်။ ဆရာတော် အရှင်ပညာစက္က၏ မိန့်ခွန်းတော်သည် အလွန်ကို တန်ဘိုးရှိသည့် စကားဖြစ်လေသည်။ သည်-တပည့်နှင့် သည်ဆရာ အံဝင်ဂွင်ကျ ဖြစ်လှပေ၏၊ ဆီလျော်လှပေ၏၊ တော်လျော် လှပေ၏။

> မူလဘာသာယ[၁] ဆေကာယ၊ မြန်မာဘာသာယ ကောဝိဒေါ၊
> တသ္မာ တံ့ မူလဘာသာယ၊ ဝါယမသု ဒိဝါနိသံ။

## သဒ္ဒါမါရဂူ လင်းယာခဉ်ထူပြီ

သာသနာ့အာဇာနည် လောင်းလျာသည် သက်တော် ၁၃-နှစ်သား အရွယ်ကတည်းက သဒ္ဒါကြီးရှစ်စောင် အာဂုံပြန်ခဲ့၏။ ယခုတဖန် မောဂ္ဂလ္လာန် သဒ္ဒါကျမ်းကြီးဖြင့် ရွှေပေါ်မြတင် အချောသတ် မွမ်းမံပြင်ဆင်လိုက်ရာ မဟာသဒ္ဒ

---

၁။ ပါဠိဘာသာကို မူလဘာသာ, မာဂဓဘာသာ, သဘာဝနိရုတ္တိဘာသာ, တိန္တိဘာသာ ဟူ၍လည်း ခေါ်ကြသည်။

ပါရဂူ လင်းယာဉ်ထူနိုင်သည့် ဝိညူဂိုဏ်းတွင် သမိုင်းထင်ပေါ် ပညာကျော် ပုဂ္ဂိုလ် ဖြစ်စေပြုလေပြီ။

မောဂ္ဂလ္လာနံ သိက္ခိတ္ဗာန၊ နိရုတ္တိသု သုကောဝိဒေါ်။
ပဒေ ပဒေ နိကခေ်ါ၀၊ ဝနေ မဟာဂဇော ယထာ။

## အဘိဓာန်ကျမ်း (အဘိဓာနပ္ပဒီပိကာကျမ်း)

မြန်မာတို့ကား မြန်မာဆိုသည့်အတိုင်း မြန်သည်၊ မာသည်၊ စိတ်ဆတ်သည်။ နာမည်ရှည်များကိုပင် စိတ်မြန်သဖြင့် ပြည့်စုံအောင်မခေါ်ကြ။ ဦးခင်မောင်ဝင်းဆိုလျှင် ဦးခင်မောင်ဝင်းဟု မခေါ်ကြ ဦးခင်မောင်ဟူ၍ရှင်း၊ ဦးဝင်းဟူ၍ရှင်း ခေါ်ကြသည်။ ဦးသုန္ဒရဆိုလျှင် ဦးသုန်လို့ ခေါ်ကြသည်။ ဦးကေသရဆိုလျှင် ဦးကေ-ဟု ခေါ်ကြသည်။ ပရိယတ္တိ စာပေလောက၌ ထင်ရှားကျော်စောလှသည့် အဘိဓာနပ္ပဒီပိကာကျမ်းကို အဘိဓာနပ္ပဒီပိကာဟု မခေါ်ကြ အဘိဓာန်ဟုသာ ခေါ်ဝေါ်ကြသည်။

သာသနာသက္ကရာဇ် ၁၇၀၀-ပတ်ဝန်းကျင်တွင် သီဟိုဠ်သာသနာ့ ကောင်းကင်၌ နေအသွင်လအလား ထင်ရှားလှသော သရောဂါမမူလာယတန နိကာယ်ဝင် အရှင်မောဂ္ဂလ္လာန်ထေရ်သည် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ကို ပတ်ပတ်မွှေနှောက် ချောက်ချား၍ အမရကောသ အစရှိသော သက္ကတအဘိဓာန်ကျမ်းတို့မှလည်း သာသနာအားလျော်သည့် သာသနာတော်နှင့် အသုံးတည့်မည့် ပရိယာယ်ပုဒ်တို့ကို ယူ၍ တိပိဋက ကျမ်းဂန္ထကို ပို့ချသင်ယူ လေ့လာသူတို့ လိင်, နာမ်တို့၌ လိမ္မာကျွမ်းကျင် ပါရှင်ပေါက်ရောက် တတ်မြောက်အောင် အနက်အဓိပ္ပါယ် သဘောသကန် မှန်ကန်စွာ ယူတတ်ဆုံးဖြတ်နိုင်ရန် အကျိုးငှါ ဤမည်သော အဘိဓာနပ္ပဒီပိကာ ကျမ်းကို ကြိုးပမ်းစီရင်တော် မူခဲ့လေသည်။

ကျမ်းပြုပုံမှာလည်း လွန်စွာကျစ်လစ်သည်၊ ခေတ်မှီသည်၊ ရှေးဦးစွာ ဗုဒ္ဓပ္ပဏာမ, ဓမ္မပ္ပဏာမ, သံဃပ္ပဏာမ, ပဋိညာဉ်, ပရိဘာသာတို့ဖြင့် ကျမ်းကို စတင် အားထုတ်တော်မူသည်။ ဤကျမ်း၌ အခန်း ၃-ခန်း, ၃-ကဏ္ဍ ဖွင့်ထား၏။ ယင်း ၃-ခန်း ၃-ကဏ္ဍမှာ—

(၁) သဂ္ဂကဏ္ဍ။ (၂)ဘူကဏ္ဍ (၃) သာမညကဏ္ဍ ဖြစ်သည်။

ယင်း ၃-ကဏ္ဍတို့တွင် သဂ္ဂကဏ္ဍ၌ ဂါထာပေါင်း ၁၇၉-ဂါထာ ပါရှိ၏။ ယင်း-သဂ္ဂကဏ္ဍ၏ အဆုံး၌ ဤအဘိဓာနပ္ပဒီပိကာ ကျမ်းကို စွဲမက်ချစ်ခင်စွာ နှုတ်မှာ တွတ်တွတ် ရွတ်ဆိုင်းရအောင် ဆောင်မှတ်နိုင်ကြောင်း စွမ်းရည်ကြွားသည့် စာသင်သား, စာရေးစာချ ပုဂ္ဂိုလ်သည် ကျမ်းဂန်ထူးတွေ လာလေသ၍ သိမ်မွေ့

သေးဖွဲ့ နက်နဲကြီးကျယ် အနက်အဓိပ္ပါယ်တို့ကို လွယ်ကူမပမ်း ချမ်းသာစွာ သိမြင်နိုင်မည်ဖြစ်ကြောင်း–

ဓာရေန္တော ဇန္တု သဒ္ဒေဟ၊ မဘိဓာနပ္ပဒီပိကံ။
ခုဒ္ဒကာဒျတ္ထ ဇာတာနိ၊ သမ္ပဿတိ ယထာ သုခံ။

ဟူ၍ အတည့်အလင်း ဖော်ပြတော် မူခဲ့လေသည်။

ဘူကဏ္ဍ၌ (၁) ဘူမိဝဂ်။ (၂) ပုရဝဂ်။ (၃) နရဝဂ်။ (၄) စတုဗ္ဗဏ္ဏဝဂ်။ (၅) အရညဝဂ်။ (၆) အရညာဒိဝဂ်။ (၇) ပါတာလဝဂ်အားဖြင့် ဝဂ်ပေါင်း (၇) ဝဂ် ပါရှိ၏။ ယင်း (၇)ဝဂ်ဖြင့်ပင် လောက, သာသနာ ဝေါဟာရစကားလုံးများ, ရေ, မြေ, တော, တောင်, သမုဒ္ဒရာ, မြစ်, ချောင်း, အင်း, အိုင်, သစ်ပင်, သားကောင်, ငှက်ကောင်မှစ၍ ဝေါဟာရစကားလုံးများ စုံလင်လှပေ၏။

တဖန် သာမညကဏ္ဍ၌ (၁) ဝိသေသျာဒီနဝဂ်။ (၂) သံကိဏ္ဏဝဂ်။ (၃) အနေကတ္ထဝဂ်။ (၄) အဗျယဝဂ်အားဖြင့် ၄-ဝဂ် ပါရှိ၏။ ယင်း(၄)ဝဂ်ဖြင့် ဝိသေသျနှင့် စပ်သည့် ဝိသေသနပုဒ်များ, ပစ္စည်းဖြင့် လိင်ကို သိရသည့် ပုဒ်များ, ပုဒ်ဘပုဒ်က ဟောနိုင်သည့် အနက်များနှင့် နိပါတ်ပုဒ်, ဥပသာရပုဒ် ဟူသော အဗျယပုဒ်တို့ကို စုံလင်စွာ ဖော်ပြထား၏။ သို့ဖြစ်၍ ဤအဘိဓာနပ္ပဒီပိကာကျမ်းကို ကရားရေလွှတ် တတွတ်တွတ် နှုတ်တက်ရသူမှာ စာပေအတွက် မဟာအောင်ပွဲခံသူ ဖြစ်ပေသည်။

ကျမ်းပြုဆရာတော် အရှင်မောဂ္ဂလ္လာန်ထေရ်သည် ကျမ်းစာရေးသားပုံအစီအစဉ်ကိုဖော်ပြ၍၎င်း, မဟာပရက္ကမဗာဟုမင်းကြီး၏ သာသနာပြု ကုသိုလ်တော်ကို ဖော်ပြ၍၎င်း, မိမိ၏ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်ကို ဖော်ပြ၍၎င်း, ကျမ်းစာကို လက်စသတ်တော်မူသိုက်သည်။ ၎င်းပြင် ဤအဘိဓာန်(အဘိဓာနပ္ပဒီပိကာ) ကျမ်းကိုသာ တကာယ်လိမ္မာ တတ်မြောက် ကျွမ်းကျင်ပါက ဘုရားရှင်၏ ပိဋကတ်သုံးဖော် စကားတော်၌ တတ်မြောက်ကျွမ်းကျင်သည့် လူ့တော်လူကောင်း ဖြစ်လေပြီ ဖြစ်ကြောင်း–

ဣဟ ယော ကုသလော မတိမာ သ နရော၊
ပဋု ဟောတိ မဟာမုနိနော ဝစနေ[၁]။

ဟူ၍ ရဲရဲတောက် အာမခံချက် ပေးတော်မူခဲ့လေသည်၊

၁။ နိဂမ။ ၂-ဂါထာ။

ဤအဘိဓာန်(အဘိဓာနပ္ပဒီပိကာ)ကျမ်းကို မြန်မာပြည်၌ သာသနာ့ ဝန်ထမ်းတို့ အလွန်လျှင် အလေ့အလာပြုကြသည်၊ ကျမ်းစာ ပေါ်ထွန်းရာ သီဟိုဠ်ကျွန်းထက်ပင် ပိုမို အလေ့အလာ ပြုကြသည်။ စင်စစ်ကား မြန်မာ့ သာသနာ့ဝန်ထမ်းတို့၏ သင်ရိုးညွှန်းတန်းဝင် ကျမ်းတကျမ်း ဖြစ်လေသည်၊ အစိုးရစာမေးပွဲ ပဌမကြီးတန်း, မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ အသင်းကြီးမှ ပြုလုပ်သည့် သက္ကျသီဟ စာမေးပွဲ စာသင်တန်း, ရန်ကုန်မြို့ စေတိယင်္ဂဏ အသင်းမှ ကျင်းပပြုလုပ်သည့် စာမေးပွဲ စာသင်တန်းတို့၌ ပြဋ္ဌာန်းထားသော ကျမ်းစာ ဖြစ်လေသည်[၁]။

ဤအဘိဓာန်ကျမ်း၌ ဂန္ထာရမ္ဘ ၉-ဂါထာ, ကျမ်းရင်းစာသား ၁၂၀၃-ဂါထာ, နိဂုံး ၉-ဂါထာ၊ စုစုပေါင်း ၁၂၂၁-ဂါထာ ပါရှိလေသည်။ အလွန်လျှင် အရဆောင်ထိုက်သည့် ဂန္ထဝင်မြောက် စာကောင်း ပေမွန်တည်း။

အဘိဓာနပ္ပဒီပိကာ၊ သောဘနာ သာဓု မာနိတာ။
သဗ္ဗင်္ဂသုန္ဒရပတ္တာ၊ မာဂဓိကေဟိ ပတ္ထိတာ။

### တနေ့ အဘိဓာန် ဆယ်ဂါထာကျက်ခြင်း

"အနက်မသန် အဘိဓာန် မကျွန်ရအောင်ရှာ" ဟူသည်နှင့်အညီ အဘိဓာန်ကျမ်းကို အာဂုံနှုတ်တက် ဆောင်ရွက်မှတ်နိုင်သူသည် ပိဋကတ်သုံးပုံကို ကြည့်ရှုလေ့လာရာ၌ အနက်ထင်လွယ်သည်၊ အနက်အမြင်သန်သည်၊ ရင်းပြင် ဂါထာဗန္ဓဖွဲ့ကုံးရာ၌လည်း လွန်စွာ လျင်မြန်သည်။ သို့ဖြစ်၍ ဆရာတော် အရှင်ပညာစက္ကသည် မိမိ၏တပည့် တိပိဋကရေ သာသနာ့ အာဇာနည်လောင်းလျာအားစာပေကြည့်ရှု လေ့လာရာ၌ ပို၍ သေချာရန်နှင့်, ပဌမကြီးတန်းကို ဝင်ရောက်ဖြေဆိုစေရန် ရည်သန်၍ အဘိဓာန် ကျမ်းကို နေ့ဆွမ်းစားပြီး ၁၂-နာရီမှ ၁-နာရီ ခွဲထိ တနေ့လျှင် ၁၀-ဂါထာကိုသာ ပုံမှန် ကျက်စေတော်မူသည်။

ဒေဝသိကံ သိလောကေပိ၊ ဝါစုဂ္ဂတံ ကရိ သုဓီ။
အတ္ထညာဏဝိရူဠှာယ၊ ဥပကာရာယ ဗန္ဓနေ။

### ဆရာကောင်းမှ တပည့်ကောင်း ဖြစ်နိုင်

"နည်းပြဆရာ ပညာချောင် မကုံထံက နည်းခံတပည့် ပေါ်သွမ်း၏ရှင်" ဟူသည်နှင့်အညီ ပညာပေးရာ ဆရာကောင်းမှ တပည့်ကောင်း ဖြစ်နိုင်သည်၊ ဆရာက ပညာမစုံလင်လျှင် အကိုင်အတွယ်မကောင်းလျှင် တပည့်က ဉာဏ်ထက်စေကာမူ တပည့် ထိပ်ထိပ်ကျဲ ပညာတတ် မဖြစ်နိုင်ချေ။

---

၁။ ပခုက္ကူအဘိဓာန်နိဿယ နိဒါန်းလည်းကြည့်။

တနည်းတဖုံ ပြောလိုတုံသေး၏–

"သိန္ဓဝဇာပျံ မြင်းကောင်းပင်မှန်သော်လည်း ဆက်ကိုင်သူ မကောင်းက လမ်းကြောင်းသို့ မလိုက်နိုင်"ဟူသည်နှင့်အညီ သိန္ဓောမြင်းပင် ဖြစ်စေကာမူ ဆက်ကိုင်သူ ဆက်ကိုင်မကောင်းလျှင် လမ်းဖြောင့် လမ်းမှန် မသွားနိုင်၊ ဆက်ကိုင်သူကောင်းမှ လမ်းဖြောင့်လမ်းမှန်သို့ သွားနိုင်သည်။

## ဆရာလဲကောင်း တပည့်လဲကောင်း

ယခုမူ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတလောင်းလျာရှင်ဝိစိတ္တသာရမှာ ဆရာကောင်းနှင့်ချည်း ကြုံခဲ့ရသည်၊ ယခုတဖန် အရှင်ပညာစက္ကဓမ္မနာဒ ဆရာတော်တည်းဟူသော ပိဋကကမ်းကူး လင်းယာဉ်မှူး ထူးကဲတဲ့ဆရာ သမားနှင့် တွေ့ရပြန်လေပြီ။ တပည့်ကလဲ ပုဗ္ဗေကတပုညတာစက်နှင့် ထက်ကြပ်မကွာပြည့်စုံသူ ဖြစ်သည့်ပြင် ပညာသံဝတ္တနိက ရှေးကမ္မနှင့် ကုံလုံသူ ဖြစ်သည်။ သို့ဖြစ်၍ ဆရာကလဲကောင်း တပည့်ကလဲကောင်း ၂-ဦးကောင်း ဖြစ်လေသည်၊ အများတကာ သတ္တဝါတွေ အကျိုးရှိဖို့ ဖြစ်သည်။

> အာစရိယော စ ဒက္ခော စ၊ သိဿောပိ ကုသလော သိယာ။
> ဥဘောဝ ကုသလာ သန္တာ၊ ဗဟုံ သုဟိတာ ဝဟာ။

## သုဗောဓာလင်္ကာရကျမ်း

သုဗောဓာလင်္ကာရကျမ်းကို မြန်မာတို့က လွယ်လွယ် "အလင်္ကာ" သို့မဟုတ် အလင်္ကာကျမ်းဟု ခေါ်ကြသည်။ စာရေးသူတို့လဲ အလင်္ကာဟုပင် ခေါ်ခဲ့ကုန်၏။ သို့ရာတွင် သီဟိုဠ်ကျွန်းနေစဉ်က အလင်္ကာကျမ်း သီဟိုဠ်ရဟန်းတော်များနှင့်အတူ လေ့လာခဲ့ရာ သီဟိုဠ် ရဟန်းတော်တို့က "သုဗောဓာလင်္ကာရ" ဟူ၍ ပြည့်ပြည့်စုံစုံ ခေါ်ကြသည်၊ သီဟိုဠ်ကျွန်း၌ ရှည်လျားသော အမည်နာမဝေါဟာရတို့ကိုလည်း ပြည့်ပြည့်စုံစုံ ခေါ်ဝေါ်ကြကုန်၏။ အလင်္ကာကျမ်းကို ဖက်ကမ်းပေါက်ရောက် တတ်မြောက် ကျွမ်းကျင်သူသည် ကဗျာ့ပါရဂူ, ကဗျာ့အရာ လင်းယာဉ်ထူးသူ ဖြစ်နိုင်သည်။ မော်လမြိုင် တောင်ပေါက် ဆရာတော်ဘုရားကြီးက–

> သဒ္ဒါမဲ့ဆန်း သူကန်းခေါ်တွင်၊
> တက်ကျမ်းမရ သူအ·ဖြစ်အင်။
>
> အလင်္ကာချို သူကျိုးအသွင်၊
> ဘိဓာန်ကင်း နားပင်းဖြစ်ဖို့ပင်[၁]။

---

၁။ တောင်ပေါက်အဘိဓာန်နိဿျ၊ ၇၆။ ပဒုက္ကုဇအဘိဓာန်နိဿျနိဒါန်းလည်း ကြည့်။

ဟု မိန့်ဆိုတော်မူသည်။ သဒ္ဒါမတတ်လျှင် အကန်းနှင့်တူသည်။ တက်ကျမ်း မရလျှင် လူအနှင့်တူသည်။ အလင်္ကာမတတ်လျှင် အကျိုးနှင့်တူသည်။ အဘိ ဓာန်မတတ်လျှင် နားပင်းနှင့်တူသည် ဟူ၏။ သို့ဖြစ်၍ အတွေ့အကြုံရှိသူ ဆရာ သမားတို့သည် မိမိတပည့်တပန်းများကို အလင်္ကာကျမ်းကို ချပို့သင်ကြားပေး ကြကုန်၏။ ယင်း အလင်္ကာကျမ်းမှာ အပိုင်း ၅-ပိုင်း ပါရှိ၍ ဂါထာပေါင်း ၃၆၇-ဂါထာ ပါရှိသည်၊ ယင်း ၅-ပိုင်းအနက် ပဌမပိုင်း၌ ပဒဒေါသ, ဝါကျ ဒေါသ, ဝါကျတ္ထဒေါသတို့ကို ဆိုင်ရာ ဥဒါဟရဏ်တို့ဖြင့် ပြည့်စုံစွာ ဖော်ပြထား သည်။ ၎င်းပြင် အဖြစ်မတင့်တယ် ကြားနှယ်လှပသေသေချာချာ ဖြစ်စေကာမူ မျက် ခွက်မျက်နှာဆိုင်ရာ အဆင်းတန်ဆာရှိမှ လှပကြောင်း, အဖြစ်ကင်းငြား စကား ဖြစ်စေကာမူ စကားတန်ဆာပါမှ တင့်တယ်လှပ အဆင်ပြေကြောင်း—

> အနဝဇ္ဇံ မုခမ္ဘောဇ — မနဝဇ္ဇာ စ ဘာရတီ။
> အလင်္ကတာဝ သောဘန္တေ၊ ကိံ န ဟော နိရလင်္ကတာ^၁။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်။

ဒုတိယပိုင်း၌ ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသ-တို့ ရှောင်ကြဉ်၍ ဖွဲ့ပုံနည်းကို သိစေရန်များကို ဥဒါဟရဏ်များဖြင့် လိုလေသေးမရှိအောင် ဖော်ပြ ထား၏။

တတိယပိုင်း၌ သဒ္ဒါလင်္ကာရဂုဏ်တို့ကို စုံလင်စွာ ပြဆိုထား၏။ ယင်း တတိယပိုင်းကို ဂုဏာဝဗောဓအပိုင်းဟု နာမည် တပ်သည်။ ၎င်းပြင် ယင်း တတိယပိုင်းအဆုံး၌ သဒ္ဒါကျမ်းတတ်, အဘိဓာန်ကျမ်း ဖက်ကမ်းပေ့ါဆန်းကျမ်း တတ်မြောက်, အလင်္ကာကျမ်းပါရှုပေါက်သူသည် ကျမ်းစာ မရေး မပြု မစီရင် သော်လည်း ပညာရှိစာရင်းတွင် ပါဝင်ပြီး ကြီးမားသော ကျော်စောမှု ရရှိ နိုင်ကြောင်း—

> ယော သဒ္ဒသတ္ထကုသလော ကုသလော နိဃဏ္ဍု၊
> ဆန္ဒောအလင်္ကတိသု နိစ္စကတာဘိယောဂေါ။
> သော'ယံ ကဝိတ္တဝိကလောပိ ကဝီသု သင်္ချ၊
> မောဂ္ဂယှ ဝိန္ဒတိ ဟိ ကိတ္တိ'မမန္ဒရူပံ။

ဟူသော ဂါထာဖြင့် သုဗောဓာလင်္ကာရ ကျက်သူ, တက်သူ, လေ့လာသူတို့ကို ကျမ်းဆရာက အားပေးတော်မူသည်။

ထို့ပြင်တပါး စတုတ္ထပိုင်း၌ကား အတ္ထာလင်္ကာရတို့ကို မခိုမကပ် သေသေ သပ်သပ် ဥဒါဟရဏ်အမျိုးမျိုးဖြင့် ဟပ်၍ ပြဆိုသည်။

---

၁။ သုဗောဓာလင်္ကာ၊ ၂၀။

ထိုပြင် ပဋ္ဌမပိုင်း၌ ရသတို့ကို ပိုင်ပိုင် မိမိ သိအောင် ပြဆိုထား၏။ ယင်း ပဋ္ဌမပိုင်းအစ၌—

ပဋိဘာနဝတာ လောက–ဝေါဟာရမနုသာရိနာ။
တတောစိတ္တသမုလ္လာသ–ဝေဒိနာ ကဝိနာ ပရံ[၁]။

ဟူသောဂါထာဖြင့် ပညာရှိကဝိမိုရ်၏ အင်္ဂါ ၃ ရပ်ကို ပြဆိုထား၏။ ကဝိစာဆို ကဗျာမိုရ် ဆိုသည်မှာ—

(၁) ပဋိဘာနဝန္တု=ပင်ကိုယ် ပဋိဘာန် ကဝိဉာဏ်ရှိသူ ဖြစ်ရခြင်း၊

(၂) လောကဝေါဟာရမနုသာရီ = လောကပြောထုံး အသုံး အနှုန်းကို လျော်စွာလိုက်သူ ဖြစ်ရခြင်း၊

(၃) ဩစိတြသမုလ္လာသဝေဒီ=သင့်လျော်သည်၏အဖြစ်ဖြင့် ဆိုလိုရင်း အနက်အဓိပ္ပါယ်၏ ထင်ရှားပေါ်လွင်မည့်အချက်ကို သိလေ့ရှိသူ ဖြစ်ခြင်း—

ဟူသော ၃-ချက်ပင် ဖြစ်သည်။ သို့ဖြစ်၍ အဓောက်ာတကျမ်းလုံးသည် ပြစ်သား မပါ အလှန်အဆီအနှစ် ပြည့်စုံစွာသည့် ကဗျာနည်းပြကျမ်းကောင်း ဖြစ်လေသည်။

ဖော်ပြပါ အလင်္ကာကျမ်းကို ပြုစုသူမှာ သုဗောဓာလင်္ကာရဋီကာဟောင်း, ဝုတ္တောဒယဆန်းကျမ်း, ခုဒ္ဒသိက္ခာဋီကာသစ်, ပယောဂသိဒ္ဓိကျမ်း, မောဂ္ဂလ္လာန်ပဉ္စိကာ, သမ္ဗန္ဓစိန္တာကျမ်းတို့ကို ပြုစီရင်ထော်မူသော နာမည်ကျော် ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ-စသည့် ကျမ်းဂန်တို့ကို ပြုစီရင်တော်မူခဲ့သော အရှင်သာရိပုတ္တရာ နှင့် သေလန္တရာယတနနိကာယဝါသီ အရှင်သီလ (အရှင်သီလဝံသ) မဟာထေရ်တို့၏တပည့် မဟာသာမိဘွဲ့တံဆိပ်တော်ရ အရှင် သံဃရက္ခိတမထေရ် ဖြစ်၏။ အရှင်သံဃရက္ခိတနှင့် စပ်၍ မဟာဝံသ၌—

အထ တေသု ပရက္ကန္တ–ဘုဇသေဋ္ဌံ သုတံ သဒါ။
မဟာသာမိံ ပုရက္ခတွာ၊ သံဃရက္ခိတဝိဿုတံ။
သမာဂတဿ သံဃဿ၊ နိယျာတေတွာ တတော ပုန။
တဿာပို မုနိနော ဒါဌာ၊ ပတ္တဓာတုဒွယံ တထာ။
မဟာသံဃဉ္စ သဗ္ဗမ္ပိ၊ လင်္ကာဝါသိဇနမ္ပိ စ။
နိယျာတေတွာန တံ သမ္မာ၊ အနုသာသိ မဟီပတိ[၂]။

၁။ သုဗောဓာလင်္ကာရ။ ၃၃၈။ ၂။ မဟာဝံသ။ ၃၉၊ ၃၆၊ ၃၇၊ ၃၈။

စသည်ဖြင့် လာရှိ၏။ အရှင်သံဃရက္ခိတထေရ် ပေါ်ထွန်းရာ ကာလကား သာသနာ သက္ကရာဇ် ၁၇၀၀-ကျော် ၁၈၀၀-အတွင်း ဖြစ်သည်[၁]။ အလင်္ကာကျမ်း၏ ၁၃ ပါဠိဂါထာ အရေးအသား လေ့လာသူတိုင်း မသင်မနေရ အလွန်လျှင် အရေးအသား ပြောင်မြောက်သည့် ပါဠိကဗျာနည်းပြကျမ်း ဖြစ်သည်။

အလင်္ကာရ သုဂန္ထေသပိ၊ ဥပဒေသ ပဒါယကော။
သိလောကရစယန္တာနံ၊ ကေန္တံ အဘိမာနိတော။

## အလင်္ကာကျမ်းကို လေ့လာကျက်မှတ်ခဲ့

ဝိသိဋ္ဌတိပိဋကဓရလောင်းလျာ ရှင်ဝိစိတ္တသည် အဘိခာန်ကျမ်းကို လေ့လာကျက်မှတ်ပြီး ဖော်ပြပါ သုဗောဓာလင်္ကာရကျမ်းကိုလည်း နေ့စဉ် ၁၀-ဂါထာ မှန်မှန်ကျက်မှတ်အရဆောင် လေ့လာလေရာ တလ-ကျော်ကျော်ဖြင့် မိုးဝ ကောင်းကင် သိန္ဓောနှင်သလို လျှင်မြန်တောက်တပ အလွတ်ပြန်ဆိုနိုင်အောင် ရရှိတော်မူခဲ့လေသည်။

အလင်္ကာရ သုဂန္ထမ္ပိ၊ ဂန္ထေသု အာသတ္တော ဝိဒ္ဒါ။
မဟာဘာဂေါ မဟာဉာဏီ၊ ခိပ္ပံ မုခါရုဠှံ ကရိ။

## ဝုတ္တောဒယ-ဆန်းကျမ်း

ဝုတ္တောဒယ-ဟူသည် ဂါထာစီရာ၌ ဉာဏ်ရည်ဉာဏ်သွား တိုးပွါး ဂါထာစီကုံး တတ်ရန် နည်းဥပဒေပေးကျမ်းဖြစ်ကြောင်း သိသာသည်။ဆန်းကျမ်းဟူ၍လည်း ခေါ်သည်။ မြန်မာတို့က ဆန်းကျမ်းဟူ၍ ခေါ်သည်။ သီဟိုဠ်တို့ကမူ ဝုတ္တော ဒယဟူ၍ပင် ခေါ်သည်၊ သုတ် ဥဒါဟရဏ် တထပ်တည်းဖြစ်ရာ အလွန်ကို ကျစ်လစ်သည့် ကျမ်းဖြစ်သည်၊ ဆိုစရာ, မြစ်စရာ တပုဒ်တလေမျှ မပါ၊ လွန်စွာ သန့်ရှင်းသည့် စာနေ စာသွား, အနက်အဓိပ္ပါယ်ရှိသည့် သိုသိပ်လှသည့် ကျမ်းဖြစ် သည်။ သို့ဖြစ်၍–

လက္ခလက္ခဏသံယုတ္တံ၊ ပသန္နတ္ထ ပဒက္ကမံ[၂]။

ဟု ကျမ်းဆရာကိုယ်တိုင်ဆိုသည်၊ ရဟန်းလောက၌ စကားပုံတခုရှိသည်၊စကားပုံ ကား "ကံစမ်းလျှင်မန်း ဉာဏ်စမ်းလျှင်ဆန်း" ဟူ၏၊ ရဟန်းသံဃာများ ဘုန်းကံ ပါရမီ စမ်းချင်လျှင် မန္တလေးကြွ စမ်းကြည့်ဟု ဆိုလိုသည်။ ပန္တလေး စာသင်ကြွရာ ဘုန်းကံနည်းပါးလျှင် ဆွမ်းရေးမပြည့်စုံ၊ ဘုန်းကံကြီးလျှင် ဆွမ်းဟင်းပေါသည်၊ သို့ဖြစ်၍ မိမိဘုန်းကံစမ်းလျှင် မန္တလေးကြွ ဟူသတည်း။

---

၁။ မဟာဝိသုတာရာမ နိကာယသာသနာဝင်။ ၉၀-၂-ကြည့်။

၂။ ဝုတ္တောဒယ၊ ၃-ဂါထာ၊

ဉာဏ်ကောင်းမကောင်း စမ်းချင်လျှင် ဆန်းတက်ဟူ၏၊ ဉာဏ်မထက်တဲ့ပုဂ္ဂိုလ် ဆန်းတက်လျှင် စိတ်ညစ်ရသည်။ ဉာဏ်မထက်လျှင် ဆန်းကျမ်းလာသဘော မမိနိုင်, ဂါထာမစီနိုင် မှိုင်တွေ့ရသည်၊ စိတ်ညစ်ရသည်ဟူ၏။ ယင်းဆန်းကျမ်း၌ အပိုင်း ၅-ပိုင်း, ဂါထာ ၁၃၇-ဂါထာ ပါရှိ၏။ ကျမ်းပြုသူမှာ သုဗောဓာလင်္ကာရ ကျမ်းစသည်များ ပြုစုသူ အရှင်သံဃရက္ခိတထေရ်ပင် ဖြစ်သည်။ အရှင်သံဃ-ရက္ခိတသည် အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်ကြောင်း အလင်္ကာကျမ်း, ဆန်းကျမ်းတို့၏ ဂန္ထာရမ္ဘနှင့် နိဂုံး၌ မလာသဖြင့် မသိသာချေ။ သို့ရာတွင် ခုဒ္ဒသိက္ခာ ဋီကာသစ်ကျမ်းဦး၌–

သာရိပုတ္တံ မဟာသာမိံ၊ နေကသတ္ထဝိသာရဒံ။
မဟာဂုဏံ မဟာပညံ၊ နမော မေ သိရသာ ဂရုံ[၁]။

ဤဝုတ္တောဒယ-ဆန်းကျမ်းနိဂုံးလာ–

သောလန္တတ္ထရာယတန ဝါသိက သီလတ္ထေရ၊
ပါဒေါ ဂရုဂုဏာဂရုဇ္ဇယတံ မမ သော။

စသော ဂါထာကား အရှင်သီလမှာ ဓာတုမဉ္ဇူသာကျမ်းပြု အရှင်သီလဝံသထေရ် ဖြစ်ကြောင်း သီဟိုဠ်ဘာသာရေး ပါဠိသာဟိတျ(ပါဠိသမိုင်း)ကျမ်း၌ လာရှိ၏။

ဝုတ္တောဒယ သုဂန္ထောပိ၊ ဝုတ္တတ္ထိနံ ဟိတာဝဟော။
သောဘနော အတ္ထပဒေဟိ၊ ကဝီဟိ အဘိမာနိတော။

## သာသနာ့အာဇာနည်လောင်းလျာ ဝုတ္တောဒယကျမ်း နှုတ်ရဆောင်

သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရသည် ဖော်ပြပါ ဝုတ္တော-ဒယခေါ် ဆန်းကျမ်းကို ကြိုးပမ်းအားသစ် နှုတ်ရကျက် ဆောင်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာကား ဤဝုတ္တောဒယ ဆန်းကျမ်းကို ရက်တို အတွင်း နှလုံးအိမ်အရောက် သွင်းပို့ခဲ့လေသည်။

ဝုတ္တောဒယမ္ပိ ဝုတ္တတ္ထော၊ အာဇဉော ပဏ္ဍိတော သုခိ။
သုခိတ္တံ အာသိသန္တောဝ၊ မနော ဃောသမ္ပိ ဌပယိ။

## ပါဠိကဗျာ, မြန်မာကဗျာ နှစ်မျိုးလုံး နိုင်နင်းခဲ့

ဆရာတော်လောင်းလျာကား မြင်းခြံ မင်းကျောင်းတိုက် ဆရာတော်အရှင် သောဘိတ၏ ညွှန်ကြားချီးမြှောက်မှုကြောင့် ပေါရာဏဒီပနီကျမ်းကြီး ၂-ကျမ်း ဖြင့် မြန်မာကဗျာရေးနည်း၌ သိပ်သည်း သေချာစွာ လိမ္မာ ကျွမ်းကျင်တော်

၁၊ ခုဒ္ဒသိက္ခာ မူလသိက္ခာ (ဋီကာသဟိတ)။ ၂၇၇။

မှုခဲ့သည်။ ဆရာတော် အရှင်သောဘိတ ချီးမြှောက်မှုကြောင့်ပင် ဇိနာလင်္ကာရဋီကာကျမ်းကြီး, ဇာတတ္တကီကျမ်းကြီး, သောတတ္တကီကျမ်းကြီးတို့ကို ကြည့်ရှုလေ့လာ ကျက်မှတ်မှု, ယခုတဖန် ဆရာတော် အရှင်ပညာစက္က၏ ချီးမြှောက်မှုကြောင့် မောဂ္ဂလ္လာန် ဗျာကရုဏ်းကျမ်းကြီးနှင့် အဘိဓာန်, အလင်္ကာ, ဆန်းကျမ်းတို့ဖြင့် အမွှမ်းတင်လိုက်သဖြင့် ပါဠိဂါထာ အရေးအသားတို့၌ ကျွမ်းကျင်လိမ္မာသူအဖြစ် ရောက်လေပြီတကား။

ဒိန္နမ္ပိ ဂရုတ္ထေရာနံ၊ ပဂ္ဂဟေန သုကောဝိဒေါ။
ကာဗျသမ္ပာဒနေ သော ဟိ၊ ဇာတော သုဝိစိတ္တော အဟု။

## သုဗောဓာလင်္ကာရဋီကာသစ်ကျမ်း

သုဗောဓာလင်္ကာရ ဋီကာဟောင်းကို စာကိုယ်ပြုစုသူ "မဟာသာမိ" ဘွဲ့တံဆိပ်တော်ရ အရှင်သံဃရက္ခိတ မဟာထေရ်ပင် ပြုစီရင်တော်မူခဲ့သည်၊ ၎င်းပြင် သုဗောဓာလင်္ကာရဋီကာသစ်ကျမ်းကို နရပတိ မင်းကြီးလက်ထက် သီဟိုဠ်ရောက် မထေရ်တပါးစီရင်သည်ဟု ဆရာတို့ မိန့်ဆိုကြသည်။ သုဗောဓာလင်္ကာရ ဋီကာသစ်မှာလည်း ကျမ်းခက်တကျမ်းပင်ဖြစ်ရာ ဉာဏ်နုသူတို့ မရာသည့် ကျမ်းဖြစ်သည်။ သုဗောဓာလင်္ကာရ နိဿယဟု ကျမ်းဆရာသုံးသည်။ သီဟိုဠ်အလင်္ကာနိဿယဟောင်းကို ပါဠိဘာသာ ပြန်ဆိုရေးသားဟန် တူပေသည်။

## ရှင်ဝိစိတ္တသာရ သုဗောဓာလင်္ကာရ ဋီကာသစ်ကျမ်း သင်ယူခြင်း

သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရသည် ညနေပိုင်းတွင် ကျေးဇူးရှင် ဆရာတော် အရှင်ပညာစက္ကထံတွင် ဖော်ပြပါ သုဗောဓာလင်္ကာရ ဋီကာသစ်ကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။ သုဗောဓာလင်္ကာရ ဋီကာသစ်သည် ကျမ်းခက်ဖြစ်သော်လည်း လွန်ကဲသော ဝီရိယပိုင်ရှင်ဖြစ်ပြီး ဉာဏ်ဝဇီရ လက်လက် ရှသော ရှင်ဝိစိတ္တသာရသည် မပမ်းလွယ်ကူ သင်ယူတော်မူခဲ့လေသည်။

အလင်္ကာရာဘိနဝါဝ-ဋီကံ ဂမ္ဘီရသံယုတံ။
ဂမ္ဘီရဉာဏီကော ဓီရော၊ သုခေန သမုဂ္ဂဏှိ ခေါ။

## ပဋ္ဌာန်းအရကောက် ကျမ်းကြီးသင်ယူခြင်း

"ကျမ်းကြီး ပဋ္ဌာန်း ကျမ်းငယ်ဆန်း ကျမ်းလတ်ဓာတုကထာ" ဟူသည်နှင့်အညီ ကျမ်းကြီးများတွင် ပဋ္ဌာန်းကျမ်းကြီးသည် ကြောက်ဖွယ်လိုလိုအခက်တွင် ခေါင်ထိသည့် ကျမ်းကြီးဖြစ်သည်။ ကျယ်လည်း ကျယ်ဝန်းလှသည်၊ ကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသမထေရ်က အတ္တဓမ္မအားဖြင့် နက်နဲကြောင်း, အလွန်လျှင်နက်နဲသောနည်းတို့ဖြင့် နက်နဲကြောင်းကို—

အတ္တတော ဓမ္မတော စေဝ၊ ဂမ္ဘီရညာဏ တဿ ယံ။
အနန္တရံ မဟာဝီရော၊ သတ္တမံ ဠသိသတ္တမော။
ပဋ္ဌာနံ နာမ နာမေန၊ နာမရူပနိရောဓနော။
ဒေသေသိ အတိဂမ္ဘီရ–နယမဏ္ဍိတဒေသနံ[၁]။

ဟူသော ၂-ဂါထာဖြင့် ယင်းပဋ္ဌာန်းကျမ်းကြီးကို ဂုဏ်ပြုဖော်ပြတော်မူခဲ့သည်။ ယင်းပဋ္ဌာန်းကျမ်းကြီးကို လွယ်ကူစွာ ကူးခပ်နိုင်ကြရန် ရည်သန်၍ နန္ဒမေဓာဘိ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု "ဘွဲ့တံဆိပ်တော်ရ ထန်းတပင်သာသနာပိုင်ဆရာတော် အရှင်နန္ဒမေဓာမဟာထေရ်သည် ပဋ္ဌာန်းအရကောက်ကျမ်းကြီးကို ကြိုးပမ်းစီရင်တော်မူခဲ့သည်။ ယင်းပဋ္ဌာန်းအရကောက်ကျမ်းကြီးသည် ပဋ္ဌာန်း၏ ခက်ခဲနက်နဲချက်တို့ကို ပြတ်သားစွာ ဖြေရှင်းပေးနေသည့် ပဋ္ဌာန်းမြန်မာအဋ္ဌကထာကြီးဟူ၍ပင် ကင်းပွန်းတတ်ရလောက်သည်။ တဖန် အဋ္ဌကထာနှင့် မူလဋီကာအနုဋီကာကျမ်း စသည်များမှ ဆန်းပြားထူးထွေသော အဓိပ္ပါယ်ဆစ်ဖု အမြုတေမှန်သမျှကို တခုတလေမျှ မကျန်ရအောင် မြုပ်နှံထည့်သွင်းထားပြန်ရကား အဘိဓမ္မာ ရတနာပုံတော တံသင်းကြီးဟူ၍လည်း ခေါ်သင့်ပေသည်။ သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရသည် ဖော်ပြပါ ပဋ္ဌာန်းအရကောက်ကျမ်းကြီးကို ပဋ္ဌာန်းညဝါစာချ အရှင်အဂ္ဂဝံသထံတွင် ဆရာတော်အရှင်ပညာစက္က၏ အမိန့်အရ သင်ယူတော်မူခဲ့လေသည်။

ပဋ္ဌာနပကရဏမ္ပိ၊ ဂမ္ဘီရနယမဏ္ဍိတံ။
သန္တိကေ အဂ္ဂဝံသဿ၊ ဥဂ္ဂဏှိ ဥဂ္ဂဟော ဝိဒူ။

## နိုင်နင်းစွာသင်ယူခဲ့

ဆရာတော်လောင်းလျာကား အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကိုလည်း ဒိုးကဲ့သို့မွှေ အာဂုံကြေခဲ့သည်။ မာတိကာ, ဓာတုကထာ, ယမိုက်အရကောက်ကျမ်းထို့ကိုလည်း ဖက်ကမ်းပေါက်ရောက် တတ်မြောက်ကျွမ်းကျင်ခဲ့သည်၊ သုံးချက်စု, ပစ္စည်းပြိုင်, ရာသီစုတို့ကိုလည်း တခုမကျန် ထက်သန်သော ဇွဲလုံ့လဖြင့် ကျက်မှတ်ကြည့်ရှုလေ့လာခဲ့သည်။ သို့ဖြစ်လေရာ သာသနာ့အာဇာနည်လောင်းလျာသည် မငြီးမငြူ လွယ်ကူစွာ ပဋ္ဌာန်းကျမ်းကြီးကို ပါရင်ပေါက်ရောက် တတ်မြောက်အောင် နိုင်နင်းစွာ သင်ယူခဲ့လေသည်။

ပဋ္ဌာန သဗ္ဗပတ္ထမ္ပိ၊ နေကသတ္တဝိသာရဒေါ။
ဟုတွာ အကသိရေန၊ အသိက္ခိ သိက္ခနေ ဝိဒူ။

---

၁။ အဘိ၊ ဋ္ဌ၊ ၃။ ၃၄၁ (ပဋ္ဌာန ပကရဏအဋ္ဌကထာ။ ဂန္ထာရမ္ဘ)

## သဒ္ဓတ္ထဘေဒစိန္တာကျမ်း

သဒ္ဓတ္ထဘေဒစိန္တာကျမ်းသည် သဒ္ဒါငယ်ကျမ်းများအနက် ခေတ်အစားဆုံး ပေါ်ပြူလာအကျဆုံး ကျမ်းဖြစ်သည်။ ဂါထာပေါင်း ၄၀၀-အတိအကျ ပါရှိသည်။ ဤကျမ်းကို လေ့လာရန်မှာ ဉာဏ်ထက်မြက်သူများမှ တတ်နိုင်သည်။ ကျမ်းပြုသူမှာ ပုဂံသာသနာဝင်တွင် ထင်ရှားသည့် အရှင်သဒ္ဓမ္မသိရိထေရ် ဖြစ်သည်။ ဒုတိယဆပ္ပဋ္ဌ ဆရာတော်ဟု ထင်ရှားသော အရှင်သဒ္ဓမ္မဉာဏမထေရ်၏ တပည့်ဖြစ်သည်၊ တတိယဆပ္ပဋ္ဌထေရ် ဖြစ်သည်ဟုလည်း ဆိုကြသည်။ အရှင်သဒ္ဓမ္မသိရိထေရ်သည် ကျမ်းဦး၌—

သဒ္ဒတ္ထဘေဒဝါဒီနံ၊ ပဝရံ ဝရဝါဒိနံ။
အဘိဝါဒိယ သဒ္ဒတ္ထ – ဘေဒစိန္တာဘိဒီယတေ။

ဟူသော ဂါထာဖြင့် ပဏာမ, ပဋိညာဉ်ပြု၍ ကျမ်းစာကို ရေးသားစီရင်တော်မူသည်။ ကျမ်းဆရာသည် ကျမ်းစာအဆုံး ဆုတောင်းဂါထာ မစတင်မီ မိမိ၏ ဆုံးဖြတ်ဖော်ပြခဲ့ပြီးသော သဒ္ဒလက္ခဏာသဘောများကို ခွဲခြမ်းစိတ်ဖြာလေ့ သိရှိပါမူ၊ မိမိဖော်ပြခဲ့သည့်အတိုင်း နားလည်ကျွမ်းကျင်ပါမူ ပိဋကတ် ၃-သွယ်၌ ခက်ခဲဖွယ်မရှိ သိစွမ်းနိုင်မည်ဖြစ်ကြောင်း—

သဒ္ဒတ္ထလက္ခဏာဘေဒီ၊ ယော ယော နိစ္ဆိတလက္ခဏော။
သော သော ဉာတုမကိစ္ဆေန၊ ပဟောတိ ပိဋကတ္တယေ[၁]။

ဟူသောဂါထာဖြင့် အာမခံချက် ပေးတော်မူခဲ့သည်။ ဤဘေဒစိန္တာကျမ်း ပြုပုဂ္ဂိုလ်ကား သာမန်ပုဂ္ဂိုလ် မဟုတ်ပါချေ၊ တချိန်တွင် သဗ္ဗညုတဉာဏ်တော် ပန်းခိုင်ကို လှမ်းကိုင်ဆွတ်ယူ သယမ္ဘူမွေရာဇ် ဖြစ်တော်မူ၍ နှစ်ဆယ့်လေး သင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ချေတသိန်း တွက်ကိန်းများလှ ဝေနေယျ သံသရာဝဲ ဩဃထဲမှ ထုတ်ဆွဲကယ်တင်ရန် တောင်းဆုချွေ ပတ္ထနာသသည့် ပုဂ္ဂလဝိသေသဖြစ်ကြောင်း—

ဣမိနာ လက္ခိတပုညေန၊ ပါပုဏေယျ မနုတ္တရံ။
တံ ပတ္វာ သကလေ သတ္တေ၊ မောစေယျံ ဘဝဗန္ဓနာ[၂]။

ဟူသောဂါထာဖြင့် သိသာ၏။

## သာသနာ့ အာဇာနည်လောင်းလျာ ဘေဒစိန္တာကျမ်း သင်ယူခြင်း

ဆရာတော် အရှင်ပညာစက္ကသည် အရှည်မြော်မြင်သည့် ဒီဃဒဿီ ဉာဏ်ရှည် ဉာဏ်သွား၊ စွမ်းပကားပိုင်ရှင် ဖြစ်တော်မူသည်။ ရှင်ဝိစိတ္တသာရအား ပရိယတ္တိ

၁။ ဘေဒစိန္တာ။ ၃၉၉-ဂါထာ။ ၂။ ဘေဒစိန္တာ။ ၄၀၀-ဂါထာ။

သာသနဟိတသကျသီဟ စာမေးပွဲကိုလည်း ဝင်ရောက်ဖြေဆို စေလိုသည်။ သို့ဖြစ်၍ ညအခါ ပဋ္ဌာန်းမောဝါအပြီး ဖော်ပြပါ သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို ဘေဒစိန္တာဒီပနီ ဘေဒစိန္တာဋီကာဟောင်း ဘေဒစိန္တာမဟာဋီကာလာ အဓိပ္ပါယ်များကို ထည့်သွင်းပြောဆို၍ ညဝါအဖြစ် ချပို့ပေးရာ သာသနာ့ အာဇာနည် လောင်းလျာ ရှင်ဝိစိတ္တသာရသည် စနစ်တကျ ပိုင်နိုင်စွာ သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို သင်ယူတော်မူခဲ့လေသည်။

သဒ္ဒတ္ထ ဘေဒစိန္တမ္ပိ၊ ဂမ္ဘီရံ ဒုဒ္ဒသံ သုဘံ။
ဘုသံ သော ဟိ ဝါယာမေန၊ အသိက္ခိ သိက္ခနေ ဝိဒူ။

## ကစ္စာယနသာရကျမ်း

ကစ္စာယနသာရကျမ်းသည် "သာရ" ဟုဆိုသည့်အတိုင်း အနှစ်အသား အမြဲတော ခက်ဆစ် ခက်ရပ်အဓိပ္ပါယ်များကိုသာ ရွေးချယ်၍ ဂဏ္ဌိမှတ်စုအလား ရေးသားပြုစုထားသည့် ကျမ်းစာဖြစ်သေရာ ကကယ်ကို ခက်သည်။ ဘေဒစိန္တာကျမ်းပြုဆရာတော် အရှင်သဒ္ဓမ္မသိရိ ပေါ်ထွန်းချိန်နှင့် တချိန်တည်း သို့မဟုတ် နီးကပ်သည့် အချိန်တွင် ပေါ်ထွန်းသည့် အရှင်မဟာယသထေရ်သည် ဇယ်ဒါသ ကျမ်းကို မှီငြမ်းပြု၍ရေးသားစီရင်တော်မူခဲ့သည်။ယင်းကစ္စာယနသာရကျမ်း၌–

(၁) သာမညနိဒ္ဒေသ။ (၂) အာချာတနိဒ္ဒေသ။ (၃) ကိတနိဒ္ဒေသ။ (၄) ကာရကနိဒ္ဒေသ။ (၅) သမာသနိဒ္ဒေသ။ (၆) တဒ္ဓိတနိဒ္ဒေသ အားဖြင့် နိဒ္ဒေသ ၆-ခုပါရှိ၍ ဂါထာအရေအတွက်အားဖြင့် ၄၂၂-ဂါထာ ပါရှိသည်။ ကျမ်းဦး၌–

မုနိန္ဒဝက္ကာ ယာမံ မောဟံ၊ ဟန္တွာဓဗာဓမေသိ ပက်ဇံ။
ဇနံ သာဓုမှရံသီဟိ၊ သော သမ္ဗာလေတု မံ ဇိမနော။

ဟူသောဂါထာဖြင့် အာသီသပုဗ္ဗကဂန္ထာရမ္ဘပြု၍ ကျမ်းစာကို စီရင်တော်မူသည်။

သုကစ္စာယနသာရော ဟိ၊ သာရေန သာရဒဿိနာ။
ရစိတော ယသတ္ထေရေန၊ ဝိညူဟိ အဘိမာနိတော၊

## သာသနာ့ အာဇာနည် ကစ္စာယနသာရကျမ်း သင်ယူ

ဆရာတော် အရှင်ပညာစက္ကသည် ဖော်ပြပါ ကစ္စာယနသာရကျမ်းကိုလည်း ကစ္စာယနသာရ ဋီကာဟောင်း ကစ္စာယနသာရ ဋီကာသစ်လာ အဓိပ္ပါယ် မဓောဘိဝံသ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇာဂုရု ဘွဲ့တံဆိပ်တော်ရ ပြည်ဆရာ တော်ဘုရားကြီး ပြုစီရင်သည့် ကစ္စာယနသာရ သရုပ်တ္ထဒီပနီ (ကစ္စာယနသာရ အရကောက်) ကျမ်းလာ အဓိပ္ပါယ်တို့ကို ထည့်သွင်းပြောဆို၍ ချပို့တော်မူခဲ့

လေရာ သာသနာ့အာဇာနည် လောင်းလျာသည် ပျောက်ရှမရှိ ပိုင်ပိုင်မိမိသင်ယူတော်မူခဲ့လေသည်။

ကစ္စာယနသုသာရမ္ပိ၊ အသိက္ခိ သိက္ခနေ ဝိဒူ။
ဥဒတ္ထော[၁] အာဇညော သော ဟိ၊ ဝိသိဋ္ဌောတိ၀ ဝိသိဋ္ဌော။

## စာတက်ပြီး ညဉ့်နက်သန်းခေါင်စာပြန်

သာသနာ့အာဇာနည် လောင်းလျာသည် ကျေးဇူးကြီးလှ ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကထံ စာတက်ပြီး အနားမယူ မကျိန်းစက်သေးပဲ-

မပျင်းမရိ လုံ့လရှိ၍ သာတိအထဲ အရိုးစွဲအောင် တဖောင်ဖောင်လျှင် သန်းခေါင် ညဉ့်နက် သင်ကျက်သမျှ စစကုန်စေ နေ့ကိုအလွတ် ရွတ်နိုင်စေ[၂]—

ဟူသည်နှင့်အညီ ပျင်းရိခြင်း အလျှင်းမရှိပဲ မဟုဿာဟဇွဲလုံ့လဖြင့် သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ စသည်တို့ကို နှုတ်လွတ်ပြန်တော်မူသည်။

ဝိစိတ္တသာရသာရေန၊ ရတ္တိယံ ဗဟုလီကတာ။
သဇ္ဈာယံ ကရိတွာ တေန၊ ဗုဒ္ဓသာသန ဝုဒ္ဓိယာ။

## ကစ္စာယနသာရသရူပတ္ထဒီပနီကို လေ့လာကြည့်ရှု

ဆရာတော်လောင်းလျာသည် ကစ္စာယနသာရကျမ်း အဖွင့်ဖြစ်၍ အလွန်လျှင် သေချာကျန စုံလင်လှသော ပြည် (မန္တလာရာမ) ဆရာတော်ကြီး၏ ကစ္စာယနသာရသရူပတ္ထဒီပနီ (ကစ္စာယနသာရ အရကောက်) ကို ကျနစွာ လေ့လာကြည့်ရှုတော် မူခဲ့လေသည်။ ကျက်မှတ်သင့်သည်များကိုလည်း ကျက်မှတ်တော်မူသည်။

''ထွန်းလင်းလျှံပြောင်၊ တရားရောင်ဖြင့်၊ မိုက်မှောင်မြေးကာ၊ အဝိဇ္ဇာကို၊ ပယ်ခွါပစ်နှုတ်၊ ကမုဒ်အတူ၊ ကျွတ်ထိုက်သူကို၊ လေးဆူသစ္စာ၊ မုန်အာရှန်းတင့်၊ ပွင့်ခဇဖားဖား၊ ငါးပါးမာန်အောင်၊ ဘုန်းရောင်လွှမ်းကာ၊ ဘုရားဟူသည်၊ ရောင်ဖြူပဝင်း၊ ရှင်နေမင်းသည်၊ ဝပ်စင်းခယ၊ ကြည်ဆွအသင့်၊ သခင့်ကိုသာ၊ ကိုးကွယ်ပါ၏၊ စာသစ်

၁။ ဥဒတ္ထောတိ ဥဒ အတ္ထော၊ ဥဒ္ဒါရပညောတိ အတ္ထော။ (နေတ္တိ၊ ဋ္ဌ၊ ၅၁)
၂။ တိလောကပါ ဆုံးမစာ၊ အပိုဒ်-၄၈။

ပြုလို၊ အကျဉ်ုံပ်ကိုလျှင်၊ စာဆိုပြီးလွယ်၊ အနက်ရာယ်ကို၊ ဖျောက်ပယ် မတော်မူစေသော်"—

ဟူသော ပြည် ဆရာတော်ဘုရားကြီး၏ ကစ္စာယနသာရ သရူပတ္တ ဒီပနီကျမ်း ဂန္ထာရမ္ဘ ကေပိုဒ်လင်္ကာကြီးကစ၍ ကျက်သင့်သည်များကို နှုတ်ရဆောင် ကျက်မှတ်တော်မူသည်။ စာဓပကျက်မှတ်မှု၌ ဆန္ဒပြင်းပြတော် မူသည်။

ဝါစုဂ္ဂတကရဏောပိ၊ ဒဠှစ္ဆန္ဒော သုခီ သုခီ။
သုခိတ္တံ သော ဟိ ပတ္တော၊ သုခီဟိ ကတ္တဗ္ဗံ ကရီ။

### သင်္ဂဇာမူ ဓမ္မပဒပါဠိတော် နိဿယ

ဝိမတိဝိနောဒနီ ဋီကာနိဿယ, သိင်္ဂါလောဝါဒ ဆုံးမစာ, စတုရာရက္ခကျမ်း, ဓာတုတ္ထဒီပက,ဥပမာသမုဟဂိရက္ကမ (စကားပုံများ)ကျမ်း စသည်တို့ကို ပြုစီရင် တော်မူခဲ့သော "အဂ္ဂမဟာလင်္ကာရ ကဝိဇေ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ် တော်ရ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ လက်ထက်တွင် ထင်ရှားသော (၁၇၇၇–၁၂၄၈) သင်္ဂဇာဆရာတော်ဘုရားကြီးသည် ဓမ္မပဒပါဠိတော် နိဿယ ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ပြုစီရင်ပုံမှာ အလွန်အချိုးကျသဖြင့် ပညာရှိ များ ယင်းနိဿယကို နှစ်သက်ကြသည်။ ဝတ္ထု အကျယ်အသွယ် မိပ္ပါယ်မများ အကျဉ်းအားဖြင့် ဂါထာများကို ကဗျာလင်္ကာသွားဖြင့် အနက် ယောဇနာ ပြုစီရင်ထားသည့်ပြင် ရံခါ ခက်ဆစ်များကို ရှင်းလင်းထားတော်မူသည်။ ဆရာတော်ဘုရားကြီးသည် နိဿယကျမ်းဦး၌—

နတွာ ဓမ္မပဒဿာဟံ၊ သမ္ဗုလောကဿ သတ္တုနော။
နိဿယံ သလ္လိခိဿာမိ၊ ပဿန္တု ဓမ္မမာမကာ။

ဟူသောဂါထာ ယင်းဂါထာကို အနက်ပြန်ဆိုပြီး နိဿယကို စီရင်တော်မူခဲ့သည်။ သင်္ဂဇာဆရာတော်ဘုရားကြီးသည် နိဿယနိဂုံး၌—

ကုဋ္ဌိရကန္တရေ ဂါမေ၊ ပရတော ပစ္ဆိမုတ္တရေ။
ဝိဟာရေ ဝသတာ ဒါရု–ဝါဏိဇေဟိ ကတေ သုဘေ။

အဂ္ဂဓမ္မလင်္ကာရေန၊ ထေရေန ရစိတော ဧသ။
နိဿယော နိဋ္ဌိတော သုဋ္ဌု၊ သက္ကရာဇေ ဇနပ္ပိယော။

ပေါဠုပါဒမှိ မာသမှိ၊ ကာဠပက္ခဿ တေရသိ။
ဇာနန္တု သာဓုနော နေန၊ အတ္ထံ ဓမ္မပဒဿိတံ။

ဘဝေယျ နေနပုညေန၊ အရိမေတ္တေယျ သာ၀ကော။
ခီဏာသဝေါ မဟာပညော၊ ဟေဘိက္ခုပသမ္ပန္နော[၁]။

ဟူသော ၃-ဂါထာ ၄-ဂါထာနိဿယဖြင့် အပြည့်အစုံ နိဂုံး အုပ်တော်မူခဲ့သည်။

ဓမ္မပဒနိဿယော ဟိ၊ သုန္ဒရော နိဿယာရဟော။
သင်္ဂဇာဓေထရသေဋ္ဌေန၊ ရစိတော ဝိညုမာနိတော။

## ပါဠိစာစီစာကုံး လေ့ကျင့်ခြင်း

ဒီဃဒဿီ ဂုဏ်ရည်လျှံပ အရှင်ပညာစက္က မထေရ်သည် ဥပုသ်နေ့များ၌ ဖော်ပြပါ သင်္ဂဇာမူ ဓမ္မပဒပါဠိတော် နိဿယမှလာသော အကျဉ်းချုပ် ဝတ္ထုများကို ပါဠိ စီကုံးစေတော်မူသဖြင့် သာသနာ့ အာဇာနည် လောင်းလျာသည် စုဏ္ဏိယ ဝါကျစီကုံးခြင်း, ပါဠိဂါထာ စီကုံးခြင်း, စုဏ္ဏိယ ဂါထာ ၂-မျိုးရော စမ္ပူအသွား ရေးသားနည်းကို သိပ်သည်းကျနစွာ လေ့ကျင့် သင်ကြားတော်မူခဲ့လေသည်။

ပါဠိယာ ကောဝိဒတ္တာယ၊ ပရိစယံ အကာ သုခိ။
စုဏ္ဏိယဝတ္ထု ဂါထာယော၊ လိခိတွာန ဥပေါသထေ။

## ဆန်းကျမ်းကို လေ့လာခြင်း

ဆရာတော် အရှင်ပညာစက္ကသည် မိမိ၏တပည့် ဉာဏ်ရည်ကို ကောင်းကောင်း သိတော်မူသည်၊ ဆန်းကျမ်းကို ပါဠိ တနေ့လျှင် ၁၀-ဂါထာ ကျက်စေ၍ ရက်တို အတွင်း ကျက်အံမှု ပြီးဆုံးစေတော်မူပြီး ဆန်းပုံ ကျမ်းများကို ပေးအပ်၍ ကြည့်ရှု လေ့လာစေတော်မူသည်။ အထူးတလည် အနက်အဓိပ္ပါယ်ချပို့ပေးတော် မမူ။

ကိုရင်——

ဆန္ဒော နိဒါနံ ဂါထာနံ၊ အက္ခရာ တာသံ ဝိယဉ္ဇနံ။
နာမသန္နိဿိတာ ဂါထာ၊ ကဝိ ဂါထာနမာသယော[၂]။

ဂါယတ္တီစသောဆန်း(ဆန်းကျမ်း)သည် ဂါထာတို့၏အကြောင်း ဆန်းနားလည် မှ ဂါထာရေးတတ်သည်၊ အက္ခရာများဟာ ဂါထာတို့ကို ဖြစ်စေတတ်သည်၊ အက္ခရာ ပုဒ်ပါဠိ ပိုင်နိုင်မှလဲ ဂါထာရေးတတ်သည်၊ ဂါထာများဟာ နာမ ပညတ်ကို မှီသည်၊ ပညာရှိ ကဝိဓိုရ်ဟာ ဂါထာများ၏ တည်ရာဖြစ်သည်၊ ဂါထာ

---

၁။ ယင်းဂါထာအနက်များ ဓမ္မပဒနိဿယကြည့်။ ၂။ သံ၊၁၊၃၅-၆။ (ကဝိသုတ်)

ဗန္ဓများ ကျနစွာ ရေးတတ်အောင် ကြိုးစားပါ စသည်ဖြင့်လည်း အားပေး မိန့်ကြားတော်မူသည်။

## မဃဒေဝလင်္ကာသစ် ကျမ်းကြီး

ပဉ္စတ္တာလီသပုစ္ဆာ ဝိသဇ္ဇနာကျမ်း, သတပဒိက ပုစ္ဆာကျမ်း, ကစ္စာယန သုသုဟာရပါဠိ, ကစ္စာယနသုသုဟာရပါဠိနိဿယ အစရှိသော ကျမ်းပေါင်း ၅၀-ကျော်တို့ကို ပြုစီရင်တော် မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ မန်လည်ဆရာတော် ဘုရားကြီး အရှင် ဇဝန မဟာထေရ် (၁၂၀၃-၁၂၈၂)သည် အပိုင်း-၆-ပိုင်းနှင့် အပိုဒ်ပေါင်း ၆၂၂-ပိုဒ်ရှိ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီးကို လည်း ပြုစီရင်တော်မူခဲ့သည်။ ယင်းမဃဒေဝလင်္ကာသစ်ကျမ်းကြီးသည် မြန်မာ ကဗျာလေ့လာသူတို့အဖို့ မရှိလျှင်မဖြစ်သည့် ကျမ်းကြီးဖြစ်လေသည်၊ ကဗျာ စာပေ ရသမြောက်အောင် ရေးလိုလျှင်လည်း မဟာသုတကာရီ မဃဒေဝလင်္ကာ သစ်ကျမ်းကြီးကို လက်စွဲပြုရသည်။ ပရိသာက်ပွဲလယ် ဖွယ်ဖွယ်ရာရာ တင့်တင့် တယ်တယ် စကားလုံး တောက်တောက်ပြောင်ပြောင် ကောင်းကောင်း ပြောလို လျှင်လည်း မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်ကျမ်းကြီးကို လေ့ကျက် ရသည်။

ယင်းကျမ်းကြီးကို ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်ကလည်း အကြိမ်ကြိမ် ရိုက်နှိပ် ထုတ်ဝေခဲ့သည်။ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်က ပုံနှိပ်၍ မန်လည် စာပေ စောင့်ရှောက်ရေးအဖွဲ့ အင်းတော်မြို့ကလည်း ဖြန့်ဝေ ခဲ့သည်။ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် စာမျက်နှာ-၅၃၈-ရှိသည်။

## မဃဒေဝလင်္ကာကျမ်းကြီးဖြင့် ကဝိနယ် အပြီးတိုင်ဝင်ခဲ့

သာသနာ့ အာဇာနည် လောင်းလျာသည် ကဝိနယ်သို့ ဝင်ခဲ့သည်မှာ အဆင့် ဆင့် အကြိမ်ကြိမ် များလှလေပြီ၊ မြန်မာစာပေ အနေဖြင့် မူလကနဦးက ပေါ်ရာဇာ ဒီပနီကျမ်းကြီး ၂-ကျမ်းဖြင့် ဝင်ရောက်ခဲ့သည်၊ ယခုတဖန် ဆရာတော် အရှင်ပညာစက္က၏ တိုက်တွန်းချက်ဖြင့် မဟာသုတကာရီ မဃဒေဝလင်္ကာသစ် ကျမ်းကြီးကို အထပ်ထပ် မပြတ်ကြည့်ရှု လေ့လာကျက်မှတ်၍ ကဝိနယ်သို့ အပြီးတိုင် ချေစုံ ပြစ်ဝင်တော်မူခဲ့ရာ မဟာကဝိအဖြစ်သို့ ရောက်တော်မူခဲ့သည်။

မဃဒေဝ သုသတ္တေန၊ ကဝိနံ သုပဒံ ပဒံ။
သမ္ပတ္တော ဝိစိတ္တသာရော၊ သာရော သာရေသု သဏ္ဌိတော။

## နာထကရဏ ဆယ်ပါးပြပါဠိ အရကျက်ခဲ့

ဆရာတော် အရှင်ပညာစက္က မထေရ်သည် ဘုရားရှင်က ရင်သွေးသည်းချာ သားတော်ရာဟုလာအပေါ် ဆုံးမသွန်သင်သည့်ထုံး နှလုံးတော် မူဟန် တူပါသည်။ ဘုရားမြတ်စွာ သာသနာတော်ပြုတိုက်၌ အဖိုးတန် လေ့လာစရာ ကြည်ညိုစရာ ပုဂ္ဂိုလ်ထူးအဖြစ်သို့ မရောက် ရောက်အောင် ပို့ဆောင်တော်မူသည်။

အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် ပဌမပဏ္ဏာသက ပဌမနာထသုတ်၊ ဒုတိယ နာထသုတ်လာ နာထကရဏတရား ၁၀-ပါးပါဠိ၊ အနက်ကို အရကျက်ဆောင် စေတော်မူသဖြင့် သာသနာ့အာဇာနည် လောင်းလျာသည် သာမဏေ ဖြင့်ပင် နာထတရား ပါဠိအနက်ကို နှုတ်ရဆောင်တော်မူခဲ့လေသည်။

**နာထကရ သုဓမ္မိ၊ မုခါရုဠ္ဟံ ကရိ ဟိ ခေါ၊**
**တသ္မာ သော သုဂုဏေဟိ၊ အနူနော ပရိပူရော အဟု။**

သုတေသီတို့ အလွယ်တကူ အတုယူ ကျက်မှတ်နိုင်ရန် နာထကရဏ ဓမ္မ ပါဠိကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်၊ အနက်ကိုမူ ကျယ်အံ့စိုးသဖြင့် မဖော်ပြတော့ချေ။

### ဒသနာထကရဏ ပါဠိ

သနာထာ ဘိက္ခဝေ ဝိဟရထ မာ အနာထာ၊ ဒုက္ခံ ဘိက္ခဝေ အနာထော ဝိဟရတိ။ ဒသယိမေ ဘိက္ခဝေ နာထကရဏာ ဓမ္မာ။ ကတမေ ဒသ ဣဓ ဘိက္ခဝေ ဘိက္ခု သီလဝါ ဟောတိ၊ ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု သီလဝါ ဟောတိ ။ပ။ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊ အယမ္ပိ ဓမ္မော နာထကရဏော။ (၁)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဗဟုဿုတော ဟောတိ သုတဓရော သုတသန္နိစယော၊ ယေ တေ ဓမ္မာ အာဒိကလျာဏာ မဇ္ဈေကလျာဏာ ပရိယောသာနကလျာဏာ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ အဘိဝဒန္တိ၊ တထာရူပဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ ဓာတာ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု ဗဟုဿုတော ဟောတိ ။ပ။ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ၊ အယမ္ပိ ဓမ္မော နာထကရဏော။ (၂)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ကလျာဏမိတ္တော ဟောတိ ကလျာဏသဟာယော ကလျာဏသမ္ပဝင်္ကော။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု ကလျာဏမိတ္တော ဟောတိ

ကလျာဏသဟာယော ကလျာဏသမ္ပဝင်္ကော၊ အယမ္ပိ ဓမ္မော နာထကရဏော။ (၃)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သုဝစော ဟောတိ သောဝစဿကရဏေဟိ ဓမ္မေဟိ သမန္နာဂတော၊ ခမော ပဒက္ခိဏဂ္ဂါဟီ အနုသာသနိံ။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု သုဝစော ဟောတိ ။ပ။ အယမ္ပိ ဓမ္မော နာထကရဏော။ (၄)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ယာနိ တာနိ သဗြဟ္မစာရီနံ ဥစ္စာဝစာနိ ကိံ ကရဏီယာနိ၊ တတ္ထ ဒက္ခော ဟောတိ အနလသော၊ တတြုပါယာယ ဝီမံသာယ သမန္နာဂတော၊ အလံ ကာတုံ အလံ သံဝိဓာတုံ။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု ယာနိ တာနိ သဗြဟ္မစာရီနံ ။ပ။ အလံ ကာတုံ အလံ သံဝိဓာတုံ၊ အယမ္ပိ ဓမ္မော နာထကရဏော။ (၅)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မကာမော ဟောတိ ပိယသမုဒါဟာရော၊ အဘိဓမ္မေ အဘိဝိနယေ ဥဠာရပါမောဇ္ဇော။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု ဓမ္မကာမော ဟောတိ ပိယသမုဒါဟာရော၊ အဘိဓမ္မေ အဘိဝိနယေ ဥဠာရပါမောဇ္ဇော၊ အယမ္ပိ ဓမ္မော နာထကရဏော။ (၆)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု၊ အယမ္ပိ ဓမ္မော နာထကရဏော။ (၇)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သန္တုဋ္ဌော ဟောတိ ဣတရီတရ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရေန။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု သန္တုဋ္ဌော ဟောတိ ဣတရီတရ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ-ဘေသဇ္ဇ ပရိက္ခာရေန၊ အယမ္ပိ ဓမ္မော နာထကရဏော။ (၈)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု သတိမာ ဟောတိ ပရမေန သတိနေပက္ကေန သမန္နာဂတော၊ စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ အနုဿရိတာ။ ယမ္ပိ ဘိက္ခဝေ ဘိက္ခု သတိမာ ဟောတိ ပရမေန သတိနေပက္ကေန သမန္နာဂတော၊ စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ အနုဿရိတာ၊ အယမ္ပိ ဓမ္မော နာထကရဏော။ (၉)

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။ ယမ္ပိ

ဘိက္ခဝေ ဘိက္ခု ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ၊ အယမ္ပိ ဓမ္မော နာထ-ကရဏော။ (၁၀)

သနာထာ ဘိက္ခဝေ ဝိဟရထ၊ မာ အနာထာ၊ ဒုက္ခံ ဘိက္ခဝေ အနာ-ထော ဝိဟရတိ။ ဣမေ ခေါ် ဘိက္ခဝေ ဒသ နာထကရဏာ ဓမ္မာတိ[၁]။

## ကဗျာဆိုင်ရာ ရတုသြဘာစာစသည်များ ရေးသားစေခြင်း

တစုံတခုသော အကြောင်းကိစ္စရှိသောအခါ အရှင်ပညာစက္ကသည် သာသနာ့အာဇာနည် လောင်းလျာအား ကဗျာဆိုင်ရာ ရတု၊သြဘာစာ စသည်တို့ကို ရေးသားစေတော်မူသည်။ တေးထပ်၊ ဘောလယ် အစရှိသော သိင်္ဂါရရသမျိုးကို ရေးသားခွင့် ပြုတော်မမူ၊လိုက်ဖက်သင့်ရှိသာ ကဗျာကို လေ့လာစေတော်မူသည်။ အထူးအားဖြင့် ဂါထာ၊စုဏ္ဏိယ စီကုံးရေးသားတတ်ရန်ကို အဖန်ဖန်တိုက်တွန်းတော်မူသည်။ အဋ္ဌကထာဉာဏ်၊ ဋီကာဉာဏ် သက်ဝင်ဖို့ သတိပြုရန် အမြဲထာဝရ ဆုံးမလေ့ရှိတော်မူသည်။ မိမိကိုယ်တိုင်က ဂါထာ စုဏ္ဏိယ စီကုံးတတ်မှသာ အဋ္ဌကထာ၊ ဋီကာတို့၌ ဆိုလိုရင်း အဓိပ္ပါယ်ကို နားလည်ကြောင်း အမြဲထာဝရ သတိပေးတော်မူသည်။

ယင်းသို့ဖြင့် အရှင်ပညာစက္ကမဟာထေရ်သည် သာသနာ့အာဇာနည်လောင်းလျာအား အရေးတယူ ပညာသင်ကြား စောင့်ရှောက် ချီးမြှောက်တော်မူခဲ့လေသည်။ ရှင်ဝိစိတ္တသာရသည်လည်း ဆရာသမား ညွှန်ကြားသည့်အတိုင်း ကြိုးစားအားသစ်လေရာ ဒီရေအလား အရည်အချင်း မြင့်မား တိုးတက်လာလေသည်။

> ပညာစက္ကော မဟာစက္ကော၊ ဝိစိတ္တံ သော အနုဂ္ဂဟိ။
> ဝိစိတ္တော သော ပဋိဂ္ဂဟိ၊ ဉာယံ ထေရေန ဒသိတံ။

## မိုးနှူးသစ်ပင် လန်းလန်းရှင်ခဲ့

ရှင်ဝိစိတ္တသာရ တည်းဟူသော မိုးနှူးသစ်ပင်ကလေးကား ဓမ္မနာဒဆရာတော် အရှင်ပညာစက္က၏ ဖော်ပြပါ အဆုံးအမ သြဝါဒအနုဂ္ဂဟ ဟူသော မိုးရေမိုးပေါက် ထောက်မပေးချက်ကို နေ့စဉ်ရက်ဆက် ရရှိလေရကား သာမဏေအဖြစ်ဖြင့်ပင် ဆိုရိုးညဝါနှင့်တကွ စာသင်သားတို့ တတ်မြောက်ရမည့် အခြေပြုကျမ်းစာများ ပြီးဆုံးအောင်မြင် နှုတ်ငုံမိလေပြီ။

> သာမဏေရော သမာနော၊ သကလံ မူလပေါတ္ထကံ။
> ဝါစုဂ္ဂတံ ကရိတွာန၊ ပါပေတိ နိပ္ဖတ္တိံ သုဓီ။

---

၁။ အံ၊ ၃၊ ၂၇၅-၆။ အံ၊ ၃၊ ၂၇၆-၂၇၉။

## ဆရာဦးသွင်နှင့် လေဒီသွင်တို့က ရဟန်းခံလိုကြ

သက္ကရာဇ် ၁၂၉၂-ခုနှစ် ဝါဆိုဦးလောက်တွင် ဒေါ်မမ္မစာရီ ရန်ကုန်သို့ ရောက်ရှိပြီး ရှင်ဝိစိတ္တသာရ အကြောင်း သူဌေးကြီး ဦးသွင်နှင့် သူဌေးကတော် လေဒီသွင်ခေါ် ဒေါ်ဒေါ်သိန်းနှင့် စကားစပ်မိ ပြောဆိုကြလေရာ—

> ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
> ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ဟူသည်နှင့် အညီ ဆရာဦးသွင်နှင့် လေဒီသွင်ခေါ် ဒေါ်ဒေါ်သိန်းတို့သည် ရှင်ဝိစိတ္တသာရ၏ ဂုဏ်သတင်းကိုကြားလျှင် ကြားခြင်းပင် ရှေးရှေးဘဝတို့က တကွနေခဲ့ဘူးခြင်းဟူသော ပုဗ္ဗေဝသန္နိဝါသ အကြောင်း၏ လှုံ့ဆော်တိုက်တွန်းချက်အရ မမြင်ရသေးပဲ ရဟန်းဒါယကာ, ဒါယိကာမများအဖြစ် ခံယူလိုသော စိတ်များ ဖြစ်ပွါးလာကြပြီး ဒေါ်မမ္မစာရီနှင့်တကွ ဆရာတော် အရှင်ပညာစက္ကထံ ရှင်ဝိစိတ္တသာရကို ရဟန်းခံခွင့် တောင်းကြကုန်၏။

> ဆရာဦးသွင် ဒေါ်ဒေါ်သိန်းစာပိ၊ မမ္မစာရီ သမေတိကာ။
> ပညာစက္ကံ အာယာစိံသု၊ ဝိစိတ္တံ ပဗ္ဗဟိတုံ တဒါ။

## ရှင်ဝိစိတ္တသာရ ရဟန်းဘဝ ဒုလ္လဘရရှိပြီ

**သာသနာ့ အာဇာနည် လောင်းလျာ** ရှင်ဝိစိတ္တသာရသည် ၁၂၉၂-ခုနှစ် နှောင်းတန်ခူး လဆန်း ၆-ရက်နေ့တွင် မင်းကွန်း ငွေတောင်တောရ ခဏ္ဍသိမ်တော်၌ မင်းကွန်းချောင်ဆရာကြီး ဒေါ်မမ္မစာရီ အမှူးပြုသော ဆရာဦးသွင် လေဒီသွင်ခေါ် ဒေါ်ဒေါ်သိန်း တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် အရှင်ပညာစက္ကမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူလေသည်။

> ဥပဇ္ဈာယံ ကရိတွာန၊ ပညာစက္ကံ မဟာဝိဒုံ။
> ဒုလ္လဘံ အလဘိ ဓီရော၊ ဒုလ္လဘေ ဗုဒ္ဓသာသနေ။

## နေ·လအလား ဥပဇ္ဈာယ်ဆရာတော် နှစ်ပါး

သာသနာရာစု ၂၆-ရာစုနှစ်တွင် အလွန်လျှင် ကျော်စောထင်ရှားသည့် ဝိသိဋ္ဌတိပိဋကဓရ, မဟာတိပိဋကကောဝိဒ, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, ဆဋ္ဌသံဂါယနာ ဝိသဇ္ဇကပုဂ္ဂိုလ်ကျော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ နေလအလား ရှင်ဥပဇ္ဈာယ်, ရဟန်းဥပဇ္ဈာယ်ဟူသော ဥပဇ္ဈာယ်နှစ်ပါးကို ပြောစမ်းပါဆိုလျှင် ဖော်ပြခဲ့သည့်အတိုင်း ရှင်ဥပဇ္ဈာယ်မှာ မြင်းခြံမြို့ မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်း ဆရာတော် အရှင်သောဘိတ, ရဟန်း

ဥပဇ္ဈာယ် မင်းကွန်းတောင်ရိုး ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကတို့ကို ပြောရာ၏၊ ဖြေဆိုရာ၏။

သာမဏေရ ဥပ်ဇ္ဈာယော၊ အဟု သောဘိတသာဝှယော။
ဥပသမ္ပဒုပဇ္ဈာယော၊ ပညာစက္ကော တဿ ဟိ ခေါ။

## ကမ္မဝါစာ ဆရာတော်များ

သီဟိုဠ်သာသနာ့ ခေါင်းဆောင် အရှင်မဟိန္ဒ ရဟန်းခံစဉ် အရှင်မဇ္ဈန္တိက ထေရ်သည် ကမ္မဝါစာ ရွတ်ဖတ်တော်မူ၍ ချီးမြှောက်တော်မူသကဲ့သို့ အရှင်ဝိစိတ္တသာရ ရဟန်းပြုစဉ် မန္တလေးမြို့ ရွှေရေးဆောင်ဆရာတော်, မန္တလေးမြို့ ညောင်ကန်ဆရာတော်ကြီး, မန္တလေးမြို့ မစိုးရိမ်ဆရာတော်ကြီး, စစ်ကိုင်း ဘုရားကြီးဆရာတော်, စစ်ကိုင်း သမ္ဗာသတိဆရာတော်, မဟာသစ်ဝင်ချောင် ဆရာတော်, မင်းကွန်း ချမ်းသာကြီးဆရာတော်, ပေါင်းထောင်ကူ ဆရာတော်, ငွေတောင်တောရ ရွှေဘုံ ဆရာတော် အစရှိသော သာသနာ့မှန်ကင်း သဖွယ် ဖြစ်တော်မူကြသည့် ဆရာတော်ကြီးများ နောက်ဆုံး ညီညာတသွေး စည်းဝေးညီမူ၍ ကမ္မဝါစာရွတ်ဖတ် ချီးမြှောက်တော်မူကြသည်။

ကမ္မဝါစံ ဘဏိတွာန၊ ထေရာ ထိရေသု သဏ္ဌိတာ။
အနုဂ္ဂဟုံ ဝိစိတ္တံ တု၊ ဥပသမ္ပဒမာဋ္ဌကေ။

## ငါတို့နောက်ဆုံး စည်းဝေးရပေသည်

သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရကို ရဟန်းခံပြီးနောက်၌ ထို ဆရာတော်ကြီးများ ထိုမျှစုံညီစွာ စည်းဝေးမိသောပွဲ မရှိတော့ပြီ။ ထို့ကြောင့်ပင် ရဟန်းခံပြီး စစ်ကိုင်းဘုရားကြီး ဆရာတော်ဘုရားကြီး နှုတ်တော်မှ မြွက်ဟ၍ ရောမ မင်္ဂလာရှိလှသည့် ပွဲကြီးဖြစ်ပေသည်၊ မောင်ပဉ္စင်းကို အကြောင်းပြု၍ ငါတို့နောက်ဆုံး စည်းဝေးရပါပေသည်ဟု ဝမ်းမြောက်စကား မိန့်ကြားတော်မူသည့်ပြင် ရဟန်းခံပြီးနောက် ၂ ရက်ခန့် ဆရာတော်ကြီးများ တရားစကား ပြောဆို ဆွေးနွေးတော်မူကြ၍ သီတင်းသုံးတော်မူကြကုန်၏။

ဝိစိတ္တော သုသုဓဥပယာဟ၊ သန္နိပါတိယ ပစ္ဆိမံ။
အနုဂ္ဂဏှိံသု ယံ ထေရာ၊ သာသနဿ ဝုဍ္ဎုပမာ[၁]။

---

၁။ အဌုပ္ပတ္တိအကျဉ်း၊ ၁၄။ တိပိဋကဓရဝတ္တန္တသန္ဒိပနီ၊ ၆၀။

## မိခင်ကြီး ဒေါ်ဆင် မကြုံဘူးအောင် ဝမ်းမြောက်
## ဆရာတော် အရှင်ပညာစက္က ပီတိဖြစ်

သာသနာ့အာဇာနည် လောင်းလျာ၏ ဖခင်မှာ မရှိရှာတော့ပြီ၊ မိခင်ကြီး ဒေါ်ဆင်မှာ လွန်စွာဝမ်းမြောက်လှသည်၊ လေးကျွန်းသနင်း ဧကြာမင်း၏မယ်တော်ဖြစ်ရဖို့ထက် အဆရာလောင်း မကာသာဓကောင်း ဖြစ်ရခဲ့သော သာသနာ့အာဇာနည် လောင်းလျာ၏ မယ်တော်၊ ဘုန်းကြီးမယ်တော် ဖြစ်ရခြင်းအတွက် ကတော့မလို ခုန်တော့မလောက် လွန်စွာ ဝမ်းမြောက် ရှင်လန်းခဲ့လေသည်။ ဆရာတော် အရှင်ပညာစက္ကသည်လည်း ပညာတတ် သာသနာ့အာဇာနည် တပည့်ကောင်း၏ ဆရာသမား ဖြစ်ရခြင်းအတွက် ပီတိတွေ ထပ်ကာ ထပ်ကာ ဖြစ်နေတော်မူသည်။

မောဒိတာ ဝတ သာ မာတာ၊ ဇနိကာ ပုညကာရိနီ။
မောဒိတာ ဝတ သွာစေရော၊ သိဿကော ယဿ ဤဒိသော။

ဇနိကာယ၊ လွန်စွာထူးခြား သားရတနာကို ဖြစ်စေတတ်သော။ ပုည-ကာရိနိယာ၊ ထာဝစဉ် နိစ္စကောင်းမှု ပုညအစုစုကို ပြုလေ့ရှိသော။ ယဿာ မာတုယာ ဝါ၊ မြင်းမိုရ်ထွတ်ဦး ကျေးဇူးကြီးရှင် အကြင် မွေးမိခင်အားလည်း။ ဤဒိသော၊ တိက္ခ, ဟာသ, ဇဝန, ဂမ္ဘီ ဉာဏ်ဝဇီဖြင့် စုံညီပြန့်သော သဘောရှိသော။ ပုတ္တကော၊ သာသနာ တဝက်လဲတွင်မှ အခက်အခဲစုံဖြိုခွင်း ကျင်းပဆင်သ ဆင္ဃသံဂါယနာ ဝိသဇ္ဇက, ဝိသိဋ္ဌတိပိဋကဓရ, မဟာတိပိဋကကောဝိဒ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ လောင်းလျာ သားကောင်းရတနာသည်။ အတ္ထိ၊ ပုဗ္ဗေကတ ပုညပင့်ထောက် ပေါ်ပေါက်ရရှိပေ၏။ ဇနိကာ၊ လွန်စွာထူးခြား သားရတနာကို ဖြစ်စေတတ်သော။ ပုညကာရိနီ၊ ထာဝစဉ် နိစ္စကောင်းမှု ပုညအစုစုကို ပြုလေ့ရှိသော။ သာ မာတာ၊ သားကောင်းအရှင် ထိုမွေးမိခင်သည်လည်း။ မောဒိတာ ဝတ၊ ကတော့မည့်ပုံ ခုံတော့မလောက် ဝမ်းမြောက်ရိုးဖြောန် အမှန်သာတည်း။

ယဿ အာစေရဿ၊ တပည့်အကျိုး သည်ပိုးကျင့်ဆောင် မြင်းမိုရ်တောင်ပုံသွင် လွန်လျှင်ကြီးအင် အကြင်ကျေးဇူးရှင် ဆရာသမားအား။ ဤဒိသော၊ တိက္ခဟာသ ဇဝနနှင့် ဗဟုဿုတ ဂမ္ဘီပညာ ကောင်းစွာပြည့်စုံ လောက်လုံတတ်မြောက်သော သဘောရှိသော။ သိဿကော၊ သာသနာ တဝက်လဲတွင်မှ အခက်အခဲတွေ ဖြိုခွင်း ကျင်းပဆင်သ ဆင္ဃသံဂါယနာ ဝိသဇ္ဇက, ဝိသိဋ္ဌတိပိဋကဓရ, မဟာတိပိဋကကောဝိဒ, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ လောင်းလျာ တပည့်ကောင်း ရတနာသည်။ အတ္ထိ၊ အမြင်အားဖြင့် ထင်ရှား

ရှိပေ၏။ သော အာစေရော၊ ထိုတပည့်ကောင်းအရှင် ဆရာသခင်သည်။ မောဒိတော ဝတ၊ စိတ်စက်ချမ်းသာ ဝမ်းသာရွှင် မှန်လှပေသတည်း။

## ဝိနည်းပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းများ

ဝိနည်းပါဠိတော် ကျမ်းကြီးများသည် ဘုရားရှင်၏ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့အတွက် သည်လိုနေ, သည်လိုသွား, သည်လိုစား, သည်လို သောက်, သည်လိုထိုင်, သည်လိုကျင့်, သည်လိုကြံ, သည်လိုပြော, သည်လိုဆို-စသည်ဖြင့် သွန်သင်ညွှန်ကြားပေးသည့် သိက္ခာပုဒ် ဥပဒေတော်ကျမ်းကြီးများ လိုက်နာဖွယ် မှတ်သားဖွယ်တွေ ပြည့်နှက်နေသည့် အနုဋ္ဌ ကျမ်းစာကြီးများ ဖြစ်သည်။ဝိနည်းပါဠိတော် ကျမ်းများမှာ–(၁) ပါရာဇိကပါဠိ။ (၂) ပါစိတ္တိယ-ပါဠိ။ (၃) မဟာဝဂ္ဂပါဠိ။ (၄) စူဠဝဂ္ဂပါဠိ။ (၅) ပရိဝါရပါဠိ အားဖြင့် ၅-ကျမ်း အရေအတွက်ရှိသည်။

ယင်း ၅-ကျမ်းအနက် ပါရာဇိကပါဠိမှာ ဆဋ္ဌသံဂါယနာစာတော်မူ ၃၇၁-မျက်နှာရှိ၏။ ပါစိတ္တိယပါဠိမှာ ၄၇၀-ရှိ၏။ မဟာဝဂ္ဂပါဠိမှာ ၅၁၀-ရှိ၏။ စူဠ-ဝဂ္ဂပါဠိမှာ ၅၀၇-မျက်နှာရှိ၏။ ပရိဝါရပါဠိမှာ ၃၉၀-ရှိ၏။ ယင်းဝိနည်း ၅-ကျမ်းမှာ တကယ်တော့ အတုမဲ့ မဟာဥပဒေ ပါရဂူကြီး ဖြစ်တော်မူသော ဘုရားရှင် ထုတ်ပြန်တော်မူခဲ့သည့် ဥပဒေကျမ်းကြီးများ ဖြစ်လေရာ ဘုရားမှင်တာမူ အလားတူ၏၊ အတုမရှိသော ဥပဒေများဖြစ်၏။ သာသနာတော်၏ အသက် သွေးခဲလည်း ဖြစ်လေသည်။

> သတ္တု ကပ္ပေါ သုဝိသိဋ္ဌော၊ ဝိနယော ဟိ စက္ကဝရော။
> ဂမ္ဘီရော နိပုဏော စေဝ၊ သမ္ဗုဒ္ဓေန သုဒေသိတော။

## ဝိနည်းအဋ္ဌကထာကျမ်းကြီးများ

ဝိနည်းအဋ္ဌကထာ ကျမ်းကြီးများမှာ (၁) ပါရာဇိကကဏ္ဍ အဋ္ဌကထာ ပဌမ အုပ်, (၂) ပါရာဇိကကဏ္ဍ အဋ္ဌကထာ ဒုတိယအုပ်, (၃) ပါစိတျာဒိအဋ္ဌကထာ, (၄) စူဠဝဂ္ဂါဒိအဋ္ဌကထာအားဖြင့် အဋ္ဌကထာ ၅-ကျမ်း ၄-အုပ်ရှိသည်။ သာသနာ သက္ကရာဇ် ၉၅၀-ကျော်ခန့်တွင် ပေါ်ထွန်းသည့် ကျမ်းပြုလိုမှာ အရှင် မဟာဗုဒ္ဓဃောသမထေရ်သည် သီဟိုဠ်ဘာသာဖြင့် တည်ရှိသော ဝိနည်းဟော အဋ္ဌကထာ, မဟာပစ္စရိအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာတို့ကို ဝိနယညူဖြစ်တော်မူ သော အရှင်ဗုဒ္ဓမိတ္တထေရ်အထံ နာယူမှတ်သား သင်ယူတော်မူပြီး ဖော်ပြပါ ဝိနည်းအဋ္ဌကထာ ကျမ်းကြီးများကို စီရင်တော်မူခဲ့သည်။ ယင်းဝိနည်း အဋ္ဌ ကထာ ကျမ်းများကို ကျမ်းပြုဆရာတော်သည်–

ဆရာအဆက်ဆက်ကို ကျနစွာဖော်ပြခြင်း၊ နိဒါန်းဝတ္ထု အထူးအဆန်း အထူးအပြားတို့ကို ဖော်ပြခြင်း၊ သာသနာပ တိတ္ထိယတို့၏ အယူအဆများကို လုံးဝမဖော်ပြပဲ ရှောင်ကြဉ်ခြင်း၊ ဘုရားသာသနာ အယူအဆသက်သက်သာ ပြသဖြင့် သန့်ရှင်းစင်ကြယ်ခြင်း၊ ပုဒ်နေပုဒ်ထား ပုဒ်သွားပုဒ်လာ သဒ္ဒါနေ၊ သဒ္ဒါထား၊ သဒ္ဒါသွား၊ သဒ္ဒါလာတို့ကို အပြစ်ကင်းကွာ စင်ကြယ်စွာ ဖွင့်ပြခြင်း ပုဒ်နက်၊ အနက်ယောဇနာပုံ၊ သိက္ခာပုဒ်ဆုံးဖြတ်ပုံ၊ အကျယ်ခဝဖန်ချက် နည်းထူးများကို ပညာသားပါပါ ဖွင့်ပြထားသဖြင့် တစုံတရာ တမျိုးတလေမျှ မကြည်ညိုဖွယ် အချက်အလက်၊ မကောင်းမသန့်သော အချက်အလက်များ မပါ စင်းလုံးချော ကြည်ညိုစရာတွေဖြင့်ချည်း ပြည့်နှက်နေသဖြင့် သမန္တပါသာ ဒိကမည်ကြောင်း အဋ္ဌကထာဆရာကိုယ်တိုင်-

အာစရိယပရမ္ပရတော၊ နိဒါနဝတ္ထုပ္ပဘေဒဒီပနတော။
ပရသမယဝိဝဇ္ဇနတော၊ သကသမယဝိသုဒ္ဓိတော စေဝ။

ဗျဉ္ဇနပရိသောဓနတော၊ ပဒတ္ထတော ပါဠိယောဇနက္ကမတော။
သိက္ခာပဒဝိနိစ္ဆယတော၊ ဝိဘင်္ဂနယဘေဒဒဿနတော။

သမ္ပဿတံ န ဒိဿတိ၊ ကိဉ္စိ အပါသာဒိကံ ယတော ဧတ္ထ။
ဝိညူနမယံ တသ္မာ၊ သမန္တပါသာဒိကာတွေဝ[၁]။

ဟူသော ဂါထာဖြင့် ဖော်ပြတော်မူသည်။

ယင်းဝိနည်းအဋ္ဌကထာ ၄-ကျမ်းအနက် ပါရာဇိကကဏ္ဍ အဋ္ဌကထာ ပဌမ အုပ်မှာ ဆဋ္ဌသံဂါယနာဖော်မူ စာမျက်နှာ ၃၄၅။ ပါရာဇိကကဏ္ဍအဋ္ဌကထာ ဒုတိယအုပ်မှာ ၃၁၂။ ပါစိတျာဒိအဋ္ဌကထာ ၄၃၇။ စူဠ ဝဂ္ဂါဒိ အဋ္ဌကထာမှာ စာမျက်နှာ ၂၆၅ အသီးသီးရှိသည်။

ဝိနယဋ္ဌကထာ နာမ၊ ဂမ္ဘီရာ ဝိတ္ထိဏ္ဏာ သုဘာ။
သုဝိနိစ္ဆယသမ္ပုဏ္ဏာ၊ ဝိနယညူဟိ မာနိတာ။

### ဝဇိရဗုဒ္ဓိဋီကာ

ဝိနည်းအဋ္ဌကထာ ကျမ်းကြီးများ ပေါ်ထွန်းပြီးနောက် အနှစ် ၇၀၀-၈၀၀-ခန့်တွင် ယင်းဝိနည်း အဋ္ဌကထာ ကျမ်းကြီးများ၏ အဖွင့် သီဟိုဠ်ကျွန်း အရှင် ဝဇိရဗုဒ္ဓိထေရ် ပြုစီရင်သည့် ဝဇိရဗုဒ္ဓိဋီကာကျမ်းကြီး ပေါ်ထွန်းခဲ့သည်။

ယင်း ဝဇိရဗုဒ္ဓိဋီကာကျမ်းကြီးများမှာ ဂဏ္ဌိအသွင် စီရင်ပြုစုသည့် ကျမ်းကြီး ဖြစ်ရာ ခက်ခဲသည်၊ ရင်းမြင် ရှေးသီဟိုဠ် စကားများလည်း ပါရှိနေရာ သီဟိုဠ်

---

၁။ ဝိ၊ ဋ္ဌ၊ ၄၊ ၂၆၃။

ဘာသာ မကျွမ်းကျင်သူတို့ အလွယ်တကူသိရန် ခေါ်ခဲ့သည်။ ပညာရှိသူတို့၏ အရာသာ ဖြစ်၏။ ယင်းဝဇိရဗုဒ္ဓိဋီကာကြီးမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၅၇၅-ရှိသည်[1]။

ဝဇိရဗုဒ္ဓိဋီကာ ဟိ၊ ဂမ္ဘီရာ ဂဏ္ဌိသာဒိသာ။
ဝိသယော ဝေ ဝိညူနံ၊ ဒုပ္ပညာနံ အဝိသယော။

## သာရတ္ထဒီပနီဋီကာ

ဝဇိရဗုဒ္ဓိဝိနည်းဋီကာကြီး ပေါ်ထွန်းပြီးနောက်တွင် သာရတ္ထဒီပနီဋီကာကြီး ပေါ်ထွန်းခဲ့သည်။ သာသနာသက္ကရာဇ် ၁၇၀၁-ကျော်တွင် သီဟိုဠ်၌ ထူးခြားစွာ ပေါ်ထွန်းသည့် ဒိမ္ဗုလာဂလ အရှင်မဟာကဿပ၊ သီဟိုဠ်ကျွန်း ဂဏဝါစက စာချ အကျော် အရှင်သုမေဓာတို့၏ တပည့်ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မဟာထေရ်သည် ဝဇိရဗုဒ္ဓိဋီကာကို အားအရ အကျေနပ် နည်းနေသည်။ ဝိနည်းအဋ္ဌကထာများတွင် လာရှိနေရာ၌ အနက်သဘော အဓိပ္ပါယ် မပေါ်လှင် မပြီးစေနိုင်ခြင်း၊ သီဟိုဠ်ဘာသာများဖြင့် ရောထွေးယှက်တင် ဖြစ်နေခြင်း၊ အသားမပါသော စကားများဖြင့် ကျမ်းလေးနေခြင်း စသည်တို့ကြောင့် ဋီကာအသစ်ရေးမည်ဟု ဖော်ပြ၍ သာရတ္ထဒီပနီဋီကာကို စီရင်တော်မူခဲ့သည်။ ယင်းသာရတ္ထဒီပနီဋီကာကျမ်းကြီးသည် ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲအားဖြင့် ၃-တွဲရှိသည်။ ယင်း ၃-တွဲအနက် ပဌမတွဲမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၄၆၀၊ ဒုတိယတွဲ ၄၄၈၊ တတိယတွဲ ၄၉၆-အသီးသီး ရှိသည်[2]။

သာရတ္ထဒီပနီ နာမ၊ ဝိတ္ထိဏ္ဏာ ဝိဒုမာနိတာ။
ရမဏီယာယ ဘာသာယ၊ သာရိပုတ္တေန နိမ္မိတာ။

## ဝိမတိဝိနောဒနီဋီကာ

သာရတ္ထဒီပနီဋီကာကျမ်းကြီးများ ပေါ်ထွန်းပြီး မကြာမီအတောအတွင်း ဝိမတိဝိနောဒနီဋီကာကျမ်းကြီး ပေါ်ထွန်းခဲ့သည်။ သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀-အတွင်းတွင် ပေါ်ထွန်းသည်၊ အိန္ဒိယတောင်ပိုင်းနှင့် စောဠတိုင်းတို့၌ ထင်ရှားသော အိန္ဒိယတောင်ပိုင်း စောဠတိုင်းသား ပညာရှင် အရှင်ကဿပထေရ်သည် ပေါ်ထွန်းပြီး ဝိနည်းဋီကာကျမ်းကြီးများကို ခက်လွန်း၊ ကျယ်လွန်းနေခြင်း စသည်များကြောင့် အကြိုက်နည်းနေပြန်သည်။ ၎င်းပြင် ယုံမှားဖွယ်ရာများရှိနေသည်ဟု အရှင်ကဿပထေရ်က ပြောသည်။ သို့ဖြစ်၍ ရဟန်းတော်များ

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင် ၇၁-၇၃-လည်း ကြည့်။
၂။ အကျယ်မဟာဝိသုတာရာမနိကာယသာသနာဝင် ၇၅-ကြည့်။

ယုံမှားသံသယ ပြေပျောက်ရန် အဘျယ်မသွင်း၊ အကျဉ်းချုပ် ဝိမတိဝိနောဒနီဋီကာ အမည်မှည့်၍ ဋီကာသစ် ရေးသားစီရင်တော်မူခဲ့သည်[၁]။

ယင်း ဝိမတိဝိနောဒနီဋီကာသစ်သည် ပဌမအုပ်, ဒုတိယအုပ် ၂-အုပ်ရှိရာ ပဌမအုပ် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၃၆၂၊ ဒုတိယအုပ် ၃၂၂-ရှိသည်။

ဝိမတိဝိနောဒနိဝှ – ဋီကာ သံခိတ္တနိမ္မိတာ။
သုသင်္ခေပ ရုစိကေဟိ၊ ပဏ္ဍိတာ သာဓု သေဝိတာ။

## ဝိနည်းပါဠိတော်, အဋ္ဌကထာ, ဋီကာများကို သင်ယူလေ့လာခြင်း

သာသနာ့အာဇာနည်လောင်းလျာ ရှင်ဝိစိတ္တသာရသည် ဖော်ပြပါ ဝိနည်းပါဠိတော် ၅-ကျမ်းနှင့် ဝိနည်းအဋ္ဌကထာကျမ်းကြီးများ, ဝိနည်းဋီကာကျမ်းကြီးများကို နံနက်ပိုင်း မောဂ္ဂလ္လာန်စာဝါအပြီး ဆရာတော်အရှင်ပညာစက္ကမဟာထေရ် ချပို့ပေးသဖြင့် ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ ရှေ့သွားဖြင့် သင်ယူကြည့်ရှု လေ့လာတော်မူသဖြင့် ဝိနည်းကျမ်းဂန်များ၌ ရဟန်းဖြစ်စကပင် ကျွမ်းကျင်တော်မူခဲ့လေသည်။

ဝိနယပါဠိယော စေဝ၊ ဝဏ္ဏနာ သံဝဏ္ဏနာပိ စ။
ထေရကုံရော သုသိက္ခိတွာ၊ တေသု ဆေကော ဝိသာရဒေါ။

## အဘိဓမ္မပိဋကပါဠိတော် ကျမ်းကြီးများ

အဘိဓမ္မပိဋကမှာ ကျမ်းအရေအတွက်အားဖြင့်—

(၁) ဓမ္မသင်္ဂဏီပါဠိ။ (၂) ဝိဘင်္ဂပါဠိ။ (၃) ဓာတုကထာပါဠိ။ (၄) ပုဂ္ဂလပညတ္တိပါဠိ။ (၅) ကထာဝတ္ထုပါဠိ။ (၆) ယမကပါဠိ။ (၇) ပဋ္ဌာနပါဠိအားဖြင့် ကျမ်းအရေအတွက် ၇-ကျမ်းရှိသည်။ ယင်းကျမ်းများအနက် ဓမ္မသင်္ဂဏီပါဠိမှာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၂၉၇-ရှိ၏။ ဝိဘင်္ဂပါဠိ ၄၅၃။ ဓာတုကထာပါဠိ-၁၁၀။ ပုဂ္ဂလပညတ္တိပါဠိ-၇၅။ ကထာဝတ္ထုပါဠိ ၄၅၄။ ယမကပါဠိမှာ ပဌမတွဲ, ဒုတိယတွဲ, တတိယတွဲ ၃-တွဲရှိရာ ပဌမတွဲ-၃၃၀။ ဒုတိယတွဲ-၃၁၆။ တတိယတွဲ-၃၃၀။ ပဋ္ဌာနပါဠိမှာ ပဌမတွဲ, ဒုတိယတွဲ, တတိယတွဲ, စတုတ္ထတွဲ, ပဉ္စမတွဲ အားဖြင့် ၅-တွဲရှိရာ ပဌမတွဲ စာမျက်နှာ-၄၆၄။

---

၁။ ဝိနယေ ဝိမတိံ ဆေတုံ၊ ဘိက္ခူနံ လဟုဝုတ္တိနံ။
သင်္ခေပေန လိခိဿာမိ၊ တဿာ လီနတ္ထဝဏ္ဏနံ။ ဝိမတိဝိနောဒနီဋီကာ၊ ဂန္ထာရမ္ဘ။

ဒုတိယတွဲ-၄၉၃။ တတိယတွဲ-၆၀၅။ စတုတ္ထတွဲ-၆၃၆။ ပဉ္စမတွဲ-၄၄၂ ဇ သိ သိ ရှိလေသည်။ ယင်းကျမ်းတို့သည် "အဘိဓမ္မ"ဆိုသည့်အတိုင်း အလွန်လျှင် ခက်ခဲနက်နဲသော ကျမ်းတို့ ဖြစ်ကုန်၏။

အဘိဓမ္မပိဋကံ ဟိ၊ ဂမ္ဘီရံ ဒုဒ္ဒသံ သုဘံ။
နိပုဏံ စေဝ ဘဏ္ဍံ စ၊ ဂမ္ဘီရဉာဏဂေါစရံ ။

## အဘိဓမ္မာ အဋ္ဌကထာကျမ်းကြီးများ

ဖော်ပြပါ အဘိဓမ္မာပိဋက ပါဠိတော်များ၏ အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာများကိုလည်း အရှင်မဟာဗုဒ္ဓဃောသ မဟာထေရ်ပင် ဖွင့်ဆို စီရင်တော်မူရာ အဋ္ဌသာလိနီအဋ္ဌကထာ, သမ္မောဟဝိနောဒနီအဋ္ဌကထာ, ပဉ္စပကရဏအဋ္ဌကထာ ဟု ၃-ကျမ်း ရှိလေသည်။ ယင်း ၃-ကျမ်းအနက် အဋ္ဌသာလိနီအဋ္ဌကထာမှာ စာမျက်နှာ ၄၅၄၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ ၅၀၀၊ ပဉ္စပကရဏ အဋ္ဌကထာမှာ ၄၉၉-မျက်နှာ အသီးသီး ရှိလေသည်။ အလွန်လျှင် သင့်ယူလေ့လာထိုက်သော အဋ္ဌကထာကျမ်းကြီးများ ဖြစ်လေသည်။

ဘိဓမ္မဋ္ဌကထာယောပိ၊ ဂေါစရော ဝိဒူနံ ဟိ ခေါ။
နိဗ္ဗာနံ တေသု ကတ္တဗ္ဗံ၊ သုသုဒ္ဓဉာဏ ဂေါစရော။

## မူလဋီကာကျမ်းကြီးများ

ဖော်ပြပါ အဘိဓမ္မာ အဋ္ဌကထာ များ၏ အဖွင့် သံဝဏ္ဏနာတို့ကို မူလဋီကာ အမည်မှည့်၍ အေ-ဒီ ၅-ရာစုလောက်တွင် ပေါ်ထွန်းသည့် အရှင်အာနန္ဒာမထေရ် ဖွင့်ဆို စီရင်တော်မူခဲ့လေသည်။ "သာ စ သဗ္ဗာသံ ဋီကာနံ အာဒိဘူတတ္တာ မူလဋီကာတိ ပါကဋာ"ဟူသော သာသနဝံသပ္ပဒီပိကာဖြင့် သိနိုင်သည်။ ယင်း မူလဋီကာကျမ်းမှာ ပဌမတွဲ, ဒုတိယတွဲ, တတိယတွဲ အားဖြင့် ၃-တွဲရှိရာ ပဌမတွဲ ဆန္ဒသံဂါယနာ စာတော်မူ စာမျက်နှာ ၂၀၃၊ ဒုတိယတွဲ ၂၃၅၊ တတိယတွဲ ၂၄၀၊ အသီးသီး ရှိလေသည်၊ ယင်းမူလဋီကာ ကျမ်းများကား ပရိယတ္တိ သာသနာတော်၌ လွန်စွာခက်ခဲသော ဋီကာများဟု ထင်ရှားကုန်၏။ ရှေးရေးဆောင် ဆရာတော်ဘုရားကြီး အရှင်အာဒိစ္စရံသီ၊ ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး အရှင်ဒီပ၊ ပခုက္ကူ ဆရာတော်ဘုရားကြီး အရှင်ပညာ, အရှင်နန္ဒဝံသ မဟာထေရ် စသူတို့ ချပို့ရိုးရှိကြကုန်၏။ ဗားကရာသာသနာပိုင် ချနက် နွားမြင် အရှင်မုနိန္ဒ ဂူကြီးဆရာတော် အရှင်ပညာသိဟ တို့၏ မူလဋီကာ နိဿယများ ရှိသဖြင့် ချပို့ရန် လွယ်ကူနေ၏။

အဘိဓမ္မဋ္ဌကထာယ၊ မူလဋီကာ သုဒုက္ကရာ။
ဓိက္ခုဉာဏိကဝိညူနံ၊ ဝိသယာ ဝိညုပတ္တိတာ။

## အနုဋီကာကျမ်းကြီးများ

အရှင်ဓမ္မပါလထေရ် ပြုစီရင်သည့် ဖော်ပြပါ မူလဋီကာ ကျမ်းကြီးများ၏ အဖွင့် သံဝဏ္ဏနာဖြစ်သော အနုဋီကာတို့လည်း ရှိကုန်၏။ ယင်း အနုဋီကာ ကျမ်းကြီးများလည်း ပဌမတွဲ, ဒုတိယတွဲ, တတိယတွဲ အားဖြင့် ၃-တွဲရှိရာ— ပဌမတွဲ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၂၂၀၊ ဒုတိယတွဲ ၂၂၉၊ တတိယတွဲ ၃၂၃၊ အသီးသီးရှိကုန်၏။ ယင်းဋီကာများကို သာမန် စာချ, စာသင်တို့ မလေ့လာကြကုန်၊ ထူးထူးချွန်ချွန် တတ်သိလိုသည့် စာသင် စာချ တို့သာ အလေ့အလာ ပြုကြကုန်၏။

အနုဋီကာပိ သုမူလ–ဋီကာယ ဝဏ္ဏနာ သုဘာ။
နိပုဏာ ဝိညုပ္ပတ္ထိတာ၊ သာသနေ အဘိပါကဋာ။

## အဘိဓမ္မာပါဠိ, အဋ္ဌကထာ, ဋီကာများကို ဆိုဝါဖြင့် သင်ယူ

သာသနာ့ အာဇာနည် ယောင်းလျာသည် ဖော်ပြပါ အဘိဓမ္မပိဋက ပါဠိ, အဋ္ဌကထာ, မူလဋီကာ, အနုဋီကာ ကျမ်းကြီးများကို ညနေဖက်တွင် ကျေးဇူးရှင် ဆရာတော် အရှင်ပညာဇောတ ထံတွင် ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။ တကယ်တော့ သာသနာ့အာဇာနည်ယောင်းလျာကား တိပိဋကဓရ မဖြစ်ခင် အလွန်ငယ်စဉ်ကပင် ပိဋကတ်ကို ပိုင်ပိုင်မိမိ တတ်သိခဲ့သည့် တခေတ်တယောက် တစ်-ခေါ် လောက်သည့် ပုဂ္ဂိုလ်ထူးစင်စစ် ဖြစ်တော်မူပါသတည်း။

• အဘိဓမ္မပိဋကမ္ပိ၊ သံဝဏ္ဏနာ သမေတိကံ။
သိက္ခိတွာန ဂုသိမ္ပိ၊ ဒက္ခော ဝိသာရဒေါ အဟု။

## စံကျောင်းနိုယံ (ရွှေရေးဆောင်နိုယံ)

သောတုဇနဟိတကာရိကျမ်း, သုဗောဓဇာတက ဗေဒင်ကျမ်း, သဒ္ဒတ္ထဘေဒ စိန္တာဋီကာဟောင်း နိဿယ, ဂမ္ဘီရတ္ထနိဿယမဝိဿဇ္ဇနာကျမ်း စသည်တို့ကို ပြုစီရင်တော်မူခဲ့သော "ပဏ္ဍိတဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ရ မိုင်းခိုင်ဆရာတော် အရှင်ပဏ္ဍိတမဟာထေရ်၏ တပည့် ရွှေရေး ဆောင် (စံကျောင်း) ဆရာတော် အရှင်အာဒိစ္စရံသိ မဟာထေရ် (ဦးကြည်) သည် စံကျောင်းနိုယံခေါ် ရွှေရေးဆောင်နိုယံကျမ်းကို ပြုစီရင်တော်မူခဲ့သည်။

ယင်း ရွှေရေးဆောင်နိုယံကျမ်း၌—

(၁) ဥဒ္ဒေသကဏ္ဍ။ (၂) နိဒ္ဒေသကဏ္ဍ။ (၃) ပဋိနိဒ္ဒေသကဏ္ဍ တချက်သင့်။ (၄) ပဋိနိဒ္ဒေသကဏ္ဍ-နှစ်ချက်သင့်။ (၅) ဟိ စ ပန နိပါတကဏ္ဍ။ (၆) ပကိဏ္ဏကကဏ္ဍ။ (၇) သဒ္ဒါရကကဏ္ဍ။

(၈)ဆသမာသကဏ္ဍ။ (၉)ကေဿဿာဒိတဒ္ဓိတကဏ္ဍ။ (၁၀)အာချာတကဏ္ဍ။ (၁၁) ကိတကကဏ္ဍ အားဖြင့် အပိုင်းကဏ္ဍ ပရိစ္ဆေဒအခန်းပေါင်း ၁၁-ခန်းတို့ဖြင့် တန်ဆာဆင်လျက် စာသင်နှပျို မျှားပုဂ္ဂိုလ်တို့ ထိုထိုဝါကျဆိုင်ရာ အခက်အခဲ, သဒ္ဒါဆိုင်ရာအခက်အခဲတို့၌ လိမ္မာကျွမ်းကျင်စေရန် ရည်သန်တော်မူကာ သမ္မာဆန္ဒကောင်းဖြင့် လင်္ကာသံပေါက် ပေါင်း-၆၅၁ ပုဒ်ဖြင့် တန်ဆာဆင်၍ စီရင်ရေးသားတော်မူသည်။

ဆရာတော် အရှင်အာဒိစ္စရံသီ မဟာထေရ် (ဦးကြည်)သည် ကျမ်းဦး၌—

"သေဋ္ဌာဓိပ္ပ၊ သမ္ဗုဒ္ဓနှင့်၊ ဓမ္မသံဃာ၊ မြတ်ဆရာအား၊ သုံးဖြာဒွါရ၊ ပဏာမကြောင့်၊ဘယမလိမ်း၊ကင်းပျောက်ငြိမ်းသား၊ခပ်သိမ်းပေါယယ်၊ စာသင်ငယ်တို့၊ နားဝယ်ချိုစေ၊ မှားထားပေအံ့၊ သုံးထွေပိဋကတ်၊ တတ်ကြောင်းမှတ်လေ၊ပုဒ်နေပုဒ်ထား၊ပုဒ်သွားပုဒ်လာ၊ ပုဒ်မှာပုဒ်ထပ်၊ ပုဒ်ဟောစပ်၍၊တပ်တပ်မမြင်၊မသိလျှင်ပဲ၊အမြဲမှန်စွာ၊ ရှည်ကြာညည့်နေ့၊ အားထုတ်၍လည်း၊ မတွေ့ဓိပ္ပါယ်၊ အနက်ပြယ်လိမ့်၊ ပုဒ်ဝယ်ဆုံးဖြတ်၊ ဆတ်ဆတ်မချ၊ သိပါကလည်း၊ ဝါကျသိုဘား၊ စကားသွားကို၊ မမှားကေန်၊ မသိပြန်သော်၊အာဘော်မသိ၊ ကျမ်းမမိတည့်၊မှတ်ဘိနောင်လာ၊ မျိုးသိဿာတို့၊ ပုဒ်ပါဝါကျ၊ အာဘော်ရအောင်၊ နေယျဟိန၊ ဂူဋ္ဌတ္ထနှင့်၊ ဝက်ဥဇုနီတတ်စုမှာ၊ ယုတ္တာယုတ္တိ၊ ရွှေနောက်ညှိ၍၊သိအောင်ကြံသော်၊ အာဘော်လည်းသိ၊ ကျမ်းရိုးမိလိမ့်၊ မသိရှိသော်၊သု-စိ-ပု-ခ၊ ဤလေးဖြာဖြင့်၊ ဆရာထံရင်း၊ဝပ်စင်းတုပ်ကွ၊ နာခံကမူ၊ နေယျအာဒိ၊ ထိုးထွင်းသိ၏၊ နက်ရှိုရှစ်ဖြာ၊ မသိပါ၍၊ ကျမ်းမှာပါဌ်လျှောက်၊ နက်ရောက်မှုသာ၊လေ့လာပြမ်းတီး၊ အာသာပြီးလတ်၊ သိရုံမှတ်က၊ စာတတ်မမည်၊ သို့ဖြစ်သည်ကြောင့်၊ အရှည်နောင်လာ၊ တတ်စိမ့်ငှါဟု၊ ကရုဏာသွား၊ အရင်းထား၍၊ ရွှေဖျားမာတင်၊ မုန်သောက်သွင်သည့်၊ ဆရာရှင်တို့၊ နည်းလျှင်သိပ်သည်း၊ နီဿယည်းကို၊ ယူနည်းထင်လင်း၊ ကျမ်းပေါင်းရှင်း၍၊ မကျဉ်းမကျယ်၊ အသွယ်သွယ်ဖြင့်၊ဓိပ္ပါယ်ဥဿုံ၊ မဆိုတုံလည်း၊ ကုံလုံ လောက်ငှ၊ ရွယ်တိုင်းရအောင်၊ဝါကျသိုရာ၊ထိုထိုမှာ၌၊လိုရာခဲက်၊ အာဘော် ဝှက်ရာ၊ရွေးချယ်ပါ၍၊ ထင်စွာထွန်းလင်း၊ ကဗျာကျင်းအံ့၊ ထိုးထွင်းသိကြစေကုန်မင်း"—

ဟူသော ကေပိုဒ်လင်္ကာကြီးဖြင့် ပဏာမ, ကရဏာပ္ပကာရ, ပဋိညဉ်, ဥယျောဇဉ် ပြုတော်မူ၍ နီယံကျမ်းကို စီရင်တော်မူခဲ့သည်။ ဖော်ပြပါ စံကျောင်း (ရွှေရေးဆောင်) နီယံကျမ်းကို ဖက်ကမ်းပေါက်ရောက် တတ်မြောက်နှုတ်တက်ရ သဘောပေါက်ပါက ဝါကျဟူသမျှ၌ရှင်း, ပုဒ်နေပုဒ်ထား ပုဒ်သွားပုဒ်လာ စသည်များ၌ ရှင်း ကျွမ်းကျင်လိမ္မာ တတ်မြောက်ဖို့ သေချာသည်။

## စံကျောင်း (ရွှေရေးဆောင်) နိုယ် ညဝါ အဖြစ်ဆို

သာသနာ့ အာဇာနည် လောင်းလျာသည် ဆရာတော် အရှင်ပညာစက္က မဟာထေရ်အထံတွင် ဓာတဒိစ်သ္မာ, ကစ္စာယန သာရတို့ ညာဝါအဖြစ်ဖြင့် တက်ဆို သင်ယူပြီး ဖော်ပြပါ စံကျောင်း (ရွှေရေးဆောင်) နိုယ်[၁] ကိုလည်း နှုတ်တက် ဆောင်၍ သင်ယူတော်မူခဲ့သည်၊ ဆရာတော် အရှင်ပညာစက္က ပြောသမျှ အဓိပ္ပါယ်များကိုလည်း သာသနာ့အာဇာနည်လောင်းလျာ ရွှေခွက်၌တည်သော အနှစ်မေဒနီ ခြင်္သေ့ဆီကရထည် မေ့ပျောက်သည်မရှိ စွဲမြဲစွာ မှတ်မိတော်မူသည်။

## မထေရ်ကြီးများအား ဆည်းကပ်ပုံသင်ပေး

ဆရာတော်အရှင်ပညာစက္က မဟာထေရ်သည် သိမ်သမုတ်, ရဟန်းခံ စသည့် ကံကြီးကံငယ်ကိစ္စဖြင့် ခရီးဝေးဝေးကြွ လျှင် သာသနာ့အာဇာနည်လောင်းလျာ အရှင်ဝိစိတ္တသာရကို ခေါ်ဆောင်၍ကြွတော်မူသည်၊ သက်တော်ကြီး ဝါတော် ကြီး ဆရာတော်ကြီးများအား ဆည်းကပ်ပုံ, မထေရ်ကြီးများကို ခြေဆုပ် လက်နယ်ပြုပုံ, ရိုရိုသေသေ လေးလေးမြတ်မြတ် ဆည်းကပ်ပုံ, လျှောက်ဆိုပုံ, တရားဓမ္မ ဆွေးနွေးပုံ အစရှိသည်တို့ကိုပါ အချိုးတကျ သင်ပြပေးတော် မူသည်။

> သေရုပဋ္ဌာနာကာရမ္ပိ၊ ပညာစက္ကော သုဓိတိမာ။
> သကလံ ပရိပူရံ ကတွာ၊ သိက္ခာပေတိ သုဇာတိမာ။

## ကံကြီး ကံငယ် ဆောင်ရွက်ပုံသင်ပြ

ထိပ်တန်း သူတော်ကောင်း စင်စစ် ဖြစ်တော်မူသော အရှင် ပညာစက္ကသည် မိမိ တပည့် အပေါ် များစွာမြော်လင့်ခဲ့သည်၊ ဘုရားမြတ်စွာ သာသနာတော်၌ အစစအရာရာ လိုလေသေးမရှိ ပြည့်စုံသည့် တပည့်ကောင်း ဖြစ်စေလိုသည်၊ သို့ဖြစ်၍ ရဟန်းခံ, သိမ်သမုတ်, ဥပုသ်, ပဝါရဏာအစရှိသော ကံကြီး ကံငယ် ဆောင်ရွက်ပုံ စသည့် သာသနာ့မှုကိစ္စများကို ကိုယ်တွေ့ မျက်မြင် သင်ကြား ပေးတော်မူသည်။

> ကမ္မာကမ္မေသု ကရဏာ-ကာရမ္ပိ ယတိသေခရော။
> အနူနော အနူနံ သော ဟိ၊ သိက္ခာပေတိ သုမာနသော။

---

၁။ သက္ကရာဇ် ၁၂၈၈-ခုနှစ်၊ မန္တလေးမြို့ ပညာသိပ္ပံပိဋကတ်စာပုံနှိပ်တိုက်ရိုက် မျက်နှာဖုံး၌ "မိုင်းခိုင်ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက ရွှေရေးဆောင်တိုက် တိုက်အုပ် ဆရာ တော် ဦးအာဒိစ္စ စီရင်ရေးသားအပ်သော ဂမ္ဘီရတ္ထ အမည်ရှိသော စံကျောင်းနိုယ်" ဟု ပါရှိလေသည်။

## အာစရိယပီသသည့် ပုဂ္ဂိုလ်ထူး

ဆရာတော် အရှင်ပညာစက္ကသည်—

အနေကာသိဿ ဩဿာနံ၊ ဟိတမာစရတီတိ ယော။
တေနေဝ သော အာစရိယောတိ၊ ဝိညူဟိ အဘိသမ္မတော[၁]။

ဟူသည်နှင့်အညီ တပည့်များတို့၏ အကျိုးစီးပွါးကို ကျင့်ကြံ ပြုလုပ်တတ်သောကြောင့် အာစရိယ=ဆရာသမား မည်လေရာ ဆရာတော် အရှင်ပညာစက္ကသည် မိမိတပည့် အရှင်ဝိစိတ္တသာရအား နေရေး ထိုင်ရေး စားရေး သောက်ရေး ပညာသင်ကြားချပို့ရေး သာသနာပြုရေး စသည်တို့ဖြင့် အကျိုးစီးပွါး တိုးတက်သည်ထက် တိုးတက်အောင် ပြုလုပ် ဆောင်ရွက်တော် မူပါသဖြင့် ဧကန္တအာစရိယပီသသည့် ပုဂ္ဂိုလ် ဖြစ်တော်မူလေသည်။

တနည်းအားဖြင့်သော် ဆရာတော် အရှင်ပညာစက္ကသည်—

သာဝဇ္ဇေ ပဋိသေဓေန္တော၊ အနဝဇ္ဇေ နိယောဇကော။
ဘုသော စရတိ သိဿာနံ၊ အတ္တေ အာစရိယော တတော။

ဟူသည်နှင့်အညီ မိမိ၏ သာသနာ့အာဇာနည်လောင်း ကလျာဏပီသသည့် တပည့်အား ဖင်းလုံးချော အပြစ်ကင်း၍ အကျိုးရှိသည့် သာသနာပြုလုပ်ငန်း၌ တိုက်တွန်း နှိုးဆော်တော်မူ၍ အသွန်လျှင် ကောင်းမြတ်သည့် သာသနိက အမှုကိစ္စတို့ ဖွင့်လှစ်ဖော်ပြ နည်းလမ်းပြတတ်သည့် ဧကန္တအာစရိယ ပုဂ္ဂိုလ်ကြီး ပီသသည့် ပုဂ္ဂိုလ် ဖြစ်တော်မူသည်။

## ဂရုပီသသည့် ပုဂ္ဂိုလ်

အတ္တဒလင်္ကာရေန သိဿာနံ၊ မေတ္တောဒကေန သိဉ္စတိ။
တေ ဟိ ဝါ ဘေန သိဉ္စိတ္တော၊ ဂရု ဝုစ္စတိ သော တတော။

ဟူသည်နှင့်အညီ ဆရာတော်အရှင်ပညာစက္ကသည် မိမိအား အားထားမှီခိုသည့် တပည့်ကျော် သာသနာ့အာဇာနည် လောင်းလျာအား အတတ်ပညာ သင်ကြားပေးရုံမျှမက ငါ့တပည့် အရှင် ဝိစိတ္တသာရ ကျန်းမာပါစေ ချမ်းသာပါစေ ထိပ်တန်းသာသနာပြု ပုဂ္ဂိုလ်စင်စစ် ဖြစ်ပါစေ စသည်ဖြင့် မေတ္တာရေစင်ရေအေးဖြင့် တိုက်ကျွေး သွန်းလောင်းတတ်၊ ဟပည့် အရှင် ဝိစိတ္တသာရကလည်း ငါ၏ မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးရှင် ဆရာတော်ဘုရား ကျန်းမာပါစေ ချမ်းသာပါစေ ဥပါဒ်ဒဏ်ဘေး ကင်းဝေးပါစေ စသည်အားဖြင့် မေတ္တာ

---

၁။ ထေရဝုတ္တန္တဒီပနီ၊ ၂၂၀။

ရေစင် ရေကောင်းဖြင့် သွန်းလောင်း အပ်ပါသောကြောင့် ကေန် စင်စစ် ဂရုဖြစ်တော်မူသည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်။

## ဆရာဝတ်ကျေသော ဆရာတော်

တကာယ်တော့ ဆရာတော် အရှင် ပညာစက္ကသည်–

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပံမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာ[၁]။

ဟူသည်နှင့်အညီ အတတ်ပညာ သင်ပေးခြင်း, ပဲ့ပြင်ဆုံးမခြင်း, မိမိတတ်သိသည့် အတတ်ပညာကို ဆရာစားမချန် အပြည့်အစုံ တတ်မြောက်အောင် သင်ပေးခြင်း, ဘေးအန္တရာယ် တစိုးတစိ မငြိမတွယ်အောင် ဆီးတားကာကွယ်ခြင်း, သင့်ရာ ညွှန်ကြားအပ်ပို့ခြင်း ဟူသော ဆရာ့ဝတ်ငါးပါးကို ကျေပြွန်အောင် ကျင့်ကြံဆောင်ရွက်တော် မူပါသဖြင့် စင်စစ် ဆရာဝတ် ကျေပြွန်တော်မူသည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူပါသတည်း။

စရိတဗ္ဗေ အာစေရေဟိ၊ ဝတ္တေ သမာစရိဟိ သော။
ပညာစက္ကော ပညာစက္ကော၊ ပညာစက္ကသာ သာသနေ။

## ဒေါ်မမ္မစာရီနှင့် ဆာဦးသွင်, ဒေါ်ဒေါ်သိန်းတို့ စောင့်ရှောက်ကြခြင်း

ဒေါ်မမ္မစာရီကား မိမိကိုယ်တိုင်က စာပေပိဋကတ်တတ်မြောက်ကျမ်းကျင်သူ ဖြစ်လေရာ မည်မျှ ခက်ခက်ခဲခဲ ကြိုးပမ်းမှ တိပိဋကပါရဂူ လင်းယာဉ်ထွန်းသည့် ပုဂ္ဂိုလ် ဖြစ်နိုင်ကြောင်း ကောင်းကောင်း သိထားသဖြင့် သာသနာ့အာဇာနည် လောင်းလျာ၏ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတို့ကို အလွန်ကို ကြည်ညိုနေသည်။

ဆာဦးသွင်သည်လည်း ဗုဒ္ဓစာပေ၌ ထိုက်သလောက် ကျွမ်းကျင်သူဖြစ်သည့်ပြင် တိုင်းသူပြည်သားတို့ အားထားယုံကြည်ခြင်းကို ခံရခြင်း, သစ္စာ သမာဓိနှင့် ပြည့်စုံခြင်း, အဂတိတရား ၄-ပါး မလိုက်စားခြင်း အစရှိသော ဂုဏ်ပုဒ်များကြောင့် ဗြိတိသျှအစိုးရ ပေးအပ်သည့် ဆာဘွဲ့ကိုပင် ရသူဖြစ်သည်[၂]။ သို့ဖြစ်ရာ မိမိချီးမြှောက် ပြုစုထားသည့် ရဟန်းတော် အရှင်ဝိစိတ္တ-

---

၁။ သိင်္ဂါလောဝါဒသုတ် ဆုံးမစာ၊ ၄-အပိုဒ်။

၂။ ဆာဦးသွင်ကား မော်လမြိုင်မြို့၌ အဖဦးဖန် အမိ ဒေါ်ယဉ်တို့မှ ၁၂၄၀-ပြည့်နှစ်၊ နတ်တော်လဆုတ် ၅-ရက်နေ့ ဖွားမြင်၍ ၁၃၂၇-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် ကွယ်လွန်သည်။

သာရ၏ သီလ, သမာဓိ, ပညာ အတိုင်းအတာကို သေချာစွာ သိသူဖြစ်သည်။

ဒေါ်ဒေါ်သိန်းမှာ ဒေါ်ဓမ္မစာရီ၏ တပည့်ဖြစ်သည်၊ ဒေါ်ဓမ္မစာရီ ရန်ကုန်မြို့ ဗဟန်းနေစဉ်က ဒေါ်ဒေါ်သိန်းသည် ဒေါ်ဓမ္မစာရီထံ ရောက်ရှိ တပည့်ခံကာ ဓမ္မစကြာ, အနတ္တလက္ခဏာသုတ်, ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တော်များနှင့် ဗုဒ္ဓကျမ်းစာတို့ကိုပင် သင်ယူခဲ့သည်[၁]။

သို့ဖြစ်ရကား ဒေါ်ဒေါ်သိန်းသည်လည်း မိမိတို့ ရဟန်းခံထားသည့် အရှင်ဝိစိတ္တသာရ ပုဂ္ဂိုလ် သာမန်မဟုတ်ကြောင်း ကောင်းကောင်း သိခဲ့လေသည်။

ဒေါ်ဓမ္မစာရီနီစေဝ၊ ဆာဦးသွင် ဓနသာမိကော။
ဒေါ်ဒေါ်သိန်း ဣတိ တေ တယော၊ သမ္မာ အဇ္ဈာနိသုံ ခေါ တံ။

ဖော်ပြပါ ဒေါ်ဓမ္မစာရီ, ဆာဦးသွင်, ဒေါ်ဒေါ်သိန်း တို့ကား အရှင်ဝိစိတ္တသာရအား အာမိသာနုဂ္ဂဟဖြင့် မငြိုငြင်ရလေအောင် စောင့်ရှောက်မြေတောင်မြှောက် ရေလောင်းပေးကြကုန်၏။ မြေတောင်မြှောက် ရေလောင်းပေးသည် ဆိုသော်လည်း ရေမှန်း၍ အမြစ်ပုပ်အောင် မဟုတ်၊ သာသနာ့သစ်ပင်ကလေး သောက်နိုင်ရုံကို ချင့်ချိန် တိုင်းဆ၍ မြေတောင်မြှောက် ရေလောင်းပေးကြသည်။ မှန်၏၊ အချို့ အချို့သော သာသန သစ်ပင်ကလေးများမှာ ဥယျာဉ်မှူးများက ပစ္စည်းလေးပါး မြေတောင်ကို အဆမတန်မြှောက်ခြင်း ရေလောင်းပေးခြင်းများကြောင့် အမြစ်ပုပ်ကာ သာသနာတော်မှ တိမ်မြုပ် ပျောက်ကွယ်၍ သွားတတ်ကြသည်။ ဤအချက်ကို သူတို့ သုံးဦး သတိကြီးစွာ ထားကြသည်။

တုလယိတွာ နုဂ္ဂဟေသုံ ၊ တေ တယော ဓမ္မမာမကာ။
ဝိဘာဝိဉာဏသမ္ပန္နံ၊ ဝိစိတ္တံ စိတ္တဝါစကံ။

### ဘုရားဟောဒေသနာနှင့်အညီ လိုက်နာကျင့်ကြံလေ့ရှိခြင်း

သာသနာ့အာဇာနည်လောင်းလျာ အရှင်ဝိစိတ္တသာရရဟန်းငယ်သည်လည်း–

"စန္ဒူပမာ ဘိက္ခဝေ ကုလာနိ ဥပသင်္ကမထ အပကဿေဝ ကာယံ အပကဿေဝ စိတ္တံ ကုလေသု နိစ္စနဝကာ[၂]"ချစ်သားရဟန်းတို့ လဆန်းပမာ အလားတူစွာ မိမိရဲ့ ကိုယ်နှင့်စိတ်ကို ယို့ယို့ကလေးထားပြီး အမြဲတစေ

၁။ ဒေါ်ဒေါ်သိန်းမှာ ဆာဦးသွင်အရင် ၅-နှစ်ခန့်က ကွယ်လွန်သည်။
၂။ သံ၊၁။၄၀၁။(ခန္ဒူပမသုတ်)။

ဒါယကာများ၌ သစ်လွင်နေစေကြပြီးလျှင် ချဉ်းကပ် ဆက်ဆံကြကုန်''ဟူ၍ မြတ်စွာရှင်စော ဟောကြားဆုံးမချက်ကို အမြဲအာဝရလိုက်နာ၍ ကျင့်ကြံလေ့ရှိတော်မူသည်။

''ယာစကော အပ္ပိယော ဟောတိ[၁] အတောင်း အယမ်းထူသူကို သဘောမကျ''ဟူသော ဒေသနာကိုလည်း ထာဝစဉ် သတိရတော်မူသည်။

ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓံ မဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနိ စရေ[၂]။

ပျားပိတုန်းတို့သည် ပန်းပွင့်၏ အဆင်းအနံ့ကို မပျက်စီးစေပဲ မိမိလိုသည့် ပန်းဝတ်ရည်ကိုယူ၍ ပျံသွားသလို အမြို့မြို့အရွာရွာ ဒါယကာ, ဒါယိကာမတို့၏ နေဥစ္စာ, သဒ္ဓါတရားကို မပျက်စီးစေပဲ ကျင့်ကြံကြိုးပမ်းရာ၏ ဟူသော ဒေသနာ အတိုင်း မဆိုင်းမတွ လိုက်နာတော်မူသည်။

ဝိစိတ္တသာရ သာဓေယ၊ ဒေသနာနုကုလော စရိ။
ဒေသနာနုသာရီယေဝ၊ သာသနေ ရမတီ သုဓီ။

သို့ဖြစ်ရကား ဒေါ်ဓမ္မစာရီနှင့် သူဌေး ဆရာဦးသွင် ဒေါ်ဒေါ်သိန်း တို့၏ စေတနာကား အရှင်ဝိစိတ္တသာရ ရဟန်းအပေါ်ဝယ် အခါခပ်သိမ်း သစ်လွင်လျက် ရှိပေသည်။

## သာသနာ့ဥယျာဉ်မှူးများ

ထိုကြောင့် မင်းကွန်းဓမ္မနာဒ ဆရာတော် အရှင်ပညာဇက္ကနှင့် ကျောင်းဆရာကြီး ဒေါ်ဓမ္မစာရီ, သူဌေး ဆရာဦးသွင်, သူ့ ဌးကတော် ဒေါ်ဒေါ်သိန်းတို့ကား သာသနာ့အာဇာနည် လောင်းလျာ အရှင်ဝိစိတ္တသာရ ရဟန်းတော်၏ ဥယျာဉ်မှူးများ ဖြစ်ကြပေသည်။

ယေ ရောပယိံသု ဥယျာနံ၊ ဝိစိတ္တံ စိတြမာလိကံ။
သိဉ္စိတွာမိသဓမ္မဗ္ဘိ၊ တေပိ ဉာဏဂုဏာကရာ။

## ပဌမပြန်စာမေးပွဲ

အင်းဝမြို့ ညောင်ရမ်းမင်း ၁၀-ဆက်တွင် ၃-ဆက်မြောက်သော သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၁၀-(တထောင်)ပြည့်နှစ်တွင် ပဌမပြန်

၁။ ဝိ၊၁၊၂၂၃။ ဇာ၊၁။၁၆၁။ (အဋ္ဌသေနကဇာတ်)။
၂။ ဓမ္မပဒ၊၂၀။ (မစ္ဆရိယသေဋ္ဌိဝတ္ထု)

စာမေးပွဲကို စတင်ကျင်းပခဲ့သည်။ ယင်းပဋ္ဌမပြန် စာမေးပွဲကြောင့် မြန်မာ သာသနာတော်၌ ပညာတတ်ရဟန်းတော် အများအပြား ပေါ်ထွန်းခဲ့သည်။

သာလွန်သုရာဇကောလမှိ၊ ပရိက္ခာ ပဘာဝိတာ။
ပရိက္ခာံ ဥပါဒါယ၊ ဘူတာ သပ္ပညဇာတိကာ။

နောက်မင်းများ လက်ထက်၌လည်း ယေဘုယျအားဖြင့် ဆက်လက်ကျင်းပခဲ့ရာ သီပေါမင်းလက်ထက်အထိ ဖြစ်၏။ မြန်မာဘုရင်များ မရှိသည့်နောက် အင်္ဂလိပ်မင်းများလက်ထက် သက္ကရာဇ် ၁၂၅၇-ခုနှစ် နယုန်လကစ၍ ပဋ္ဌမပြန် စာမေးပွဲကို နှစ်စဉ် ကျင်းပခဲ့လေသည်။ ပဋ္ဌမပြန် ကော်မတီတခု ခန့်ထား၍ စီမံအုပ်ချုပ်သည်။ ပြဋ္ဌာန်းသော ကျမ်းစာများမှာ ဒွေမာတိကာ, ဆဒ္ဒါ, သင်္ဂြိုဟ်, ကင်္ခါ, ရူပသိဒ္ဓိ, ဋီကာကျော်, အဘိဓာန်, အလင်္ကာ, ဆန်း, မာတိကာ-ဓာတုကထာ အရကောက်, ယမိုက်အရကောက်, ပဋ္ဌာန်းအရကောက်, ဘာသာ ပြန်တို့ ဖြစ်ကုန်၏။

အတန်းများမှာ (၁) ပဋ္ဌမငယ်တန်း။ (၂) ပဋ္ဌမလတ်တန်း။ (၃) ပဋ္ဌမကြီးတန်း။ (၄) ပဋ္ဌမကျော်တန်း ဟူ၍ ၄-တန်းထားပြီး ၁-တန်းလျှင် မေးခွန်းပုစ္ဆာ တမျိုးထုတ်ဆင်၍ စာရွက်ဖြင့်မေး စာရွက်ဖြင့် ဖြေရသည်။

၁၂၆၀-ပြည့်နှစ်မှစ၍ ပဋ္ဌမကျော် စာမေးပွဲကို ရပ်စဲလိုက်သည်။ သို့ရာတွင် ပဋ္ဌမကျော်ကို ရှေးမြန်မာမင်းများ လက်ထက်ကအတိုင်း ပဋ္ဌမကြီးအောင်မြင်သူများထဲမှ အမှတ်အများဆုံးကို ရွေးချယ်၍ အအောင်ပေးသည်။

ရှေးဦးစွာ ပဋ္ဌမကျော် အောင်မြင်သူမှာ မော်လမြိုင်မြို့ ရတနာဘုံပျံကျောင်း အဂ္ဂမဟာပဏ္ဍိတ ရတနာဘုံပျံဆရာတော် အရှင်ကေတုမာလာ ဖြစ်သည်။ စာမေးပွဲကျင်းပရာ ဌာနမှာလည်း တနေရာတည်းတွင် မဟုတ်ပဲ မြန်မာနိုင်ငံတော်အတွင်း စာဖြေသူ ဦးရေ ၂၀-ကျော်ရှိရာ မြို့ကြီး,မြို့ငယ် အနှံ့အပြား၌ တချိန်တည်း ကျင်းပသည်။

၁၂၈၉-ခုနှစ်တွင် ပဋ္ဌမပြန်စုံစမ်းရေး ကော်မတီတခု ဖွဲ့စည်းကာ စုံစမ်းအစီရင်ခံစေပြီးလျှင် ယင်းကော်မီတီ အစီရင်ခံစာအရ နာယက ဆရာတော်များ ပါဝင်သည့် ကော်မီတီတခုဖွဲ့စည်းကာ ပဋ္ဌမပြန်စာမေးပွဲကို စီမံအုပ်ချုပ်ခဲ့သည်၊ အတန်းထားရာ၌သည်း စာချတန်းတိုးကာ ၄-တန်းထား၍ ကျင်းပခဲ့လေသည်။ စာချတန်း၌ ပြဋ္ဌာန်းသော ကျမ်းစာများမှာ (၁) ပါရာဇိကဏ်ပါဠိ, အဋ္ဌကထာ။ (၂) သုတ်သီလက္ခန်ပါဠိ, အဋ္ဌကထာ။ (၃) မမ္ပသင်္ဂဏီပါဠိ, အဋ္ဌကထာ—ဟူ၍ ကျမ်းရင် ၃-ကျမ်းနှင့် ဂုဏ်ထူးဆောင် နိကာယ်ပါဠိ,အဋ္ဌကထာ ၆-ကျမ်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး အတွင်း ၁၃၀၄-ခုနှစ်မှစ၍ ၁၃၀၇-ခုနှစ် တိုင်အောင် ၄-နှစ် တိတိ ပဌမပြန် စာမေးပွဲ မကျင်းပနိုင်ခဲ့ချေ။ ၁၃၁၂-ခုနှစ်တွင် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေပြဋ္ဌာန်း၍ ယင်းဥပဒေအရ ပါဠိတက္ကသိုလ် တည်ထောင်ကာ ပါဠိတက္ကသိုလ်ဝင်ကျောင်းများမှ ဆရာတော်သံဃာတော်များ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဖွဲ့စည်း၍ စာချတန်း စာမေးပွဲကို စီမံအုပ်ချုပ်လျက် ပဌမပြန် စာမေးပွဲနှင့်အတူ မကျင်းပပဲ တသီးတခြား ကျင်းပခဲ့လေသည်။

၁၃၁၃-ခုနှစ်တွင် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေ ပြဋ္ဌာန်း၍ ယင်းဥပဒေအရ ဆရာတော် သံဃာတော်များ ပါဝင်သော ပါဠိပညာရေးအဖွဲ့ကို ဖွဲ့စည်းကာ စီမံအုပ်ချုပ်လျက် ပဌမပြန် စာမေးပွဲကို ဆက်လက် ကျင်းပခဲ့သည်။ ၁၃၁၅-ခုနှစ် တပေါင်းလတွင် ကျင်းပသော စာမေးပွဲမှစ၍ စာချတန်းစာမေးပွဲ စည်းမျဉ်း ပြင်လိုက်ရာ ယခုလက်ရှိ ကျမ်းရင်းစည်းမျဉ်း, မြန်မာဂုဏ်ထူး, ပါဠိဂုဏ်ထူး စည်းမျဉ်းအတိုင်း စာမေးပွဲ နှစ်စဉ်ကျင်းပလျက် ရှိသည်။ ဤကား ပဌမပြန် စာမေးပွဲနှင့်စပ်၍ သိသာရုံ အကျဉ်း ဖြစ်၏။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ လက်ထက်တွင် ယင်း ပဌမပြန်စာမေးပွဲ, စာချတန်း စာမေးပွဲတို့ကိုလည်း သာသနာရေးဦးစီးဌာနမှ တာဝန်ခံ၍ကျင်းပပေးသည်။

မရမ္မေ မြန်မာရဇ္ဇာနော၊ ပရိက္ခာဏံ အကာသု တေ။
ပရိယတ္တိသာသနဿ၊ ဝုဒ္ဓိယာ ဝေပုလ္လာယ စ။

## ပဌမကြီးတန်း ၂-ကြိမ်အောင် ပဌမကျော်အောင်မြင်ခြင်း

သာသနာ့ဥယျာဉ်မှူးများ၏ နှစ်ပါးသော ဓမ္မရေစင်, အာမိသရေစင်ကို နေ့စဉ်နေ့တိုင်း မှီဝဲရသော အရှင်ဝိစိတ္တသာရ ဟူသော သာသနာ့အညွန့် တလူလူ ကလေးကား ရဟန်းဖြစ်စ ဝါမရမီ ၁၂၉၃-ခုနှစ် အစိုးရ ပဌမကြီးတန်းကို နှစ်ချင်းစွဲ အောင်မြင်တော်မူခဲ့သည်။ ပဌမကျော် အောင်ပန်း မရမနေ ဆွတ်ခူးမည်ဟူသော မလျော့သောဇွဲလုံ့လဖြင့် ထပ်မံ၍ ၁၂၉၅-ခုနှစ်တွင် အစိုးရ ပဌမကြီးတန်းကို ထပ်မံ ဝင်ရောက် ဖြေဆိုတော်မူရာ *ခရေပွင့်အမှတ်ဖြင့် ပဌမကြီးတန်းကို အောင်မြင်တော် မူခဲ့သည်။ တဖန် ရဟန်း ၃-ဝါအရ ၁၂၉၆-ခုနှစ်တွင် မလျော့သော ဇွဲဝီရိယဖြင့် ပဌမကြီးတန်းကို ထပ်မံဝင်ရောက် ဖြေဆိုလေရာ ပဌမကြီးတန်းကို ဖြေဆို အောင်မြင်သူတို့အနက် ပဌမရ တစ်စွဲကာ ပဌမကျော်ဘွဲ့ကို ရရှိတော်မူခဲ့သည်။ ထိုအခါမှစ၍ ပဌမကျော် အရှင်ဝိစိတ္တသာရ ဟူ၍ တိုင်းပြည်တဝန်းတွင် ကျော်စော ထင်ရှားခဲ့လေသည်။

ပဌမကျော် အရှင်ဝိစိတ္တ-သာရောတိ ပတ္ထဋော အဟု။
သဗ္ဗတ္ထ မြန်မာ့ဘူတလေ၊ ပသိဒ္ဓေါ ပါကဋော ခလု။



ပဌမကျော် အောင်စဦက
အရှင်ဝိစိတ္တသာရာဘိဝံသ

## အမျိုးသားပဋ္ဌမကြီးတန်းအောင်မြင်ခြင်း

အရှင်ဝိစိတ္တသာရသည် သက္ကရာဇ် ၁၂၉၄-ခုနှစ်တွင် မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃသမဂ္ဂီအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ "ကေတုမာလာဘိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် သက်ပန်း ဆရာတော်ဘုရားကြီး ဥက္ကဋ္ဌပြုလုပ် ကျင်းပသည့် အမျိုးသား ပရိယတ္တိ စာပြန်ပွဲ ပဋ္ဌမကြီးတန်းကိုလည်း ဝင်ရောက်ဖြေဆို အောင်မြင်တော် မူခဲ့သည်။

အမျိုးသား ပရိယတ္တိဝှ—ပရိက္ခဏေ ဝိသာရဒေါ။

ဥစ္စေ ဌာနေ ဇယန္တော၀၊ ဇိနသာသနဇောတကော။

·

## ပရိယတ္တိသာသနဟိတအသင်း

မန္တလေး သာသနာ အရှိန်မပျက် ဆက်လက် ထွန်းလင်း တောက်ပရာ၌ ပရိယတ္တိသာသနဟိတအသင်းကြီး၏ မူလစာချ ဆရာတော်တို့အား ဆွမ်းဆန်တော် ထောက်ပံ့လှူဒါန်းခြင်း, သီးခြားစာချပုဂ္ဂိုလ်များ ပေါ်ပေါက်အောင် စာမေးပွဲကျင်းပ၍ ရွေးချယ်ခြင်း စသည်တို့သည် အဓိက အကြောင်းအဖြစ် ပါဝင်လေသည်။

မန္တလေးမြို့ ဆိုင်းတန်းရပ် ပွဲစားကြီး ဦးထွန်း, ဟော့ကုန်းရပ် အရေးပိုင်ရုံး စာရေးကြီး ဦးခင် အစရှိသော ဥပါသကာ သူတော်ကောင်းကြီး ၁၂-ဦးတို့သည် ထိုစဉ်က သက်တော်ထင်ရှား ရှိတော်မူကြသော မိုးတားသာသနာပိုင် ဆရာတော်ဘုရားကြီး "ပဏ္ဍိတဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ, မိုင်းခိုင်ဆရာတော်ဘုရားစသော တံဆိပ်တော် ရ,မရ ဆရာတော်ဘုရားကြီးများထံမှလည်း အကြံဉာဏ် ရယူကြကုန်၍ သက္ကရာဇ် ၁၂၆၀-ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် "ပရိယတ္တိသာသနဟိတအသင်းကြီး" ကိုတည်ထောင်၍ သာသနာတော်ကို ချီးမြှင့် ထောက်ပံ့ကြကုန်၏။

ပရိယတ္တိသာသနဟိတအသင်းကြီး တည်ထောင်ထားသော်လည်း ၅-နှစ် အတွင်း စာမေးပွဲ မကျင်းပသေးပဲ ပရိယတ္တိသာသနာ့ဝန်ဆောင် ဆရာတော်များအား လစဉ် ဆွမ်းဆန်, ဆီ, ဆား, ငြုပ်, ကြက်သွန်တို့ကို ထောက်ပံ့ လှူဒါန်း၍ သာသနာပြုကြကုန်၏။

အသင်းကြီး တည်ထောင်ပြီး ၅-နှစ်ကြာရှိရာ ၁၂၆၅-ခုနှစ် နယုန်လမှစ၍ သီးခြားစာသင်တန်း စာမေးပွဲကို စတင်ကျင်းပ၍ သီးခြား စာချလောင်းလျာ သာသနာ့အာဇာနည်များကို ရွေးချယ်ကြကုန်၏။ ယင်းစာမေးပွဲသည် သကျ

သီဟ ရုပ်ရှင်တော် ကိန်းဝပ်ရာ မဟာရံတံတိုင်းအတွင်း၌ နှစ်စဉ် ကျင်းပပြုလုပ်ခဲ့သည်ကို စွဲ၍ သကျသီဟစာမေးပွဲဟု ထင်ရှားလေသည်။

သကျသီဟ ပဋိမာယ၊ ဝသိတ ပါကာရန္တရေ။
ကတတ္တာဝ သကျသီဟ- ပရိက္ခဏန္တိ အဝှယော။

ယင်းသကျသီဟ စာမေးပွဲသည် အဘန်းအားဖြင့် (၁) သီးခြားစာသင်တန်း။ (၂) သီးခြားစာချတန်းဟူ၍ ၂-တန်းရှိသည်။ ယင်း ၂-တန်းတွင် သီးခြား စာသင်တန်း၌ (၁) ဝိနည်းအတွက် ဒွေမာတိကာ။ (၂) ကစ္စည်း သဒ္ဒါကြီး, ပုဒ်စစ်, သံဝဏ္ဏနာ, နည်းလေးဆယ်။ (၃) သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စာယနသာရ, မာဂဓအဘိဓာန်, ဝုတ္တောဒယဆန်း။ (၄) သင်္ဂြိုဟ်။ (၅) ညဝါမာတိကာအရကောက်, ခါတုကထာအရကောက်, ယမိုက်အောက်ငါးကျမ်းတို့ကို ပြဋ္ဌာန်းထား၏။

သီးခြား စာချတန်းဖြေဆိုမည့် ရဟန်းသိက္ခာ ၇-ဝါထက် မကြီးသော ရဟန်းတော်များသည် ဖော်ပြပါ ပိဋကတ်အခြေပြု ကျမ်းစာများ၏ ပါဠိ, အနက်ကို သေချာကျနစွာ ရရှိပြီးလျှင် ခက်ရာခက်ဆစ် ဌာနများ၌ ဝိနိစ္ဆယနှင့်တကွ အဓိပ္ပါယ်များကိုပါ သင်ကြားနာယူ ထားရ၏။

သီးခြား စာချတန်း၌ ပါရာဇိကကဏ္ဍ အဋ္ဌကထာ, သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ, အဋ္ဌသာလိနီအဋ္ဌကထာ-ဟူသော အဋ္ဌကထာကြီး ၃-ကျမ်းကို သဒ္ဒါနည်း, အသက်နည်း, ဆန်းနည်း, နေတ္တိအရကောက်နည်း, ဉာယ်ကောက်နည်း, ယမိုက်နည်း, ပဋ္ဌာန်းနည်း စသည့် နည်းမျိုးစုံတို့ဖြင့် မေးမြန်းရန် သတ်မှတ်ထားသည်။ ယင်းစာမေးပွဲ ၂-ဘန်းလုံးပင် ခက်ခဲနက်နဲ၏၊ ဉာဏ်,ဝီရိယ စုံသူတို့သည်သာလျှင် ဤစာမေးပွဲများကို အောင်မြင်နိုင်သည်။

တေပိ ဒွေ ပရိက္ခဏာ၊ ဂမ္ဘီရာ ဒုဇ္ဇယာ ဟိ ခေါ။
ဝီရိယဉာဏယုတာနံ၊ ဝိသယာဝ န ဣတရေ။

## ပရိယတ္တိသာသနဟိတ (သကျသီဟ) စာသင်တန်း အောင်မြင်ခြင်း

သာသနာ့ အာဇာနည်ခလောင်းလျာ အရှင်ဝိစိတ္တသာရ ရဟန်းတော်သည် ရဟန်းသိက္ခာ ၂-ဝါအရ ပဌမကြီးတန်း ခရေပွင့်နှင့် အောင်မြင်သည့် ၁၂၉၅-ခုနှစ်တွင် ဖော်ပြပါ ပရိယတ္တိသာသနဟိတအသင်းမှ ကျင်းပပြုလုပ်သည့် ပရိယတ္တိသာသနဟိတ (သကျသီဟ) စာသင်ဘန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုတော်မူရာ နှစ်ချင်းပေါက် အောင်မြင်တော်မူခဲ့လေသည်။

သကျသီဟ ပရိက္ခဏေပိ၊ သောတုဌာနေ ဝိသာရဒေါ။
ထေရက်ိုရော ဝိသဇ္ဇေတွာ၊ ဇယဂ္ဂါဟီသု ကောဝိဒေါ။

## အရှင်ဝိစိတ္တသာရာဘိဝံသ အမည်

ယင်းသို့ သက္ကသီဟစာမေးပွဲ စာသင်တန်းကို အောင်မြင်တော်မူသဖြင့် မူလ အရှင်ဝိစိတ္တသာရ ဘွဲ့နာမတွင် အဘိဝံသ ထပ်တိုးကာ အရှင်ဝိစိတ္တသာရာဘိဝံသ ဟူသော ထူးကဲသော အနွယ်တော်အမည်တော်ဖြင့် ပရိယတ္တိသာသနဟိတအသင်းကြီးက ပူဇော်အသိအမှတ် ပြုခဲ့လေသည်။

ဝိစိတ္တသာရာဘိဝံသောတိ၊ တဒါ ဟိ ပသိဒ္ဓေါ အဟု။
သုမိတ္တံ တံ ဇာနာပေတွာ၊ ဝိဒူ သာမိတိကာ ဇနာ။

## ပရိယတ္တိသာသနဟိတ (သက္ကသီဟ) စာချတန်း နှစ်ချင်းအောင်

အစိုးရပဋ္ဌမကျော်ဘွဲ့တော်ကိုရရှိသည့် ရဟန်းသိက္ခာ ၃-ဝါအရ ၁၂၉၆-ခု နှစ်မှာပင် ပရိယတ္တိသာသနဟိတ (သက္ကသီဟ) စာချတန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုတော်မူရာ နှစ်ချင်းပေါက် အောင်မြင်တော်မူခဲ့လေသည်။

ဓမ္မာစရိယဋ္ဌာနေပိ၊ မဟုဿာဟော မဟာမတိ။
ဇယော ဟိ ကေဝါရေန၊ ဝိဿဇ္ဇေတွာ ဝိဒူ သုဓီ။

## ဝဋံ့သကာ (ဦးစိုက်ပန်း)

သက္ကသီဟ စာမေးပွဲ စာချတန်း အဋ္ဌကထာကြီး ၃-ကျမ်းကို အောက်စာသင်တန်းမှ နှစ်မခြားပဲ တနှစ်တည်းဖြင့် ကျမ်းအပြည့်အစုံ အောင်မြင်သူမှာ ရှေးယခင် မရှိစဘူး ထူးထူးချွန်ချွန် စံမရှိ ထုံးမရှိ အစ္ဆရိယ တအံ့တသြ ပြောမကုန် ချီးမကုန် အောင်မြင်ပုံ စံချိန်သစ် ထွင်လိုက်သဖြင့် သာသနာ့အာဇာနည်လောင်းလျာသည် "ဦးစိုက်ပန်း" ဟူ၍ အနက်ရှိသော "ဓမ္မာစရိယဝဋံ့သကာ" ဘွဲ့ထူးကို ပရိယတ္တိသာသနာ့ဟိတအသင်း၏ လက်မှန်မှတ္တ ရှေးဦးစွာ ဆက်ကပ်ခြင်းကို ခံယူတော်မူရလေသည်။

ဓမ္မာစရိယဝဋံ့သကာတိ[၁]၊ ဥပါဓိံ သော ပဋိဂ္ဂဏှိ။
သမ္ဗေသံ ပဌမံ သော ဟိ၊ ဝိသိဋ္ဌော'တိဝ ဝိသိဋ္ဌော။

---

၁။ "ဝဏ္ဏာပိ တုရိတပဋိတာ၊ ဒွေတိအာပိ ဧကေ ဇာနေထ" ဟူသော ပိင်္ဂလဆရာ၏နည်းနှင့်အညီ မြန်မြန်ရွတ်ဆိုရသော အက္ခရာများ အက္ခရာ ၂-လုံး ၃-လုံးပိုသော်လည်း ၁-လုံး တည်းကဲ့သို့ မှတ်ရာ၏။

## အင်္ဂကထာပြန်အကျော် ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ထိုစဉ်က ရန်ကုန်မြို့၌ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်း စသည့် ပုဂ္ဂိုလ်ကြီးများ ဦးဆောင်သည့် ပါဠိဆရာ မြန်မာပညာရှိအသင်းကြီး ရှိသည်။ ယင်းအသင်းကြီးမှလည်း သကျသီဟစာမေးပွဲ၌ စံမရှိ ထုံးမရှိ နှစ်ချင်းစွဲ ထူးကဲစွာ အောင်မြင်တော်မူသည့် အရှင်ဝိစိတ္တသာရာဘိဝံသအား “ အင်္ဂကထာပြန် အကျော်” ဟူသော ဘွဲ့တံဆိပ်တော်ဖြင့်လည်း ကော်ရော်လေးမြတ် ဆက်ကပ်ပူဇော်ကြကုန်၏။

အင်္ဂကထာပြန်အကျော်တိ၊ သုဝိသိဋ္ဌ ဥပါဓိနာ။
သက္ကာရသမ္မာနဉ္စာပိ၊ အကံသု ဝိညုဇာတိကာ။

ရဟန်းတော် အရှင်နေပုညဖွဲ့ဆိုသော

# ထောမနာဂါထာများ

## ပဌမကျော် ဇေယျမင်္ဂလာ ထောမနာဂါထာ

ဥက္ကဋ္ဌုက္ကဋ္ဌမာပါဒိ၊ ရာဇူနံ ပဌမုဿဝေ။
ဒဟရဿ သတော ဝါပိ၊ အဟော ဝေဘဇျသမ္ဘဒါ။။

သိရိဝိစိတ္တော၊ တိက္ခပဋိဘာန် ဉာဏ်ရည်သန့်စင် အရှင်သိရိဝိစိတ္တသာရ ရဟန်းပျိုသည်။ ရာဇူနံ၊ ပြည်ပိုင်သေဌ်နင်း အစိုးရမင်းတို့၏။ ပဌမုဿဝေ၊ ပဌမပြန် ပညာဝန်တို့ ဖြေရန်ဖန်တီး ပါဠိစာမေးပွဲကြီး၌။ ဥက္ကဋ္ဌုက္ကဋ္ဌံ၊ ဥက္ကဋ္ဌ ထက် ဉာဏ်ဝှန်ထိတ် ပဏ္ဍိတ်တို့သာ ဖြေဆိုခြင်းငှါ စွမ်းနိုင်ရာသည့် မဟာရဟာ ပဌမကျော် ရဟန်းတော်၏အဖြစ်သို့။ အာပါဒိ၊ မြပေါ်စိန်ဆင့် ထိန်ထိန်တင့်သို့ သိရ်မြင့်တန်းမောက် ဉာဏ်စွမ်းတောက်၍ ပေါက်ရောက်တော် မူခဲ့လေပြီ။ **ဒဟရဿ၊ အသက်နှစ်ဆယ် သုံးနှစ်ကယ်၍ ငယ်ရွယ်နုပျို နဝကပုဂ္ဂိုလ်သည်။ သတောဝါပိ၊ စင်စစ်ကေန် ဖြစ်သည်မှန်လျက်လည်း။** ဝေဘဇျသမ္ဘဒါ၊ **ခဲခက် ခဲရာ အဓိပ္ပါယ်ကို စိတ်ဖြာတိတိ အာဘော်မိအောင် ဖြေဘိခြင်းငှါ စွမ်းနိုင်စွာသည့်** ပညာဘုန်းဂုဏ် အလုံးစုံနှင့် လောက်လုံပြည့်ဝတော်မူခြင်းသည်။ **အဟော၊ အရွယ်နှင့်မလိုက်အောင်** အံ့ထိုက်ဘွယ်ရာ ကောင်းပါပေစွတကား။

## ဓမ္မာစရိယ ဇေယျမင်္ဂလာ ထောမနာဂါထာ

တိဝဿော ဘိက္ခုဘာဝေန၊ နဝကော ဓမ္မဝါစကော။
အဇိနိ သိရိဝိစိတ္တော၊ အဟော လောကမှိ သာဓဝေ။

**သာဓဝေ၊** အရပ်ရပ် ခိုအောင်း အို သူတော် အပေါင်းတို့။ သိရိဝိစိတ္တော၊ တိက္ခပဋိဘာန် ဉာဏ်ရည်သန့်စင် အရှင်သိရိဝိစိတ္တသာရ ရဟန်းပျိုသည်။ ဘိက္ခုဘာဝေန၊ ဥပသမ္ပဒာဇာတ် ရဟန်း၏ အဖြစ်အားဖြင့်။ တိဝဿော **နဝကော၊** သုံးဝါရရှိ နဝကပဉ္စင်းပျို ဖြစ်ဘိလျက်။ ဓမ္မဝါစကော၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယတံဆိပ် ခတ်နှိပ်လှူဒါန်း စာချတန်း၌။ အဇိနိ၊ စာသင်တန်းမှ စခန်းမထောက် နှစ်ချင်းပေါက်၍ ထွင်းဖောက် အောင်မြင်တော်မူခဲ့လေပြီ။ လောကမှိ၊ ပရိယတ္တိသာသနာ ရောင်ဝါထိန်ညီး ယခုလောကကြီး၌။ **အဟော၊** မဖြစ်စဘူး အထူးဖြစ်လာ အံ့ဩဘွယ်ရာကြီးပါတည်း။

## ဥယျောဇနေ ပုဗ္ဗက ထောမနာဂါထာ

ဓာရေယာတိ နိစ္စံ သဂဏာသ လက္ခိံ၊ ဝါစေယာတိ သောတုန မနေကသတ္ထံ။
မာနေယာတိ ဇီဝံ ဝိဘာဝိဝါဏီ၊ သာဓေယာတိ သမ္မုဒ္ဒပဝုတ္တာမတ္ထံ။

သမ္မ၊ ငယ်စဉ်ကစ ခုတိုင်ကျအောင် ဒဠှမေတ္တာ စွဲခိုင်မာသည့် သဟာယခေါ် ချစ်သည်တော်။ တံ၊ မေတ္တာစွဲမှီ သင်ချစ်သည်သည်။ နိစ္စံ၊ နေ့ရောညဉ့်ပါ အခါမစဲ အမြဲတမ် အားဖြင့်။ သဂဏာသ၊ မိမိ၏ဖြစ်ရာ သုဓမ္မာသမိုင်း စံကျောင်းဂိုဏ်း ကြီး၏။ လက္ခိံ၊ ကြွားတိုင်းအံ့ဖွယ် ကျက်သရေအသွယ်သွယ်ကို။ ဓာရေယာတိ၊ ခထက်ပင် တိုးပွါးအောင် ကြိုးစား၍ ရွက်ဆောင်ပါလော့။ [အစဉ်ထာဝရ ဂိုဏ်း၏ကျက်သရေဆောင် ဖြစ်ပါလေဟု ဆိုလိုသည်]။ သောတုနံ၊ ကျမ်းဂန် များပြား လာအသွားကို နာကြားကြလို စာသင်ပျိုတို့အား။ နိစ္စံ၊ နေ့ရောညဉ့်ပါ အခါမစဲ အမြဲတမ်းအားဖြင့်။ အနေကသတ္ထံ၊ ငယ်ငယ်ကြီးကြီး သီးသီးများစွာ ကျမ်းစာအဝဝကို။ ဝါစေယာ၊ ဆရာ့လက်ဆုပ် နယမှု၍ဖြင့် သိမ်းချုပ်ပိုင်စွာ ချပို့ ပါလော့။ [အစဉ်ထာဝရ စာချမှု၌ မွေ့လျော်ပါလေဟု ဆိုလိုသည်]။ ဝိဘာဝီ-ဝါဏိံ၊ ဓိဌ သမ္မုရာ ကျိုးနှင့်မြွက်ကို စိတ်ဖြာဝေသိ ပညာရှိတို့၏ စကားကို။ ဇီဝံ-မာနေယာ၊ နှစ်နှစ်သက်သက် မပစ်ရက်ပဲ အသက်ကိုယ်နှယ် ခင်တွယ်မြတ်နိုးပါ လော့။ [ပညာရှိ၏ နိယံမပြတ် ဆည်းကပ်ခစားပါလေဟု ဆိုလိုသည်]။ သမ္မုဒ္ဒ-ပဝုတ္တံ၊ ဘုရားမြတ်စွာ လူ့ဆရာသည် ကရုဏာရှေးရှု ဟောကြားတော်မူအပ် သော။ အတ္ထံ၊ လောကီလောကုတ် မယုတ်တိုးပွါး အကျိုးနှစ်ပါးကို။ သာဓေယာတိ၊ သံသရာ ခရီး ကန္တာရကြီးဝယ် ငြိမ်းငွေ့သံဝေ ပြီးပါစေလော့ ချစ်ညီတော်။[သံသရာ မှ ထွက်မြောက်ရာဖြစ်သော သမထ, ဝိပဿနာ ဘာဝနာများကိုလည်း လက်လွှတ်၍ မထားပါနှင့် စွမ်းသမျှ ကြိုးစားပါလေ ဟု ဆိုလိုသည်]။

လဘိတ္ထ သတ္ထန္တရဉာယကောဝိဒ–ဉာဏာသုပဇ္ဈာယဝရဿ ပဂ္ဂဟံ။
နိဿာယ သတ္ထေသု မတိံ ဝိသာရဒံ၊ ဒါနိ တွ မာစေရသိရိဉ္စ ဓာရယိ။

သမ္မ၊ ငယ်စဉ်ကစ ခုတိုင်ကျအောင် ဒဠှမေတ္တာ စွဲခိုင်မာသည့် သဟာယခေါ် ချစ်ညီတော်။ တံ၊ မေတ္တာ စွဲမှီ သင်ချစ်ညီသည်။ သတ္ထန္တရဉာယကောဝိဒဉာဏာသ၊ ကျမ်းဂန်အတူး ဆည်းပူးလေ့လာ နည်းနာပုံယင် စုံအလင်ကို ကုန်စင်မြင်သိ ဉာဏ်ပညာအလင်း ရှိတော်မူသော။ ဥပဇ္ဈာယ ဝရဿ၊ ဥပဇ္ဈာယ်ဆရာ မဟာ ကျေးမြတ်၏။ ပဂ္ဂဟံ၊ ခရီးမဆုတ်ကာ အပြီးမြောက်အောင် ချီးမြှောက်ထောက် ပံ့တော်မူခြင်းကို၊ နိဿာယ၊ အမှီတံကဲ သဟဲပြု၍။ သတ္ထေသု၊ ပိဋကတ်ကျမ်းဂန် ဂန္ထန်အမျိုးမျိုးတို့၌။ ဝိသာရဒံ မတိံ၊ ရွှံရှားကင်းစင် ပဋိဘာန်ဉာဏ်အမြင်ကို။ လဘိတ္ထ၊ ကံကောင်းဉာဏ်ကောင်း လုံ့လကောင်း၍ မစောင်းမသေ့ ရရှိခဲ့လေပြီ။ ဒါနိစ၊ ဤယခုအခါ၌လည်း။ အာစေရသိရိံ၊ အနုဂ္ဂဟဂိုဏ်းဝင် ဆရာရှင်၏

ဂုဏ်အင်ပြေတော ကျက်သရေကို။ ခရေယိ၊ မြင်သူအားရ ကြားကနှစ်သက် တခေတ်လွှက်၍ ဆောင်ရွက်ခဲ့လေပြီတကား။

---

ဥပဇ္ဈာယ် မဟာဂေါရိကြွင်တ်၏
မပြတ်ဆုံးမတော်ပူအပ်သော
ဩဝါဒကထာ

နိဿာယ သာသနေရံ သုဂတဿ ဟာသာ၊
ယံ တံ့ သဏ္ဍဇမနုဇေဟိ ပသံသနီယံ။
ဝိန္နတ္တ သဗ္ဗဝိသယေသု ဂုဏာ တိရေကံ၊
ဝိန္ဒိဿသေ ပုန တတုတ္တရိ သုဒ္ဓဂ္ဂံ။

ပူဇေယျမဿ နရသီဟဝရဿ သုဒ္ဓံ၊ တံ သာသနံ့ ပရ ဒုလ္လဘမိဒ်ိဒေသနံ။
လဒ္ဓဂ္ဂုဏေန မိတိ မာနာ ဘိ နိ ဂ္ဂုဟေတွာ၊ ယုဥ္ဇသု အညမနပေက္ခိယာ ရေမှသာ။

ဝိစိတ္တ၊ ပိဋကတ်နက်ကျယ် ကျမ်းပင်လယ်၌ ဆန်းကျယ်ဗုဒ္ဓိ ဉာဏ်အထူးရှိ၍ ကဝိစာရင်း အတိအလင်းလျှင် ထည့်သွင်းအပ်စွာ ပေါ်ဟပည့် ဝိစိတ္တ။ တံ့၊ အကျော်ပဋမ စာချအလှူ ခံယူရရှိ သင် ပေါ်ဟပည့်သည်။ ယသာ သုဂတဿ၊ နိဗ္ဗာန်ကြွင့်နှင်း ဘေးမဲ့နန်းသို့ ကြွမြန်းတော်ငြား အကြွင်ပြတ်စွာဘုရား၏။ သာသနံ၊ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီး ကို။ နိဿာယ၊ အမှီတကဲ သဟဲပြု၍။ သဏ္ဍဇမနုဇေဟိ၊ မင်းနှင့်တကွ ဗုဒ္ဓဘာသာ မြန်မာအမျိုးသား လူအများ ကို သည်။ ပသံသနီယံ၊ ကြည်ညိုအားရမ်း ချီးမွမ်းအပ်သော။ သဗ္ဗဝိသယေသု၊ စာပွဲများစွာ အလုံးစုံသော အရာတို့၌။ ယံ ဂုဏာတိရေကံ၊ အလွန်အကျူး အကြွင်သို့သော ဂုဏ်ထူးကို။ ဝိန္နတ္တ၊ ပိုင်ပိုင်တိတိ ရရှိခဲ့လေပြီ။ ပုန၊ တဖန်။ တတုတ္တရိ၊ ထိုထက်ထူးချွန် ကဲဆလွန်သော။ သုဒ္ဓံ၊ ညစ်ကြေးမတင် သန့်ရှင်း စင်သော။ အဂ္ဂံ၊ ထူးကဲမှင့်မြတ်သော။ ဂုဏာတိရေကံ၊ အလွန်အကျူး ဂုဏ် အထူးကို။ ဝိန္ဒိဿသေ၊ ပိုင်ပိုင်တိတိ ရရှိပေလတ္တံ့ သည်သာတည်း။

အဿ နရသီဟဝရဿ၊ လူ့တွတ်သျှောင်ဖူး မာရ်ညွန့်ခူးသား အောင်ပွဲမှူး သခင် ထိုဘုရားရှင်၏။ သုဒ္ဓံ၊ အယုတ်နှစ်ပါး နုတ်ရှားမြဲပယ် သန့်ရှင်းစင်ကြယ် သော။ ပရမဒုလ္လဘံ၊ အလွန်အကဲ ရလည်းရခဲ ကြုံကြိုက်ခဲလှစွာသော။ တံ သာသနံ၊ အံ့ဖွယ်ရှစ်ဖြာ ထိုသာသနာတော်မြတ်ကြီးကို။ ဣဒ်ိဒေသန လဒ္ဓဂ္ဂု- ဏေန၊ ဤသို့ရှုအပ် ရအပ်ထွေထူး ဂုဏ်ကျေးဇူးဖြင့်။ ပူဇေယျ၊ လေးနာကော် ရော်ပူဇော်ပေအံ့သတည်း။ ဣတိ၊ ဤသို့။ မာနသိ၊ ပကတိသန့်ရှင်း စိတ်အတွင်း ၌။ နိက္ခိတွာ၊ ကောင်းစွာမှတ်သား အပိုင်းထား၍။ အညံ၊ တပါးသောအလုပ် ကို။ အနပေက္ခိယ၊ အလေးမပြု မငဲ့ရှုမူ၍။ အဿ၊ လူ့ထွတ်သျှောင်ဖူး မာရ်ညွန့်

ခူးသား အောင်ပွဲမှူးသခင် ထိုဘုရားရှင်၏။ ဓုရံ၊ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ဝ ပိုင်းခြား သာသနာတော် အစီးအပွါးကို။ ယုဥ္စသုံ၊ အင်္ဂါလေးချက် ကြံတွေး ဖက်၍ နှစ်သက်ကြိုးကုတ် စိုက်အားထုတ်ပါလေ့-ငါ့တပည့် ဝိစိတ္တ။

---

**မန္တလေးမြို့ ဝိသုဒ္ဓါရုံ အဂ္ဂမဟာပဏ္ဍိတ**

**စည်ရှင်ဆရာတော် ချီးကျူး**

**ဘွဲ့ဆိုသည့်ဂါထာများ**

**မင်းကွန်းတောင် ဓမ္မနာဒချောင်**

**ပဌမကျော်**

**ဦးဝိစိတ္တသာရာဘိဝံသာဘိတ္ထံ**

(၁) အဟော သာဓု ဒွယမ္ပတ္တော၊ သမေကမျှသမံ ဇယံ။
ဝိတာသော အာဂမ ဟောတိ၊ သတ္တေသဂ္ဂဝိသာရဒေါ။

(၂) ဝိစိတ္တော သာရပညာနော၊ ပညာတော နာမ မန္တယော။
ဝိစိတ္တော စ ဝိသိဋ္ဌော စ၊ သာရော သာရသိရိန္ဓရော။

(၃) ပညာ ယုဒ္ဓိစ္စ ခေမာဝ၊ ဓမ္မစာရီဘိမာနိတော။
စက္ကာဿနုစရောဘာတိ၊ နာဒေ ဓမ္မ ဝိဇမ္ဘနေ။

(၄) မာတရော ဒါယကာ စညာ၊ ဘာဂျဝါ စရိယာဝရာ။
ယေဟိ သုတော သုတော လဒ္ဓေါ၊ သုမေဓော ဇယတံ ဝရော။

(၁) အာဂမေ၊ ဘုရားဟောဖော် ပိဋကတ်တော်၌ငင်း။ သတ္တေသု၊ အဘိဓာန်, ဆန်း, အလင်္ကာ, သဒ္ဒါဗျာကရုဏ်း လောကီကျမ်း အလုံးတို့၌ငင်း။ အဂ္ဂဝိသာရဒေါ၊ မထစ်မငြိ ချက်တိုင်းထိသော ပညာရှိ ဗိုလ်မှူး ပုဂ္ဂိုလ်ထူး ကလေးသည်။ ဧကမှိ သမေ၊ မှတ်ဆိမ်းသက္ကရာဇ် တနှစ်ထည်း၌သာလျှင်။ ဒွယံ၊ မန္တလေးမြို့တွင် နှစ်စဉ်ကျင်းပ ပရိယတ္တိ သာသနဟိတ စာချောက်မေးခန်း၌ တကြိမ်, ပြည်ပိုင်အစိုးရမင်းတို့ တည်ခင်းကျင်းပ ပါဠိပဌမပြန် စာမေးပွဲကြီး၌ တကြိမ် အကြိမ်ကြိမ်ဆင့်ကဲ ဒွန်တွဲသည်ဖြစ်၍။ အသမံ ဇယံ၊ သကျသီဟာသဘင် ရာဇဝင်ဝယ် မမြင်ဘူး မကြားဘူး ဝင်စဉ့်၌ ချီးကျူးအပ်တုံ ကျမ်းစုံအောင် ဆွတ်လှမ်းပန်ဆင်ခြင်းသို့ငင်း။ အသမံ ဇယံ၊ ထောင်ပေါင်းများဖြင့် စာပွဲ ဝင်၌ အောင်စဉ်ပဌမ ထိပ်ဆုံးကထွက်ပေါ်သည့် ပဌမကျော်အောင်ပန်း ဆွတ် လှမ်းပန်ဆင်ခြင်းသို့ငင်း။ ပတ္တော၊ ယောကျ်ားတံခွန် ဂုဏ်ရည်ချွန်က မိုးစွန် တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲငြမ်းဖြင့် လက်လှမ်း ဆိုက်ရောက် နိုင်လေပြီ။ အဟော သာဓု၊ ယောကျ်ားဘသား တကဲ့သားဟု လက်ဖျားတခါခါ

ဖြတ်ဖွာဘုံ လွှမ်းကျော်ကြားအောင် အများကြီး သာဓုခေါ်ဘွယ် ကောင်းလေပြီတကား။ အဂ္ဂဝိသာရဒေါ်၊ "ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"တံဆိပ်ရ စာချရဟန်းတော် ပဌမကျော် ပုဂ္ဂိုလ်ထူး ပညာရှိ မိုလ်မှူးကလေး ဖြစ်လေပြီ ဖြစ်သောကြောင့်။ အာဂမေ၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန်ပေါင်း ရှစ်သောင်း လေးထောင် ကျမ်းကုန်အောင်ဒွဌင်း။ သဒ္ဒတ္ထသု၊ ပိဋကတ်ဘဏ် တက်ရောက်ရန်နှင့်ဖွင့် လှန်နိုင်ကြောင်း သော့ကောင်းသော့ကား ဓောင်းတန်းများသဖွယ် အသွယ်သွယ် အစားစား ကျမ်းတပါးတို့ဌ္ဌင်း။ ဝိတာသော၊ "အာသာမရှိ အာသာရှိ ငြိမ်းဘိလိုအာသာ" သုံးဖြာသုံးစား ပုဂ္ဂိုလ်များတွင် ခေါင်ဖျားတက်နိုင် ထိုးဖွဲ့ပိုင်ဘုရင်မင်းကလေး သည်။ ယောတိ၊ ဘုန်းနှင့်ပညာ ထက်ကြွပ်ပါ၍ သမ္ဘာစန်းပွင့် ဖြစ်ခွင့်ကြုံလေပြီ။ အယော သာဓု၊ ညြညြ–ညြညြ တညြညြနှင့် အတောမသတ် အဆပ်ဆပ်အံ့ချီး၍ ကောင်းချီး ပေးထိုက်ပေသည်တကား။

(၂) ဝိစိတ္တော၊ ဝိစိတ္တသာရာဘိဝံသ တံဆိပ်ရ အကျော် ရဟန်းတော်အရှင် ဝိစိတ္တသာရသည်။ သာရပညာနော၊ အသာဆုံးပညာဉာဏ် ရှိသည်ဖြစ်၍။ နာမံ၊ မင်္ဂလာအမြိုက် စုဘ်လာဘ်ကြိုက်အောင် သမိုက်တွင်ခေါ်ဘွဲ့ မည်တော်သို့။ အန္တယော၊ ဉာဏ်ယာဉ်စီးကာ လွယ်ကူစွာ လိုက်သွားလျက်။ ပညာတော၊ ပဌမကျော်-ပဌမကျော် တိုင်းလုံးကျော်အောင် စာနာပေါ် စနံးဆင့် ကံ ဉာဏ်မြင့်၍ အခွင့်ကြိုက်ကြုံ ရကနာပုံ ဆိုက်ခဲ့လေပြီတကား။ ဝိစိတ္တောစ၊ သာသနာ့အံ့ပွဲ အကြိမ်ကြိမ် နွှဲ၍ ခြိမ့်သဲစေ့ ရုံ အံ့ချီးတုံလည်း မကုန်ပေါ်ယယ် ဂုဏ်ပေါင်းကြွယ်သဖြင့် အံ့စဘွယ် ပုဂ္ဂိုလ်လည်း ဖြစ်ပေ၏။ ဝိသိဋ္ဌောစ၊ မ္ တထောင်တကောင်ဖွားသည့် ယောကျ်ားထူး ယောကျ်ားမြတ်လည်း ဖြစ်ပါပေ၏။ သာရော၊ အသာဆုံးဖြစ်၍။ သာရ-သိရိန္ဒရော၊ စာချရဟန်းတော် ပဌမကျော်ဟု အခမော်ထိပ်ခေါင် ကျက်သရေဆောင် ပုဂ္ဂိုလ်လည်း ဖြစ်ပါပေ၏။

(၃) အဘိမာနိတော၊ မြင်သူအပေါင်း ရှုမညောင်းအောင် နှစ်ထောင်းအားရ စွဲလမ်းတောင့်တအပ်သော။ မာ၊ သော်ဏယုန်နန်း လပြည့်ဝန်းသည်။ ခေ၊ ယုဂန္ဓိုရ်နန်း ကောင်းကင်လမ်း၌။ ဥဒိစ္စ၊ စွင့်စွင့် ကြွားကြွား တက်သွားပြီးလျှင်။ စက္ကသာ။ ဒေါင်းယာဉ်ရတနာ နေစကြာ၏။ အနုစရော၊ နောက်တော်ပါးက ခစားမကွာ အစဉ်လိုက်ပါသည်ဖြစ်၍။ ဘာတိ ဣဝ၊ အအေးဓာတ် စိန်ရောင်ခြည်ကို ငုံရသည့် အာညောင်း၍ စုပေါင်းထွေးအန် တအားသွန်ထွန်းတောက်လေဘိသကဲ့သို့။ ဓမ္မစာရိဘိမာနိတော၊ ပိဋကတ်သုံးအင် မြေအပြင်၌ ဝန်းကျင်လှည့်ပတ် ကျမ်းဂန်တတ်တို့ လေးမြတ်အားရမ်း စွဲလမ်းနှစ်သက်အပ်သော။ ဝိစိတ္တောသာရော၊ ဝိစိတ္တသာရ အဘိဝံသမည့်ခေါ် ပဌမကျော်ပုဂ္ဂိုလ်ထူးကလေးသည်။ ဓမ္မဝိဇမ္ဘနေ၊ ဓမ္မသဘင် ဆင်ယင်တင့်ထူး

ကုန်မြူး စံပယ်ရာ ဖြစ်သော။ ဓမ္မနာဒေ၊ မင်းကွန်းရှေတောင် ဓမ္မနာဒ ချောင်၌။ ပညာယ၊ ပညာယာဥ်ဖြင့်။ ဥဒိစ္စ၊ မြင့်မောက်မော်ကြွား ခေါင်ဖျား တက်ရောက်ပြီးလျှင်။ ပညာစက္ကုသ၊ ပိဋကသုံးဖြာ ဝေယျာကရဏ အစစ ကျမ်းဂန်၌ ပညာဉာဏ်စက် မြဲမြံစက်၍ အသက်သီလ သမထဖြင့် နိစ္စသင်းထုံ ကောင်းသိရ်ဂုဏ်ဘို့ စွယ်စုံသင်ပေါ် ဓမ္မနာဒဆရာတော်ဘုရား၏။ အနုစရော၊ နောက်တော်ပါးက ခစားမကွာ လက်ျာရံဘပည့်ကြီးဖြစ်၍။ ဘာတိ၊ သတင်း ဂုဏ်ရောင် တပြောင်ပြောင်ထိန်ဝင်း၍ ထွန်းလင်းပေသည်တကား။

(၄) သုမေဓော၊ ဇာတိ၊ ပါရိဟာ၊ ဘာဝနာဟု ပညာသုံးစား ပေါ်များ ပြည့်သိပ် မဏ္ဍိတ်ပုဂ္ဂိုလ်ကလေး ဖြစ်လေသောကြောင့်။ ဧယတံဝဓော၊ စာပွဲဝင် ထောင်ဆသောင်းတွင် ထိပ်ဆောင်းပဋ္ဌမ အောင်ပန်းရသည်ဖြစ်၍။ သုတော၊ ပဋ္ဌမကျော် ပဋ္ဌမကျော် တိုင်းလုံးကျော်သော။ သုတော၊ သားကောင်း တခယောက် ကျောက်ဒကောင်းတလုံး ပြောထုံးပြောမှတ် သားမြတ် သားထူးကို။ ယေဟိ၊ အကြင် မိဖ ဒါယကာ ဆရာသမားတို့သည်။ လဒ္ဓေါ၊ ဘုရားမ၍ ရကြအပ်ပေ၏။ တာ မာတရော၊ ဦးဆုံ ဒေါ်ဆင် ဆိုကျေးဇူးရှင် မိဖ နှစ်ပါး ဆွေသားမျိုးချင်းတို့သည်၎င်း။ တေ ဒါယကာ စေဝ၊ သူဌေးမင်း ဦးသွင်, သူဌေးကတော် ဒေါ်ဒေါ်သိန်းနှင့်တကွ ဆည်းကပ်ကိုးကွယ်ကြသော ဒကာ, ဒကာမတို့သည်၎င်း။ တေ အာစရိယာ ဝရာ၊ ဓမ္မနာဒဆရာတော် အစ ဘောင်သည့် ဆရာတော်အရှင်မြတ်တို့သည်၎င်း။ ဓညာ၊ ရှေးဘုန်း ရှေးကံ လောကင် ပြည့်စုံကြပေကုန်သည်တကား။ ဘာဂျဝါ၊ ကုသိုလ်ကံတန်းမြင့် စန်းပွင့်ကြပေကုန်သည်တကား။

ဝိသုဒ္ဓါရုံ စည်ရှင်ထေရော။

၉၇-၆-၀-၇။

---

**ပဋ္ဌာန်းညဝါ စာချဆရာ၊ အရှင်အဂ္ဂဝံသ ရေးသားအပ်သော**
**ထောမနာဂါထာ**

(၁) တုံ့ ခေါ တိဝသောဝုပသမ္ပဒေန၊ ဝဿေန စေကေန ကဝိဿရာနံ။
ဝိဿဇ္ဇိ တိသဋ္ဌကထာသု ပဋ္ဌံ၊ မိဝိက္ကမော တုယှမဟော ဝိစိတ္တ။

(၁) ဝိစိတ္တ၊ အကျော်ပဋ္ဌမ စာချပူဇော် အလှူတော် ခံယူရသော ငါ့ရှင် ဝိစိတ္တ။ တုံ့ ခေါ၊ သင် ငါ့ရှင်သည်။ ဥပသမ္ပဒေန၊ ဥပသမ္ပဒဇာတ် ရဟန်း၏ အဖြစ်အားဖြင့်။ တိဝသောဝ၊ သုံးဝါရရှိ နဝကပဥ္စင်းပျို ဖြစ်ဘိလျက်ပင်လျှင်။ တိသု အဋ္ဌကထာသု၊ ပိဋကသုံးဆင့် အဖွင့်ဝဏ္ဏနာ အဋ္ဌကထာကြီး ၃-ကျမ်း တို့၌။ ကဝိဿရာနံ၊ ကဝိထွတ်ထိး ပညာရှင်မဟာထေရ်ကြီးတို့၏။ ပဋ္ဌံ၊

ခဲလည်းခဲခက် နဲနက်လှစွာ ပြဿနာကို။ ကေန ဂဿေန၊ ရှည်ကြာဆေးလေး မလင့်နှေးပဲ အရေးကုန်စင် တနှစ်ဘည်းဖြင့်ပင်။ ဝိဿဇ္ဇိ၊ အာဘော်မိမိ လိုရင်းဘိအောင် တိဘိနှောက်မွှေ ဖြေဆိုဖြေလည်ခဲ့လေပြီ။ တုယှံ၊ သင် ငါ့ရှင် ဝိစိတ္တ၏။ ဓိတိက္ကမော၊ ဇာဘိပဋိဘာန် အသိဉာဏ်၏ ကက်သန်ဆန်းကြယ် တင့်တယ် မြူးကွန့်ခြင်းသည်။ အဟော၊ မကြုံစဖူး အကြုံရထူး၍ ချီးကျူးထောမနာ အံ့ဩဘွယ်ရာကြီးပါပေတကား။

(၂) တွ မေဝ ရာဇူဟျာဘိသမ်ဘေပ်၊ ဓမ္မုဿဝေ သေခရဘာဝဂါမိ။
အဟော ဟိ တုယှံ မတိဝိက္ကမော ယံ၊ ဒေ့ပေဏဝဿေန အလံ ဝိဇေတုံ။

(၂) တွ မေဝ၊ သင် ငါ့ရှင်သည်ပင်လျှင်။ ရာဇူဟိ၊ ပြည်ပိုင်သေဌ်နင်း အစိုးရမင်းတို့သည်။ အဘိသမ်ခတ၊ ခင်းကျင်းစီစဉ် ဆင်ယင်ပူလုပ်အပ်သော။ ဓမ္မုဿဝေပ်၊ ပါဠိပဌမပြန်စာမေးပွဲကြီး၌လည်း။ သေခရဘာဝဂါမိ၊ ခေါင်စဉ်ထိပ်ဖူး ပဌမကျော်ပုဂ္ဂိုလ်ထူး၏ အဖြစ်သို့လည်း စင်စစ်မသွေ ဆိုက်ရောက်ခဲ့လေပြီ။ ယံ ယသ္မာ၊ အကြင်ကြောင့်။ ဒေ့ပိ၊ အကျော်စာချ မဟာရဟာ ခန်း၌ာန နှစ်တန်တို့ကိုလည်း။ ဧကဝဿေန၊ ရှည်ကြာမြားလေး မလင့်နှေးပဲ အရေးကုန်စင် တနှစ်တည်းဖြင့်ပင်။ ဝိဇေတုံ၊ ဉာဏ်ရည်ကွန့်မြူး အထူး အောင်မြင်ခြင်းငှါ။ အလံ၊ စွမ်းနိုင်ပါပေ၏။ တံ တသ္မာ၊ ထိုကြောင့်။ တုယှံ၊ သင် ငါ့ရှင် ဝိစိတ္တ၏၊ မတိဝိက္ကမော၊ ဇာဘိပဋိဘာန် အသိဉာဏ်၏ ထက်သန် ဆန်းကြယ် တင့်တယ် မြူးကွန့်ခြင်းသည်။ အဟော ဟိ အဟော ဧဝ၊ မကြုံစဖူး ကြုံရဆူး၍ ချီးကျူးထောမနာ အံ့ဩဘွယ်ရာကြီးသာလျှင်တကား။

အရှင်အဂ္ဂဝံသ
မင်းကွန်း၊ ဓမ္မနာဒတိုက်။

---

ပဌမကြီး ရဟန်းတော် အရှင်အဂ္ဂဝံသ
ရေးသားအပ်သော ထောမနာဂါထာ

(က) မုနိန္ဒဝါဏီသု ဝိစိတ္တဉာဏ်ကော၊
တပေါခနော နော သဟာဓမ္မိကော နဝေါ။
စံကျောင်းနိကာယကံ့ရသန္တိဘော သိရီ၊
ပဓာရယံ စက္ခုမ သာသနဿ စ။

(ခ) ယံ ကေဝဿေန ဥဘောသု ပါဠိယု-
ဿဝေသု အဂ္ဂဋ္ဌိသယေသု ယော ဇယိ။
မိတ္တော သုဟဒ္ဒ စ ပမောဒယံခိလေ၊
မသြေ ဂဏဿာမဘာဓာတု သမ္ဗုဓိ။

(က) နေ၁၊ အကျွန်ုပ်တို့၏။ သဟဓမ္မိကော၊ တကွ စာသင်ဖော် သီတင်းသုံးဖော်ဖြစ်တော်မူသော။ နဝေါ၊ သုံးဝါမျှရ နဝကပုဂ္ဂိုလ် ရဟန်းပျို ဖြစ်တော်မူသော။ စံကျောင်းနိကာယကိုရသန္ဒိဘော၊ စံကျောင်းဂိုဏ်းကြီး၏ အညွန့်အညောက်သဖွယ် ဖြစ်တော်မူသော။ မုနိန္ဒဝါဏီသု၊ ရဟန်းတို့ သေဌ်နင်းတရားမင်း၏ ခံတွင်းတော်ထွက် ပိဋကတ်ဓမ္မစကားတို့၌။ ဝိစိတ္တဉာဏိကော၊ ပဋိဘာန်ဉာဏ်အမြင် ရှိတော်မူသော။ ယော တပေါဓနော၊ အရှင် ဝိစိတ္တသာရနာမခေါ်ဆို အကြွင်ရဟန်းပျိုသည်။ စက္ကမသာသနသာ၊ စက္ကုငါးမျိုး ပိုင်စိုးသခင် ဘုရားရှင် သာသနာတော်မြတ်ကြီး၏။ သိရီ၊ ကြားက အံ့ဖွယ်ကျက်သရေ ဂုဏ်အသွယ်သွယ်ကို။ ပဓာရယံ ပဓာရယန္တော စ၊ ပဋ္ဌမကျော်တဌာန, ဓမ္မာစရိယ တပါး အပြားအားဖြင့် ရွက်ဆောင်တော် မူလျက်ရင်း။

( ခ ) အခိလေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သုဟဒ္ဓေ၊ ကောင်းမြတ်ရှင်ပြုံး စိတ်နှလုံးရှိကုန်သော။ မိတ္တေ၊ မေတ္တာရှေးထား မိတ်အားများတို့ကို။ ပမောဒယံ-ပမောဒယန္တော စ၊ နှစ်သက်အားရမ်း ရွှင်လန်းဝမ်းမြောက်စေလျက်ရင်း။ ဧကာဝသေနာ၊ ရှည်ကြာဆေးသေး မလင့်နှေးပဲ အဓရေးကုန်စင်တနှစ်တည်းဖြင့်ပင်လျှင်။ ဥဘောသု၊ ပရိယတ္တိ သာသနဟိတ-စာလျှောက်မေးခဏ်း အစိုးရပဌမကျော်တန်းအားဖြင့် နှစ်ပါးကုန်သော။ ပါဠိယုဿဝေသု၊ ပါဠိကျမ်းကျင် ရဟန်းရှင်တို့ စွမ်းအင်ထက်သန် ဖြေရန်ဖန်တီး စာမေးပွဲကြီးတို့၌။ ယံ-ယသ္မာ၊ အကြင့်ကြောင့်။ ဇယိ၊အောင်ဂုံယုတ္တိ ပါဠိပုဒ်ဗျည်း မလိပ်လည်းအောင် သိပ်သည်းကုန်စင် အောင်မြင်ခဲ့လေပြီ။ တသ္မာ၊ ထိုကြောင့်။ ဂဏာသ၊ ပညာရှိတို့၏ဖြစ်ရာ သုဓမ္မာသမိုင်း စံကျောင်းဂိုဏ်းကြီး၏။ အမတာဓာတု၊ အလွန်ထူးမြတ် အမြုဓာတ်ဓာတ်သည်။ သမ္ဘဝိ မညေ၊ ကောင်းစွာခွင့်လျော်ဖြစ်ပေါ် လေယောင်တကား။

( ဂ ) ယာ သာမဏေရသမယေ အဘာဝိ အပေက္ခာ၊
သာ မေ ဓုနာ တဝုပရိ ပရိပူရိ သမ္မ။
ပဋ္ဌာယိတော သုဂတသာသနဘာရဝါဟော၊
ဇီဝဿု ဝဿသတ, မိတ္တ, ဘိပတ္ထယာမိ။

(ဂ) သမ္မ၊ တဦးမေတ္တာ တဦးမှာလျှင် လူးလာယှက်ပျော် ချစ်ညီတော်။ သာမဏေရသမယေ၊ သာမဏေယ် ဆယ့်သုံးနှစ် အရွယ်တုန်းက။ ဝါ၊ မြင်းခြံမြို့တွင်း မိုးတင်းနေငြား ဒကာ ဒကာမများတို့ အားရရွှင်ရွှင် ဆင်ယင်ဖန်နွဲဝိနည်းစာပြန်ပွဲ၌ အံ့အဲ့ချီမဆုံး ဝင်ရောက်ပြန်ဆိုစဉ် အခါတုန်းကပင်။ တဝုပရိ၊ သင်ချစ်ညီ၏အပေါ်၌။ ယာ အပေက္ခာ၊နှောင်အခါသော် အကျော်ပဌမ စာချတံဆိပ် ခပ်နှိပ်အလှူ ခံယူလိမ့်မည် ယုံကြည်အားတက် အကြင်သို့သောမြော်လင့်ချက်သည်။ အဘာဝိ၊ ထင်ရှားမသေ့ ဖြစ်ခဲ့ရလေပြီ။ မေ-မမ၊ အရှင်

အဂ္ဂဝံသ နာမမည်ခေါ် ငါ ချစ်နောင်တော်၏။ သာ အပေက္ခာ၊ ထို ယုံကြည် အားတက် မျှော်လင့်ချက်သည်။ အစုနာ၊ ယခုအခါ၌။ ပရိပူရိ၊ မျှော်လင့် ခဲ့တိုင်း မဆိုင်းမသွေ ပြည့်စုံလေပြီ။ ဣတော၊ အကျော် ပဌမ စာချလှူတော် အပူဇော်ခံရ ဤအခါကာလမှ။ ပဋ္ဌာယ၊ အစပြု၍။ တုံ၊ သင်ချစ်ညီတော်သည်။ သုဂတသာသနဘာရဒါနဟာ၊ အမြိုက်နိဗ္ဗာန်၊ ဝင်စံကြွသွား မြတ်ဘုရား၏ တည်ထားခဲ့မှန် သုံးတန်သော သာသနာ့ဝတ္တရားဝန်ကို အားသွန်ထမ်းရွက်လျက်။ ဝဿသတံ၊ အနှစ်တရာ အခါပတ်လုံး။ ဇီဝသာ၊ ဘေးရန်မထောင့် မနှောင့် အန္တရာယ် ကြံရွယ်သမျှ ကိစ္စပြီးပြေ ကျက်သရေလည်း တက်နေနှုန်းဖက် လွန်တိုးတက်၍ အသက်ရှည်ပါစေသတည်း။ ဣတိ၊ ဤသို့။ အဘိပတ္ထယာမိ၊ ဆုတောင်းမေတ္တာ မလစ်ပါအောင် လှစ်ကာတောင့်တမိပေ၏ ချစ်ညီတော်။

ပဌမကြီး-အရှင်အဂ္ဂဝံသ၊
ဓမ္မနာဒတိုက်၊ မင်းကွန်း။

---

ပဌမကျော် အရှင်မြတ် သီတင်းသုံးဖော်
အရှင်နန္ဒိယ ဖွဲ့စီ ရေးသားအပ်သော
ပဌမကျော်ဘွဲ့ လေယာဉ်ပျံဂါထာ

(သုံးဂါထာလုံး သိလေသာလင်္ကာရ ဂုဏ်ရောက်သည်။)

(၁) မာပိတော စက္ကာဓေရေန၊ ဝိစိတ္တော ယာတိ ခေစရော။
သတံ ဇနသမူဟာနံ၊ ဥပရူပရိ ပဿတံ။

(၁) စက္ကာဓေရေန၊ လောကီအတတ် ဘက်ကမ်းခပ်အောင် တတ်မြောက် ပွန်းတီး စက်ဆရာကြီးသည်။ မာပိတော၊ လောကဓာတ်ဉာဏ် အစွမ်းဖြင့် ဖန်ဆင်းတီထွင် စီရင်ပြုလုပ်အပ်သော။ ဝိစိတ္တော၊ မြင်သူအားရမ်း ရှုမခန်း အောင် ဆန်းလည်း ဆန်းကြယ်လှစွာသော။ ခေစရော၊ ခေါင်နဘန္တာ တောင်ပံ တကာကာနှင့် လူးလာ ဝဲပျံ လေယာဉ်ပျံသည်။ ဇနသမူဟာနံ၊ လူရှင်အားလုံး တစုတရုံးတို့သည်။ ပဿတံ ပဿန္တာနံ၊ မဒရောင့်မရဲ ကြည့်ရှု၍ နေကြကုန်ဆဲ တွင်ပင်။ ဥပရူပရိ၊ တဆင့်ထက် တဆင့် အမြင့်ထက် အမြင့်သို့။ ယာတိ၊ ဘိုင်-လာစက်အား ကြံစည်ပုံသားနားသဖြင့် မြင်ကြားသူ ဘင်မြောက်အောင် တက်ရောက် လေသည်တကား။

(ဤကား ဥပမာနပက္ခ၊လေယာဉ်ပျံဘက်နှင့်သက်ဆိုင်သော အနက်တည်း။)

စက္ကာဓေရေန၊ သုံးတန်ပိဋကတ် ဘက်ကမ်းခပ်အောင် တတ်မြောက် ပွန်းတီး ကျေးဇူးရှင် စက်ဆရာတော် မဟာဒေဝ၏မြတ်ကြီးသည်။ မာပိတော၊

လောကုတ္တရာ ပညာတော် ဉာဏ်အစွမ်းဖြင့် ဖန်ဆင်းတီထွင် စီရင်ပြုလုပ်တော် မူအပ်သော၊ ဝိစိတ္တော ခေခရော၊ အရှင်ဝိစိတ္တသာရ မဟာစရိယတ္ထဲပဋ္ဌမကျော် စက်လေယာဉ်ပျံသည်။ သတ၊ ပညာလိုက်စား သူတော်စဉ်အမျိုးသားတို့သည်။ ပဿတ ပဿန္တာနံ၊ မရောင့်မရဲ ကြည့်ရှု၍ နေကြကုန်ဆဲတွင်ပင်။ ဉပဗ္ဗဟိ၊ အမြင့်ထက် အမြင့်စခန်း ပဋ္ဌမကျော်တန်း- စာချတန်းသို့။ ယာတိ၊ ပညာစက်အား ကြံစည်ပုံ သားနားသဖြင့် မြင်ကြသူ ဘဝင်မြောက်အောင် တက်ရောက်တော် မူခဲ့လေပြီတကား။

(ဤကား ဉပမေယျပက္ခ၊ ပဋ္ဌမကျော် အရှင်မြတ်နှင့် ဆိုင်သော အနက်တည်း။)

(၂) သုလာဘာဝတ တေ ယေဟိ၊ သုတော ဤဒိသခေစရော။
ဝိစိတ္တော သာရဝေဂေါ စ၊ လဒ္ဓေါ ကဝိဘိမာနိတော။

(၂) ယေဟိ၊ အကြင်လောကီဘက်ဆိုင်ရာ စက်ဆရာကြီးနှင့် တကွ ညတိပဝါရိတ အပေါင်းတို့သည်။ သုတော စ၊ ထင်လည်း ထင်ရှား အကျော်တကြားဖြစ်ပေထသော။ ဝိစိတ္တော စ၊ မြင်သူအားရမ်း ရှုမခန်းအောင် ဆန်းလည်းဆန်းကြယ်ပေထသော။ သာရဝေဂေါ စ၊ ကမ္ဘာအလုံး အသာဆုံးသောအဟုန်လည်း ရှိပေထသော။ ကဝိဘိ၊ စက်ဘက်လိုက်စား ပညာရှိကြီးများတို့သည်။ မာနိတော၊ နှစ်သက်မြတ်နိုး အပ်ပေထသော။ ဤဒိသခေစရော၊ ခေါင်နဘန္တာ တောင်ပံ တကာကာနှင့် လူးလာဝဲပျံ ဤကဲ့သို့သော လေယာဉ်ပျံကို။ လဒ္ဓေါ၊ ကံစွမ်းကူပင့် ဉာဏ်စွမ်းမြင့်၍ အဆင်သင့် ရအပ်ပေ၏။ တေ၊ ထိုလောကီဘက်ဆိုင်ရာ စက်ဆရာကြီးနှင့်တကွ ညတိပဝါရိတ အပေါင်းတို့သည်။ သုလာဘာဝတ၊ ရှေးကုသိုလ်ကံ ခေတ်မှီဉာဏ်တို့ စီမံခွင့်လျော် အရတော်ပါပေကုန်စွ တကား။

(ဤကား ဉပမာနပက္ခ၊ လေယာဉ်ပျံဘက်နှင့် သက်ဆိုင်သော အနက်တည်း။)

ယေဟိ၊ အကြင် ကျေးဇူးရှင် စက်ဆရာတော် မဟာထေရ်မြတ်ကြီး ဘုရားနှင့်တကွ ဆည်းကပ်ကိုးကွယ်ကြသူ ဒကာ, ဒကာမတို့သည်။ သုတော စ၊ ထင်လည်းထင်ရှား အကျော်စာချ တပါးလည်း ဖြစ်ပေထသော။ ဝိစိတ္တော စ၊ ပန်ကာ သတိ, သမာဓိ ဓာတ်ဆီ, ဝီရိယစက် တင်လျက်ဆင်ယင် သို့ဖြစ်အင်ကြောင့် မြင်သူအားရမ်း ရှုမခန်းအောင် ဆန်းလည်း ဆန်းကြယ်ပေထသော။ သာရဝေဂေါ စ၊ အနှံ့အတိ ပြစ်မရှိအောင် ဗုဒ္ဓိဉာဏ်ဟုန် အစွမ်းဂုဏ်နှင့်လည်း ပြည့်စုံပေထသော။ ကဝိဘိ၊ လောကုတ္တရာ ပညာလိုက်စား ကဝိအများတို့သည်။ မာနိတော၊ နှစ်သက် မြတ်နိုးအပ်ပေထသော။ ဤဒိသခေစရော၊ အကျော်စာချ နှစ်ဌာနကို ကာလမငင် တနှစ်တည်း အောင်မြင်နိုင်သည့်

ဤအရှင်ဝိစိတ္တသာရ ကဲ့သို့သော စက်လေယာဉ်ပျံမျိုးကို။ လဒ္ဓေါ၊ ဘုန်းတော်ကံတော် လုံ့နိုးဆော်၍ လက်တော်ရောက် မရှိအပ်ပေ၏။ တော၊ ထိုကျေးဇူးရှင် စက်ဆရာတော်ကြီး ဘုရားနှင့် တကွ ဆည်းကပ်ကိုးကွယ်ကြသူ ဒကာ ဒကာမတို့သည်။ သုလာဘာဝဘာ၊ စကြာမင်းဖျား သားကြီးရတနာ ဆိုက်ရောက်လာသို့ လွန်စွာအရ တော်ပါပေကုန်စွ။ တကား။

(ဤကား ဥပမေယျပက္ခ၊ ပဌမကျော် အရှင်မြတ်နှင့် ဆိုင်သော အနက်တည်း။)

(၃) ဦဟန္တု၊ စက္ကာစရိယာ၊ ဝိဘာဝိနော ပုနပ္ပုနံ။
စိတ္တာဘာ ဒဠှရိယံ၊ သာရဝေဂဠ္ဌ ခေစရံ။

(၃) ဝိဘာဝိနော၊ လောကီဆိုင်ရာ စက်ပညာ၌ စိတ်ဖြာသိမြင် ပညာရှင်ကြီး ဖြစ်ကုန်ထသော။ စက္ကာစရိယာ၊ လောကီအတတ် ဘက်ကမ်းခပ်အောင် တတ်မြောက်ပွန်းတီး စက်ဆရာကြီးတို့သည်။ စိတ္တတရဋ္ဌ၊ မြင်သူအားရမ်း ရှုမခန်းအောင် ဆန်းလည်းဆန်းကြွယ်လှစွာထသော။ အဠှရိယဋ္ဌ၊ လက်ဖျစ်တတီးတီး အံ့ချီးဘွယ်ရာလည်း ဖြစ်ပေထသော။ သာရဝေဂဠ္ဌ၊ ကမ္ဘာအလုံးအသာဆုံးသော အဟုန်သည်း ရှိပေထသော။ ခေစရံ၊ ခေါင်နဘဏ္ဍာ တောင်ပံတကာကာနှင့် လူးလာဝဲပျံ ဤကဲ့သို့သော လေယာဉ်ပျံကို။ ပုနပ္ပုနံ ဦဟန္တု၊ ကြိမ်ကြိမ်ထပ်မံ အဖန်ဖန်လျှင် ကြံစည်အားထုတ် ပြုလုပ်နိုင်ကြ ပါစေကုန်သတည်း။

(ဤကား ဥပမာပက္ခ၊ လေယာဉ်ပျံဘက်နှင့်သက်ဆိုင်သော အနက်တည်း။)

ဝိဘာဝိနော၊ ဝေဘာပျံ့ထုံ နှုန်းနေကုန်အောင် ပြည့်စုံတော်မူကြကုန်သော။ စက္ကာစရိယာ၊ သုံးတန်ပိဋကတ် ဘက်ကမ်းခပ်အောင် တတ်မြောက်ပွန်းတီး ကျေးဇူးရှင် စက်ဆရာဘော် မဟာထေရ်ကြီးတို့သည်။ စိတ္တတရဋ္ဌ၊ ပန်ကာသတိ, သမာဓိဓာတ်ဆိ, ဝီရိယစက် တပ်လျက်ဆင်ယင် သို့ဖြစ်အင်ကြောင့် မြင်သူအားရမ်း ရှုမခန်းအောင် ဆန်းလည်းဆန်းကြွယ်လှစွာထသော။ ဝါ၊ ဆန်းလည်းဆန်းကြွယ်လှစွာသောကြောင့်၊ အဠှရိယဋ္ဌ၊ လက်ဖျစ်တတီးတီး အံ့ချီးဘွယ်ရာလည်း ဖြစ်ပေထသော။ သာရဝေဂဠ္ဌ၊ အနှင်းအတိ ပြစ်မရှိအောင် ဗုဒ္ဓိဉာဏ်ဟုန် အစွမ်းဂုဏ်နှင့်လည်း ပြည့်စုံပေထသော။ ခေစရံ၊ အကျော်စာချ နှစ်ဌာနကို ကာလမပင် တနှစ်တည်း ဆောင်ရွက်နိုင်သည့် ဤ"အရှင်ဝိစိတ္တသာရ"ကဲ့သို့သော စက်လေယာဉ်ပျံမျိုးကို။ ပုနပ္ပုနံ ဦဟန္တု၊ ကြိမ်ကြိမ်ထပ်မံ အဖန်ဖန်လျှင် ကြံစည်အားထုတ် ပြုလုပ် ဖန်ဆင်းတော် မူနိုင်ကြပါစေသတည်း။

(ဤကား ဥပမေယျပက္ခ၊ ပဌမကျော်အရှင်မြတ်နှင့်ဆိုင်သောအနက်တည်း။)

အရှင်နန္ဒိယ
မဟ္ဂနာဒတိုက် မင်းကွန်း။

## ပဌမကျော် အရှင်မြတ်၏တပည့်
## ရဟန်းတော် အရှင်နာဂိတ ဖွဲ့သိအပ်သော
## အာသီသမင်္ဂလာ-ဩဘာရတုပိုဒ်စုံ
## (သုံးပိုဒ်လုံး ၅၁-ပဒစီ)

**မြင့်မှူးတေဇာ။** ။လင်းလင်းဖြာ၍ ပြဟ္မာလူနတ် ဦးတိုင်းညွတ်သား သျှောင်ထွတ်ဆံဖျားတို့ဘုရားလျှင် တည်ထားမှန်စွာ သာသနာဟု ထောင်မှာဒွယ ရာဇယနှင့် ဒသခုနှစ်သွယ် ရှစ်ခုကယ်တည့် နှစ်ဝယ်တိုင်မြောက် ခါကောင်းရောက်က မုန်သောက်ဘဘင် ဆရာရှင်ဟု အာဝင်ငါးပါး တော်ဘုရားတို့ ဖြစ်ပွါးထွန်းရာ သုခမ္မာဟု ကျေညာတင့်လျှင်း စံခကျောင်းဂိုဏ်း၏ အံ့တိုင်းမကုန် ကျေးဇူးဂုဏ်ကို မသုန်မတွေ သိလင့်စေဟု ပြပေသောသောင် ထမ်းရွက်ဆောင်၍ အခေါင်ဌာန ကျော်ပဌမနှင့် စာချစခန်း ဤနှစ်တန်းဝယ် အောင်ပန်းညွန့်ဖူး နှစ်ချင်းခူးသား ဉာဏ်ထူးသခင် ကျွန့်အရှင်ကား သုံးခွင်ပိဋကတ် ပရိယတ်ဝယ် တည့်မတ်လှစွာ ထဲပညာဖြင့် ဆရာလက်ဆုပ် နယမှုဌ်ကို သိမ်းချုပ်မယိုင် ခွင့်လုံးပိုင်၍ ကြံခိုင်လုံ့လ ဉဿာဟဖြင့် တကြွကြိုးကုတ် ဇိတ်အားထုတ်လျက် ဇယျုသာါ ခြိမ့်ခြိမ့်ညာသည် ရွှေစာအသုံ ရင့်ပေဘုရား။

**ရင့်ကျူးရွှေစာ။** ။ဒေသနာတည့် သေလာဂနိုင် တောသုံးဆိုင်၌ ပိုင်ပိုင်လူးလွန့် ဉာဏ်ဖူးညွန့်ဖြင့် မြူးကွန့်ပျော်ရွှင် ကျော်ဘွဲ့ယင်သား တမင်္ဂလာ ကျွန်ဆရာမူ မြန်မာသက္ကရာဇ် ဘွားချိန်စစ်သော် ထောင်ကော်ရာဒွိ ဆယ်သတ်ရှိမှ တြိစွန်းလွန် ကောဇာမွန်၌ နဘံတာရာ ကြတ္တိကာလည်း သော်တာနန်းသိုက် စန်းနှင့်ကြိုက်ဘည့် အမြိုက်မာသ တန်ဆောင်လ၏ ဇုဏှ ဆန်းတက် ဆယ့်ဘစ်ရက်ဟု ဉာဏ်စက်ကွန့်မြူး ဗုဒ္ဓဟူးဝယ် ချိန်ထူးသိဒ္ဓိ ခါကောင်းမိ၍ မွေးမိခင်ဝမ်း ကြာတိုက်ခန်းမှ ချမ်းမြေ့လှယ်ကူ ဘွားတော်မူရှင့် ဆောက်ဦဆက်သန် ရှေးဘုန်းဖန်၍ ချိန်တန်စာချ ကျော်ပဌမဟု ဇေယျညွန့်လူ သိမ်းအုံ့ဟူသို့ သူငယ်ကာလ အဩယ်ဘပင် ဆရာ့နိသျည်း မလိပ်သည်းအောင် ဖြည့်ဆည်းပူးကာ ယခုခါ၌ မဟာရဟ နှစ်ဌာနဝယ် ကာလမစွဲ နှစ်ချင်းစွဲဖြင့် အံ့အံသူငါ ကောင်းချီးညာသည် ဇေယျာအစုံ တင့်၍ဘုရား။

**တင့်ထူးဇေယျာ။** ။ကောင်းချီးညာ၍ နှစ်ဖြာဘွဲ့လိုင် ဂုဏ်တံဆိပ်ဖြင့် ဘိသိက်ဆင်ယင် ကျွန့်အရှင်ကား ဘုရင်နှစ်ဆက် လှူဒါန်းဆက်သား အနဂ်ပာရာ မင်းဆရာဟု ခရာခတ်နှိပ် ဂုဏ်တံဆိပ်ဖြင့် မှူးဒိပ်ဖြန့်သိုင်း ဘုန်းရောင်လျှင်းတည့် ဂိုဏ်းညွန့်ထိပ်ဘင် စံခကျောင်းရှင်၏ နွယ်တွင်ပွါးလူး မြေးတော်ထူးဟု ညွန့်ဖူးပီပြင် ကျမ်းပုံယင်၌ စုံသင်နည်းနာ တတ်ပွန်စွာဖြင့် သာသနာကျိုး ဆဘတိုးအောင် သည်ပိုးသောနေ ပေါ်ခဲ့ပေရှင့် မပေဟ

ညာဏ်ရောင် ဝင့်တိုင်းပြောင်သား ဘုန်းခေါင်ထေရ်ကြွယ် ဥပဇ္ဈာယ်ဟု စင်ကြည်သိလ ကုံလောက်တည့် ဓမ္မနာဒ အာရာမ၌ နာယကထွတ်ချာ ကိုယ့်ဆရာ၏ အာသာတော်မြတ် စွဲထုံလတ်သား ပိဋကတ်ဂမ္ဘီ ကျမ်းအဆီ၌ ဝသီလိုက်လှဲ အာရုံမြဲ၍ စာပွဲသဘင် ခမ်းနားယဉ်လျက် ဝန်းကျင်ယှက်ကြာ ကြွယ်တာရာဖြင့် ဝေဟာလှည့်မြန်း လ-နှန်းနှန်းလျှင် တင့်ထွန်းစေငှာ ဆုပန်ထွာသည် တေဇာ တဂုဏ် မြင့်၍ဘုရား။

ထေဝမနာကဏ္ဍ ပြီး၏။

---

သာသနဝံ့မူလ မဟာပူဇနိယ ထုတိဃောသ

## သြဘာ စာတမ်းကြီး

၁၂၉၆-ခုနှစ်တွင် ပဌမကျော် အောင်ပန်းကို ဆွတ်လှမ်းပန်ဆင်တော်မူသော ပဌမကျော် အရှင်ဝိစိတ္တသာရာဘိဝံသအား ရန်ကုန်မြို့ သူဌေးမင်း ဦးသွင် သူဌေးကတော် ဒေါ်ဒေါ်သိန်းမှစ၍ မိတ်သင်္ဂဟ ဖြစ်တော်မူကြကုန်သော ရန်ကုန် မော်လမြိုင် တောင်သာမြို့ရှိ အစုအသင်း ပေါင်းများစွာတို့က အစိုးရ ပဌမကျော် ဖြစ်တော်မူသော—

၃-ဝါရ အရှင်ဝိစိတ္တသာရာဘိဝံသအား အင်္ဂလိပ်နှင့် အကျော်ဟူသောဘွဲ့လိပ်နှင့် အထူးထူးသော ရွှေတံဆိပ် အဖုံးဖုံး ရဟန်းပရိက္ခရာ အစုံ ပိဋကတ်ကျမ်းစာ စာတိုက်ဗီရို အစုံတို့ဖြင့် သဒ္ဓါအလျှောက်ချီးမြှောက် လှူဒါန်းခြင်းကို ပြုကြသော အခမ်းအနားကြီးတွင် ရန်ကုန်မြို့ရှိ မြန်မာ့ညာရှိ ဆရာကြီးများ အဖွဲ့က ဖတ်ကြားဆက်ကပ်သော—

### သြဘာစာနှင့် မင်္ဂလာသံပိုင်း

"ကိံ မေ ဧကေန တိဏ္ဏေန" ဗုဒ္ဓဝင်ကျမ်းပြုနှင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူသည်နှင့်အညီ ပါရမီတံသ စရိယသုံးထွေဖြင့် သခင်လျှလေး ထပ် တသိန်းကပ်ကို ကူးပေါ်ပေါက်မြောက် ထွန်းတောက်မင်္ဂလာ အခါစေရောက်လာရကား သက္ကတိုင်း ကပ္ပိလာဝတ်ရွှေပြည်ဝယ် သီဟဟနုမင်း၏ သားတော် မင်းသုဒ္ဓေါဒနှင့် ညာပျော်သကျာ ဘီရိမဟာမာယာ သညာသမိုက် ဝမ်းကြာတိုက်မှ မကိုဋ်ထွတ်တင် ဘွားမြော်မြင်၍ တိုင်းခွင်သက္က ကပ္ပိလဝယ် သိဒ္ဓတ္ထ အမည်တော်ဖြင့် မြေဒေါါဇမ္ဗူ သိမ်းယူစံစားတော်မူပြီးမှ မဟာဘိနိက္ခမ ဆဝဿနှင့် ကာလတွက်ဘွဲ့ သုံးဆယ့်ငါးနှစ် သက်ဆစ်ရောက်ခါ မဟာသက္ကရာဇ် တရာ့သုံးခု ဥတုဂိမ္ဟာန် လေပြန်လွင့်မှန် ကဆုန်လပြည့် ချမ်းမြေ့ ရောင်ဖြာ နေထွက်ခါ၌ မဟာမေရု မြေသုစက္ကဝါ သောင်းမျက်နှာကို ချာချ

သံရှင် ပွဲတင်ခတ်တီး ကောင်ချီးနုမော် ခေါ်မစေလျက် ဗုဒ္ဓဟောညောင် မာရ်အောင်သိရိ အပ္ပရာဇိတက် မုနိကြငှန်း မကိုဋ်ပန်းကို ဆွတ်လှမ်းပန်ဆင် အောင်မြင်ပိုင်စိုးတော်မူသည် ဖြစ်ပါကြောင်း။

ယင်းသို့ ဂုဏ်ပုဒ် ဒိပဒုတ်ဟု ဝိမုတ်ပရမ ဘဝပါရင် မာရဘင်နှင့် ခေမင်္ဂတံ မနန္တဂူ သယမ္ဘူစောဖျား မြတ်ဘုရား၏ ထားတော်မူရာ သာသနာတော် မြတ်သုံးပါးတွင် ပရိယတ္တိ သာသနာတော်သည် မူလဘူတ ပဘဝအညွန့် ရှည်မွန့်မသေ့ အခြေအမြစ် ဖြစ်ကြီးဖြစ်ရကား သေဌ္ဌာမြူတော ကျက်သရေ တိုးပွါး ကြာမျိုးငါးမည် ဝေညည်ပွင့်ညော်ကာ ပေါက္ခရဏီမှန် ရေကန်တော် ကြီး၏ ဆည်ရိုးကန်ဘောင်တရားသည် မွန်ရည်ခံ့ငြိုင် ကျောက်စာတိုင်ကြီးပမာ အဋ္ဌကထာရှင်တို့ သံယင်မိန့်ခွန်း ဖော်ညွန်း ထုတ်ပြန်အပ်သည်နှင့် အညီ ကန်ဘောင်ဆည်းရိုးနှင့်တူသော ပရိယတ္တိ သင်ကြားမှု ဘတ်မြောက်မှုရှိမှ ပဋိ- ပတ္တိ အကျင့်ဟူသော ရေသည် ကောင်းစွာတည်ရာသည်။ ထိုရေသည်မှလည်း ပဋိဝေဓဟူသော ကြာမျိုးငါးပါးတို့ ငါးငါးငင့်စွင့် ကားကားတင့်၍ ပွင့်ခြင်း သို့ ရောက်ရာသည်ဟု ဘောင့်တခြင်းပြင်းစွာ ရှိတော်မူသော ဆရာကောင်း ဆရာမြတ်တို့သည် ပရိယတ်ဉာဏ် သင်အံလေ့ကျက်ရာ၌ မဝှက်မကွယ် သိသွယ် မှတ်မိ ဝီရိယမသုတ် ဝါစုဂ္ဂတ နှုတ်ချွှက်အောင် ခြဲနှောင်ပညာ လျင်စွာကုံ ဝေနက္ခံ- ဝိသေသဉာဏ်ထူး ချီးကျူးလောက်သော တပည့်ကို ရရှိတော်မူကြ ရန် ရည်သန် မြော်လင့်ဆဲတွင်။

သာသနာဘော် ၂၄၅၅-ခုနှစ် လူ့ဘိုခေါ်ပြ ကောဇာသက္ကရာဇ် ၁၂၇၃-ခု ဥတုသရဒ တန်ဆောင်မုန်းလဆန်း ၁ ရက် ၄-ဟူ နေ့၊ ၁ က်နာရီ ၃-နာရီ ကျော်အချိန်တွင် မြင်းခြံ့ယ် ကျည်းပင်သူကြီး ဦးဆုံ၏ ဇနီး သူကြီးကတော် ဒေါ်ဆင် မိခင်ဘမြား ဥဘွှဌချီးရိုး တန်းခိုးထင်ပေါ် အကျော်အမော ဥဘ- တောဂိနိ ဘန်နှစ်ပါးတို့မှ သားကောင်းသားမြတ် ရုပ်ဓာတ်ကြည်လင် ကြန်အင်ရြောက်ခြား ယောကျ်ားမြတ်ဘို၏ လက္ခဏာ ပြည့်စုံစွာသော ရတနာ သားကောင်း ငွေမကျော်လောင်းတဖြာ အဋ္ဌကသာပြန် အကျော်တာ ဝိသိဋ္ဌ လောင်းလျာကို သာသနာကျိုး ပွါးဆိုးခိမ့်မည် ရည်၍နှက်ချား စောင့်သော အားဖြင့် ဖွားမြင်တော် မူခဲ့လေသ ည်း။

ကျမ်းဂန်ထုံးစံ ဗေဒင် ထုံးစံများကို ထောက်ဆသော် နိုဒ္ဓဂြာဓသာမင်္ဂလာ အလောင်း မောဂ္ဂလိပုတ္တတိဿ အလောင်းတို့ ပဋိသန္ဓေမှသည် ဖွားမြင်ကြီးပြင်း သည့်တိုင်အောင် သာသနာစောင့် နတ်ကောင်းနတ်မြတ်တို့ မစခြင်းထုံးစံ ဗေဒင်ကျမ်းအပိုကား ဇာတာစန်းသက် သန့်သက်ကြည်သင် ရှစ်ခွင်ဂြိုဟ်နတ် စောင့်ကြပ်သောအား နာမျှားလွှတ်မြောက် ယိတ်ကြောက် အန္တရာယ် ရန်စွယ်

တစ်စိ မငြိစဘူး ဉာဏ်ထူးရှိဖွယ် နိကာယ်ရှန်းဘိ တိတိလက္ခဏာ ကြန်ရစာတို့ ဖြင့် ပြည့်စုံရာသော ထုံးစံများအရ ကောင်းစွာကြီး မြင်ခဲ့ရကား သက်တော် ၅-နှစ်သားသို့ရောက်လျှင် မိခင်ဘခင်တို့သည် ကျည်းပင်ကျောင်း ဘုန်းတော်ကြီး ဦးသာသနထံ အပ်နှံ၍ ငယ်သူငယ်အား ဆရာတော်ကိုယ်တိုင် "နမော ဗုဒ္ဓါယ သိဒ္ဓံ"ကစ၍ သူငယ်တို့ သင်ရိုးစာအတိုင်း သင်ကြားရာ ဆရာပပန်း တခေါက်တန်းရုံနှင့် ဉာဏ်စွမ်းဖြိုးမောက် တတ်မြောက်နိုင်ခဲ့ လေသတည်း။

ငင်းသူငယ် သက်တော် ၆-နှစ်တွင် အဘိုးဆရာကြီး ဦးချယ် အဖွား ဒေါ်အုံ့တို့က မျှော်ငုံ ကြည့်ရှုကြသည်မှာ ငါတို့မြေးသည် ယဉ်ကျေးမှုရာ ပညာဉာဏ်လျှင် ရှုပ်သွင်ထူးခြားသူဖြစ်၍ ဘုရားရှင် သာသနာကို ကောင်းစွာ ရွက်ဆောင်နိုင်မည့်သူ ဖြစ်ပေမည်၊ ငါတို့မှာလည်း ဇရာဒုဗ္ဗလ ကျရောက်လာရာ သခါရမမြဲကိုထောက်၍ ၆-နှစ်သားသာ ရှိသေးသော ဤမြေးငယ်ကို အံ့ဘွယ် ရှစ်ဖြာ သာသနာ၌ ဓမ္မာနုဂ္ဂဟ ပဗ္ဗဇ္ဇအခြေ သာမဏေအဆင့် ချီးမြှင့်ပဌမ သာသနာဘိသေ သွန်းချေဆွတ်ဖျန်း၍ အောင်ပန်းဆင်ကြလေသည် ဖြစ်ပါကြောင်း။

အသက်ခုနစ်နှစ်အရွယ်သို့ရောက်လျှင် ကန်ကူလက်လှည့် ဆရာထံမှ မြင်းခြံမြို့မင်းကျောင်းတိုက် ဆရာတော် ဦးသောဘိတထံ အပ်နှံ၍ ဆယ်နှစ်သားအရွယ်သို့ရောက်လျှင် အမိ ဒေါ်ဆင်က အရှင်သောဘိတကို ဥပဇ္ဈာယ်ပြု၍ ဂရုဂါရဝ သာမဏေ၊ ပဗ္ဗဇ္ဇ ဒုတိယတဖန် ထပ်မံချီးမြှင့်ပြန်ရာ ဆရာတော် ဦးသောဘိတသည် တပည့်သာမဏေ၏ ဉာဏ်ခနေ ဉာဏ်သွား စိတ်ထားနူးညံ့ပုံ စာပေသင်အံ အသိဉာဏ်ဆည်းပူးပုံ ရတနာသုံးရပ် ဝတ်နိဗဒ်နှင့် ပြည့်စုံပုံ ဆရာသင်ပြ နည်းနယကို ယောက်ဆမြော်မှန်း ဆန်းကြယ်စွာ သိမြင်တတ်ပုံ အကာကိုပစ် အဆီဖြစ်သော အနှစ်သာရကိုသာ ယူတတ်ပုံ အလုံးစုံသော ဂုဏ်အင်လက္ခဏာတို့ကို ထောက်၍ ထိုသာမဏေကို "ရှင်စိတ္တသာရ" ဟူသောအမည်ဖြင့် ရှင်ဥမ ဘိုနကိုခေါ်တ်ခံ မှန်ကန်ညီညွတ်သော အနွတ္တဘွဲ့မြတ်ကို နှင်းအပ်ချီးမြှောက်ခြင်း ပြုတော်မူပါသတည်း။

ရှင်ဝိစိတ္တသာရ အသက် … ခုနှစ်တွင် မြင်းခြံမြို့ နယ်လုံးဆိုင်ရာ သံဃာ သာမဏေကို အသင်းမှ ကျင်းပသော ဝိနည်းစာပြန်ပွဲတွင် သဒ္ဒါကြီး ရှစ်စောင်ပါဌ်ကို ဝင်ရောက်ပြန်ဆို၏။ သက်တော် ၁၃-နှစ်တွင် ငင်းနည်း သင်္ဂဟ ၉-ပိုင်းကို ပြန်ဆိုပြန်၏။ ယင်းသို့ပြန်ဆိုရာ၌ အာဂုံ နှုတ်တက် ဆောင်ရွက်နိုင်သူတို့ထက်လွန်ကဲ၍ စာပွဲသဘင် ပြုပြင်မှူးကြ နာယကနှင့် စာမစာထောက် ကျောတော်တို့သည် အဟောဝတ စာရထက်သန် မှန်ကန်ပြီသလှပါပေ၏ တိကိမြေပြင် သိန္ဓော

နှင် သကဲ့သို့ ဤရှင်သူငယ် အံ့ဘွယ်လွန်ကြူး စာရပုံ ထူးပါပေ၏ ဟူ၍ ပွဲဦး ချီးမွမ်းခြင်းများကို ခံရသည်ဖြစ်ပါကြောင်း။

ထိုစာရအကျော် ရှင်သူတော်သည် သက်တော် ၁၅-နှစ် ရောက်လစ် ကာလ အစိုးရ ပဌမပြန် စာမေးပွဲ ပဌမငယ်တန်းကို မပန်းမပင် ဝင်ရောက် ပြန်ဆိုလေရာ လွယ်ကူစွာ အောင်မြင်ပြန်သည့် အလျောက် နောက်နှစ် ဆက်လက်၍ သက်တော်သောဠသတွင် အစိုးရတို့ မေးစစ်အပ်သော ပဌမ လတ် စာမေးပွဲကိုလည်း မနွဲမဖင့် ကဲကဲဝင့်လျက် ရဲရင့်စွာ ဝင်ရောက်ပြန်ဆိုရာ သဒ္ဒါရုပ်ခေတ် ပုဒ်ပါဌ်လိင်အန် မှန်ကန်စွဲမြဲ နက်နဲဘိမ္မော ပရိဟာဘွိုကိုလည်း သိသာခြားနား ပြန်ဆိုငြား၍ ထင်ရှားမယွင်း တနှစ်ချင်းနှင့်ပင် ကွင်းကွင်း စက်နိုပ် ယုန်တံဆိပ်ကဲ့သို့ ဂုဏ်ဟိတ်ကျော်ဘွယ် ရှယ်တော် သက်တော်နှင့်မလိုက် သိုက်မြိုက်တင့်ဆန်း ပဌမလတ်တန်းကို အောင်ပန်းဆင်တော် မူခဲ့ပြန်လေ သတည်း။

ထို့နောက် ဥပဇ္ဈာယ်ဆရာ အရှင်သောဘိတသည် မကျန်းမမာဖြစ်ခဲ့ရာ စာသင်ကိစ္စကို အားမပြုနိုင်တော့ပဲ ကျေးဇူးရှင် ဆရာတော်၏ ထံပါး၌ ညွှတ်တွားကြည်ဖြူ ရေပူရေချမ်း ကမ်းလှမ်းနေ့ည သပ္ပါယဆေးဝါးဖြင့် ကုစားပြုစုနေဆဲအတွင်း နုတ်တက်ဆောင်ပြီးဖြစ်သော သဒ္ဒတ္ထဘေဒစိန္တာ ကစ္စာ-ယနသာရ ဒွေမာတိကာ ဝိတ္တောဒယဆန်းကျမ်းများကိုသာ မမေ့မပျောက် အောင် ရွက်ဆောင်၍ ဂိလာနုပဌ္ဌာကဝတ်ကို ပြုနေဆဲအတွင်း သက္ကရာဇ် ၁၂၉၁-ခု သီတင်းကျွတ်လပြည့်ကျော် တရက်နေ့ ကျေးဇူးရှင် ဥပဇ္ဈာယ် ဆရာတော်ကြီးသည် ပဌမကျော်လျှာ အဋ္ဌကထာပြန် အကျော်လောင်း အရှင်ကောင်း ဝိစိတ္တသာရနှင့်တကွ များလှစွာသော တကာတပည့် ဂိုဏ်းရှိ သံဃာတို့ကိုစွန့်၍ မိုးညွန့်ဘုံပျံ နတ်ရပ်ဌာန်သို့ ပြောင်းစံကြွမြန်းတော်မူသည် ဖြစ်ပါကြောင်း။

ရင်းနောက်။ (၁) ကျည်းပင်ဆရာတော် ဦးသာသန။

(၂) မြန်အောင် မင်္ဂလာကျွန်း ဆရာတော် ဦးဝိညေယျ။

(၃) မော်လမြိုင်ကျွန်း ဆရာတော် ဦးတေဇ။

(၄) မြင်းခြံမြို့ ပုပ္ပါးလှိုင်သာ ဆရာတော် ဦးကေသရ။

(၅) အုတ်ဖို့ မြဘောင့်တ ဆရာတော် ဦးတေဇဝံသ။

(၆) ယခု မြင်းခြံကျောင်းတိုက် ဆရာတော် ဦးဣန္ဒာလောက။

(၇) ဆီမီးခုံ ချောင်းလည်း ဆရာတော် ဦးဇယန္တ။

ဤ မထေရ်မြတ် ၇-ပါးတို့ စည်းဝေး၍ ရှင်ဝိစိတ္တသာရ၏ ဝတ်နိဗဒ်နှင့် ပြည့်စုံခြင်း ပရိယတ်ဉာဏ် ထက်သန်ခြင်းတို့သည် အသက်အရွယ် နုနယ်သည်နှင့်မတန် သည်းခံ နိုင်စွမ်းသော သာမဏေ ဖြစ်၍ တပည့်တော်တို့ ကြောင့်ကြမဲ့ မနေသာချေဟု-တိုင်ပင်တော် မူဆဲအတွင်း သာမဏေကျော် ရှင်ဝိစိတ္တသာရက အရှင်ဘုရားတို့ တပည့်တော်အား သနားတော်မူပါသဖြင့် မန္တလေး အဘက်မင်းကွန်း ဓမ္မနာဒတိုက် စာချဆရာတော်ဘုရားထံ အပ်နှံ ပေးတော်မူပါဘုရားဟု လျှောက်ထား တောင်းပန်လေသတည်း။

ထိုသို့ တောင်းပန်သောအခါ ဆရာတော်တို့က သင်လျှောက်ကြားသော ဓမ္မနာဒဆရာတော်ကား ငါတို့နှင့် ငယ်ပေါင်းကြီးဖော်လည်း ဖြစ်သည်။ တတိုက်တည်းနေ မိတ်ဆွေအရင်း သိတင်းသုံးဖော်လည်း ဖြစ်သည်။ ကျမ်းဂန်အရာ ဆိုသည်မှာလည်း ငါးဖြာနိကာယ် ကိုးသွယ်အင်္ဂါ ဒေသနာတို့၌ သေချာစေ့မြွေ ခြေသံဦးကင်း ချင်းနင်းခွဲဆစ် ဦးစွန့်လှစ်၍ ဆိနှစ်သြဇာ မြိုက်သုခါကို ကောင်းစွာတိတိ သောက်နိုင်ဘိသော ပုရိသုတ္တမ တမျှနိုင်းလတ် ပိန္နာကသိဂ် ခြသေ့ဆီကို ထို့ဉာဏ်ဖောက်ထုတ် သောက်မြိုကြူတ်နိုင်သော ပုဂ္ဂလဝိသေသ ဗျတ္တိ ပဋိဗလ ပရိယတ္တိဝိသာရဒ တိပိဋကဓရ ပဋိပတ္တိသမာစာရအကျော် ဖြစ်တော်မူပေသည်ဟု မိန့်ကြားတော်မူကြပြီးလျှင် ထိုအရှင်ဓမ္မနာဒ ဆရာတော်ထံ အပ်နှံရန်အခွင့်ကို အရှင် ဂုန္တာလောကအား လွှဲအပ်၍ သာမဏေကျော် ရှင်ဝိစိတ္တသာရ နှင့်တကွ ဓမ္မနာဒဆရာတော်ထံ ၁၂၈၁-ခု နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့တွင် သွားရောက် အပ်နှံတော်မူပါသတည်း။

ထိုဓမ္မနာဒဆရာတော်လည်း "သဟာယော သုစ ပဏ္ဍိတော" ဟူသော စကား အရ "လူတထောင်တွင်၊ ထင်ထင်ရွေးကောက်၊ တယောက်ရရာ၊ မတထောင် တွင်၊ ထင်ထင်တယောက်၊ ဘွားမြောက်နိုင်ရာ" ဟု ဆရာမြတ်တို့၏ စကားနှင့် အညီ ရတော်ခဲလှသော တပည့်ကို ရပေပြီဟု အထူး ဝမ်းမြောက်တော်မူပြီးလျှင် ရှင်ဝိစိတ္တသာရအား ၁၂၈၂-ခု နှစ်ဦး တန်ခူးလ နှစ်ဆန်းတရက်နေ့ကစ၍ "သဒ္ဒါမသန့်၊ မောဂ္ဂလ္လာန်၊ ပြန်ပြန်သင်ရွတ်နာ" ဟူသော ပညာရှိတို့လက်သုံး စာသင်ထုံးရှိသည့် အတိုင်း မောဂ္ဂလ္လာန်ကျမ်းကြီးကို အဖွင့်ပဉ္စိကာနှင့်တကွ ရှင်ဝိစိတ္တသာရအား သင်ကြားပို့ချတော်မူ၏၊ ထို့နောက် သုဗောဓာလင်္ကာရ စာကိုယ်နှင့်ဋီကာ, အဘိဓာနပ္ပဒီပိကာ, သဒ္ဒတ္ထဘေဒစိန္တာ, နေ့ဝါညဝါများကို ပို့ချပြီးနောက် ဓမ္မန္တေဝါသိက ဖြစ်သော အရှင်အဂ္ဂဝံသသို့အပ်၍ ယမိုက်-ပဋ္ဌာန်း ညဝါကျမ်းကိုလည်း ကြိုးပမ်းသင်ကြားစေတော်မူသတည်း။

•

ထိုအခါ သာမဏေကျော် ရှင်ဝိစိတ္တသာရကို ရဟန်းပြုစေအံ့ဟု ရဟန်း ဒါယကာကို ရှာသော် မဟာမနေ ဘောဂသေဋ္ဌိ အနှစ်ရှိသဖြင့် များဘိခြေရံ

နတ်ဌာန်ရိပ်ငြိမ် နတ်ဘုံစိမ်ကဲ့သို့ ဂုဏ်သိရ်ပြန့်ပြော အလွန်ကျော်စောလှသော ရွှေတိဂုံဘုရား ဒေါ်ပက ဘဏ္ဍာတော်ထိန်း လူကြီးမင်း စက်သူဌေး ဦးသွင် ကြည်လင်မျဟ ဓမ္မဓောင့်ထိန်း သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့လည်း အောင် ကိန်းမဏ္ဍိုင် နိဗ္ဗာန်တိုင် အကျိုးထူးကား ထိမ်မြှုးခြင်း မရှိရာဟု သတိပညာကို ရှေ့သွားလျက် တရားရှမြှော် သာမဏေကျော် ရှင်ဝိစိတ္တသာရကို ဥပသမ္ပန္န အဖြစ် ဒါယကာအမွှံ ရောက်ရှိစေရန်ရည်မှန်း၍ ရဟန်းဒါယကာ ဒါယိကာမ ပြုကြတော့မည်ဟု အတည်ဘကျ သဒ္ဓါဟုန်ဖြင့် ဓမ္မာရုံမင်္ဂလာကို တက်လှန်းရန် ထူထောင်ကြသည် ဖြစ်ပါကြောင်း။

ဥပသမ္ပဒကံဆောင်ရာ၌ ဓမ္မာစရိယ မင်းကွန်း ဓမ္မနာဒ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မန္တလေး ရွှေရေးဆောင် ဆရာတော်, ညောင်ကန်ဆရာတော်, မစိုးရိမ်ဆရာတော်, မြတောင်ဆရာတော်, မင်းကြီးတိုက် သီရိဝေပုလ္လဆရာတော်, ကန့်ကူလက်လှည့်ကျည်းပင် ဆရာတော်, စစ်ကိုင်း ဘုရားကြီးဆရာတော်, မစိုးရိမ်တောရ ဆရာတော်, သမ္မာသတိ ဆရာတော်, ပဘိရှုပဆရာတော်, ကမ္ဘောဇ ဆရာတော်, မင်းကွန်းငွေတောင်တောရ ဆရာတော်, ချမ်းသာကြီး ဆရာတော်, ပေါင်းတောင်ကူ ဆရာတော်, ရွှေညောင်ပင် ဆရာတော်တို့နှင့် တကွ ဓမ္မနာဒတိုက် ရဟန်းတော်များနှင့် သာသနာသက္ကရာဇ် ၂၄၇၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၉၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆-ရက်နေ့တွင် မင်းကွန်း ငွေတောင်တောရ ခဏ္ဍသိမ်တော်ကြီးအတွင်း စာရင်းပါ ဆရာတော် သံဃာ တော်တို့သည် သာမဏေကျော် ရှင်ဝိစိတ္တသာရအား ဘုရားရှင်အာဏာ ငါးဖြာ အင်္ဂါ ပြည့်စုံညီအောင် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် သကျပုတ္တ သာကိယန္ဒယ်ဇာတ် အမြတ်ပြဋ္ဌာန်း ရဟန်းအဖြစ်သို့ ရောက်အောင် ရှက်ဆောင်ချီးမြှောက်တော် မူကြလေသတည်း။

မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ပြီးသော ပဋ္ဌင်းကျော် ရှင်ဝိစိတ္တ- သာရသည် ရဟန်းဝါမရသေးမီကပင် ၁၂၉၃-ခု၊ နယုန်လတွင် ကျင်းပသော အစိုးရပဋ္ဌမပြန် စာမေးပွဲ ပဋ္ဌမကြီးတန်းတွင် ဝင်ရောက်ပြန်ဆိုရာ လွယ်ကူစွာ အောင်မြင်ပြန်လေ၏။ ထို့နောက် တဖန် ၁၂၉၄-ခုနှစ်တွင် မန္တလေးမြို့ အိမ်တော်ရာ ပဋ္ဌမပြန် စာမေးပွဲ၌လည်း ပဋ္ဌမကြီးတန်းကိုပင် အောင်မြင်ပြန်၏၊ ထိုအခါ ဥပဇ္ဈာယ်ဖြစ်သော ဓမ္မနာဒဆရာတော်သည် ပဋ္ဌင်းကျော် ရှင်ဝိစိတ္တ- သာရအား သကျသီဟ စာချပုဂ္ဂိုလ် ရွေးစစ်သောအတန်း အစိုးရပဋ္ဌမကျော် တန်းများကို ဝင်ရောက်ဖြေဆိုနိုင်ရန် သုတ္တန်, ဝိနည်း, အဘိဓမ္မာ-သဒ္ဒါဗျာက- ရဏ်း-စသော ကြွင်းကျန်သေးသော ပါဠိ, အဋ္ဌကထာ, ဋီကာ, အနု, မဓု, ဂဏ္ဌိ တို့ကို ထိမိကျနအောင် နေ့ညမယုတ် အားထုတ်သင်ကြားစေရာတွင် ပဋ္ဌင်းကျော် ရှင်ဝိစိတ္တသာရသည် ပါဠိအဋ္ဌကထာဋီကာဖွင့်ချက် အနက်သမ္ဗန် မှန်ကန်အလို

ဝိဂြိုဟ်ဝစနတ် ဓာတ်ရုပ်စွည်း ကောက်နည်းတရပ် စာစပ်ကျမ်းရှိး ဆိုရိုးမှန်လတ် ကျမ်းတတ်သက္ခဏာ အင်္ဂါးဖြာနှင့် ပြည့်စုံလေရကား ရဟန်းသိက္ခာ နှစ်ဝါရ ၁၂၈၅-ခုနှစ် မန္တလေးမြို့ ပရိယတ္တိသာသနဟိတစာသင်တန်းနှင့် အစိုးရပဌမပြန် စာမေးပွဲကြီးနှစ်ရပ်ကို တနှစ်တည်းနှင့် အပြီးရှင်လန်း တစ်ဂဏန်းကို ယူလှမ်း တော်မူပြီးမှ ရဟန်းသိက္ခာသုံးဝါရ ၁၂၈၆-ခုနှစ် အစိုးရပဌမပြန်စာမေးပွဲ၌ ခံယဉ်းလှစွာသော ပဌမကျော်တန်းကို မပန်းမပင် ဉာဏ်အင်ကွန့်မြူး ဆွတ်ယူခူး သဖြင့် ဂုဏ်ထူးထွန်းသစ် တစ်ဂဏန်းအကျော်ဟု မြန်မာပေါ်ဇမ္ဗူ လိုက်ဆူကျော် ကြားခဲ့လေသတည်း။

ရင်းနှစ်၌ပင် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်း စာလျှောက်မေး ခန်း၌လည်း သုတ္တန်ဝိနည်း အဘိဓမ္မာ အာဒိအဋ္ဌကထာကြီး ၃-ကျမ်းကို ဉာဏ် စွမ်းပြောင်မြောက် စုံ၍လောက်ထောက်၍ မေးလျှောက်သမျှ ဖော်ပြရှင်းလင်း တနှစ်ချင်းနှင့်ပင် လျှင်မြန်းဉာဏ်ရောင် သုံးကျမ်းလုံးအောင်သဖြင့် ယခေါင်ရှေး က ဘယ်ကာလမှ အဋ္ဌကထာကြီး ၃-ကျမ်းကို ဉာဏ်စွမ်းပြပြင် တကြိမ်ဝင်နှင့် အောင်မြင်ဘူးသည်မရှိ ရှင်ဝိစိတ္တသာရသည် တိက္ခဉာဏ် ဂမ္ဘီရ သာသနာ့ခွန် သူမွန်ပုဂ္ဂိုလ် ဝိဇ္ဇာမိုရ်ဟု မိန့်ဆိုချီးမွမ်းခြင်း ပြုကြရလေကြောင်း။

ဤမျှလုံးစုံ ဆိုအပ်ပြီးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ပဋ္ဌင်းကျော် ရှင်ဝိစိတ္တ သာရအား မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းသားတို့က ၁၂၈၆-ခု ဒုတိယဝါဆိုလတွင် "ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဟူသောဘွဲ့ဖြင့် စာချပုဂ္ဂိုလ်အဖြစ်၌ထား၍ ကိုးကွယ်ခြင်း အရှင်အစိုးရမင်းတို့ ကလည်း ၁၂၈၇-ခု နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့က ရန်ကုန်မြို့ ဂျူဘလီ ဟောကြီး၌ အခမ်းအနားကျင်းပ၍ ပဌမကျော်ဘွဲ့ပုံ လက်မှတ်ကို ပေးအပ် ခြင်း ဆန်တော်အလှူကို ထောက်ပံ့တော်မူခြင်းဟူသော ပဋ္ဌင်းကျော် ရှင်ဝိစိတ္တ သာရ ပဌမအကျော် ပညာဝိုရ် ဝိဇ္ဇာမော်၏ ဂုဏ်တော်နှင့်တကွ ပူဇာရဟ မင်္ဂလာတို့အား ယုန်စန္ဒာငွေတံခွန်ကဲ့သို့ ထူးချွန်တင့်တယ်လှပေသည် ဖြစ်ပါ ကြောင်း။

**ထို**"ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့တော်နှင့် ပဌမကျော်သူမြတ်၏ သကတ်ဂုဏ်သိ ဉာဏ်ခံကြီးမားသည့် **အကြောင်းမှာ** ဘုရားလောင်း အာဒါသမုခမင်း မဟောသဓသူခမိန်တို့သည် ၇-နှစ်အရွယ်ကပင် **ခဲခက်သော** ပြဿနာကို ဖြေဆိုနိုင်ကြသည်ဟု စုံစီစေ့မြေ ကျမ်းတွေ့**နှင့်သာ** ယုံ ရပေသည်။ ယခုပဋ္ဌင်းကျော် ရှင်ဝိစိတ္တသာရ ဖြေဆိုလာပုံ **သဘာဝတို့ကိုကား ကာလမရွေ့** နတ်တော့ရင်အပ် ကိုယ်ကြပ်တွေ့မြင်ရပေသည် ဖြေဆိုမှုတွင်လည်း **တင်ခတ်နိုးခိုက် ရေဥ္စုပ်ပေါ် မေးနှင့်သော်လည်း** ဖျော်ဖျော်လေ့ကျမ်း

ဖြေနိုင်စွမ်းသဖြင့် အဘမ်းဆိုဘ ချောင်းသံဟလည်း အမှသဒ္ဒါ ဖော်နိုင်ရာသော ပုဂ္ဂိုလ် ဉာဏ်ဝိဓိုရ်ကိုမြင်ရသဖြင့် အာဒါသမဟော် သုခမိန်အကျော်တို့၏ အာဘော်နက်ဂမ္ဘီ ဇာတကတန္တိသည် ဒင္ဓိကမ္ဘ ဖြစ်လာရပေကြောင်း။

ယင်းသို့သောဂုဏ် အလုံးစုံတို့ကို အာရုံအာရမ္မဏိက သဘောကျကြ၍ အစ လသဒ္ဒါတိုးပွါးကာဖြင့် မဟာစရိယသခင် ဝိစိတ္တသာရာဘိဝံသအရှင်အား ခမ်းနား ကြီးကျယ် ပူဇော်ဘွယ်အဖုံဖုံတို့ဖြင့် ရန်ကုန်မြို့ ဂျူဘလီဟောရုံကြီး၌ ရဟန်း ဒါယကာတော် စက်သူဌေးမင်း ဦးသွင် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့က ကျင်းပညွှ်ခံ၍ မဟာစရိယ စာချဘန်းအကျော် အစိုးရ ပဋ္ဌမပြန်အကျော် ပုဂ္ဂိုလ်မော် ရှင်ဝိစိတ္တသာရာဘိဝံသအား(ပါရာဇိကဏ် အဋ္ဌကထာ·သုတ်သီလက္ခန် အဋ္ဌကထာ အဋ္ဌသာလိနီ အဋ္ဌကထာ) ဟူသော အဋ္ဌကထာကြီး သုံးကျမ်းကို တကြိမ်တည်းနှင့် အပြီးနှုတ်ရ ပြန်ဆိုနိုင်သည့်ပြင် မေးခွန်းနှင့် ဖြေရသော အဖြေ ကိုလည်း တပါတည်း ဖြေဆိုအောင်မြင်သောကြောင့် ပြည်ထဲရေးဝန်ကြီးချုပ် ဆာ·ဦးဘကိုယ်တိုင် ကြီးမှူးကာ (အဋ္ဌကထာပြန်အကျော်)ဟူသောဘွဲ့လိပ်နှင့် ရွှေဘံဆိပ်ကြီးကို ဝှဲချီးထောက်ပံ့ ချီးမြှင့်လှူဒါန်းကြသည် ဖြစ်ပါကြောင်း။

ယင်းသို့သော ပုဂ္ဂလဝိသေသ မဟာစရိယ စာချအကျော် အစိုးရ ပဋ္ဌမပြန် အကျော် အဋ္ဌကထာပြန်အကျော် အကျော်သုံးပါး ရှင်မြတ်ဖျားကို အများဝန်း ခ လှူဒါန်းကြသော ရွှေတံဆိပ်တို့သည်ကား ရန်ကုန်မြို့ မီးရထားစာရင်းဝန် ဦးဘစိန် ကြီးမှူးသော အဘိဓမ္မာသင်္ချာအသင်းကြီးက ရွှေတံဆိပ်တော် ၁။ ၎င်းမြို့ စက်သူဌေး ဦးဘိုးတက်၊ သူဌေးကတော် ဒေါ်သင်တို့က ရွှေတံဆိပ် ၁။ ဦးစံမောင် အိုင်·စီ·အက်၊ ဒေါ်ခင်ခင်ကြီးတို့က နဝရတ် ၉·ပါးချယ်သော ရွှေတံဆိပ် ၁။ မော်လမြိုင်မြို့ ကျောင်းဒါယကာကြီး ဦးတိုးလုံ အိမ်သားတစု တို့က ရွှေတံဆိပ် ၁။ ၎င်းမြို့ ခေတ်မီးသူဌေး ဦးအုန်းဖေ၊ သူဌေးကတော် ဒေါ်ငွေညွန့်တို့က ရွှေတံဆိပ် ၁။ ၎င်းမြို့ ခေတ်မီးကုမ္ပဏီ လုပ်သားတစုတို့က ရွှေ တံဆိပ် ၁။ ၎င်းမော်လမြိုင်မြို့ ကျိုက်သံလမ်းဘုရားဂေါပက သစ်ကုန်သည်ကြီး ဦးဘချစ်-ဒေါ်တာတို့က ရွှေတံဆိပ် ၁။ ရန်ကုန်မြို့ စေတိယင်္ဂဏ အသင်းကြီးက ရွှေတံဆိပ် ၁။ ၎င်းမြို့ မော်လမြိုင်အသင်းက ရွှေတံဆိပ် ၁။ မော်လမြိုင်မြို့ သူဌေး ဝတ်လုံတော်ရ ဦးငွေထွန်း-ဇနီး အယ်လစ်တို့က ရွှေတံဆိပ် ၁။ ၎င်းမြို့ စက်သူဌေး မောင်သိန်းဟန်·ဇနီး မသန်းသန်းတို့က ရွှေတံဆိပ် ၁။ ရန်ကုန်မြို့ သူဌေး ဦးသွင် စက်သားတစုတို့က ရွှေတံဆိပ် ၁။ ၎င်းမြို့ အင်ဂျင်နီယာ ဦးလှဘူး ဇနီး ဒေါ်ပုတို့က ရွှေတံဆိပ် ၁။ တောင်ဆာမြို့ လယ်တီပိဋကတ်တိုက် အသင်း ကြီးက ရွှေတံဆိပ် ၁။ မော်လမြိုင်မြို့ မြေပိုင်ရှင် သိမ်ကြီးဒါယကာ ဦးရွှေရင် သားသမီးတစုတို့က ရွှေတံဆိပ် ၁။ စုစုပေါင်း ရွှေတံဆိပ် ၁၇-နှစ်ခု။ ရန်ကုန်မြို့

ပုညာကုသလ အသင်းက ခေတ်သား နာရီ ၁။ အဘယခေမိကာရာမတိုက်ကျောင်းကြီး ဒါယကာ ဇမ္ဗူမိတ်ဆွေ သူဌေး ဦးဘကျော်-သူဌေးကတော်ဒေါ်ဖွားတင်တို့က ဘီလပ် ရွှေဇဝါနှစ်ဘက်ဖုံး ဗုဒ္ဓဝင် ဝတ္ထုတော်ကြီးတစုံ။ စက်သူဌေး ဦးသွင်-ဒေါ်ဒေါ်သိန်းတို့၏ မောင် ရွှေတိဂုံဂေါပကလူကြီး ဦးဘိုးဖြေဇ မောင်နှစ်မတစုနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ထူးခြားသော သမဏပရိက္ခရာ ပဒေသာ ၂-ပင်။ ဦးဘိုးတာ ကုမ္ပဏီမှ ငွေပဒေသာ ၁-ပင်။ ရင်းပြင် စာပုံနှိပ်မှန်ဗီရိုနှင့် ပိဋကတ်ကျမ်းစာအုပ်များစသော ဒါတဗ္ဗဝတ္ထုတို့ကိုလည်း အသီးသီးဆက်ကပ်လှူဒါန်းတော်မူကြသည် ဖြစ်ပါကြောင်း။

ယင်းသို့ ဖော်ပြခဲ့သော အကျော်သုံးပါး ထင်ရှားတတ်ပွန် သာသနဟံခွန် သူမွန်သူမြတ် ဗျတ္တိဗလ စာရတစ်နံပါတ် စာတတ်အကျော် ဆရာတော်ကလေး၏ အင္ဂုပ္ပတ္တိနှင့် အာစရိယပရမ္ပရတို့ကို ဖော်ပြဖတ်ကြားခဲ့ရာ ထိုဆရာတော်ကလေး ရဟန်းခံမည့်ကာလ သာသနာတော်စောင့် နတ်များတို့က ညွှန်ပြ၍ ဥပါသကအင်္ဂါ ဂုဏ်ဆယ်ဖြာနှင့် ကောင်းစွာပြည့်စုံ ကုလုံကြွယ်ဝ ဘောဂမြောက်မြားစိတ်ထားယဉ်ကျေး စက်သူဌေးကြီး ဦးသွင်နှင့် သူဌေးကတော်ကြီး ဒေါ်ဒေါ်သိန်းတို့ထံသို့ စာတတ်အကျော် ဆရာတော်ကလေးလျှာ ရောက်လာရခြင်းသည် တောင်ပင်းဝေပုလ္လ ပေမဏ္ဍမှ မနောမယ ဇောတရောင်ကြွား ပတ္တမြားကြီးကို သိကြားကိုယ်ကြွပ် လာ၍အပ်သကဲ့သို့ မင်းကွန်းချောင် ဆရာကြီး ဒေါ်မမ္မစာရီ၏ အကြောင်းပြု၍ ရွှေတိဂုံဘုရား ဘဏ္ဍာတော်ထိန်းလူကြီးမင်း မဟာဒေဝဓိဒါယကာ သဒ္ဓါယဉ်ယျေး စက်သူဌေး ဦးသွင် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့ထံသို့ အရတော်မြောက် ရှေးကံထောက်၍ ရောက်လာရပေသည်-ဟု ကျွန်တော်များ မြန်မာပညာရှိအဖွဲ့က မချွတ်ဝင့် မိပ္ပါယ်သင့်ကို ထပ်ဆင့် ပြောကြားရပါကြောင်း။

ဤသို့အားဖြင့် ထင်ရှားစေတနာ လွန်ကဲစွာကြောင့် သဒ္ဓါမြူးရွှင် သူဌေးမင်း ဦးသွင်နှင့် လှူခွင်သောက ဤဌာနတွင် တရုတ်ခါမျှ မပေါ်ဘူးပဲ ထူးကဲလှသော အဘိဓမ္မာ သချ်ာကျမ်းကြီးကို ကြိုးပမ်းတိထွင် စီရင်ပြုစုသူ မိုးရယား စာရင်းဝန် ဦးဘစိန်မှစ၍ အငယ်ပါ ဒါနရှင်အများတို့၏ ကုသိုလ်ပြုဟန် စိတ်ဓာတ်ခံကို ပြန်လှန်သုံးသပ်သော် ပရိယတ္တိသာသနာတော်ကို ပူဇော်ချီးမြှောက်သောအားဖြင့် စာတတ်အကျော် ဆရာတော်ကလေး အရှင်ဝိစိတ္တသာရာဘိဝံသအား အထူးထူးသော ဒါတဗ္ဗဝတ္ထုတို့ကို ပြုစုလှူဒါန်းကြခြင်းသည် ပဋိသဒ္ဒါနထက် မြတ်သော ဓမ္မဒါန အစစ် ဖြစ်လေသည်။ သရဏဂုံ, ပဉ္စသီ, သလာကဘတ်, ပက္ခိကဘတ်, ဝါဆိုသင်္ကန်း, ဟခုသောရေကန်, တဆောင်သော ကျောင်း ဟူသော ယင်းသည့်တရား ၇-ပါးကို တကြိမ်မျှ ဆောက်တည်လှူဒါန်း

မိလျှင် မြဲသောသုဂတိ အသားရှိသည်ဖြစ်၍ သောတာပန်ပုဂ္ဂိုလ်ဟု ဆိုသင့်ဆိုထိုက်ကြောင်းနှင့် ကျမ်းဂန်သာသည်ကိုထောက်က ထိုဒါနမျိုး သီလသရဏဂုံမျိုးတို့ကို အကြိမ်ပေါင်းများစွာ အားကျဘူးသည့်ပြင် ပရိယတ္တိပူဇနေ ဓမ္မဒါနကြီးကို ပြုကြပေသောကြောင့် မန္တလေးစကြာနေသည် တာဝတိံသာသို့ ရောက်သော ခဏ၌ တဘပန္နင့်ပင် လူ့ဇင်စစ်ဇောဘ်မှ နတ်၏သဘောသို့ သက်ရောက်သည်နှင့်အဘူ ပူဇနိယပြုသူ အသင်းအဖွဲ့ ပုဂ္ဂိုလ်တို့သည် ပကတိသော ကိုယ်စင်လျက်သောတာပန်သဘောသို့ သက်ရောက်ကြ၍ အတိပသန္န သာသနမူလ-ပရိယတ္တိဟိတ ပဋိပတ္တိဂါရဝ ပဋိဝေဓမာမက ဖြစ်သော သူဋ္ဌေးကြီး ဦးသွင်စသောအလှူရှင်တို့၏ မဟာပွဲသ ဒါနကုသိုလ်တို့ကို ကြည်ညိုရသည့်ပြင် စာတတ်အကျော်ဆရာတော်ကခလ အရှင်ဝိစိတ္တသာရာဘိဝံသ အား ဖူးမြင်တွေ့ကြုံရခြင်း ဂုဏ်ပုဒ်အရပ်ရပ် အဋ္ဌပ္ပတ်ကို တပ်အပ်ကြည်ညိုရခြင်းများကို ကျေးဇူးဥပကာရ တင်ရှိလှပါသောကြောင့် ရန်ကုန်မြို့ ကျွန်တော်တို့ မြန်မာပညာရှိအဖွဲ့က ဆွယ်တို့မပါ ဟုဘ်တိုင်းသာယျှင် ကျေညာပြန်လည် နှုတ်ရွှေစည်ဖြင့် တီးမှုန်ကျန်ကျန်ပဋ္ဌင်ရုံ၍ အောင်သံဝေါဟာ ထောမနာလျက် ဩဘာစကား ဖတ်ကြားပြန်ဆိုကြရသည် ဖြစ်ပါကြောင်း။

ဖတ်ကြားသူ
ပါဠိဆရာကြီး ဆညာ။

ရေးသားသူ
တက္ကသိုလ်ဂုဏ်ထူးဆောင် ဆရာပွါး။

---

## မင်္ဂလာသံပိုင်း

သာသနာရောင်ရှိန်၊ ပွင့်လင်းထိန်စိမ့်၊ မုနိန်ရှင်တော်၊ မြတ်ဇိနေ၁်၏၊ ဟောဖော်မိန့်မြွက်၊ ဓမ္မစက်ကို၊ ဝင်းလက်ရောင်ဝါ၊ ထွန်းစိမ့်ဒွါလျှင်၊ အာဏာဓမ္မ၊ စက္ကနှစ်ပါး၊ သုဘ်သင်ငြားရှိ၊ မင်းများထိပ်ခေါင်၊ နေရာထောင်လျှင်၊ ခွါမှောင်ပယ်ထွန်း၊ လှည့်ရစ်ထွန်းသို၊ ရွှန်းရွှန်းဝေဆင့်၊ မြင့်ကြီးမြင့်ခဲ့၊ ခွင့်မနေလျှော်စွာ၊ ဤအခါကား၊ သာသနာရှင်၊ ဘုရင်ကင်းမဲ့၊ ယွင်းလေခဲ့၍၊ ဝင်းမှုံ့အရောင်၊ မျှားမပြောင်ရှင့်၊ ငါးထောင်မိန့်ချက်၊ ဓမ္မစက်၌၊ ယွင်းပျက်အာဏာ၊ ကင်းမဲ့လာလည်း၊ မြန်မာတိုင်းသူ၊ ဗိုလ်လူတကာ၊ အဝါလုံ့လက်၊ သဒ္ဓါစက်ကို၊ ဟိုးတက်မြင့်အောင်၊ ထောင်ကြီးယောင်က၊ ထွန်းပြောင်သာသနာ၊ ရှိတို့ဟု၏၊ မွေ့ရှာစေ့စေ့၊ ကြံအောက်မေ့၍၊ မရွှေသဒ္ဓါ၊ စေတနာဖြင့်၊ သာသနာ့မူလ၊ ဘူဘအမြစ်၊ အနှစ်စင်းစင်း၊ ရှာဖွေလျှင်းမူ၊ ဟောရင်းပိဋကတ်၊ ပရိယတ်ကို၊ တတ်မြောက်သသူ၊ ဖြစ်ပေမူကား၊ ကြည်ဖြူနှစ်ချိုက်၊ ကိုးကွယ်ထိုက်၏၊ ထိုဥ္စတူယောင်၊ ပမာဆောင်သော်၊ ကန်ဘောင်ပရိယတ်၊ ခိုင်ပေလတ်မူ၊ ပဋိပတ်ရေ၊ တည်မြဲပေတည်း၊ ရေတည်ချေမှ၊ ငါးမကြာမျိုး၊ ဖြိုးဖြိုးပွင့်ဘိ၊ ပဋိဝေခ၊ သုံးဝသာသနာ၊ ထွန်းပေရာဟု၊ သေချာစိတ်စေး၊

ပြန်ပြန်တွေး၍၊ သူခွေးဦးသင်၊ မြော်မြင်စောင့်ထိန်း၊ ဒေါ်ဒေါ်သိန်းတို့၊ အောင်ကိန်းရှေ့ဘုံ၊ နန်းရိပ်မြုံသို့၊ ခိုလှုံရကြောင်း၊ ဆုယူတောင်း၍၊ သဘော်ကောင်း ရတနာ၊ စာချအကျော်၊ ထင်ပေါ်စွာလှ၊ ပဋ္ဌမကျော်၊ ဇေယျော်တဖန်၊ အင်္ဂုကထာပြန်အကျော်၊ အကျော်သုံးဝ၊ ဂုဏ်ထူးရသား၊ ဝိစိတ္တ-သာရာဘိဝံသ၊ နာမဘင့်ဆန်း၊ သားရဟန်း၏၊ အောင်ပန်းပွင့်ပုံ၊ ကျော်မျိုးစုံကို၊ အာရုံမျက်မြင်၊ ပွဲကြီးယင်ခဲ့၊ ကော်လျှင်အစ၊ ဒွေးနဝကည့်၊ သတ္တစွန်းဖြာ၊ ဝေဆာသွန့်မြိုင်၊ ခဇင်ခိုင်လျှင်၊ ကြိုင်လှိုင်ပျံ့ကျော်၊ ရနံ့ပေါ်သား၊ နတ်တော်ဆုတ်၂၆၊ ဆယ့်သုံးရက်၌၊ အောင်ချက်စာရင်း၊ အောင်နာင်းနှင့်၊ အောင်ခြင်းမင်္ဂလာ၊ ဆင့်ဆင့်ဖြာအောင်၊ သာသနာ့အောင်စည်၊ ဆော်ရှန်းမည်သည်၊ ရွှေပြည်ဓမ္မ ရောက်ကြောင်းတည်း။

| ဖတ်ကြားသူ | ရေးသားသူ |
|---|---|
| ပန်းချီဘလောက်ဆရာ | တက္ကသိုလ်ဂုဏ်ထူးဆောင် |
| ဦးထွန်းရင်။ | ဆရာပွါး။ |

---

ခုဇ၄၃-ခုနှစ်၊ အစိုးရ ပဋ္ဌပကျော်

အရှင်ဝိစိတ္တသာရာဘိဝံသအား

သကျသီဟ-အင္ဂကထာပြန်အကျော်ဟူသော

ဘွဲ့လိပ်နှင့် ရွှေတံဆိပ်

သက်ကပ်လှူဒါန်းသော အခမ်းအနားဌ

မြန်မာပညာရှိ ဆရာကြီးများအဖွဲ့က

ဖတ်ကြားသော

**မင်္ဂလာရတုပိုဒ်စုံ**

(၆၁-ပဒ)

ထွန်းတင့်သရေ၊ သွန်းဆင့်ဝေသား၊ စိန္တေခေါင်မှူး၊ ခြောက်ရောင်မြူးသည့်၊ အတူနက်စံ၊ ဝေဘုယံမှ၊ နဘ်ဇာတိ၊ ရဲရဲငြိသည့်၊ မဏိရတနာ၊ မြစကြာကို၊ ထုတ်ကာဗိုလ်ခြေ၊ ဖြန့်ပေးဝေသို့၊ ထွေထွေတင့်ဆုံ၊ ပုလဲကုံးသို့၊ စုရုံးသေချာ၊ ဟောခဲ့ပါလည်း၊ မြန်မာကနက်၊ ရဋ္ဌေထက်တင့်၊ နေ့စက်ရှိန်ဝါ၊ ကင်းမဲ့ခါ၌၊ မိလ္လာတိမ်စွယ်၊ လွှမ်းအုပ်ဘွယ်၍၊ ရောင်သွယ်ရဝိန်၊ ညှိုးကာမှိန်သို့၊ အချိန်ရင့်ညောင်း၊ ခေတ်ခရှမပြောင်းနှင့်၊ မိုးနှောင်းသံထင်၊ နောင်ခါတွင်လည်း၊ ချစ်ရှင်တော်စက်၊ ရောင်မထွက်ပဲ၊ ဆုတ်သက်ငုါငုါ၊ မြာဖွယ်ရာကို၊

ပညာဆင်ခြင်၊ ရှုမြော်မြင်၍၊ ဝန်းကျင်မွှေပြေး၊ မန္တလေးဟု၊ ပျိုမွေးသညီ၊ ထိုဌာနီတွင်၊ စာဂီမွေ့မွေ့၊ ဟော်ဝေလေ့ဖြင့်၊ ဆွေ့ဆွေ့သဒ္ဓါ၊ ဟိတ်ဥပါသား၊ သမ္ဘာရင့်ရင့်၊ နွယ်တင့်ကင့်နှင့်၊ ကြယ်မင့်အလယ်၊ စန်းယုန်နွယ်လျှင်၊ မန်းဝယ် ထင်ရှား၊ ဂုဏ်ကြွားကြွားတည့်၊ ပေါက်သားဇာနည်၊ တရထည်မျိုး၊ ရွှေပြည် ညွန့်ပေါင်း၊ သူတော်ကောင်းတို့၊ အကြောင်းလျော်စွာ၊ သင်းပွဲကာဖြင့်၊ အာစရိယ၊ နှစ်ထိုမှလျှင်၊ ဇိနသာသနာ၊ မြင့်မှုရှာ၍၊ ရွှေစာသဘင်၊ နှစ်တိုင်း ယဉ်သည်၊ စည်ရှင်ရွှမ်းခါသော် ပကား။

ညွန်းသင့်အခြေ၊ ရှုန်းဝေဝေတည့်၊ ဓမ္မေသဘင်၊ ထိုပွဲတွင်လည်း၊ စာသင် စာချ၊ နှစ်ဌာနဖြင့်၊ ကဏ္ဍချီချီ၊ သင့်လျော်ညီမျှ၊ သနိသနဲ၊ ဝေခွဲခွဲတွင်၊ ပေါ်မြဲတင့်ဆန်း၊ စာသင်တန်းကို၊ ဆုံးခန်းပေါက်ရောက်၊ ကူးခပ်မြောက်၍၊ ယှိုနောက်တခါ၊ နက်ကျယ်စွာသား၊ ကဘာသုံးကျမ်း၊ ဂုဏ်ဆီရွှမ်းကို၊ ဉာဏ်စွမ်းညွှန်ညွှန်၊ မြူးစွာကွန့်လည်း၊ ဇာနွှန့်တိုလျှင်း၊ တနှစ်ချင်းဝယ်၊ ဝင်းဝင်း ရှိန်ရောင်၊ သုံးကျမ်းအောင်သား၊ အခေါင်ထွားထွား၊ ဇာနည်ဘွားကို၊ များပြားပွဲသည်၊ နှစ်သုံးဆယ်ဘွင်၊ အံ့ဖွယ်တပါး၊ မထွန်းငြားခဲ့၊ နှစ်ကား ကိုးဆယ်၊ ခြောက်ခွန်းဆွယ်သား၊ ရာယ်ဒွယ၊ ထောင်ဇကတွင်၊ ငါးဝပဒ္ဒိ၊ ကြာပူးငုံသည်၊ နေရုံထိပ်ဖြား၊ စွင့်စွင့်ကားသို့၊ ဘုရားတိုးတော်၊ ယာယီပျော်၍၊ မည်သော်မင်ကွန်း၊ နောက်ငွန်းယွန်းဝယ်၊ တောက်ထွန်းသီလ၊ ကျင့်စာရနှင့်၊ မမ္မနာဒါ၊ တိုတ်တော်သာမှ၊ သုံးဝါရွယ်မျှ၊ ဝိစိတ္တာတွင်၊ သာရညွှန့်တင်၊ သမ္ဘာ ရှင်သည်၊ ယခင်နက်ကျယ်၊ ကျမ်းသုံးသွယ်နှင့်၊ ပြည်နယ်စိုးရ၊ ပြုကျင်းပသည့်၊ ပဌမကျော်၊ ပွဲဒွေဘော်ကို၊ ပြိုင်သော်ဘက်ကင်း၊ တနှစ်ချင်းဖြင့်၊ ထိုးယှင်း ဖြေတင်၊ အောင်ပန်းဆင်သည်၊ ပြည်ခွင်လွှမ်းခါကျော် ပကား။

ကျွန်းမြင့်မဟော၊ ဇမ္ဗူမြေတွင်၊ ဝိသေဂုဏ်အင်၊ ထိုအရှင်ကား၊ ကျည်းပင် ရွာဝယ်၊ မြင်းခြံနယ်၌၊ တင့်တယ်မည်သို့၊ သူကြီးမျိုးမှ၊ ဘေးဘိုးကိုလို၊ ကြွယ်ဥဘာနှင့်၊ ဦးသုံ့ဒေါ်သင်၊ နှစ်ပါးတွင်ဝယ်၊ လေးသင်္ချယ၊ ဂဏန်း ကျသည့်၊ မာသတန်ဆောင်၊ စန်းယုန်ရောင်လည်း။ ထွန်းပြောင်လက်လက်၊ ဆယ့်တရက်တွင်၊ ဘုန်းခက်အမော်၊ သန္ဓစင်ပျော်၍၊ ရှယ်တော်သုံးဝါ၊ နှနယ် စွာသား၊ နှစ်ဖြာကျော်ပွဲ၊ နှစ်ချင်းစွဲကို၊ ကြုံခဲလှစွာ၊ ရတုံပါ၍၊ ပြည်ရွာမရွေး၊ သတင်းမွှေးသည့်၊ သူဌေးဦးသွင်၊ ကုသိုလ်ရှင်နှင့်၊ ဂုဏ်အင်ကျော်ရှိန်း၊ ဒေါ်ဒေါ်သိန်းတို့၊ ပကိန်းဆင်ကာ၊ မျိုးဆွေညာနှင့်၊ စုံစွာမကြွင်း၊ အသင်းသင်း လည်း၊ ရောင်ဝင်းနဝရတ်၊ ပိဋကတ်ပဒေသာ၊ ထိန်ဝါရွှေသား၊ ဘွဲ့ပုံအားဖြင့်၊ ထူးခြားတင့်တယ်၊ ရွှေသားလယ်တွင်၊ ဆန်းကြယ်လှပ၊ ဘွဲ့နာမနှင့်၊ "အဋ္ဌ- ကထာပြန်-အကျော်"၊ တံဆိပ်တော်ကို၊ အဟော်ညီးညီး၊ အောင်ပွဲကြီးလျှင်၊ ဝှဲချီးအံ့ဖွယ်၊ ကျင်းပခြယ်၍၊ သွယ်သွယ်ညွတ်ပျောင်း၊ ဆက်ကပ်ကြောင်းကို၊

မြို့ပြောင်းသံဝါ၊ ရတုသာဖြင့်၊ မြန်မာပါဠိ၊ ပညာရှိဟု၊ နှံ့သိဝေနီး၊ အဖွဲ့ကြီးက၊ နန်းထီးဆင်ဆင်၊ ဖတ်လျှောက်တင်သည်၊ ကြည်ရွှင်ဝမ်းသာပျော်တကား။

မြန်မာပညာရှိ ဆရာကြီးများအတွက်
"မဂ်လာရတုပိုဒ်စုံ" ကို ရေးသားသူ

ဆရာ-ဦးဘခင်

| ဖတ်ကြားသူ | ၆၅-စမ်းချောင်းလမ်း စမ်းချောင်းရပ်၊ |
|---|---|
| ပါဠိဆရာကြီး ဆရာညွန့်။ | ကြည့်မြင်တိုင်။ |

---

## စာသင်ရပ်ဝဲစေ

အစိုးရပဌမကျော်, သက္ကသီဟစာချတန်းစာမေးပွဲ စသည်တို့ အောင်မြင်ပြီးသော်လည်း "စာသင်ရပ်ဝဲစေ" ဟူသော သာသနာ့မှန်ကင်းဆရာတော်သမားတော်ကြီးတို့၏ ဥပဒေသအရ စာသင်ကိစ္စကို မရပ်ခဲ့သေးပဲ ကြွင်းကျန်သော သင်ရိုး, ပိဋကတ်ပါဠိ, အဋ္ဌကထာ, ဋီကာ ကုန်စင်ပြီးမြောက်အောင် ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာစက္ကအထံတွင် သင်ယူတော်မူခဲ့လေသည်။

အနိဋ္ဌာပေတွာ ဥဂ္ဂဏှ–ကိစ္စံ သော ဒီဃဒဿနော။
ဗဟာဝေါ သေသာဂန္ထေပိ၊ ဥဂ္ဂဏှိ ဥဂ္ဂမေဟ ဝိဒူ။

## ဓမ္မနာဒနာယကဖြစ်ခြင်း

ရဟန်းသိက္ခာ ၇-ဝါအရတွင် ကျေးဇူးရှင် ဥပဇ္ဈာယ် ဓမ္မနာဒဆရာတော်သခင်အရှင်မြတ် နတ်ပွဲသဘင် ဝင်ကြွပါသောကြောင့် ၁၂၉၉-ခုနှစ် နတ်တော်လဆုတ် ၁-ရက်နေ့ ဓမ္မနာဒ သာသနာပြု သံဃာအစည်းအဝေးမှ ကျေးဇူးရှင် ညောင်ကန်ဆရာတော် ဘုရားကြီးအမှူးရှိသော သံဃာတော်များ၏ လွှဲအပ်တိုက်တွန်းဆုံးဖြတ်ချက်အရ ဓမ္မနာဒ ကျောင်းတိုက်၏ နာယကအဖြစ်သို့ ရောက်တော်မူသည်။

ပညာစက္ကေ နိရုဒ္ဓမှိ၊ ဝိစိတ္တော ဓိကြာဝါစကော။
ဓမ္မနာဒ အာရာမဿ၊ ပရက္ကော နာယကတံ ပတ္တော။

## အရှင်ဝိစိတ္တသာရာဘိဝံသစိတ်ထား

ဓမ္မဒူတ ကျောင်းတိုက်၏ အဓိပတိ နာယက ဆရာတော်ကလေး အရှင်ဝိစိတ္တသာရာဘိဝံသသည် တပည့်တပန်း ရဟန်းငယ်တို့အပေါ် တစုံတရာ ချွတ်ယွင်းချက် ရှိစေကာမူ အပြင်းမပြောပဲ သာယာညွတ်ပျောင်းစွာ ဖျောင်းဖျ ဆုံးမတော်မူသည်၊ သံဃ ဂဏ္ဍ တိုက်တာကိစ္စ အဝဝကို ရှေ့တန်းမှ ဆောင်ရွက်တော်မူသည်။ နိုးချပ်သော သတိဖြင့် နေလေ့ရှိတော်မူသည်၊ မိမိရသော ပစ္စည်းလာဘ်လာဘကို သံဃာနှင့် ဆက်ဆံသော သုံးစွဲခြင်းဖြင့် သုံးစွဲတော်မူသည်။ ရရှိသော ပစ္စည်း လာဘ်သာဘတို့ကို များသောအားဖြင့် သံဃိကထား၍ မိမိလည်း သံဃာတပါး အနေဖြင့် သုံးစွဲလေ့ ရှိတော်မူသည်။ ငယ်သားများကို ညီငယ်အလား စိတ်ထား၍ ယုယ စောင့်ရှောက်တော်မူသည်။ ထို့ကြောင့် လက်အောက်ငယ်သားတို့က ဆရာဟူသော စိတ်ဘက်အပြင် နောင်ကြီးသဖွယ် အားကိုးခံရလေသည်။ အစစအရာရာ ရှေ့နောက်အရေး မြော်တွေးဆင်ခြင်ပြီးမှ ပြုလေ့ပြောလေ့ ရှိတော်မူသည်။ ဤသို့ စသည်ဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသသည် လိုသည်မရှိ အဖက်ဖက်ပြည့်စုံ ထူးချွန်သည့် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ဝိစိတ္တော ဝိသိဋ္ဌော အာသိ၊ အနူနော သမ္ပုဏ္ဏော ဟိ ခေါ။
သမ္ဘာကာရ ပရိပူရော၊ အဟော အစ္ဆရိယော ဗုဓော။

## သာသနဇဓဇ သိရီပဝရဓမ္မာစရိယ

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် စာမေးပွဲ ဖြေဆိုခြင်း၌ အလွန်လျှင် အသုံးဝါသနာ ပါတော်မူသည်၊ ဝင်ရောက်ဖြေဆိုလျှင် ကိန်းသေမုချ အောင်မြင်မည်ဟု သိကားရာ အဘယ်မှာ မဖြေဆိုလိုပဲ ရှိပါအံ့နည်း၊ ၁၃၀၂-ခုနှစ်တွင် ပဌမဆုံး ကျင်းပသော အစိုးရဓမ္မာစရိယ စာချတန်းကို ဝင်ရောက်ဖြေဆိုရာ နှစ်ချင်းစွဲ ဂုဏ်ထူးဆောင် ကျမ်းများနှင့်တကွ အောင်မြင်တော်မူသဖြင့် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်[၁]။

ဓမ္မာစရိယဋ္ဌာနမ္ပိ၊ ဇယဂ္ဂါဟီ မဟာသုဓီ။
တေန သာသနဓဇာဒိ- ဥပါဓိံ အလလိ မတိ။

၁။ ၁၃၀၂-ခုနှစ်က စာချတန်း စာမေးပွဲကခုလုံးမှ ၅-ပါးသာ အောင်မြင်သည်။
အစ္ဆရိယာပဒါန်။ ဖြဂ-ကြည့်။

## တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့

ပစ္စုပ္ပန်တမလွန် နှစ်တန်သောလောက၊ ရတနာသုံးတန် ကံကံ၏အကျိုးကို ယုံကြည်လေ့ရှိသော သူတော် သူကောင်း သူမြတ်လောင်းကြီး ဖြစ်ပေသော ရန်ကုန်မြို့ သူဌေးကြီး ဆာဦးသွင်သည် ယခုခေတ်အခါသမယတွင် တိပိဋကဓရ ပုဂ္ဂိုလ်များ ပေါ်ပေါက်လာပါလျှင် ရခဲ တွေ့ခဲ ကြုံခဲလှသော ဒုလ္လဘအားဖြင့် ပုဂ္ဂိုလ်ဟု မှတ်ယူကြရတော့မည် ကေန်စင်စစ် ဖြစ်ချေသည်။ ယင်းသို့ ကြုံခဲလှသော ဒုလ္လဘသာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကို ယခုခေတ်အခါ ပေါ်ပေါက်လာအောင် ရှက်ဆောင်အားထုတ် ရပါမူကား ထူးခြားကဲပိုသော ဒုလ္လဘ ကုသိုလ်တရား ဖြစ်ပွါးလိမ့်မည်ဟု ယုံကြည်စိတ်ကို အဖန်ဖန် နှလုံးခဲ့လေသည်။

သက္ကရာဇ် ၁၃၀၄-ခုနှစ်ကစ၍ ပိဋကတ် ၃-ပုံ စာပြန်ပွဲကြီး ကျင်းပရန် ကြံစည်ခဲ့သော်လည်း အထမမြောက်ခဲ့ချေ။ ၁၃၁၀-ခုနှစ်ကျမှသာလျှင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်၏ အကြံပေးချက်အရ မြန်မာနိုင်ငံတော်သာသနာ့ကြီးကို နာယကအဖြစ်ဖြင့်၎င်း သူဌေးကြီး ဆာဦးသွင်ကို ဥက္ကဋ္ဌ အဖြစ်ဖြင့်၎င်း ရွေးချယ်တင်မြှောက်၍ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကို ဖွဲ့စည်းကည်ထောင်ပြီးသည့်အခါ ဆာဦးသွင်၏ မူလ ရည်ရွယ်ချက်အတိုင်း ကောင်းစွာထမြောက်အောင်မြင်အောင် ဆောင်ရွက်လိုသည် ဖြစ်ရကား ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်မှ တိပိဋကဓရရွေးချယ်ရေး အဖွဲ့ခွဲတခု ဖွဲ့စည်းပြီးလျှင် တိပိဋကဓရရွေးချယ်ပွဲဆိုင်ရာ လိုက်နာသင့်သည့် (စည်းမျဉ်းဥပဒေ)ကို ရေးသားစေ၏။ ထိုအဖွဲ့တွင် ပုဇွန်တောင် နေဘ်မံကျောင်းကြီး ဆရာတော်၊ သရက်တောကျောင်းတိုက် သာသနာလင်္ကာရ ဆရာတော်၊ ဘုရားကြီးကျောင်းတိုက် ဘုရားကြီး ဆရာတော်၊ သူဌေးကြီး ဆာဦးသွင် အဂ္ဂမဟာပဏ္ဍိတဆရာသင်း၊ မေဓာဝီဆရာဆိုင်၊ ပဌမကျော် ဦးကြီးဖေ၊ သီဟိုဠ်ဆရာဉာဏ်တို့ ပါဝင်ကြရာ ဘုရားကြီးဆရာတော်က ဥက္ကဋ္ဌ၊ ပဌမကျော် ဦးကြီးဖေက အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ကာ ဤ စည်းမျဉ်းဥပဒေကို ညှိနှိုင်းတိုင်ပင်၍ ရေးသားကြသည်။

တိပိဋကဓရအာဇာည- ပုဂ္ဂလသ ဉပ္ပတ္တိယာ။
ဉစ္စိနန သမိတီဟိ၊ ဘူတာသု မြန်မာ့ရဋ္ဌကေ။

## တိပိဋကဓရ ရွေးချယ်ပွဲစည်းမျဉ်း

စာရှုသူ တိပိဋကဓရ သမိုင်းသုတေသီ ပုဂ္ဂိုလ်တို့ ကျနစွာ နားလည်သဘောပေါက်စေရန် သမ္မာဆန္ဒဖြင့် ရွေးချယ်ရေးအဖွဲ့မှ ထုတ်ပြန်သည့် မူလစည်းမျဉ်းကို အနည်းငယ် ပြင်ဆင်ထားသည့် တိပိဋကဓရ ရွေးချယ်ပွဲစည်းမျဉ်းကို မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

## ရွေးချယ်ပွဲအမည်

၁။ ရွေးချယ်ပွဲကို (တိပိဋကဓရရွေးချယ်ပွဲ) ဟူ၍ ခေါ်တွင်စေရမည်။

၂။ ရွေးချယ်ပွဲကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ကိုယ်တိုင် ကြီးမှူး၍ စီမံအုပ်ချုပ်၍ဖြစ်စေ၊ သို့မဟုတ် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ လွှဲအပ်ခြင်း ခံယူရရှိသော အဖွဲ့တခုခုက ကြီးမှူးစီမံ အုပ်ချုပ်၍ဖြစ်စေ ကျင်းပရမည်။

**ကျင်းပရာဌာန**

၃။ ကျင်းပရာဌာနသည် ရန်ကုန်မြို့၌ ဖြစ်စေရမည်။

**အချိန်ကာလ**

၄။ ကျင်းပရန် အချိန်ကာလမှာ နှစ်စဉ် သာမန်အားဖြင့် နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် ဖြစ်စေရမည်။

**ကျင်းပပုံ**

၅။ ကျင်းပသောအခါ အောက်ပါ ညွှန်ကြားချက်အတိုင်း နှစ်မျိုး ခွဲခြား ထားရှိရမည်။

(က) အာဂုံပြန်ပွဲ။

(ခ) သဘောတရားဖြေပွဲ။

၆။ အာဂုံပြန်ပွဲပြီးလျှင် မိမိတို့ ပြန်ဆိုထားသော အပိုင်းနှင့် သက်ဆိုင်ရာ အပိုင်း၏ သဘောတရားဖြေပွဲကိုလည်း ဆက်လက်၍ ဖြေဆိုရမည်။

၇။ အာဂုံပြန်ပွဲ ကျင်းပရန်မှာ နေ့စဉ်နံနက် ၈-နာရီမှ ၁၀-နာရီ အထိ တကြိမ်၊ နေ့ ၁-နာရီမှ ၄-နာရီအထိ တကြိမ်အားဖြင့် တနေ့လျှင် နှစ်ကြိမ်စီသာ ဖြစ်ရမည်။

၈။ သဘောတရားဖြေပွဲ ကျင်းပရန်မှာ နေ့စဉ် ၁၂-နာရီခွဲမှ ၄-နာရီခွဲအထိ တနေ့လျှင် တကြိမ်သာ ဖြစ်ရမည်။

၉။ အာဂုံပြန်ပွဲ၌ ပြန်ဆိုသော ပုဂ္ဂိုလ်တို့သည် တနေ့လျှင် ဖျန်းမျှခြင်း အားဖြင့် ၁မျက်နှာ ၁၁၀-မှ ၁၅၀ ခန့် ပြန်ဆိုရမည်။

၁၀။ ဝိနည်း ၅-ကျမ်းတွင် အာဂုံ ပြန်ဆိုပွဲ၌ တကျမ်းလျှင် ၃-ရက်စီ ပေါင်း ၁၅-ရက်။ သဘောတရားဖြေပွဲ၌ တကျမ်းလျှင် ၁-ရက်စီ ပေါင်း ၅-ရက် အစဉ် အပိုင်း ပြန်ဆိုရမည်။

၁၁။ အဘိဓမ္မာပိဋက—

(က) အဘိဓမ္မာပိဋက ပဌမပိုင်းတွင် အာဂုံပြန်ဆိုပွဲ၌ ဓမ္မသင်္ဂဏီ, ဝိဘင်း, ကထာဝတ္ထု ၃-ရက်စီ၊ ဓာတုကထာနှင့် ပုဂ္ဂလပညတ် ၁ ရက်စီ ပေါင်း ၁၁-ရက်။ သဘောရေးဖြေပွဲ၌ တကျမ်း ၁-ရက်စီ ပေါင်း ၅-ရက် ပြန်ဆို ရေးဖြေရမည်။

(ခ) ဒုတိယပိုင်းတွင် အာဂုံပြန်ဆိုပွဲ၌ ယမိုက် ၆-ရက်၊ ပဋ္ဌာန်း ၁၂-ရက် ပေါင်း ၁၈-ရက် သဘောရေးဖြေပွဲ၌ ယမိုက် ၂-ရက်၊ ပဋ္ဌာန်း ၄-ရက် ပေါင်း ၆-ရက် ပြန်ဆို ရေးဖြေရမည်။

မှတ်ချက်။ ။သို့ရာတွင် ယမိုက်နှင့် ပဋ္ဌာန်းကျမ်းတို့၌ အာဂုံ ပြန်ရက်နှင့် သဘော ရေးဖြေ ရက်တို့ကို သတ်မှတ်ထားပြီး ဖြစ်သော်လည်း နာယက ဆရာတော်တို့သည် မည်သည့်အချိန်မဆို အခါအားလျော်စွာ ပြုပြင်ပြောင်းလဲလိုက ပြောင်းလဲနိုင်ခွင့်ရှိသည်။

၁၂။ ဒီဃနိကာယ် ၃-ကျမ်းတွင် အာဂုံပြန်ဆိုပွဲ၌ တကျမ်း ၃-ရက် စီ ပေါင်း ၉-ရက်။ သဘောရေးဖြေပွဲ၌ တကျမ်း ၁-ရက်စီ ပေါင်း ၃-ရက် ပြန်ဆိုရေး ဖြေရမည်။

၁၃။ မဇ္ဈိမနိကာယ် ၃-ကျမ်းတွင် အာဂုံပြန်ဆိုပွဲ၌ တကျမ်း ၃-ရက်စီ ပေါင်း ၉-ရက်။ သဘောရေးဖြေပွဲ၌ တကျမ်း ၁-ရက်စီ ပေါင်း ၃ ရက် ပြန်ဆိုရေး ဖြေရမည်။

၁၄။ သံယုတ္တနိကာယ် ၅-ကျမ်းတွင် အာဂုံပြန်ဆိုပွဲ၌ စာအုပ် သုံးအုပ်ရှိရာ တအုပ် ၃-ရက်စီ ပေါင်း ၉-ရက်၊ သဘောရေးဖြေပွဲ၌ တအုပ် ၁-ရက်စီ ပေါင်း ၃-ရက် ပြန်ဆို ရေးဖြေရမည်။

၁၅။ အင်္ဂုတ္တရနိကာယ် (၁၁) ကျမ်းတွင် အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၃-အုပ် ရှိရာ ၁-အုပ် ၃-ရက်စီ ပေါင်း ၉-ရက်၊ သဘောရေးဖြေပွဲ၌ တအုပ် ၁-ရက်စီ ပေါင်း ၃ ရက် ပြန်ဆိုရေးဖြေရမည်။

၁၆။ ခုဒ္ဒကနိကာယ်—

(က) ပဌမပိုင်းတွင် အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၅-အုပ်ရှိရာ တအုပ် ၃-ရက်စီ ပေါင်း ၁၅-ရက်။ သဘောရေးဖြေပွဲ၌ တအုပ် ၁-ရက်စီ ပေါင်း ၅-ရက် ပြန်ဆို ရေးဖြေရမည်။

(ခ) ဒုတိယ ပိုင်းတွင် အာဂုံပြန်ဆိုပွဲ၌ စာအုပ် ၄-အုပ်ရှိရာ တအုပ် ၃-ရက်စီ ပေါင်း ၁၂-ရက်။ သဘော ရေးဖြေပွဲ၌ တအုပ် ၁-ရက်စီ ပေါင်း ၄-ရက် ပြန်ဆိုရေးဖြေရမည်။

ပြဋ္ဌာန်းသော ကျမ်းစာများ

၁၇။ ပြဋ္ဌာန်းသော ကျမ်းစာတို့မှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကသုံးပုံ ပါဠိတော် သင်္ဂါယနာတင် ကျမ်းပေါင်း ၅၄-ကျမ်းတို့ ဖြစ်သည်။

၁၈။ ထိုကျမ်းတို့ကို ပိဋကတော်အားဖြင့် ဝိနည်းပိဋက, အဘိဓမ္မာပိဋက သုတ္တန်ပိဋက-ဟူ၍ သုံးပုံ။ အပိုင်းအားဖြင့် ဝိနည်း ၅-ကျမ်းတပိုင်း။ အဘိဓမ္မာ ၇-ကျမ်းတွင် ပဌမပိုင်း၌ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု-တပိုင်း။ ဒုတိယပိုင်း၌ ယမိုက်, ပဋ္ဌာန်း, တပိုင်း။ ဒီဃနိကာယ် ၃-ကျမ်းတပိုင်း။ မဇ္ဈိမနိကာယ် ၃-ကျမ်းတပိုင်း။ သံယုတ္တနိကာယ် ၅-ကျမ်း တပိုင်း။ အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း တပိုင်း။ ခုဒ္ဒကနိကာယ် ၂၀ ကျမ်းတွင် ပဌမပိုင်း၌ ၉-ကျမ်း, ၅-အုပ်တပိုင်း။ ဒုတိယပိုင်း၌ ၁၁-ကျမ်း ၄-အုပ် တပိုင်းဟူ၍ စုစုပေါင်း ၉-ပိုင်း သတ်မှတ်ထားသည်။

ရှင်းလင်းချက်—

(က) ခုဒ္ဒကနိကာယ် ၂၀-ကျမ်းတွင် ပဌမပိုင်း၌ စူဠနိဒ္ဒေသ, မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, နေတ္တိ, ပေဋကောပဒေသ, ထေရဂါထာ, ထေရီဂါထာ ၉-ကျမ်း ၅-အုပ်ပါဝင်သည်။

(ခ) ဒုတိယပိုင်း၌ ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန်း, ဣတိဝုတ်, သုတ္တနိပါတ်, မိလိန္ဒပဉှာ, ဝိမာနဝတ္ထု, ပေတဝတ္ထု, ဗုဒ္ဓဝင်, စရိယာပိဋက, ပါဠိဇာတ် ၁၁-ကျမ်း ၄-အုပ်ပါဝင်သည်။

အာဂုံ ပြန်ဆိုပွဲ၌ ထောက်မ စစ်ဆေးခြင်း

၁၉။ ပြဋ္ဌာန်းသော ကျမ်းစာတို့ကို နှုတ်တက်အာဂုံ ပြန်ဆိုရာ၌ သင်္ဂါယနာဟင်စဉ်အတိုင်း ဖယျာလမချန် ပြန်ဆိုစေလျှင် ပြန်ဆိုမည်။

၂၀။ စာကောက်စာမများက နှုတ်တက်အာဂုံ ရလိမ့်မည်ဟု ယုံကြည်လောက်သော နေရာတို့၌ ခုန်ကျော်စေ၍ရင်း မခုန်ကျော်စေပဲရင်း ပြန်ဆိုခွင့်ရှိသည်။

၂၁။ ထောက်မပေးပါလျက် ၁-မိနစ်မျှ တွေးတော စဉ်းစား၍လည်း မပြန်ဆိုနိုင်လျှင် (မ)ဟု မှတ်သားထား၍၊ ပြန်ဆိုနိုင်လျှင် (ရ)ဟု မှတ်သားထားလိမ့်မည်။

၂၂။ အာဂုံပြန်ဆိုရာ၌ တရက်လုံးအတွက် အများဆုံး ၅ ကြိမ်သာ ထောက်မပေးခွင့်ရှိသည်။ ထောက်မပေးရာ၌ (ထောက်)ဟု မှတ်သားထားရမည်။

မှတ်ချက်။ ။ဝါဒတခုလုံး ထောက်မပေးပါလျက် မပြန်ဆိုနိုင်လျှင် ကျရှုံးသည်ဟု မှတ်ရမည်။

## သဘောရေးဖြေပွဲ၌ ပုစ္ဆာလုတ် အမှတ်ပေးခြင်း

၂၃။ သဘောရေးဖြေရာတွင် တနေ့အတွက် ပုစ္ဆာစာရွက် ၁-ရွက်၌ ဖျန်းမျှခြင်း အမှတ် (၁၀၀)ထားရှိလိမ့်မည်။

၂၄။ မေးခွန်းပုစ္ဆာထုတ်ရာ၌ ပါဠိတော်လာ အနက် အဓိပ္ပါယ် ခဲရာခဲဆစ် အဆုံးအဖြတ်နှင့်တကွ သက်ဆိုင်ရာ အဋ္ဌကထာ, ဋီကာတို့ကိုသာ မေးမြန်းလိမ့်မည်။

## ပြန်ဆိုရေးဖြေခွင့်

၂၅။ အာဂုံပြန်ဆိုပွဲ သဘောရေးဖြေပွဲ နှစ်မျိုးလုံးမှာပင် ရဟန်းတော်များနှင့် သာမဏေများသာ ပြန်ဆို ရေးဖြေခွင့်ရှိသည်။

၂၆။ အာဂုံသဘော ရေးဖြေပွဲကို တခါက်တည်း ကျင်းပသော်လည်း အောင်မှတ် ပေးရာတွင် အာဂုံ ၅-ပုံ ၃-ပုံ အောင်မြင်သော ပုဂ္ဂိုလ်၏ သဘောရေးဖြေလွှာကိုသာ ကြည့်ရှု စစ်ဆေး အမှတ်ပေးလိမ့်မည်။ (ဥပမာ) စာအုပ် ၅-အုပ်ရှိရာတွင် ၃-အုပ် အာဂုံအောင်မြင်သည်ကို ဆိုလိုသည်။

၂၇။ ရွေးချယ်ပွဲ ၂-မျိုးလုံး၌ ဝင်ရောက်ပြန်ဆို ရေးဖြေသော ပုဂ္ဂိုလ်တို့တွင် အာဂုံပြန်ဆိုပွဲ တမျိုးဘည်းသာ အောင်မြင်၍ သဘောရေးဖြေပွဲ၌ ကျရှုံးသော ပုဂ္ဂိုလ်တို့သည် နောက်နောင်နှစ်တို့၌ ကျရှုံးသော သဘောရေးဖြေပွဲ တမျိုးဘည်း၌သာ ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။

၂၈။ အာဂုံပြန်ဆိုပွဲ၌ ကျမ်းစာအလုံးစုံကို စင်စင်ကြယ်ကြယ် ပြန်ဆိုနိုင်မှသာ အောင်မြင်ခွင့် ရမည်။

၂၉။ သဘောရေးဖြေပွဲ၌ မေးခွန်းပုစ္ဆာ အရွက်တိုင်းမှာပင် အမှတ်ရာခိုင်နှုန်း (၇၅)မှတ်အောက် မနည်းရမှသာ အောင်မြင်ခွင့်ရမည်။

၃၀။ (က) ရွေးချယ်ပွဲ နှစ်မျိုးလုံးမှာပင် (ထောက်·ရ·မရ)မှတ်သားထား သောအလွတ်များနှင့် မေးခွန်းပုစ္ဆာ ရေးဖြေလွှာများကို ထပ်မံ စစ်ဆေး၍ အောင်မြင်ခွင့်ပေးရာတွင် လျှို့ဝှက်သော ခုံအဖွဲ့ဖွဲ့စည်း၍ ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

(ခ) ပြဋ္ဌာန်းသော ပိဋကကျမ်းစာအပိုင်း တခုခုကို ၃-ကြိမ်တိုင်တိုင် ဝင်ရောက် ပြန်ဆို ရေးဖြေပါလျက် အာဂုံပြန်ဆိုပွဲ သဘောရေးဖြေပွဲ တခုခုတွင် မအောင်မြင်သော ပုဂ္ဂိုလ်အား နောက်ထပ် ဝင်ခွင့်ပြုသော်လည်း တနှစ်အတွက် ပြဋ္ဌာန်းထားသော အာဂုံကျမ်းစာ၏ ၅-ပုံ ၃-ပုံ အောင်မှတ်ပြည့် မပြန်ဆိုနိုင်လျှင် ၎င်းပုဂ္ဂိုလ်အား အသွားအပြန် ခရီးစရိတ် လှူဒါန်းလိမ့်မည်မဟုတ်။

၃၁။ စာထောက်စာချပုဂ္ဂိုလ် မေးခွန်းထုတ်ပုဂ္ဂိုလ် စာစစ်ပုဂ္ဂိုလ်တို့ကို ရွေးချယ်ပွဲနာယက ဆရာတော်များအဖွဲ့ သဘောအတိုင်း ရွေးချယ်ခန့်ထားနိုင်ခွင့် ရှိသည်။

၃၂။ ရွေးချယ်ပွဲနှင့် စပ်လျဉ်းသော ကိစ္စအမျိုးမျိုးတို့ကို စီမံဆောင်ရွက်ရာ၌ နာယကအဖွဲ့နှင့်တိုင်ပင်ကာ အမှုဆောင်အဖွဲ့က ဆုံးဖြတ်နိုင်ခွင့် ရှိသည့်အပြင် အပိုဒ် ၃၀(က)အရ လျှို့ဝှက်သောအဖွဲ့ကိုပါ ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

### ဘွဲ့လက်မှတ်နှင့် တံဆိပ်တုံး

၃၃။ အပိုင်းတိုင်း၌ ရွေးချယ်ပွဲ နှစ်မျိုးစီရှိရာ တမျိုးကိုသော်၎င်း, နှစ်မျိုးလုံးကိုသော်၎င်း အောင်မြင်သော ပုဂ္ဂိုလ်တို့အား ပိဋကအလိုက် အောက်ပါ စနစ်အတိုင်း ဘွဲ့လက်မှတ်နှင့် တံဆိပ်တုံးတို့ကို အသီးသီးလှူဒါန်းကြမည်။

၃၄။ ဘွဲ့လက်မှတ်၌ နိုင်ငံတော်အစိုးရတံဆိပ်နှင့် ဋ္ဌာနသာသနအဖွဲ့တံဆိပ်တို့ ထည့်သွင်း၍ အစိုးရ အသိအမှတ်ပြုသောအနေဖြင့် သမ္မတကြီး ကိုယ်တိုင် လက်မှတ်နှင့် အဖွဲ့ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ် ရေးထိုးကြမည်။

၃၅။ တံဆိပ်တုံးအလယ်၌ နိုင်ငံတော် အစိုးရတံဆိပ်နှင့် အဖွဲ့တံဆိပ်တို့ကို ထည့်သွင်းရာ အဆင့်အတန်းဂုဏ်နှင့် လိုက်လျောအောင် စီမံလှူဒါန်းမည်။

၃၆။ အဘိဓမ္မာပိဋကဘွဲ့ရင်း, ခုဒ္ဒကနိကာယ်ဘွဲ့ရင်း ပဌမပိုင်း, ဒုတိယပိုင်း ဟူ၍ နှစ်ပိုင်းစီရှိရာတွင် နှစ်ပိုင်းလုံး အာဂုံသဘောရေးဖြေ အောင်မြင်မှသာ သက်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် ပစ္စည်းလေးပါးကို လှူဒါန်းမည်။ တပိုင်းတည်းသာ အောင်မြင်ပါက အောင်မြင်သော အပိုင်းအတွက် အသိအမှတ်ပြု လက်မှတ်ကို ဆက်ကပ် လှူဒါန်းမည်။

၃၇။ အာဂုံပြန်ဆိုပွဲ၌ အယောက်လွတ်ကင်း၍ သန့်ရှင်းထူးကဲစွာ ပြန်ဆိုနိုင်သော ပုဂ္ဂိုလ်ဘို့အား ပိဋကအလိုက် ရိုးရိုးဘွဲ့လက်မှတ်နှင့် တံဆိပ်တော်တွင် (ဝိသိဋ္ဌ)ထည့်စွက်၍ လှူဒါန်းမည်။

၃၈။ သဘောရေးဖြေပွဲ၌ နေ့စဉ် အောင်မှတ် ၇၅-မှတ် ရလျှင်သော်၎င်း၊ သို့မဟုတ် နေ့စဉ် ၇၀-မှတ်ထက်မနည်း ရရှိက ဖျန်းမျှခြင်း ရာခိုင်နှုန်း ၈၀-ရရှိလျှင်သော်၎င်း ဘွဲ့လက်မှတ်နှင့် တံဆိပ်တော်တွင် (မဟာ) ဟူသော ဂုဏ်ထူးတပ်၍ လှူဒါန်းမည်။

## ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ခြင်း

၃၉။ ဘွဲ့လက်မှတ်နှင့် တံဆိပ်တော်ရ ပုဂ္ဂိုလ်ထူးတို့အား ဂုဏ်ထူးအလိုက် အောက်ပါစနစ်အတိုင်း ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် လှူဒါန်းမည်။

၄၀။ ဝိနယပိဋက၊ အဘိဓမ္မာပိဋကနှင့် သုတ္တန္တပိဋက အဝင်အပါ ဒီဃနိကာယ်ဟူသော သင်ရိုးပိဋကကို အောင်မြင်သော သာသနာ့အာဇာနည်အား အာဂုံ သာမန်အောင်မြင်က "တိပိဋကဓရ" ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကို၎င်း၊ ဂုဏ်ထူးနှင့်အောင်မြင်က "ဝိသိဋ္ဌတိပိဋကဓရ" ဟူသော ဘွဲ့လက်မှတ် တံဆိပ်တော်ကို၎င်း၊ သဘောရေးဖြေပွဲတွင် သာမန်အောင်မြင်က "တိပိဋက-ဓရကောဝိဒ" ဟူသော ဘွဲ့လက်မှတ်တံဆိပ်တော်ကို၎င်း၊ ဂုဏ်ထူးနှင့်အောင်မြင်က "မဟာတိပိဋကကောဝိဒ" ဟူသော ဘွဲ့လက်မှတ် တံဆိပ်တော်ကို၎င်း လှူဒါန်းမည်။

**မှတ်ချက်။** ။သာမဏေတို့သည် အဆင့်အတန်းတခုခုကို အောင်မြင်၍ သတ်မှတ်ထားသော ဘွဲ့တံဆိပ်ဘို့ကို ရထိုက်စေကာမူ ရဟန်း အဖြစ်သို့ ရောက်မှသာ ချီးမြှင့်လှူဒါန်းခြင်းကို ခံယူရမည်။

၄၁။ ရဟန်းသာမဏေတို့အား အပ်သောနည်းဖြင့် အလိုရှိရာ ပစ္စည်းလေးပါးကို ဝိနည်းအရ လိမ္မာသော "ကပ္ပိယကာရက" ကသာ စီမံ၍ လှူဒါန်းရမည်။

၄၂။ (က) အာဂုံပြန်ဆိုပွဲ၌ အောင်မြင်သော ပုဂ္ဂိုလ်တို့အား (ဇယား) တွင်ပါရှိသော ဘွဲ့လက်မှတ်တံဆိပ်တော်နှင့် ပစ္စည်းလေးပါးကို လှူဒါန်းမည်။

၄၃။ ပိဋကတပုံအတွက်၎င်း၊ နှစ်ပုံအတွက်၎င်း ဘွဲ့လက်မှတ်နှင့် တံဆိပ်တုံး အပြည့်အစုံ ရရှိသော ပုဂ္ဂိုလ်ထူးတို့အား မြန်မာပြည်အတွင်း၌ အသွားအလာ လွယ်ကူစေရန် ပဌမတန်း နောက်ပါတပည့် တယောက်အတွက် တတိယတန်း၊

အခမဲ့ မီးရထားနှင့် သင်္ဘောလက်မှတ်တို့ကို လှူဒါန်းထားဖို့ အဖွဲ့က အစိုးရသို့ မေတ္တာရပ်ခံကြမည်။

၄၄။ (က) သင်ရိုး ပိဋက ၃-ပုံတွင် အာဂုံနှင့် သဘောရေးဖြေ နှစ်ချပ်လုံး အောင်မြင်၍ ဘွဲ့လက်မှတ်နှင့်တံဆိပ်တုံး ရရှိဘော်မူသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးအား အဖွဲ့က အမြဲတမ်း ကိုးကွယ်ထားမည့်အပြင် မြန်မာပြည် အတွင်း၌ အသွားအလာ လွယ်ကူစေရန်အတွက် လေယာဉ်ပျံလက်မှတ် လှူဒါန်း ထားရန် နိုင်ငံတော် အစိုးရသို့ မေတ္တာရပ်ခံမည်။

(ခ) နိကာယ် ၅-ရပ် ပိဋက ၃-ပုံဘို ကို အာဂုံ အောင်မြင်သော သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးအား "ပဉ္စနိကာယိက တိပိဋကဓရ" ဘွဲ့လက် မှတ်တံဆိပ်တော်ကိုင်း သဘောရေးဖြေပွဲ အောင်မြင်သော သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးအား "ပဉ္စနိကာယိကတိပိဋကကောဝိဒ" ဘွဲ့လက်မှတ် တံဆိပ်တော်ကိုင်း ဆက်ကပ်လှူဒါန်းမည်။

(ဂ) တိပိဋကဓရ ရွေးချယ်ပွဲတွင် သတ်မှတ်ထားသော အဆင့် အတန်း တခုခုကို အောင်မြင်၍ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့က လစဉ်ပစ္စည်း လေးပါး အလှူတော်ကို ရရှိနေသော ပုဂ္ဂိုလ်သည်၎င်း၊ အမြဲတမ်း ကိုးကွယ် ထားခြင်းကို ခံယူရရှိသော ပုဂ္ဂိုလ်သည်၎င်း နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့နှင့် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ဝင်တို့ သဒ္ဓါတရား တိုးပွါးစေရန် "သာသနာတော် တိုးတက်စည်ပင်ခြင်း၏ အရင်းမူလဖြစ်သော ဂန္ထဓုရနှင့် ဝိပဿနာဓုရတခုခုကို မည်သို့ဆောင်ရွက်လျက်ရှိကြောင်း တနှစ်တကြိမ်ကျ လျှောက်ထားစုံစမ်းရန်။

၄၅။ (က) ရွေးချယ်ပွဲ နှစ်မျိုးလုံးကို နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က ကိုယ်တိုင်ကြီးမှူး၍ ကျင်းပသောအခါ—

(က) နာယက ဆရာတော်များအဖွဲ့။

(ခ) တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ခွဲတို့ကိုဖွဲ့စည်း၍ စီမံဆောင်ရွက် ရမည်၊ သို့မဟုတ် အဖွဲ့တခုခုသို့ ကိုယ်စားလှယ် လွှဲပြောင်း၍ ဆောင်ရွက် ကျင်းပစေသောအခါ၊ ၎င်းအလွှဲခံရသောအဖွဲ့၏ ဆန္ဒအတိုင်း—

(က) နာယကဆရာတော်များအဖွဲ့။

(ခ) တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့တို့ကို ဖွဲ့စည်း၍ စီမံဆောင်ရွက် ရမည်။

မှတ်ချက်။ ။နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ကဖြစ်စေ၊ကိုယ်စားလှယ် လွှဲပြောင်းခြင်း ခံရသော အဖွဲ့တခုခုကဖြစ်စေ တိပိဋကရွေးချယ်ပွဲကို စီမံကျင်းပပြုလုပ်သောအခါတွင် ညှိခံရေးအဖွဲ့၌ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့နှင့်တကွ မြို့ပေါ်ရှိ သာသနာရေးအသင်းအဖွဲ့ပေါင်းစုံတို့မှ ကိုယ်စားလှယ်များ ပါနိုင်သလောက် ပါဝင်အောင် ဖွဲ့စည်းရမည်။

၄၆။ နာယကအဖွဲ့ကို ဆရာတော် ၉-ပါး၊ အမှုဆောင်အဖွဲ့ကို လူပုဂ္ဂိုလ် ၉-ဦး ပါဝင်ဖွဲ့စည်းထားရမည်။

၄၇။ နာယကအဖွဲ့၌ ရန်ကုန်နေပြည်တော်တွင် ထင်ရှားသော ပိဋကကျမ်းတတ် ဆရာတော်များကို အမှုဆောင်အဖွဲ့က ရွေးချယ်တင်မြှောက်၍ ၎င်းနာယကအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်ကို ထိုနာယကအဖွဲ့ဝင် ဆရာတော်များ ဆန္ဒအတိုင်း ရွေးချယ်ရမည်။

၄၈။ နာယကအဖွဲ့သည် ရွေးချယ်ပွဲ နှစ်ချိုးလုံးနှင့် စပ်သော ကိစ္စတို့၌ အမှုဆောင်အဖွဲ့ကို အဆုံးအမ ပေးနိုင်သည်။

၄၉။ အမှုဆောင်အဖွဲ့၌ တာဝန်ခံ၍ ဆောင်ရွက်သော (အကျိုးဆောင်) တယောက်ကို အမှုဆောင်အဖွဲ့တည်းမှ ရွေးချယ်ခန့်ထားရမည်။

၅၀။ အကျိုးဆောင်သည် ပိဋကကျမ်းဂန်တို့၌၎င်း၊ ရွေးချယ်ပွဲလုပ်ငန်းကိစ္စတို့၌၎င်း ကျွမ်းကျင်လိမ္မာသည့်အပြင် ရဟန်းသာမဏေများနှင့် ဆက်ဆံရာ၌လည်း ကျွမ်းကျင်ပြေပြစ်သူ ဖြစ်ရမည်။

## ပစ္စည်းလေးပါးရပ်စဲခြင်း

၅၁။ ရွေးချယ်ပွဲ အောင်မြင်၍ လစဉ် ပစ္စည်းလေးပါးနှင့် မီးရထားသင်္ဘော လေယာဉ်ပျံလက်မှတ် လှူဒါန်းထားသော ပုဂ္ဂိုလ်တို့တွင် ရဟန်းအဖြစ်မှ ရွေ့လျောသော ပုဂ္ဂိုလ်, အယူဝါဒ ပြောင်းလဲသွားသော ပုဂ္ဂိုလ်, အဖွဲ့၏ သဘောတူညီချက် မရပဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ မနေသော ပုဂ္ဂိုလ်, အဖွဲ့၏ သဒ္ဓါတရားကို မစောင့်ရှောက်နိုင်သော ပုဂ္ဂိုလ်တို့အား အထောက်အပံ့အလုံးစုံမှ ရပ်စဲစေနိုင်သည်။

၅၂။ ရွေးချယ်ပွဲကိစ္စ ထောက်ပံ့လှူဒါန်းရေးကိစ္စတို့၌ အသေးစိတ် ဆောင်ရွက်နိုင်ရန် အမှုဆောင်အဖွဲ့က (စည်းကမ်းဥပဒေကို) ပြုလုပ်၍ နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့သို့ တင်ပြရမည်။

၅၃။ ဤစည်းမျဉ်းဥပဒေကို အခါကာလ အားလျော်စွာ ပြင်ဆင်ပြောင်းလဲလိုက ဗုဒ္ဓသာသနာ့အဖွဲ့နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့နှစ်ဖွဲ့တို့က တိုင်ပင်၍ ဖြည့်စွက်နှုတ်ပယ် ပြင်ဆင်ပြောင်းလဲနိုင်ခွင့် အာဏာရှိသည်။

## တိပိဋကဓရ ရွေးချယ်ပွဲစည်းကမ်းဥပဒေ

(၁) အာဂုံပြန်ဆိုပွဲ၌ စာဖြေခုံတခုံလျှင် နာယကဆရာတော်တပါး၊ စာထောက်စာမ ဆရာတော်နှစ်ပါး၊ အမှတ်ပေးလူပါဠိဆရာတယောက် ပေါင်း လေးဦးကြီးကြပ်ရမည်။

(၂) ပြန်ဆိုသောပုဂ္ဂိုလ်တို့သည် ကြီးကြပ်သော ပုဂ္ဂိုလ်တို့ ကျေနပ်လောက်အောင် ရှင်းလင်းပီသပြတ်သားစွာ ပြန်ဆိုရမည်။

(၃) ပြန်ဆိုသောအခါ တနာရီအတွင်း အများဆုံး တကြိမ်လျှင် ၁၀-မိနစ်မှ ၁၅-မိနစ်အထိ နာယကအဖွဲ့နှင့် အမှုဆောင်အဖွဲ့တို့က ဆုံးဖြတ်သတ်မှတ်ပေးသည့်အတိုင်း အနားယူရမည်။

(၄) ကြီးကြပ်သော ပုဂ္ဂိုလ်တို့သည် တကျမ်းစစ်ဆေးပြီးလျှင် နောက် တကျမ်းအတွက် စာဖြေခုံပြောင်းလဲ၍ စစ်ဆေးနိုင်သည်။

(၅) သဘောရေးဖြေပွဲ၌မေးခွန်းထုတ်ပုဂ္ဂိုလ်တို့သည် အဖြေတို့ကို စစ်ဆေးရာ၌ လွယ်ကူစေရန် မိမိတို့ထုတ်သော မေးခွန်းတို့ကို အဖြေပါရေး၍ ပေးရမည်။

(၆) မေးခွန်းထုတ် ပုဂ္ဂိုလ်တို့သည် စစ်မေးမည့် မေးခွန်းတို့ကို လျှို့ဝှက်သော နည်းဖြင့် နေ့ချင်းပြီး ထုတ်ရမည်။

(၇) အဖြေတို့ကို စစ်ဆေးသောပုဂ္ဂိုလ်တို့သည် လျှို့ဝှက်စွာ စစ်ဆေးရမည့် အပြင် အဖွဲ့က မကြေညာမီ တစုံတရာပေါက်ကြားခြင်း မရှိစေရ။

(၈) မေးခွန်းထုတ် ပုဂ္ဂိုလ်တို့သည် မိမိတို့ထုတ်သော မေးခွန်းများ စာဖြေပုဂ္ဂိုလ်တို့လက်သို့ မရောက်မီ နာယကဆရာတော်များ ချထားသော နေရာ၌သာ နေရမည်။

(၉) မေးခွန်းတို့ကို နာယကဆရာတော်တို့၏ ခွင့်ပြုချက်အရ အနည်းဆုံး နှစ်ဦး သုံးဦး တိုင်ပင်ညှိနှိုင်း၍ ထုတ်နိုင်သည်။

(၁၀) သဘောတရားဖြေပွဲ၌ အဖြေဘိုးကို ပစ်ဆေးသော ပုဂ္ဂိုလ်နှင့် အောင်စာရင်း ထုတ်ရန် ဆုံးဖြတ်ရသော ခုံအဖွဲ့ဝင် ပုဂ္ဂိုလ်တို့သည် စာဖြေပုဂ္ဂိုလ်တို့၏ ဘွဲ့ အမည် နေရပ် စသည်တို့ကို မသိနိုင်အောင် အကျိုးဆောင်က လျှို့ဝှက်သောနည်းဖြင့် စီမံပေးရမည်။

မှတ်ချက်။ ။(ဤဥပဒေစည်းမျဉ်း ပြင်ဆင်ချက်ကို ၁၃၁၄ ခုနှစ် ပြာသိုလပြည့်ကျော် ၂-ရက် (၁၊ ၁၊ ၅၃) နေ့ မှစ၍ ၁၃၁၄-ခုနှစ်တွင် အောင်မြင်သော ပုဂ္ဂိုလ်များကိုရင်း၊ လွန်ခဲ့သောနှစ်များက အောင်မြင်သော ပုဂ္ဂိုလ်များကိုရင်း ဤဥပဒေစည်းမျဉ်းအရ ပဏ္ဏည်းပေးပါး လျှော်ဒါန်းချီးမြှင့်မည်)။

(ပုံ) ဆရာဦးသွင်

ဥက္ကဋ္ဌ

တိပိဋကဓရ ရွေးချယ်ပွဲ

စည်းမျဉ်းဥပဒေ ပြင်ဆင်ရေးအဖွဲ့။

၁၂၊ ၁၂၊ ၅၂။

## ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက် ရေးသွင်းသော တိပိဋကဓရ ရွေးချယ်ပွဲ စည်းမျဉ်းဥပဒေ၏ အကြောင်း

၁၃၁၀-ခုနှစ်မှစ၍ တိပိဋကဓရ ရွေးချယ်ပွဲကို ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က နှစ်စဉ်ဆောင်ရွက် ကျင်းပလာခဲ့ရာမှ သာသနာ့အက်ဥပဒေအရ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပေါ်ပေါက်လာသောအခါ ၁၃၁၃-ခုနှစ် သီတင်းကျွတ်လဆုတ် (၅) ရက် (၂၀၊ ၁၊ ၅၁) နေ့တွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ကိုယ်စားလှယ်များ ပါဝင်သည့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ၂၄ ကြိမ်မြောက် အမှုဆောင်အစည်းအဝေး၌ တိပိဋကဓရ ရွေးချယ်ပွဲကို နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့သို့ လွှဲအပ်ခြင်းကို ဗုဒ္ဓသာသနာ့အဖွဲ့ဝင်လူကြီးမင်းများနှင့် နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့ ကိုယ်စားလှယ် လူကြီးမင်းများ နှစ်ဦးနှစ်ဖက် သဘောတူကြပြီးလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကပင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ကိုယ်စားလှယ် လူကြီးမင်းများ နှစ်ဦးနှစ်ဖက် သဘောတူကြပြီးလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကပင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကိုယ်စား ဆက်လက်၍ ကျင်းပပြုလုပ်ရန် တိုက်တွန်းချက်ကို ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က လက်ခံခဲ့ပါကြောင်း။

ဤသို့ လက်ခံခဲ့သည့်အတိုင်း ဤစည်းမျဉ်း ဥပဒေအသစ်သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ကိုယ်စားလှယ် ၆-ဦး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ကိုယ်စားလှယ်

၃-ဦး အဖွဲ့ဝင်မဟုတ်သူ လူပညာရှိ ၃-ဦး ပေါင်း ၁၂-ဦးတို့ ပါဝင်သော ဥပဒေ ပြင်ဆင်ရေးဆွဲရေးအဖွဲ့က တိပိဋကဓရ ရွေးချယ်ပွဲ စည်းမျဉ်းဥပဒေကို အသစ် ပြင်ဆင် ရေးဆွဲသည့် စည်းမျဉ်းဥပဒေသစ် ဖြစ်သည်။

**မှတ်ချက်။** ။တကြိမ်ဘည်း လှူရန်ပစ္စည်းလေးပါးဆုတော်မှာ–ပြန်ဆိုအောင် မြင်သော ကျမ်းစာ၏ စာမျက်နှာ အရေအတွက်ကိုလိုက်၍ တမျက်နှာလျှင် ဂ-နှုန်းဖြင့် သတ်မှတ်လှူဒါန်းရန် ဖြစ်သည်။ လစဉ် ပစ္စည်းလေးပါး အလှူတော်မှာ–ပြန်ဆိုအောင်မြင်သော ကျမ်းစာများရှိ စာမျက်နှာ (၁၀၀၀) တထောင်လျှင် ၂၅-နှုန်း ခန့်ဖြင့် သတ်မှတ်လှူဒါန်းရန် ဖြစ်သည်။ အာဂုံသဘော ရေးဖြေ ၂-ရပ်လုံး အောင်မြင်သော ပုဂ္ဂိုလ်အား (ဂ) ဇယားရှိ ၁-တွင် ပါသော လစဉ် ပစ္စည်းလေးပါး လှူဒါန်းမည်။ အာဂုံတွင် ဝိသိဋ္ဌဂုဏ်ထူးရရှိသော ပုဂ္ဂိုလ်အား (ဂ) ဇယားရှိ ၁-နှင့် ၂-တွင် ပါသော လစဉ် ပစ္စည်းလေးပါး လှူဒါန်းမည်။ သဘောရေးဖြေ တွင် မဟာဂုဏ်ထူးရရှိသော ပုဂ္ဂိုလ်အား (ဂ) ဇယားရှိ ၁-နှင့် ၃-တွင်ပါသော လစဉ် ပစ္စည်းလေးပါး လှူဒါန်းမည်။ အာဂုံတွင် ဝိသိဋ္ဌ, သဘောရေးဖြေတွင် မဟာဂုဏ်ထူး ၂-ဆင့်ရ ပုဂ္ဂိုလ်အား ၁-၂-နှင့် ၃-တွင်ပါသော လစဉ် ပစ္စည်းလေးပါးကို လှူဒါန်းမည်။

(ပုံ) ဆာဦးသွင်
ဥက္ကဋ္ဌ
တိပိဋကဓရ ရွေးချယ်ပွဲ
စည်းမျဉ်းဥပဒေ ပြင်ဆင်ရေးအဖွဲ့။
၁၂။ ၁၂။ ၅၂။

**ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးဦးစီးဌာနမှ ထပ်မံ၍ အချုပ်ထုတ်ပြန်သော**
**တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ နည်းဥပဒေများ**

(၁) တိပိဋကဓရရွေးချယ်ပွဲကို အောက်ပါအတိုင်း နှစ်မျိုးခွဲခြား ထားရှိရမည်။

(က) အာဂုံပြန်ဆိုပွဲ။

(ခ) **သဘောရေးဖြေပွဲ။**

| | | | | | | | | | | ငွေလေးပိဿာ ယူရာလယ်ရိုင်က တောင်းထွက်ငွေ | ငွေလေးပိဿာ ယူရာလယ်ရိုင်က တင်းထွက်ငွေ | ခြေလပ်ဆွာ ယူရာလယ်ရိုင်က ဒိုးဝင်ထွက်ငွေ | ခြေလပ်ဆွာ ယူရာလယ်ရိုင်က တင်းထွက်ငွေ | | | ဂိုဏ်းလယ်ပိုင် ရှိမည်မှာလယ် ယာဂိုဏ်းလယ်ရိုင် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၆၈ | ၉၀ | ၀၃ | ၃၆ | ၀၄၈ | ၄၀၂ | ၄၃၉ | ၃၃၉ | ၀၀၂ | ၂၂၆ | | | | | ၂၄၅၀ | ၆ | ဒွေါ်လှ-ငွေအိုဘကွက် ဂူလယ်ပိုင် ယာဂိုဏ်းပိုင် |
| ၀၅ | ၆၀ | ၉၂ | ၀၆ | ၀၀၅ | ၃၉၂ | ၃၃၄ | ၃၃၄ | ၅၃၀ | ၄၄၃ | ငွေလေး တလေးပိုင် တောင်းထွက်ငွေ | ငွေလေး တလေးပိုင် တင်းထွက်ငွေ | ယမင်းလေးပိုင် ဒိုးဝင် တင်းထွက်ငွေ | ယမင်းလေးပိုင် တင်းထွက်ငွေ | ၂၅၄၀ | ၄ | ဒွေါ်လှမ် အိုဘကြီး ဂူလယ်ပိုင် ယာဂိုဏ်းပိုင် |
| ၀၁ | ၂၀ | ၃၂ | ၄၃ | ၀၀၁ | ၆၃၂ | ၉၉၆ | ၉၉၆ | ၉၄၀ | ၀၀၃ | ငွေလေး တလေးပိုင်မြိုး တောင်းထွက်ငွေ | ငွေလေး တလေးပိုင်မြိုး တင်းထွက်ငွေ | ယမင်းလေးမြိုး ဒိုးဝင် တင်းထွက်ငွေ | ယမင်းလေးမြိုး တင်းထွက်ငွေ | ၅၀၆၀ | ၃ | ဒွေါ်လှလေး ဂူလယ်ပိုင်မြိုး ယာဂိုဏ်းပိုင် |
| ၀၉ | ၀၀ | ၀၂ | ၀၃ | ၀၀၉ | ၀၀၂ | ၀၀၆ | ၀၀၆ | ၆၃၀ | ၉၉၂ | ငွေလေး တလေးပိုင်ကြီး တောင်းထွက်ငွေ | ငွေလေး တလေးပိုင်ကြီး တင်းထွက်ငွေ | ယမင်းလေးကြီး ဒိုးဝင် တင်းထွက်ငွေ | ယမင်းလေးကြီး တင်းထွက်ငွေ | ၉၀၂၀ | ၃ | ဂူလယ်ပိုင်ကြီး ယာဂိုဏ်းပိုင် |
| ၀၉ | ၀၀ | ၈၂ | ၀၃ | ၀၀၉ | ၀၀၂ | ၀၀၆ | ၀၀၆ | ၆၃၀ | ၉၉၂ | ငွေလေး တလေးပိုင်ကြီ တောင်းထွက်ငွေ | ငွေလေး တလေးပိုင်ကြီ တင်းထွက်ငွေ | ယမင်းလေးကြီ ဒိုးဝင် တင်းထွက်ငွေ | ယမင်းလေးကြီ တင်းထွက်ငွေ | ၂၃၀၀ | ၃ | ဂူလယ်ပိုင်ကြီ ယာဂိုဏ်းပိုင် |
| | | | | | | | | | | ငွေလေး ယာဂိုဏ်းလေး တင်းထွက်ငွေ | ငွေလေး ယာဂိုဏ် တင်းထွက်ငွေ | ခြေလပ်ဆွာ ဒိုးဝင် တင်းထွက်ငွေ | ခြေလပ်ဆွာ တင်းထွက်ငွေ | | | ဂိုဏ်းလယ်ပိုင် ယာဂိုဏ်းပိုင် |
| ၉၃ | ၉ | ၂၀ | ၀၀ | ၀၄၃ | ၆၀၀ | ၃၃၂ | ၃၃၂ | ၀၁ | ၄၄၀ | ငွေလေး တလေးပိုင်တူ တောင်းထွက်ငွေ | ငွေလေး တလေးပိုင်တူ တင်းထွက်ငွေ | ယမင်းလေးတူ ဒိုးဝင် တင်းထွက်ငွေ | ယမင်းလေးတူ တင်းထွက်ငွေ | ၆၉၉ | ၃ | ဂူလယ်ပိုင်တူ ယာဂိုဏ်းပိုင် |
| ၄၂၀ | ၆၀၀၂ | ၀၀၀၆ | ၀၂၉ | ၀၄၂၀ | ၇၀၆ | ၃၃၀ | ၃၃၀ | ၀၁၂ | ၄၄၄ | | | | | ၀၀၄၂ | ၀ | ဒွေါ်သမ္မ အိုဘကွက် ယာဂိုဏ်းကြီး |
| ၀၄ | ၀၀ | ၀၉၀ | ၄၂ | ၀၄၄ | ၆၀ | ၉၉၃ | ၆၉၃ | ၂၂၀ | ၆၆၂ | ငွေလေး ကြီးလေး တင်းထွက်ငွေ | ငွေလေးကြီးလေး တင်းထွက်ငွေ | ယမင်းလေး ဒိုးဝင် တင်းထွက်ငွေ | ယမင်းလေး တင်းထွက်ငွေ | ၀၀၀၀ | ၆ | ဒွေါ်လှ-၄ အိုဘကြီး ယာဂိုဏ်းကြီး |
| ၀၀၀ ဂိုဏ် | ၇၀ ဂိုဏ် | ၃၃ ဂိုဏ် | ၀၄ ဂိုဏ် | ၀၀၀၀ ဂိုဏ် | ၀၃၃ ဂိုဏ် | ၉၉၉ ဂိုဏ် | ၉၉၉ ဂိုဏ် | ၂၂၂ ဂိုဏ် | ၆၆၆ ဂိုဏ် | ငွေလေး တင်းလေး တင်းထွက်ငွေ | ငွေလေးတင်း တင်းထွက်ငွေ | ခြေလပ် ဒိုးဝင် တင်းထွက်ငွေ | ခြေလပ် တင်းထွက်ငွေ | ၀၀၀၀ | ၄ | ဒွေါ်လှန်း တင်း ယာဂိုဏ်းတင်း |
| နှိုင်း ဓမ္မ | လယ | ဒိုးဝင် | ဦးဝ လေ | ဂိုဏ်း | လေ | လေ | ဂိုဏ်း | လေ | လေ | ဒိုးဝင် | ဦးလေး | ဒိုးဝင် | ဦးလေး | | | |
| (၆) | (၅) | (၂) | (၁) | | | | | | | | | | | | | |
| ငွေပေါင်းလေး ယူရာလယ်ရိုင်က ပိုလ | | | | ယူရာလယ်ရိုင်က ဦးပိုင်လေးရှိသည့်ကိုင်လေး ငွေလေးပိုင် | | | ယူရာလယ်ရိုင်က ဦးပိုင်လေးရှိသည့်ကိုင်လေး ငွေလေးပိုင် | | | ပိုင်ရှင်-လေ ဦးပိုင်လေးရှိသည့် ငွေလေးပိုင်ပိုင်ငွေ (ခ) | | ပိုင်ရှင်-လေ ဦးပိုင်လေးရှိသည့် ငွေလေးပိုင်ပိုင်ငွေ (ယ) | | ငွေ ပေါင်း | ခရ ပိုင် | ပေါင်းလယ်ပိုင် |

(ခ)၂၉၂ ယာဂိုဏ်း

(၂) အာဂုံပြန်ဆိုပွဲ ပြီးလျှင် ထိုအာဂုံပြန်ဆိုထားသော အပိုင်းနှင့် သက်ဆိုင်ရာ ပာပိုင်း၏ သဘောရေးဖြေပွဲကို ဆက်လက်၍ ဖြေဆိုရပါမည်။

(၃) အာဂုံပြန်ဆိုပွဲကို နေ့စဉ် နံနက် (၈)နာရီမှ (၁၀)နာရီအထိ တကြိမ်၊ နေ့ (၁) နာရီမှ (၄) နာရီအထိ တကြိမ် အားဖြင့် တနေ့လျှင် (၂) ကြိမ် ပြန်ဆိုရပါမည်။

(၄) သဘော ရေးဖြေပွဲကို နေ့စဉ် (၁၂) နာရီခွဲမှ (၄) နာရီခွဲအထိ တနေ့လျှင် တကြိမ်သာ ဖြေဆိုရပါမည်။

(၅) အာဂုံပြန်ဆိုရာ၌ တနေ့လျှင် ဖျမ်းမျှခြင်း အားဖြင့် ဆဋ္ဌမူ စာမျက်နှာ ၁၀၀-မှ ၁၅၀-ခန့် ပြန်ဆိုရပါမည်။

(၆) ဝိနည်းငါးကျမ်း အာဂုံပြန်ဆိုရာ၌ တကျမ်းလျှင် (၃) ရက်စီ ပေါင်း (၁၅) ရက်၊ သဘောရေးဖြေပွဲ၌ တကျမ်းလျှင် တရက်စီ ပေါင်း (၅) ရက် အစဉ်အတိုင်း ပြန်ဆိုရေးဖြေရပါမည်။

(၇) (က) အဘိဓမ္မာ ပိဋက ပဌမပိုင်းပြန်ဆိုပွဲ၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ကထာ ဝတ္ထု (၃) ရက်စီ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ် တရက်စီ ပေါင်း (၁၁) ရက်၊ သဘောရေးဖြေပွဲ၌ တကျမ်း တရက်စီ ပေါင်း (၅) ရက် ပြန်ဆိုရေးဖြေရပါမည်။

(ခ) အဘိဓမ္မာပိဋက ဒုတိယပိုင်း ပြန်ဆိုရာ၌ ယမိုက် (၆) ရက်၊ ပဋ္ဌာန်း(၁၂)ရက်၊ ပေါင်း(၁၈) ရက်၊ သဘောရေးဖြေရာ၌ယမိုက် (၂) ရက်၊ ပဋ္ဌာန်း (၂) ရက်၊ ပေါင်း (၄) ရက် ပြန်ဆို ရေးဖြေရပါမည်။

(၈) ဒီဃနိကာယ် သုံးကျမ်း အာဂုံပြန်ဆိုပွဲ၌ တကျမ်း(၃) ရက်စီ၊ ပေါင်း (၉) ရက်၊ သဘောရေးဖြေပွဲ၌ တကျမ်းလျှင် တရက်စီ ပေါင်း (၃) ရက် ပြန်ဆိုရေးဖြေရပါမည်။

(၉) မဇ္ဈိမနိကာယ် သုံးကျမ်း အာဂုံပြန်ဆိုပွဲ၌ တကျမ်း (၃) ရက်စီ ပေါင်း (၉) ရက်၊ သဘောရေးဖြေပွဲ၌ တကျမ်း တရက်စီ၊ ပေါင်း (၃) ရက် ပြန်ဆိုရေးဖြေရပါမည်။

(၁၀) သံယုတ္တနိကာယ် ငါးကျမ်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် (၃) အုပ်ရှိရာ၊ တအုပ် (၃) ရက်စီ၊ ပေါင်း (၉) ရက်၊ သဘောရေးဖြေပွဲ၌ တအုပ် တရက်စီ၊ ပေါင်း (၃) ရက် ပြန်ဆိုရေးဖြေရပါမည်။

(၁၁) အင်္ဂုတ္တရနိကာယ် (၁၁)ကျမ်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် (၃) အုပ် ရှိရာ၊ တအုပ် (၃) ရက်စီ၊ ပေါင်း (၉) ရက်၊ သဘောရေးဖြေပွဲ၌ တအုပ် တရက်စီ၊ ပေါင်း (၃)ရက် ပြန်ဆိုရေးဖြေရပါမည်။

(၁၂) (က) ခုဒ္ဒကနိကာယ်ပဌမပိုင်း အာဂုံပြန်ဆိုပွဲ၌ စာအုပ်ငါးအုပ်ရှိရာ၊ တအုပ် (၃) ရက်စီ၊ ပေါင်း (၁၅) ရက်၊ သဘောရေးဖြေပွဲ၌ တအုပ် တရက်စီ၊ ပေါင်း (၅) ရက် ပြန်ဆိုရေးဖြေရပါမည်။

(ခ) ခုဒ္ဒကနိကာယ် ဒုတိယပိုင်း အာဂုံပြန်ဆိုပွဲ၌ စာအုပ် (၆) အုပ်ရှိရာ၊ တအုပ် (၃) ရက်စီ၊ ပေါင်း (၁၈) ရက်၊ သဘောရေးဖြေပွဲ၌ တအုပ် တရက်စီ ပေါင်း (၆) ရက် ပြန်ဆိုရေးဖြေရပါမည်။

## ပြဋ္ဌာန်းသောကျမ်းစာများ

(၁၃) ပြဋ္ဌာန်းသော ကျမ်းစာများမှာ ပိဋကတ်သုံးပုံ ပါဠိတော် သံဂါယနာ ကျမ်းပေါင်း (၅၄) ကျမ်း ဖြစ်ပါသည်။

(၁၄) ထိုကျမ်းတို့ကို ပိဋကတ်တော်အားဖြင့် (၃) ပုံ၊ အပိုင်းအားဖြင့် ဝိနည်းငါးကျမ်း တပိုင်း၊ အဘိဓမ္မာ (၇) ကျမ်းတွင် ပဌမပိုင်း၌ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု တပိုင်း၊ ဒုတိယပိုင်း၌ ယမိုက်၊ ပဋ္ဌာန်းတပိုင်း၊ ဒီဃနိကာယ် (၃)ကျမ်း တပိုင်း၊ အင်္ဂုတ္တရနိကာယ် (၁၁) ကျမ်း တပိုင်း၊ ခုဒ္ဒကနိကာယ် ကျမ်း (၂၀) တွင် ပဌမပိုင်း (၉) ကျမ်း (စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ နေတ္တိ၊ ပေဋကောပဒေသ၊ ဝိမာန၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ တပိုင်း။

ခုဒ္ဒကနိကာယ် ဒုတိယပိုင်း (၁၁) ကျမ်း (ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ၊ မိလိန္ဒပဉှာ၊ ထေရာအပဒါန၊ ထေရီအပဒါန၊ ဗုဒ္ဓဝံသ၊ စရိယာပိဋက၊ ပါဠိဇာတက)တပိုင်းအားဖြင့် ပိုင်းခြားထားပါသည်။

မှတ်ချက်။ ။သဘောရေးဖြေရာ၌ ပုစ္ဆာ စာရွက်တရွက်လျှင် ပျမ်းမျှအမှတ် (၁၀၀) ထားရှိလိမ့်မည်။ မေးခွန်းပုစ္ဆာထုတ်ရာ၌ ပါဠိတော်လာ အနက် အဓိပ္ပါယ် ခဲရာခဲဆစ် အဆုံးအဖြတ်နှင့်တကွ သက်ဆိုင်ရာ အဋ္ဌကထာဋီကာတို့ကိုသာ မေးမြန်းပါလိမ့်မည်။

## တိပိဋကဓရ ရွေးချယ်ပွဲကျင်းပရန် ကျေညာခြင်း

တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ အကျိုးဆောင် ပဌမကျော် ဦးကြီးဖေသည် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲ၏ စည်းမျဉ်းဥပဒေအရ၊ ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့တွင် ပဌမအကြိမ် စတင်ကျင်းပရန် သတ်မှတ်ဆုံးဖြတ်ကြသည့်အတိုင်း၊ ၁၃၁၀-ခုနှစ် ဝါဆိုလမှစ၍ သတင်းစာများမှ ကျေညာခဲ့ရာ လျှောက်လွှာပိတ်သည့်အထိ တိပိဋကဓရ ပြန်ဆိုရေးဖြေ လက်မှတ်ထိုးစာရင်းသွင်းသည့် ပုဂ္ဂိုလ်ပေါင်း ၁၄-ပါး ပေါ်ပေါက်ခဲ့သည်။

ဒသသာမိကေ ဝဿေ၊ တိသတေက သဟဿကေ။
တိပေဋကဓရေဥစ္စိ—နနုပရိက္ခဏာ သုတာ။
မြန်မာ့ရဋ္ဌေ ပါတုဘူတာ၊ ဒုလ္လဘာ သာဓုပတ္တိတာ။

## မဏ္ဍပ်ကနားများပြင်ဆင်ခြင်း

ရွေးချယ်ပွဲ ကျင်းပသည့်ရက်မတိုင်မီ ရန်ကုန်မြို့ သာသနာ့ရိပ်သာအတွင်း အထူးဆောက်လုပ်ထားသည့် ယာယီမဂ်လာမဏ္ဍပ်တော်ကြီးအတွင်း၌ ကနက္ကဒဏ် ထီးဖြူဘော်စသည်တို့ဖြင့် စိုက်ထူ တန်ဆာဆင်အပ်သော ဓမ္မာသနပလ္လင်တော်များ နာယက ဆရာတော်များနှင့် စာသောက် စာမ ဆရာတော်များ သိတင်းသုံးရန် ကုလားထိုင်ကြီးများ၊ စားပွဲကြီးများ၊ ပိဋကတ်တော်များ စသည့် ဓမ္မပူဇော်ပွဲကြီးအတွက် စာပြန်ပွဲ အဆောင်အယောင် ပရိဘောဂတို့ဖြင့် တင့်တယ်ခမ်းနား လှပသပ်ယပ်စွာ မွမ်းမံဆင်ယင်ထားကြကုန်၏။

မဏ္ဍပေသု ရုစိရမှိ၊ သောဘဏ္ဍတ္တာဒိမဏ္ဍိတာ။
ဓမ္မာသနာ သုပညတ္တာ၊ အထညာ ဝိဝိဓာပိ စ။

## မင်းခမ်းမင်းနားဖြင့် စတင်ဖွင့်လှစ်ခြင်း

သက္ကရာဇ် ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့ နံနက် ၇-နာရီအချိန် ရောက်သောအခါ နာယက ဆရာတော်ကြီးများ စာထောက်စာမ ဆရာတော်သံဃာတော်များ စာပြန် စာဖြေ အရှင်မြတ်များဘို့သည် သာသနာ့ရိပ်သာအတွင်းရှိ စံကျောင်းတော်ကြီးသို့ ပင့်ဆောင်ကြရောက် သိတင်းသုံးတော်မူနှင့်ကြကုန်၏။

နာယကာ ဝီမံသကာ စ၊ ထေရာ ဝိသဇ္ဇကာပိ စ။
မဏ္ဍပေ သန္နိသိန္နာ စ၊ သာသနဿ သိရိန္ဓရာ။

၇-နာရီခွဲအချိန်တွင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဆာဦးသွင်, နိုင်ငံတော်ဝန်ကြီးချုပ် စသော ညွှန့်ခံကော်မီတီ လူကြီးမင်းများ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ, သာသနာရေးအရာရှိ ကြီးငယ်များ, ဘာသာရေးအသင်းအဖွဲ့ ပေါင်းစုံ ကိုယ်စားလှယ် လူကြီးများအားလုံး စုံညီစွာ မင်္ဂလာမဏ္ဍပ်တော်ကြီး အတွင်းသို့ ရောက်ရှိကြကုန်၏။

ဆာဦးသွင် မဟာသေယော စ၊ အဂ္ဂမစ္စာဒိ ဇဟာဝေါ။
အတိသိ မနုဿာ သန္တာ၊ သမ္ပတ္တာ မဏ္ဍပေ သုဘေ။

၇-နာရီ ၄၅-မိနစ်အချိန်တွင် နိုင်ငံတော်သမ္မတကြီးနှင့် သမ္မတကတော်တို့သည် ရှေ့ဝင်း နောက်ဝင်း ကိုယ်ရံတော်များဖြင့် ခြံရံလျက် သာသနာ့ရိပ်သာ မင်္ဂလာမဟာမဏ္ဍပ်သို့ ကြွချီလာသောအခါ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် အစရှိသော ညွှန့်ခံကော်မီတီ လူကြီးမင်းများက မင်္ဂလာ မဟာမဏ္ဍပ်တော် မုခ်ဝမှ ခရီးဦးကြိုဆိုပြီးလျှင် သီးသန့်ပြင်ဆင်ထားသော သမ္မတကြီးနေရာသို့ ပို့ဆောင်ကြသည်။

ရဋ္ဌဿ အဂ္ဂဘူတံ ဟိ၊ သမ္ပတ္တံ ဇနသမ္မတံ။
ပစ္စုဂ္ဂမနံ အကံသု၊ အဂ္ဂမစ္စာဒိအာဒယော။

၈-နာရီတိတိ အချိန်တွင် စံကျောင်းတော်ကြီးမှ နာယက ဆရာတော်များ, ဝါသောက်စာချ ဆရာတော်များ, စာပြန်စာဖြေ သံဃာတော်များကို တိပိဋက ဓရ ရွေးချယ်ရေးအဖွဲ့ အကျိုးတော်ဆောင်က စံကျောင်းတော်မှ ကြိုဆို ပင့်ဆောင်လျက် မင်္ဂလာမဏ္ဍပ်တော်သို့ သေရ်ာဥ်ဝါလိုက် အစီအရီ ကြွချီ ဆိုက်ရောက်လာသောအခါ —

နိုင်ငံတော်သမ္မတကြီး, အဖွဲ့ဥက္ကဋ္ဌကြီး, နိုင်ငံတော်ဝန်ကြီးချုပ် အမှူးရှိသော ပရိသတ်တို့က သောင်းသောင်းဖျဖျ မတ်တတ်ရပ် လက်အုပ်ချီမိုး ရှိခိုးခရီးဦးကြို ဆိုကြလျက် သေရ်ာဥ်ဝါလိုက် အသီးသီးပြင်ဆင် ခင်းကျင်းထားအပ်သော မဟာရဟာ သံဃာစင်ထက်သို့ ပို့ဆောင်ကြပါသည်။

နမဿန္တာ နမဿန္တာ၊ မဟာသမ္မတအာဒယော။
အာနေတွာ နိသိဒါပေသုံ၊ သညာတေ မုနိပုင်္ဂဝေ။

၈-နာရီ မိနစ် ၅၀-အချိန်တွင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကြီး ဖွင့်လှစ်ရန် အချိန်တော်မင်္ဂလာ ကျရောက်ပြီဖြစ်ကြောင်း အခမ်းအနားမှူးက ကြေညာ လျှောက်ထား ပန်ကြားလိုက်သောအခါတွင် —

နိုင်ငံတော်သမ္မတကြီးက နာယက ဆရာတော်ဘုရားကြီးအား တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ဖွင့်လှစ်တော်မူပါမည့် အကြောင်း ပန်ကြား လျှောက်ထား ပြီး အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အောက်ပါ အစီအစဉ် များအတိုင်း ဆက်လက် ကျင်းပကြပါသည်။

၁။ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားထံမှ ငါးပါးသီလခံယူခြင်း၊

၂။ ပရိတ်တရားတော်မြတ် နာယူခြင်း၊

၃။ ဩဝါဒကထာနာယူခြင်း၊

၄။ ထုတိမင်္ဂလာ ဩဘာစာများဖြင့် လျှောက်ခြင်း၊

၅။ နိုင်ငံတော်သမ္မတကြီးက သာသနာပြုမိန့်ခွန်းများ လျှောက်ထားခြင်း၊

၆။ အဖွဲ့ဥက္ကဋ္ဌကြီးက ကျေးဇူးတင်စကား မိန့်ကြားခြင်း၊

၇။ ရေစက်သွန်းချ အမျှ ပေးဝေခြင်း—

များပြီးလျှင် ခေတ္တရပ်နား၍ သံဃာတော်များနှင့် ကြွရောက်လာကြကုန်သော ပရိသတ်အားလုံးတို့အား ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ စသည်တို့ဖြင့် ဧည့်ခံကြသည်။

## အာဂုံပြန်ဆိုပွဲကျင်းပပြီ

ထိုနေ့ နေ့လယ် ၁-နာရီ အချိန်တွင် ဆိုင်ရာပိဋကတော် အာဂုံ ပြန်ပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြန်ဆိုကြသည်။

ဓမ္မာရုံတော်ကြီးအတွင်း ကနက္ကဒဏ် ထီးဖြူတော် စိုက်ထူဆောင်းမိုးထား သော ဓမ္မာသန စာပြန်ပလ္လင်တော်များကို ပြန်ဆိုမည့်ကျမ်း ပြန်ဆိုမည့် အရှင်မြတ်၏ ဘွဲ့တော်, အသက်, သိက္ခာ ဝါတော်နှင့် ပလ္လင်နံပါတ် စသည်များ အစုံ အလင် တပ်ဆင်လျက်——

(၁) ဓမ္မာသန စာတော်ပြန်ပလ္လင်၏ရှေ့က စာထောက်နာယကဆရာတော် ၁-ပါး။

(၂) ပလ္လင်တော်၏ ဝဲယာ ၂-ဖက်မှ စာထောက်ဆရာတော် ၁-ပါးစီ။

(၃) ဝဲယာ စာထောက်ဆရာတော် ၂-ပါး၏ ရှေ့က ပိဋကတော် ကျမ်းစာတင် စားပွဲတခု။

(၄) စာထောက်နာယက ဆရာတော်၏ ဝဲဖက်နှင့် ပိဋက ကျမ်းစာတင် စားပွဲအကြား အနိမ့်တွင် စာထောက် စာမရေးမှတ်ရန် စာမှတ် ဇယားကိုင် ပါဠိဆရာ ၁-ယောက်စီ—

အားဖြင့် စာပြန်ပလ္လင်တော် တခုတခု၌ စာမထောက်နာယက ၁-ပါးနှင့် စာထောက်စာမ ၂-ပါး ပေါင်း ၃-ပါး ၃-ပါးစီနှင့် စာမှတ်ဆရာ ၁-ယောက် ၁-ယောက်စီ ခြံရံတော်မူလျက် အာဂုံပြန် အရှင်မြတ်က ထီးဖြူတော်အောက် မွေ့ာသန ပလ္လင်တော်ဝယ် တင့်တယ်စွာ စံပယ်တော်မူလျက် မိမိတို့ဆိုင်ရာ ပိဋကတ်တော်များကို သံဂါယနာ တင်စဉ်ကအတိုင်း "နမော တဿ" က စ၍ အသီးသီး ပြန်ဆိုတော်မူကြသည်။ ဤသို့ ဖော်ပြသည့် အစီအစဉ်အတိုင်း ပြန်ဆိုတော်မူကြကုန်၏။

ဇဝံ ဝိတ္ထာရဓေနေဝ၊ အာဂမဓရေသောဂတာ။
မုခပါဌေန ပဋ္ဌန္တိ၊ ဥဿဝေ သာခု ထောမိတေ။

**စာထောက်စာမ်နာယက, စာမှတ်ဆရာ, အကျိုးဆောင် ဥက္ကဋ္ဌတို့၏ လုပ်ငန်း**

ဖော်ပြပါအတိုင်း ပြန်ဆိုတော်မူကြရာတွင် အထစ်အငေါ့ အကျော်အလွှား အကျအပေါက် အမှားအမှန် အမြန်အနှေး အထောက်အမ ရ-မရ ပီ-မပီ ကြည်-မကြည်စသည်တို့ကို စာထောက်စာမ ဆရာတော်များ၏ ထောက်မှတ်ချက်အရ စာမှတ်ဆရာက ပုံစံဇယားကွက်တွင် ထောက်မှတ်ချက်နှင့် မှတ်ချက်အထူးများဟု ရေးမှတ်ရသည်။

ယင်း စာမှတ်ဆရာ ရေးမှတ်ချက်ဇယားကို နံနက်ပိုင်း, ညနေပိုင်း စာပြန်ချိန်ပြီးတိုင်း ပြီးတိုင်းတွင် စာထောက်စာမ နာယက ၃-ပါးနှင့် စာမှတ်ဆရာတို့က လက်မှတ်ရေးထိုးပြီး စာပြန်ပွဲ အကျိုးဆောင်လက်သို့ ပေးအပ်ကြရသည်။

၎င်း စာမှတ်ဇယားကို အကျိုးဆောင်နှင့် ဥက္ကဋ္ဌတို့က ကျမ်းအမည်, ဘွဲ့အမည်စသည် မှန်, မမှန် စစ်ဆေး၍ လက်မှတ်များရေးထိုးပြီး စာအိတ်ကြီးတွင် ထည့်သွင်း ချိပ်ပိတ်၍ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်လက်သို့ ဆပ်ကပ်ကြရသည်။

ဇဝံ ဝိမံသကာ နာဓ၊ ဂီဟိပဗ္ဗဇိတာ ကချံ။
သမ္ပတ္တံ သကိစ္စံ ယော၊ တိပေဋကဓရုဿဝေ။

**ကြပ်မကြည့်ရှု ပြန်ဆိုစေကြခြင်း**

(၁) ဖော်ပြခဲ့သောစာပြန်ပလ္လင်နှင့် စာထောက်စာမစာမှတ်အနေအထား ပုံစံအတိုင်း အသီးသီး ခြံရံတော်မူကြလျက် ပြန်ဆိုသမျှကို စာထောက်စာမ စာမှတ်တို့က ဆိုင်ရာပိဋကကျမ်းစာအုပ်ကို ကိုယ်စီကိုင်ဆောင်ကြ၍ တရွက်ချင်း, တမျက်နှာချင်း, တကြောင်းချင်း လုံးစေ့ပါဌ်စေ့ တိုက်ဆိုင်နာယူ ကြည့်ရှု

ကြလျက် ပြန်ဆိုသမျှ အထစ်အခငါ့, အကျော်အလွှား, အမှား အမှန်, အမြန် အနှေး, အထောက် အမ, ရ-မရ, ပီ-မပီ, ကြည်-မကြည်, စသည်တို့ကို စာမှတ် စာရေးက ဇယားတွင် မှတ်ချက်နှင့်တကွ ရေးမှတ်ခြင်း။

(၂) ဖော်ပြပါ စာထောက်စာမ စာမှတ်တို့၏ တာဝန်ကျေ မကျေ ဂရု-စိုက် မစိုက်ကို အထူးထောက်လှမ်း စစ်ဆေးရန် လျှို့ဝှက် စာကြပ်မှူးများ ဖြင့်လည်း အမှတ်မထင် ထပ်မံ ကြပ်မတ်ခြင်း။

(၃) ဥက္ကဋ္ဌ ကိုယ်တိုင် ကြွရောက်နာယူ ကြပ်မကြည့်ရှုခြင်း။

(၄) စာထောက် စာမ စာမှတ်များက စာပြန်ပုဂ္ဂိုလ်နှင့် ရင်းနှီး အကျွမ်း ဝင်ပြီး အဂတိလိုက်စားမှု မပေါ်ပေါက်စေရန် စာထောက် စာမ စာမှတ်များ ကို တနေရာတည်း အမြဲမထားစေပဲ ဘကျမ်းပြီးတကျမ်း ပြီးတိုင်း ပြီးတိုင်း စာပြန်ပလ္လင်တခုမှ အခြားစာပြန် ပလ္လင်တခုသို့ အလဲအလှယ် ပြောင်းရွှေ့ ထောက်မစေခြင်း စသည်ဖြင့် သေချာခိုင်လုံစွာ ကြပ်မတ် ကြည့်ရှု၍ ပြန်ဆိုစေ တော်မူကြသည်။

ဝေဠ္ဌိ သမ္ဗာလေတ္ဗာ၊ ပစ္စဝေက္ခိတ္ဗာန နေကဓာ။
မုခပါဠ္ဌ ကာရာပေန္တိ၊ သစ္စရေ သဏ္ဌိတာ ဇနာ။

## ပိဋကတော် ပြန်ဆိုချိန် နားချိန်

နံနက်ပိုင်းတွင် ၇-နာရီမှ ၇ နာရီ ၂၅-မိနစ်၊ ၁၀-မိနစ်နား။ ၇-နာရီ ၃၅-မိနစ် မှ ၉-နာရီ ၁၀-မိနစ်နား။ ၉-၁၀ မှ ၉-၃၅-မိနစ်နား။ ၉-၄၅-မိနစ်မှ ၁၀-နာရီ ၁၅-မိနစ် အထိ ပြန်ဆိုတော်မူကြရသည်။ ညနေပိုင်းတွင် နေ့လယ် ၁-နာရီမှ ၁-၂၅၊ ၁၀-မိနစ်နား။ ၁-၃၅ မှ ၂-နာရီ၊ ၁၀-မိနစ်နား။ ၂-၁၀-မှ ၂-၃၅၊ ၁၀-မိနစ်နား။ ၂-၃၅-မှ ၃-၁၁၊ ၁၀-မိနစ်နား။ ၃-၂၀-မှ ၃-၄၅-အထိ ပြန်ဆိုတော်မူ ကြရသည်။ ဖော်ပြပါ အချိန်ဇယားအတိုင်း အချိန်မှူးက ကြေးစည်ကြီးဖြင့် သံသာပင့် ၇-ချက်၊ စာပြန် ၄-ချက်၊ နားရန် ၂-ချက် နှေ့ဇဉ် အမြဲတမ်း အချိန် ကြားပေးရသည်။

ဇဝံ နိယမိတေ ကာလေ၊ ထေရာ တန္တိရော ယတိ။
ဝါစုဂ္ဂတံ သဇ္ဈာယန္တိ၊ ကာရိတေဟိ မဟုဿဝေ။

## အာဂုံပြန်ပွဲပြီး သဘောရေးဓမ္မပွဲကျင်းပ

ဖော်ပြခဲ့သည့်အတိုင်း အစနေ့နံနက်ပိုင်းတွင် အခမ်းအနား ဖွင့်လှစ်ခြင်း, ညှော်ခံ ကျွေးမွေးခြင်းစသည် ပြုကြပြီးနောက် ခေတ္တ အနားယူကြလျက်

နေ့လယ် ၁-နာရီမှစ၍ ညနေ ၄-နာရီထိ၊ နောက်ရက်များတွင် နေ့စဉ်နံနက် ၈-နာရီမှစ၍ နံနက် ၁၀-နာရီ ၁၅-မိနစ်အထိ တချိန်။ နေ့လယ် ၁-နာရီမှ ညနေ ၄-နာရီအထိ တချိန်အားဖြင့် နေ့စဉ် တနေ့နှစ်ကြိမ် နှစ်ကြိမ်ထား၍ ဆိုင်ရာပိဋကတော်များ၏ စာတကြောင်းပြီး တခကြောင်း၊ တမျက်နှာပြီး တမျက်နှာ၊ တရွက်ပြီး တရွက်၊ တရက်ပြီး တရက်၊ တခန်းပြီးတခန်း၊ တကျမ်း ပြီး တကျမ်း ဆက်ကာ ဆက်ကာ ပြန်ဆိုတော်မူကြရာ အာဂုံပြန်ရက် နားရက် အားဖြင့် စုစုပေါင်း ရက်ပေါင်း ၂၀-ကျော် တိုင်တိုင် ကျင်းပကြသည်။ ဖော်ပြပါအတိုင်း အာဂုံပြန်ပွဲ ကျင်းပပြီးနောက် ၂-ရက် အနားပေး၍ သဘောရေးဖြေပွဲကို တကျမ်းလျှင် ၁-ရက်စီဖြင့် ၅-ရက်တိုင်တိုင် ဆက်လက် ကျင်းပကြသည်။

မုခပါဠပရိက္ခာဟိ၊ သဘာဝ ပဋိက္ခာဟိ စ။
ဝေ ဧဝ ကာရယုပေသုံ၊ သဒ္ဓေ ရေ သက္ကိတာ ဇနာ။

## ပဌမအကြိမ် ရွေးချယ်ပွဲ တပါးမျှ မအောင်မြင်

ယင်းသို့ အာဂုံပြန်ဆိုပွဲ၊ သဘောရေး ဖြေပွဲအပြီးတွင် တိပိဋကဓရ ရွေးချယ်ပွဲ စည်းမျဉ်း ဥပဒေအရ စာစစ်အဖွဲ့မှ အထူးတိကျ မှန်ကန်စွာ စစ်ဆေး၍ အမှတ် ပေးကြသည်။ နောက်ဆုံးတွင် ထိုစာစစ် အဖွဲ့၏ အမှတ်ပေးချက်များကို နာယက အဖွဲ့နှင့် လူ အမှုဆောင်အဖွဲ့ နှစ်ဖွဲ့ပေါင်း ပူးတွဲစည်းဝေး အတည်ပြု၍ အောင်စာရင်းကို ကြေညာသည်။ တိပိဋကဓရရွေးချယ်ပွဲ အစစွာကျင်းပသော (၁၃၁၀-ခု) ပဌမနှစ်တွင် အရှင်မြတ် ၆-ပါး ဝင်ရောက် ဖြေဆိုတော်မူကြရာ အောင်ပုဂ္ဂိုလ်တပါးမျှ ပေါ်ပေါက်တော် မမူချေ။

ပဌမေ ရာဇကာရိတေ၊ တိပေဋကဓရေဿဝေ။
န အဟောသိ ကေကောပိ၊ ဇယော တန္တိဓရော ဟိ ခေါ်။

## ဝမ္မပူဇော်ပွဲ ကျင်းပလှူဒါန်း ချီးမြှောက်

ပဌမအကြိမ် ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြသော အရှင်မြတ်တို့သည် တိပိဋကဓရ ရွေးချယ်ပွဲ စည်းမျဉ်းဥပဒေအရ အောင်မှတ်ပြည့်စွာ မရကြ၍ မအောင်မြင်ကြသော်လည်း—

၁။ ပိဋကတော်များကို စွမ်းစွမ်းတမံ ကျက်အပြန်ဆိုခြင်းနှင့် အနက် အဓိပ္ပါယ် သဘောသကန် ဝိနိစ္ဆယတို့ကို လေ့လာ အားထုတ်တော် မူခြင်း။

၂။ ထိုအရှင်မြတ်တို့၏ သဒ္ဓါ,ဝီရိယ,သမာဓိ,ပညာဉာဏ် အထူးတို့ကို ချီးကျူးပူဇော်လိုခြင်း။

၃။ ပရိယတ္တိသာသနာတော်မြတ်ကြီးကိုး အနာဂတ်နှစ်များအတွက် စိတ်အားထက်သန်စွာ ပြန်ဆိုရေးဖြေ ပေါ်ပေါက်စေလိုခြင်းတို့ကြောင့် ၁၃၁၀-ခုနှစ် တပေါင်းလဆန်း ၁-ရက်နေ့တွင် ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ကြီးက ကြီးမှူး၍ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ ပေါင်းစုံတို့ကပါ တပါးလျှင် တထောင်ကျော်တန်စီ လှူဖွယ်ဝတ္ထု အမျိုးမျိုးတို့ဖြင့် ကြီးကျယ်ခမ်းနားစွာ ချီးကျူးပူဇော်ခဲ့ကုန်၏။

ပါဠကေ မုခပါဌေန၊ ဝိသဇ္ဇကေပိ ဘိက္ခဝေါ။
အဇ္ဇယဂ္ဂါဟကေ စာပိ၊ သပူဇံ ထောမနံ ကရုံ။

## ဒုတိယအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲ

ဒုတိယအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ၁၃၁၁ ခုနှစ် ပြာသိုလဆန်း ၇-ရက်နေ့မှစ၍ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မင်္ဂလာ မဏ္ဍပ်ကြီးတွင် ပဌမအကြိမ် ကျင်းပခဲ့သော အစီအစဉ်များကို မူတည်၍ ခမ်းနား သိုက်မြိုက်စွာ ကျင်းပကြသည်၊ ထို တိပိဋကဓရ ရွေးချယ်ပွဲသို့—

၁။ သုတ် ၃-ကျမ်း ပြန်ဆိုရန် ၁-ပါး။

၂။ ဝိနည်း ၅-ကျမ်း ပြန်ဆိုရန် ၃-ပါး။

၃။ အဘိဓမ္မာ အောက် ၅-ကျမ်း ပြန်ဆိုရန် ၁-ပါး[၁]—

အားဖြင့် ၅-ပါး ဝင်ရောက် ပြန်ဆိုတော်မူကြသည်၊ ယင်း ၅-ပါးအနက် နံပါတ်၅-မှ အရှင်ပညာသာရ တပါးတည်းသာ ဝိနည်းပါဠိတော် ၅-ကျမ်းလုံးကို နေ့စဉ် အထောက်အမကင်း၍ သန့်ရှင်းကြည်လင် ပြတ်သားစွာ ပြန်ဆိုတော်မူနိုင်သဖြင့်–

"ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ" ဟူသော ဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်တော်မူသည်။

ဒုတိယေ သမ္ဘာဒိတမှိ၊ တိပေဋကဓရေဿဝေ။
ပညာသာရော ပညာသာရော၊ ဝိသိဋ္ဌ ဝိနယဓရော။

---

၁။ အဘိဓမ္မာ ၇-ကျမ်းကို ၂-ပိုင်းခွဲ ပြန်ဆိုရန် သတ်မှတ်ထားရာ ပဌမပိုင်း ၅-ကျမ်းကို ဦးစွာပြန်ဆိုရသည်။ တိပိဋကဓရ ရွေးချယ်ပွဲ စည်းမျဉ်းဥပဒေ-ပြန်ကြည့်။

## ဝိသိဋ္ဌဝိနယဓရ ဆရာတော် အရှင်ပညာသာရ အတ္ထုပ္ပတ္တိအကျဉ်း

ပဉ္စမဆုံး ဝိနယဓရ ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသော ဆရာတော် အရှင်ပညာသာရ၏အဖြစ်တော်စဉ်အကျဉ်းကို ဤ၌ ကြည်ညိုနိုင်ကြရန် ဖော်ပြအပ်ပါသည်။

ဆရာတော် အရှင်ပညာသာရသည် သာယာဝတီခရိုင် သုံးဆယ်မြို့ သစ်ရာကုန်းရွာ၌ အဖ ဦးဖိုးဘ၊ အမိ ဒေါ်သိန်းရင်တို့မှ သက္ကရာဇ် ၁၂၇၅-ခုနှစ် သီတင်းကျွတ်လဆန်း ၉-ရက် ကြာသပတေးနေ့ နံနက် အာရုံတက်ချိန်တွင် ဖွားမြင်တော်မူသည်။

ကျောင်းသားအရွယ် သူငယ်ဘဝဖြင့် ပညာသင်ကြားခဲ့ရာ ၁၂-နှစ်သားအရွယ်တွင် ၆-တန်း အောင်မြင်ခဲ့သည်။ ၁၆-နှစ်သားအရွယ်တွင် သုံးဆယ်မြို့ မောင်းထောင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူသည်။

၁၃၁၄-ခုနှစ် တပေါင်းလပြည့်နေ့တွင် ရွှေကျင်ဂိုဏ်း၊ မဟာနာယက ရွှေဟင်္သာတောရ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘများနှင့် ဦးပွင့်ကောင်း၊ ဒေါ်ခင်နွဲ့ရီတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးမှ ဒုတိယအကြိမ် ကျင်းပသော ၁၃၁၁-ခုနှစ် တိပိဋကဓရ ရွေးချယ်ပွဲ ဝိနယပိဋကအတန်းကို ပြန်ဆိုတော်မူရာ စာမျက်နှာ ၁၉၈၇-ရှိ ဝိနည်းပါဠိတော် ၅-ကျမ်းလုံးကို အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုတော်မူနိုင်သဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရဟူသော ဘွဲ့ထူးကို ဆွတ်ခူးတော် မူခဲ့လေသည်။

အရှင်ပညာသာရမထေရ်ကား မြန်မာပြည် မြန်မာသာသနာ၌ ပဉ္စမဆုံး ဝိနယဓရပုဂ္ဂိုလ်ထူး ဖြစ်တော်မူပါသတည်း။

မြန်မာ့သင်္ခါတရဋ္ဌမှိ၊ ပဉ္စမော ဝိသိဋ္ဌော ဟိ ဓေါ။
အာသိ သော ဝိနယဓရော၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

## ချီးကျူးပူဇော်ပွဲ

ဤသို့ ဝိနည်း ၅-ကျမ်း (က)အပိုင်းဖြစ်သော အာဂုံပြန်ဆိုပွဲတွင် ကျမ်းစာ ၅-အုပ် စာမျက်နှာ ၁၉၈၇ ရှိ ဝိနည်း ၅ ကျမ်းလုံးကို ဂုဏ်ထူးဖြင့် ပြန်ဆိုအောင်မြင်တော်မူသော သာသနာ့အာဇာနည် အရှင်ပညာသာရအား ၁၃၁၁-ခုနှစ် တပေါင်းလဆန်း ၃-ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး၏ စံအိမ်တော် ဧည့်ခန်း၌ နိုင်ငံတော်သမ္မတကြီး အမှူးရှိသော နိုင်ငံတော်အစိုးရအဖွဲ့ ဝန်ကြီး

များနှင့် အရာထမ်းအမှုထမ်း အခပေါင်းတို့က မင်္ဂလာခမ်းမင်းနားဖြင့် ကြီးကျယ် ခမ်းနားစွာ ကျင်းပ၍–

၁။ ဗုဒ္ဓသာသနာနုဂ္ဂဟဝိသိဋ္ဌဝိနယဓရတံဆိပ်တော်၊

၂။ နိုင်ငံတော်အစိုးရတံဆိပ်နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်တံဆိပ် ခပ်နှိပ်ထားသော အောင်လက်မှတ်တော်၊

၃။ အနီရောင် အဦးဘပ် ကနုတ္တဒတ်သီးပြွေတော်ဘလက်တံဆိပ် ပါရှိသော အထက်ပိုင်း ထီးဖြူချက်၊ အောက်ခံဘွင် အဝါရောင်နှင့် အောက်ပိုင်း ထီးရိုးအောက်ဘွင် အဖြူရောင်ပါသော သာသနာ့ အောင်လံတော်၊

၄။ ရေကြောင်း ကုန်းကြောင်း ပဋမတန်းအခမဲ့ ခရီးသွားလက်မှတ်တော်၊

၅။ "ဝိသိဋ္ဌဝိနယဓရ"ဘွဲ့ပါရှိသော ဆင်စွယ်ယပ်ဝန်းတော်တို့ကို သမ္မတကြီးကိုယ်တိုင် ဆက်ကပ် လှူဒါန်းပူဇော်သည်။

သမ္မာအိမ်တော် ချီးကျူးပူဇော်ပွဲအပြီး နောက်တနေ့တွင် သာသနာ့ရိပ်သာ မင်္ဂလာ မဏ္ဍပ်တော်ကြီး၌ နိုင်ငံတော် ပြည်သူလူထုကိုယ်စား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက ကြီးမှူး၍ ရန်ကုန်မြို့ပေါ်ရှိ ဗုဒ္ဓဘာသာအသင်းအဖွဲ့ပေါင်းစုံတို့က စာမေးပွဲ အောင်လက်မှတ်တော်၊ လှူဒါန်းဖွယ်ရာ ပဒေသာ သီးမျိုးစုံတို့ဖြင့် ကြီးကျယ်စည်ကား ခမ်းနား သိုက်မြိုက်စွာ ချီးကျူးပူဇော်ကြကုန်၏။

ဒါတဗ္ဗကပ္ပရုက္ခေဟိ၊ ဝိသိဋ္ဌံ သာရသံယုတံ။
ပညာသာရံ သုပူဇေသုံ၊ သာရဂုဏေန သံယုတာ။

## အရှင် ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရပုဂ္ဂိုလ် ဖြစ်လုပ်ရန်ကြံစည်

အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့ အစဆုံး ကျင်းပသည့် တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနားအတွက် ပင့်သံသာ ၁၀၀-ကျော်တွင် ၁-ပါးအပါအဝင်ဖြစ်၍ သံဃာစင်၌ မိမိရောက်သော နေရာ၌ အသင့်ထိုင်လျက် ရှိတော်မူသည်။ နိုင်ငံတော်သမ္မတကြီး ကြွလာသောအခါ အခမ်းအနားမှူး ပဋမကျော် ဦးကြီးဖေက နိုင်ငံတော်သမ္မတကြီး ကြွလာကြောင်း ကျေညာလေပြီ။

နိုင်ငံတော်သမ္မတကြီး၏ မေဘာ်တော်ကားဆီသို့ အရှင်ဝိစိတ္တသာရာဘိဝံသ လှမ်းမျှော်ကြည့်လိုက်သောအခါ သမ္မတကြီးကား လေးနက်သော လက်အုပ်ကို ချီလျက် တိပိဋကဓရ ရွေးချယ်ပွဲ မဏ္ဍပ်အတွင်းသို့ ဝင်လာပြီး မိမိနေရာ၌ မချ

သောလက်အုပ်ဖြင့် ထိုင်နေသည်။ အရှင်ဝိစိတ္တသာရာဘိဝံသကား သမ္မတကြီး၏ လေးနက်သော လက်အုပ်ကို "ယခု သမ္မတကြီး လက်အုပ်ကား ပရိတ်တရားနာရန် ချီသော လက်အုပ်မဟုတ် ဘုရားမြတ်စွာ သာသနာတော်မှ တိပိဋကဓရ ပုဂ္ဂိုလ်ကို ရှာဖွေနေသော လက်အုပ်ဖြစ်သည်"ဟု ခံတွင်း၌ စဉ်းစားတော်မူပြီး "တိပိဋကဓရပုဂ္ဂိုလ်ကို ထုတ်ဖော်မပေးနိုင်သမျှ ငါတို့၏ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့၏ အပေါ်၌ လက်အုပ်ကြွေးတင် ရှိနေမည်၊ ထိုလက်အုပ်ကြွေးကို အသင်ဆပ်ရမည်"ဟု မိမိကိုယ်ကို ဆုံးမတော်မူသည်၊ သို့ရာတွင် မည်သူ့အားမျှ ဖွင့်ဟ၍ မပြောသေး။

တိပေဋကဓရော ယောတုံ၊ သော ဟိ ကတနိစ္ဆယော။
တထာပိ ကဿစိ ယေဝ၊ န ကထေတိ ကထံ ဝိဒူ။

## ပီတိသောမနဿကို အစားထိုးပေးမည်

တိပိဋကဓရ ရွေးချယ်ပွဲကြီးအပြီး နာယကဆရာတော်များအဖွဲ့က အောင်မြင်သူမရှိ(သုည)သာဖြစ်ကြောင်း ကျေညာလိုက်သောအခါ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၏ မျက်နှာကား မိမိ ပင်ပန်းကြီးစွာ အားထုတ်ပါလျက် (သုည)မျှ အကျိုးရသည်ကို မသက်သာသော အမူအရာကိုဆောင်လျက် ရှိသည်၊ အရှင်ဝိစိတ္တသာရာဘိဝံသကား မိမိ၏ ရဟန်းဒါယကာကြီး (လောကုတ္တရာ ခမည်းတော်ကြီး)၏ မျက်နှာကို ကြည့်၍ ဒါယကာကြီး ယခု စိတ်ဆင်းရဲသလောက် နောက်တချိန် ဤနေရာ၌ ပီတိသောမနဿကို အစားထိုးပေးမည်ဟု စိတ်ကို ထောက်တည်တော် မူခဲ့လေသည်။

ဒါနိမေ သာသနပိတာ၊ ဒေါမနဿေန သံယုတာ။
ပစ္ဆာ သောမနဿေန၊ သံယုတ္တော ဟိ ဘဝိဿတိ။
ဣတိ ဟိ အာဇညော ဓီရော၊ ဒဠှံ ခေါ ကတနိစ္ဆယော။

## အကြောင်းညီညွတ်လျှင် တိပိဋကဓရအဖြစ်ဖြင့် ကျေးဇူးဆပ်မည်

ထိုသည့် ၁၃၁၀-ခုနှစ် တပေါင်းလ တနေ့တွင် ဒေါ်မမ္မစာရီ, သူဌေးကြီး ဆာဦးသွင်-ဒေါ်ဒေါ်သိန်းတို့ ၃-ဦးသား အရှင်ဝိစိတ္တသာရာဘိဝံသ တည်းခိုရာ ရန်ကုန်မြို့ ကင်းဘဲလမ်း၊ အောင်မြေသုခကျောင်းသို့ လာ၍ တိပိဋကဓရ စာမေးပွဲကြီး၏ (သုည) အကြောင်းကို စကားစပ်မိ၍ ပြောဆိုကြသောအခါ အရှင်ဝိစိတ္တသာရာဘိဝံသသည် "သာသနာ့မယ်တော် လောကုတ္တရာခမည်းတော်, မယ်တော်တို့ ဦးပဉ္စင်းအား စောင့်ရှောက်ပြုစုခဲ့သည့်ကျေးဇူးများကို အနည်း

ဆုံး ဝိနယဓရအဖြစ်ဖြင့် ဆပ်ပါမည်၊ ကျန်းမာရေးပြည့်စုံ အကြောင်းညီညွတ်ပါက "တိပိဋကဓရ အဖြစ်ဖြင့် ဆပ်ပါမည်"ဟု ရဲရဲတောက် ဝန်ခံခဲ့လေသည်။

သမဝါယော ဟိ ဘဝေယျ၊ တိပေဋကဓရော ဟေဿံ။
ဣတိ ခေါ တိဏ္ဏန္နံ သော ဟိ၊ သုစိရပဋိညံ ကရိ။

မလုပ်မပြော လုပ်မှာဖြစ်၍ ပြောသည်

ဆရာတော်လောင်းလျာကား ထိပ်တန်း သာသနာ့အညွန့်အဖူး ပုဂ္ဂိုလ်ထူးဖြစ်သည်။

ယဉ္ဟိ ကယိရာ တဉ္ဟိ ဝဒေ၊ ယံ န ကယိရာ န တံ ဝဒေ။
အကရောန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ[၁]။

ယံ ဟိ၊ အကြင်အမှုကိုကား။ ကယိရာ၊ ပြုရာ၏။ တံ ဟိ၊ ထိုပြုမည့် အမှုကိုသာလျှင်။ ဝဒေ၊ ပြုမည်ဟု ပြောရာ၏။ ယံ၊ အကြင်အမှုကို။ န ကယိရာ၊ မပြုမလုပ်။ တံ၊ ထိုမပြုမည့်အမှုလုပ်ငန်းကို။ န ဝဒေ၊ ပြုမည် လုပ်မည်ဟု မပြောရာ။ အကရောန္တံ၊ မပြုလုပ်ပဲ။ ဘာသမာနံ၊ ပြုလုပ်မည်ဟု ပြောသူကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ပရိဇာနန္တိ၊ ခွဲခြား၍ သိကြကုန်၏။ မယုံကြည်ကြကုန်။

ဟူသည်နှင့်အညီ လုပ်မည့်အမှုကိုသာ လုပ်မည်ဟု ပြောဆိုဝန်ခံတော်မူသည်၊ မလုပ်မည်ကို မလုပ်ဟု ပြောဆိုမိန့်ကြားတော်မူသည်။ ယခုလည်း တိပိဋကဓရ ပြုလုပ်မည်ဖြစ်သဖြင့် အမှန်အတိုင်း ဝန်ခံတော်မူခြင်း ဖြစ်လေသည်။

ရှေးဦးစွာ ဝိနယလမ်းစဉ် ရှာဖော်မူပြီ

မိမိ၏ လောကုတ္တရာမိခင်, လောကုတ္တရာဖခင် မိခင် ၃-ဦးတို့အား ဝန်ခံစကား ပြောကြားတော်မူခဲ့သည့်အတိုင်း အရှင်ဝိစိတ္တသာရာဘိဝံသသည် ရှေးဦးမဆွ ဝိနယဓရ ဖြစ်ရေးကို တွေးကြံစဉ်းစားတော်မူသည်မှာ—

အမောင် ဝိစိတ္တသာရ၊ အသင်၏ ခန္ဓာကိုယ်ကား ကြံ့လိုလှသည်၊ အားထုတ်နိုင်ပါမည်လော၊ ဤကိစ္စကား ကာယဗလမပြခန်း၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-တည်းဟူသော ဗိုလ်ကြီးငါးပါး အားကြီး ၅-ပါး ပြခန်းသည်။ ထိုဗိုလ်ကြီး ၅-ပါး အားကြီး ၅-ပါး အသင့်မှာ အရှိသာ၊ပဲ လုပ်နိုင်သည်၊ အားထုတ်နိုင်သည်။

ပုရဿရံ[၂] ကရိတွာန၊ ပဉ္စဗလံ မဟာဝိဒူ။
ပဌမံ ဝိနယဓရ—ဘာဝံ ပတ္တုံ ဟိ နိစ္ဆယော။

---

၁။ ထေရ၊ ၂၂၆။ (မာကုလတ္ထေရဂါထာ)။

၂။ ပုရဿရံကား ပဏ္ဍိမံ, ပုရေစာရီတို့နှင့် ပရိယာယ်တူတည်း၊ ပဒတ္ထဘာဝိမာန် နိဿယသစ်ကြည့်။

ဒါဖြင့်ရင် ဤအလုပ်ကို အားထုတ်နေရင်း သေဖြစ်၍ ဘဝဇာတ်သိမ်းသွားရင်ကော ခံနိုင်ပါမည်လော၊ သံယုတ်ပါဠိတော်မှာ တရားအားထုတ်ရင်း ဇာတ်သိမ်းသွားသည့် ယမကာ နတ်သားဝတ္ထု အရှိသားပဲ။ ဤကိစ္စမျိုးကို အလုပ်ခွင်၌ ဘဝဇာတ်သိမ်းခြင်းဟု အဋ္ဌကထာဆရာတော်များကပင် ချီးကျူးခဲ့ပါသည်။ ဒါဖြင့်ရင် အသင်၏ကိုယ်ကို ဝိနည်းပိဋကနှင့် အပ်နှံနိုင်တယ်ပေါ့၊ အပ်နှံနိုင်ပါတယ် "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ"ဟု တရားကို စောင့်သူကို တရားက ပြန်၍ စောင့်ရှောက်ကြောင်း ဘုရားဟော အရှိသားပဲ။

ဒါဖြင့်ရင် "အသင်သည် ဝိနယဓရအလုပ်ကို အားထုတ်ကြိုးပမ်းပေတော့" ဟု မိမိကိုယ်ကို မိမိ မေးမြန်းဖြေဆိုးဖြတ်ချက် ချမှတ်ပြီး ဝိနယဓရလုပ်ငန်းလမ်းစဉ်ကို စဉ်းစားတော်မူလေပြီ။

အနုဗလံ ပဒတ္တာန၊ ကတ္တာ ပဠံ စ ဥတ္တရံ။
ဒဠှ သော နိစ္ဆယံကာသိ၊ ဟောတုံ ဝိနယဓရော သုဓီ။

## စဉ်းစားသော ဝိနယဓရလမ်းစဉ်

(၁) ဝိနည်းပိဋက ပါရာဇိကပါဠိတော်၌ ဝိနီတဝတ္ထု ဥဒါန်းဂါထာများကို နောက်ဆုံးထားရမည်ဖြစ်ပါလျက် ဝတ္ထုတို့၏ ရှေ့မှာထားခြင်းကား နောက်နောက်သော ပါဠိတော်ကြီး၌ ဥဒါန်းစဉ်ဂါထာကို ကျက်ပြီးမှ ဝတ္ထုစာသားကို ကျက်ဖို့ သံဂါယနာတင် ရဟန္တာသခင်ထေရ်အရှင်တို့ ထားတော်မူခဲ့သော ဥပဒေသဖြစ်သည်။

(၂) ဝတ္ထုကြောင်း တမျိုးပြောင်းလျှင် "တေန ခေါ ပန သမယေန" နှင့် ဝါကျစကား ချီတတ်သည်၊ သတိရှိပါ။

(၃) တေဒဝေါစနှင့် ဝေဒါဟ ဟောပုံမှာ နားထောင်သူ ကံဝိသေသ ထင်ရှားရာ၌ "တေဒဝေါစ" ဟောတတ်သည်၊ ထိုကံဝိသေသ မထင်ရှားရာ၌ "ဝေဒါဟ" ဟောတတ်သည်။

(၄) သိက္ခာပုဒ် ပညတ်ရာ၌ ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားသော နေရာမျိုး၌ကား "တေမတ္ထံ အာရောစေသုံ" ဟောတတ်သည်။

(၅) စာကျက်စကပင် သရုပ်ပြသောနေရာ၌ သရုပ်ပေါင်း မည်မျှ၊ ဝိသေသန များစွာလာသောနေရာ၌ ဝိသေသနပုဒ်ပေါင်း မည်မျှရှိသည်ကို အကျင့်ပါ အသားကျအောင် လက်ချိုးရေတွက်ရမည်။

(၆) ရပြီးသောစာကို ရွတ်ပြန်အံသောအခါ ငါဟာငါ ဟုတ်လှပြီဟု ထင်ပြီး တခေါက်ထဲ မပြန်နှင့်၊ ဘေးက စာထောက်တပါးပါး ထားပြီး စာပြန်လေ့ကျင့်

ပါ၊ မိမိတဦးတည်းပြန်က စာ ၁-ရွက် ၂-ရွက် ကျော်သွားသော်လည်း ကျော်မှန်းမသိ အမှန်ချည်း ထင်တတ်သည်၊ ကိုယ်အမှန်ကား ပွဲဝင်သော အမှန်မဟုတ်၊ စာအုပ်ထဲက အတိုင်း မှန်မှသာ အမှန်ဖြစ်သည်။

(၇) ပဋ္ဌမဝတ္ထုကြောင်းကို စိတ်ကူးနှင့်ဖတ်ပြီး စာအုပ်ကိုပိတ်၍ မိမိဘာသာ၌ ဝတ္ထုကြောင်းကို ဝါကျအစုံပေါ်အောင် စဉ်းစားပါ၊ မြန်မာလို ဝတ္ထုကြောင်း မှန်ကန်အောင် စဉ်းစားပြီးမှ ပါဠိတော်ကြီးကို ခက်လျှင် ခက်သလို လွယ်လျှင် လွယ်သလို ဝါကျတခုတခု စကားတရပ်တရပ် ကန့်သတ်၍ကျက်ပါ။

(၈) ၅-ခေါက်လောက် ကျက်မိလျှင် စာအုပ်ကို မပိတ်ပဲ မျက်စိမှိတ်၍ ပြန်စမ်းကြည့်ပါ၊ မရတတ်သေးလျှင် နောက်ထပ် ၅ ခေါက်လောက် ထပ်ကျက်ပါ၊ နှုတ်လွတ်ရလျှင် စာအုပ်ကိုပိတ်၍ အနည်းဆုံး ထိုစာပိုဒ် ဝါကျစုကို ၁၀-ခေါက် ဆိုပါ၊ ထိုနည်းကို အကျင့်လုပ်ပေးပါ။

(၉) နေ့စဉ်ပြန်သောအခါ၌လည်း မိမိရပြီးသော စာအုပ်တိုင်း နှံ့စပ်အောင် ပိုင်း၍ပိုင်း၍ ပြန်ပါ၊ ဥပမာ ဝိနယပိဋက ၃-အုပ် ရပြီဆိုပါစို့ စာပြန်ချိန် ၃-ချိန်ထား၍ တချိန်တွင် တအုပ်မှ နောက်တချိန်တွင် နောက်အုပ်မှ နောက်တချိန်တွင် နောက်တအုပ်မှ ပြီးသမျှပြန်ပါ။ ၃-အုပ်လုံး တပြိုင်တည်း ပြီးဆုံးပါစေ။

ဤနည်းဖြင့် မိမိဘာသာကို နေ့စဉ်ပင် စာအုပ်နှင့်အပြား အလွတ်၍ထားပါ။

(၁၀) အကယ်၍ စာကျက်စဉ်မှာ စာခက်၍ဖြစ်စေ ပင်ပန်း၍ဖြစ်စေ လျှော့လိုသောစိတ်များ ပေါ်ပေါက်လာပါက–

(က) အသင့်အဖို့ မြတ်စွာဘုရားက ဤဟရားများကို ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်၊ အသင်မသိသေးသည့်တရားကို အသင့်အား မြတ်စွာဘုရားက ဟောကြားခဲ့သည်မဟုတ်၊

(ခ) အသင်ကဲ့သို့သော ဘုရားသားတော် ဘုန်းကြီးက ဘုရား၏ စကားတော်အစဉ်ကို မဆောင်လျှင် အဘယ်သူ သူတပါး ပြင်ပက ဆောင်အံ့နည်း။ အသင်ရဲ့တာဝန်ကား ဝိမုတ္တိရသပုဒ်တိုင်းမှာ ပါရှိသည့် ချိုမြိန်လှသော မြတ်စွာဘုရား၏ စကားတော်ကို စောင့်ထိန်းရန်ဖြစ်သည်။

(ဂ) သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာ) မှာ သဲအိတ်ကိုပင် ရေ ဘတ်ပေါ်ဖို့၍ ပိဋကတော်များ မကွယ်မပျောက်အောင် စောင့်ရှောက်ခဲ့သော အသင့် နေ့ခင်တော်ကြီးများ၏ ထုံးကို နှလုံးပိုက်ပါက မိမိစိတ်ကို ဝီရိယ တိုးတက်အောင် အားပေးပါ။

ကဲဝိဋ္ဌက ၁၀ ...

ဤနည်းလမ်းဥပဒေသကို အရင်းတည် လိုက်နာ အားထုတ်ပါက မုချ "ဝိနယဓရ" ဖြစ်ရမည်ဟု ယုံကြည်စဉ်းစားမိလေသည်။ ယိုသို့ ယုံကြည်စဉ်းစားမိသောလမ်းစဉ် ၁၀-ချက်ကို အရင်းတည် လိုက်နာတော်မူ၍ အရှင်ဝိစိတ္တသာရာဘိဝံသသည် ဝိနယပိဋကကို ၁၃၁၁-ခုနှစ် ကဆုန်လမှစ၍ လေ့လာတော်မူခဲ့လေသည်။ ထိုနှစ် နတ်တော်လ၌ ကျင်းပသော တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ လေ့လာရန် နောက်ဆုံး ဝိနည်းကျမ်းစာအုပ်မှ ကာလစာမျှ စာကျန်နေသေးသဖြင့် ထိုနှစ် တိပိဋကဓရ စာမေးပွဲကြီးကို မဝင်နိုင်လိုက်ရချေ။

နယက္ကမဒဒကမ္ပိ၊ အာဒိယိဘ္ဘာ မဟာမတိ။
ဝီရိယံ ပုဗ္ဗင်္ဂမံ ကတွာ၊ အာရဘိ ဝိနယံ သုဓီ။

## သက္ကရာဇ် ၁၃၁၂-ခု၊ နတ်တော်လ ဓနုရာသီ

၁၃၁၂-ခုနှစ် နတ်တော်လ ဓနုရာသီကား အခြားနှစ် နတ်တော်လများနှင့်မတူပဲ ထူးကဲလှသည်၊ ထူးခြားလှသည်။ ဂိဿဝိနယဓရ ပုဂ္ဂိုလ်ထူး ရွေးချယ်ဖို့ စတင်ပရိကမ်စီမံသည့်လ ဖြစ်သည်၊ အောက်မြန်မာနိုင်ငံ ရန်ကုန်နေပြည်တော်၌ကား အလွန်လဲ မချမ်းလှ မအေးလှ နေသိုင်လို့ကောင်းရုံ အနေအထားတွင်ရှိ၏။ "ဂမုန်းပင်နှင့် သဇင်ပွဲတော် လနတ်တော်" ဟူသည်နှင့်အညီ ဂမုန်းပန်းတွေ့ သဇင်ပန်းတွေ ဝေဝေဆာဆာ ပွင့်ရာလဲဖြစ်၏။ လွတ်လပ်ရေးရပြီး ဤသည့် ၁၃၁၂-ခုနှစ်မှစ၍ ကျမ်းတတ်အကျော်အမော် ဆရာတော်ကြီးများ မြန်မာနိုင်ငံအစိုးရတို့ စတင်၍ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ သို့ဖြစ်၍ နှစ်အနေနှင့်လဲ ထူးကဲသည်။

သံဝစ္ဆရောပိ မာသောပိ၊ ဝိသိဋ္ဌော သိရိသံယုတော။
တသ္မိံ ဟိ သိရိသံယုတ္တေ၊ သိရိမာ ဟိ ဘဝိဿတိ။

## တတိယအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီး

တတိယအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ရန်ကုန်မြို့ ကုက္ကိုင်းဟာမစ်တိတ်လမ်း သာသနာ့ရိပ်သာ မင်္ဂလာဖကျောင်းတော်ကြီး၌ ၁၃၁၂-ခုနှစ် နတ်တော်လဆုတ် ၇ ရက် တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ကျင်းပလေရာ ရန်ကုန်မြို့ပေါ်ရှိ ဘာသာရေး အသင်းအဖွဲ့ဝင်များ ခေါင်းဆောင် ဥပါသကာ၊ ဥပါသိကာများနှင့် အစိုးရပိုင်းမှ အရာရှိ ကြီးငယ်များ သူဌေး၊ ကုန်သည် ဥပါသကာ၊ ဥပါသိကာ များစွာတို့သည် နံနက်ပိုင်း ၇ နာရီခလောက်ကပင် အစုံအညီရောက်ရှိ

နေကြလေရာ မင်္ဂလာစည်တော်ကြီး၏ မြည်ဟည်းသံဖြင့် အားရရွှင်လန်း ဝမ်းမြောက်နေကြသည်၊ ပီတိစိမ့်နေကြသည်။

တာဟိ တာဟိ သမိတီဟိ၊ သမ္ပတ္တာ ဆာဝေါ ဇနာ။
ဘေရိနာဒ သုဏန္တာဝ၊ တဒါ ဟိ သမ္ပမောဒိသုံ။

၇-နာရီ ၃၅-မိနစ် အချိန်ခန့်တွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး, သာသနာရေးဝန်ကြီးနှင့်ဇနီး, ဘဏ္ဍာရေးဝန်ကြီးနှင့်ဇနီးတို့ ရောက်ရှိလာကြလေ၏။ ၇-နာရီ မိနစ် ၄၀-အချိန်တွင်မူ နိုင်ငံတော်သမ္မတကြီးနှင့် သမ္မတကတော်တို့ အခြံအရံနှင့် ကြွရောက်ကာ ဧည့်ခံကော်မတီများ, ဝိသာခါ အမျိုးသမီးများက ဖော်ပြပါ နိုင်ငံအကြီးအကဲ ပုဂ္ဂိုလ်များကို ခရီးဦးကြိုပြုကြလေသည်။

အဂ္ဂမဟာ အမစ္စော ပိ၊ မဟာမစ္စာဒယော ဇနာ။
ရဋ္ဌဿ သမ္မတော စာပိ၊ သမ္ပတ္တာ အစုနာ ဟိ ခေါ။

၇-နာရီ ၄၅-မိနစ် အချိန်တွင် ဆရာတော် သံဃာတော်များကို စံကျောင်းတော်မှ မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်လျက် ၈-နာရီတိတိ အချိန်တွင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲ အကျိုးတော်ဆောင် ပဋ္ဌမကျော် ဦးကြီးဖော အခမ်းအနား ဖွင့်တော့မည်ဖြစ်ကြောင်း ကျေညာကာ အစီအစဉ်ကို ဖတ်ကြားလေသည်။ ထို့နောက် အစီအစဉ်အတိုင်း ဧည့်ခံကော်မတီအဖွဲ့ ဥက္ကဋ္ဌ အတွင်းဝန်ဟောင်း ဦးအောင်သန်းက ပရိသတ်များအား နှုတ်ခွန်းဆက်စကားပြောကြား၍ သာသနာရေးအရာရှိ ဓမ္မာစရိယ ဦးခင်မောင်လင်းက မင်္ဂလာအခမ်းအနား ဖွင့်ပါရန် နိုင်ငံတော်သမ္မတကြီးအား အောက်ပါ ကေပိုဒ်ရတုဖြင့် လျှောက်ထားပန်သည်။

## မင်္ဂလာ အခါတော်ကြား ကေပိုဒ်ရတု

လွှမ်းလော့ဇမ္ဗူ၊ ကျော်သံအူမျှ၊ စိုက်ထူမော်ကွန်း၊ လျှောက်ကာညွှန်းပိမ့်၊ ရွှေနန်းနိဗ္ဗူ၊ စံတော်မူသည့်၊ သုံးလူ့ မြတ်စွာ၊ မြိုက်မွှောကား၊ ကွက္ကဝါပေါင်း၊ တိုက်တသောင်းဝယ်၊ အပေါင်းဝေနေ၊ ကျွတ်ဆုချွေ၍၊ ဗိုလ်ခေျတသိန်း၊ ကုဋေထိန်းလျက်၊ ဖြည့်ကိန်းသင်္ချေ၊ ချင့်တွက်ရေမှ၊ ဋ္ဌနြေိရင့်သန်၊ ကျွတ်ဆုပန်သား၊ ကြွင်းကျန်အများ၊ သောင်းထိုက်သားကို၊ တရားမြိုက်ရေ၊ သောက်ချိုးစေဟု၊ သုံးထွေသာသနာ၊ ထားခဲ့မှာတည်း၊ သုံးဖြာပိဋကတ်၊ ပရိယတ်ကို၊ ရှင်မြတ်နိဗ္ဗာန်၊ စံလွန်ပြီးနောက်၊ ငါးတန်မြောက်လျှင်၊ နှုတ်လျှောက်ပေတင်၊ ရွှေမင်ကျောက်ရေး၊ တင်စစ်ဆေးက၊ ညစ်ကြေးမတင်၊ သန့်ရှင်းစင်ခဲ့၊ ထေရ်ရှင်ရဟန္တာ၊ ပေါင်းများစွာတို့၊ နှုတ်လာအာဂုံ၊ ငုံပြီးတုံမှ၊ ခေါင်းစုံညီညာ၊ ရွတ်ဆိုကာဖြင့်၊ သင်္ဂါယနာ၊ တင်ခဲ့သာတည်း၊ ရဇာ

မင်းမြတ်၊ လောကနတ်တို့၊ ပူအပ်တံတွာ၊ ထုံးစဉ်လာကြောင့်၊ ပမာရေမြင့်၊ ရွှေကြာဘင့်သို့၊ ရှင်ပင့်သာသနာ၊ ကြုံမြဲသာတည်း၊ မိစ္ဆာရောင်ဝန်း၊ တဖြစ်ထွန်းသော်၊ နေဝန်းပမာ၊ သာသနာကို၊ ဒါယကာမင်း၊ မိစ္ဆာခွင်း၍၊ ထွန်းလင်းစေမူ၊ ပြုမည်မြဲစွာ၊ ဓမ္မတာတည်း၊ မိစ္ဆာရောင်စစ်၊ ပါပခေတ်ကား၊ စင်စစ်မလွဲ၊ ပျက်မြဲမှန်စွာ၊ ဓမ္မတာတည်း၊ သဒ္ဓါခွန်ရွှေမိုး၊ သွန်ပြည့်ဖြိုးသည့်၊ ထန်ခိုးပေါ်ထင်၊ ဆားဦးသွင်နှင့်၊ သင်းဝင်မတ်များ၊ အမျူးထား၍၊ မြတ်ဖျားသာသနာ၊ မွန်ရှည်ကြာဖို့၊ သာသနာနုဂ္ဂဟာ၊ အသင်း၏၊ တိပိဋက၊ ဓရခေါ်တွင်၊ စာသဘင်ကို၊ နွယ်ဝင်အရဟန်၊ သခင်မှန်တို့၊ တံခွန်စိုက်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ၊ ခပဲနတ်လူ၊ ထက်မိုးဆူသား၊ ဘူသိခရာ၊ နန်းရိပ်သာတွင်၊ သင်္ဂါယနာ၊ ဆဋ္ဌမကို၊ မျှော်တချိန်ခါ၊ ဒါယကာတို့၊ ညီညာစေသောင်းဖြ၊ စုပေါင်းကြသား၊ မြန်မာ့တိုင်းကြီး၊ ခရိုင်ထီးသို့၊ ပြည်ကြီးမဏ္ဍိုင်၊ ဦးစီးကိုင်ဟု၊ ပြည်ပိုင်စိုးရ၊ သမ္မာအား၊ အေးမြသံသာ၊ တောင်းနိုက်ကာဖြင့်၊ ဖွင့်ပါစေကြောင်း၊ ပန်ထွာပြောင်းသည်၊ တခေသာင်းဇမ္ဗူ၊ လွှမ်းဆူမြေမိုး ဘဝဂ်သော်ဘ။

ဝံ ဦးခင်မောင်လင်း ဝှယော၊ ကဝိ သပ္ပုရိသော သုဓီ၊
အာယာစိ ဝိဝရိတုံ ဟိ၊ သမ္မတံ ဥဿာဝံ သုဘံ။

## နိုင်ငံတော်သမ္မတကြီး သံဃာတော်လျှောက်ကြား အခမ်းအနားဖွင့်ခြင်း

သာသနာရေးအရာရှိ မေ့ာ်စရိယ ဦးခင်မောင်လင်းက ကေပိုဒ်လင်္ကာဖြင့် တောင်းပန်သဖြင့် နိုင်ငံတော်သမ္မတကြီးသည် အောက်ဖော်ပြပါစကားရပ်ဖြင့် ဆရာတော် သံဃာတော်များအား လျှောက်ထား၍ တတိယအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနားကို ဖွင့်လှစ်လိုက်လေသည်။

## နိုင်ငံတော်သမ္မတကြီး၏ သံဃာတော်အား လျှောက်ထားလွှာ

ရှိသေလေးမြတ်စွာ လျှောက်ထားပါသည်ဘုရား၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက နှစ်စဉ်ပြုလုပ်အပ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီးသို့ ကြွရောက် ချီးမြှင့်တော်မူကြသော ဆရာတော် သံဃာတော်များကို ဖူးမြင်ရခြင်းမှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသဖြင့် အလွန်ဝမ်းမြောက်ပါသည်ဘုရား။

ကြွရောက် ချီးမြှောက်တော်မူကြသော လူကြီးမင်း အပေါင်းတို့နှင့် တကွ ဝမ်းမြောက်ဖမ်းသာ ကုသိုလ်ကောင်းမှုကို ပြုစု ပျိုးထောင်ရသည်မှာလည်း ကောင်းမြတ်သော ကျက်သရေမင်္ဂလာကြီး ဖြစ်ပါသည်ဘုရား၊ အခမ်းအနား

၁။ (၁၀၁-၀၁) ၁၁ လုံး ကာသာဂတိဂတ်ဆံချ။

ကြီးကျယ်စွာ ပရိယတ္တိသာသနာကြီးကို ချီးမြှောက်သော အနေဖြင့် စာမေးပွဲကြီးတို့ကို ကျင်းပပြုလုပ်လာခဲ့သည်မှာ အင်းဝခေတ် သာလွန်မင်းတရားလက်ထက် နှစ်ပေါင်း ၃၀၀-ကျော်သောက်ကစ၍ ဖြစ်ပါသည်ဘုရား။

ကုန်းဘောင်ခေတ် သာသနာ့ဒါယကာ ဓမ္မရာဇ်မင်းများလက်ထက်တော်ကလည်း ပဋ္ဌမပြန် စာမေးပွဲကြီးတို့ကို ကျင်းပပြုလုပ်လာခဲ့ရာ မင်းအဆက်ဆက်တိုင်းသူပြည်သား အဆက်ဆက်တို့ နှစ်စဉ်မပြတ် အားထုတ်ဆောင်ရွက်ခဲ့ကြသဖြင့် ယခုနှစ်တိုင်အောင်ပင် ထင်ရှားရှိပါသည်ဘုရား။ နှစ်ပေါင်း သုံးရာကျော်လောက်အတွင်း ကျင်းပပြုလုပ်ခဲ့သော စာမေးပွဲကြီးတို့အနက် တိပိဋကဓရ ရွေးချယ်ပွဲကြီးမှာ ပိဋကတ်သုံးပုံကို အာဂုံပြန်ဆိုခြင်း, သဘောရေးဖြေခြင်း နှစ်မျိုး ကျင်းပပြုလုပ်ခြင်းဖြစ်၍ ဂုဏ်အလွန်မြင့်မားသော ဘယ်သူမျှ မပြန်ဆိုနိုင်ကြသော အဆင့်အတန်းအမြင့်ဆုံး စာမေးပွဲကြီးဟု ယူဆပါသည်ဘုရား။

အဆင့်အတန်းမြင့်မားစွာ ပြုလုပ်ကြခြင်းမှာလည်း ပရိယတ္တိသာသနာတော်ကြီးပွါးကြောင်း ကောင်းမြတ်သော လုပ်ငန်းဖြစ်ပါသည်ဘုရား။ အခြေခံဖြစ်သော ပရိယတ္တိသာသနာတော် ကြီးပွါးလာပါလျှင် ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာတို့လည်း ကြီးပွါးမြဲဖြစ်ပါသည်ဘုရား။ အထူး လျှောက်ထားလိုသည်မှာ သာသနာတော်သုံးရပ် ကြီးပွါးအောင် ဆရာတော် သံဃာတော်များနှင့် တပည့်တော်တို့ လူဒါယကာများ တညီတညွတ်တည်း အမြဲတမ်း သတိပြုကာ အသီးသီးခွဲဝေ၍ ကျေပွန်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်ဘုရား။

သို့အတွက် အခြေအမြစ်ဖြစ်သော ပရိယတ္တိသာသနာတော်ကြီး ကြီးပွါးထွန်းကား၍ နှစ်ပေါင်းများစွာတည်တံ့ခိုင်မြဲရေးကိုမျှော်တွေးကာ ဆရာတော်သံဃာတော်များထံ ခွင့်ပန်လျှောက်ထားပြီးလျှင် သုံးကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေး အခမ်းအနားကြီးကို ဖွင့်လှစ်ပါပြီဘုရား။

နာယကော မြန်မာရဋ္ဌဿ၊ ဩမ္မာတာပိ သင်္ဃာတိမာ။
ယထာဝုတ္တာယ ကထာယ၊ ဝိဝရိ ဥဿဝံ ဝိဒ္ဒါ။

နိုင်ငံတော်သမ္မတကြီး အခမ်းအနားကို ဖွင့်လှစ်ပြီးသောအခါ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးက အောက်ပါ ဩဝါဒ မိန့်ခွန်းတော်စကားကို မြွက်ကြားတော်မူသည်[၁]။

---

၁။ ထိုစဉ်က နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်မှာ နေ့ဘ်မံကျောင်းကြီးဆရာတော် အရှင်ဉာဏဖြစ်၍ ဒုတိယ ဥက္ကဋ္ဌဆရာတော်မှာ ဘုရားကြီးတိုက်ဆရာတော် အရှင်ကောဏ္ဍညဖြစ်သည်။

## တိပိဋကဓရရွေးချယ်ရေးအဖွဲ့ခွဲနာယကအဖွဲ့
## ဥက္ကဋ္ဌဆရာတော်၏ ဩဝါဒမိန့်ခွန်းတော်

(၁) ဆရာတော်များ တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ကြီးကို ဆောင်ရွက်လာခဲ့သည်မှာ ယခုအကြိမ်နှင့် သုံးကြိမ်ရှိပါပြီ။ သာသနာ့ရေး သာသနာ့မှုကိစ္စဖြစ်ပေါ်လာက ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ သံဃာတော်တို့ပင် အပေါ်ထုတ္တကကြောင့်ကြမဲ့ နေတော်မမူပဲ ရှက်ဆောင်တော်မူကြသော ထုံးရှိပါသည်။ ဆရာတော်တို့လည်း အရိယာ သံဃာတော်တို့၏ အနွယ်အဆက်ဖြစ်၍ အရိယာသံဃာတော်ထုံးကို နှလုံးသွင်းကာ နောင်လာနောက်သားတို့ အတုယူမှု ဒိဋ္ဌာနုဂတိဖြစ်အောင် ကြိုးစားဆောင်ရွက်ကြခြင်း ဖြစ်ပေသည်။

(၂) ရွေးချယ်ပွဲ၌ ပြဓာန်းသော ကျမ်းများလည်း ဝိမုတ္တိရသအားဖြင့် ၁ ပါး၊ ဓမ္မဝိနယအားဖြင့် ၂ ပါး၊ ပိဋကအားဖြင့် ၃ ပါး၊ နိကာယ်အားဖြင့် ၅ ပါး၊ အင်္ဂါအားဖြင့် ၉ ပါး၊ စာအုပ် အရေအတွက် အားဖြင့် ၃၈ အုပ်[၁]။ ကျမ်းစာအရေအတွက်အားဖြင့် ၅၄ ကျမ်း၊ ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ (ရှစ်သောင်းလေးထောင်)ဖြစ်ပေသည်။

(၃) ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်တို့ဘွင် ဓမ္မက္ခန္ဓာ တပါးတပါးမှာလည်း လေးသခေျနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှ ရအပ်သော သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်တို့ ဟောတော်မူအပ်သော တရားတော်ဖြစ်၍ လေးအသင်္ချေနှင့် ကမ္ဘာတသိန်း တန်ဘိုးရှိသဖြင့် ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင်ကို တန်ဖိုးထားပါလျှင် မရေမတွက်နိုင်အောင် အဘိုးထိုက်တန်ကြောင်း ထင်ရှားပေသည်။

(၄) ရွေးချယ်ပွဲ အာဇာနည်တို့လည်း ပဌမအကြိမ်တွင် အောင်မြင်သူ မရှိသော်လည်း ဒုတိယအကြိမ်တွင် ရဲရဲတောက် အာဇာနည်ပုဂ္ဂိုလ်တပါး ပေါ်ထွက်လာသဖြင့် တိုးတက်လာကြောင်း ထင်ရှားပေသည်။ ယခုအကြိမ်တွင်လည်း အာဇာနည် ပုဂ္ဂိုလ်များ ပေါ်ထွက်လိမ့်မည်ဟု မျှော်လင့်ပေသည်။

(၅) ဒါယကာများဘက်ကလည်း စေတနာ, သဒ္ဓါတရား တိုးပွါးထက်သန်ကြလျက် လှူဒါန်းသူ အားပေးချီးမြှောက်သူ တနှစ်ထက်တနှစ် ပေါများလာသည်ကို တွေ့မြင်ရသဖြင့် ဆရာတော်တို့ အလွန်ဝမ်းမြောက်ပေသည်။

(၆) သို့အတွက် ရွေးချယ်ပွဲ ကြီးကြပ်သော ဆရာတော်များ စာထောက်စာမ ဆရာတော်များနှင့် ရွေးချယ်ပွဲဝင် အာဇာနည် များသည် သာသနာ

---

၁။ ယခု ဆဋ္ဌစာတော်မူမှာ အုပ်ရေ ၄၀-ဖြစ်၏။

တော်ကြီး၏ အကျိုးစီးပွါး၊ ကမ္ဘာသူ ကမ္ဘာသား လူအများ၏ အကျိုးစီးပွါးများရာများကြောင်း ကောင်းမြတ်သော ဖယောနိသော မနသိကာရဖြင့် မိမိတို့အပေါ် ကျရောက်သော လုပ်ငန်းတာဝန်ကို တရားသဖြင့် ရွက်ဆောင် အားထုတ်ကြရမည်။

(၇) ပြည်ပိုင် အစိုးရမင်းတို့ကလည်း တိုင်းသူ ပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ သနားငဲ့ညှာလျက် မင်းကျင့်တရား ၁၀-ပါး, အပရိဟာနိယတရား ၇-ပါး၊ သင်္ဂဟတရား ၄-ပါးတို့နှင့် ညီညွတ်၍ တရားသဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရမည်။ သာသနာတော်ထမ်း ရဟန်း အပေါင်း တို့ကလည်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်နှင့် ညီညွတ်အောင် ကျင့်ကြံ အားထုတ်ကြရမည်။ ပြည်ပိုင်အစိုးရမင်းနှင့်တကွ ရဟန်းရှင်လူ ပြည်သူပြည်သားတို့ တရားစောင့်ပါလျှင် တိုင်းပြည်ကြီး အမြဲငြိမ်းချမ်းသာယာလျက် သာသနာတော်ကြီး ကြီးပွါးထွန်းကား၍ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို ရရှိခံစားကြရမည့် အကြောင်း ကောင်းမြတ်သောဆန္ဒဖြင့် ဩဝါဒစကား မိန့်ကြားအပ်ပါသတည်း။။

သဗ္ဗာယ နာယကော စာပိ၊ ထေရော ထိရေသု သဏ္ဌိတော။
ဝတ္တာယိ ဩဝါဒံ သော ဟိ၊ သဗ္ဗာယံ သဏ္ဌိတံ ဇနံ။

ဥက္ကဋ္ဌဆရာတော် မိန့်ခွန်းမြွက်ကြားတော်မူပြီးနောက် သုဓမ္မဝတီ ဦးပန်းမောင်က ပလ္လင်တော်များကို အဘိသိက်သွန်းလျက်, အာယုဗ္ဗေဒ ဆေးဆရာကြီး ဦးစံဘင်က ပိဋကပြန်ဆိုတော်မူကြမည့်ပုဂ္ဂိုလ်များကို ဓမ္မာသနပလ္လင်တော်သို့ ကြွရောက် သီတင်းသုံးတော် မူကြပါရန် အဘိယာစန ဂါထာတော်ဖြင့် ပင့်လျှောက်လေသည်။ ၎င်းနောက် ရေကြည်တော်ဦးလှစိန်က မင်္ဂလာသြဘာစာဖတ်ကြား၍ ဒဂုံပ ဦးဘတင်က မင်္ဂလာ ရတုပိုဒ်စုံ ကျူးရင့် သီဆိုကာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ ဆာဦးသွင်က အောက်ဖော်ပြပါ ကျေးဇူးတင်စကား ပြောကြားလေသည်။

ယနေ့ပွဲကြီးက တတိယအကြိမ်မြောက် တိပိဋကဓရ ရွေးချယ် ပွဲကြီးဖြစ်ပါတယ်။ ပဌမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ၁၃၁၀-ခု တပို့တွဲလဆန်း(၆)ရက်နေ့ စတင်ပြုလုပ်ခဲ့ပါတယ်။ ဒုတိယအကြိမ် ပွဲကြီးကို ၁၃၁၁-ခု ပြာသိုလဆန်း(၇)ရက်နေ့ စတင်ပြုလုပ်ခဲ့ပါတယ်။ ပဌမအကြိမ် ပွဲကြီးမှာ ဝင်ရောက် ပြန်ဆိုသူ အာဇာနည် ပုဂ္ဂိုလ် (၆) ပါး ပေါ်ပေါက် လာသော်လည်း စည်းမျဉ်းဥပဒေအရ အောင်မြင်သော ပုဂ္ဂိုလ်ထူး မပေါ်ပေါက်ခဲ့ပါ။

ဒုတိယအကြိမ်မှာ ဝင်ရောက်ပြန်ဆိုသူ အာဇာနည်ပုဂ္ဂိုလ် (၅) ပါး ပေါ်ပေါက်ခဲ့ပါတယ်။ ၎င်း(၅)ပါးထဲက ဦးပညာသာရ ပုဂ္ဂိုလ်တပါး အာဂုံပြန်ဆို

ပွဲမှာ အဆောက်အအုံမရှိ၊ အမှားအယွင်းမရှိ၊ အထစ်အဖုမရှိ၊ စင်စင် ကြယ်ကြယ် အာဂုံပြန်ဆိုနိုင်ပြီးလျှင် (ဝိသိဋ္ဌ) ဆိုတဲ့ ဂုဏ်ထူးနှင့် အောင်မြင်သဖြင့် အာဇာနည် ပုဂ္ဂိုလ်ထူးတပါး ထူးခြားစွာ ပေါ်ထွက်ခဲ့ပါတယ်။

ယခု တတိယအကြိမ်မှာလဲ သုံးနှစ်တိုင်တိုင် အလေ့အလာရှိသဖြင့် အောင်မြင်သော အာဇာနည် ပုဂ္ဂိုလ်ထူးများ ပေါ်ထွက်လိမ့်မည်ဟု ယုံကြည်အားကိုးပါတယ်၊ အချို့က တိပိဋကဓရ ရွေးချယ်ပွဲကြီးဟာ စရိတ်ကုန် ခံသလောက် အကျိုးမရှိဘူးဟု ပြောဆိုဝေဖန်ကြပါတယ်။ အနည်းငယ်ရှင်းလင်းလိုပါတယ်၊ ပဌမအကြိမ်မှာ အစဖြစ်၍ အောင်မြင်သူ မပေါ်ပေါက်သေးသော်လည်း ဒုတိယအကြိမ် အောင်မြင်သူ ပေါ်ပေါက်လာခြင်းမှာ တဖြည်းဖြည်း တိုးတက်လာကြောင်း ထင်ရှားပါတယ်၊ သည့်တွင်မကသေးဘူး တိပိဋကဓရ ရွေးချယ်ပွဲကြီးပေါ်လာ ကဘည်းက ပိဋကတ်သုံးပုံကို လေ့လာကျက်မှတ်သူ အာဂုံဆောင်သူတွေ တနေ့တခြား ပေါမျ ားတိုးတက်လာခြင်းမှာ အဘင်ဆရှားဖြစ်ပါတယ်။

တိပိဋကဓရ ရွေးချယ်ပွဲကြီးကို စတင်ပြုလုပ်ခြင်းမှာလဲ ပရိယတ္တိသာသနာတော်ကြီး တနေ့တခြား ကြီးပွါးတိုးတက် လာအောင် ပရိယတ္တိသာသနာတော်ကြီး ကြီးပွါးတိုးတက်လာက ပဋိပတ္တိ သာသနာတော်ကြီး ကြီးပွါးတိုးတက်လာအောင် ပဋိပတ္တိသာသနာတော်ကြီး ကြီးပွါးတိုးတက်လာက မဂ်, ဖိုလ်, နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓသာသနာတော်ကြီး မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံသူတွေ ပေါများတိုဘက်လာအောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။

ပြုလုပ်ရမှာလဲ ပရိယတ်အရာ ကျွမ်းကျင်လိမ္မာတဲ့ ရဟန်းပညာရှိ လူပညာရှိ ပုဂ္ဂိုလ်တို့နှင့် တိုင်ပင်ဆွေးနွေးကာ စည်းကမ်းတကျ သေသေဝပ်ဝပ်ပြုလုပ်ခြင်းဖြစ်ပါတယ်။ မဂ်,ဖိုလ်,နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓသာသနာတော်ကြီးကို ရရှိခံစားမှုဟာလဲ အကျင့်ပဋိပတ်မှန်ကန်မှုပေါ်မှာ အခြေတည်ပါတယ်၊ အကျင့်ပဋိပတ်မှန်ကန်မှုမှာလဲ ပရိယတ်အပေါ်မှာ အခြေတည်ပါတယ်။ အဲဒီတော့ ပရိယတ်ပျောက်ကွယ်သွားလျှင် ပဋိပတ် ပျောက်ကွယ်သွားပါလိမ့်မယ်၊ ပဋိပတ်ပျောက်ကွယ်သွားလျှင် ပဋိဝေဓ ပျောက်ကွယ်သွားပါလိမ့်မယ်။ သို့အတွက် အခြေခံဖြစ်တဲ့ ပရိယတ်ကို အားပေးရခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်ပြောလိုတာက ကြွရောက်လာကြတဲ့ ဆရာတော်သံဃာတော်များကို ဖူးမြင်ရ၍ရှင်း၊ နိုင်ငံတော်သမ္မတကြီး အမှူးရှိတဲ့ ဒါယကာ ဒါယိကာမများကို တွေ့ဆုံရ၍ရှင်း အလွန် ဝမ်းမြောက်ပါတယ်။ ပရိယတ္တိသာသနာတော်ကြီးကို ချီးမြှောက်ရာတွင် အားလုံးစိတ်တူကိုယ်မျှဖြစ်ကြ၍ ဝိုင်းဝန်းပြီး အားပေးကြသည်ကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။

တိပိဋကဓရ ရွေးချယ်ပွဲကြီးအတွက် ဆွမ်း၊ ကွမ်း လက်ဖက်ရည် မုန့်ခဲဖွယ် ဘောဇဉ်မှစ၍ ကူညီလှူဒါန်းရန် တာဝန်ယူကြသော ဒါယကာ ဒါယိကာမ များနှင့် ဝေယျာဝစ္စကြီးငယ်ကို မလစ်ဟင်းရအောင် လုပ်ကိုင်ဆောင်ရွက်ကြသော ဒါယကာ၊ ဒါယိကာမများကို အလွန်ကျေးဇူးတင်ပါတယ်။ နှစ်စဉ်နှစ်တိုင်း အတူတကွ ကုသိုလ်ပါဝင်ကြလျက် အသီးသီးတာဝန်ယူကာ လှူဒါန်းနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့ပါတယ်။

သမိတိယာ ပဓာနေ့ာပိ၊ ဥက္ကဋ္ဌော ကတညူ သုခီ။
ကတဝေဒီ သန္ဒိပနိ၊ ကထံ ပါတ္တယိ ဟိ ခေါ။

ယင်းသို့ ဥက္ကဋ္ဌကြီးဆရာဦးသွင် ကျေးဇူးတင်စကား ပြောကြားပြီးလျှင် အခမ်းအနားပွဲကြီးကို ရုပ်သိမ်းသည်၊ အခမ်းအနားအပြီးတွင် မင်္ဂလာစည်တော် ရွှမ်းလျက် ကြွရောက်လာကြသော ပရိသတ်တို့အား မုန့်မျိုးစုံဖြင့် ညှော်ကျွေး မွေးလေသည်။

## နေ့ဆွမ်း ဆက်ကပ် ကျွေးမွေးခြင်း

နာယကဆရာတော် ဘုရားကြီးများ၊ စာထောက်စာမ ဆရာတော်များ, လူဆရာများ, ဝေယျာဝစ္စ ဆောင်ရွက်ကြသူများအား သတိုးသိရီ သုဓမ္မ ဆရာဦးသွင်က ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ်ကျွေးမွေး ညှော်ခံသည်။

တပေါ်ဓနေ ဂဟဋ္ဌေ စ၊ ဘောဇေတွာ ဥက္ကဋ္ဌော သုခီ။
အတိထိကမ္မံ ကာရေတွာ၊ သဗ္ဗံ ဇဂဝတ္တံ ကရီ။

## စာတော်ပြန်ပွဲ ဆင်နွှဲချိန်

နေ့လယ် ၁-နာရီ[၁] စာတော်ပြန်ချိန် မတိုင်မီ မိနစ် ၃၀-အလိုတွင် နာယက ဆရာတော်များ, စာထောက်စာမ ဆရာတော်များနှင့် လူဆရာများအားလုံး စုဝေးကြ၍ ဘုရားကြီးဆရာတော် အရှင်ကောဏ္ဍညက နာယက ဆရာတော် ဘုရားကြီး၏ ကိုယ်စား ရဟန်း ပရိသတ် လူပရိသတ် အစုံအညီ ရှေ့မှောက် တွင် စာတော်ပြန် စည်းကမ်းကောက်နုတ်ချက်ကို ဖတ်ပြရှင်းလင်းတော်မူ၍ ထိုစည်းကမ်းချက်အရ လိုက်နာဆောင်ရွက်ကြရန် သတိပေး မိန့်ကြားတော်မူပြီး နောက် နေ့လယ် ၁-နာရီ ထိုးသောအခါ စာတော်ပြန်ပွဲကြီး စတင်ကျင်းပလေ တော့သည်။

တသ္မိံ ဟိ ဒိဝသေ ကေ- ဃဋိကာသမယေ သုဘေ။
မုခပါဌေန ဘာသန-ဥဿဝံ အာရဘိ ဟိ ဝေ။

---

၁။ ၁၃၁၂-ခုနှစ် နတ်တော်လဆုတ် ၇-ရက်နေ့ နေ့လယ် ၁-နာရီ။

## စာတော်ပြန် သံဃာတော်ငါးပါး

ထိုနေ့တွင် စာတော်ပြန်ပွဲ အစအဦးဆုံး နေ့ဖြစ်၍ ပါရာဇိက ပါဠိတော်ကြီးကို စတင်ပြန်ဆိုကြလေရာ စာတော်ပြန် သံဃာတော် ၅-ပါး ရှိလေသည်။ ၎င်း စာတော်ပြန်သံဃာတော် ၅-ပါးမှာ —

ခုံအမှတ် (၁) အရှင်ကသျပာဏ ဝါးခယ်မ၊

(၂) အရှင်သာဂရ ကျိုက်ထိုမြို့၊

(၃) အရှင်ကောဝိဒ သာသနဝိပုလာရာမတိုက် ပခုက္ကူမြို့၊

(၄) အရှင်ဝိစိတ္တသာရာဘိဝံသ ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း စစ်ကိုင်းမြို့၊

(၅) အရှင်နန္ဒဝံသ ညောင်ပင်ဆိပ် မော်လမြိုင်တို့ဖြစ် ကုန်၏။

## စာတော်ပြန်ပွဲကြီးကို ဆက်လက်ကျင်းပခြင်း

နတ်တော်လဆုတ် ၈-ရက်နေ့တွင်လည်း ပဌမနေ့ကကဲ့သို့ပင် နာယက ဆရာတော်များ, စာထောက်စာမ ဆရာတော်များ, လူဆရာများ အစုံအညီ ရောက်ရှိကြပြီးနောက် စာတော်ပြန်ပွဲကို သတ်မှတ်ထားသော နံနက် ၈-နာရီ အချိန်တွင် စတင်ကျင်းပရာ စာတော်ပြန် ခုံအမှတ် ၅-မှ အရှင်နန္ဒဝံသသည် မကျန်းမမာသဖြင့် ဆက်လက် မပြန်ဆိုနိုင်တော့ကြောင်း နာယကဆရာတော် ကြီး အထံ လျှောက်လှာပို့ဆက်သည်၊ နတ်တော်လဆုတ် ၉-ရက်နေ့တွင်လည်း ရှေ့နေ့များအတူ ဆက်လက်ကျင်းပသည်၊ ပါရာဇိက ပါဠိတော်ကြီး ပြီးဆုံးသည်၊ ၁၃၁၂-ခုနှစ် နတ်တော်လဆုတ် ၁၀၊ ၁၁-ရက်နေ့များ၌ စာတော်ပြန်ပွဲကို ရပ်နားသည်။

နတ်တော်လဆုတ် ၁၂-ရက် နေ့မှစ၍ ပါစိတ္တိယ ပါဠိတော်ကြီးကို ဆက်လက် ပြန်ဆိုတော်မူကြသည်၊ နတ်တော်လဆုတ် ၁၄-ရက်နေ့တွင် ပါစိတ္တိယ ပါဠိတော် ကြီး ပြန်ဆိုပြီးဆုံးသည်။ ပြာသိုလဆန်း ၁-ရက်နေ့ စာတော်ပြန်ပွဲကြီးကို ရပ်နားသည်၊ ပြာသိုလဆန်း ၂-ရက်နေ့တွင် မဟာဝဂ္ဂပါဠိတော်ကြီးကို ဆက်လက် ပြန်ဆိုတော်မူသည်၊ စာဖြေခုံအမှတ် (၃)မှ အရှင်ကောဝိဒသည် သေနာရောဂါ ထ၍ ဆက်လက် မပြန်နိုင်တော့ပဲ ရပ်နားတော်မူသည်၊ ပြာသိုလဆန်း ၃-ရက် ၄-ရက် နေ့များတွင်လည်း ဆက်လက်ကျင်းပရာ မဟာဝဂ္ဂပါဠိတော်ကြီး ပြီးဆုံး သည်၊ ပြာသိုလဆန်း ၄-ရက်နေ့တွင် စာတော်ပြန်ပွဲ အနားပေးသည်။

ပြာသိုလဆန်း ၆-ရက်, ၇-ရက်, ၈-ရက် နေ့များတွင် စူဠဝဂ္ဂပါဠိတော်ကြီးကို ဆက်လက်ပြန်ဆိုရာ ၈-ရက်နေ့တွင် စူဠဝဂ္ဂပါဠိတော်ကြီး ပြီးဆုံးလေသည်၊ ပြာသိုလဆုတ် ၉-ရက်နေ့ အနားယူကာ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂-ရက်နေ့များတွင် ပရိဝါရ ပါဠိတော်ကြီးကို ဆက်လက်ပြန်ဆိုတော်မူကြရာ ထိုသည့် ပြာသိုလဆုတ် ၁၂-ရက်နေ့ ညနေ ၄-နာရီ အချိန်တွင် အာဂုံပြန်ဆိုပွဲ ပြီးဆုံးလေသည်။

ဣမိနာ နိဟာရေနေဝ၊ မုခပါဠေန ပဋ္ဌိသုံ။
မူနိကုဋ္ဌရ စဏ္ဍသာ၊ ဋ္ဌိတိယာ အာဇညာ ဝိဒူ။

## ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များစွာ ရောက်ရှိအားပေး ချီးကျူးစာများ ရေးသား ချီးကျူးကြ

၁၃၁၂-ခုနှစ် နတ်တော်လဆုတ် ၈-ရက်နေ့ နေ့လယ်ပိုင်း စာတော်ပြန် စချိန်တွင် ဟင်္သာတမြို့ သပြေပင်ကျောင်းတိုက် ဆရာတော် ကြွရောက်တော်မူကာ အရှင်ဝိစိတ္တသာရာဘိဝံသ ပြန်ဆိုသည်ကို စာနာကြည်ညို၍ အောက်ပါ ချီးကျူးလွှာကို ရေးသားချီးမြှင့်တော်မူသည်။

"ပဌမ သံဃာဒိသေသ, ဒုတိယသံဃာဒိသေသ သိက္ခာပုဒ်တို့ကို ပြန်ဆိုသည်ကို နားထောင်ရာ အထစ်အငေါ့မရှိ ပြေပြစ်ချောမောစွာ ပြန်ဆိုနိုင်သည့်အတွက် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုပါကြောင်း"။

(ပုံ) ဦးသောဘန၊
သပြေပင်ကျောင်းတိုက်၊
ဟင်္သာတမြို့။

ပုဇွန်တောင် ညောင်ကုန်းကျောင်းတိုက် သာသနာ့လင်္ကာရ ဆရာတော်၊ ဓားပိန်းမြို့ ဇီးဖြူကုန်းကျောင်းတိုက် ဆရာတော်တို့လည်း ကြွရောက်ကြည်ညို ချီးကျူးတော်မူကြသည်။ မန္တလေးမြို့ မစိုးရိမ်ဆရာတော်၊ အဖျောက်ဆရာတော်ဘုရားကြီးတို့ ကြွရောက်တော်မူလာကြ၍ စာနာကြည်ညိုတော်မူကြကာ အရှင်ဝိစိတ္တသာရာဘိဝံသပြန်ဆိုပုံကို ကျေနပ်နှစ်သက် အားရတော်မူကြသည့်အတွက် ရှင်းလင်း ပြတ်သားစွာ သာယာနာပျော်ဖွယ်ရှိအောင် ပြန်ဆိုနိုင်ကြောင်း ထောက်ခံ ချီးကျူးလွှာများ ရေးသားချီးမြှင့်တော်မူခဲ့ကြသည်။

ရင်းပြင် နိုင်ငံတော် ဩဝါဒါစရိယ လေဆာ ဆရာတော် ဘုရားကြီးလည်း နောက်ပါပစ္စာသမဏများနှင့် ကြွရောက်တော် မူလာကာ စာနာ ကြည်ညို၍

နှစ်သက် အားရတော်မူသဖြင့် အောက်ပါ ချီးကျူးလွှာကို ရေးသား ချီးမြှင့်တော်မူသည်။

"တနာရီမျှ နာယူရာ အထစ်အဖုမရှိ ချောချောမောမောရှိ၍ ဝမ်းမြောက်စွာ ထောက်ခံပါကြောင်း"။

(ပုံ) ဦးဓမ္မိက အဂ္ဂမဟာပဏ္ဍိတ၊
နိုင်ငံတော် ဩဝါဒါစရိယ၊ လေသာဆရာတော်။

နတ်တော်လဆုတ် ၉ ရက်နေ့ကလည်း ပဲခူးမြို့မှ ဆရာတော် ဦးပညာသာမိ ကြွလာကြည့်ညို၍ ချီးကျူးစကား မိန့်ကြားတော်မူသည်။ ၎င်းပြင် အနောက်ပိန္နဲကုန်း ဆရာတော်, ဗဟန်း ဝေဠုဝန် ဆရာတော်, ကျောင်းသစ် ဆရာတော်, ဓမ္မသုခ ဆရာတော်, သရက်တောတိုက် တောင်ဘီလူးကျောင်း ဆရာတော်တို့ ကြွရောက်တော်မူကြ၍ စာနာ ကြည့်ညိုတော်မူကြသဖြင့် အောက်ပါ ချီးကျူးလွှာကို ရေးသားချီးမြှင့်တော် မူခဲ့ကြသည်။

"ခုံအမှတ် ၄-ရှိ စာပြန်(အရှင် ဝိစိတ္တသာရာဘိဝံသ) ပုဂ္ဂိုလ်သည် ပါရာဇိကဏ် ပါဠိတော်ကို ပြန်ဆိုရာ ပြန်ဆိုသမျှ အစမှအဆုံးတိုင်အောင် စာထောက်စာမ ပုဂ္ဂိုလ်များအား ကျေနပ် ကြည်ညိုနိုင်အောင် ကောင်းစွာ ပြန်ဆိုနိုင်ပေသည်"။

(ပုံ) ဦးဇာဂရ အနောက် ပိန္နဲကုန်းဆရာတော်၊
(ပုံ) ဦးခေမာစာရ ဗဟန်း ဝေဠုဝန်ဆရာတော်၊
(ပုံ) ဦးပညာ ဗဟန်းကျောင်းသစ် ဆရာတော်၊
(ပုံ) ဦးဥက္ကတ္ထမာလာ တောင်ဘီလူး ဆရာတော်။

ပြာသိုလဆန်း ၂-ရက်နေ့တွင် ဇရပ်လှ မြလေးရုံ ဆရာတော်, ယုန်သလင်း ဆရာတော်, ဟသ်ာတ သနပြပင်ဆရာတော်, ဘုရားကုန်း ဆရာတော်တို့ ကြွရောက် စာနာ ကြည့်ညိုချီးကျူးတော် မူကြသည်။

ပြာသိုလဆန်း ၂-ရက်နေ့တွင် ခနေပြုမြို့ သဒ္ဓမ္မဇောတိကာရာမတိုက် ဆရာတော်ဘုရားကြီး ကြွလာကာ စာနာကြည့်ညို၍ အောက်ပါ ချီးကျူးလွှာကို ချီးမြှင့်တော်မူသည်။

"ခုံနံပါတ် (၄) (အရှင်ဝိစိတ္တသာရာဘိဝံသ) ပုဂ္ဂိုလ်သည် သန့်ရှင်းသာယာ သိသာနာဖွယ် ပြင်ဝယ်မထွက် တခဲနက်ခသာ အသံဖြင့် မြင်းကောင်းနှင့် ဆက်ဲ့သို့ ကျွင်လည်ပြတ်သားစွာ အထစ်အငေါ့မရှိ ပြန်ဆိုနိုင်သည်ကို ကြားနာ

ရ၍ အလွန်ဝမ်းမြောက် သာဓု သာဓု အခါခါ ကောင်းချီးနှမော် ခေါ်ထိုက်ပါ သတည်း။

(ပုံ) ဦးဂုဏဝံသ၊

သဒ္ဓမ္မဇောတိကာရာမတိုက်၊

ဓနုဖြူမြို့၊ ၁၃၁၂-ခု၊ ပြာသိုလဆန်း ၂ ရက်။

ပြာသိုလဆန်း ၁၀-ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မဟာဝိနာယက ဆရာတော်ဘုရားကြီး အရှင်နန္ဒဝံသ မဟာထေရ် ကြွကာ စာနာ ကြည့်ညိုပြီး အောက်ပါ ချီးကျူးလွှာကို ရေးသားတော်မူခဲ့သည်။

"စာပြန်သည့် ခုံနံပါတ် (၄) အရှင် ဝိစိတ္တသာရာဘိဝံသသည် မှန်မှန်ကန်ကန် ပြတ်ပြတ်သားသား ပြန်ဆိုနိုင်သူဖြစ်၍ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ဖြစ်လေသည်။

(ပုံ) ပခုက္ကူမဟာဝိသုတာရာမတိုက် ဆရာတော် ဦးနန္ဒဝံသ၊

ရန်ကုန်မြို့ ၁၃၁၂-ခု၊ ပြာသိုလဆန်း ၁၀-ရက်နေ့။

ဇွင်းပြင် နိုင်ငံတော် သမ္မတကြီးနှင့် သမ္မတကတော်၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ကတော် စသူတို့လည်း ရံခါလာရောက် ကြည့်ညိုနာယူ ဝမ်းမြောက်ချီးကျူး ကြကုန်၏။ တိုးတက်ရေး ဦးစိန်၊ ဦးဘထွန်း၊ ဦးဘတင်၊ ဦးလှစိန်တို့လည်း တနေ့တွင် လာရောက် နာယူကြပြီး အောက်ပါလွှာကို ရေးသားခဲ့ကြကုန်၏။

"၃-နာရီ ၂၅-မိနစ်ကစ၍ နားထောင်ရန် ချိန်းဆိုထားသော နာရီ ၄-နာရီ မစေ့မီ ၆-မိနစ်အလိုတွင် မထင်မငေါ့ ပြန်ဆိုသည်ကို တွေ့ရပါ၍ တပည့်တော် များ အံ့သြ၍မဆုံး ရှိပါသည်ဘုရား"။

ပုံ/မောင်စိန် တိုးတက်ရေး သတင်းစာတိုက်၊

ပုံ/မောင်ဘတင် ချုပ်သင်း သူဌေး၊

ပုံ/ဦးဘထွန်း ၃၁-ဘုန်းကြီးလမ်း၊

ပုံ/မောင်လှစိန် ဂျီ၊ အီး၊ စီ။

ဤသို့ဖြင့် အရှင်ဝိစိတ္တ၏ စာပြန်ပုံကို ရင်သပ်ရှုမော အံ့သြကြကုန်၏။

ဝေ ဟိ ဓေထရထေရိန္ဒာ၊ နိကာယေ ကဝိကေသရာ။

ကောမေသံ ဝိစိတ္တံ စိတ္တံ၊ စိတ္တေပေဠကဘာဏကံ။

## သဘော ရေးဖြေပွဲကြီး

သက္ကရာဇ် ၁၃၁၂-ခုနှစ် ပြာသိုလဆန်း ၁၄-ရက်နေ့တွင် သဘော ရေးဖြေပွဲကြီးကို စတင် ကျင်းပရာ နာယက ဆရာတော် ဘုရားကြီးများနှင့် စာထောက် စာမ ဆရာတော်များ အားလုံးပင် ကြွရောက်တော် မူကြသည်။

နေ့လယ် ၁ နာရီ မထိုးမီအချိန်တွင် လျှို့ဝှက် စခန်းမှ ချိပ်တံဆိပ် ပိတ်ထားသော ပုစ္ဆာအထုပ်ကို ဥက္ကဋ္ဌကြီးကိုယ်စား ဆရာကြီး ဦးစံဘင့်က ယူဆောင်၍ နာယက ဆရာတော်များထံ ဆက်ကပ်ရာ နာယက ဆရာတော်များကိုယ်တိုင် စစ်ဆေးတော်မူပြီးနောက် အထုပ်ကို ဖြေပြီးလျှင် ရေးဖြေပွဲကြီးကို ၁-နာရီ ထိုးသည်နှင့် တပြိုင်နက် ကျင်းပလေသည်။

ဤသို့ ဝိနည်း ၅-ကျမ်းလုံးကို တနေ့လျှင် တကျမ်းကျ ၅-ရက်တိုင်တိုင် ကျင်းပရာ ပြာသိုလဆုတ် ၃-ရက်နေ့တွင် ရေးဖြေစာမေးပွဲကြီး ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်လေသည်။

ပဉ္စာဟိ ဒိဝသေဟေဝ၊ ပရိက္ခဏာသဘာ ကချ်။
နာယကာ နယကောဝိဒါ၊ တိပေဋကဝိသာရဒါ။

## ပုစ္ဆာများစစ်ဆေးခြင်း

၎င်းနေ့ ညနေ၌ပင် ရေးဖြေပွဲသို့ ဝင်ရောက်ဖြေဆိုတော်မူကြသော ဝိနယဓရသာသနာ့အာဇာနည်လောင်းလျာ အရှင်မြတ်တို့၏ ပုစ္ဆာအဖြေလွှာများကို အပြီးတိုင် စစ်ဆေး အမှတ်ပေး၍ ပြီးဆုံးသော်လည်း ၎င်းနေ့တွင် အောင်အမှတ်ဇယားကို မကျေညာပဲ နောက်တနေ့ နေ့လယ် ၃-နာရီ အချိန်တွင် အောက်ဖော်ပြပါအတိုင်း အောင်မှတ် ဇယားစာရွက် ထုတ်ပြန်ကျေညာ ထွက်ပေါ်လာလေသည်။



ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ ဘွဲ့ရစဉ်က
ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသပုံ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲမှ
ကျင်းပအပ်သော တတိယအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင်
ဝိနည်းငါးကျမ်း သဘောရေးဖြေပွဲအတွက်

**အောင်မှတ် ဇယားပုံစံ**

| ဦးရေ | ခုံ အမှတ် | ဘွဲ့တော် | အသက် | သိက္ခာ | ကျောင်းတိုက်နှင့် နေရပ် | ပါရာဇိက | ပါစိတ် | မဟာဝါ | စူဠဝါ | ပရိဝါ | အမှတ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၄ | အရှင်ဝိစိတ္တသာရာဘိဝံသ | ၃၉ | ၂၀ | ဓမ္မနာဒ ကျောင်းတိုက် မင်းကွန်း၊ စစ်ကိုင်းမြို့။ | ၈၉ | ၉၄ | ၉၂ | ၉[illegible] | ၁၀၀ | ၄၇၈ |

အထက်ဖော်ပြပါ အောင်မှတ်ဇယားကို နာယက ဆရာတော်ဘုရားကြီးများ ကိုယ်တော်တိုင် လက်မှတ်ရေးထိုး၍ တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့မှ ထုတ်ပြန်ကျေညာသည်။

## ရဟန်းရှင်လူ ကြည်ဖြူဝမ်းမြောက်ကြခြင်း

"ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ" ပုဂ္ဂိုလ်ထူး ပေါ်ထွက်လာပြီ ဖြစ်ကြောင်း ရေဒီယို၊ သတင်းစာ၊ မဂ္ဂဇင်းမျိုးစုံတို့မှ ဆက်တိုက် ကျေညာရေသား ဖော်ပြလိုက်သော အခါ မြန်မာတပြည်လုံးရှိ ရဟန်းရှင်လူ ဗုဒ္ဓဘာသာ သူတော်စင်တို့ လှိုက်စွာ ချမ်းပျ ဝမ်းမြောက်ကြကုန်၏။ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းအေးကြည်ကြကုန်၏။

ဝိသိဋ္ဌဝိနယဓရ- ဝုတ္တန္တံ သုဏာန္တာ ဇဟ္မ။
ဘိက္ခူ ခေဝ ဂဟဋ္ဌာ စ၊ မောဒန္တိ သိတာယန္တိ စ။

## သမ္မတအိမ်တော်၌ ချီးကျူးပူဇော်ပွဲ ကျင်းပ ဘွဲ့တံဆိပ်တော် အဆောင်အယောင်များ ဆက်ကပ်ခြင်း

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီးမှကြီးမှူး၍ တတိယအကြိမ်မြောက် ကျင်းပခဲ့သော တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် ဝိနည်းတော် ၅-ကျမ်းကို (က)အာဂုံပြန်ဆိုပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပြီးလျှင် (ခ) သဘောရေးဖြေပွဲတွင်လည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသော ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ သာသနာ့အာဇာနည် ပုဂ္ဂိုလ်အား ၁၃၁၂-ခုနှစ် တပို့တွဲလဆုတ် ၃-ရက်နေ့တွင် နိုင်ငံတော်သမ္မတအိမ်တွင် ပင့်ဆောင်၍ ချီးကျူးပူဇော်ပွဲ ကျင်းပကာ အောင်လက်မှတ်တော်နှင့် ဘွဲ့တံဆိပ်တော် အဆောင်အယောင်များကို အောက်ပါ အစီအစဉ်အတိုင်း နိုင်ငံတော်သမ္မတက လေးမြတ်ကြည်ဖြူ ဆက်ကပ်တော်မူသည်။

နိကေတနံ သမ္မတဿ၊ အာနေတွာ ဝိသိဋ္ဌံ ဝိဒုံ။
ပူဇေတွာ ဝဏ္ဏယိတွာန၊ ဥပါဒိနာဘိပူဇိသုံ။

နံနက် ၇-နာရီအချိန်တွင် နိုင်ငံတော်သမ္မတကိုယ်စား သာသနာရေးဝန်ကြီးက သမ္မတကြိုး၏ ဆွမ်းစားပင့်စာကို ယူဆောင်၍ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ သီတင်းသုံးရာ သာသနာ့ရိပ်သာသို့ သွားရောက်ကာ ဆွမ်းစားပင့်လွှာကို ဖတ်လျှောက်၍ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသအား ဆက်ကပ်ခဲ့သည်။ ၇-နာရီ မိနစ် ၃၀-အချိန်တွင် မော်တော်ကားများဖြင့် အစီအစဉ်အတိုင်း နိုင်ငံတော်သမ္မတအိမ်သို့ ပင့်ဆောင်သည်၊ ၈-နာရီ မိနစ် ၅၀-တွင် သမ္မတ

အိမ်တော်ဝင်းသို့ ရောက်၍ ရာဇမတ်ကာရံထားသော ပြာသာဒ်မုခ်ဝသို့ ရောက်လျှင် နိုင်ငံတော်သမ္မတသည် အတွင်းဝန်နှင့် ကိုယ်ရံတော်များနှင့်တကွ ခရီးဦးကြိုဆို၍ စာအောင်ပုဂ္ဂိုလ်အား ခန်းမသို့ ပင့်ဆောင်သည်။ ၈-နာရီ ၅၅-မိနစ် အချိန်တွင် အိမ်တော်သို့ ဝင်ရန် မုခ်ဝမှ ရာဇမတ်ကာရံထားသော လမ်းသို့ ရောက်လျှင် နိုင်ငံတော်သမ္မတသည် အတွင်းဝန် ကိုယ်ရံတော်များနှင့် သာသနာရေး အထူးအရာရှိများနှင့်အတူ အရှင် ဝိစိတ္တသာရာဘိဝံသကို ခရီးဦးကြိုဆို၍ အိမ်တော်ခန်းမသို့ ပင့်ဆောင်သည်။ ခန်းမသို့ရောက်လျှင် ဝဲယာဘေးလမ်း ၂-ဖက်တို့၌ ဖိတ်ကြားသဖြင့် ရောက်ရှိနေသော သံအမတ်များက မတ်တတ်ရပ်၍ အလေးပြုကြသည်။ ခန်းမ၌ ဖိတ်ကြားထားသဖြင့် လိုင်လျက်ရှိနေသော ဧည့်သည်များက ဦးချ ကန်တော့ကြသည်၊ ၎င်းနောက် အရှင် ဝိစိတ္တသာရာဘိဝံသကို သီဟာသနပလ္လင်ရှေ့ရှိ ဓမ္မာသနပလ္လင်တော်ကျွင် ပင့်သံဃာ ၂၁-ပါးတို့၏ အလယ်သို့ ပင့်ဆောင်သည်၊ ၉-နာရီအချိန်တွင် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ဇယမင်္ဂလာ ဂါထာတော်ဖြင့် ဖွင့်လှစ်သည်။ ၉-နာရီ ၁၀-မိနစ်တွင် အရှင်ဝိစိတ္တသာရာဘိဝံသ ထိုင်နေသော စာဖြေပလ္လင်နှင့် ကနက္ကဒဏ်ထီးတော်ကို အောင်သပြေရေချမ်းဖြင့် ဘိသိက်သွန်းသည်။ ၉-နာရီ ၁၅ မိနစ်တွင် အရှင်ဝိစိတ္တသာရာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဖတ်ကြားသည်၊ ၉-နာရီ ၂၅-မိနစ်တွင် နိုင်ငံတော်သမ္မတသည် အောက်ပါ ချီးကျူးစကားကို မြွက်ကြားသည်။

## နိုင်ငံတော်သမ္မတ၏ ချီးကျူးမိန့်ကြားချက်

မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ဆရာတော် သံဃာတော်တို့ကို ဖူးမြော်ကန်တော့ရခြင်း၊ ကြွရောက်တော် မူလာကြသော လူကြီးမင်းတို့ကို တွေ့ဆုံရခြင်း၊ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခွင့်ရခြင်းတို့မှာ မြတ်စွာဘုရားသခင်တို့ တည်ထောင် ဖန်ဆင်းတော်မူအပ်သော သာသနာတော်ကြီးနှင့် ကြုံကြိုက်ရသောကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရားသခင်တို့ တည်ထောင်ဖန်ဆင်းတော်မူအပ်သော သာသနာတော်ကြီးသည်လည်း ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဟူ၍ ၃-မျိုးရှိခဲ့ရာ ပရိယတ္တိသာသနာကြီးသာ အရင်းမူလ ပဓာန ဖြစ်ပါသည်။ သာသနာကြီးကို ချီးမြှောက်ရာ၌လည်း အရင်းမူလ ပဓာနဖြစ်သော ပရိယတ္တိသာသနာတော်ကြီးကိုသာ ချီးမြှောက်ဖို့ အရေးကြီးပါသည်။ သာသနာတော်ကြီးလည်း ခေါက်ရှာငှက် ပျံသန်းသကဲ့သို့ နိမ့်တုံ မြင့်တုံ ဖြစ်ပါသည်။ သာသနာပြု မင်းကောင်းမင်းမြတ်တို့နှင့် တွေ့ကြုံသဖြင့် အချီးမြှောက်ခံရသောအခါ ကြီးပွါးထွန်းကားရ၍ မြင့်မောက်ခဲ့ပါသည်။ သာသနာပြု မင်းကောင်းမင်းမြတ်

တို့နှင့် မတွေ့ကြုံရ၍ အချီးအမြောက် မခံရသောအခါ ဆုတ်ယုတ်ပျက်ပြားရ၍ နိမ့်ကျခဲ့ပါသည်။

သာသနာဝင်ကြည့်သောအခါ မြတ်စွာဘုရားပွင့်တော်မူသောခေတ်မှ စ၍ ဗုဒ္ဓသံဂါယနာတင်သည့်ခေတ် တိုင်အောင် နှစ်ပေါင်း ၄၅၀ လောက်အတွင်းမှာ သာသနာပြု မင်းကောင်းမင်းမြတ်တို့၏ အချီးအမြှောက်ကို ခံရ၍ ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးတို့အမြောက်အမြား ထွန်းကားခဲ့ပါသည်။ မြန်မာပြည် သထုံခေတ်မှ၍ ပုဂံခေတ်တိုင်အောင် နှစ်ပေါင်း ၁၀၀၀ (တထောင်) လောက် အတွင်းမှာ ပိဋကတ် ၃ ပုံဆောင် တိပိဋကဓရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးတို့ ကစတစ နည်းပါးလျက် ပိဋက ၂ ပုံဆောင်၊ ၁ ပုံဆောင် ပုဂ္ဂိုလ်တို့သာ ထွန်းကားခဲ့ပါသည်။ ပင်းယခေတ်၊ အင်းဝခေတ် နှစ်ပေါင်း ၈၀၀ (ရှစ်ရာ) လောက် အတွင်းမှာ ပိဋက ၂ ပုံဆောင်၊ ၁ ပုံဆောင် သာသနာ့အာဇာနည်တို့ပင် တစတစ နည်းပါးပြန်လျက် ပိဋကတ် အစိတ်အပိုင်း ၅ ကျမ်းအောင်၊ ၆ ကျမ်းအောင်၊ ၇ ကျမ်းအောင် ပုဂ္ဂိုလ်တို့သာ ထွန်းကားခဲ့ပါသည်။

ကုန်းဘောင်ခေတ် နှစ်ပေါင်း ၂၀၀ လောက်အတွင်းမှာ ပိဋကတ်အရာ ကျမ်းကျင်လိမ္မာသော အာဇာနည်ပုဂ္ဂိုလ်ထူးများ တစတစ တိုးတက်ပြန်လျက် ပဉ္စမသံဂါယနာတင် မင်းတရားကြီးလက်ထက်တော်မှာကား ပိဋကတ် ၃ ပုံကို ဆောင်ရန် အားထုတ်တော်အသီးသီး ခွဲဝေ၍ ပဉ္စမသံဂါယနာတင်ခဲ့သည်ကို ထောက်သဖြင့် ပိဋကတ်အာဂုံဆောင်ပုဂ္ဂိုလ်ထူးများ အဆက်ပြတ်ရှိခဲ့ကြောင်း ထင်ရှားပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်လောက်အတွင်းမှာ ပိဋက အာဂုံဆောင် ပုဂ္ဂိုလ်ထူးတို့ တစတစ ကွယ်ပျောက်ကာ ကိုင်းပြည်ရှိ ရဟန်းရှင်လူတို့ကျင်းပပြုလုပ်ခဲ့သော စာမေးပွဲများနှင့် အစိုးရမင်းတို့ ကျင်းပပြုလုပ်ခဲ့သော ပဋ္ဌမပြန် စာမေးပွဲလောက်နှင့်ပင် တင်းတိမ်ခဲ့ကြရပါသည်။

ယခု လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝယ် အစိုးရမင်းတို့က ရှေးရှေး သာသနာပြု မင်းကောင်းမင်းမြတ်တို့ထုံးကို နှလုံးသွင်းလျက် မွေစက်၊ အာဏာစက် ၂ မျိုးပြည့်စုံ၍ အစွမ်းကုန် သာသနာတော်ကြီးကို ချီးမြှောက်နိုင်ရန် ပဋ္ဌမပြန်စာမေးပွဲလောက်ဖြင့် မတင်းတိမ်ပဲ ပါဠိတက္ကသိုလ်ကြီးများ ထူထောင်ခြင်း၊ သာသနာတော်နှင့် စပ်သော အက်ဥပဒေတို့ကို ပြုလုပ်ခြင်း စသည်တို့ဖြင့် အစွမ်းကုန် ကြိုးစားလျက်ရှိပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကလည်း မြတ်စွာဘုရား ပွင့်တော်မူသောခေတ်၊ သံဂါယနာ လေးတန်ခေတ်၊ သထုံခေတ်၊ ပုဂံခေတ်တို့မှာ တိပိဋကဓရ ပုဂ္ဂိုလ်ထူးတို့ ပေါ်ထွက်လာ သာသနာတော်

ကြီးကို ချီးမြှောက်သည့်အလား တိပိဋကဓရ ပုဂ္ဂိုလ်ထူး ပေါ်ထွက်ရန် ရွေးချယ်ပွဲကြီး ကျင်းပပြုလုပ်လာခဲ့ရာ ပဌမအကြိမ်တွင် မပေါ်ထွက်ခဲ့ပါ၊ ဒုတိယအကြိမ်တွင်ကား ဝိနည်းဆောင်ပုဂ္ဂိုလ်ထူးတပါး ပေါ်ထွက်ခဲ့ပါသည်။

၁၉၅၂-ခုနှစ် တတိယအကြိမ်မှာ စစ်ကိုင်းခရိုင် မင်းကွန်းရွာ ဓမ္မနာဒတိုက်ကျောင်းပိုင်ဆရာတော် မန္တလေး "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဝဋ္ဋ-သဘာ" ဘွဲ့နှင့် အစိုးရ သာသနဓဇသိရီပဝရဓမ္မာစရိယ, ပဌမကျော် အရှင်ဝိစိတ္တသာရာဘိဝံသသည် တိပိဋကဓရ ရွေးချယ်ပွဲဘွင် ဝိနည်း ၅-ကျမ်းကို အာဂုံပြန်ဆိုရာ ဂုဏ်ထူးနှင့် အောင်မြင်သည့်ပြင် သဘောရေးဖြေရာ၌လည်း ဂုဏ်ထူးဖြင့် အောင်မြင်ပြန်သဖြင့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး တပါး ပေါ်ထွက်ခဲ့ပြန်ပါသည်။

ထိုပုဂ္ဂိုလ်ထူး အရှင်ဝိစိတ္တသာရာဘိဝံသအား သာသနာ့ပြုမင်းတို့ ချီးမြှောက်လှူဒါန်းခဲ့သော ထုံးတမ်းစဉ်လာအတိုင်း ယခု ကျင်းပအပ်သော မင်းပွဲအခမ်းအနားတွင် အချိုးဝါးရောင် ကနက္ကဒဏ် ထီးဖြူတော်တလက် ပါရှိသော သာသနာ့အောင်လံတော်နှင့် "ဗုဒ္ဓသာသနာနုဂ္ဂဟဝိသိဋ္ဌဝိနယဓရ မဟာဝိနယ-ကောဝိဒ" လက်မှတ် ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းကာ ချီးကျူးပူဇော်ခြင်း ဖြစ်ပါကြောင်း။

## "ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ" လက်မှတ်, ဘွဲ့တံဆိပ် ဆက်ကပ်ခြင်း

နိုင်ငံတော်သမ္မတသည် အထက်ဖော်ပြပါ မိန့်ခွန်းစကား မြွက်ကြားချီးကျူးပြီးလျှင် အရှင်ဝိစိတ္တသာရာဘိဝံသအား ကနက္ကဒဏ် ထီးဖြူတော်တလက်ပါရှိသော သာသနာ့အောင်လံတော်နှင့် "ဗုဒ္ဓသာသနာနုဂ္ဂဟဝိသိဋ္ဌ-ဝိနယဓရ မဟာဝိနယကောဝိဒ"ဘွဲ့လက်မှတ်တံဆိပ်တော်များနှင့် တတိယတန်းမှတပည့် ၂-ဦးနှင့် ကိုယ်တိုင်ကမူ ပဌမတန်း စီးနင်းခွင့် ကုန်း, ရေ လက်မှတ်တို့ကို လေးမြတ်ကြည်ဖြူ ဆက်ကပ်လှူဒါန်းလေသည်။

ရင်းနောက် ၉-နာရီ ၃၅-မိနစ်တွင် ပရိသတ်အားလုံး အရှင်ဝိစိတ္တသာရာဘိဝံသထံမှ ငါးပါးသီလ ခံယူကြသည်၊ ၉ နာရီ ၄၅ မိနစ်တွင် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် ပင့်သံဃာများကို သမ္မတကြီးက အိမ်ဒေဘော်အဆောင်သို့ ပင့်ဆောင်သွားလေရာ သံအမတ်များက မတ်တတ်ရပ်၍ အလေးပြုကြပြီး အခြားသော ပရိသတ်များက ကန်တော့ကြသည်။ ၁၀-နာရီအချိန်တွင် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ဆွမ်းဆက်ကပ်လှူဒါန်းသည်၊ သံဃာတော်များ အိမ်တော်အပေါ်ထပ်သို့ ဆွမ်းလုပ်ကျွေးစဉ် ပရိသတ်တို့အား ခန်းမတွင် အဖျော်ယမကာ

များဖြင့် ညှော်ခံကျွေးမွေးပြီး လှူစုခွဲ အခမ်းအနား ပြီးဆုံးသည်။ ဤသည်လျှင် သာသနာ့အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသအား နိုင်ငံတော် သမ္မတ အိမ်တော်၌ ဘွဲ့သက်မှတ်တော်, တံဆိပ်တော် စသည် ဆက်ကပ်လှူဒါန်းပုံ အစီ အစဉ် အကျဉ်းချုပ် ဖြစ်သည်။

ဝေဠု ဝိစိတ္တသာရ–သာရဿ သာရဝါဒိနော။
မြန်မာ့ရဋ္ဌေ သမ္မတဿ၊ အပ္ပနာ ကာရဒဿနာ။

## ခမ်းနားကြီးကျယ်လှသော သာသနာ့ရိပ်သာ၌ ချီးကျူးပူဇော်ပွဲ

၁၃၁၂-ခုနှစ် တပို့တွဲလဆုတ် ၄-ရက်နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က အရှင်ဝိစိတ္တသာရာဘိဝံသအား ခမ်းနားကြီး ကျယ်စွာ ချီးကျူးပူဇော်ပွဲကြီး ကျင်းပကြသည်။ ယင်းချီးကျူးပူဇော်ပွဲကြီး၌–

(၁) စေတိယင်္ဂဏပရိယတ္တိအသင်း၊

(၂) ဓမ္မစကြာ ဒေါ်အေး အမျိုးသမီးများ အသင်း၊

(၃) လူပြန်တော်များအဖွဲ့—

စသော အသင်းအဖွဲ့ပေါင်း ၂၇-ဖွဲ့ဘို့ ပါဝင်ချီးကျူးကြကုန်၏။ ယင်းချီးကျူး ပူဇော်ပွဲ အခမ်းအနားကြီးကို ၁၂-နာရီ အချိန်တွင် အရှက်အဖွဲ့ ဦးလှစိန်က အောက်ပါကေပိုဒ်ရတုကို ဖတ်ဆို၍ ဖွင့်လှစ်လိုက်လေသည်။

## ဦးလှဝိန်ဖတ်ဆိုသည့် ကေပိုဒ်ရတု

အောင်သံ အောင်သံ၊ ဘဝဂ်လျှံမြိမ့်၊ အောင်သံနှုတ်ခွန်း၊ အောင်စည်ရွှမ်း၍၊ ကောင်းကျွန်း အောင်မြေ၊ ခေါင်မဟေတည်း၊ တောင်ဝေဘူရောက်၊ ပြည်တန် ကျောက်ကို၊ ကံထောက်ကြီးစွာ၊ လက်ရောက်လာသို့၊ သမ္ဘာလွန်ကဲ၊ ရွှေချယ် ပွဲ၌၊ နက်နဲဘာလွှာ၊ ကိုးအင်္ဂါနှင့်၊ သုံးဖြာပိဋကတ်၊ ပရိယတ်ဝယ်၊ ကျင့်မြတ် သိပ်သည်း၊ ကျမ်းဝိနည်းကို၊ ဖြည့်ဆည်း ဘာဂီ၊ ပါရမီခကြောင့်၊ ဉာဏ်မောက်ပို၊ ရှုတ်ပြန်ဆိုသော်၊ မလိုကုန်စင်၊ ကျမ်းငါးအင်ကို၊ နှုတ်တွင်ရွှရွှ၊ အာဂုံရလျက်၊ ထောက်မလွတ်ကင်း၊ မချွတ်ယွင်းပဲ၊ ချဉ်းနင်းမြောက်ကူး၊ ဂုဏ်အထူးဖြင့်၊ ရင့်ကျူးအောင်သတ်၊ အခေါင်မှတ်၍၊ ကျမ်းတတ်လက္ခဏာ၊ စုံအောင်သာ လျက်၊ နည်းနာပြွမ်းပြိုး၊ အမျိုးမျိုးလျှင်၊ ကျမ်းရိုးသွယ်သွယ်၊ နက်ခိပ္ပါယ်နှင့်၊ ဆန်းကြယ်မေးခွန်း၊ နက်ကျယ်ဝှမ်းသည်း၊ ဉာဏ်ချွန်းစွဲကိုင်၊ ဖြေနှမ်းနိုင်၍၊ တူပြိုင်မထား၊ ဉာဏ်ထူးခြားလျက်၊ တပါးတည်းသာ၊ အောင်ပန်းပြာကြောင့်၊ ခမ္ဘာစရိယ၊ ဘွဲ့နာမနှင့်၊ စာချအမော်၊ ပဋ္ဌမကျော်ဟု၊ ထင်ပေါ်ပြည်ခွင်၊ အရှင် ဝိစိတ္တသာရာဘိဝံသ၊ နာမဖြာစည်၊ အာဇာနည်အား၊ မြန်ပြည်ဝိုင်းသ၊ သမ္မတ

က၊ ချီးပပေးလှူ၊ အရေးယူလျက်၊ ထီးဖြူမျိုးသာ၊ အရိုးဝါတည်း၊ စိကာ ခပ်နှိပ်၊ အောင်တံဆိပ်နှင့်၊ ဘိသိက်အောင်လံ၊ အလှူခံ၍၊ နိယံပိုက်ထုတ်၊ အဖွဲ့ချုပ်သည်း၊ လက်ဆုပ်ရရှိ၊ ကမ္ဘာ့သိအောင်၊ ဝိသိဋ္ဌဝိနယ၊ ဓမ္မမဟာ၊ ဝိနယ ကောဝိဒ၊ လဋ္ဌနဖြင့်၊ ချီးပရင့်ကျူး၊ ပုဂ္ဂိုလ်ဘွဲ့အား၊ ညွှတ်နူးရှင်ပျော်၊ ရှိခကော် ရော်ပြီး၊ ပူဇော်ကြရန်၊ ခါတော်မှန်၍၊ ချိန်တန်တုံလင့်၊ ခမ်းနားဖွင့်သည်… ရှည်မြင့်သာသနာ၊ ဤကမ္ဘာသည် ရောင်ဖြာငြိမ့်ညောင်း တည်ကြောင်းတည်း[၁]။

## ချီးကျူးလင်္ကာတချို့ကို ဖော်ပြခြင်း

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ "ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ" ဘွဲ့တံဆိပ်တော် အလှူခံရရှိစဉ်က ရန်ကုန်မြို့ သာသနာ့ ရိပ်သာ၌ အသင်းအဖွဲ့မျိုးစုံမှ ချီးကျူးပူဇော်ကြသည်။ ချီးကျူးလင်္ကာ, ဩဘာစာ, ပျို့ကဗျာ, လင်္ကာအချို့တို့ကို ဤ၌ ဖော်ပြပါသည်။

## စာလင်္ကာကျော်စွာ သခင်ကိုယ်တော်မှိုင်း ရေးသားဖတ်ဆိုသည့် ဩဘာစာတမ်း

### နမော ဗုဒ္ဓဿ တိလောကဝိသိဋ္ဌဿ။

မဟာသမ္မတ ကမ္ဘာနန်းရိုး လွှမ်းအုပ်မိုးလျက် ဘုန်းတန်ခိုး အလွန်တရာ ကြီးမြတ်တော်မူလှသော သုံးလောကသင်းကျစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်ဖျား သဗ္ဗညုမြတ်စွာဘုရား၏ သုံးပါးသာသနာသည် မြန်မာပြည်အတွင်းဝယ် အနော်ရထာမင်း လက်ထက်မှစ၍ ပဥ္စမသံဂါယနာတင် ဘငရှင်မင်းတုန်းမင်း တရားကြီးနှင့် သားတော် မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်း လက်ထက်တိုင်အောင် သာသနာ့ဒါယကာ မြန်မာဘုရင် ရွှေနန်းရှင်တို့၏ ပြုပြင်စောင့်ရှောက် ချီးမြှောက်ထောက်ပံ့ခြင်းကို ခံယူရသဖြင့် ထွန်းပကြည်လင် စည်ပင်ပြန့်ပွါး တက်သစ်စ နေရထားကဲ့သို့ အလွန်တရာ ထင်ရှားလျက် အင်အား ကောင်းခဲ့သည် မှန်သော်လည်း မြန်မာဘုရင် ဘဝရှင် သီပေါမင်း ပါတော်မူ ပြီးနောက် ဗြိတိသျှအစိုးရ လက်အောက်တွင် သွေးခြောက်နွမ်းညှိုးလျက် အားကိုးရာမဲ့ ဖြစ်၍နေလေရာ—

ထိုစဉ်အခါက ပိဋကတ်သုံးသွယ် နိကာယ်ငါးတန် ဓမ္မက္ခန်ဟု ဆိုအပ်သော ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် ပေစာဘုတ်အုပ်တို့၌ တိမ်မြုပ်စွာ ကိန်းစံလျက် တခါတရံ လူအများ၏ အပူဇော်ခံမည်ဟု ရည်သန်ရှုမြော်ကာ ရဟန်းတော်များနှုတ်တော်တွင် မွှေလျော်ရွှေပြောင်းကိန်းအောင်းစံပယ်ပါသော်လည်း

---

[၁]။ ပဌမကျော်, မြွာစရိယ ဦးသန့်စင် ရေးသားသည်။

မြှော်လင့်သလောက် ထောက်ပံ့အားပေး လေးစားပူဇော်သူ မထွက်ပေါ်သဖြင့် မှုသစ်ဘော်မူရ ပေစာဘုတ်အုပ်တို့၌သာလျှင် နောက်ဆုတ်၍ စံတော်မူခဲ့သည် ဖြစ်ပါကြောင်း။

သို့ဆုတွင် လွတ်သပ်သည့် သမ္မတ မြန်မာနိုင်ငံတော်၏ အာဒိကမ္မိက ပဌမ ဦးဆုံး ကံဘုန်းပါရမီ စုံညီထူးမြတ် ဇာတ်မဟာဝင် ရာဇဝင်မပျက် ကနက်နန်းရှိုး ကြွင့်နန်းစိုးသည့် ဘိုးလောင်းတော် ဘေးလောင်းတော် နွယ်တော်သက်ဆင်း လူမျိုးစုံပေါင်းစည်းလျက် ရှစ်စင်းပစ္စု လှစ်ထူကံထီး နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ပြည်ထောင်စု မြန်မာအစိုးရ လက်ထက်တွင်ကား ထက်မြက်စေတနာ အင်အားရှိသလောက် လွတ်လပ်စွာ ချီးမြှောက်၍ ထောက်ပံ့နိုင်သည့် အခွင့်အခါနှင့် စေတနာသဒ္ဒါတရားကို အားကိုးထောက်တည် အမှီတကဲ ပြုရသည်ဖြစ်သောကြောင့် ပိဋကတ်သုံးသွယ် နိကာယ်ငါးတန် ဓမ္မက္ခန်တည်းဟူသော ဗုဒ္ဓသာသနာတော်ကြီးသည် ပေစာဘုတ်အုပ်တို့တွင် မလှုပ်မယှက် ငြိမ်သက်စွာ သီတင်းသုံးနေရာမှ တကမ္ဘာလုံး ဖူးမြှော်ရန် အပူဇော်ခံမည်ဟု ရည်သန်သည့် အနေအားဖြင့် ရဟန်းတော် အရှင်များ၏ နှုတ်ဖျားတန်ဆောင်သို့ ပြောင်းရွှေ့စံပယ်တော် မူကြလေရာ ယခု ဓမ္မာသန ပလ္လင်တော်တွင် သီတင်းသုံး စံတော်မူသည့် အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်၏ ကိုယ်ဒြပ်သန္တာန်တွင် ဓမ္မက္ခန္ဓာပေါင်း နှစ်သောင်းတထောင်ရှိသည့် ဝိနယပိဋကတည်းဟူသော ဗုဒ္ဓသာသနာတော်များ အထင်အရှား ကိန်းဝပ်စံပယ်လျက်ရှိသည် ဖြစ်သောကြောင့် အရှင်ဝိစိတ္တသာရာဘိဝံသမှာ ဓမ္မက္ခန္ဓာသာသနာပေါင်း နှစ်သောင်းတထောင်ရှိ၏ သီတင်းသုံး စံပယ်ရာ ရတနာတန်ဆောင်းကြီးနှင့် တူလှသည်ဖြစ်ပါကြောင်း။

ပဌမကျော်ဘည်းဟူသောတိုင် အခိုင်အမာ ကောင်းစွာစိုက်နက်လျက် သကျသီဟ ဓမ္မာစရိယဘည်းဟူသော အဆင့်အခင်း တောင့်တင်းညီပြန့်၍ သီရိပဝရ ဓမ္မာစရိယတည်းဟူသော အမိုးအကာ လုံခြုံစွာစီရင်လျက် "ဝိသိဋ္ဌ-ဝိနယဓရကောဝိဒ" တည်းဟူသော အထွတ်တင်ထားသည့် အရှင်ဝိစိတ္တ-သာရာဘိဝံသ တည်းဟူသော ဂန္ဓကုဋီ=ရတနာတန်ဆောင်းတွင် ဝိနည်းပိဋက-ဓမ္မက္ခန္ဓာပေါင်း နှစ်သောင်းတထောင်တို့သည် ရောင်ခြည်တော်ကွန့်မြူးလျက် ဓမ္မာသန ပလ္လင်တော်ဦးတွင် အဖူးအမြော် အပူဇော်ခံလျက် ရှိသည်ဖြစ်ရာ သာသနာတော်သက္ကရာဇ် ၂၄၉၄-ခုနှစ် ကောဇာသက္ကရာဇ် ၁၃၁၂-ခုနှစ် တပို့တွဲလပြည့်ကျော် ၄-ရက် တနင်္ဂနွေနေ့ဟုဆိုအပ်သော ဤယနေ့ပူဇော်ပွဲကြီးသည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှ ကျင်းပသည့် တတိယအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် ဝိနယပိဋက၌ အာဂုံရေးဖြေ နှစ်ရပ်လုံးကို ဂုဏ်ထူးဖြင့် အောင်မြင်သည့် အရှင်ဝိစိတ္တသာရာဘိဝံသအား ဗုဒ္ဓသာသနာ-

နိဂ္ဂဟအဖွဲ့ချုပ်ကြီးက တံဆိပ်တော်လက်မှတ် ကပ်လှူပူဇော်ပွဲသာမဟုတ် ဓမ္မဘဏ္ဍာ နှစ်သောင်း၊ ဂုဏ်ထောင်ရှိသော ဇိနဝစန ဗုဒ္ဓဘာသာ ဝိနယသာသနာတော်ကြီးကို ကြွရောက်သော ဆရာတော် သံဃာတော်တို့နှင့် ဗုဒ္ဓဘာသာ အသင်းအဖွဲ့ပေါင်းစုံတို့က ပူဇော်အပ်သည့် ဗုဒ္ဓသာသန ပူဇော်ပွဲကြီးလည်း ဖြစ်ပါကြောင်း။

ယင်းသို့ဖြစ်သောကြောင့် နောင်ရာဇဝင် မော်ကွန်းတင်ရမည့် မင်္ဂလာရှိသော ဤချီးကျူးပူဇော်ပွဲကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တကွ တကမ္ဘာလုံး ညွှတ်နူးလေးမြတ် အသိအမှတ်ပြုအပ်သည့် ပူဇော်ပွဲကြီး ဖြစ်ပါစေသောဟု ယခုကြွရောက်သည့် မင်းပေါင်းစုံပရိသတ်ကြီးက လေးနက်ရှင်လန်း ဝမ်းမြောက်ဝမ်းသာ ဩဘာစကား မြွက်ကြားကြစေကုန်သတည်း။

(ပုံ) သခင်ကိုယ်တော်မှိုင်း။

ဤသည်လျှင် သခင်ကိုယ်တော်မှိုင်းကိုယ်တိုင် ရေးသားဖတ်ကြားအပ်သော ဩဘာစာတမ်းဖြစ်လေသည်။

သခင်ကိုယ်တော်မှိုင်း နာမေန၊ ပသိဒ္ဓေါ ကဝိကုဉ္ဇရော။
ထောမေသိ ဝိစိတ္တံ စိတြံ၊ ဝိစိတြဉာဏသံယုတံ။

---

အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်း ရေးသားဖတ်ကြားအပ်သော
အဋ္ဌုပ္ပတ္တိ အကျဉ်းချုပ်ပါရှိသည့် ချီးကျူးလွှာ

"ဗုလ္လဘော ပုရိသာဇညော"ဟူသော မြတ်ဗုဒ္ဓပါဠိ လာရှိသည့်အရ လောကဦးကြူးကိုက်ပေါ်ပေါက်ရန် ရရှိခဲလှသော ပုဂ္ဂိုလ်စာရင်းဝင် အရှင်ဝိစိတ္တသာရာဘိဝံသ နာမဘွဲ့ချည် အာဇာနည်ပုဂ္ဂိုလ်ထူးသည် ဇာတိအားဖြင့် ပြည်ထောင်စုအသက် မြန်မာနိုင်ငံ မြင်းခြံဒိစတြိတ် ကျည်းပင်ရွာ သူကြီးဦးဆုံ၊ သူကြီးကတော် ဒေါ်ဆင်တို့မှ ၁၂၇၃ ခု တန်ဆောင်မုန်းလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူပါကြောင်း။

အသက် ၅ နှစ်အရွယ်မှာပင် ကျည်းပင်ကျောင်းဆရာတော် အရှင်သာသနထံ အပ်နှံပညာသင်ကြားစေရာ ၆ နှစ်ရှိသောအခါ အဘိုးအဘွားတော်သူဆရာကြီး ဦးချယ်နှင့် ဒေါ်အုံတို့က ပဌမအကြိမ် ရှင်ပြုလျက် အသက် ၇ နှစ်ရှိသောအခါ မြင်းခြံမြို့ မင်းကျောင်းတိုက် ဆရာတော် ဦးသောဘိတထံ ဆည်းကပ်၍ ပညာသင်ယူနေရာ အသက် ၁၀ နှစ်တွင် အမိ ဒေါ်ဆင်က ဒုတိယအကြိမ် ရှင်ပြုသောအခါ "ဝိစိတ္တသာရ" ဟူသောဘွဲ့ကို ပေးပါသည်။ အသက် ၁၃ နှစ်တွင် မြင်းခြံမြို့နယ်လုံးဆိုင်ရာ သံဃာသာမဂ္ဂီအသင်းမှ ကျင်းပအပ်သော ဝိနည်းစာပြန်ပွဲတွင် သဒ္ဒါကြီးရှစ်စောင်ကို ဝင်ရောက်ပြန်ဆိုရာ

ပဌမစဲ့၌ အောင်မြင်ခြင်း, အသက် ၁၄-နှစ်တွင် သင်္ဂြိုဟ် ၉-ပိုင်းကို ပြန်ဆို အောင်မြင်ခြင်း, အသက် ၁၅-နှစ်တွင် အစိုးရပဌမငယ်တန်းကို နှစ်ချင်း အောင်မြင်ခြင်း ၁၆-နှစ်တွင် ပဌမလတ်တန်းကို အောင်မြင်ခြင်းအားဖြင့် စာမေးပွဲ စာပြန်ပွဲ ဝင်နွှဲတိုင်းမှာပင် အောင်ပွဲရခဲ့သည်ဖြစ်ပါကြောင်း။

၁၂၉၁-ခုနှစ်တွင် ဓမ္မနာဒဆရာတော်ထံသို့ ပြောင်းရွှေ့ပညာသင်ကြားရာ ၁၂၉၂-ခု နှောင်းတန်ခူး လဆန်း ၆-ရက်နေ့တွင် မင်းကွန်းချောင် ဆရာကြီး ဒေါ်ဓမ္မစာရီကို အမှူးထား၍ သူဌေးကြီး ဆာ ဦးသွင် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့က ဒါယကာ, ဒါယိကာမ အဖြစ်ခံယူကာ ဓမ္မနာဒဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ငွေတောင်တောရခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ပါကြောင်း။

ရဟန်းသိက္ခာ ၁-ဝါမျှမရသေးမီ ၁၂၉၃-ခု နယုန်လတွင် ကျင်းပအပ်သော အစိုးရပဌမပြန်စာမေးပွဲ၌ ပဌမကြီးတန်း, ရဟန်း ၁-ဝါအရ ၁၂၉၄-ခုနှစ်တွင် အိမ်တော်ရာ အမျိုးသား ပဌမကြီးတန်း, ၁၂၉၅-ခု မန္တလေးမြို့ ပရိယတ္တိ-သာသနဟိတအသင်း စာလျှောက်စာမေးပွဲ၌လည်း အရှင်ဝိစိတ္တသာရာဘိဝံသ ဟူသောဘွဲ့ကို ရရှိဘို့ရာ စာသင်တန်း, အစိုးရပဌမပြန်စာမေးပွဲ၌လည်း ခရားပွင့် အမှတ်ပြ ဒုတိယအောင် ပဌမကြီးတန်းတို့မှာ အောင်ပန်းအဆင့်ဆင့် မြင့်ထက် မြင့်ကို အသင့်ခူးယူ ပန်ဆင်ခဲ့ပါကြောင်း။

သိက္ခာတော် ၃-ဝါအရ ၁၂၉၆-ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိအသင်း စာလျှောက်မေးပွဲ၌ တနှစ်တည်းဖြင့် အဋ္ဌကထာကြီး ၃-ကျမ်း စာချတန်း ကို အောင်မြင်သဖြင့် "ဝဍ္ဎံသကာ" ဟူသော ဘွဲ့ထူးရသည့်ပြင် အစိုးရ ပဌမပြန် စာမေးပွဲကြီးတွင်လည်း အကျော်တန်း အောင်မြင်ပါသည်။ ဤ ပဌမကျော် အောင်မည့်နှစ်မှာ ပဋ္ဌာန်းမေးခွန်းကို ဖြေဆိုရာတွင် (ပစ္စုပ္ပန် ဖြစ်သော စိတ်၏ အာရမ္မဏပစ္စည်းတပ်ပုံကို သိသာထင်ရှားအောင် ရေးသား ဖြေဆိုပါ) ဟူသောအမေးကို အခြားပဌမကြီးတန်းဝင် ပုဂ္ဂိုလ်အားလုံး ရှောင်ကွင်းသွားကြသော်လည်း ဤပုဂ္ဂိုလ်တပါးသာ ထင်ရှားအောင် ဖြေဆို နိုင်သည်ကို တွေ့ရှိသဖြင့် ဤမျှလောက်ထက်မြက်သော ဉာဏ်ရှင်ဖြစ်သည့် ပုဂ္ဂိုလ်သည် ယခုနှစ် ပဌမကျော်အောင်ရန်မှာ အမှန်ပြောဆိုနိုင်လောက် သည်ဟု ယုံကြည်ထင်မြင်ရုံမျှမက နောက်နောင်သော ကာလများမှာလည်း ထူးခြားဉာဏ်ရည် အာဇာနည်ပုဂ္ဂိုလ်ဟူ၍ ဗိုလ်လူ လေးစား အားထား မြတ်နိုး တန်ခိုးထင်ပေါ် ကျော်ထက်ကျော်လိမ့်မည်ဟု တပည့်တော် မြော်လင့် မှတ်သား ထားခဲ့ပါကြောင်း။

ပရိယတ္တိဓမ္မာစရိယ ဝဍ္ဎံသကာဘွဲ့တံဆိပ် ရရှိပြီး ဖြစ်သော်လည်း စာသင် ကိစ္စမှာ ကြောင့်ကြမဲ့မနေပဲ ဥပဇ္ဈာယ်ဆရာထံမှာ ကြွင်းကျန်သော ဆင်ရိုး

ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ဆက်လက်သင်ကြား၍ အောက်လက်သားများကိုလည်း အခြေပြုကျမ်းငယ်တို့ကို ပို့ချပေးနေရာ ထိုအခါမှစ၍ အရှင်ဝိစိတ္တသာရာဘိဝံသ သည် မန္တလေးတိုက် စာသင်သားတို့အား နေ့ဝါညဝါ အခါမလစ် ပို့ချ၍"ဂဏပရိဟာရက"ခေါ် ဂိုဏ်းဆောင်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ပါကြောင်း။

၁၃၀၂-ခုနှစ်တွင် အဦးအစဆုံး အစိုးရမင်းတို့ ကျင်းပအပ်သော စာချတန်းကို ဝင်ရောက်ဖြေဆိုရာ နှစ်ချင်းစွဲ ဂုဏ်ထူးဖြင့် "သာသနဓဇ သိရီပဝရဓမ္မာစရိယ"ဘွဲ့ကို ရပြီးနောက် ပေါ်ပေါက်လာသည့် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းမှာပင် အရှင်ဝိစိတ္တသာရာဘိဝံသ သည် မိမိ ဆောင်ရွက်မြဲ ဖြစ်သော သာသနာတော်ရေးကိစ္စ သာသနာ့ဝန်ဟူသမျှကို တစမကျန် အားသွန်ဆောင်ရွက်၍သာ နေသဖြင့် ဒုတိယကမ္ဘာစစ်ကြီးသည် အရှင်ဝိစိတ္တသာရာဘိဝံသ ၏ သာသနာပြု ကိစ္စကို မည်သို့မျှ အနှောင့်အယှက် မပေးနိုင်ဟူသော စကားကို ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးသည် မပြတ်မြွက်ကြားတော်မူလေ့ရှိသည်ဖြစ်ပါကြောင်း။

၁၃၁၀-ခုနှစ်မှာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီးမှ တိပိဋကရေရွေးချယ်ပွဲကို စတင်ကျင်းပရာ ဤသာသနာ့ရိပ်သာ မင်္ဂလာမဏ္ဍပ်ကြီးသို့ အသီးသီး ကြွရောက်တော်မူကြသော ပင့်သံဃာတော် တရာကျော်ထဲတွင် အရှင်ဝိစိတ္တသာရာဘိဝံသ သည် တပါးအပါအဝင်ဖြစ်၍ ဤမဏ္ဍပ်ကြီးအတွင်းမှာ လာရောက်စည်းဝေးလျက် နေကြသော နိုင်ငံတော်သမ္မတကြီးနှင့်တကွ ဝန်ကြီးချုပ်မှစ၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဝင် သူတော်စင်အပေါင်းတို့သည် မြတ်စွာဘုရားသာသနာတော် စည်ပင်ပြန့်ပွါး ထွန်းကားတိုးတက်ခြင်း ရှိစေရန် တိပိဋကဓရပုဂ္ဂိုလ် ပေါ်ပေါက်ရေးကို လေးလေးနက်နက် ထက်မြက်လှသော သဒ္ဓါဖြင့် လှုန်စွာလိုလား နေကြသည်ကို သိမြင်ရသော အရှင်ဝိစိတ္တသာရာဘိဝံသ သည် ထိုသူတော်စင်အပေါင်းတို့၏ ကောင်းမြတ်လှသော သမ္မာဆန္ဒကို ပြည့်စေလိုသည် တကြောင်း သာသနာရေးကိစ္စ တာဝန်ဆိုလျှင် ကိုယ်ခန္ဓာအသက်ကိုမျှငဲ့ကွက်ခြင်းမရှိပဲ ရဲဝံ့စွာ မဆုတ်မနစ် အားသစ်လိုခြင်း တည်းဟူသော မိမိ၏ အရင်းအမိပတိဓာတ်ခံရှိနေသည် တကြောင်းတို့ကြောင့် ကောင်းစွာငါကြိုးပမ်းတော့မည်ဟု ရည်ရွယ်ကာ ၁၃၁၁-ခုနှစ် ကဆုန်လဆုတ် ၈-ရက်နေ့ကစ၍ အားထုတ်မှု ပြုပြီးလျှင် ယခု ၁၃၁၂-ခုနှစ် ကျင်းပသည့် တိပိဋကဓရရွေးချယ်ပွဲကြီးတွင် ဝင်ရောက်၍ ဝိနည်း ၅-ကျမ်းကို အာဂုံပြန်ဆိုရာ အများကျေနပ် အားရလောက်အောင် အထောက်အမ လွတ်ကင်း ရှင်းလင်း ပီသ ပြတ်သား အသံထင်ရှားစွာ ပြန်ဆိုနိုင်သည့်ပြင် သဘော ရေးဖြေပွဲတွင်လည်း နေ့စဉ်အောင်မှတ် ရာခိုင်နှုန်း (၇၉၊ ၉၉၊ ၉၂၊ ၉၇၊ ၁၀၀)ပြည့် ရရှိသဖြင့် "ဗုဒ္ဓ-

သာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာဝိနယ ကောဝိဒ” ဘွဲ့ထူးကို ကြည်နူးနှတ်သွ အလေးမူလောက်အောင် အလှူခံတော်မူရသည် ဖြစ်ပါကြောင်း။

လောကမှာ ရွှေသည် မြလောက်အဘိုးမတန် မြသာ အဘိုးတန် သော်လည်း ရွှေအမွမ်းမံကင်းသော မြမှာ ကောင်းစွာ မတင့်တယ်ပဲ ရွှေမွမ်းမံ ရွှေပေါ်တင်ထားသော မြမှသာ အဘိုးတန်ကာ လွန်စွာ တင့်တယ်သကဲ့သို့ အာဂုံနှင့် သဘောညာဏ်အရာမှာလည်း အာဂုံသည် မေ့လျော့ သွားတတ်သည့်အတွက် သဘောညာဏ်လောက် အဘိုးမတန်ဟု ဆိုနိုင်သော်လည်း အာဂုံမဖက် သဘောညာဏ်သက်သက်မှာ ပါဠိအခြေ ရှာဖွေနေရခြင်း ဒုက္ခရှိနေသဖြင့် နှစ်ဌာနလုံးစုံသင် “ရွှေပေါ်မြတင်” ဟု ဆိုအပ်သော အရှင်ဝိစိတ္တသာရာဘိဝံသ ၏ အဋ္ဌုပ္ပတ်ကို ဖော်ပြရသဖြင့် ဘုရားတပည့်တော် အလွန်ဝမ်းမြောက် ပါကြောင်းရှိခိုးသစွာ လျှောက်ထားပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်ဘို့ဘုရား။

(ပုံ) ဆရာလင်း အဂ္ဂမဟာပဏ္ဍိတ။

ဤသည်လျှင် အဂ္ဂမဟာပဏ္ဍိတ ဒီ-လစ်ဘွဲ့ရဆရာကြီး ဦးလင်း (ဆရာလင်း) ၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ် ပါရှိသော ချီးကျူးလွှာဖြစ်လေသည်။

လဒ္ဓအဂ္ဂပဏ္ဍိတော ပိ၊ ဆရာလင်းကဝိပုင်္ဂဝေါ။
ဘာသေသိ ဝိစိတ္တံ စိတြ-ပဋိဘာနေန သံယုတံ။

---

တိပိဋကဓရရွေးချယ်ပွဲ အာဂုံပြန်ဆိုပွဲတွင် အလှည့်ကျစာထောက်
ဆရာ ဦးညွန့်မောင်၏ မှတ်တမ်းမှ ကောက်နုတ်ချက်

ပိဋကတ် ၃-ပုံ နှုတ်ငုံဆိုရာတွင် အချို့ပုဂ္ဂိုလ်မှာ မှတ်ဉာဏ်ထက်သဖြင့် ကျက်၍ ကား လွယ်၏၊ ရ၏၊ နှုတ်လှန်မမှုန်းပါ။ အချို့ပုဂ္ဂိုလ်မှာ နှုတ်ထွက်ရှင်း၏၊ ကျက်ဉာဏ်ဖျင်း၍ ရကောင်းစွာ မပြန်ဆိုနိုင်ပါ။ အချို့ပုဂ္ဂိုလ်မှာ ကျက်ဉာဏ်ကောင်း၏ ဖေါင်းဖေါင်းပြေးအောင် ပြန်ဆိုနိုင်သော်လည်း လိင်၊ ဝုစ်၊ ပုဒ်၊ ပါဠိ အထားအသို အပိုအလိုမသိ ပါဠိရှိုက်ငိုသာ ပြန်ဆိုနိုင်ပါသည်။ အချို့ပုဂ္ဂိုလ်မှာ လိင်၊ ဝုစ်၊ ပုဒ်၊ ပါဠိ အထားအသို အပိုအလိုကိုသိ၏၊ ကျက်ဉာဏ်မရှိ မမှတ်မိပါ။

အရှင်ဝိစိတ္တသာရာဘိဝံသ မှာကား ကျက်ဉာဏ်လည်း ကောင်းသည်၊ လုံးထွေး ထစ်ငေါ့ခြင်း ကင်း၍ နှုတ်ထွက်လည်း ရှင်းသည်။ လိင်၊ ဝုစ်၊ ပုဒ်၊ ပါဠိ၊ အထား၊ အသို၊ အပိုကိုလည်း မြင်၍ ပြင်ဆင်နိုင်သည်။ သာဂါယနာတင် အရှင်ကောင်း အရှင်မြတ်တဆူ ဖြစ်တော်မူသည်ဟု ဆိုထိုက်ပါပေသည်။

"တဦးခေါင်း တပညာ" ဆိုသည့် အတိုင်း ပုဂ္ဂိုလ်တဦးဦးမှာ ဂုဏ်ထူးတခုတခုစီ ရှိကြစမြဲသာ ဖြစ်ပါသည်။ ရဟန္တာသခင် အရှင်မြတ်များ စဉ်လျက် ဘုရားလက်ထက် တေဒဂ်ဘွဲ့ထူး တခုစီသာ အရမ္ပြားကြပါသည်။ အရှင်မြတ်ကား သဘာဝ စည်းကမ်းထက်ကျော်ကာ တမိုးလုံး ဖျောက်ဆိပ်လုပ်၍ ဂုဏ်ပုဒ်တွေ လက်ဝါးကြီးအုပ်ထားသည်ဟု ဆိုချင်ပါသည်။ ဂုဏ်းအပြင် လျှောက်ချင်ပါသေးသည်။ အရှင်ဘုရားကား လူသားစင်စစ် ရဟန်းဖြစ်လျက် မထစ်မကြောက် ခြသေ့စိတ်ပေါက်၍ ပိဋကတ်တော်အတွင်းဝယ် ရဲတင်းမှာ ပျောက်၍ မနေခြင်းသည် ကြောက်နှယ်လိလိ ကြက်သီးထမိပါသည်ဘုရား။

ကောဋ္ဌာကေကာ ဂုဏ်၊ လဒ္ဓုံ သက္ကာတိ ပါယသော။
ကောဝ ဗဟုလံ တုဝံ၊ ဝိစိတ္တော ဝိစိတ္တာ အဟော။

ဘန္တေ၊ တိပိဋကဝိနယမေ့ ဝိသိဋ္ဌတရ နာမဂုဏ်ထူးတို့ဖြင့် ချီးကျူးပူဇော်ထိုက်ပေသော အရှင်မြတ်ဘုရား။ ပါယသော၊ များသောအားဖြင့်။ ကေကော၊ ပုဂ္ဂိုလ်တဦးဦးသည်။ ကေကံ ဂုဏံ၊ ဂုဏ်ထူးတခုခုစီကိုသာ။ လဒ္ဓုံ၊ ရရှိခြင်းငှါ။ သက္ကောသိ၊ စွမ်းနိုင်ရပါပေ၏။ တုဝံ၊ အရှင်ဘုရားကား။ ကောဝ၊ ပုဂ္ဂိုလ်တဦးတည်းဖြစ်ပါလျက်။ ဗဟုလံ၊ ဂုဏ်တွေအကုန် အလုံးစုံကို။ လဒ္ဓုံ၊ ရရှိခြင်းငှါ။ သက္ကောသိ၊ သတိနယ်ချဲ့ စည်းကမ်းမဲ့၍ တကယ့်ကို စွမ်းနိုင်ပါပေ၏ဘုရား။ ဝိစိတ္တော၊ အရှင်ဝိစိတ္တသာရာဘိဝံသ ဝဋ္ဋံသကာ နာမထင်ရှားလွှန်ကျော်ကြားသော။ တုဝံ၊ အရှင်ဘုရားသည်။ ဝိစိတ္တော၊ အဆန်းတကြယ် အံ့ဖွယ်လိလိ ထူးဆန်းလှပါပေ၏ဘုရား။ အဟော၊ ဩော် ပုဂ္ဂိုလ်ထူးမို့ ချီးကျူးတိုင်း ပြန့်ပြောကျယ်သဖြင့် အံ့ဩဖွယ်ကောင်းလှပါပေသည်ဘုရား။

မနုဿော တွံ သမာဒနောပိ၊ ဘိက္ခုဘူတော ဝ သာသနေ။
သီဟောဝ နဒသိ ဝီရော၊ ပိဋကတ္တယကာနနေ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ သာသနေ၊ ဘုရားသာသနာတော်အတွင်း၌။ ဘိက္ခုဘူတော၊ ရဟန်းဖြစ်၍ နေသည်သာလျှင်ဖြစ်သော။ မနုဿော၊ လူသားစင်စစ်သည်။ သမာဒနောပိ ဖြစ်ပါလျက်လည်း။ သီဟောဝ၊ ခြသေ့မင်းကဲ့သို့။ ပိဋကတ္တယကာနနေ၊ ပိဋကတ် ၃-သွယ် တောကြီးအလယ်၌။ ဝီရော၊ ရဲရဲဝံ့ဝံ့ မကြောက်ရွံ့ပဲ။ နဒသိ၊ ဗုံးဗိုးဒေါက်ဒေါက် လူတွေကြောက်အောင် ဟောက်၍နေဘိ သည်တကား။ ဝိစိတ္တော၊ အရှင်ဝိစိတ္တသာရာဘိဝံသ နာမကျော်ကြားသော။ တုဝံ၊ အရှင်ဘုရားသည်။ ဝိစိတ္တော၊ အထူးထူး အပြားပြား အံ့အားသင့်မခန်း ထူးဆန်းလှပါပေ၏။ အဟော၊ ဩော်ပုဂ္ဂိုလ်ထူးမို့ ချီးကျူးတိုင်း တင့်တယ်၍ အံ့ဩဖွယ်ကောင်းလှပါ၏ဘုရား။

ဤသည်သျှင် ဆရာဦးညွန့်မောင်၏ မှတ်တမ်းချီးကျူးစကား၊ ကောက်နုတ်ချက်ဖြစ်သည်။

ဦးညွန့်မောင် နာမဓေယျေန၊ ပါကဋော ကဝိသေခရော။
ထောမေသိ ဝိစိတ္တံ စိတြ-ပညာယ သံယုတံ သုဓိ။

မဟာစရိယ ဦးညွန့်မောင် ချီးကျူးပူဇော်သည့်
ဝိစိတ္တသာရာဘိဝံသ ရှစ်ဆယ်ပေါ် ထပ်တွန့်တေးထပ်

ကဿပရှင်မဟာ ယင်လာသာပ၊ သင်္ဂါယန မပြတ်နည်းယူ၊
တင်လာတာတမျှ တထပ်တည်း တူသည်၊
နုတ်သည်း မကူ လူပေတကား။
ရတနာ ပလ္လင်မဥ္စပ်၊ ဆာသင့်ရဟန်းမြတ်၊
စာသာဘင်ကမ်းခပ် တန်ခိုးရှိညီသည်၊
သတိုးသိရိ ရဟန်းပါတဲ့ဘုရား။
ကဝိတံဆိပ်အခါခါရ ဝိသိဋ္ဌပါကဋ
ဝိစိတ္တသာရ ဉာဏ်ဆန်းကျယ်သည်၊
အံ့မခန်းတကယ် ပြန်ဆိုသွား။
အနှံ့ကျမ်းဝယ် အကျန်ပိုမျှားကိုလ၊
မချန်သိုထား ပြင်ဆင်ကာ။
မရပ်ရန် မပြတ်ပြန် မှတ်ဉာဏ် မဟုတ်၊
အတတ်ဉာဏ်ထုတ် လိင်ဝုစ်ပုဒ်အသွားအလာ။
အာဂမရှိ စာအရအမိ သဘာဝထိ မြင်သိပါသည်၊
ထင်ရှိဉာဏ်မှာ ပတ္တရာမြန့်လို့ အရဟာရဟန် ရှေးကသင်္ဂါယနာလို၊
မတွေးရ လျှင်စွာသာဆို၊
ထုတ်ဖော်ညွှန်းတင့်၊ အဟုတ်တော်လွန်းသဖြင့်၊
နွတ်မော်ကွန်းနှင့် အထူးဖွဲ့ဦးထုတ်ဆိုသည်၊
ထူးတဲ့ပုဂ္ဂိုလ် ဆိုလောက်ပါရဲ့လေး။

ဤကား ဦးညွန့်မောင် စာထောက် စာမ တာဝန်ထမ်းဆောင်ရင်း ရွတ်ဆိုရက်ရေးသားသည့် မြန်မာကဗျာ ရှစ်ဆယ်ပေါ်ထပ်တွန့်တေးထပ် ဖြစ်သည်။

ဦးညွန့်မောင် အဘိဓာနေန၊ ပညာတော ကာဗျကာရကော။
ထောမေသိ ဝိစိတ္တံ စိတြ-ပညာဏသံယုတံ သုတံ။

## သုဓမ္မဝတီ ဦးပန်းမောင်နည်းမှီး စီစဉ်အပ်သော ဥဒါနထောမနာ အမေးအဖြေဂါထာ

### ဥဒါန်းကျူးရန်

ကိစ္ဆော ဝိနယ မုပ္ပါဒေါ၊ ကိစ္ဆံ ဝိနယ ဒေသနံ။
ကိစ္ဆော ဝိနယ ဥဿဝေါ၊ ကိစ္ဆော ဝိနယဓရော ယတိ။

လောကေ၊ လောကသုံးခွင် ဘုံသုံးပြင်၌။ ဝိနယမုပ္ပါဒေါ၊ ဝိနည်းဒေသနာ ဖြစ်ပေါ်လာဖို့ရန် အရေးသည်။ ကိစ္ဆော၊ သင်္ချေသင်္ချာ ကပ်ပေါင်းကြာလည်း လွန်စွာ ခဲယဉ်းလှပါပေ၏။ ဝိနယဒေသနံ၊ ဝိနည်းဒေသနာ သေချာ ပြောပြကြားနာရဖို့အရေးသည်။ ကိစ္ဆံ၊ သင်္ချေသင်္ချာ ကပ်ပေါင်းကြာလည်း လွန်စွာ ခဲယဉ်းလှပါပေ၏။ ဝိနယဥဿဝေါ၊ ဝိနည်းပွဲတော် ဖြင်ပေါ် ကျင်းပ ပူဇော်ရဖို့ အရေးသည်။ ကိစ္ဆော၊ သင်္ချေသင်္ချာ ကပ်ပေါင်းကြာလည်း လွန်စွာ ခဲယဉ်းလှပါပေ၏။ ဝိနယဓရော၊ ဝိနည်းပိဋကတ် ကျမ်းငါးရပ်ကို အဆုံးအဖြတ်နှင့်တကွဆောင်သော။ ယတိ၊ ဝိနည်းမိုရ် ရဟန်းတော်၏ ပေါ်ပေါက်လာဖို့ အရေးသည်။ ကိစ္ဆော၊ သင်္ချေသင်္ချာ ကပ်ပေါင်းကြာလည်း တကြိမ်တခါ ပေါ်ပေါက်ဖို့ မြွှော်ထောက်မမြင် အလွန်ပင်ခဲယဉ်းလှပါပေသည်တကား။

မေး။ ကောနု ဝိနယဓရော ဒါနိ၊ ကောနု ဝိသိဋ္ဌ ဝိနယော။
ကထံနု ပူဇိတော ဘိက္ခု၊ ကထံ လောကေန ပူဇိတော။

ဒါနိ၊ သာသနာတော် တဝက်နီးသည့် ယခုခေတ် ယခုအခါကြီး၌။ ဝိနယ-ဓရော၊ ဝိနည်းတော်ကို နှုတ်ပေါ်ရှုရှု အာဂုံရသည့် ဝိနယဓရ ပုဂ္ဂိုလ်မြတ်သည် ကား။ ကောနု၊ ရဟန်းတော်ပေါင်း ခုနစ်သောင်းတွင် ကောင်းစွာရွေးချယ်က အဘယ်ပုဂ္ဂိုလ် ဖြစ်ပါသနည်း။ ဝိသိဋ္ဌဝိနယော၊ ဝိနည်းတော်တွင် ထင်ပေါ် ထူးမြတ်သဖြင့် ချီးကျူးအပ်သော ပုဂ္ဂိုလ်သည်ကား။ ကောနု၊ ရဟန်းတော် ပေါင်း ခုနစ်သောင်းတွင် ကောင်းစွာရွေးချယ်က အဘယ်ပုဂ္ဂိုလ် ဖြစ်ပါသနည်း။ ဘိက္ခု၊ ဝိနည်းကျမ်းကုန် အလုံးစုံကို အာဂုံရမိ သဘောသိသည့် ဝိသိဋ္ဌဇာတ် အာဇာနည် ရဟန်းတော်မြတ်ကို။ ကထံနု၊ ဘယ်နည်း ဘယ်ပုံအားဖြင့်။ ပူဇိတော၊ ဂုဏ်နှင့်လိုက်အောင် ချီးကျူး ပူဇော်ထိုက်ပါသနည်း။ လောကေန၊ ကမ္ဘာသူ ကမ္ဘာသား လူများအပေါင်းသည်။ ကထံ၊ အဘယ်ပုံအားဖြင့်။ ပူဇိတော၊ ဝိနည်းတော်ဆောင် အခေါင်ထွတ်ဖျား ပုဂ္ဂိုလ်များကို အားရ ကျေနပ် ဂုဏ်နှင့်ဟပ်အောင် လေးမြတ်ကြည်နူး ဂုဏ်တော်ထူးကို ချီးကျူး ပူဇော်၍ နေပါသနည်း။

ဖြေ။ ဝိစိတ္တော ဝိနယဓရော၊ ဝိစိတ္တော ဝိသိဋ္ဌဝိနယော။
ဝိစိတ္တော ပူဇိတော ဘိက္ခု၊ ဝိစိတ္တေန သုပူဇိတော။

ဒါနို၊ သာသနာတော်ဘဝက်နီးသည့် ယခုခေတ် ယခုအခါကြီး၌။ ဝိနယဓရော၊ ဝိနည်းတော်ကို နှုတ်ငေါ်ရွရွ အာဂုံရသည့် ဝိနယဓရ ပုဂ္ဂိုလ်မြတ်သည်ကား။ ဝိစိတ္တော၊ အရှင်ဝိစိတ္တသာရာဘိဝံသ အမည်ရှိသည့် အာဇာနည်ပုဂ္ဂိုလ်မြတ်ပါတည်း။ ဝိသိဋ္ဌော်နဒေသာ၊ ဝိနည်းတော်တွင် ထင်ပေါ် ထူးမြတ်သဖြင့် ချီးကျူးအပ်သောပုဂ္ဂိုလ်သည်ကား။ ဝိစိတ္တော၊အရှင်ဝိစိတ္တပါတည်း။ပူဇိတော၊ တလောကလုံး ညွှတ်ရှုံးဦးခိုက် ပူဇော်ထိုက်သော။ ဘိက္ခု၊ ရဟန်းတော်အရှင်မြတ်သည်ကား။ ဝိစိတ္တော၊ အရှင်ဝိစိတ္တပါတည်း။ လောကေန၊ ကမ္ဘာသူ ကမ္ဘာသား လူများအပေါင်းသည်။ ဝိစိတ္တေန၊ အထူးဆုံး အလွန်ဆုံး အမွန်ဆုံး အမြတ်ဆုံး အဆန်းကြယ်ဆုံးဖြစ်သည့် ပူဇော်နည်း အမျိုးမျိုးဖြင့်။ သုပူဇိတော၊ လူဆောနတ်ဆော သောသောညွတ်နူး ဂုဏ်တော်ထူးကို ချီးကျူး ပူဇော်၍ နေပါသည်ဘကား။

ဤသည်လျှင် သုနမ္မာဘိ ဦးပန်းမောင်၏ အရှင်ဝိစိတ္တသာရာဘိဝံသ အား ချီးကျူးပူဇော်သည့် ဥဒါနသောမနဿ အနမ်းအဖြေဂါထာ ဖြစ်လေသည်။

ဦးပန်းမောင် နာမဓေယျေန၊ ဝိညုနာ အဘိတ္ထဝိတော။
ဝိစိတ္တသာရာဘိဝံသ—ထေရော ထိရေသု သက္ကတော။

## ချီးကျူးလွှာများ အမြွက်ထုတ်ပြခြင်း

အရှင်ဝိစိတ္တသာရာဘိဝံသ ချီးကျူးပူဇော်လွှာ ဂုဏ်ပြုလွှာတို့မှာ အတိအကျ မဖော်ပြနိုင်အောင် လွန်စွာ များလှကုန်၏။ ဤ၌ ဂန္ထာရ ထောက်မြော်ရှု၍ အကျဉ်းသခ်ေပမျှ ဖော်ပြချက်တည်း။

ဝိစိတ္တသာရထေရဿ၊ ပသံသတ္တိ အနေကဓာ။
ဂန္ထဝိတ္ထာရ ဘယေန၊ မုခမတ္တံနိဒဿနံ။

## အပူဇော်ခံ မင်းကွန်းပြန်ကြွ အဘိဓမ္မာ ရှေ့ငါးကျမ်းကျက်

ချီးကျူးပူဇော်ပွဲများ အပြီး ရန်ကုန်မြို့မှ မိမိနေရင်းဌာန ဖြစ်သော မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ ပြန်ကြွတော်မူ၍ လာမည့် ၁၃၁၃-ခုနှစ်တွင် စတုတ္ထအကြိမ် ကျင်းပမည့် တိပိဋက ရွေးချယ်ပွဲကြီး၌ ဝင်ရောက်ပြန်ဆို ရေးဖြေနိုင်ရန် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု-ဟူသော အဘိဓမ္မာ ပိဋကအောက် ၅-ကျမ်းကို ပြန်ဆိုရန် ကျက်မှတ် အားထုတ်တော်မူသည်။

အာဂမိ ဓမ္မုဿဝေပိ၊ ကိစ္စံ ကာတုံ မဟာသုခိ။
ဝိတ္တညာဏီ ဝိစိတ္တော ဟိ၊ အာရဘိ ဃိရ စေတသာ။

## အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဘိဓမ္မာအောက် ၂-ကျမ်း လေ့လာပုံ ကျက်ပုံနည်း

ဆရာတော်သည် အဘိဓမ္မာ ပိဋကမှ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထုဟူသော ကျမ်းကြီး ငါးကျမ်းကို စတုတ္ထအကြိမ်တွင် ပြန်ဆိုရေးဖြေရမည် ဖြစ်သည်၊ ယင်း ၅-ကျမ်းအနက် ဓမ္မသင်္ဂဏီ ကျမ်းမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၂၉၈-ရှိ၏။ ယင်း ဓမ္မသင်္ဂဏီကစ၍ ကျက်မှတ်တော်မူရာ ဓမ္မသင်္ဂဏီပါဠိ မာတိကာအတွက်မူ ၁၅ နှစ်သားအရွယ် သာမဏေဘဝဖြင့် ပဌမငယ် စာမေးပွဲဝင်စဉ်က အာဂုံရရှိခဲ့သည်။

ကု, ဝေ, မှာ ဝိ, ဥ ဖက်လို၊ သံ, တက်နှင့် ပီ, ဒ, ဟော။
အာ, သေက်တွင် ပ• နှစ်ခု၊ ဟောမူမသေ။
ဟိ, မိ, မ, ဥပ္ပန္နေ၊ တီနှစ်ခေ, အင်ဒွေး။
သ တတန် "ဗာဝီ တိက်" ကို ခကြိတ်လို့တွေး—

ဟူသော တိကမာတိကာ အချိုးနှင့်—

ဟေ, ဝူဋ္ဌာ, အာသဝနှင့်၊ သံယောဇ, ဂန္ထာ။
သြဃ, ယောဂါနှင့်၊ နီ, ပရာ, မဟန်နေ့ာ၊ ဟောတဲ့ ဥပါ။
ကိလေသာ နောက်မှာပိဋ္ဌိ။
ဆယ့်သုံး သချေနှင့်၊ "ဒုက်" စဉ်ရေ မှန်မလွဲအောင်၊ ခဲပ သတိ။

ဟူသော ဒုကမာတိကာ အချိုးတို့ဖြင့် မှန်းပြန်ဆိုနိုင်အောင် လေ့ကျင့်တော်မူသည်၊ သုတ္တန္တိက မာတိကာအဖို့လည်း အောက်စာမေးပွဲများတွင် ကျေညက်ခဲ့ပြီးဖြစ်ရာ ဆရာတော်အဖို့ အထူးမလေ့လာရချေ။ စာပေ၌ သဘော ပေါက်သည့် ပုဂ္ဂိုလ်ထူးဖြစ်ရာ ပဌမပုဒ်ရလျှင် ဒုတိယပုဒ်ရပြီး ဖြစ်လေသည်။

ရင်းနောက် စိတ္တုပ္ပါဒကဏ္ဍ, ရူပကဏ္ဍ, နိက္ခေပကဏ္ဍ, အဋ္ဌကထာ၌ ဟောတော်မူသည့် တရားခေါင်းစဉ်တို့ကို ပိုင်ပိုင် မိမိ မှတ်မိအောင် ကြိုးစားတော်မူ၍ ယှဉ်ဖက်တရား စသည်တို့ကို လက်ချိုး၍ သမာဓိမွေးကာ အရဆောင်တော်မူခဲ့လေသည်။ ၁၄-နှစ်သား ကိုရင်ငယ်ဘဝဖြင့် သင်္ဂြိုဟ် ၉-ပိုင်း အာဂုံပြန်ပြီး သရုပ်, သဘော, ဇော, ဝီထိ, ပစ္စည်း, ပစ္စယုပ္ပန်-စသည်ကျေညက်ခဲ့သည့်အတွက် အဘိဓမ္မာ ကျမ်းစာကြီးများကို လေ့လာ ကျက်မှတ်ရာတွင် များစွာ အထောက်အကူ ပြုလေသည်။ ရင်းပြင် ကျမ်းပြုလိမ္မာ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာတော်မှာတော်မူသည့်—

ဣတိမေ ဘာသမာနဿ၊ အဘိဓမ္မကထံ ဣမံ။
အဝိက္ခိတ္တာ နိသာမေထ၊ ဒုလ္လဘာ ဟိ အယံ ကထာ[1]။

---

၁။ အဘိဋ္ဌ၊၁။ ၂၇၉။

တိုက်တွန်းချက်အတိုင်း အလွန်လျှင် ရခဲသည့် အခွင့်အရေးကို ရသည့် အလျောက် သမာဓိရအောင် မွေး၍ လေ့လာတော် မူခဲ့သည်။

ဝိဘင်းပါဠိတော် လေ့လာ ကျက်မှတ်တော်မူပုံ

ဝိဘင်း ကျမ်းကြီးမှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၄၅၃-ရှိသည်။ ဆရာတော်သည် ဝိဘင်းပါဠိတော်လာ ခန္ဓဝိဘင်း၊ အာယတနဝိဘင်း အစရှိသော ၁၈-ဝိဘင်း ဥဒ္ဒေသ မာတိကာ ခေါင်းစဉ်ကို—

ခန္ဓာ၊ ယတန၊ ဓာတုပြ၊ သစ္စ၊ ဣန္ဒြေ။
ပဋိစ်၊ သတိ၊ သမ်၊ ဣဒ္ဓိ၊ ဗောဇ္ဈင်နှစ်ထွေ။
မဂ်၊ ဈာန်၊ ပမဉ်၊ သိက္ခာယှဉ်၊ ခွဲတွင် သမ္ဘိဒေ။
ဉာဏ်၊ ခုဒ္ဒက၊ ဟဒယ၊ ဋ္ဌာရဝိဘင်ဂ်။

ဟူ၍ သံပေါက်လင်္ကာ ရေးစီ၍ မှတ်မိအောင် ပြုလုပ်တော်မူသည်။ ဆိုင်ရာ သရုပ်များကိုလည်း လက်ချိုး ကျက်မှတ်တော်မူ၍ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဗိုလ် ၅-ဦးခေါင်းဆောင်ခန့်လျက် ဝိဘင်းပါဠိတော် ကြီးကိုလည်း အာဂုံနှုတ်တက် ဆောင်ရွက် မှတ်သားတော်မူသည်။

အဘိဓမ္မေ ဝိဘင်္ဂမှိ၊ ဝိဘင်္ဂကောဝိဒေါ ဝိဒူ။
မုခါရုဠှံ ဟိ သောဘာသိ၊ ဝဇိရပညာဏိကော။

ဓာတုကထာ ပါဠိတော် လေ့ လာကျက်မှတ်တော်မူပုံ

ဓာတုကထာ ပါဠိတော်မှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၁၀၀-ရှိ၏။ ဆရာတော်သည် ၁၅-နှစ်သား အရွယ် သာမဏေဘဝ ပဌမငယ် ဝင်စဉ်က ပင် ဓာတုကထာ အရကောက်ကို အရဆောင်ခဲ့ရာ အလွန်လျှင် ဉာဏ်ကြီးရင့်ရာ တိပိဋကဓရ စာမေးပွဲ ဖြေချိန်၌ ဓာတုကထာကို ရက်များစွာ မကျက်ရချေ။ ဒုတိယနယစည်လာ ဥဒါန်းစဉ် ဂါထာကို ငယ်စဉ်ကပင် အလွန်ကျေညက်စွာ ရခဲ့သဖြင့် ဥဒါန်းစဉ် ဂါထာတို့ဖြင့် မှန်း၍ ပြန်ဆိုနိုင်အောင် လေ့ကျက်တော် မူသည်၊ ဆရာတော် ငယ်စဉ်က အာဂုံ ရရှိခဲ့သော—

ပဌမသူအသည်းမှာ မှတ်ဖွယ်နည်း မခက်ပါ၊
မာဘိကာ တထေဝ ဟောပြလေရာ—

စသည် ဓာတုကထာ တုတ်လှမ်းချီးများကိုလည်း အာဂုံကျက်ရာ၌ များစွာ ကျေးဇူးပြုလေသည်။

ဓာတုကထမှိ ဓာတူသု၊ သင္ဂြ ဂမ္ဘီရဇာတိကော။
မုခဂ် သော ဟိ အကာသိ၊ အသနိသမဉာဏိကော။

## ပုဂ္ဂလပညတ္တိပါဠိတော် လေ့လာကျက်မှတ်တော်မူပုံ

ပုဂ္ဂလပညတ္တိပါဠိတော်မှာ ဆဋ္ဌသံဂါယနာ စာတော်မူ ၇၅-မျက်နှာရှိသည်။ ဆရာတော်သည် ရှေးဦးစွာ ပုဂ္ဂလပညတ္တိ ပါဠိဥဒ္ဒေသများကို မှတ်မိ အသား ကျအောင် လေ့လာကျက်မှတ်တော်မူပြီးမှ နိဒ္ဒေသကို ကျက်မှတ်တော်မူသည်၊ သရုပ်များကို လက်ချိုး၍ ရေတွက် မှတ်သားတော်မူသည်၊ စာအုပ်ကို ၅-ခေါက် ခန့် ဖတ်လိုက် အလွတ်ပြန်လိုက်နှင့် ကျမ်းစာဆုံးသည့်တိုင်အောင် ကျက်မှတ် နှုတ်တက်ဆောင်တော်မူသည်။

ဆရာတော် အသံထုတ် စာပြန်နေခိုက် ကြည်ညိုဖွယ် အလွန်ကောင်းသည်။ အသံတော်က—

"သန့်ရှင်းသာယာ၊ လွန်သိသာ၍၊ နာဖွယ် နက်အင်၊ ပဲ့တင်လဲထပ်၊ တရပ်လွှန်လုံး၊ အုပ်ဖုံး ပရိသတ်၊ ဤရှစ်ရပ်၊ ထူးမြတ်အသံတော်"

ဟူသည့်အတိုင်း အလွန်ကို ကြည်ညိုစရာကောင်းလှသည်၊ စင်စစ်တမူကား ဆရာတော်သည် မင်းကွန်းတောကြီးကို ဝိနည်းပိဋကဖြင့် တင့်တယ်စေတော် မူပြီး တလှည့် အဘိဓမ္မာပိဋကဖြင့်လည်း တင့်တယ်စေတော်မူခဲ့လေသည်။

အဘိဓမ္မာဘိလာပေန၊ မိရာဘိခိရပုဂ္ဂလော။
သောဘေတိ မင်းကွန်းဒါယမ္ဗိ၊ မုနိသာသနဘာရဓော။

## ကထာဝတ္ထုပါဠိ

ကထာဝတ္ထုပါဠိတော်ကြီးသည်လည်း လွန်စွာ စိတ်ဝင်စားဖွယ်ရာ ကောင်း သော ကျမ်းကြီးဖြစ်သည်။ တတိယသံဂါယနာမတင်မီ သာသနာသက္ကရာဇ် ၂၃၅- ၂၃၆ မတိုင်ခင် အခါတာအတွင်းက ပေါ်ပေါက်ခဲ့သော နည်းသစ်တွင် ပေါ်ပင် လိုက် ဂိုဏ်းတို့၏ သမိုင်းကိုလည်း ဤကထာဝတ္ထုကျမ်းကြီးက ပြောနေသည်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ်သည် ဘုရားမြတ်စွာ အစိမ္ထေယျ ပေးအပ်သော နည်းအမြွက်ကို အစဉ်မှီး၍ သကဝါဒအတွက် သုတ် ၅၀၀၊ ပရ- ဝါဒအတွက် သုတ် ၅၀၀၊ ၂-ရပ်ပေါင်း သုတ်ပေါင်း ၁၀၀၀ (တထောင်) ဖြင့် တန်ဆာ ဆင်၍ ဟောတော်မူခဲ့သည်။ ယင်း ကျမ်းကြီးကား အန္ဓကဂိုဏ်းသား၊ အပရသေလိယဂိုဏ်းသား၊ ဥတ္တရာပထဂိုဏ်းသား၊ ကဿပိကဂိုဏ်းသား၊ ဘဒ္ဒ- ယာနိကဂိုဏ်းသား၊ မဟာသံဃိကဂိုဏ်းသား၊ မဟိံသာသကဂိုဏ်းသား၊ ရာဇဂိရိကဂိုဏ်းသား၊ ဝဇ္ဇိပုတ္တကဂိုဏ်းသား၊ ဝေတုလ္လဂိုဏ်းသား၊ သမ္မတ္တက

ဂိုဏ်းသား, သမ္မိတိယဂိုဏ်းသား, သိဒ္ဓတ္ထိကဂိုဏ်းသား ရဟန်းတို့၏ ဖောက်ပြန်ဝိပရိအယူအဆမှားများကို ဖြုတ်ချဖို့ခွင်း ရှင်းလင်းရာ ကျမ်းကြီးဖြစ်သည်။

ဒီပဝံသပါဠိ၌—

ဒေသေတိ သေရော အဘိဓမ္မံ၊ ကထာဝတ္ထုပကရဏံ။
နိဂ္ဂဟော ဤဒိသော နတ္ထိ၊ ပရဝါဒပမဒ္ဒနံ[၁]။

ဟူသောဂါထာဖြင့် ဘုရားမြတ်စွာ သာသနာတော်၌ ဤမျှလောက် ကြီးကျယ်စုံလင် ပြောင်မြောက်သော နိဂ္ဂဟကျမ်း, နှိပ်ကွပ်သည့်ကျမ်း, ဒဏ်ခတ်သည့်ကျမ်း, ပရဝါဒကို ဖြုတ်ချသည့်ကျမ်း မရှိဟု ဆိုသည်။

မဟာဝံသကျမ်း၌လည်း—

ကထာဝတ္ထုပကရဏံ၊ ပရဝါဒပမဒ္ဒနံ၊
အဘာသိ တိဿတ္ထေရောဝ၊ တသ္မိံ သံဂီတိမဏ္ဍလေ[၂]။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်။ ဖော်ပြပါ ကထာဝတ္ထု ကျမ်းကြီးသည် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၄၅၄-၌ ရှိ၏။

## သာသနာ့အာဇာနည် ကထာဝတ္ထုလေ့လာပုံ

သာသနာ့အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသ သည်—

ဥပလဒ္ဓော ပရိဟာနိ၊ ပြဟွစရိယဝါသော သြဓိသော။
ပရိညာ ကာမရာဂပ္ပဟာနံ၊ သဗ္ဗတ္ထိဝါဒေါ အာယတနံ။
အတီတာနာဂတော သုဘင်္ဂေါ၊ သဗ္ဗေ ဓမ္မာ သတိပဋ္ဌာနာ[၃]။

အစရှိသော ဥဒါန်းစဉ်ဂါထာ, ဥဒါန်းစဉ်စကား ၂၃-ပုဒ်တို့ကို ရေးဦးစွာ အရဆောင်တော်မူ၍ ပရဝါဒီပုဂ္ဂိုလ်တို့၏ အယူအဆများကိုလည်း၊ သဘောပေါက်အောင် ကြည့်ရှုတော် ဆင်ခြင်တော်မူ၍ ကထာဝတ္ထု ပါဠိတော်ကြီးကိုလည်း ကြောင်ပုဇွန်စား ကျွတ်ကျွတ်ဝါးသို့ အရဆောင်တော်မူခဲ့လေသည်။

ကထာဝတ္ထု သုဂန္ထမ္ပိ၊ ကထာဝတ္ထုသုကောဝိဒေါ။
ဝိစိတ္တော မုခဂံ ကာသိ၊ ကုလီသာသမဉာဏိကော။

## အဘိဓမ္မာငါးကျမ်းကို နှုတ်စဉ်ချုပ်၍ပြန်ဆို

အဘိဓမ္မာအောက် ၅-ကျမ်း အားလုံး နှုတ်ငုံရပြီးသောအခါ ဤအဘိဓမ္မာ ၅-ကျမ်းလုံး၌ လိုရင်းအချုပ်ကို အရအမိ စိစစ်ကြည့်ရှုတော်မူ၍ နှုတ်စဉ် လိုရင်း

---

[၁] ဒီပဝံသ၊ ၇။ ၅၅။ [၂] မဟာဝံသ၊ ၅။ ၂၇၉။ [၃] ကထာဝတ္ထုပါဠိ။ ၈၁၂။

အားလုံးကို ပြန်ဆိုတော်မူလေသည်။ ဆရာတော်ကား ဉာဏ်လဲထက်မြက်လှ၏၊ ဝီရိယလည်း ဝီရိယာဓိက အလောင်းတော်လေလားဟု ယုံမှားရလောက်အောင် လွန်ကဲတော်မူလှ၏။ နေ့စဉ်အချိန်မပြတ်"ဝါယာမေထေဝ ပုရိသော န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော=အမျိုးသား ကြိုးစားအားသစ်ရာ၊ ပညာရှိ မငြီးမငွေ့ရာ။ ဒဠှပဂ္ဂဟ ဝီရိယံ မာနိဝတ္တ အဘိက္ကမ။ ဝီရိယထာမ၊ ထာဝရ၊ စွဲထမြဲမြဲမြံ။ နောက်မဆုတ်တန်း၊ သင်ကြိုးပမ်း၊ လုပ်ငန်းအောင်လိမ့်မှန်" စသည်ဖြင့် နှလုံးသွင်း လေ့ရှိသည့် ပုဂ္ဂိုလ်ထူးပေတည်း။

## အဘိဓမ္မာငါးကျမ်း အဋ္ဌကထာဋီကာများ လေ့လာကြည့်ရှု

စာမေးပွဲအတွက် အဘိဓမ္မာကျမ်း ၅-ကျမ်း အာဂုံရရှိရုံနှင့် မပြီးသေးချေ၊ ရေးဖြေအတွက် အဘိဓမ္မာအောက် ၅-ကျမ်း အဋ္ဌကထာများ၊ မူလဋီကာ အနုဋီကာတို့ကိုလည်း အပြန်ပြန် အထပ်ထပ် ဖတ်ရကြည့်ရသည်၊ ပုစ္ဆကဆရာများ ဤကဲ့သို့သော အချက်အလက်မျိုးကို မေးတတ်သည် စသည်ဖြင့် တွေးဆ၍ ဘလာစာအုပ်များဖြင့် ရေးမှတ်၍ ကျက်သင့်သည်ကိုလည်း ကျက်ရသေးသည်။ ယင်းသို့ စသည်ဖြင့် လိုသည်မရှိအောင် လေ့လာကြည့်ရှု ကြိုးပမ်းတော်မူခဲ့လေသည်။

အနူနံ ကရိတ္ဝာယေဝ၊ အာရဘတိ သုဓီတိမာ။
သံဂီတိကာလေ သံဂီတိ-ဘာရဓောယ သုဇာတိမာ။

## ပြန်ဆိုရေးဖြေရန် ရန်ကုန် ကြွတော်မူခြင်း

ဆရာတော်သည် အဘိဓမ္မာ ၅-ကျမ်း ပါဠိကို ကရားရေလွှတ် တတွတ်တွတ် လည်းရ, သဘောသကန်လည်း ပိုင်ပိုင်မိမိရရှိပြီး ဖြစ်လေရာ ပြန်ဆိုရန် အာဂုံ ပြန်ပွဲ, စာမေးပွဲနှင့် ရင်ဆိုင်ရန် ရန်ကုန်သို့ ကြွတော်မူသည်။ ၁၃၁၃-ခုနှစ် နတ်တော်လဆုတ် ၁၀-ရက်နေ့တွင် တိပိဋကဓရ ရွေးချယ်ပွဲ စတင်ကျင်းပမည် ဖြစ်ရာ ဆရာတော်သည် ရက်အနည်းငယ် ကြိုတင်၍ ရန်ကုန်သို့ ကြွတော်မူသည်။ တည်းခိုရာကျောင်းဆောင်၌ ချမ်းသာစွာ သီတင်းသုံးတော်မူ၍ အဘိဓမ္မာ တည်းဟူသော ယောဉ်ဖြင့် မွေ့လျော်တော်မူသည်။

အဘိဓမ္မသုဒေါလာယ၊ အဘိရမိ သုဗုဒ္ဓိမာ။
အနုဗုဒ္ဓေါ ဟိ သော ထေရော၊ ထိရေသု သဏ္ဍိတော ဝိဒူ။

## တိပိဋကဓရ ရွေးချယ်ပွဲကြီးစတင်ပြီ

ထိုစေတုတ္တအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကို ၁၃၁၃-ခုနှစ် နတ်တော်လဆုတ် ၁၀-ရက်နေ့ ၇-နာရီအချိန်တွင် စတင်ကျင်းပသည်။ အာဂုံပြန်ဆိုပွဲကို နတ်တော်

လဆုတ် ၁၀-ရက်နေ့မှ ပြာသိုလဆန်း ၁၅-ရက်နေ့ အထိ နားရက်အလွတ် ၁၅-ရက်တိုင်တိုင် ကျင်းပပြီးနောက် ပြာသိုလဆုတ် ၁ ရက်, ၂-ရက်နေ့ တို့တွင် အနားပေး၍ ပြာသိုလဆုတ် ၃-ရက် မှစ၍ သဘောရေးဖြေပွဲကို ကျင်းပရာ ပြာသိုလဆုတ် ၇-ရက်နေ့တွင် ပြီးဆုံးသည်။ ယင်း စတုတ္ထအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနား ဖွင့်ပွဲ၌ နာယကဆရာတော်ဘုရားသည် အောက်ပါ အတိုင်း ဩဝါဒစကား မိန့်ကြားတော်မူသည်။

## နာယကဆရာတော်၏ ဩဝါဒမိန့်ခွန်းတော်

အံ့ဖွယ်ရှစ်ဖြာနှင့် ပြည့်စုံသော သာသနာတော်ကြီးသည် ပွတ်သစ်စခရုသင်း ကဲ့သို့ ဖြူစင်သော သီလဟူသော အစ၌ကောင်းခြင်း, မယိမ်းမယိုင် ကျောက်စာ တိုင်ကဲ့သို့ ခိုင်ခံ့သော သမာဓိဟူသော အလယ်၌ကောင်းခြင်း, ဝရဇိန်ဘမျှ စူးရှနက်နဲ ဖောက်ခွဲ၍ မြင်နိုင်သော ပညာဟူသော အဆုံး၌ကောင်းခြင်း ဤသို့ ကောင်းခြင်း ၃-ပါးနှင့် ပြည့်စုံတော်မူသည်။

ထို အံ့ဖွယ်ရှစ်ဖြာ သာသနာတော်ကြီးကို လူနတ်ဗြဟ္မာ သတ္တဝါ သာမန်တို့ တည်ထောင် ဖန်ဆင်းနိုင်သည်မဟုတ်။ အလွန် ဘုန်းကံကြီးမားသော သဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားသခင်တို့သည်သာ တည်ထောင်ဖန်ဆင်းတော်မူနိုင်သည်။ ဘုန်းကံ ကြီးမားလှသော ဘုရားရှင်၏ သာသနာတော်ကြီးကို ချီးမြှောက် ရာ၌လည်း လူနတ်ဗြဟ္မာ သတ္တဝါသာမန်တို့ ချီးမြှောက်နိုင်သည် မဟုတ်၊ ဘုန်းကံကြီးမားလှသော လူနတ်ဗြဟ္မာတို့သာ ချီးမြှောက်နိုင်ကြသည်။

## ရဟန်းသံဃာများ

"အနာဂတေ လဇ္ဇီ ရက္ခိဿတိ"ဟု ဝိနည်းအဋ္ဌကထာဝယ် နောင်အခါ သာသနာတော်ကြီးကို လဇ္ဇီသူမွန် သီလဝန်တို့ စောင့်ရှောက်လိမ့်မည်ဟု ၃-ကြိမ် တိုင်တိုင် ကြိမ်းဝါးတော်မူသော မထေရ်ကြီးတို့ ဩဝါဒစကားကို ထောက်ထား၍ သာသနာတော်ထမ်း ရဟန်းသံဃာတော်တို့သည် အကုသိုလ်မှ ပူရမည်ကို အရှက်အကြောက်ကင်းပ အလဇ္ဇီ ဒုဿီလမဖြစ်စေပဲ လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်-ထူးများ ဖြစ်ကြ၍ သာသနာတော်ထမ်း ရဟန်းပီပီ သာသနာတော်ကြီးကို စောင့်ရှောက် ချီးမြှောက်နိုင်အောင် အထူးသတိထားကြရမည်။ သာသနာ တော်ကြီးကို စောင့်ရှောက် ချီးမြှောက်ရာဝယ် ကိုယ်ဖိရင်ဖိ မနေမနား ကြိုးစား အားထုတ်ကြရမည်။

## ပြည်ပိုင် အစိုးရများ

"ဓမ္မေန သမေန ရဇ္ဇံ ကာရေသိ" ဟူသော အဋ္ဌကထာစကားအရ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသော လုပ်ငန်းကြီးမှာ တရားနှင့် ညီညွတ်ပါမှ

နတ်ရွာလားကြောင်း ကောင်းသောလုပ်ငန်းကြီး ဖြစ်ပေသည်။ ထို့ကြောင့် လွတ်လပ်သော မြန်မာနိုင်ငံတော်ဝယ် ပြည်ပိုင်အစိုးရမင်းတို့သည် ရှေးရှေးသော သာသနာပြု မင်းကောင်း မင်းမြတ်တို့ အလား မင်းကျင့်တရား ဆယ်ပါး, သင်္ဂဟ တရားလေးပါး, အပရိဟာနိယတရား ခုနစ်ပါးတို့နှင့် ညီညွတ်၍ အဂတိတရား လေးပါး မလိုက်စားပဲ တရားနှင့်အညီ တိုင်းပြည်ကို စီမံအုပ်ချုပ် မင်းလုပ်ကြရ မည်၊တိုင်းသူပြည်သား အပေါင်းကို ရင်ဝယ်သားကဲ့သို့ သနားစောင့်ရှောက် ရမည်။

## ဒါယကာ ဒါယိကာမများ

"ဇိနသာသနဿ ဟာနိံ ဒိသွာ အဘိဝဍ္ဎိယာ ဝါယမတိ" ဟူသော မိလိန္ဒ-ပဉှာ ပါဠိတော် စကားအရ ဥပါသကာတို့ ပြည့်စုံရမည့် ဂုဏ်ဆယ်ပါးတို့တွင် မြတ်စွာဘုရား သာသနာတော်ကြီး ဆုတ်ယုတ်ပျက်ပြား နေသည်ကိုမြင်လျှင် တိုးတက်ကြီးပွါးအောင် အားထုတ်ရမည်ဟု ဟောတော်မူသည့်အတိုင်း ဒါယကာ ဒါယိကာမများလည်း ဆုတ်ယုတ်ပျက်ပြားနေသော သာသနာတော်ကြီးကို တိုးတက်ကြီးပွါးလာအောင် ကြိုးစား အားထုတ်ကြရမည်၊ တိုးတက်ကြီးပွါး နေသော သာသနာတော်ကြီး ကိုလည်း ပိုမိုပြီး တိုးတက်ကြီးပွါးလာအောင် အားထုတ်ကြရမည်။ သာသနာတော်ထမ်း ရဟန်းသံဃာတို့အား ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ပစ္စည်းလေးပါးဖြင့် လှူဒါန်း ချီးမြှောက်ကြရမည်။

## တိပိဋကရေ ရွေးချယ်ရေး အဖွဲ့ဝင်များ

တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ဝင် ပုဂ္ဂိုလ်တို့လည်း "ခမာ ဇာဂရိယုဋ္ဌာနံ သံဝိဘာဂေါ ဒယိက္ခဏာ" ဟူသော စကားအရ သည်းခံခြင်း, နိုးကြားခြင်း, ထကြွလုံ့လရှိခြင်း, ခွဲခြမ်းဝေဖန်ခြင်း, သနားကြင်နာခြင်း, မြော်မြင်ဉာဏ် ရှိခြင်း ဟူသော ကြီးသူတို့အင်္ဂါ နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံကြရမည်။ ဆရာတော်တို့ ဘက်ကလည်း အရှင်မဟာကဿပ, အရှင်မဟာယသ, အရှင်-မဟာမောဂ္ဂလိပုတ္တတိဿ- အစရှိသော သာသနာတော်စောင့် ရဟန္တာ အရှင်-မြတ်ကြီးတို့ ထုံးကို နှလုံးသွင်း၍၎င်း, လူဒါယကာများဘက်ကလည်း အဇာ-တသတ်မင်း, ကာလာသောကမင်း, ဓမ္မာသောကမင်း အစရှိသော သာသနာ့ ဒါယကာမင်းတို့ကို နှလုံးသွင်း၍၎င်း သာသနာရေးကိစ္စဖြစ်ပါလျှင် အသက်ကို ပင်စွန့်၍ စောင့်ရှောက်ကြရမည်၊ ကြီးပွါးတိုးတက်၍ နှစ်ပေါင်းများစွာ တည်တံ့အောင် ကြိုးစားချီးမြှောက် ကြရမည်။

## စာထောက် စာမများ

တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် စာထောက်စာမ ပြုလုပ်ကြသော ဆရာတော် များနှင့် ဆရာများလည်း မျက်နှာကြီးငယ် ဂုဏ်ကြီးဂုဏ်ငယ် မလိုက်ပဲ စည်းမျဉ်းဥပဒေအတိုင်း ဆောင်ရွက်ကြရမည်။ "နိဂ္ဂဟေ နိဂ္ဂဟာရဟံ၊ ပဂ္ဂဟေ ပဂ္ဂဟာရဟံ" ဟု တေသကုဏဇာတ်၌ ဟောတော်မူသည့်အတိုင်း နှိမ်ချထိုက်သူကို နှိမ်ချကြရမည်၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ကြရမည်၊ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ-ဟူသော အဂတိလေးပါး မလိုက်စားမိကြပဲ တရားတော်နှင့် ညီညွတ်အောင် ထောက်ကြရမည် စစ်ဆေးမေးမြန်းကြရမည်။

## ရွေးချယ်ပွဲဝင် အာဂုံနည်းများ

တိပိဋကဓရ ရွေးချယ်ပွဲ အာဂုံနည်းပုဂ္ဂိုလ်တို့လည်း "အာဂတာ ဂမော သုတ္တဓရော ဝိနယဓရော မာတိကာဓရော ပဏ္ဍိတော ဗျတ္တော မေဓာဝီ" အစရှိသော ဝိနည်း ပါဠိတော်အရ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ-စသော တိပိဋကဓရ ရဟန္တာ အရှင်မြတ်ကြီးတို့ ပိဋကတ်သုံးပုံကို နှုတ်တက် အာဂုံဆောင်ကာ သာသနာတော်ကြီးကို စောင့်ရှောက် ချီးမြှောက်တော်မူကြသော ထုံးကို နှလုံးသွင်းလျက် ပိဋကတ်သုံးပုံ နှုတ်တက်အာဂုံဆောင်ကာ သာသနာတော်ကြီးကို စောင့်ရှောက် ချီးမြှောက်ကြရမည်။ ပိဋကတ်တော်ကို သင်ကြားရာ၌လည်း အလဂဒ္ဒူပမာ သင်နည်းမျိုး မဖြစ်စေပဲ နိဿရဏတ္ထ စာသင်နည်းမျိုးနှင့် ဘဏ္ဍာဂါရိက စာသင်နည်းမျိုးဖြစ်အောင် ကြိုးစားကြရမည်။

## နိဂုံးချုပ်စကား

"ဩဝဒေယျာနုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ" အစရှိသော ဒေသနာတော်အရ ဆုံးမခြင်း၊ ကံမြစ်ခြင်း၊ မသူတော်မှုကို တားမြစ်ခြင်း၊ လုပ်ငန်းကြီးတို့မှာ သူယုတ်မာတို့ မနှစ်သက်မမြတ်နိုးသော်လည်း၊ သူတော်ကောင်းတို့ နှစ်သက်မြတ်နိုးသော လုပ်ငန်းကြီးများ ဖြစ်ပါသည်။ သို့အတွက် ယခု ရောက်လာကြသော ပရိတ်သတ်များနှင့် လုပ်ငန်းတာဝန် ရှိသူ အသီးသီးတို့သည် တရားသဖြင့် ဆုံးမခြင်း ကံမြစ်ခြင်း မသူတော်မှုကို တားမြစ်ခြင်းတို့ကို နှစ်သက်မြတ်နိုးသော သူတော်ကောင်းများ ဖြစ်ကြပါစေ။ သာသနာတော်ကြီးကို စောင့်ရှောက် ချီးမြှောက် နိုင်ကြပါစေ။ ရဟန်းမှာ ရဟန်းဖြစ်ကျိုးနပ်၍၊ လူမှာလည်း လူဖြစ်ကျိုး နပ်ကြပါစေ။ တိုင်းပြည်ကြီး သာယာ ဝပြောပါစေဟု ဆရာတော်က အထူးသဖြင့် မေတ္တာပို့ပါကြောင်း[၁]။

---

၁။ ကျိကား ထိုစဉ်က တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ နာယကဆရာတော်များအဖွဲ့ ပဌမဥက္ကဋ္ဌ တာမွေ သိမ်ကုန်းဆရာတော်၏ ဩဝါဒမိန့်ခွန်းတော်ဖြစ်သည်။

ရင်းပြင် ယင်းစတုတ္ထအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲဖွင့်ပွဲအခမ်းအနားတွင် ဟသံ္တာတဦးမြကလည်း မိတ်ဆက်စကား, နိုင်ငံတော် သမ္မတကြီးကိုယ်စား ဆာဦးသွင်ကမိန့်ခွန်း, ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီးကိုယ်စား ဦးစံသိမ်းက နိဂုံးချုပ်စကား အသီးသီး ပြောကြားကြသည်။

## ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူခြင်း

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဖေ်ဖြပါ ၁၃၁၃-ခုနှစ် ၄-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး၌—

(က) အဘိဓမ္မာရွှေပိုင်း ၅-ကျမ်း အာဂုံပြန်ဆိုပွဲတွင် အထောက် အမလွတ် ကင်းစွာပြန်ဆိုနိုင်ခဲ့၍ ဂုဏ်ထူးနှင့်တကွ အောင်မြင် ခဲ့သည့်ပြင်—

(ခ) သဘောရေးဖြေပွဲတွင်လည်း အမှတ်ရာခိုင်နှုန်း (၉၄) မှတ် ရရှိတော်မူသောကြောင့် ဂုဏ်ထူးနှင့်တကွ အောင်မြင်တော် မူလေသည်။

အဘိဓမ္မပုဗ္ဗဘာဂ-ဂန္ထေသွပိ သုကောဝိဒေါ။
ယေန ဓသာ သုဝိသေသေန၊ ဇယဂ္ဂါဟိ ဝိသာရဒေါ။

ယင်းစတုတ္ထအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲတွင် ၁၂၆၁-ခုဖွား ကျိုက်ထိုမြို့ မရမ်းချိုကျောင်းတိုက် အရှင်သာဂရသည် ဝိနည်း ၅-ကျမ်း သဘောရေးဖြေပွဲ၌ ရာခိုင်နှုန်း ၈၇-မှတ် ရရှိအောင်မြင်တော်မူသည်။ ၁၂၇၁-ခုဖွား ပခုက္ကူမြို့ သာသနဝိပုလာရာမတိုက် အရှင်ကောဝိဒသည် ဝိနည်း ၅-ကျမ်း (က) အာဂုံပြန်ပွဲတွင် ဥပဒေနှင့် ညီညွတ်စွာ အောင်မြင်သည့်ပြင် (ခ) သဘောရေးဖြေပွဲတွင်လည်း ရာခိုင်နှုန်း (၈၈) မှတ်ရကာ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသည်။ ရန်ကုန်မြို့ သိမ်ဖြူတိုက် သာမဏေ ရှင်ဓမ္မပါလသည် သုတ္တန်ပိဋက သံယုတ္တ-နိကာယ် အာဂုံရေးဖြေ ၂-ရပ်လုံးတွင် ဥပဒေနှင့် ညီညွတ်စွာ အောင်မြင်တော် မူသည်။

## နိုင်ငံတော်သမ္မတ အောင်လက်မှတ် ဆက်ကပ်

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ယင်းသို့ အာဂုံ, ရေးဖြေ ၂-မျိုးလုံးတွင် အဘိဓမ္မာ ရွှေပိုင်း ၅-ကျမ်းကို ပြန်ဆို ရေးဖြေ အောင်မြင်သဖြင့် ၁၃၁၃-ခု တပို့တွဲလဆုတ် ၆-ရက်နေ့တွင် နိုင်ငံတော် သမ္မတအိမ်တော်တွင် မင်းပွဲအခမ်းအနားဖြင့် အသိအမှတ် အောင်လက်မှတ်ကော် ဆက်ကပ်ခြင်းကို ခံယူတော် မူရလေသည်။

## သာသနာ့ရိပ်သာ ချီးကျူးပူဇော်ပွဲ

ရန်ကုန်မြို့ သာသနာ့ ရိပ်သာ၌လည်း ၁၃၁၃-ခု တပို့တွဲလဆုတ် ၇-ရက်နေ့တွင် အသင်းအဖွဲ့ပေါင်းစုံ ဆေးဆရာများအဖွဲ့, သမ္မာယုဝ အင်္ဂါအသင်း စသော အသင်းအဖွဲ့ပေါင်း ၂၈-သင်းပါဝင်လျက် ပစ္စည်းဝတ္ထု မြားမြောက်စွာ လှူဒါန်း၍ရင်း ဩဘာစာ, ချီးကျူးလွှာ လင်္ကာ-ကဗျာ အမျိုးမျိုးတို့ ရွတ်ဖတ်၍ ရင်း ခမ်းနားစွာ ချီးကျူးပူဇော်ပွဲကြီး ကျင်းပ၍ ချီးကျူးပူဇော်ကြကုန်၏။

သာသနာ့ရိပ်သာ အာသာမေပါ၊ ထေရေ ထိရေသု သဏ္ဍိတော။
သဟာ ဝိစိတ္တဇတ္တရေန၊ ပူဇန် ထောမန် ကချိ။

## ချီးကျူးလွှာအချို့ကို ဖော်ပြခြင်း

ဖော်ပြပါ သာသနာ့ရိပ်သာ ချီးကျူးပွဲ၌ ရွတ်ဆိုဖတ်ကြား လျှောက်ထားပူဇော်သည့် ပူဇော်လွှာ ချီးကျူးလွှာတချို့ကို သဒ္ဓါတရား ပွါးများနိုင်ရန် ဖော်ပြအပ်ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း၏ ချီးကျူးချက်

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကြီး၏ တိပိဋကဓရရွေးချယ်ပွဲ အဖွဲ့ကြီးက ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်များကို ရွေးချယ်ရန် စာပြန်ပွဲကြီးကို ကျင်းပလာခဲ့သည်မှာ ယခု ၁၃၁၃-ခုနှစ်တွင် လေးကြိမ်မြောက်ကျင်းပသော ပွဲကြီး ဖြစ်ပါသည်။ လေးကြိမ်မြောက် ကျင်းပတဲ့ပွဲကြီးမှာ အောင်မြင်သည့် ပုဂ္ဂိုလ်များ လေးပါး ပေါ်ထွက်ပါသဖြင့် လေးနှစ်မြောက်မှာ လေးပါး ပေါ်ထွက်ခြင်းသည် တူသောအချက်တခု ဖြစ်ပါတယ်။ တနည်းအားဖြင့် ပိဋကသုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်ရွေးချယ်ရာမှာ တပါးတည်းနှင့် သုံးပုံဆောင်ရွက်နိုင်သော ပုဂ္ဂိုလ် မတွေ့ရသေးသော်လည်း ယခုနှစ်မှာ ဆရာတော် ဦးကောဝိဒနှင့် ဆရာတော် ဦးသာဂရ နှစ်ပါးတို့က ဝိနည်းပိဋကတ်တော်ကို, အရှင် ဝိစိတ္တသာရာဘိဝံသက အဘိဓမ္မာပိဋက (အဘိဓမ္မာ ပိဋကရှေ့ပိုင်း ၅-ကျမ်း)ကို, ရှင်ဓမ္မပါလက သုတ္တန်ပိဋက (သံယုတ္တနိကာယ်)ကို အသီးသီး ပြန်ဆိုအောင်မြင်တော်မူကြသဖြင့် ဒီနှစ်မှာ တပါးတည်းမဟုတ်သော်လည်း ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်များ ထွက်ပေါ်လာသည်ဟု ပြောစရာအချက်တခုသည်း ပေါ်ပေါက်ပါသည်။

ဤကဲ့သို့ အချက်နှစ်ခု ဒီနှစ်ပေါ်ပေါက်သည်ကို ထောက်ထားလိုက်ပါလျှင် မြတ်စွာဘုရား၏ တန်ခိုးတော်မြတ်ကြောင့်ရင်း, သာသနာတော်၏ တန်ခိုးတော်ကြောင့်ရင်း နောက်နောင်နှစ်များမှာ တပါးတည်းနှင့်ပင် ပိဋကသုံးပုံကို

အာဂုံဆောင်နိုင်သည့် အာဇာနည် ပုဂ္ဂိုလ်ကောင်း ဆုတောင်း ပါရမီရှင်တွေ မပေါ်ပေါက်ပဲ နေမည်မဟုတ် ပေါ်ပေါက် လာလိမ့်မည်ဟူ၍ပင် ယုံကြည် မျှော်လင့်ဖွယ် ရှိပါသည်။

ယခု အာဂုံဆောင် အောင်မြင်တော်မူသော ပုဂ္ဂိုလ်မြတ် လေးပါးတို့၏ အကြောင်းကို ကြားရတဲ့အခါ ၎င်းကိုယ်တော်မြတ်များကို ဖူးမြင်ရတဲ့အခါကြ တော့ "ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်" ဆိုတဲ့ လူများပြောကြတဲ့ စကား အရ ဟိုရှေးခေတ်ဟောင်းဖြစ်တဲ့ မြတ်စွာဘုရား ထင်ရှားရှိတော်မူတဲ့ လက်ထက် တော် အခါကြီး သွားပြီး အောက်မေ့မိပါတယ်၊ လွမ်းဆွတ် ကြည်နူးမိပါတယ်၊ ယခုခေတ်အခါမှာ ယခုခေတ်အလျောက် ပိဋကအာဂုံဆောင် အာဇာနည် ပုဂ္ဂိုလ်များ ပေါ်ပေါက်သလို ဟိုမြတ်စွာဘုရားသခင် လက်ထက်တော်ဖြစ်တဲ့ ရှေးခေတ်ဟောင်းကြီးကလဲ တပါးတည်းနှင့် ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်တွေ ရှိကြလိမ့်မည်ဟု ယုံကြည်မြတ်နိုး အသူးအောက်မေ့စရာ ဖြစ်ပါတယ်။

သို့ရာတွင် အချို့ကတော့ မြတ်စွာဘုရား လက်ထက်တော်မှာဆိုလျှင် သံဃာ တော်တွေအားလုံးဟာ ပိဋကသုံးပုံအာဂုံဆောင်ချည်းပဲလို့ ထင်ချင်လဲထင်ကြ လိမ့်မယ်၊ စင်စစ်အားဖြင့် ဒီလို မဖြစ်နိုင်ပါ၊ ပဋိပတ္တိ ကျင့်ဝတ်ဘက်မှာ မြတ်စွာ ဘုရားလက်ထက်မှာပင် အချို့သော ပုဂ္ဂိုလ်များက ပုထုဇဉ်သာဖြစ်၍ အချို့က သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ၊ ရဟန္တာထဲမှာလဲ အနိမ့်ဆုံး သုက္ခဝိပဿကရဟန္တာ, ဈာနလာဘီရဟန္တာ, တေဝိဇ္ဇရဟန္တာ, ဆဠဘိညရဟန္တာ, ပဋိသမ္ဘိဒါပတ္တရဟန္တာ, ဧတဒဂ်ရရဟန္တာ, မဟာသာဝက, အဂ္ဂသာဝက ဟူ၍ အဆင့်ဆင့်ကွဲပြားသလို ပရိယတ္တိဘက်မှာလဲပဲ အားလုံး ပိဋကသုံးပုံ အာဂုံ ဆောင် အဆင့်ဆင့် ကွဲပြားလျက် ရှိပါတယ်။ ၎င်းကဲ့သို့ ကွဲပြားကြောင်းကို မဟာဝါဠနက ပါဠိတော်မှာ—

> ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေ- တဗ္ဗံ နိဿယော ဒါတဗ္ဗော သာမဏေရော ဥပဋ္ဌာပေတဗ္ဗော အာပတ္တိံ ဇာနာတိ အနာပတ္တိံ ဇာနာတိ လဟုကံ အာပတ္တိံ ဇာနာတိ ဂရုကံ အာပတ္တိံ ဇာနာတိ ဥဘယာနိ ခေါ ပန ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ။

စသည်ဖြင့် ရဟန်းများမှာ သူတပါးတို့ အလိုရှိသည့်အတိုင်း ရဟန်းခံမပေးရ၊ သူတပါးအပေါ်က မှီခိုရာ ဆရာမလုပ်ရ၊ သာမဏေကလေးများကို အစေအပါး ခိုင်းမထားရ၊ အာပတ်သင့်ကြောင်း သိရသည်၊ အာပတ်မသင့်လျှင် မသင့် ကြောင်းကို သိရမည်၊ ၎င်းအာပတ်သည် ပေါ့သောအာပတ်ဟု သိရမည်၊ ၎င်း အာပတ်သည် လေးသော အာပတ်ဟု သိရမည်၊ ဥဘတောဝိဘင်းကျမ်းကို

နှုတ်ဘက်အာဂုံ ဆောင်နိုင်ရမည်။ အဓိပ္ပါယ်ကိုလည်း နားလည်ရမည်။ ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံမှသာလျှင် သူတပါးကို ရဟန်းခံပေးခြင်း၊ သူတပါးအပေါ်က မှီခိုဆရာလုပ်ခြင်း၊ သာမဏေကို စေခိုင်းခြင်း အလုပ်တွေကို လုပ်ရမည်ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်ကို ထောက်လျှင် ရဟန်းတိုင်း ဉဘာသော ဝိဘင်းကို အာဂုံဆောင်မထားနိုင်ကြောင်း သိသာပါသည်။

ကောသမ္ဗက္ခန္ဓက၌လည်း အခြားရဟန်းတပါးကို ဖိနှိပ်သောက် ပြုလိုတိုင်း မပြုရ ထိုပုဂ္ဂိုလ်၏ အကဲကိုခတ်ရဦးမည်ဟူသော အဓိပ္ပါယ်ကို–

"သော စ ဘိက္ခု ဗဟုဿုတော ဟောတိ အာဂတာဂမော ဓမ္မဓရော ဝိနယဓရော"–

စသည်ဖြင့် ထိုရဟန်းဟာ အကြားအမြင်များသော ပုဂ္ဂိုလ်၊ နှုတ်မှပိဋကအာဂုံ ဆောင်ထားသော ပုဂ္ဂိုလ်၊ ဓမ္မဝိနယ နှစ်ပါးစလုံးကို ဆောင်ရွက်ထားသော ပုဂ္ဂိုလ်ဖြစ်လျှင် ကံမပြုရဟု မြတ်စွာဘုရား ဟောတော်မူသော ပါဠိတော်ကို ထောက်လျှင်လည်း ရဟန်းတိုင်း ပိဋကအာဂုံမဆောင်နိုင်ကြောင်း သိသာပါသည်။

အာဇာနည် အရှင်မြတ်များကသာ ပိဋကသုံးပုံကို အာဂုံ ဆောင်တော်မူခဲ့ကြရာ ထိုအာဇာနည် ပုဂ္ဂိုလ်အဆက်ဆက်အားဖြင့် ပဌမသံဂါယနာ၊ ဒုတိယသံဂါယနာ၊ တတိယသံဂါယနာ၊ စတုတ္ထသံဂါယနာအထိ အာဂုံဆောင်ပုဂ္ဂိုလ် အဆက်ဆက် ဆောင်ရွက်တော်မူခဲ့ကြပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် နှစ်ပေါင်း လေးရာ ငါးဆယ်မြောက် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကြီးလက်ထက်က စတုတ္ထသံဂါယနာတင်ရာတွင် နောက်နောင် မေ့လျော့ တိမ်းယိမ်းခြင်း မရှိရလေအောင် ပေထက်အက္ခရာကို ရေးသားတော် မူခဲ့ကြသည်။ အချို့က မြတ်စွာဘုရား လက်ထက်တော်မှ စ၍ စတုတ္ထ သံဂါယနာအထိ ဒီအတွင်းမှာ စာရေးသား မထားကြသည့်အတွက် နှုတ်တက် ဆောင်မှုကို အကြောင်းပြုတော်မူကြသည်။ ပေထက်အက္ခရာ ရေးသားတင်ထားသည်ကစ၍ နှုတ်ဘက်အာဂုံဆောင်မှုကို မလိုတော့ဘူးဟု အောက်မေ့ကာ အာဂုံဆောင်မှုကို လက်လျော့ လာခဲ့ကြသည်ဟူ၍ ထင်မြင်ယူဆနေကြပါတယ်။

ဒီလိုမဟုတ်ပါ ဉာဏ်ပညာလုံ့လ ဝီရိယ ပြည့်စုံသူတို့မူကား ပေထက် အက္ခရာ တင်ထားပြီး ဖြစ်သော်လည်း အာဂုံရွက်ဆောင်မှုကို လက်မလျော့ကြပေ။ သည်အာဂုံရွက်ဆောင်ကြခြင်းသည် သင့်မြတ်သော အလုပ်တခုဖြစ်၍ ပင်ပန်းသည်ကိုပင် ပင်ပန်းသည်ဟု သဘောမထားပဲ ရွက်ဆောင်မြဲ ရွက်ဆောင်နေကြပါသည်။ ထို့မှ နောက်ကာလ တာလျှောက်လုံးမှာလည်း အာဂုံဆောင်ခြင်းကို ရွက်ဆောင် အားထုတ်လျက်ပင် လာခဲ့ကြပါသည်။

မြန်မာသက္ကရာဇ် ၇၀၀ ကျော်မှာပေါ်ပေါက်သော စင်ကိုင်းအရှင်အဒိယဝံသ မထေရ်မြတ်သည် စာသင်ရဟန်းအရွယ်မှာ မိန်းမကိုယ်ဝန်ဆောင် တယောက် ရှက်နိုင်လောက်အောင် လေးတဲ့ စာပေများကို နှုတ်တက် အာဂုံဆောင်ထား ကြောင်းနှင့် အဋ္ဌုပ္ပတ္တိစာတမ်းများမှာ လာရှိပါသည်။ သည်နောက်လည်း သာသနာပိုင် အဆက်ဆက်တို့က ခန်းနေရဟန်းများမှာ ဒွေးမာတိကာကို ပြန်ဆို ရမည်၊ ကျောင်းထိုင်ပုဂ္ဂိုလ်များက ဝိနည်းငယ် လေးစောင်ကို ပြန်ဆိုရမည်၊ တိုက်အုပ် တိုက်ပိုင် ဆရာတော်များက ဥဘတောဝိဘင်းကို ပြန်ဆိုရမည်ဟူ၍ အဆက်ဆက် အာဂုံဆောင်ပြန်မှုကို နှိုးဆော်လျက် ရှိပါသည်၊ သာသနာပြု မင်းများက ကျင်းပတော်မူသော ပဋ္ဌမပြန်ပွဲများမှာလည်း ယခုကာလလို ရေးဖြေပွဲမဟုတ် နှုတ်တက်အာဂုံ ရွက်ဆောင်ပြန်ဆိုသောပွဲများသာ ဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ အာဂုံဆောင်မှု ကိစ္စကို အစဉ်အဆက် လက်မလျှော့ပဲ စွမ်းနိုင် သမျှ စွမ်းဆောင်ကြကြောင်း ထင်ရှားပါသည်။

ကျွန်တော်များလက်ထက် မန္တလေးမြို့ပေါ်မှာ ထင်ပေါ်ကျော်စောသော ဆရာတော် ဦးရန်ကုန်သည် တပည့်များအား စာအရကျက်ရန် အမြဲ တိုက်တွန်းတော်မူသည်၊ စာရလျှင် တဝက်တတ်တယ်လို့ မှတ်ရမည်ဟု ဆုံးမလေ့ ရှိပါသည်။ လောကမှာ လူယဉ်လူရိုင်း ဟူ၍ နှစ်စားရှိတယ်။ လူယဉ်များမှာ မိမိတို့ ခုနှစ် သက္ကရာဇ်ကို အသေအချာ စိတ်ထဲမှာ မှတ်သားထားသည် ဖြစ် သောကြောင့် အသက်ကို မေးလိုက်လျှင် ရှတ်တရက် မည်ရွေ့မည်မျှ ရှိသည်ကို ပြောနိုင်တယ်။ လူရိုင်းများမှာ စာပေနှင့် မှတ်သားထားခြင်းမရှိ၊ တနှစ်လျှင် တနေရာ ရွှေ့ပြောင်းလုပ်ကိုင်သော ယာကွက်ကိုသာ မှတ်ထားသည်ဖြစ်၍ သူ တို့ကို အသက်မေးလိုက်ပါလျှင် ယာထဲလိုက်ခဲ့ပါဟု ခေါ်သွားပြီးသည့်နောက် ယာကွက်တွေကို ရေတွက်ပြီးမှ သူတို့ရဲ့အသက်ဟာ ဘယ်လောက် ရှိတယ်လို့ ပြောနိုင်တယ်။ အဲဒါ လူရိုင်းတွေရဲ့ ဓလေ့ခေတ်ပဲ။ မင်းတို့လဲ သူတပါးတို့က စာလာမေးလို့ရှိလျှင် မိမိတို့ မိမိတို့ နှုတ်တက်လေ့ကျက် ဆောင်ရွက်ထားတဲ့ အထဲက ထုတ်ဖော် ရွတ်ဆို၍ ပြောပြလိုက်နိုင်လျှင် လူယဉ်ဖြစ်မယ်။ နေအုံး စာကြည့်ပါရစေအုံးလို့ ဆိုရပါလျှင် လူရိုင်းပဲဖြစ်မယ်။ ဒီတော့ မိမိကိုယ်ကို မိမိ လူရိုင်းမလုပ်ကြပါနဲ့။ တခါတည်း မေးလာရင် ပြောနိုင်လောက်အောင် အာဂုံ ဆောင်ထားကြဖို့ ဆရာတော် ဦးရန်ကုန်က ဆုံးမလေ့ ရှိပါတယ်၊ ဆရာတော် ဦးရန်ကုန်သာမဟုတ် အသီးအသီး ဆရာများက ကိုယ့်တပည့်များကို ဤ အတိုင်းပင် ဆုံးမကြပါတယ်။

ကျွန်တော်ကိုယ်တိုင်ပင် သာမဏေဖြစ်စဉ်က ဆရာ၏ ဆုံးမချက်အရ သဒ္ဒါကြီး၊ သင်္ဂြိုဟ်၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ်၊ သံဝဏ္ဏနာ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ဝစ္စဝါစက ဤစာများကို အရနှုတ်တက် ကျက်ဆောင်ထားရပါတယ်၊

မရလျှင် အရိုက်ခံရပါတယ်၊ ဤမျှလောက် အာဂုံဘက်လဲ တိုက်တွန်းမှုများ ရှိပါတယ်၊ ဤအာဂုံဘက်မှာ လျော့ပေါ့သွားခြင်းဟာ သဒ္ဒါ၊ သင်္ဂြိုဟ်စသော သင်ခန်းစာလေးများကို ပုံနှိပ်ထုတ်ဝေလိုက်သည့် အခါကျမှ စာပေ အာဂုံဆောင်မှုများ လျော့ပါးသွားသည်လို့ ထင်ပါတယ်။ ဘာပြုလို့လဲဆိုလျှင် ဤစာအုပ်များကို ပုံနှိပ်တိုက်များမှ မထုတ်ခင် ပေစာဆိုတာ အင်မတန်မှ ရှားပါးပါတယ်။ ပုံစံပြရလျှင် ပါရာဇိကဏ် ပါဠိတော် ဆိုပါတော့ ရှေးခေတ် ကျောင်းစဉ်က သားရေဖုံးပြီး စာအုပ်တအုပ်ကို ၁၀/ ပေးရပါတယ်။

ဒီ ပါဠိတော်ကို ပေနှင့်ရေးရင် အောက်ထစ်ဆုံး ၅၀-ကျော်ကုန်ပါလိမ့်မယ်။ ဤမျှလောက်ပေက အဖိုးတန်တာကို ပေလဲမသားနိုင် နောက်ကို အလိုရှိလျှင် ရအောင် အာဂုံဆောင်ထားဖို့ကိုသာ အားကိုးရပါတော့တယ်၊ ဤစာအုပ်ကလေးတွေ ပေါ်လာတော့ကာ စာအုပ်မှာ ငါးမူး ခြောက်မူး ပေးရပါတော့တယ်။ ဒီတော့ စာတအုပ်စီ ဆောင်ထားသဖြင့် ကိစ္စပြီးတာပဲ ကျက်ဖို့မလိုတော့ဘူးဟု သဘောရပြီး အာဂုံကျက်မှု လျော့ပါးလာတယ်လို့ ထင်ပါတယ်။ အဲဒီလိုသာ လျော့ပါးသွားလျှင် သာသနာ ဆုတ်ယုတ်ဖို့အကြောင်း ဖြစ်နေသည့်အတွက် သာသနာ မဆုတ်ယုတ်ရလေအောင် သာသနာတော်စောင့် သမ္မာဒေဝ နတ်များက ဂျစ်ကိုက်လာကြဟန် တူပါတယ်။ လူကြီးမင်းများ ဆစ်ဆက် စကားက "သာသနာတက် မင်းကောင်းတချက်" ဟူသော စကား ထင်ရှား ပြောဆိုနေခဲ့ကြပါတယ်။ ယခုအခါ သာသနာတော်ကလဲ တက်လဲတော့မည့်ဆဲဆဲသား မင်းကောင်းများသည်း ပေါ်ရမည့်အချိန်အခါ ဖြစ်၍ သာသနာတော် ကောင်းစားဖို့ရန် ခေတ်စောစောကပင် သမ္မာဒေဝ နတ်များက ကြိုတင်ပြီး သတိုးသီရိသုဓမ္မဘွဲ့ခံ သူဌေးကြီး ဆာဦးသွင် စိတ်ကို နှိုးဆော်ကြသည်ဟု ထင်မြင်ပါသည်။ ဘာပြုလို့လဲ ဆိုတော့ မြန်မာနိုင်ငံတော်တွင် ဂျပန်များမရောက်မီကပင် သူဌေးကြီးက ကျွန်တော့ကို မေးပါတယ်၊ ပိဋကသုံးပုံကို အာဂုံဆောင်ပုဂ္ဂိုလ် ရွေးချယ်ချင်တယ်၊ ပိဋကသုံးပုံပြန် စာမေးပွဲ ကျင်းပချင်တယ်၊ ဘယ်လိုလုပ်ရမလဲ အကြံဉာဏ်ပေးပါလို့ ပြောပါတယ်၊ ဒီတော့ ကျွန်တော်က ဒီသူဌေးကြီးဟာ ပိုက်ဆံပေါများနေတော့ လုပ်စရာ ကိုင်စရာ အထူးမရှိပဲ အားနေတိုင်း ဒီအလုပ်ကြီးကို လုပ်ရန် ကြံစည်တာနဲ့ တူပါရဲ့လို့ တွေးမိတယ်၊ သို့သော်လဲ သူမေးရင် ဖြေအပ်တဲ့ သဘောအတိုင်း သူဌေးကြီးအကြံအစည်က အင်မတန်မှ ကောင်းမွန်မြင့်မြတ်ပါတယ်၊ သို့ရာတွင် ကြီးကျယ်ခလေးလံလှပါတယ်။

ဒါလောက် ကြီးကျယ်သော ဝန်ကြီးကို ကျွန်တော့ဉာဏ် တဉာဏ်တည်းနှင့် ဝေဖန်ခွဲခြမ်းဖို့ရန် မလုံလောက်ပါ။ သို့ပါ၍ မြန်မာနိုင်ငံ အထက်အောက် သာသနာတော်စောင့် သာသနာ့ဝန်ဆောင် ဆရာတော် သံဃာတော်ကြီးတွေ

အများကြီးရှိပါတယ်။ ထိုဆရာတော်ဘုရားများထံက အမိန့်ပြန်စာများ ရောက်ရှိလာသောအခါ ကျွန်တော့ကို ခေါ်တိုင်ပင်ပါ၊ ကျွန်တော် ဆရာတော်ဘုရားများ၏ အမိန့်တွေကို အထောက်အထားပြုပြီး ဝေဖန်ပါ့မယ် ဟူ၍ ပြန်ဖြေရပါတယ်။ သည်လိုနဲ့ပဲ အချိန်ကာလ လွန်သွားခဲ့ပါတယ်။ နောက် ဂျပန်များ ဝင်လာတဲ့အခါ တဖန် ဤအမေးကို မေးမြန်းပြန်ပါတယ်။ ဒီတော့ ကျွန်တော် လဲပဲ ယခု ဖြေသလိုပဲ ပြန်ဖြေထားပါတယ်။

နောက် မြန်မာနိုင်ငံတော် လွတ်လပ်ရေး ရ၍ မြန်မာအစိုးရမင်းများ လက်ထက်ရောက်တဲ့ အခါကျတော့မှ သူ့အိမ်ကို အခြားပရိသတ်များနှင့် တကွ အထူးဖိတ်ခေါ်ပြီး တိုင်ပင်ခြင်း ပြုပါတယ်၊ ထိုအခါမှာတော့ ဆရာ အကြံပေးတဲ့ အတိုင်း ဆရာတော် သမားတော်များထံ လျှောက်ထားတယ်၊ သို့သော် စာနဲ့ ပေနဲ့ကား ပြန်၍ဖြေတော်မမူကြပါ၊ နှုတ်မိန့်သာ ပေးသွားကြပါတယ်။ နှုတ်မိန့် ပေးရာမှာလဲ တချို့က ကောင်းသည်ဟုဖြေ၍ တချို့က အလကား ရဟန်းငယ်များကို ဒုက္ခဖြစ်အောင် လုပ်တာပါကွယ် ဟူ၍ အမိန့်ရှိသွားကြပါတယ်။

ဒီတော့ ဆရာတော်များအားလုံး မိန့်ကြားတော်မူကြသောစကားများတွင် အထူး တိုက်တွန်းချက် မပါ၍ ကျွန်တော့စိတ်ထဲမှာ သံသယမကင်း ရှိပါတယ်၊ ဆရာ ထင်မြင်တဲ့ အတိုင်းသာ အတိအလင်း ပြောပါတော့ ဟူ၍ ပြောပါတယ်။ သည်တော့မှ ဆရာတော်များက တိုက်တွန်းခြင်း မပြုတာ တခြားကြောင့် မဟုတ်၊ သူဌေးက အာဂုံအပြန်ခိုင်းမယ်သာ လျှောက်ထားနေတော့ အာဂုံပြန်ရုံနဲ့ ကိစ္စမပြီးဘူး အနက်အဓိပ္ပါယ်ကိုလဲ သိအုံးမှ ကိစ္စပြီးမယ်၊ သို့ဖြစ်၍ အာဂုံ လေ့ကျက် ပြန်ဆိုစေမည့် စာပြန်ပွဲကြီးဖြစ်၍ အားပေးတော် မမူကြတာပဲလို့ ကျွန်တော် အစီရင်ခံပါတယ်။

ဒီတော့ သူဌေးကြီးက ဒီလိုဆိုရင် အာဂုံရော, သဘောရေးဖြေစာမေးပွဲရော နှစ်မျိုးတွဲ၍ ကျင်းပပါမယ်လို့ ဝန်ခံပြီးတော့ ဤစာပြန်ပွဲကြီးကို စတင်လုပ်ခဲ့ပါတယ်။ ဒီတော့မှ ပြန်ပြီးတော့ ရှေးတုန်းက သူဌေးကြီးက အားလပ်တိုင်း စိတ်ကူးမိတိုင်း စိတ်ကူးချင်ရာ စိတ်ကူးပြီး လုပ်တာမဟုတ်ဘူး၊ သာသနာတော် ပြန့်ပြီးကောင်းစားဖို့ရာ "သာသနာတဝက် မင်းကောင်းတချက်" ဟူသောစကားအရ သူဌေးကြီး၏ စိတ်ကို မလုပ်မနေရအောင် နှိုးဆော်နေကြဟန်တူသည်လို့ ထင်မြင်တွေးဆမိပါတယ်။

ဤသို့ တွေးဆမိသည့်အတိုင်း ယခုသဘောရေးဖြေ စာမေးပွဲနှင့် တကွ အာဂုံပြန်ပွဲကြီး ပေါ်ပေါက်လာပြီဖြစ်၍ နောင်ကိုလည်း အစဉ်မပြတ် ဆက်လက်ကာ အာဂုံဆောင် ရှေးခေတ်ကောင်းကြီးဘက်သို့ တိုးတက်နိုင်သမျှ တိုးတက်သွား

လိမ့်မည်ဟု ယုံကြည်ဆိုက်သုပေသည်၊ တချို့က ဘယ့်နယ် ခေတ်ကိုနောက်ပြန်ဆွဲနေတာလဲ ခေတ်နောက်ပြန်ဆွဲနေလို့ ဘယ်ကောင်းမလဲလို့ ပြောချင်ကြကောင်း ပြောကြပေလိမ့်မယ်၊ သို့ရာတွင် ဘာမှ အနှစ်သာရမရှိတဲ့ လောကဘက်မှ ခေတ်ဟောင်းကို ပြောင်းပြန် ပြန်ဆွဲနေဖို့ မလိုဘူး၊ ကောင်းသည်ထက်ကောင်းအောင် ဒဖက်ဖက်က အသစ် ထွင်သွားဖို့ လိုတယ်ဆိုတာလောက်ဘက်မှာတော့ ဟုတ်ပေလိမ့်မယ်၊ သာသနာတော်ဆိုတာဟာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီတော်အဟုန်ကြောင့် ရရှိသော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ထိုးထွင်း သိမြင်တော်မူအပ်သောအရာ ဖြစ်၍ အလွန်တရာမှ ခက်ခဲနက်နဲ မွန်မြတ်လှသည်ဖြစ်သောကြောင့် ဘယ်တော့မှ တိမ်းကောသွားသည် ရိုးသွားသည်ဟူ၍ မရှိနိုင်ပါ။

လောကမှာ ပြောကြတဲ့ "ကြာလေ ကောင်းလေ၊ ဟောင်းလေ သင်းလေ" ဆိုတဲ့ စကားအတိုင်းပါပဲ၊ ရှေးသဘောဟောင်းကို ပြန်နိုင်လေ ကောင်းလေ မြတ်စွာဘုရားလက်ထက် ခေတ်ဟောင်းကြီးမျိုး ပြန်လည်ဆိုက်ရောက်မယ်ဆိုယင်ဖြင့် အကောင်းဆုံးကြီး ဖြစ်သွားမှာပဲ၊ အဲဒါကြောင့် ဘုရားလက်ထက်တော်က ခေတ်ဟောင်းကြီးမျိုးကို ရောက်နိုင်သမျှ ရောက်အောင် စွမ်းဆောင်နိုင်သမျှ သာသနာတော် သာသနာ့ဝန်ဆောင် ဖြစ်တော်မူသော ဆရာတော် သံဃာတော် အရှင်မြတ်များကလည်း တပည့်လက်သားများအား အားပေး စောင့်ရှောက် ချီးဆောင်တော်မူကြပါမည့်အကြောင်း၊ ဉာဏ်လုံ့လ ဝီရိယ ပြည့်စုံတော်မူကြသော အရှင်မြတ်များကလည်း ယခုစာပြန်ပွဲကြီးတွင် အောင်မြင်သော အရှင်မြတ် လေးပါးတို့ကဲ့သို့ နောင် အောင်မြင်တော်မူကြရန် ကြိုးစား အားထုတ်တော်မူကြပါမည့်အကြောင်း ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကလဲပဲ သည် ခေတ်ဟောင်းကြီးမျိုးကို တတ်စွမ်းနိုင်သလောက် ရောက်စေမဟဲ့ဆိုတဲ့ စေတနာ သဒ္ဓါတရားဖြင့် ကြံစည်အားပေးကာ ဤစာပြန်ပွဲကြီးမျိုးကို နှစ်စဉ် ဆက်လက် ကျင်းပတော်မူကြပါ။ အားလုံး ယခု လာရောက်ချီးကျူးမှု ပြုကြသော အသင်းအပင်းတို့ကလည်း စေတနာသဒ္ဓါတရား နောက်မဆုတ်ပဲ အားထုတ်ပါးများကာ ယခုနှစ် ဝိုင်းဝန်းချီးကျူးပူဇော်ကြသလို နောက်နောင်နှစ်များလဲပဲ ဝိုင်းဝန်း ချီးကျူးပူဇော်ကြလိမ့်မည်ဟူ၍ ကျွန်တော် ယုံကြည်ပါကြောင်း[၁]။

အဂ္ဂမဟာပဏ္ဍိတောဘိ ဓာဇဒတ္တိယ လဒ္ဓိနာ။
ဆဆာလင်းနာမဓေယျေန၊ ကာ ကထာ ဟိ ပဝတ္တိတာ။

---

၁။ ဆရာကြီးသည် နှုတ်လွတ် ပြောဆိုချီးကျူးသည့်စကား ဖြစ်သည်။ သမိုင်းကြောင်း အတွက်ပါ အထောက်အကူပြုသဖြင့် အစီရင်ခံစာ အကျဉ်းချုပ်မှ ယူ၍ ဖော်ပြပါသည်။

### စာရိတ္တပြုပြင်ရေး ဆရာဦးစံတင့်ရေး အရှင်ဝိစိတ္တသာရအား ချီးကျူးသည့် စည်တော်သံ

(၁) ဘိဓမ္မာပိဋက ထိကရအကျော်၊ အာဂုံတော် အောင်ဆုပန်းကို
လှမ်းဆွတ်ပေါ့နော်၊ သော်အခမ်း တော်ပါပေ့တနဲ့။
မြတ်မထေရ် အတတ်လေညာဏ်မှာစွဲတယ်၊ ဖြိုးမောက်လှိုက်ဲ့။

(၂) ဝိစိတ္တရှင်သာရ၊ လျင်စွာပပြန်ဆို၊ ဘိဓမ္မာနယကျမ်းကို၊ ကမ်းခပ်
ထိုထို၊ ပိုမလို စာကိုယ်နဲ့ ပုဒ်ရင်း၊ စုံအလင် ကုန်အစင် ညာဏ်တော်
သွင်းတယ်၊ ဝင်းထိန်လှိုလင်း။

(၃) ဂုဏ်ထူးဆောင် အောင်ဆုမြတ်၊ ဆက်ကပ်ပေါ့ အရှင်။ မထေရ်ရှင်
ညာဏ်တော်လျှမ်းတယ်၊ပန်းသို့ပုံသွင်၊သမရှင် လူ့ တခွင်ကျော်ကြား၊
ညာဏ်အဆီ မြန်မဟီတံခွန်လွှားတယ်၊ ဦးချညွှတ်တွား။

ဤကား စာရိတ္တပြုပြင်ရေး ဆရာဦးစံတင့်ရေး အရှင်ဝိစိတ္တသာရာဘိဝံသအား ချီးကျူးဂုဏ်ပြုသော စည်တော်သံဖြစ်သည်။ ဦးစံတင့်သည် သာမဏေ ရှင်ဓမ္မပါလ, အရှင်ကောဝိဒ, အရှင်သာဂရ ဟူသော သာသနာ့အာဇာနည် ၃-ပါးတို့အားလည်း ချီးကျူးသည့် စည်တော်သံကိုလည်း ရေးခဲ့သည်။ သို့ရာတွင် ဤကျမ်းကား အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဋ္ဌုပ္ပတ္တိကျမ်းဖြစ်၍ သက်ဆိုင်သည်ကိုသာ ဖော်ပြသည်။

ဘေရိသဒ္ဒသံဂီတေန၊ ဝိစိတ္တံ အဘိပူဇယိ။
ဦးစံတင့်ဥပါသကော ဟိ၊ အနာကုလသဒ္ဒေါ သုခီ။

---

### မင်္ဂလာ ဦးအောင်မြင့် ရေးသား၍ ဆူးလေစေတီတော် ဦးထွန်းတင် ကြီးမှူးသော ဓမ္မစကြာ အမျိုးသမီး ဝတ်အဖွဲ့မှ ချီးကျူးလွှာ

သာဂရ ကောဝိဒါ စေဝ၊ ဝိစိတ္တာ ဓမ္မပါလကာ၊
ဥဒ္ဒနာနိ ပ ထာ နေရုံ၊ ထမ္ဘေသုံ ဇိနသာသနံ။

ဘောဂန္တော၊ ဓမ္မမိတ်ကလျာ ဤသာသနာ့ရိပ်သာဂယ် သာသနာ့နဂ္ဂဟ မြို့က် ဇိဇကို တကူစုခဆောင်း အိုသူတော်ကောင်းတို့။ သာဂရ စေဝ၊ မြို့ဘော်ကျိုက် ထိုမရမ်းချိုဟု မြိုင်ညိုရိပ်စောင်း ဆိပ်ငြိမ်ရာ စံရွှေကျောင်းဝယ် စိတ်ကောင်း မေ့ လျော်(အရှင်သာဂရဆရာတော်)မထေရ်မြတ်တို့သည်ရှင်း။ ကောဝိဒါ စေဝ၊ မြို့ ပခုက္ကူ အောင်လံထူသား ဇမ္ဗူဝှန်လှိုက် သာသနဝိပုလာရာမမြတ်ကျောင်းတိုက် ဝယ် နိုယာပိုက်မေ့လျော်(အရှင်ကောဝိဒ ဆရာတော်) မထေရ်မြတ်တို့သည်ရှင်း။ ဝိစိတ္တာ စေဝ၊မင်းကွန်း သာမော စုံမြိုင်တောဝယ် ရှင်စောနတ်သံ ဗျာမွေ့ကွန်ကို

မြန်ပြန်တုံ့ခေါက် ခြသံ့ဟောက်သို့ ဆက်လျှောက်နေစဉ် နှုတ်ပေါ်တင်သား (အရှင်ဝိစိတ္တသာရ အဘိဝံသမှည့်ခေါ်) မင်္ဂလာဒဆရာတော် တို့သည်ရင်း။ မင်္ဂလာ ၈၊ ရန်ကုန်မြို့၌ သိမ်ဖြူတိုက်ဝယ် ယာပိုထ်လေး၀ ကျင့်ဆောင်မျှသား မင်္ဂလာခေါ်တွင် အထူးသူမြတ်ဘို့သည်ရင်း။ နေရုံ၊ နေရှခေါ်ဆို မြင်းမိုရ်တောင်မင်းကို။ ဥဒ္ဒနာနိ ယထာ၊ မယိုင်မယိမ်း မတိမ်းရအောင် ထမ်းဆောင်ပုံဆောက် ကျေးဇူးခမြောက်သား ခုံလေ့ာက်နှုန်းပြိုင် မြသားကျောက်စိုင်ကြီးတို့ကဲ့သို့။ (ဤမေ စတ္တာခရာ)၊ အာဇာနည်ဂိုဏ်း သမိုင်းစံတင် ဤအရှင်မြတ်လေးပါးဘိုသည်။ သာဂရ စေ၀၊ မဟာသမုဒ္ဒရာ ကဲ့ပမာလျှင် လွန်စွာပြန့်ကျယ်သော ပညာရှိတော်မူကြကုန်သည် ဖြစ်၍ရင်း။ ကောဝိဒါ စေ၀၊ သေနာနိပ်ဆက် ဝင်နှောင့်ယှက်လည်း အသက်ကိုပင် မြက်လိုထင်၍ ဖြစ်ချင်ရာဖြစ် ကြိုးအားသစ်သွား တစ်ဆိုသည့်ဇွဲ ဇာနည်ကဲဖြင့် ရဲရဲတောက်ထိန် (မဟာဆိုတဲ့ ဘွဲ့ဘူးကို) ဆွတ်ခူးကာယူနိုမ်သည့် ပညိန္ဒြေ ရှိတော်မူကြကုန်သည် ဖြစ်၍ရင်း။ ဝိစိတ္တာ စေ၀၊ အာဂုံယဉ်နွဲ့ မြန်ဆိုပွဲဝယ် ပါဠိလွဲချွတ်ချော် တွေ့ကြိမ်သော်လည်း အာဘော်ယုတ္တိ ရှေ့နောက်ညှိ၍ ဝိနည်းစူဠခုံတင် ပုံအသွင်လျှင် ပြင်ကာဆင်ကာ စာတော်နာတို့၏ သက်ာပယ်လျော ရှင်း၍ပြောခဲ့ သဘောနက်စွာ ရေးဖြေရာဝယ် ပညာဝှန်ဖြိုး တံခွန်ထိုးသို့ ကိုးဆယ့်ခလေးတိုင် မှတ်ရာခိုင်ဖြင့် အပြိုင်ဂုဏ်သူး တကြိမ်နှင့် အရဦးသား အံ့မှုးလောက်ဖွယ် ဆန်းကြယ်သော ဉာဏ်အမြင် ရှိတော်မူကြကုန်သည် ဖြစ်၍ရင်း။ ခမ္ပလကာ၊ နေ့ချင်းညချင်း ခဏတွင်းဝယ် ခဲသဉ်းစွာလတ် ပရိယတ်ကို ဖြတ်ဖြတ်လျှင်လျှင် နှုတ်ပေါ်တင်သား သို့စင်ထူးခြား စွမ်းပကားဖြင့် တရားတော်ကို စောင့်ရှောက်နိုင်သည့် မဏ္ဍိုင်ဉာဏ်ဖူး ရှိတော်မူကြကုန်သည်ဖြစ်၍ရင်း။ ဇိနသာသနံ၊ ငါးပါးမာရ်နှင့် သုံးလူရှင်၏ သုံးအင်သီကွာ ပရိယတ္တိ သာသနာတော်ကြီးကို။ ထမ္ဘသုံ၊ မြင်းမိုရ်တောင်အောက် မြခုံခလောက်တို့ကဲ့သို့ ပံ့ထောက်ကြည်ဖြူ ထမ်းဆောင်တော်မူကြကုန်ပြီတကား။ ဝါ၊ ထမ္ဘသုံ=

အမျှား။ ပြည်သောင်စု မြန်မာနိုင်ငံတွင် သုံးနှစ်ခမြောက် ခါတော်တိုင်လျှင်။ (၂ ကြိမ်ဆို)

မြတ်ဗုဒ္ဓသာသနာဝင်၊ ဆဋ္ဌသံဂါယနာသဘင် (၂ ကြိမ်ဆို) ယင်မည့်အရေး မြင်ကြည့်တွေး၍ လေးဘက်ညီညာ သာသနာ ခုခါသမ်းကြ ကုန်ပြီဘကား။

ဤသည်လျှင် မင်္ဂလာ ဦးအောင်မြင့် ရေးသားစီရင်သော ချီးကျူးလင်္ကာ ဖြစ်သည်။

ဦးအောင်မြင့်လေးကောာ စာပိ၊ လေခနေသု သုကောဝိဒေါ်။
ကိဥ္စေါ ဿုဝိသိဋ္ဌသော၊ ထောမေသိ ထောမနာရဟေ။

**ပါဠိမြန်မာပညာရှိ ဦးချစ်ဖေ၏ ချီးကျူးလွှာ**

ဝိစိတ္တသာရာဘိဝံသော၊ ဝိစိတ္တသာရာဘိဝံသတည်း၊
ပဥ္စမာ အဘိဓမ္မိကော။ ငါးဝဘိဓမ္မာမြန်ဆိုပါသည်။
ဝိသိဋ္ဌဝိနယဓရော၊ ဝိသိဋ္ဌဝိနယဓရ၊
မဟာဝိနယကောဝိဒေါ။ မဟာဝိနယကောဝိဒ။

ဤကား ပါဠိမြန်မာပညာရှိဦးချစ်ဖေ ချီးကျူးသည့် ပါဠိဂါထာ မြန်မာကဗျာ ဖြစ်သည်။

ဦးချစ်ဖေ ဒါယကော စာပိ၊ သူရော ဒါနကိစ္စေပိ စ။
ထောမေသိ ဝိစိတ္တံ ထေရံ၊ သဒ္ဓါ ထိရေသု သဏ္ဌိတံ။

---

**ဓမ္မာစရိယ ဆရာဦးအုန်းဖေ စီကုံးသော ရန်ကုန်မြို့ ရှင်သာမဏေ စာပြန်ပွဲအဖွဲ့၏ ချီးကျူးလွှာ**

သာဂရံ ဓမ္မပါလဥ္စ၊ ဝိစိတ္တသာရကောဝိဒံ။
ဇယပတ္တံ လဒ္ဓလဍ္ဍံ၊ ကောဝိဒသ္မာ နမာမိဟံ။

ဘောဂန္တော၊ အို မင်းပရိသတ်အပေါင်း သူဟော်ကောင်းတို့။ ဘောဂန္တော၊ ဝှန်ပြောမျှားကြယ် အနယ်နယ်မှ သွယ်သွယ်ရောက်ရှိ သမုတ်မည်တွင် ထေရ်အရှင်တို့နှင့်တကွ ကြည်လင်ရှင်ပျ ဤဌာနသို့ လာကြပေါင်းဆုံ ဗိုလ်ပုံခပင်း အိုသူတော်တသင်းတို့။ ဇယပတ္တံ၊ အာဂုံသဘော နှာသူသြမျှ ချောစွာပြေပြစ် သွေမထစ်ပဲ ဆစ်ပိုင်းကျကျ စကဆုံးတိုင် ပြန်ဖြေနိုင်သဖြင့် ဂုဏ်လှိုင်ရောင်ဝင်း အောင်မြင်ခြင်းသို့ ရောက်တော်မူသော။ လဒ္ဓလဍ္ဍံ၊ နိုင်ငံစိုးအုပ် အချုပ်သမ္မတ သာသနာ့ဒါယကာ သူတော်စွာလျှင် ကြည်သာရှင်ပျ ဆက်ကပ်၍ ရအပ်သော တံဆိပ်ရှိတော်မူသော။ သာဂရဥ္စ၊ နာမံရှန်းမို မြို့ကျိုက်ထိုဝယ် မရမ်းချိုကျောင်း ကိန်းပျော်ခအောင်းသည့် ထေရ်ကောင်းသမဏ "မဟာဝိနယ-ကောဝိဒ" အရှင်သာဂရ ဆရာတော်ကိုရင်း။ ဓမ္မပါလဥ္စ၊ သံယုတ်ငါးသွယ် ကျမ်းကြီးကျယ်ကို အလွယ်နှုတ်တက် အာဂုံကျက်လျက် ခဲခက်ခိုပ်ပါယ် သိမှတ်ဖွယ်လည်း သိုမှီးဉာဏ်ဝယ် ပြည့်ဖြိုးကြွယ်သဖြင့် လူလယ်ရှင်တွင်း သတင်းပျံ့လှိုင် ရန်ကြိုင်လှ ဇယပတ္တ အောင်လက်မှတ်ရ ရှင်ဓမ္မပါလကိုရင်း။ ဝိစိတ္တ-သာရဥ္စ၊ ရှေ့ပိုင်းဘိဓမ္မာ ကျမ်းငါးဖြာကို စာတရွက်ပြန် ဟတန်ထစ်ငေါ့ လစ်လျော့မရှိ စွမ်းတုံဘိပြား သဘောသွားလည်း ဉာဏ်အားချက်ပိုင် ခွဲဝေနိုင်သဖြင့် တုပိုင်ဖက်ကင်း မြန်ခပင်းဝယ် ပျံ့သင်းဂုဏ်ရောင် ထွန်းပြောင်ထိန်ကြွ သတိုးသီရိသုဓမ္မ သေဋ္ဌမည်တွင် ဆာ ဦးသွင် ၏ လေးအင် ပနွယ ထောက်ပံ့ရသား "ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာဝိနယ ကောဝိဒ"

ဘွဲ့ခံယူရသော အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကိုယ်ရင်း။ ကောဝိဒ၊ ဝိနည်းကျမ်းကုန် အလုံးစုံကို နှုတ်တိုင်မှုရ ဂဏဝါစက် အာလုပ် ပြီပြီ စဉ်စီ မပျက် အချက် ပိုင်ပိုင် ပြန်ဆိုနိုင်လျက် ထိမ်ဟုက် ခဲဆစ် ခိုပါယ် နှစ်ကို စနစ် တကျ သိမ္မဒ်းယုသဖြင့် လျှမ်းတင့်စုံစွယ် ဂုဏ်ကြွယ်ထွန်းပ "ဝိနယဓရ မဟာဝိနယဓရကောဝိဒ" ဘွဲ့သ အရှင်ကောဝိဒ ဆရာတော်ကိုယ်ရင်း၊ ဒိဿ၊ ဒိဋ္ဌကိုယ်ထင် ယခုလို ဖူးမြင်ရသည်ရှိသော်၊ ကော၊ အဘယ်လူနတ် အရပ်ရပ်သည်၊ နပသီဒတိ၊ ပီတိရွှန်းစို မကြည်ညိုပဲ ရှိနိုင်တော့အံ့နည်း။ ပသီဒတိ ဧဝ၊ ရေးသမယချိန်အခါယံ နရိန္ဒာဇာသသတ်တို့လို သဒ္ဓါဓာတ်ဖြိုး ကြွယ်၍ ကိုးကွယ်မှုးကြ ကြည်ညိုရတော့မည်သာတည်း။

ဤသို့ဖြင့် ဓမ္မာစရိယ ဦးအုန်းဖေသည် ရေးသားစီကုံး ဂုဏ်ပြုခဲ့လေသည်။

ဦးအုန်းဖေ ဓမ္မကာမော ဟိ၊ ဓမ္မာစရိယသမ္မတော။
ပဋိစ္စ အာဇဉ္ဉော ထေရ၊ ရစယိ ရစနေ ဝိဒူ။

---

မင်္ဂလာ ဦးအောင်မြင့် ရေးသားသော မဟာသာဘာတိဝရိုင်ဝန်ဖိုး
ဗုဒ္ဓဘာသာ အသင်း၏ ချီးကျူးလွှာ

ဇိဝှါရဂ်ေ ဟိ တုမှာကံ၊ ဝဏ္ဏမာလာဘိမာလိနီ။
သောဘတေ ဝဟ နစ္စန္တိ၊ ဂါယန္တိ ဝါဏီဝါဏီနီ။

ဘဒ္ဒန္တာ၊ သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ ဝါ-ဘဒ္ဒန္တာ၊ ပြည်ထောင်စု တည်ဆောက် လေးနှစ်မြောက်ငယ် လေးထောက်ယင်နှဲ့ တိပိဋကဓရ ရွေးချယ် ပွဲ၌ ရရှိပြည့်ရည် သာသနာ့အာဇာနည်ဟု ဆိုမည်စလောက် ပြီးအောင်မြောက် ကြသည့် ဘုန်းတောက်လေးပါး အရှင်သူမြတ်တို့ဘုရား။ ဟိ၊ သမုဒ်ခွေလည် ဌွေနဒီမှ ရေကြည်တပေါက် သုံးယူသောက်သို့ ဘုန်းတောက်ထင်ရှား အရှင် ဘုရားတို့၏ ထူးခြားရိပ်ဂုဏ် သံခိပ်၍ ဝိဇ္ဇုဝိုးငင်း လျှပ်စစ်လင်းသို့ အကျဉ်း မျှသာ လျှောက်ဆိုပါအံ့။ တုမှာကံ၊ အာဇာနည်လေးပါး အရှင်ဘုရားတို့၏။ ဇိဝှါရဂ်ေ၊ လျှာတော်လေးပုံ သာသနာ့ဇာတ်ရုံတော်ကြီးအတွင်း၌။ ဝဏ္ဏမာလာ-ဘိမာလိနီ၊ ပန်းတကာ့ပန်း ခေါင်ကလွှမ်း၍ နန်းနိဗ္ဗူတိုင် ရနံ့လှိုင်သား အပြိုင် ဖက်ပြိုး အက္ခရာအစဉ်တည်းဟူသော အဘိမာလာ ပန်းကုံးဖြင့် ကိုယ်လုံးခြယ် တင် တန်ဆာဆင်အပ်ပေထသော။ ဝါဏီဝါဏီနီ၊ သုတ္တ, ဝိနယ, ဘိဓမ္မဟု ရသ-ငါမှတ္တိ ပုဒ်တိုင်းရှိသား ဇိနဗျာဂီ ပိဋကသုံးပုံတည်းဟူသော သူရဿတီနတ်သမီး သည်၊ နစ္စန္တိ ယဘာပရာဇ, ယထာနုလောမ, ယထာဓမ္မကဏ္ဍသုံးဆိုင်း သွားအပိုင်း ဖြင့် ခန်းတိုင်းသိမ်မွေ့ အရိုန်ကြွေ့ဇာတ်ပင် လေးဂုဏ်ဖြေဂုဏ် အကမျိုးစုံသည်ဖြစ်၍ ၎င်း။ ဂါယန္တိ၊ ဆယ်ဖြာဗုဒ္ဓိ စောင်းကြိုးညှိ၍ သိလွယ်နာဖွယ် အာယာဖွယ်ဖြင့်

ညာဘယ်လေးတွဲ့ အဓလေးချဲ့အောင် အေးနဲ့နဲ့ဂုဏ် သိမျိုးစုံသည်ဖြစ်ရှိရင်း။ သောဘတေ ဝတ၊ တင့်ယယ်လှပါပေစွဘကား။ ဝါ-သောဘတေ ဝတ၊ ရှင်လူအများ မျက်စိနားဝယ် တရားဟူသည် အမြိုက်ရည်ကို ချမ်းကြည် ရွှမ်းအိဖျန်းပက်ဘိ၍ ကြည့်လေရှင်အား ကြားလေကြည်ညို သူ့ဂုဏ်ရိပ်ဖြင့် ရှင်လူဗိုလ်ပီတိလွှမ်းအောင် ကြည်ရိပ်သာအောင်မြေနန်းဝယ် ဖြော် အဆန်းကြီး ဆန်းကျယ် အတင့်ကြီးတင့်တယ်ပါပေစွ ဘုရား။

ဤသို့ဖြင့် ဟံသာဝတီခရိုင် ဗုဒ္ဓဘာသာအသင်းမှလည်း ချီးကျူးပူဇော်ခဲ့လေသည်။

**ဟံသာဝတီပဒေသာပိ၊ သောဂတာ ပူဂိကာ ဇနာ။**
**ထောမေသုံ အာဇဉ္ဉေ ထေရေ၊ ဧတပိဠကေ ဗဟုဿုတေ။**

---

ဆရာဦးဘသန်း ရေးသား၍ ရွှေပြည်တော်ဦးဘတင်
ပတ်လျှောက်သည့် ကေပိုဒ်ရတုကဗျာ

မင်္ဂလာတန်မဆောင် သာသနာ့ရောင်ဖြင့်၊ သုံးဘောင်တဝိုက်၊ ကမ္ဘာတိုက်ကို၊ အမြိုက်ငှဝေ၊ ရပါစေဟု၊ အခြေမူလ၊ ရည်သန်ကြ၍၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟ၊ တိပိဋက၊ သာသနာ့ရိပ်သာ၊ မင်္ဂလာပေါင်းမ၊ မဏ္ဍပ်မဟ်၊ စတုဂ္ဂရောက်၊ **လေး** ကြိမ်မြောက်ဟည့်၊ အုံ့လောက်ထူးစွာ၊ ဤနှစ်မှာဓသာ၊ ပါးဖြာဝိနယ၊ ပိဋကကို၊ သဘာဝရေးဖြေ၊ ဂုဏ်ထူးပြေသား၊ မြို့ရွှေကျိုက်လို၊ ဧရမ်းချိုမှ၊ ပုဂ္ဂိုလ်သခင်၊အရှင်သာဂရ၊ မဟာဝိနယ ကောဝိဒတည့်၊ တငထိုနေ၁င်၊ ငါးဆောင်ဝိနယာ၊ ကျမ်းရွှေစာကို၊ အာဂုံလည်းရ၊ ရေးဖြေကလည်း၊ ဇေယျညွန့်လူ၊ ဂုဏ်ထူးယူသည်၊ ပခုက္ကူနဂရ၊ သာသနဝိပုလာရ၊ ရွှေအုံမည်တွင်၊ ကျောင်းတိုက်ခွင်မှ၊ အရှင်ကောဝိဒ၊ ဝိနယဓရ၊ မဟာဝိနယ ကောဝိဒတည့်၊ ထိုမှတဖြာ၊ ဘိဓမ္မာ ခွဲခြမ်း၊ ရှေငါးကျမ်းကို၊ ဖြန်းဖြန်းဒိုးယို၊ အာဂုံဆို၍၊ မေးလိုသမျှ၊ ရေးဖြေမှလည်း၊ဝိသိဋ္ဌဂုဏ်ထူး၊ နှစ်စုံခူး၍၊ ချီးကျူးယိုက်စွာ၊ တုဖက်ကွာသည့်၊ ဇေယျာပူရ၊ စစ်ကိုင်းမှလျှင်၊ ဓမ္မနာဒ၊ အာဆုမသခင်၊ အရှင်ဝိစိတ္တသာရာဘိဝံသ၊ ဗုဒ္ဓသာသနာနုဂ္ဂဟ၊ ဝိသိဋ္ဌဝိနယဓရ၊ မဟာဝိနယကောဝိဒတည့်၊ ထိုမှတသုတ်၊ သံယုတ်ငါးသွယ်၊ ပင်လယ်ငါးစင်း၊ လုပ်တော်ကျင်းရှိ၊ လင်းလင်းရေးဖြေ၊ **အောင်စွမ်းပေသည်၊** ရွှေကုန်မကိုင်ရှ၊ သိမ်ဖြူတိုက်မှ၊ အုံ့ထိုက်ကျော်လွှင်၊ ရှင်ဇမ္ဗူပါလ၊ မြတ်ထေရတည့်၊ ဤမျှသခင်၊ ငေးပါးရှင်ကို၊ သဘင်မြတ်စွာ၊ ဤရိပ်သာဝယ်၊ ပညာတော်အလျှောက်၊ ရွှေးချယ်ကောက်၍၊ ထက်အောက်နတ်လူ၊ ကောင်းချီးမူလျက်၊ လှူဖွယ်တန်းဖွယ်၊ ဆန်းတကြယ်လျှင်၊ ပန်းနွယ်ဝေဆာ၊

ပဒေသာသို၊ စေဘနာပျံ့ပြူး၊ လက်စုံပူ၍ ချီးကျူးကော်ရော်၊ ရှိပူဇော်သည်၊ အခေယာ်ဝတ ပွဲခေသော်။

ဤသည်လျှင် ဦးဘသန်း စီကုံး၍ ရွှေပြည်တော် ဦးဘတင် ဖတ်လျှောက်သည့် ကောပိုဒ်ရတုကဗျာဖြစ်သည်။

ဦးဘသန်း အာစရိယော၊ ကာဗျသတ္တ ဝိသာရဒေါ။
ဝိသာရဒေ တော စဟ္သာရော၊ သောမနာ ဘာရဟိ ကရီ။

---

နှဂုံးချုပ် ဆရာဦးသင်၏ မိန့်ခွန်း

ရဟန်ာသုံးပါး ဦးထိပ်ထား၍ အစီရင်ခံလိုပါတယ်။

ယနေ့ ကြွရောက်ချီးမြှင့်ကြကုန်သော အလှူရှင် အသင်းအပင်းအပေါင်း တသီးပုဂ္ဂလနှင့် ပရိသတ်အပေါင်း တို့ ခင်ဗျား။

ယနေ့ကျင်းပတဲ့ ချီးကျူးပွဲဟာ အမှန်စင်စစ်မှာတော့ မြတ်စွာဘုရား၏ တရားရတနာမြတ်ကို ပူဇော်ကန်တော့ပွဲပြုလုပ်တာ ဤတရားရတနာကို အာဂုံဆောင်ထားသော သာသနာ့အာဇာနည် အရှင်သူမြတ် ၄ ပါးတို့၏ ပါရမီတူး ဂုဏ်ထူး နှင့်အားလုံးနဲ့ သတ္တိဘိုကိုပါ ချီးကျူးပူဇော်သောပွဲ ဖြစ်ပါတယ်။ ပိဋကသုံးပုံကို တနေ့ အတွင်း တချိန်တည်းပူဇော်ပွဲပြုလုပ်ခြင်းသည် ဗမာနိုင်ငံမှတော်ရာဇဝင်တွင် ပဌမဆုံးအခါ ဖြစ်ပါသည်။

ညီတော်အာနန္ဒာသည် ပိဋကတော်ကို အာဂုံဆောင်ထားသဖြင့် တရားဘဏ္ဍာတိုက်စိုးဖြစ်သည့်အတွက် တရားတော်ကို ပူဇော်လိုလျှင် ညီတော်အာနန္ဒာအား ပူဇော်ကြဟု မြတ်စွာဘုရား မိန့်ကြားတော်မူသော ထုံးကို နှလုံးပြု၍ ယခုနေ့ ချီးကျူးခံ အရှင်မြတ်လေးပါးတို့သည်လည်း ပိဋကသုံးပုံကို အသက အသက အာဂုံဆောင်ထားကြသဖြင့် ၎င်းအရှင်မြတ်တို့ကို ချီးကျူးပူဇော်လှူဒါန်းကြခြင်းသည် မြတ်စွာဘုရား၏တရားရတနာမြတ်ကို ပူဇော်ခြင်း တနည်းအားဖြင့် ချီးကျူးခံ အရှင်မြတ်လေးပါးတို့၏ ကိုယ်ခန္ဓာအတွင်း၌ ကိန်းအောင်းလျက်ရှိသော တရားရတနာမြတ်တို့ကြောင့် အရှင်မြတ်လေးပါးတို့၏ ကိုယ်ခန္ဓာသည် ဓမ္မစေတီဟူ၍လည်း မည်ပါပေသည်။ ဤကဲ့သို့ ဗမာ့ရာဇဝင်တွင် မကြုံစဖူး တွေ့ကြုံရပုံထူးသော ဤပွဲတော်ကြီးသည် ခမ်းနားကြီးကျယ် သိုက်မြိုက်စွာဖြင့် ထမြောက် အောင်မြင်ခြင်းသို့ ရောက်သွားပြီဖြစ်သောကြောင့် အလှူရှင်အပေါင်းနှင့် ဝေယျာဝစ္စဆောင်ရွက်ကြသော ပုဂ္ဂိုလ်အပေါင်းတို့အား မိမိတို့၏ ကုသိုလ်ကောင်းမှုကြီးကို အကြိမ်ကြိမ် အဖန်ဖန် ဝမ်းမြောက်ဝမ်းသာစွာ နှလုံးသွင်းကြဖို့ကို တိုက်တွန်းနှိုးဆော်လိုပါတယ်။

ယခုနေ့ပြုလုပ်တဲ့ ပူဇော်ပွဲကြီးအဖြစ်သို့ ရုပ်လုံးပေါ်အောင် ဖော်ပေးကြသော တိပိဋကဓရရွေးချယ်ပွဲနာယကဆရာတော်ကြီး ၉-ပါး ရှင်းပြင် စာထောက်စာမ ဆရာတော်များ ပုစ္ဆကဆရာတော်များ ပုစ္ဆာထုတ်နှင့် အဖြေပြင်ဆရာတော်များအားရင်း, ယခုနေ့ ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော်များအားရင်း မိမိတို့ဆိုင်ရာဘက်က ဆောင်ရွက်တော်မူခြင်းကို အလှန်တရာဝမ်းမြောက်ပါကြောင်းပါဘုရား၊ ရှင်းစာမေးပွဲရက်အတွင်း ဆွမ်းကွမ်း ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမတို့အားရင်း, ဝေယျာဝစ္စဆောင်ရွက်ကြသော ဝိသာခါ အမျိုးသမီးအဖွဲ့အားရင်း, ယခုနေ့ပွဲတွင် သဒ္ဓါတရားထက်သန်စွာဖြင့် ကြွရောက် လှူဒါန်းပူဇော် ချီးကျူးကြကုန်သော အသင်းအသီးသီး ပုဂ္ဂိုလ်အသီးသီးတို့အားရင်း, ဧည့်ခံကျွေးမွေးရန်အတွက် တာဝန်ယူ၍ ဆောင်ရွက်ကြကုန်သော ဝိသာခါအဖွဲ့ အမျိုးသမီးတို့အားရင်း, အမျိုးသားဘက်ကလည်း ဝိသကြုံနတ်သားနှင့် အလားတူ ဆောင်ရွက်နိုင်သော မိတ်ဆွေကြီးတဦးရှေ့ဆောင်၍ လိုရာကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ပေးလေ့ရှိသော ဝိသကြုံအဖွဲ့သားတို့အားရင်း, လှူဖွယ်ပစ္စည်း သိမ်မျိုးစုံတို့ကို ပဒေသာပင်များပြုလုပ်၍ အသိုက်အအုံဖြင့် လှူဒါန်းကြသော သိမ်ကြီးဈေး သမဂ္ဂကြီးမာတလိအဖွဲ့အားရင်း, ထို့ပြင် တဝ ယနေ့ ကြွရောက်ချီးမြှင့်ကြကုန်သော လူကြီးလူကောင်း မင်းပရိသတ်အပေါင်းတို့အားရင်း, ချီးကျူးပူဇော်ပွဲနှင့် ပတ်သက်သမျှ ဝေယျာဝစ္စဆောင်ရွက်ကြကုန်သော အသင်းသူအသင်းသားနှင့် တသီးပုဂ္ဂလတို့အားရင်း ဗုဒ္ဓသာသနာ့အဖွဲ့၏ကိုယ်စား များစွာကျေးဇူးတင်ကြောင်းကို ကျွန်ုပ်တော်က ပြောကြားပါတယ်ခင်ဗျား။

ယနေ့လှူဒါန်းကြသော အလှူရှင်စာရင်းကို ဖတ်ပြရန် အချိန်မရသဖြင့် နှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထည့်သွင်းမည်ဖြစ်ရာ အစီရင်ခံစာ၌ ပါခြင်းကို ကျေနပ်ကြပါမည့်အကြောင်း တောင်းပန်လိုပါသည်ခင်ဗျား။

နိဂုံးမချုပ်မီ တိပိဋကဓရ ရွေးချယ်ပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ အနက် အောက်ပါအချက်ကြီး ၄-ချက်စလုံး ထမြောက် အောင်မြင်ကြောင်း အကျဉ်းချုပ် အစီရင်ခံလိုပါတယ်။

၁။ ဆင္ဂသံဂါယနာတင်လိုလျှင် လွယ်ကူစေရန်ကို ရှေးရှုခြင်း၊

၂။ ပါရမီထူးသော ပုဂ္ဂိုလ်ကို ဖော်ထုတ်ခြင်း၊

၃။ အထက်တန်းအကျဆုံး ပရိယတ္တိသာသနာကို အားပေးခြင်း၊

၄။ တဘုရားရတနာမြတ်ကို ရုပ်လုံးဖော်ခြင်းတို့ပင် ဖြစ်ပါသည်။

(၁) ၁-အချက် ဆဋ္ဌသံဂါယနာတင်ရန်ကို ရှေးရှုပြီးတော့လုပ်ခဲ့တဲ့အတိုင်း ပိဋက အာဂုံဆောင်များ တနှစ်ထက်တနှစ် တိုးတက်ပေါ်ပေါက်လာခဲ့တဲ့အတွက် ဆဋ္ဌသံဂါယနာတင်လိုစိတ်တွေ ပေါ်ပေါက်ကြွကာ ယခုအခါမှာဆိုလျှင် သံဂါယနာတင် ရုပ်လုံးပင်ပေါ်လာလို့ ဝမ်းသာမဆုံး ရှိပါသည်။

(၂) ၂-အချက်မှာဆိုလျှင် နိုင်ငံတော်အတွင်းမှာ သံဃာတော် ထောင်သောင်း များစွာရှိတဲ့အနက်က သည် ၄-ပါး ပေါ်ပေါက်သည်ကို အားလုံးဖူးမြင်ရခြင်းအားဖြင့် တကဲ့ပါရမီထူး ဘုန်းကံထူးတွေဆိုတာ သည်ပုဂ္ဂိုလ်တွေပါပဲလို့ အားရဝမ်းသာစွာ ထုတ်ပြရပါတယ်။

(၃) ၃-အချက်အားဖြင့် ပရိယတ္တိစာမေးပွဲများပြုလုပ်ရာတွင် တိပိဋကဓရ စာမေးပွဲသည် အတက်တန်းအကျဆုံးဖြစ်လို့သာ ယခုလို ဝင်သူ အောင်မြင်သူ နည်းပါးကြောင်း ထင်ရှားပါတယ်။

(၄) ၄-အချက်အားဖြင့် ဓမ္မစေတီထိုက်တဲ့ တရားရတနာအစစ်ကို ရုပ်လုံးဖော်ပြလိုပါတယ်။ အရှင်သာရိပုတ္တရာဟာ "ဓမ္မသေနာပတိ" ဆိုတဲ့ တရားစစ်သူကြီးသာဖြစ်ပြီးတော့ ရှင်အာနန္ဒာက တရားဘဏ္ဍာစိုး ဖြစ်တော်မူရခြင်းဟာ အရှင်အာနန္ဒာသည် တရားတော်အာဂုံဆောင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်လို့ ဓမ္မစေတီအစစ်ဖြစ်တဲ့အတွက် ဘုရားရှင်ကသဲ တရားတော်ကို ပူဇော်လိုတဲ့သူများကို ရှင်အာနန္ဒာအား ညွှန်းတာပါပဲ။

ဒါကြောင့်မို့ ကျွန်တော်ကသဲ သည်ကနေ့ ကြွရောက်လာကြတဲ့ မင်းပရိသတ် အပေါင်းတို့အား ဓမ္မစေတီထိုက်တဲ့ တရားရတနာအစစ်ဆိုတာ သည်ပုဂ္ဂိုလ်လေးပါးပင် ဖြစ်ပါကြောင်း ဖော်ထုတ်လိုက်ခြင်းပါပဲ။ နိဂုံးချုပ်အားပြောကြားရလျှင် ကြွရောက်လာကြတဲ့ ပရိသတ်အပေါင်းနှင့်တကွ ဗုဒ္ဓဘာသာရှင်လူအပေါင်းတို့သည် တရားတော်ကို ပူဇော်လိုကြပါလျှင် တရားကို အာဂုံဆောင်နိုင်၍ ဓမ္မစေတီထိုက်သောပုဂ္ဂိုလ်များကို ပေါ်ပေါက်အောင် လုပ်သော စာမေးပွဲကို အားပေးရန်နှင့် ပေါ်ပေါက်တဲ့ပုဂ္ဂိုလ်များကို မင်္ဂလာတရားတော်အရ ချီးကျူးပူဇော် ကန်တော့ခြင်းပြုလုပ်ရန် ဤသို့ပြုလုပ်ပါက လောကီလောကုတ္တရာ နှစ်ဖြာ တိုးတက်ကြီးပွါးကြောင်း ကောင်းဖြစ်သည်ဟု ဘုရားဟောအရ နိဂုံးချုပ် ပြောကြားအပ်ပါသည်ခင်ဗျား။

ဤသည်လျှင် ၁၃၁၃ ခုနှစ် တပို့တွဲလဆုတ် ၇ ရက် စတုတ္ထအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲ နိဂုံးချုပ်တွင် ဆာဦးသွင်၏ မိန့်ခွန်းဖြစ်သည်။

ဆာဦးသွင် ဥပါသကော ဟိ၊ ဥပါသကဂုဏေ ရတော။
သြဿာနေ ပရိပုဏ္ဏံ သော၊ ဝေါဟာရံ သမ္ပဝတ္တယိ။

## မင်းကွန်း ပြန်ကြွတော်မူခြင်း

ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် ချီးကျူးပူဇော်ပွဲများအပြီးတွင် မိမိထာဝစဉ် နေမြဲဖြစ်သော မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်သို့ ပြန်ကြွတော်မူ၍ တိုက်ဘာသံဃာ ပရိသတ်ကို စောင့်ရှောက်ကွပ်ကဲ သာသနာပြုတော်မူရင်း ပဉ္စမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲတွင် ဝင်ရောက်တော်မူ၍ အဘိဓမ္မာပိဋကာ အထက်နှစ်ကျမ်းဖြစ်သော ယမိုက်၊ ပဋ္ဌာန်းကျမ်းတို့ကို ပြန်ဆိုရေးဖြေရန် လုပ်ငန်းကို ကြိုးပမ်းအားထုတ်တော်မူပြီ။

ဝေရိကွယေ နိဋ္ဌာပေတွာ၊ သဗ္ဗံ ပူဇာမ မဟုဿဝံ။
ဓမ္မနာဒံ သမ္ပတွာန၊ ကိစ္စံ အာရဘိ မိတိမာ။

### ယမိုက်ပါဠိတော်သုံးအုပ်၊ ပဋ္ဌာန်းပါဠိတော်ငါးအုပ်

ယမိုက်၊ ပဋ္ဌာန်း ၂-ကျမ်းအနက် ယမိုက်ကျမ်း (ယမိုက်ပါဠိတော်) မှာ ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲအားဖြင့် ၃-တွဲရှိရာ ပဌမတွဲမှာ ဆဋ္ဌသံဂါယနာ စာတော်မူစာမျက်နှာ ၂၄၅၊ ဒုတိယတွဲမှာ ၃၁၆၊ တတိယတွဲမှာ ၂၆၅၊ အသီးသီးရှိသည်။ ဆရာတော်သည် အဘိဓမ္မာလိုရင်း အခြေခံဖြစ်သော သင်္ဂြိုဟ်ကျမ်းကို သက်တော် ၁၄-နှစ်အရွယ် သာမဏေဘဝဖြင့် ဗိုးကဲ့သို့မွေ အာဂုံကျက်ခဲ့သည့်ပြင် ပဌမကြီးတန်းဖြေစဉ်က ယမိုက်ဆယ်ကျမ်းအရကောက်ကို အကြိမ်ကြိမ် နှုတ်လွတ်အရ ဆောင်ခဲ့လေသည်[၁]။ သကျသီဟစာသင်တန်းဖြေစဉ်က လည်း အောက်ယမိုက်ငါးကျမ်း အရကောက်ကို ကရေးရေလွှတ်တတွတ်တွတ် ရွတ်အံပြန်ဆိုခဲ့သည်၊ သို့ဖြစ်ရာ ယခု တိပိဋကဓရ စာမေးပွဲဝင်ရန် ယမိုက်ပါဠိတော် ၃-အုပ်ကို ကျက်မှတ်သောအခါတွင် အလွန်လျင်ထုံချင်တိုင်းထုံ အာသေဝနပစ္စည်း တပ်ချင်တိုင်းတပ်လေရာ ဆရာတော်အဖို့ များစွာ တာဝန်မကြီးလှချေ။ ပဋ္ဌာန်းကျမ်း (ပဋ္ဌာန်းပါဠိတော်) မှာ ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ၊ ပဉ္စမတွဲ အားဖြင့် ၅-တွဲရှိလေရာ ပဌမတွဲမှာ ဆဋ္ဌသံဂါယနာစာမူ စာမျက်နှာ ၄၅၄၊ ဒုတိယတွဲ ၄၉၃၊ တတိယတွဲ ၆၀၂၊ စတုတ္ထတွဲ ၆၃၆၊ ပဉ္စမတွဲ-၄၄၂၊ အသီးသီး ရှိလေသည်၊ ပဋ္ဌာန်းကျမ်းကြီးအတွက်လဲ သင်္ဂြိုဟ်နှင့် ပဋ္ဌာန်း-၃-ချက်စု၊ ရာသီစု၊ ပစ္စည်းပိုင်း၊ ညာဒါအကောက်စသည်များ ကျေညက်အားသူဖြစ်ရာ နှုတ်ချင်းပေါက် ပြန်ဆိုရေးဖြေဖို့အတွက် ခုမ်းနိုင်မည်လော၊ မစွမ်းနိုင်မည်လော ဟူ၍ပင် သံသယ အကိုအရာ မဝင်ရှိပါချေ။ ၎င်းပြင် ဝရဇိန်အသွင် ဉာဏ်ပိုင်ရှင်ဖြစ်လေရာ သဘောလည်း စူးရှပိုင်နိုင်လှသည်။ စာရေးသူကား

---

၁။ ယိုစဉ်က ယမိုက်၁၀-ကျမ်းလုံး ပဌမကြီးတန်း ဖြေဆိုသည်။ နောက်မှ ပဌမကြီးတန်း အထက်ယမိုက် ၅-ကျမ်း ဖြေဆိုသည်။

ဤသာသနာ့အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသသည် ယမိုက်အရကောက် ပဋ္ဌာန်းအရကောက်ကြီးများကို စီရင်တော်မူခဲ့သော ထိပ်တန်း အဘိဓမ္မာ ပညာရှင် "နန္ဒမေဓာဘိ သိရီသဒ္ဓမ္မဇော မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ် တော်ရ ထန်းတပင် သာသနာ့ပိုင် အရှင်နန္ဒမေဓာ ဝင်စားသူ ဖြစ်လေရော့ သလားဟူ၍ပင် တွေးထင်မိပေသည်။

ဆရာတော်လောင်းလျာကား စာမေးပွဲဝင်ချိန် မတိုင်မီ လပိုင်းလောက် ကပင် ဖော်ပြပါ အဘိဓမ္မာအထက် ၂-ကျမ်း၊ ယမိုက်ပဋ္ဌာန်းတို့ကို ဖက်ကမ်းတိုင် မြောက် ပေါက်ရောက်ပိုင်နိုင် အာဂုံရရှိ သဘောပေါက်တော်မူခဲ့လေသည်။

ပဋ္ဌာနယမကေ ယသ္မိ၊ တိက္ခဉာဏော မဟာသုခီ။
ဝဇီရူပမဉာဏော သော၊ အစ္ဆန္တံ အဗ္ဘုတော ဟိ ခေါ။

## သဘောရေးဖြေအတွက်သာ အခက်အခဲမကြုံ

အဘိဓမ္မာ ဓာနုဋီကာ၊ မဓုဋီကာတို့ကို ကြည့်ရှု လေ့လာတော်မူခဲ့သည်မှာ ပဌမငယ်အောင်ပြီးစ သာမဏေငယ် ဘဝကပင် ဖြစ်၏။ အဘိဓမ္မာ အဋ္ဌကထာ ကြီးများနှင့် မူလဋီကာတို့ကိုလည်း နှုတ်ငုံဖြစ်ပြီးကပင် ဥပဇ္ဈာယ်ဆရာ အရှင် ပညာစက္က အထံတော်၌ ဆိုဂါဖြင့် စကင်သင်တော်မူခဲ့၍ သကျသီဟငယ်သကာ အောင်ပြီး နောက်တွင် အဘောင်လံစိုက်ဆောက် ပြီးမြောက်သင်ယူတော်မူပြီး ဖြစ်လေရာ ယခု တိပိဋကဓရ စာမေးပွဲ ဝင်ရောက်ဖြေဆိုချိန်တွင် ထပ်မံကြည့်ရှု နွေးရုံမျှသာလိုတော့ရာ ဤ သာသနာ့အာဇာနည် တခေတ်တယောက် တစ်ဆို စလောက် ပုဂ္ဂိုလ်မှာ သဘောရေးဖြေဖို့အတွက် အခက်အခဲ မရှိနိုင်ကော့ချေ။

သဘာဝပရိက္ခာကာယ၊ ထေရဿ ထိရဘာဏိနော။
သုကရော သမတ္တော သော၊ ပညာဘိ ဝိနိစ္ဆိနီ။

## အဘိဓမ္မာဋီကာ အဆက်ပိုင်း နှစ်ကျမ်း ပြန်ဆိုရေးဖြေရန် ရန်ကုန် ကြွတော်မူခြင်း

၅-ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ အခမ်းအနားကို ၁၃၁၄-ခုနှစ် ပြာသို လဆန်း ၁၃-ရက်နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဦးဖန့်၊ ဒေါ်ရင် ဓမ္မာရုံ-ကြီး (ဖလ်ယဉ် ဓမ္မာရုံကြီး) ၌ စတင် ကျင်းပမည် ဖြစ်သဖြင့် ပွဲတိုင်းအောင် အရှင်ဝိစိတ္တသာရာဘိဝံသသည် စာပြန်ပွဲ ရက်မတိုင်မီ ရက်အနည်းငယ် ကြိုတင်၍ ရန်ကုန်သို့ ကြွတော်မူသည်၊ ရန်ကုန်တွင် တည်းခိုရာ ကျောင်းဆောင်၌ ယမိုက်၊ ပဋ္ဌာန်းကျမ်းကြီးကို ပြန်ဆိုနှုတ်သွင်း ကြည့်ရှုခြင်းဖြင့် အချိန်ကို

အသုံးချတော်မူသည်။ ဆရာတော်ကား အတိုင်းမသိ ဓမ္မဒါန ပူညပိုင်ရှင်ကြီး ဖြစ်တော်မူပါပေသည်။

ဒီသု ဂန္ထေသု နိက္ခိတ္တ- နေဘ္တစိတ္တော ကဝိဋ္ဌနော။
ဝိစိတ္တော ဉာဏဝိစိတ္တော၊ အဟော ကာယ ဝိစိတ္တတာ။

## တိပိဋကဓရ ရွေးချယ်ပွဲကို အခမ်းအနားဖြင့် ဖွင့်လှစ် ကျင်းပခြင်း

၅-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနားကို ၁၃၁၄ ခုနှစ် ပြာသိုလဆန်း ၁၃-ရက်နေ့ နံနက် ၈ နာရီ ၃၅-မိနစ် အချိန်တွင် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံ၌ နိုင်တော်သမ္မတကြီး ကိုယ်တိုင် အောက်ဖော်ပြပါ စကားကို လျှောက်ထားလျက် ဖွင့်လှစ်ခဲ့လေသည်။

### သမ္မတကြီး လျှောက်ထားချက်

ရှိသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီးမှူး၍ ၁၃၁၀-ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ဆင်ယင် ကျင်းပခဲ့သော ဤ တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနားသို့ ကြွရောက် ချီးမြှင့်တော်မူကြကုန်သော ဆရာတော်သံဃာတော် အရှင်မြတ်အပေါင်းတို့ကို ဖူးမြော် ကန်တော့ရသည့်အတွက် ကျက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံပါသဖြင့် တပည့်တော် အသွန်ဝမ်းမြောက်ပါသည် ဘုရား။

ဤ အခမ်းအနားသို့ ရှင်ကျသဒ္ဓါ စေတနာဖြင့် ကြွရောက် ချီးမြှောက်တော်မူကြသော လူကြီးမင်း ပရိသတ်အပေါင်းတို့နှင့်တွေ့ဆုံ၍ နိဗ္ဗာန်ချမ်းသာမြတ်ကို ရည်မှန်းပြီး ကုသိုလ်ကောင်းမှု အစုစုကို အတူတကွ ပြုလုပ်ကြရသည့် အတွက်လဲ ကောင်းမြတ်သော ကျက်သရေ မင်္ဂလာကြီး ဖြစ်ပါ၍ ဝမ်းသာလှပါသည် ဘုရား။

တိပိဋကဓရ ရွေးချယ်ပွဲ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းကို တပည့်တော် အကျဉ်းချုပ်၍ အနည်းငယ် လျှောက်ထားလိုပါသည် ဘုရား။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ဟောကြားဆုံးမတော်မူခဲ့သော ဒေသနာတော်ကို မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် မဟာသာဝက တပည့်သားတော်ကြီးဖြစ်သော အရှင်မဟာကဿပမထေရ်တော်ကြီးက ကမ္မ-ကာထ ပြုလုပ်ပြီး ညီတော်သာဝက ငါးရာနှင့် သာသနာတော်ကြီးကို အနှန်-ရှည်စွာ တည်မြဲစေရန် ရည်သန်၍ ပဌမသံဂါယနာတင်ပွဲကို ပြုခဲ့ပါသည်။ ၎င်း ပဌမ သံဂါယနာ တင်ပွဲ၌ အရှင်မဟာကဿပမထေရ်မြတ်က ပဌမပါရာဇိက

သိက္ခာပုဒ် စသော မြတ်စွာဘုရား၏ ဒေသနာတော်ကို မေးမြန်း၍ အရှင်ဥပါလိမထေရ်မြတ်က မေးမြန်းချက် ဟူသမျှကို ဖြေဆိုခဲ့ပါသည်။ ဤကဲ့သို့ ဖြေပြီးနောက် ကျန်ရဟန္တာငါးရာတို့သည် ကညီတညာတည်း ရွတ်ဆိုသရဇ္ဈာယ် ကြပါသည်။

ဤကဲ့သို့ သာသနာတော်ကြီးကို ပျိုးထောင်ရာ၌ ဥပါသကာဖြစ်သော အဇာတသတ် မင်းမြတ်ကလည်း အားပေးကူညီ ထောက်ပံ့တော်မူခဲ့ပါသည်ဘုရား။ ဤနည်းနှင်နှင် ဒုတိယနှင့် တတိယ သံဂါယနာ တင်ပွဲများကို ကျင်းပခဲ့ပါသည်။ စတုတ္ထ သံဂါယနာ တင်ပွဲမှာကား ယခင်က ကျင်းပခဲ့သော သံဂါယနာ တင်ပွဲများမှာကဲ့သို့ မြတ်စွာဘုရား၏ ဒေသနာတော်ကို ရွတ်ဖတ် သရဇ္ဈာယ် ပြုကြပြီးလျှင် ပေလက် အက္ခရာ တင်တော်မူခဲ့ကြပါသည်။ ပဉ္စမ သံဂါယနာ တင်ပွဲ၌ ပေပေါ်မှာ ရေးမည့်အစား ကျောက်ပေါ်မှာ ရေးသားခဲ့ပါသည်။ ဤနည်းအားဖြင့် မြတ်စွာဘုရား၏ ဒေသနာတော်ကို အာဂုံဆောင်ခြင်း လျော့ပေါ့လာကြ၍ အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ်များ တဖြည်းဖြည်း နည်းပါးလာခဲ့ပါသည် ဘုရား။

ထို့နောက် ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဆိုသည့် သာသနာတော် သုံးရပ်ရှိသည့်အနက် အခြေခံဖြစ်သော ပရိယတ္တိ သာသနာတော်ကြီးကို ထွန်းကားတိုးတက်စေလိုသော ရည်သန်ချက်ဖြင့် သဘောနှင့်အာဂုံ နှစ်ဌာနပါဝင်သော ပဋ္ဌမပြန် စာမေးပွဲများကို နှစ်ပေါင်းသုံးရာကျော် အင်းဝခေတ် သာလွန်မင်းတရားကြီး လက်ထက်မှ အစပြုပြီး ကျင်းပခဲ့၍ ၎င်းနောက် ကုန်းဘောင်မင်းအဆက်ဆက် ယနေ့တိုင်အောင် ဆက်လက်၍ ကျင်းပလာခဲ့ပါသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးသည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတည်းဟူသော သာသနာသုံးရပ်ကို ထွန်းလင်းတောက်ပအောင် ချီးမြှောက်လိုသည့် အာသီသ ရည်ရွယ်ချက်ဖြင့် အရှင်မဟာကဿပနှင့် အဇာတသတ်မင်းတို့၏ လုံ့လကို နှလုံးမူ၍ ပဋ္ဌမပြန်စာမေးပွဲများထက် အဆပေါင်းများစွာ ခက်ခဲသည့် ပိဋကသုံးပုံ အာဂုံဆောင်ရမည့် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ကျင်းပခဲ့သည်မှာ ယခုနှစ်ပါ ငါးနှစ် ရှိပါပြီဘုရား။

ဤငါးကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ၏ အခမ်းအနားကြီးကို ဆရာတော် သံဃာတော် အရှင်မြတ်တို့ထံ ခွင့်ပန်လျှောက်ကြား၍ တပည့်တော် ဖွင့်လှစ်ပါသည် ဘုရား။ ယင်းသို့ လျှောက်ကြားဖွင့်လှစ်ပြီးနောက် နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သြဝါဒမိန့်ခွန်းစကား မြွက်ကြားတော်မူသည်။ ၎င်းနောက် ၉-နာရီ ၄၅-မိနစ်တိုင်အောင် သက်ဆိုင်ရာ အစီအစဉ်များ

ပြုလုပ်ပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်း၍ အာဂုံပြန်ပွဲကို ဆက်လက်ကျင်းပရာ နားရက်အလွတ် ၁၈-ရက်တိုင်တိုင် ကြာရှည်၍ တပို့တွဲလဆန်း ၅-ရက်နေ့တွင် ပြီးဆုံးသည်။ တပို့တွဲလဆန်း ၆-ရက်, ၇-ရက် အနားပေးပြီး တပို့တွဲလဆန်း ၈-ရက်နေ့မှစ၍ သဘော ရေးဖြေပွဲကို ကျင်းပရာ တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် ပြီးဆုံးလေသည်။

## အရှင်ဝိစိတ္တသာရာဘိဝံသ ပြန်ဆိုပြီ

သာသနာ့အာဇာနည် အရှင် ဝိစိတ္တသာရာဘိဝံသသည်[၁] ယမိုက်ပါဠိတော် ၃-အုပ် ပဋ္ဌာန်း ပါဠိတော် ၅-အုပ်ကို ၁၈-ရက်တိုင်တိုင် သိမ္ဗေ့ာနှင်သကဲ့သို့ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုခဲ့လေသည်။ ပေယျာလများကို ကျနစွာ ဖော်၍ ပြန်ဆိုတော်မူသည်၊ စာပုံနှိပ်မှ မှားယွင်းစွာ ရိုက်နှိပ်ထားသည်များကိုလည်း ပြင်ဆင်ပြောကြား လျှောက်ထား၍ ပြန်ဆိုတော်မူသည်၊ အသံတော်မှာလည်း နတ်စည်ကို ဆော်ရွှမ်းသည့်ပမာ သာယာမြည်ဟိန်းလေရာ ကြားနာသူတိုင်း ပီတိ ဖြစ်ကြကုန်၏။ အလွန်လျှင် ရင်သပ်ရှုမော အံ့ဩဖွယ် စင်စစ် ဖြစ်လေသည်။

မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဂ္ဃါနိ ဟိတာနိ စ။
ယေ ဘေ ဝါကျာနိ သုဏန္တိ၊ ဧညာ ဝိစိတ္တပုဂ္ဂဝ။

ဝိစိတ္တပုဂ္ဂဝ၊ တခေတ် တယောက် တစ်ခေါ်လောက်သား ထူးခြားပါလှ အရှင် ဝိစိတ္တသာရာဘိဝံသ အရှင်သူမြတ်ဘုရား။ မဓုရာနိ၊ ကြားနာရသူ မငြိုနိုင်အောင် ချိုမြိန် သာယာလှကုန်သော။ ပဟဋ္ဌာနိ၊ ကြားနာရသူတို့၏ ဘဝင်နှလုံးကို ရွှင်ပြုံးနှစ်သက်စေတတ်ကုန်သော။ ဒေါသဂ္ဃါနိ၊ ပြစ်မျိုးကင်းစင် အလွန်လျှင် သန့်ရှင်းကုန်သော။ ဟိတာနိ စ၊ ကြားနာရတိုင်း မဆိုင်းမတွ အကျိုးရစေနိုင်ကုန်သော။ တေ၊ အရှင် ဆရာတော်ဘုရား၏ ဝါကျာနိ၊ လွန်စွာထူးခြား စကားတော်တို့ကို။ ယေ၊ သဒ္ဓါကြည်ညို အကြင် ပုဂ္ဂိုလ်တို့သည်။ သုဏန္တိ၊ ကြားနာကြရကုန်၏။ တေ၊ သဒ္ဓါကြည်ညို အရှင်ဘုရားတရားကို နာရသော ထိုပုဂ္ဂိုလ်တို့သည်။ ဧညာ၊ ရှေးကုသိုလ် ထက်သန်၍ ဘုန်းကံ ကြီးမားကြပေကုန်၏။

---

၁။ ပဥ္စမအကြိမ် တိပိဋကခရ ရွေးချယ်ပွဲတွင် ဝါးခယ်မမြို့မှ မူလဓမ္မာစရိယ အရှင် ကလျာဏက ဝိနယပိဋက, ကျိုက်ကိုမြို့ သာသနဝံသ ဘိရိပဝရ ဓမ္မာစရိယ အရှင် သာဂရက ဝိနယပိဋက, ပခုက္ကူမြို့ ဝိနယာဓရ မဟာဝိနယကောဝိဒ အရှင်ကောဝိဒက အဘိဓမ္မာပိဋကရွေးပိုင်း ၅-ကျမ်းကို ပြန်ဆိုကြသည်။

နဒတော ပရိသာယံ၊ ယေဝ၊ ဝါဒိတဗ္ဗ ပဟာရိနော။
ယေ တေ ဒက္ခန္တိ ဝဒနံ၊ ဓညာ ဝိစိတ္တပုင်္ဂဝ[၁]။

ဝိစိတ္တပုင်္ဂဝ၊ တခေတ် တယောက် တစ်ခေါ် လောကီသား ထူးခြားပါလှ အရှင်ဝိစိတ္တသာရာ ဘိဝံသ အရှင်သူမြတ်ဘုရား။ ပရိသာယံ၊ ပေါများပြည့်ကြပ် ပရိသတ်အလယ်၌။ ဝါဒိ ဘဗ္ဗပဟာရိနော၊ နတ်စည်ကို ဆော်ရွမ်းသည့်ပုံ နှုတ်ခမ်းတော်မြတ်အစုံကို ထိတုံ့ဖွင့်တုံ့ တီးခတ်တော်မူလျက်။ နဒတော။ ခြင်္သေ့မင်း တရားသည် ရဲရင့်တည်ကြည် ကနားစည်ကို ခတ်တီး၍ မြည်ဟည်း ကျူးရင့်တော် မူနေသော။ တေ၊ အရှင် ဝိစိတ္တသာရာဘိဝံသ မထေရ် မြတ်ဘုရား၏။ ဝဒနံ၊ လခန်းခွေသော် မျက်နှာတော်ကို။ ယေ၊ အကြင်သူတို့သည်။ ဒက္ခန္တိ၊ သဒ္ဓါဇော ဝင် ဖူးမြင်ကြကုန်၏။ တေ၊ ထိုသူတို့သည်။ ဓညာ၊ ရှေးကုသိုလ်ကံ လွန် ထက်သန်သဖြင့် ဘုန်းကံ ကြီးမား ကြပါပေကုန်စွ။

## ရေးဖြေစာမေးပွဲ ဆက်လက်ဖြေဆို

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဘုရားရှင်၏ မဟာကရုဏာဉာဏ် အဇ္ဇုညုတဉာဏ်တော်တို့ကို မှန်းဆရည်ရော် ကော်ရေကြည်ဖြူ ပူဇော်တော်မူ၍ သဘောရေးဖြေ စာမေးပွဲကိုလည်း ဖြေဆိုတော်မူသည်။ ဆရာတော်ကား တိက္ခ၊ ဟာသ၊ ဇဝနနှင့် ဒဋ္ဌ၊ ဘူရိ၊ ဂမ္ဘီပညာ စုံလှစွာသည့် ပုဂ္ဂိုလ်ထူးတည်း၊ သို့ဖြစ်၍ ကြာချိန်းတိုကို ခေးပြတ်ပြတ်ဖြင့် ဖြတ်လိုက်သလို လျင်မြန်တောက်တပို ဖြေဆိုတော်မူလေသည်။

သဘာဝပရိက္ခဏော၊ ဆေကော တိက္ခညာဏိ သုဓီ။
သုဘာရေန ဝိယာကာသိ၊ မဟာပရက္ကမော ဝိဒူ။


## ဂုဏ်ထူး ၂ ဆင့်ဖြင့်ပင် အောင်မြင်ခြင်း

ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၄ ခုနှစ်တွင် ကျင်းပ အပ်သော ၅-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ၌လည်း အဘိဓမ္မာ ပိဋက ဒုတိယပိုင်း ယမိုက်၊ ပဋ္ဌာန်း ၂-ကျမ်း အာဂုံပြန်ဆိုပွဲတွင် အထောက် အမလွတ် ကင်းစွာဖြင့် ပြန်ဆို အောင်မြင်တော်မူသည့်ပြင် သဘောရေးဖြေပွဲ တွင်လည်း ရာခိုင်နှုန်း (၈၉) မှတ် ရရှိ အောင်မြင်တော်မူခဲ့လေသည်။

ဥဒ္ဒံဘာဂေ ဘိဓမ္မာ၊ ဂန္ထေပိ အတိဂေါဝရိဒေါ။
တေနေဝ ဒွိသု ဌာနေသု၊ ဝိသိဋ္ဌေန ဇယော ဘဝိ။

---

၁။ ပုင်္ဂဝသဒ္ဒါ အမြတ်ဟောတည်း။ ဥတ္တရသိမ်ိ ပဒေ ဗျဂ္ဃ - ပုင်္ဂဝါသဘကုဉ္ဇရာ။ သီဟသဒ္ဒူလနာဂါဒျာ၊ ပုမေ သေဋ္ဌတ္ထဂေါစရာ။ ဒ မဓရကောသ။ ၂၁။ ၅၉-ကြည့်။



တိပိဋကရေ စာမေးပွဲဖြေစဉ်က လက်နှိပ်စက်ဖြင့်
ရိုက်နှိပ်၍ ဖြေနေတော်မူသော
အရှင်ဝိစိတ္တသာရာဘိဝံသ

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသနှင့်အတူ ပခုက္ကူမြို့ သာသနာ့ဝိပုလာ ရာမမန္တလေးတိုက်မှ "ဝိနယဓရ မဟာဝိနယကောဝိဒ" ဆရာတော် အရှင် ကောဝိဒသည်လည်း အဘိဓမ္မာပိဋက ပဌမပိုင်း အာဂုံနှင့် သဘောရေးဖြေ- နှစ်ရပ်လုံးတွင် အောင်မြင်တော်မူသည်။

## အရှင်ဝိစိတ္တသာရာဘိဝံသ အောင်လံတော် ဘွဲ့တံဆိပ်တော် အလှူခံ

ယင်းသို့ အဘိဓမ္မာပိဋက ဒုတိယပိုင်း အာဂုံနှင့် သဘောရေးဖြေ ၂ ရပ်လုံး တွင် ဂုဏ်ထူးဖြင့်ချည်း အောင်မြင်သောကြောင့် နိုင်ငံတော်သမ္မတသည် အရှင်ဝိစိတ္တသာရာဘိဝံသအား ၁၃၁၄ ခုနှစ် တပေါင်းလဆုတ် ၁ ရက်နေ့တွင် အိမ်တော်၌ ကြီးကျယ် စည်ကားလှသော မင်းခမ်းမင်းနားဖြင့် အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်နှစ်လက် တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော် နှင့် "ဗုဒ္ဓသာသနဝံသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ"ဟူသော ဘွဲ့တံဆိပ် တော်ကို လေးမြတ်ကြည်ဖြူ ကပ်လှူပူဇော်ခဲ့လေသည်။

သမ္မတော နိဇနိကေတေ၊ ကေန္တုပူဇိတံ သုခိ။
ပူဇယိ သုဝိသိဋ္ဌေန၊ ကေတုဥပါဓိနာပိ စ။

နိုင်ငံတော် သမ္မတသည် သာသနာ့အောင်လံတော်နှင့် ဘွဲ့တံဆိပ်တော် ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် အလွန်လျှင် ဝမ်းမြောက်လှသဖြင့် သံဃာ တော်များအား အောက်ပါ လျှောက်လွှာစာတမ်းဖြင့် ဖတ်ကြား ဂုဏ်ပြုခဲ့လေ သည်။

## နိုင်ငံတော်သမ္မတ လျှောက်ကြားသည့် စာတမ်း

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။ နိုင်ငံတော် အစိုးရအဖွဲ့ဝင် မင်းရေးဝိသတ်နှင့်တကွ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ အမှူးရှိသော သာသနာ ရေးအဖွဲ့ပေါင်းစုံတို့မှ လူကြီးမင်းများနှင့် ညီသည်တော် အပေါင်းတို့ စုံညီ သည့် ဤခန်းမဆောင်ကြီး၌ ဆရာတော် အရှင်မြတ်များနှင့် သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ထူး အရှင်မြတ်နှစ်ပါးတို့ကို ဖူးမြင်ကြည်ညိုရခြင်းသည် ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံလှပါသည် ဘုရား။

သဗ္ဗညုရှင်တော်ဘုရား၏ စကားတော်အစဉ် ဖြစ်သော ပိဋကတော်များကို ဆရာ ဆစဉ်အဆက်အားဖြင့် မပျက်ပြား မယိုယွင်းစေပဲ ထိန်းသိမ်းစောင့်ရှောက် တော်မူကြကာ ပိဋက နှုတ်ငုံဆောင် သာသနာ့အာဇာနည်များ ထွန်းကား ပေါ်ပေါက်လာအောင် အားကြိုးမာန်တက် ဆောင်ရွက် စောင့်ရှောက်တော်

မှုသာကြွေးသော ဂဏာစနိယ, ဂဏာပါမောက္ခ, တိပိဋကကောဝိဒ မဟာထေရ် မြတ်ကြီးတို့၏ ဂုဏ်ကျေးဇူးတော်တို့သား လွန်စွာ ကြီးမားလှပါသည် ဘုရား။

ယခုအခါ တပည့်တော်တို့၏နိုင်ငံတော်အစိုးရ လက်ထက်၌လည်း ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပရန် စီမံဆောင်ရွက်နေဆဲ အချိန်တွင် နိုင်ငံတော် အစိုးရ၏ သာသနာ့အက်ဥပဒေအရ တည်ထောင် ဖွဲ့စည်းထားအပ်သော နိုင်ငံတော် ဗုဒ္ဓသာသနာ့ အဖွဲ့ကြီး၏ ကိုယ်စား အနေအားဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီးက ငါးကြိမ်မြောက် ကျင်းပပြုလုပ်အပ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် အဘိဓမ္မာပိဋက နှုတ်ပုံဆောင် သာသနာ့ အာဇာနည် အရှင်မြတ် ၂-ပါး ထွန်းကား ပေါ်ပေါက်လာသည့်အတွက် လွန်စွာ အားရရွှင်လန်း ဝမ်းမြောက်လှပါသည်ဘုရား။

ထို သာသနာ့အာဇာနည် အရှင်မြတ် ၂ ပါးတို့တွင် စစ်ကိုင်းမြို့ မင်းကွန်း ဓမ္မနာဒတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၂-ခုနှစ်က ဝိနယပိဋက အာဂုံပြန်ဆိုပွဲ, သဘောရေးဖြေပွဲ ၂-ရပ်လုံးတွင် ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်ခဲ့၍ "ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ" ဘွဲ့တံဆိပ်တော်, အောင်လက်မှတ်တော်, သာသနာ့အောင်လံတော် တို့ကို ခံယူရရှိပြီးဖြစ်သည့်ပြင် ၁၃၁၃-ခုနှစ် ကလည်း အဘိဓမ္မာပိဋက ပဌမပိုင်း ၅-ကျမ်း အာဂုံပြန်ဆိုပွဲ, သဘောရေးဖြေပွဲ ၂-ရပ်လုံးတွင် ဂုဏ်ထူးနှစ်ဆင့်ဖြင့်ပင် အောင်မြင်တော် မူခဲ့ပြီးနောက် ယခုနှစ် မှာလည်း အဘိဓမ္မာပိဋက ဒုတိယပိုင်း အာဂုံပြန်ဆိုပွဲ, သဘောရေးဖြေပွဲ ၂-ရပ်လုံးမှာပင် ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော် မူပြန်သည့် အတွက် "ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ" ဘွဲ့တံဆိပ်တော် အောင်လက်မှတ်တော်နှင့် နိုင်ငံတော် အစိုးရ၏ အခိုးဝါ ကနက္ကဒဏ် ထီးဖြူတော် ၂-လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော် တို့ကို ဆက်ကပ်ပူဇော်လိုပါသည် ဘုရား

ပခုက္ကူမြို့ သာသနာ့ဝိပုလာရာမတိုက် အရှင်ကောဝိဒသည် ၁၃၁၃-ခုနှစ်က ဝိနယပိဋက အာဂုံပြန်ဆိုပွဲတွင် သာမန်အောင်မြင်၍ သဘောရေးဖြေပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသည့်အတွက် "ဝိနယဓရ မဟာဝိနယကောဝိဒ" ဘွဲ့တံဆိပ်တော်, အောင်လက်မှတ်တော်တို့နှင့် သာသနာ့အောင်လံတော်တို့ကို ရရှိပြီးဖြစ်သည့်ပြင် ယခုနှစ်တွင်လည်း အဘိဓမ္မာပိဋက ပဌမပိုင်း ၅-ကျမ်း အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲတွင် အောင်မြင်တော်မူပြန်သည့် အတွက် အသိအမှတ်ပြု အောင်လက်မှတ်တော်ကို ဆက်ကပ်ပူဇော်လိုပါသည် ဘုရား။

လာမည့် ၁၃၁၅-ခုနှစ် ၁၃၁၆-ခုနှစ်တို့၌ ဤအရှင်မြတ် ၂-ပါးတို့သည် "တိပိဋကဓရ" ဘွဲ့နှင့် "တိပိဋကကောဝိဒ" ဘွဲ့ထူးတို့ကို ပန်ဆင်တော်မူကြပြီး

လျှင် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့၌ စတင်ကျင်းပမည့် ဆဋ္ဌသံဂါယနာ ဓမ္မသဘင်ကြီးတွင် သံဂါယနာဟူသော ဖုပည်နှင့် လိုက်လျော ညီညွတ်အောင် နှုတ်ရအာဂုံဆောင် တိပိဋကဓရ သာသနာ့အာဇာနည်များ အဖြစ်ဖြင့် ပါဝင်တော်မူကြ၍ ဓမ္မသံဂီတိသဘင် ဆင်ယင်တော်မူကြလိမ့်မည်ဟု ယုံကြည်ကိုးစား အားထား မျှော်လင့်ပါသည်ဘုရား။

နိဂုံးချုပ် အနေအားဖြင့် ဘုရားတပည့်တော် လျှောက်ထားလိုသည်မှာ တိပိဋကဓရရွေးချယ်ရေးအဖွဲ့၏ နာယက ဆရာတော်ဘုရားကြီးများနှင့် တကွ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင် လူကြီးမင်း အပေါင်းတို့သည် တနှစ်ထက်တနှစ် ဆထက်ထမ်းပိုးတိုးကာ တိပိဋကဓရ သာသနာ့အာဇာနည်များ တိုးတက်ထွန်းကား ပေါ်ပေါက်လာအောင် ရွက်ဆောင်နိုင်ကြ၍ မြတ်စွာဘုရား၏ စကားတော် အစဉ်ဖြစ်သော ပိဋကတော်တို့ကို စောင့်ရှောက် ထိန်းသိမ်းတော်မူ နိုင်ကြပါစေသော်ဟု ဆုတောင်းပတ္ထနာ ပြုပါသည်ဘုရား။

ဤသည်ကား နိုင်ငံတော်သမ္မတ၏ လျှောက်ကြားသည့် စာတမ်းဖြစ်သည်။

## သာသနာ့ရိပ်သာ၌ ချီးကျူးပူဇော်ပွဲ ကျင်းပခြင်း

၁၃၁၄-ခုနှစ် တပေါင်းလဆုတ် ၂ ရက်နေ့တွင် သာသနာ့ရိပ်သာ အတွင်းရှိ ဖလ်ယဉ် (ဦးဒန်-ဒေါ်ရင်) ဓမ္မာရုံတော်ကြီးအတွင်း၌ ဘာသာရေး, သာသနာရေး အသင်းအဖွဲ့ပေါင်းစုံတို့က အသီးမျိုးစုံ ပဒေသာပင်တို့ဖြင့်၎င်း, ဓမ္မဂီတတို့ဖြင့်၎င်း သာသနာ့အာဇာနည် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် သာသနာ့အာဇာနည် အရှင်ကောဝိဒတို့အား နံနက် ၁၁-နာရီမှ ညနေ ၅-နာရီအထိ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ ပူဇော်ကြသည်။ ယင်းသို့ ချီးကျူးပူဇော်ကြရာတွင် ချီးကျူးပူဇော်လွှာများ, ဓမ္မဂီတများ တချို့ကို တိပိဋကဓရ သမိုင်းသုတေသီတို့ အကျိုးငှါ ဤ၌ အမြွက်မျှ ဖော်ပြအပ်ပါသည်။

> ပါတုဘူတေ မြန်မာ့ရဋ္ဌေ၊ အာဇာနည ထေရပုင်္ဂဝေ။
> မောဒမာနာ ထောမယန္တိ၊ မုဒမတ္တနိဒဿနံ။

## နိုင်ငံတော်ဝန်ကြီးချုပ် ချီးကျူးလျှောက်လွှာ

လောကမှာ ကြာဖြူကြာနီ စသော ကြာအမျိုးမျိုးတို့သည် ရေမျက်နှာ အပြင်ကို ရှုချင်စဖွယ် တင့်တယ်အောင် တန်ဆာဆင်ရန် ဖြစ်ပေါ် လာသလို လူထုအပေါင်း တည်းဟူသော လောကကြီးကို အသီးသီး အသွယ်သွယ် စင်ကြယ် မွန်မြတ်လှတဲ့ ကုသိုလ်မင်္ဂလာတို့ဖြင့် တန်ခ ဆင်ဖို့ရာ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာရပါတယ်လို့ ပါဠိအလင်္ကာကျမ်းက ဖွဲ့နွဲ့ပြဆိုတဲ့အတိုင်း ရေနဲ့ ကြာတို့သည် အချင်းချင်း အတုံ့အပြန် အမှီသဟဲပြုကြပါတယ်။ ရေမရှိလျှင်

ကြာမဘည်နိုင်ပါ၊ ကြာမရှိလျှင် ရေပြင်လဲ မတင့်တယ်ပါ၊ လောကလူထုနှင့် ဘုရားသာသနာတော်လဲ အချင်းချင်း အတုံ့အပြန် အမှီသဟဲ ပြုနေကြပါတယ်။ လူသုက မပြုရလျှင် ဂရုမစိုက်လျှင် သာသနာတော် မတည်တွန်းနိုင် ယိမ်းယိုင်ကွယ်ပျောက်သွားမှာပါပဲ။ ကွယ်ပျောက်သွားလျှင် ကြာမျိုးငါးပါး မရှိတဲ့ရေပြင်ဟာ ကြည့်ရှုချင်ဖွယ်ရာ တင့်တယ်ခြင်း အသရေမရှိသလို ကိုးကွယ်ရာ သာသနာ့ဘာသာမရှိတဲ့ လူသုလဲ လိမ္မာယဉ်ကျေးမှုမရှိ၊ အကောင်းအဆိုးကို မသိပဲ မိုက်မဲတိုင်း မွေးတိုင်း စိတ်ဆင်ရာ စိုင်းနေကြတဲ့ လူရိုင်းတွေသာ ဖြစ်ကုန်မှာပါပဲ။ တမျိုးပြောရလျှင် သာသနာ့အလင်းရောင် ကင်းပြီး မိစ္ဆာ မှောင်အတွင်းမှာသာ ပညာမျက်စိမရှိ ထင်မိထင်ရာ စွဲလမ်းနေကြတဲ့ အကန်းတွေချည်း ဖြစ်ကုန်မှာပဲ။

အဲဒါကြောင့် ဘုရားသာသနာတော် ယိမ်းယိုင်ကွယ်ပျောက်သွားခြင်း မဖြစ်နိုင်အောင် လူထုက အသီးအသီး တဦးချင်းဖြစ်စေ၊ အနည်းအများ စုပေါင်း၍ ဖြစ်စေ၊ အသင်းဖွဲ့စည်း၍ဖြစ်စေ သာသနာတော်ကို အားပေး စောင့်ရှောက် ချီးမြှောက်ထောက်ပံ့ကြဖို့ အလွန်အရေးကြီးပါတယ်။ သည်လို အရေးကြီးတဲ့ အတွက် ရှေးရှေးကလဲ သာသနာ့ပြုမင်းများနှင့် တိုင်းသူပြည်သား သူတော်ကောင်းများသည် အားပေးစောင့်ရှောက် ချီးမြှောက်ထောက်ပံ့ခြင်း အမှုကို ပြုခဲ့ကြပါသယ်။ ယခုလဲ ပြုကြတုန်း ပြုကြဆဲ၊ နောက်ကိုလဲ စွမ်းအားရှိသမျှ ဆထက်ထမ်းပိုး တိုး၍ပြုကြရမှာ အမှန်ဖြစ်ပါတယ်။

ယခုပြောပြီးခဲ့တဲ့အတိုင်း လောကကြီးနှင့် ဘုရားသာသနာတော် အတုံ့အပြန် အမှီသဟဲ ဆက်သွယ်နေတာကို သိသာထင်ရှားတဲ့ သက်သေခံအထောက်အထားတခု ပြလိုတာက ယခုအခါ လွတ်လပ်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးရယ်လို့ ကမ္ဘာကျော်ကြားအောင် ထင်ရှားပေါ်ထွန်း လာသည်ကို သတိပြုကြပါ၊ ရှေးရှေးအခါက အထက်ပိုင်းမှာ မြန်မာနိုင်ငံတော်၊ အောက်ပိုင်းမှာ မွန်နိုင်ငံတော် စသည်ဖြင့် အသီးအသီးသာ ထွန်းကားခဲ့ကြပါတယ်၊ ယခုမှသာ လွတ်လပ်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးရယ်လို့ မဖြစ်စဘူး ထူးထူးခြားခြား ဖြစ်ပေါ်လာပါတယ်။ လူထုလောကဘက်မှာ ထူးခြားသလို သာသနာတော်ဘက်မှာလဲ အထက်အောက် နိုင်ငံတော်တဝန်းလုံးတွင် ရာဇဝင်အဆက်ဆက် မထွက်မပေါ်ဘူးတဲ့ ပိဋကတ်သုံးပုံ အာဂုံပြန်ပွဲကြီး ထူးထူး ကဲကဲ ဖြစ်ပေါ်လာရပြန်ပါတယ်။ ဖြစ်ပေါ်လာကြသည့် အချိန်မှာလဲ ယခုနှစ်သည် လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ငါးနှစ်မြောက်ဖြစ်၍ ပိဋကသုံးပုံ အာဂုံပြန်ဆိုပွဲကြီးလဲ ငါးနှစ်မြောက်ပင် ဖြစ်နေလို့ နဂိုက သည်လို တိုက်ဆိုင်မိကြဖို့ရာ ညှိနှိုင်းတိုင်ပင်ထားခြင်း အလျှင်းမရှိပဲနှင့် ညှိနှိုင်းတိုင်ပင် တမင်ပြုလုပ်ကြသလို တိုက်ဆိုင်နေသည်ကို ထောက်ရှုခြင်းဖြင့် ဤနိုင်ငံရေးလောကနှင့်

သာသနာရေးမှုတို့ အချင်းချင်း အမှီသဟဲပြုကာ ဆက်သွယ်နေကြောင်း ထင်ရှားပါတယ်။

နိုင်ငံရေးလောကနှင့် သာသနာရေးမှုတို့ အချင်းချင်း အမှီသဟဲ ဆက်သွယ်ခြင်းရှိဘယ်ဆိုပေမဲ့ သာသနာတော်ကို ယုံကြည်လေးစား အားထား ကိုးကွယ်တဲ့ လူထုလောကနှင့်သာ ဆက်သွယ်ပါတယ်။ သာသနာတော်ကို ယုံကြည်လေးစားခြင်း မရှိတဲ့ လူထုလောကနှင့်တော့ အမှီသဟဲ အဆက်အသွယ်မရှိပါ။ မပျက်ပျက်အောင် ဖျက်ခဲ့သူများသာ ဖြစ်ကြပါတယ်။ သည်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ ဗုဒ္ဓဘာသာနိုင်ငံတော်ရင်းဖြစ်တဲ့အတိုင်း သာသနာတော်ကို ယုံကြည်လေးစား အားထားကိုးကွယ်မဲ့ အစိုးရများသာ လူထုကို ခေါင်းဆောင်ကာ အစဉ်သဖြင့်စိုးမိုးအုပ်ချုပ်သွားကြဖို့ရာ လိုလားအပ်ပါတယ်၊ ယခု စိုးမိုးအုပ်ချုပ်လျက် ရှိကြတဲ့ နိုင်ငံတော်အစိုးရတို့မှာ မိမိတို့ကိုယ်တိုင်တွင်မက လူထုလောကကြီးကိုပါ သာသနာတော်ဘက်သို့ ထက်မြက်သည့် သဒ္ဓါစေတနာ တညီတညွတ်တည်းပါလာအောင် ပြည်ထောင်စုအတွင်းရှိပိဋကတ္တယဆောင်, လင်္ကာပေသလ, သီသဝန်, ဂုဏဝန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူကြသော ဆရာတော် ဘုရားကြီးများကို ကျောက်ထီးပမာ နာယက တင်မြှောက်ပြီး နိုင်ငံတော်ဗုဒ္ဓသာသနာ့ အဖွဲ့ကြီးကို ဖွဲ့စည်းဘည်ထောင်ကာ သာသနာတော်တန်ခိုး တိုးတက်ပွါးစည် အရှည်ခိုင်ခံ့အောင် အမျိုးမျိုးရှက်ဆောင်အားထုတ်နေကြရာ အထူးသဖြင့် နိုင်ငံများစွာ တကမ္ဘာလုံး သိရှိအောင် ဆဋ္ဌသံဂါယနာတင်ပွဲကြီး ထမြောက်အောင်မြင်စေရန် ယခုအရေးတကြီး စီမံအားထုတ်နေကြခြင်းမှာ အထင်အလင်းပင် ဖြစ်ပါတယ်။ ၁၃၁၆-ခုနှစ် ကဆုန်လပြည့် ( ၁၉၅၄- ခု မေလ ၁၇-ရက် ) နေ့တွင် စ၍ တင်ကြမည့် ဆဋ္ဌသံဂါယနာပွဲကြီး ပေါ်တော့မည့်အတွက် မပေါ်ပေါက်မီ ရွှေပြေးနိမိတ်အဖြစ်ဖြင့် နေထွက်လိုသောအခါ နေဝန်းမပေါ်ခင် နေအရုဏ်ခေါ် အလင်းရောင်ခြည်ကြိုတင်ထွက်ပေါ်လာရသလို ကြိုတင်ကာ ပိဋကတ်သုံးပုံ သဘော, အာဂုံပြန်ပွဲကြီး ပေါ်ပေါက်လာရသည်ဆိုလျှင်လဲ မှားမည်မဟုတ်ပါ၊ သဘောသွားတမျိုးလဲ အလားတူ ဖြစ်နေပါတယ်။

သံဂါယနာဆိုတာ အများစုပေါင်း ကောင်းစွာရွတ်ဆိုတော် မူကြခြင်းဖြစ်၍ အာဂုံပြန်ပွဲမှာ တပါးစီ ရွတ်ဆိုခြင်းသာ ထူးပါတယ်။ ယခုနှစ် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကိုယ်စား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ကျင်းပတဲ့ သဘော, အာဂုံစာပြန်ပွဲကြီးတွင် အရင်နှစ်က ဝိနည်းငါးကျမ်းလုံးကို အောင်မြင်သဖြင့် ဤတိပိဋကဓရ ရွေးချယ်ပွဲဆိုင်ရာမှ ဆက်ကပ်တဲ့ ဝိသိဋ္ဌဝိနယဓရဘွဲ့နှင့် မဟာဝိနယကောဝိဒဘွဲ့ဘို့ကို ခံယူရရှိတော်မူပြီးသော အရှင်ဝိစိတ္တသာရဘိဝံသမထေရ်သည် ယခုနှစ်မှာ အဘိဓမ္မာ ဒုတိယပိုင်း ယမိုက် ပဋ္ဌာန်းကျမ်းကြီး စာမျက်နှာ

၂၆၁၀ ခန့်ကို အထောက်အထားမလွှတ်ကင်း သန့်ရှင်းပီသစွာ ပြန်ဆိုတော်မူနိုင် သည့်အတွက် အလွန်နှစ်သက် ကျေနပ်အားရဖွယ် ကောင်းလှပါတယ်။

ဘာကြောင့်လဲဆိုတော့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့ သဒ္ဓမ္မ သုံးပါး အနက် ပရိယတ္တိက သာသနာတော်၏ အခြေအမြစ် အရင်းခံဖြစ်၍ သမထ ဝိပဿနာ ကျင့်ဝတ်တရားဖြစ်တဲ့ ပဋိပတ္တိနှင့် သစ္စာလေးပါး ထိုးထွင်း သိမြင် ခြင်း၊ ပဋိဝေဓ နှစ်ပါးတို့မှာ တခါတလေ လောကမှာ အလွန်စည်ပင် ထွန်းကား ပြီး တခါတလေ တိမ်ကောပပျောက် နေတတ်ပါတယ်။ ဘယ်လိုပင်ပပျောက် နေစေကာမူ အရင်းခံ ပရိယတ္တိ ခိုင်လုံစွာရှိပါက ပညာရှိ ပုဂ္ဂိုလ်သည် ထိုပရိယတ္တိ ကို ကြားနာပြီးလျှင် ဖြောင့်မတ်တဲ့ ပဋိပတ်ကျင့်စဉ်ကို သိမြင်၍ ကျင့်နိုင်ခြင်း၊ ကျင့်နိုင်သဖြင့် မဂ်ဖိုလ်ရနိုင်ခြင်းဖြစ်တဲ့ ပဋိပတ္တိနှင့် ပဋိဝေဓတို့ကို ပြည့်စုံစေ နိုင်ပါတယ်၊ အဲဒါကြောင့် ပရိယတ္တိ တည်ရှိနေသမျှ ကာလပတ်လုံး သာသနာ တော်မြတ် တည်ရှိနေတယ်ဟူ၍ မှတ်ယူအပ်ပါတယ်။ ပရိယတ္တိကွယ်မှ သာသနာ တော် ကွယ်ပါတယ်။ ပရိယတ္တိကွယ်တဲ့အခါ ပိဋကတ်သုံးပုံအနက် အဘိဓမ္မာ ကစ၍ ကွယ်ပါလိမ့်မယ်။ အဘိဓမ္မာမှာလဲ အဆုံးမရှိတဲ့ နည်းနာတို့ဖြင့် ကျယ်ဝန်း လှစွာသော ပဋ္ဌာန်းကျမ်းကြီး ကစ၍ ကွယ်ပါလိမ့်မယ်လို့ သမ္မောဟဝိနောဒနီ ညာဏဝိဘင်း အဋ္ဌကထာကြီးက အထင်အရှား ပြဆိုထားပါတယ်။

ပရိယတ္တိသာသနာ ကွယ်တဲ့အခါ ပဋ္ဌာန်းကျမ်းကြီးကစတင် ကွယ်ရခြင်း၏ အကြောင်းကို စဉ်းစားပြန်လျှင် ပဋ္ဌာန်းကျမ်းကြီးသည် အားလုံး ၂၄ ကျမ်း ရှိပါတယ်။ ထို ၂၄ ကျမ်းတွင် ပဌမ မဟာတိက ပဋ္ဌာန်းဖြစ်ပါတယ်၊ သည်တိက ပဋ္ဌာန်းမှာ ကုသလတိက်၊ ဝေဒနာတိက် စသည်ဖြင့် ၂၂ တိက်ရှိပါတယ်။ သည် ၂၂ တိက်ထဲက အရင်းအစဖြစ်တဲ့ ကုသလတိက် (၁) တိက်ထဲကိုသာ ရှေးဆရာ တို့ အစဉ်အဆက် ဟောရိုးပြရိုး ပြုလုပ်ဟောပြ ချပို့ခဲ့ ရှိတော်မူကြပါ တယ်၊ အလွန်များပြားစွာ ကြွင်းကျန်နေတာတွေကို ချပို့လေ့သာခြင်း မရှိကြ တော့ပါ။ သည့်လို ရှေးဆရာ ဆရာတို့က ပဋ္ဌာန်းကျမ်းကြီးကို အနည်းငယ် အစလောက်ကလေးသာ ဟောပြောချပို့ပြီး များပြားလှစွာသော အကြွင်း အကျန်တွေကို မဟောပြော မချပို့ဘဲ ထားခြင်းမှာ ပဋ္ဌာန်းကျမ်းကြီးကို ကွယ်ပျောက်စေလိုအောင် ကမင်ပြုလုပ်တော်မူကြလေ သလားလို့ ယုံမှားမရှိ ထိုက်ပါ။ ပဋ္ဌာန်းကျမ်းကြီးမှာ ဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်များ အရာသာဖြစ်ပါ တယ်၊ ဉာဏ်မထက်သော သူတို့၏ အရာမဟုတ်ပါ၊ ဉာဏ်ထက်တဲ့ သူတို့မှာ ၂၄ ကျမ်းကိုပင် ကုန်အောင်သင်ပေမဲ့ ရှေ့ကျမ်းတွေကို တိုးတက်သင်ကြားနေ တုန်းမှာပင် နောက်ကျမ်းတွေ မေ့ကုန်မှာပဲ ဉာဏ်ထက်မြက်သေးသူတို့မှာတော့ အရင်းအစ အနည်းငယ်မျှဖြစ်သော ကုသလတိက် (၁) တိက်ကိုသာ သင်ကြား ပြီး ကျကျနန နားလည်သိမြင်ခြင်းကို အရင်းခံသော ကြွင်းကျန်သမျှ များပြား

စွာတွေကို မိမိဉာဏ်ဖြင့် ဝေဖန်ဆိုးတွင်း သွားနိုင်ကြမည်ဖြစ်၍ အကြွင်းအကျန်တွေအတွက် ဆက်လက်သင်ကြားနေရန် မလိုတော့ပါ။ သည်လို မလိုတော့သည့် အတွက်ကြောင့်သာ ကုသလတိက်(၁) တိက်ထဲ ဟောပြောချုပ်ခြင်း ထုံးစံပြုလုပ်တော် မူခဲ့ကြပါတယ်။

ပဌာန်းကျမ်းကြီးမှာ ထူးတဲ့ ဉာဏ်၏ ကျက်စားရာဖြစ်ကြောင်းကို မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးခါစ ၄-သတ္တာဟမြောက် ရတနာဃရ ရွှေအိမ်တွင် အဘိဓမ္မာတရားကို သုံးသပ်တော်မူရာ ရှေ့ကျမ်းများကို သုံးသပ်တော်မူစဉ်အခါ ကိုယ်တော်မှ ရောင်ခြည်တော်မထွက်ပဲ နက်နဲကျယ်ဝန်းလှတဲ့ ပဌာန်းကျမ်းကြီး ရောက်မှ ထက်မြက်လှသော ဉာဏ်တော်ကြီးအလိုအတိုင်း ကျက်စားခွင့် ရသဖြင့် စိတ်အားရ ကြည်လင်ကာ ရုပ်ခန္ဓာတော်လဲ ကြည်လင်ပြီး ရောင်ခြည်တော် ထွက်သည်ကို ထောက်၍ သိသာလှပါတယ်၊ ယခုလို ပဌာန်းကျမ်းကို ၂၄-ကျမ်းလုံး အထက်နှင့်အောက် မွှေနှောက်သိမြင် ကျမ်းကျင်တော်မူတဲ့ အရှင်ဝိစိတ္တသာရာဘိဝံသလို ပုဂ္ဂိုလ်တွေရှိနေသမျှ ကာလပတ်လုံး ပဌာန်းကျမ်းကြီး မကွယ်နိုင်ပါ။ ပဌာန်းကျမ်းကြီး မကွယ်သမျှ ကာလပတ်လုံး သာသနာတော် ကွယ်နိုင်မည် မဟုတ်ခြင်းကြောင့် ဤပုဂ္ဂိုလ်မျိုးတွေ အစဉ်မပြတ် ပေါ်ပေါက် တည်ရှိတော်မူကြပါစေ ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဆုတောင်းပတ္ထနာ ပြုလိုက်ပါတယ်။

ဤသည်လျှင် အရှင်ဝိစိတ္တသာရာဘိဝံသထေရ် ဗုဒ္ဓသာသနဝိသိဋ္ဌ အဘိဓမ္မိက မဟာအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော် အလှူခံရစဉ်က ရန်ကုန်မြို့ သာသနရိပ်သာချီးကျူးပူဇော်ပွဲတွင် နိုင်ငံတော် ဝန်ကြီးချုပ် မြွက်ကြားအပ်သော ချီးကျူးလွှာဖြစ်သည်။

အဂ္ဂမဟာအမစ္စောပိ၊ ထောမေတိ ထောမနာရဟံ။
ဝိစိတ္တသာရာဘိဝံသံ၊ ဝိစိတ္တဉာဏသံယုတံ။

၁၃၁၄-ခုနှစ် ပဌမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲအောင် သာသနာ့အာဇာနည် ဝိသိဋ္ဌဒွိပိဋကဓရ, မဟာဒွိပိဋကကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ, အစိုးရပဌမကျော်, ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိ သာသနဟိတဓမ္မာစရိယ ငွေ့သကာ” ဘွဲ့ရ အရှင်ဝိစိတ္တသာရာဘိဝံသနှင့် “ဗုဒ္ဓသာသနဝိနယဓရ မဟာဝိနယကောဝိဒ” ဘွဲ့ရ မူလ ဓမ္မာစရိယ အရှင်ကောဝိဒတို့အား ထိုစဉ်က ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွါးရေးအသင်းကြီးကလည်း ပစ္စည်းစုံ လှူဒါန်းပူဇော်၍ ဖော်ပြပါ ချီးကျူးထောမနာ ချီးမွမ်းလွှာဖြင့်လည်း ချီးကျူးပူဇော်ခဲ့သည်။

## အဘိဓမ္မာပြန့်ပွါးရေးအသင်း ချီးကျူး ပူဇော်လွှာ ရွှေနားတော်ဖွင့်

ယောမေတံ သန္နိသီဒါမ၊ ဘဒ္ဒန္တာ ဂုဏသဥ္ဇယံ။
ယထာဘူတံ ပကာသာမ၊ တံ သုဏာထ ဂုဏာကရာ။

ဘဒ္ဒန္တာ၊ သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ ဝါ- ဘဒ္ဒန္တာ၊ ဝိနယာဘိဓမ္မဝယ် မဟာဝိသိဋ္ဌ ဂုဏ်နှစ်ဝဖြင့် ဧယျညွန့်စည် ပန်းဝတ်ရည်ကို သာကြည်ဆွတ်ချူ သုံးဇော်မူသည့် ဝိဒူနွယ်ဇာတ် အရှင်မြတ်တို့ဘုရား။ မယံ၊ အဘိဓမ္မာ ဒေသနာမြိုက်ဆေး ပြန့်ပွါးရေးကို အလေးပြုကာ ချိန်ခါခါဝယ် သဒ္ဓါလွှေ့လွှေ့ ရွှက်ဆောင်လေ့ဖြင့် နေ့ညှိရှင်ပျော် အသင်းဝင်တပည့်တော်တို့သည်။ ဝေါ၊ သဘောအာဂုံ ဉာဏ်စွယ်စုံတို့ ကုံလုံထင်ရှား အရှင်ဘုရားတို့၏။ ဂုဏသဥ္ဇယံ၊ သချာများတောင်း ဂုဏ်တော်မြတ်အပေါင်းကို။ ယောမေတံ၊ သဒ္ဓါရည်သူး သာကြည်မြူး၍ ချီးကျူးလျှောက်ပါအံ့သော်ငှါ။ သန္နိသီဒါမ၊ ဆင်မြင်းရထား ကညာအားဖြင့် လေးပါးပြိုင်ညီ သိန်းလေးလီတို့ မမှီနိုင်စွမ်း ဇောခြေလှမ်းဖြင့် သာမြန်းရှေးရှု ညီမူစည်းဝေး မ်ကြပါကုန်ပြီဘုရား။ ဝေါ၊ အရှင်ဘုရားတို့၏။ ဂုဏသဥ္ဇယံ၊ သချာများတောင်း ဂုဏ်တော်မြတ်အပေါင်းကို။ ယထာဘူတံ၊ လျှော့၍မဆို ပို၍မလျှောက် ဟုတ်သလောက်ကို သာလျှင်၊ ပကာသာမ၊ အပြောကျယ်လွှင် သမုဒ်ပြင်မှ ရေစင်တပေါက် သုံးယူသောက်သို့ နှုတ်ထောက်သံခြေ မေးပြေလျှောက်ထား ပါကုန်အံ့ဘုရား။ ဂုဏာကရာ၊ မဟန္တာချဲ့ ကျေးဇူးဂုဏ်ဘို့ ပေါင်းဆုံစုပျော် ဆရာတော် အရှင်သူမြတ်တို့ဘုရား။ ဝေါ၊ ဂုဏ်တော်သခင် အရှင်ဘုရားတို့သည်။ တံ၊ လျှောက်ဆိုအံ့ပြား ထိုစကားကို။ သုဏာထ၊ ရွှေနား ဆင်ပါကုန်ဘုရား။ ဝါ- တံ သုဏာထ၊ ရှင်တို့တေဇော် ဘုန်းကြောင့်ပေါ်သား ဂုဏ်တော်လုံးညီ ကုံးဖွဲ့သီသည့် ရတီခြယ်သန်း နားသွယ်ပန်းကို ဆင်မြန်းပန်တော် မူကုန်ဘုရား။

### ကောပိဒ် လျှောက်ရတု

ဘုန်းပန်းမဥ္ဇူ ကြိုင်လှိုကြူတည့် ဝှန်ဆူဖြိုးတက် ဂုဏ်ကိုးချက်ဖြင့် ဘဝဂ်မိုးပေါ် ပတ်လွှံကျော်သား ရှင်တော်မ်နွံချက် သာသနာ့စက်လျှင် တငက်ခရီးရောက်လုနီး၍ ပွဲကြီးသင်္ဂါယနာ ယင်ပိမ့်ငှါဟု ဆန္ဒာဓိပတိ အရင်းရှိ၍ တိပိဋကကောဝိဒနှင့် ဓရဉာဏ်ကဲ ရွေးစစ်ပွဲဝယ် နက်နဲဝိနယ ဘိဓမ္မဟု ပိဋကနှစ်မည် နှုတ်တက်စည်သား ဇာနည်နွယ်ဖွား ရှင်တို့အားလျှင် ပြန့်ပွါးဘိဓမ္မာ သင်းမဟာမှ သဒ္ဓါအာစလ ဩဘာပဖြင့် ဘုန်းသာသနာ ပွါးစီးရာကို ရှည်ကြာနေ့ညလို့လသား သင်းမစာရင်း လူကြီးမင်းတို့ ကောင်းတင်းဆော့ဏီ ကြိုးကြားလျှောက်သီမည် သာကီညွှန့်နွယ်ဖွား ပန်ဆင်တော် မူဘုရား။

## မိန္နင့်ဘမည်

ကိန္နာမာ ဂေါဘမိ တဿ၊ ကိန္နာမာ တဿ မာတရော။
ဝိဿုတော ယေဟိ ယော လဒ္ဓေါ၊ ဝိသိဋ္ဌော အာဘိဓမ္မိကော။

ယေဟိ၊ လောကုတ်လောကီ ထောက်ပံ့စည်သား နှစ်မည်ထင်ရှား အကြောင်းမိဘနှစ်ပါးတို့သည်။ ဝိဿုတော၊ ပညာရှိများ နှုတ်ညွှန့်ဖျားဝယ် ယောကျ်ားဇာနည် ပီပါသည်ဟု ခိန့်ရှည်ခြေညွှန်း ဗျာခရွှန်းဖြင့် ချီးမွမ်းသံပွင့် ကောင်းတင်းလှိုင်ပေထသော။ ဝိသိဋ္ဌော အာဘိဓမ္မိကော၊ ဝိသိဋ္ဌ အဘိဓမ္မာဆောင်, ဝိသိဋ္ဌဝိနယဆောင်ဟု ဂုဏ်ရောင်နှဲ့ဆို လက်လက်ညီပေထသော။ ယော ယတုတ္တမော၊ မဟာနှင့်မဟာ ဝိနယာဘိဓမ္မ ကောဝိဒဘွဲ့စုံလင် ဂုဏ်ထူးညွှန့်စလွယ်တင်သည့် နွယ်ဝင်ဥက္ကဋ္ဌ အကြင် ရဟန်းတော်မြတ်ကို။ လဒ္ဓေါ၊ ပုဗ္ဗေကတ ပုညသမ္ဘတ္တိ စက်ကောင်းမ်၍ ရရှိမွေးမြူအပ်ပေပြီ။ တဿ၊ ဂုဏ်ထူးစုံလင် စလွယ်တင်သည့် နွယ်ဝင်ဥက္ကဋ္ဌ ထိုရဟန်းတော်မြတ်၏။ ဂေါဘမိ၊ ဓမ္မနာဒ သာသနာဝင်ကို ကမ္ဘာတွင် ဂုဏ်ထင်လင်းအောင် လက်ဦးစွာ စဖန်ဆင်းသည့် မိရင်းတွင်ညီ သာသနာ့ဂေါတမိသည်။ ကိန္နာမာ၊ ဘယ်သို့ဂုဏ်ရည် ဘယ်အမည် ရှိပါသနည်း။ တဿ၊ ဂုဏ်ထူးစုံလင် စလွယ်တင်သည့် နွယ်ဝင်ဥက္ကဋ္ဌ ထိုရဟန်းတော်မြတ်၏။ မာတရော၊ လောက သာသနာ နှစ်ဖြာထင်ရှား မိဘနှစ်ပါးတို့သည်။ ကိန္နာမာ၊ ဘယ်သို့ဂုဏ်ရည် ဘယ်အမည် ရှိကြပါကုန်သနည်း။

ဂေါတမိ ဓမ္မစာရိဿ၊ ဦးသွင် ဒေါ်သိန်းတိ သာသနေ။
ဇနကာ ဦးဆုံ ဒေါ်ဆင်တိ၊ လဒ္ဓေါ သော ယေဟိ ဝိဿုတော။

(သမ္မာမေတ္တာနှောင်ကြိုး ဖွဲ့ချည်ပျိုးသား ကောင်းကျိုးလိုပေ ချစ်မိတ်ဆွေ။)
အဿ၊ ဂုဏ်ထူး စုံလင် စလွယ်တင်သည့် နွယ်ဝင် ဥက္ကဋ္ဌ ထိုရဟန်းတော်မြတ်၏၊ ဂေါတမိ၊ ဓမ္မနာဒသာသနာဝင်ကို ကမ္ဘာတွင် ဂုဏ်ထင်လင်းအောင် လက်ဦးစွာ စဖန်ဆင်းသည့် မိရင်းတွင်ညီ သာသနာ့ဂေါတမိသည်။ ဓမ္မစာရိတိ ဓမ္မစာရီ နာမ၊ ပိဋကသုံးခွင် ကျမ်းဟောင်းဝယ် ပြဘင်နေနတ် လှည့်ခွေပတ်သို့ မပြတ်နေ့စဉ် လေ့လာအင်ကြောင့် ငွေဥနှ အဝါးဝ၍ သစ္စာဝါဒီ ခေါ်ပင်ညီသား ဋီကာသတ္တုယ် ယ်ကပြု၍ ဗဟုသမ္ဘတ ပညာရှိဝိုင်း ညွှန်ကြသည့် ဒေါ်ဓမ္မစာရီ အမည်ထူးရှိပါပေ၏။ သာသနေ မာတရော[၁]၊ ပဇ္ဇည်းလေးအင် မငြိုငြင်အောင် စုံလင်လှူပေး ဇာနည်သေးကို မွေးမြူလိမ္မာ သာသနာဝယ် သဒ္ဓါလုလု ရဟန်းဒါယကာ ပြုခဲ့သည့် ဗဟုပကာရ သာသနအခေါ် လောကုတ္တရာ မယ်တော်ခမည်းတော်တို့သည်။ ဦးသွင် ဒေါ်သိန်းတိ ဦးသွင် ဒေါ်သိန်းနာမ၊ သာသနာ

---

၁။ သာသနေ ပိတရော–ပစ္စည်းလေးအင် မငြိုငြင်အောင်....ခမည်းတော်မယ်တော်တို့သည် ဟု ရှိသင့်ပေသည်။

စက် ဘာသာတွက်မူ အသက်စည်းစိမ် စွန့်ခွင့်ကြိမ်လည်း မမိုန်မထောက် စွန်နိုင်မြောက်၏ သိုလောက်စည်ဖြိုး သတ္တိမျိုးကြောင့် သတိုးသိရိသုမေ့ ဘွဲ့ရကျော်ထင် ဆာဦးသွင်နှင့် ချစ်ရှင်ဟောမြွက် ဓမ္မာစက်ကို သက်နှယ်စောင့်ထိန်း ဒေါ်ဒေါ်သိန်း၊ အမည့်ရှိကြပါကုန်၏။ ဧနကာ၊ ဧနကဒေါ်လျှင် မိဘရင်းတို့သည်။ ဦးဆုံ ဒေါ်ဆင်တ်ဦးဆုံ ဒေါ်ဆင်နား၊ ဂါမဏိချိုက်ရိုး သူကြီးမျိုးမှ ဘေးဘိုးဆက်လို့ ရွာ သူကြီးဦးဆုံနှင့် ကျင့်ဂုဏ်ဖြူစင် သူကြီးကတော် ဒေါ်ဆင်တို့ မည်ပါကုန်၏။ ယေဟိ၊ ဒေါ်ဓမ္မစာရီ အဦးချိသား ပါရမီရင့်ညောင်း အကြင်မိဘ အပေါင်းတို့သည်။ ဝိသုဒ္ဓတာ၊ ပဌမအကျော် ဘွဲ့ညတော်ဖြင့် ထင်ပေါ်ကျော်ကြားပါပေထသော။ သော ယတုတ္တမော၊ ဂုဏ်ထူးစုံလင် စလွယ်တင်သည့်နွယ်ဝင် ဥက္ကဋ္ဌ ထိုရဟန်းတော်မြတ်ကို။ လဒ္ဓေါ၊ ရအပ်ပါပြီ။ ဝါ လဒ္ဓေါ၊ အာဇာနည်မိခင် အာဇာနည်ဖခင် ပ မိဘခင်ဟု ခေါ်တွင်ဂုဏ်မြောက် ရွှေးကုသိုလ် ပံ့ထောက်သဖြင့် အံ့စလောက်ထင်ပေါ် အရကြီး အရတော်ပါပေကုန်စွတကား။

> တေ နူန အာမောဒပမောဒပတ္တာ၊
> တေ နူန သဒ္ဓါယ ပသန္နစိတ္တာ။
> တေ လစ္ဆရေ တာဒိသုတံ ဟိ နာမ၊
> ယော ဒုလ္လဘော ကာသိသု ကေကော။

တေ၊ ထို လောက, သာသနာ နှစ်ဖြာပေါ်ထင် မိခင်ဖခင်တို့သည်။ အာမောဒပမောဒပတ္တာ နူန၊ သား၏ဉာဏ်ဟုန် ထူးကဲပုံကို အာရုံ အာရမ္မဏ်ကုသိုလ်စိတ်တို့ ဖိတ်ဖိတ်ယှမ်းတောက် လက်ပမ်းပေါက်တော်လောက်အောင် ဝမ်းအမြောက်ကြီး မြောက်ကြကုန်လိမ့်တကား။ တေ၊ ယုယပိုက်ထွေး ပစ္စည်းလေးဖြင့် ကျွေးမွေးပြင်ဆင် ထိုမိခင်ဖခင် တို့သည်။ သဒ္ဓါယ၊ စက္ကဝတ်ဖျားမင်းတရား၏ ပတ္တမြား ရတနာ ကဲ့ပမာလျှင် သဒ္ဓါလျှံဖြိုး ကျောက်မျက်မျိုးဖြင့်။ ပသန္နစိတ္တာ နူန၊ ပိဋကနှံ့ပုံ ပြန်ဆိုပုံကို အာရုံနိုင်တ် သဒ္ဓါနှင့်ယှဉ်သော စိတ်ဖြင့် ဖိတ်ဖိတ်ရွှန်းစို အကြည်ညိုကြီး ကြည်ညိုကြကုန်လိမ့်တကား။ ကာသိသု၊ မဟာဟောင်ဖွား သချာအားဖြင့် များပြားတွက်ဆောင် ယောကျ်ားပေါင်း အထောင်တို့တွင်။ ကေကော၊ တယောက်ဆိုမှ တယောက် ချီးမွမ်းလောက်အောင် (တောက်)ထိုးဖောက်ဉာဏ်ဟုန်အာဇာနည်သွေးနှင့် ပြည့်စုံပေထသော။ ယော ယာဒိသော၊ ဓမ္မာစရိယ ဝင္ဂံသကာ, မဟာဝိသိဋ္ဌ ဒွိပိဋကဓိုရ် အကြင်သို့သော ပုဂ္ဂိုလ်မျိုးကို။ ဒုလ္လဘော၊ အရာထောင်သောင်း မိဘပေါင်းတို့ ဆုတောင်းပန်ထွာ ပြုတုံပါလည်း သမ္ဘာနဲ့ကျဉ်း ရဖို့ရန် ခဲယဉ်းလှပါပေ၏။ တေ၊ ထို ဒေါ်ဓမ္မစာရီ အဦးချိသား ပါရမီရင့်ညောင်း (လောက, သာသနာ) နှစ်ဖြာသော မိဘအပေါင်းတို့သည်။ တာဒိသုတံ၊ ဓမ္မာစရိယ ဝင္ဂံသကာ, မဟာ-

ဝိသိဋ္ဌ ဒွိပိဋကဓိမိုရ် ထိုသို့သဘောရှိသော သားထူးသားမြတ်ကို။ လစ္ဆာရေး လာဘ်ဿန္တိ ဟိ နာမ၊ ဖြည့်ဆည်းခဲ့ရင်သမ္ဘာ ထူးမြတ်သည့်ကံဇာတာကြောင့် သံသရာခုလိုဘဝယ် သူတကာအားပင်ကျလောက်အောင် ဩဘာ ရမှုရဏတ် ပါပေကုန်စွာတကား။

## ဘွဲ့ဂုဏ်ရည်တည့်

ကိန္တျာဝ မကချံ တသာ၊ ဂုရဝေါ ဂုရဝေါ ဗုဓော။
ယော သီရိပဝရော ဓမ္မဝါစကာဒိင္ဒေ့သကော။

ယော၊ ဂုဏ်ထူးစုံလင် စလွယ်တင်သည့် နှယ်ဝင်ဥက္ကဋ္ဌ ဗုံကြင်ရဟန်းတော်မြတ်သည်။ သိရီပဝရော ဓမ္မဝါစကော၊ ပြည်ထိုင်အစိုးရ အစဆုံး ကျင်းပသည့် စာချခေါ်မှန်း အထက်တန်းဝယ် အောင်ပန်းမာလ်ဂုဏ်ထူးမြင့်ကုံးသိ၍ သိရီပဝရ ဓမ္မာစရိယသည်း ဖြစ်တော်မူပါပေ၏။ အာဒိင္ဒေ့သကော၊ သက္ကျသီဟ ဓမ္မသဘင် ရာဇဝင်ဝယ် တခါပဘ်မကြုံဘူး ဝင္ဒေ့သကာဆိုတဲ့ ဘွဲ့ပုံထူးကို လက်ဦးဆွတ်ချူ ပန်ဆင်တော်မူခဲ့ပါပေ၏။ တသာ၊ ဂုဏ်ထူးစုံလင် စလွယ်တင်သည့် နှယ်ဝင်ဥက္ကဋ္ဌ ထိုရဟန်းတော်မြတ်၏။ အဝှံ၊ အနွတ္ထဂုဏ်စည် ဘွဲ့အမည်ကို။ ဗုဓော ဂုရဝေါ၊ ပညာဆိမ်း ထိန်ထိန်ညီး၍ ကျောက်ထီးတန္တုံ အလေးပြုအပ်သည့် ကျေးဇူးတော်အရှင် သာမဏေဘဝက ဥပဇ္ဈာယ်သခင်တို့သည်ရင်း။ ဗုဓော ဂုရဝေါ၊ ပညာတော်စက် မြမြသက်၍ အသက်သီလ သမထကို နှစ်စွဲထုံ ကောင်းသိရဂုဏ်ဘို့ စွယ်စုံသင်ပေါ် ရဟန်းဥပဇ္ဈာယ် ဖြစ်တော်မူကြသည့် ဓမ္မနာဒ ဆရာတော်ဘို့သည်ရင်း။ ကိန္တိ အကရုံ၊ မင်္ဂလာဟိတ် ဘယ်နိမိတ်ကို စဲ့ကြိတ်ရွေးဘာ ခဲ့ဝေဖန်၍ ခေါ်ရန်ဘယ်သို့ ဘယ်အောင်မျိုးဖြင့် နှစ်မြို့ကြည်စေ အဘယ်သို့ မှည့်ခြွေတော်မူခဲ့ကြပါကုန်သနည်း။

ဝိစိတ္တံ သာရပညာဏံ၊ ပဋိစ္စ နာမ အနွယံ။
အကာသု ဝိဂတံ စိတ္တံ၊ သာရဋ္ဌ ဂုရဝေါ ဗုဓော။

(မာရိသ၊ ကျွန်ုပ်အပ်ဘူ မေတ္တာခေတ်သိီတဂူဖြင့် ကြည်ဖြူဖျန်းခြွေ ချစ်ကြည်ဆွေ။) ဗုဓော ဂုရဝေါ၊ သာသနာနောက်ရေးကို ထောက်တွေးမြော်မြင် သာမဏေရ ဥပဇ္ဈာယ် ဆရာတော် အရှင်တို့သည်။ ဝိစိတ္တံ၊ သူ့ထက်အူးချွန် အလွန် ဆန်းကြယ်စွာသော။ သာရပညာဏံ၊ တစ်ဆိုစလောက် ဂုဏ်ရည်မြောက်သည့် အံ့ခလောက်ဖွယ်မျိုး အိပ်နိုးတင်ခတ် တံ့ဆက်မပြေ ခွန်းချင်းချေသည့် ဉာဏ်နေ့ထူးချွန် ကဲလွန်ဟန်ကို။ ပဋိစ္စ၊ ဗျူပွတ်တခု အစွဲပြု၍။ အနွယံ၊ ဂုဏ်နှင့်ဂုဏေး တပြေးတည်းညီကိုက် အနက်သို့ အစဉ်လိုက်သော။ နာမံ၊ ရှင်ဝိစိတ္တသာရ ဟူသည့် ဘွဲ့နာမည်ကို။ အကာသု၊ ဤသို့ခေါ်စေ မှည့်ခြွေတော်မူကြလေကုန်ပြီ။ ဗုဓော ဂုရဝေါ၊ ပိဋကသုံးခွင် ကျမ်းပုံယင်ကို နှစ်စဉ်ကြုံးဟောက်

အခေါက်ခေါက်သျှင် အံ့ဖွယ်ဘက်မြင် ရဟန်းဥပဇ္ဈာယ် ဖြစ်တော်မူကြသည့် (ဓမ္မနာဒ) ဆရာတော် အရှင်တို့သည်။ ဝိဂတ် စိတ္တဥ၊ ကောက်ကျစ်စဉ်းစား တွင်းစိတ်လားဝယ် ဆန်းပြားထိုကြ်ုု ပွေ့ပလီတို မသိသန့်ရှင်း ရိုးဖြောင့်ခြင်းကို ရှင်း။ သာရဥ၊ တစ်ဆိုစလောက် အနှစ်ရောက်သည့် အံ့လောက်ထူးချွန် ဉာဏ်ချည်မွန်ကိုရှင်း။ ပဋ္ဌိစွ၊ဗျူပ္ပတ်တခု အစဲပြု၍။ အနုယံ နာမံ၊ ရှေးနှင့်တူစွာ မင်္ဂလာအမြိုက် စုတ်လာဘ်ကြိုက်အောင် သမိုက်တွင်ခေါ် ဘွဲ့မည်တော်ကို။ အကံသု၊ ပြုတော်မူကြကုန်ပြီ။ ဝါ- အကံသု၊ ဖြစ်နှင့်အမည် ထပ်မျှညီအောင် သျှန္တလျှံပျှိ ဤအောင်မျှိဖြင့် ဤသို့ခေါ်စေ မှည့်ချေတော်မူကြလေကုန်ပြီ။

ကေ ဒီဃဒဿိ ဝတ ထေရထေရာ၊
ယေ အာယတိံ ဝုဒ္ဓိမပေက္ခမာနာ။
အကံသု သာရေန ပပဏ္ဏာပဏ္ဏံ၊
ကာဟိဿရေ နာမ ဝိဘူတိနာမံ။

ယေ၊ အကြင်ဥပဇ္ဈာယ်သခင် ထေရ်အရှင်တို့သည်။ အာယတိံ ဝုဒ္ဓိံ၊ အနာဂတ နောက်ကာလဝယ် တိပိဋကဝိမို့ရ် ပုဂ္ဂိုလ်တယောက် ဆိုစလောက်အောင် ဖြစ်မြောက်အံ့သေး ကြီးပွါးမည့်အရေးကို။ အပေက္ခမာနာ၊ ဉာဏ်မြင်တွေးခေါ် ရှုမြော်တော်မူကြကုန်လျက်။ သာရေန၊ မင်္ဂလာလျှံသစ် အနှစ်သာရနှင့်။ ပပဏ္ဏာပဏ္ဏံ၊ ဝန်းကျင်ကိုလို ကြည့်စုံပေထသော။ ဝိဘူတိနာမံ၊ မဓုရတာ အလင်္ကာဖြင့် သာယာတင့်စံ ဤကဲ့သို့သော ဘွဲ့မည်နံကို။ အကံသု၊ မင်္ဂလာအမြိုက် စုတ်လာဘ်ကြိုက်အောင် သမိုက်တွင်ခေါ် မှည့်ဆင်တော်မူကြကုန်ပြီ။ တေ ထေရထေရာ၊ ချီးအံ့မကုန် ကျေးဇူးဂုဏ်တို့ မသုံမဆိတ် ပဲ့တင်ညိတ်သား ပဏ္ဍိတ်ဂိုဏ်းဝင် ထိုဥပဇ္ဈာယ် ဆရာအရှင်တို့သည်။ ဒီဃဒဿိ ဝတ၊ အဓွန့်ရှည်ဝေး နောက်အရေးကို ယောက်တွေးရှုမြော် မြင်တော်မူကြပါပေကုန်စွ တကား။ ဝိဘူတိနာမံ၊ မဓုရတာ အလင်္ကာဖြင့် သာယာတင့်စံ ဤကဲ့သို့သော ဘွဲ့မည်နံကို။ ကာဟိဿရေ နာမ၊ မှည့်မှမှည့်တတ်ပါပေကုန်စွ။ ဝါ- ကာဟိဿရေ နာမ၊ သာသနာစောင့်နတ် ပူးဝင်လတ်သို့ ဖြစ်နှင့်အမည် ထပ်မျှညီ၍ ဂုဏ်ရတီ ထိန်လျှံပအောင် ကြံစိတ်ချာနေရာကျလျှင် ကြော် မှည့်မှမှည့်တတ်ပါပေကုန်စွ တကား။

သင်းကြည်ယနံ့

ဝါယတိ ကေန ဂန္ဓေန၊ ကေန ဝဏ္ဏေန ဝဏ္ဏဝါ။
ဝလ္လရီ ကိဒိသာ ဟဿ၊ ပလ္လဝါ တဿ ကိဒိသာ။

( သမ္မ၊ သိလိုသည့်အရေး အခွင့်ပေးပါ မေးပါရစေ ချစ်မိတ်ဆွေ။ )
သော ဝဋ္ဋံသကော၊ ဓမ္မာစရိယဝဋ္ဋံသကာ သညာတင့်ဆန်း ထိုဦးစိုက်ပန်းသည်။

ကေန ဂန္ဓေန၊ ဘယ်သို့ညှင်းပျံ့ သင်းယန့်ဖြင့်။ ဝါယတိ၊ မွှေးတလှိုင်လှိုင် ကြိုင်ပါဘိသနည်း။ ကေန ဝဏ္ဏေန၊ ကမ္ဘာမင်ဆေးဘယ်အသွေးဖြင့်။ ဝဏ္ဏဝါ၊ အဆင်းတော်ရောင် တောက်ပြောင်၍ နေပါသနည်း။ တယာ၊ မဗ္ဗာစရိယ ဝင်္ဂသကာ သညာတင့်ဆန်း ထိုဦးစိုက်ပန်း၏။ ဝလ္လရိ၊ ရှုတိုင်းတင့်စံ ခိုင်ညှာတံသည်။ ကီဒိသာ၊ ဘယ်ပုံဘယ်ပန်း ဆန်းကြယ်၍ နေပါသနည်း။ တယာ၊ မဗ္ဗာစရိယ ဝင်္ဂသကာ သညာတင့်ဆန်း ထိုဦးစိုက်ပန်း၏၊ ပလ္လဝါ၊ အရပ်ဒိသာ လေးမျက်နှာသို့ ယှက်ဖြာကွန့်ကွန့် ရှက်လှာညွန့်တို့သည်။ ကီဒိသာ၊ ဘယ်သို့ထူးဆန်း ဘယ်ပုံပန်းဟု မှန်းရအံ့သော် မိန့်စမ်းပါ အဆွေတော်။

ဝါယတိ သီလဂန္ဓေန၊ သမာဓိဝဏ္ဏဝဏ္ဏဝါ။
ဝလ္လရိ ဝိသုတာ တယာ၊ ပလ္လဝါ တု ဒုဝေ ဂုဏာ။

(သမ္မ၊ မေတ္တာ ကရုဏာ မုဒိတာဟု မဟာဗြဟ္မစိုရ်မိုး ရွာသွန်းဖြိုးသည့် ချစ်မျိုးမှန်ပေ ချစ်မိတ်ဆွေ)၊ သော၊ မဗ္ဗာစရိယ ဝင်္ဂသကာ သညာတင့်ဆန်း ထိုဦးစိုက်ပန်းသည်။ သီလဂန္ဓေန၊ သီလညှင်းပျံ့ သင်းယန့်ဖြင့်။ ဝါယတိ၊ လေအောက် လေညာ မဟူပါပဲ ဒိသာဆယ်ခင်း ရပ်ခပင်းငယ် သင်းတကြိုင်ကြိုင် လှိုင်၍နေပါပေ၏။ သမာဓိဝဏ္ဏဝဏ္ဏဝါ၊ သမာဓိရည်သွေး မွှေဆေးဖြင့် ရေးခြယ်ပြုဖန် မဖောက်ပြန်သည့် ဝဏ္ဏာယတနအဆင်းလည်း ရှိပါပေ၏။ ဝိသုတာ၊ နွယ်တော်နှလျှ သုံးဝါကပင် ပဋ္ဌမအားကျော် ရတော်မူခဲ့ခြင်းသည်။ တယာ၊ မဗ္ဗာစရိယ ဝင်္ဂသကာ သညာတင့်ဆန်း ထိုဦးစိုက်ပန်း၏။ ဝလ္လရိ၊ ရှုတိုင်းတင့်စံ ခိုင်ညှာတံလည်း ဖြစ်ပါပေ၏။ ဒုဝေ ဂုဏာ တု၊ အစိုးရမှာလဲ ဂုဏ်ထူးဆောင် တိပိဋကမှာလဲ ဂုဏ်သူးဆောင် အရောင်နီတွေး ဇာနည်သွေးတို့ဖြင့် ဒွန်တွဲယှက်ကူး (သိရိပဝရ-မဟာဝိသိဋ္ဌ)ဆိုတဲ့ ဘွဲ့ဂုဏ်ထူးတို့သည်။ တယာ၊ မဗ္ဗာစရိယ ဝင်္ဂသကာ သညာတင့်ဆန်း ထိုဦးစိုက်ပန်း၏။ ပလ္လဝါ၊ သန္တာရည်ကွန့် ရှက်လှာညွန့်တို့ပါပေဟည်း။ ဝါ-ပလ္လဝါ၊ သိရိပဝရ ဝိသိဋ္ဌ-ဝိသိဋ္ဌာ မဟန္တာမဟန္တာ အာဇာညဉာဏ်အတွန့် သန္တာရောင် ရှက်ညွန့်တို့ဖြင့် ကွန့်ကွန့်စံပယ် (ဝင်္ဂသကာ ဦးစိုက်ပန်းသည်) အမြဲတမ်း တင့်တယ်၍ နေပါပေ၏။

မာလာတိမာလာ ဟိ သုဂန္ဓဂန္ဓိနီ။
သော ဝ ဝဏ္ဏေန သုဝဏ္ဏဝဏ္ဏိနီ။
ယေ ဓမ္မနာဒမှိ ပဝုဗ္ဘယ် သု ယံ၊
မာလံ သုဂန္ဓံ ရုစိမံ ဝင်္ဂသကံ။

ယေ၊ အကြင် ဒေါ်ဓမ္မစာရီ သာသနဂေါတမီနှင့် ဂုဏ်ရည်နက်လေး သူဌေးကြီး ဦးသွင်, သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့လျှင် အစအဦး သာသနဥယျာဉ်မှူးတို့သည်။ ဓမ္မနာဒမှိ၊ မင်းကွန်းရွှေတောင် ဓမ္မနာဒချောင်ဟု ဂုဏ်ရောင်

ထိန်လင်း သာသနာ့ဥယျာဉ်အတွင်း၌။ သုဂန္ဓ၊ သောင်းတွင်းမဆံ့ ကောင်းတင်းယန့်တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်ပေသောသော။ ရှိမိ၊ အာဇာနည်ဖြစ်မည့်အရေးသမာဓိ အနေရာင်အသွေးတို့ဖြင့် တွေးတွေးစံပယ် တင့်တယ်ပေသောသော။ ယံဝဏ္ဏသကံ မာလံ၊ ဝဏ္ဏသကာ သညာတင့်ဆန်း အကြင်သာသနာ့ ဦးစိုက်ပန်းကို။ ပဝပ္ပသီ သု၊ ပစ္စည်းလေးအင် မငြိုငြင်အောင် ရေစင်သွန်းဖြိုး စိုက်ပျိုးခဲ့ကြလေကုန်ပြီ။ သော ဝဏ္ဏသကာဝ၊ ဝဏ္ဏသကာ သညာတင့်ဆန်း ထိုသာသနာ့ဦးစိုက်ပန်း သည်သာလျှင်။ သုဂန္ဓဂန္ဓိနီ၊ ယန့်တကာ ယန့်အထူး မြတ်သီလာစန္ဒကူးတို့ဖြင့် ပျံ့ပျူးသင်းလှိုင် အခါခပ်သိမ်း ကြိုင်၍နေသော။ ဂန္ဓေန၊ ဓမ္မခင်ဆေးသမာဓိအသွေးဖြင့်။ သုဝဏ္ဏဝဏ္ဏိနီ၊ အလှ့်အကြူး အထူးတင့်စံ ရောင်လျှံပင်းအဆင်းနှင့်ပြည့်စုံသော။ မာလာတိမာလာ၊ ပန်းထက်ပန်းထူး ဖြစ်ပါပေ၏။ ဝါ-မာလာတိမာလာ၊ မွေနာဒခေါ်တွင် သာသနာ့ဥယျာဉ်ဝယ် ဆာဦးသွင် ပျိုးစိုက် ချခဲ့သည့် ပန်းတကာ့ခေါင်တန်း သာသနာ့ဦးစိုက်ပန်းပါပေတည်း။

## အံ့ဖွယ်ကျောက်မျက်

မဏိနော တဿ ကော ဝဏ္ဏော၊ လေခါ စ တဿ ကီဒိသာ။
ပုစ္ဆော တွံ သမ္မ အက္ခာဟိ၊ သာရော တု တဿ ကီဒိသော။

(သမ္မ၊ တနည်းဖြာပြောင်း နာမည်ကောင်းအောင် တခြား ဆင့်ထွေမေးပါရစေ ချစ်မိတ်ဆွေ။) တဿ မဏိနော၊ အဖိုးအနဂ္ဃ ထိုက်တန်လှသည့် သာသနာ့ကျောက်သရေ ထိုအမြုတေရတနာ ကျောက်မျက်၏၊ ဝဏ္ဏော၊ မှတ်ပုံတင်ရေး အဆင်အသွေးကား။ ကော၊ အဘယ်ပါနည်း။ တဿ၊ သာသနာ့ကျောက်သရေအမြုတေဓာတ် ထိုကျောက်မျက်ရတနာ့မြတ်၏။ လေခါ စ၊ အန္တယ်အန္တယ် အသွယ်သွယ်လျှင် ချယ်လှယ်ဖန်ပျိုး စိန်ကြိုးမြကြိုး သန္တာကြိုးဘို့ကား။ ကီဒိသာ၊ ဘယ်သို့ထူးမြတ် ရှုမြင်အပ်ပါကုန်သနည်း။ တဿ၊ သာသနာ့ကျောက်သရေ အမြုတေဓာတ် ထိုကျောက်မျက်ရတနာ မြတ်၏။ သာရော တု၊ ဓာတုဝေခေါ် ဉာဏ်မဟော်တို့ ဘယ်သော်နည်းမျှ ဖျက်ပဲ့သည့် သာရမဏ္ဍိုင်အနှစ်စိုင် သည်ကား။ ကီဒိသော၊ ဘယ်သို့ ထူးမြတ် မှတ်အပ်ပါသနည်း။ ပုစ္ဆော၊ အတုဘွေ ပေါ်လှသည့် ခုလောက သံသရာဝယ် မှန်ဘာကို သိလိုရေးဖြင့် မေးမြန်းအပ်သော။ တွံ၊ မေတ္တာသက်ဝေ ချစ်မိတ်ဆွေသည်။ အက္ခာဟိ၊ အဂတိလေးပါး မလိုက်စားပဲ အမှားကိုပယ် အမှန်နယ်က မကျယ်မကျဉ်း လူထုဘွနားဝယ်ရှင်းအောင် ထင်အလင်း ပြေကြားတော်မူပါလော။

ဝိနယော သုဝဏ္ဏော တဿ၊ လေခါ ဓာဒိ ဝဋ္ဋံသကာ။
သာရော တွတိမေ့မွော တေန၊ သံသုဒ္ဓဇာတိမာ မဏိ။

(သမ္မ၊ နှိုက်နှိုက်ချွတ်ချွတ် ဂုဏ်သကတ်ကိုမှ မေးတတ်ပါပေ ချစ်ကြည်ဆွေ။) တဿ၊ သာသနာ့ကျက်သရေ အမြုတေခေတ် ထို ကျောက်မျက် ရတနာမြတ် ၏။ သုဝဏ္ဏော၊ မှတ်ပုံတင်ရေး အဆင်အသွေးကား။ ဝိနယော၊ ဝိနည်းတွင်ခေါ် ပိဋကတော်ပါပေတည်း။ လေခါ စ၊ အညွန့်ပေါ် အဖူးဆင့်သကဲ့သို့ အထူးသဖြင့် တင့်တယ်အောင် ခြယ်လှယ်ဖန်ပျိုး ရတနာကြိုးတို့သည်ကား။ အာဒိ ဝဋ္ဋံသကာ၊ ယောဇနာမျိုး ကျမ်းရိုးငါ့ချက် ဆက္ကဋ္ဌပနာ အဋ္ဌကထာ ဘောဂ ဝံကျခွဲဝေ ငါးတွေကြိုယာ မဟာပဋ္ဌာန ရှုသနေတ္တိ စရိုသီးသီး အနည်းနည်း နှင့် တောဒည်းအလက်ာ ခြယ်မြာစီပျိုး ရဘနာကြိုးတို့ ဖြိုးဖြိုးရိုန်မြိုး ပဋ္ဌမဝဋ္ဋံသကာဆိုတဲ့ ဘွဲ့ဂုဏ်အထူးပါပေတည်း။ သာရော တု၊ မည်သူတဦးမျှ ဖိုနှင်းရှိမရသည့် သာရမဏ္ဍိုင် သဘာဝအနှစ် စိုင်သည်ကား။ အဘိမ္မေ့မွော၊ အဘိဓမ္မာတွင်ခေါ် ပိဋကတော်ကြီး ပါပေတည်း။ တေန၊ ထိုသို့များပုံ ကျေးဇူးဂုဏ်ကြောင့်။ မဏိ၊ သာသနာ့ကျက်သရေ အမြုတေခေတ် ကျောက်မျက်ရတနာမြတ်သည်။ သံသုဒ္ဓဇာတိမာ၊ စင်ကြယ်သော ဇာတ်ရှိပါပေ၏။ ဝါ–သံသုဒ္ဓဇာတိမာ၊ အတုတွေအဘယ်လိုပေါ်သော်လည်း သူ့အနေပင်ကိုယ်သဘောကိုကပြန်ဒေါသမြူမထင် ဂုဏ်ထူးတွေ ဖြူစင်သဖြင့် လူ့ရှင်ချစ်မြတ်နိုးအပ်သည့် အမြတ်မျိုးကေန် ရတနာမျိုး မှန်လှသည်သာတည်း။

အယဉ္ဟိ သံသုဒ္ဓမဏိ စ ဘော ဘော၊
တေနေ၀ မူလေန မဟာမဟဂ္ဃော။
ညော စ ဘာဂျာ စ လဘန္တိ ခဋ္ဋုံ၊
ယတုတ္တမံ သုဒ္ဓမဏိံ၀ ဝိညုံ။

ဘော ဘော၊ အိုအိုလူပေါင်း၊ သူတော်ကောင်းတို့။ ဟိ၊ အကျွန်ုပ်ဉာဏ်ဝယ် ပဋိဘာန်စက် ဖြစ်ပေါ်ချက်ကို အမြွက်မျှပေ ပြောပါရစေ။ အယံ၊ မွောသနတွင်မှတ် ပလ္လင်မြတ်ဟု ကလပ်ပေါ်တွင် ဖူးမြော်မြင်ရသည့် ဖြူစင်ဂုဏ်ဇာတ်ဤကျောက်မျက်ရတနာမြတ်သည်။ သံသုဒ္ဓမဏိ စ၊ ပြစ်ဒေါသမြူမတွယ် တကယ်ပင် အမြတ်မျိုး မှန်လှပါပေ၏။ တေနေ၀၊ ထိုသို့ အမြတ်ရတနာမှန်ပါသောကြောင့်သာလျှင်။ မူလေန၊ သူ့ဂုဏ်ဖန်ပျိုး သူ့တန်ဖိုးဖြင့်။ မဟာမဟဂ္ဃော၊ ဒ နဂ္ဃ မျိုးမှန် အဖိုးတန်ဟု ဝေဖန်ရာပြတ် ပညာရှိတိုင်း ဆုံးဖြတ်အပ်လေပြီ။ ယော၊ စည်းစေးညီမှု ကြကြင်သူတို့သည်။ ဝိညုံ၊ သမဘာအာဂုံ ဉာဏ်စွပ် စုံနှင့် ကုံလုံလောက်င ပြည့်စွာလာသော။ သုဒ္ဓမဏိံ၀ ယတုတ္တမံ၊ အမြုတေခေတ် ရတနာမြတ်ကဲ့သို့ ဥက္ကဋ္ဌနယ်စင် အရှင်ရဟန်းတော်မြတ်ကို။ ခဋ္ဋုံ၊ သဒ္ဒါကော်ရော်

မှိုဘူဒေဝ်၍ ဖူးမြော်အံ့သောငှါ၊ လဘန္တိ၊ ယခုလို ခွင့်ပိုင် ရရှိနိုင်ကုန်၏။ တော၊ စည်းဝေးညီမူ ထိုသည့် သူဘို့သည်။ ဓညာဝ၊ သမ္ပတ္တိဂုဏ် ပြည့်စုံကြပါပေကုန်၏။ ဘာဂျာ ၈၊ ထိုအခါအကြောင်း ကောင်းမှုမင်္ဂလာ ဘုန်းသမ္ဘာနှင့်လည်း ပြည့်စုံကြပါပေကုန်၏။ ဝါ–ဓညာ ၈ ဘာဂျာ ၈၊ ချမ်းသာဥက္ကာ၌ စည်းစိမ်မြတ်နှင့် မဟာဂုဏ် သမ္ဘာဟုန်တို့ နှစ်ဖြာစုံ ဆောယှက်ပြွမ်းကြသည့် ရတနာပုံ ဟောချက်နှင့် မှန်းရလျှင် ပြော် ဇာတာစန်းပွင့်ကြပါပေကုန်စွ တကား။

## သူ့စားကျက်နှင့်

ဝိစရိ ကေနာကာရေန၊ အဘိဓမ္မေ ဝိဟာယသေ။
အစရိ နု သုခေနေဝ၊ ဥဒါဟု ဒုက္ခေန ဝါ။

(သဟာယ၊ မေးဘက်ဖြေဖော် ဆွေတော်။) သော၊ ဒွိပိဋကဝိဓိုရ် ထိုပုဂ္ဂိုလ် အရှင်မြတ်သည်။ အဘိဓမ္မေ ဝိဟာယသေ၊ နည်းနာပြန့်ကျယ် အဘိဓမ္မာ တည်းဟူသော ကောင်းကင်ကြီး အလယ်၌။ ကေနာကာရေန၊ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ဝိစရိ၊ လှည့်လည်ကျက်စား သွားတော်မူခဲ့ပါသနည်း။ သုခေနေဝ၊ မပင်မပန်း ချမ်းသာအေးကြူ အလွယ်တကူသာလျှင်။ အစရိ နု၊ လှည့်လည်ပျံသွား ကျက်စားတော်မူခဲ့ပါသလော။ ဥဒါဟု၊ ထိုသို့မဟုတ် တနည်းထုတ်၍ ပုစ္ဆာနက်သေး မေးမြန်းရပါမူ။ ဒုက္ခေန၊ တဟိန်းဟဲဟဲ တညဲငြိုငြင် တပင်ပန်းပန်း တန္မမ်းန္မမ်းဖြင့်။ အစရိ နုဝါ၊ လှည့်လည်ပျံသွား ရက်ရှည်လျားအောင် ကျက်စားတော် မူခဲ့ရပါသလော။

သုခေန အစရိံ မိရော၊ စက္ခုံ မင္ဒမှိ ဂဏှိယ။
သဘာဝံ ဝဝတ္ထာနေန၊ အဘိဓမ္မေ ဝိဟာယသေ။

(မဟာမိတ္တ၊ မေတ္တာရင်းနှီး မိတ်ဆွေကြီး။) မိရော၊ စွယ်စုံဉာဏ်ရှိ ဒွိပိဋက ဝိဓိုရ် ထေရ်ပုဂ္ဂိုလ်အရှင်သူမြတ်သည်။ အဘိဓမ္မေ ဝိဟာယသေ၊ နည်းနာပြောကျယ် အဘိဓမ္မာတည်းဟူသော ကောင်းကင်ကြီး အလယ်၌။ စက္ခုံ၊ (သူကိုကြည့်ရတာ) သူတကာတွေခဲခက် အလွန်တရာ နဲနက်သည့် အဘိဓမ္မာ တရားစက်ကြီးကို။ မင္ဒမှိ၊ စိတ်နေတည်တံ့ ကြည်ကြည်ခံ့၍ မပြုန့်မကြဲ လက်ဆုပ်ထဲ၌။ ဂဏှိယ၊ သရုပ်ပိုင်ပိုင် အချုပ်နိုင်သဖြင့် ဆုတ်ကိုင်၍ ထားသည့်ပမာ လက်ချောင်းကလေးတွေကို ချိုးကာချိုးကာနှင့်။ သဘာဝံ ဝဝတ္ထာနေန၊ သဘာဝ ဝဝတ္ထာန် ဥပဇ္ဈာယ် ဆရာတော် ပေးခဲ့တဲ့ အသိဉာဏ်ဖြင့်။ သုခေန၊ မပင်မပန်း ချမ်းသာလွယ်ကူစွာ။ အစရိ၊ လှည့်လည်ကျက်စား မရပ်နားပဲ ပျံသွားတော် မူခဲ့ပါပြီ။ ဝါ-အစရိ၊ ကျွန်ုပ်တို့အထင် တွေ့ရသည့် မျက်မြင်တို့ အလွန်ပင်ကာဝေး သူဆရာနည်းမှန်ပေးခဲ့သဖြင့် အေးအေးကြည်ဖြူ မပင်မပန်း လှည့်လည်တော် မူခဲ့လေပြီ။

အဘ္ဘုတာဘူတော စ သုမန္တမန္တိ၊
မဟာစ္ဆရော စာဟ သုခမ္မစာရီ။
ယော ပေဋကေ ဒေ့တိ ဝိဟာယသမ္ပိ၊
ပိဋ္ဌဝ မနေ္တန မုဘာနိလေန။

ယော၊ အကြင်ဒွိပိဋကက ဝိမိုရ် ထေရ်ပုဂ္ဂိုလ် အရှင်သူမြတ်သည်။ ပေဋကေ ဝိဟာယသမ္ပိ၊ပိဋကစေဟောင် မွေအပြင်၌။ပိဋ္ဌဝ၊ ရာအကြိမ်ဖတ် လေးဖြင့်ခတ်သား ဆွတ်ဆွတ်ဖြူ၍ လဲဝါနှံကဲ့သို့။ မနေ္တန၊ ဖြည်းညင်းသာသာ တိုက်ခတ်လာသော။ မုတာနိလေန၊ သဘာဝဝေတ္တာန် ပညာ ဥဏ်ပညာဟူသော လေပြေလေအေး ဖြင့်။ ဒေ့တိ၊ ဟောတူဟောတု မြေရေထုနှင့် လေထုလိုက်ခုန် ကောင်းကြီးတုန် အောင်ပိုလ်ပုံမျက်မှောက် အောင်သံထောက်၍ အုံလောက်ဘနန်း ညက်ညောစွာ ပျံ့သန်းခဲ့လေပြီ။ သုမန္တမန္တိ၊ တိဟိတ်ထေရ်ပင် ခေါ်လိုက်ချင်၏ ဉာဏ်မြင် သိမ်မွေ့အနှိုန်ကြေ့သား ဣန္ဒြေ့ရခင် ထေရ်ပုဂ္ဂိုလ်အရှင်သူမြတ်သည်။အဗ္ဘုတာ ဘူတော စ၊ ပြည်ထောင်တစ်လစ် ဤတခေတ်ဝယ် မဖြစ်စဘူး အထူးဖြစ်ကော် မှုခဲ့လေပြီဘကား။ သုခမ္မစာရီ၊ ရသာဝိမုတ္တိ ပုဒ်တိုင်းရှိသည့် တိပိဋက သုခမ္မ ဝယ် နေ့ညမနား ဉာဏ်ကျက်စားသည့် ယောကျ်ားဇာနည် ဤမထေရ်သည်။ အဟာမဟာစ္ဆရော စ၊ ဟယ်ဟယ်အံ့ချီး လက်ဖျစ်တီး၍ ကောင်းကြီး ပေထိုက် ပါပေစွတကား။ ဝါ-အဟာမဟာစ္ဆရော စ။ တကယ့်ဆိုမှ တကယ် ဟယ်ဟယ်ဟယ် ဟု ညာဘယ်လှည့်ပြောင်း လက်ခုပ်သံ တခဖြောင်းဖြောင်းနှင့် ကောင်းကြီး ကြွေးကြော် အများကြီး သာခု ခေါ်ထိုက်ပါပေစွတကား။

ဆောင်ရွက်သံဂီ

ကိံ ဘာရံ ဝဟတိ မိရော၊ ဆဋ္ဌမေ ဓမ္မသင်္ဂဟေ။
ကီဒိသံ ကာရဏာ တဿ၊ လောကနာထဿ သာသနံ။

မိရော၊ အရှင်ဝိစိတ္တသာရ ဒွိပိဋကဝိမိုရ် ထေရ်ပုဂ္ဂိုလ်သည်။ ဆဋ္ဌမေ ဓမ္မသင်္ဂဟေ၊ ပြည်ထောင်သမ္မတ အစိုးရဘို့ ကျင်းပမည့်ဆဲဆဲ ဆဋ္ဌသင်္ဂါယနာ ပွဲကြီး၌။ ကိံ ဘာရံ၊ ဘယ်သို့ထူးချွန် ဘယ်ဟာဝန်ကို။ ဝဟတိ၊ ရွက်ဆောင် နေဆဲဖြစ်ပါသနည်း။ တဿ ကာရဏာ၊ ထိုအရှင် ဝိစိတ္တသာရ အဘိဝံသ တွင်ဆောင်း မနေရဘည်းဟူသော အကြောင်းကြောင့်။ လောကနာထဿ၊ ဖြဟ္မာလူနတ် ကမ္ဘာသူအချပ်ရပ်တို့ ဆည်းကပ်ညွတ်ပျောင်း ခဝပ်ဆောင်း၍ ဩဩ် နမော ဗုဒ္ဓါယ ကောင်းမြတ်သော နှုတ်လျှာ ဝစနတ်ဖြင့် သဒ္ဒါဝါသဘုံ ဗြဟ္မာတိုင် ဂုဏ်သမ္ဘာစိုင်ကျော်ခတ်သည့် လောကနာထ် မြတ်စွာဘုရား၏။ သာသနံ၊ သုံးပါးဒိက္ခာ သာသနာတော် မြတ်ကြီးသည်။ ကီဒိသံ၊ ဘယ်

အခြေခေါက် ဘယ်အနေအောက်၌ အသိမ်းလောက်အောင်ပင် ကျေးဇူး ထင်ခဲ့ပါသနည်း။

ဝဟာတိ သောဓနံ ပါဠိံ၊ ဆဋ္ဌေမ မဂ္ဂသင်္ဂဟော။
သုဒိဋ္ဌံ သုဿုတံ ယေန၊ လောကေ နေတာ သာသနံ။

(သမ္ဗု၊ အနုဿဒ ပုဒ်ခေါ်ချောင်း ပုဗ္ဗာနုက်လေး တဆင်သွေးဖြင့် မေးတတ်ပါပေ ချစ်မိတ်ဆွေ)။ မီဧရော၊ အသျှင်ဝိစိတ္တသာရ ဒွိပိဋကဝိမိုရ် ထေရ်ပုဂ္ဂိုလ်သည်။ ဆဋ္ဌမေ မဂ္ဂသင်္ဂဟော၊ ပြည်ထောင်သမ္မတ အစိုးရ၏ ကျင်းပသည့်ဆဲဆဲ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌၊ ပါဠိံ သောဓနံ၊ ရှည်ကြာနှစ်ပေါင်း ကာလ ညောင်း၍ မကောင်းသဖြင့် ထားအပ်သော ပုဒ်ပါဠိ အက္ခရာ ချွတ်လွဲများကို ယထာသဘာဝ နေရာကျအောင် ရုက ပြင်ဆင် သုတ်သင်ခြင်းတာဝန်ကို။ ဝဟာတိ၊ ရွက်ဆောင်နေဆဲဖြစ်ပါ၏။ ယေန၊ အကြင် အသျှင်ဝိစိတ္တသာရာဘိဝံသဘွဲ့ညောင်းမထေရ်တည်းဟူသော အကြောင်းကြောင့်။ လောကေ၊ ဒိဋ္ဌအာသယ အစွဲကြီးနာလှ၍ ဗုဒ္ဓမြတ်စွာ သာသနာကို မျက်နှာဖယ်သွဲ့ (ညာဏ်နဲ့သူတော့ ပေါလှသည့်) ခုခေလာက ကမ္ဘာကြီးထဲ၌။ နာထဿ၊ ကိုယ်တော်ထဲဘူ နတ်နှင့်လူတို့ နိဗ္ဗာန်ကျွန်းထောက် ဆောက်ပစေသော ဆိုက်စေပြီးဘုံနစ်ခေါ်သည့်မဟာ ဘာရှိတဲ့ ဥယျာဉ်ရှိ အတောမသတ်သည့် လောကနာထ မြတ်စွာဘုရား၏။ သာသနံ၊ သုံးပါးသိက္ခာ သာသနာတော်မြတ်ကြီးသည်။ သုဒိဋ္ဌံ၊ စံပြဘင်ညောင်း အမြင်ကောင်းသည့် အခြေရောက်ခဲ့ပါလေပြီ။ သုဿုတံ၊ စံပြသင့်ကြောင်း အကြားကောင်းအခြေ ရောက်ခဲ့ပါလေပြီ။ ဝါ သုဒိဋ္ဌံ သုဿုတံ။ မဂ္ဂကွန်များဖြင့် နှက်ပေါ်တင်ထား အသျှင်ဝိစိတ္တ လက်ကိုင်ကောင်းရသဖြင့်။ ထေပဿ၊ လာရှုကြဘု ပြည်နိုင်ခံခါ ရဲရင့်စွာလျှင် သာသနာဘသွင် ပြောင်းစေခဲ့သဖြင့် ကမ္ဘာ့ရှာ ရှင်လူအပေါင်းတို့ အမြင်ကောင်းပုံသော အကြားကောင်း ဖြစ်ခဲ့ရပါပေသတည်း။

ပဝေဏီ မှန်းမျှော်

သက္ကာနံ နုဒေတုံ ယေန၊ ပုရာဏံ စက္ကမန္ထယံ။
ဒိဿတိ ကေနဒာကာရေန၊ မီရော ယံ သာသနေ နတော။

(သမ္ဗု၊ နည်းဘဲပုံ ပြုံး တဆင့်တိုး၍ တချိုးဆင့်တွေ မေးပါရစေ နောင်ကြီးဆွေ)။ ယေန၊ အကြင် အသျှင်ဝိစိတ္တသာရ အဘိဝံသဘွဲ့ညောင်း သာသနာ့အာဘာနည်းဖြင့်။ ပုရာဏံ၊ အတိတ်ရှည်ဝေး ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်က လင်းခဲ့သော၊ စက္ကမန္ထယံ၊ ဘုရားလက်ထက်တော်မှ ဆက်၍ ဆင်းသက်စီးလျှင်သာသနာဝင်ကို။ နုဒေတုံ၊ ဘုရားမြတ်စွာ လက်ထက်ခါက မဟာကဿပ

ထေရိန္ဒတို့လည်း နတ်ရဆောင်တွေ ဤပုံနေဖြင့် ဗျာရွှေတော်အိမ် ကျင့်ပေလိမ့်ဟု စိမ့်စိမ့်ဆေးလေး အတိတ်က သာသနာရေးကို တွေးရျှမှန်းမျှော် ရမ်းရော်အံ့သောငှါ။ သက္ကာနု၊ တတ်နိုင်ပါ၏လော။ အယံ ဓိရော။ အစွယ်ကျိုးသည့်မြွေအသွင် အနှစ်ဝင်သည့်ကောက်ပင်အလား ဦးချိုးကျိုးသည့် နွားတို့ကို ပုံထားစံယူ မာန်မမူပဲ ကြည်ဖြူနိမ့်ချ အေးမြသော စိတ်ရှိသည့် အဘိဝံသတွင်မည် ဤအရှင်သူမြတ်သည်။ သာသနေ နဝေ၊ သာသနာတခွင် မိုးကောင်ကင်၌။ ကေနာကာရေန၊ ဘယ်ပုံဘယ်ပန်း အသွင်ဆန်းဖြင့်။ ဒိဿတိ၊ ပညာဉာဏ်ရှိ ခေါင်းပဏ္ဍိတ်တို့ ကြည့်သော်ထင်ထင် တွေ့မြင်၍ နေရပါသနည်း။

သက္ကာ စ နုမေတုံ ယေန၊ ပုရာဏံ စက္ကမုတ္တမံ။
ဩဃသိဝိယ စက္ကာသော၊ ဇိနေနာသမိသဘာသတော။

(မာရိသ၊ အချက်ရှိသရွေ့ အကုက်စေအောင် လွေ့လွေ့အားရမ်းသဒ္ဒါဟုန် ထိန်လျှမ်း၍ မေးမြန်းပါပေ ချစ်မိတ်မဆွေ။) ယေန၊ အကြင် အရှင်ဝိစိတ္တသာရ အဘိဝံသတွဲမည် သာသနာ့အာဇာနည်ဖြင့်။ ပုရာဏံ၊ အတိတ်ရှည်ဝေး ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်က လင်းခဲ့သော။ စက္ကံ အနွယံ၊ ဘုရားလက်ထက်တော်မှဆက်၍ ဆင်းသက်စီလျှဉ် သာသနာဝင်ကို။ အနုမေတုံ၊ ဒိဋ္ဌမျက်မြင် ဤအရှင်သော်မှ သိုင်းဥလိလိ အံ့ဖွယ်နှုံ၏ ဥပါလိ အရှုဟန် ထေရ်အာနန္ဒတို့မှ ဆိုရန်မရှိ အတိအနုမိယ ဖြစ်မည်ပဟု စိတ်က ရမ်းရော်မှန်းမျှော်၍ ကြည်ညိုရှုင်ငှါ။ သက္ကာ၊ တတ်လည်း တတ်ငွမ်းနိုင်ပါ၏။ အယံ ဓိရော၊ မာန်ကိုနှိမ့်ချ သံဝေဂနှင့် ဝိပြပုံသွင် ဤအရှင်သူမြတ်သည်။ ဇိနေနာသမိသဘာသိတော၊ ဘုရားလမင်း ပေါင်း၍ ထွန်းလင်းတောက်ထိန်လျက် ရှိသော။ စက္ကာသော၊ သာသနာတခွင် မိုးကောင်းကင်၌။ ဩသမိဝိယ၊ ရောင်စုံမြူးကယ် သောက်ရှုးကြယ်ကဲ့သို့။ဒိဿတိ ပညာဉာဏ်ရှိ ခေါင်းပဏ္ဍိတ်တို့ ကြည့်သော်ထင်ထင် မြင်ရပါပေ၏။ ဝါ-ဒိဿတိ၊ ကြည့်လေ ကြည့်လေ ဉာဏ်မပေဟု အလျှံတွေပြိုးပြက် (စိတ်ကောင်းမှု တည်းဟူသော) အဖြူရောင်တွေသုက်သဖြင့် မိုးအထက်နဘန္တာဝယ် ကြယ်သောကြာသူပင်လားဟု ပဏ္ဍိတ်ခေါင် လူရှင်အများတို့ ခြောက် အထင်မှားစွဲသူလောက်ပါပေသတည်း။

ကောသိ သံကိတ္တိမဟော ဝဍ္ဎသကော၊
ယော ဒဿနီယော စ ဝိပ္ပမနောဟရော။
ဝုဒ္ဓသာ ဓိလာေသာ ဇိနေန္ဒြဗျပ္ပဒေ၊
ဗုဒ္ဓေါ်ဋ္ဌရာဇော နုစာရကောဋ္ဌ စ။

ဘော၊ အို သူတော်ကောင်း လူအပေါင်းတို့။ ယော၊ အကြင် ဝိစိတ္တသာရ အဘိဝံသတွဲချည် သာသနာ့ အာဇာနည်သည်။ သံကိတ္တိမဟော၊ ပြည့်ထောင်

သမ္မတ အစိုးရတို့ ကျင်းပမည့်ဆဲဆဲ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌။ ကောဝ ဝင့်-သကော စ၊ သူ၏ဆိုဘိရာ သွားန်တာကို ကောင်းစွာဆောင်စွမ်း ဂန္ထာရှိ ထုံကြိုင် လျှမ်းသည့် ဦးဆောက်ပန်း တပွင့်သည်သည်း။ အာသိ၊ ဖြစ်တော်မူပါပေ၏။ ဇိနေန္ဒြဗျပ္ပသော၊ အောင်သူ့သျှောင်ဖူး အောင်ပွဲမှူးသင် ဘုရားရှင်၏ စကား အစဉ် တည်းဟူသော ပရိယတ္တိ သာသနာတော်မြတ်ကြီး၌၊ ဝိဒ္ဓမနောဟရိ၊ ပညာရှင်တို့ စိတ်နှလုံးကို ရွှင်ပြုံးကြည်ဘို့ နှစ်မြို့စေနိုင်သော။ ဒဿနီယော စ၊ ပညာမျက်စိ စေ့စေ့ကြည့်က ပကတိပင်ကိုယ် စိမ်းလဲ့စိုသဖြင့် ကြည်ညိုဖွယ် မှန်လျှင်း (သာသနာ) စံပြရှခင်းလည်း ဖြစ်ပါပေ၏ ဣန္ဒသာ ဒီ လာ စ၊ မြတ်စွာ ဇိနေ၁် လက်ဆက်တော်က ထေရ်ကျော်အရှင် မြတ်ဘုန်းလျှံတို့ စွမ်းအင်သတ္တိ သို့ထက်ရှိဟု သိစေနောက်သား နတ်သိကြားလျှင် စိုက်သားတည်ဆောင် (သာသနာ) ကျောက်စာတိုင်သဖွယ်လည်း ဖြစ်ပါပေ၏။ ဗုဒ္ဓေါ်ဋ္ဌုရာဇော၊ ဘုရားဟူသည့် နောင်ဖြူသြဇာ လပြည့် နှင်း၏။ အနုစာရကော ဋ္ဌု စ၊ နောက် တော်ဖျားမှ ခစားလိုက်ပါ ကြယ်ကာဘွယ်လည်း ဖြစ်ပါပေ၏။ ဝါ-အနု-စာရကော ဋ္ဌု စ၊ ဘုရာ ပရမ သုံးလူ့ဆွေဟု မြတ်သရေစုံစုသစ်သော ဥဿျာရင်နောက်တော်ဖျားက လမ်းမမှားလိုက်ပါ မဇ္ဈိမပဋိပဒါဖြင့် သာသနာ ဝေဖြာင်ဘာသွားဝယ် ပဏ္ဍိတာ တာရာအများတို့တွင် ကြော် သူကားကြယ်ဘွယ် ဖြစ်ပါ၏။

အနုသြမဆုံး

သက္ကာ နု ထပိတုံ သမ္မ၊ သမတ္တံ ဂုဏသဉ္စယံ။
ဝိသိဋ္ဌဓမ္မာစရိယ-မဟာဝိသုတဓာရိနော။

(သမ္မ၊ တယောက်ဘာလှဲ ဂါထာဖွဲ့၍ မေးခဲ့ဖြေပုံ အတော်စုံပြီ နိဂုံကမှတ် အဆုံးသတ် တစခန်းတခုဖြင့် မေးစမ်းပါရစေ ချစ်မိတ်ဆွေ)။ ဝိသိဋ္ဌဓမ္မာစရိယ-မဟာဝိသုတဓာရိနော၊ သာသျှသီဟမှာလဲ ဝဋ္ဋံသကာ, အစိုးရမှာလဲ ပဌမကျော် ဓမ္မာစရိယ, တိပိဋကမှာလဲ မဟာဝိသိဋ္ဌ သို့လောက်ငင် ဂုဏ်ပြည့်သိပ်သည့် တိဟိတ်ပုံသွင် သေရ်အရှင်သူမြတ်၏။ ဂုဏသဉ္စယံ၊ မဟန္တာရုံ ကျေးဇူးဂုဏ် အပေါင်းကို။ သမတ္တံ၊ အပြည့်အစုံ အကုန်မချန် မကျန်မကြွင်းရလေအောင်။ ထပိတုံ၊ သဒ္ဒါရည်ဆူး သာကြည်မြူး၍ ချီးကျူးအံ့သောငှါ။ သက္ကာနု၊ တတ် ကောင်းနိုင်ပါအံ့လော။ ဝါ-သက္ကာနု၊ အချိန်ကာလ စေ့လှုံပြီ ဂုဏ်ပုဒ်တွေကလဲ တကန်းကသိ ကျွန်ုပ်တို့နှစ်ဦး ဂါထာတွေစီ၍ စိန်ဝဒီပုံပြိုင်နှုန်းလောက်သည့် အာဇာနည်ဂုဏ်စိုင်တုံးကြီးကို အဆုံးရောက်အောင်ထခေ ချီးကျူးနိုင်ပါမလား ချစ်မိတ်ဆွေ။

နေဝ ခိယေထ တာဒိပိ၊ ယောမေယျ တတ္တကံ စိရံ။
ကိံ မယံ သက္ကုဏေယျာမ၊ လာဘန္တာ ဣတ္တရံ ခဏံ။

(သမ္မ၊ မချန်မထား မှန်ရာကိုကြားပါမည် နားသောတဆင် ချစ်နှောင်ခင်)။ တာဒိပိ၊ အရှင်ဝိစိတ္တသာရတို့နှယ် ဉာဏ်ရည်ကြွယ်သည့် ပဏ္ဍိတ်နှယ် ပုဂ္ဂိုလ် တဦးသော်မှလည်း။ တတ္တကံ စိရံ၊ သူ စာပြန်သလောက် ထယက္က အချိန်ကြာ မြောက်အောင်။ ယောမေယျ၊ နေ့မစဲ ညမလပ် တလစပ် ဂုဏ်ချည်သူးဘို့ကို ချီးကျူးပင် ချီးကျူးပါရစေဦးတော့။ နေဝ ခိယေထ၊ ကြွင်းမဲ့ဥဿုံ ကုန်နိုင်မည် မဟုတ်ပါ။ ဣတ္တရံ ခဏံ၊ နာရီဝက်မျှ တိုဘောင်းလှသည့် သမယစက်ရှိန် ချီးကျူးချိန်ကို။ လာဘန္တာ၊ မပေးလိုပေးလို အရေးဆုံပြီးမှ နေ့ချိန်ခွ အနိုင်နိုင် ရခဲ့ကြကုန်ပါသော။ မယံ၊ အဘိဓမ္မာအသင်းပင် အကျွန်ုပ်တို့သည်။ သမတ္တံ ဘဝိတုံ၊ အပြည့်အစုံကုန်စေအောင် ချီးကျူးအံ့သောငှါ။ ကိံ သက္ကုဏေယျာမ၊ ဘယ်မှာ ဟတ်နိုင်ကုန်အံ့နည်း။ ဝါ-ကိံ သက္ကုဏေယျာမ၊ လူ့ဘုံ ကျော်ကြား မနေအားရှိ သိကြားပင်ကူညီညာ ဤမျှလောက် ချိန်အခါဝယ် ဗြဟ္မာပင်နှုတ်မှာကပ် မန္တာကီနင့်ကာဘွတ်မှ ရေသွတ်သည့်ပမာလို ဂါဂါကာ ဖွဲ့စီကုံး၍ ထေရ်ပုဂ္ဂိုလ်ဂုဏ်စိုင်တုံးကိုဖြင့် ကုန်ဆုံးအောင်ပေန် မချီးကျူးနိုင်ရိုး မှန်လှပါပေ၏။

## ဂုဏ်တထုံးသည်

ပဏ္ဍာပိ တာဒိသော ပါတု၊ ဘဝိဿတိ န သာသနေ။
ပုဗ္ဗော တံ သမ္မ အက္ခာဟိ၊ သောစာမျာဟ မနာဂတေ။

(သမ္မ၊ ခုဝတ္တမာန် ပစ္စုပ္ပန်ရေး စိတ်ဖြင့်အေးရဖို့ နောက်ရေးမြော်ခေါ် မေးပါရစေ အဆွေတော်)။ သာသနေ၊ ကျွန်ုပ်တို့ကိုးကွယ်ရာ ဤသာသနာ တော်မြတ်ကြီး၌။ တာဒိသော၊ ထို အရှင်ဝိစိတ္တသာရအဘိဝံသမလေရ်မျိုးကဲ့သို့ လက်ညှိုးညွှန်ပြစရာ ကမ္ဘာတွင် ဂုဏ်ယူလောက်သည့် သာသနာ့ပွင့်ဖြူးကျမ်း သည်၊ ပဏ္ဍာပိ ပါတု ဘဝိဿတိ နု၊ ဟောသည ယခုကြည့် ဤဟု စံပြစလောက် ဂုဏ်ရည်မြောက်၍ နောက်ထပ်တဖန် ပေါ်ပြန်ပါဦး ည်လား။ အဟာ၊ အတ္တ- က္ခာဟိ အင်ညီမယုတ် အကျွန်ုပ်သည်။ အနာဂတေ၊ အနာဂတ်ရေး မြော်မေါ် တွေးလိုက်လျှင်။ သောစာမိ၊ စိုးရိမ်မိပါ၏။ ဝါ-သောစာမိ၊ ဤပုဂ္ဂိုလ်ဟန် ဇာနည်ဘာကား ကာဖန်နောက်ဆက် ဂုဏ်လျှံ့ကျ်၍ ပေါ်ထွက်ဖို့ မလွယ်မှင် ဤအတိုင်းမှတ်ဆင်၍ မြော်ရှင်ပင် သာသနာ့အရေးဝယ် နာဂတခင် နောက် နောင်ကိုတွေးတွေးပြီး ဩြော် စိတ်မအေးရမလို ဖြစ်မိပါတော့သတည်း။

မာ သောစိ သမ္မ ပဗ္ဗာပိ၊ တာဒိ ဟောယတိ သာသနေ။
ကောဝိဒေါ ဝေနယိကော စ၊ မဟာဝိနယကောဝိဒေါ။

(သမ္မ၊ လာလတ်ဒသေး နာဂယ်ရေးကို တွေး၍စိတ်ဝေ ချစ်မိတ်ဆွေ)။ မာသောစိ၊ သည်အားရေးဝယ် အနည်းငယ်မျှ စိုးဖွယ်ဘစိ ရှိသည်မထင်ပါ။ ပဗ္ဗာပိ၊ တိဘဝ္ဒဘစက်မြေဝယ် မျက်ခြမပျောက် ရှေ့နှစ်လောက်တွင် နောက်တဖန်အား ဆဒ္ဒါပွါးပေါက်အောင်လျှင်း။ သာသနေ၊ ကျွန်ုပ်တို့ကိုးကွယ်ရာ ဤယခုသာသနာတော်ကြီး၌။ တာဒိ၊ ထိုအရှင်ဟန် ဝေနည်ဉာဏ်ဖြင့် ဂုဏ်သံထင်ကျူး အရှင်ထူးသည်လည်း။ ဟောယတိ၊ မြေလက်ခတ်နဲ မလွဲပေါ်မည် အသင့်ပင်ဖြစ်၍ နေပါပြီ။ ကောဝိဒေါ၊ (ဟောဟိုကြည့်ပါ) ယာဘက်ကလျှင် ခမ္မဝိဘာန် ပလ္လင်ပျံဝယ် ရှင်စံဝိနီးပျော် အရှင်ကောဝိဒဆရာတော်သည်။ ဝေနယိကော စ၊ ဗုဒ္ဓသာသနဝိနယခိုရ် ပုဂ္ဂိုလ်သူမြတ်ဖြစ်တော့မူ၍ရင်း။ မဟာဝိနယကောဝိဒေါ စ၊ မဟာဂုဏ်ဝိနယကောဝိဒဆိုတဲ့ ဘွဲ့ထူးကို ဆွတ်ခူးတော်မူသည့်ပြင် ဤယခုနှစ်တွင်လည်း သမုဒ္ဒင်ကဲ့ပမာ ရှေးကျမ်း ဘိခမ္မာဝယ် ဉာဏ်ပညာ တန်ခိုးသောင်ဖြန့်၍ အောင်ပန်းဆွတ်ချူ ပန်ဆင်တော်မူခဲ့ပြီးဖြစ်၍ရင်း။ ဟောယတိ၊ မြေလက်ခတ်ပုံသာ ပေါ်ထွန်းတော်မူပေလိမ့်သတည်း။ ဝါ-ဟောယတိ၊ ခုပိုင်ဝိနယနှင့် ဘိခမ္မရှေပိုင်းကို ဝင်လိုက်ဘိုင်းပြီးအောင်မြင်မြဘ်သိန္နိုင်းနိုင်သကဲ့သို့ ဉာဏ်အမြင် တင့်တင့်ရှန်းသောကြောင့် နောင်နှစ်ဝယ် တာမကွက် သောက်အောင် ပေါ်ထွန်းလိမ့်ကြန် မြေလက်ခတ်မှန်လှသည့်သာတည်း။

ယော ကောဝိဒေါ ကောဝိဒဝံသဒီပိကော၊
အနုပ္ပဒါယီ စ တိပေဋကေ ဝိဒူ။
ဗလံ အသောကာယ ဇနာနမာယတိံ၊
တေနာသိ သောဂန္ဓိ အသောကမာလတိ။

ယော ကောဝိဒေါ၊ အရှင်ကောဝိဒ နာမတွင်ခေါ် အကြင် စာချဆရာတော်သည်။ ကောဝိဒဝံသဒီပိကော၊ ဇာတရာဘိဓေ တိပိဋကဓရဟု ပဌမသံဂိတိမူး ပဏ္ဍိတ်ခေါင်မယေရှိထု၏ ဆင့်ကူးစီလျှဉ် သာသနာဝင်ဝယ် ရောင်ရှင်လျှံညီးဆီမီးဘန်အောင်သာဖွယ်သည်း ဖြစ်တော်မူပါပေ၏။ တိပေဋကေ ဝိဒူ စ၊ တိပိဋကဓရ၏ ဝံသနွယ်သွေး မြေးတော်မှန်လတ် ပိဋကတ်ဝယ် ကျမ်းတတ်တာဆူ ဟူစသောက်ပင် ကျမ်းချင်လိမ္မာကော်မူပါပေ၏။ ဇနာနံ၊ ကျွန်ုပ်ကိုအား အစထား၍ များပြားလှသူ ခပ်သိမ်းလူတို့၏။ အာယတိံ အသောကာယ၊ သုံးဘုံလူနတ် သာသနာမြဘ်ဝယ် နာဂတ်နောက်ရေး သောက်မြော်တွေး၍ ကြောက်သွေးဆူဟင် မပူပင်ကြခြင်းအလို့ငှါ။ ဗလံ အနုပ္ပဒါယီ စ၊ အားထက်ရန် ခွင့်အရေး

ကို အစဉ်ပင်ပေးလေ့ရှိတော်မူပါပေ၏။ တေန၊ ထိုသို့ကောင်းဟိတ် ကြောင်းနိမိတ်ကြောင့်။ သော၊ ထိုအရှင်ကောဝိဒ နာမတွင်ခေါ် စာချဆရာတော်မထေရ်သူမြတ်သည်။ သောဂန္ဓိ၊ သောင်းတွင်းမဆုံ ကောင်းတင်းနိုင်တို့ ပျံ့တကြိုင်ကြိုင်သင်းလှိုင်၍နေသော။ အသောကမာလတီ၊ သာသနာ့ရိပ်ဝှမ်း မြင့်တိပ်သွန်းဝယ် သော်ကပန်းတပွင့်လည်း ဖြစ်တော်မူပါပေ၏။ ဝါ-အသောကမာလတီ၊ သာသနာသုံးဆိုင် သော်ကမြိုင်ဝယ် ခိုင်ညာတံထိပ် ရွှေနှောင်ဖိတ်သား ဘုန်ဂုဏ်ရိပ် ခိုကာလှံ့ပျင် အပူစုံဘင်းစင် ခန်းရသဖြင့် လူဒိုလ်ပုံ စိတ်ကြည်လန်းရသည့်ကြောင့် သော်ကပန်းတပွင့်လည်း ဖြစ်တော်မူပါပေ၏။

## နိဂုံးဆုပန်လွှာကုရား

ခာရေန္တု ထေရာ ဇိနစက္ကဝါကံ၊
ပါလေန္တု ဒေဝါပိ ပဇာ သသာသနံ။
မာနေန္တု ဓမ္မံ သနရာမရူပဇာ၊
ဟာသေန္တု ပုညဉ္စ သကံဝ ဝိန္ဒယံ။

ထေရာ၊ သာသနာ့အာဇာနည် ပယောရုံနှစ်ပါးအဦးထား၍ များပြားစုံညီမဟာထေရ်အရှင်မြတ်တို့သည်။ ဇိနစက္ကဝါကံ၊ ဘုရားဇိနေနဲ့ စိတ္တဖြူလျှင်မိန့်ဖော်မြွက်ဟ စက်ဝမ္မ၏ ထွန်းပနိုင်ကြောင်း အစီးအပွါးကောင်းဟူသမျှကို။ ခာရေန္တု၊ ရှေးကထက်တိုး ဆောင်ပိုးလျှင် အားကြိုးမာန်တောင် ရှက်ဆောင်တော်မူနိုင်ကြပါစေကုန်သတည်း။ ဒေဝါပိ၊ သက္ကဒေဝါ ပဇာဝရဏ ဤသာသနကစရှိဒေဝါ နတ်အကာတို့သည်လည်း။ သသာသနံ၊ ဘုရားစွာ သာသနာတော်နှင့်တကွသော။ ပဇံ၊ ကျွန်ုပ်တို့အား အစထား၍ များပြားဗိုလ်လူ ကမ္ဘာသူကမ္ဘာသားအပေါင်းကို။ ပါလေန္တု၊ မြတ်မွေးမယ်ဖွား ကာယောက်သားကိုသနားကြင်နာ ကဲ့ပမာသို့ မကွာနိစ္စဗဒ် ဘေးရန်လွတ်အောင် စောင့်ကြပ်ကြည့်ရှု မတော်မူပါစေကုန်သတည်း။ သနရာမရူပဇာ၊ မြတ်လူနတ်လူ သတ္တဝါဟူသမျှတို့သည်။ ဓမ္မံ၊ ကမ္ဘာ့ငြိမ်းချမ်းရေး အစစ်အမှန်ဖြစ်နိုင်သည့် မင်္ဂလာဆင့် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် တရားတော်မြက်ကို။ မာနေန္တု၊ ကြိုက်ပွန်ဖြစ်စဉ် သဒ္ဓါဇာသက်ဝင်၍ ခံမင်မြတ်နိုး နိုင်ကြပါစေကုန်သတည်း။ ပုညဉ္စ၊ ကျွန်ုပ်တို့တစု ချီးကျူးပြုသည့် ကောင်းမှုထိုထို ကုသိုလ်ကိုလည်း။ ဝိန္ဒယံ၊ ဝိန္ဒယန္တာ၊ ကပ်မျှရှည်တူ ရတော်မူကြကုန်သည်ဖြစ်၍။ သကံဝ၊ ကိုယ်တိုင်ဆည်းစု ကိုယ်ကောင်းမှုကဲ့သို့။ ဟာသေန္တု၊ နှစ်သက်ရွှင်သန်း ဝမ်းမြောက်တော်မူကြပါစေကုန်သတည်း။ ဝါ-ဟာသေန္တု၊ ကောင်းတင်းပေစ်ချီ နန္ဒဂီဖြင့် နတ်စည်ငြိုငြိမ့် မိုးကြီးခြိမ့်သို့ သိမ့်သိမ့်သွက်ကာ သက္ကဝါယ် ကဝဂ်ရွှာဘုံတို့

လွှမ်းခေါက်အောင် သာခုကိုယ်စီ ရွမ်းကြ၍ ပြော် ရွှင်လန်းဝမ်းမြောက် တော်မူကြပါစေကုန်သတည်း။

ဤသည်လျှင် အတိခမ္မာပြန့်ပွါးရေးအသင်း၏ ချီးကျူးပူဇော်လွှာ ဖြစ်သည်။

ဣတိမိတိကာပိ ထောမေန္တိ၊ ထောမေန္တိ ထောမနာရဟော။
ထေရေ ဝိစိတ္တကောဝိဒေ၊ ကောဝိဒတ္တာသုသံယုတော။

---

ရန်ကုန်မြို့ စေတိယင်္ဂဏအသင်းကြီးကသည်း အောက်ပါ ချီးကျူးထောမနာ ဩဘာစာဖြင့် ချီးကျူးပူဇော်ခဲ့သည်။

စေတိယင်္ဂဏပရိယတ္တိအသင်း ချီးကျူးလွှာ

သုဇနာ သုဇနာ သဗ္ဗေ၊ ဂုဏေနာပိ ဝိဝေကိနော။
ဝိဝေကံ န သမာယန္တိ၊ အဝိဝေကီ ဇနန္တိကေ။

မိန့်ချွံမြွက်ကြား အလင်္ကာဆရာမြတ်တို့၏ စကားရပ်နှင့်အညီ ဤသူကား ပညာရှိပေတည်း၊ ဤသူကား လူမိုက်ပေတည်း၊ ဤသူကား သူကောင်းပေတည်း ဟူ၍ သိရာသိကြောင်းဖြစ်သော ထိုထို ပုဂ္ဂိုလ်တို့၏ ဂုဏ်အရည်အချင်းကို ပိုင်းခြားပေါ်လွင် သိမြင်ခြင်းသည် ပညာရှိခပင်းတို့၏ အရည်အချင်းကြီးတခု ဖြစ်ကြောင်းကိုရင်း၊

"ဝဏ္ဏာရဟဿ ဝဏ္ဏကထနံ ပဏ္ဍိတာနံ ပကတိ" မိန့်ရှိသေချာ အဋ္ဌကထာလာသည်နှင့်အညီ ချီးကျူးထိုက်သော ဂုဏ်ကျေးဇူးရှိသော သူတို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးသောအား ရေးသားပြောဆိုခြင်းသည် ပညာရှိအပေါင်း သူတော်ကောင်းတို့၏ မူဟောင်းတံထွာ ဓမ္မတာလက်သုံး ကျင့်ထုံးကြီးတမျိုး ဖြစ်ကြောင်းကိုရင်း ကောင်းကောင်းကြီး သိမြင်သော စေတိယင်္ဂဏ ပရိယတ္တိအသင်းကြီးက "ဒုလ္လဘော ပုရိသာဇညော" ဘုရားဟော ပါဠိတော်ကြီးကို ဆောက်ရှု၍ အမြဲခေတရထည် အာဇာနည်ဓာတ်စွဲ ယောကျ်ားမြတ် ဗိတ်ဗိတ်ကြဲ ပုဂ္ဂိုလ်မျိုးဟူသည် ပေါ်ပေါက်လာခဲ ရနိုင်ခဲသော သဘောရှိသောကြောင့် ယောကျ်ားမြတ် အာဇာနည် သာသနာ့သူရဲကောင်း ပြီသလိုသော အရှင် ဝိစိတ္တသာရာဘိဝံသ, အရှင်ကောဝိဒ တို့၏ ဂုဏ်ပုဒ်ကို ထုတ်ဆို ချီးကျူးလိုပါကြောင်း။

သာသနာ့တော်သည် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဟူ၍ သုံးပါးရှိရာ "ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိအန္တရဓာယတိ။ ပရိယတ္တိယာ ဌိတာယ ပဋိပတ္တိ ပတိဋ္ဌာတိ" ဗုဒ္ဓပါဝစန ပရိယတ္တိမြေ ကွယ်ပျောက်ပလျှင် ယထာဘူတ လမ်းမှန်ကျအောင် လှိုလကြိုးကုတ်

အားထုတ်ခြင်းဟု ဆိုအပ်သော ပဋိပတ္တိသာသနာတော်သည်လည်း ရောင်ဝါမလင်း မှေးမှိန်ပျောက်ကွယ်ခြင်းသို့ ရောက်မည်။ ပရိယတ္တိသာသနာ ရောင်ဝါဝင်းဝင်း ထွန်းလင်းမှသာလျှင် ပဋိပတ္တိသာသနာ ရောင်ဝါမပျက် တိုးတက်မည်ဟု အင်္ဂုတ္တရနိကာယ ဧကကနိပါတ် အဋ္ဌကထာ ဆရာမြတ်တို့ မိန့်ဆိုတော်မူအပ်သော စကားရပ်ကို အမြွတ်ထွတ်တင် ဦးထိပ်ရွက်ပန်ဆင်ကာ ပရိယတ္တိသာသနာ အခွန့်ရှည်စွာ တည်မြဲပါစေခြင်းအကျိုးငှါ ၁၂၅၆-ခုနှစ်မှစ၍ စေတိယင်္ဂဏ ပရိယတ္တိ အသင်းကြီးကို ဖန်တီးတည်ထောင်လျက် သာသနာ့ဝန်ဆောင်စာချ, ဓမ္မာစရိယ ရွေးချယ်ပွဲသဘင်ကို နွှဲဆင်ကျင်းပလာရာ ယခုအခါ အကြိမ်ပေါင်း ၃၅-ကြိမ် ရှိပြီဖြစ်ပါ၍ ဓမ္မာစရိယ, စာချဆရာတော်ပေါင်း အပါး-ဂ၉ တင့်တယ်တိုးတက် ပေါ်ထွက်တော်မူလာခဲ့ပါကြောင်း။

ဤသို့နည်းတူ ပရိယတ္တိ သာသနာတော်ကို အလေးမူကြကုန်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီး, နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သတိုးသိရီသုဓမ္မ သူဌေးကြီး ဆာဦးသွင် အမှူးရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးက ၁၃၁၀-ခုနှစ်မှစ၍ ဆဋ္ဌသံဂါယနာတင်ပွဲသဘင်သို့ မြော်မြင်အားခဲ "တိပိဋကဓရ" ရွေးချယ်ပွဲကြီးကို ဆင်နွှဲကျင်းပလာရာ ၅-ကြိမ်မြောက်ခဲ့ပြီး ဖြစ်ပါကြောင်း။ ယင်းသို့ ၅-ကြိမ်တိုင်တိုင် ကြံခိုင်အားခဲ ဆင်နွှဲခဲ့သော တိပိဋကဓရရွေးချယ်ပွဲကြီးတွင် အပိုင်းကြီး ၈-ပိုင်း သတ်မှတ်ထားရာ အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၂-ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သော ၃ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ ထူးထူးခြားခြား အံ့သြဖွယ်ကောင်းစွာ "ဝိနယပိဋက" ဝိနည်း ၅-ကျမ်း အာဂုံပြန်ဆိုပွဲတွင် အထောက်အမ လွတ်ကင်းစွာနှင့် အောင်မြင်ခဲ့၍ရှင်း၊ သဘောရေးဖြေပွဲ တွင်လည်း ကျမ်းတိုင်းမှာပင် ၈၅-မှတ် အထက်ကျော်ကာ ရရှိအောင်မြင်တော်မူခဲ့၍ရှင်း "ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ" ဟူသော ဘွဲ့ပုံလက်မှတ် တံဆိပ်တော်, နိုင်ငံတော်သမ္မတကြီးက ဆက်ကပ်အပ်သော အောင်လံတော်, ရေကြောင်း ကုန်းကြောင်း သွားလာရေးအတွက် မီးသဘော်နှင့် မီးရထား (ပဌမတန်း) ပတ်(စ်) လက်မှတ်တို့ကို ရရှိတော်မူခဲ့လေသည်။

၁၃၁၃-ခုနှစ်တွင် ကျင်းပအပ်သော ၄ ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ၌လည်း (က) အဘိဓမ္မာပိဋက ပဌမပိုင်း ၅ ကျမ်း အာဂုံပြန်ဆိုပွဲတွင် အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခဲ့ရာ ဂုဏ်ထူးနှင့်တကွ အောင်မြင်ခဲ့သည့်ပြင် (ခ) သဘောရေးဖြေပွဲတွင်လည်း ရာခိုင်နှုန်း ၉၄-မှတ် ရရှိတော်မူသောကြောင့် ဂုဏ်ထူးနှင့်တကွအောင်မြင်တော်မူသည်။ "ဝိသိဋ္ဌအာဘိဓမ္မိက မဟာအာဘိဓမ္မိက မဟာကောဝိဒ" ၁၃၁၄-ခုနှစ်တွင် ကျင်းပအပ်သော ၅-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ၌ အဘိဓမ္မာ ဒုတိယပိုင်း ၂-ကျမ်း စာမျက်နှာ ၂၆၀၀-ခန့် အာဂုံပြန်ဆိုပွဲတွင် အထောက်အမကင်းလွတ်စွာဖြင့် ပြန်ဆိုအောင်မြင်တော်မူသည့်ပြင်

သဘောရေးဖြေပွဲတွင်လည်း ရာခိုင်နှုန်း၈၅-ကျော် အမှတ် ရရှိ အောင်မြင်တော်မူသည့်အတွက် နိုင်ငံတော်သမ္မတကြီးက ဆက်ကပ် လှူဒါန်းအပ်သော “ဝိသိဋ္ဌ အာဘိဓမ္မိက မဟာအဘိဓမ္မိကကောဝိဒ” ဟူသော ဂုဏ်ထူးနှစ်ဆင့် ပါသည့် အောင်လက်မှတ်နှင့် တံဆိပ်တော်တို့ကိုရင်း, ကနက္ကဒဏ် ထီးဖြူတော် နှစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကိုရင်း ရရှိတော်မူသည် ဖြစ်ပါကြောင်း။

အရှင်ကောဝိဒသည် အခြားသော စာပြန်ပွဲတို့ကို ဝင်ရောက်ခြင်း မရှိခဲ့ သော်လည်း တိပိဋကဓရ ရွေးချယ်ပွဲကြီး၏ ဂုဏ်သတင်းကို ကြားရသောအခါ ဝင်ရောက်လိုသောစိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့သည့်အတိုင်း ၁၃၁၃-ခု နှစ်တွင် ကျင်းပအပ်သော ၄-ကြိမ်မြောက် တိပိဋကဓရ ရွေး ချယ်ပွဲကြီးနှင့် (က) အာဂုံပြန်ဆိုပွဲတွင် ဥပဒေနှင့် ညီညွတ်စွာ အောင်မြင်သည့်ပြင် (ခ) သဘော ရေးဖြေပွဲတွင်လည်း ရာခိုင်နှုန်း ၈၈-မှတ် ရရှိသည့်အတွက် ဂုဏ်ထူးနှင့်တကွ အောင်မြင်၍ “ဗုဒ္ဓသာသန ဝိနယဓရ မဟာဝိနယကောဝိဒ” ဟူသော ဘွဲ့ပုံ လက်မှတ် တံဆိပ်တို့နှင့်တကွ နိုင်ငံတော်သမ္မတကြီး လှူဒါန်းအပ်သော သာသနာ့ အောင်လံတော် ရေကြောင်း မီးသင်္ဘောလက်မှတ်နှင့် ကုန်းကြောင်း မီးရထားလက်မှတ် ပဌမတန်း အခလွတ်တို့ကို ခံယူရရှိတော်မူသည်။

ယခုနှစ် ငါးကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပွဲတွင် လည်း အဘိဓမ္မာပိဋက ပဌမပိုင်းနှင့် (က) အာဂုံပြန်ဆိုပွဲတွင်ရင်း၊ (ခ)သဘော ရေးဖြေပွဲတွင်ရင်း အောင်မြင်တော်မူသည့် အတွက် နိုင်ငံတော် သမ္မတကြီး ဆက်ကပ်လှူဒါန်းအပ်သော “အောင်လက်မှတ်”ကို ခံယူရရှိသည့် ပုဂ္ဂိုလ်ထူး သာသနာ့အာဇာနည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ထိုအရှင်မြတ် နှစ်ပါးတို့အား အချွန်ဆုံး အလွန်ဆုံး အမြတ်ဆုံး ပေတည်းဟု ကောင်းချီးဩဘာ ထောမနာ ပြုရပါကြောင်း။

ဤသည်ကား စေတိယင်္ဂဏပရိယတ္တိ အသင်း၏ ချီးကျူးလွှာဖြစ်သည်။

စေတိယင်္ဂဏသမိတိ၊ သုပရိယတ္တိဓာရကော။
ထောမေတိ ထေရယုဂ္ဂေ၊ သာသနာဘာရဝါဟကေ။

---

၁၃၁၄-ခုနှစ် (၅)ကြိမ်မြောက်တိပိဋကဓရရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်တို့အား ဆူးလေစေတီတော် ဦးထွန်းတင်ကြီး မှူးသော ဓမ္မစကြာ အမျိုးသမီးဝတ်အဖွဲ့က အောက်ပါချီးကျူး လွှာဖြင့် ချီးကျူးပူဇော်ခဲ့သည်။

ဆူးလေစေတီတော် မွေစကြာ အမျိုးသမီးဝတ်အဖွဲ့ ချီးကျူးလွှာ

ဝိစိတ္တကောဝိဒတ္ထေရာ၊ ပေါရာဏာ ဝိယ သာသနံ။
ဝါစုဂ္ဂတာ ဝိသဇ္ဇန္တာ၊ ဇောတယုံ စိရကာလတံ။

ပေါရာဏာ၊ ကဿပရှင် အစတွင်သည့် ငါးအင်္ဂါယနာ တင်လာကြ ခြား ရှေးပညာရှိအများတို့သည်၊ ဝါစုဂ္ဂတာ၊ သုံးပိဋကတ် ဖရောင်ကို ပြတ်အာဂုံ ကောင်းစွာဆောင်နိုင်ကြကုန်သည်ဖြစ်၍။ သာသနံ၊ ဓမ္မက္ခန္ဓာ ပါင်းလေးထောင် ဆောင်းသည့် ရှစ်သောင်းပမာဏ ပရိယတ်ဆိုတဲ့ သာသနာတော်မြတ်ကြီးကို။ ဝါ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို အပေါင်းသတ္တာ ကျွတ်ကြရာ၌ ဤကားအမှား ဤကားအမှန် ဝေဖန်ပိုင်းခြား ဉာဏ်အဆင့်ဆင့် ပွါးစေနိုင်တဲ့ ပရိယတ္တိဆိုတဲ့ သာသနာတော်မြတ်ကြီးကို။ စိရကာလံ၊ ပဉ္စသင်္ဂါယနာ အစပြုပြီး ငါးဖြာတိုင်တိုင် ကျောက်စာတိုင်သို့ မယိမ်းမယိုင်အောင် ယခုခါ ထပ်ခါ တည်ကာလာ၍ ယခုတင်မည့် ဆဋ္ဌသင်္ဂါယနာကျအောင်။ ဇောတယုံ ဝိယ၊ ထွန်းပြောင်ရောင်ကြွ ဝင်းလျှံအောင် တောက်ပစေကုန် သကဲ့သို့။ ဝါ၊ သာသနာတန်ခိုးကာလဲ မညိုးမှိန် ဗမာဆိုတဲ့ အမျိုးတွေကိုလဲ မချိနှိမ် တန်ခိုးရှိန် တက်ကြွားအောင် အသက်ဖျား ပမာမထားပဲ ထင်ရှား တောက်ပကြွစေ ကုန်သကဲ့သို့။

ဧဝံ တထာ၊ ရှေးမင်းမြတ်တကာ တိဘွင်ကာဖြင့် ပညာရှိများ ဆင့်ဆင့် ပွါး၍ ထွန်းကားစေကြ သဘောအရရှစ်ဖွဲ့ ဥပမာအလားသာလျှင်။ ဝိစိတ္တကောဝိဒတ္ထေရာ၊ ရှေးပညာရှိ စံချိန်တင်အောင် မိမိ ဓါ မင့်ညာဘဲ ဘကယ့်ဘိရိယာ ကည်ကြည့်စွ ဖြင့် သာသနာ မောင်နည်ကျော် ပုဂ္ဂိုလ်မြတ် ဖြစ်ကြကုန်သော မင်းကွန်းနာရံ အမည်ခံ၍ အောင်လံထူစိုက် မမ္မနာဒတိုက်ဝယ် ယာပိုထ်ပျော်မွေ့ နေထိုင်လေ့ရှိသော ဝိသိဋ္ဌဝိနယဓရတခု၊ မဟာဝိနယ ကောဝိဒတဆင့်ဟု ဂုဏ်ထူးနှစ်ဆင့် ပြည့်ကျော် မထေရ်တော်အရှင်ဝိစိတ္တသာရာ-ဘိဝံသနှင့်—

မြို့ပခုက္ကူ သင်းပြန့်ကြူသား ရတနာသိုက်မြိုက် သာသနဝိပုလာရာမတိုက် ဝယ် ယာပိုသ်လေးလီ မျှည်မှီတင်း သီတင်းသုံးလေ့ရှိသော "ဗုဒ္ဓသာသနဝိနယ-ဓရ"နှင့် မဟာဝိနယကောဝိဒအကျော် မထေရ်တော်ဖြစ်သော အရှင်ကောဝိဒ-မထေရ် ထွေထွေများလာ ဂုဏ်သိက္ခာနှင့် ဝိနယာဂရုက ဖြစ်ကြ၊ ဖြစ်ကြတဲ့အရှင် နှစ်ပါးတို့သည်။ ဝါစုဂ္ဂတာ၊ မြားမြောင် ပရိယတ် ပိဋကတ်ကို ကျက်မှတ်အာဂုံ နှုတ်တက်ဆောင်နိုင်ကြကုန်သည်ဖြစ်၍ရင်း။ ဝိသဇ္ဇန္တာ၊ မေးသမျှတွင် မလေး ပင်ပဲ တွင်တွင်ကြဲဆ အမှန်ရအောင် ဖြေဆိုတော်မူနိုင်ကြကုန်သည်ဖြစ်၍ရင်း။ သာသနံ၊ ဘုရားအဆုံးအမ နှလုံးကြွဘို့ လုံးဝကျော်ဟည်း ပရိယတ်ဆိုတဲ့

သာသနာတော်မြတ်ကြီးကို။ စိရကာလတိ၊ သင်္ဂါယနာအစ ပဥ္စမမြ မြားမြောင် ကာလ ယနေ့ကျခအောင်။ ဇောတေသုံ၊ ထွန်းလင်း တောက်ပကြစေကုန်ပြီ။ ဇောတေသုံ၊ နေမင်းတဆူ အလင်းယှဉ်၍ ဥဒည်တောင်စွန်း ပေါ်ထွက်ထွန်းသကဲ့သို့ ထွန်းလင်းတောက်ပကြစေကုန်ပြီ တကား။

---

ပဥ္စမအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်တော် မူကြသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်သူနှစ်ပါးတို့အား ချီးကျူး ပူဇော်ပွဲတွင် ရန်ကုန်မြို့ သိမ်ကြီးဈေးသမဂ္ဂကြီးက အောက်ပါ ထုတိမင်္ဂလာ သြဘာစာတမ်း ကိုလည်း ဖတ်ကြား ပူဇော်လေသည်။

## သိမ်ကြီးဈေးသမဂ္ဂ ထုတိမင်္ဂလာ သြဘာစာတမ်း

ယဒါ ဇောတိသမ္ဗောဓိ၊ သမ္ဗုဒ္ဓေါ မုနိပုင်္ဂဝေါ။
တဒါ ပဘုတိ ဓမ္မော၊ လောကေ ဇာတော မဟာယဝေါ။

ယဒါ၊ အကြင်အခါ၌။ မုနိပုင်္ဂဝေါ၊ ကိလေသာဇာတ် ညှိုးပြတ်ကင်းကြောင်း ကောင်းမှုကျင့်ဘိ မုနိတကာတို့၏ ရှေ့သွား ခရီးညွှန် ဖြစ်တော်မူသော၊ သော၊ အစိန္တေယျ ဂုဏ်ပေါင်းသည့် လောကာဓိပတ် မုန်ထွတ်ထား မြတ်ဘုရားသည်။ ဇောတိသမ္ဗောဓိ၊ သစ္စာလေးဝ ဥဒေယျငါးဆင့် ကားကား တင့်လျက် ထွန်းပွင့်ရောင်လျှံ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့။ သမ္ဗုဒ္ဓေါ၊ ငါးမာရ်ဖျောက်ခြင်း ရောက်တော်မူလေပြီ။ တဒါ ပဘုတိ၊ထိုခါကာလ သာမယမှ အစဦးပြု၍။ လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မော၊ မင်္ဂဖိုလ် နိဗ္ဗာန် ရောက်ကြောင်းမှန်၍ ကောင်းထူးလတ် တရားမြတ်၏။ မဟာယဝေါ၊ ကောင်းချီး ကြေငြာ ပွဲသဘင်ကြီးသည်။ ဇာတော၊ တနေ့တခြား ပွါးကာပွါး၍ ထင်ရှား ခုတိုင် ပျံ့လွှင့်ဖြစ်ပေါ်၍ လာခဲ့ချေသတည်း။

ယင်းဂါထာအရ လောကာဓိပတိ တုမရှိသော မုနိတို့ ပုင်္ဂဝ သမ္ဗုဒ္ဓမြတ် ဘုရားသည် ငါးမာရ်ခြလျက် အောင်မြေ ဗောဓိ အပရာဇိတ ယ် အမိဏ ပါရဂူ ဘုရားအဖြစ်သို့ ရောက်တော်မူသည့် မှ စ၍ အများဝေနေ လူဗိုလ်ခြေ ကို မြိုက်အမွှေးပင့် ဒေဝမကျန် ဂုဏ်ယကွ ဖြတ်ပွားစေသည်တို့အား ပဥ္စတ္တာ သိသာ ငါးတော်လေးဆယ့်ငါး တိုင်သောအားဖြင့် တရားရည်ကြီးကို ညီးညီး မြည်ဟည်း ခြိမ့်ခြိမ့်ညီးအောင် စိုက်တီးတော် မူခဲ့သတည်း။

ယင်းသို့လိုင်လိုင် ယခုတိုင် တီးအပ်သော တရားသံသည် စာအံမစဲ တသဲ သဲနှင့် မြည်ဟဲနေသည်မှာ သာသနာ့ဝန်ထမ်း မြတ်ရဟန်းတို့ မဆုတ်မနစ် အားသန်ကြိုးပမ်း ပရိယတ်ပဋိပတ်လမ်းကို ထမ်းဆောင်သည့်ပြင်ဤတရားစည် တော်သံသည် လူ့ပြည်လောကဓာတ် ကမ္ဘာတဝှမ်းလုံးမှာပင် နှံ့စပ်မြည်ဟည်း

သဖြင့် နိုင်ငံခြား ပညာရှင်တို့ ဗုဒ္ဓဝါဒီကို စုံစမ်း ဆည်းပူးကြခြင်း ပိဋကတ်တော်များကို မိမိတို့ ဘာသာစကားဖြင့် ရေးသားပြန်ဆိုခြင်း ဘာသာပြန် ကျမ်းများကို ဂရုတစိုက် ကျင့်ကြံကြ၍ ဗုဒ္ဓ ကျွမ်းဝင်သည့် လမ်းမှန်အတည့် အနှစ်ပြည့်သဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်ကြသည်မှာ တနေ့ တခြား တိုးပွါးလာပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံမှာမူ ဤသို့ ဆည်းပူးကြရုံမျှမက ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးမှ ဆဋ္ဌသင်္ဂါယနာတင်ရေးသို့ ရှေးရှုလျက် သာသနာ့ဝေယျာဝစ္စ ထွန်းပြောင်စိမ့်သောငှါ အခါက ရည်ရွယ်ချက်တို့အရ တိပိဋကဓရ ရွေးချယ်ပွဲကြီး နှစ်စဉ် ကျင်းပခဲ့ရာ ယခုနှစ် ကျင်းပခဲ့သော (၅)ကြိမ်မြောက် ရွေးချယ်ပွဲကြီးတွင်—

(၁) စစ်ကိုင်းမြို့ မင်းကွန်း ဓမ္မနာဒတိုက် အစိုးရနှင့် သကျသီဟ ဓမ္မာစရိယဝင်္ဂသကာဘွဲ့ရ ပဌမကျော်နှင့် ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒဘွဲ့ရ အရှင်ဝိစိတ္တသာရာဘိဝံသသည် အဘိဓမ္မာ ပိဋက ဒုတိယပိုင်း စာမျက်နှာ (၂၆၀၀)ခန့်ကို အထောက်အမ လွတ်ကင်း၍ သန့်ရှင်းစွာ ပြန်ဆိုနိုင်တော်မူသဖြင့် (ဝိသိဋ္ဌ) ဟူသော ဂုဏ်ထူးနှင့်တကွ အောင်မြင်တော်မူသည့်အပြင် သဘော ရေးဖြေပွဲတွင်လည်း အောက်ပိုင်း ယမိုက် (၉၆)မှတ်၊ အထက်ပိုင်း ယမိုက် (၁၀၀)မှတ်၊ အောက်ပိုင်းပဋ္ဌာန်း (၈၉) မှတ်၊ အထက်ပိုင်းပဋ္ဌာန်း (၁၀၀)မှတ် ရသည့်အတွက် ဥပဒေအပိုဒ် (၃၈) အရ မဟာဟူသော ဂုဏ်ထူးနှင့်တကွ ဂုဏ်ထူးနှစ်ဆင့်နှင့် အောင်မြင်တော် မူပါကြောင်း။

(၂) ပခုက္ကူမြို့ သာသနဝိပုလာရာမတိုက် မူလဓမ္မာစရိယ ဝိနယဓရ မဟာဝိနယ ကောဝိဒဘွဲ့ရ အရှင်ကောဝိဒသည် အဘိဓမ္မာ ပိဋက ပဌမပိုင်း အာဂုံပြန်ဆိုပွဲတွင် စာမျက်နှာ (၁၂၀၀) ခန့်ကို သာမန်အောင်မြင်ပြန်ဆိုတော်မူသည့်ပြင် သဘော ရေးဖြေပွဲတွင်လည်း ဓမ္မသင်္ဂဏီ (၉၀)မှတ်၊ ဝိဘင်း(၇၉)မှတ်၊ ဓာတုကထာ (၈၈)မှတ်၊ ပုဂ္ဂလပညတ် (၈၇)မှတ်၊ ကထာဝတ္ထု (၈၆)မှတ် ရရှိတော် မူသည့်အတွက် ဥပဒေအပိုဒ် (၂၉) အရ သာမန် အောင်မြင်တော် မူကြသည်မှာ ထူးခြားလှစွာ သာသနာတော်ကြီး၏ ချီးမြှင့်ကြသည့် အာဇာနည် ပုဂ္ဂိုလ်ထူးနှစ်ပါး ပေါ်ထွက်လာသဖြင့် ဘုရားတပည့်တော်များ၏ သိင်္ကြီးဈေးသမဂ္ဂကြီးနှင့်တကွ ရန်ကုန် နေပြည်တော်ရှိ ရှင်လူအပေါင်း နှစ်ထောင်းအားရလျက် ချီးမွမ်းထောနော ပီတိဖြာသဖြင့် ရွှင်လန်းစွာ သာဓုခေါ်ကြပါကြောင်း။

ထိုပြင်တဖြာ သာသနာ့ရိပ်သာ သုဓမ္မာသို့ ကြွလာခပင်း မိတ်ဆွေ အသင်းတို့က ဆရာတော်သံဃာတော် (၇၂)ပါးနှင့်တကွ သာသနာ့အာဇာနည် (၂)ပါးတို့ကို အာမိသပူဇာ ဓမ္မပူဇာ အဖြာဖြာတို့ဖြင့် ချီးကျူး ပူဇော်ကြမည် ဖြစ်ပါ၍ ၁၃၁၄-ခု တပေါင်းလပြည့်ကျော် (၂)ရက် တနင်္ဂနွေနေ့ နံနက် (၁၁) နာရီအချိန်တွင် အောင်ပွဲယင်း၍ အောင်ဆုတော်ကပ်ခြင်း အောင်ပွဲ ကျင်းလျက် ဇောမှန်စွာ အောင်စာဖတ်သဖြင့် အောင်အမတာရပ် အောင် နိဗ္ဗာန်ကို အောင်မိဋ္ဌာန် အောင်စွာရပြီး အောင်သဟာယ အပေါင်းအဖော် တို့နှင့် အောင်ကြောင်းအကျော် အောင်ဇေယျာရှုပြီး အောင်မေ င်းတော် အောင်စွာထုလျက် အောင်အကောင်းဖော် အောင်ပတ္တနာ ပြုပြီးလျှင် အောင်သာခု သာခု ခေါ်စေသော်။

(ဒက္ခိဏတိုင်း စိုက်ပျိုးရေးဝန် ဦးသာမြတ်ရေးသည်)

ဤသည်လျှင် သိမ်ကြီးဈေးသမဂ္ဂ ထုတ်မင်္ဂလာ ဩဘာစာတမ်းဖြစ်၏။

သိမ်ကြီးဈေးသာမဂ္ဂိကာပိ၊ ဝိသိဋ္ဌေ ထေရပုင်္ဂဝေ။
ဒုလ္လဘော အဘိပူဇေသုံ၊ ဒုလ္လဘော ဇိနသာသနေ။

မင်းကွန်း ပြန်ကြွ သုတ္တန်ပိဋက (ဒီဃနိကာယ်) ကျက်ရန်အားထုတ်

ဆရာတော်သည် ချီးကျူးပူဇော်ပွဲများအပြီးတွင် မင်းကွန်းသို့ ပြန်ကြွတော် မူ၍ ၆-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် ဝင်ရောက်ပြန်ဆို ရေးဖြေ၍ တိပိဋကဓရဖြစ်ရန် ကြိုးပမ်းတော်မူသည်။

သုတ္တန်ပိဋက (ဒီဃနိကာယ်) ကျက်မှတ်ပုံ

သုတ္တန်ပိဋက (ဒီဃနိကာယ်) ကား သုတ်ပေါင်း ၃၄-သုတ်, ဝဂ်ပေါင်း ၃-ဝဂ်ပါရှိသည်[၁]။ ယင်း နိကာယ် (ပိဋက) သည် ရှည်လျားသော သုတ်များ၏ တည်ရာ ဖြစ်သဖြင့် ဒီဃနိကာယ်မည်သည်[၂]။ ဆရာတော်သည် ဒီဃနိကာယ်တွင် သီလက္ခန်ကျက်စဉ် ရှေးဦးစွာ—

---

၁။ စတုတ္တိံသေဝ သုတ္တန္တာ၊ တိဝဂ္ဂေါ ယဿ သင်္ဂဟော။
သေ ဒီဃနိကာယောတိ၊ ပဌမော အနုလောမိကော။ ဝိဋ္ဌ၁။၂၁။

၂။ ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ။ ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော နိဝါသတော စ၊ သမူဟနိဝါသာ ဟိ နိကာယောတိ ဝုစ္စန္တိ။ ဝိဋ္ဌ၁။၂၁။

ဗြဟ္မာသာမညအမ္ဗဋ္ဌ၊ သောဏကူဋ္ဌမဟာလိဇာလိနီ။
သီဟာစပေါဋ္ဌပါဒသုဘော၊ ကေဝဋ္ဋော၊ လောဟိစ္စ တေဝိဇ္ဇာ တေရသ။

ဟူသော ဥဒါန်းစဉ်ဂါထာကို အရဆောင်တော်မူပြီး ဗြဟ္မဇာလသုတ် စသော သုတ်များကို နှုတ်ရကျက်တော်မူသည်။ မည်သည့်သုတ်များ၌ စူဠသီလ, မဇ္ဈိမ သီလ, မဟာသီလများ ပါသည်ကို သတိပြုတော်မူ၍ ပဌမဆုံး ဗြဟ္မဇာလ သုတ်ကျက်စဉ်ကတည်းက ယင်း စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို ကျေကျေညက်ညက် ကျက်မှတ်တော်မူသည်။ ၎င်းပြင် သုတ္တန်များ၏ ဆိုလိုရင်း အဓိပ္ပါယ်ချုပ်ကို ပိုင်ပိုင်မိမိ မှတ်မိအောင် ပြုလုပ်တော်မူသည်။ ငယ်စဉ်ကပင် တက်ဆိုပြီးကျမ်းများဖြစ်၍ အနက်ထင်ဖို့ရန်အတွက် များစွာ ဝါယာမ မစိုက် ရချေ။ ဆင္ဂသံဂါယနာ စာမျက်နှာ ၂၃၆-ရှိ[၁] သီလက္ခန္ဓဝဂ္ဂပါဠိတော်ကို ဆရာတော် လများစွာ မကျက်ရချေ။

မဟာဝဂ္ဂ (သုတ်မဟာဝါ) ပါဠိတော်ကို သီလက္ခန်အပြီး ဆက်၍ ကျက် တော်မူသည်။ ရှေးဦးစွာ—

မဟာပဒါနံ နိဒါနံ၊ နိဗ္ဗာနဉ္စ သုဒဿနံ။
ဇနဝသဘဂေါဝိန္ဒံ၊ သမယံ သက္ကပဉ္ဟကံ။
မဟာသတိပဌ္ဌာနဉ္စ၊ ပါယာသိ ဒသမံ ဘဝေ။

ဟူသော ဥဒါန်းစဉ်ဂါထာကို ရှေးဦးစွာ ကျက်တော်မူပြီး အစဉ်အတိုင်း မဟာ ပဒါနသုတ်ကစ၍ ကျက်ဆောင်တော်မူသည်၊ သုတ်မဟာဝါမှာ ဝတ္ထုကြောင်း ဆန်ဆန်ဖြစ်လေရာ ဆရာတော်အဖို့ လွယ်ကူနေသည်၊ သုတ်မဟာဝါထဲ ပါရှိသည့် အကြောင်းအရာများမှာ ဆရာတော် ငယ်စဉ်ကတည်းက ကြားဘူး နားဝ ရှိနေသည့် အကြောင်းအရာများ ဖြစ်သည်။ ဆရာတော်သည် ဂါထာ ဗန္ဓများကို ကျက်မှတ်ရန် အလွန် ဝါသနာပါလေရာ မဟာပဒါနသုတ်လာ—

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ။
ရာဂဒေါသပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဓော။

စသော ဂါထာများကို ငယ်စဉ်ကတည်းက နှုတ်တက်နေသည်၊ မဟာသမယ သုတ်ကြီးမှာ ရဟန်းငယ်ဘဝကတည်းက တော်မှာနေလျှင် နတ်တွေချစ်မှ ဖြစ်မည်။ မဟာသမယသုတ်ကို နတ်ချစ်သောသုတ်ဟူ၍ ကြားဘူးလေရာ နတ် တွေ ချစ်ကြည်ညိုရန် ရည်သန်၍ မဟာသမယသုတ်ကို ကျက်မှတ်၍ မကြာခဏ ရွတ်ဆိုတော်မူခဲ့သည်။ သက္ကပဉ္ဟသုတ်လာ—

---

၁။ ဆရာတော်ကျက်စဉ်က သံဂါယနာမူ မထွက်သေးချေ။

ဝန္ဒေတော ပိတရံ ဘဒ္ဒေ၊ တိမ္ဗရုံသူရိယာစ္ဆသော။
ယေန ဇာတာသိ ကလျာဏီ၊ အာနန္ဒဇနနိ မမ။

စသော ပဉ္စသိခနတ်သား၏ စောင်းသီချင်းဂါထာများကို ငယ်စဉ်ကတည်းက အနက်ပါ နှုတ်တက်နေသည်၊ သို့ဖြစ်၍ သုတ်မဟာဝါ ပါဠိတော်ကိုလည်း လွယ်ကူစွာ ကျက်ဆောင်တော်မူခဲ့လေသည်။ သုတ်မဟာဝါပါဠိတော်မှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၂၇၃-ရှိ၏[၁]။

သုတ်မဟာဝါ ပါဠိတော်ကို နှုတ်တက်ရွရွ အာဂုံရအောင် ကျက်ဆောင်တော်မူပြီး သုတ်ပါထေယျ (ပါထိကဝဂ္ဂပါဠိ) ကို ဆက်လက်၍ ကျက်တော်မူသည်။ ရှေးဦးမဆွ အစလက်မှန် —

ပါထိကော စ ဥဒုမ္ဗရံ၊ စက္ကဝတ္တိအဂ္ဂညကံ။
သမ္ပသာဒနပါသာဒံ၊ မဟာပုရိသလက္ခဏံ။
သိင်္ဂါလာဋာနာဋိယကံ၊ သင်္ဂီတိ စ ဒသုတ္တရံ။
ဧကာဒသဟိ သုတ္တေဟိ၊ ပါထိကဝဂ္ဂေါတိ ဝုစ္စတိ။

ဟူသော ဥဒါန်းစဉ်ဂါထာကို ကျက်ဆောင်ပြီးမှ ပါထိကဝဂ်လာသုတ်ကို ပါထိက သုတ်မှစ၍ အစဉ်အတိုင်း ကျက်ဆောင်တော်မူသည်။ သုတ်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ချုပ်၍ မှတ်မိအောင် ကြည့်ရှုလေ့လာတော်မူသည်၊ သရုပ် အရေ အတွက် မှန်သမျှကို အကျင့်ရအောင် လက်ချိုး၍ မှတ်တော်မူသည်၊ ရပြီးသုတ် များကို ပြန်ဆိုရာ၌ ရံခါ ဦးပဥ္ဇင်းတပါးပါး အကြည့်ခိုင်းပြီး နှုတ်လွှတ်ပြန်တော် မူသည်။ အလွန်ခက်လှသော လက္ခဏာသုတ်လာ —

သစ္စေ စ ဓမ္မေ စ ဒမေ စ သံယမေ၊
သောစေယျ သီလာလယုပေါသထေသု စ။
ဒါနေ အဟိံသာယ အသာဟသေ ရတော၊
ဒဠှံ သမာဒါယ သမတ္တမစရိ။

စသော ဂါထာများမှာ ဆရာတော် နှုတ်တော်လေနှင့် အံကိုက် ဖြစ်နေသည်။ ဆရာတော် အသံထုတ်ရွတ်နေစဉ် နာယူလို့ အလွန်ကောင်းသည်။ ဤစာပြုသူနှင့် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ အလွန်လျှင် ရင်းနှီးသည်၊ ဤစာပြုသူ ကလဲ ဆရာတော်ကို လွန်စွာ ကြည်ညိုလေးမြတ်သည်၊ ကြည်ညိုလေးမြတ်သ ဖြင့် ဤ အတ္ထုပ္ပတ္တိကျမ်းကို ရေး၍ ပူဇော်သည်။ ဆရာတော်သည် ဤစာပြုသူကို ရံခါ "ဦးကေ"ဟူ၍ ခေါ်သည်။ ရံခါ "ဦးကေလာ" ဟု ခေါ်တော်မူသည်။ ချစ်ကြည်သဖြင့် ဘွဲ့ကို ဆုံးအောင်မခေါ်ချေ၊ ရံခါ "မှူးကြီး"လို့ ခေါ်သည်၊

---

၁။ ထိုစဉ်က ဆဋ္ဌသံဂါယနာစာတော်မူမရှိသေးသဖြင့် ရှေးမူဟောင်းနှင့် ကျက်ရသည်။

မိမိမှာ ၁၈-ဝဂ် တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးကို ဦးစီးဦးကိုင်ပြု "ဌာနမှူး" ပြုလုပ်၍ ရေးသားရသူဖြစ်သဖြင့် မိမိကို ချီးမြှောက်၍ ခေါ်တော်မူခြင်း ဖြစ်သည်။ ဆရာတော်နှင့် အကြိမ်များစွာ တွေ့ဘူးရာ တခါ့တွင် ဤစာပြုသူက ဆရာတော် ဆရာတော်ရဲ့ ဂါထာရွတ်ပုံ နားထောင်ရတာ တပည့်တော် ပီတိဖြစ်လှပါတယ်။ ဆရာတော် မထစ်မငေါ့ သို့ကလောက် ချောမွေ့အောင် ဘယ်လိုလုပ်ပြီး နှုတ်တက်နေပါတုံး ဆရာတော်ဟု မေးလျှောက်လေရာ ဆရာတော်က ဦးကေလာရေ ပါရမီပဲ သိပ်မကျက်ပါဘူး၊ ည တခါတခါ တရားဟောရင်း ငိုက်သွားတာ သို့ပေမဲ့ ဂါထာတွေ အရှိန်နဲ့ရွတ်ဆိုလျက်ပင် ဖြစ်တယ် ဦးကေလာ ဟု မိန့်ကြားတော်မူဘူးသည်။ ဆရာတော် ပါရမီကြီးပုံ, ဉာဏ်ကြီးပုံ, ပညာကြီးပုံကို သိလျှင် ဘယ်ပုဂ္ဂိုလ် မကြည်ညိုပဲ ရှိအံ့နည်း ကြည်ညိုလေးစားကြမည်သာ။

မဟာဓညော ပညာပညော၊ မဟာဝီရော မဟာသုဓီ။
မဟာသုစိတ္တံ ဘေဿ၊ ကော ဥတ္တာန ပသီဒတိ။

သုတ်ပါထေယျ ပါဠိတော်မှာ ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၂၆၀ ရှိ၏။ ဆရာတော်သည် သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျ ဟူသော ဒီဃနိကာယ်ကို လအနည်းငယ်ဖြင့် နှုတ်ဝယ်ရွှဲ အာဂုံရချေလေပြီ။

ဒီဃနိကာယံ ထေရော ဟိ၊ မဟာဉာဏီ မဟာမတီ။
ကတိပယမာသေယောဝ၊ ဝါစုဂ္ဂတံ ကရိ သုဓီ။

### စာမေးပွဲ မတိုင်မီ တရားပွဲတွေ

ဆရာတော်သည် ဒီဃနိကာယ်ကိုတိုက်ပြီး အာဂုံရထားပြီး ဖြစ်ရုံမျှမက ဆိုင်ရာအဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ, ဋီကာများကိုပါ ကြိုတင်၍ ကြည့်ရှုလေ့လာပြီးဖြစ်လေသည်၊ ရှေ့ခရီးမှာတည် ခြသေ့ဆီလို တည်နေမှတ်မိနေလေပြီ၊ အချိန်လည်း ရသေးသည်ဖြစ်၍ မန္တလေးမြို့ စသည့် ဒေသများမှ တရားပွဲများကို လက်ခံ၍ ဟောတော်မူသေးသည်၊ ဆရာတော်ကား ဘာမထိထိပ်တန်း အာဇာနည် ပုဂ္ဂိုလ်မြတ်ပေတည်း။

ပဋိကစ္စေဝ ကိစ္စာနိ၊ ကာရိတာနိ သုဓီမတာ။
အဒ္ဓါ ဟိ မဟာအာဇညော၊ ပသိဒ္ဓါ သာသနမ္ဗရေ။

## တိပိဋကဓရရွေးချယ်ပွဲ ဝင်ရောက်ပြန်ဆိုရေးဖြေရန် အရှင်ဝိစိတ္တသာရာဘိဝံသ ရန်ကုန်ကြွပြီ

အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၅-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့တွင် စတင်ကျင်းပမည့် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲတွင် ဝင်ရောက်ပြန်ဆို ရေးဖြေရန် ကြွတင် ကြွရောက်တော်မူ၍ တည်းခိုရာကျောင်းဆောင်၌ ချမ်းသာစွာ သီတင်းသုံးတော်မူ၍ ဗီဇနိကာယ်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို လေ့လာသုံးသပ် ရှုမှတ်တော်မူသည်။

ပဋိဘာနေစွ ဝ အဂ္ဂိ၊ ဝေရိက္ခယံ သုမိတိမာ၊
ပဏ္ဍိစ္စံ သော ဝိဘာဝေတုံ၊ သရာဇရာဇဥဿာဝေ။

ပဌမဆုံး အလွန်တရာထူးကဲစွာ ပေါ်ထွန်းတော်မူလာသည့် တိပိဋကဓရပုဂ္ဂိုလ်ကျော်၏ အဋ္ဌုပ္ပတ္တိ အဖြစ်တော်စဉ် စာတော်ဖတ်ကိုနှစ်သောင်းဝမ်းသာသာဓု အနုမောဒနာ ပြုနိုင်ကြရန် ၁၃၁၅-ခုနှစ် ၆-ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ မင်္ဂလာ အခမ်းအနားဖွင့်ပုံကို အစီအစဉ်နှင့်တကွ အတတ်နိုင်ဆုံးပြည့်စုံစွာ ဖော်ပြပေအံ့။

နေ့စွဲ။ ။၁၃၁၅-ခုနှစ် နတ်တော်လဆန်း (၁၄)(၂၀-၁၂-၅၃) တနင်္ဂနွေနေ့။

(က) နံနက် (၇)နာရီ ၃၀-မိနစ်အချိန်တွင် ဝဏ္ဏကျော်ထင် ဦးဘိုးစိန်နှင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ ရှီးသားများက ဆရာတော် သံဃာတော် အရှင်မြတ်တို့ကို သာသနာ့ရိပ်သာ စံကျောင်းတော်သို့ အရောက် ပင့်ဖိတ်ထားသည်။

(ခ) နံနက် (၇) နာရီ ၄၅-မိနစ် အချိန်တွင် နိုင်ငံတော်သမ္မတကြီး ကြွရောက်လာသောအခါ တိပိဋကဓရရွေးချယ်ပွဲ စီစဉ်ရေးကော်မတီ လူကြီးများက ကြိုဆိုကြသည်။

(ဂ) နံနက် (၇) နာရီ ၅၅-မိနစ် အချိန်တွင် သာသနာ့ညွှန်ကြားရေးဝန်ဦးကြီးဖေက သံဃာတော် အရှင်မြတ်တို့အား စံကျောင်းတော်မှ ဖလ်ယဉ် ဓမ္မာရုံတော်ကြီးသို့ ပင့်ဆောင်လာသောအခါ နိုင်ငံတော်သမ္မတကြီးနှင့် တကွ စီစဉ်ရေး ကော်မတီ လူကြီးများက ကြိုဆိုကြသည်။

(ဃ) နံနက်(၈)နာရီ အချိန်တွင် သာသနာရေး အထူးအရာရှိ ဦးဘဆွေက သာသနာ့စောင့် နတ်မင်းကြီးများအား ပင့်ဖိတ်သည်။

(င) နံနက် (၇) နာရီ ၃၀-မိနစ်အချိန်တွင် နာယကဆရာတော်ကြီးများ ထံမှ ငါးပါးသီလ ခံယူပြီးလျှင် သံဃာတော် အရှင်မြတ်များထံမှ ပရိတ်တရားတော်ကို နာကြားကြသည်။

(စ) နံနက် (၇) နာရီ ၂၃-မိနစ် အချိန်တွင် သာသနာရေးဝန်ကြီးက တိပိဋကဓရရွေးချယ်ပွဲ စီစဉ်ရေး ကော်မတီ၏ ကိုယ်စား နှုတ်ခွန်းဆက်စကား ပြောကြားလေသည်။

(ဆ) နံနက် (၇) နာရီ ၂၈-မိနစ် အချိန်တွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဦးသိန်းလှိုင်က တိပိဋကဓရ ရွေးချယ်ပွဲအခမ်းအနားကို ဖွင့်လှစ်ပါရန် နိုင်ငံတော် သမ္မတကြီးအား ဧကပိုဒ်လျှောက် ရတုဖြင့် တောင်းပန်လေသည်[၁]။

(ဇ) နံနက် (၇) နာရီ ၃၃-မိနစ် အချိန်တွင် နိုင်ငံတော် သမ္မတကြီးက တိပိဋကဓရ ရွေးချယ်ပွဲအခမ်းအနားကို ဖွင့်လှစ် လျှောက်ထားလေသည်[၁]။

(ဈ) နံနက်(၇)နာရီ ၄၃-မိနစ်အချိန်တွင် နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘုံတံဆိပ်တော်ရ ဘုရားကြီးတိုက် ဆရာတော်ဘုရားက သာသနာတော်ကို ချီးမြှောက်ရန်ကိစ္စများနှင့်ပတ်သက်၍ ဩဝါဒ မိန့်ခွန်း မြွက်ကြားတော်မူသည်။

(ည) နံနက် (၇)နာရီ ၅၅-မိနစ်အချိန်တွင် ဓမ္မာသနပလ္လင်တော်များနှင့် ကနက္ကဒဏ် ထီးဖြူတော်များကို သုဓမ္မဝတီ ဦးပန်းမောင်က အဘိသေကမန္တန်တော်ဖြင့် ဘိသိက်သွန်းလေသည်။

(ဋ) နံနက် (၈)နာရီတိတိအချိန်တွင် ပိဋကဘာသာပြန်ဌာန အယ်ဒီတာ ဦးတင်မြင့်က ရွေးချယ်ပွဲဝင် သာသနာ့အာဇာနည် ပုဂ္ဂိုလ်တို့အား ဓမ္မာသန ပလ္လင်တော် အသီးသီးသို့ ကြွရောက်ပါမည့် အကြောင်း အာဘိယာစက ဂါထာဖြင့် ပင့်လျှောက်လေသည်။

(ဌ) နံနက် (၈) နာရီ ၁၀ မိနစ်အချိန်တွင် သာသနာ့ရောင်ခြည်မဂ္ဂဇင်း နှင့် သံဂါယနာ စာစောင်ဌာန အယ်ဒီတာချုပ် ဦးမာဃက မင်္ဂလာ အခမ်းအနားဖွင့် ဩဘာစာဖတ်ကြားသည်[၁]။

(ဍ) နံနက် (၈)နာရီ ၂၀-မိနစ် အချိန်တွင် ပိဋက ဘာသာပြန်ဌာန အယ်ဒီတာ ဦးကျင်မောင်က အခမ်းအနားဖွင့် မင်္ဂလာရတုပိုင်စုံ ဖတ်ကြားသည်[၁]။

---

၁။ နောက်တွင် ဆက်လက်၍ အကျယ်ဖော်ပြထားသည်။

(ဎ) နံနက် (၉)နာရီ ၃၀ မိနစ်အချိန်တွင် ဆရာတော်သံဃာတော်တို့နှင့်တကွ နိုင်ငံတော်သမ္မတကြီး ကြီးမှူးသောပရိသတ်တို့အားကျေးဇူးတင်ကြောင်းကို နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်က နိဂုံးချုပ်စကား ပြောကြားလေသည်[၁]။

(ဏ) နံနက်(၉)နာရီ ၃၃-မိနစ်အချိန်တွင် အခမ်းအနားပြီးစီး၍ ဆရာတော် သံဃာတော်အရှင်မြတ်များ စံကျောင်းတော်သို့ ကြွရောက်သောအခါ ပရိသတ်အားလုံးက လက်အုပ်ချီမိုး ရှိခိုးဦးညွှတ်ပူဇော်ကြသည်။

(တ) နံနက် (၉)နာရီ ၃၅-နစ်အချိန်တွင် နိုင်ငံတော်သမ္မတကြီး အိမ်တော်သို့ ပြန်ကြသောအခါ စီစဉ်ရေး ကော်မတီ လူကြီးများက မော်တော်ကားသို့အရောက် ပို့ဆောင်ကြသည်။

(ထ) ထိုနောက် ဧည့်သည်တော်အားလုံးတို့အား မင်္ဂလာမဏ္ဍပ်တွင် ဧည့်ခံကျွေးမွေးသည်[၁]။

(၈) အစီစဉ်အရ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ကော်မတီ၏ ကိုယ်စား သာသနာရေး ဝန်ကြီး၏ နှုတ်ခွန်းဆက် စကားမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

## နှုတ်ခွန်းဆက် လျှောက်လွှာ

တပည့်တော် လေးမြတ်စွာ လျှောက်ထားပါတယ် ဆရာတော် အရှင်မြတ်များ ဘုရား။ ဒီနေ့ ၆-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပတဲ့နေ့မှာ ဆရာတော်အရှင်မြတ်များအား သာသနာတော်အတွက် အထူးပဲ ဝမ်းမြောက်ကြောင်းကို ဧည့်ခံကော်မတီရဲ့ ကိုယ်စား တပည့်တော်က လျှောက်ထားပါတယ် ဘုရား။

ဤ "သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ" ဆိုတဲ့ ပုဗ္ဗဏှသုတ် ပရိတ်တော်အရ အလွန် ကောင်းမြတ်လှတဲ့ အခါသမယ ဖြစ်တဲ့အတွက် ဆရာတော် အရှင်မြတ်များ ကြွလာခြင်းသည် ယခု အချိန်အခါမှာ ဆရာတော်ဘုရားများနှင့်တကွ စာပြန်ပွဲမှာ ဝင်ရောက်မည့် အာဇာနည် အရှင်မြတ်များကို ဖူးမြော်ကန်တော့ခရလို့ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတဲ့အတွက်၊ ထို့ပြင်လဲ တိပိဋကဓရ ရွေးချယ်ပွဲနှင့် ပတ်သက်ပြီးတော့ အစကနေ အဆုံးတိုင်အောင် စိတ်အင်မတန် ဝင်စားပြီးတော့ အမြဲတမ်း အာရုံရည်စူးပြီးနေတဲ့ တပည့်တော်

၁။ နောက်တွင် ဆက်လက်၍ အကျယ်ဖော်ပြထားသည်။

တို့ရဲ့ နိုင်ငံတော် သမ္မတကြီး ကိုလဲ ယခုလို နှစ်စဉ် ဘာဝရ လာရောက်ပြီးတော့ ချီးမြှင့် နိုင်တဲ့အတွက် ညွှန်ကြားတော်မတို့ရဲ့ ကိုယ်စား ကျေးဇူးဥပကာရ တင်ကြောင်း အစီရင်ခံလိုပါတယ်။

ကြွရောက်လာကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင် ဥပါသကာ ဥပါသိကာများကိုလဲ ကျေးဇူး တင်ကြောင်းကို အစီရင်ခံလိုပါတယ် ခင်ဗျား၊ ယခုလို တိပိဋကဓရ ရွေးချယ်ပွဲမှာ အင်မတန် အရေးကြီးတယ်ဆိုတာကို သိသည့်အားလျော်စွာ နှစ်စဉ်နှင့်အမျှ လာရောက်ပြီး အားပေးကြတဲ့အတွက် ကုသိုလ်တွေ ဘယ်လောက် ပွါးများတယ်ဆိုတာကိုလဲပဲ နဲနဲပြော ပြလိုပါတယ်။ မြတ်စွာဘုရား လက်ထက်တော် အခါတုန်းက မြတ်စွာဘုရားရဲ့ တပည့်ဖြစ်တဲ့ ဒကာတော် ဥပါသကာ ပုဏ္ဏားတယောက်ဟာ မြတ်စွာဘုရားသခင်ကို လျှောက်ထားပါတယ် အရှင်ဘုရား ဓမ္မပူဇော်ပွဲဆိုတာ ဘယ်ဒင်းကို ခေါ်ပါသလဲ၊ တရားတော်ကို ပူဇော်လိုပါခဲ့လို့ ရှိရင် ဘယ်လို ပူဇော်ရပါသလဲလို့ လျှောက်ထားတဲ့အခါကျတော့—

မြတ်စွာဘုရားသခင်က "တရားတော်ကို ပူဇော်လိုပါလျှင် ဗဟုသုတ ရှိတဲ့ ပုဂ္ဂိုလ်ကို ပူဇော်"လို့ မိန့်တော်မူပါတယ်၊ အရှင်ဘုရား ဗဟုသုတ ရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ကို ခေါ်ပါသလဲ။ ဒကာတော် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ကို သိလိုခဲ့ပါလျှင် သံဃာတော်များကို မေးလို့ မြတ်စွာဘုရားက အမိန့်ရှိတော့ ပုဏ္ဏားကြီးက မနေကျနပ်ဘဲနဲ့ သံဃာတော်တွေဆီကိုသွားပြီး လျှောက်တဲ့အခါကျတော့ သံဃာတော်များက ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ပိဋကတ်ကို ဆောင်တဲ့ ပုဂ္ဂိုလ်ကို ခေါ်တယ်လို့ ဆိုပြီး ညီတော် အာနန္ဒာကို ညွှန်ပြီးတော့ ညီတော် အာနန္ဒာကို ပူဇော်လေတော့ဟု အမိန့်ရှိကြပါတယ်။

ဒီတော့ ညီတော် အာနန္ဒာကို ပုဏ္ဏားကြီးက ပါလာတဲ့ သင်္ကန်းနဲ့ ပူဇော်ပါတယ်၊ ဒီတော့ ညီတော် အာနန္ဒာကလဲ ဘယ်လို စဉ်းစားသလဲဆိုတော့ မြတ်စွာဘုရား သာသနာတော်မှာ ဘုရားရှင်က လွဲခဲ့လို့ရှိရင် တရားအရာမှာ ပညာတေဒဂ်ထားရတဲ့ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ မထေရ်ရှိတယ်၊ ငါ ဒီသင်္ကန်းကို အရှင်သာရိပုတ္တရာ မထေရ်ကိုပဲ လှူမှပဲလို့ စဉ်းစားပြီး ရှင်အာနန္ဒာ မထေရ်က ၎င်းသင်္ကန်းတစုံကို ရှင်သာရိပုတ္တရာကို လှူပြန်ပါတယ်။ ဒီတော့ အရှင်သာရိပုတ္တရာကလဲ တွေးတယ်၊ မြတ်စွာဘုရားသည် တရားအားလုံးကို သိတဲ့ သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တယ်၊ ယှဉ်နိုင်ယှဉ်ဖက်မရှိသော ပုဂ္ဂိုလ် အလွန်တရာ ထူးခြားတဲ့ ပုဂ္ဂိုလ်ကို လှူဒါန်း လိုက်ခဲ့လို့ရှိရင် တရားတော်ကို ပူဇော်တာ မည်တယ်လို့ အောက်မေ့ပြီး မြတ်စွာဘုရားကိုပဲ ထိုသင်္ကန်းကို လှူတဲ့ထုံး ရှိပါတယ်။

ကိသိရွာ ၂၄—ပ-မ-သ-စ

ခုလဲ ဒီနေ့ကြွရောက်လာကြတဲ့ ဥပါသကာ, ဥပါသိကာများရဲ့ ဒီနေ့ ကြွရောက်လာခြင်းဟာ "ဓမ္မာနုဂ္ဂဟ" ဆိုတဲ့ တရားတော်ကို ပူဇော်ခြင်းဖြစ်ပါတယ်။ တရားတော်ကို ပူဇော်တာဟာ ဘာလဲဆိုးတော့ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း တရားကိုဆောင်တဲ့ ဓမ္မဓရပုဂ္ဂိုလ်ကို ပူဇော်ခြင်းကို ဆိုပါတယ်။ တရားကိုဆောင်တဲ့ ပုဂ္ဂိုလ်ကို ပူဇော်ခြင်းဟာ တရားတော်ကို ပူဇော်ခြင်းပဲလို့ ပုဏ္ဏားကြီးကို ဟောထားတဲ့ထုံး ရှိတဲ့အတွက်ကြောင့် ယခုကြွရောက်လာတဲ့ နောက်ပြီးတော့ ချီးမြှင့်ကြတဲ့ ပုဂ္ဂိုလ်အားလုံးတို့ဟာ ပိဋကတ်သုံးပုံကို ဆောင်တဲ့ ပုဂ္ဂိုလ် ပိဋကတ် သုံးပုံကို တပိုင်းဆောင်တဲ့ ပုဂ္ဂိုလ် သုံးပုံမှ တပုံဆောင်တဲ့ ပုဂ္ဂိုလ် နှစ်ပုံဆောင်တဲ့ ပုဂ္ဂိုလ် တပုဒ် တဂါထာအားဖြင့် ဆောင်တဲ့ ပုဂ္ဂိုလ်တို့ကို ပူဇော်နိုင်တော့ ရတဲ့အတွက် ဒီနေ့ရဲ့ ကုသိုလ်ဟာ ဘယ်လောက်ထူးတယ် သာသနာတော်ရဲ့ အကျိုးကျေးဇူးဟာ ဘယ်လောက်များတယ်ဆိုတာ ကျွန်တော်ပြောနေဖို့ မလိုပါဘူး။

အဲဒါကြောင့် ဒီနေ့ ကြွလာကြတဲ့ ပုဂ္ဂိုလ် အားလုံးတို့ကိုလဲ ကျွန်တော်က နေပြီးတော့ ညွှန်ခံကော်မတီက အထူးပဲ ကျေးဇူးတင်တဲ့အကြောင်း နောင်ကိုလဲ သာသနာရေးကိစ္စနှင့် ပတ်သက်ခဲ့လို့ရှိရင် မဆုတ်မဆိုင်းပဲ ထမ်းရွက်ကြလိမ့်မယ်လို့လဲ ညွှန်ခံကော်မတီက မျှော်လင့်တဲ့ အကြောင်းကိုလည်း ပြောဆိုရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။

ဦးသိန်းလွင်၏ အခမ်းအနားဖွင့် ကေဗိုဒ် လျှောက် ရတု

ဗုဒ္ဓမြတ်စွာ၊ စိန္တေယျာဇ်၊ မိန့်မှာဟောမြွက်၊ ဓမ္မစက်ကို၊ မပျက်စေချင်၊ ထိပ်ထက်တင်၍၊ ထေရ်ရှင်မဟာ၊ ကဿပါတို့၊ ညီညာပေါင်းထုတ်၊ စုဆောင်းလုပ်သည့်၊ ဓမ္မသြဝ၊ တိပိဋက၊ ဓရသည်တွင်၊ ဘွဲ့ထူးဆင်သည့်၊ ထေရ်ရှင်ငါးရာ၊ ရဟန္တာတို့၊ စစ္စာဆင်နွဲ၊ သဘင်ပွဲက၊ အလွဲကင်းပျောက်၊ အမှန်ရောက်၍၊ ဝင်းတောက်လျှံဝါ၊ သာသနာသည်၊ ပမာလမင်း၊ ပုံစံသွင်းသို့၊ ဝင်းချီတလွှံ၊ မှောင်ခံ့တခါ၊ မိစ္ဆာတိမ်မျိုး၊ အရိန်တိုသော်၊ တန်ခိုးထင်ပေါ်၊ ထေရ်ရှင်ကျော်ကို၊ သင့်လျော်ရွေးပြု၊ ရွေးနှယ်စု၍၊ လူထုအပေါင်း၊ အကြောင်းပြည့်ဝ၊ ဒုတိစတု၊ ငါးခုသဘင်၊ အားပြုဆင်ခဲ့၊ မြင့်ခြိမ့်သဲ၊ ယနေ့ပွဲလည်း၊ မလွဲအောင်မြင်၊ ဥဒါန်းကျင်လိမ့်၊ ကြည်ရွှင်စိတ်ဓာတ်၊ ပရိသတ်တို့၊ ချဉ်းကပ်ညီညာ၊ ဤအခါမှာ၊ မြန်မာပြည်တွင်၊ ဇာနည်ရှင်ပေါ်၊ ပုဂ္ဂိုလ်ကျော်ဟု၊ မော်ကွန်းတင်လောက်၊ ခြောက်ကြိမ်မြောက်မည့်၊ အဘိဓေ၊ တိပိဋက၊ အာဂမပွဲ၊ ဆင်သနွဲရန်၊ ချီးဝှဲတော့မည်၊ နည်းဖြင့် စုံညီဗိုလ်ထုဝိုင်းရံပြုလျက်၊ နိုင်ငံအကျိုး၊ သည်ပိုးပြုပြီး၊ မကျိုးလျှင်၊ ရွှေနည်းမယွင်း၊ ကောကြီးကင်း၍၊ ပေင်း ဗိုလ်မြေရှိစေတော်ပန်ဖွင့်ချိန်တန်ပြီ......ငလိငလိဟု ပလ္လင်ခံပြီ ဘုရား။

## နိုင်ငံတော် သမ္မတကြီး၏ လျှောက်ထားချက်

ယနေ့ ခြောက်ကြိမ်မြောက် ကျင်းပ ပြုလုပ်အပ်သော တိပိဋကဓရ ရွေးချယ်ပွဲ စတင် ဖွင့်လှစ်သည့် အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဩဝါဒါစရိယ စာချ ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့်အတူ တိပိဋကဓရ ရွေးချယ်ပွဲတွင် ဝင်ရောက် ဆင်နွှဲတော်မူကြမည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ကို ဖူးမြော်ကြည်ညိုရသဖြင့် အထူးပင် ဝမ်းမြောက်သာယာပါသည် ဘုရား။ ထို့ပြင် သာသနာရေးကို အားပေးချီးမြှောက်သော အားဖြင့် စိတ်အားထက်သန်စွာ တက်ရောက်လာကြကုန်သော သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များ၏ ကိုယ်စားလှယ် လူကြီးအပေါင်းတို့နှင့်လည်း တွေ့ဆုံကာ သာသနာရေးရာ အပြာပြာတို့ကို နှီးနှောဆွေးနွေးခွင့် ရရှိသဖြင့် ဝမ်းမြောက်သာယာပါသည်။

ယနေ့ ဤခြောက်ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ ဖွင့်လှစ်မည့် မင်္ဂလာ အခမ်းအနားတွင် နိုင်ငံတော် အစိုးရက အဘယ်ကြောင့် သာသနာတော် စည်ပင်ရေးအတွက် ထူးထူးခြားခြား အားပေးလျက် ရှိသည်ကို တိုင်းသူပြည်သားများ ရှင်းလင်းစွာ သိစေခြင်းငှါ ချက်မှတ်ရှိ သံဃာတော် အရှင်သူမြတ်များကိုပင် ဦးခိုက်၍ ရိုသေစွာ ထိမ်မံ လျှောက်ထားလိုပါသည် ဘုရား။

ဒုတိယ ကမ္ဘာစစ်ကြီး၏ ဤမှာဘက် အချိန်တွင် မြန်မာပြည် အပါအဝင် ကိုင်းပြည်အသီးသီးတို့၌ စစ်ဘေး စစ်ဒဏ်ကြောင့် လူအများတို့၏ နေထိုင်စားသောက်မှု စသည်ချို့တဲ့ ဆင်းရဲမှု ကြပ်တည်း ကျဉ်းမြောင်းမှုဖြစ်ပေါ်လာခဲ့ပါသည် ဘုရား။ ထို ပြဿနာရပ်များကို ဆိုင်ရာ တိုင်းပြည်များရှိ ခေါင်းဆောင် အသီးသီးက လောကီ နိုင်ငံရေး နည်းအမျိုးမျိုးဖြင့် ဖြေရှင်းလျက်ရှိသော်လည်း ယနေ့အထိ အေးငြိမ်း ပြေလည်သွားသည်ကို တွေ့ရသေးသည့် ပြင် ထို ပြဿနာကို အကြောင်းပြု၍ ကဦးအပေါ် တဦး တတိုင်းပြည်အပေါ် တတိုင်းပြည် အနိုင်ကျင့်လိုမှု စသည့် ဒုက္ခများသာလျှင် ဆက်ကာဆက်ကာ ဖြစ်ပေါ်လာပါသည် ဘုရား။

ထိုဆင်းရဲမှု ဒုက္ခအပေါင်း၏ အကြောင်းအရင်းကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် စိစစ်ကြည့်သောအခါ လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ် မူလတရားသုံးပါးကြောင့် အမျိုးမျိုးသော ဒုက္ခတွေ ဖြစ်ပေါ်လာရသလို ဤဒုက္ခတွေ သည်ပင်လျှင် အမြင်မှန် ဆင်ခြင်တုံ တရားမရှိသော ပုဂ္ဂိုလ် အပေါင်းအား လောဘ၊ ဒေါသ၊ မောဟ တို့ပွါးစေကာ အပါယ်မှတည်းဟူသော ငရဲ မှားသို့ သွားစေလျက်ရှိသည်။ ထို အကြောင်းရင်း မီးသုံးမျိုးကို အကြွင်းမဲ့ ငြိမ်းသတ်ရန် ညွှန်ကြားတော်မူခဲ့သော မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း ကျင့်ကြံအားထုတ်မှသာလျှင်

ဖြင်သည်ဟု ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသော တပည့်တော်များအဖို့ လေးနက်စွာ ယုံကြည်လျက် ရှိကြပါသည် ဘုရား။

ထို့ကြောင့် တပည့်တော်များ အစိုးရက ပြည်ထောင်စု အတွင်းရှိ တိုင်းသူပြည်သား အပေါင်း၏ လုံလောက်စွာ နေထိုင် စားသောက်ရေး ကျန်းမာရေး ပညာတတ်မြောက်ရေး စသည်တို့ကို ဆောင်ရွက်ရာ၌ ဆိုင်ရာ လောကီ စီမံကိန်း အသဝကို ချမှတ်ကာ ဆောင်ရွက်လျက် ရှိသည် သာမက တိုင်းသူပြည်သားများသည် ဒုက္ခအမျိုးမျိုး၏ အကြောင်းရင်းဖြစ်သည့် အကုသိုလ်တရား ခေါင်းပါး၍ ကုသိုလ်တရား ပွါးများပြီးလျှင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော သုခစစ်သုခမှန်ကို ရရှိစေကြရန်အတွက် ဘာသာရေးဆိုင်ရာ ဥပဒေအချပ်ရပ် ဖြစ်သော သာသနာ့ စီမံကိန်း များကိုလည်း ဂဏဝါစကီဆရာဝိယ, ဂဏပါမောက္ခ, ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ ပြဋ္ဌာန်းချက် ချမှတ်လျက် သာသနာတော် စည်ပင်ရေးကို ကြိုးပမ်း အားထုတ်လျက်ရှိခြင်း ဖြစ်ပါသည် ဘုရား။

ဤမျှသာမက ပြည်တွင်း ပြည်ပ နိုင်ငံအသီးသီးတို့၌ ဗုဒ္ဓမြတ်စွာ၏သာသနာတော်သည် သန့်ရှင်း စင်ကြယ်ကာ ထွန်းကား ပြန့်နှံ့ကြောင်းဖြစ်သော ဆဋ္ဌသံဂါယနာတင် မဟာဓမ္မသဘင်ကြီး အထမြောက် အောင်မြင်ရေးတွင်လည်း စတုဒ္ဒိသ ဒါယကာ အဖြစ်ကိုလည်း ခံယူလျက် ရှိပါသည် ဘုရား။

ယခု လျှောက်ထားခဲ့သည့်အတိုင်း တပည့်တော်များ အစိုးရက သာသနာတော် အဓွန့်ရှည်စွာတည်တံ့ ရ အတွက် ဆောင်ရွက်လျက်ရှိရာဝယ် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ကိုယ်စား ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က ကြီးမှူး၍ ယနေ့ စတင် ဖွင့်လှစ်အပ်သော တိပိဋကဓရ ရွေးချယ်ပွဲ၏ မှန်မြတ်သည့် ရည်ရွယ်ချက် ဖြစ်သော နိကာယ်ငါးရပ် ပိဋကသုံးပုံဆောင် သာသနာ့အာဇာနည် ပေါ်ထွက်လာရေးမှာလည်း သာသနာတော်၏ ရေသောက်မြစ်သဖွယ် ဖြစ်သော ပရိယတ္တိ သာသနာတော် တည်မြဲရေးဖြစ်သောကြောင့် ဝမ်းမြောက် ဂုဏ်ယူမိပါသည် ဘုရား။

အထူးအားဖြင့် ယခုနှစ် ခြောက်ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် ပိဋကသုံးပုံကို သဘာဝပ္ပနိုင့်တကွ အာဂုံဆောင်နိုင်သဖြင့် "တိပိဋကဓရ" ဟူသော ဘွဲ့ထူးကို ပဌမဆုံး ဆွတ်ခူးသည့် သာသနာ့အာဇာနည် ဂုဏ်ရည်ဆောင်ပျံ တိပိဋကဓရ အရှင်သူမြတ်ကို ဖူးမြော် ကြည်ညိုရတော့မည်ဟု တွေးတော ဝမ်းမြောက်လျက် ရှိပါကြောင်းကို နိဂုံးချုပ် လျှောက်ထားပါသည် အရှင်သူမြတ် ဘုရား။

## နာယက ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော ဩဝါဒ မိန့်ခွန်းတော်

**ဇိနသာသနံ စိရံ တိဋ္ဌတု။**

ဇိနသာသနံ၊ ဗုဒ္ဓ မြတ်စွာဘုရား၏ ပရိယတ် ပဋိပတ် ပဋိဝေဓဟု သုံးပ သိက္ခာ သာသနာသည်။ စိရံ တိဋ္ဌတု၊ သာသနာငါးထောင် မြားမြောင် ရှည်ကြာ အခါတိုင်တိုင် မြဲခိုင်တာရှည် တည်ပါစေသတည်း။

ဆရာတော်များ ဤ တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ကြီးကြပ် ဆောင်ရွက် လာခဲ့သည်မှာ ယခုအကြိမ်ထိ (၆) ကြိမ် ရှိခဲ့လေပြီ၊ ဤ တိပိဋကဓရဆိုသော စကား၏ အဓိပ္ပါယ်မှာ ပိဋက သုံးပုံကို နှုတ်လွတ်ရဆောင်နိုင်မည့် ပုဂ္ဂိုလ်များ ရွေးထုတ်သည့်ပွဲဟု ဆိုလိုကြောင်း, ရည်ရွယ်ချက်မှာ ပိဋကသုံးပုံ ဆောင်နိုင်သူတွေ ပေါ်ပေါက် ထွက်ပြူလာအောင် လှုံ့ဆော်ခြင်းပင် ဖြစ်ကြောင်း။

ပရိယတ်, ပဋိပတ်, ပဋိဝေဓဟူ၍ သာသနာသုံးရပ်တွင် ပရိယတ္တိ သာသနာ ဟုဆိုအပ်သော ပိဋက သုံးပုံသည်သာ အခြေမူလ ဘူတဖြစ်ပေ၏၊ ပရိယတ် မကွယ်သေးလျှင် ပဋိပတ္တိသာသနာ ပဋိဝေဓ သာသနာနှစ်ရပ်သည် မကွယ် ပျောက်နိုင်သေးပေ၊ ပရိယတ္တိသာသနာ ကွယ်ခဲ့သော်ကား ပဋိပတ္တိ သာသနာ ပဋိဝေဓ သာသနာတော်များ လုံးလုံး ကွယ်ပျောက်သည် မည်၏၊ ထို့ကြောင့် သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသည်သာ အခြေမူလ ဘူတဖြစ်သည်ဟု အဋ္ဌကထာဆရာတို့က မိန့်ကြားခဲ့လေသည်။

သည်အကြောင်းကို သတိရှေး၍ နှလုံး မူမိကြသဖြင့် ပဌမဦးစွာ ဗုဒ္ဓ သာသနာနုဂ္ဂဟအဖွဲ့က တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ဟု ဖွဲ့စည်းပြီးလျှင် ပိဋကသုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်များကို ရွေးချယ်ကြသည် ဖြစ်ကြောင်း။

ဘုရားရှင်လက်ထက်တော် အခါက၍ တတိယ သင်္ဂါယနာတင်ခေတ်သာသ နာတော် နှစ် ၃၀၀-လောက်တိုင်အောင် ပိဋက သုံးပုံကို အာဂုံဆောင်ကြသည် ချည်း ဖြစ်၏။ နောက်အခါ သဒ္ဓါတရားဆုတ်ယုတ်ခြင်း သတိပညာ လျော့ပါး ခြင်း အကြောင်းခံတို့ကြောင့် တဖြည်းဖြည်း ချွတ်ယွင်းလာပြီး စတုတ္ထသင်္ဂါ ယနာတင်ခေတ် သာသနာနှစ် ၄၅၀-ကျော်တိုင် ရောက်သောအခါ ပိဋကသုံးပုံကို ပေပေါ်မှာ ရေးသား မှတ်ထားခဲ့ကြပါသည်။ သို့သော်လည်း နောင် နှုတ်ငုံ အာဂုံ မဆောင်နိုင်ကြမည့်အရေး ပေါ်မှာ ဟုတ္တာတို့က ကြိုတင် မြင်ကြသဖြင့် ပိဋက သုံးပုံတည်းဟူသော ပရိယတ် ကွယ်ပျောက်သွားမည်ဟု စိုးရိမ်ကြသော ကြောင့်သာ ပေထက်အက္ခရာတင်ထား ရေးသားခဲ့ကြခြင်း ဖြစ်သည်၊ ရဟန်း သံဃာများကမူ ပိဋကသုံးပုံကို အာဂုံဆောင်ထားလျက်ပင် ရှိနေသေးကြောင်း။

စတုတ္ထသင်္ဂါယနာခေတ် မတိုင်မီ သာသနာနှစ် ၄၀၀-လောက်၌ သီဟိုဠ်ကျွန်းမှာ စဏ္ဍာလတိဿ ပုန်ကန်၍ သောင်းကျန်းမှုပြန်နှံ့နှောင့်ယှက်လျက်ရှိနေခိုက်အခါ၊ မိုးလည်း ကောင်းစွာ မရွာသဖြင့် ဧတိမှတ်ခေါင်းပါးခြင်းဘေးဆိုက်၍ သံဃာတော်များ ဆွမ်းခံ၍ပင် မရရှိခဲ့ဘူးချေ။ ထိုအခါ သိကြားမင်းကိုယ်တိုင် ဆင်းသက်လာကာ အရှင်ဘုရားတို့ ဤသီဟိုဠ်ကျွန်းမှာနေလျှင်ပိဋကတော်ကို မပျောက် မပျက်အောင် ဆောင်ထားနိုင်ကြတော့မည် မဟုတ်ပါ၊ တပည့်တော် လှေဖောင် ဖန်ဆင်းပေးပါမည်။ ထိုလှေဖောင်ဖြင့်ကဖက်ကမ်း မဇ္ဈိမဒေသ အိန္ဒိယ နယ်မြေသို့သာ ကူးတော်မူကြ ပါကုန်ဟုလျှောက်ထားလာသဖြင့် သံဃာတော် ၇၀၀-တို့ အိန္ဒိယသို့ကူးသွားကြလေသည်။ ယင်းကိုဟန်း ခြောက်ကျိပ်မှကား သမုဒ္ဒရာနား သင်္ဘောဆိပ်သို့ ရောက်ပြီးမှ မကူးပဲသီဟိုဠ်ကျွန်း မလယဇနပုဒ်သို့ သွား၍ ဆင်ဖု သစ်မြစ် သစ်ရွက်တို့သာ စားလျက် ၁၂-နှစ်တိုင်တိုင် ပိဋကသုံးပုံကို ဆင်းရဲငြိုငြင်စွာနှင့် နှုတ်တိုက်ဆောင်ထားကြရသည်။ ၁၂-နှစ်ကျော်လွန်၍ သောင်းကျန်းမှုကြီး ငြိမ်းအေးသောအခါ အိန္ဒိယပြန် သံဃာ ၇၀၀-တို့နှင့် သီဟိုဠ်ကျွန်း၌ နေရစ်သော သံဃာတော်ခြောက်ကျိပ်တို့သည် မဏ္ဍလာရာမကျောင်းတိုက်ကြီးမှာ တွေ့ဆုံ စည်းဝေး၍ပိဋကတော်ကို တိုက်ဆိုင်ကြသော် ဂင်္ဂါမြစ်နှင့် ယမုနာမြစ် ရေနှော ညီညွတ်သကဲ့သို့၎င်း၊ ဇမ္ဗူရာဇ်ရွှေစင်ကိုဖြတ်၍ခံသော် ရောင်လျှံမထူးမခြား သကဲ့သို့၎င်း တစ်ဒိတစ်လေမျှ မလွဲရ တသားတည်းကျသောဟူ၏။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ဆိုသော ဤအကြောင်းများကို ထောက်သဖြင့် သာသနာနှစ် ၄၅၀-ကျော် စတုတ္ထသင်္ဂါယနာတင် ခေတ်တိုင်အောင် ပိဋကသုံးပုံကို နှုတ်ငုံဆောင်လာကြကြောင်း သိရှိနိုင်ကြပေသည်။ ထိုခေတ်နောက်တဖြည်းဖြည်းကျလာသောအခါ ပိဋကသုံးပုံကို အားလုံးမဆောင်နိုင်ကြတော့ပဲ နိကာယ်ငါးရပ်တွင် တခုစီ တခုစီ ခွဲခြားပြီး ဆောင်လာကြသဖြင့် တပါးဆောင်သောပါဠိနှင့် တပါးဆောင်သောပါဠိမတူ ထူးခြားနေရကြောင်းအဋ္ဌကထာများပင် မှတ်ချက်လျက် ရှိပေသည်၊ သီဟိုဠ်မှာပင် ထိုအခါက မဟာနိဒ္ဒေသပါဠိတော်ကြီး ပျောက်ပျက်ခါနီး ဖြစ်ခဲ့သည်၊ သီဟိုဠ်ကျွန်း တကျွန်းလုံးမှ မဟာနိဒ္ဒေသ နှုတ်တက်ရသူ ဒုဿီလ ရဟန်းတပါးသာ ရှိတော့သဖြင့်ရှင်မဟာရက္ခိတထေရ်သည် မဟာနိဒ္ဒေသ ပြန်ပေါ်ရေးကို မျှော်တွေးလျက်၎င်း အဒုဿီလရဟန်းထံ သင်ယူလိုက်ရကြောင်း သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ပြဆိုထားပေသည်။

သည်အကြောင်းနှင့် စကားစပ်လျှင်း၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာတို့မှာ ပြသော သာသနာကွယ်ပုံကိုလည်း သိသင့်၏။

ပိဋကသုံးပုံတွင် အဘိဓမ္မာပိဋကသည် လက်ဦးစွာကွယ်မည်၊ ထို့နောက် သုတ္တန်ပိဋကကွယ်မည်၊ နောက်ဆုံးမှာ ဝိနည်းပိဋကကွယ်မည်ဟု ဆိုထားပါသည်။

ဂေါတမ မြတ်စွာဘုရားအလျှင် ပွင့်တော်မူသွားသည့် ကဿပ မြတ်စွာဘုရား၏ သာသနာ နောက်ဆုံးကွယ်မှာ တရားဒေသနာဂါထာ တပုဒ်မျှကိုပင် နှုတ်သွတ် ရထားသည့်သူ မရှိလောက်အောင် ရှားပါးခဲ့၏၊ ဂေါတမ ဘုရားအလောင်းတော်သည်ပင်လျှင် ထိုခေတ်ဆိုးမျိုးကို ရင်ဆိုင်ခဲ့ရ၏။

သုတသောမမင်းကြီးဖြစ်စဉ်အခါက ကဿပ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် "သတ္တိဒေဝ သမနေသထ" စသောဂါထာကို နှုတ်တက်ရသူ နန္ဒပုဏ္ဏားကို တွေ့ပြီးမှ သန်စင်စွာ ရေချိုးပြီးလျှင် နံ့သာချိုနံ့ ခြယ်ပြီး ဉယျာဉ်တော်သို့ ရေကန်တွင်း၌ ရေမိုးချိုးခိုက် ပေါ်ရှိသော အမ်းယူ သေရအံ့ဆဲဆဲတွင် တရားဂါထာ ၄ ဂါထာကို နာပြီးမှ သေပရစေဟု တောင်းပန်ကာလျှင်၍ ပြန်လာပြီး ထို ၄ ဂါထာကို အသပြာ ငွေလေးထောင် ပူဇော်ကြေးပေးကာ နာကြားပြီးမှ သေရကျိုး နပ်ပါပြီဟု ပေါ်ရှိသော ဒထံ အာဒေသ ပြန်ခဲ့လေဘူးကြောင်း ပါဠိဇာတ်တော်၌ ဟောတော်မူခဲ့လေသည်။

ထို့နောက်ကျသော အခါများမှာ တဂါထာလျှင် အသပြာတထောင်ပေးမည်ဟု အသပြာထောင်ထုပ်ကို ဆင်ပေါ်မှာတင်လျက် လှည့်လည်သည့်တိုင်အောင် အသပြာကိုယူမည့်သူမရှိ ဘဏ္ဍာဘိုက်သို့သာ ပြန်သွင်းရကြောင်း ရသာဝါဟိနီကျမ်း မဓုသောတ္တက ဝတ္ထု၌ ပြဆိုထားလေသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သည် ဤအထက်ပါ အကြောင်းများကို မျှော်မြင်၍ ရည်ရွယ်လျက် တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ ဖွဲ့စည်း၍ နှုတ်ငုံဆောင် ပုဂ္ဂိုလ်တို့ကို ရွေးချယ်ခဲ့ရာ ပဌမနှစ်၌ အောင်မြင်သူ တပါးမျှမရှိ သည်နှင့် ဆရာ ဆွေးတည်ခဲ့ပြီးမှ မဆုတ်မနစ်သော လုံ့လဖြင့် ဆက်လက် ကျင်းပခဲ့ရာ ဒုတိယအကြိမ်က စ၍ နှစ်စဉ် အာဂုံဆောင်နိုင်သူ ဆက်ကာဆက်ကာ ပေါ်ထွက်ခဲ့လေသည်။ ယခု ဆယ့်ခြောက် နှစ်ကြား ယခင်နှစ်များကထက် ပိဋကသုံးပုံဆောင် အာဂုံနည်း ပုဂ္ဂိုလ်များ တိုးတက် ပေါ်ထွက်လာပါစေဟု ဆရာတော်တို့က ဆုတောင်းပါကြောင်း။

အာဂုံဆောင် ပုဂ္ဂိုလ်များ ရှားပါး၍ နှမြောနေရမည့်အခါ သီကြီးမင်းလာ၍ စောင်မဘိအလား ဤနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ငွေကုန်ကြေးကျခံကာ ဤ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ကျင်းပခဲ့သည်ဖြစ်ရာ ရွေးချယ်ပွဲဝင် အာဂုံနည်း ရှင်တို့ကလည်း ပရိယတ္တိသာသနာ မကွယ်ပျောက်ရေးကို ကြီးစွာသော သမ္မာဉာဏ် ဆင်ခြင်ဘုံတရား မြင့်မြတ်စွာထားကျက် သာသနာတော်ကို ကိုယ်တိုင် ပြုစုပျိုးထောင်မည်ဟု သန္နိဋ္ဌာန်ချက်ကာ သမ္မာဆန္ဒ

လှန်ကဲလှသောသုံလ မဆုတ်မနစ်သော စိတ်သားဖြင့် ပြတ်သား ရှင်းလင်းစွာ ဖြေဆိုတော်မူကြလိမ့်မည်ဟု ဆရာတော်ဘုရားကြီးတို့က မျှော်လင့်ကြကြောင်း။

ရွေးချယ်ပွဲ ကြီးကြပ်ရေး ဆရာတော်များနှင့် စာယောက်စာမ ဆရာတော်များကလည်း ယိုရွေးချယ်ပွဲတွင် အာဇာနည်အရှင်တို့ ကိုယ်တိုင် ပြုစုပျိုး ထောင်နေသော သာသနာ့ပြုစုမှု မဟာသာကဝန်းပင်ကြီးကို ရေစင်ရေကောင်း သွန်းသောင်း မှာသည့် အသား ဝတ္တရားကျေပွန်စွာ ဆောင်ရွက်စောင့်ရှောက် ကြရန် ဆရာတော်တို့က ညွှန်ကြားပါကြောင်း။

တိပိဋကဓရ ရွေးချယ်ပွဲ၌ စာနာ ပရိသတ်တို့ကလည်း အထက်က ပြဆိုခဲ့ သော သုတသော ဓမ်းကြီးသည် ဂါထာတပုဒ်မျှကိုပင် အသပြာတထောင် ပေးသော နာကြားခဲ့တုံသိသေး၏၊ ငါတို့မှာကား တိုင်ခေတ်ဆိုးကို ရောက်သေး သဖြင့်သာ ပိဋကနှုတ်ငုံဆောင် အာဇာနည်တို့ကို တွေ့ကြိမ်ရသဖြင့် ကံတော် ကံညား နာကြားရသည်ဟု သဒ္ဓါပသာဒ ကြွေးမားလှသော စေတနာဖြင့် စာနာကြည်ညိုနိုင်ကြရန် ဆရာတော်တို့က တိုက်တွန်းပါကြောင်း။

(၃) ညီညွတ်ကြ ဆင္ခသံဂါယနာ တင်အံ့ဆဲဆဲ လပိုင်းမျှ လိုနေသေးသော အချိန်အခါ၌ ကျင်း တိပိဋကဓရ ရွေးချယ်ပွဲ စာမေးပွဲကြီး၏ (၆)ကြိမ်မြောက်နှင့် တိုက်ဆိုင် ယပ်မိခြင်းသည်လည်း ကောင်းမြတ်သော သုတိသြဘာ မင်္ဂလာ နိမိတ်ဟု ကောက်ယူကာ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဝင် ဥပါသကာလူကြီးတို့ ကလည်း ကြိုးပမ်းသော ကုသိုလ်ထူးကို ဆည်းပူးကြရပေသည်ဟု အနှစ် တသော ကြားမှ တခါတခါ၌ တကြိမ်ပွင့်သည့် အာသာတိနှယ်နီနတ်ပန်းကို ဆင်မြန်းရသည့်အသား စိတ်သားကြည်လင်စွာဖြင့် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ကြစေလို ကြောင်း ယပ်လေလာင်း နှိုးဆော်လိုက်ပါသတည်း။

### မင်္ဂလာ နှမ်းအနုသာဖြင့် သြဘာစာတမ်း

မိုးတိုးကာသ ဂါဝုတယူဇနာ သမ်ချာဉ်မျှ မမာကဟု တွက်ဆအံ့ငှါ မတတ်နိုင်သည့် လေးဖြာသော အနန္တတို့သည်ကား ကောင်းကင် စကြဝါ သတ္တဝါနှင့် ရတနာဉာဏ် ဉာဏ်လေးတန်ဟု ဝေဖန်ထုတ်ဖော် ပိုင်းခြား သော်လည်း လေးဖော်အနန္တ ထိုမှုတို့တွင် ဖူးရှင်တော်ဘုရား၏ ရွှေဉာဏ် တော်မြတ်သည်သာလျှင် အသချေယျဂုဏ်ဖြင့် လွှမ်းခြုံကဲမိုး ကြီးစိုးသာလွန် တော်မူပါပေသည်။

ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊
တထူပမံ ဓမ္မဝရံ အဒေသယိ။

ဟူသော ဒေသနာဒေရွှန်း ပြုညွှန်းတော်မူချက်နှင့် အညီ ဆောင်း၊ နွေ၊ မိုး ဟု သုံးရာသီတွင် လေးခုသမင်း ညီလာကျင်းသည့် နွေခင်းပေါ်ဦး လတန်ခူး၌ တင့်ထူးဝေဆာ လေသာတိမ်းငဲ့ ယိမ်းနွဲ့နွဲ့နှင့် စိမ်းလဲ့လဲ့ပသော မြဖာညာမှ ရတနာဖူးခင့် ပင်လုံးပွင့်သော တောမြိုင်ကြီးသည် ကျက်သရေ မင်္ဂလာ ရှိလှပါပေသကဲ့သို့။

အနန္တဉာဏ်တော်ရှင်သည် ဒေသနာဉာဏ်တော်ဆင်၍ ကြာတင်နှစ်များ လေးဆယ့်ငါးမျှ ဟောကြားဆုံးမတော်မူအပ်သော တရားမြိုင်တော်ကြီး သည်ကား အစ၌ကောင်းခြင်း အလယ်၌ကောင်းခြင်း အဆုံး၌ကောင်းခြင်း ဟူသော ကောင်းခြင်း သုံးဖြာ လက္ခဏာတို့ကြောင့်ရင်း၊ အကျဉ်းအားဖြင့် ပြတော်မူခြင်း ရှေးဦးစွာ ပြတော်မူခြင်း ဖွင့်လှစ်တော်မူခြင်း ဝေဖန်ခွဲခြမ်း တော်မူခြင်း ထင်ရှားအောင် ပြုတော်မူခြင်း ဟူသော အတ္ထပဒ ခြောက်ပါး တို့ကြောင့်ရင်း၊

အက္ခရာပဒ, ဗျဉ္ဇနနှင့် အာကာရ-တဂုဏ် တဖုံနိရုတ္တိ တရှိနိဒ္ဒေသ ဆင့်ဆင့်လှသော ဗျဉ္ဇနပဒ ခြောက်ပါး တို့ကြောင့်ရင်း၊ သဒ္ဒါအားဖြင့် နက်နဲခြင်း, အသိဉာဏ်အားဖြင့် နက်နဲခြင်း ဟူသော သဒ္ဓါသာသော နှစ်ပါးတို့ ကြောင့်ရင်း၊

ဆောင်ယူရာ ပယ်စရာဟု နှစ်ဖြာနက်ဗျည်း ယှိုနှင်းစည်းနှင့် ကင်းလည်း ကင်းလျက် အဖက်ဖက်မှ ပြည့်နက်ရုံလင်ပြီး ဖြစ်သောကြောင့်ရင်း၊ ကျက် သရေ အပေါင်းတို့၏ စုဝေးရာ ရတနာဂနိုင် ဓမ္မမြိုင်ကြီးအစစ် ဖြစ်ကြီးဖြစ် တော်မူပါပေ၏။

တန်ခူးလဝယ် မြိုင်ကြီးနှယ်သို့ တင့်ကယ်ထိန်ညီး ဓမ္မမြိုင်တော်ကြီးမှ အတီးကာလ ပဌမသံဂါယနာ ဆစဖြာ၍ ငါးခါအရှိ သံဂီတိတို့ကြောင့် မိမိ ပိုင်ပိုင် ယနေ့တိုင်အောင် အမွေဆိုင်အလား တရားတော်တည်း ဟူသော သီးပွင့်များကို ခံစားသမှု အပြုကြီးပြုလျက် ရှိကြပေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရတို့၏ အကူအညီဖြင့် သတိုးသီရိသုဓမ္မ ဆာဦးသွင် ကြီးမှူးအပ်သော နိုင်ငံတော် ပုဒ္ဓသာသနာအဖွဲ့မှ—

"အစုသာသနကာလေ ဓမ္မရာဇာပိ ဘဝိဿတိ" သာသနာတဝက် မင်းကောင်းတဆက် ပေါ်ထွက်လိမ့်မည် စသည်ဖြင့် မိန့်ဆိုတော် မူအပ်သော

ဆရာကသခေါတုဝင်စကားကို ထင်ရှားမြင်မြော် ရှုပ်လုံးဖော်သို့ သာသနာတော် ကြီးပွါးရေးများကို ပြုစုလျက် ရှိရာတွင် ဆဋ္ဌသံဂါယနာ မဟာသဘင် ဆင်ယင်ရန်အတွက် ကိုယ်အသက်ကို နှင်းဆက်ပြီးကာ လှုန်စွာ ကြိုးပမ်းလျက် ရှိသော လုပ်ငန်းကြီးသည်လည်း အခန်းကြီးတခန်းအဖြစ် ပါဝင်လျက် ရှိနေပါ ပေသည်။

ဆဋ္ဌသံဂါယနာသဘင် ဆင်ယင်မည့်အရေး၌ ကြီးလေးလှစွာသော ပရိကံ တို့တွင် တရားခမ္မကွန် ဘုရားဉာဏ်ဟု ငါးတန်နိကာယ် ကျမ်းပင်လယ်ကို မလှယ်ဘဲပင် သဒ္ဒါအင်ကြောင် ဉာဏ်မြင်ပွင့်ဖူး လက်ပစ်ကူးမည့် ယောကျ်ား ထူးအခေါင်း ရနိုင်ကြောင်း၌ လမ်းကောင်းကိုဖွေရှာသည့် သာသနာ့ အောင် ရုပ်သာဝယ် သာသနာနုဂ္ဂဟအသင်းကလျှင် နယသေခွေ ဥပဒေထင်လင်း စာပွဲခင်း၍ နှုတ်တွင်းအာဂုံ ပြန်ဆိုပုံနှင့် တဖုံခရေးဖြေ စစ်ဆေးမေ့ အောင် သေသမ အောင်ပွဲပြုလျက် အောင်ဆုသဘင် နှစ်တိုင်းဆင်နွဲရာ ၌တွင်……. ဆဋ္ဌအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး၏ အခမ်းအနားဖွင့်သဘင်ကြီး ဖြစ်ပေရကား သဒ္ဒါလည်းပေါ် ဉာဏ်လည်းမြော်လျက် အဟော်ဝတ ဒုလ္လဘကို အရသော်လေ ကြုံရခပေဟု မိုးမြေတုန်နှန် ကျွန်းလုံးလှန်မျှ တအံ့တသြ သူဒါမြော်ရာ ကြံဘာပေးခြင်းကြီး ပေးတော်မူလာက်ပါပေသည်တကား။

## အခမ်းအနားဖွင့် မင်္ဂလာရတုပိုဒ်စုံ

နေအာရုံလျှံ၊ ရောင်ယှက်ပျံ့မျှ၊ ပဏ်ရံဝန်းလည်၊ ပွင့်လင်းစည်သာ၊ ဂုဏ်ရည် တခပြီး၊ ရောင်ခြည်သွေးသည်၊ ဟိုရွှေးမူလ၊ ပဘာဝတည့်၊ စဘောင်ရာ၊ သံဂါယနာ ကို၊ ပဏ္ဍာယှဉ်နှော၊ အာရုံဖော်၍၊ ဖြတ်ဝေ ရှုန်ငြိ၊ ချိန်နိုင်းမိသား၊ တိပိဋက၊ ပွဲတော်လက်၊ ဆဋ္ဌကြိမ်မြောက်၊ ပွဲချီးမြှောက်ရှင့်၊ ဘွဲ့နှင်းဘောက်ရိပ်ဝါ၊ သာသနာ ဟု၊ ဖြာဖြာလူနှံ၊ သမ္ဘာနှင့်၊ ဌာနကဲအုပ်၊ ဝန်ကြီးချုပ်တို့၊ ပြုလုပ်ရွှေဆောင်၊ ဂုဏ်ရည်ပြောင်၍၊ အခေါင်မျိုးလွင်၊ သတိုးဆင်တို့၊ မိတ်သင်စုနွဲ၊ သင်းဖွဲ့ခဲ သည်၊ ခြိမ့်ဝှဲသဘင် ဆင်တော်မူတကား။

ရွှေပဒုမ်၊ အရှင်လျှံဖြင့်၊ မိဘ်နှံ့ထူးသင့်၊ ငုံဖူးပွင့်သို့၊ ရှင်ပင့်မြတ်စွာ၊ကုဏ္ဍလာ ဝယ်၊ ငုံလွှာဖူးပင့်၊ ဇာနည်ပွင့်ဟု၊ ဆိုချင့်ဆိုလောက်၊ ဖူးခိုင်ရောက်သား၊ ပြောင်မြောက်စားပြန်၊ ဇာနည်မှန်တို့၊ ဉာဏ်ဝှန်းသွေးဖိတ်၊ ပန်းတော်ဇိတ်လည်း၊ ခဲလိတ်မဘည်၊ ဉာဏ်နေခြည်ဖြင့်၊ ထုံကြည်လှမ်းစိမ့်၊ ပွင့်ပန်းလိမ့်တည့်၊ နှစ်သိမ့်ချမ်းမြ၊ ကိုယ်စိတ်မျှလျက်၊ ဆဋ္ဌင်္ဂါ၊ ဥဿျောင်လျာတို့၊ အောင်ရာ ပြီးတိုင်၊ ပြန်ဖြေနိုင်သား၊ ပိုင်ပိုင်ထင်ရှား၊ မျက်မြင်လားသို့၊ ဝိုးဝါးမရှိ၊ မြင်တုံ့ ဘိလျက်၊ ရှန်းအိဉာဏ်ယဲ၊ ရွှေစာရွဲသည်…….ငြိမ့်လွဲအစဉ် ယင်မော်မူဘုရား။

ဧယျတုသံ၊ ပတ်ဝန်းလျှံသား၊ နဘာံရွတ်ရွတ်၊ မြေဘုတ်အုတ်တည့်၊ သိမ္မာဘ်သံညောင်း၊ နားညှဘဲပျောင်းကို၊ နတ်စောင်းရင်ချို၊ ပဥ္စသိနှင့်၊ ရှင်မိုနှန်းချိန်၊ ရွှေဘုန်းထိန်သား၊ ဥတ္တိန္နရာဇ်၊ လက်သံလှစ်လည်း၊ စံစစ်မတူ၊ ငြိမ့်ညောင်းကြူသည့်၊ ရွှေခြူသံသာ၊ မြဘာံမြွာနှင့်၊ လမ္ဘုနုစည်၊ သံသာမြည်ရှင့်၊ ထံဂီနှော၍ပြင်း၊ ကုသမင်း၏၊ နန်ရှင်းကြေးခေါင်၊ ဖက်မဲ့ရှောင်သား၊ နာကောင်းရှိလှ၊ ပိဋကာ၏၊ ပြည့်စသဒ္ဒါ၊ စာတော်သံသည်၊ နဘာံမြစ်ကြီး၊ သွင်သွင်စီးသို့၊ မငြိုးငြိမ့်ဝဲ၊ နှစ်သိမ့်ကဲသည်၊ စိမ့်သဲဘဝင် ရှင်တော်မူဘုရား။

## ဆာဦးသွင်၏ နိဂုံးချုပ်စကား

၆-ကြိမ်မြောက် ကျင်းပပြုလုပ်မည့် တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနား ဖွင့်ပွဲသို့ ကြွရောက်လာတော်မူကြတဲ့ နာယက ဆရာတော်ကြီးများနှင့်တကွ စာစစ်ဆရာတော်ဘုရားများအားလုံး၊ ပဲရောက်ဖြေဆို ရေးဖြေ ဖြေဆိုတော်မူကြရန် ကြွရောက်လာတော်မူကြသော သာသနာ့အာဇာနည်များအားလုံး၊ ဖူးမြော်ကန်တော့ရ၍ ဝမ်းမြောက်လှပါသည်ဘုရား။ တိပိဋကဓရရွေးချယ်ပွဲ အခမ်းအနားကို ကြွရောက် ဖွင့်လှစ်ခြင်းဖြင့် ချီးမြှောက်သော နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ဝန်ကြီးချုပ်စသော ဝန်ကြီးအပေါင်းအားလုံး ညွှန်ကြားရေးမှူး လူကြီးများနှင့်တကွ ကြွရောက်ကြသော ပရိတ်သတ်အပေါင်း အားလုံး ကျေးဇူးတင်ပါသည်။

နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော် ဝန်ကြီးချုပ်စသော ပရိသတ် အပေါင်းတို့အား သာသနာတော်ကြီးအတွက် ဝမ်းမြောက်အားရဖွယ် ပြောကြားလိုတာက ဆဋ္ဌသံဂါယနာတင်ပွဲအမှီ "တိပိဋကဓရ" ပိဋကသုံးပုံ နှုတ်ငုံဆောင် ရွေးချယ်လာခဲ့သည်မှာ ယခုပွဲပါနှင့်ဆိုလျှင် ၆ ကြိမ်မြောက် ဖြစ်ပါသည်၊ သည်ဆဋ္ဌအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲမှာ ဆဋ္ဌသံဂါယနာတင်ပွဲအမှီ တိပိဋကဓရ သာသနာ့ အာဇာနည် ပေါ်ပေါက်တော့မည်ဟု ယုံကြည်အားရလျက်ရှိသည်ကို လူကြီးမင်းများအား ဝမ်းမြောက်ဖွယ် ပြောကြားပါသည်။

ယခုနှစ်ကျင်းပပြုလုပ်သော တိပိဋကဓရ ရွေးချယ်ပွဲသည် သာသနာတော်၏ အမြင့်ဆုံးသောတန်းမှ ချီးမြှောက်သောပွဲဖြစ်၍ အမြင့်ဆုံးသော သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးကို ရှာမှီးသော ပွဲဖြစ်သည့်အပြင် ပဋိပတ္တိသာသနာတော်နှင့် ပဋိဝေဓ သာသနာတော်နှစ်ရပ်၏ အဋ္ဌမြစ်သဖွယ်ဖြစ်သော ပရိယတ္တိသာသနာတော်ကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် သာသနာပြုသော ပွဲဖြစ်ပါသည်။

ဤတိပိဋကဓရ ရွေးချယ်ပွဲ၌ ပြဿနာဒါယကာများ, ဆွမ်းဒါယကာ ခံယူကြသော ဒါယကာ, ဒါယိကာမများနှင့်တကွ ဝေယျာဝစ္စ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်အပေါင်းတို့အား များစွာကျေးဇူးတင်ကြောင်းကို ပြောကြားပါသည်။ နိဂုံးချုပ်အနေအားဖြင့် ပြောကြားလိုသည်မှာ အာဂုံပြန်ရက် သဘောရေးဖြေရက် ၃၁-ရက် သတ်မှတ်ရာထားသော်လည်း စာပြန်ရက်အများဆုံး ပြန်ဆိုရမည့် ပခုက္ကူ ဆရာတော်ဦးကောဝိဒ အချိန်မှီ မရောက်လာသည့်အတွက် စာပြန်ရက် လျော့သွားပါသည်။ သို့ဖြစ်၍ ယနေ့ နေ့လယ် ၁-နာရီအချိန်မှစ၍ ၂၅-ရက်တိုင်တိုင် အာဂုံပြန်ဆိုပွဲနှင့် ရေးဖြေပွဲတို့ကို ကျင်းပသွားမည်ဖြစ်ရာ ပရိသတ်အပေါင်းတို့ ကြွရောက်ကြည်ညိုကာ ပိဋကတ်တော်များကို နာကြားကြပါရန် ဖိတ်ကြားပါသည်ခင်ဗျား။

ဤသို့ဖြင့် ဒု-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးကိုလည်း ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။

ဧဝံ မဟုဿဝေနေဝ၊ တိပေဋကဓရဿိဒံ။
အာရဘိတွာန သမ္ပေပိ၊ ကာရိယံ အကရိံ သုခေ။

## (က) အာဂုံပြန်ဆိုပွဲ

ယနေ့ (၁၃၁၅-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့) ၁-နာရီ ၁၅ မိနစ်တွင် အာဂုံပြန်ဆိုပွဲ စတင်ကျင်းပသောအခါ နာယကဆရာတော်များ၊ ရွှေမှောက်၌ စာတောက် စာမ ဆရာတော်များနှင့် စာဟောက်ဆရာများအား နာယကဘုရားကြီးဆရာတော်က စာတောက်စာမ တာဝန်ပတ္တများတို့ကို ညွှန်ကြားပေးသနားပြီးနောက် ရွေးချယ်ပွဲ၌—

၁။ ဝါးခယ်မမြို့ အရှင်ကလျာဏက ဝိနယပိဋကကို၎င်း၊

၂။ ကျိုက်ဆံမြို့ အရှင်သာဂရက ဝိနယပိဋကကို၎င်း၊

၃။ ပဲခူးမြို့ သနပ်ပင် အရှင်နာဂိန္ဒက ဝိနယပိဋကကို၎င်း၊

၄။ ရွှေကျင်မြို့ အရှင်ဇမ္ဗုဝံသက ဝိနယပိဋကကို၎င်း၊

၅။ မင်းကွန်း အရှင်ဝိစိတ္တသာရာဘိဝံသက ဒီဃနိကာယ်ကို၎င်း၊

၆။ မန္တလေးမြို့ အရှင်ဇောတိကာဘိဝံသက အင်္ဂုတ္တရနိကာယ်ကို၎င်း—

ဝင်ရောက် ပြန်ဆိုတော်မူကြသည်၊ ၎င်းအရှင်မြတ် ၆-ပါးအနက် ပဲခူးမြို့ သနပ်ပင် အရှင်နာဂိန္ဒမှာ ကျန်းမာရေးမလုံလောက်သဖြင့် ဖွင့်ပွဲနေ့တနေ့သာ ပြန်ဆိုနိုင်သည်။

ရွှေကျင်မြို့ အရှင်ဇ္ဈာနဝံသသည်လည်း ကျန်းမာရေး ချွတ်ယွင်းမှုကြောင့် ပါရာဇိကပါဠိ၊ ပါစိတ္တိယပါဠိ၊ မဟာဝဂ္ဂပါဠိ၊ စူဠဝဂ္ဂပါဠိအထိသာ ပြန်ဆိုနိုင်သည်၊ ကျန်လေးပါး ပြီးဆုံးသည်အထိ ပြန်ဆိုကြသည်[၁]။ အာဂုံပြန်ဆိုပွဲမှာ ၁၃၁၅-ခုနှစ် ပြာသိုလဆန်း ၇-ရက်နေ့တွင် ပြီးဆုံးသည်။

## အရှင်ဝိစိတ္တသာရာဘိဝံသ ရဲရင့်စွာပြန်ဆို

အရှင်ဝိစိတ္တသာရာဘိဝံသသည် ဖော်ပြပါ ၆-ကြိမ်မြောက် တိပိဋကမေး ရွေးချယ်ပွဲကြီးတွင် ရဟန်းရှင်လူ ပရိသတ်အသွယ်သွယ်၌ မဆွံ့မထိတ် ခြင်္သေ့စိတ် တရထည် ရဲရင့်တည်ကြည်စွာ သန့်ရှင်း သာယာ လွန်သည်သာပြီး ချိုဝံ့မဆုံး နက်နဲလုံးသတ် ပုံတင်ထပ်သော အသံဖြင့် ဒီဃနိကာယ် (သုတ္တန်ပိဋက) သုံးကျမ်းကို အံ့မခန်းအောင် ပြန်ဆိုတော်မူခဲ့လေသည်။

ဝိသိဋ္ဌမဓုရာဒေန၊ နဒတိ ထိရညာဏိကော။
ပရိသမဇ္ဈေ ဧသော ဟိ၊ ဝိဂတဆမ္ဘီ ဝိသာရဒေါ။

## ပါဌ်မှားပါဌ်လွဲများကို ပြင်ဆင်ပြန်ဆို

ယင်းသို့ ပြန်ဆိုရာ၌ သာမန် စာရှိအတိုင်းချည်း ပြန်ဆိုခဲ့သည် မဟုတ်သေး၊ တချို့နေရာ၌ ကာလကြာညောင်းခြင်း၊ အပြင်အဆင် ချွတ်ယွင်းခြင်း၊ စာပုံနှိပ်တိုက် များချာမှု မင်ကျမင်နှ ချွတ်ယွင်းခြင်း စသည်တို့ကြောင့် ပါဌ်ပျက်၊ ပါဌ်သွဲ့၊ ပါဌ်မှဲ့၊ ပါဌ်မှားတို့ကိုလည်း အာဂုံပြန်ရင်း စာလေ့ကျက်စာမ ဆ ဉာဏ်တော်အား သည်လိုနေမှ သင့်မည် သည်လိုပါဌ်ရှိမှ သင့်မည် စကားဖြင့် လျှောက်ထား ပြောကြားရင်းလည်း ပြန်ဆိုတော်မူခဲ့လေသည်။ အရှင် ဝိစိတ္တသာရာဘိဝံသကား စာပြန် စာဆို တရားဟောအရာ သည်တခေတ် သည်တယောက်သာဟု ဆိုချင်ပါသည်။

ဝိရဒ္ဓံပိ စ ဒဿေတွာ မုခပါဌံ ပဌီ သုဓီ။
အဓုနာ ကေနကာဓယော၊ တိပိဋကဿ ဘာသနေ။

## သဘောရေးဖြေပွဲ

ပြာသိုလဆန်း ၈-ရက် ၉-ရက်နေ့များတွင် ရပ်နားပြီးနောက် ၁၀-ရက်နေ့တွင် သဘောရေးဖြေပွဲကို ဆက်လက်ကျင်းပလေ၍ ကျမ်းပြီးဆုံးသည်အထိ အာဂုံပြန်ဆိုသူ အရှင်မြတ် ၄ ပါးသည်သာလျှင် ဖြေခွင့်ရရှိသည်အတိုင်း

---

၁။ အရှင်ဇ္ဈာနဝံသသည် ၁၃၁၃-ခုနှစ်တွင် ဝိနယဓရဘွဲ့ကိုရ၍ ၁၃၂၀-ခုနှစ်တွင် ဝိနယကောဝိဒဘွဲ့ကို ရတော်မူသည်။

၅-ရက်တိုင်တိုင် ချောမောစွာ ဝင်ရောက် ဖြေဆိုတော်မူကြသည်။ အရှင်ဝိစိတ္တသာရာဘိဝံသမှာ သုတ် ၃-ကျမ်း ၃-ရက်သာ ဖြေဆိုတော်မူရသည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ စာဖြေပုံမှာ လက်နှိပ်စက်ဖြင့် ရိုက်နှိပ်၍ ဖြေဆိုရာ အလွန်သန့်ရှင်းသည်။

## ဂုဏ်ထူး ၂-ဆင့်ဖြင့် အောင်မြင်ပြန်

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဖော်ပြပါ ၁၃၁၅-ခုနှစ် ၆ ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရရွေးချယ်ပွဲတွင်လည်း(က)မောင်ပြန်ဆိုပွဲတွင်လည်း အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုတော် မူနိုင်သည်ဖြင့် (ခ)ယဉ်ကျေးရေးဖြေပွဲတွင်လည်း သီလက္ခန္ဓဝဂ္ဂ၊ ၉၃-မှတ်။ မဟာဝဂ္ဂ၊ ၉၇-မှတ်။ ပါထိကဝဂ္ဂ၊ ၉၇ မှတ်ရရှိကာ အောင်မြင်တော်မူလေရာ ဂုဏ်ထူး ၂-ဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်တော်မူခဲ့လေသည်။

ဒီဃာဂမေပိ ဝိစိတ္တော၊ ဝိစိတ္တော ဝိသိဋ္ဌဉာဏိကော။
ဝိသိဋ္ဌေန ဧယော ဟုတွာ၊ ပညာတော သာသနမ္ဗရေ။

## မျှော်လင့်ချက် ပြည့်ဝခဲ့ပြီ

မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက်မှ အရှင်သောဘိတာဘိဝံသသည်လည်း အင်္ဂုတ္တရနိကာယ်ကို စည်းမျဉ်းနှင့်အညီ ပြန်ဆိုရေးဖြေအောင်မြင်တော်မူခဲ့သည်။ သာသနာတွင် နေ့အသွင် လအသွင် ထင်ရှားတော်မူသော ဆရာတော်ဘုရားကြီးများနှင့် မင်းနှင့် ပြည်သူပြည်သားတို့ လိုလားချက်ကား မမှားပုံလေ ပြည့်စုံခဲ့ချေပြီတကား။

သုတ္တန္တဘာဏကော သော ဟိ၊ သောနမ္ဟော နုဇေဒိသော။
သော ဟိ ဝိစိတ္တသာရာဘိဝံသော သုတ္တန္တကောဝိဒေါ။

သုတ္တန္တဘာဏကော၊ သုတ္တန်ပိဋကတ် ပါဠိတော်၌ လာသမျှတို့ကို တပါဒပုဒ်မကျန်အောင် နှုတ်သံရဲရဲ ဖြန့်ဖြန့်ကြဲ ရွတ်ဆိုနိုင်သောသော။ သော ဧသော၊ သာသနာ့ကျေးဇူးမို့ ဥဒါဟရဏ် ကမ္ဘာပြည်ဟု သနာ့ အာဇာနည် ပြန်မာပြည်ရေထူးလာ ပဌမ-စံပြ ဤဂိသဘာဏက ပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်။ကော အသိ နု၊ဘယ်သို့ခေါ်ဆို ဘယ်လိုရှင် အဘယ်ပုဂ္ဂိုလ်သည်ပင်ဖြစ်ပေသနည်း။ အာနန္ဒာ အသိ နု၊ ပိဋကတ်သုံးပုံ နှုတ်ဝယ်ငုံ ခြေမြွက်သည့်တေဒါဂ်တန် ဗျဒိ ခံဘွဲ့ထူးရ ပဌမသံဂါယနာဝင် အရှင်အာနန္ဒာမထေရ်အသွင် ဖြစ်လေသလော၊ ဤဒိသော၊ ဤလိုထူးချွန် ဂုဏ်မွန်ကဲမောက်ရှိ ရင်ဖောက်လောက်အောင်ရှိပေသော ဧသော၊ ဒီဃဘာဏက သာသနာ့ဆောင

နည်း ဤပုဂ္ဂိုလ်သည်မူကား။ နာ အာနန္ဒော၊ တရားဘဏ္ဍာစိုး ဗဟုဿုတ အိုး စွယ်စုံ ဉာဏ် အာဂုံကြားမလပ်ရသည့် ဘုရားမြတ်နောင်တော်ပါ ရှေ့ရှင်အာနန္ဒာ မထေရ်မြတ်လည်း မဟုတ်တန်ရာပေ။ ဟိုး စင်စင်ကေန် အမှန်ပေးဖြင့်။ သုတ္တန္တဘာဏကော၊ သုတ္တန်ပိဋကတ် ပါဠိပါဠ်လာသမျှတိုက် တပါဒပုဒ်မကျန် ရအောင် နှုတ်သံရဲရဲ ဖြန်းဖြန်းကွဲ ရွတ်ဆိုနိုင်ပေသော။ ဧသ-ဧသော ဟိုး မြန်မာပြည် သာသနာ [illegible] ထွန်းမို့ ရွှေဆုံထွန်းပေါ် တိပိဋကရေ ပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်ကား။ သုတ္တန္တကောဝိဒေါ၊ ဝ သာသနာ လုံး မွှေမ်းပေါ်လောက်အောင် ကျော်ကြားလှမှာ ရေးဖြစ်ပါ ဂုဏ်ထူးဆုတော်ရခဲ့သည့် သုတ္တန္တအနုမဟာကောဝိဒ ဖြစ်ပေသော။ ဝိစိတ္တသာရာဘိဝံသော၊ အရှင်း ကြော်ကြော် အရေ [illegible] ဝိရိယ [illegible] သည့် [illegible] မင်းကွန်း ဓမ္မနာဒဆရာတော်ကလေး အရှင်ဝိစိတ္တသာရာဘိဝံသ ပေတည်း။

## နိုင်ငံတော် သမ္မတကြီးက ဘွဲ့တံဆိပ်လှူ ချီးကျူးပူဇော်

နိုင်ငံတော် သမ္မတကြီးသည် ထူးကဲစွာပေါ်ထွန်းလာသော ပိဋကတ်သုံးပုံဆောင် အရှင်ဝိစိတ္တသာရာဘိဝံသ ပုဂ္ဂိုလ်ကျော်အား ဘွဲ့တံဆိပ်တော် စသည်များ ဆက်ကပ်ရန် ၁၉၅၅-ခုနှစ် တပို့တွဲလဆန်း ၁၁-ရက် နေ့တွင် ပြုလုပ်သော [illegible] ဖိတ်စာဖြင့် သက်ဆိုင်ရာ ဂုဏ်သရေရှိ မင်းပရိသတ်, ဆိုင်ရာ သံဃာ သူကြွယ် ပရိသတ်တို့အား ဖိတ်ကြားခဲ့သည်။

## နိုင်ငံတော်သမ္မတ ဆန္ဒအရ ဖိတ်ကြားလွှာ

ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ကိုယ်စား ကျင်းပအပ်သော ဆဋ္ဌအကြိမ်မြောက် တိပိဋက ရွေးချယ်ပွဲတွင် (၁) ဒီဃနိကာယ် ၃ ကျမ်းကို နှုတ်တိုပြန်ဆိုပွဲနှင့် ဘာသာရေးဖြေပွဲတို့၌ ဂုဏ်ထူးနှစ်ဆင့်နှင့် အောင်မြင်တော်မူ ညှိုင် ဝံ [illegible] ဖြစ်သော သင်ရိုးပိဋက သုံးပုံ [illegible] ကိုလည်း ဂုဏ်ထူးနှစ်ဆင့်စီဖြင့် အောင်မြင်တော်မူသော စစ်ကိုင်းမြို့ မင်းကွန်း ဓမ္မနာဒတိုက် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် (၂) အင်္ဂုတ္တရနိကာယ် (၁၁) ကျမ်းကို အာဂုံပြန်ဆိုပွဲနှင့် ဘာသာရေးဖြေပွဲတို့တွင် သာမန် အောင်မြင်တော်မူသော မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက် ရက္ခနာဘိုမြင့်ကျောင်း အရှင်သောဘိတာဘိဝံသတို့အား သာသနာရေး အခမ်းအနားဖြင့် ချီးကျူးပွဲကို ၁၃၁၅ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် (၁၃-၂-၅၅) နေ့တွင် သမ္မတအိမ်တော်၌ ကျင်းပမည့် အခမ်းအနားသို့ ကြွရောက်ပါရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီး၏ ဆန္ဒအရ လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ အခမ်းအနားသည့်အချိန် [illegible]

အချိုးသားအဝတ် အပြည့်အစုံနှင့် ကြွရောက်ပါရန် နိုင်ငံတော်သမ္မတကြီး ကိုယ်ရံတော် ဗိုလ်သံ အကြောင်းပြန်ပါရန်။

ဤသည်လျှင် နိုင်ငံတော်သမ္မတ ဆန္ဒအရ ဖိတ်ကြားလွှာဖြစ်သည်။

## ကြီးကျယ်သော အခမ်းအနားဖြင့် သမ္မတအိမ်တော် ပင့်ဆောင်

ထိုနေ့ (၁၃၁၅-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့) နံနက် ၈-နာရီ ၁၅-မိနစ် အချိန်တွင် သမ္မတကြီး၏ကိုယ်စား သာသနာရေးဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ ဆွမ်းစားပင့်စာကို ယူဆောင်၍ အာဇာနည်ပုဂ္ဂိုလ်နှစ်ပါး သီတင်းသုံးရာ သာသနာ့ရိပ်သာသို့ သွားရောက် ပင့်ဆောင်လေသည်။ သာသနာ့ရိပ်သာသို့ ရောက်သောအခါ သာသနာရေးဝန်ကြီးက ဆွမ်းစားပင့် လျှောက်လွှာကို ဖတ်ကြား၍ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား ဆက်ကပ်လေသည်။ ၈ နာရီ ၄၀ မိနစ်တွင် သာသနာရေးဝန်ကြီးသည် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် အရှင်သောဘိတာဘိဝံသတို့ကို ခမ်းနားစွာ ရှည်လျားလှသော ကားတန်းကြီးဖြင့် နိုင်ငံတော်သမ္မတအိမ်သို့ ပင့်ဆောင်လေသည်[၁]။

မဟတာ ဥဿဝေန၊ ထေရေ ပေဋကေ ဝဝိဒေ။
အာနယိ သုသာသနိက—မစ္စော မန္တိစ္စေ ရတော။

နံနက် ၉-နာရီအချိန်တွင် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် အရှင်သောဘိတာဘိဝံသတို့ သမ္မတအိမ်တော်ဝင်း အဝင်သို့ ဆိုက်ရောက်တော်မူကြသည်။ သမ္မတအိမ်တော် ဝင်းအတွင်း ဝင်ကြွကြပြီး ရာဇမဏ် ကာရံထားသော ပြာသာဒ်မုခ်ဝသို့ ဆိုက်ရောက်လျှင် နိုင်ငံတော်သမ္မတသည် သမ္မတအတွင်းဝန်၊ လက်ထောက်အိမ်တော်ဝန်၊ ကိုယ်ရံတော် ဗိုလ်များနှင့်တကွ ခရီးဦးကြိုဆို၍ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် အရှင်သောဘိတာဘိဝံသတို့ကို ထီးဖြူမိုးလျက် ပလ္လင်ခန်းမဆောင်သို့ ပင့်ဆောင်လေသည်။ ဆရာတော် ၂-ပါး နောက်က ဥက္ကဋ္ဌကြီး ဆာ ဦးသွင်၊ သာသနာရေးဝန်ကြီး၊ မြို့တော်ဝန်၊ အစိုးရ အရာရှိများ၊ ဗုဒ္ဓဘာသာသာသနာ့အသင်းအဖွဲ့များ အစဉ်အတိုင်း လိုက်ပါကြကုန်၏။

ယထာ ဝုတ္တနိယာမေန၊ သဟ ပလ္လင်္ကေ သေနာနံ။
သိရိမြဲဝရကံ ထေရေ၊ အာနယိ ထိမှသာတ္တိတော။

---

၁။ (က) လမ်းပြမော်တော်ဆိုင်ကယ်များ။ (ခ) စည်တော်ကား။ (ဂ) သာသနာရေး ဝန်ကြီးမော်တော်ကား။ (ဃ) အရှင်ဝိစိတ္တသာရာဘိဝံသစီးသော နိုင်ငံတော်သမ္မတကြီးကား။ (င) အရှင်သောဘိတာဘိဝံသစီးသော နိုင်ငံတော် ဝန်ကြီးချုပ်ကား။ (စ) ဥက္ကဋ္ဌကြီးဆာဦးသွင်ကား။ (ဆ) မြို့တော်ဝန်ကား။ (ဇ) အစိုးရဌာနဆိုင်ရာ အကြီး အကဲ များကား။ (ဈ) အခြား အရာရှိများ၏ မော်တော်ကားများ။ (ည) အခြားမော်တော်ကားများ။ ဤအစဉ်အတိုင်း ပင့်ဆောင်လေသည်။

နံနက် ၉-နာရီ ၅-မိနစ်အချိန်တွင် သမ္မတအိမ်တော်သို့ ဝင်ရန် မုခ်ဝမှ ရာဇမတ်ကာသားသော လမ်းသို့ရောက်လျှင် နိုင်ငံတော်သမ္မတကြီးက သမ္မတအဘွားဝန်, လက်ထောက်အိမ်တော်ဝန်, ကိုယ်ရံတော်ဗိုလ်များ, သာသနာရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်, သာသနာရေး အထူးအရာရှိတို့နှင့်အတူ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် အရှင်သောဘိတာဘိဝံသ တို့ကို ခရီးဦးကြိုဆို၍ သမ္မတအိမ်တော် ပလ္လင်ခန်းမဆောင်သို့ ပင့်ဆောင်သည်။ အရှင်ဝိစိတ္တသာရာဘိဝံသနှင့် အရှင်သောဘိတာဘိဝံသတို့ ပလ္လင်ခန်းမဆောင် အရောက်တွင် ပရိသတ်အားလုံးက ဦးချကန်တော့ကြသည်။ သာသနာ့ဆာဇာနည် ဆရာတော်နှစ်ပါးတို့သည် အခြား ပင့်သံဃာဆရာတော် ၂၈-ပါးတို့၏ အလယ်တွင် ထီးဖြူစိုက် ဓမ္မာသနပလ္လင်တော်ထက်၌ တင့်တယ်စွာ သီတင်းသုံး ထိုင်နေတော်မူကြကုန်၏။ နံနက် ၉-နာရီ ၁၀-မိနစ်တွင် သုမ္မတ ဦးပန်းမောင်က ချီးကျူးပူဇော်ပွဲအခမ်းအနားကို အောက်ပါ ဇယမင်္ဂလာဂါထာပါဠိအနက်ဖြင့် ဖွင့်လှစ်သည်။

## အခမ်းအနားဖွင့် ဇယမင်္ဂလာ ဂါထာပါဠိအနက်

**ဇိနသာသနံ စိရံ တိဋ္ဌတု။**

ဇိနသာသနံ၊ ငါးမာရ်အောင်မြင် ဘုရားရှင်သာသနာတော်သည်။ စိရံ၊ နှစ်ပေါင်း မြားမြောင် ငါးထောင်ကြာအောင်။ တိဋ္ဌတု၊ သုံးလောက တိုက်ဘောင်မှာ အမိုက်မှောင်ပယ်ရှင်းလျက် လမင်းကြီးကဲ့ရထည် ပဝင်းပြီး တည့်ပါစေသတည်း။

ဝိစိတ္တသာရသူရိယော၊ ဥဒိတော သာသနမ္ဗရေ။
ဇယုဿဝံ မဟံ ဒါနိ၊ သမယော ဝိဝရေ တဝေ။

ဝိစိတ္တသာရသူရိယော၊ ပညာရဲရင့် ပွဲလယ်တင့်လျက် ကဲမြင့်ကျက်သရေ လက်လက်ဝေသော အမြုတေအသွင် မကိုဋ္ဌ်ဘင်သို့ အရှင်ဝိစိတ္တသာရမည်သျှင်း ရှင်နေမင်းသည်။ သာသနမ္ဗရေ၊ အံ့ဖွယ်ရှစ်ဖြာ သာသနာဟု ဒေသနာပြင်ကျယ် ကောင်းကင်လယ်၌။ ဥဒိတော၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ခြင်း, မေးဖြေခြင်း ဖြင့် ထွန်းလင်းထွက်ပေါ် တင့်ဘယ်တော်မူခဲ့လေပြီတကား။ ဒါနိ၊ ဆဋ္ဌသံဂီတင်ချိမည်ဟု စဉ်စီဘိ ကျ ပိဋကတ်သုံးပုံ နှုတ်ဝယ်ငုံ၍ အာဂုံမေးဖြေ နှစ်ထွေ စွမ်းဟုန် စွယ်စုံဇာနည် မဟာထေရ်ကို သာကြည်ရွှေရာ ယခုအခါ၌။ ဇယုဿဝံ၊ မြန်မာ့သာသနာဝင်မှာ တခါပင်မပေါ်ဘူးသည့် အကျော်အထူးအကျော်အမော်ထူးအာမော် အတော်အထူး တော်ပါပေသည့် မြန်မာပြကြငှန်း ရဝေနန်းဝယ် မကိုဋ္ဌ်ပန်းမကုဋ္ဌဟု တိပိဋကဓရဇာနည် မဟာထေရ်ရွှေတင် မအောင်ပွဲသဘင်ကြီးကို။ မဟံ မဟာဒေဿ၊ နိုင်ငံတော်သမ္မတကြီးနှင့် ဥက္ကဋ္ဌကြီး

သတိုးသီရိသုခမ္မ ဆာ ဦးသွင်, နိုင်ငံတော်ဝန်ကြီးချုပ်, သာသနာရေးဝန်ကြီး အမှူးရှိသော နိုင်ငံတော်သူ နိုင်ငံတော်သား လူများ အပေါင်းတို့သည် သောင်းသောင်းဖြဖြ ပူဇော်ကြလျက်။ ဝိဝရေ တခေါ၊ တသက်မှ တခါကြုံ ရဟန္တာဂုဏ် သာသနာ့သတင်းကို ကမ္ဘာအတွင်း ပျံ့နှံ့၍ သွားလေအောင် ကြွားကြွားဝင့်ဝင့် ဖွင့်လှစ်ခြင်းငှါ။ သမယော၊ အခါတိုင်ပါပြီ။ သမယော၊ နက္ခတ်နဝင်း အောင်တြွင်းနှင့် အောင်ခြင်းမင်္ဂလာ အောင်ကြေငြာသည် ဧယျာ သဘင်ဖွင့်ပြီဘုရား။

၎င်းနောက် ၈-နာရီ ၃၅-မိနစ်အချိန်တွင် အရှင်မြတ်နှစ်ပါး ထိုင်တော်မူသည့် ပလ္လင်ကနက္ခတ်သီးတော်ကို အောက်ပါဂါထာပါဌ်အနက်ဖြင့် ရေကြည်တော် ဦးသုဝိန်က အဘိသိက်သွန်း ဖတ်ကြားလေသည်။

### ဓမ္မာသနပလ္လင်နှင့် ထီးဖြူတော် အဘိသိက်သွန်း ဂါထာပါဌ်အနက်

ဩဃောင်း နမော ဘဝတု မင်္ဂလံ။ (၃-ခေါက်ဆို)

ပလ္လင်္ကေ သေတစ္ဆတ္တေ၊ သိဉ္စေမ ဂန္ဓဝါရိနာ။
ဇယံ ဇယံ ဇယံ ဟောန္တု၊ ဝဍ္ဎန္တု သဗ္ဗမင်္ဂလာ။

ဘောတိယော ဒေဝတာယော၊ ဒေဝဒေဝါ နတ်ဗြဟ္မာ အပေါင်းတို့။ ဝါ-ဘောတိယော ဒေဝတာယော သက္ကတ္ထန္ဒာ ဇောဝရုဏ ဤသာနမှ စ၍ဒေဝါ သုဗြဟ္မာနှင့် မဟာဒေဝိယ ဟာရိတတိုင် ဒေဝဒေဝါ နတ်ဗြဟ္မာအပေါင်းတို့....။ ပလ္လင်္ကေ၊ ဖဲနု ကမ္ဗလာ လဲနှောဒါသို့ လွမ်းကာအုပ်ဖုံး စိတ်နှလုံးဝယ် ရွှင်ပြုံး လောက်စွာ လျှံတောက်ဖြာသား ဓမ္မာသန မဟာရေတိန်ညီး ပလ္လင်တော် အသီးသီးကို၎င်း။ သေတစ္ဆတ္တေ၊ ဘုရားအလျှာ မဟာဟံသ ဇဝနလျှင် ဓမ္မရင့်ကြေး သောင်းဘိုက်မွှေးအောင် ပေးဟန်ပုံသွင် အထွတ်တင်၍ ဘော်စင်ငွေရွှက် ဝန်းကာသုက်သား ဂနက္ခဏ် ဆောင်လျှံ ဒိန်ညီး ထီးဖြူတော် အသီးသီးကို၎င်း။ ဂန္ဓဝါရိနာ၊ နံ့သာကြိုင်မွှေး ရေကြည်အေးဖြင့်။ သိဉ္စေမ၊ အောင်သခြေပြပန်း အောင်စေမှန်း၍ အောင်ခွန်းစေတု ငွေခရုဖြင့် ဗိုလ်ထု ပုံယံ မင်းသဘင်ဝယ် အောင်မြင်စေကြောင်း အောင်ဘိသိက်သွန်းလောင်း ကြပါကုန်၏။ ဇယံ ဇယန္တာ ဟောန္တု၊ ထွန်းညာဏ်ရည် သမ္မာစည်သား အာဇာနည်ဇာတ် မဟာထေရ်မြတ်တို့သည် အဇ္ဈဗာဟိ နှစ်လီသောမာရ် တွင်းပရန်ကို တွန်းလှန်ဖြိုခွင်း အောင်တပ်ခင်း၍ အောင်ခြင်းသဘင် ယင်တော်မူနိုင်ကြပါစေကုန်သတည်း။ ဇယံ ဇယန္တာ ဟောန္တု၊ မဟာကဿပ သံဃိတ္ထမှ ဝံသစဉ်စီ ဆင်းသက်ချီသား ပဉ္စတောကီပါလက ဘောကိန္ဒယ်ဇာတ် မဟာထေရ် အရှင်မြတ်တို့သည်၊ အဇ္ဈတ္တဗာဟိ နှစ်လီသောမာရ် တွင်းပရန်ကို တွန်းလှန် ဖြိုခွင်း အောင်တပ်ခင်း၍ အောင်ခြင်းသဘင် ယင်တော်မူနိုင်ကြပါစေကုန်

သတည်း။ ဧယံ ဧယန္တာ ဟောန္တု၊ မဟာဒေယျာဝပွဲကျင်းပသား အဂ္ဂမဟာ-
သီရိဒေယျသူရ သမ္မတ စောထီး ဘုန်းနေမီးနှင့် စည်းဝေးရောက်လာ မျှားဗိုလ်ပါ
ဟု ကလျာဂိုဏ်းဝင် သူတော်စဉ်ဇာတ် ပရိသတ်တို့လည်း အဖွတ်ဗဟိ နှစ်လီ
သောမာရ် တွင်းပရန်ကို တွန်းလှန်ဖြိုခွင်း အောင်ဘပ်ခင်း၍ အောင်ခြင်း
သဘင် ယင်တော်မူနိုင်ကြပါစေကုန်သတည်း။ သဗ္ဗမင်္ဂလာ၊ လောကီယ်ရာ
မင်္ဂလာနှင့် မဟာမင်္ဂလ အဋ္ဌထုံးဖွဲ့ အနှုန်းချွဲက သုံးဆယ့်ရှစ်ဖြာ မင်္ဂလာအများ
ဂုဏ်ကျေးဇူးတို့သည်။ ဝဍ္ဍန္တု၊ တနေ့ဘခြား ဒိရေအလားသို့ တိုးပွါးတော်မူကြ
ပါစေကုန်သတည်း။ ဝါ-ဝဍ္ဍန္တု၊ တက်သစ်နေဝန်း ထွန်းသစ်လစန်း ပွင့်သစ်ပန်း
သို့ လန်းလန်းစည်ဖြာ ကျွသာသနာဝယ် ကြည်သဒ္ဓါပ လျှံဖြိုးကြွ၍ ပြည်မတော
ရစ်စိုးသည့်တိုင် ဆထက်ထမ်းပိုး တိုးပွါးတော်မူကြပါစေကုန်သတည်း။

ရင်းနောက် ၉–နာရီ ၂၅–မိနစ်အချိန်တွင် အရှင်မြတ်နှစ်ပါး၏ အတ္ထုပ္ပတ္တိ
အကျဉ်းချုပ်ကို သာသနာရေးဝန်ကြီးက ဖတ်ကြားသည်၊ ၎င်းနောက် ၉-နာရီ
၃၅–မိနစ်တွင် နိုင်ငံတော်သမ္မတကြီးက အောက်ဖော်ပြပါ ချီးကျူးစကား
ပြောကြားပြီးလျှင်—

(၁) အရှင်ဝိစိတ္တသာရာဘိဝံသအား—

(က) နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က—

(၁) ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် –

(၂) အောင်လက်မှတ်တော်၊

(၃) ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကမရေ မဟာတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်နှင့်–

(၄) အောင်လက်မှတ်တော်၊

(၅) အမျိုးဝါကနက္ကဒတ် ထီးဖြူဘော် သုံးသက်ပါရှိသော သာသနာ အောင်လံတော်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက–

(၁) ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ပုံတော်၊

(၂) ဆင်စွယ်ယပ်တောင်၊

(၃) ဆင်ဆွယ်တံဆိပ်ဘုံး၊

(၄) ကုန်း ဓေ့ လေ ဘိုင်ခွဲ တာည့် ၂–ယောက်နှင့်ဗ တွ ခေ့ ခရီးသွား ခွင့်လက်မှတ်တို့ကို ဆက်ကပ်ပူဇော်လေသည်။

(၂) အရှင်သောဘိတာဘိဝံသအား "ဗုဒ္ဓသာသန အင်္ဂုတ္တရဘာဏက အင်္ဂုတ္တရနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တော်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။

ဓမ္မာဘိညာဒိနေကေဟိ၊ ဗဟူဟိပိ သုပူဇယိ။
ဝိစိတ္တံ ဝိစိတ္တသာရံ၊ သက္ကစ္စံ သမ္မတော တဒါ။

ခြောက်ကြိမ်မြောက် တိပိဋကဓရ စာအောင်ပုဂ္ဂိုလ် ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် ရဟန်းရှင်လူ ပရိသတ်အား နိုင်ငံတော် သမ္မတကြီး လျှောက်ကြားသည့် စာတမ်းကို အရှင်ဝိစိတ္တသာရာဘိဝံသ၏ သမိုင်းအတွက် လိုသည်မရှိအောင် ဤ၌ ဖော်ပြအပ်ပါသည်။

## နိုင်ငံတော်သမ္မတ လျှောက်ကြားသည့် စာတမ်း

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

နိုင်ငံတော်အစိုးရအဖွဲ့ဝင် မင်းပရိသတ် အပေါင်းနှင့်တကွ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ အမှူးရှိသော သာသနာရေးအသင်းအဖွဲ့ပေါင်းစုံတို့မှ ပြည့်သည်တော် ဥပါသကာ, ဥပါသိကာ အပေါင်း စုံညီသည့် ဤဓမ္မသဘင်ကြီးတွင် ပိဋကသုံးပုံ နှုတ်တိုက်ဆောင် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်နှင့် အင်္ဂုတ္တရနိကာယ်ဆောင် အင်္ဂုတ္တရဘာဏက သာသနာ့အာဇာနည် အရှင်နှစ်ပါး တည်းဟူသော အရှင်မြတ်နှစ်ပါးကို လက်အုပ်ချီမိုး ရှိခိုးပူဇော် ဆည်းကပ်ခွင့်ရရှိသဖြင့် လွန်လွန်ကဲကဲ ဝမ်းမြောက်ခြင်း ဖြစ်ရပါသည်ဘုရား။

ဗုဒ္ဓရှင်တော်မြတ် ကိုယ်တော်တိုင် ဟောတော်မူသော ဒေသနာတော်များ ဖြစ်သော ပိဋကတော်အစုံတို့ကို ယနေ့တိုင် ရဟန်းရှင်လူ အများတို့ သင်အံလေ့ကျက်ကာ လိုက်နာကျင့်သုံးနိုင်မှုသည် ရှေးယခင် စဉ်ဆက်မပြတ် သံဃာတော် အရှင်မြတ်တို့၏ ကြီးမားလှသော ဂုဏ်ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါသည်။

ထို့အတူ နောင်ကာလတွင် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့နိုင်ရေး ကိစ္စမှာ ယခုအချိန်ရှိ သာသနာ့ဝန်ထမ်း ရဟန်းတော် အားလုံး၏ ဂန္ထဓုရ, ဝိပဿနာဓုရဟု ဆိုအပ်သော ဓုရနှစ်ပါးကို ကြိုးပမ်းအားထုတ်မှု, လှူဒါယကာများကလည်း ထိုသို့ဓုရနှစ်ပါး ကြိုးစားအားထုတ်လျက်ရှိကြသော သံဃာတော် အရှင်မြတ်များအား ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့မှုဟု ဆိုအပ်သော ဤအချက်နှစ်ရပ်အပေါ်တွင် လုံးဝ တည်ရှိနေပါသည်ဘုရား။

ထို့ကြောင့် တပည့်တော်၏ နိုင်ငံတော်အစိုးရက လူထုကိုယ်စား ကျရောက်လျက်ရှိသော ထိုပစ္စယာနုဂ္ဂဟတာဝန်ကို ကျေပြွန်စေခြင်းငှါ ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာနှစ်ရပ်ကို အားထုတ်နေကြသည့် ရဟန်းရှင်လူအပေါင်းတို့အား ပါဠိပညာရေးအဖွဲ့ အက်ဥပဒေ, ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ အက်ဥပဒေ, ဝိနိစ္ဆယဋ္ဌာန အက်ဥပဒေနှင့် ဗုဒ္ဓသာသနာအဖွဲ့ အက်ဥပဒေဟု ဆိုအပ်သော သာသနာတော်ဆိုင်ရာ အက်ဥပဒေများ ပြဋ္ဌာန်းသတ်မှတ်၍ ထို အက်ဥပဒေများအရ ထောက်ပံ့ လှူဒါန်းခြင်း, တိပိဋကဓရ ရွေးချယ်ပွဲ နှစ်စဉ်ကျင်းပကာ အောင်မြင်သည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်တို့အား လှူဒါန်းပူဇော်ခြင်း, သာသနာနှင့်လျော်ညီသော ဘွဲ့တံဆိပ်တော်များ ဆက်ကပ်၍ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခြင်း, ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်အထမြောက်ရေးအတွက် ငွေကြေး ထောက်ပံ့ခြင်းစသော သာသနာတော်တိုးတက်ရေးကိစ္စမှန်သမျှကို အားသွန်ကြိုးပမ်း ထမ်းဆောင်လျက်ရှိပါသည် ဘုရား။ ထိုနည်းအတူ ဆရာတော် သံဃာတော်များကလည်း ထိုဒါယကာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီးလျှင် ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ရပ်ကို အားထုတ်ကြသောအားဖြင့် မိမိတို့၏ တာဝန်ကို ထမ်းဆောင်လျက် ရှိကြရာဝယ် အထူးသဖြင့် တပည့်တော်ကိုယ်တိုင် နာယကလူကြီးအဖြစ် ကြီးမှူးသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက ဗုဒ္ဓသာသနာ့အဖွဲ့ကိုယ်စား တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးကို ရွေးချယ်လာခဲ့ရာ ယခုနှစ် ဆဋ္ဌအကြိမ်တွင် ဆဋ္ဌသံဃာယနာတင်အမှီ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင် တိပိဋကဓရ သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ထူးကို ဖော်ထုတ်နိုင်ခဲ့ပါသည် ဘုရား။

ပိဋကသုံးပုံ နှုတ်ငုံဆောင်နိုင်သော တိပိဋကဓရပုဂ္ဂိုလ် ပေါ်ပေါက်ရေးသည် လွယ်ကူလှသည် မဟုတ်ပဲ ဝိနယပိဋက စာမျက်နှာ ၁၉၇၀-ခန့်၊ အဘိဓမ္မာပိဋက စာမျက်နှာ ၄၆၀၀-ခန့်၊ သုတ္တန္တပိဋကဒီဃနိကာယ် စာမျက်နှာ ၆၆၄-ခန့် စုစုပေါင်း စာမျက်နှာ ၆၂၆၀-ခန့်တို့ကို[၁] နှုတ်တက်ရွရွ ပေယျာလမချန် ပြန်ဆိုနိုင်သည့်အပြင် ထိုပိဋကတော်များ၏ သဒ္ဒတ္ထ, သဘာဝတ္ထဟု ဆိုအပ်သော သဒ္ဒါသဘောနှင့် အနက်သဘောတို့ကိုလည်း ပိုင်နိုင်စွာသိရှိရပါသည်။ ထို့ကြောင့် ပါဠိတော်၏ ဆိုင်ရာ အဋ္ဌကထာ, ဋီကာ, ယောဇနာတို့တွင်လာသော သဒ္ဒါနည်း အမိပ္ပါယ် အသွယ်သွယ်တို့ကိုလည်း လေ့လာဆည်းပူးရပါသည် ဘုရား။

သို့ဖြစ်သည့်အလျောက် မင်းကွန်း ဓမ္မနာဒတိုက် အရှင်ဝိစိတ္တသာရာဘိဝံသသည် ယခုနှစ် သုတ္တန္တပိဋကဒီဃနိကာယ် သုံးကျမ်းကို အနေအထိအခဲ လွတ်ကင်းစွာနှင့် တိကျပြတ်သားစွာ ပြန်ဆိုတော်မူနိုင်သည့်အပြင် သဘာဝရေးဖြေ

[၁] ဆဋ္ဌသံဂါယနာမူ မပေါ်မီက စာအုပ်မူများအရ ဖြစ်သည်။

ပွဲတွင်လည်း ရာခိုင်နှုန်း ၉၅-မှတ် ရရှိအောင်မြင်တော်မူသည့်အတွက် ဂုဏ်ထူးနှစ်ဆင့်ပါသော "ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တော်ကို ဆက်ကပ်ပါသည် ဘုရား။

ထို့ပြင် အရှင်ဝိစိတ္တသာရာဘိဝံသ သည် ၁၃၁၂-ခုနှစ်က ဝိနယပိဋကကို အာဂုံ, သဘောရေးဖြေ ၂-ရပ်လုံးတွင် ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော်မူခဲ့၍ရှင်း, ၁၃၁၃-ခုနှစ်၊ ၁၃၁၄-ခုနှစ်များတွင် အဘိဓမ္မာပိဋကကို အာဂုံ, သဘောရေးဖြေ နှစ်ရပ်လုံးတွင် ဂုဏ်ထူးနှစ်ဆင့်နှင့် အောင်မြင်တော်မူခဲ့၍ရှင်း, ယခုနှစ်တွင်လည်း ဒီဃနိကာယ်ကို အာဂုံ, သဘောရေးဖြေ နှစ်ရပ်လုံးတွင် ဂုဏ်ထူးနှစ်ဆင့်နှင့် အောင်မြင်တော်မူခဲ့၍ရှင်း—

(၁) ဂုဏ်ထူးနှစ်ဆင့်ပါသော "ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရဗုဒ္ဓသာသန-မဟာတိပိဋကကောဝိဒ" ဘွဲ့တံဆိပ်တော်၊

(၂) အောင်လက်မှတ်တော်နှင့်—

(၃) အချိုးဝါ ကနက္ကဒဏ်ထီးဖြူတော် ၁-လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကိုရှင်း၊

နိုင်ငံတော်အစိုးရက—

(၁) "ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက"ဘွဲ့ပုံတော်၊

(၂) ဆင်စွယ်ယပ်တောင်၊

(၃) ဆင်စွယ်တံဆိပ်တုံးနှင့်-

(၄) ကုန်း, ရေ, လေ ခရီးတို့၌ တပည့် ၂-ယောက်နှင့်အတူ အခမဲ့ ခရီးသွားလာခွင့်တို့ကိုရှင်း—

ဆက်ကပ် လှူဒါန်းပါသည် ဘုရား။

မန္တလေး မြို့ အနောက်ပြင် ချမ်းသာကြီးတိုက် ရတနာဘုံမြင့်ကျောင်း အရှင်သောဘိတာဘိဝံသ သည်လည်း အင်္ဂုတ္တရနိကာယ်ကို အာဂုံနှင့် သဘောရေးဖြေ နှစ်ရပ်လုံး အောင်မြင်တော်မူသည့်အတွက် "ဗုဒ္ဓသာသနအင်္ဂုတ္တရဘာဏက အင်္ဂုတ္တရနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တော်တို့ကို လှူဒါန်းပါသည် ဘုရား။

ဤသို့လျှင် နိုင်ငံတော်သမ္မတ လျှောက်ကြားသည့် စာတမ်း ဖြစ်သည်။ ရှင်းနောက် ၉-နာရီ ၄၅-မိနစ်တွင် သံဃာတော်များကို အိမ်တော်အပေါ်ထပ် ပင့်ဆောင်၍ ၁၀-နာရီအချိန်တွင် ဆွမ်းဆက်ကပ် လှူဒါန်းစဉ် အိမ်တော်

ထမင်းစားခန်းမတွင် ဒံပေါက်ထမင်းဖြင့် ညှိခံကျွေးမွေးပြီး အခမ်းအနား အားလုံး ပြီးဆုံးလေသည်။ ဤသို့ဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသ အတွက် ခမ်းနားကြီးကျယ်စွာ ဘွဲ့တံဆိပ်ကပ်ပွဲကြီး ဖြစ်သတည်း။

ဇဝံ ဝိသိဋ္ဌာကာရေန၊ ဝိသိဋ္ဌံ ဝိစိတ္တံ ဝိဒုံ။
ပူဇေသုံ မြန်မာဘူပါလာ၊ ပူဇေ ဝိမိသု ကောဝိဒါ။

## ရှင်းလင်းချက် သိမှတ်ဖွယ်

### (၁) ဆင်စွယ်ယပ်ဝန်းတော်

"ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဟူသော ဘွဲ့ထူးနှင့် ဘွဲ့တံဆိပ်တော် ခပ်နှိပ်အပ်သော ဆင်စွယ်ယပ်ဝန်းတော် ဟူသည် ပိဋကတ်တော် သုံးပုံလုံးကို အာဂုံ ရေးဖြေ နှစ်မျိုးလုံးတွင် ဂုဏ်ထူးတို့ဖြင့်ချည်း သာ အောင်မြင်တော်မူသောကြောင့် တင်အုံဆဲဆဲ ဆဋ္ဌသံဂါယနာပွဲတော် ကြီး၌ ပုစ္ဆကနှင့် ဝိသဇ္ဇက (အမေး အဖြေ) နှစ်မျိုးလုံးကို စွမ်းဆောင်တော် မူနိုင်မည့် ဂုဏ်ထူးဝိသေသ အားလျော်စွာ ဤသို့သော ဗမြင့်ဆုံး ဘွဲ့ထူး ဂုဏ်ထူးတို့ဖြင့် နိုင်ငံတော်အစိုးရတို့က ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သည်။

### (၂)ကနုတ္တဒက်ထီးဖြူတော်

ကနုတ္တဒက် ထီးဖြူတော်တံဆိပ်များ ပါရှိသော ပိဋကတ်အောင်လံတော် များကိုနိုင်ငံတော်အစိုးရတို့၏ အသိအမှတ်ပြု၍ ခွင့်ပေးချက်အရ ပိဋကတ်တော် တပုံ၊ နှစ်ပုံ၊ သုံးပုံ အောင်မြင်ခြင်းကိုရင်း, အာဂုံရေးဖြေအောင်မြင်ခြင်းကိုရင်း ခြားနားပါစေရန် အထိမ်းအမှတ် အမြတ်ဆုံးအားဖြင့် ဤဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော ပိဋကတ် အောင်လံတော်များ ဖြစ်ပါသည်။

### (၃) ထီးဖြူတော်အရောင်နှင့် ဦးရေခြားနားချက်များ

အရိုးနီရောင် အာဂုံအောင်။ အရိုးဝါရောင် ရေးဖြေအောင်။ တလက် တပုံ အောင်။ နှစ်လက် နှစ်ပုံအောင်။ သုံးလက် သုံးပုံအောင်။ ဤသို့ ခြားနားသည်။

### (၄) ဆက်ကပ်ခြင်း ၃-မျိုး

ဖော်ပြပါ ဘွဲ့တံဆိပ်တော်, အောင်လံတော် စသည်များကို—

(က) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ဆက်ကပ်ခြင်း၊

(ခ) နိုင်ငံတော်အစိုးရတို့က ဆက်ကပ်ခြင်း၊

(ဂ) နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့က ဆက်ကပ်ခြင်း—

ဟူ၍ ဆက်ကပ်လှူဒါန်းခြင်း ၃-မျိုး ရှိခဲ့ပုံကို အောက်ပါအတိုင်း မှတ်သားရာ၏။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကို ၁၃၀၉-ခုနှစ်က ဖွဲ့စည်းတည်ထောင်၍ ထိုအဖွဲ့၏ သာသနာပြုရန် လုပ်ငန်းအမျိုးမျိုးအနက် ဆဋ္ဌသံဂါယနာသို့ ရှေ့ရှုသော တိပိဋကဓရ ရွေးချယ်ရေး စာပြန်ပွဲကြီးကို ၁၃၁၀-ခုနှစ် တပို့တွဲလမှစ၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က နှစ်စဉ် ကျင်းပခဲ့ကြသည်။ ထိုစဉ်က ဘွဲ့တံဆိပ် အောင်လက်မှတ်တော်များကိုလည်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် နိုင်ငံတော်အစိုးရတို့က ၎င်းတို့၏ အမည်များဖြင့် အသီးသီး ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

၁၃၁၃-ခုနှစ်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကို အစိုးရအက်ဥပဒေဖြင့် ထပ်မံဖွဲ့စည်း တည်ထောင်ခဲ့ကုန်၏။ ၁၃၁၃-ခုနှစ် သီတင်းကျွတ်လဆုတ် ၅-ရက် (၂၀-၁၀-၅၂)နေ့ သာသနာ့ရိပ်သာ မင်္ဂလာ ယာယီမဏ္ဍပ်ကြီးတွင် အထက်ပါ အဖွဲ့ကြီး ၂-ဖွဲ့မှ အမှုဆောင်လူကြီးများပူးပေါင်း စည်းဝေးတိုင်ပင်ကြပြီးလျှင်–

(က) တိပိဋကဓရ ရွေးချယ်ပွဲကြီး အရှည်တည်တံ့နိုင်မြဲ၍ ကျယ်ပြန့်တိုးတက်စည်ပင်ပါစေခြင်းငှါ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့သို့ လွှဲအပ်ခြင်းနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က လက်ခံခြင်းကို အားလုံး သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

(ခ) သို့ရာတွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ဤ စာပြန်ပွဲကြီးကို ဆက်လက်၍ စီမံခန့်ခွဲ ဆောင်ရွက်ကျင်းပရန် မစွမ်းဆောင်နိုင်သေးမီအတွင်း နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ကိုယ်စားပြု၍ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ပင် တာဝန်ယူ၍ ကျင်းပ ဆောင်ရွက်မြဲ ဆောင်ရွက်ပေးခြင်းကို အားလုံး သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ဤကဲ့သို့ အထက်ပါအတိုင်း အပြောင်းအလဲ ပြုခဲ့သော ၁၃၁၃-ခုနှစ်မှစ၍ ဘွဲ့တံဆိပ်တော် အောင်လက်မှတ်တော် စသည်များတွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့အမည်နှင့် နိုင်ငံတော်အစိုးရ အမည်တို့ဖြင့် အသီးသီး ဆက်ကပ်လှူဒါန်းကြလျက် ထိုတိပိဋကဓရ ရွေးချယ်ပွဲဆိုင်ရာ စည်းမျဉ်း စာအုပ်စာတမ်းများတွင်လည်း နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့အမည်ဖြင့် ရိုက်နှိပ် ဖြန့်ချိလေသည်[၁]။

---

၁။ ဗုဒ္ဓသာသနာနုဂ္ဂဟသမိုင်း။ ၇၈-၈၀-ကြည့်။

တဖန် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ လက်ထက်တွင် ၁၃၂၄-ခုနှစ်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ တိပိဋကရေရွေးချယ်ရေးအဖွဲ့မှ ကျင်းပပြုလုပ်ခဲ့လေသည်။ တဖန် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးကျင်းပခဲ့လေသည်[၁]။

## သာသနာ့ရိပ်သာ ချီးကျူးပူဇော်ပွဲ

၁၃၁၅-ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် (၁၄၊ ၂၊ ၅၄) နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံတော်ကြီး၌ ရန်ကုန်မြို့ အတွင်းရှိ သာသနာရေး အသင်းအဖွဲ့ပေါင်းစုံတို့က ချီးကျူးပူဇော်ပွဲကြီးကို ခမ်းနားစွာ ကျင်းပလေသည်။

၎င်းနောက် ၁၆၊ ၂၊ ၅၄-နေ့ ညနေ ၃ နာရီအချိန်တွင် တာမွေတိုက်နယ် နန္ဒဝံဇေတဝ်ရုံကြီး၌ တာမွေတိုက်နယ်လုံးဆိုင်ရာ အသင်းအဖွဲ့ ပေါင်းစုံတို့ကရင်း၊ ၁၀၊ ၂၊ ၅၄-နေ့ ညနေ ၆-နာရီအချိန်တွင် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံတော်ကြီး အတွင်း၌ ဗဟန်းတိုက်နယ် ကုက္ကိုင်းတိုက်နယ်နှင့် ရွှေတောင်ကြားလမ်းရှိ သာသနာရေး အသင်းအဖွဲ့ပေါင်းစုံတို့ကရင်း၊ ၂၀-၂-၅၄-နေ့ ညနေတွင် အလုံ သံဃာ့ဒါန ဆွမ်းလောင်းအသင်းကြီးမှ ဦးဆောင်၍ အလုံတိုက်နယ်လုံးဆိုင်ရာ သာသနာရေး အသင်းအဖွဲ့ ပေါင်းစုံတို့ကရင်း၊ ၂၁-၂-၅၄-နေ့ နံနက်တွင် သိမ်ကြီးဈေး သမဂ္ဂအသင်းကြီးမှ ကြီးမှူး၍ သိမ်ကြီးဈေးသူ/ဈေးသား အပေါင်းတို့ကရင်း၊ ၂၇-၂-၅၄ နေ့တွင် ဝန်ကြီးချုပ် မဲဆန္ဒနယ်ဖြစ်သော လမ်းမတော် တိုက်နယ်အတွင်းရှိ သူတော်စင်အပေါင်းတို့ကရင်း၊ ၂၈-၂-၅၄-နေ့တွင် ဆူးလေဘုရား အဘိဓမ္မာ ပြန့်ပွါးရေးအသင်းကရင်း၊ ၃-၃-၅၄-နေ့တွင် တာမွေတိုက်နယ် ဝိပဿနာ အမျိုးသမီးအဖွဲ့နှင့် တာမွေမြို့နီစီပါယ်လူကြီး ဦးမောင်ကြီး ကြီးမှူးသော လူငယ်များကရင်း၊ ၆-၃-၅၄-နေ့တွင် အထက် အောက်ပြည်ထောင်စု မြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သမားပေါင်းစုံညီညွတ်ရေး ဆေးဆရာကြီးများအဖွဲ့ကရင်း၊ ၇-၃-၅၄-နေ့တွင် ရန်ကုန်မြို့တော်အတွင်းရှိ အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူ အမှူးပြုသော အမှုထမ်းပေါင်းစုံ ဗုဒ္ဓဘာသာ အသင်းကြီးကရင်း၊ ၁၃-၃-၅၄-နေ့တွင် ထိစဉ်က ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ဦးစီးသော ကြည့်မြင်တိုင်တိုက်နယ်လုံးဆိုင်ရာ ဖ၊ဆ၊ပ၊လ-အဖွဲ့နှင့်သာသနာရေး

---

၁။ ၁၃၄၀-ခုနှစ် ၃၁-ကြိမ်မြောက် တိပိဋကရေရွေးချယ်ပွဲတွင် သဘောရေးဖြေပွဲဝင် ၅၇-ပါး၊ အာဂုံသဘောရေးဖြေ ၈၀၊ စုစုပေါင်း ၁၃၇-ပါး ဖြေဆိုတော်မူကြသည်။

အသင်းအဖွဲ့ ပေါင်းစုံတို့ကလည်း ခမ်းနားကြီးကျယ်စွာ ချီးကျူး ပူဇော်ပွဲများ ကျင်းပ၍ လှူဒါန်းပူဇော်ကြကုန်၏။

ဝေရိ ကွဲယ နိဝေနံ ဟိ၊ ဝိစိတ္တံ စိတြာဝါစကံ။
အနေ့ကသု ပဒေ သေသု၊ သုဋ္ဌု သုပ္ပဘန် ကရုံ။

## နယ်မှ ချီးကျူးပူဇော်ပွဲများ

ရန်ကုန် မြန်မာနိုင်ငံတဝန်းလုံး ထင်ရှားသည့် ခရိုင်မြို့ကြီးများ၌ ချီးကျူး ပူဇော်ပွဲများ ပြုလုပ်ရန် စီစဉ်ထားသော်လည်း တိပိဋကဓရ ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ က ကမ္ဘာ့သံဂါယနာမဟာဓမ္မသဘင်ကြီး ကျင်းပရန် နေ့နက် နီးကပ်နေပြီ ဖြစ်သောကြောင့် ဇာတိဖြစ်သော မြင်းခြံမြို့နှင့် ပဉ္စင်းဖြစ်သော မန္တလေးမြို့ စစ်ကိုင်းမြို့တို့မှအပါး တခြားသောမြို့များ၌ ချီးကျူးပူဇော်ပွဲများ မပြုလုပ်ကြရန် မေတ္တာရပ်ခံသဖြင့် ထိုစဉ်က မြင်းခြံ၊ မန္တလေး၊ စစ်ကိုင်းမြို့ များ၌သာ ချီးကျူးပူဇော်ပွဲများ ပြုလုပ်ကြသည်။

## ချီးကျူး ပူဇော်လွှာများ ဖော်ပြခြင်း

သာသနာ့အာဇာနည်ကြီး ဖြစ်တော်မူသော အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဋ္ဌုပ္ပတ္တိကျမ်းကြီး တည်ဆောက်ရာ၌ မရှိမဖြစ် အပြည့်အစုံဆုံး တည်ဆောက် ခြင်းဖြစ်ရာ ထိုစဉ်က ထိုကိုအသင်းများ ချီးကျူးပူဇော်သည့် ချီးကျူးပူဇော် လွှာများတချို့ကို ကျွန်ုပ် ထုတ်ပြအပ်ပါသည်။

## သာသနာ့ရိပ်သာ ချီးကျူးပွဲ၌ သာသနာရေးဝန်ကြီး၏ နှုတ်ခွန်းဆက်စကား

တပည့်တော် ရှိသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော် အရှင် သူမြတ်တို့ဘုရား၊ သည်ကနေ့ဟာ မြန်မာရာဇဝင်မှာ အင်မတန်မှ ထူးကဲမွန် မြတ်တဲ့နေ့ကြီး ဖြစ်ပါတယ် ဘုရား။ ဘာဖြစ်လို့လဲ ဆိုလို့ရှိယင် သည်နေ့ဟာ ပိဋကသုံးပုံကို အာဂုံဆောင်နိုင်သော အာဇာနည်အရှင်မြတ်ကို ချီးကျူးပူဇော် ရသောနေ့ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ် ဘုရား။

## ဗုဒ် ၃-ဗုဒ်

သာသနာဝင် တလျှောက်လုံးမှာ ကြည့်သိုက်မယ်ဆိုလို့ရှိလျှင်လဲ ရှေးပညာ ရှိကြီးများ အမိန့်ရှိကြတာမှတဲ့ စကားတခုပ်ရှိပါတယ်၊ ဗုဒ်အစ-ဗုဒ်အလယ်-ဗုဒ် အဆုံးလို့ ရှေးပညာရှိကြီးများ အသင်အရှားချီးကျူး အသိအမှတ်ပြုထားတာ ရှိပါတယ်၊ ဗုဒ်အစဆိုတာက သဗ္ဗညုတရွှေဉာဏ်တော်နှင့်တကွ တရားအားလုံး

ကိုသိတော်မူတဲ့ ရွှေဉာဏ်တော်ရှင် ဖြစ်တော်မူတဲ့ တပည့်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ချီးကျူးပူဇော်တာကို ဆိုလိုခြင်း ဖြစ်ပါတယ်။

ဗုဒ်အလယ်ဆိုတာကတော့ ရှေးအခါက အနောက်မဇ္ဈိမဒေသ အိန္ဒိယပြည် သိဟိုဠ်ကျွန်းမှာ ဘုရားရှင် ပိဋကတော်များကို ချောက်ချားပေါက်ရောက် တတ်မြောက်တော်မူပြီး အဋ္ဌကထာကျမ်းများကို စတင်ပြုစုတော်မူတဲ့ အရှင်မြတ် မဟာဗုဒ္ဓဃောသကို ရည်ရွယ်ပြီး ဆိုလိုခြင်းဖြစ်ပါတယ်။

ဗုဒ်အဆုံးကတော့ ရှေ့မြန်မာမင်းများ လက်ထက်တော် အခါက ပိဋကတော်အရာမှာ သူမတူအောင် ကျမ်းကျင်တတ်မြောက်တယ်လို့ အင်မတန်ထင်ရှားကျော်စောခဲ့တဲ့ ညောင်ကန်ဆရာတော် ဦးဗုဒ်ကို ရည်ရွယ်ပြီး ဆိုလိုခြင်းဖြစ်ပါတယ်။

## လူဖြစ်ကျိုး နပ်ပါပြီ

မြန်မာရာဇဝင် တလျှောက်လုံးမှ ဗုဒ္ဓရှင်တော်ဘုရားနှင့် အရှင်မဟာဗုဒ္ဓဃောသ ညောင်ကန်ဆရာတော် ဦးဗုဒ်တို့ကို ဗုဒ်အစ-ဗုဒ်အလယ်-ဗုဒ်အဆုံးလို့ ဆိုတဲ့ စကားမှာ ပါဝင်တော်မူတဲ့ ညောင်ကန်ဆရာတော် ဦးဗုဒ်ဟာ ပိဋကသုံးပုံကို ချောက်ချားတတ်မြောက်တယ်လို့ စာပေကျမ်းဂန်ထဲမှာ တွေ့မြင်ဖတ်ရှုရသော်လည်း ကိုယ်တွေ့အားဖြင့် မဖူးမြော်ခဲ့ရပါ၊ ယခုအခါမှာ ပြည်ထောင်စုလူထုကိုယ်စားရအောင် အင်တော်ထူးကဲသည့် ပိဋကသုံးပုံဆောင် သာသနာ့ဓဇာနည် ပေါ်ပေါက်လာပြီ ဖြစ်တဲ့အတွက် တပည့်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်တခန်းလုံး လူဖြစ်ရကျိုး နပ်ပါပြီလို့ ယုံကြည်ကြည် ယူဆပါတယ်ဘုရား။

## ၆-ဂဏန်း နိမိတ်

ဇမ္ဗူဒိပ် နိမိတ်ထွန်းတယ်လို့ တပည့်တော် တထစ်ချ ယုံကြည်ယူဆပါတယ်ဘုရား၊ တပည့်တော်တို့ (၆) ကြိမ်မြောက် လွှတ်လပ်ရေးအောင်ပွဲသဘင်ကိုလည်း မကြာသေးမီကပဲ ကျင်းပပြီးစီးခဲ့ပါတယ်၊ သည်တော့ လွှတ်လပ်ရေးအောင်ပွဲ ကျင်းပခဲ့ကာက ခြောက်နှစ်ပတ်လည်၊ ဘုံဂါယနာတင်မှာကလည်း (၆) ကြိမ်မြောက်ဖြစ်တဲ့ ဆဋ္ဌသံဂါယနာ ယခုပေါ်ခဲ့တဲ့ တိပိဋကဓရ ဆရာတော်တို့ဟာလည်း တိပိဋကဓရ ရွေးချယ်ပွဲကျင်းပခဲ့တဲ့ ခြောက်နှစ်မြောက်နှစ်မှာ ပေါ်ပေါက်ခဲ့တဲ့အတွက် သည် (၆) ဂဏန်းဟာဖြင့် တပည့်တော်တို့ အဖို့အရာမှာ အင်မတန်ထူးကဲတဲ့ ဆဋ္ဌသံဂါယနာ ဒွန်တွဲပြီးနေတဲ့ ဂဏန်းလို့ တပည့်တော် ယူဆပါတယ်ဘုရား၊ ယခုကျင်းပရတဲ့ ချီးကျူးပူဇော်ပွဲကို ဘယ်အခါတုံးကနှင့်မှမတူအောင် အရသာအရှိဆုံးလို့ ယူဆပါတယ် ဘုရား။

## ပရိယတ်မှ ပဋိပတ်သို့

တပည့်တော်တို့ဟာ ဘာဖြစ်လို့ ဒါလောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသလဲဆိုတာ အားလုံး ကြွရောက်တော်မူသာကြတဲ့ ဆရာတော်အရှင်မြတ်များနှင့်တကွ ဥပါသကာ၊ ဥပါသိကာအပေါင်းတို့ သိသာထင်ရှားအောင် နဲနဲအစီရင်ခံလိုပါတယ်၊ ဟိုလွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဟောသည် သဒ္ဓေးကြီး သတိုးသိရိသုဓမ္မ ဆာဦးသွင်ပိုင်တဲ့ (သာသနာ့ရိပ်သာ) မြေပေါ်မှာ စစ်ဘေးစစ်ဒဏ်ကြောင့် တောအတိ ဖြစ်နေပါတယ်၊ ဆာဦးသွင်ဟာ သာသနာတော်အရေးမှာ အင်မတန်မှ ကြည်ညိုလေးစားတဲ့ ဥပါသကာကြီးဖြစ်လေတော့ သူ့မြေနေရာကို သာသနာတော်အတွက် အသုံးပြုဖို့ဆိုပြီး အမိန့်ရှိသည့်အတွက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် သာသနာတော်အရေးမှာ အားပေးအားမြောက် ပြုလုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ တိုင်ပင်ကြပါတယ်၊ တပည့်တော်တို့ ပဌမ စိတ်ကူးဟာကတော့ ယခုအခါ သာသနာ နှစ်ထောင့်ငါးရာ ပြည့်ဖို့လဲ နီးလာပြီ၊ လူတိုင်း လူတိုင်းဟာလဲ ပရိယတ်တွင်သာမဟုတ်၊ ပဋိပတ္တိ လုပ်ငန်းများကို လုပ်ကြသျှင် ကောင်းမည်၊ ဒါကြောင့် ပဋိပတ္တိကို ကျွမ်းကျင်တတ်မြောက်တဲ့ ဆရာတော်အရှင်မြတ်များကို ပင့်ပြီး ရန်ကုန်မှာရှိတဲ့ ပုဂ္ဂိုလ်တွေကို သမထဝိပဿနာအလုပ်များကို အားထုတ်စေရသျှင် သိပ်ပြီး သင့်လျော်မှာပဲဆိုပြီး သည်ပဌမစိတ်ကူးနှင့် လွန်ခဲ့တဲ့ ခုနှစ်နှစ်လောက်က ယခုနေရာမှာရှိတဲ့ တောချုံပိတ်ပေါင်းတွေကို ရှင်းပြီး ဆောက်အအုံအခု လုပ်ခဲ့ပါတယ်၊ အဲသည်ဆောက်အအုံဟာ ယခု မဟာစည်ဆရာတော် သီတင်းသုံးနေတဲ့ ကျောင်းဖြစ်ပါတယ်၊ အမှန်ကတော့ ဤကုန်းမြေကို သိရိသုဓမ္မကုန်းလို့ ခေါ်ဖို့ကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုသျှင် သာသနာတော်မှာ တကယ်ကြည်ညိုပြီး သာသနာရေးကိစ္စများကို အားပေးကူညီတဲ့ ပုဂ္ဂိုလ်များကိုကြည့်မယ်ဆိုရင် သတိုးသိရိသုဓမ္မ ဆာဦးသွင်၊ ယခုနောက် မဟာသိရိသုဓမ္မ ဦးမြဘို ပါဝင်လေတော့ သည်ကုန်းကို နာမည်ပြောင်းကြဖို့ စေတနာ ထားမိပါတယ်၊ အဲသည် သာသနာ့ရိပ်သာ လုပ်ဖို့နေရာမှာပဲ ဆဋ္ဌသံဂါယနာတင်ဖို့ စိတ်ကူးဖြစ်ပေါ်လာပါတယ်။

## သံဂါယနာတင် ကောလာဟလ

အဲသည်အချိန်ကစပြီး တပည့်တော်တို့ဟာ သံဂါယနာတင်ချင်တဲ့အတွက် သာသနာကို စောင့်ရှောက်နေကြတဲ့ သာသနာစောင့်နတ် ကမ္ဘာစောင့်နတ်များကို တိုင်တယ်ပြီး သံဂါယနာတင်နိုင်ပါစေသားလို့ ဆုတောင်းခဲ့ကြပါတယ်၊ အဲသည်အချိန်က စပြီ တော့လဲ သံဂါယနာတင်မယ်လို့ ကောလာဟလ ဖြစ်ပေါ်လာပါတယ်ဆိုယင် လွန်မယ်မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရား

ပွင့်တော်မူမယ်ဆိုယင် အနှစ် (၁၀၀၀)က ကောလာဟလဖြစ်ပြီး ကြေးကြော်လာရသလို ဆဋ္ဌသံဂါယနာ တင်ဖို့ကိစ္စကိုလဲ အဲသည် သာသနာ့ရိပ်သာမှာ စပြီး တိုင်ပင်တဲ့နေ့ကစပြီး(၇) နှစ် လောက်ကထဲက ကောလာဟလ ဖြစ်ပေါ်လာပါတယ်၊ ဘယ်သူက စတင်ဖြစ်ပေါ်လာတယ်လို့တော့ မပြောတတ်ဘူး၊ လူတိုင်းပဲ အားတက်သရောရှိပြီး ဆဋ္ဌသံဂါယနာကိုတင်လိုတဲ့ စိတ်ဆန္ဒများ ပြင်းပြင်းပြပြ ဖြစ်ပေါ်နေကြပါတယ်၊ ဒါပေမဲ့ ဖြစ်နိုင်ပါ့မလားလို့ သို့လော သို့လော တွေးတောမိကြပါတယ်။

## ဖြစ်ပါ့မလား

တချို့က သံဂါယနာဆိုတာ ဒီလိုသူတွေ တင်လို့လုပ်လို့ ဖြစ်ပါ့မလား၊ မဖြစ်နိုင်ပါဘူး၊ တကယ့်ကို သာသနာတော်ကိုကြည်ညိုပြီး ဘုန်းရှိတဲ့ မင်းများ လုပ်မှ ဖြစ်နိုင်တဲ့ကိစ္စပဲလို့ ပြောကြတယ်၊ တပည့်တော်တို့စိတ်ထဲမှာလဲ ဖြစ်နိုင်ပါ့မလားလို့ သံသယရှိနေမိပါသေးတယ်၊ သံဂါယနာတင်ယင် ကိုးရိုးကားယားများ ဖြစ်မလားလို့ စိုးရိမ်မိပါသေးတယ်၊ ဟိုအခါတုံးက တပည့်တော်တို့ စိတ်ထဲမှာ သာသနာတော်ကို အစွမ်းကုန်ပြုချင်တဲ့စိတ်ကလွဲလို့ ဘာမျှမရှိပါဘူး၊ အဲဒါနှင့် နိုင်ငံတော်မှာရှိကဲ့ ကျမ်းတတ်အကျော် ဆရာတော်တွေ ပင့်ဖိတ်ပြီး ဩဝါဒကို ခံယူတဲ့အခါမှာ နှစ်နှစ်ကာကာ ဝမ်းသာစကား ကြားရပါတယ်၊ ဆရာတော်ဘုရားများက ဘယ်လိုအမိန့်ရှိသလဲဆိုတော့ သံဂါယနာတင်တဲ့ကိစ္စဟာ မင်းကတင်တာမှ မဟုတ်ဘူး၊ လူကလဲတင်တာမဟုတ်ဘူး၊ ငါတို့ရဟန်းတော်များက တင်ရတာ၊ သံဂါယနာကို လူတင်တာမှမဟုတ်ပဲ၊ မင်းတို့လူတွေက ပစ္စည်းလေးပါးဒါယကာအဖြစ်နှင့် ကူညီထောက်ပံ့လှူဒါန်းပြီး သံဂါယနာတင်တဲ့ ရဟန်းတော်များကို မချို့ငဲ့အောင် ထောက်ပံ့လှုင် ပြီးတာပဲလို့ အမိန့်ရှိတော်မူကြပါတယ်။ အဲသည်တော့ တပည့်တော်တို့ အင်မတန် နှစ်ထောင်းအားရ ဖြစ်ကြပြီး တပည့်တော်တို့ သံဂါယနာတင်လိုပါတယ်၊ အရှင်ဘုရားတို့ သံဂါယနာတင်ခြင်းအားဖြင့် ချီးမြှင့်တော်မူကြပါ၊ တပည့်တော်တို့က လိုသမျှ လှူပါရစေဆိုပြီး လျှောက်ထားကြပါတယ်၊ သံဂါယနာတင်နိုင်တယ်ဆိုတဲ့အတွက် စိတ်ထဲမှာ ကျေနပ်သွားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်၊ ဒါပေမဲ့ အောင်မြင်ပါ့မလားဆိုတဲ့ သံသယနှင့် သို့လော သို့လော ရှိနေပါသေးတယ်။

## သံသယမရှိပါပြီ

သည့်လိုတိပိဋကဓရအရှင်မြတ်ကို ဖူးမြော်ကန်တော့ရတဲ့နေ့မှာ သည့်ဖြစ်ပေါ်လာမိတဲ့ သံသယစိတ်တွေဟာ ကင်းရှင်းသွားပါပြီ၊ တပည့်တော်တို့ လိုလိုလားလားနှင့် မျှော်လင့်တဲ့ ပုဂ္ဂိုလ်ကျော် ပေါ်ထွက်လာပါပြီ၊ အဲဒါကြောင့်

တပည့်တော်တို့ အင်မတန်မှ နှစ်ထောင်းအားရခြင်းဖြစ်ပါတယ်လို့ လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား။

## အဓိဋ္ဌာန် (၃) ချက်

တပည့်တော်တို့ဟာ သာသနာတော်ကို အလွန်အကျူး ထူးထူးကဲကဲ ပြုပြင်ချင်တဲ့စိတ် ရှိကြပါတယ်၊ ဒါပေမဲ့ တပည့်တော်တို့ဟာ အာသဝေါတရား ကင်းတဲ့ ပုဂ္ဂိုလ် တခဏ်တအိုလ်ရတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ကြပါဘုရား၊ တကယ်တရားတော်ကို အားထုတ်ချင်တယ်ဆိုယင် သာသနာတော်ကြီးကို ပြီးမြောက်အောင်မြင်ချင်တယ်ဆိုလျှင် မိမိကိုယ်ကို သီလနဲ့ စင်ကြယ်ရမယ်ဆိုတဲ့ ကျမ်းဂန်စကားအတိုင်း တပည့်တော်တို့ဟာ အတတ်နိုင်ဆုံး သီလကို စောင့်တည်ကြပါတယ်၊ တတ်နိုင်သရွေ့သာ သမာဓိလုပ်ငန်းကို လုံ့လခံအောင် ကြိုးကြိုးစားစား ထိန်းသိမ်းကြပါတယ်၊ တတ်နိုင်သလောက် ဗြဟ္မစိုရ်တရားပွါးပြီး သံဂါယနာ တင်နိုင်အောင် အဓိဋ္ဌာန်ပြုကြပါတယ်။ နိုင်ငံတော်တဝန်းလုံးမှာလဲ ပဋ္ဌာန်းဒေသနာတော်မြတ်နှင့် ပရိတ်တော်များကို ရွတ်ပြီး သာသနာတော်စောင့်နတ်တွေကို တိုင်တယ်ကာ သံဂါယနာကို တင်ထိုက်လို့ရှိလျှင်ဖြင့် မြတ်စွာဘုရားသခင်၏ ဓာတ်တော်ဆံတော် အံတော် မွေတော်တွေဟာ ပလ္လင်ပျံသလို ကွန့်မြူးပြီး ကြွရောက်ပါစေသားလို့ အဓိဋ္ဌာန်ပြုကြပါတယ်၊ ဒါဟာ ပဌမ အဓိဋ္ဌာန်ချက် ဖြစ်ပါတယ်၊ ဒုတိယ အဓိဋ္ဌာန်ချက်ကတော့ တပည့်တော်တို့ သံဂါယနာ တင်ထိုက်လို့ရှိလျှင် သံဂါယနာကို ဝင်နိုင်အောင် ချီမြှင့်ပေးမဲ့ သာသနာတော်ကို စောင့်ရှောက်တဲ့ အရှင်အာနန္ဒာ အရှင်ဥပါလိတို့လို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ပေါ်ပေါက်ပါစေသားလို့ အဓိဋ္ဌာန်ပြုကြပါတယ်၊ တတိယကတော့ သံဂါယနာကို တင်ထိုက်တယ်ဆိုယင် သံဂါယနာတင်ပြီး ခေတ်ကြီးထဲမှာ ဝိပဿနာဘာဝနာပွါးများပြီး ပေါက်မြောက်တဲ့ အရိယာတွေ ပေါ်ပေါက်ပါစေသားလို့ အဓိဋ္ဌာန် ပြုခဲ့ကြပါတယ်။

## အရိယာပုဂ္ဂိုလ်တွေ

ဒီအဓိဋ္ဌာန်ချက်များကာ အလုံးစုံ ပြည့်စုံပါပြီဆိုတာ တပည့်တော် သည်ကနေ့ ရဲရဲဝံ့ဝံ့ လျှောက်ထားခဲ့ပါပြီ၊ ဆုတောင်းအဓိဋ္ဌာန်ချက်အတိုင်း ပြည့်ဝပါပြီဘုရား။ ယနေ့ ကြွရောက်တော်မူလာကြတဲ့ ဆရာတော် အရှင်သူမြတ်များနှင့်တကွ ပရိသတ်အပေါင်းတို့ဟာ တပည့်တော်တို့ရဲ့ အဓိဋ္ဌာန်ချက် မည်မျှပြည့်ဝခဲ့တယ်ဆိုတာ သိရှိတော်မူကြပြီး ဖြစ်ပါလိမ့်မယ်ဘုရား၊ နိုင်ငံတော်ကြီးရှေ့ပြေးနှင့် တပည့်တော်တို့ဟာ အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်လာတဲ့ ဓာတ်တော်တွေ၊ အိန္ဒိယပြည်မှ ကြွရောက်လာတဲ့ အဂ္ဂသာဝကနှစ်ပါး၏ ဓာတ်တော်တွေကို ထောက်ရှုမယ်ဆိုလျှင် ထင်ရှားပေါ်လွင်နေပါပြီဘုရား၊ နောက်ပြီး မြန်မာ

ပြည် အနယ်နယ်အရပ်ရပ်ရှိ ဘောဂ်ုံးတိုးများမှ ဓာတ်တော် မွေတော်များ ရန်ကုန်မြို့ကို ကြွရောက်လာတာဟာ အထင်အရှားပင် ဖြစ်ပါတယ်ဘုရား၊ ဒုတိယ အချက် သမထ ဝိပဿနာကိစ္စမှာ ပြီးမြောက်အောင်မြင်တဲ့ အရိယာပုဂ္ဂိုလ်တွေ ပေါ်ပေါက်ပါစေသားဆိုတဲ့ အဓိဋ္ဌာန်ချက်အတိုင်း တပည့်တော်တို့ ဖူးတွေ့ရတာ အကြိမ်ကြိမ် အဖန်ဖန်ရှိပါပြီ၊ သတင်းစာတွေထဲမှာလဲ အနယ်နယ် အရပ်ရပ်မှာ အရိယာ အရှင်သူမြတ်များကို တိုင်းသူပြည်သူများ ယုံကြည် ကြည်နှင့် ဖူးတွေ့နေရကြောင်း အထင်အရှား ပါရှိပြီး နေပါတယ်ဘုရား၊ နောက် သံဃာနာတင်ထိုက်လို့ရှိရင် ပိဋကသုံးပုံကို အာဂုံဆောင်နိုင်တဲ့ ပုဂ္ဂိုလ် ပေါ်ထွက်ပါစေသားဆိုတဲ့ အဓိဋ္ဌာန်ချက်အတိုင်း ယခုအခါမှာ စင်ကြယ်စွာ စိုက်ပျိုးခဲ့တဲ့ ပဒေသာပင်မှာ လိုရာကို ဆွတ်ယူသုံးစွဲနိုင်သလို ပိဋကသုံးပုံကို စင် ကြယ်စွာ နှုတ်ငုံဆောင် ပြန်ဆိုနိုင်တဲ့ ပုဂ္ဂိုလ်ကျော် ပေါ်ထွက်ခဲ့လာပါပြီဘုရား။

## ကျွတ်တန်းအတူတူ

ယနေ့ ကြွရောက်တော်မူလာကြတဲ့ ဆရာတော် အရှင်သူမြတ်များနှင့် တကွ ဥပါသကာ၊ ဥပါသိကာ အပေါင်းတို့ဟာ တစိမ်းသူသူတွေမဟုတ်ကြတော့ပါ၊ ညီအကိုမောင်နှမ အရင်းတွေသဖွယ် ဖြစ်လာကြပါပြီ၊ တိပိဋကရေ ရွေးချယ်ပွဲ ကျင်းပတဲ့ ပွဲကြီးကို ယခုပဲ နှစ်ထဲ လုပ်ကာမဟုတ်ပဲ နှစ်စဉ် ကျင်းပလာခဲ့တာ (၆)နှစ် ရှိလာပါပြီ၊ ကျင်းပတဲ့ အခါတိုင်း ယခုကြွရောက်လာတဲ့ ပရိသတ် ကြီးဟာလဲ အမြဲပါကြီး အတူတကွ လာရောက်ပူဇော်ကြတဲ့အတွက် သည် ရဟန်းတော်ပရိသတ် လူပရိသတ်တွေဟာ အရိမေတ္တေယျ မြတ်စွာဘုရား သခင် ပွင့်တော်မူလာတဲ့အခါမှာ ရဟန်းတော် အရှင်သူမြတ်များကလဲ အဂ္ဂ- သာဝက မဟာသာဝက ပကတိသာဝကတွေဖြစ်ပြီး တပည့်တော်တို့ လူပရိသတ် များကလဲ ဝိသာခါ၊ အနာထပိဏ်၊ ဇောတိက၊ ဇဋိလကဲ့သို့ဖြစ်ပြီး ကျွတ်တမ်း ဝင်နိုင်ကြရပါမယ်လို့ ယုံကြည်ပါတယ်ဘုရား။

ဒီကနေ့ တိပိဋကဓရ အာဘာနည်ပုဂ္ဂိုလ်ကျော်ကို ပူဇော်သက္ကာရ ပြုရခြင်း ဟာ ပူဇာစ ပူဇနေယျာနံဟူသော မင်္ဂလာတရားတော်အရ ပူဇော်ရခြင်း ဖြစ် ပါသည်ဘုရား၊ ဒါပေမဲ့ တပည့်တော်တို့ဟာ ဒီ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များနှင့် ထိုက်တန်လျော်ညီအောင် မချီးကျူးတတ်ကြပါဘုရား၊ ချီးကျူးသင့်တဲ့သူကို ထိုက်တန် လျော်ညီအောင် မချီးကျူးတတ်လျှင် အန္တရာယ်ရှိတယ်လို့ မြတ်ဗုဒ္ဓ ဘုရားသခင် ဟောကြားတော်မူခဲ့သည်ကို ပါဠိတော်မှာ အထင်အရှား ပြဆိုထားတာသာရှိပါတယ်ဘုရား။ ဒါကြောင့် တပည့်တော် အားရပါးရ မချီးကျူးရဲပါဘုရား၊ ငိုရှိသေသော လေးလေးစားစား

ကြည်ကြည်ညိုညိုနှင့် ပူဇော်ခြင်းမျိုးကိုသာ ရဲရဲဝံ့ဝံ့ ပြုလုပ်တတ်ပါသည်ဘုရား။ ဤကား သာသနာရေးဝန်ကြီး၏ နှုတ်ခွန်းဆက်စကားဖြစ်သည်။

> သာသနမဟာမစ္စောပိ၊ ဝိစိတ္တံ ဝိသိဋ္ဌံ ဝိဒုံ။
> နိစ္ဆရိ ထောမနာ ဝါစံ၊ သောဘနသုဂုဏေ ရတံ။

ဇင်းပြင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အကျိုးတော်ဆောင် စာချီ နိုင်ငံတော် ရွှေနေချုပ်ကြီးကလည်း အောက်ပါ ထောမနာစာတမ်းကို မြွက်ကြားခဲ့လေသည်။

## ထောမနာစာတမ်း

နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ အကျိုးဆောင်စာချီ နိုင်ငံတော်ရွှေနေချုပ်ကြီးက လျှောက်ထားသည့် ထောမနာစာတမ်း—

"သိဒ္ဓမ်"

> **ဆဗ္ဗဏ္ဏံ** သုဓောလုဿ၊ ဆသာဓာရဏဉာဏိနော။
> ပဋ္ဌကာသိသမံ စက္ကံ၊ ပတိဋ္ဌာတံ ယထာရှစိ။

ဆဗ္ဗဏ္ဏံ သုဓောလုဿ၊ညို့, ရွှေ, နီ, မောင်း, ဖြူတောင်ပြိုးပြက် ရှိုးရှိုးဝက် လျှင် မိုးဘဝဂ်တိုင် လွှမ်းပြလိုင်သား ခြောက်စိုင်ခြည်လျှံ သာသနာအောင်လံကို ဖောင်ပျံကရဝိက် မဂ္ဂင်ထိပ်ဝယ် ဖိတ်ဖိတ်လူလူ စိုက်ထူတော်မူခေ သ။ ဆသာဓာရဏဉာဏိနော၊ ပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကာ မည်သူနှင့်မျှ မဆက်ဆံ ခြောက်ဘန်သော အသာဓာရဏ ဉာဏစွမ်းဟုန် ကျေးဇူးဂုဏ်ဘို့နှင့် ပြည့်စုံထင်ရှား ရှင်တော်မြတ်ဘုရား၏။ စက္ကံ၊ ပဋိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ သဒ္ဓမ္မ သုံးဖြာ သာသနာတော်စက်ကြီးသည်။ ယထာရှစိ၊ ရှင်ဘောမြတ်ဖျား စိတ်ထားသွေးချို အလိုတော် ရှိသလောက်လျှင်။ ပဋ္ဌကာသိသမံ၊ ဒါနှစ်ငါးထောင် မြားမြောင်ရှည်ကြာ ဒါခါကာလ တဲ့လုံး။ ပတိဋ္ဌာတံ ပတိဋ္ဌာတု၊ ရှင်တော့ကိုယ်စား ဝေနေမျှားကို လျှင်လျှားနိဗ္ဗာ ပို့ဆောင်ယူ၍ မြူလွှာဆံခန့် ရန်မတန့်ပဲ ကြွံကြွံခိုင်ကြည် တည်တော်မူပါစေသတည်း။

**အောင်သူတကာတို့၏** မဟာဝိဇယိန္ဒာဓိပတိ သိရိပဝရ ဝိသိဋ္ဌဝဋ္ဋံသကာ မင်္ဂလာဘိသိရိ မင်္ဂလုက္ကဋ္ဌ မဟန္တာဘိ မဟာဝိဇယာဿဝ ဒွိပဒုတ္တမဟု အနုတ္တရ သျှောင်ဖူး အောင်ပွဲမူးအစစ် ဖြစ်ကြီးဖြစ်တော်မူသော ဂုဏ်ချစ်ပရမေ သုံးလူ့ ဆွေသည် အောင်မြေမာရဘင် အပရာပလ္လင်၌ ငါးအင်မာရ်နက် ရန်ထဖက်ကို

ဖြိုဖျက်တွန်းလှန် အောင်ပွဲခံ၍ စံတော်မူရာ ဓမ္မတာဝင့် သတ္တာသတ္တ နဝ-တာလ် ရက်စဉ်ချီလျက် မြိုက်ပြည်ဝိမုတ် သောက်မျိုကြုတ်ပြီးမှ ပေါ့တ္တားမဘ် သားရဲကျော်သည် ဂူဟောဘ်ထွက်သံ ကဲ့အဟန်သို့ အရုံကြွေရွှောပေါင်း တိုက်တနသောင်းတို့ကို ရှိုက်သောင်နှန်ဝတ် တုန်လျက်တုန်လျက် အိုးကိန်းဂက်သို့ သွက်သွက်လှုပ်ကာ အုပ်အုပ်သာလျက် ဝါခလးဆယ့်ငါး ကာလလျှားအောင် တရားစည်ကြီး ရိုက်ခတ်တီး၍ မြိုက်နေရဗာန် စိုးမိုးစံတော်လည်း နေ့ရှင်းကျန် ဝေနေ ယျတခတ္တာ့ မျက်ချေမပျောက် ကိုယ်တော့နောက်မှ တောက်လျှောက် ဆက်ကာ လိုက်စိမ့်ငှါဟု ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင် တရား ကိုယ်တော်စားကို ထားတော်မူခဲ့သည်ဖြစ်ပါကြောင်း။

မဟာမုနိ တုမရှိလျှင် သန္နိနိရော် ကိန်းစံပျော်က ကိုယ်တော်လျော ထားခဲ့ပါသော် မဟာကဿပ သံဃိန္နသည် အနာဂတ်ကာလမင်း မဂဓသနင်းနှင့် စိုင်းပြွင်းညီညာ၍ ဌမာဒိက မေဃဂါယနာသဘင် ယင်တော်မူကြ ထိုကာစ၍ ဘုန္နဥတ္တ သာသနာတော်သုံးပုံ မန္ထန်းအပ်တို့တွင် ပရိယတ်သာသနာ မဟာ-ပဓာန မူလမူသောက်မြစ် ကြံ့ခိုင်လင်မှ အစဉ်လေင်းကာ ပဋိပတ် သာသနာတော်တည်ဖွံ့ဖြိုးသော ပင်စည်ကိုင်းခက် ပြိုင်းပြိုင်းယှက်၍ ဖိုလ်မဂ် နိဗ္ဗာန် သုံးတန်သောအသီးအပွင့် ပဋိဝေဓသာသနာတော်ကြီး ညီးညီးယိမ်းလျှ ပွါးစီးဟန်ကို အမှန်တကယ် ထောက်မြော်သိကြသော အာစရိယ ပရမ္ပရာ ဆရာတော် အစဉ်ဆင်းသက် သာသနာ့ဒါယကာ ဘုရင်မင်း အဆက်ဆက်တို့သည် အာဏာစက် ဓမ္မစက် နှစ်ဖက်စက်ကာ သာသနာ့ကို သန့်ရှင်းလှလ ထောက်ပံ့ပြုသဖြင့် ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမ သံဂါယနာတင် သဘင်ငါးထောက် ခေတ်တိုင်ရောက်အောင် ဘုန်းတောက်မြတ်စွာ သာသနာသည် မဟာဘာရ ဆုဆောင်စု၍ တခုသာခရိယေယ် တပြိုင်နက်တည်း(ပ)ကဲ့သို့ ဓမ္မရောင်ဝန်း ပြောင်ပြောင်ရှန်း၍ ဝေယွန်းတောက်ထိန်ခဲ့ပါသည်။

မဟာမင်္ဂလာ ရာရုံသိဖြင့် ပယ်ခြည်လက်ထိန် စက်ရဝိန်ကို အသူရိန်ယုတ် ဖမ်းယူအုပ်လည်း ဝေဂုက္ခိတ္တ သဘာဂကြောင့် လွှတ်မှာတိုး ပုံတန္တန်းညို့ မင်းဆုံမြတ်စွာ သာသနာ့ဝယ် ဒါယကာမှန်လျှင်း တရားမင်းတို့ ကင်းစေ ပြုပြင် စောင့်ရှောက်ဆင်၍ ပြင်ဗာဟိရ ရာဇညတို့ မြန်မာရပ်ရှာနံ့ တိုင်းနိုင်ငံကို ကြုံဆိုးယုတ် စိုးအုပ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ပြည်ထောင်စုဖွား နောင်ညီများတို့ မပြားအာသိ တသွေးတည်း ညီကြသဖြင့် ဗာဟိရကမင်း သူ့စက်ကွင်းမှ ပေါက်ထွင်းထိုးထွက်ကာ မြန်မာပြည်ထောင်စု သမ္မတနိုင်ငံတော် အစခါးထွန်းပေါ်သည့် သာသနာတော် (၂၄၉၂) ခု၊ ကောဇာ (၁၃၁၁) ခု၊ နှစ်ဝယ် အတိတ်ခေတ် သာသနာသည် ဒါယကာနှင့်

အဆက်ဆက်ပေါ်ခဲ့၍ အညစ်အကြေးလွှမ်းရစ်သည့် ဇမ္ဗူရာဇ် ရွှေစင်ပမာ ရောင်ဝါမှိန်ခမူး အရှိန်လျော့ခဲ့သည်ကို အခရေးထင်ပေါ် တွေးမြင်မြော်ကြသော နိုင်ငံတော် သမ္မတကြီး၊ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဥက္ကဋ္ဌကြီး အမှူးပြုကြသော စတု-ပစ္စယ သာသနဒါယကာ မြန်မာခေါင်းဆောင်အပေါင်း သူတော်ကောင်းတို့သည် ကြံတောင့်ကြံခဲ သူနှယ်ငါဟန် လူသာမန်တို့ ကြံစည်ရန် မဝံ့ရဲလောက်အောင် နက်နဲသောအစီအမံ ထူးကဲသောစိတ်ကူးကြံဖြင့် နိုင်ငံတော်တိပိဋကဓရ သာသနာ့အာဇာနည် ဂုဏ်လျှံမြူး ပုဂ္ဂိုလ်ထူးပေါ်ထွက်ရန် (ဆဋ္ဌသံဂါယနာတင်သို့ ရှေ့ရှုလျက်) ဟူသော ကောင်းတင်းသံကို လက်မှန်ဟိုဇ်ပြေး သုတ်မင်္ဂလာ လွန်သာယာသည့် ကောလာဟလ နိမိတ်ပေးလျက် ရှေးဦးအစ (တိပိဋကဓရ ရွေးချယ်ပွဲကြီး) ကို ဝံ့ချီးသဘင် (သမ္မတကြီး၏ကိုယ်ပိုင် အခမ်းအနားဖြင့်လှစ်၍) နှစ်စဉ်နှစ်ဆက် ယင်ခဲ့ပါသတည်း။

ဒုလ္လဘော ပုရိသာဇညော၊
န သော သဗ္ဗတ္ထ ဇာယတိ။

ပါဠိမဂဓ ဓမ္မပဒ ဒေသနာဝယ် မြတ်စွာရှင်စော ဟောခဲ့သည့်အညီ ပါရမီဂုဏ် အာဇာနည်ဝင် ပုဂ္ဂိုလ်အစစ် ဖြစ်လာဖို့အရေး နိမိတ်ပေးလျက် ရွေးချယ်စဉ်ကာလ ကျောင်းသားအရွယ် ဘဝကပင် အစစ ဉာဏ်ကြည်လင် ကျောင်းသားသူငယ် ဗိုလ်ပုံလယ်တွင် အံ့ဖွယ်ပေါ်ထွန်း၍ ရှင်သာမဏေဘဝမှာလည်း ရှင်နည်း အံ့မပြီးချီးမကုန် ဆုံးဝါတော် ဒကာတော်အပေါင်းတို့ ဝိုင်းအုံချီးမြှောက် ရဟန်းဘုံသို့ တက်ရောက်၍ သုံးဝါမမြောက်အရွယ်တွင် သကျသီဟမှာလည်း ငွေသကာ အစိုးရမှာလည်း ပဌမကျော် ဘွဲ့ပုံတော် အညွှန်းထူးကိုကို တနှစ်တည်းဆွတ်ခူး၍ အံ့မူးဖွယ်လောက် ခုနစ်နှစ်မြောက်ကပင် ပါမောက္ခ အဆ အာစရိမဟာဓိပတိ ဆရာ၏ကိုယ်စား သံဃာတော်ရောင်အများတို့ ကိုးစားယုံကြည် အပ်နှံသည်ကို ခံယူကြည်စွာခံယူခဲ့သည့် တကဲ့အာဇာနည် ပါရမီဂုဏ် သစ်သစ်ပြီးလှသော စစ်ကိုင်းမြို့ မင်းကွန်းတောင် ဓမ္မာဒဟိုက် ဆရာတော် ပဌမကျော် အရှင်ဝိစိတ္တသာရာဘိဝံသ သည် ဖော်ပြရာပါ မဟာတိပိဋကဓရ ဉာဏ်ကဲ ရွေးချယ်ပွဲကျင်းပသည့် ဒုတိယအကြိမ်မှ သည် ယခု ဆဋ္ဌအကြိမ်တိုင် မြဲခိုင်သော ဗီရိယအား အားကြိုး ငါးရပ် စုံကဲလှပ်၍ ပိဋကတ်သုံးပုံ အပိုင်းကြီးလေးစုံကို မခုန်မဆိုင်း နှစ်တိုင်းဆက်ကာ ပြန်ဖြေတော်မူရာဝယ် သူငါ လက်မြှောက် အံ့ဖလောက် ထောင်မှတ်ရွေ့ ဝိသိနှင့် မဟာဂုဏ်ထူးတော် အစုံပါသည့် ဇေယျာဘိပရ နှစ်တိုင်ရခဲ့သဖြင့် "ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋက-ကောဝိဒ" သာသနာ့နေဝန်းသည် ဝေရှင်းထိန်ပြောင် ဓမ္မဓာတ်ခြည်အရောင်တို့ဖြင့် ကျန်အောင်တို့ ပြည်ကောင်စု အမှာကမြန်မာနိုင်ငံတော် ယုဂန်ဓရထိပ်နှန်းမှ ပေါ်ထွန်းထွက်မြူးခဲ့ပါသတည်း။

ပေဠကော သတရံသိ၀၊ ဓမ္မနာဒါ ယုဂန္ဓရာ။
ဥဂ္ဂတော ခါရယံ လင်္ကာ၊ မောဒယံ ကပ္ပိကော ဇနေ။

ဘောဂန္တော၊ ဆင်မြင်းရထား ကညာအားဖြင့် လေးပါးပြိုင်ညီ သိန်းလေးလီကို မမိနိုင်စွမ်း ဘောဂခြေလှမ်းဖြင့် သာမြန်းရွေး၍ ရိပ်သာခက် အောင်မြေဋ္ဌဝယ် ညီမှုဘိတောင်း အိုသူတော်ကောင်းတို့။ သတရံသိ၊ မဟာမဏ္ဍလီ ဆုရံသီဖြင့် လျှံခြည်ထိန်လင်း ရှင်နေမင်းသည်။ ကပ္ပိကော၊ ကိုယ်အရောင်ပျောက် အမှောင်ရောက်သဖြင့် ကြောက်စိတ်ပြောသူ ကမ္ဘာဦးသူတို့ကို။ မော ယံ- မောဒယန္တော၊ တို့တတွေအားတက်စရာ အလင်းခေတ်နေ့ငင်လျှံဖြာ၍ နဘာန္တာ မြင့်ခေါင်မောဆီမှ ဟောလှုံ့တက်လာပြီ ထွက်လာပြီဟု သာကြည်နှလုံး ရွှင်ပြုံးဝမ်းမြောက်စေလျက်။ ယုဂန္ဓရာ၊ မြင်းမိုရ်၏ခါး ယုဂန္ဓိုရ် တောင်ထိပ်ဖျားဆီက။ ဥဂ္ဂတော ဏှ၀၊ ရဲမာန်ရဲသွေး သင်တို့ကို ငါပေးပေ မည်ဟု ဟစ်ကြွေးသည့်စံပမာ သမန္တာ ထိန်လျှံရွှန်း၍ ပေါ်ထွန်းထွက်ပြူ ဥဒည်မှုဘိသကဲ့သို့။ ပေဠကော၊ ဆဋ္ဌမြောက် သင်္ဂါယနာဝယ် ရှင်အာနန္ဒာသူမင်းအလား ဖူးသူတွေ အထင်မှားလောက်အောင် လျှင်သျှားသည့် ဉာဏ်အမြင် သမ္ဗင့်သတ်မျက်ခဲ့၍ ပိဋကနှုတ်ငုံဆောင် အနေ့ငင်ထိန်ရွှန်း သာသနာ့ နေလုံးဝန်းသည်။ လင်္ကာ၊ ကြားသူ မြင်သူ ဗိုလ်လူနှစ်သိမ့် နာပျော်ငြိမ့်အောင် တအိမ့်အိမ့်ပြုံးဆိုပုံ အောင်မှတ်စုံ စံပုံထူးသဖြင့် ဂုဏ်တူးနှစ်ဆင့် အလံဘွဲ့၍ စံနမူနာ ကမ္ဘာပြ လောက်သည့် ဗမာ့သာမ္မတနှုတ်တကူ သာသနာ့ကျက်သရေတော်ပေါင်းကို။ ခါရယံ ခါရယန္တော၊ တစ်ဆိုသလောက် ဂုဏ်ရည်မြောက်အောင် အုံလောက်ခမန်း အခေါင်တန်းမှ ဘောင်ပန်းတော်ဆွတ်ချူ ဆောင်စွမ်းတော်မူခဲ့သည် ဖြစ်၍ငင်း။ ဇနေ၊ မိဗ္ဗာပါ၊ ကဝါဒကူ အာဓမ္မမှောင်ထု ပုံးကွယ်လုသဖြင့် ယခုပင် ဤကမ္ဘာကြီး ပျက်စီးပျောမည်ထယောင် ကြောက်သွေးငွေ့ ကိုယ်စီဆောင်ကြသဖြင့် ပြည်ထောင်စု တိုင်းရင်းသား ဖွံ့ညီနေ အမျိုးတို့ကို။ မောဒယံ မောဒယန္တော၊ လူထုအားတက်စ မမှုစ နေခြည်ဝါတ္တုဖြင့် ရွှေညည်သ တစခန်းဖြင့် ပေါက် ပေါ့ဟု ဝမ်းမြောက်ကြီး ဝမ်းမြောက်စေတော်မူလျက်ငင်း။ ယုဂန္ဓရာ၊ မမ္မန်ပနယ သမ္မဒ္ဓ သနာဒ ဓုံကို သည်ဦးဆိုတ်အောင် ထမ်းဆောင်ဘတ်ပေသော။ ဓမ္မနာဒါ၊ ယုဂန္ဓရာ၊ မင်းကုန်းမြို့ညီလေးနောင်စိုသည့် မြင်းမိုရ်တောင်ခါး "ဓမ္မနာဒ ဓေ ဆိုသည့်" ယုဂန္ဓိုရ် တောင်ထိပ်ဖျားဆီက။ ဥဂ္ဂတော၊ ပြည်သောင်သမ္မ ရေမှုးပ် ငံပြုဖွင့် အရာဆုံးစေဖို့ ပဋမဦးသွက်ပြူ ဥဒည်မှုခဲ့လေပြီတကား။ ငါ၊ ဥဂ္ဂတော၊ ခဲမာန်ရဲသွေး လူသုကို ငါပေးပေးမည်ဟု ရင်ကြွေးသည့်ပမာ သန့်ရှင်းစွာ

နှုတ်သံသာဖြင့် ဉာဏ်ပညာကမ္ဘာပြလောက်အောင် မွေ့ကုန္ဒာ ခြည်ဝါပကဲ့၍ (ပြီး)သာသနာ့နေဝန်း ထွက်ပေါ်ယှန်း တို့ကျွန်းထိန်ခဲ့ပြီတကား။ သာသနာ့နေဝန်း ထွက်ပေါ်ထွန်း တို့ကျွန်းထိန်ခဲ့ပြီတကား။ ကိစ္စဘဲယော၊ အံ့တကြလျှင် ထေရမနာ ဟစ်ကြွေး ချီးကျူးဖွယ် ကျန်ပါသေးသည် မန္တလေးမြို့ ချမ်းသာကြီးတိုက် ရတနာ့မဥ္ဇူ ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် စံရှင်သော ဆရာတော် အရှင်သောဘိတာဘိဝံသညွန့်ဖူး ပုဂ္ဂိုလ်ထူးသည်လည်း ဆည်းပူးအပ်သောသမ္မာရည် ပါရမီ ပြည့်ဝသဖြင့် ဇိနဒေသနာ ကိုးထောင်ကျော်သော သုတ်မေမွ ဂန္ထနာတို့ဖြင့် တန်းဆာဆင်ပြမ်း အင်္ဂုတ္တရနိကာယ် (၁၁) ကျမ်းကို အံ့မခန်းဉာဏ်ခြေ ယခုနှစ် ပြန်ဖြေရာ ဇေယျာညွန့်ဖူး နှစ်ချင်းပင်ခူးသဖြင့် ထူးကဲသော သမ္မာရှင် အနာဂတ်ဝင်တမော်ကျွန်း သမိုင်းတော်စာတင်ညွန်းရအောင် ပေါ်ထွန်းတော်မူခဲ့ပါသတည်း။

ကျင်းပမည့် ဆဋ္ဌသံဂါယနာဖွင့်ပွဲကြီးအမှီ တိပိဋကဓရ သာသနာ့အာဇာနည် ဂုဏ်ရည်လျှံမြိုး ပုဂ္ဂိုလ်ထူးပေါ်ထွက်သည်ကို နှစ်သက်အားရမ်း လက်ပမ်းပေါက်ခပ်လှမျှ မိမိတို့ကြိုးပမ်းသမျှ အကျိုးထူးရသဖြင့် ဗုဒ္ဓသာသနာ့အဖွဲ့ကြီး ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ကြီးသို့က ဦးစီးဆွေ့ဆောင်ကာ ယင်းသို့လျှင်တိ ရှင်တော်မုနိ တုမရှိ၏ ဩဝါဒ သာသနာကို သန့်ရှင်းထောင် မြှားမြှောင်သော နှစ်ပနိစ္စေဒ ကာလပတ်လုံး မပျက်ပြုန်း တည့်ရှိ၍ ပဋိဝေဓ မမွှေညာ မြိုက်ရသာကို သတ္တဝါအားလုံး ပျူးပိတုံးတို့ စားသုံးနှံ့ရှယ်ချိန် သဒ္ဒါဇော သောက်ထိန်၍ ခြောက်ကြိမ်ခမြာက် ဤယခုအခါ ဤသာသနာ့ရိပ်သာဝယ် ပူဇော်ချီး ပွဲကြီးသဘင် ခမ်းနားစွာဆင်ယင်၍ အကြင် အကြင် သို့သော ဗုဒ္ဓဘတ္တိက ဘုရားတပည့်ရင်း သာသနာရေး အသင်းပေါင်းစုံတို့၏ကိုယ်စား ထုဘီးဝဒလ္လ, ပဋိဘာန ဂါထာမင်္ဂလာစကားတို့ဖြင့် လျှောက်ကြားချီးကျူး လိုကြပါသော်လည်း ‘ရာဇာ အာဂမော’ ဘုရင်မင်း ထွက်လာသောဟု မြွက်ဟောသည့်ပုံ ပမာနနည်းသွားငုံလျက် အင့်ရှုံသံခိပ် အကျဉ်းစိတ်၍ အဘိတ္တဝ မင်္ဂလာစကား လျှောက်ကြားပါသည်ဘုရား။

ဤသည်လျှင် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ အကျိုးတော်ဆောင် စာချီ နိုင်ငံတော်ရွှေနန်းချုပ်ကြီး၏ ထောမနာ စာတမ်းဖြစ်၏။

ဆမိတိယာ ပဓာနေသုပိ၊ လေခကော ကိစ္စကာရကော။
နိစ္စရိ ထောမနာဝါစံ၊ တေပိဋကံ ဗဟုဿုတံ။

## ကုက္ကိုင်း ဗဟန်း ရွှေတောင်ကြားရပ်ကွက် လူထုကြီးက
## အရှင်ဝိစိတ္တသာရ တိပိဋကဓရ
## အာဇာနည် ပုဂ္ဂိုလ်ထူးအား ချီးကျူးအပ်သော
## ထောမနာ ဂါထာများ

(၁) ဒုလ္လဘော တိပိဋကဓရော၊ န သော ဇာယတိ သဗ္ဗဒါ။
အဟော ဥစ္စိနနေ ဆင္ဌေ၊ ဝိစိတ္တသာရ နာမကော။

၁။ ဘဝန္တော သပ္ပုရိသာ၊ အိုသူတော်ကောင်းအပေါင်းတို့။ ဘဝန္တော သပ္ပုရိသာ၊ ကုက္ကိုင်းဒေသ ဗဟန်းဒေသ ရွှေတောင်ကြား ဒေသတွင် အခြေကျလျက် နေကြ သောင်းသောင်း အိုသူတော်ကောင်းအပေါင်းတို့။ တိပိဋကဓရော၊ ပိဋကတ်သုံးပုံ အလုံးစုံကို အာဂုံရွှဲ နှုတ်ငယ်ရလျက် တိပိဋကဓရ အမည်ထူးဖြင့် တသာသနာလုံး ချီးကျူးလောက်သည့် အာဇာနည်ပုဂ္ဂိုလ်ထူးသည်။ ဒုလ္လဘော၊ အလွန်ရခဲပေစွတကား။ ဒုလ္လဘော၊ မြန်မာပြည်သာသနာဝယ် နှစ်ပေါင်းတထောင် ကြာသော်လဲ အလွန်ဘရ ရခဲပေစွတကား။ သော တိပိဋကဓရော၊ တိပိဋကဓရ နာမချီးကျူး ထိုအာဇာနည်ပုဂ္ဂိုလ်ထူးသည်။ သဗ္ဗဒါ၊ အခါကာလ ဟူသမျှ၌။ န ဇာယတိ၊ မဖြစ်ပေါ်နိုင်ချေ၏တကား။ ဆင္ဌေ၊ ခြောက်ကြိမ်မြောက်ဖြစ်သော။ ဥစ္စိနနေ၊တိပိဋကဓရ ရွေးချယ်ပွဲကြီး၌။ ဆင္ဌေ ဥစ္စိနနေ၊ လှုတ်လပ်ရေးပွဲကြီးကလဲ ခြောက်ကြိမ်, သံဂါယနာပွဲကြီးကလဲ ခြောက်ကြိမ်, တိပိဋကရွေးပွဲကြီးကလဲခြောက်ကြိမ် တောက်ထိန်ကာအဆင့်ဆင့် ပေါင်းကြမည့် အခွင့်ကောင်း အခါကောင်းကြီး၌။ ဝိစိတ္တသာရနာမကော၊ ဝိစိတ္တသာရ နာမချီးကျူး တိပိဋကဓရ အာဇာနည် ပုဂ္ဂိုလ်ထူးသည်။ ဇာယတိ၊ မပေါ်ဘူးမြဲ ထူးကဲစွာပေါ်ပေါက်လာခြင်းကား။ အဟော၊ အော်....အံ့ဩဖွယ် ကြီးပါပေတကား။ အဟော၊ သီလ, သမာဓိ, ပညာ ဘုန်းသမ္ဘာကွန့်မြူး ပါရမီတော် တကယ်ထူးသဖြင့် ဩော်....ချီးကျူးဖွယ်ကြီးပါပေတကား။

(၂) ဝိစိတ္တသာရ အာဇည်၊ တိပိဋကဓရံ ဝရံ။
အပူဇယျုံ သမာဂန္တွာ၊ ရွှေတောင်ကြား ဒေသိကာ ဇနာ။

၂။ အာဇည်၊ သာသနာ့အာဇာနည် ဖြစ်တော်မူသော။ တိပိဋကဓရံ၊ ပိဋကတ်သုံးပုံ အလုံးစုံ၌ အာဂုံအမိပွါယ် နှက်ကျယ်စွာ အခန်းခန်းကို ဆောင်စွမ်းနိုင်, သိစွမ်းနိုင်သဖြင့် တိပိဋကဓရဖြစ်တော်မူသော။ ဝရံ၊ မွန်မြတ်တော်မူသော။ တံ ဝိစိတ္တသာရံ၊ ဝိစိတ္တသာရ နာမသညာ ပညာဂုဏ်ကွန့်မြူး တသာသနာလုံး တကမ္ဘာလုံး ချီးကျူးထိုက်သည့် ထိုတိပိဋကဓရ ပုဂ္ဂိုလ်ထူ ကို။ ရွှေတောင်ကြားဒေသိကာ၊ ကုက္ကိုင်းဒေသ, ဗဟန်းဒေသ, ရွှေတောင်ကြား ဒေသတွင်အခြေကျကျနှင့် နေကြကုန်သော။ ဇနာ၊ ဗုဒ္ဓဘာသာ သမ္မာနွယ်ဝင်

သူတော်စင်အပေါင်းတို့သည်၊ သမာဂန္တွာ၊ ကိုယ်တူ စိတ်တူ ကြည်ဖြူသဒ္ဓါ ညီညာဖြာဖြာ စည်းဝေးလာရောက်ကြကုန်သည်ဖြစ်၍။ အပူဇော်၊ တုပ်ဝပ် ကော်ရော် ပူဇော်ကြလေကုန်ပြီ။ အပူဇော်၊ သာသနာနှင့် ကမ္ဘာမှာ လွန်စွာ ရခဲ ကြုံခဲ ဖြစ်ပေါ်ခဲသဖြင့် အနန္တ အဖိုး လှူမျိုးစုံ လူမျိုးစုံ သဒ္ဓါမျိုးစုံ တို့ဖြင့် ကမ္ဘာတခွင်းမှာ တုန်လောက်အောင် စံနမူနာဖော်ရှိမို ခြော်...ပူဇော် ကြပါကုန်၏တကား။

ဤသို့ဖြင့် ကုသိုလ်၊ ဖရွှေတောင်ကြီးရပ် လူတုတရပ်လုံး ဝမ်းမြောက် ရွှင်လန်း ချီးကျူး ပူဇော်ကြကုန်၏။

ဣမိနာ နိယာမေနေဝ၊ မဟာဇနော ပသီဒတိ။
ပသန္နာ ပသန္နာကာရံ၊ ဒဿေတိ ဝိဝိတ္တံ ဝိဇုံ။

---

တာမွေကြီးတိုက်နယ် သာသနာရေး အသင်းအဖွဲ့များ၏
(၁၆၊ ၂၊ ၅၄)နေ့ တာမွေရပ်ကွက်၌ ကျင်းပသော
တိပိဋကဓရ ချီးကျူးပွဲကြီး၌ ဝှံချီးဖတ်ကြားအပ်သော
ထုတိမင်္ဂလာ ပြန်မာ ပါဠိ ဓမ္မဂီတိများ

ပြိုင်။ ။ပထမ

မြရောင်လျှံပြို၊ ပေါ်မိုးယှာင်မြေ၊
ငါးမာရ်ပယ်ရှင်း၊ သနင်းပရမေ၊
ခြောက်ရောင်ယှိန်အိ၊ ဇောတိမှောင်ခြေ၊
မြတ်ဘုရား၊ ဝပ်တွားညွတ်ရှိသေး ။

ဂုဏ်တော်တောက်ကြွား၊ ခြောက်ပါးစုံတွေ၊
ဝေဘူစံပြေား၊ ကျော်ပတ္တမြားပုံအနေ၊
ကြွတိုင်း ကျင့်ငိုင်း၊ တင့်လှိုင်းဂုဏ်သရေ၊
ဆယ်တရား၊ တန်နွားဦးထိပ်ဗွေ။ ။

ဂုဏ်လျှံဖြိုးလက်၊ ကိုးချက်ပုံသေ၊
ရိယာရှစ်ပါး၊ မြတ်ဖွားဘုန်းမေ၊
ကလျာဏဂိုဏ်း၊ သမိုင်းငင်ချေ၊
သံဃာများ၊ ဆံဖွားကိန်းစက်နေ။ ။

ဓာင်ရေးလျှာက်

ဝိဝိနယာ နည်းရုံမြွာသား မြတ်စွာမှုပေါ်၍ ပိဋကတ်ကို ကမ်းခပ် နှောက် မွှေ ဇာနည်ကောင်းရှိအား တာမွေတိုက်တွင်း သူတော်မောင်းတို့ ပေါ်ခင်းကောင်ရော် ရှိပူဇော်၍ ဂုဏ်တော်ဂ်သုဒ် ဖွေသမုဒ်မှ ဝေ့စ်ချော်တုံ သင့်တော်ရုံမျှ အာဂုံရွှင်မြူး လျှောက်ချီကျူးမည် နာဦးလင့်ပ ဖေရ်ဘုရား။

**အခြားတစ်ယောက်**

မာတရော နိမ္ဗုတာ နူန၊ နိဗ္ဗုတာ နူန ဒါယကာ။
ထေရာပိ နိဗ္ဗုတာ နူန၊ လဒ္ဓေါ ယော ပေဟိ ဝိသုတော။

ယာဟိ မာတူဟိ၊ သာသနမိခင် ကျေးဇူးရှင်က ဆာ-ဦးသွင် ဒေါ်ဒေါ်သိန်း မြိုက်ကိန်းဆုမျှော် လော ကုတ္တရာ မယ်တော် ခမည်းတော်တို့နှင့်တကွ ဖြဟ္မာဝေါဟာ ပုဗ္ဗာစရိယ မိဘဂုဏ်ရှင် အကြင် ဦးဆုံ ဒေါ်ဆင်တို့သည်။ ဝိသုတော၊ ဝဋ္ဋသကာ ဓမ္မာစရိယ အစိုးရပဋ္ဌမကျော် နိုင်ငံတော် တိပိဋကရေဟု အထိကရ ထင်ရှား ကျော်ကြားစွာထသော။ ယော သုတော၊ (မ) တထောင်အား တယောက်ဖွားသည့် ယောကျ်ားလူချွန် အကြင်တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ တည်းဟူသော သားမွန် သားမြတ်ကို။ လဒ္ဓေါ၊ ရှေးကုသိုလ် အကျင့်ဟောင်းတို့ အခွင့်ကောင်းကြိုက်ကြုံ ဒွါဒသိမ့်ဇာတာ မြုံဝယ် ရာဇနာပုံ ပပမ္ဗူးသော်ကြောင့် အရယူရအပ်ပါပေ၏။ တာ မာ ဘရော၊ ထိုလောကဓမ္မ သာသနကျေးဇူးရှင် ဂုဏ်အင်မြင့်တောင်း မိခင် ဖခင် အပေါင်းတို့သည်။ နိဗ္ဗုတာ နူန၊ သားဆိုမှသား ဒါဂ္ဂိုသားဟု လက်ဖျားမြှောက်၍ ရှင်ကြည်ကြည်နှင့် ပီတိရည် ကိုယ်စီလိမ်းကြ၍ အငြိမ်းကြီး ငြိမ်းကြကုန်လိမ့်တကား။

ပြိုင်။ ။ က
မေတ္တာရည်သွေး၊ မြတ်မွေးမယ်တော်၊
လေးဖြာပစ္စည်း၊ မြှောက်ချီးကော်ရော်၊
ဂုဏ်ရည်လျှံညီး၊ ခမည်းနတ်ကျော်၊
ဉာဏ်ညွန့်ဖူး၊ သားထူးအရတော်။ ။

ကျူး။ ။ ခ

ဘိ-ဘိဓမ္မာ မြိုက်ရွှေစာတည်း ခါတော်နှစ်ဆက် ပြန်ဆိုလျက်လည်း ချက်တကြိမ်မျှ မထောက်ရပဲ ဒေါ်ဘတွေလျှင် ရှင်၊သုတ်သင်၍ လူရှင်ချီးဝှဲ အံ့တအံလျှင် ပွဲတိုင်းဇေယျော် ရှင်ဉာဏ်တော်ကား တေဇော်လျှံဖိတ် စိတ်ဟိတ် သို့ ဝိသိဋ္ဌဂုဏ်ထူး နစ်စဉ့်ခူးသည် သားထူးတင့်လှသည်ဘုရား။

ကျူး။ ။ ဂ

ယေဟိ ဒါယကေဟိ၊ ဦးမြို-ဒေါ်ဆင် အစတင်သား အကြင်များလောင်း ပစ္စည်းလေးဖြာ ကျောင်းဒကာ ကျောင်းအမ အပေါင်းတို့သည်။ ဝိသုတော၊ ဝဋ္ဋသကာ ဓမ္မာစရိယ အစိုးရ ပဋ္ဌမကျော် နိုင်ငံတော် တိပိဋကဓရဟု အထိကရ ထင်ရှား ကျော်ကြားစွာထသော။ ယော သုတော၊ သားလောက်ချစ်ကြည် မေတ္တာရည်ဖြင့် ယုံကြည်ကိုးစား အကြင်တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ တည်းဟူသော ကျောင်းနေ ဆရာ-တော်ဘုရားကို။ လဒ္ဓေါ၊ ဒွါဒသိမ့်ဇာတာ

မြို့ဝယ် ရာဇာနှာပုံပပမြူးသော်ကြောင့် အရထူး ရအပ်ပါပေ၏။ တေ ဒါယကာ၊ ပစ္စည်းလေးဖြာ ကျောင်းဒကာ ကျောင်းအမအပေါင်း ထိုသူတော်ကောင်းတို့သည်။ နိဗ္ဗုတာ နုန၊ ကျောင်းတော် တည်ဆောက် ရွှေတောင်ပေါက်သို့ ချီးမြှောက်ရကျိုး နပ်ဘိနိုးဟု တင့်ပြုံးသဒ္ဓါ စေတနာတို့ ပြေအမတာ ဆည့်ကိန်းကြ၍ စိတ်အငြိမ်ကြီး ငြိမ်းကြကုန်လိမ့်တကား။

ပြီင်။ ။ က
ကျောင်းတော်တည်ဆောက်၊ ပွဲထောက်နေစဉ်၊
မြိုက်ဗိဇမျိုး၊ စိုက်ပျိုးစီရင်၊
ခေမာကူးတို့၊ ဦးမြို့ဒေါ်ဆင်၊
သဒ္ဓါကိန်း၊ ငြိမ်းလိမ့်နေ့တိုင်းပင်။

ကျူး။ ။ ခ

တိပိဋကာ စွမ်းစုံစွာတည့် ပုစ္ဆာနက်လေး တဆင့်သေးဖြင့် မေးတိုင်းဖြေဟန် နှစ်တိုင်းမှန်၍ မြန်ပြည်ထောင်စု ဗိုလ်လူထုတို့ ဇမ္ဗူ့တိုက်နယ် ကမ္ဘာ့လယ်တွင် တင့်တယ်ခံ့မြှောက် ဂုဏ်ယူလောက်မျှ ထွန်းတောက်ပညီနှိ သမာဓိနှံ့ ဝရဇိန်သွား ကဲ့အလားလျှင် ထူးခြားလောက်လုံ ကျေးဇူးဂုဏ်ကို အာရုံဝတ္ထု စေ့ညည်းပြုနှံ၍ စေတုသံထင် သာဘင်သင်ကဲ့ ဆင်ယင်အံ့မှုး မြိုမြိုကျူးသည် မျှော်ကျူးရင့်ကြမည် ဘုရား။

ကျူး။ ။ ဂ

မယ်ဂဲ သကဒေရပဲ၊ ဥပဋ္ဌာယ်ထင်ပေါ် ဆရာတော်ကိုနှင့် နောင်တော် ညီရင်း မေတ္တာသွင်းကြသည့် သီတင်းသုံးဖော် အကြင်ဆရာတော်တို့သည်။ ဝိဿုတော၊ ဝဋ္ဋသကာ ခမ္ဘာစရိယ အစိုးရပဋ္ဌမကျော် နိုင်ငံတော် တိပိဋကဓရဟု အထိကမု ဟော်ရှား ကျော်ကြားစွာလသော။ ယော သုတော၊ တပည့်အရင်း နောင်ညီရင်းနှင့် သီတင်းသုံးဖော် အကြည်တော်ဟု မြော်ခေါ်မြဲ့ဝင်နှီး ဧကြင် တိပိဋကဓရ အနှင်ဝိစိတ္တသာရာဘိဝံသ တည်းဟူသော ဝဲ ညှိမျိုးသီတင်းသုံးဖော်ချိုးကို။ လခွေါ၊ ဒွါယိမ့် ဧသာမြို့ဝယ် ရတနာပုံ ပပမြူးသော်ကြောင့် အရထူး ရအပ်ပါပေ၏။ ဟော ယေရုပ်၊ ယိုဥပဋ္ဌာယ်ဆရာ မဟာထေရ်မြတ် တို့နှင့်တကွ သဗြဟ္မစာရီ မေတ္တာရည်လောင်း လိုမလေ၏ အပေါင်းတို့သည်။ နိဗ္ဗုတာ နုန၊ တပည့်မိတ်ကောင်း နောင်ညီကောင်းကို ရကောင်းလှစွာ နတ့်ပါဟု ကြည်သဒ္ဓါ မေတ္တာလိမ်းကြ၍ စိတ်အငြိမ်းကြီးငြိမ်းကြကုန်လိမ့်တကား။

ပြိုင်။ ။ဿ သွန်သင်ပြသ၊ တနုပဲ့ပြင်၊
မြင်းမိုရ်တောင်ဦး၊ ကျေးဇူးပုံယင်၊
ဆရာတော်များ၊ စိတ်အားကြည်ရွှင်၊
တပည့်ကောင်း၊ နှစ်ထောင်းလောက်ဖွယ်ပင်။ ။

မှတ်ချက်။ ။[ မြန်မာပြည်လုံးဆိုင်ရာ ဝိပဿနာ အမျိုးသမီး အဖွဲ့ချုပ်ကြီးမှ အမျိုးသမီးများက ကျူးရင့်ဖတ်ကြားသော စာမူ ]

ဤသို့ဖြင့် တာမွေဘိုက်နယ် သာသနာရေးအသင်းအဖွဲ့များ အားရရွှင်လန်းစွာ ချီးကျူးပူဇော်ကြကုန်၏။

ဧဝံ ဟိ ပူဇိကာ သန္တာ၊ ပီတိပုဏ္ဏမနောရထာ။
သာသနေ ဝိသိဋ္ဌံ မိရံ၊ ဝိစိတ္တံ ကောသာရက္ခကံ။

---

## ဆူးလေစေတီတော် အဘိဓမ္မာ ပြန့်ပွါးရေးအသင်းကြီး၏ ချီးကျူးပူဇော်လွှာ သိဒ္ဓမ်

ရွှေနားတော်ဖွင့် –

ပူဇေတုံ သန္နိသိဒါမ၊ ဘဒ္ဒန္တာ ဂုဏသဥ္စယံ။
ယထာဘူတံ ပဝက္ခာမ၊ တံ သုဏာထ ဂုဏာကရာ။

ဘဒ္ဒန္တာ၊ သာကီယဇာတ် အရှင်မြတ်တို့ဘုရား။ ဝါ၊ ဘဒ္ဒန္တာ၊ ဝိနယာဘိဓမ္မ သုတ္တန္တကျမ်းအစုံ ပိဋကသုံးပုံကို နှုတ်အာဂုံ သဘောပေါက်သဖြင့် ဧဝသာကိ သာသနာဝယ် မဟာနှင့်ဝိသိဋ္ဌ တိပိဋကဝိဝိုရ် တစ်ဆိုသလောက် ဂုဏ်ရည်မြောက်သား ဘုန်းတောက်ထင်ရှား အရှင်မြတ်တို့ဘုရား....။ မယံ၊ အဘိဓမ္မာ မြိုက်ရသာကို ကမ္ဘာပြန့်ရေး သဒ္ဓါရှေးရှု၍ အားပေးဘိတောင်း တပည့်အပေါင်းတို့သည်။ ဝါ၊ သဘောအာဂုံ ဉာဏ်စွယ်စုံတို့ ကုံလုံထင်ရှား အရှင်ဘုရားတို့၏၊ ဂုဏသဥ္စယံ၊ သချာများတောင်း ဂုဏ်တော်မြတ်အပေါင်းကို။ ပူဇေတုံ၊ သဒ္ဓါရည်ထူး သာကြည်မြူး၍ ချီးကျူးကော်ရော် ပူဇော်ပါအံ့သောငှာ။ သန္နိသိဒါမ၊ ဆင်မြင်းရထား ကညာအားဖြင့် လေးပါးပြိုင်ညီ သိမ်းလေးလီဘို မမ်နိုင်စွမ်း ဇောခြေလှမ်းဖြင့် သာမြန်းရှေ့ရှု ညီမူစည်းဝေးကြပါကုန်၏ ဘုရား။ ဝါ၊ ပညာလျှင်လျား အရှင်ဘုရားတို့၏။ ဂုဏသဥ္စယံ၊ သချာများတောင်း ဂုဏ်တော်မြတ်အပေါင်းကို။ ယထာဘူတံ၊ လျှော့၍လဲ မလျှောက်ဆို ပို၍လဲ မထုတ်ပြ မှန်သမျှ ဟုတ်သမျှကိုသာလျှင်။ ပဝက္ခာမ၊ သမုဒ်ခွေလည် ငွေနဒီမှ ရေကြည်တပေါက် သုံးယူသောက်သို့ နှုတ်ထောက်

သံချေ မေးဖြေကျူးမျှော်လျှောက်ပါကုန်အံ့ဘုရား။ ဂုဏာကရ၊ မဟန္တာဒရိ ကျေးဇူးဂုဏ်တို့ ပေါင်းဆုံကိန်းပျော် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။ ဝေါ၊ ဂုဏ်းတော်ထင်ရှား အရှင်ဘုရားတို့သည်။ ဟံ၊ ထိုလျှောက်ဆိုဖြား ပူဇော် စကားကို။ သုဏာသ၊ ရှေ့နားဆင်ပါကုန် ဘုရား။ ဝါ၊ သုဏာထ၊ ရှင်တို့ တော်ဇော် ဘုန်းကြောင့်ပေါ်သား ဂုဏ်တော်လုံးညီ ကုံးဖွဲ့သီသည့် ရတ်ခြယ် သန်း နားသွယ်ပန်းကို ဆင်မြန်း ပန်တော်မူပါကုန် ဘုရား။

## လျှောက်ရတု

ဘုန်းပန်းပနံမေ ထိန်ထိန်ဝတည့် စိန္တာဥက္ကဌ် ဝိသုဒ်နဘ်၏ အမြွတ် ကြွာါ သာသနာလျှင် ငါးရာဆယ်မင်း နှစ်တိုင်ချည်းမအောင် လင်းပဝသော ထွန်းစေဩဘုမ နနာစိတ်သန် အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်ကွန်းပြောက် ငြိမ်းကြိ ဆောက်သား မြောက်ဆဉ့်သံဂါယနာ ကလုမ်ဝယ် မဟာတိပိဋက ကောဝိဒ ယည့် ဓရဉာဏ်ကဲ ရွေးချယ်ပွဲတွင် နက်နဲဘိဓမ္မာ ဝိနယာနှင့် ဒီဃာဂမ သုတ္တန္တဒ္ဓိ ဝေယျာညန့်လူ နှစ်ဆက်ယူသား ဝိဒူနွယ်ဖွား အရှင်အားလျှင် မြန့်ပွါး ဘိဓမ္မာ သင်းမဟာမှ သဒ္ဒါထန်ပြင်း ဒကာရင်းတို့ ကောင်းတင်းဗျာဂိ ကြွား လျှောက်သိမည် သာကီညွန့်နွယ်ဖွား ပန်ဆင်တော်မူ ဘုရား။

## မိန့်ခွင့်ဘမည်

မေး။ ။ကိံ နာမ ဝရိယော တဿ၊ ကိံ နာမ တဿ မာတရော။
ကိံ နာမ ဒါယကာ တဿ၊ လဒ္ဓါ ယော ယေဟိ ဝိဿုတော။

ယေဟိ အာစရိယေဟိ၊ မြင်းမိုရ်တောင်ဦး ခေါင်ကကြူးသား ကျေးဇူးများ ဖြင့် အကြင်ဆရာတော်ဘုရားတို့သည်ရင်း။ ယာဟိ မာတူဟိ၊ အကြင်လောက ဓမ္မ သာသနာ့မိခင် ဖခင်အပေါင်း သူမြတ်လောင်းတို့သည်ရင်း။ ယေဟိ ဒါယကေဟိ၊ သေဖြာပစ္စယ ထောက်ပံ့ကြ၍ ဓမ္မဓာတ်ဟူ ဩဝါဒသီဘဂူလို ခံယူဘိအောင်း အကြောင်ဒါယကာ အပေါင်းတို့သည်ရင်း။ ဝိဿုတော၊ ဝဋ္ဋ- သကာ ဓမ္မာစရိယ သိမ်ပဝရနှင့် အစိုးရပဋ္ဌမကျော် နိုင်ငံတော်တိပိဋကဓရဟု အထိကရထင်ရှား ကျော်ကြားစွာတသော။ ယော သုတော၊ ပြည်ထောင်စု ခေါင်သာသနာ့ဝယ် ရောင်ဝါထယ်တင့် ကြယ်တပွင့်ဟု ဆိုသင့်အောင် ဂုဏ်ရည် မြူးသည့် အကြင် အရှင်ဝိစိတ္တသာရာဘိဝံသ တည်းဟူသော ပည့်ထူး သားထူး ဆရာထူးကို။ လဒ္ဓေါ၊ ရှေးကုသိုလ်သမ္ဘာဟောင်းတို့ကြောင့် ဒါယကာင်း ကြိုက်ကြုံ ဒွါဒသိမ့်ဘာတာမြုံငယ် ရတနာပုံ ပပမ္မူကြ၍ အရထူးရအပ်ပါပေ၏။ တဿ၊ ထိုသာသနာ့နဘ်စွန် တိပိဋက ကြယ်တံခွန်ကို ဉာဏ်ရည်ချွန် လက်ရွေး အရှင်ဝိစိတ္တသာရ တပည့်ထူး၏။ တေ အာစရိယာ၊ အာစာရသိက္ခာ ပညာ

တော် အခန်းခန်း သင်တန်းပြ ကျေးဇူးရှင် ဆိုဆရာသခင်တို့သည်၊ ကိုနာမာ၊ ဘယ်သို့ချီးကျူး အမည်ထူး ရှိကြပါကုန်သနည်း။ တသာ၊ ထိုသာသနာ့ ထက်မိုးစွန် တိပိဋက ကြွယ်တံခွန်ကို ဉာဏ်ရည်ချွန် လက်ရဦး အရှင်ဝိစိတ္တသာရတော်ထူး၏။ မာတရော၊ ယုယပိုးတွေး မေတ္တာရွှေးရှဲ့ လေးလောက် ပစ္စည်း ကျွင့်ဆောက်နည်းတို့ဖြင့် မြောက်ချီးနိစ္စ ပံ့ယောက်ကြသား လောကဓမ္မ သာသနာ့မိခင် ဖခင်အပေါင်း သူမြတ်လောင်းတို့သည်၊ ကိုနာမာ၊ ဘယ်သို့ချီးကျူး အမည်ထူး ရှိကြပါကုန်သနည်း။ တသာ၊ ထိုသာသနာ့ ထက်မိုးစွန် တိပိဋကကြွယ်တံခွန် ဉာဏ်ရည်ချွန် လက်ရဦး အရှင်ဝိစိတ္တသာရ ဆရာထူး၏။ ဒါယကာ၊ လေးဖြာပစ္စယ ထောက်ပံ့ကြရှိ ဓမ္မဓာတ်ဟူ ဩဝါဒသိတဂူကို ခံယူဘိအောင်း ဒကာအပေါင်းတို့သည်။ ကိုနာမာ၊ ဘယ်သို့ချီးကျူး အမည်ထူးရှိကြပါကုန်သနည်း။ ပါကို နာမာ၊ ဘယ်ဆရာတည့် ဘယ်အမိ၏သား ဘယ်ဒကာများ၏ အကိုးကွယ်ခံ အဖြေခွန်း သေချာပြန်၍ ပေးဖန် ဉာဏ်ကသိုဏ်းတို့ဖြင့် ကေရာပဒါနံ့ စိသမိုင်းကို အမှန်အတိုင်း မိန့်ဟတော်မူပါလော့။

ဖြေ။ ။အာစရော ဗုဒ္ဓိစက္ကသာ၊ ဓမ္မာစာရီသာ မာတာရော။
ဦးသွင် ဒေါ်သိန်း ဦးဆုံ ဒေါ်ဆင်၊ ဒါယကာ စာဘိမမ္မိကာ။

အမှု၊ အသက်နှင့် စည်းစိမ်ကို တည်ငြိမ်အောင်လည်း၊ စောင့်ရှောက် ဘေးရောက်လျှင်လည်းကိုးရာ ကိစ္စတိုင်းမှာလဲကူညီ ဖခင်လေးလီစုကာ ပသည့် ဥပကာ ရမည့်သီး မိတ်ဆွေကြီး။ ဗုဒ္ဓိစက္ကာ၊ ပညာတော်စက် မြမြထက်၍ အနက်သင့်ခေါ်တွင် သာသနာ့ဝင်ဝယ် အရှင်ပညာစက္က ဓမ္မနာဒထေရ် ကျော် ဆရာတော်တို့သည်။ အသာ၊ ထိုတိပိဋကရေ သာသနာ့အခေ နည်း ဂုဏ်ရည်ဂုဏ်နှင့်လျှပ် အရှင်သူမြတ်၏။ အာစရော၊ မြင်းမိုရ် တောင်ဦး ခေါင်ထက်ကြူး သား ကျေးဇူးများဖြင့် ဆရာကော် သခင်တို့ဖြစ်ပါကုန်၏။ ဓမ္မစာရီ၊ ပိဋကသုံးခွင် ကမ်းဂေဟင်ဝယ် ပြကင်းနေနှတ် လှည့်ခွေ့တော်သို့ မပြတ်နေစဉ် လေ့လာအင်ကြောင့် ခေါ်တွင်နွှတ္တ မည်နာမဖြင့် ပေါ်ဓမ္မစာရီ ဘညီဂုဏ်ချီး မင်းကွန်းဂုဏလေးချောင် ထရာကြီးသည်။ အသာ၊ ထိုတိပိဋကရေ သာသနာ့ အဓောနည်း မထေရ်သူမြတ်၏။ မာတာ၊ အာမိသဓမ္မ ဤနှစ်ဝဖြင့် နှိစ္စပြင်ဆင် သာသနာ့မိခင်သည် ဖြစ်ပါပေ၏။ ဦးသွင် ဒေါ်သိန်း၊ သဘိုးသိရိ သမ္ဘဏ္ဍာ ကျော်ထင်ဆာ-ဦးသွင်-ဒေါ်ဒေါ်သိန်း တို့သည်ကား။ အသာ၊ ငွေသင်္ဂါယနာမှီ အောင်အရထူးသည့် ပဌမဦး စံပြ ထိုတိပိဋက အရှင်သူမြတ်၏။ မာတရော၊ ပစ္စည်းလေးခန်း မပင်ပန် ရအောင် လှူဒါန်းပူဇော် လောကုတ္တရာ ခမည်းတော် မယ်ကော်တို့ ဖြစ်ကြပါကုန်၏။ ဦးဆုံ-ဒေါ်ဆင်စ၊ ဦးဆုံ ဒေါ်ဆင် ခေါ်တွင် မည်ထူး ပုဂ္ဂိုလ်နှစ်ဦးတို့သည်ကား။ အသာ၊ ဆွေဝန်းမျိုးလယ် တန်ခိုး

ကြွယ်အောင် ကိုးကွယ်ခလောက် ထွန်းပေါ်ပေါက်သား ဘုန်းတောက်ကျော်သင် ယို့ တိပိဋကဓရ အရှင်၏။ မာတရော၊ ယုယပိုက်ထွေး မေတ္တာချေးသည့် ချေ့သည့်မိခင် ဖခင်ကဲ့သို့ဖြစ်ကြပါကုန်၏။ အာဘိဓမ္မိကာ စ၊ ဓမ္မကိုသွန်ခုံခန် ဦးခိုနှင့် ဒေါ်ဆင်တို့သည်ကား။ ဒါယကာ၊ ကျောင်းတော်ကည်းဆောက် နဲ့ပ။ပေါက်ခအောင် ချီးမြှောက်ရှည်ကြာ ကျောင်းဒကာ ကျောင်းအမတို့ ဖြစ်ကြပါပေကုန်၏။ အာဘိဓမ္မိကာ စ၊ အဘိဓမ္မာ ဒေသနာမြိုက်ဆေး ပွဲးပြန့်ရေးကို အလေးပြု၍စီရင် အဘိဓမ္မာအသင်းဝင်ဖြစ်ကြသည့် သူတော်စင်ပေါင်း သူမြတ်လောင်းတို့သည်ကား။ အဿ၊ ထို သာသနာ့အာဇာနည် ဂုဏ်ရှည် ထိန်သျှံ တိပိဋကဓရ အရှင်သူမြတ်၏။ ဒါယကာ၊ ဩဝါဒလိုက်နာ ဒါယကာတို့သည်း ဖြစ်ကြပါကုန်၏။ ဝါ၊ ဒါယကာ၊ စတုပါရံ မြတ်သုဒ္ဓိနှင့် သနာဒိပဿ ကိုးလောက်စွာဟု ဩဝါဒါစရိယ မြှောက်တင်ကြ၍ ဓမ္မဩဝါဒ ဆုံးမရာကို သဒ္ဓါသန္နိစင်း နာယူသျှင်းကြသည့် ဒကာရင်းဇောန် မှန်လှကုန်သည်သာတည်း။

ကျူးရင့်သံ။ ။ဒိ- ဝိစိတ္တာ သန်းကြွယ်စွာသား မုတ္တာရွဲပြုံး ပုလဲကုံးသို့ မင်းဆုံးသောကါ မာရင်၏ တိပိဋကာ မြိုက်ရွှေစာကို ကေသရာမင်း ဟိန်းဟောက်လျှင်းသို့ ဖြောက်မြင်းပဲ့ဘိ မြူမရှိပဲ ပရိသတ်လယ် စံစံပယ်၍ နာဖွယ်ချိုမြ ပြန်ဆိုဟသည့် ဘိဿည့်နှ်ဖူး ဘပည့်ထူးဘည့် သာထူးဝိစိုရ် သာနုကိုလျှင် အပတိုမြင့်ခဝး အတိတ်ရှေးက ကံပေးသဖြင့် ရတော်သင့်ဟု ရှင့်အရာတော် မြတ်မသိဘော်နှင့် ဒကာတော်ပေါင်း သူမြတ်လောင်းတို့ သားကောင်းတယောက် ကျောက်စောင်းတစေ့ ကြိုးပ်ကြို၍လျှင် လေ့လေ့အားရမ်း ပီတိလျှမ်းသည် ဝမ်းပမ်းသာလိမ့်မည်ဘုရား။

နှလုံးရည်

မေး။ ။ကိုနူ ခေါ် သမ္မ သော ယေရော၊ ဝိစာရိတော ဟိ သောဂဇတား အယန္တာသံ မိဂိန္ဒောဝ၊ ဝိသာရဒေါ ပြဟာဝနေ။

သမ္မ၊ ဆင်းခဲ့လျှင်ယဲ့ တူမကွာ ချမ်းသာလျှင်လဲ့ တူဘကွ သမာနသုခ ဒုက္ခ ကင်လေ ဖြာတို့ စုံစွာလုံညီး မိတ်ဆွေကြီး။ ဟိ၊ ဂါထာယဉ်ကျေးတ ဝင်ခသွားမှ်၌ တချေးပြောင်းကာ မေးဦးပါအံ့။ ကိန္နု ခေါ၊ဘယ်နှယ်တုံးနော်အအော့ဘာ။ သော ယောရော၊ ပြည်ဆောင်စု သာသနာတခွင်ဝယ် ကမ္ဘာတွင်စံဟင်ပြဲမြောက်သည့် ပဋ္ဌမသက်ဦး ဆုံတိပိဋကဓရ ပုဂ္ဂိုလ်ထူးသည်။သောဂတော၊ ဘုရားရှင်ညွှာ ပရိယတ္တိ သာသနာတော်ကြီး၌။ ဝိစာရိတော၊ ဓမ္မနှင့်စပ်လျဉ်း၍

အရည်အချင်း စံမှီမမီ ခံနိုင်ရည် ရှိမရှိ ပဏ္ဍိတမုန်သောက် ခုံကြီးမြောက်သို့ တီးခေါက်ထောက်လှမ်း စုံစမ်းအပ်သည်ရှိသော်။ အသန္တာသံ၊ မလျှောက်ဝံ့ လျှောက်ဝံ့ နောက်တွန့်တွန့်ပြီး ကြောက်ရွံ့စိုးငြင် မြူမထင်သည်ဖြစ်၍။ ဖြဟာ-ဝနေ၊ လူသူမနီး တောကြီးနက်ခေါင် မြိုင်ညိုချောင်၌။ မိဂိန္ဒောဝ၊ သားတို့သနင်း ကေသရာဇာခြင်္သေ့မင်းကဲ့သို့။ ဝိသာရဒေါ၊ ပညာရဲရင့် ပွဲလယ်တင်သူ မှန်ပါပေသော။ ဝါ-ဝိသာရဒေါ၊ ခဲရာခဲဆစ် အရစ်ရစ်ဝယ် မသစ်မငြိ ချက်တိုင်းထိ၍ အဘိအကျဖြေဆိုကာ ဉာဏ်ပညာ ဝံ့ဝံ့စားနိုင်၍ မရှုံ့ရွံ့သူကေန် မတုန်လှုပ်သူ မှန်ပါ၏လော။

ဖြေ။ ။တိပေဋကော အသန္တာသီ၊ ဝိစာရိတော ဟိ သောဂတော။ သတ္တေ စာပိ မိဂိန္ဒောဝ၊ ဝိသာရဒေါ ဖြဟာဝနေ။

သမ္မ၊ မေတ္တာ ကရုဏာ မုဒိတာဟု မဟာဖြဟ္မစိုရ်မိုး ရွာသွန်းဖြိုးသည့် ချစ်မျိုးမှန်ထွေ ချစ်နှောင်ဆွေ။ ဟိ၊ အဖြေစကား မှန်ရာကိုကြားပါအံ့။ သော ထေရော၊ ပြည်သောင်စုမြန်မာတိုင်းဝယ် ကမ္ဘာတွင် စံထင်ပြလောက်သည့် ပဌမကျော်ဦး ထိုတိပိဋကဓရပုဂ္ဂိုလ်ထူးသည်။ ဝိစာရိတော၊ မေ့နှင့်ပေပ်လုံး၍ အရည်အချင်း စံမှီမမီ ခံနိုင်ရည် ရှိမရှိ ပဏ္ဍိမုန်သောက် ခုံကြီးမြောက်သို့ တီးခေါက် ထောက်လှမ်း စုံစမ်းအပ်သည်ရှိသော်။ သောဂတေ စ၊ ဘုရားဟော ဖော် ပိဋကတ်တော်၌ရင်း။ သတ္တေ စာပိ၊ ပိဋကတ်ဉာဏ် ရင့်သန်စေကြောင်း ကျမ်းတပါး၌ရင်း။ တိပိဋကော၊ တိပိဋက သာသနအာဇာနည် ပီသတော်မူသည်ဖြစ်၍ရင်း။ အသန္တာသီ၊ မဖြေဝံ့ ဖြေဝံ့ အဖြတွန့်၍ ရွံ့ကြောက်စိုးငြင် မြူမထင်သည်ဖြစ်၍ရင်း။ ဖြဟာဝနေ၊ လူသူမနီး တောကြီးနက်ခေါင် မြိုင်ညိုချောင်၌။ မိဂိန္ဒောဝ၊ သားတို့သနင်း ကေသရာဇာခြင်္သေ့မင်းကဲ့သို့။ ဝိသာရဒေါ၊ ပညာရဲရင့် ပွဲလယ်တင်ခဲ့ပါပေ၏။ ဝါ-ဝိသာရဒေါ၊ ခဲရာခဲဆစ် အရစ်ရစ်ဝယ် မထစ်မငြိ စမ်းတိုင်းမိ၍ အတိအကျဖြေဆိုကာ ဉာဏ်ပညာ ဝံ့ဝံ့စားသော်ကြောင့် မရှုံ့ရွံ့သူကေန် မတုန်လှုပ်သူ မှန်လှပါပေသတည်း။

ကျူးရင့်သံ။ ။ဝိ-ဝိမံသာ ရောယှက်စွာတည်း နည်းနာစုံပြွမ်း သုံးပုံကျမ်းဝယ် ဉာဏ်စွမ်းသတ္တိ မည်သို့ရှိဟု ကဝိထေရ်မှန် ဉာဏ်ရှည်ချွန်ယှဉ် စံညွန့်စလောက် ကျမ်းတိုင်းလျှောက်၍ စောထောက်မြသနာ ခဲခက်ရာကို ပုစ္ဆာနက်ဝှမ်း လက်တွေ့စမ်းက ကျမ်းတိုင်း ပြည့်စုံ အောင်စွမ်းပုံကြောင့် အာရုံအာရမ္မဏိက် ကုသိုလ် စိတ်ကို ယိုဖိတ်ရှင်အား ရှင့်ဖြစ်လားကို ဘုရားဇိနေ နိဗ္ဗူ ပျော်၍ ခုသော်ကာလ ပစ္စက္ခဝယ် ဓမ္မသေနာပတိ ထေရ်သာရိ ဒုတိယညီ ပေါ်ခဲ့ပြီဟု ထိုဤတွေးတော ထင်မှတ်စေသည် အံ့ဩရှင်လူ လှမ်းလိမ့်ဘုရား။

မေး။ ။ကိံ နွယာ ဟဒယံ သမ္မ၊ ဓမ္မာဇ္ဈောဟိ သောဘတေ။
ဟေဋ္ဌုပရိယဒေဒေသော၊ ဝိဿုတံ ယဿ သာသနံ။

သမ္မ၊ မကောင်းမြစ်တား ကောင်းရာသာ၍ မကြွားဘူးရာ ကြွားစေပါလျက် နတ်ရွာလမ်းခဉ် ပြသွန်သင်သည့် ဂုဏ်အင်လေးချက် စုံပြည့်နက်၍ အတ္တက္ခယိ မိတ်စစ်ပီသား အကြည်မှန်လျှင်း ချစ်နောင်မင်း။ ယဿ၊ အကြင် တိပိဋကဓရ နာမ်ခေါ်တွင် အရှင်သူမြတ်၏။ သာသနံ၊ စိတ်နေကောင်း အကြံကောင်းနှင့် ဉာဏ်ကောင်းပြည့်စုံ ကောင်းသတင်းဂုဏ်သည်။ ဟေဋ္ဌုပရိယဒေသော၊ ထက်အောက်ညာကျေ ဗမာမြေအနှံ့ အပေ တိုင်းရှိုင် အရပ်ရပ်တို့၌။ ဝိဿုတံ၊ ကျော်ဂုဏ်လိုန် ပေါ်ရန်ပဲဟု အံ့အဲသူငါ ပြောရပါအောင် လွန်စွာထင်ရှား ကျော်ကြားလှပါပေ၏။ အဿ၊ ထိုတိပိဋကဓရ နာမ်ပေါ်ထင် အရှင်သူမြတ်၏၊ ဟဒယံ၊ ပတ္တမြားအသွေး ရောင်လျှံတွေးမည့် သွေးခေတ်ကိန်းပျော် နှလုံးအိမ်တော်သည်။ ဓမ္မာဇ္ဈောဟိ၊ ဘုရားဒေသနာ ရောင်ဝါလျှပ်ဖြိုး နဝရတ်မျိုးဟု ကိုးချက်အင်္ဂါ တရားအဆွာတို့ဖြင့်။ သောဘတေ ကိံ နု၊ ဖူးတိုင်းကြည်ဖွယ် တင့်တယ်တော်မူပါ၏လော။ ဝါ၊ သောဘတေ ကိံ နု၊ ပြည်ထောင်စု ဒီသာသနာဝယ် အာနန္ဒာထေရ်ပဂေး၏ ညီထွေးထွန်းပေါ် ထွက်ခဲ့သော်ဟု သမ္မာတော် မမွဋ္ဌရဘို့ဖြင့် ကမ္ဘာပေါ် စံတင်ပြထိုက်သည့် (ဩ) ဓမ္မာဏ်တိုက်ကြီးသဖွယ် ဖြစ်တော်မူပါ၏လော အဆွေတော်။

ဖြေ။ ။သောဘတေ ဓမ္မာဇ္ဈောဟိ၊ ဟဒယံ ဉာဏဒိတ္တိဘိ။
တေနဿ မာနသံ နိစ္စံ၊ သောဂတေ သမောနတံ။

သမ္မ၊ အကျိုးလိုလား ကျိုးမဲ့ရှားဟု နှုံပါးမွေ့တော သင်းကြိုင်သည့် ရေနံ့သာတို့ဖြင့် အခါခပ်သိမ်း စိုစွတ်ရှိန်ဖြောင် သင်လိမ့်ခဲ့ပေ ချစ်မိတ်ဆွေ။ အဿ၊ ထိုတိပိဋကဓရ သာသနာ့ အာဇာနည် မဟာထေရ် အရှင်သူမြတ်၏။ ဟဒယံ၊ ပတ္တမြားအသွေး ဆောင်လျှံတွေးမည့် သွေးခေတ်ကိန်းပျော် နှလုံးခေတ်ဘောင်အိမ်တော်သည်၊ ဓမ္မာဇ္ဈောဟိ၊ ဘုရားဒေသနာ ရောင်ဝါလျှပ်ဖြိုး နဝရတ်မျိုးဟု ကိုးချက်အင်္ဂါ တရားမြတ်အဆွာတို့ဖြင့်၎င်း။ ဉာဏဒိတ္တိဘိ၊ သဘာဝဝတ္တာန် ပညာဉာဏ်ထွန်းပြောင် အလင်းရောင်တို့ဖြင့်၎င်း၊ သောဘတေ၊ ဖူးတိုင်းကြည်ဖွယ် တင့်တယ်တော် မူလှပါပေ၏။ တေန၊ ထိုသို့ဓမ္မာဇ္ဈောရတနာတို့ ဆောင်ပါထိန်လျှပ် ကိန်းဝပ်စံပျော်ရာ ဖြစ်သောကြောင့်။ အဿ၊ ထိုတိပိဋကဓရ သာသနာ့အာဇာနည် မဟာထေရ် အရှင်သူမြတ်၏။ မာနသံ၊ အတွင်းပိုက်ဖုံး စိတ်နှလုံးသည်။ သောဂတေ၊ ဘုရားဟောဖော် ပိဋကတ်တော်၌သာလျှင်။ နိစ္စံ သမောနတံ၊ အမြဲအစေ ကိုင်ညွတ်၍နေပါ၏။ ပါ၊ နိစ္စံ သမောနတံ၊ လျှောင်းထိုင် ရပ်သွား လေးပါးယာပထ ဖြစ်သမျှဝယ် ဓမ္မဿာသယ ပြဲမ ရွာ ပြည့်ဆောင်စု ဒီသာသနာဝယ် အာနန္ဒာထေရ်ပဂေး၏

ညီထွေး ထွန်းပေါ် ထွက်ခဲ့သော်ဟု သမ္မာတော် ဓမ္မဋ္ဌရတု့ဖြင့် ကမ္ဘာပေါ် စံသင်ပြထိုက်သည့် (ဒြော်) ဓမ္မဘဏ်တိုက်ကြီးသဖွယ် ဖြစ်တော်မူပါပေ၏။

ကျူးရှင့်သံ။ ။ဝိ-ဝိသိဋ္ဌာ ထူးချွန်စွာတည့် လေးပြာယာပိုထ် ဓမ္မဒ္ဓလျှင် စရိုက်မွေ့မလျော် အရှင်ပျော်၍ ဇိနေဒ်မှုနို တုမရှိ၏ တြိပိဋကာ မြိုက်ငွေစားတို့ ကိန်းရှုမှန်လှ သာသာဝန်ကြောင့် ဓမ္မဘဏ်တိုက် သိမ်းစိုးပိုက်သား သမိုက်ပေါပေါ သာသနာ ဝယ် ဘဏ္ဍာဂါရိက ရှုဇေတံဆိပ် မင်းငံလိပ်ဖြင့် ရဋ္ဌသရ ပြည့်မသနင်း စိုးမြင်းတို့ ကောင်းမင်းထွေပေါ် ပူပူ ဇော်က ရှင်တော်မိန့်ချက် သာသနာစက်လျှင် ထဝက်နှောင်း ကျွန် ဒိုတိုင်းမြန်၌ သာနန်ညီထွေး ပေါ်ပြီဟေးဟု ဟင်ကြွေး လူရှင် ပွဲကြီးယမ်သည့် သံထင်လွှမ်းလိမ့်မည်ဘုရား။

ဆုတောင်းမင်္ဂလာ

ဓာရေနူ ပေ ရှု ဇိနေကွဂကံ၊ ပါလေန္တု ဖေဝ်ပိ ဇံ ႀသ သာသန်။
မာနေန္တု မေ့ သနရာ ရှေ ပဇာ၊ ဟာသေန္တု ပုညဋ္ဌ သင်္ဂဟဂ္ဂ္ဂန္ထယံ။

ဘော၊ အိုရှင်လူတပေါင်း သူတော်ကောင်းတို့ ဆုတောင်းနိုဂုံ၊ ဇင်္ဂုတ်ဖုံးပါ ဟော့အံ့။ ထေရာ၊ သာသနာ့အာဇ နည်း မထေရ်တော်များ အ ဦးထား၍ ဝန်း လျားစုံညီ ကြွရောက်ချီသည့် မထေရ်များကောင်း ဆရာတော်ဇ ပေါင်းတို့သည်။ ဇိနစက္ကဝကံ၊ ဘုရားဇိနေဒ် စိန္တေယျော်သျှင် မိန့်ဖော်မြွက်ဟ စက်မေ့၏ ထွန်းပ နိုင်ကြောင်း အစီးအပွါးကောင်း ဟွဲသမျှကို။ ဓာရေန္တု၊ ရှေးထက်တိုး ဆ ထမ်းပိုးလျှင် အားကြိုးအန်ထောင် ရွက်ဆောင်တော်မူနိုင်ကြပါစေကုန်သတည်း။ ဒေဝါပိ၊ သက္က, ဗြဟ္မာ, ပဇာ, ဝရုဏ, ဤသာနက ဂျိဒေဝါ နတ်ဘကာတို့ သည်လည်း။ သာသန်၊ ဘုရားဥစ္စာ သာသနာတော် နှင့် တကွသော့။ ပင်၊ ကျွန်ုပ်တို့အား အထားထား၍ များပြားဗိုလ်လူ ကမ္ဘာ သူ ကမ္ဘာသားအပေါင်းကို။ ပါလေန္တု၊ မြတ်မွေးမယ်ဖွား ဟနယာက်ဘားကို သနားကြင်နာ ကဲ့ပဟာသို့ မကွာနိဗဒ် ဘေးရန်လွတ်အောင် စောင့်ကြပ်ကြည့်ရှု မတော်မူပါစေကုန် သတည်း။ သနရာ မရှေ ပဇာ၊ ဖြဟ္မာနတ် မူ သတ္တဝါဟူသမျှတို့သည်၊ ဓမ္မ၊ ကမ္ဘာ့ငြိမ်းရေး အနစ်အမှန်ပေးနိုင်သည့် ဂုဏ်လေးဆင့် ဖိုဂ်လေးတန် ပဋိယတ် ဘုရားတော်မြတ်ကို။ မာနေန္တု၊ ဩဂမွေးမြူ၍ သဒ္ဓါဇောသက်ဝင်၍ ခိုမင် မြတ်နိုး နိုင်ကြပါစေကုန်သတည်း။ ပုညဋ္ဌ၊ ကျွန်ုပ်တို့ဟား ပွဲတော်ဖြစ်သည့်

ကောင်းမှုထိုသို့ ကုသိုလ်ကိုလည်း။ ဝိန္ဒယံ ဝိန္ဒယန္တာ၊ ထပ်မျှရည်တူ ရတော်မူကြကုန်သည်ဖြစ်၍။ သက်ာ၊ ကိုယ်တိုင်ဆည်းစု ကိုယ့်ကောင်းမှုကဲ့သို့။ ဟာသေ-န္တု၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက် ကြပါစေကုန်သတည်း။ ဝါ၊ ပဟာသေန္တု၊ ကောင်းကင်းဟစ်ချီ နန္ဒီဂီဖြင့် ရှစ်ဒီညီငြိမ့် မိုးကြီးချိမ့်သို့ ယိမ့်သိမ့်သွက်ကာ စက္ကဝါဠ ဘဝဂ်ရှာဘုံ ကိုင်လှုမ်းသောက်အောင် သာဓုစည် ကိုယ်စီရွှမ်းကြ၍ (ခြေသံ) ရွှင်လန်းဝမ်းမြောက်တော် မူကြပါစေကုန်သတည်း။

ဤသို့ဖြင့် အဘိဓမ္မာ ပြန့်ပွါးရေးအသင်းကြီးအလှူ့ ချီးကျူးထောမနာ ခဲ့လေသည်။

အဘိဓမ္မာပြန့်ပွားရေးဝ္ – သမိတိယာပိ သောဂဘာ။
မောဒန္တာ ဝိစိတ္တံ ဝိဒုံ၊ ထောမေသုံ ကဝိပုင်္ဂံ။

---

### အဖှင့်ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်အား
### ရန်ကုန်မြို့ ကုက္ကိုင်းရပ် ဖဟန်းရပ် ရွှေကောင်ကြားရပ်ကွက်
### လူထု ဒါယကာ ဒါယိကာမများတို့က ဆက်ကပ်လှူဒါန်းသော

### ဓမ္မပူဇာ ထုတိသြဘာစာတမ်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။ဓမ္မိဿရ ဓမ္မသာမိ မာရဇိတ္တတ်ထား ရှင်တော်မြတ်ဘုရားသည် ရှည်လျားသံသရာ ကမ္ဘာသချေ် ကြုက်ရေ-ဆိုး မောဟတုံး အမိုက်မှောင် ဘောင်ကိလေသမှုး မြူအခလုးတို့ ဖစ်မြေး၍ နေကြကုန်သော သတ္တဝါဝေနေ ဗိုလ်ချေပင်းတို့အား ဉာဏ်အလင်း မီးရှူးတန်ဆောင်ဖြင့် ထွန်းပြောင်ထိန်လင်း အမိုက်မှောင် ခွင်းစေခြင်းငှါ (ဒွေ မေ ဘိက္ခဝေ) အစ (အပ္ပမာဒေန သမ္ပာဒေထ) အဆုံး ပေါင်းရုံးများစွာ ဒေသနာတော် မေ့ကူန္တာတို့ဖြင့် ဟောကြားဆုံးမတော်မူလျက် သာဝကများ သောင်းထိုက်သားဘို့အား ကျွတ်ဆုမှုည်မှန်း နိဗ္ဗာန်နန်းသို့ မြန်းနိုင်ကြစေငှါ သဒ္ဓမ္မသုံးဖြာကို ဟောကြားကာ နိဗ္ဗာန်နန်းသို့ ကြွမြန်းတော် မူခဲ့သည်ဖြစ်ပါကြောင်း။

ယင်းသို့ ကြွမြန်း နိဗ္ဗာန်နန်းစံဝင်တော်မူသည့်နောက် ဘုန်းဘောက်သခင် ကဿပထေရ်အရှင်နှင့် ညီတော်အာနန် ထေရ်ရဟန်းတို့သည် သုံးဖြာပိဋကတ် ငါးချုပ်နိကာယာ မေ့ကွန္ဓာမ ါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် သတ်မှတ် ပိုင်းခြား ပရိုက်းသားလျက် မင်းဖျားအဇာတသတ် လေးကနုတ်နှင့် ထေရ်မြတ်ရဟန္တာ ပေါင်းငါးရာတို့ နှုတ်သာအာဂုံ ဆောင်ပြီးတုံမှ ပဌမ သင်္ဂါယနာ တင်ခဲ့သည်ဖြစ်ကြောင်း။

ထိုမှတဖန် ကာဠောသောက ဓမ္မာသောက ရာဇာသနင်း ပြည့်ရှင်မင်းတို့ မယှဉ်းကူညီကြသဖြင့် ရှင်မဟာယသ အရှင်မောဂ္ဂလိပုတ္တတိဿ ထေရ်ဘုန်းခေါင် အဆောင်သော ရဟန္တာမထေရ်မြတ်တို့ ဒုတိယနောက် သုံးကြိမ်မြောက် သင်္ဂါယနာ တင်တော်မူခဲ့ရာဝယ် နှုတ်လာအာဂုံ ဆောင်ပြီးတုံမှ ပေါင်းဆုံများစွာ ရွတ်ဆိုကာ ဆင်ယင်တော်မူကြရကား သုံးဖြာပိဋကတ် ပရိယတ်ဓမ္မကွန်ကို ရွတ်ပြန်ဆိုရုံ နှုတ်အာဂုံရ ဆောင်နိုင်ကြသည်မှာ အာသဝကင်းကွာ ရဟန္တာတို့ အရာသာ ဖြစ်ပါကြောင်း။

ယင်းမှတသီး စတုတ္ထနှင့် ပဉ္စမ သင်္ဂါယနာ တင်သောခါလည်း ပေထက်ကျောက်ထက် မင်ရေးစွက်၍ နှုတ်တက်ချိုဆောင် အထောင်သော မဟာထေရ်တို့နှင့် ရာဇာဓိပတိ ဝဋ္ဋဂါမဏိ သီရိထွတ်ဘုန်း မင်းတုန်းဘုရင် စီရင်ဆင့်ကဲ သာသနာတော်ကြက် မြဲသည်ထက်မြဲစေခြင်းငှါ နှစ်ပေါင်းငါးထောင် မြင့်ရှည်အောင်လျှင် နှုတ်ငုံဆောင်မစွမ်းနိုင်မည့်အရေးကို မြင်တွေးတော်မူကြသဖြင့် သေလက္ခရာရှင့် ပဉ္စမသို့ပင် ကျောက်ထက်အက္ခရာဒေသနာအစဉ်ကို ရေးတင်ကာ ထားခဲ့သည်ဖြစ်ပါကြောင်း။

သို့နှင့်ငြားလည်း ဘုရားဒေသနာ ပိဋကတ်သုံးဖြာသည် ဒါယကာရှေးမင်းတို့ ချီးမြှောက်ခြင်း နဂ္ဂဟကြောင့် တက်ကြွနိမ့်တုံ စုန်ဆန်ဟုဖြာ ဖြစ်ခဲ့ရာမှ မိစ္ဆာလက်အောက် တိုင်းမြန်ပြည် ရောက်ရာဝယ် မောက်ပတ္တမြား ချင်းလက်ရောက်အလားသို့ ဆောင်မကြွား မဘင်ပေါ် သာသနာတော် ရှင်ရဟန်းတို့ ဉာဏ်စွမ်းကို မသိရ နိမ့်ကျသည့် ခေတ်သိုးနှင့် အမျိုးမျိုး ကြုံခဲ့ရသည် ဖြစ်ပါကြောင်း။

ယင်းသည့်ခေတ်နောက် သာသနာ တန်ခိုးတောက်စေရန် တိုင်းပြည်မြန်မာပင်းသည် လွတ်သပ်ခြင်း ဖောင်ပန်းကို ဆင်းမြန်းသည်မှအစ တိပိဋကဓရ နှုတ်ရစွမ်းရည် အာဇာနည်ရဟန်းကောင်းတို့ကို ရွေးချယ်ကြောင်းအကြံရသည့် ဗုဒ္ဓသာသနာ့နဂ္ဂဟအဖွဲ့ကြီးမှ ဆဋ္ဌမြောက် ကျင်းပသည့် သာသနာ့အာဇာနည် ရွေးချယ်ပွဲတွင် အရှင်ဝိစိတ္တသာရ နာမတင့်ဆန်း ရဟန်းမြတ်အာဇာနည်သည် မြန်ပြည်နယ် အတွင်း၌ ထင်သင်းစွာ ပေါ်ပေါက်တော်မူလာရကား အဟောဝတ, အစ္ဆရိယ သကျဝံသ သာသနဓဇ ပါကဋတရ ဖြစ်တော်မူသော အရှင်ဝိစိတ္တသာရ မထေရ်မြတ်အား ရန်ကုန်မြို့ ကုက္ကိုင်းရပ် ဗဟန်းရပ် ရွှေတောင်ကြားရပ် ဒါယကာ ဒါယိကာမများတို့က အားရဝမ်းမြောက်ခြင်းလန်းစွာဖြင့် သီလဝန္တ ကလျာဏပုသဇ္ဇ ထေရ်အရှင်တို့၏ သဒ္ဓါစော်ဘ် ရဟန်းခေတ်တွင် အနှစ်တထောင်တွင်မှ တကြိမ်သာပွင့်သော နှယ်နီနုတ်ပန်းပမာ ဆဋ္ဌသင်္ဂါယနာ တင်ချိန်ခါနှင့် အသင့်ကြုံလာ ပုရိသာဇည ဘဏ္ဍာဂါရိက ပိဋကတ်တိုက်နှင်း

ညီခွင်းအာနန္ဒာ မသေရ်မြဲဘ်ပမာသို့ အမှတ်ထားကာ ချီးကျူးပူဇော်ကြသည်ဖြစ်ပါကြောင်း။

အောင်ဇေယတု မြေတုဘဝဂ် နှံ့တက်ကျော်ညာ ပြည်မြန်မာ၌ သာသနာပြုစု ကောင်းမှုအရှင် ဆင္ဒသင်္ဂါယနာတင်ရန် ရည်ရွယ်ပါသော လူထုအစိုးရ သမ္မတကြီး အမှူးရှိသော နိုင်ငံတော်အစိုးရ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးမင်းများသည် သက်တော်ရာကျော် ရှည်သော်ဆက်ဆက် တန်ခိုးတက်လျက် သာသနာတော်အတွက် တိုးတက်ဆောင်ရွက်နိုင်ပါစေသောဝ်။

တိပိဋကဓရ နာမထင်ပေါ် ထေရ်ကျော်ပါဋ္ဌ အရှင်ဝိစိတ္တသာရ မထေရ်မြတ်သည်လည်း သာသနာတော်အကျိုး ဆထက်တိုးကာ သိဿာနုသိဿ တိပိဋကဓရ များစွာပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်ပါစေကြောင်း ကောင်းမြတ်သော မင်္ဂလာသြဘာစာ ပတ္ထနာဖြင့် ဒါယိကာ ဒါယိကာမ အပေါင်းတို့က ချီးကျူးဝန္ဒနာ သိရသာ တုပ်ဝပ်လျက် ဆက်ကပ်လှူဒါန်းသည်ဖြစ်ပါကြောင်း ဘုရား။

ဤသို့ ချီးကျူးလွှာ ဆက်ကပ်၍လည်း ပူဇော်ကြသည်။

ထုတိပတ္တံ ပဒတ္ထာပိ၊ သောဂတာ မောဒမာနသာ။
သာသနေ ဝိသိဋ္ဌမိရံ၊ ဝိစိတ္တံ စိတြဘာဏကံ။

---

အလုံတိုက်နယ် သံဃဒါန ဆွမ်းလောင်းအသင်း

အရှင်ဝိစိတ္တသာရာဘိဝံသ၏

ထောမနာ ပဏာမ ကေးပိုဒ်ရတု

ပါဠိဆရာ ဦးမောင်ကွန်း

ခြောက်သွယ်ရောင်ခြည် ကွန့်ပြူးလည်၍ ငါးမည်မာရ်ယု ရန်ခလုတ်ကို လှန်နုတ်ယယ်ဖြတ် စောဘုန်းမြတ်၏ သီးပွတ်မျက်ရှု ရိုက်ရာတုကြောင့် အနုဇာတ ဆိုထိုက်လှရှင့် မမ္မဘဏ္ဍာ ဂါနိကာ့ဟု များစွာဂုဏ်ဟိတ် မြတ်ဝိသိဋ္ဌဖြင့် ခပ်နိုပ်သင်ပေါ် တိုင်းလုံးကျော်သည် ဆေရ်မော်မဟာ ကျေးဇူးဘောဘ်မှန် တို့ထိပ်ပန်၏ မြမြန်တုံ့ချောင်း ဂုဏ်တော်ပေါင်းဟု ပြန်ပြောင်းကြည်နူး စိတ်ဝမ်းမြူးလျက် ရှိဦးတင်၁ သုံးပြာဒွါရ ပဏာမဖြင့် ညွတ်ကောင်းရေ့ ကျွန်ပူဇော်၍ ထေရ်ကျော်ဆရာ မြတ်ဘုန်းလျာ၏ သချာယုက်ထုံး တွက်မဆုံးသည့် သိမ်းချုံးဖုံ့ ကျေးဇူးဂုဏ်ကို ကြည်ယုံထုံးဟင် ဥဒါန်းဆင်ပိမ့် သောင်းခွင်

ဒီသာ ဤကမ္ဘာတွင် မဟာဝိသိဋ္ဌ တိပိဋက ရေကုဏ်ယူ မွှေးမွှေးကြူသည့် ဇမ္ဗူသောင်းထိုက် လှိုင်စေသော်။

## ချီးကျူးထောမနာ ဩဘာစာ

(၁) ဓမ္မနာဒ သုဝါသီနော၊ တိက္ခဂမ္ဘီရဉာဏိကော။
တိပေဋကပါရဂ်တော၊ နာနာရဋ္ဌေသု ပါကဋော။

(၂) သုပေသလော မဟာပုညော၊ ထေရာဘိထေရပုင်္ဂဝေါ။
ဇယော တိပေဋကဓရော၊ ယော ဒါနိ သမ္ပုဏ္ဏံ ပတ္တော။

(၁) ဓမ္မနာဒသုဝါသီနော၊ ဓမ္မနာဒ မည်ရှေ့ဇေယျ ရွှေဘုံနန်းရိပ် ပလ္လင်ထိပ်ဝယ် စာဘိသိက်ခံ၍ ပွဲကြီးယင်လျက် ကြည်ရွှင်ပျော်မွေ့ ကောင်းစွာ နေတော်မူလေ့ရှိသသော။ တိက္ခဂမ္ဘီရဉာဏိကော၊ ဝရဇိန်လက်နက် မိုးကြိုး စက်ကဲ့သို့ ထက်မြက်စူးရှနက်နဲသိမ်မွေ့သည့် ဂမ္ဘီရစသော ဉာဏ်ပညာလည်းရှိတော်မူပေထသော။ တိပေဋကပါရဂ်တော၊ ပိဋကတ်သုံးတန် တနုံးမှန်တည်းဟူသော သမုဒ္ဒရာ ကမ်းတဖက်သို့ တက်လှမ်းကူးမြောက် ကျကျနနကြီး တတ်မြောက်တော်မူပြီးသသော။ နာနာရဋ္ဌေသု၊ ဥရောပ, အမေရိက, အာရှ၊ အာဖရိက, ဩစတေရိယဟု ဆိုအပ်သော တိုင်းကြီးပြည်ကြီး အသီးသီးတို့၌။ ပါကဋော၊ ပြန့်နှံ့ကျော်ကြား လွန်ထင်ရှားတော်မူပေထသော။

(၂) သုပေသလော၊ စတုပါရိ သုဒ္ဓိသီလ မြတ်ဓမ္မကို ချိန်ဆနှိုင်းစက် အသက်နှင့်တူ ချစ်ကြည်ဖူးတော် မူပေထသော။ ဝါ၊ ကိကီတန္တု ပမာမှုဖြင့် စံပြုနှိုင်းလျှင် ကိုယ့်အသက်ကိုငဲ့ကွက်ကင်းပ သီလစလးအောင် ညစ်ကြေးစင်သဖြင့် ငွေသင်္ခါစစ် ကျောက်မျက်ရစ်သို့ ဆစ်သစ်ဖြူဖွေး ပြစ်မမှေးပဲ မြူလေးမပင် သန့်ရှင်းစင်တော်မူပေထသော။ မဟာပုညော၊ ကြီးမားဖွင့်ပြိုး ဘုန်းတန်ခိုးလည်း ရှိတော်မူပေထသော။ ထေရာဘိထေရပုင်္ဂဝေါ၊ ဇမ္ဗူပေါ်တွင် ပေါ်လွင်ထင်ရှား ထေရ်ဘုရားတို့၏ ရှေ့သွားအစင်္က ဖြစ်ကြီးဖြစ်တော်မူပေထသော။ တိပေဋကဓရော၊ မြောက်ချပ် တောင်ရပ် ရှေ့အရပ်နှင့် နောက်ရပ်ပစ္ဆိမ လေးထွေသာဂရ အဏ္ဏဝလေးဖြာ သမုဒ္ဒရာသို့ ဒီဃာမဇ္ဈိမ ခုဒ္ဒကအင်္ဂုတ် သံယုတ္တနိကာယ် ငါးသွယ်စုပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်ဓမ္မက္ခန္ဓာ သချာကျဉ်းချုံး လုံးစုံပရိယတ် သုံးပုံသော ပိဋကတ်ကို သဘောနက်ကျယ် ကျမ်းပင်ဂဏ်တို့၌ ဘယ်ဝယ်မကြွင်း ခပင်းဥဿုံ လုံးစုံများစွာ အာစရိယဝါဒ အတ္ထနောမတိ ဂဏ္ဌိယောဇနာ သဘောပါလောက်အောင် ဘဒ္ဒါကစွည်း နေတ္တိနည်းနှင့် တောဒည်းအဘိဓာန အလင်္ကာရ နယစည်းမျဉ်း ဇယ်နင်း၍ ပေါက်ထွင်း နှစ်မြှုပ် မိပ္ပါယ်ချုပ်နှင့် ကျနသေချာ သွေ့မကွာအောင် ဆောင်တော်မူပေ

ထသော။ ယော ထေရော၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာ-ဘိဝံသ အကြင်မဟာထေရ်မြတ်သည်။ အတ္ထိ၊ အမှန်မသွေ ရှိခဲ့ပေ၏။ သော ထေရော၊ ထိုမထေရ်မြတ်သည်၊ ဧယော၊ ပါရမီအစွမ်းဖြင့် အောင်ပန်းဆွတ်ယူ အောင်လံထူ၍ အောင်မြင်တော်မူပြီ။ ဒါနိ ဣဒါနိ၊ ယခုကာလ၌။ ဝါ၊ သာသနာတော်နှစ် (၂၅၀၀) ပြည့်ဝချိန်နီး ယခုအခါကြီး၌။ ဝါ၊ သမ္မတခေတ် ရောက်လင်ကြုံလာ ယခုအခါ၌။ သမ္ပုဏ္ဏံ၊ ပိဋကသုံးပုံ လုံးစုံပြည့်ခြင်းသို့။ ပတ္တော၊ ကောင်းစွာမသွေ ရောက်တော်မူပေပြီ။

(၃) ခမိတွာန လောကဓမ္မံ၊ ယုဂကာလေဝ တေ တယော။
နိကာယာဒိ ဂန္ထသံပုံ၊ ဓိဆုရမ္မေန သိက္ခိတံ။

(၄) သာသနဿ စ လောကဿ၊ ကာလေ ခေါ ဟိ မဟာဝီရ။
ဂဝေသနေ ဝဍ္ဎနတ္ထံ၊ ဗဟုံ ရက္ခေထ သာသနံ။

ဟိ၊ သာသနာအကျိုး ပွါးတိုးရန်အကြောင်း အခွင့်ကောင်းကို ကပ်လောင်းသော ချော့ကျက်ဆိုပါအံ့။ ဘန္တေ၊ တိပိဋကဓရ သီလသမာ များစွာစုဆောင်း ဂုဏ်တော်ပေါင်းကြောင့် ချော့ကောင်းကပ်လာ များသိဿာကို နေတ္တာကရုဏာ နုဒယာဖြင့် ဩဝါဒသြန်ပေး အမြိုက်ဆေးကို တိုက်ကျွေးပေတော် အရှင်မြတ်ဘုရား။ သ သနဿ စ၊ အပ္ပမာဏဇိတ ဗုဒ္ဓဟောပင်မ၌ မာရ်ငါးဝစ်သည်ကို ဒါနစည်ခတ်တီးလျက် အောင်မြင်တော်မူပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သုံးရပ်သာသနာ အံ့ရှစ်ဖြာ၏ရင်း။ လောကဿ စ၊ သတ္တသခါ ဩကာသာ၊ ဟု သုံးဖြာလောက ဟူ မျှတွင် အကျုံးဝင်ရ သတ္တလောက၏ရင်း။ ဝဍ္ဎနတ္ထံ၊ စည်ပင်ပြန့်ပွါး အကျိုးများ၍ တိုးပွါးခြင်းအကျိုး ငှါ။ ဂဝေသနေ ဂဝေသနေန၊ လုံးလကြိုးကုတ် အားထုတ်၍ရှာမှီးတော်မူထသော။ တေ တယော၊ ရှေးကုသိုလ်ကံ စီမံဖန်တီး ဘုန်းကံကြီးမား အရှင်ဘုရားသည်။ ဝါ၊ ချီးကျူးအံ့ဖွယ် သံဃာ့လယ်၌ တင့်တယ်ခိုင်ဖြိုး ကြီးမားကျေးဇူး ဂုဏ်ထူး ရှိပေတော် အရှင်မြတ်သည်။ ယုဂကာလေဝ၊ ပျို့မျှစ်နုနယ် ငယ်ရွယ်စဉ်က ရှေးသမယကပင်လျှင်။ ဝါ၊ ရဟန်း အဖြစ်သို့ ရောက်ရာသမယ ပျို့မျှစ်သော အခါ ကာလကပင်လျှင်။ လောကဓမ္မံ၊ လာဘာလာဘ စသည်ရှစ်ဘန် လောကဓံ ကို။ ဝါ၊ သတ္တဝါသာမန် ပုထုဇန်တို့ သည်းခံခဲလှ လာဘာလာဘ နိန္ဒာပသံသံ သုခံ ဒုက္ခံ လောကဓံကို။ ခမိတွာန၊ မျိုသိပ်ယယ်သုန် သည်းခံတော် မူပြီး၍။ နိကာယာဒိ ဂန္ထသံပုံ၊ ဒီဃ၊ မဇ္ဈိမ၊ ပဉ္စမဟု သုံးဝ ဝဒန ကိုးဝအင်္ဂါ ရှစ်ဖြာ သောင်းပေါင်း လေးထောင်ဆောင်းသား ငါးပါးနိကာယ် သွယ်သွယ်များစွာ အစဖြာသည့် နာနာသိပ္ပ ကျမ်းဟူသမျှကို။ ဓိဆုရမ္မေန၊ အရှိုးကြေကြေ အရေ စုတ်စုတ် မဆုတ်မနစ် အားသစ်ကြံခိုင် ဝီရိယထည်းဟူသော မဏ္ဍိုင်ဖြင့်။

ဝါ၊ သာသနာ့ရေ မြေ့မှာဇ၏ ဝေပုလ္လအရေး မနေ့မကန် သတ္တိချွန်၍ အားအန်ကြိုးကုတ် မဟုဿာဟ လုံ့လသည့်ဆော် သက်တော်အာယုဉာဏ်မပြုပဲ ဂရုဏာ သီဟရာဇာ ကောသရာ ဂုဏ်စံ အသုံမာန်နှင့် ဟန်ပုံပမိတ သဒ္ဒါဖြစ်သော ဝိရိယ မမြှတ်ဖြင့်၊ သိက္ခိတံ၊ သင်ယူအပ်ပါပြီ။ ဝါ၊ အာစရိယဝါဒ လာရှေ့ပြေ ဒေသနယမှု ရရှိလေအောင် သင်ယူအပ်ပါပြီ။ မဟာဝီရ၊ ကြီးခိုင်မြင့်မြတ် လုံ့လဓာတ်ရှိတော်မူသော အရှင်မြတ်ဘုရား၏။ ကာလော ခေါ၊ သာသနာ့အကျိုး ပွါးတိုးဖို့ရန် စံမံနိုင်ကြောင်း အခါကောင်း ကြုံကြိုက်ခဲ့ပါပြီဘုရား။ သာသနံ၊ ဘုန်းမြတ်စွာ သုံးလူ့ဘာ၏ ရှစ်ဖြာအံ့ဖွယ် သုံးသွယ်သော သာသနာတော်ကြီးကို။ ဗဟုံ၊ များပြားစွာ။ ဝါ၊ ရှေ့ညှိမျှ ညှိသာဟု မရခြားကွာ များလှစွာ၊ ရက္ခေထ၊ အံ့ဖွယ်ရှစ်ဖြာ သာသနာ၏ စေ့ခါနေ့ခင်ရေး ဖြစ်မည့်အားကို ထောက်ထွားမျှော်၍ စောင့်ရှောက်တော်မူပါကုန်ဘုရား။

## ဆုတောင်းပတ္ထနာ ပို့မေတ္တာ

(၅) ယာဝဇီဝံ အပ္ပါဗာဓော၊ ဘဝံ ဟောတု ဒီဃာယုကော။
သုခီ သတ္တဥ္စ ရက္ခတံ၊ မဟုဿာဟေန သာသနံ။

ဘန္တေ၊ အရှင်ဘုရား။ ဘဝံ၊ အရှင်မြတ်ဘုရားသည်၊ ယာဝဇီဝံ၊ သက်တော်ရာကျော် ရှည်သမျှ ကာလပတ်လုံး။ အပ္ပါဗာဓော၊ ရှင်ဗာကုလ ထေရ်လှုမြတ်စွာ ရဟန္တာကဲ့သို့ အနာရောဂါမရှိ ပကတိကျန်းမာသည်။ ဟောတု၊ မေတ္တာရေဓာတ် ကိုယ်မှာကိန်း၍ စင်စစ်မသေ့ ဖြစ်တော်မူပါစေသတည်း။ ဘန္တေ၊ အရှင်ဘုရား။ ဘဝံ၊ အရှင်ဘုရားသည်။ ယာဝဇီဝံ၊ အသက်ရာကျော် ရှည်သမျှ ကာလပတ်လုံး။ ဒီဃာယုကော သုံးလူ့ဘာ၏ ညီလှမြတ်စွာ ရှင်အာနန္ဒာကဲ့သို့ ရှည်ကြာသော သက်တော်ရှိသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဘန္တေ၊ အရှင်ဘုရား။ ဘဝံ အရှင်မြတ်ဘုရားသည်။ ယာဝဇီဝံ၊ သက်တော်ရာကျော် ရှည်သမျှကာလပတ်လုံး။ သာသနဉ္စ၊ ဘုရားနှုတ်ထွက် မွေးက်အာဘော် သာသနာတော်မြတ်ကြီးကိုရင်း။ သတ္တဥ္စ၊ သတ္တဝါဝေနေ များဗိုလ်ခြေကိုရင်း။ မဟုဿာဟေန၊ သူမဘူတန် နိုင်းစံမရ ကြီးကျယ်မြင့်မြတ် လုံ့လဝီရိယဓာတ်ဖြင့်။ ရက္ခတံ ရက္ခတု၊ ဒယာမေတ္တာ ကရုဏာဖြင့် လွှန်စွာချီးမြှောက် စောင့်ရှောက်တော် မူနိုင်ပါစေသတည်း။ ဝါ၊ သာသနာ့ကျိုး ကိုယ်တော်ကျိုးကို မွှယ်ကိုးပင့်ထောက် စောင့်ရှောက်တော် မူနိုင်ပါစေသတည်း။

ဤကား ပါဠိဆရာ ဦးမောင်ကွန်း၏ ဩဘာစာနှင့် မေတ္တာပို့စကားရပ်ဖြစ်သည်။

ဦးမောင်ကွန်းမာဂဓိကောပိ၊ ပေါရိယာ သံကထာယာပိ။
ဝိစိတ္တံ အဘိပူဇေသိ၊ ပူဇာ ဘာဇနမုတ္တမံ။

## ရန်ကုန် နေပြည်တော်
## သိမ်ကြီးဈေး၊ သမဂ္ဂ မာတလိအဖွဲ့ကြီး၏
## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
## အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်အား
## ဂုဏ်ပြုချီးကျူးသော
## ထောမနာစာတမ်း

အပရိမေယျ အသင်္ချေယျ ဂုဏ်ပေါင်းရှိသည့် သုံးလောကမျက်ရှု သဗ္ဗညု မြတ်ဘဂဝါသည် နတ်ပြဟ္မာ အလူလူ ကျက်ထိုက်သူအားလုံးတို့ကို တရားဖုံးလွှတ် ကြဲလျက် ကျွတ်ပွဲကြီးအတန်တန် ခံတော်မူပြီးလျှင် နိဗ္ဗာန်ဝင်စံမည့် ဆဲဆဲတွင်မှ ဟာဒယမှနေ၍ ကြည်အေးသော နှလုံးတော်ဖြင့် အဆုံးသတ် ဩဝါဒစကား မှာထားတော်မူခဲ့သည်မှာ—

> ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော
> ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

အမှာတော်ပါဠိဖြင့် ငါမရှိသည့် နောက်ကာလ၌ ထာဝရပူဇော် ဤပိဋကတ်တော်သုံးသည်ပင် သာသနာတော်တွင် ဘုရားဖြစ်၍ ထိန်းသိမ်းများစွာ သတ္တဝါတို့ကို လမ်းပြလျက် နန်းအမြဲ အောင်မြင်သို့ ဆောင်ပို့တော်မူကြပေလိမ့်မည်ဟု မိန့်ရည်ပြဋ္ဌာန်း သာရှင်လန်း၍ မှာတမ်းတော် ထုတ်ခဲ့သည်ဖြစ်ပါကြောင်း။

ဤသို့ဖော်ပြ မြတ်ဗုဒ္ဓအမှာရှိသဖြင့် ပါဠိတော်မိန့်သံ ဓမ္မက္ခန်ပိဋကတ်သုံးကို ပင် ကျက်မှတ်သရဇ္ဈာယ် နှုတ်တော်ဝယ် အောင်ဆောင်လျက် မြဲမြဲမြောင်လှစွာ အရိယာသာဂဏ နှင့်မဟာကဿပစသော ရဟန္တာ အသီးသီးတို့ကပင် အလုပ်သာလျှင် ပဓာနဟု သာသန ဆန့်ကျင်ဘက်ဖြစ်သော အဓမ္မဝါဒီ အလဇ္ဇီ အသင်းအပင်းတို့နှင့် ကင်းရှင်းအောင် အဆက်ဖြတ်လျက် တဖက်သတ်အနေ ဥပဒေ နယ်ကျူးစေပဲ ကိုယ့်တာဝန် ကိုယ်သိမည်ဟု ကိုယ်ဘီရင်ဘိ သာသနာ တော်၏ အသက်သွေးကြောဖြစ်သော တိပိဋကဓရ သာသနာ့ လမ်းစဉ်ဖြင့် သင်္ဂါယနာတင် ချီးမြှောက်ခဲ့ကြရုံမက သာသနကိစ္စ ဝေပုံကျ ပြီးစီးအောင် အသီးသီးချိမည်ဟု ဒီဃဘာဏက စသည်တိုးချဲ့ အစည်းအရုံးဖွဲ့လျက် တကွဲ လက်ခွဲစင် သာသနာတော်ဖြစ်စေရန် အလို့ငှါ ဒေသနာတော်ပိဋကကို နှုတ်တက် ရ အာဂုံဆောင်ခဲ့ကြသည် ဖြစ်ပါကြောင်း။

ဤသို့ဖော်ပြ သာသနာ့ကျက်သရေ တိပိဋကဓရပုဂ္ဂိုလ်တွေ ခေတ်စားလျက် နှစ်အားဖြင့် အလွန်ကြာညောင်းသည့်တိုင်အောင် သာသနာရောင် မလျော့ကျ

နှုတ်တက်ရ အာဂုံဓောတ် ဖြစ်သည်အားလျော်စွာ သီဟိုဠ်မှာ သူပုန်ထသည့် ဗြာဟ္မဏတိဿအရေးတော်ကြီး၌ပင် အသီးသီးသော တိပိဋကဓရတို့ သာသနာ နောင်ရေး စိတ်မအေးပဲ ကြံတွေးမြော်မြင် ဗိုက်အောက်တွင် သဲကို ခုလျက် လဲပြိုလုမတတ် ဖြစ်ခဲ့သော သာသနာတော်ကြီးအတွက် ကိုယ်အသက်ကို ပဓာန မထားပဲ သဒ္ဓါအား လက်ခရွေးဖြင့် သက်ပေးသကျေးတော် မူခဲ့ကြရသည့် ဖြစ်အင်ကိုလည်း သာသနာဝင် နေ့ာက်ကြောင်းတို့ကပင် ပြန်ပြောင်းကာ သက် သေခံလျက် ရှိပါကြောင်း။

ဤသို့ ဖော်ပြသည့်အတိုင်း ရှေးသမိုင်း သာသနာဝင်အနေ တိပိဋကဓရ ပုဂ္ဂိုလ်တော့ ပေါ်ပေါက်ခဲ့ဘူးလင့်ကစား ဘုရားသာသနာ တစေတစ ဆုတ် ယုတ်လျက် ဘတ်အုပ်နှင့် ပေစာခေတ်သို့ ဆိုက်ရောက်လာသော အခါ၌လား သဒ္ဓါအားသတိဝီရိယမထက်သဖြင့် တိပိဋကဓရအဆက်လည်း ပြတ်စဲသကဲ့သို့ ဖြစ်ခဲ့ပါကြောင်း။

ဤနည်းအားဖြင့်ပင် သာသနာဝင် ပခြေအမြစ် တိပိဋကဓရခေတ်အခြေမှ ကင်းသဖြင့် ရှေးလမင်း တိမ်ဖုံးသည့်အလား တိပိဋကဓရ ပုဂ္ဂိုလ်များ မှုပ် ကွယ်၍ လာခဲ့ရာ မြန်မာပြည် လွတ်လပ်ပြီးနောက် ယခု ပြည်ထောင်စုခေတ်သို့ အရောက်တွင်မူကား တိပိဋကဓရ ကောလာဟလ ဖြစ်ပွါးသဖြင့် ဘုရားသာသ နာ မယုတ်ရအောင် ဗုဒ္ဓသာသန အဖွဲ့ကြီးကပင် မြန်မာပြည်တွင် ထူးကဲမည့် "ဤတိပိဋကဓရ ရွေးချယ်ပွဲကြီး"ကို ကျင်းပလာခဲ့ရာ ဂုဏ်ဖြောက်နိုင်တောက် ဤယခုခြောက်ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင်မှ ပဌမဦးစွာပြ အာဒိကမ္မိကအဖြစ်ဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတဝင္ဂသင်္ကာ စမ္မာစမ္မ အစိုးရ စမ္မာရီယ ပဌမကျော် ဤ မင်းကွန်း ဓမ္မနာဒအာရာမတော် အရှင်ဝိစိတ္တ သာရာဘိဝံသသည်ပင် ထိပ်ခေါင်တင် တိပိဋကဓရ ဟောဝိသဇ္ဇနာဝိဒူစသည်ခဲ့ သည့်အတွက် ကျွန်ုပ်တို့လက်ထက် သာသနာတော်ကြီးသည်ကား ခန့်သားစွာ တန်ခိုးထွက်လျက် တိုးတက်ဖို့အကြောင်း အခွင့်ကောင်း ကြိမ်ကြိုက်သာ ဖြင့် တိမ်တိုက်မှ လွတ်မြောက်သော လမင်းကဲ့သို့ တဖြောချင်းပင် အရောင်ဝိုး တိုးတက်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ရပါကြောင်း။

ဤကဲ့သို့ ဖော်ပြခဲ့သည့် အားလျော်စွာ သာသနာ့စံပြ ရှေးဦးပဌမ ပေါ် ထွက်လာသော ဤတိပိဋကဓရဦး ဝိစိတ္တသာရ အရှင်မြတ်ကိုပင် မြန်မာပြည်တွင် ပဌမစံရသည့် ရခဲသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ပါတကားဟု သဒ္ဓါအား ထက်သန် ကိုယ်ပိုင်ဉာဏ်အခြေဂုဏ် မချိုကြုပါသော ရွှေကိုမြို့ သင်္ကြန်စျေးသားဂုဏ်ဒါယမျှ မဘာလိ အင်အားစုတို့က ထင်ရှားမှုကို ပဓာနမထားပဲ "တရားကိုပူဇော် လိုလျှင် ဧကြွားအမြင်ပြည့်သည့် တိပိဋကဓရ ပုဂ္ဂိုလ်ကိုသာ ပူဇော်လေ ပူဇ္ဇာ" ဟု မြတ်ဘုရားညွှန်ပြသော သြဝါဒစိတ်ထုံးကို နှလုံးသွင်းဆင်ခြင်လျက်

အသွန်ပင်ရခဲသော ဤတိပိဋကဓရ ဓမ္မပူဇာ မင်္ဂလာ ဂုဏ်ပြုပွဲကြီးကို ဘဲနက်သော လူထု၏မျက်မှောက်၌ နိဗ္ဗာန်ပေါက်ရည်မှန်းလျက် ပဌမတန်း ထူးကဲအောင် ချီးကျူးပွဲအခန့်ဖြင့် ကျင်းပကြပါကြောင်း။

ဤသို့ဖော်ပြ ဓမ္မဝိဋ္ဌာန် အမြင်မှန် အတွေးနက်ကြသော ဈေးသမဂ္ဂဆိုင်ရာ လူမျိုးခုံပါဝင်သော ဤသိမ်ကြီးဈေးရှိ လူထုကြီးတရပ်လုံးက အမြတ်ဆုံးဖြစ်သော တိပိဋကဓရ ပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သည်း ကျေညာပွဲသဘင် တူရိယာတို့ဖြင့် မြန်မာသက္ကရာဇ် (၁၃၁၅) ခု၊ ..................လ၊ ရက်...... ......နေ့တွင် ဗုဒ္ဓသာသနာ့အဖွဲ့ရုံးတည်ရာ ဤသာသနာ့ရိပ်သာဝယ် ဓမ္မာရမ္မဏ ပြည်အနေတရည်ဘူးလျက် ချီးကျူးဂုဏ်တင် အောင်ပွဲဆင် ပူဇော်ကြပြီးဖြစ်ပါသောကြောင့် လူထုဗိုလ်ပုံ မင်းပေါင်းစုံ ပရိသတ်တို့နှင့်တကွ သက္ကစ္စ ပဇာဝရှေ ဆကာမာဝစရ ထိုသို့အရပ်ရပ် ဗြဟ္မာအထ လေးနက်စွာ ဂုဏ်ပြုသကဲ့သို့ သာဓုခေါ် ဆူညံ ကောင်းချီးသံ အောင်နိမိတ်တို့ဖြင့် အောင်ဘိသိက် သွန်းတော်မူကြစေကုန်သောဝ်။

ဤကား သိမ်ကြီးဈေး သမဂ္ဂ မာတလိအဖွဲ့ကြီး၏ ထောမနာစာတမ်းဖြစ်၏။

> မာတလိသာဒိတီကာပိ၊ ဝိစိတ္တံ ပေဋကံ သုမိံ။
> ထုတိံ ကရောန္တိ မောဒန္တာ၊ သောဂတာ တုဋ္ဌမာနသာ။

---

၁၃၁၅-ခု၊ တပို့တွဲလပြည့်ကျော် ၉-ရက် (၂၇-၂-၅၄) ရက်

ဝန်ကြီးချုပ် မဲဆန္ဒဟ်ကျိနယ် လမ်းမတော်ရပ်ကွက်မှ

တိပိဋကဓရ ဓမ္မပူဇာပွဲကြီးတွင် ဓွဲချီဖတ်ကြားအပ်သော

**အဘိဝတ္ထ မင်္ဂလာ ထောမနာစာတမ်း**

(သိဒ္ဓမ်)။ ။အောင်သူတကာတို့၏ မဟာအဂ္ဂိန္ဒာဝိဂတိ သိဒ်ိမကုဋ္ဌ အတုလဝဠ္ဌသကာ မင်္ဂလာဒီပဝရ အသာဒိသာမှန်ကင်း သုံးလောကတိုက် အတွင်းဝယ် မင်းဆုံးမွေရှင် ဘုန်းလျှံသစ်သော ရှင်ချစ်ပရမေ သုံးလူ့ဆွေသည် အောင်မြေမင်္ဂလာ ဒေသဉ်အပရာဇ္ဈ ငါးဖြာသောမာရ် တွင်းပရန်ကိုတွန်းလှန်ဖြိုခွင်း အောင်တပ်တော် ခင်းပြီး၍ စာဆင်းဤမျှ မှန်၍ မပြနိုင်လောကအောင် သတ္တမျှားစွာ ကျွတ်ထိုက်သူ ဝေနေယျာတို့ကို ပဉ္စာဓိကတာလီသဝါ ကာလကြာအောင် ဓမ္မာမတ မြတ်ဆေးငှ၍ ပစ္ဆိမဇနတာ များစွာ ဝေနေ ယျတဝတ္ထု မျက်ချေမပျောက် ကိုယ်တော်နောက်မှ တောက်လျှောက်

ဆက်ကာ လိုက်စိမ့်ငှါဟု သုံးဖြာပိဋက ဓမ္မတရား ကိုယ်တော်ပွါးကို တည်ထား သမှု နိဗ္ဗာန်နန်း ငြိမ်းကြီးပြုခဲ့၍ အနုပါဒါ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း အောင်ပွဲကြီး သိမ်းခဲ့ပါသတည်း။

မဟာသကျ ဓေဝသီဟလျှင် အမတနိဗ္ဗာန် ကိန်းစံပျော်က ထေရ်ကျော် ရဟန္တာ မဟာကဿပ သံဃိန္ဒနှင့် အဇာတသတ်မင်း ဆရာဒကာရင်းတို့ အချင်းချင်းညီမျှ အမှီရ၍ ပဌမသံဂါယနာ မဟာသဘင် ပွဲကြီးယင်သည်မှ တိုင်းခွင်မဇ္ဈိမ သီဟဠနှင့် မြန်မာ့ရပ်ဌာန် ပေါက္ကံမြင်းစိုင်း စဉ်ခဲ့လှိုင်း၍ သမိုင်း ရင့်ကြွေး ဗျာဒိတ်ပေးခဲ့သော မန္တလေး ရတနာပုံ ရွှေဘုံသိခရ ဘူသေဋ္ဌဝယ် ဒုတိယနန်းစံ ဘိသိက်ခံသော မာရ်အောင်ရတနာစေတီတော် ဒါယကာ မင်းတရားလက်ထက်တိုင် အဆက်ဆက်သော ဆရာ ဒကာတို့ မြတ်စွာဇိနပိဋကကို မိမိရရ အခွင့်ကြီးမြောက်အောင် ပင့်ချီးမြောက်စံ ဥဿာဟန်ကြောင့် သမ္ဗုဒ္ဓ သာသနာအခါင်သည် ရာအထောင် ရဝိန်စက်ကဲ့သို့ အရှိန်တလက်လက် ပထွန်းလျှံစဉ်ဝယ်။

အပရာဇျန်းစံ ဗာဟီမင်းတို့ မြန်မာပြည်ခပင်း လုယက်အုပ်သဖြင့် သူ လက်ခုပ် ရောက်သည့်ရေကဲ့သို့ နောက်ကျိတွေ ရှင်လူအလုံးတို့ ကြိမ်မီးအုံးသဖြစ် ပမာကဲ့သို့ အနှစ်တရာ ညိုမှောင်သန်းခိုက်တွင် ဗိုလ်အောင်ဆန်းအမှူးပြုသော ပြည်ထောင်စုညီနောင်များတို့ မပြားသောဆန္ဒ သမဂ္ဂအလုံးညီကြ၍ နှလုံးရည် ထိုတိုက်ပွဲတွင် ဗိုလ်ဆဲ့ကာ လျှံခြည်ပြောင်ခဲ့သဖြင့် မြန်ပြည်ထောင် စပန်သစ် ခဲ့သော ပဌမနှစ် အခါတော်ကပင် နိုင်ငံတော် သမ္မတကြီး, ဆာဦးဘွင်, နိုင်ငံ တော် ဝန်ကြီးချုပ်တို့ နာယကဥက္ကဋ္ဌ-ပြု၍ ပြည်ထောင်စု၏ တရားစက်တွင် ဖွားဘက်တော် သမုတ်ပြုလောက်အောင် “ဗုဒ္ဓသာသနာနုဂ္ဂဟ” အဖွဲ့ကြီးက ဆယ့်ဘမိးငြိမ်းခြင်းငှါ ဆဋ္ဌမြောက်သံဂါယနာသို့ အာသာရှေ့ရှိ မြော်သော သတိဖြင့် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ဝှံချီးသဘင် ဆင်ယင်ကျင်းပခဲ့ပါ သတည်း။

ယင်းတိပိဋကဓရ ရွေးချယ်ပွဲကြီး ဝှံချီးကျင်းပသည့် တတိယအကြိမ်မှသည် ယခု ဆဋ္ဌအကြိမ် ကျင်းပသည့် လေးနှစ်မျှ ကာလအတွင်းဝယ် မင်းကွန်း ဓမ္မနာဒဆရာတော် ပဌမကျော် အရှင်ဝိစိတ္တသာရာဘိဝံသသည် (၁) ဝိနယပိဋက (၂-၃) အဘိဓမ္မာပိဋကနှစ်ပိုင်း (၄) သင်ရိုး ဝါစနာမဂ္ဂ သုတ္တန္တပိဋကအားဖြင့် အပိုင်းလေးဖုံ ပိဋကသုံးပုံကို အာဂုံနှင့် သဘောရေးဖြေပွဲတို့၌ ဒွန်တွဲကာ ဂုဏ်ထူးဆောင် လေးပိုင်းလုံး ပြီးအောင်သဖြင့် ပြည်ထောင်သမ္မတ အစိုးရ တို့က “တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက” ဘွဲ့ပုံလိပ် ရင်းဆင်စွယ်တံဆိပ်နှင့်တကွ စိတြရသို့ ဆင်စွယ်စီသော ဗီဇနီယပ်ဝန်း ကပ်လှူဒါန်းကြ၍ မပန်းယာယီ

ဓဒေစာချီသည်။ မြန်မာပြည်အရပ်ရပ် ကုန်း ရေ လေ နှံ့စပ်အောင် ထက်ကြပ် မကွာ နောက်ပါတပည့် နှစ်ဦးနှင့်တကွ အခမဲ့ဆုသကာပန် ကြွနိုင်ရန်ရည်မှန်း လက်မှတ်စုံ လှူဒါန်းသည်ကို အံ့မခန်း ဆလှူခံရသည့်ပြင် နိုင်ငံတော် ဗုဒ္ဓ-သာသနာအဖွဲ့၏ "ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ" ဘွဲ့တံဆိပ် အောင် လက်မှတ်နှင့်တကွ ကနက္ကဒက် ရောင်လျှံဆိန်ညီး ထီးဖြူတော်သုံးလက် အမှတ် ပါသော သာသနာ့အောင်လံကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ကြီးစွာသော မင်းပွဲသဘင် ဆင်ယင်ခင်းကျင်း၍ အပ်နှင်းပူဇော် လှူဒါန်းတော်မူခဲ့ပါ သတည်း။

ပူဇာ စ ပူဇနေယျာနံ။ ။ကျမ်းဂန်အလို ထိုဆရာတော် အရှင်ဝိစိတ္တ-သာရာဘိဝံသ သည် ဓမ္မဘဏ္ဍာ မြိုက်ရတနာတို့၏ ကိန်းစံရာ စေတီတိုက်ကဲ့သို့ ပူဇော်ထိုက်သူ ကေန်စင်စစ်မှန်သည်ကို သမ္မဒဉ်ရှေ့သွား သတ်ကြီးစွာ ထားမိ ကြသော ကျွန်တော်များ လမ္မတော်တိုက်နယလုးဆိုင်မှ နိုင်ငံတော်ဝန်ကြီးချုပ် ၏ အတိုင်ပင်ခံအဖွဲ့ဝင် သူတော်စင်ဗောဓိလောင်း လူကြီးမင်းအမေပင်းတို့သည် ဟကြောင်းတည်းသောအာသာ နိဗ္ဗာန်နန်းဆုပန်ထွာကြ ၍ မဟာကောသလ မင်းတရားသည် ဘုရားအမှူးရှိသော ထေရ်သံဃာအား မဟာအသဒိသ ဒါနတော် ကြီး လှူဟန်နည်းနှင့် ပုံမှီးနမူ စံတင်ယူလောက်အောင် သူမတူလစ် ဇမ္ဗူခေတ် ဝယ် အသစ်ဆန်းကြယ်စကော ကြည်နူးစိတ်သက် လောက်သော အနုလ္လမျိုးမှန် အဖိုးတန် အဆောင်အယောင်တို့ဖြင့် ပြောင်ပြောင်လျှံ အခြေခံ၍ မပဇယန်ကွန်း ပြောက် မြေပေါ်ကဲ့သို့ အတောက်လှမ်းလျှမ်း အပြောက်ပန်းတို့ဖြင့် ကြောက်ခမန်း လန့်ခမန်း အံ့မခန်းလိလိ ရှိန်ဝါအံ့သော သိင်္ဂေယျာ မင်္ဂလာ မဏ္ဍပ်မဟာ်အတွင်း စာရင်းကြို၍ အမည်မပြန်နိုင်လောက်အောင် ဒါတဉ္စုံလင် ပဒေသာပင်ကြီး မိုးထိနီးတိုက်ကို စောမီးထေရ်ကျော် နာယက ပုဂ်ပေါ် တို့၏ ထံတော်မျက်မှောက် ဆက်ရိပ်အောက်ဝယ် အံ့လောက်စွာ ပေါ်ထင် တိပိဋကဓရ ထေရ်အရှင်အား ကြည်လင်ရွှင်ပျ တိပိဋကဟူ ဓမ္မပူဇာ မင်္ဂလာကောင်းမှု ပူဇော်မြင်း ပြုကြသည်ကို ယခုကြွရောက်လာကြသော နာယကခေါင်းအုပ် ဝန်ကြီးချုပ် အဘွတ်ဘုပ်သည့် မင်းပေါင်းစုံ ရိုသတ်ကြီးက စုတ်သက်အံ့မော တသြသြဖြင့် သောမနဿဟစ်ကြွေး ကောင်းတင်းသံ ကိုယ်စီပေးကြ၍ လေးဒိပါစုံ မြောသုံးနှင့် ဆဘုံကာမာ သက်သွက်ခါမျှ မဟဂ္ဂတာ ပြည်ဌာနတွေဟု ထက်ဖြူဟွာ ဝီသကျောအောင် ကျြဒါပ့ခေါ် အမတာဆုကို ညီညာဖြဖြ အောင်ပတ္တနာပြုကြ၍ အောင်သာဓု ခေါ်ကြပါစေသတည်း။

ဤသည်လျှင် လမ္မတော်ရပ်ကွက်မှ ချီးကျူးလွှာ ထောပနာစာဘမ်းဖြစ်၏။

လမ်းမတော်ပဒေသိကာပိ၊ ဝိစိတ္တံ ပေဠကံ ဝိဒူ။

ပူဇေသုံ ပူဇာဘာဇနံ-မုတ္တမံ ဥက္ကဋ္ဌံ သုမိ။

## ဆဋ္ဌသံဂါယနာတင်ရန်အတွက် ကျမ်းစာများ သုတ်သင်ခြင်း

ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသသည် တိပိဋကဓရပုဂ္ဂိုလ် မဖြစ်သေးမီ ဒွိပိဋကဓရ ပုဂ္ဂိုလ်အဖြစ်နှင့်လည်း ဆဋ္ဌသံဂါယနာတင်ကိစ္စအတွက် တာဝန်များကို ဆောင်ရွက်တော်မူခဲ့သေးသည်။ မင်းကွန်းပါဠိဝိသောဓကအဖွဲ့က ဝိနည်းမဟာဝါပါဠိတော်ကို သုတ်သင်ရန် တာဝန်ကျလေသည်။ ထိုအဖွဲ့တွင် အရှင်ဝိစိတ္တသာရာဘိဝံသကား အကြီးအဆောင်ဖြစ်သည်။

အဖွဲ့ဝင် ဆရာတော်များအား မိမိအဖွဲ့က တာဝန်ကျသော ဝိနည်းမဟာဝါ ပါဠိတော်ကြီးကို တစ်အုပ်လုံး ကိုယ်တိုင်ကိုယ်၌ ရေးကူးဖို့ရန် တောင်းပန် နှိုးဆော် အားပေးတော်မူခဲ့သည်။ တောင်းပန်သည့်အတိုင်းပင် ဥက္ကဋ္ဌ ဆရာတော်နှင့်တကွ သက်တော် ၇၀-ကျော်ရှိ ဆရာတော်ကြီး ၂-ပါး၊ လေနာ ရောဂါရှိသော ဆရာတော်ကြီး ၂-ပါးကလွဲ၍ အဖွဲ့ဝင်ဆရာတော်များ အားလုံးပင် တကျမ်းလုံး ကျက်၍ ယခုအချိန်မှာ နှုတ်ရဆောင်တော်မူကြလေပြီ။

မိမိတို့အဖွဲ့က တာဝန်ကျသည့် သုတ်သင်ပြီး ဝိနည်းမဟာဝါပါဠိတော် စာမျက်နှာ ၅၂၀-မျက်နှာ ကို[၁] နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သို့ ကျေးဇူးထွက်မျှ တံဆိပ်ခေါင်း တလုံးမျှမတောင်းပဲ—

(၁) မှတ်ကောင်းမှုသန့်ရှင်းရန်၊

(၂) မိမိ၏ သက်ဒိုင်ပိုက်ကို ဘုရားရှင်၏ စကားတော်များ ပူဇော်ရန်၊

(၃) မိမိ၏ ကိုယ်အား လုပ်အား ဉာဏ်အား ၃-ပါးတို့ဖြင့် ဆဋ္ဌသံဂါယနာ ဝန်ကို ထမ်းဆောင်တော်မူရန်——

ရည်သန်တော်မူ၍ ကိုယ်တိုင် ပင်ပန်း ခံပြီး သန့်ရှင်းစွာ ရိုက်နှိပ်မှု အဖွဲ့ကြီး၏ အပ်နှံခဲ့လေသည်။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှလည်း ထိုအမှုကို စံပြအဖြစ် ရှိသေစွာ ထားရှိလေသည်။

မဟာဘာပရိဟာမေန၊ မူလဝိသောဓနံ ကတာ။
အာစရိယာ ဓမ္မနေနေ၊ လောကဂ္ဂသာသနေ သုဓော။

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၇-ခုနှစ် နယုန်လဆုတ် ၁-ရက်နေ့က စ၍ ရန်ကုန်မြို့ သာသနာ့ဉာဏ်ရိပ်သာသို့ ကြွရောက်တော်မူပြီး မန္တလေးမြို့ တောင်ပြင် ပဋ္ဌာနဝိသောဓက ဆရာတော်များနှင့်အတူ အဖွဲ့မှာ ဝန်ပေးသော ဝိနည်းမဟာဝါပါဠိတော်ကြီးကို တဖန်ဆပ်၍ ပြင်ဆင်သော အလုပ်ကို လုပ်ဆောင်တော်မူသည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ကိုယ်တိုင်

၁။ ဆဋ္ဌသံဂါယနာစာတော်မှ ၅၁၁-မျက်နှာ ရှိသည်။

အဖွဲ့ဝင်ဆရာတော်များအား လက်အုပ်ချီမိုး ရှိခိုးတောင်းပန်တော်မူ၍ ထို ပဋိဝိသောဓနအလုပ်ကို တဖွဲ့လုံးပင် နံနက်နေ့ နေ့ပါ ညအခါမှာလည်း မနေမနား ကြိုးစားသုတ်သင် ပြင်ဆင်တော်မူခဲ့လေသည်။ ထို့ကြောင့်ပင် အရှင်ဝိစိတ္တသာရာဘိဝံသဦး၏ အဖွဲ့ တာဝန်ကျသည့် မဟာဝါပါဠိတော် ပဋိ-ဝိသောဓနအလုပ်ကား အဖွဲ့ချုပ်က တလမျှ လုပ်ရမည်ဟု ခန့်မှန်းထား သော်လည်း ၁၀ ရက်နှင့် ပြီးသွားလေသည်။

ပဋိဝိသောဓနမ္ပိ သော၊ ပါဠိံ မဟာဝဂ္ဂါဝှယံ။
ကေဋ္ဌနဝိသဒိနေဟိ၊ သုသိဿံ ရုစိရံ အကာ။

## ပရိဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်း

ကျန်ရှိသော ၁၀ ရက်အတွင်း ဝိနည်းပရိဝါပါဠိတော်ကို ဆက်လက်သုတ် သင်ပြင်ဆင်ရန် ဆင္ဂါယနာအကျိုးတော်ဆောင် ဆရာတော်အရှင်ဝိသုဒ္ဓါ-ဘိဝံသမှ ခသရ်က တိုက်တွန်းတောင်းပန်သောအခါ အဖွဲ့ဝင်ဆရာတော်များ မဆုံးဖြတ်နိုင်အောင်ရှိရာတွင် ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသက တပည့် တော်များ ဤတာဝန်ကိုယူရလျှင်—

(၁) အဖွဲ့ချုပ်ကြီးမှာ နောက်ဆုံးအဖွဲ့သစ်အဖွဲ့ကို ပင့်ရမည့်စရိတ်စက ၁၅၀၀ိ-ကျော်သက်သာခြင်း၊

(၂) အခြားပါဠိပဋိဝိသောဓက အဖွဲ့သစ်ကဆောင်ရွက်လျှင် ရက်ပေါင်း ၂၀ မျှကြာမည်၊ တပည့်တော်များအဖွဲ့က ဆောင်ရွက်လျှင် (၁၀) ရက် အတွင်း ပြီးမည်ဖြစ်၍ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးမှာ တာဝန်တာဝန် သက်သာခြင်း၊

(၃) ပရိဝါရပါဠိတော်မှာ အများအားဖြင့် အောက်ပါဠိတော်ကြီး ၄-ကျမ်းမှ စကားများကို ချုပ်၍ ဟောထားသဖြင့် တပည့်တော်များအဖွဲ့က ဆောင်ရွက်လျှင် အောက်ပါဠိတော်ကြီးများနှင့် တသားတည်းညီညွတ်၍ ဘုရားအလိုတော်သို့ အများဆုံး ရောက်နိုင်သည့် မှန်ကောင်းမှန်နိုင်ရမည် ဖြစ်ခြင်း။

ဤ ၃ ပါးကိုပြ၍ ထိုတာဝန်ကို လက်ခံရန် လျှောက်ထားလေသည်၊ ထိုအခါ ဆရာတော်အားလုံး သဘောတူညီ၍ ပရိဝါရပါဠိတော်ကြီးကို ဆက်လက် သုတ်သင်တော်မူခဲ့ရာ (၇) ရက်အတွင်းပြီးဆုံးလေသည်။

ပရိဝါရသုပါဠိမ္ပိ၊ ပါဠိယာ အဟိကောဝိဒေါ။
ပဋိဝိသောဓနံ သော ဟိ၊ အကာ ဥယျုတ္တမာနသော။

## မဟာဝါအဋ္ဌကထာ, ဋီကာကြီးများကို ပြင်ဆင်ခြင်း

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသကား ပဋိပတ္တိသာသနာ ပြုလုပ်ရာ၌ စာမူကိုဖတ်ရှုတ်ခြင်း, မူကွဲရာ၌ ဆိုင်ရာပါဠိအဋ္ဌကထာဋီကာစသည်တို့ကို ဖြတ်ခနဲ ဖြတ်ခနဲ ရှာဖွေခြင်း, အဖွဲ့ဝင်အားလုံး သဘောတူသည့်အခါ မှတ်ချက်များကို ကိုယ်တိုင်တိုက်ပ်ရိုက်ခြင်း, အဖွဲ့ဝင်ဆရာတော်များအား မှတ်ချက်စိတ္တုများကို ရိုက်နှိပ် ဆက်ကပ်ခြင်းဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့ အဖွဲ့ကြီးနှင့်တကွ အဖွဲ့ဝင် ဆရာတော်များ အားလုံး၏ စိတ်နှလုံးကို ကျေနပ်နှစ်သိမ့် စေတော်မူသည်။ ပဋိပတ္တိသာသနာ တာဝန်ကျေပွန်သောအခါ မင်းကွန်းသို့ ပြန်ကြွတော်မူရှိ အဖွဲ့ဝင်ဆရာတော်များအား မိမိကျောင်းသို့ ပင့်ဖိတ်စည်းဝေးပြီးလျှင် ဝိသောဓေက တာဝန်ကျသော ဝိနည်းမဟာဝါအဋ္ဌကထာ, ဋီကာကြီးများကို အလွတ်ပြင်း တလအတွင်းပြီးအောင် သုတ်သင်တော် မူခဲ့လေသည်။ ဤကား ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဒီဃနိကာယ် မပြန်ဆိုမီ ပိဋကတ ၂ပုံဆောင် ဆရာတော်အဖြစ်နှင့် သံဂါယနာအတွက် ဆောင်ရွက်ချက်ဖြစ်လေသည်။ တကယ့်အံ့သြစရာ ဝီရိယ ,ဉာဏ ပိုင်ရှင်ပါတည်း။

မဟာဝဂ္ဂဋ္ဌကထာသမ္မိ၊ တဗ္ဗဏ္ဏနာ ဗဟူပိစ။
သောဓန် သော ဟိ အကာသိ၊ သောဓနေ လဂ္ဂမာနသော။

ဆဋ္ဌသံဂါယနာ မတင်မီနှင့် တင်စဉ်က ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ၏ ဝိနည်း မဟာဝါအဋ္ဌကထာ ပြင်ဆင်ချက်, ဝဇိရဗုဒ္ဓိဋီကာ, သာရတ္ထဒီပနီ ဋီကာ (ဓတရသကဏ်ဋီကာ) ဝိမတိဝိနောဒနီဋီကာ ပြင်ဆင်ချက်တို့ကို ဂါပိဋက- ခရ ပုဂ္ဂိုလ်ကျော်၏ လုပ်ဆောင်ချက်များကို သိရှိရန် ဤကျမ်းနှင့် မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

---

ဝိနယပိဋက။ ။ မဟာဝဂ္ဂအဋ္ဌကထာ။ ။မဟာခန္ဓက

မျက်နှာ။ ။မူကွဲနှင့် ဝိနိစ္ဆယ။
၂၁၀။ ။ကြောင်းရေ။ ၁၁။
ဝါလိကာ။
ဝါလုကာ။ ။ဥဒါန်းအဋ္ဌကထာ၌ (မဟာဝါလုကာ ရာသိမ္ပိတိ အတ္ထော) ဟု ဖွင့်၏။ ။သာတ္ထဝေနီဋီကာ၌ (ဆက္က ဝါလုကာယ။ ၈ပ။ ဝသာ သိဝရဏာ၊ ဏူ၊ အသာ။ ဝါလုကာ။ ထ။) မျက်နှာ နံပါတ် ၂၅၁ ၌ ဖွင့်၏။ ။ဤအလိုသော် (ဝါလုကာ) ပင် အမှင့်ဖြစ်သော်လည်း........ ။ (ဥဒ

မရ သိကတာ ဝါလုကာ ဝဏ္ဏဝါလိကာတိ ဣမေ သဒ္ဒါ (သမာနတ္ထာ။ ဗျဉ္ဇနမေဝ နာနံ) ဟု တေရသကဏ်။ ဒု။ မျက်နှာ ၂၂၃ ဖွင့်သောကြောင့် (ဝါလိကာ) သဒ္ဒါလည်း ဝါလုကာသဒ္ဒါကဲ့သို့ပင် (သဲ) ဟော ပရိယာယ်ဖြစ်သောကြောင့် ရှိရင်း (ဝါလိကာ) လည်း အသင့်ပင် မှတ်သင့်သည်။

၂၁၁။ ။ကြောင်းရေ။ ၂၂။

အဝိဇ္ဇာယ ဧဝ တု။
အဝိဇ္ဇာယ တု ဧဝ။ ။ဟု ပါဠိနှစ်ထွေရှိရာဝယ်-

ဥဒါန်းအဋ္ဌကထာ၌ အဝိဇ္ဇာယ တုဧဝ ဟု ဥဇုဒုစ် ဖွင့်သောကြောင့် ရင်း၊ ဤ၌ ပဒစ္ဆေဒသံဝဏ္ဏနာ မျှသာ အဋ္ဌကထာဆရာပြုလိုရင်း ဖြစ်သော ကြောင့်ရင်း (အဝိဇ္ဇာယ တု ဧဝ) ပါဠိသာ သင့်၏။

၂၁၈။ ။ကြောင်းရေ။ ၁၄။

အာစိဏ္ဏော သမာစိဏ္ဏော။
အာစိဏ္ဏသမာစိဏ္ဏော။ ။ဟု ပါဠိနှစ်ထွေရှိရာဝယ်-

(အာစိဏ္ဏသမာစိဏ္ဏောတိ အာစရိတော စေဝ အာစရန္တေဟိ စ သမ္မဒေဝ အာစရိတောတိ အတ္ထော။) ဟု တေရသကဏ် ၌ ဖွင့်၏။ ။ဤအလို သိတုကျုံ၊ သိနိဒ္ဒုကျော စသည်ကဲ့သို့ ဝိသေသနောဘယပဒကမ္မဓာရယ်သမာသ် ဖြစ်ရကား အာစိဏ္ဏ-သမာစိဏ္ဏော ပါဌ်သာ သင့်၏။

ဝိနယ။ ။မဟာဝါ အဋ္ဌကထာ။ ။မဟာခန္ဓက

၂၁၉။ ။ကြောင်းရေ၁၃။ ဘဂဝတော ပုရတော ပါတုရဟောသိမှ...သည်။ ၂၂၁။ ကြောင်းရေ၂၆၊ ပညာစက္ခုံ သန္တာယာဟ တိုင်အောင်သော ပါဠိရပ်စု(သီဟိုဠ်မူ၌) မပါရှိချေ။ ။တေရသကဏ်ဋီကာကြီး ဖွင့်ပုံ ထောက်ဆသျှင်လည်း ဋီကာအစိပ္ပါယ်တွ ဖွင့်မှုကပါး သဒ္ဒတ္ထအဖွင့် များ၌ များသောအားဖြင့် အဋ္ဌကထာနှင့်ဋီကာ ထပ်မျှတူနေသည်ကို ထောက်က။ ကေရသကဏ်ဋီကာ ဆရာကြီးများ လက်ထက်က အဋ္ဌ-ကထာပါဌ်၌လည်း(သီဟိုဠ်မူအတိုင်းပင်) ရှိဟန်တူသည်။ ။အကယ်၍ ယခုလက်ရှိ မြန်မာမူ အဋ္ဌကထာအတိုင်း ဋီကာဆရာကြီး၏ အဋ္ဌ-ကထာမှု၌ ရှိပါမူကား ထပ်မျှညီတူ ဖွင့်တော်မမူရာ။ ထို့ကြောင့်

လက်ရှိ မြန်မာမှု အဋ္ဌကထာပါဠိစုကို(　　　)ဤကဲ့သို့ ကွင်းပြ၍ သီးသန့်မှတ်တမ်း သင့်ပါသည်။

၂၂၀။ ။ပေါသိယန္တိ။

ပေါသယန္တိ။ ။ပုသ ပေါသနေ။ ပေါသေတိ ပေါသယတိ...စသည် ဖြင့် သဒ္ဒနီတိ ဓာတုမာလာ မျက်နှာ။ ၂၅၀ ၌ လာသောကြောင့် ပေါသယန္တိသာ သင့်၏။

၂၂၅။ ။ပဋိဂ္ဂါဟာတဗ္ဗာနိ။(ရှေးမြန်မာအဋ္ဌကထာမှု။)

ပဋိဂ္ဂါဟာပေတဗ္ဗာနိ။(သီဟိုဠ်နှင့် ဝိနယသင်္ဂဟအဋ္ဌကထာ။)

ပဋိဂ္ဂါဟေတဗ္ဗော။ ။(နောက်မြန်မာ အဋ္ဌကထာမှုများ)

ကာရိုက်ကံဓာတ်ကံနှစ်ပါးတို့တွင် ဓာတ်ကံကို ဝုတ္တကြံက(ရှေး၂မှု သင့်၏။) ပဌမံ ဥဒ္ဓါ ဂါဟာပေတဗ္ဗောဌ် ကဲ့သို့ ကာရိုက်ကံကို ဝုတ္တကြံမှုကား(ပဋိဂ္ဂါဟေတဗ္ဗော)သင့်၏။

စလင်းဂဏ္ဌိ၌ကား(ပဋိဂ္ဂါဟေတဗ္ဗော)သင့်ကြောင်း ဆုံးဖြတ်ပြီးဖြစ်၏။

၂၂၉။ ။ကြောင်းရေ။၂၄။

စိရပဋိကာတိ။

စိရပတိကာတိ ပါဌ်နှစ်ထွေရှိရာ။

(ယသ္မာ ယော နာဂဒမနကာလော စိရံ ပတတိ ပဝတ္တတိ၊ တသ္မာ သော စိရပတိကောတိ ဝုစ္စတိ။တသ္မာ စိရပတိကာ ပဌာယ အဘိပ္ပသန္နာတိ ယောဇနာ)စသည် ဖွင့်သော ယောဇနာကိုထောက်၍ စိရပတိကာတိ-ဟု ဒန္တဇ(တ)အက္ခရာနှင့်သာ သင့်၏။

ဝိနယ။ ။မဟာဝါအဋ္ဌကထာ။ ။မဟာခန္ဓက

၂၅၁။ ။ကြောင်း ရေ။၅။

အဒ္ဒုဗန္ဓန။
အန္ဒုဗန္ဓန။ ။(အန္ဒုန္တိ ဗန္ဓတ္တိ သတ္တာ ယောယာတိ အန္ဒု၊ သံခလိကာ=ထုံးအဖွဲ့၊ သံခြေကျဉ်းအဖွဲ့ဟော) မောဂ္ဂလာန်ဓာတုဒီ ဖွင့်သောကြောင့်(န်)သံယုဂ်ဖြင့် အန္ဒုဗန္ဓနသာ သင့်၏။

၂၆၉။ ။ကြောင်းရေ။၁။

မြန်မာအဋ္ဌကထာမူများ၌ သံဝါသောတိ ဝေဒိတဗ္ဗော ပါဠိ၏ နောက်၌၊ ။ယော ပန သယံ ပဗ္ဗဇိတွာ စသည်ဖြင့် ဥဘယထေနက ပြုပါဠိသာလာ၏။ ။သီဟိုဠ်မူ၌ကား ဝေဒိတဗ္ဗော၏နောက် ဆက်၍ (သိက္ခံ ပစ္စက္ခာယ န မံ ကောစိ ဇာနာတီတိ ဝေ ပဋိပဇ္ဇန္တေပိ ဧသေဝ နယော) ဟူသော ဝါကျပါရှိ၏။ ထိုဝါကျသည် ဤအဋ္ဌကထာ၌လည်း ပါသည်ဖြစ်၍ ဤ၌လည်း ပါမှသာသင့်၏။

၃၀၈။ ။ကြောင်းရေ။ဂ။ ဥပေါသထက္ခန္ဓက

ကတိနံ ပူရဏီ ကတိမီ၏ နောက်၌ ဘုရားကြီးမူဝယ်-

(ကော ဒိဝသောတိ အဒိပ္ပါယော၊ ဓမ္မသာဝန် သန္ဓာယ ဝဒန္တိ။ ကိံဝတိကာ ဘန္တေ ဘိက္ခုတိ။ သလာကံ ဝါ ဂါဟေတုံတိ သလာကံ ဂဟေတွာ သံဟရိတွာ ဂဏေတုန္တိ အတ္ထော)ဟုပါဠိ အပိုပါသေး၏။ သီဟိုဠ်မူနှင့် ရှေးအဋ္ဌကထာ မြန်မာမူများ၌ မရှိ။

၃၁၆။ ။အောက်ဆုံးအကြောင်း-

ဘိက္ခုဘတိကော။

ဘိက္ခုဂတိကော။ ဟု ပါဠိနှစ်ထွေရှိရာဝယ်-

ဘိက္ခုဂတိကောတိ ဘိက္ခူဧဝ ဂတိ ပတိဋ္ဌာ ဧတဿာတိ ဘိက္ခုဂတိကောတိ ဝုတ္တေ ဘိက္ခုနိဿိတကော ပုရိသောတိ အာဟ ဘိက္ခူဟိ သဒ္ဓိံ ဝသနကပုရိသောတိ။ ။ဟု ယောဇနာ ဖွင့်သောကြောင့် ဘိက္ခုဂတိကောတိသာ ပါဠိအမှန်တည်း။

ဝိနယ။ ။မဟာဝါအဋ္ဌကထာ။ ။ပဝါရဏာက္ခန္ဓက

၃၂၄။ ။ကြောင်းရေ။ ၂၅။

ဣဒါနေဝ နံ ဝဒေဟီတိ ..............ဟူသော သံဝဏ္ဏေတဗ္ဗ၏ နောက်၌ (သစေ ဣမိနာ ဝတ္ထုနာ ကိဉ္စိ ပုဂ္ဂလံ ပရိသံကာသိ)။ ။ ဟု သီဟိုဠ်မူ၌ ပါကျတခုပိုလျက်ရှိ၏။ ရှေးဖြစ်သော ဝတ္ထုပညာယန နပုဂ္ဂလပညာယနပါရဲ၌ ဝတ္ထုထင်ရှား၍ ပုဂ္ဂိုလ်မထင်ရှားသောကြောင့် (သစေ ဣမိနာ ဝတ္ထုနာ ကိဉ္စိ ပုဂ္ဂလံ ပရိသံကာသိ) ဟူသော ဝါကျပါသင့်သော်လည်း ........ ........ .........၊ ဤ ဒုတိယ ဖြစ်သော ပုဂ္ဂလပညာယန ဝတ္ထုနပညာယနပါရ၌ကား ပုဂ္ဂိုလ်သာ

ထင်ရှား၍ ဝတ္ထုမထင်ရှားသောကြောင့်(သစေ ဣမိနာ ဝတ္ထုနာ ကိဥ္စိ ပုဂ္ဂလံ ပရိသံကသိ) ဟူသော ပါဠိ မရှိသင့်။ မှန်၏ သစေ ဣမိနာ ဝတ္ထုနာ...........ဟူသော ပါဠ်ကား ဝတ္ထု ထင်ရှားသည်ကို ပြ၏။ ကိဥ္စိ ပုဂ္ဂလံ...........ဟူသော ပါဠ်ကား ပုဂ္ဂိုလ် မထင်ရှားသည်ကို ပြ၏။ ဤဝါရကား ပုဂ္ဂိုလ်သာထင်ရှား၍ ဝတ္ထုမထင်ရှားသော ဝါရ ဖြစ်သည်။ ဤသို့ အနက်သဒ္ဒါ မတန်သော ဝိရောဓိ ဒေါသ ရောက်ရသောကြောင့် ဤ ဒုတိယဝါရ၌ (ထို သီဟိုဠ်မူပါ ဝါကျကို) မလိုအပ်ပြီ။

၃၂၇။ ။ကြောင်းရေ။ ။၄။

ယဿ ဒါနိ ဘန္တေ ဘဂဝါ ကာလံ မညတိတိ-မှ၊ ၃၂၈။ ကြောင်းရေ။ ၂၄။ သော အတ္တော ဝုတ္တော .... တိုင်အောင်သော ဝါကျစု သီဟိုဠ်မူ အဋ္ဌကထာ၌ မရှိ။ မရှိရုံမျှ မဟုတ်သေး (မရမ္မ· သီဟဠ ပေါတ္ထကေသု ဝိဏောပမသုတ္တဝဏ္ဏနာ မနောရထပူရဏီ· တော ဂဟေတွာ အနုနိဝေသိတာ) ဟုပင် မှာလိုက်ပါသေး၏။ မှာသည်း မှာစရာပင်။ လက်ရှိ မြန်မာအဋ္ဌကထာမူများ၌ကား သုတ် တခုလုံး ဖွင့်ပြီးမှ...........သုတ္တတ္တော ပန သုတ္တဝဏ္ဏနာတောယေဝ ဂဟေတဗ္ဗော....ဟု မှာတမ်းထုတ်လျက် ရှိသည်။ အမှာနောက်ကျ လေပြီ။ မည်သို့ပင်ဖြစ်စေ မြန်မာအဋ္ဌကထာမူကို မနောရထပူရဏီ မည်သော အင်္ဂုတ္တရနိကာယအဋ္ဌကထာ တတိယအုပ် ဆက္ကနိပါတ ဒုတိယပဏ္ဏာသက မဟာဝဂ်၊ ပဌမသုတ်အဖွင့်နှင့် တိုက်ဆိုင်၍ ဤမူ၌ သုတ်သင်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါ မြန်မာအဋ္ဌ· ကထာမူ၌ ယဿ ဒါနိ ဘန္တေ ဘဂဝါတိမှ ........သော အတ္တော ဝုတ္တော........တိုင်အောင်သော ပါဠိရပ်များကို ( ) ဤကဲ့သို့ ကွင်းပြု၍ ရိုက်နှိပ်သင့်ပါသည်။

စမ္မက္ခန္ဓက ပြီး၏။

---

ဝိနယသင်္ဂြဟ။ ။မဟာဝဂ္ဂအဋ္ဌကထာ။ ။ဘေသဇ္ဇခန္ဓက

၃၃၆။ ။ကြောင်းရေ။ ၁၈။........၌

ဘေသဇ္ဇမက္ခိ ဝါ အာဒါနဝဋ္ဋိ ဝါ

ဘေသဇ္ဇမက္ခိဘာ အာဒါနဝဋ္ဋိ ဝါ။ ဟု ပါဠိနှစ်ထွေ ရှိရာဝယ်- (အာဒါနဝဋ္ဋိတိ အာနုဟဝဋ္ဋိ။ ။ဝဇိရဗုဒ္ဓိ)။

(ဝစ္စမဂ္ဂေ ယာယ ဘေသဇ္ဇံ မက္ခိကာ ဒါနုဝဋ္ဋိယာ ခါရကမ္မံ ဝါ ကာရေန္တိ၊ ယာယ ဝေဠုနာဠိကာယ တေလံ ဝါ ပဝေသေန္တိ။ သာ ဘေသဇ္ဇမက္ခိကာ ဒါနုဝဋ္ဋိ ဝါ သာ ဝေဠုနာဠိကာ ဝါ ငေ္ဂတိ-ယောဂါတိ ယောဇနာ။ ။ယောဇနာ ၂၈၂) ဖွင့်သောကြောင့် ဘေသဇ္ဇမက္ခိကာဒါနုဝဋ္ဋိဝါ။ ။ပါဠိသာ သင့်၏။

ဆေးလိမ်းကျံ အပ်သော ပုဆိုးကျစ် (ပတ်တီး) ဟု အနက်ပေး သင့်ပါသည်။

၃၃၇။ ။ကြောင်းရေ ၁၉။

သဗ္ဗသန္တရိန္တိ ယထာ သဗ္ဗံ သန္တတံ ဟောတိ-မှ ၃၃၈-ကြောင်းရေ။ ၂။ ပုဋ္ဌဘေဒနန္တိ ပုဋ္ဌဘေဒနဋ္ဌာနံ၊ မောစနဋ္ဌာ-နန္တိ ဝုတ္တံ ဟောတိ-တိုင်အောင်သော ပါဠိရင်များ သီဟိုဠ်မူ၌မရှိ၊ စဉ်းစားဖွယ်ကား ဤအတွင်း ပါဠိများနှင့် ဋီကာပါဠိများမှာ တူသည်ကများနေ၏။ ဥပမာ။ ။သုနိဝတ္ထကာရတိ သုနိဝေ စ ဝဿကာဒော စ ဒွေ ပြာဟွာ။ ။စသည်ဖြင့် အဋ္ဌကထာ၌ရင်း ဋီကာ (တေရသကဏ္ဍ၌ရင်း) ထပ်မျှ တူလျက် ရှိနေ၏။ အကယ်၍ (တေရသကဏ်) ဋီကာဆရာ၏လက်ကိုင် အဋ္ဌကထာပါဠိရင်း၌ ယခု မြန်မာမူအတိုင်း ရှိနေပါမူ ဋီကာဆရာသည် ထပ်မျှတူစွာ ဖွင့်တော်မမူသေရာ။ သို့ဖြစ်၍ ဋီကာဆရာ၏လက်ကိုင် အဋ္ဌကထာ၌ ထိုပါဠိများမပါသောကြောင့်သာ ဋီကာဆရာကြီးသည် သုတ်အဋ္ဌကထာမှ ပါဠိရင်း၌ ထည့်သွင်းတန်သမျှ ထည့်သွင်း၍ ဖွင့်ထားဟန် ရှိသည်။

၃၃၈။ ။ကြောင်းရေ ၁၃။

အနနုဇာနာတိ-မှ ငင်းမျက်နှာကြောင်းရေ။ ၂၂။ ပဝတ္တေ-သီတိ ပဟာရေသိ ........တိုင် ဝါကျစု သီဟိုဠ်မူ အဋ္ဌကထာ၌ မရှိ။ (ရှေးသီဟိုဠ်နှင့် မြန်မာမူများ၌ သုတ်အဋ္ဌကထာမှ ယူ၍ ထိုပါဠိများကို ထည့်ထားကြောင်းကိုလည်း မှာထား၏)။ ဋီကာကြီးဖွင့်ပုံကို သောက်လျှင်လည်း မူလက ထိုပါဠိများ ပါပုံမရ။ မှန်၏။ ဤပါဠိစုအဋ္ဌကထာ ဆရာတော် လစ်လျူရှုခဲ့သဖြင့် ဋီကာ (တေရ-သကဏ်) ရှင်သည် သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှင့် ဋီကာတို့ကို ညှိ၍ (မိမိကျရောက်သော တာဝန်ကို) အားသွန်ကြိုးပမ်း ဖွင့်ခဲ့ပါသည်ကို ထောက်က ဋီကာဆရာကြီးများ လက်ကိုင် ပေမူ၌ ထိုပါဠိစု ပါပုံမရပါ။ ။ထို့ကြောင့် ( ) ဤကဲ့သို့ ကွင်းမှက်ပြု၍ ထိုပါဠိစုကို ၎င်းကိုသင့်ပါသည်။

၃၃၈။ အင်္ဂုလိ° ဖောရွေသုန္တိ ........မှ ဥဒ္ဒိဿကတန္တိ ဥဒ္ဒိသိတွာ ကတံ
တိုင်အောင်သော ပါဠိရပ်များ၌လည်း သိဟိုဠ်မူယေ် ရေးနည်း
အတူ မှာတမ်း ထုတ်၏။ ကေရသကဏ္ဍိကာနှင့် တိုက်ဆိုင်ကြည့်
လျှင် သီဟိုဠ်မူအဆိုသင့်ကြောင်း သိသာလှ၏။ လက်ရှိအဋ္ဌကထာ
မြန်မာမူနှင့် ဧတရသကဏ္ဍိကာတို့ပုဒ်အဖွင့်၌ ထပ်မျှတူနေသည်ကို
သတိပြုပါ။ ရှေးက မူလရှိရင်းစွဲဖြစ်ပါလျှင် ဋီကာရှင်သည် အဋ္ဌ-
ကထာပါဠ်ကို မိမိ၏ စကားပြုလုပ်၍ မဖွင့်တန်ရာပါ။

၃၃၉။ ဒုကြောင်းရေ။ ၁၆။ ၌—

န ဇိရိဒန္တိတိ။

န ဇိရန္တိတိ ဟု သံဝဏ္ဏေတဗ္ဗ နှစ်မူကွဲလုက်ရှိ၏။ န ဇရန္တိတိ
ဟုလည်း တမူရှိပြန်၏။ (န ဇိရိဒန္တိ ကား ပုဒ်ပျက်ဖြစ်၍ စိစစ်ရန်
မလို)။ န ဇရန္တိ ကို န ဇီရန္တိ ဟု ဖွင့်သည်ဟုပင်ဆိုဆို၊ န ဇိရန္တိ ကို
န ဇရန္တိ ဟု ဖွင့်ပါသည်ဟုပင်ဆိုဆို၊ ထိုနှစ်မျိုးလုံးကိုပင် လက်ခံရန်
မလွယ်လှပါ။ သံဝဏ္ဏေတဗ္ဗ၌ ဇရန္တိ ဟူ၍ပင် ရှိရှိ၊ ဇီရန္တိ ဟူ၍ပင်
ရှိရှိ၊ ဇရဓာတ်ဖြင့် ပြီးကြောင်း စာသင်ငယ်များပင် သိနိုင်ပါ၏။
ဤမျှသေးသိမ်သော သဒ္ဒတ္ထမျိုး အဋ္ဌကထာဆရာ မဖွင့်တန်ရာပါ။
န ဇီရန္တိတိ ဧတ္ထ ဇရဓာတု ဂတျတ္ထောတိ အာဟ န ဂစ္ဆန္တီတိ ဟု
ယောဇနာ ဖွင့်ရကား ဤ၌ အဋ္ဌကထာဆရာတော် ဇရဓာတ်၏
ဂတျတ္ထကိုသာ ဖွင့်လိုပါမူ (န ဇိရန္တိတိ အဗ္ဘာစိက္ခန္တာ န ဇိရန္တိ၊
အဗ္ဘက္ခာနဿ အန္တံ န ဂစ္ဆန္တီတိ အတ္ထော)ဟု အဋ္ဌကထာပါဠိ ရှိရ
ပါမည်။ ဤကြိ၌ကား ကိလိသဓာတ်ကဲ့သို့ပင် ဇိရိဒဓာတ်သည်လည်း
အက္ခရာသုံးလုံးရှိသော ဓာတ်ဖြစ်၍ ဇရဓာတ်ကဲ့သို့ပင် ဝယော-
ဟာနိအနက်ကို ဟော၏ဟု သိစေလိုသောကြောင့် အဋ္ဌကထာ၌
ဇိရိဒန္တိတိ ဇိရန္တိ ဟုဖွင့်ကြောင်းဆို၏။ ထိုအလို ဇိရိဒန္တိ ဟုရှိတိုင်း
ပါဠိပင် အသင့်ဖြစ်၏။ ပြင်ရန်မလို။ သို့သော် ဇိရိဒဓာတ်ကား
ဓာတ်ကျမ်းတို့၌ မရှိခဲ့။ ။အင်္ဂုတ္တရအဋ္ဌကထာ အဋ္ဌကနိပါတ် ၂၊
မဟာဝဂ္ဂဒုတိယသုတ်အဖွင့်၌ (တတိယအုပ်။ မျက်နှာ ၁၇၃)
ကား၊ န စ ပန မေဟတိ ဝေဒေ အာဂတှန္တာ ဗီဇာရတ္တံ
အဝဏ္ဏကာမာ ဟုတွာ အဝဏ္ဏံ ဘာသန္တာပိ အဗ္ဘာစိက္ခန္တာ န
(ဇိရိဒန္တိ) ဇိရန္တိ အဗ္ဘက္ခာနဿ အန္တံ န ဂစ္ဆန္တီတိ အတ္ထော-ဟု
သံဝဏ္ဏေတဗ္ဗ ပါဠိအဆုံး၌ ရှိသော အဗ္ဘာစိက္ခန္တာ ကို ပါဠိ
အလယ်ရှိ ဇိရန္တိ ပုဒ်နှင့်စပ်ရန် ဇရဓာတ် ဂတျတ္ထ စကားကျကို
ဖွင့်သောကြောင့် ဤဝိနည်းအဋ္ဌကထာ၌ (န ဇရန္တိတိ အဗ္ဘာ-

စိက္ခန္တာ န ဇရန္တိ၊ အဇ္ဈတ္တနာယသ အနန္တ န ဂစ္ဆန္တိတိ အတ္ထော) ဟု ရှိသော မြန်မာ မဟာအဋ္ဌကထာဟု ခေါ်ထိုက်သော) ၁၂၆၅-ခုနှစ် ရန်ကုန်မြို့ ၂၅-လမ်း ရတနာသိရိစာပုံနှိပ်တိုက်ရိုက် ဝိနည်းအဋ္ဌကထာပါဠိအတိုင်းသာ သင့်သည်။ ယောဇနာနှင့်လည်း ညီသည်။

ဝိနယ။ ။မဟာဝဂ္ဂအဋ္ဌကထာ။ ကထိနခန္ဓက။

၃၆၆။ ကြောင်းရေ။ ၂၁။

သောဝဂ္ဂိကဉ္စိ–မှ ၎င်းမျက်နှာ ကြောင်းရေ ၂၇။ ဣမေဟိ ဂဟိတာဝိဿာသော ရှုပတိ–တိုင်အောင်သော ပါဠိဝါကျများ သီဟိုဠ်မူ၌ မရှိ။ (ရှေး သီဟိုဠ်မူ၌ ထိုပါဠိများ ပိုနေကြောင်းလည်း မှာ၏။) ဝိသာခတ္ထု ဥတ္တာနတ္ထံ။ တတောပရံ ပုဗ္ဗ ဝိနိစ္ဆိတမေဝ ဟူသော အတိဒေသ ဝါကျဖြင့်ပင် ဝိသာခါဝတ္ထုမှ ဝိဿာသဂါဟ ရောဇဝတ္ထုတိုင်အောင် အမှာစကား ထုတ်ပြီးဖြစ်၍ (သောဝဂ္ဂိကဉ္စိ-အစရှိသော ပါဠိများကို) ကရုဏာရှင် ဖြစ်တော်မူကြသော ရှေးဆရာကြီးတို့သည် ထိုပုဒ်တို့၏ သံဝဏ္ဏနာကို မတွေ့ဘူးသူတို့အဖို့ အသွယ်တကူ မှတ်ယူနိုင်ရန် ဆိုင်ရာမှ ထုတ်နုတ်ယူဆောင်၍ သီးခြားမှတ်ဖွယ် အဖြစ်ဖြင့်ပြသော ပါဠိကိုပင် နောက်ဆရာ အယ်ဒီတာတို့ မူလအဋ္ဌကထာ ဝါကျ (စာကျကို ထည့်ထားသည် ထင်မှတ်၍) စာသား အဋ္ဌကထာအနေနှင့် ရိုက်မှားဟန် တူပါသည်။ ( ) ပြ၍သာ ရိုက်သင့်ပါသည်။

အမှာ။ ။

ဤမှနောက်၌ အဋ္ဌကထာဝယ် ချွတ်ယွင်းချက် မရှိပါ။

(ပေပေါ်မှ ကျောက် ထိုနောက် ကျွန်ခေတ် ပစ်ပယ်၍ထားသည့်ပမာ သံဃာထု မပါပဲ အယ်ဒီတာနှင့် အလုပ်ရှင်တို့ အလုပ်တွင်ဖို့ရှေးရှု စီးပွါးရေးကို အလေးပြု၍ သဗ္ဗညုစကားကို ရောင်းစားဖို့ လောဘစိတ်ဖြင့် ငါးပိသိပ် ငါးချဉ်သိပ် ပုံနှိပ်၍ထားကြသဖြင့်) စကားအကန့် မသန့်ရှင်းရှိနေသည်များကို ဝတ္ထုသွားကို ထောက်ချင့်၍ ဖြတ်သင့်သောနေရာတို့ကို သေချာစွာဖြတ်တောက်၍၊ ၆-ကြိမ်မြောက် သံဂါယနာတင် စာတော်မူခေါ်တွင်မှန်း၍ တဥဒါန်းတွင်ရစ်အောင် သုတ်သင်ပေးပို့အပ်ပါသည်။

မင်းကွန်း ပါဠိဝိသောဓကအဖွဲ့။

မဟာဝဂ္ဂအဋ္ဌကထာ ပြီးပါပြီ။

---

နံပါတ်များမှာ ဆဋ္ဌသံဂါယနာတင်မိ ကျမ်းစာအုပ်များ၏ နံပါတ်ဖြစ်သည်။

ဝိနယ။ ဝဇိရဗုဒ္ဓိ။ ။မဟာဝါအဖွင့်

၈၁။ ။ကြောင်းရေ။ ၂၁-၌။

ဝေဒါနံ ဝါ အန္တံ ဂတတ္တာတိ ဝေဒ နိဗ္ဗုတ္တိ၊ ဟု စာချက်လျက်ရှိ၏။ ဋီကာဆရာဖွင့်လိုရင်းမှာ ဝေဒါနံ ဝါ အန္တံ ဂတတ္တာ ဟူသော ဒုတိယဝိကပ်၌ အန္တံအရ အရဟတ္တဖိုလ်ကို ကောက်ရမည်ဟု ဖွင့်လိုရင်းဖြစ်သောကြောင့်ရင်း၊ ဝေဒါနံ ဝါ အန္တဘူတံ မဂ္ဂဉာဏာနံ ဝါ အန္တဘူတံ အရဟတ္တဖလံ၊ ဟု ဝိမတိဋီကာ ဖွင့်သောကြောင့်ရင်း၊ (ဝေဒါနံ ဝါ အန္တံ ဂတတ္တာတိ ဝေဒ အရဟတ္တံ) ဟု ရှိမှ ဋီကာဆရာဖွင့်လိုရင်း အနက်သို့ ကျရောက်မည်ဖြစ်ပါသည်။

၈၂။ ။အောက်ဆုံးကြောင်း၌—

န ကာလံ ကေန္တော ဟု ပါဠိပျက်လျက်ရှိ၏။ အမှန်မှာ န သမ္ဗကာလံ ကေတော ရှိရမည်။ မှန်၏ (အခါပေ်သိမ်းပင် အချိန်မရွေးပင် တပေါင်းတည်း ဥဿုယျာဂရားတို့ကို သိသောကြောင့် သဗ္ဗညုမည်သည်မဟုတ်) ဟု ရှေးဆိုပြီး ဝါကျ၏ ဗျတိရေကကို ပြသောဝါကျဖြစ်သည်။ ထို့ကြောင့် န သဗ္ဗကာလံ ကေတော ပါဌ်သာ ဋီကာဆရာ ရေးရင်းစွဲပါဌ်ဖြစ်၏။

၈၃။ ။ကြောင်းရေ (၁၇) ၌—

အာဇာနိယာတိတိ သခေ (န နိဋ္ဌာနမက်သု ဓမ္မသာဂါဟကာ တေ ဝိနယက္ကမညာ)အဟံ ဒေသေယျံ။ ပဋိဝိဇ္ဈိသတိတိ အမိပ္ပါယော။ ဟု ( ) ကွင်း အတွင်း ပါဌ် မစပ်မဟပ် ပါရှိနေပါသည်။ (အာဇာနိယာတိတိ သခေ အဟံ ဒေသေယျံ၊ ပဋိဝိဇ္ဈိသတိတိ အမိပ္ပါယော)ပါဠိသာ မှန်ဖြစ်သည်ဟု စဉ်းစားမိပါသည်။ အထက် ဖော်ပြရာပါ ကွင်းအတွင်းပါဠိကား ယာခုစာကြောင်းမှ အထက် (၇) ကြောင်း မြောက်၌ အာဟရိတ္ဗာ ပန ဒိပေတဗ္ဗာနိ ဟူသော ပါဠိ၏ တွဲဘက်ဖြစ်သည်ဟု ယူဆပါ၏။ အနည်းငယ်ချင်းယိုပါသည်။ ဤအခန်းမှာပင် တေရသကဏ် ဋီကာ၌ အာဟရိတ္ဗာ ပန ဒီပေ တဗ္ဗာနိတိ အဋ္ဌကထာယံ ပကာသိတာနိ ဟု ကျမ်းကို ပဓာန ထား၍ဖွင့်သည်။

ဝိနယ။ ။ဝဇိရဗုဒ္ဓိ။ ။မဟာဝါအဖွင့်

ဤဝဇိရဗုဒ္ဓိဋီကာ၌ကား—

အာဟရိတ္ဗာ ပန ဒိပေတဗ္ဗာနိတိ သန္နိဋ္ဌာနမက်သု မမ္မသာဂါ ဟကာ တေ တေ ဝိနယက္ကမညာ- ဟု ပုဂ္ဂိုလ်ကို ပဓာနထား၍

(ဝါ-ပဌမသံဂီတိမှူး မဟာကဿပမထေရ်တို့ကို ပဓာနထား၍) ရေးသားခြင်း။ ထိုအတွက် ဒဋ္ဌီကရဏ ပေးသောအားဖြင့် ဓမ္မသင်္ဂါဟကာ ယေ ထေ ဝိနယက္ကမည၁ဟု ရေးခြင်းဖြစ်သည်ဟု ယူဆမိပါသည်။ ထိုသို့ သူနေရာနှင့်သူ ထားမှသာ ဤပါဌ်အကျိုး ရှိပါမည်။ သို့မဟုတ် ယခုလက်ရှိအတိုင်းဆိုလျှင် ဋီကာဆရာကြီးသည် (ကုသလာ ရူပံ စက္ခုမာ) ဟူသကဲ့သို့ မစပ်စကား ရေးသားရာ ကျပါမည်။ သို့မဟုတ်လျှင်လည်း စာမျက်နှာ။ ၉၉။ ဟောတိ မဇ္ဈ-၏ နောက် ပြဆိုအပ်သောကျမ်းဆယု၏ လက်စွမ်း ဂါထာ ၂-ပါးတွင် ပဌမဂါထာ (နောက်ထက်ဝက်) က ပါဌ်တို့ကို စာရေးများ အကူးမှားခဲ့သည်ကို မဖျက်ဝံ့ မပြင်ဝံ့သဖြင့် နောက်ဆရာတို့ ပါဌ်ရှိတိုင်း ထားခဲ့ဟန် တူပါသည်။ ၎င်းဂါထာများကိုလည်း လှမ်း၍ ကြည့်ရှုကြပါဦး။ ထိုကဲ့သို့ အကူးမှားသော ပါဌ်ဖြစ်က ထိုပါဌ် (နိဋ္ဌာနမကံသု၊ ဓမ္မသံဂါဟကာ ထေ ဝိနယက္ကမည၊) ပါဌ်ကို ပယ်ဖျက်ရပါမည်။ ပယ်ခြင်းက ကောင်းပါသည်။

၈၉။ ကြောင်းရေ။ ၂၇-၌-

ဓမ္မစက္ခုန္တိ ထွေ..........ဟု သံဝဏ္ဏေတဗ္ဗပါဌ် ပျက်လျက်ရှိ၏။ (ဓမ္မစက္ခုတိ ပဌမဝေဇ္ဇာဏဋ္ဌဝေ ဒေသနာဉာဏဋ္ဌ ပဋ္ဌာနဋ္ဌေန ဓမ္မစက္ခုံ)။ တေရသကဏ်။ ထိုအတူဖွင့်သော ဝိမတိဋီကာတို့ကို ယောက်၍ ဤဌ်လည်း ဓမ္မစက္ခုန္တိ ထွေ ဒေသနာဉာဏံ အဓိပ္ပေတံ၊ ပဋိဝေဓဉာဏဋ္ဌ လဗ္ဘတေ။ ပါဌ်သာ အမှန်ဖြစ်ပါ၏။ (ဓမ္မစက္ခု ဆိုလျှင် ဒေသနာဉာဏ် ပဋိဝေဓဉာဏ်ကိုရသည်။ ဓမ္မစက္ခုဆိုလျှင် မဂ်ဉာဏ်ကိုရသည်။)

ဝိနယ။ ။ဝဇီရဗုဒ္ဓိ။ ။မဟာဝါအဖွင့်

၁၃၄။ ။ကြောင်းရေ။ ၁၂။ ၌-

ဝဒတိ ဃဋ္ဌမတ္တာ ဣတိ ဟိ လက္ခဏံ ဟူသောပါဌ်သည် လက်ရှိပါဌ်အချိုးအစားဖြင့် ထောက်ထားက အနက်မရှိသကဲ့သို့ ဖြစ်နေပါသည်။ (ပဒ်တခုခု၏ အဆုံးအဖြတ်နှင့်စပ်၍ သက္ကတသုတ်ကို ကိုးကားလိုက်ခြင်းလော..........ဟုသာ တွေးရပါသည်)။

၁၄၄။ ။ကြောင်းရေ။ ၁၃။ မြောက်ပါ-

အနုဇာနာမိ ဘိက္ခဝေ သံဃကရဏီယေန ဂန္တုံ ဆတ္တာဟံ သံနိဝတ္တော ကာတဗ္ဗောတိ ဝစနတော မှ တသာ ဥပပရိက္ခိတဗ္ဗံ

တိုင်အောင်သော ပါဠိရပ်ကို ရှင်းမျက်နှာကြောင်းရေ (၁) (တိဏ္ဏံ ပရိဟီနာနိတိ တာသံ နတ္ထိတာယ၊ ဟူသောပါဠိ၏နောက်သို့ ပို့ဆောင်ရပါမည်။ ထိုသို့ပို့ဆောင်မှသာ ဋီကာစကားရပ်များ ကမစ္ဆုတာဒေါသလွတ်ပါမည်။ မှန်၏။ အနုဇာနာမိ ဘိက္ခဝေ သံဃကရဏီယေန ဂန္တုံ၊ သတ္တာဟံ သံနိဝတ္တော ကာတဗွောတိ-ဝစနတော……မှ ဥပပရိက္ခိတဗ္ဗံတိုင် စကားရပ်မှာ ပါဠိဝိမုတ္တက ရတ္တိစ္ဆေဒဝိနိစ္ဆယမှ ရှေးဦးရှိရပါမည်။ အဋ္ဌကထာ၌ သံဃကရဏီ-ယေန ဂန္တုံ စသည်၏အဖွင့်ပြီးမှ ပါဠိဝိမုတ္တကရတ္တိစ္ဆေဒဝိနိစ္ဆယလာ ပါသည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိ လက်ရှိဋီကာပါဌ်၌ ပါဠိအနေအထား ရှေ့နောက်ပြန်နေပါသည်။ အထက်ပါအတိုင်း ကမစ္ဆုတာဒေါသ လွတ်အောင် သူနေရာသို့ သူ့ကို ပို့ပေးပါ။(ဘာဝေတွေ ညြတ္တယံ…….. ဤပါဌ်ကား ဘာဝအနက်၌ တ ပစ္စည်း သက်သည်ကိုပြသော သဏ္ဍာတသုတ်ကိုပြသောပါဌ်ဖြစ်ပါသည်။ ဆိုင်ရာသဏ္ဍာတကျမ်းကျင် သူများဖြင့် ထိုသုတ်ကိုရှာပါဦး။)

ဇဝိရဗုဒ္ဓိဋီကာဝိသောဓနေ ပြီးပါပြီ။

---

ဝိနယ။ ။ထေရသကတ်။ ။မဟာဝါအဖွင့်

၁၀။ ။ကြောင်းရေ။ ၄။ ၌—

ကဏ္ဍော ဝိယ သုပ္ပုတပုတ္တာသညီ (ဘုတ်မှု ထေရသကတ်)
ကဏ္ဍော ဝိယ သုတပုတ္တာသညီ (ဘုတ်မှု ပဏ္ဏာသဋီကာ)
ကဏ္ဍော ဝိယ ဘူတပုတ္တာသညီ (ပေမူ ပဏ္ဏာသဋီကာ)

မူလပဏ္ဏာသ အဋ္ဌကထာနှင့် ဋီကာ (သဗ္ဗာသဝသုတ် အဖွင့်) တို့ကို ရှေးစပ်၍ ရေးသောပါဠိ ဖြစ်ပါသည်။ ပါဠိအနေမှာ သုံးထွေကွဲပြားရှိနေရာဝယ် ……(ခတ္တိယော ဝ သမာနော အတ္တာနော ခတ္တိယဘာဝံ ကခ်တိ) ဟူသော ဥပမေယျဝါကျ၏ (မင်းဇာတ်ရှိသူ ဖြစ်လျက် မင်းအဖြစ်ကို ယုံမှားသော) ဥပမာနကို ပြသောအရာ ဖြစ်သည်။ တိ"သနိပါတ် ဇယဒိသဇာတ်လာ ဘုရားအလောင်း အလိနသတ္တုမင်းသား၏ (မွေ့ကထာဖြင့် ပဉ္စသိခ်ဘည်း၍ ရသေ့ဖြစ် သွားသော မိမိကိုယ်ကို ဘီလူး၏သားဟု ထင်မှတ်နေသော) ဘကြီးတော် (မွေးဖွားစကပင် ဘီလူးမဖမ်းသွားသဖြင့် အမည်ထူး မရှိ၊ ဘီလူးစိတ် ဘီလူးရောင် နက်မှောင်နေသော)ကဏှမင်းသားကို ဥပမာပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့်….(ကဏှော ဝိယ ဘူတ-

ပုတ္တာသညီ) ဟူသော ပေမ္မာပါဋ္ဌိသာ အသင့်ဖြစ်ပါသည်။ ဘူတပုတ္တ· သညီ၊ မိမိကိုယ်ကို ဘီလူးသားဟုအမှတ်ရှိသော။ ကဏ္ဍော ဝိယ၊ ဘုရားအလောင်း အလိနသတ္တု မင်းသား၏ ဘကြီးတော် ဇယဒိသမင်းကြီ ၏ နောင်တော် ကဏှမင်းသားကဲ့သို့ ဟု အနက် ပေးရပါမည်။

၂၇။ ။ကြောင်းရေ။ ၅။

ယေ သန္ဓာယ ဝုတ္တံ.........၏ နေ းက်၌ (ကတမေ တေ သတ္တာ အဘဗ္ဗာ) ဟူသော ပုစ္ဆာဝါကျပါခု ကျနေပါသည်။ ထည့်၍ ရိုက်ပါ။ မှန်၏။ ဤဋီကာ၏မိုရာ မူလပဏ္ဏာသအဋ္ဌကထာ ဒုတိယအုပ် မျက်နှာ။ ၇၀။ ပါဿရာသိသုတ်အဖွင့်၌ ထိုပုစ္ဆာဝါကျ တိုက်ရိုက်ပင်ပါရှိပါသည်။ ဋီကာရှင်ကြီးသည် ဤပြဟ္မယာစနအခန်း ၌ အထက်ပေ ါ်ပြရာပါ ပဏ္ဏာသအဋ္ဌကထာ ဋီကာတို့မှယူ၍ အကျယ်ဖွင့်တော်မူပါသည်။ ထိုကြောင့် ပဏ္ဏာသအဋ္ဌကထာအတိုင်း ပုစ္ဆာဝါကျ ပါရှိရပါမည်။

ဝိနယ။ ။မဟာဝါအဖွင့်။ ။ဓေတရသကဏ်ဋီကာ။

၁၃၄။ ။ကြောင်းရေ။၁၁-ကြောင်းမြောက်၌——

ပုန နိဗ္ဗမတိကော ဟုတွာ ဒေသေတဗ္ဗံ၊ န ဝ ါတိ ...ပါဋ္ဌိပျက် လျက်ရှိပါ၏။ အမှန်မှာ။ ။ပုန နိဗ္ဗေမတိကော ဟုတွာ ဒေသေတဗ္ဗံ ဝါ န ဝါတိ နေဝ ပါဠိယံ န အဋ္ဌကထာယံ အတ္ထိ။ ပါဠိသာအမှန်တည်း။ ဝါကျတခုလုံး၏ ပိဏ္ဍတ္ထ ဆိုလိုရင်းမှာ (အဟံ အာဝုသော။ပ။ပါတိ· မောက္ခံ သောတဗ္ဗ····၊ ငါသည် ဤမည်သော အာပတ်၌ ယုံမှားပါ သည်။ အကြင်အခါ၌ ယုံမှားကင်းအံ့။ ထိုအခါ၌ ထိုအာပတ်ကို ကုစားပါအံ့ဟု ဆိုပြီးလျှင် ဥပုသ်ပြုရမည်၊ ပါတိမောက်ကိုကြားနာ ရမည်)ဟု ဟောတော်မူခြင်းကြောင့် နိဗ္ဗေမတိက မဖြစ်သေးသမျှ သဘာဂ အာ ပတ်ကို မခံကောင်း။ တပါးသော ကံတို့၏ အတွက် လည်း ပရိသုဒ္ဓပင် မည်၏။ တဖန် နိဗ္ဗေမတိက ဖြစ်ပြီးနောက် ဒေသနာကြားရမည်ဟုရင်း၊ မကြားအပ်ဟုရင်း၊ ပါဠိတော်၌ရင်း၊ အဋ္ဌကထာ၌ရင်း မရှိ။ သို့သော်လည်း ဒေသနာကြားဆော်ကား အာပတ်မသင့်.......အပြစ်မရှိပါဟု ဆိုလိုရင်း ဖြစ်သောကြောင့် ဒေသေတဗ္ဗံ ဝါ န ဝါတိ နေဝ ပါဠိယံ န အဋ္ဌကထာယံ အတ္ထိ သာ ပါဠိအမှန်ဖြစ်ပါသည်။

၁၄၈။ ။စမ္မကွန္ဒကအဖွင့်။ ကြောင်းရေ။၂၆-၌—

ဒွေတိယော ဟု ရှိ၏။ ရဟန်းတော် ၂-ပါး ၃-ပါးကို ဆိုလိုသော အရာဖြစ်သောကြောင့်(ဒွေတယော)ပါဠိသာ သင့်၏။

၁၄၉။ ။ကြောင်းရေ။၂၇။

ဒသာနုဗျာဝဋ္ဋသာ ဇနသာ ဆမ္ဘဝတော ရှိ၏။ ဒသာနုဗျာဝဋ္ဋသာ ဇနသာ သဗ္ဗဘာဂတော ပသာဒါဝဟံ ပါဠိသာ အမှန်ဖြစ်၏။ (ဥဒါန်း အဋ္ဌကထာ၌ ထိုအတိုင်း ဖွင့်သောကြောင့်တည်း။ ဥဒါန်း အဋ္ဌကထာမျက်နှာ။၄၃။ ဇောဓိဝဂ် ဒသမသုတ် အဖွင့်၌ ထိုပုဒ်တို့၏ အဖွင့် ပါပါသည်။)

၁၅၀။ ကြောင်းရေ။၃။၌—

(ဥတ္တမဒမထသမထာပတ္တိ)ဟု စာပျက်လျက်ရှိ၏။ ။(ဥတ္တမဒမထသမထမနုပ္ပတ္တာတ္တိ)ပါဠိသာ မှန်၏။

၎င်းမျက်နှာ ကြောင်းရေ။၉-၌ အပဋိသခ်ပေက္ခာကာ။ ပါဠိပျက်။ အပဋိသင်္ခါနုပေက္ခာဘာဂတော သာ ပါဠိမှန်တည်း။

ဝိနယ။ ။မဟာဝါအဋ္ဌကထာအဖွင့်။ ။ကေရသာကာ

၁၅၁။ ။ကြောင်းရေ။၈။၌—

သန္တိန္ဒြိယံ-ဟု ပါဠိပျက်နေသည်။ ယတိန္ဒြိယံ-ပါဠိအမှန်တည်း။ သန္တိန္ဒြိယံကိုကား ရှေးက ဖွင့်ပြီးခဲ့ပြီးဖြစ်သောကြောင့်တည်း။

၎င်းမျက်နှာ ကြောင်းရေ။၁၁။ ကြောင်းမြောက်၌— အာဘုယ-ဟု ပါဠိပျက်နေ၏။ အာဝုသ ပါဠိသာ မှန်၏။ (အာဂုံ န ကရောတိကိ နာဂေါ) ဟူသော ဝိဂ္ဂဟ်ကို ပြလိုရင်း ဖြစ်သောကြောင့်တည်း။ အာဂုသ ဟူ၍သာ ဥဒါန်းအဋ္ဌကထာ၌ ရှိပါသည်။

စမ္မက္ခန္ဒက ပြီးပါပြီ။

---

ဤမှနောက်၌ ဋီကာချုပ်ကြီးသည် အဋ္ဌကထာမဖွင့်သော သုတ္တန်နှင့်ဆိုင်ရာ ပါဠိရပ်တို့၌ (ထိုထိုသုတ် အဋ္ဌကထာဋီကာတို့မှ) ယူ၍ ဖွင့်သည်ကသာ များပါသည်။ ထိုကြောင့် ထိုသုတ္တန်နှင့် စပ်သော

အရာတို့၌ ဋီကာရှင်၏ မှီရာသုတ် အဋ္ဌကထာဋီကာတို့ကို ကြည့်ရှုသုတ်သင် ပါသည်။

အထူးအားဖြင့် ကောသမ္ဗကက္ခန္ဓက ပါလိလေယျကဝတ္ထု၌ ဥဒါန်းအဋ္ဌကထာမှ ယူ၍ ဖွင့်သည်။ ပါစိနဝံသဒါယ ဝတ္ထု၌ မူလပဏ္ဏာသ အဋ္ဌကထာ ဒုတိယအုပ် (စူဠဂေါသိင်္ဂသုတ်) အဋ္ဌကထာမှ ယူ၍ ဖွင့်သည်။ ထိုကြောင့် ထို ၂-ဝတ္ထုတို့၌ ထိုအဋ္ဌကထာ ၂-ရပ်နှင့် တိုက်ဆိုင် သုတ်သင်လိုက်ပါသည်။

တေရသကဏ် ဋီကာ ပြီးပါပြီ။

---

ဝိနယ။ ။ဝိမတိဋီကာ။ ။မဟာဝါအဖွင့်

၇၉။ ။ကြောင်းရေ။ ၂၇-၌—

သော အဟံ အရောဂေါ ဘဝိဿာမီတိ အတ္ထော။
သော အဟံ အရောဂေါ ဝိဗ္ဗမိဿာမီတိ အတ္ထော။

ဟု ပါဌ်နှစ်ထွေ ကွဲပြားရှိနေရာဝယ်။ ။သောမှို့၌ အမှိုသဒ္ဒါ၏ အနာဂတ်ဟောကို သိစေလိုသောကြောင့် လည်းကောင်း၊ ဝိဗ္ဗမိဿာမိဟူသော ပဓာနကြိယာဖြင့်ယှဉ်၍ ပြလိုသော အာဘော်ရှိသောကြောင့်လည်းကောင်း၊ သော အဟံ အရောဂေါ ဘဝိဿာမိ၊ ဝိဗ္ဗမိဿာမီတိ အတ္ထော သာ ဋီကာဆရာဖွင့်ယင်း ရေးသားယင်း ပါဌ် ဖြစ်ပါသည်။ မူကွဲနှစ်ရပ်၌ ကြိယာတပုဒ်စီ ကျနေခြင်း ဖြစ်ပါသည်။

၈၄။ ။ကြောင်းရေ။ ၃-၌—

ဝိမတိဋီကာရှင်၏ လက်ကိုင်ပေမူ၌ အဋ္ဌကထာ (သာဓု ဘန္တေ အယျာစသော စကား၏အဖွင့်)ဝယ် (အတ္တနော ပိတရ ပုတ္တေ) ဟု ပါဌ်ပျက်လျက် ရှိဟန် တူပါ၏။ ထိုကြောင့်ပင် (အတ္တနော ပိဘရတ် ဘဂဝန္တံ သန္ဓာယ ဝဒတိ ပုတ္တေတိ ရာဟုလံ)ဟု ဖွင့်ခြင်း ဖြစ်သည်။ ပါဌ်ပျက်ကို မစိစစ်ပဲ ဖွင့်ခြင်းတည်း။ ယခုလက်ရှိမူ အရပ်ရပ်၌ကား သော ဏိရ စိန္တေသိ ယတြပိ နာမ အဟမ္ပိ ဗုဒ္ဓမာမကော ဓမ္မမာမကော သံဃမာမကော သမာနော အတ္တနော ပိယတရပုတ္တေ-ဟု မှန်ပါဌ် ရှိနေပြီ။

သံဝဏ္ဏေတဗ္ဗရှာ၍ လွယ်ကူရန် ညွှန်ကြားပါသည်။

၁၀၅။ ။ဉပေါသထခန္ဓကအဖွင့် အစ စာရွက် အောက်ဆုံးကြောင်း၌—

(ပုဗ္ဗေ အဝိဇ္ဇမာနံ ပညာပေသီတိ) ဟူသော ပါဠိသည် သံဝဏ္ဏေတဗ္ဗကို ပြသောပါဠိ မဟုတ်ပါ။ (ထိုပါဠိ အဋ္ဌကထာ၌ မရှိပါ)။ စင်စစ်ကား ပဌမပါတိမောက္ခုဒ္ဒေသံ ဒဿေတိ ဟူသော အဋ္ဌကထာကို နိဒါနုဒ္ဒေသံ ဒဿေတိ-ဟု သာမည ဖွင့်ပြီးလျှင် ထပ်၍ အဓိပ္ပါယ်ဖွင့်သောပါဠိ ဖြစ်ပါသည်။ မှန်၏။နိဒါနုဒ္ဒေသကား ရှေး၌မပြခဲ့၊ မဟောခဲ့ရသေးသဖြင့် ရှေးက မရှိသေးသော ဥဒ္ဒေသ ဖြစ်သည်။ ထိုကြောင့်ပင် န ကေဝလဉ္စ တေ စသည်ဖြင့် ရှေးက ပြပြီး ရှိပြီးတို့နှင့်တကွ ၎င်းကို ပါတိမောက္ခုဒ္ဒေသဥ် ဟောကြောင်း ဆက်၍ ဖွင့်သည်။

၁၅၂။ ။ကြောင်းရေ။ ၃-၌—

လက်ရှိ စာအုပ်ဝယ် (ပါဠိယံ သံယမသာတိ သင်္ဂဏှနသာ အဝိသဇ္ဇနသာ ရောဂဿာတိ အတ္ထော)ဟု အထက်ကြောင်းက ရောဂဿသဒ္ဒါ လျှောကျလာဟန် တူပါ၏။ အမှန်မှာ—

ပါဠိယံ သံယမသာ ၁တိ သင်္ဂဏှနသာ အဝိသဇ္ဇနသာ ၁တိ အတ္ထော။ ယော သညမော သော ဝိနာသော၁တိအာဒိသု ဝိယ။သာ ပါဠိအမှန် ဖြစ်ပါသည်။ အနည်းငယ် ရှင်းလိုပါသည်။ ပေတဝတ္ထုပါဠိတော် ၂-ဥဗ္ဗရိဝဂ်၊သတ္တမမြောက် ဓနပါလသေဋ္ဌိပေတဝတ္ထု ၁၁-ခုမြောက် ဂါထာ။

ယော သံယမော သော ဝိနာသော၊
ယော ဝိနာသော သော သံယမော။
ပေတာ ဟိ ကိရ ဇာနန္တိ၊
ယော သံယမော သော ဝိနာသော။

ဟူသောဂါထာ၌ သံယမသဒ္ဒါသည် (ပစ္စည်းကို) သိမ်းဆည်းခြင်း* အနက်ကို ဟော၏-သို့ (ဥပဇာနာမေတဿ သံယမဿ) ဟူသော ပါဠိတော်၌လည်း သံယမသဒ္ဒါသည် (သင်္ဂဏှန၊ ပစ္စည်းကို သိမ်းဆည်းခြင်း) အနက်ကို ဟော၏။သင်္ဂဏှနဟူသည် မစွန့်ပစ်ခြင်း ပင်တည်းဟု ပြလို၍(ပါဠိယံ သံယမသာ၁တိ သင်္ဂဏှနသာ၊ အဝိသဇ္ဇနသာ၁တိ အတ္ထော။ ယော သံယမော သော ဝိနာသော၁တိ-အာဒိသု ဝိယ) ဟု ဖွင့်ခြင်းဖြစ်ပါသည်။

အမှာ။ ။လက်ရှိ ဋီကာပါဠိရပ်များဝယ် ပိုဒ်ကြီးခြားခြင်း၊ စာကြောင်းခြားခြင်း အလျင်းပင် မရှိပဲ ငါးပိသိပ် ငါးခူဉ်သိပ် ရိုက်နှိပ်၍ ထားသောကြောင့် ပါဠိတော်ကို သေချာစွာစေ့စပ်စွာကြည့်၍ (ပါရာဂရပ်)ခေါ် အပြတ်ကြီးများကို ကြီးစွာသော လုံ့လဖြင့် ဖြတ်၍ ပေးလိုက်ပါသည်။ ရှတ်တရက် စွန့်ပစ်ခြင်းကို မပြုမိရန် သတိပြုကြပါမည့်အကြောင်း။

ဝိမတိဝိနောဒနီဋီကာဝိသောဓန ပြီးပါပြီ။

မင်းကွန်းပါဠိဝိသောဓနအဖွဲ့၊
၁၅။ပ။ဆို။ကျော်။၁၄။ရက်။

---

## ဋီကာစာဖောင်များ ပြင်ဆင်ခြင်း

ဋီကာ သံဂါယနာ ပဌမသန္နိပါတကို သက္ကရာဇ် ၁၃၂၂-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့တွင် စတင်ရွတ်ဖတ် တင်တော်မူကြရာ ၁၃၂၂-ခု ပြာသိုလဆုတ် ၁၃-ရက်တွင် ပြီးဆုံးသည်။ တဖန် ဒုတိယ သန္နိပါတကို ၁၃၂၃-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့တွင်စ၍ ၁၃၂၃-ခု တပို့တွဲလဆန်း ၁၂ ရက်နေ့တွင် ပြီးဆုံးသည်။ သံဂါယနာတင် ကျမ်းစာအုပ်များမှာ ပိဋကသုံးပုံ ဋီကာကျမ်း စာအုပ်ပေါင်း ၂၆-အုပ်ဖြစ်သည်။

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဖော်ပြပါ သံဂါယနာတင်စဉ်က ဋီကာကျမ်းတချို့ကိုလည်း မင်းကွန်းမှနေ၍ သုတ်သင်ပြင်ဆင် တော်မူခဲ့သည်[1]။

ကေစ္စာ ဋီကာယော စာပိ၊ ဝိစိတ္တေန သုဓီမတာ။
သောဓိတာ ထေရသေဋ္ဌေန၊ သံဂီတိကိစ္စကာရိနာ။

### ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး

နိုင်ငံတော် အစိုးရနှင့် ပြည်သူလူထု၏ အကူအညီဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ သာသနာသက္ကရာဇ် ၂၄၉၈-ခု မြန်မာသက္ကရာဇ် ၁၃၁၆-ခု ကဆုန်လပြည့်နေ့ကစ၍ သာသနာသက္ကရာဇ် ၂၄၉၉-ခု မြန်မာသက္ကရာဇ် ၁၃၁၈-ခု ကဆုန်လဆန်း ၁၀-ရက် နေ့အထိ ၂-နှစ်ရာသီ ကြာမျှ သန္နိပါတ ၅-ကြိမ်ခွဲ၍ သံဃာတော် ၂၅၀၀-တို့ ဆဋ္ဌသံဂါယနာ တင်တော်မူခဲ့ကြကုန်၏။ ပဌမသန္နိပါတမှာ ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ၁၃၁၆-ခုနှစ် ဝါဆိုလဆန်း၊

---

၁။ ထိုစဉ်က ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ဖောင်ကြမ်းများရိုက်၍ အရှင်ဝိစိတ္တသာရ ထံသို့လည်း ပို့ပေးသည်။



ဆဋ္ဌသံဂါယနာတင်စဉ်က သံဂါယနာအဖြေ တာဝန်ကို
ဆောင်ရွက်တော်မူနေသော
အရှင်ဝိစိတ္တသာရာဘိဝံသ

၆-ရက်နေ့တွင် ပြီးသည်။ ဒုတိယသန်္နိပါတမှာ ၁၃၁၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက် နေ့မှစ၍ ၁၃၁၆-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့တွင် ပြီးဆုံးသည်။ တတိယသန်္နိပါတမှာ ၁၃၁၇ ခုနှစ် ကဆုန်လဆန်း ၇-ရက်နေ့မှစ၍ ၁၃၁၇-ခုနှစ်ပဌမဝါဆိုလဆန်း ၁၃-ရက်နေ့တွင် ပြီးဆုံးသည်။စတုတ္ထသန္နိပါတမှာ ၁၃၁၇ ခုနှစ် နတ်တော်လဆန်း ၂-ရက်နေ့မှစ၍ ၁၃၁၇-ခုနှစ် တပို့တွဲလဆန်း ၅-ရက်နေ့တွင် ပြီးဆုံးသည်။ ပဥ္စမသန္နိပါတမှာ ၁၃၁၈-ခုနှစ်မှစ၍ ၁၃၁၈ ခုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့တွင် ပြီးဆုံးလေသည်။ တဖန် ကဆုန်လဆန်း ၁၂-ရက်နေ့မှစ၍ ကဆုန်လဆုတ် ၃-ရက်နေ့အထိ ဆဋ္ဌသံဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ဆဋ္ဌသံဂါယနာနှင့် သာသနာ ၂၅၀၀-ပြည့်-ဆောင်ပွဲကို ခမ်းနားစွာ ကျင်းပခဲ့လေသည်။

ဆဋ္ဌသံဂီတိ သဘာပိ၊ မြန်မာ့ရဋ္ဌေ ပဝတ္တိတာ။
တေပိဋကပါရဂေဟိ၊ ထေရေဟိ မဓ္ဓကာမိဘိ။

## အရှင်ဝိစိတ္တသာရာဘိဝံသ ဝိဿဇ္ဇကတာဝန်ဆောင်ရွက်ခြင်း

အရှင် ဝိစိတ္တသာရာဘိဝံသသည် ဝန်ဆောင်သံဃာ့ အဖွဲ့ကြီးက တာဝန်ပေးချက်အရ ဖော်ပြပါ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဝိဿဇ္ဇကတာဝန်ကို ဆောင်ရွက်တော်မူသည်။ ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ၅-နိုင်ငံမှ ကြွရောက်လာကြကုန်သော သံဂီတိကာရကသံဃပရိသတ်, လူပရိသတ်တို့၏ အလယ်တွင် သံဃမဟာနာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဘုရားကြီး အရှင်ရေဝတ မဟာထေရ်က—

"သုဏာတု မေ ဘန္တေ သံဃော မဟတီ အယံ ပရိသာ၊ ဝေဠုပါယပရိသာယ န သုကရာ သဗ္ဗသော ကထံ သာဝေတုံ တသ္မာ အာယသ္မတော စ ဇဝနဗ္ဗေရသ ပဉ္ဇ္ဆုနဂရဝါသိနော (တသ္မာ အာယသ္မတော စ သောဘနဿ သာသနရံသီသာရာမဝါသိနော) အာယသ္မတော စ ဝိစိတ္တသာရာဘိဝံသဿ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဿ ဝိနယပုစ္ဆနကာရဉ္စ ဝိနယဝိဿဇ္ဇနကာရဉ္စ အာဝဟိတုံ ဩကာသံ ဒမ္မိ၊ ယေ ရောစေထ တုမှေ အာဝုသော ဆဋ္ဌသံဂီတိပုဗ္ဗင်္ဂမာနိ ဝိနယပုစ္ဆနဝိနယဝိဿဇ္ဇနကိစ္စာနိ ယထာ ဓမ္မံ ယထာ ဝိနယံ၊

အရှင်ဘုရားတို့ သံဃာတော်သည် ကျွန်ုပ်တော်၏ စကားကို နာယူစေချင်ပါသည်။ ဤပရိသတ်ကြီးသည် များပြားလှပါ၏၊ ဤသို့ များပြားလှသော ပရိသတ်အား စကားအပြည့်အစုံ အကုန်ကြားအောင်

ပြောကြားခြင်းငှါ မလွယ်ကူပါ။ ထို့ကြောင့် ပခုက္ကူမြို့နေ အရှင်ဇဝန မထေရ်အားရင်း၊ (သာသနာ့ရိပ်သာ မဟာစည်ဆရာတော် အရှင်သောဘန မထေရ်အားရင်း၊) တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဖြစ်သော အရှင် ဝိစိတ္တသာရာဘိဝံသအားရင်း၊ ဝိနည်းကို မေးမြန်းရန် တာဝန်ကိုရင်း၊ ဝိနည်းကို ဖြေရန် တာဝန်ကိုရင်း ရွက်ဆောင်ကြရန် အခွင့်ပေးပါ၏၊ ငါ့ရှင်တို့ သင်တို့သည် ဆဋ္ဌသံဂါယနာ ရှေ့သွားဖြစ်ကုန်သော ဝိနည်းကို မေးမြန်းခြင်း ဝိနည်းကို ဖြေခြင်း ကိစ္စတို့ကို ဓမ္မဝိနယလာရှိသောအတိုင်း ပြုလုပ်ကြ ကုန်လော့[၁]–

ဟူ၍ ကြကာသ ဒါနကထာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆနဉတ်ကို ထားပြီးလျှင် အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကလည်း–

"သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ ဇဝနတ္ထေရေန (အာယသ္မတာ သောဘနတ္ထေရေန) သံဃနာယကမဟာထေရဿ ပဋိနိဒ္ဒိဋ္ဌေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။

အရှင်ဘုရားတို့ သံဃာတော်သည် တပည့်တော်၏ စကားကို နာယူစေချင်ပါသည်၊ သံဃာတော်အား သင့်လျော် လျောက်ပတ်သောအခါ (အင်္ဂါနှင့် ပြည့်စုံခြင်း) ရှိသည့်အဖြစ်ပါမူ တပည့်တော်သည် သံဃနာယက မဟာထေရ်၏ ကိုယ်စား ဖြစ်တော်မူသော အရှင်ဇဝန မဟာထေရ်သည် (အရှင်သောဘနမထေရ်သည်) မေးမြန်းအပ်သည် ဖြစ်ပါ၍ ဝိနည်းပိဋကဆိုင်ရာကို ဖြေကြား လျှောက်ထားပါမည် ဘုရား–"

ဟု ဝိဿဇ္ဇကသမ္မုတိဉတ် ထားတော်မူသည်၊ ထို့နောက် ပုစ္ဆက ဆရာတော်သည် ပုစ္ဆကပလ္လင်ထက်သို့ တက်ကြွ၍ တင်ပလ္လင်ခွေ ထိုင်နေတော်မူသည်။ အရှင် ဝိစိတ္တသာရာဘိဝံသသည်လည်း ဝိဿဇ္ဇကပလ္လင်ထက်သို့ တက်ကြွ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည်။ ယင်းသို့ ထိုင်တော်မူပြီးလျှင် ပုစ္ဆကဆရာတော်က သံဂါယနာအစဉ်အလာနှင့်အညီ ပါဠိ မြန်မာ ၂-ဘာသာဖြင့်မေးလေရာ အရှင်ဝိစိတ္တသာရာဘိဝံသသည် ရင်သပ်ရှုမော အံ့ဩလောက်အောင် တိကျပြတ်သား ရှင်းလင်းစွာ နှုတ်တက်ခွရွ ဖြေဆိုတော် မူလေသည်။ ထိုဇဉ်က မေးဖြေချက်များကို အသံလွှင့်ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့်ခဲ့လေရာ တိုင်းသူပြည်သားတို့ အားရ

---

၁။ ဝိနည်းပိဋက ပဌမ ပါရာဇိကသိက္ခာပုဒ် အဆုံးအထိသာ အရှင်ဇဝန မထေရ်က ပုစ္ဆက အဖြစ် ဆောင်ရွက်တော်မူသည်။ ကျန်ရှိသော ကျမ်းစာအားလုံးအတွက် မဟာစည်ဆရာတော်အရှင်သောဘနမထေရ်က ဆောင်ရွက်တော်မူသည်။

ရှင်လန်းစွာ နာယူကြကုန်၏၊ ဤနေရာ၌ တိပိဋကဓရ ဝိစိတ္တသာရာဘိဝံသ၏ စာတော်ဖတ်တို့ ပိုမိုသဘောပေါက်ရန် ဝိနည်းပိဋက ပဌမပါရာဇိကသိက္ခာပုဒ် အမေး အဖြေတခုကို နမူနာအဖြစ် ထုတ်ပြအပ်ပါသည်။

## နမူနာပုစ္ဆာ, ဝိဿဇ္ဇနာ

ပုစ္ဆာ။ ။ယံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ပညတ္တံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော် မူထိုက်သော တရားအလုံးစုံကို မှန်ကန်စွာ ကိုယ်တိုင် သိမြင်တော်မူသော ထို မြတ်စွာဘုရားသည် အကြင် ပဌမပါရာဇိက သိက္ခာပုဒ်ကို ပညတ် ထားတော်မူခဲ့ပေ၏။ ထို ပဌမပါရာဇိက သိက္ခာပုဒ်ကို ဘယ်မြို့ ဒေသ ဘယ်ဌာန၌ ပညတ်တော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီ ပြည်အရပ်၌ ပညတ်တော် မူအပ်ပါသည် အရှင်ဘုရား။

ဤသို့သည်ဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသသည် ပိဋက ၃-ပုံ အလုံးစုံကို ထုံးလိုချေ, ရေလိုနှောက်ပြီးသူဖြစ်ရာ မေးသမျှကို မိုးဝကောင်းကင် သီးနှံနှင့် သလို တောက်တပိုချက်တဖြုတ် လျင်မြန်စွာ ဖြေဆိုတော် မူခဲ့လေသည်။ (တကယ့်အစ္ဆရိယ, အဗ္ဘုတပုဂ္ဂိုလ်ပါတည်း)။

ယင်းအမေး အဖြေများကို " သံဂါယနာ အမေးအဖြေ " ဟူသောအမည်ဖြင့် ဗုဒ္ဓသာသနာ အဖွဲ့မှ ပြုလုပ်ရိုက်နှိပ် ထုတ်ဝေခဲ့ရာ ရှိုင်ဆိုက်စာအုပ်ပေါင်း ၁၀-တွဲကျော်မျှ အရေအတွက်ရှိသည်။

ဆဋ္ဌသံဂီတိပသိဒ္ဓ- သဘာဝယံ သော သုမိတီမာ။
ဝိဿဇ္ဇကဘာဝံ သောပိ၊ အကာ သံသုဒ္ဓမာနသော[၁]။

## အဋ္ဌကထာ သံဂါယနာ မဟာဓမ္မသဘင်

ပါဠိတော် ကျမ်းပေါင်း အုပ်ရေ ၄၀-ကို သံဂါယနာ တင်တော်မူပြီးနောက် အဋ္ဌကထာ ကျမ်းပေါင်း ၅၂-အုပ် တို့ကို သာသနာသက္ကရာဇ် ၂၅၀၀၊ မြန်မာသက္ကရာဇ် ၁၃၁၈-ခု နတ်တော်လဆုတ် ၉-ရက်နေ့ မှစ၍ သာသနာ သက္ကရာဇ် ၂၅၀၃-ခု၊ မြန်မာသက္ကရာဇ် ၁၃၂၁ ခုနှစ် တပေါင်းလဆန်း ၆ ရက် နေ့တိုင်အောင် သန့်ပါတ ၄ ကြိမ်ခဲ့၍ အဋ္ဌကထာ ကျမ်းပေါင်း ၅၂-အုပ်ကို

၁။ အဘိသဒ္ဒါ ဆင့္ဂနပဿုက် ဂိဿဇ္ဇကဘာဝံ နောင်ကိုင်၍ ယောဇနာရာ၏။

သံဂါယနာ တင်တော်မူခဲ့ကြကုန်၏။ ပဌမ သန္နိပါတကို ၁၃၁၈-ခုနှစ် နတ်တော်လဆုတ် ၉-ရက်နေ့မှစ၍ ယင်းသည့် ၁၃၁၈-ခုနှစ် တပို့တွဲလဆန်း ၁-ရက်နေ့တွင်ပြီးသည်။ ဒုတိယ သန္နိပါတကို ၁၃၁၉-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့မှစ၍ ယင်းသည့် ၁၃၁၉-ခုနှစ် တပို့တွဲလဆန်း ၄-ရက်နေ့တွင် ပြီးသည်။ တတိယ သန္နိပါတကို ၁၃၂၀-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့မှ စ၍ ယင်းသည့် ၁၃၂၀-ခုနှစ် တပို့တွဲလဆန်း ၃-ရက်နေ့တွင် ပြီးသည်။ စတုတ္ထ သန္နိပါတကို ၁၃၂၁-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့မှ စ၍ တပေါင်းလဆန်း ၆-ရက်နေ့တွင် ပြီးသည်။

## ဝိသဇ္ဇက, ဝိစာရကတာဝန် ဆောင်ရွက်ခြင်း

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဖော်ပြပါ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ဝိသဇ္ဇကအဖြေ ဆရာတော်အဖြစ်ဖြင့်၎င်း, ဝိစာရက စိစစ်ရေးဆရာတော်အဖြစ်ဖြင့်၎င်း ဆောင်ရွက်တော်မူခဲ့လေသည်။ ဆရာတော်ကား ပညာသံဝတ္တနိက ရှေးကမ္မများစွာ ရှိသူ ပုဂ္ဂိုလ်မြတ်ပေတည်း။

အဋ္ဌကထာ သံဂီတိဝှ-သဘာယမ္ပိ သုမီတိမာ။
ဝိသဇ္ဇက ဝိစာရက- ကာရဝါဟီ သုဇာတိမာ။

## ဋီကာသံဂါယနာသဘင်

အဋ္ဌကထာကျမ်းများကို သံဂါယနာတင်တော်မူကြပြီးနောက် သာသနာသက္ကရာဇ် ၂၅၀၃-ခု မြန်မာသက္ကရာဇ် ၁၃၂၂-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃-ရက် နေ့မှစ၍ သာသနာသက္ကရာဇ် ၂၅၀၄-ခု၊ မြန်မာသက္ကရာဇ် ၁၃၂၃-ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်အထိ သန္နိပါတ ၂-ကြိမ်ခွဲ၍ ဋီကာကျမ်းစာအုပ်ပေါင်း ၂၆-အုပ်ကို သံဂါယနာတင်၍ ဋီကာသံဂါယနာသဘင် ဆင်ယင်တော်မူခဲ့ကုန်၏။ ပဌမ သန္နိပါတကို ၁၃၂၂-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့မှစ၍ ယင်းသည့် ၁၃၂၂-ခုနှစ် ပြာသိုလဆုတ် ၁၃-ရက် နေ့တွင် ပြီးသည်။ ဒုတိယ သန္နိပါတကို ၁၃၂၃-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့တွင် စ၍ ယင်းသည့် ၁၃၂၃-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် ပြီးသည်။

## ဒုတိယသန္နိပါတတွင် ဝိသဇ္ဇကတာဝန် ဆောင်ရွက်ပြီ

အရှင် ဝိစိတ္တသာရာဘိဝံသသည် ဖော်ပြပါ ဋီကာ သံဂါယနာ မဟာဓမ္မသဘင်ကြီး၌လည်း ဝိသဇ္ဇကတာဝန်ကို ဆောင်ရွက်တော် မူခဲ့လေသည်။ ဆရာတော်ကား အဖက်ဖက်မှ ပြည့်စုံထူးချွန်သည့် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်

ဖြစ်တော်မူသည်။ ဆဋ္ဌသံဂါယနာအတွက် ထူးခြားစွာ ပေါ်ထွန်းလာသည့် ပုဂ္ဂလဝိသေသပေတည်း။

ဋ္ဌိကာသံဂီတိကာလေပိ၊ မြန်မာ့ရဋ္ဌေ ပဝတ္တိတေ။
သုဝိဿဇ္ဇကဘာဝေန၊ ဘာရဝါဟီ ဝိသာရဒေါ၊

## ဝန်ဆောင်သံဃအဖွဲ့ဝင်တာဝန်

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်ကြီး၌ တာဝန်တွေ ပြုလုပ်ဆောင်ရွက်ခဲ့သည်မှာ များပြားလှသည်။ အများသိနေသည်မှာ ဝိသဇ္ဇက တာဝန်ဖြစ်သည်။ ၎င်းရာတွင် ပဋိပိသောဓက တာဝန်ကို ကြိုးကြိုးပမ်းပမ်း ဆောင်ရွက်တော်မူခဲ့ကြောင်း ဖော်ပြခဲ့ပြီ။ ၎င်းပြင် ဝန်ဆောင်သံဃအဖွဲ့ဝင်ဖြစ်၍ အကြံဉာဏ်ပေးခြင်း၊ ဝန်ဆောင်အဖွဲ့က တာဝန် ပေးသည့် တာဝန်များကို ပြုလုပ်ခြင်းစသည်တို့ကို ဆောင်ရွက်တော်မူခဲ့ လေသည်။

သံဂီတိမဟာသဘေဟိ၊ ရဋ္ဌေ မြန်မာ့ပုရတ္တမေ။
ဘာရနိတ္ထာရကော ဟုတွာ၊ သံဂီတိယာ ဓုရန္ဓရော။

## တိပိဋကဓရ အထိမ်းအမှတ် နေ့ထူးတရပ် သတ်မှတ်ခြင်း

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ဘုရားမြတ်စွာ သာသနာ စည်ပင်ခဲ့ သော်လည်း အလွန်တရာ ပေါ်ပေါက်ခဲလှစွာသော ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ်ပေါက်လာခြင်းကို အစွဲပြု၍ မြန်မာနိုင်ငံ ဘာသာရေး နေ့ထူးနေ့မြတ်များစွာတွင် တိပိဋကဓရ နေ့ထူးတရပ် သတ်မှတ်ကြရန် ၁၃၁၇-ခုနှစ်၊ ပြာသိုလဆုတ် ၉-ရက် (၅-၂-၅၆) တနင်္ဂနွေနေ့ ညနေ ၃-နာရီအချိန် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီးတွင် ကျင်းပသော တိပိဋကဓရဆောင်သာသနာ့အာဇာနည် အရှင်မြတ် များအား ချီးကျူးပူဇော်ပွဲ ကျင်းပရေး ဘာသာရေး အာဆင်အဖွဲ့ ပေါင်းစုံ ညှိနှိုင်းကော်မတီ အစည်းအဝေးတွင် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြသည်။

ဆုံးဖြတ်ချက်အမှတ်(၁၁)

တိပိဋကဓရ နေ့တနေ့ အဘူးသတ်မှတ်ရန်အတွက် ပဌမဆရာတော်ဦးစွာ တိပိဋက- ဓရ ဓမ္မဘဏ္ဍာဂါရိက ပေါ်ပေါက်သော တဘို့တွဲလကာန်း ၁၀-ရက်နေ့ကို "တိပိဋကဓရ" နေ့ဟု သတ်မှတ်ချန်ဟူ၍ ဆုံးဖြတ်ကြသည်။

## အထိမ်းအမှတ်ပွဲကျင်းပခြင်း

ပဥ္စမ အကြိမ်မြောက် တိပိဋကဓရနေ့ အထိမ်းအမှတ်ပွဲကို ၁၃၁၇-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက် (၉-၂-၅၇) စနေနေ့ ညနေ ၆-နာရီအချိန်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်မွှော်ရုံကြီး၌ ညနေ ၆-နာရီ မိနစ် ၃၀-မှ ၈-နာရီ မိနစ် ၃၀-အထိ ခမ်းနားစွာ ကျင်းပသည်။ ယင်းအခမ်းအနားတွင် သာသနာ့ညွှန်ကြားရေးဝန် မဟာပညာဗလ ဦးကြီးဖေသည် အောက်ပါအတိုင်း တိပိဋကဓရ သာသနာ့အာဇာနည် ပေါ်ပေါက်ခြင်းနှင့် တိပိဋကဓရနေ့ သတ်မှတ်ခြင်းအကြောင်းကို လျှောက်ထားလေသည်။

## မဟာပညာဗလ ဦးကြီးဖေ လျှောက်လွှာ

ရှိခိုးသစ္စာ လျှောက်ထားပါသည်၊ ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား၊

တိပိဋကဓရနေ့ သတ်မှတ်ရခြင်းနှင့် စပ်လျဉ်းပြီး နောက်ကြောင်း သာသနာဝင်ကို အနည်းငယ် လျှောက်ထားလိုပါတယ်ဘုရား။

မြတ်စွာဘုရား လက်ထက်တော်အခါက ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်တွေ အလွန်ပေါများပါတယ်ဘုရား၊ အလွန်ပေါများနေတော့ အံ့ဖွယ်သူရဲ မဖြစ်တဲ့အတွက် တိပိဋကဓရနေ့လို့ သတ်မှတ်ခြင်း မရှိခဲ့ပါဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး စတုတ္ထသံဂါယနာ တင်သည်အထိ နှစ်ပေါင်း (၄၅၀)အတွင်း နှုတ်ဖြင့်နှုတ်ဆိုကာ သံဂါယနာ သုံးကြိမ်တင်လာသည်ကို ထောက်သဖြင့် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်များရှိကြောင်း ထင်ရှားပါတယ်ဘုရား၊ သို့သော်လဲ တတိယသံဂါယနာတင်ပြီးနောက် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်တွေ ကဖြည်းဖြည်း ဆုတ်ယုတ်နည်းပါးပြီး ပိဋကတ်နှစ်ပုံဆောင် တပုံဆောင်တို့သာ များသဖြင့် စတုတ္ထသံဂါယနာ တင်တဲ့အခါကျတော့ နှုတ်ဖြင့် အာဂုံမရွတ်ဆိုတော့ပဲ ပေထက်အက္ခရာ တင်ခဲ့ကြပါတယ်ဘုရား။

စတုတ္ထသံဂါယနာတင်ပြီး သည်ဘက် နှစ်ပေါင်း နှစ်ထောင်အတွင်းမှာ သထုံခေတ်၊ ပုဂံခေတ်၊ စစ်ကိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ခေတ်ဟု ခေတ်အမျိုးမျိုးနှင့် ကြုံခဲ့ပါတယ်၊ ထိုခေတ်များတွင် ရာဇဝင် သာသနာဝင်များအရဆိုလျှင် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရပုဂ္ဂိုလ်မှာ မရှိသလောက် ဖြစ်ခဲ့ပါတယ်ဘုရား၊ တိပိဋကဓရပုဂ္ဂိုလ်ရှိကြောင်း ဘယ်ပုဂ္ဂိုလ်ဟာ တိပိဋကဓရပုဂ္ဂိုလ်ဖြစ်ကြောင်း ရာဇဝင်၊ သာသနာဝင်မှတ်တမ်း အခိုင်အမာ မတွေ့ရပါဘုရား၊ သို့သော်လည်း ပိဋကတ်သုံးပုံကို ချဉ်းကြည့်ရှု

လေ့လာ ချောက်ချား ရေးသားနိုင်တဲ့ ပုဂ္ဂိုလ်တွေ အများအပြား ပေါ်ထွက်ခဲ့ပါတယ်ဘုရား၊ ပေါ်ထွက်ခဲ့ကြောင်း ယခုသက်တိုင်အသုံးပြုနေတဲ့ ပါဠိဘာသာဘက်က ဋီကာကျမ်းများ၊ သဒ္ဒါကျမ်းများ၊ အနုမဋ္ဌ ယောဇနာကျမ်းများ၊ မြန်မာဘာသာဘက်က နိဿယကျမ်းများ၊ ဂဏ္ဌိကျမ်းများ၊ အဆုံးအဖြတ်ဝိနိစ္ဆယများကို ထောက်သဖြင့် ထင်ရှားပါတယ်ဘုရား။

ထိုသို့ ပိဋကတ်သုံးပုံကို ချုပ်ကြည့်ရှုလေ့လာ ချောက်ချားရေးသားနိုင်တဲ့ ပုဂ္ဂိုလ်တွေ အများအပြား ပေါ်ထွက်သော်လဲ၊ ယခုလို စာမေးပွဲမျိုးနှင့် မေးမြန်းဖြေဆိုရခြင်း မရှိလေတော့ နှုတ်တက်အာဂုံဘက်က နည်းပါဟန် တူပါတယ်ဘုရား။

ယခုအခါ တိပိဋကဓရပုဂ္ဂိုလ် ပေါ်ပေါက်လာခြင်းဟာလဲ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် ဗုဒ္ဓသာသနာအဖွဲ့ကြီးနှစ်ဖွဲ့က သတိုးသီရိသုဓမ္မဆာ-ဦးသွင်ကို ဆဋ္ဌသံဂါယနာ တင်နိုင်ရန်အတွက် သာသနာတော်မောင်နှတ်မင်းကြီးချား နှိုးဆော် တိုက်တွန်းသည့်အလား (မဖြစ်နိုင်ပါဘူး မဖြစ်နိုင်တာ ငွေကုန်လူပန်းခံပြီး လုပ်ရမလား)ဟု သဘောကျသူ မရှိသလောက် နည်းပါးပြီး၊ ကဲ့ရဲ့ပြစ်တင်နေတဲ့ အထဲ အဲဒီ သတိုးသီရိသုဓမ္မဆာ-ဦးသွင် မနေမနား ကြိုးစားချက်အရ ၆-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ(၁၃၁၅-ခု၊ တပို့တွဲ လဆန်း ၁၀-ရက်နေ့ရောက်တော့) အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံကြီးထဲက ကားကားစွင့်စွင့် ပဒုမ္မာကြာပန်းကြီး ပွင့်လာသလို မဖြစ်ဘူးမြဲ ထူးကဲစွာ တိပိဋကဓရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်တပါး ထွန်းကား ပေါ်ပေါက်လာခဲ့ပါတယ်ဘုရား။

တိပိဋကဓရ ပုဂ္ဂိုလ် ဆိတ်သုဉ်းကွယ်ပျောက်နေတဲ့အတွက် နှစ်ပေါင်း နှစ်ထောင်ကျော်အတွင်း သာသနာဝင် ကြွေးတင်လာတာ သထုံခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ ပုဂံခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ စစ်ကိုင်း ပင်းယခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ အင်းဝခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ ကုန်းဘောင်ခေတ်ကလဲ မဆပ်ခဲ့နိုင်ပါဘုရား၊ အင်္ဂလိပ်ခေတ်ကျတော့ သာသနာပြုမင်း မဟုတ်တဲ့အတွက် ကြွေးဆပ်တဲ့အထဲ ထည့်သွင်းပြီး စဉ်းစားရန် မလိုပါဘုရား။

အဲဒီ နှစ်ပေါင်း နှစ်ထောင်ကျော်အတွင်း ခေတ်အဆက်ဆက်က တင်လာခဲ့တဲ့ သာသနာဝင်ကြွေးတွေကို လွတ်လပ်တဲ့ (ဖ၊ ဆ၊ ပ၊ လ)ခေတ်၊ (၁၃၁၅ ခု တပို့တွဲလဆန်း ၁၀-ရက်နေ့)ရောက်တော့ တိပိဋကဓရ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ပေါ်ပေါက်လာတဲ့အတွက် ၁၃၁၆-ခု ကဘာ့နဲလပြည့်နေ့မှ စတင်၍ ဆဋ္ဌသံဂါယနာတင်ပြီး သာသနာဝင်ကြွေးတွေ ဆပ်လိုက်တာ တခါတည်း ကြေသွားပါတယ်ဘုရား။

အဲဒီ သာသနာဝင်ကြေးတွေ ကြေသွားတဲ့အတွက် ကြေးကြေသွားအောင် ဆပ်နိုင်တဲ့ အတွက်(အဲဒီ တပို့တွဲလဆန်း ၁၀ ရက်နေ့ကို တိပိဋကဓရနေ့လို့)ကမ္ဘာ့ ရာဇဝင်နှင့် သာသနာဝင်တွင် ဥဒါန်းတွင်လောက်အောင် မော်ကွန်းထိုးခြင်း ဖြစ်ပါတယ်ဘုရား။

အဲဒီ မော်ကွန်းထိုးသွားတဲ့ (တိပိဋကဓရ)နေ့ ရောက်တဲ့အခါ နှစ်စဉ် ဗုဒ္ဓ ဘာသာဝင် သူတော်စင်ဖြစ်ကြတဲ့ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ဟာ တိပိဋကဓရ သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ထူးကို ပူဇော်တဲ့ ပုဂ္ဂလပူဇာအနေ ဖြင့်ရင်း၊ ပိဋကတ်သုံးပုံကို ပူဇော်တဲ့ ဓမ္မပူဇာအနေဖြင့်ရင်း၊ ဆဋ္ဌသံဂါယနာ ကြီးကို ပူဇော်တဲ့ သာသနပူဇာ အနေဖြင့်ရင်း၊ အရပ်ဒေသ မြို့ရွာ ခရိုင် တိုင်း စွမ်းအားရှိသမျှ ပိဋကတ်တော် ငွေတော်ပ ပူဇော်ပွဲကြီးများကို ဆရာ တော် သံဃာတော်များက ကြီးမှူးပြီး ကျင်းပကြရန်၊ ကျင်းပ၍ သတိရကြ ရန် လေးလေးနက်နက် လျှောက်ထား တောင်းပန် အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

တိပိဋကဓရဒိနဉ္စ-သုဝိသိဋ္ဌ ဒိနမ္ပိ စ။
သလ္လက္ခေသုံ ဒိဃဒဿိ-သုဇနာ သာဓု သမ္မတာ။

## မိခင်ကြီး ဒေါ်ဆင် ကွယ်လွန်ခြင်း

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ဆင်သည် ဆရာတော် တိပိဋကဓရ ဘွဲ့တံဆိပ်တော် အလှူခံစဉ်က ကိုယ်တိုင်လိုက်ပါ ကြည့်ရှု ဖူးမြော်ပူဇော်ခဲ့သည့်ပြင် တိပိဋကဓရ ပုဂ္ဂိုလ်ကျော်၏မယ်တော် အဖြစ်ဖြင့် နိုင်ငံတော်အစိုးရ၏ အထောက်အပံ့ကို ရရှိခံစားသည့်သာမက သားရဟန်းတော် ပုဂ္ဂိုလ်ကျော်၏ ဓမ္မာနုဂ္ဂဟအာမိသာနုဂ္ဂဟတို့ကို ခံယူရရှိပြီး သက္ကရာဇ် ၁၃၂၃ ခုနှစ်၊နတ်တော်လဆန်း ၁၁ ရက်နေ့တွင်ကွယ်လွန်ခဲ့လေသည်။ ဆရာတော်သည် ခမ်းနားစွာသင်္ဂြိုဟ်၍ မွေးသမိခင်ကျေးဇူးရှင်အား နောက်ဆုံး ချီးမြှောက်ကျေးဇူးဆပ်တော်မူခဲ့လေသည်။ ဆရာတော်သည်မယ်တော်ချာပနပွဲ၌ပါဝင်၍ တရားသံဝေ ရှာဖွေကြသော ပရိသတ်ကြီးအား အောက်ပါ မွေ့သံဝေဂ လက်ဆောင်ဖြင့် သံဝေ ရစေတော်မူခဲ့လေသည်။

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတွာ သင်္ခါရဓမ္မတံ။
သကိစ္စမနုယုဉ္ဇေဝ္ဝါ၊ နတ္ထိ ဧကာ မစ္စုသင်္ဂံရံ။

ဘောဒန္တာ၊ လေးပါးသောမဂ်ဉာဏ် လေးပါးသောဖိုလ်ဉာဏ်ကို ရရန်ရှယ် ချောင်း ဆုပန်တောင်း၍ စုပေါင်းညီညာ စည်းဝေးလာသည့် တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ သင်္ခါရဓမ္မတံ၊ ကိုယ်ကဲ့သို့ ဖြစ်လိုတို့

လည်း၊ တဖုံဆင်ကဲ့ သူဘနဲဖြင့် ဖောက်လွဲတတ်စွာ ရုပ်နာမ်မွေ သင်္ခါရတို့၏ မွေဘာကို။ ဥတ္တာ-ဇာနာထ၊ ကိုယ်စီကိုယ်ငှ အင္ဂုတ္တဝယ် ဉာဏ်ကျွေ မြော်ထောက် ရှု၍ ယခုပင်လျှင် သိမြင်အောင်ကြိုးကုတ် အားထုတ်ကြပါကုန်သတည်း။ ဥတ္တာ၊ သိမြင်အောင်ကြိုးကုတ် အားထုတ်ကြပြီးလျှင်။ သဒါ၊ နေ့ရေးညပါ ခပ်သိမ်းသော အခါကာလ၌။ အပ္ပမတ္တာ၊ အပ္ပမာဒတရား လက်ကိုင်ထားတော်မူကြကုန်သည်။ အပ္ပမတ္တာ၊ ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတာ ကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။

အပ္ပမတ္တာ၊ မမျှော်လင့်ပဲ၊ ဖြူးကနဲ၊ ရောက်ဆဲ နာဗျာခိ။
မမျှော်လင့်ပဲ၊ ဖြူးကနဲ၊ အိုလဲအိုနိုင်၏။
မမျှော်လင့်ပဲ၊ ဖြူးကနဲ၊ ဖောက်လွဲ သေနိုင်၏—

ဟု သတိလိုက်လှဲ့ စိတ်ဝယ်စွဲကြကုန်သည်။ ယောထ၊ ဧကန်စင်စစ် ဖြစ်တော်မူကြပါစေကုန်သတည်း။ နေဘ၊ တဏှာမာန်ညွှတ် ခန္ဓာငြိမှ ကျွတ်ရန်ရည်ချေ တို့တတွေအား။ နေဘ၊ တဏှာတည်းဟူသော မာန်မင်း၏ညွှတ်ကွင်း ခန္ဓာတည်းဟူသော သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန်ရည်ချေ တို့တတွေအား။ မစ္စုသင်္ဂရံ၊ မစ္စုမည်လျှင်း ရှင်သေမင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်နှုး၍ နှစ်ဦးနှစ်ဖက် ချိတ်အဆက်ဖြင့်—

ဤရက်ခါမှ သေအံ့ဟူ၍ငင်း၊
ဤလခါမှ သေအံ့ဟူ၍ငင်း၊
ဤနှစ်ခါမှ သေအံ့ဟူ၍ငင်း—

သဘောတူချိန်းအချက် စာချုပ်စာတမ်း စာရွက်တို့နှင့်ကာ လက်ဆောင်တံစိုး ထိုး၍သားခြင်းသည်။ နတ္ထိ၊ လုံးဝမရှိရိုးမှန်ပေ၏။ တသ္မာ-ထို့ကြောင့်။ သကိစ္စံ၊ ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန်နောက်နောင်း နိဗ္ဗာန်တိုင်တောက်လျှောက်ကောင်းအောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောကမွေစီးပွါး ကိုယ့်ကိစ္စများကိုသာ။ အနုယုဉ္ဇေ၊ လုံ့လကြိုးကုတ် အားထုတ်ယူနိုင်ကြပါစေသတည်း။ အနုယုဉ္ဇေ၊ ရုပ်နာမ်နှစ်ပြင် ကိုယ်ပြန်ချင် သလို မဖြစ်ပဲ သူတို့ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် သဘာဝဿုဉာဉ်ကို သမ္ဗောဇ္ဈင် နှိုင်းညှိ အမှန်အတိုင်းသိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောကမွေစီးပွါး ကိုယ့်ကိစ္စများကိုဖြင့် ရှည်လျားကာလ အချိန်မဆွဲကြပဲ ယခုကပင် အရေးတွင် အောင် ကြိုးတင်ကာကြိုးကုတ် အားထုတ်ကျင့်ကြံတော် မူနိုင်ကြပါစေကုန်သတည်း။

## ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခြင်း

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် အလွန်တရာ များလှစွာသော ဆဋ္ဌသံဂါယနာကိစ္စ၊ တရားဟောခမ္မဒေသနာကိစ္စကြားမှ ကျမ်းဂန်များ စာတမ်းများကို ပြုစုမိန့်ကြားတော်မူခဲ့သည်၊ ၎င်းတို့မှာ—

၁။ ဗြဟ္မယာစနကထာ သံခေပဝိတ္ထာရ ဝိသဇ္ဇနာကျမ်း။

၂။ ခန္ဓာအာယတန ဓာတ်သစ္စာလက်ဖွင့် ဓမ္မဒေသနာကျမ်း။

၃။ အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံ။

၄။ အဘိဓမ္မာ အမေးအဖြေ ကျူးရင့်သံများ။

၅။ ဗုဒ္ဓသာသန ဗုဒ္ဓဝင်ကျမ်းကြီး (ဦးစီးပြု)။

၆။ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှစ်ခိုးဂါထာပါဠိနိဿယ။

၇။ မေတ္တာပို့နှင့် အရဟံဂုဏ်တော်ပုတီးစိပ်နည်း။

၈။ အပ္ပမာဒသံဝေဂလင်္ကာ။

၉။ ဝိပဿနာ ဘာဝနာ ဓမ္မသံဝေဂလင်္ကာ။

၁၀။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးနှင့် မူလသာသနာ့ရိပ်သာ တည်ပုံ သံပိုင်းမော်ကွန်း။

၁၁။ သာသနမလဝိသောဓနီ သိမ်အောင်စာ။

၁၂။ သြဘာစာ၊ ထောမနာစာတမ်း အမျိုးမျိုး။

၁၃။ ဂုဏာဝဏ္ဏနာ သံဝေဂဂါထာများ။

၁၄။ အနုမောဒနာ အဘိတ္ထဝနပတ္တနာ စာတမ်း။

၁၅။ ဘုရားရှိခိုး အမျိုးမျိုး။

၁၆။ သဘောသားနှင့် ခံယူချက်၊ သြဝါဒကထာ အမျိုးမျိုး။

၁၇။ ရေစက်ချ စာတမ်း အမျိုးမျိုး။

၁၈။ ၃၇-ခဏ်း ကမ္မဝါစာ (ပြင်ဆင်မှန်းမံ)။

ဗြဟ္မယာစနကထာဒိ-ဂန္ထေပိ ဂန္ထကောဝိဒေါ။
ရစယီ နာနာနယေဟိ၊ နာနာဇနဟိတာဝဟံ။

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ကျမ်းပြုလုပ်ငန်းကိုလည်း မှန်းဆ၍ သဒ္ဒါကဲပို ကြည်ညိုနိုင်ရန် ဆရာတော်ပြုစုသည့် ကျမ်းဂန်များ၏ သမိုင်းကိုလည်း ဖော်ပြအပ်ပါသည်။

## ဗြဟ္မယာစနကထာ သံခေပဝိတ္ထာရဝိသဇ္ဇနာကျမ်း

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ဆင်ယင်ကျင်းပချိန် ထိုအခါသမယက နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝိနည်းမဟာဝါ ဗြဟ္မယာစနကထာ မည်သော ဗြဟ္မာကောင်းပန်ခန်း ပါဠိတော်မြန်မာပြန်၌—

(၁) ထိုတရားဟောမှုသည် ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏။ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာ ဖြစ်ရာ၏။

(၂) မြတ်စွာဘုရား စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူ၏။

(၃) သုံးကြိမ်တိုင်တိုင် ဗြဟ္မာက တောင်းပန်ယူရ၏။

(၄) ဗြဟ္မာ...... လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာ ရှိမည် ထင်၍ လူတို့အား မဟောပဲနေရန် စိတ်ညွတ်ခဲ့ပေ၏။

ဟူသော ကောက်နုတ်ချက် ၄-ခုကို သဘောမကျ မကျေနပ်နိုင်ဖြစ်သည်၊ ဘဝင်မကျနိုင်ဖြစ်ခဲ့သည်၊ သို့ဖြစ်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌသံဂါယနာ သံဃနာယကဆရာတော်ဘုရားကြီး အမှူးရှိသော ဆဋ္ဌသံဂီတိကာရက မဟာသံဃာတော်အရှင်မြတ်တို့အား ဖော်ပြပါအချက် ၄-ချက်နှင့် စပ်၍ သံသယပျောက်ရေး အဖြေပေးပါရန် လျှောက်ထားတောင်းပန်ခဲ့လေသည်။ ယင်းသို့ ဝန်ကြီးချုပ်၏ လျှောက်ထား တောင်းပန်ခြင်းကို အကြောင်းရင်းပြု၍ သက္ကရာဇ် ၁၃၁၇-ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့၌ ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့ကြီး စည်းဝေး၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ လျှောက်ထားချက်အရ ဗြဟ္မယာစနကထာ ပြဿနာကို ရေးသားဖြေဆိုရန် ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသအား ဝန်ဆောင်သံဃာအစည်းအဝေးမှ တာဝန်အပ်လေသည်။ ယင်းသို့ တာဝန်ပေးအပ်ချက်ကြောင့် ၁၃၁၈-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့တွင် အပြီးတိုင် ရေးသားဖြေဆိုတော်မူခဲ့လေသည်။ ယင်းအဖြေကို—

စတုဒ္ဒရာသ သမုတ္တိဏ္ဏော၊ စတုဗ္ဗာန ဝိသာရဒေါ၊
စတသော နော ပါသကာသ၊ နာထော ကာဠိ ပန္နဒတံ။

ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင် ဖက်ကမ်းရောက်ပြီးမှ မြားမြောက်လှစွာသော သတ္တဝါ ဝေနေယျတို့ကို ထုတ်ဆယ် ကယ်တင်တော်မူတတ်သော ဥဒ္ဃဋိတညူ၊ ဝိပဉ္စိတညူ၊ နေယျ၊ ဒေသနာ ဤလေးဌာနတို့၌ ရဲရင့်သော စတုဝေသာရဇ္ဇ ဉာဏ်တော်ရှင်ဖြစ်တော်မူသော လူသုံးပါးတို့၏ ကိုးစားရာထိုမြတ်စွာဘုရားသည်

အကျွန်ုပ်တို့၏ သာသနာ့ ဒါယကာ ရတနာသုံးရပ်ကို ဆည်းကပ်ခိုလှုံ ယုံကြည် လေ့ရှိသော နိုင်ငံတော်ဝန်ကြီးချုပ်၏ သန္တာန်ဝယ် ဖြစ်ပွါးလျက်ရှိသည့် ဖြဟ္မယာစနကထာ ဖြဟ္မာ့တောင်းပန်ခန်းနှင့် ပတ်သက်သော ယုံမှားခြင်း လေးချက်တို့ကို ပယ်ဖျက်သုတ်သင် နှုတ်ထွင်ရှင်းလင်းတော် မူပါစေသတည်း ဟူသော အာသီသ ပုဗ္ဗကဂန္ထာရမ္ဘကို ကြိုးပမ်းပြီးနောက် အဖြေကို စတင် ရေးသားစီရင် ဖြေဆိုတော် မူခဲ့လေသည်။ ဝိသဇ္ဇနာ၏ အဆုံး၌–

ဆေတွာန ဝိမတိံ သာခုံ၊ ဟိတံ သမာဝဟံ စိရံ။
တိဋ္ဌတ္ဝာယံ ကလာပန္တိ၊ ဖြဟ္မယာစနသံဟိတာ။

ဤဖြဟ္မယာစန အဖြေစကားစဉ်သည် သူတော်ကောင်းတို့အတွက် ဖြဟ္မ ယာစနကထာနှင့်စပ် ဖြစ်သမျှသော ယုံမှားမှုကို ဖြတ်တောက်ပြီးလျှင် ထို သူတော်ကောင်းတို့၏ နိဗ္ဗာန်တိုင်အောင်သော အစီးအပွါးကို ရွက်ဆောင်လျက် ငါးထောင်သာသနာ ရှည်မြင့်ကြာအောင် ကောင်းစွာ တည်ထွန်းပါစေ သတည်းဟူသော ဂါထာ မြန်မာစကားပြေဖြင့် နိဂုံးအုပ်တော် မူခဲ့လေသည်။ ယင်း ဖြဟ္မယာစနကထာ သံခေပဝိတ္ထာရဝိသဇ္ဇနာကျမ်းကို ၁၃၁၉-ခုနှစ် နိုင်ငံ တော် ဗုဒ္ဓသာသနာအဖွဲ့က စာအုပ် ၃၀၀၀-ရိုက်နှိပ် ထုတ်ဝေခဲ့ရာ မဂ္ဂဇင်းဆိုက် စာမျက်နှာ ၄၀-ရှိလေသည်။

သံသယံ အဂ္ဂမစ္စဿ၊ ပနူဒတိ မဟာသုဓီ။
သာဂရေ နာဂသေနောဝ၊ ထုတဗ္ဗော ထေရသေဋ္ဌော။

## ခန္ဓာ အာယတန ဓာတ် သစ္စာအဖွင့် တရားတော်ကျမ်း

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုး များ ကလျာဏပုထုဇဉ်အဖြစ် ရောက်ရှိရန် လက်ဆယ်ပုဒ်မျှဖြင့် ခန္ဓာ, အာယ- တန, ဓာတ်, သစ္စာဟူသော တရားစုကို နားလည်အောင် ရေးသား စီရင်တော် မူခဲ့သည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ထိုခန္ဓာ, အာယတန, ဓာတ်, သစ္စာလက်ကျမ်းငယ်တွင် ပါရှိသော စာကိုယ်များကို ဖွင့်ဆို ရေးသား ဟောကြားတော် မူခဲ့လေသည်။ ဆရာတော် ဟောကြားတော်မူသော အဖွင့် တရားတော်ကို ၁၃၂၈-ခုနှစ်တွင် ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွါးရေးအသင်းက အသံဖမ်းကြိုးခွေများမှ ကူးယူရိုက်နှိပ် ထုတ်ဝေခဲ့ရာ "ခန္ဓာ အာယတန ဓာတ် သစ္စာ အဖွင့်တရားတော် ကျမ်းငယ်"အဖြစ် တည်ရှိလေသည်။

ခန္ဓာဒိဓမ္မသံဂီတ-ဝဏ္ဏနံ ဝဏ္ဏယီ သုဓီ၊
သုစိတ္တံ ဇနာနံ သော ဟိ၊ ပဏ္ဍိတော့ ကာဝိကုဋ္ဌရော။

## အဘိဓမ္မာနေ့ အခါတော် ကျူးရင့်သံ

ဆရာတော်သည် အဘိဓမ္မာ ပြန့်ပွါးရေးအသင်းကြီး၏ ဩဝါဒါစရိယဆရာတော် ဖြစ်သည်အလျောက် အဘိဓမ္မာ ပြန့်ပွါးရေးအသင်းသား ဥပါသကာများ၏ လျှောက်ထားချက်အရ အဘိဓမ္မာနေ့ အခါတော် ကျူးရင့်သံများကို စီရင်တော်မူခဲ့လေသည်။ ၎င်းအဘိဓမ္မာနေ့ အခါတော်ကျူးရင့်သံကို စာရှုသူတို့ အလွယ်တကူ အဆင်သင့် ကြည့်ရှုကျက်မှတ် ကြည်ညိုနိုင်ရန် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

### ဘုရားနေမင်း

(၁) ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ န နာယတေ[၁]။

ဘောဝန္တော၊ အဘိဓမ္မာ ဒေသနာကို သဒ္ဓါထွတ်မြတ် ရှိညွှတ်ပြတ်၍ ရှုတ်ဖတ် ကြည်ဖြူ နာမည်ဟူ၍ ညီမူတိတောင်း အို--သူတော်ကောင်းတို့။ ဣခ၊ မိတေ[၂] ရှင်နောင် မြတ်ဘုန်းခေါင်၏ ရွှေတောင်နန်းမြေ ကျွတ်ဆုဝေသား ဝေယျာခြိမ့်သဲ ဤ အောင်ပွဲကို ကြုံခဲကြုံရ ခုလောကဦး ဗုဒ္ဓါဒိစ္စေ၊ အကယ်၍များ ဘုရားနေမင်း သုံးလူသနင်းသည်။ အနုပ္ပန္နေ၊ သဗ္ဗညုတ ဉာဏဗွေချက် ရွှေတောင်ထက်မှ မထွက်မပြူ ဥဒည်းမမူခဲ့သည် ရှိသော်။ ဗုဒ္ဓစန္ဒေ၊ အကယ်၍များ ဘုရားရှင်ဟူ နေ့ဝင်ဖြူပတွန်း လပြည့်ဝန်းသည်။ အနုဂ္ဂတေ၊ သဗ္ဗညုတ ဉာဏဗွေချက် ရွှေတောင်ထက်မှ မထွက်မပြူ ဥဒည်မမူခဲ့သည် ရှိသော်။ တေသံ သဘာဝဓမ္မာနံ၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟု လက္ခဏာခြင်းရာ တွေမောစွာသား ခန္ဓာငါးပါး ထိုသစ်တတရားတို့၏။ နာမမတ္တံ၊ မင်္ဂတိုင်ဖိုလ်နား သိဖို့သား၍ ဤကားရုပ်မှန်,ဤကားနာမ်ဟု ခေါ်ရန်မတ္တ အမည်မျှကိုပင်လျှင်။ န နာယတေ၊ တစုံတယောက် ဉာဏ်ရည်မြောက်၍ ထွင်းဖောက်ပိုင်ပိုင် သိနိုင်ကြမည် မဟုတ်ပေ။ ငါ--န နာယတေ၊ အဘိဓမ္မာ ဒေသနာကို မြက်စွာရှင်စောကယ်မဟောက သူရောကိုယ်ပါ ငါးခန္ဓာကို ဆံမြူလွှာတစိတ်တစိုးလောက်မျှ အဝိဇ္ဇာ လွှမ်းဖိမိုးသဖြင့် မသိနိုင်ရှိးကေန် မမြင်နိုင်ရှိး မှန်လှကုန်သည် သာတည်း။

(၂) အဒ္ဓါ လဒ္ဓါ ဓမ္မာလောကာ၊ ဒိဋ္ဌာ ပတ္တာ ဉာတာ သစ္စာ။
တိဏ္ဏာ ရာဂါဒိသာဂရောဃာ၊ ထောမေသံ တေ ဒေဝဖြပ္ပတ္တာ[၃]။

---

၁။ ဝိ၊၅။၁၅၇။ (ပရိဝါရပါဠိ၊ သမုဋ္ဌာနသီသသင်္ခေပ)။

၂။ အရိမေတ္တေယျဘုရားရှင်ကို ဆိုသည်။

၃။ ဇိနာလင်္ကာရဋီကာ ၂၈၅ (နဝဂုဏဝဏ္ဏနာ)။

ဗုဒ္ဓါဒိစ္စသ၊ ယခုမှာကား ဘုရားနေမင်း သုံးလူ့ သနင်း၏။ ဓမ္မာလောကာ၊ အဘိဓမ္မာဒေသနာတန်ဆောင် တနားတည်းဟူသော အလင်းရောင်ကို။ အဒ္ဒါ၊ မချွတ်ဧကန် အမှန်မုချအားဖြင့်။ လဒ္ဓါ၊ ရှေးကုသိုလ်ထောက်မ၍ လောကီ ကြည်ဖြူ အရယူမိကြသောကြောင့်ရှင်း။ သစ္စံ၊ မြတ်သာမဂ္ဂံ ဟောထုတ်ပြန်သား အမှန်လေးချက် သဘောနက်ကို။ ဒိဋ္ဌာ၊ ပဋိဝေဓဉာဏ်စက္ခုဖြင့် ကြည့်ရှု ဆင်ခြင် အလင်းပေါက် မြင်ကြကုန်သောကြောင့်ရှင်း။ ပတ္တာ၊ ဝဇိရစိန်သွား ဉာဏ်စက်မြားဖြင့် တအားထွန်းဖောက် အရဟတ္တဖိုလ်တိုင် မြောက်အောင် ပေါက်ရောက် ကြကုန်ပြီ ဖြစ်သောကြောင့်ရှင်း။ ဉာတာ၊ ပညာဆီမီး ညီးတပြောင်ပြောင် ညှိဆောင်ကြကုန်ပြီး ဖြစ်သောကြောင့်ရှင်း။ ရာဂဒေါသ-မောဟာ၊ ရာဂဒေါသ မောဟထုပြော ကိလေသာရေယဉ်ကျောမှု။ တိဏ္ဏာ၊ နိဗ္ဗူကွန်းထောက် ဘက်ကမ်းရောက်အောင် ကူးမြောက်ကြကုန်ပြီး ဖြစ်သောကြောင့်ရှင်း။ ခတ ဒေဝပြဟ္မာ၊ သဒ္ဓါသတိန် သမာဓိနှင့် ပညိန် ဝီရိယ ငါးချက်မျှအောင် နာရတိတောင်း ထို အဘိဓမ္မာတရားနာ နတ်ပြဟ္မာအပေါင်း တို့သည်။ ထောမေသုံ၊ နှစ်လို အားရမ်း ချီးမွမ်းထောမနာကြကုန်ပြီ။ ဝါ-ထောမေသုံ၊ သူထက်ကားငါ ဂါထာဖြင့် ပြဟ္မာမဟာဂုဏ် ဘင်လှုပ်အောင် လက်ခုပ်သံဟည်း လက်ဖျစ်တီး၍ ကောင်းချီးထွေငေါ် ကြွေးကြော်ရှင့်ကျူး ကြကုန်ပြီတကား။

(၃) မုနိရာဇဝရော နရရာဇဝရော၊
ဒိဝိဒေဝဝရော သုဓိပြဟ္မာဝရော။
သကပါပဟရော ပရပါပဟရော၊
သကဝုဒ္ဓိကရော ပရဝုဒ္ဓိကရော[၁]။

မုနိရာဇဝရော၊ အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားသနင်း ရဟန်းမင်းကြီးလည်း ဖြစ်တော်မူပါပေ၏။ နရရာဇဝရော၊ ပဒေသရာဇ် ကေ-ရာဇ်နှင့် နေမြစ်မန္ဓာတ် စက္ကဝတ်တို့သော်မှ ဦးညွတ်ခရာ လူများသနင်း လူမင်း မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ ဒိဝိဒေဝဝရော၊ ခြောက်ရွာဘုံရပ် အနတ် နတ်တို့ ဦးညွှတ်ခရာ ဒေဝါသနင်း နတ်မင်းမြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ သုဓိပြဟ္မာဝရော၊ ကျင့်ဂုဏ်ဖြူဆွတ် ပြဟ္မာတိုင် ဦးညွတ်ရသည့် အထွတ်မှန်ကင်း ပြဟ္မာမင်းကြီးလည်း ဖြစ်တော်မူပါပေ၏။ သကပါပဟရော၊ ကိုယ်တော်မြတ် သန္တာန်ဝယ် လိမ်းကျံပေါင်းစု မကောင်းမှုတို့ကို တခုမကျန် တွန်းလှန်ပယ် ဖျောက်တော်မူနိုင်ပါပေ၏။ ပရပါပဟရော၊ ဝေနေယျတို့၏ သန္တာန်ဝယ် လိမ်း ကျံပေါင်းစု မကောင်းမှုတို့ကို တခုမကျန် တွန်းလှန်ပယ်ဖျောက်တော်မူနိုင်ပါ

---

၁။ ဇိနာလင်္ကာရဋီကာ။ ၂၉၅ (နဝဂုဏဝဏ္ဏနာ)

ပေ၏။ သကဝုဒ္ဓိကရော၊ အနုပါဒိ နိဗ္ဗူထိအောင် မိမိအကျိုး ဖွံ့ဖြိုးများမြောင် ရှက်ဆောင်ဆားသစ်တော် မှုနိုင်ပါပေ၏။ ပရဝုဒ္ဓိကရော၊ အနုပါဒိ နိဗ္ဗူထိ အောင် သူ၏အကျိုး ဖွံ့ဖြိုးများမြောင် ရွက်ဆောင်အားသစ်တော်မှုနိုင်ပါ ပေ၏။ ဝါ-သကပရဝုဒ္ဓိကရော၊ သူကျိုးကိုယ်ကျိုး ဤနှစ်မျိုးကို ဖွံ့ဖြိုးများ မြောင် အားသစ်ဆောင်၍ ဂုဏ်တော်ရော ဘဝဂ်တိုင်မြူးသဖြင့် ဖောင်မဂ္ဂင် ပလ္လင်တော်ဦးဝယ် ယာဉ်မှူးကြီးဟဆူ ဖြစ်တော်မူပါသတည်း။

## ထိန်လင်းဥက္ကာ

(၄) ဥဿိတာ ဝတ ဓမ္မုက္ကာ၊ သက္ကာလယိန္ဒခိလတော။
တိလောကေကဂ္ဂနာထေန၊ ယာယ လောကော ပဘာသတေ။

ဘောန္တော၊ အိုအဘိမ္မာအလင်းဝင်အပေါင်း သူမြတ်လောင်းတို့။ ယာယ ဓမ္မုက္ကာယ၊ အကြင် အဘိမ္မာ ဒေသနာနက်ခေါင် တရားတည်းဟူသော မီးရှူးတန်ဆောင်ဖြင့်။ လောကော၊ လောကကြီးသည်။ ပဘာသတေ၊ ဤကား ရုပ်နာမ် ဤနိဗ္ဗာန်တည့် ဤဟန်ပြုသင့် မပြုသင့်ဟု နှိုင်းချင့်မြော် ထောက် အလင်းပေါက်အောင် ထွင်းဖောက်ထင်ထင် သိမြင်နိုင်ပါပေ၏။ သာ ဓမ္မုက္ကာ၊ ထိုအဘိမ္မာ ဒေသနာနက်ခေါင် တရားတည်းဟူသော မီးရှူး တန်ဆောင်ကြီးကို။ တိလောကေကဂ္ဂနာထေန၊ လောကသုံးခရိုင် ဘုံသုံး ဆိုင်ဝယ် နှန်းပြိုင်အပ်သူ ထွက်မပြုသား တဆူတည်းသော ကိုးကွယ်ရာ မြတ်စွာဘုရားသည်။ သက္ကာလယိန္ဒခိလတော၊ မြင်းမိုရ်ဂိရိပ် အကျည်ထိပ်ဝယ် ဒေဝိသာရ သိကြားစံရာ ဝတိံသာဟု သိဂ်ါလျှံပြိုင် မီးရှူးတိုင် ကြီးမှ။ ဥဿိတာ ဝတ၊ ခြည်လျှံဆိန့်တောက် စိုက်ဆောက်အပ်ခဲ့လေပြီတကား။ ဝါ-ဥဿိတာ ဝတ၊ နိဗ္ဗူကွန်းထောက် ကိုယ်တော်ဆောက်လည်း မပျောက် မျက်ခြေ လိုက်ကုန်စေဟု ဝတိန်မြေကျောက်တိုင်ဦးဆီမှ ဘိဓမ္မာမြိုက်ခေါင်မှူး သည် မြတ်မီးရှူး စိုက်ဆောင်အပ်ခဲ့လေပြီတကား။

(၅) အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊ အဟော နော သတ္ထုသမ္ပဒါ။
ပဘာဝံ ယေသမာလမ္ဗ၊ အလတ္ထံ ဤဒိသံ မုတိံ။

ဘောန္တော၊ အို ဓမ္မမိတ်ပေါင်း သူတော်ကောင်းတို့။ ယေသံ၊ အကြင် ဘုရားဇိနော် စိန္တေယျော် တို့၏။ ပဘာဝံ၊ နိဗ္ဗူတံခါး ပွင့်စေသားဟု တရားစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနှိုးဆော် တန်ခိုးတော်ကို။ အာလမ္ဗ၊ အမှီတက် သဟာတခု ဖဈဲပြုရသောကြောင့်ဒင်း။ ယေသံ၊ အကြင် မာ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့၏။ ပဘာဝံ၊ ရှင်ရှင် လူလူ ကျင့်ကြံသူကို နိဗ္ဗူရမူ ကျေးဇူးပြုသား နှဘော်ဖြိုးဟုန်

တန်ခိုးဂုဏ်ကို။ အာလမ္ဗ၊ အမှီဘံကဲ သဟဲတခု အစွဲပြုရသောကြောင့် ၎င်း။ ယေသံ၊ အကြင် မိဘမိတ်ကောင်း ဆရာကောင်းတို့၏။ ပဘာဝံ၊ သို့ မကျင့်ကောင်း သို့ ကျင့်ကောင်းဟု ဖျောင်းဖြပဲ့ပြင် သွန်သင်ပြမှု ကျေးဇူးပြုသား နုဘော်ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလမ္ဗ၊ အမှီတံကဲ သဟဲတခု အစွဲပြုရသောကြောင့်၎င်း။ ဤဒိသံ မုတိံ၊ ဤအား ရုပ်မှန် ဤကား နာမ်တည့် ဤဟန်ကျင့်ဆောင် ဤသို့ ရှောင်၍ ဤထောင်ကိုကွင်း ဤသောင်ချဉ်းဟု လင်းလင်းသိထင် အဘိဓမ္မာ ဉာဏ်အမြင်ကို။ အလတ္ထံ၊ ပုဗ္ဗောဂတ ပုညသတ္တိ စက်ကောင်းမိ၍ ရရှိပိုင်ဆိုင်ခဲ့လေပြီ။ နေ၁၊ အကျွန်ုပ်တို့၏။ တေ ဗုဒ္ဓါ၊ ထိုဘုရားဇိနေ၁် စိန္တေယျော်ဘို့သည်။ အဟော၊ သံသရာနက်ဝှမ်း တာကာ်ာမ်းသို့ တက်လှမ်းနိုင်ရေး နည်းမှန်ပေးသဖြင့် ကျေးဇူးကြီးကျယ် ဩြဘ် ဆပ်၍မကုန်နိုင်ဖွယ်ပါတကား။ တေ ဓမ္မာ၊ ထိုမင်ဖိုသ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့သည်။ အဟော၊ အာရုံဖြန့်ပိုင်း ဉာဏ်ကသိုဏ်းဖြင့် ကြံဘိုင်၊ကြည်နူး သဒ္ဓါဘုန်မြူးစေသဖြင့် ကျေးဇူးကြီးကျယ် ဩြဘ်ဆပ်၍ မကုန်နိုင်ဖွယ်ပါဘကား။ သာ သတ္တုသမ္ပဒါ၊ ထိုမိဘမိတ်ကောင်း ဆရာကောင်း တို့ကို ခ ညောင်းနိုလုံ့ ဆ ရာ၏ပြည့်စုံခြင်းသည်လည်း။ အဟော၊ဩြဘ်ဝမ်းမြောက် ဖွယ်ကြီးပါတကား။ ဝါ-အဟော၊ ဘုရားအစစ်ကိုကိုးကွယ် တရားအစစ်ကို ဆင်စလှယ် ဆရာကောင်းကိုမှီတွယ်သည့် ဤနယ်ဘဝ ဒုလ္လဘကို အရတော်လတ် ရကျိုးနပ်သဖြင့် ကောင်းမြတ်တင့်တယ် ဩြဘ် ဝမ်းမြောက်ဖွယ်ကြီးပါတကား။

(၆) ဗုဒ္ဓါလောကာလောကေ လောကေ၊ဇာတော သတ္တော ကောနုမ္မတ္တော။
သုဒ္ဓံ ဗုဒ္ဓံ ဩဿာတိဏ္ဏံ၊ သဒ္ဓေါ ပညော ကော နော ပူဇေ။

ဗုဒ္ဓါလောကာလောကေ၊ ဘုရားဘုန်းခေါင် အဘိဓမ္မာ တရားရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းပ၍နေသော။ လောကေ၊ အဘိ-ဓမ္မာ မြိုက်ရွှေစာတို့ ကျေညာခြိမ့်သဲ ဤကမ္ဘာလောကကြီးထဲ၌။ ဇာတော၊ မဟာကုသိုလ် ပစ္စည်းကြို၍ တစ်ဆိုစလောက် ဖြစ်မြောက်ကြီးပွါး၍ နေရပါသော။ ကော သတ္တော၊ ဘယ်နတ် ဘယ်လူ ဘယ်သတ္တဝါ ဟူဟူသမျှသည်။ အနုမ္မတ္တော၊ သည်းခြေချောက်ချား မဖောက်ပြားသူ ဖြစ်ပါမူကား။ သဒ္ဓေါ၊ မဇ္ဈေရစ်မှေး အညစ်ကြေးမှ ကင်းဝေးစင်ကြာ သဒ္ဓါရှိသူဖြစ်ပါမူကား။ပညော၊ အသ်ဇလိမ္မာ ပညာဓာတ်ခံ ထက်သန်သည့်သူ ဖြစ်ပါမူကား။ သုဒ္ဓံ၊ ဝါသနာ အငွေ့အသက်နှင့်တကွ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင် စင်ကြယ်တော်မူသော။ ဩဿာတိဏ္ဏံ၊ ဩဃလေးခန်း ရေပြင်ကြမ်းမှ ဘက်

ကမ်းတိုင်ရောက် ကူးမြောက်တော်မူပြီးထသော။ ဗုဒ္ဓံ၊ သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကသွတ်ထား မြတ်ဘုရားကို။ နေသ ပူဇေ၊ အဘယ်မှာလျှင် သဒ္ဒါကော်ရော် မပူဇော်ပဲ ရှိပါအံ့နည်း။ ပူဇယတိ ဝေ၊ အာမိသ ,ဓမ္မ နှစ်ဌာနဖြင့် ကြည်ဆွကော်ရော် စိန္တေယျော်ကို ဂုဏ်ဂုဏ်တော် လျှပ်လျှပ်ဖြိုးသော်ကြောင့် စေတနာ ထပ်ထပ်တိုးပြီးလျှင် အမြတ်တနိုး ပူဇော်အံ့သည်သာတည်း။

ဤသည်လျှင် အဘိဓမ္မာ အခါတော်နေ့ ကျူးရင့်သံများ ဖြစ်သည်၊ ဆရာတော်သည် ပရိဝါပါဠိတော်, ဇိနာလင်္ကာရဋီကာသည်လာ ဂါထာများကို လှပသိမ်မွေ့ကျစ်လစ်သော မြန်မာလင်္ကာစကားတို့ဖြင့် အမွှမ်းတင်၍ အဘိဓမ္မာ ကျူးရင့်သံများကို စီရင်တော်မူခဲ့လေသည်။ ဆရာတော်ကား ကဗျာလင်္ကာအဆာ၌လဲ ဘုရားရှင် လက်ထက်တော်က ချက်ပြုတ် ယောက်တပို လျှင်မြန်စွာ ကဗျာဉာဏ်ရှိသူများအနက် ဧတဒဂ်ရ အရှင်ဝင်္ဂီသနှင့် စံပြုထိုက်သည့် ပုဂ္ဂိုလ်မြတ်ပေတည်း။

ဘဒန္တဝိစိတ္တော ထေရော၊ ဆေကော သုပဋိဘာနဝါ။
ဗုဒ္ဓကာလေ ဝင်္ဂီသောဝ၊ ပမာဏော ဝိသိဋ္ဌော ဝိဒ္ဒါ။

## အဘိဓမ္မာ အမေးအဖြေ ကျူးရင့်သံများ

သီတင်းကျွတ် လပြည့်နေ့တွင် ရန်ကုန်မြို့ ဆူးလေ အဘိဓမ္မာပြန့်ပွါးရေးအသင်း၌ အဘိဓမ္မာအခါတော်နေ့ကို ခမ်းနားစွာ ကျင်းပလေ့ရှိ၏။ မြန်မာ့အသံမှသည်၊ အဘိဓမ္မာအခါတော်နေ့၌ အမေးအဖြေများ အဘိဓမ္မာဒေသနာများကို အသံလွှင့်၍ တိုင်းသူပြည်သားတို့အား နာယူစေခဲ့လေသည်။ မြန်မာတနိုင်ငံလုံး အနယ်နယ် အစိုးစိုး အမြို့မြို့ အရွာရွာရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့များစွာနှင့် ဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးများ တချို့တို့လည်း အဘိဓမ္မာအခါတော်နေ့ ကျင်းပ၍ အဘိဓမ္မာဒေသနာတော်များကို အမေးအဖြေပြု၍ ပူဇော်ခြင်း ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ပြုကြကုန်၏။ ယင်း အမေးအဖြေတို့ကို တမူထူး သန့်သန့်ကောင်းကောင်း ဖြစ်စေရန် အဘိဓမ္မာပြန့်ပွါးရေးအသင်းက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား ရေးသားချီးမြှင့်ရန် လျှောက်ထားလေရာ အရှင်ဝိစိတ္တသာရာဘိဝံသသည် ကရုဏာရှေ့ထား ရေးသားချီးမြှင့်တော်မူခဲ့လေသည်။ ယင်း စာမူများ ၁၃၁၅-ခုနှစ်က စ၍ ပုံနှိပ်မှုအဖြစ် ရောက်ခဲ့လေရာ ဤ၌ ဆရာတော် ထုတ်နုတ်သွန်ကြားတော်မူသည့် ရွတ်ဖတ်ပူဇော်ရန် အဘိဓမ္မာ ၇-ကျမ်း ပါဠိများနှင့်တကွ မနိမကာပ် ဖော်ပြအပ်ပါသည်။

## အရှင်ဝိစိတ္တသာရာဘိဝံသ၏

## အဘိဓမ္မာ အမေးအဖြေ ကျူးရင့်သံများ

## အဘိဓမ္မာဟောရပ်

၁။ အဘိဓမ္မော ဘိဓမ္မာတိ၊ ယသော ဟိ ယဿ ဥဂ္ဂတော။
ဒေသော ကေန ကဒါ ကတ္ထ၊ ဒေသိတော ဓမ္မမုတ္တမော။

ဟိ၊ မင်္ဂလာသုတိ တခန်းပြီး၍ အဘိဓမ္မာဒေသနာကို ဟောရာဒေသ ဒေသကနှင့် ကာလဟောပုံ ကျမ်းတိုင်းစုံအောင် သင့်ရုံသိခိပ် အကျဉ်းစိတ်မျှ ခြည်ရိပ်သိစေ မေး၍ဖြေအံ့။ ယဿ၊ အကြင် အဘိဓမ္မာ ဒေသနာဥက္ကဋ္ဌ တရားတော်မြတ်၏။ အဘိဓမ္မော အဘိဓမ္မောတိ၊ အဘိဓမ္မာ ဘိဓမ္မာဟု သူငါ ဦးညိတ် နှုတ်မဆိတ်အောင်။ ယသော၊ ကောင်းကင်ခြိမ့်ညံ ကျော်ဇောသံသည်။ ဥဂ္ဂတော၊ ဇာတိခေတ်ပေါင်း တိုက်တသောင်းဝယ် ရိုက်ညောင်းတုန်လျက် ဘုံ၃၁ဝင်တိုင် ပြန့်ကာက်ထင်ရှား ကျော်ကြားလှပါပေ၏။ သော ဓမ္မမုတ္တမော၊ ထိုအဘိဓမ္မာဒေသနာဥက္ကဋ္ဌ တရားတော်မြတ်ကို။ ကေန၊ ဒေသက ခေါ်ဆို အဘယ်ပုဂ္ဂိုလ်သည်။ ကဒါ၊ အဘယ် သက္ကရာဇ် ဘယ်နှစ်ဝေါဟာ ဘယ်အခါ၌။ ကတ္ထ၊ ဗြဟ္မာလူနတ် ဘယ်အရပ်၌။ ဒေသိတော၊ ဟောကြားအပ်ပါသနည်း။ ဝါ-ဒေသိတော၊ ဝိစိကိစ္ဆာ ကင်းမှုသူ ကေစိလူတို့ မှတ်ယူစေလစ် ဖြေခွန်းလှစ်ပ ဘယ်နှစ်ကာလ ဘယ်ဒေသဝယ် ဒေသကခေါ်ဆို ဘယ်ပုဂ္ဂိုလ်သည် အဘယ်ကိုရစေသားဟူ၍ အဘိဓမ္မာမြိုက်ရေတရားကို ဘယ်သူအား ဟောကြားခဲ့ပါသနည်း။

၂။ အဘိသမ္မောဓိတော သတ္တ-ဝဿမှိ ဓမ္မသာမိနာ။
ဒေသိတော ဒေဝလောကမှိ၊ ဒေဝါနံ ဘဝမုတ္တိယာ။

ဓမ္မသာမိနာ၊ ဓမ္မသာမိ မာရဇိဟု သာကီဥသျှောင် ငါးမာန်အောင်သည်။ အဘိသမ္မောဓိတော၊ မဟာဗောဓိ အပရာဇိတယ် ဇာတိခေတ်သောင်း စကြဝဠာ ကိုစောင်းသွက်ကာ ပဲ့တင်ငြိမ့်စေ၍ ဘုံသုံးဆိုင်ခရိုင်ထိပ်ဝယ် ဓမ္မိဿရထွတ်ဖျား ဘုရားဖြစ်တော်မူသည်မှ။ သတ္တဝဿမှိ၊ ခုနစ်ဝါမြောက် ကောဇာထောက်သော် ဘုန်းတောက်အဥ္စန ရာဇညလျှင် မာဃစန္ဒေ ကိန်းဖြင့်ချေသား တွက်ရေ သက္ကရာဇ် ရာ့ဆယ်နှစ်၌။ ဒေဝလောကမှိ၊ တာဝတိံသာ နန်းသိင်္ဂါဝယ် ဂန္ဓာသန ဓမ္မပလ္လင် ကသာ်ပင်အောက် ဘုန်းရှိန်ဆောက်သား မြကျောက် နှလှာ ပဏ္ဍုကမ္ဗလာ၌။ ဒေဝါနံ၊ စကြာဝါပေါင်း တိုက်တသောင်းမှ ခညောင်း ရောက်လာ နတ်ဗြဟ္မာတို့အား။ ဘဝမုတ္တိယာ၊ ဘဝသုံးခင်း နှောင်းအိမ်တွင်းမှ ဒေပျော်နှင်းလွတ်မြောက်ပါစေခြင်းအကျိုးငှါ။ ဒေသိတော၊ ဟောကြားတော်

မှုအပ်ခဲ့သေပြီ။ ဝါ-ဒေသိဘော၊ မဟာသက္ကရာဇ် ရာ့ဆယ်နှစ်ခုသ် ရှင်ချစ်မုနိန် မာရဇိန်သည် ဝတ်စံခင်း ကသစ်ရင်း၌ အလင်းဘိဓမ္မာ မြိုက်ရသာကို သောင်းရင်ရွာ နတ်ပြဟ္မာ အလုံးတို့အား ဝန္ဒသုံးနှောင် လွှဘ်ဓအောင်ရှဲးစေဟု တဝါလုံးဟောကြားတော်မူအပ်ခဲ့လေပြီ။

၃။ တေ ဓညဓညာဝတာ ဒေဝဒေဝါ၊
တေ နုန ဓမ္မာမတပီတပီနာ။
ယေ သမ္မုခါ ယေဝ လဘာန္တိ ဒဋ္ဌုံ၊
ဗုဒ္ဓဥ္စ ဓမ္မဥ္စ အနဝဇ္ဇ သောတုံ။

ယေ၊ အကြင်စက္ကဝါပေါင်း ကိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ပြဟ္မာတို့သည်။ သမ္မုခါယေဝ၊ မျက်မှောက်ထင်ရှား အမြင်အားဖြင့်သာလျှင်။ ဗုဒ္ဓံ၊ ဒဿနာနုတ္တရိယ ဗာတ္တိသလက္ခဏာ သီတာနုဗျည်း ရှုမညီးတို့ဖြင့် နုလည်းနုပျို နှန်းဝေစိုသည့် ရွှေကိုယ်တော်သား မြတ်စွာဘုရားကို။ ဒဋ္ဌုဥ္စ၊ သဒ္ဓါ ရှင်ပျော် ဖူးမြော်ကြခြင်းငှါရင်း။ ဓမ္မံ၊ သဝနာနုတ္တရိယ ကြားအပ်သမျှတို့ထက် ကဲလွန် အမွှန်ခေါင်တိ မိုးတိဟု အဘိဓမ္မာ တရားရတနာကို။ အနဝဇ္ဇ၊ သဒ္ဓါ ရှေ့တင် ညာက်သက်ဝင်၍။ သောတုံ စ၊ နေ့ညဥ့်ဆက်ကာ ကြားနာကြခြင်းငှါရင်း။ လဘန္တိ၊ ခွင့်ကောင်းကြိုက်ကြုံ ရရှိကုန်၏။ တေ ဒေဝဒေဝါ၊ ထိုစက္ကဝါ အပေါင်း တိုက်ဘသောင်းမှ ခညောင်းရောက်လာ နတ်ပြဟ္မာတို့သည်။ ဓညဓညာ ဝတ၊ ဘုန်းရည်ထူးချွန် ကံရည်လွန်သည့် အမွန်ဥက္ကဋ္ဌ နတ်မြတ် နတ်မှူး ပြဟ္မာထူး ဖြစ်ကြပါပေကုန်စွတကား။ တေ ဒေဝဒေဝါ၊ ထိုစက္ကဝါပေါင်း တိုက်ဘသောင်းမှ ခညောင်းရောက်လာ နတ်ပြဟ္မာတို့သည်။ ဓမ္မာမတပီတပီနာ နုန၊ တရားဘူသည် အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး သောက်ယူသုံးသဖြင့် ကိုယ်လုံးရွှန်းစို နုပျိုကြကုန်လိမ့်တကား။ ဝါ-ဓမ္မာမတပီတပီနာ နုန၊ အဘိဓမ္မာ မြိုက်ရသာကို တဝါပတ်လုံး သောက်ယူသုံးရ၍ ရွှင်ပြုံးနှစ်လို ကြည်ချမ်းမျိုသဖြင့် ကူးတို့ဖောင် မင်ယာဥ်စီးပြီးလျှင် ပြည်နိဗ္ဗူ ခရိုင်ထိးက်ဖြင့် တပြိုင်တည်း စိုးစံကြကုန်လိမ့်ဘကား။

ဗျူပွတ်တခန်း

၁။ ကေနာယံ ဘိဓမ္မော သမ္မု၊ ယေန လောကော ပဘာသတိ၊
ပုဋ္ဌော တွံ သမ္မ အက္ခာဟိ. ပက္ကတော ဝ္ထိဓ ကိတ္တကာ ။

သမ္မ၊ ဝိစိကိစ္ဆာ ကင်းသစ်ကြေး စင်အောင်ဆေးသား ကျေးဇူးများပေ ချစ်မိတ်ဆွေ။ ယေန၊ အကြင်အဘိဓမ္မာ ဒေသနာနက်ခေါင် တရားဘည်းဟူသော အလင်းရောင်ဖြင့်။ လောကော၊ သတ္တလောကကြီးသည်။ ပဘာသတိ၊ ဤကား

ရှုပ်နာမ် ဤနိဗ္ဗာန်တည့် ဤဟန်ပြုသင့် မပြုသင့်ဟု နိုင်းချင့်မြေထောက် အသင်းရောက်အောင် ထွင်းဖောက်ထင်ထင် သိမြင်နိုင်ပါပေ၏။ အယံ၊ ဤလူ နတ်ပြဟ္မာ သတ္တဝါကို ကမ်းခေလျှော်ဆေး နည်းမှန်ပေးသည့် ကျေးဇူးများ မြောင် တရားတန်ဆောင်ကြီးသည်။ ကေန၊ အဘယ်ဗျူပွတ် ဘယ်ကြောင်း ရပ်ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မာ ဒေသနာဟု မင်္ဂလာထုတ် အမည်ထူး ရှိပါပေသနည်း။ ဣဓ၊ ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ ပကရဏာ တို၊ ခန်းကြီး ခန်းငယ် အသွယ်သွယ်ဖြင့် ချယ်လှယ်ပိုင်းခြား ကျမ်း အပြားကိုသည်ကား။ ကိတ္တကာ၊ သချာရေထောက် အဘယ်လောက် ရှိပါကုန် သနည်း။ သမ္မ၊ အချိုးလိုလား ကျိုးမဲ့ရှားဟု နှစ်ပါးစုံသင် မေတ္တာဓာတ် ရေစင်ကို သွင်သွင်ဖိတ်စီး ချစ်မိတ်ဆွေကြီး။ ပုဋ္ဌော၊ အဘိဓမ္မာ ဉာဏ်အရာဝယ် မှန်တာကို သဘောပေါက်လို၍ စေ့ထောက်စစ်ဆေး မေးမြန်းအပ်ပါသော။ တွံ၊ မေတ္တာဖိတ်စီး ချစ်မိတ်ကြီးသည်။ အက္ခာဟိ၊ အမှန်စကား ဖြေကြားတော်မူပါလော့။ ဝါ–အက္ခာဟိ၊ မြတ်သုတ္တန္တ ဝိနယတို့သို့ ဓမ္မသာမှန် ဆိုသင့်တန် လျက် ဘယ်ဟန်ထူးတိ ဗျူပ္ပတ္တိကြောင့် အဘိဓမ္မာ ခေါ်ဆိုသည့်အကြောင်း ရာကို လူတကာနားဝယ် ရှင်းလောက်အောင် ကျမ်းဂန်လာ စံတမျဉ်းတို့ဖြင့် ထင်အသင်း ဖြေကြားတော်မူပါလော့။

## ၂။ အတိရေကဝိသေသာဒိ–ဓမ္မာ ဣဓ ပကာသိတာ။ တေနယံ ဘိဓမ္မော သမ္မ၊ ပကရဏာ တွိဓ သတ္တဓာ။

သမ္မ၊ တဆင့်ပြီးလျှက် တဆင့်တက်၍ နဲနက်ဝိဇ္ဇာ အခိပ္ပါယ်ကို စိတ်ဖြာ စစ်ဆေး တဆင်သွေးဖြင့် မေးမေးတတ်ပါပေ ချစ်မိတ်ဆွေ။ ဣဓ၊ ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ အတိရေကဝိသေသာဒိ ဓမ္မာ၊ သုတ္တန်နှင့် ဝိနယတို့လို အကျဉ်းမျှ မဟုတ်ပါ အစိတ်စိတ်နည်းအမြာမြာတို့ဖြင့် ဝိတ္ထာရ-ဝိတ္ထာရ ဟောသင့်သမျှ မခြွင်းချန် သုတ္တန်လို တနည်းဖြာ အဘိဓမ္မာလို တနည်းသုတ် တိကန်နှင့် ဒုက်ယှက်သန်း ထူးတသန်းလျှင် မေးမြန်းဖြေကြား ထိုတရားတို့နှင့်တကွ ဝုဒ္ဓိမန္တ ပူဇိတာသည့် သသက္ခဏာရိစ္ဆိန် ဂုဏ်သိရ်ကဲလွန် ထူးချွန်သော လောကုတ္တရာတရားဘို့ကို။ ပကာသိတာ၊ ကောင်းကင်မြင့်ကြီး ယိုဂီသည့်အလား ထင်ရှားစွာ ဟောပြအပ်ကုန်ပြီ။ တေန၊ ထိုသို့ထူးမြတ် ကြောင်းဗျူပ္ပတ်ကြောင့်။ အယံ၊ ဤအတိရေက ဝိသေသဟု ဓမ္မတို့ပေါင်း တည်ရာ အဘိဓမ္မာပိဋကတ်တော်ကြီးသည်။ အဘိဓမ္မော၊ အဘိဓမ္မာ ဘိဓမ္မာဟု သူငါအများ နှုတ်ညွှန့်ဖျားဝယ် ထင်ရှားသောအမည်ထူး ရှိပါပေ၏။ ဣဓ၊ ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ ပကရဏာ တု၊ ခန်းကြီးခန်းငယ် အသွယ်သွယ်တို့ဖြင့် ခြယ်လှယ်ပိုင်းခြား ကျမ်းအပြားတို့သည်ကား။ သတ္တဓာ၊ ဓမ်, ဝိ, ဓာ, ဃ, က, ယ, ပဋ္ဌာန်း ခုနစ်ကျမ်းအပြား ရှိပါကုန်၏။ ဝါ–သတ္တဓာ၊

ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ပဋ္ဌာန်း မည်သာဆန်းတို့ဖြင့် နန်းနိဗ္ဗုတာ ကူးတို့ဆိပ်ကဲ့ပမာသို့ ဂမ္ဘီရနည်းစုံပြွမ်းတို့ဖြင့် ဘိဓမ္မာနက်ကျယ်ဝှမ်းသည် ခုနစ်ကျမ်းအပြား ရှိပါပေသတည်း။

ဥ။ ဓမ္မာတိရေကော စ ဝိသေသဓမ္မော၊ လက္ခီ ပဒါတာ ပဋိသမ္ဘိဒါဒီ။
ဝေ ပဇာနံ ဝရဓမ္မမေတံ၊ ကော နာဘိပူဇေ သုပသန္နစိတ္တော။

ဘော၊ အို အဘိဓမ္မာအသင်းဝင် သူတော်စင်အပေါင်း သူပြင်လောင်းတို့။ အယံ၊ ဤအဘိဓမ္မာတွင်ခေါ် တရားတော်မြတ်ကြီးသည်။ ဓမ္မာတိရေကော ၏၊ ဓမ္မသဘော ဘောသင့်သမျှမခြွင်းချန် ကဲလွန်စွာဟောကြားအပ်သော တရားတော်မြတ်ကြီးလည်း ဖြစ်ပါပေ၏။ ဝိသေသဓမ္မော စ၊ သုတ္တန်နှင့် ဝိနယတို့ထက် ဝိသေသဆန်းပြား တရားလည်းဖြစ်ပါပေ၏။ ပဋိသမ္ဘိဒါဒီ လက္ခီ၊ ပဋိသမ္ဘိဒါ သညာထင်ရှား ဉာဏ်လေးပါးနှင့်တကွ များပြားဥဿုံ သမ္ပတ္တိကျေးဇူးဂုဏ်ကို။ ပဒါတာ စ၊ ရှုတ်ဖတ်နာခံ ကျင့်ကြံသသူ နတ်နှင့်လူတို့အား ရယူစေရေး အစဉ်ပင် ပေးတတ်ပါပေ၏။ ဝေ၊ ဤသို့ကျေးဇူး ဂုဏ်အထူးတို့ ပြန့်ပြူး ပြောဟုန် များလှပုံကို။ ပဇာနံ ပဇာနန္တော၊ ယထာဘူတ နေရာကျ သိမြင်သော။ ကော သုပသန္နစိတ္တော၊ မစွန်းကင်းကွာ သဒ္ဓါကိန်းအောင်း စိတ်ကောင်းရှိသူ ဘယ်သတ္တဝါ ဟူဟူသမျှသည်။ နာဘိပူဇေ၊ သဒ္ဓါကော်ရော် မပူဇော်ပဲရှိပါအံ့နည်း။ အဘိပူဇယတိ ဝေ၊ အဘိဓမ္မာ အခါတော်နေ့ ယခုလို ကျင်းပ၍လျှင် သောက်ခဲ့ ချည်ဖြာ ကြည်သဒ္ဓါဖြင့် ပြည်အမတော ဆုပန်းပျိုးကြ၍ လေးမဂ်ဖိုလ် ဉာဏ်ရည်ဖွိုးတဲ့အောင် အမြတ်တနိုးကော်ရော် ပူဇော်အံ့သည်သာတည်း။

## ကျမ်းခုနစ်ပုံ မေး ဖြေစုံ

'မေ' ၁။ ကထံ သင်္ဂဟိတာ ဓမ္မ-သင်္ဂဟော ဓမ္မသာမိနာ။
ဓမ္မာ ဣဓ ဝိသေသေန၊ ပရိစ္ဆေဒါ တု ကိတ္တကာ။

သမ္ပူ၊ ကျမ်းခုနစ်ပုံ သံခိပ်၌ ဟောပုံနက်လေး တဆင်သွေးဖြင့် မေးပါရစေ ချစ်ကြည်ဆွေ။ ဓမ္မသာမိနာ၊ ဓမ္မသာမိ မာရဇိဟု သာကိဥဿျောင် ငါးမာရ်အောင်သည်။ ဓမ္မသင်္ဂဟော၊ ဓမ္မသင်္ဂဏီအမည်သာဆန်း ပဌမအဘိဓမ္မာကျမ်း၌။ ဓမ္မာ၊ ပရမတ္ထ သဘာဝဓမ္မာတို့ကို။ ကထံ၊ ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ သင်္ဂဟိတာ၊ အကျဉ်းမှတ်ခဲ ဟောအပ်ပေကုန်သနည်း။ ဣဓ၊ ဤ ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမအဘိဓမ္မာကျမ်း၌။ ဝိသေသေန၊ အထူးအားဖြင့်။ ပရိစ္ဆေဒါ တု၊ ဤတွင်တချပ် တခန်းသတ်ဟု ပိုင်းဖြတ်ဖော်ပြ ပရိစ္ဆေဒတို့သည် ကား။ ကိတ္တကာ၊ အဘယ်မျှဘိ ရှိပါကုန်သနည်း။ ဝါ-ကိတ္တကာ၊ (မေ) ဟု

ခေါ်မှဉ်း ပဌမအဘိဓမ္မာကျမ်းငယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံကို မှတ်နိုင်ရှုသုံးခြည်းညွှန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေရွှန်းလောက်အောင် အဖြေခွန်းနှင့်လှစ်ဟော်မူပါလော့။

၂။ ဓမ္မာ သင်္ဂဟိတာ မေ့-သင်္ဂဟော ကုသလာဒိကာ။
သဘာဂါ တိကဒုက္ကေဟိ၊ ပရိစ္ဆေဒါ စတုဗ္ဗိဓာ။

သမ္မ၊ ကျမ်း၏သေတ္တု အနှစ်စုကိုမှ ဆစ်ဖုသေခွေ မေးမေးတတ်ပါပေ ချစ်မိတ်ဆွေ။ ဓမ္မသင်္ဂဟော၊ ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမအဘိဓမ္မာကျမ်း၌။ သဘာဂါ၊ အနဝဇ္ဇ, သာဝဇ္ဇက-စသည်ပြောတူ သဘောချင်း တူကြကုန်သော။ ကုသလာဒိကာ ဓမ္မာ၊ ကုသိုလ် အကုသိုလ် ထိုထိုများတောင်း တရားအပေါင်းတို့ကို။ တိကဒုက္ကေဟိ၊ သုံးပုံဝေကြိတ် နှစ်ထွေစိတ်၍ တိက်ဗာဝိသာ ဒုက်တရာတို့ဖြင့်။ သင်္ဂဟိတာ၊ အကျယ်တခုပ် အလတ်တထုံး အကျဉ်းဆုံးဟု သုံးတန်ဝေပြား နည်းအပြားတို့ဖြင့် ဟောကြားအပ်ပါကုန်ပြီ။ ပရိစ္ဆေဒါ၊ အပိုင်းကဏ္ဍ ပရိစ္ဆေဒဟူသည်။ စတုဗ္ဗိဓာ၊ စိတ်, ရုပ်, နိဗ္ဗာန်, အ-လေးကဏ္ဍရှိပါကုန်၏။ ဝါ- စတုဗ္ဗိဓာ၊ စိတ္တုပ္ပါဒ, ရုပ, နိက္ခေပ, အဋ္ဌကထာ-ဟု သံခိတ္တာဝိတ္ထာနည်းတို့ဖြင့် သိမ္မာဉာဏ်ဆောင် ညီးသောက်အောင် အပိုင်းကြီး လေးကဏ္ဍရှိပါပေကုန်၏။

၃။ သမ္ဗုလ္လ သာလေဝ သုဂန္ဓဂန္ဓိကော၊
သမ္ဗုလ္လဓမ္မဟိ သဒါ ပဝါယိတော။
ယော ဓမ္မစက္ကုံ ဝိယ ဓမ္မသင်္ဂဟော၊
သဒ္ဓါယ ပညာယ စ တံ ဘဇာမ ဘော။

ဘော၊ အို ဖအဘိဓမ္မာ အသင်းဝင် သူတော်စင်ပေါင်း သူမြတ်လောင်းတို့။ ယော ဓမ္မသင်္ဂဟော၊ အကြင် ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမအဘိဓမ္မာ ကျမ်းကြီးသည်။ သုဂန္ဓဂန္ဓိကော၊ ဂန္ဓာရုံ ရနံ့ကောင်းတို့ဖြင့် ပြန့်လှောင်း အမွှေးကြိုင် သင်းလှိုင်၍ နေပေသော။ သမ္ဗုလ္လသာလော ဝ၊ ရင်းဖျားကိုင်းညွှတ် ပင်လုံးကျွတ်အောင် ပွင့်ဝတ်စုံလင် အင်ကြင်းပင်ကြီးကဲ့သို့။ သမ္ဗုလ္လဓမ္မေဟိ၊ ပွင့်ပွင့်သင်းသင်း ရှင်းရှင်းပြတ်သား ဟောအပ်သောတရားတို့ဖြင့်။ သဒါ ပဝါယိတော၊ ဘုံဘဝဂ်တိုင် အခါခပ်သိမ်း ကောင်းတင်းလှိုင်၍ နေပါပေ၏။ ဓမ္မစက္ကုံ ဝိယ၊ ရုပ်နာမ်ဓမ္မ သဘာဝကို ကျနကုန်စင် လင်းလင်းမြင်သဖြင့် ပညာရှင် ဆက်သုံး ဓမ္မမျက်လုံးကြီးသဖွယ်လည်း ဖြစ်ပါပေ၏။ တံ-တာဒိသံ၊ ထိုသို့ ကျေးဇူး အလူးများလှ မြတ်ထွတ်လှသည့် ဓမ္မသင်္ဂဏီ အမည်သာဆန်း ပဌမ အဘိဓမ္မာကျမ်းကို။ သဒ္ဓါယ စ၊ စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြားရတနာ ကဲ့သို့ လျှင် ရောင်ဝါထိန်လျှပ် သဒ္ဓါဓာတ်ဖြင့်ရင်း။ ပညာယ စ၊ ဓမ္မသတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည်မျိုးဖြင့်ရင်း။ ဘဇာမ၊ ပီပြင်

ပြတ်သား ရွတ်ပွါးကြပါစို့။ ဝါ၊ ဘဏာမ၊ အဘိမင်္ဂလာ မြိုက်မွေ့ာ၏ ခါတော်
ကြိမ်တွေ့ ဤယနေ့ဝယ် လွှေလွှေဖြာစည် သဒ္ဒါဝယ်ဖြင့် အဉ္ဇလီရှိညွှတ်တွား
ကြ၍ ဓမ္မသင်္ဂဏီဘိဓမ္မာတရားကို ရွတ်ပွါးသရဇ္ဈာယ်ကြပါကုန်စို့။

## ဓမ္မသင်္ဂဏီ

ပရိတ္တာရမ္မဏာ ဓမ္မာ။ မဟဂ္ဂတာရမ္မဏာ ဓမ္မာ။ အပ္ပမာဏာရမ္မဏာ ဓမ္မာ။
ဟီနာ ဓမ္မာ။ မဇ္ဈိမာ ဓမ္မာ။ ပဏီတာ ဓမ္မာ။ ကတမေ ဓမ္မာ ပရိတ္တာရမ္မဏာ။
ပရိတ္တေ ဓမ္မေ အာရဗ္ဘ ယေ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ ဣမေ
ဓမ္မာ ပရိတ္တာရမ္မဏာ။ ကတမေ ဓမ္မာ မဟဂ္ဂတာရမ္မဏာ။ မဟဂ္ဂတေ ဓမ္မေ
အာရဗ္ဘ ယေ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ။ ဣမေ ဓမ္မာ မဟဂ္ဂတာရမ္မဏာ။
ကတမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ။ အပ္ပမာဏေ ဓမ္မေ အာရဗ္ဘ ယေ ဥပ္ပဇ္ဇန္တိ
စိတ္တစေတသိကာ ဓမ္မာ။ ဣမေ ဓမ္မာ အပ္ပမာဏာရမ္မဏာ၊ ကတမေ ဓမ္မာ
ဟီနာ၊ တီဏိ အကုသလမူလာနိ လောဘော ဒေါသော မောဟော၊ တဒေ-
ကဋ္ဌာ စ ကိလေသာ တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော သညာ ခန္ဓော သင်္ခါ-
ရက္ခန္ဓော ဝိညာဏက္ခန္ဓော တံသမုဋ္ဌာနံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ။ ဣမေ
ဓမ္မာ ဟီနာ။ ကတမေ ဓမ္မာ မဇ္ဈိမာ။ သာသဝါ ကုသလာဗျာကတာ ဓမ္မာ
ကာမာဝစရာ ရူပါဝစရာ အရူပါဝစရာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော
သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ ဣမေ ဓမ္မာ မဇ္ဈိမာ။ ကတမေ
ဓမ္မာ ပဏီတာ။ အပရိယာပန္နာ မဂ္ဂါ စ မဂ္ဂဖလာနိ စ အသင်္ခတာ စ ဓာတု။
ဣမေ ဓမ္မာ ပဏီတာ။

'၈' ၁။ ကထံ သုဝိဘတ္တာ သမ္မ၊ ဓမ္မာ ဝိဘင်္ဂါဒိနာ။
ဝိဘင်္ဂေ ဒုတိယေ တတ္ထ၊ ပရိစ္ဆေဒါတု ကိတ္တကာ။

သမ္မ၊ ပြဿနာခဲကပ် ဒုန္နယတ်ကို တုံ့ဆတ်ခမ်းဖြေ ခွန်းကိုင်းချေသည့်
အဆွေမှန်လျှင်း ချစ်မိတ်ရင်း။ ဝိဘင်္ဂါဒိနာ၊ လေးရပ်သမ္မာ နှလုံးနဲ့စွာကို
စိတ်ဖြာဟောကြား မြတ်ဘုရားသည့်၊ ဒုတိယေ၊ ဓမ္မသင်္ဂဏီမှနောက် နှစ်ခု
မြောက် ဖြစ်သော၊ ဝိဘင်္ဂေ၊ ဝိဘင်းခေါ်မှန်း အဘိဓမ္မာကျမ်း၌။ ဓမ္မာ၊
ပရမတ္ထ သဘာဝတရားတို့ကို၊ ကထံ၊ ဒေသနာစကားဟုန် ဘဝင်တုံ့မျှ ဘယ်ပုံ
ဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့်။ သုဝိဘတ္တာ၊ ဝေဖန်စိတ်ပြား ဟောကြား
တော်မူအပ်ပါကုန်သနည်း။ တတ္ထ၊ ဤဝိဘင်းခေါ်မှန်း ဒုတိယအဘိဓမ္မာကျမ်း၌၊
ပရိစ္ဆေဒါတု၊ ဤတွင်တရပ် တခန်းသတ်ဟု ပိုင်းဖြတ်ဖော်ပြ ပရိစ္ဆေဒတို့သည်
ကား။ ကိတ္တကာ၊ အဘယ်မျှတို ရှိပါကုန်သနည်း။ ဝါ–ကိတ္တကာ၊ (ဝိ) ဟု
ခေါ်မှန်း ဒုတိယ အဘိဓမ္မာကျမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံတို့ကို

မှတ်လွယ်ရှဲ့ သံခိပ်ညွှန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေရှန်းလောက်အောင် အဖြေခွန်း ဖွင့်လှစ်တော်မူပါလော့။

၂။ ခန္ဓာဒိနာ စ သုတ္တန္တ–ဘာဇနာဒိ နယတ္တယာ။
ဓမ္မာ သုဝိဘတ္တာ ဗ္ဗေ၊ အဋ္ဌာရသ ဝိဘတ္တိယာ။

သမ္ဗ၊ အသစ်ခဲကပ် ဒုန္နယတ်ကို ကပ်သတ်ရှာဖွေ မေးမေးတတ်ပါပေ ချစ်ကြည်ဆွေ။ ဝိဘင်္ဂေ၊ ဝိဘင်းခေါ်မှန်း ဒုတိယ အဘိဓမ္မာကျမ်း၌။ ဓမ္မာ၊ ပရမတ္ထ သဘာဝတရားတို့ကို။ ခန္ဓာဒိနာ စ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် နာမ်ရုပ်နှစ်ဖြာ ခန္ဓာ အစရှိသော နည်းအားဖြင့်၎င်း။ သုတ္တန္တ-ဘာဇနာဒိနယတ္တယာ၊ သုတ္တန်လို တနည်းဖြာ၊ အဘိဓမ္မာလို တနည်းထုတ် တိကျနှင့် ဒုက်စစ်ဆေး မေးလင့်ဖြေကာ ပဉ္စာပုစ္ဆက နည်းသုံးဝအားဖြင့်၎င်း။ သုဝိဘတ္တာ၊ ဒေဝရီမျိုး ရွှေစည်နှိုး၍ ရေကြည်မိုး ရွာသွန်းသကဲ့သို့ ခွဲခြမ်းစိတ်ဖြာ ဟောအပ်ပါကုန်ပြီ။ ဗ္ဗေ၊ ဤဝိဘင်းခေါ်မှန်း အဘိဓမ္မာကျမ်း၌။ ဝိဘတ္တိကာ၊ ခွဲစိတ်ဖြေရှင်း ဝိဘင်းအပြားတို့သည်။ အဋ္ဌာရသ၊ တဆယ့်ရှစ်ပါး ရှိပါကုန်၏။ ဝါ–အဋ္ဌာရသ၊ ခန္ဓာယတန ဓာတုပြ သစ္စဣန္ဒြေ။ ပဋိစ္စ်, သတိ, သံ, ဣဒ္ဓိ, ဗောဓိ ခုနစ်ထွေ၊ မဂ်, ဈာန်, ပမဉ္ဉ, သိက္ခာယှဉ် ခွဲထွင်သမ္ဘိဒေ။ ဉာဏ် ခုဒ္ဒက ဟဒယ ဋ္ဌာရဝိဘင်္ဂေ။ ဤအနေဖြင့် ကြည်တခဆ ကျဉ်းမှတ်သားရန်ဘို့ ဝိဘင်္ဂါ ကျမ်းဂန်အလာတို့သည် ဆယ့်ရှစ်ပါး အပြားရှိပါပေကုန်၏။

၃။ ယော ဒေဝဒေဝေန ဒိဝမှိ ဒေသိတော၊
ဓမ္မော ဝိဘင်္ဂေ ါ သုဝိဘင္ဇဝါဒိနာ။
ဓမ္မေ ဝဝတ္တာန မတိပ္ပဒါယကော၊
သဒ္ဓါယ ပညာယ စ တံ ဘဏာမ ဘော။

ဘော၊ အဘိဓမ္မာ ပညာလျှံညီး ဥက္ကာမီးကို ညှိသီးစိုက်ထောင် ကိုယ်စီ ဆောင်သည့် မြားမြောင်စုပေါင်း ဒိုသူတော်ကောင်းတို့။ ယော ဝိဘင်္ဂေါ၊ အကြင် ဝိဘင်းတွင်ခေါ် တရားတော်မြတ်ကြီးကို။ သုဝိဘင္ဇဝါဒိနာ၊ လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာခွဲခြား ဟောကြားတော်မူလေ့ရှိပေသော။ ဒေဝ-ဒေဝေန၊ နတ်ဝိသုဒ္ဓိ တုမရှိသား မုနိထွတ်ထား မြတ်ဘုရားသည်။ ဒိဝမှိ၊ တာဝတိံသာ နတ်တို့ရွာ၌။ ဒေသိတော၊ ဒေသနာရွှေမိုး သောင်းထိုက်ကြိုးမျှ စွေဖြိုး ရွာသွန်းအပ်လေပြီ။ ယော ဝိဘင်္ဂေါ။ အကြင် ဝိဘင်းတွင်ခေါ် တရားတော်မြတ်ကြီးသည်။ ဓမ္မေ ဝဝတ္တာန မတိပ္ပဒါယကော၊ ဤကိုယ်ကာယ တလံမျှဝယ် ဓမ္မရုပ်နာမ် ဖြစ်ချုပ်မှန်၏ ရုပ်နာမ်နှစ်ပါး ချန်လှပ်ထား၍ ဤကားလိပ်ပြာ ဤကားငါဟု ဆံလှာမျှမျှ ရှာမရသား ဓမ္မဝဝတ္တာန် အမြင်မှန်ကို တရုံမနွေး ပေးတတ်ပါပေ၏။ တံ ဝိဘင်္ဂံ၊ ထိုဝိဘင်းတွင်ခေါ် အဘိ-

ဓမ္မာတရားတော်မြတ်ကြီးကို။ သဒ္ဓါယ စ၊ စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြား ရတနာ ကဲ့ပမာလျှင် ရောင်ဝါထိန်လျှပ် သဒ္ဓါစေတ်ဖြင့်ရင်း။ ပညာယ စ၊ ဓမ္မ သတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည်မျိုးဖြင့်ရင်း။ ဘဏာမ၊ ပီပြင်ပြတ်သား ရွတ်ပွါးကြပါစို့။ ဝါ-ဘဏာမ၊ ပရမတ္ထ သဘာဝဝယ် ဓမ္မ-ဝဝတ္ထာန် အမြင်မှန်၍ အသခ်တံ နိဗ္ဗူနားရအောင် ဝိဘင်္ဂါ ိမ္မောတရားကို ရွတ်ပွါးသရဇ္ဈာယ်ကြပါကုန်စို့။

## ဝိဘင်္ဂ

စတ္တာရိ သစ္စာနိ ဒုက္ခံ ဒုက္ခသမုဒယော ဒုက္ခနိရောဓော ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ။ တတ္ထ ကတမော ဒုက္ခသမုဒယော၊ တဏှာ။ အယံ ဝုစ္စတိ ဒုက္ခသမု-ဒယော။တတ္ထ ကတမံ ဒုက္ခံ၊ အဝသေသာ စ ကိလေသာ အဝသေသာ စ အကု-သလာ ဓမ္မာ တီဏိ စ ကုသလမူလာနိ သာသဝါနိ အဝသေသာ စ သာသဝါ-ကုသလာ ဓမ္မာ သာသဝါ စ ကုသလာကုသလာနံ ဓမ္မာနံ ဝိပါကာ ယေ စ ဓမ္မာ ကိရိယာ နေဝ ကုသလာ နာကုသလာ န စ ကမ္မဝိပါကာ သဗ္ဗဉ္စ ရူပံ၊ ဣဒံ ဝုစ္စတိ ဒုက္ခံ။

တတ္ထ ကတမော ဒုက္ခနိရောဓော၊ တဏှာယ ပဟာနံ။ အယံ ဝုစ္စတိ ဒုက္ခ-နိရောဓော။ တတ္ထ ကတမာ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဣဓ ဘိက္ခု ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ နိယျာနိကံ အပစယဂါမိံ ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ ဘူမိယာ ပတ္တိယာ ဝိဝိစ္စေဝ ကာမေဟိ ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ၊ဘသ္မိံ သမယေ ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

'ခ' ၁။ ကသံ ခေတုကထံ ဒေဝ-ဒေဝေါ ဒေဝါနမာလယော။
ဒေဒေသသိ ဒေဝပြဟ္မာနံ၊ နယာ တု ဧဉ္ဇာ ကိတ္တကာ။

သမ္မ၊ တကျမ်းပြီးနောက် တကျမ်းကောက်၍ စာထောက်စစ်ဆေး သိလိုရေးဖြင့် မေးပရစေ ချစ်မိတ်ဆွေ။ ဒေဝဒေဝေါ၊ မဟာဒေဝရာဇ် ဘုန်းလျှံသံစ်သား ရှင်ချစ်ရမေ သုံးလူ့ဆွေသည်။ ဒေဝါနမာလယော၊ ဝတီဘူမိ နန်းသိရိဝယ် ကောဝိဋ္ဌာရ မြကသစ်ရိပ် ခြည့်လျံဖိတ်သား ဒေဝိသ်စံရာ ကမ္ဘာသာပဏ္ဍု လဲဝါနို့၌။ ဒေဝပြဟ္မာနံ၊ စက္ကဝတ်ပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ပြဟ္မာတို့အား။ ခေတုကထံ၊ ေတုကထာ မည်သာ တွင်မှတ် အဘိဓမ္မာတရားတော်မြတ်ကို။ ကသံ၊ ဘယ်သို့ ဘယ်ပုံ နည်းနာစုံအောင်။ ဒေခေသသိ၊ ခေသနာရွှေမိုး ခွဲကာကြိုး၍ ခွေဖြိုးရွာသွန်းတော်မူခဲ့ပါသနည်း။ ဧဉ္ဇာ၊ ဤခေဘုကသာ မည်သာတွင်မှတ် တရားတော်မြတ်၌။

နယာ တုစိတ်ဖြာဟောကြား နည်းအပြားတို့သည်ကား။ ကိတ္တကာ၊ အဘယ်မျှ တိ ရှိပါကုန်သနည်း။ ဝါ-ကိတ္တကာ၊ ဓာတုကထာ ကျမ်းနေ့စာဝယ် မြတ်စွာ ရှင်ဗေဒ ဘယ်ဟောဟု သဒ္ဒါနှင့် သရုပ်နှစ်ဖြာကို ထုတ်ခါဖွေညွှန်း နေလုံ ထွန်းသို့ အဖြေခွန်းကျူ မိန့်တော်မူပါလေ။

၂။ ဒီပယံ ဓာတုပုဂ္ဂုဏ္ဏံ၊ နာနာဓာတုဝိဘင်္ဂကော။
ဓာတုကထံ ယံ ဒေသေသိ၊ နယာ ထော တေဒ္ဒသ။

နာနာဓာတုဝိဘင်္ဂကော၊ နာနာဓာတု ဝိဘင်္ဂေ ဉာဏ်ရှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဓာတုပုဂ္ဂုဏ္ဏံ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ၊ သူ ဘပါး လားလား မဟုတ် နာမ်ရုပ်နှစ်ပါး ဓာတ်အစုဝေးမျှ ဖြစ်သည်ကို။ ဒီပယံ-ဒီပယန္တော၊ အလင်းထင်ပေါ် ညွှန်ပြတော်မူလျက်။ ယံ ဓာတုကထံ၊ အကြင် ဓာတုကထာ မည်သောအင်္ဂဆန်း အဘိဓမ္မာကျမ်းကို။ ဒေသေသိ၊ ဟောင်းကြော်ဝါ နတ်ပြဟ္မာ တို့အား ဒေသနာရွှေမိုး ချောကြီးရွာ၍ ဖြေပိုးရှာသွန်းတော်မူလေပြီ။ တတ္ထ၊ ထို ဓာတုကထာ မည်သောအင်္ဂဆန်း အဘိဓမ္မာကျမ်း၌။ နယာ၊ သိဘွယ် ဟောကြား နည်းအပြားတို့သည်။ စတုဒ္ဒသ၊ သင်္ချာ ဆပွါး ဆယ်လေးပါးရှိကုန်၏။ ဝါ-စတုဒ္ဒသ၊ သင်္ဂဟာသင်္ဂဟ သမ္ပယောဂ ဝိပ္ပယော နှစ်ပါးစုံပေါ်နှော၍ ဓာတ်သဘောအစုမျှ ဖြစ်ခြင်းအကို ရှင်းပြစိတ်ဖြာ နည်းဝိတ္တာသည် ဉာဏ် ပထ္ယာချဲ၍ တွေးပါဘော့ စံသျှော့ဖွဲ့နွဲ့ရေးရလျှင် တဆယ့်လေးပါး အပြားရှိပါ ကုန်သတည်း။

၃။ ဓာတုသုခကာသလ္လ မတိပ္ပဝစ္စကံ၊ ရိတ္တတ္တာ တုဋ္ဌတ္တ နိဗ္ဗိဝ ဒီပကံ။
ကထေမ တံ ဓာတုကထံ ဇိနေနဒိတံ၊ ကထံ ကထံ တိဏ္ဏမုပါယ မုတ္တမံ။

သာဓုဇနာ၊ ဓာတုပ္ပ သမူဟကို တွေးဆသက်ဝင် ဉာဏ်ကြည်လင်သည့် သူတော်စင်ပေါင်း အို သူမြတ်လောင်းတို့။ ဓာတုသု၊ တဆယ့်ရှစ်ပါး ဓာတ် အပြားတို့၌။ ကောသလ္လမတိပ္ပဝစ္စကံ၊ လိမ္မာကျွမ်းကျင် ဉာဏ်အမြင်ကို အစဉ် မနား တိုးပွါးဖြစ်ထွန်းစေတတ်ထသော။ ရိတ္တတ္တ ကုဋ္ဌတ္တာ နိဗ္ဗိဝ ဒီပကံ၊ ရိတ္တ သဘောမှန့်၊ တုစ္ဆသဘောမှန့်၊ နိဗ္ဗိဝသဘောမှန်တို့ကို ပြညွှန်လေ့ရှိပေထသော။ ကထံ ကထံတိဏ္ဏမုပါယမုတ္တမံ၊ သို့လော သို့လော တွေးတောယုံမှား ထင်ဝိုး ဝါးကို ကျော်လွှားသွန်ချမြောက်မြောင်း ကောင်းမြတ်သော ဥပါယ်တမည် လည်း ဖြစ်ပေထသော။ ဇိနေရိတံ၊ ရှင်ဇာဗျာန္တုတ် ကြွကမုဒ်မှ အာလုပ်ရင့်ယူ ဟောဖွင့်တော်မူအပ်သော။ တံ ဓာတုကထံ၊ ထိုဓာတုကထာ မည်သောအင်္ဂဆန်း အဘိဓမ္မာကျမ်းကို။ ကထေမ၊ ငါပြင်မြတ်သား ရွတ်ပွါးကြပါစို့။ ဝါ-ကထေမ၊ ဓာတုကထာ ကျမ်းနေ့စာကို သဒ္ဒါသတ်နှ သမာဓိနှင့် ပညိန်ဝီရိယ ငါးချက် မျှ၍ မဓမ္မာ ဤအခါသယ် ကြည်သဒ္ဓါရွှင်ရွှင်အားတို့ဖြင့် ပြည်နိဗ္ဗူ ဆည့်တိ ယားကြ၍ ရွတ်ပွါးသရဇ္ဈာယ်ကြပါကုန်စို့။

ဓာတုကထာ

စက္ခုန္ဒြိယံ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတံ။ စက္ခုန္ဒြိယံ ဧကေန ခန္ဓေန ဧကေနာယတနေန ဒွီဟိ ဓာတူဟိ သင်္ဂဟိတံ။ ကတိဟိ အသင်္ဂဟိတံ၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ။ သောတိန္ဒြိယံ။ ဃာနိန္ဒြိယံ။ ဇိဝှိန္ဒြိယံ။ ကာယိန္ဒြိယံ။ ဣတ္ထိန္ဒြိယံ။ ပုရိသိန္ဒြိယံ ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။ ကတိဟိ အသင်္ဂဟိတံ၊ စတူဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ။ မနိန္ဒြိယံ ဧကေန ခန္ဓေန ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သင်္ဂဟိတံ။ ကတိဟိ အသင်္ဂဟိတံ၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ အသင်္ဂဟိတံ။ ဇီဝိတိန္ဒြိယံ ဒွီဟိ ခန္ဓေဟိ ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတံ။ ကတိဟိ အသင်္ဂဟိတံ၊ တီဟိ ခန္ဓေဟိ ကောဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတံ။

"လ" ၁။ ကထံ ပုဂ္ဂလပညတ္တိံ၊ တိလောကေကဂ္ဂပုဂ္ဂလော။
ပညပေသိ မဟာဝီရော၊ ဒေဝဒါနဝပူဇိတော။

ဒေဝဒါနဝပူဇိတော၊ နတ် နတ်တကာ အသူရာတို့ သဒ္ဓါညွတ်ပျတ် ပူဇော်အပ်ပေထသော။ မဟာဝီရော၊ သမန္တစက္ခု ဗုဒ္ဓဘုံသို့ တဟုန်တည်းပေါက် ခရီးရောက်အောင် ကြီးမြောက်ထက်သန် သူမတန်သည့် သမ္မပ္ပဓာန် လုံ့လ ဝီရိယလည်း ရှိတော်မူပေထသော။ တိလောကေကဂ္ဂပုဂ္ဂလော၊ လောကဓာတ် ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တယောက်လူမျှ မပြူဘက်ပြိုန်း အမြတ်ဆုံး ခေါ်ဆို ပုဂ္ဂိုလ်စင်စစ် ဖြစ်တော်မူငြား မြတ်စွာဘုရားသည်။ ပုဂ္ဂလပညတ္တိံ၊ ပုဂ္ဂလပညတ် ခေါ်မှတ်ခဲ့ည်ဆန်း စတုတ္ထအဘိဓမ္မာကျမ်းကို။ ကထံ၊ ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ ပညပေသိ၊ ပညတ်ဟောဖော် သိစေတော်မူပါသနည်း။ ဝါ-ကထံ ပညပေသိ၊ (လ)ဟု ခေါ်မှန်း စတုတ္ထအဘိဓမ္မာ ကျမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံတို့ကို မှတ်လွယ်ရုံ သံခိပ်ညွှန်းကဲ၍ ကြည်သဒ္ဓါဝေဝေရွှန်းလောက်အောင် အဖြေခွန်းဖွင့်လှစ်တော်မူပါလော့။

၂။ ယံ ယံ ဓမ္မံ မုပါဒါယ၊ ယော ယော ပုဂ္ဂလ သမ္ဘဝေါ။
တံ တံ ဓမ္မံ ဝိဘာဇိတွာ၊ ဒေသေသိ ယာဝ ပဥ္စကာ။

တိလောကေကဂ္ဂပုဂ္ဂလော၊ လောကဓာတ်ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တယောက်လူမျှ မပြူဖက်ပြိုန်း အမြတ်ဆုံးခေါ်ဆို ပုဂ္ဂိုလ်စင်စစ် ဖြစ်တော်မူငြား မြတ်ဘုရားသည်။ ယံ ယံ ဓမ္မံ၊ ကောင်းဆိုးနှစ်ပြင် အကြင် အကြင်သို့သော သဘာဝဓမ္မကို။ ဥပါဒါယ၊ အစွဲတခု အာခြပြု၍။ ယော

သော ပုဂ္ဂလ သမ္ဘောဘ၊ ကောင်းဆိုးနှစ်ရပ် အကြင်အကြင်သို့သော ပုဂ္ဂလ ပညတ်သည်။ ဟောတိ၊ သမ္မုတိသစ္စာ လူမှာထင်ရှား ဖြစ်ပွါး၍နေပါပေ၏။ တံ တံ ဓမ္မံ၊ ကောင်းဆိုးနှစ်ရပ် ပုဂ္ဂလပညတ်ဘို့ စွဲမှတ်ဖို့အခြေခံ အမှန်တိတိ ထင်ရှားရှိသည့် အဝိဇ္ဇရိဘ သဘာဝအား ထိုထိုပရမတ္ထတရားကို။ ဝိဘဇိတွာ၊ အကာကိုပယ် အနှစ်ကိုရှာ ကဲ့ပမာသျှင် စိတ်ဖြာခွဲခြမ်းတော်မူ၍။ ယာဝ ပဉ္စကာ၊ တမျိုး နှစ်မျိုး သုံးလေးမျိုးနှင့် ငါးမျိုးခေါ်မြောက် ပုဂ္ဂိုလ်အစုသို့တိုင် ရောက်အောင်၊ ဒေသေသိ၊ စိတ်ဖြာခွဲခြား ဟောကြားတော်မူခဲ့လေပြီ။ ဝါ· ဒေသေသိ၊ ပုဂ္ဂိုလ်ဘွင်ကား မရပ်နားဘဲ ခေတ်သားခင်ဝစ် ပရနတ်နှစ်သို့ ထွန်းသစ်ဉာဏ်ချေ ရောက်ကုန်စေဟု မြစိခန္တလူ့ခေါင်ဘုရားသည် ပညတ်စုံ ဘိဓမ္မာတရားကို ဟောကြားပြသတော်မူလေပြီ။

၃။ ဓမ္မေဟိ ပညတ္တိ ပဘေဒဒီပကံ၊ သတ္တုပလဒ္ဓိဥ္စ ပနူဒကံ ဝရံ။
အာသိသမာနာ သုဝိမုတ္တိ မစ္စုတိံ၊ ဘဇာမ တံ ဘော မုနိနောနုသာသနိံ။

ဘော၊ ပရမတ်ပညာဘ် ယင်းနှစ်ရပ်ဝယ် ရှင်းပြတ်သကာ ဉာဏ်ဝိဇ္ဇာဖြင့် စိတ်ဖြာလိုတောင်း အိုသူတော်ကောင်းတို့။ ဓမ္မေဟိ၊ ပရမတ္ထ သဘာဝဓမ္မ တို့ဖြင့်။ ပညတ္တိပဘေဒဒီပကံ၊ ကောင်းဆိုးနှစ်ပါး ပုဂ္ဂလပညတ်အပြားကို ခွဲခြားစိတ်ဖြာ ပြတတ်စွာသော။ သတ္တုပလဒ္ဓိဥ္စ၊ အနမတဂ် သံသရာစက်မှ ခုသက်ဘိုင်ပင် အမျှင်မပြတ် စွဲသူ့မှတ်သည့် သတ္တဒိဋ္ဌိ ဝိပရိဖောက်ပြား အယူမှား ကိုလည်း။ ပနူဒကံ၊ နေလုံ့ရှိန်ကြောက် ဆီးနှင်းပေါက်သို့ ချေမြောက်စေသား ပယ်ရှား ဖြတ်တောက်နိုင်ပေသောသော။ ဝရံ၊ ဟောပညာဝန် ပုဂ္ဂိုလ်မွန်တို့ လွန်နှစ်လိုအပ် မြတ်ပေသောသော။ မုနိနော၊ သဗ္ဗညုမုနိ တု့ရှိ၏။ အနုသာသနိံ၊ နိဗ္ဗုဒ်ရောက်ကြောင်း ကောင်းမြတ်သော အဆုံးအမ ဖြစ်ပေသော။ တံ ပုဂ္ဂလ- ပညတ္တိံ၊ ထိုပုဂ္ဂလပညတ် ခေါ်မှတ်မည်ဆန်း တော္တအဘိဓမ္မာကျမ်းကို။ အစ္စုတိံ၊ စုတေဖောက်ပြား ရွေ့ရှားခြင်းမရှိသော။ သုဝိမုတ္တိံ၊ ကိလေသာစက် သုံးထောင်ကေ်မှ လွတ်ထွက်ရာမှန် ပြည်နိဗ္ဗာန်ကို။ အာသိသမာနာ၊ တောင့်တ လင့်ဆို အလိုရှိကြကုန်သော။ မယံ၊ အဘိဓမ္မာအသင်းဝင် သူတော်စင် အကျွန်ုပ်တို့သည်။ ဘဇာမ၊ ပီပြင်ပြတ်သား ဋ္ဌတ်ပွါးကြပါစို့။ ဝါ–ဘဇာမ၊ သတ္တဒိဋ္ဌိ ဝိပရိဟု မင်္ဂါတံသင်း ရန်ခပင်းကို ဉာဏ်စင်းပစ်ချိန် စစ်ဦးနှိမ်ဘို့ စောမုနိန် မိန့်ခေါ်ကြားခဲ့သည့် ပညတ်စုံဘိဓမ္မာတရားကို ရွတ်ပွါးသရဇ္ဈာယ် ကြပါကုန်စို့။

ပုဂ္ဂလပညတ္တိ

တတ္ထ ကတမေ စတ္တာရော ဓမ္မကထိကာ ပုဂ္ဂလာ။ ဣဓေကစ္စော ဓမ္မ- ကထိကော အပ္ပဉ္စ ဘာသတိ အသဟိတဉ္စ၊ ပရိသာ စဿ န ကုသလာ ဟောတိ

သဟိတာသဟိတာယ၊ ဝေရူပေါ မမ္မကထိကော ဝေရူပါယ ပရိသာယ မမ္မကထိကောတွေ့ သခ်ံ ဂစ္ဆတိ။ ဣဓ ပနေကစ္စော မမ္မကထိကော အပ္ပဥ္စ ဘာသတိ သဟိတဥ္စ၊ ပရိသာ စသာ ကုသလာ ဟောတိ သဟိတာသဟိတာယ၊ ဝေရူပေါ မမ္မကထိကော ဝေရူပါယ ပရိသာယ မမ္မကထိကောတွေ့ သခ်ံ ဂစ္ဆတိ။ ဣဓ ပနေကစ္စော မမ္မကထိကော ဗဟုဥ္စ ဘာသတိ အသဟိတဥ္စ၊ ပရိသာ စသာ န ကုသလာ ဟောတိ သဟိတာသဟိတာယ၊ ဝေရူပေါ မမ္မကထိကော ဝေရူပါယ ပရိသာယ မမ္မကထိကောတွေ့ သခ်ံ ဂစ္ဆတိ။ ဣဓ ပနေကစ္စော မမ္မကထိကော ဗဟုဥ္စ ဘာသတိ သဟိတဥ္စ၊ ပရိသာ စသာ ကုသလာ ဟောတိ သဟိတာသဟိတာယ၊ ဝေရူပေါ မမ္မကထိကော ဝေရူပါယ ပရိသာယ မမ္မကထိကောတွေ့ သခ်ံ ဂစ္ဆတိ။ ဣမေ စတ္တာရော မမ္မကထိကာ ပုဂ္ဂလာ။

"က" ၁။ ဇိနာဒိစ္စော ကထာဝတ္ထု၊ မမ္မံ သုနာ မဟာသရေ။
ဇာတိကေ္ခတ္တေ ပဗောဓေသိ၊ ကထံ ဒိဝေါကပက်ဇေ။

ဇိနာဒိစ္စော၊သဗ္ဗညုတ ဉာဏဗဲ့ချက် ရွှေတောင်ထက်မှ ပေါ်ထွက်ထွန်းပြူ ဥဒည်မှုသား သယမ္ဘူဖျား ဘုရားနေမင်း သုံးလူ့သနင်းသည်။ဇာတိကေ္ခတ္တေ မဟာသရေ၊ ဇာတိခေတ်ပေါင်း တသောင်းသချာ စကြဝါမိုင် ပဒုမ္မာကြာ အိုင်ကြီးထဲ၌။ ဒိဝေါကပက်ဇေ၊ နတ် နတ်တကာ ဖြဟ္မာ ဟူ သတ္တဝါကိန်း အသိန်းအသန်း ပဒုမ္မာကြာပန်းတို့ကို။ ကထာဝတ္ထု မမ္မံသုနာ၊ ကထာဝတ္ထု ခေါ်တွင်ပြုသား ဓမ္မပဒေသ နယမြားမြောင် တရားတည်းဟူသောအရုဏ်ရောင် ဖြင့်။ကထံ၊ဘယ်ပုံခွဲခြမ်း ဘယ်နည်းလမ်းအားဖြင့်။ ပဗောဓေသိ၊သစ္စာလေးဆင့် ပွင့်စေပါသနည်း။ဝါ ကထံ ပဗောဓေသိ၊သောင်းစကြဝါ အိုင်ကုဏ္ဍာဝယ် ပဒုမ္မာ ဇာတ် အနတ်နတ်တို့ ရစ်ပတ်ပိတ်ထေး အဝိဇ္ဇာမြေးကို ဖေးဖေဖျောက်ကာ ဘယ်ခြင်းရာဖြင့် သစ္စာလေးဆင့် တွေးတွေးရင့်အောင် ပွင့်စေ ထွန်းစေ ပွင့် ထွန်းတော်မူစေခဲ့ပါသနည်း။

၂။ ဆလဝါဒံ ဝိနိဂ္ဂယှ၊ သဝါဒံ နိစ္ဆလံ ဌိတံ။
နာနာ သုတ္တခမ္မံ သူဟိ၊ ဗောဓေသိ ဇိနဘာဏုမာ။

သမ္မ၊သဒ္ဒအဘ္ဘာ အလင်္ကာကို မင်္ဂလာလျှောက် စံယူလောက်အောင် စောထောက်စစ်ဆေး နှုတ်ယဉ်ကျေးဖြင့် မေး မေးဇာပ်ပါပေ ချစ်မိတ်ဆွေ။ ဇိနဘာဏုမာ၊ ဘုရားနေမင်း သုံးလူ့သနင်းသည်။ ဇာတိကေ္ခတ္တေ မဟာသရေ၊ ဇာတိခေတ်ပေါင်း တသောင်းသချာ စကြဝါမိုင် ပဒုမ္မာကြာအိုင်ကြီးထဲ၌။ ဆလဝါဒံ၊ မိစ္ဆာအယူ မဖြူရှစ်မြေး အညစ်အကြေးကို။ နာနာသုတ္တခမ္မံသူဟိ၊ သချာမြားမြောင် သုတ်ခမ္မကွန် အသင်းရောင်တို့ဖြင့်။ ဝိနိဂ္ဂယှ-အာဇာနာဟိ

နိဂ္ဂဟံ၊ အောင်သံကျူးညိတ် အကြွင်းမဲ့ ကွပ်နှိပ်ချိုးရှင်း။ သဝါဒံ၊ ဝါဒစင်ဖြူ ကိုယ်တော်အယူကို။ နိဗ္ဗလံ ဒီပိတံ၊ မိစ္ဆာလေယှုန် တိုက်လှည့်သုန်လည်း မတုန်မြူခန့် ကြံ့ကြံ့ခိုင်ကျည် တည်းအောင်ပြုတော်မူရှင်း။ ဒိဝေါကပက်ဖေ၊ နတ်,နတ်တကာ, ဗြဟ္မာ့,ဟ္မာဟု သတ္တဝါကိန်း အသိန်းအသန်း ပဒုမ္မာကြာပန်းတို့ကို။ ဗောဓေယျ၊ သစ္စာလေးဆင့် ပွင့်စေတော်မူပြီ။ ဝါ-ဗောဓေယျ၊ သောင်းစကြာဝဠာ အိုင်ကုဏ္ဍာဝယ် ပဒုမ္မာတော် အနတ်နတ်တို့ ရစ်ပတ်ပိတ်ထေး အဝိဇ္ဇာမြေးကို ဝေးစေဖျောက်ကာ ဉာဏ်ခြင်းရာဖြင့် သစ္စာလေးဆင့် တွေးတွေးရင့်အောင် ပွင့်စေသွန်းစေ ပွင့်ထွန်းတော်မူပေပြီ။

၃။ ဝိတဏ္ဍဝါဒီနဝိဝါဒမဒ္ဒနံ၊ ဝိဘဇ္ဇဝါဒီန သုဝါဒဇမ္ဘနံ။
ယုတ္တိံ အယုတ္တိဉ္စ ဝိဝိစ္စ ဒေသိတံ၊ ဘဏာမ တံ ဒါနိ ကထာနုဝတ္ထုကံ။

ဘော၊ အိုသူတော်ကောင်း သူမြတ်လောင်းတို့။ ဝိတဏ္ဍဝါဒီနံ၊ မိစ္ဆာဝါဒီ လူဗာလတို့၏။ ဝိဝါဒမဒ္ဒနံ၊ မိစ္ဆာဒိဋ္ဌိ ဖုံးအုပ်ဖိ၍ ပြောမိပြောမှား ဝါဒများကို ပယ်ရှားနှိမ်နင်းရာလည်း ဖြစ်ပေထသော။ ဝိဘဇ္ဇဝါဒီနံ၊ လေးရ သစ္စာ နက်နဲစွာကို စိတ်ဖြာဟောပြသား မြတ်ဘုရားတို့၏။ သုဝါဒဇမ္ဘနံ၊ ပဋိပဒါမဖျိုမ လမ်းမှန်ကျသား ဝါဒစင်ဖြူ ထိုအယူ၏ ဗိုလ်လူများကြွယ် ပရိသတ်အလယ်၌ စံပယ်ကွန့်မြူးရာလည်း ဖြစ်ပေထသော။ ယုတ္တိဉ္စ၊ အသင့်ယုတ္တိ ရှိသည်ကိုရင်း။ အယုတ္တိဉ္စ၊ အသင့်ယုတ္တိ မရှိသည်ကိုရင်း။ ဝိဝိစ္စ၊ ခွဲခြမ်းစိတ်ဖြာ နည်းစုံမြွာ၍။ ဒေသိတံ၊ ဉာဏ်ကားအသင့် ဉာဏ်သင့်ဟု လှစ်ဖွင့်ထင်ရှား ဟောကြားအပ်ပေထသော။ တံ ကထာနုဝတ္ထုကံ၊ ထို ကထာဝတ္ထု ခေါ်တွင်ပြုသား ဓမ္မပဒေသ နယထူးဆန်း ပဉ္စမအဘိဓမ္မာကျမ်းကို။ ဒါနိ၊ အဘိဓမ္မာ ဒေသနာဝဲချီး ပွဲကြီးခြိမ့်ညာ ဤယခုအခါ၌။ ဘဏာမ၊ ပီပြင်မြတ်သား ရွတ်ပွါးကြပါစို့။ ဝါ-ဘဏာမ၊ ပရဝါဒီ ပြင်ဗာဟိရဟု တက္ကိသမား ကြံဝိုဝါ့တို့ စကားလုံ့ဖန် ဉာဏ်လှ့ဒွန်ဝယ် အမှန်ကိုသိထင်ရှားစေဟု ကထာဝတ္ထု အဘိဓမ္မာတရားကို ရွတ်ပွါး သရဇ္ဈာယ်ကြပါကုန်စို့။

ကထာဝတ္ထု

နတ္ထိ ကေစိ ဓမ္မာ ကေဟိစိ ဓမ္မေဟိ သင်္ဂဟိတာတိ၊ အာမန္တာ။ နနု အတ္ထိ ကေစိ ဓမ္မာ ကေဟိစိ ဓမ္မေဟိ ဂဏနံ ဂစ္ဆန္တိ ဥဒ္ဒေသံ ဂစ္ဆန္တိ ပရိယာပန္နာတိ၊ အာမန္တာ။ ဟဉ္စိ အတ္ထိ ကေစိ ဓမ္မာ ကေဟိစိ ဓမ္မေဟိ ဂဏနံ ဂစ္ဆန္တိ ဥဒ္ဒေသံ ဂစ္ဆန္တိ ပရိယာပန္နာ၊ နော စ ဝတ ရေ ဝတ္တဗ္ဗေ နတ္ထိ ကေစိ ဓမ္မာ ကေဟိစိ ဓမ္မေဟိ သင်္ဂဟိတာတိ။ စက္ခာယတနံ ကတမက္ခန္ဓဂဏနံ ဂစ္ဆတီတိ၊ ရူပက္ခန္ဓဂဏနံ ဂစ္ဆတီတိ။ ဟဉ္စိ စက္ခာယတနံ ရူပက္ခန္ဓဂဏနံ ဂစ္ဆတိ၊ တေန ဝတ ရေ ဝတ္တဗ္ဗေ

စက္ခာယတနံ ရူပက္ခန္ဓေန သင်္ဂဟိတန္တိ။ သောတာယတနံ ။ပ။ ဃာနာယတနံ ။ပ။ ဇိဝှါယတနံ။ပ။ ကာယာယတနံ ကတမက္ခန္ဓဂဏနံ ဂစ္ဆတီတိ၊ ရူပက္ခန္ဓဂဏနံ ဂစ္ဆတီတိ၊ ဟဉ္စိ ကာယာယတနံ ရူပက္ခန္ဓဂဏနံ ဂစ္ဆတိ၊ တေန ဝတ ရေ ဝတ္တဗ္ဗေ ကာယာယတနံ ရူပက္ခန္ဓေန သင်္ဂဟိတန္တိ။ ရူပါယတနံ ။ပ။ သဒ္ဒါယတနံ။ပ။ဂန္ဓာယတနံ ။ပ။ ရသာယတနံ ။ပ။ ဖောဋ္ဌဗ္ဗာယတနံ ကတမက္ခန္ဓဂဏနံ ဂစ္ဆတီတိ၊ ရူပက္ခန္ဓဂဏနံ ဂစ္ဆတီတိ။ ဟဉ္စိ ဖောဋ္ဌဗ္ဗာယတနံ ရူပက္ခန္ဓဂဏနံ ဂစ္ဆတိ၊ တေန ဝတ ရေ ဝတ္တဗ္ဗေ ဖောဋ္ဌဗ္ဗာယတနံ ရူပက္ခန္ဓေန သင်္ဂဟိတန္တိ။

"ယ" ၁။ ယမသ္မ ဝိသယာတီတော၊ ယမကံ ယ'မဒေသယိ။
ကထံ ကိံ ပရိစ္ဆေဒ-မဏ္ဍိတံ ကာနိ ဒဿယံ။

ယမသ္မာ၊ ယမခေါ် လျှင်း မစွမ်းနိုင်၏၊ ဝိသယာတီတော၊ ဂေါစရဂါမ် ပဉ္စက္ခန်ကို ကျော်လွန် လွှတ်မြောက်တော်မူပြီးသော မြတ်စွာဘုရားသည်။ ယံ ယမကံ၊ အကြင် ယမကတွင်ခေါ် အဘိဓမ္မာတရားတော်မြတ်ကို။ အဒေသယိ၊ ဒယာဆော်နှိုး နှတ်စည်ပျိုးသို့ မိုးဘဝဂ်ယံ ကောင်းတင်းလျှံအောင် ထုတ်ပြန် ဟောကြားတော်မူခဲ့လေပြီ။ တံ ယမကံ၊ ထိုယမကတွင်ခေါ် အဘိဓမ္မာ တရား တော်ကို။ ကထံ၊ ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ ကိံ ပရိစ္ဆေဒမဏ္ဍိတံ၊ ဘယ်မျှသော အပိုင်းအခြားတို့ဖြင့် ဆန်းပြားစုံလင် တန်ဆာဆင်အပ်သည်ကို ပြု၍။ ကာနိ၊ ဘယ်ပုံထူးခြား ဘယ်တရားတို့ကို။ ဒဿယံ-ဒဿယန္တော၊ သောင်းစက္ကဝါ နတ်ဗြဟ္မာတို့ သိပါစေဟု ပြတော်မူလျက်။ ဒေသေသိ၊ ထုတ်ဖော်သင်ရှား ဟောကြားတော်မူခဲ့ပါသနည်း။ ပါ-ဒေသေသိ၊ (ယ) ဟု ခေါ်မှန်း ခြောက်ဆင့်မြောက် အဘိဓမ္မာကမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံတို့ကို မှတ်လွယ်ရှုံသိမ်ပိညွှန်းတဲ့၍ ကြည်သန္ဓါငဝေဝ္ဝန်းလောက်အောင် အဖြေခွန်း ဖွင့်လှစ်တော်မူပါလော့။

၂။ ယမကံ' ယမကံခါယ၊ ပုစ္ဆာဓမ္မတ္တလက္ခဏော။
ပရိညာ ဒဿယံ တီသော၊ ဒေသယိ ဒသဓာ ဇိနော။

ဇိနော၊ ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်သည်။ ယံ ယမကံ၊ အကြင် ယမကတွင်ခေါ် ခြောက်ဆင့်မြောက် အဘိဓမ္မာတရားတော်ကို။ အကံခါယ၊ ယုံမှားပယ်ဖျောက် အသင်းပေါက် သိစိမ့်သောငှါ။ ပုစ္ဆာဓမ္မတ္တလက္ခဏော၊ အနုလုံ ပဋိလုံ အစုန်အဆန် သန္နိဋ္ဌာန် သံသယ ပုစ္ဆာပါ ဓမ္မတ္တတို့နှင့် အနိစ္စ ဒုက္ခ အနတ္တာဟု လက္ခဏာအပြား ဤသုံးပါးတို့ကိုရင်း။ တီသော ပရိညာ၊ ဉာတ, တီရဏ, ပဟာန-ဟု သုံးဝင်ရှား ပရိညာတရားတို့ကိုရင်း။ သေ ယံ- ဒဿယန္တော၊ သောင်းစက္ကဝါ နတ်ဗြဟ္မာတို့ သိပါစေဟု ပြတော်မူလျက်။ ဒသဓာ၊ မူလယမက, ခန္ဓယာကစသည် ဆယ်ပါး အပြားအားဖြင့်။ ဒေသယိ၊

ထုတ်ဖော်ထင်ရှား ဟောကြားတော်မူခဲ့ပါပြီ။ ဝါ-ဒေသယိ၊ (ယ) ဟု ခေါ်မှန်း ခြောက်ဆင့်ပြောက် အဘိဓမ္မာကျမ်းဝယ် အခန်းကြီးဆယ်ပုံ အစုံအစုံသော ပုစ္ဆာ မဗ္ဗတ္တ လက္ခဏာယဉ် သုံးဖြာ ပရိညာသုံးသွယ် အနှုန်းချယ်၍ မြတ်ဘုန်းကြွယ် လူ့ထွတ်ဘုရားသည် သောင်းရပ်ရွာ နတ်ဗြဟ္မာအများတို့အား ဟောကြားမိန့်ဘော်မူခဲ့လေပြီ။

၃။ ခန္ဓာဒိ ဓမ္မာန ပဝတ္တိ ဒီပကံ၊ ဝိပဿနာဉာဏဝိပက္ကမာဝဟံ။
ကောသနံ ဇာတိယေန္တဘူမိယာ၊ ဘဇာမ တံ ဆဋ္ဌာဘိဓမ္မဒေသနံ။

ဘော၊ အို သူတော်ကောင်း သူမြတ်လောင်းတို့။ ခန္ဓာဒိဓမ္မာနံ၊ ခန္ဓာ အစရှိသော သဘာဝဓမ္မတို့၏။ ပဝတ္တိဒီပကံ၊ ဖြစ်ဟန် ချုပ်ဟန် ဖြစ်ချုပ်ဟန်ကို ဝေဖန်ပြတ်သား ထင်ရှားစွာပြဘတ်ပေထသော။ ဝိပဿနာဉာဏဝိပက္ကံ၊ ဝိပဿနာဉာဏ် ရင့်သန်အားရှိ မဂ်တိုင်းထိအောင်။ အာဝဟံ၊ ကျေးဇူးမြားမြောင် ရွက်ဆောင်ပို့ရောက်စေငတ်ထသော။ ဇာတိခယန္တဘူမိယာ၊ ဇာတိကုန်ရာ မဟာအသင်္ခတ အမတာကုန်းဗွေ ဘေးမဲ့မြေ၏။ ကောယနံ၊ ရောက်စေနိုင်တောင်း တခုတည်းသော လမ်းကြောင်းလည်းဖြစ်ပေထသော။ တံ ဆဋ္ဌာဘိဓမ္မဒေသနံ၊ ထိုယမကာခေါ်မှန်း ခြောက်ဆင့်မြောက် အဘိဓမ္မာကျမ်းကို။ ဘဇာမ၊ ပီပြင်ပြတ်သား ရွတ်ပွါးကြပါစို့။ ဝါ-ဘဇာမ၊ သုံးပါးယဉ်သာ လက္ခဏာဖြင့် ပရိညာသုံးဆင့် အောင်လံလွှင့်၍ နန်းမြင့်သောင်ခေ အောင်ရိပ်မြေသို့ အောင်သံတွေ ကိုယ်စီကြားကြ၍ အောင်ဆုယူ အရောက်သွားရအောင် ရွတ်ပွါး သရဇ္ဈာယ်ကြပါကုန်စို့။

**ယမက**

ယဿ စိတ္တံ ဥပ္ပဇ္ဇတိ တဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ။ ယဿ ဝါ ပန စိတ္တံ ဥပ္ပဇ္ဇိတ္ထ တဿ စိတ္တံ ဥပ္ပဇ္ဇတီတိ၊ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တံ ဥပ္ပဇ္ဇိတ္ထ နော စ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ၊ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇိတ္ထ စေဝ ဥပ္ပဇ္ဇတိ စ။ ။ယဿ စိတ္တံ န ဥပ္ပဇ္ဇတိ တဿ စိတ္တံ န ဥပ္ပဇ္ဇိတ္ထာတိ၊ ဥပ္ပဇ္ဇိတ္ထ။ ယဿ ဝါ ပန စိတ္တံ န ဥပ္ပဇ္ဇိတ္ထ တဿ စိတ္တံ န ဥပ္ပဇ္ဇတီတိ၊ နတ္ထိ။ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ တဿ စိတ္တံ ဥပ္ပဇ္ဇိဿတီတိ၊ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ နော စ တေသံ စိတ္တံ ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ စေဝ ဥပ္ပဇ္ဇိဿတိ စ။ ယဿ ဝါ ပန စိတ္တံ ဥပ္ပဇ္ဇိဿတိ တဿ စိတ္တံ ဥပ္ပဇ္ဇတီတိ၊ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တံ ဥပ္ပဇ္ဇိဿတိ နော စ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ၊ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇိဿတိ စေဝ ဥပ္ပဇ္ဇတိ စ။ ။ယဿ စိတ္တံ န ဥပ္ပဇ္ဇတိ တဿ စိတ္တံ န ဥပ္ပဇ္ဇိဿတီတိ၊ ဥပ္ပဇ္ဇိဿတိ။ ယဿ ဝါ ပန စိတ္တံ န ဥပ္ပဇ္ဇိဿတိ တဿ စိတ္တံ န ဥပ္ပဇ္ဇတီတိ၊ ဥပ္ပဇ္ဇတိ။

"ပဋ္ဌာန်း" ၁။ သတ္တမံ မုနိ ပဋ္ဌာနံ၊ ဘိမ္မံ ဣသိသတ္တမော။
ကထံ ဒေသေသိ ဒေဝါနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

သမ္မ၊ ဝဇီရာစိန့်ပမာ ဉာဏ်ပညာဖြင့် ပြဿနာဆစ်ပိုင်း မေးလိုက်တိုင်းကို မဆိုင်းလှစ်ဖြေ ချစ်မိတ်ဆွေ။ ဣသိသတ္တမော၊ ဝိပဿီမှန်ကူ သယမ္ဘူမှ စွဲယူရေထောက် ခုနစ်ဆူမြောက်သား ဘုန်းတောက်ဓိပတိ မဟာဣသိ ဖြစ်တော်မူသော။ မုနိ၊ သကျမုနိ တုမရှိသား တြိဘဝသျှောင်ဖူး အောင်ပွဲမှူးသည်။ သတ္တမံ၊ ဓမ္မသင်္ဂဏီမှထောက် ခုနစ်ခုမြောက်ဖြစ်သော။ ပဋ္ဌာနံ ဘိမ္မံ၊ ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကို။ ဒေဝါနံ၊ သောင်းစကြဝါ နတ်ပြဟ္မာတို့အား။ ကထံ ဒေသေသိ၊ ဘယ်ပုံခွဲခြား ဟောကြားတော်မူခဲ့ပါသနည်း။ ပုစ္ဆိတော၊ ပဋ္ဌာန်းဘိဓမ္မာ ဒေသနာကို သေချာစိစစ်ဆွေး သိလိုရေးဖြင့် မေးအပ်ပါပေ ချစ်မိတ်ဆွေသည်။ တံ၊ ထိုအကြောင်းကို။ မေ၊ အတ္တက္ခာယီ အင်ညီမယုတ် အကျွန်ုပ်အား။ အက္ခာဟိ၊ အဖြေစကား မိန့်ကြားတော်မူပါလော့။ ဝါ-အက္ခာဟိ၊ မဟာဏ္ဏဝ သာဂရထက် နယကျယ်ဝှမ်း မြတ်ပဋ္ဌာန်းကို မှန်းနိုင်လောက်ရုံ သံခိပ်ငုံ၍ ဟောမြွက်ပုံ ဆိုလိုရင်းလောက်မျှ လူဗိုလ်ပုံနားဝယ် ရှင်းလောက်အောင် ထင်အလင်း ဖြေကြားတော်မူပါလော့။

၂။ ဝိဘဇိတွာန ပဋ္ဌာနံ၊ ဓမ္မေ စ ဓမ္မသတ္တိယော။
သမန္တာနန္တနျာယေဟိ၊ ဒေဝါနံ ဒေသယီ ဇိနော။

သမ္မ၊ ကျမ်းတိုင်းစုံစေ့ နက်သိမ်မွေ့ကို ပြောင်းရွှေ့ဖန်ခါ ဉာဏ်ပထျာဖြင့် ပြဿနာစစ်ဆေး မေးတတ်ပါပေ ချစ်မိတ်ဆွေ။ ဇိနော၊ ငါးပါးမာရ်ညွန့် ရန်အဝန့်ကို မရှုံမထိတ် ခြင်္သေ့စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အောင်တော်မူ မြတ်စွာဘုရားသည်။ ဒေဝါနံ၊ သောင်းစကြဝါ နတ်ပြဟ္မာတို့အား။ ဓမ္မေ စ၊ ပရမတ္ထတရားလုံးတို့ကိုရင်း။ ဓမ္မသတ္တိယော စ၊ ထိုထိုပရမတ္ထတရားတို့၏ စွမ်းပကားဘောဇော် အာနုဘော်သတ္တိတို့ကိုရင်း။ ဝိဘဇိတွာ၊ တခုမကျန် ဝေဖန်ခွဲခြမ်းတော်မူ၍၊ သမန္တာနန္တနျာယေဟိ၊ ဝန်းကျင်ကျယ်ဝှမ်း ဆနပွကမ်းများကြွယ် နည်းသွယ်သွယ်တို့ဖြင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာဘုရားတော်ကို။ ဒေသယိ၊ ထုတ်ဖော်ထင်ရှား ဟောကြားတော်မူခဲ့ပါပြီ။ ဝါ-ဒေသယိ၊ ဟေတု ဟေတု မြေရေထုနှင့် လေထုလှိုက်ခုန် သောင်းတိုက်တုန်အောင် နည်းဖုံဖုံနက်ကျယ်ဝှမ်းလှသည့် အဘိဓမ္မာ စာတော်ပဋ္ဌာန်းကို လူ့ထိပ်ပန်း ဟောကြားတော်မူခဲ့လေပြီ။

၃။ ယံ သမ္မသန္တဿ ဒိသာ သမန္တတော၊
ဝိနိစ္ဆယေ သတ္တ ပဘာ သရီရတော။
နယမှိ ဉာဏသမုဒ္ဒဂေါစရံ၊
သဒ္ဓါယ ပညာယ စ တံ ဘဇာမ တော။

တော၊ အဘိဓမ္မာ မြိုက်ရသာ၏ ခါတော်သမယ ဒုလ္လဘကို အရတော် ချည်းငင်း သူတော်ကောင်းတို့။ ယံ ပဋ္ဌာန်၊ အကြင် ပဋ္ဌာန်းတွင်ခေါ် တရားတော်ကြီးကို။ သမ္မသန္တဿ၊ နဝရတ်မောင်းကျိန် ရတနာဃရ နန်းအိမ်ဝယ် မွေ့သိမ်သော ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆုံးဖြတ် သုံးသပ်တော်မူပေသော။ သတ္တ၊ သတ္တာဒေဝမနုဿာနံ ဂုဏ်တော်သံတို့ မိုးယံဘဝဂ် လွှမ်းကျော်တက်သား သကျဇိနေ၁် စိန္တေယျော်၏။ သရီရတော၊ ရွှေတောင်နှန်းလျော် မြတ်ကိုယ်တော်မှ။ ပဘာ၊ ရောင်ဘော်ခြောက်သွယ် ပန်းနွယ်ပန်းညွန့်တို့သည်။ သမန္တတော ဒိသာ၊ ဝန်းကျင်နှံ့ပြေပ် အရပ်ဒိသာ ဆယ်မျက်နှာတို့သို့။ ဝိနိစ္ဆယေ၊ စက္ကဝါနခမ်း အထက်အငွေ့ ပြည့်လျှမ်းအောင် တဆန်းတကြယ် ယှက်ကူး၍ ကွန့်မြူးလျှက်ကြွတော်မူကုန်၏။ နယမှိ၊ နယသာဂရ နာမချီးကျူး အမည်ထူးလည်း မှိပေသော။ ဉာဏသမုဒ္ဒဂေါစရံ၊ ဉာဏသာဂရ ဂုဏ်လျှံပသား သဗ္ဗညုတ ခရှင်ဉာဏ်၏ ဂေါစရဂါမ်မှတ်သား ကျက်စားရာလည်း ဖြစ်ပေထသော။ တံ ပဋ္ဌာန်၊ ထိုပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကို။ သဒ္ဓါယ၊ စက္ကဝတ်ဖျား ခင်းဘုံးမြဲ ပတ္တမြားရတနာ ကဲ့ပမာလျှင် ရောင်ဝါရွှန်းလျှပ် သဒ္ဓါတော်တွင်ဖြင့်ရင်း။ ပညာယ စ၊ မှေ့ဘတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည်မျိုးဖြင့်ရင်း။ ဘဇာမ၊ ပိုပြင်ပြတ်သား ရှုတ်ပွါးကြပါကုန်စို့။ ဝါ· ဘဇာမ၊ အနန္တနယ သမန္တခေါ်မှန်း မြတ်ပဋ္ဌာန်းကို လန်းလန်းစည်ဖြာ ကြည်သဒ္ဓါဖြင့် ပြည်ဒမတာ ဆုညွတ်ထားကြ၍ ဗောဓိဉာဏ်ရင့်သန်ထွားလောက်အောင် ရှုတ်ပွါးသရဇ္ဈာယ်ကြပါကုန်စို့။

## ပဋ္ဌာန်း

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝန· ပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဝိပါကော ဓမ္မော ဝိပါကဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ ဝိပါကေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ အဿာဒေတိ

ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက ဆရာတော်



ပရိယတ္တိ ဓမ္မာစရိယ ဝဋံသကာဘွဲ့
သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့
အစိုးရပဌမကျော်ဘွဲ့
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက-ဘွဲ့ရ
အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်
ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်း ပြုစုနေပုံ

အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ကုသလာကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ ဝိပါကော ဓမ္မော ဝိပါကဓမ္မဓမ္မဿ အာရမ္မဏ-ပစ္စယေန ပစ္စယော။ သေက္ခံ ဖလံ ပစ္စဝေက္ခန္တိ၊ ဝိပါကေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ အဿာဒေန္တိ အဘိနန္ဒန္တိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ စေတောပရိယဉာဏေန ဝိပါကစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ ဝိပါကာ ခန္ဓာ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ အနာဂတံ-သဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဝိပါကော ဓမ္မော နေဝဝိပါက-နဝိပါကဓမ္မ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ ဖလံ ပစ္စဝေက္ခတိ၊ ဝိပါကေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ စေတော-ပရိယဉာဏေန ဝိပါကစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ ဝိပါကာ ခန္ဓာ စေတော-ပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ အနာဂတံသဉာဏဿ အာဝဇ္ဇ-နာယ အာရမ္မဏပစ္စယေန ပစ္စယော။

ဤသည်လျှင် အံ့ဩဖွယ်အကောင်း ကောင်းလှသည့် ဂုဏ်ခမြောက်လှသည့် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ အဘိဓမ္မာ အမေးအဖြေ ကျူးရင့်သံများနှင့် ဆရာတော် ထုတ်နုတ်ဖော်ပြသည့် အဘိဓမ္မာဒေသနာများ ဖြစ်လေသည်။

ဘဒ္ဒန္တဝိစိတ္တော ထေရော၊ ဝိစိတ္တော စိတြဉာဏကော။
တေန ရစိတာ သံဂီတာ၊ အစ္ဆေရာ လောမဟံသိယာ။

ဗုဒ္ဓသာသနာ့ ဗုဒ္ဓဝင်ကျမ်းကြီး

လွတ်လပ်သည့် မြန်မာနိုင်ငံတော် တည်ဆောက်၍ ဆဋ္ဌသံဂါယနာ ခေတ်သို့ ရောက်သောအခါ မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်သည် ဆဋ္ဌသံဂါယနာ မဟာ-ဓမ္မသဘင်အတွက် ရှင်ဖက်, လူဖက် ဤ နှစ်ဖက်တို့မှ ထိုက်သင့်ရာတာဝန် အတန်တန်ကို အားခွန်ကြိုးပမ်း နေကြဆဲ ဖြစ်သည်ကို နှစ်နှစ်နှောနှော တွေးတော ဆင်ခြင်၍ ဗုဒ္ဓသာသနိကတော်, အဋ္ဌကထာတို့ကို အရင်းခံ ပမာန ထား၍ ဘုရားမြတ်စွာ၏ အကြောင်းအရာမှန်လျှင် အစုံလင်ဆုံးသော ဗုဒ္ဓဝင်ကျမ်းကြီး တဆူ ဆဋ္ဌသံဂါယနာ ခေတ်တွင် အသစ်ပေါ်ထွန်းလာရန် ရည်သန်ဖိုးရင်း နှလုံးသွင်း ကာ၍ပြင့် လုန်ခဲ့သော ၁၃၁၃-ခုနှစ်က မိမိ နေအိမ် အတွင်း ဘုရားဝတ်ရှိခိုးတော် ကျောင်းအသစ် ဖွင့်လှစ်၍ ရုပ်ပွါးတော်တို့ကို အနေကဇာ တင်ခဲ့သော အခမ်းအနားဘွင် ဆရာတော် အရှင်ဝိစိတ္တသာရာ-

ဘိဝံသအား ဗုဒ္ဓဝင်ကျမ်းကြီးတဆူ ရေးသားပါရန် တောင်းပန် လျှောက်ထား ခဲ့လေသည်။

ထိုစဉ်က ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် –

"မကြာမီ ကျင်းပပြုလုပ်မည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ တိပိဋက-ဓရ ပုဂ္ဂိုလ်တပါးအဖြစ် ပါဝင်၍ ခန့်အပ်သော တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ရေးအတွက် ဆဋ္ဌသံဂါယနာအမှီ တိပိဋကဓရအဖြစ် ဝင်ရောက် အားထုတ်ရန် တာဝန်ကျန်ရှိပါသေးသည်" ဟူ၍ အကြောင်းပြ၍ မဟာဗုဒ္ဓဝင် ကျမ်းကြီး ရေးသားရန် ငြင်းဆန်တော် မူခဲ့သည်၊ ထိုစဉ်က ဆရာတော်မှာ ဝိနည်းပိဋကကိုသာ ပြန်ဆိုရေးဖြေ အောင်မြင်တော် မူသေးသည်။

နိုင်ငံတော် ဝန်ကြီးချုပ်၏ မဆုတ်မနစ်သော အာသီသ မလျှော့သော ဇွဲလုံ့လဖြင့် ဤမည်သော မဟာဗုဒ္ဓဝင်ကျမ်းကြီး ပေါ်ထွက်ရန် စီမံမှုကြောင့် ရွှေဥဒေါင်း မေဓာဝီဆရာကြီး ဦးဆိုင် နာယကအဖြစ် ဆောင်ရွက်၍ တကော် တပြက်မျှ လပိုင်းကာလဖြင့် ရေးသားစီရင်၍ မပြီးမီ ထိုဆရာကြီးလက်မှ တဖန် မဟာပညာဗလ ဆရာကြီး ဦးကြီးဖေ နာယကအဖြစ် ဆောင်ရွက်ရပြန်လေ သည်။ ထိုဆရာကြီးလက်မှ တဖန် မဟာဝိဇ္ဇာ ဒီလစ်, အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းလက်သို့ရောက်ရှိကာ ထိုဆရာကြီးဦးစီးရေးသားသဖြင့် တနှစ်ခွဲခန့်အကြာ သုခမကထာမှု၌ ကဿပဗုဒ္ဓဝင် အဆုံးအထိ ပဌမတွဲ တအုပ်စာခန့် အပြီး တွင် ဆရာကြီး ဦးလင်း ကွယ်လွန်အနိစ္စ ရောက်ခဲ့လေသည်။

## ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသထံ တာဝန် ကျရောက်ခြင်း

၁၃၁၆ ခုနှစ် နတ်တော်လဆန်း ၁၁-ရက် ဆရာကြီးဦးလင်း ကွယ်လွန်ပြီး နောက် လေးရက်မြောက်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ်၏ တိုက်တွန်းချက် အရ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ရဟန်း ဒါယကာကြီး ဆာဦးသွင် ကိုယ်တိုင် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသထံ သွားရောက်၍ ဦးပဥ္စင်းသည် တခါ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓဝင်ကျမ်းကြီး ဦးစီးရေးသားရန် လာရောက် တောင်းပန်လျှင် မငြင်းဆန်ဖို့ ကြိုတင် လျှောက်ထားလေသည်။

၎င်းနောက် ရက်များမကြာမီပင် နိုင်ငံတော် ဝန်ကြီးချုပ်ကိုယ်တိုင် ၁၃၁၆-ခုနှစ် ပြာသိုလပြည့်နေ့တွင် ဆရာတော် ခေတ္တသောက် သီတင်းသုံးသည့် သာသနာ့ရိပ်သာအတွင်း ဓမ္မရိပ်သာ စရပ်သို့ ရောက်ရှိပြီး –

ဆရာတော် တပည့်တော် ရှိသေစွာ လျှောက်ထား တောင်းပန်ပါသည် ဗုဒ္ဓဝင်ကျမ်းကြီးကို ဦးစီးပြီး ရေးသား ချီးမြှင့်တော်မူရန်ပါ ဘုရား။

(၁) ထိုသို့ရေးသားရာ၌ ဗုဒ္ဓအကြောင်းအရာမှန်က အပ်ကျသည်မျှ မကျန်ရအောင် ရေးသားရန်၊ စာတအုပ်နှင့် မပြီးလျှင် နှစ်အုပ်၊ နှစ်အုပ်နှင့် မပြီးလျှင် လေးအုပ်၊ ရှစ်အုပ် စသည် ဖြစ်ပါစေ၊ အကြောင်းအရာ စုံလင်ရန်ကိုသာ အဓိက ထား၍ ရေးသားတော်မူပါ။

(၂) ထိုသို့ ရေးသားရာ၌ လူကြီးလူရွယ် လူငယ်တို့နှင့်တကွ ဘာသာခြားများပါ ဗုဒ္ဓအကြောင်းကို နားလည် စိတ်ဝင်စားအောင် ရေးသားတော်မူပါ။

(၃) ဆရာတော် ရေးသားလျှင် ရှင်ရှောလှူပါ အားလုံး လက်ခံနိုင်ဖွယ်ရာ ရှိကြောင်း တောင်းပန် လျှောက်ထားလေသည်။

ယင်းသို့ဖြင့် ဝန်ကြီးချုပ်သည် ၁၃၁၃ ခုနှစ်က တကြိမ်၊ ၁၃၁၅-ခုနှစ်က တကြိမ်၊ ယခု ၁၃၁၆-ခုနှစ်တွင် ဆာဦးသွင်ကို တိုက်တွန်း၍ တကြိမ်၊ ကိုယ်တိုင် တကြိမ်အားဖြင့် အကြိမ်ကြိမ် တောင်းပန် လျှောက်ထားခဲ့လေသည်။ ယင်းသို့ အကြိမ်ကြိမ် တောင်းပန်သဖြင့် ယင်းသည့် ၁၃၁၆-ခုနှစ် ပြာသိုလပြည့်နေ့ နံနက် ၈-နာရီ အချိန်တွင် ကောင်းပါပြီ ဒါယကာကြီး ပါဠိတော် သံဂါယနာတင် ကိစ္စပြီးလျှင် မိမိတတ်သိသမျှ မခိုမကပ် ဦးစီးရေးပါမည်ဟု ရဲရင့်တည်ကြည်သော မျက်နှာတော် အမူအရာဖြင့် ဝန်ခံလိုက်ပြီးနောက် ဝန်ကြီးချုပ် ပြန်သွားသော အခါ ဆရာတော်သည်—

**ယံ ဟိ ကယိရာ တံ ဟိ ဝဒေ၊ ယံ န ကယိရာ န တံ ဝဒေ။**
**အကရောန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ၊**

**မလုပ်မပြော၊ လုပ်မှပြော၊ သဘော စင်လှစေ။**
**အပြောသာ ချဲ၊ အလုပ်မဲ့၊ ကဲ့ရဲ့ မလွတ်ချေ။**

ဟူ၍ မိမိကိုယ် မိမိ သတိပေး မှတ်ချက်ချတော်မူခဲ့လေသည်။

## နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ တောင်းပန်ပြန်ခြင်း

နိုင်ငံတော် ဝန်ကြီးချုပ်က လျှောက်ထား တောင်းပန်ပြီးနောက် မှုပါး မကြာမီမှာပင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကလည်း ဗုဒ္ဓဝင်ကျမ်းကြီးကို ဦးစီး နာယက ပြုလုပ်၍ ရေးသားပါရန် တောင်းပန် လျှောက်ထားလေသည်။ ထိုအခါ ဆရာတော်သည်—

(၁) စေတနာ့ဝန်ထမ်း အဖြစ်ဖြင့်သာ ဆောင်ရွက်ရလျှင်ငှင်း၊

(၂) ရှုံးကိစ္စအဝဝ မပတ်သက်စေလျှင်ငှင်း၊

(၃) မိမိ တတ်သမျှ စာပေကိစ္စတွင်သာ ဦးစီးခွင့်ရလျှင်ငှင်း၊

ဤ အချက် ၃-ချက်ကို အဖွဲ့က သဘောတူပါလျှင် လက်ခံပြီ ဟူ၍ မှတ်ယူ စေလိုကြောင်း ပြန်ကြားတော်မူခဲ့ လေသည်။ မကြာမီ ရက် အတွင်းမှာပင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ အလုပ်ကိစ္စအတွက် တာဝန် ရှိကြသော အယ်ဒီတာချုပ် ဆရာဦးဘမို့, ဗုဒ္ဓဝင်အယ်ဒီတာ ဆရာထွန်း, ဗုဒ္ဓဝင် အယ်ဒီတာ ဆရာဦးဘသန်းတို့ ရောက်ရှိလာကြပြီး ဆရာတော်၏ လိုလားချက် ၃-ချက် အတိုင်း အဖွဲ့က သဘောတူပါကြောင်း လျှောက်ထားကြလေသည်။ ထိုအခါ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသက ဆရာထွန်း, ဆရာဦးဘသန်းတို့ အား "အနာယကာ ဝိနဿန္တိ၊ နဿန္တိ ဗဟုနာယကာ= ဦးစီးနာယက မရှိ သော အလုပ်များသည် ပျက်စီးတတ်သည်၊ ဦးစီးနာယက သြဇာပေးသူများ သော အလုပ်များသည် ပျက်စီးတတ်သည်။ သို့ဖြစ်၍ ဗုဒ္ဓဝင်ကျမ်းရေးသား ခြင်း၊ လုပ်ငန်း မပျက်စီးရအောင် ဘုန်းကြီး နာယကအဖြစ် လက်ခံလိုက်ခြင်း ဖြစ်ပါသည်။ ဆရာတို့ နှစ်ဦးသည် ဆရာလင်းလက်ထက်က မာတိကာ အစီ အစဉ်အတိုင်း တာဝန်ခွဲခြား၍ ရေးသားမြဲ ရေးသားကြပါ။ သင်္ဂါယနာ ပြီးစီး လျှင် ဘုန်းကြီး အချောသတ်ကိုင်ပါမည်"ဟု မိန့်ကြားတော်မူ၍ နာယကအဖြစ် လက်ခံမှု တော်တော်မူခဲ့လေသည်။

အာယာစိတော သမိတိယာ၊ ထေရော သော ဝိစိတ္တော ဝိဒ္ဒါ။
ပဋိစ္ဆိ ဗုဒ္ဓဝံသဂ္ဂ- ဂန္ထံ သဗ္ဗာဘိသောဘာနံ။

ရင်းပြင်"ခိုင်ရာသိစွဲ မြဲရသံပတ်"ဆိုသလို ပိုမို၍ ခိုင်မြဲအောင် နိုင်ငံတော် ဝန်ကြီးချုပ်သည်လည်း ၁၃၁၇ ခုနှစ် နတ်တော်လဆန်း ၁၄-ရက် နေ့စွဲဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသအား မဟာဗုဒ္ဓဝင်ကျမ်းကြီးကို နောင်လာနောက်သား လူအများတို့၏အကျိုးငှါ ငဲ့ညှာထောက်ထားသနားတော်မူသည်ကို အကြောင်း ပြု၍ ယသာဗလ, ယသာယာမ ဉာဏဝရဇိန်, မြောက်ချိန်လုစ်ဖွင့် ချီးမြှင့်ရေး သား စီရင်ပေးသနားတော်မူပါမည့်အကြောင်း တောင်းပန်ခဲ့လေသည်။

သို့ဖြစ်၍ အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ ဦး ဆောင်လျက် မဟာဗုဒ္ဓဝင် ကျမ်းကြီးကို ဦးစီးရေးသားတော် မူခဲ့လေသည်။ ဆရာတော် ဦးစီး ကြီးပမ်းချက်ကြောင့် ၁၃၂၂-ခုနှစ်ကစ၍ မဟာဗုဒ္ဓဝင် ကျမ်း ကြီး ဆက်လက်ပေါ်ထွက်ခဲ့လေသည်။ ဆရာတော်သည် ၁၃၂၂-ခု ဝါဆိုလဆန်း (၇)ရက် နေ့စွဲဖြင့် မဟာဗုဒ္ဓဝင်ကျမ်း နိဒါန်းကို အပြီးသတ် စီရင်တော်မူခဲ့သည်။ ယင်းနိဒါန်းတွင်—

ပါတုဘူတကော မဟာဗုဒ္ဓ- ဝံသ … ဗုဒ္ဓဿ ဝိမလော။
ဗုဒ္ဓါဒိနံ ဝတ္ထာသု၊ ကံ နိဿာယ ကာဝေမိ။

ဟူသောဂါထာဖြင့် အကျိုးဖော်ပြ၍ တိုက်တွန်းချက် ဥယျောဇဉ် ပြုတော်မူခဲ့လေသည်။ မဟာဗုဒ္ဓဝင်ကျမ်းကြီးအားလုံး ဦးစီးရေးသား ပြုစုပြီးချိန်မှာ ၁၃၃၁-ခုနှစ် ပထမဝါဆိုလဆုတ် ၁၃-ရက် နံနက် ၁၁-နာရီ အချိန်တွင် ဖြစ်၏။ ကျမ်းစာပြီးချိန်နှင့် ကျမ်းစာပမာဏကို—

(၁) တိသတေကသဟဿမှိ၊ သာကေ ကတ္တိ သတာမိကေ။
အစုတေယျသဟဿမှိ၊ ဇိနစက္ကေ တု ပေါရသေ။

(၂) ပဌမာသဠှမာသဿ၊ ကာဠေ တေရသမေ ဒိနေ။
သောရိဝါရမှိ ပုဗ္ဗဏှေ၊ ကောဒသာဃဋိကာဏော။

(၃) သိဒ္ဓိပတ္တော မဟာဗုဒ္ဓ- ဝံသော ဗုဒ္ဓတ္တဒီပကော။
ဆဘာဂေဟိ သုခံ ခာဒ္ဓ- သံဂီတိ သယံဇာတကော။

ဟူသော ၃-ဂါထာဖြင့် ဖော်ပြတော်မူခဲ့သည်။

ဆရာတော်သည် ဝါတော် ၄၂-ဝါကြာမျှ ဗုဒ္ဓကိစ္စကို ပြုတော်မူ၍ နှစ်ဆယ့်လေးသခ်ျာ ကုဋ္ဋေခြောက်ဆယ် စွန်းကာယ်တွက်ကိန်း ဗိုလ်ခြေတသိန်းသော ဝေနေယျတို့ကိုခြွေချွတ်တော်မူခဲ့သော ဘုရားရှင်ကို ရည်မှန်း၍ ၄၅-နေ့တို့ဖြင့် တန်ဆာဆင်၍ စီရင်တော်မူခဲ့လေသည်။

ယင်းသို့ဖြစ်ကြောင်း—

(၁) ပဉ္စတာလီသဝဿာနိ၊ ဌတွာ လောကံ သာဒေတံ။
ဥဋ္ဌာဒေသိ မဟာဝီရော၊ ဓမ္မနာဝါယ ယော ဇိနော။

(၂) တံ ဇိနံ ပဉ္စတာလီသ- ဒေဝေန ပူဇယာ မဟံ။
သက္ကစ္စံ ဗုဒ္ဓဝံသေန၊ နေဋ္ဌနေဟာသဘာကိန္နာ။

ဟူသော ၂-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ကျမ်းစာပြုရ မြတ်ပုညကြောင့် ရလိုဖြစ်လိုသော အချက်များမှာလည်း အဋ္ဌကထာ ကျမ်းပြုအကျော်အမော် အရှင်မဟာဗုဒ္ဓဃောသ ထေရ်နှင့်ထပ်တူဖြစ်သဖြင့် အရှင်မဟာဗုဒ္ဓဃောသ၏—

(၁) ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

(၂) ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောကမနုပါယာသံ၊ နိဗ္ဗာန သုခမုတ္တမံ။

(၃) ဓိရံ ကိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

(၄) ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

ဟူသော ၄-ဂါထာကို ဆန်းကြယ်စွာ အနက်ယောဇနာပေးတော်မူ၍ ဖော်ပြတော်မူခဲ့သည်။

## စာတော်ဖတ်တို့ ကြည့်ညိုးရန်

အရှင်ဝိဇိတာဝီသာရာဘိဝံသ အင်္ဂုပြုက် စာတော်ဖတ်တို့ ဆရာတော်၏ ဉာဏ်ရည် ဉာဏ်သွား စွမ်းအားကို လေးစား နှိမ့်ကြည်ညိုစေလိုပါသဖြင့် ဟောဗုဒ္ဓင်ကျမ်းကြီးလာ ဆရာတော်လက်ရာ ဂါထာနက်များ, လင်္ကာဗျာ, သံပေါက်များ အချို့ကို ဂန္ထဂရုဝန်လေးမှုကို မရှောင်မျှော်ပဲ ဖော်ပြအပ်ပါသည်။

## ဇိနာလင်္ကာရကျမ်းလာ ဘုရားရှင် ဒါနပါရမီ ဖြည့်ကျင့်ပုံ ဂါထာယောဇနာချက်

သော သာဂရေ ဇလမိကံ ရုဓိရံ အဒါသိ၊
ဘူမိံ ပရာဇိယ သမံသမဒါသိ ဒါနံ။
မေရုပ္ပမာဏမဓိကဥ္စ သမောဠိသီသံ၊
ခေ တာရကာဓိကတရံ နယနံ အဒါသိ။

သော၊ ထိုဘုရားအလောင်းတော်သည်။ သာဂရေ၊ သမုဒ္ဒရာလေးစင်းအတွင်း၌။ ဇလမ်္ဘုံ၊ ရေမှုန်ရေပေါက်တို့ထက် များပြားလွန်ကဲစွာသော။ ရုဓိရံ၊ ပတ္တမြားရောင်စွေး နီတွေးထိန်ညှပ် သွေးတော်မြတ် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရွှေပြေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့သည်။ ဘူမိံ၊ ယူဇနာကိန်း နှစ်သိန်း လေးသောင်း ထုပေါင်းသချာ မဟာပထဝီ ဤမြေကြီးကို။ ပရာဇိယ၊ ယှဉ်စေနှိုင်းစေ ရှုံးပစေ၍။ သမံသံ ဒါနံ၊ နဂိုမူပြကတေ အခါလာဖြင့် သိမ်မွေ့ညွှတ်ကား ကိုယ်တော်၏ အသားတော် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် တွက်ရေ့ဟု စိတ်သန်ရွှေပြေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့လေပြီ။ မေရုပ္ပမာဏမဓိကဥ္စ၊ မြင်းမိုရ်တောင်ပမာဏထက် ဆယ်ကံကဲချွန် ပိုလွန်သည်လည်းဖြစ်သော။ သမောဠိသီသံ၊ နဝရတ်ရောင် ပြိုးပြိုးပြောင်သည့် ဦးသျှောင် (အုတ်ရောင်) သမိုက် ရတနာမကိုဋ်နှင့်တကွ သီဟသျှောင်ရောင်း ဦးခေါင်းတော်မြတ်ကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရွှေပြေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့လေပြီ။ ခေ၊ ကောင်းကင်၌

တိုက်တခွင် မိုးကောင်းကင်၌။ တာရကာဝိဘာတရံ၊ နက္ခတ်တာရာ ကြယ်တကာတို့ထက် သချာနိုင်းထောက် ကဲပိုးမောက်သည့်သည်းဖြစ်သော။ နယန်၊ မဟူရာ ရောင် ပိတုန်းတောင်သို့ ညိုမှောင်ကြည်ပြုံး အံ့ဆုံးသည့် မျက်လုံးတော် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန်ရွှေပြေး သဒ္ဓါရွှေး၍ လှူပေးတော်မူခဲ့လေပြီ[၁]။

## ပါရမီဆယ်ပါး အပြားသုံးဆယ် ဆောင်ပုဒ်

(က) သက်မဲ့ သက်ရှိ၊ ဗာဟိရက၊ စွန့်နိုင်က၊ မူလပါရမီ။

(ခ) အင်္ဂါကြီးငယ်၊ အသွယ်သွယ်ကို၊ မတွန့်စိတ်မူ၊ စွန့်နိုင်က၊ ဥပပါရမီ။

(ဂ) အသက်ဇီဝ၊ စွန့်နိုင်က၊ ပရမတ္ထမည်။

(ဃ) ပါရမီဆယ်ပါး၊ အကျယ်ပွါး၊ အပြားသုံးဆယ်ညီ[၂]။

## သမ္ဗောသုခ (ဂ) ပါး ဆောင်ပုဒ်

၁။ ဥစ္စာစပါး၊ သိမ်းမှသား၊ ရွှေမျှား သမ္ဗော မြတ်သုခ။

၂။ အပြစ်ကင်းကွာ၊ ဆွမ်းကိုရှာ၊ ဤနှာ သမ္ဗော မြတ်သုခ။

၃။ ဆင်ခြင်ဉာဏ်ရှေး၊ ဆွမ်းတော်အေး၊ ဘုဉ်းပေး သမ္ဗော မြတ်သုခ။

၄။ ပြည့်ပိုင်းစိုးမင်း၊ တုဘ်ခွန်ညှဉ်း၊ လွတ်ကင်း သမ္ဗော မြတ်သုခ။

၅။ အဆောက်အဦ၊ ငါ့ဟာဘူရ၍၊ လူနှသ်နှိုင်းစက်၊ မတပ်မက်၊ မှတ်ချက် သမ္ဗော မြတ်သုခ။

၆။ ခိုးသူလုယက်၊ ဘေးနှိပ်စက်၊ လွတ်ထွက် သမ္ဗော မြတ်သုခ။

၇။ မှူးမတ်စိုးမင်း၊ ဈေးယှက်ကင်း၊ ငြိမ်းခြင်း သမ္ဗော မြတ်သုခ။

၈။ လေးမျက်နှာရပ်၊ မတားအပ်၊ လွတ်သပ် သမ္ဗော မြတ်သုခ[၃]။

## အဋ္ဌကထာဆရာ၏ လုမ္ဗိနီ ဥယျာဉ်ဘွဲ့

ဝိဘူသိတာ ဗာလာဇနာတိစာလိနီ၊ ဝိဘူသိတင်္ဂီ ဝနိတေဝ မာလိနီ။
သဒါ ဇနာနံ နယနာလိမာလိနီ၊ ဝိလုမ္ဗိနီဝါတိ ဝိရောစိ လုမ္ဗိနီ။

---

၁။ မဟာဗုဒ္ဓဝင်၊ ၁။ ၂၁။ ၂။ မဟာဗုဒ္ဓဝင်၊ ၁။ အနုဒီပနီ။ ကီ။
၃။ မဟာဗုဒ္ဓဝင်၊ ၁။ အနုဒီပနီ။ ခါး။

ဗာလာဇနာတိစာလိနီ၊ အရှယ်နုပျို လူထိုထို၏ စိတ်ကိုဖောက်ပြား ချောက်ချားတုန်လှုပ်စေနိုင်သော။ ဝိဘူသိတင်္ဂီ၊ ပုတီးနားတောင်း သွယ်ပျောင်းစုံသင် တန်းဆာဆင်အပ်သည့် ကိုယ်အင်္ဂါ အစိတ်အပိုင်း ရှိပေသော။ မာလိနီ၊ ပန်းမျိုးစုံလင် ပန်ဆင်လျက်ရှိသော။ ဧနိဝ၊ မိန်းမပျိုသည်။ အတိဝိရောစိ ဣဝ၊ အလွန်တင့်တယ်သကဲ့သို့။ ဝိဘူသိတာ၊ ဆန်းပြားစုံလင် တန်းဆာဆင်အပ်ပြီးဖြစ်၍။ အဒါ၊ အခါခပ်သိမ်း ဇနာနံ၊ လူအပေါင်းတို့၏။ နယနာလိမာလိနီ၊ မမှိတ်မသုန် ရှုကြည့်သည့် မျက်စိတည်းဟူသော ပိတုန်းတို့ စုရုံးခိုနားယှဉ် မာလာဖူးငုံ ပန်းမျိုးစုံပယသော။ လုမ္ဗိနီ၊ လုမ္ဗိနီ ခေါ် ဥယျာဉ်ပေသည်။ ဝိလုမ္ဗိနီဝ၊ ပျိုနုသော ထုံမိန်းမနှင့် အလှဂုဏ်ဆိုင်သူနိုင် ငါနိုင် အပြိုင်လုယက်သကဲ့သို့။ အတိဝိရောစိ၊ အလွန်အကျူး အထူးဆန်းကြယ် တင့်တယ်လေပြီ ၁။

## ကိသာဂေါတမီ၏ နိဗ္ဗုတိဥဒါန်း

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။

ယဿာ မာတုယာ၊ ဘုန်းရှင် ကံရှင် အကြင် မိခင်၏။ ဤဒိသော၊ ကြည့်မဝမြင်မဝ အထင်ကရလျှင် ပလက်ဝေ ကက်သစ်နေသို့ ကျက်သရေရှန်းအိ ဤသို့ သဘော ရှိသော။ အယံ သုတော၊ အတိဇာတ ခေါ် ထိုက်စွာတည့်အလှတင့်ဥကင် အယဉ်တွင် မကိုင်ရှုရတနာ အလိမ္မာတွင်ခေါင်းဖူး ဤသည့် သားထူးသည်။ ဇာတော၊ သားကောင်မိခင် ခေါ် တွင်စလောက် ဖြစ်မြောက် မွေးဖွား၍ လာပေ၏။ သာ မာတာ၊ ဘုန်းရှင် ကံရှင် ထိုမိခင်သည်။ နိဗ္ဗုတာ နူန၊ အရည်အချင်း ရှုပ်အဆင်းဟု သားရင်း၏ဂုဏ် ဒွေးဘော်စုံကို အာရုံစေ့စေ့ ကြဲဘောက်မွေးလျက် နေ့နေ့ဆက်ကာ ဝမ်းမြောက်စွာလျှင် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးငြိမ့်မည်တကား။

ယဿ ပိတုနော၊ ဘုန်းရှင် ကံရှင် အကြင် ဖခင်၏။ ဤဒိသော၊ ကြည့်မဝမြင်မဝ အဆင်ကရလျှင် ပပလက်ဝေ ကက်သစ်နေသို့ ကျက်သရေရှန်းအိ ဤသို့ သဘော ရှိသော။ အယံ သုတော၊ အတိဇာတ ခေါ်ထိုက်စွာတည့် အလှတင့်ဥကင် အယဉ်တွင် မကိုင်ရှုရတနာ အလိမ္မာတွင် ခေါင်းဖူး ဤသည့် သားထူးသည်။ ဇာတော၊ သားကောင်းဖခင် ခေါ် တွင်စလောက် ဖြစ်မြောက် မွေးဖွား၍ လာပေ၏။ သော ပိတာ၊ ဘုန်းရှင်ကံရှင် ထိုဖခင်သည်။ နိဗ္ဗုတော နူန၊ အရည်အချင်း ရုပ်အဆင်းဟု သားရင်း၏ ဂုဏ် ဒွေးဘော်စုံကို အာရုံစေ့စေ့

ကြုံအောက်မေ့လျက် နေ့နေ့ဆက်ကာ ဝမ်းမြောက်စွာလျှင် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးငြိမ့်မည် တကား။

ယသ္မာ နာရိယာ၊ ဘုန်းကဲထူးလှ အကြင် အိမ့်ရှင်မ၏။ ဤဒိသော၊ ကြည့်မဝ မြင်မဝ အထင်ကရလျှင် ပပလက်ဝေ တက်သစ်နေသို့ ကျက်သရေ ရွှန်းအိ ဤသို့ သဘောရှိသော။ အယံ ပတိ၊ ယောကျ်ားပီသ ဂုဏ်ရည်ပသား မလှဘွင်ဥကင် အယဉ်တွင်မကိုင်ရတနာ အလိမ်မာတွင်ခေါင်ဖူး၊ ဤသည့် အရှင်ထူးသည်။ ဇာတော၊ အရှင်ကောင်း၏ ကြင်ယာ ဤလူ့ရွာဝယ် မင်္ဂလာ စကား ခေါ်မှတ်သားရန် ထင်ရှား ဖြစ်ပေါ်၍ လာပေ၏။ သာ နာရီ၊ ဘုန်းကဲ ထူးလှ ထို အိမ့်ရှင်မသည်။ နိဗ္ဗုတာနူန၊ အရည်အချင်း ရုပ်အဆင်းဟု နှစ်သင်း စွယ်စုံ အရှင့်ဂုဏ်ကို အာရုံ့စေ့စေ့ ကြုံအောက်မေ့လျက် နေ့နေ့ဆက်ကာ ဝမ်းမြောက်စွာလျှင် ကြည်သာရွှင်ပြုံး ပီတိဖုံး၍ နှလုံးငြိမ့်မည် ဟာကား[*]။

### ဘုရားရှင်ဥဒါန်း အနေကဇာတင် ဂါထာအနက်

(၁) အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

(၁) ပုနပ္ပုနံ၊ ဘဝသံသရာ ဖန်ခါခါလျှင် ခန္ဓာဝဋ်ဇာတ် အမြစ်ပြတ် နိုင်ပဲ။ ဇာတိ၊ ယောနိလေးခု လှည့်ပတ်ဖွဲ့လျက် သန္ဓေစွဲမှီ တည်နေဖြစ်ပွါး ရခြင်းသည်။ ဒုက္ခာ၊ သန္ဓေဇာတိ ခန္ဓာရှိလျှင် ဗျာဓိဇရာ မရဏာတို့ မကွာ နောက်ဝက် ဝင်နှိပ်စက်သဖြင့် သက်သက်ချမ်းသာ မဟုတ်ပါပဲ လွန်စွာ ညှိုးနွမ်း ပင်ပန်း ဆင်းရဲလှပေ၏။ (တသ္မာ၊ ထိုကြောင့်။) အဟံ၊ ဘုရားအလျာ သူမြတ် ငါသည်။ ဂဟကာရံ၊ ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို မြဲမြံကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာ ဖြစ်သော တဏှာယောကျ်ား လက်သမားကို။ ဂဝေသန္တော၊ လက်သယ်စင်စစ် အယ်သူ ဖြစ်ဟု စိစစ်သောက်လှမ်း စူးစမ်းရှာဖွေလျက်။ ဝါ၊ စူးစမ်းရှာဖွေသော ဘုရားအလျာ သူမြတ်ငါသည်။ အနိဗ္ဗိသံ အနိဗ္ဗိသန္တော၊ တဏှာယောကျ်ား လက်သမားကို ပိုင်းခြားထင်ထင် လင်းလင်းမြင်သည့် သဗ္ဗညုတာ ဉာဏ်မဟာ ကို သန္တာနဲ့ကွေး ငါမရသေးသည် ဖြစ်၍။ (ဝါ) ငါမရသေးသောကြောင့်။ အနေကဇာတိသံသာရံ၊ဘဝများစွာ သံသရာကာလပတ်လုံး။ သန္ဓာဝိဿံ၊ ခန္ဓာ-

[*] မဟာဗုဒ္ဓဝင်၊ ၂။ ၁၇၄-၁၇၆။

ငါးချက် ဒုက္ခစက်ကို ကြောက်လျက်ပင်လျှင် ငါမခင်ပဲ သံသရာဝဋ် ချားရဟတ်၌ မရပ်မနား တဖားဖားလျှင် ပြေးသွားကျင်လည် ခဲ့ရလေပြီ။

(၂) ဂဟကာရက၊ ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အယုတ်တမာ အကြောင်းရင်း သမုဒယသစ္စာ ဖြစ်သော တဏှာယောကျ်ား ဟယ် လက်သမား။ ဣဒါနိ၊ ဘုရာ ဖြစ်လာ ယခုအခါ၌။ တွံ၊သင်တဏှာယောကျ်ား လက်သမားကို။ ဒိဋ္ဌော၊ သဗ္ဗညုတဉာဏ်ကို ရသဖြင့် ဒိဋ္ဌထင်ထင် ငါမြင်ရ‌ေပ်သည်။ အသိ၊ ဖြစ်ပေ၏။ တွံ၊ သင် တဏှာယောကျ်ား လက်သမားသည်။ ဂေဟံ၊ ဒုက္ခယှက်လိမ် ခန္ဓာကိုယ် အတ္တဘောတည်း ဟူသောအိမ်ကို။ ပုန နကာဟသိ၊ နင့်ခြေနင့်လက် နင့်အသက်ကို လေးမင်-လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်တောက် အမြစ်ပြုတ်သည့် သစ်ငုတ်တို့ဟန် နင်ဖြစ်ပြီ မှန်သောကြောင့် တဖန်ထပ်လျောက် နင်ဆောက်နိုင်တော့မည် မဟုတ်ချေ၊ တေ၊ သင်တဏှာယောကျ်ား လက်သမား၏။ သဗ္ဗာ၊ တနုကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ဖာသုကာ၊ အခိုင်အမာတည်ဆောက် ခန္ဓာအိမ် တည်းဟူသော ဘုံကွန်းချောက်၏ ထုပ်လျှောက်ဒိုင်မြား ကိလေသာ တရားတို့ကို၊ ဘဂ္ဂါ၊ ဝါသနာ အငွေ့အသက်နှင့်တကွ အနုသယသတ္တိ ကျန်မရှိအောင် စိစိကြေညက် ငါ ချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ သစ္စာလေးအင် နိဗ္ဗာန် လွှင်ကို မြင်ခွင့်မပေး ဝေးထက်ဝေးအောင် အရေးကန့်လန့် တားဟန့်ပိတ်ကာ အဝိဇ္ဇာ တည်းဟူသော အိမ်၏အထွတ်ကို။ ဝိသင်္ခတံ၊ မုန်မုန့်ကြေမွ ငါဖျက်ချ အပ်လေပြီ။ စိတ္တံ၊ ကိလေသာဟူ မှုံအညစ်အကြေး ကင်းဝေးဖြူလွှင် ငါဘုရား၏ စိတ်အစဉ်သည်။ ဝိသင်္ခါရံ၊ သင်္ခါရကင်းကွင်း ဒုက္ခခပင်းမှ လွတ်ကင်းရာအမှန် နန်းနိဗ္ဗာန်သို့။ ဂတံ၊ အာရုံမျက်မှောက် သန္တိဓာတ် သိဒ္ဓိပေါက်သဖြင့် ဆိုက်ရောက် သက်ဝင်မိလေပြီ။ အဇ္ဈဂါ၊ သုံးလောကထွတ်ထား ငါဘုရားသည်။ တဏှာနံ ခယံ၊ တဏှာတရား ရာ့ ရှစ်ပါး၏ ပျက်ပြားကုန်ခန်းရာ အာသဝက္ခယ စတုတ္ထဖိုလ်သို့။ ဂတော၊ ဇက္ကဝါရိုက်ခြောင်း တိုက်တသောင်းမှ နတ်ပေါင်း-ဗြဟ္မာ ကောင်းတင်ခြောလျက် ကြည်သာဝမ်းမြောက် ငါဆိုက်ရောက် ခဲ့လေပြီ။

## ယဒါဟဝေ ဥဂ္ဂါထာအနက်

(၁) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

---

၁။ မဟာဗုဒ္ဓဝင်၊ ၂။ ၃၅၂၊ ၄။

(၂) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

(၃) ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

အာတာပိနော၊ တထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန် လုံ့လဝီရိယလည်း ရှိပေထသော။ ဈာယတော၊ အာနာပါန စသည် ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ ဒုက္ခ အနတ္တခြင်းရာ လက္ခဏာကို အပ္ပနာခိုက် ဈာန်မဂ်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ပေထသော။ (ဝါ) ရှုအားသန်သောကြောင့်။ ဗြာဟ္မဏဿ၊ မကောင်းမှု ဟူသမျှကို အပပြုပြီးသော ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ ယဒါ၊ အကြင်အခါ၌၊ ဓမ္မာ။ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည်။ ဟဝေ၊ စင်စစ်။ ပါတုဘဝန္တိ၊ ဥပါဒ်ထင်ရှား ဖြစ်ပွါးကုန်၏။ ယတော၊ ယင်းသို့ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့်။ သဟေတုဓမ္မံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားနှင့်တကွ သင်္ခါရ အစရှိသော အကျိုးတရားထု ဒုက္ခအစုကို။ ပဇာနာတိ၊ ပိုင်းခြားထင်ထင် သိမြင်လေ၏။ အထ၊ ထိုသို့ ပဋိစ္စသမုပ္ပါဒ်ကို အတပ်ထင်ထင် လင်းလင်းမြင်သော အခါ၌။ အဿ၊ ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ သဗ္ဗာ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ကင်္ခါ၊ ပဋိစ္စသမုပ္ပါဒ် တရား၌ ယုံမှားခြင်း, ထိုပဋိစ္စသမုပ္ပါဒ် တရားတို့ကို မသိမြင်ခြင်းကြောင့် ကာလ သုံးပါးဝယ် ဖြစ်ပွါးသည့် ရုပ်နာမ် တရားတို့၌ ယုံမှားခြင်းတရား တဆယ့်ခြောက်ပါးတို့သည်။ ဝပယန္တိ ဝိအပယန္တိ၊ နေလျှံရှိန်ကြောက် ဆီးနှင်းပေါက်သို့ ကင်းပျောက်ချုပ်ငြိမ်း ကြကုန်၏။

အာတာပိနော၊ တထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန် လုံ့လဝီရိယလည်း ရှိပေထသော။ ဈာယတော၊ အာနာပါန စသည်ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ ဒုက္ခ အနတ္တခြင်းရာ လက္ခဏာကို အပ္ပနာခိုက် ဈာန်မဂ်ဆိုက်အောင် စိုက်စိုက် စူးစူး အထူးမြဲမြံ ရှုအားသန်ပေထသော။ (ဝါ) ရှုအားသန်သောကြောင့်။ ဗြာဟ္မဏဿ။ မကောင်းမှု ဟူသမျှကို အပပြုပြီးသော ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။ ယဒါ၊ အကြင်အခါ၌။ ဓမ္မာ၊ ဗောဓိပက္ခိယတရား

သုံးဆယ့်ခုနစ်ပါးတို့သည်။ ဟာဝေ၊ စင်စစ်။ ပါတုဘဝန္တိ၊ ဥပါဒ်ထင်ရှား ဖြစ်ပွါးကုန်၏။ယဘော၊ယင်းသို့ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့်။ ပစ္စယာနံ၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ၊ ကုန်ခန်းရာမှန် အသင်္ခတ နိဗ္ဗာန်ကို။ အဝေဒိ၊ ထိုးထွင်း ထင်ထင် သိမြင်တော်မူလေပြီ။ အထ၊ ထိုသို့ ပစ္စယက္ခယ အမည်ရသည့် အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို အဘင်္သင်သင် လင်းလင်းမြင်သောအခါ၌။ အဿ၊ ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌၊ သဗ္ဗာ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ကင်္ခါ၊ နိဗ္ဗာန်ကိုဆိုးထွင်း မသိခြင်းကြောင့် ကိုယ်တွင်း၌မှာ ဖြစ်ပေါ်လာမည့် ကင်္ခါယုံမှား တရားအစုတို့သည်။ ဝပယန္တိ ဝိအပယန္တိ၊ နေလျှံရှိန်ကြောက် ဆီးနှင်းပေါက်သို့ ကင်းပျောက် ချုပ်ငြိမ်းကြကုန်၏။

အာတာပိနော၊ တထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန်လုံ့လ ဝီရိယလည်း ရှိပေထသော။ ဈာယတော၊ အာနာပါန စသည်ဖုံဖုံ သမထအာရုံနှင့် အစုံသော ရုပ်နာမ်ခန္ဓာတို့၏ အနိစ္စ ဒုက္ခ အနတ္တခြင်းရာ လက္ခဏာကို အပ္ပနာခိုက် ဈာန်မဂ်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ပေထသော။ (ဝါ) ရှုအားသန်သောကြောင့်။ ဗြာဟ္မဏဿ၊ မကောင်းမှုဟူသမျှကို အပပြုပြီးသော ရဟန္တာသခင် အရှင်မြတ်၏သန္တာန်၌။ ယဒါ၊ အကြင်အခါ၌။ ဓမ္မာ၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည်။ ဟာဝေ၊ စင်စစ်။ ပါတုဘဝန္တိ၊ ဥပါဒ်ထင်ရှား ဖြစ်ပွါးကုန်၏။ (တဒါ၊ ထိုအခါ၌။) သူရိယော၊ ယုဂန္ဓိုရ်ဘောင်စွန်းမှ ပေါ်ထွန်းထွက်ပြူ ဥဒည်မူသော နေမင်းသည်။ အန္တလိက္ခံ၊ အငွေ့ပြင် မိုးကောင်းကင်ကို။ ဩဘာသယံ ဩဘာသယန္တော၊ မိမိ အရောင် ခြည်တထောင်ဖြင့် မိုက်မှောင်ပယ်ချွင်း ထွန်းလင်းတောက်ပလျက်။ တိဋ္ဌတိ ဣဝ၊ တည်သကဲ့သို့။ (သော ဗြာဟ္မဏော၊ ထိုရဟန္တာသခင် အရှင်သူမြတ်သည်။ တေဟိ ဓမ္မေဟိ၊ ထိုဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ဖြင့်။) မာရသေနံ၊ ကာမရာဂ စသည်ဆယ်ထပ် မာရ်စစ်တပ်ကို။ ဝိဓူပယံ ဝိဓူပယန္တော၊ မုန်မုန်ညက်ညက် တိုက်ဖျက်ပယ်ပျောက်လျက်။ တိဋ္ဌတိ၊ ပညာတန်ဆောင် ဉာဏ်တော်ရောင်ဖြင့် ထွန်းပြောင်ထိန်လက် ပြိုးပြိုးပြက်လျှင် နေစက်နှုန်းတူ တည်တော်မူ၏[၁]။

ကျောင်းအနုမောဒနာ ၅-ဂါထာအနက်

(၁) သီတံ ဥဏှံ ပဋိဟန္တိ၊ တတော ဝါဠမိဂါနိ စ။
သရီသပေ စ မကသေ၊ သိသိရေ စာပိ ဝုဋ္ဌိယော။

၁။ မဟာဗုဒ္ဓဝင်၊ ၂။ ၃၅၇-၃၆၂။

ဝိဟာရော၊ ငါတို့လှူဒါန်း ကျောင်းသင်္ခမ်းသည်။ (ထည့်) သီတဥ္စ၊ အဇ္ဈတ္တ ခေါက်ချောက်ချား ဗဟိဒ္ဓဥတုဖောက်ပြား၍ ဖြစ်ပွါးလာသော အအေးဒဏ်ကိုလည်း။ ပဋိဟန္တိ၊ ဥပနိသာယည်း ပစ္စည်းပံ့ပိုးထောက် ပယ်ဖျောက်နိုင်ပေ၏။ ဥဏှဥ္စ၊ တောမီးလောင်ခြင်း စသည်ကြောင့် ဖြစ်ပေါ်သည့် မီးပူဒဏ်ကိုလည်း။ ပဋိဟန္တိ၊ ဥပနိဿယည်း ပစ္စည်းပံ့ထောက် ပယ်ဖျောက်နိုင်ပေ၏။ တတော၊ ထိုမှတပါး။ ဝါဠမိဂါနိ စ၊ ခြင်္သေ့ သစ် ကျား စသည်ပြားသော သားရဲဘေးရန်တို့ကိုလည်း။ ပဋိဟန္တိ၊ ဥပနိဿယည်း ပစ္စည်းပံ့ထောက် ပယ်ဖျောက်နိုင်ပေ၏။ သရီသပေစ၊ တရွေ့ရွေ့ရွားရွား သွားလာတတ်သော မြွေ ကင်း သန်း တို့ကိုလည်း။ ပဋိဟန္တိ၊ ဥပနိဿယည်း ပစ္စည်းပံ့ထောက် ပယ်ဖျောက်နိုင်ပေ၏။ မကသေ စ၊ သမာဓိပျက်အောင် နှိပ်စက်ကိုက်ခဲ မှက် ခြင် ယင်ရဲတို့ကိုလည်း။ ပဋိဟန္တိ၊ ဥပနိဿယည်း ပစ္စည်းပံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏။ သိသိရေ စာပိ၊ သိသိရ ရတုအခါ (ပြာသိုလပြည့်ကျော် ၁-ရက်မှ တပေါင်းလပြည့်အထိ ၂-လကို သိသိရ ရတု ခေါ်၏) ခုနစ်ရက်မိုးစွေသော အခါ စသည်တို့၌ ဖြစ်လာတုံလ အလွန်အေးမြသော အတွေ့တို့ကိုလည်း။ ပဋိဟန္တိ၊ ဥပနိဿယည်း ပစ္စည်းပံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏။ ဝုဋ္ဌိယော စာပိ၊ ဟုတ်ဟုတ်ညားညား အခါများ၌ ဖြစ်ပွါးငှန်ဖြိုး ရွာသွန်းသောမိုးတို့ကိုလည်း။ ပဋိဟန္တိ၊ ဥပနိဿယည်း ပစ္စည်းပံ့ထောက် မလာရောက်အောင် ပယ်ဖျောက်နိုင်ပေ၏။

(၂) တတော ဝါတာတပေါ ဃောရော၊ သဉ္ဇာတော ပဋိဟညတိ။
လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။
ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

တတော၊ ထိုမှတပါး။ (ဝိဟာရေန၊ ငါတို့လှူဒါန်း ကျောင်းသင်္ခမ်းသည်။ ထည့်) သဉ္ဇာတော၊ ဥတုအလျောက် ပေါ်ပေါက်ဖြစ်ပွါး၍ လာသော။ ဃောရော၊ အဟုန်ပြင်းထန် ကြောက်ရွံ့ဘနန်း ကြမ်းတမ်းစွာသော။ ဝါတာ-တပေါ၊ လေပြင်းဒဏ် နေပြင်းဒဏ် အတန်တန်ကို။ ပဋိဟညတိ၊ ဥပ-နိဿယည်း ပစ္စည်း ပံ့ထောက် မလာရောက်အောင် ပယ်ဖျောက်အပ်ပေ၏။ (ဤစကားရပ်တို့ဖြင့် မိမိလှူဒါန်းသည့် ကျောင်းသင်္ခမ်း၏ ရဟန်းတော်တို့အား ကျေးဇူးများပုံကို စဉ်းစားဆင်ခြင်ရန် ဖော်ပြသည်။) လေဏတ္ထဉ္စ၊ အာရုံထွေပြား စိတ်မသွားပဲ တပါးဘည်းကိန်းပျော် မွေ့လျော်ခြင်းငှါလည်း။ သုခတ္ထဉ္စ၊ ဘေးရန်ကင်းကွာ ချမ်းသာစွာနေခြင်းငှါလည်း။ ဈာယိတုဉ္စ၊ အာရမ္မဏူပနိဇ္ဈာန်ကို အဖန်ဖန်ဝင်စား ရှုပွါးခြင်းငှါလည်း။ ဝိပဿိတုဉ္စ၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါလည်း။ (ဤလေးပုဒ်တို့ဖြင့်လည်း ကျောင်းလှူသူဒါယကာတို့ နှလုံးသွင်းရမည့် ကျောင်း၏အာနိသင်ကို ညွှန်ပြသည်။) သံဃဿ၊

သံဃာတော်အား။ ဝိဟာရဒါနံ၊ ကျောင်းအလှူဒါနကို။ အဂ္ဂံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓေန၊ အဆူဆူတွတ်သော မြတ်ဘုရားသည်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်ပေ၏။

(၃) တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ဝိဟာရေ ကာရယေ ရမ္မေ၊ ဝါသယေတ္ထ ဗဟုဿုတေ။

တသ္မာ ဟိ၊ ထိုကြောင့်သာလျှင်။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ လူနတ်နိဗ္ဗာန်သုံးတန်ဖွံ့ဖြိုး များမြတ်သောအကျိုးကို။ သမ္ပဿံ သမ္ပဿန္တော၊ ကောင်းစွာဆင်ခြင် မြော်မြင်သော။ပဏ္ဍိတော ပေါသော၊ အမျိုးကောင်းသား ပညာရှိမင်းယောကျ်ားသည်။ ရမ္မေ၊ နေထိုင်ရန်ချမ်းသာ စိတ်မှာမွေ့လျော် ပျော်ဖွယ်ကောင်းကုန်သော။ ဝိဟာရေ၊ ဗိမာန်သာဆန်း ကျောင်းသင်္ခမ်းတို့ကို။ ကာရယေ ကာရေယျ၊ ဆောက်လုပ်ရာ၏။ ဧတ္ထ၊ ဤမိမိတို့ ဆောက်လုပ်ပြီးသော ကျောင်းသင်္ခမ်းတို့၌။ ဗဟုဿုတေ၊ အကြားအမြင် များပြင်ကြွယ်ဝ သီလဝန္တခေါ်ဆို ကျောင်းထိုင်ပုဂ္ဂိုလ်တို့ကို။ ဝါသယေ ဝါသေယျ၊ စိုးမိုးအုပ်ကာ နေဆိုင်စေရာ၏။

မိမိ ဆောက်လှူအပ်ပြီးသောကျောင်း၌ "ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကဒွိ၊ နာမ်ရှုပ်ငိုင်ငိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ" ဟူသော ပရိသုပဋ္ဌာပက ကျောင်းထိုင်ဘုန်းကြီး၏အင်္ဂါ ဗဟုဿုတ ငါးဖြာနှင့် ပြည့်စုံသည့် မထေရ်ကို ကျောင်းထိုင်ပုဂ္ဂိုလ် ခန့်အပ် တင်မြှောက်ရမည်ဟု ဆိုလိုသည်။

(၄) တေသံ အန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။
ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။

ဥဇုဘူတေသု၊ ဥဇုဘူတာနံ၊ အာသယစေတတ် ဖြောင့်မတ်ဖြူစင်ကုန်သော။ တေသံ၊ ထိုဗဟုသုတ ပြည့်ဝစုံလင် ကျောင်းနေအရှင်တို့အား။ အန္နဉ္စ၊ ဆွမ်းကိုလည်းကောင်း။ ပါနဉ္စ၊ အဖျော်ယမကာကိုလည်းကောင်း။ ဝတ္ထသေနာသနာနိ စ၊ အဝတ်သင်္ကန်း အိပ်ရာနေရာတို့ကိုလည်းကောင်း။ ဝိပ္ပသန္နေန စေတသာ၊ ရတနာသုံးပါး၏ဂုဏ် ကံနှင့်ကံ၏အကျိုးကို ကြည်ညိုသောစိတ်ဖြင့်။ ဒဒေယျ၊ သဒ္ဓါဖွေးဖြူ ပေးလှူရာ၏။

ဤဂါထာဖြင့် ဒါယကာတို့ဘက်မှ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ရန် ညွှန်ပြတော်မူသည်။

(၅) တေ တဿ ဓမ္မံ ဒေသေန္တိ၊ သဗ္ဗဒုက္ခာ ပနူဒနံ။
ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။

တေ၊ ထို ဗဟုသုတ ပြည့်ဝစုံလင် ကျောင်းနေအရှင်တို့သည်။ တဿ၊ ထို ပစ္စည်းလေးရပ်ဖြင့် ဆည်းကပ်ပြုစုသူ ကျောင်းလှူသော ဒါယကာအား။

သဗ္ဗဒုက္ခာပနူဒနံ၊ အလုံးစုံသော ဝဋ်ဆင်းရဲကို ပယ်ဖျောက်ကြောင်းဖြစ်သော။ ဓမ္မံ၊ သူတော်ကောင်းတရားကို။ ဒေသေန္တိ၊ ကရုဏာနှင့် မေတ္တာတရား ရှေးရှုထား၍ ဟောကြားကြကုန်၏။ (ဤစကားရပ်ဖြင့် ကျောင်းနေ အရှင်တို့ဘက်မှ ဓမ္မာနုဂ္ဂဟဖြင့် ကျေးဇူးတုံ့ပြန် ချီးမြှောက်ရန်ကို ညွှန်ပြတော်မူသည်။) သော၊ ထိုသဒ္ဓါကြည်ဖြူ ကျောင်းလှူသော ဒါယကာသည်။ ဣဓ၊ ဤအံ့ဖွယ်ရှစ်ဖြာ ငါဘုရား၏သာသနာ၌။ ယံ ဓမ္မံ၊ ကျောင်းနေ အရှင်တို့ ဟောကြား ယင်းသူတော်ကောင်းတရားကို။ အညာယ၊ လိုက်နာ ကျင့်ကြံသောအား ပိုင်းခြားကာ သိ၍။ အနာသဝေါ၊ လေးဖြာ အာသဝေါ ကွာလျော့ကုန်ခန်း ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာတိ၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ် သိမ်းရ၏[၁]။

## ပရိတ်ရွတ်သူ အင်္ဂါဆောင်ဖွယ်

(၁) သဒ္ဓါအနက်၊ ယိုယွင်းကွက်၊ ပျက်ဘိပယောဂ။

(၂) စိတ်နေယွင်းကွက်၊ လာဘ်ကိုမက်၊ ပျက်ဘိအာသယ။

(၃) သဒ္ဓါနက်ပို နှုတ်အာဂုံ၊ ပြည့်စုံပယောဂ။

(၄) လာဘ်မငဲ့တုံ၊ မေတ္တာထုံ၊ ပြည့်စုံအာသယ။

(၅) ပရိတ်ရွတ်သူ၊ အင်္ဂါဟူ၊ မှတ်ယူ ပဏ္ဍိတာ[၂]။

## ပုဗ္ဗေဝ သန္နိဝါသေန ဂါထာပါဠိအနက်

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ပုဗ္ဗေ၊ ရှေးရှေးဘဝ ကာလများက။ သန္နိဝါသေန ဝါ၊ တက္ကမက္ကာ မေတ္တာ ယှက်ကူး အတူနေထိုင် ဘူးသောကြောင့်၎င်း။ ပစ္စုပ္ပန္နဟိတေန ဝါ၊ ပစ္စုပ္ပန် ဤဘဝဝယ် အကျိုးရအောင် ရွက်ဆောင်သည်ပိုးခြင်းကြောင့်၎င်း။ ဧဝံ၊ ဤသို့ ပေါင်းစပ် ကြောင်းနှစ်ရပ်ကြောင့်။ ပေမံ၊ တဏှာပေမ, မေတ္တာပေမ နှစ်ဝအပြား အချစ်မေတ်တရားသည်။ ဇာယတေ၊ ဥပါဒ်ထင်ရှား ဖြစ်ပွါးလာ၏။ (ကိံမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား)။ ဥပ္ပလံ ဝါ၊ ကြာသည်၎င်း။ အညဝါ၊ကြာမှတပါး အခြားရေဌ်ဖြစ်သော ပန်းသည်၎င်း။(ဒွေ ကာရကာနိ၊

---

၁။ မဟာဝဂ္ဂဝင် ၃။ ၂၁၉၊ ၂၂၂။ ၂။ မဟာဗုဒ္ဓဝင်၊ ၃။ ၃၁၂။

ရေနွင်းကားညွန် ကြောင်းနှစ်တန်တို့ကို၊ နိဿာယ၊အမှီပြု၍)ဗောယတေ ယထာ၊ ဖြစ်သကဲ့သို့တည်း[၁]။

## မြေလှုပ်ကြောင်း အင်္ဂါ ၈-ပါးပြလင်္ကာ

၁-ဓာတ်ချောက်ချားအင်, ၂-တန်းခိုးရှင်တို့ ဘိညာဉ်စွမ်းအား ဈာန်ကစား နှင့်, ၃-မြတ်ဖျားစိန္တ ပရမေတို့ သန္ဓေယူခါ, ၄-ဖွားရာတလစ်, ၅-ဘုရားဖြစ်တည့်, ၆-မိန့်လှစ်ဓမ္မစက်, ၇-တချက်အာယု စွန့်လွှတ်မှုက, ၈-အနုပါဒိ နိဗ္ဗာန်မို့ ရှစ်လီမြေကြီးလှုပ်ကြောင်းတည်း[၂]။

## နေလင်္ဂေါ် သေတပစ္ဆာဒေါ ဂါထာအနက်

> နေလင်္ဂေါ် သေတပစ္ဆာဒေါ၊ ဧကာရော ဝတ္တတိ ရထော။
> အနီဃံ ပဿ အာယန္တံ၊ ဆိန္နသောတံ အဗန္ဓနံ။

နေလင်္ဂေါ်၊ အပြစ်အနာကင်းပသည့် အရဟတ္တဖိုလ် သီလဘည်းဟူသော ပဓာနအင်္ဂါကြီး ရသားဘီးလည်းရှိထသော၊သေတပစ္ဆာဒေါ၊ဖြူစင်စွာဘိ အရဟတ္တဖိုလ် ဝိမုတ္တိတည်းဟူသော ရထား၏ ခင်းနှီးစသည်လည်းရှိထသော။ဧကာ-ရော၊ အတုမရှိ အရဟတ္တဖိုလ် သတိတည်းဟူသော ရထား၏ အကန့်လည်း ရှိထသော။ ရထော၊ ငါဘုရား၏ သားသြရသ ဘဒ္ဒိယ၏ အတ္တဘာဝခေါ် ငြား ကိုယ်ခန္ဓာရထားသည်။ ဝတ္တတိ၊ ဆိမထည့်ရပဲ လှလှကြီးလှည့်လည် သွားလာ၏။ အာယန္တံ၊ များစွာသော ရဟန်းတို့နောက်မှ လိုက်ပါလာသော။အနီဃံ၊ကိလေသာတည်းဟူသော ချောက်ချားဆင်းရဲခြင်း အလျင်းမရှိသော။ ဆိန္နသောတံ၊ တဏှာတည်းဟူသော အဆီအယဉ် တသွင်သွင် ယိုစီးခြင်းပြတ်ကင်းပြီးထသော။ အဗန္ဓနံ၊ သံယောဇဉ်ဆယ်မျိုး အဖွဲ့ကြီး တချောင်းမျှ မရှိသာသော။ (ဤမံ၊ ဤ လကုဏ္ဍကဘဒ္ဒိယ ငါဘုရား၊သား၏ အတ္တဘောတည်းဟူသော ရထားကို။) ပဿ ပဿာဟိ၊ ဧဝံ့သေချာ ကြည့်ရှုပါလော့။

ဤသို့ မြတ်စွာဘုရားသည် မထေရ်၏. ဂုဏ်ကျေးဇူးများကြောင့် အလွန် ဝမ်းမြောက်တော်မူသည်ဖြစ်၍ ကိုယ်တော်မြတ်ကိုယ်ကိုယ်"ကြည့်စမ်းပါလော့" ဟု တိုက်တွန်းစကား မိန့်ကြားတော်မူလေသည်[၃]။

---

၁။ မဟာဗုဒ္ဓဝင် ၄။ ၃၈၃။ ၂။ မဟာဗုဒ္ဓဝင် ၅။ ၃၃၅။
၃။ မဟာဗုဒ္ဓဝင် ၆။ ၁၊ ၁၉၂။

## ဗုဒ္ဓပစ္စေကဗုဒ္ဓ မထော ၄-လကျက်၍မရသော ဂါထာပါဠိ အနက်

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ။

ကောကနဒံ၊ ရှက်ဖတ်ချွေးထ အဆင်းလှ၍ ကောကနဒ အမည်ရသော။ သုဂန္ဓံ၊ ရနံ့ကောင်းကြိုင် လှိုင်ပေထသော။ ပဒုမံ၊ ပဒုမ္မာကြာသည်။ ပါတော၊ နေရောက်စက် တက်လတ်ဦးစွာ နံနက်အခါ၌။ ဖုလ္လံ၊ ပွင့်သည်ဖြစ်၍ အဝီတဂန္ဓံ၊ ရနံ့ကောင်းသင်း မကင်းသည်ဖြစ်၍။ ဝိရောစမာနံ၊ ရှင်ဝမ်း ထွန်းတောက်ပလှပသည်။ သိယာ ယထာ၊ ဖြစ်လေသကဲ့သို့။ (ဤ[ထာ]ထို့ အတူ။) သုဂန္ဓံ၊ ကိုယ်တော်ရနံ့ ဂုဏ်ရနံ့ဖြင့် သင်းပြန့် မွှေးကြိုင် လှိုင်တော်မူထသော။ အန္တလိက္ခေ၊ အာကာသ်ပြင် မိုးကောင်းကင်၌။ အာဒိစ္စမိဝ၊ သရဒအခါ တက်လာပေါ်ထွန်း နေစက်ဝန်းကဲ့သို့။ တပန္တံ၊ ကိုယ်တော်၏ တန်ခိုးရှိန်ဖြင့် တထိန်ထိန်တောက်ပ တော်မူထသော။ ဝိရောစမာနံ၊ ဖူးတိုင်းသပ္ပါယ် တင့်တယ်စွာထသော။ အင်္ဂီရသံ၊ ကိုယ်တော်မြက်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့်ထွက်သောရောင်ခြည်ရှိတော်မူသော မြတ်စွာဘုရားကို။ ပဿ ပဿဟိ၊ အာနန္ဒ ထင်ထင် သဒ္ဒါဇောသက်ဝင်၍ ဖူးမြင်လိုက်စမ်းပါတော့လော့။

### အဘိဏှရာဟုလောဝါဒသုတ် တရားအချုပ် ဆောင်ပုဒ်

မိတ်ကောင်းမှီဝေ၊ တောရပ်နေ၊ သုံးလေမတွာညာ။
ပစ္စည်း ၄-ဖြာ၊ မငဲ့ယ်တာ၊ တဏှာငြိမ်းအောင်ပြု။
ပါတိမောက္ခ၊ သံဝရ၊ သီလလုံစေမှု။
တံခါးခြောက်ထွေ၊ ဣန္ဒြေ၊ ငြိမ်းစေပိတ်ဆို့ ပြု။
သတိမြရာ၊ ကိုယ်၌သာ၊ ခန္ဓာငြီးငွေ့မှု။
သုဘာနိမိတ်၊ ခါရှောင်ဆိတ်၊ ချာန်စိတ်ပိုင်အောင်ရှု။
မနိမိတ္တ၊ ထင်စေမှု မာန ကွာအောင်ရှု။
ဤနည်း ကျင့်ပေ၊ ဝဋ်သုံးထွေ၊ ငြိမ်းလေမှန်သည့်ဟု။
ရာဟုလာအား၊ ဒိုဘုရား၊ ဟောကြားနေ့နေ့မှု[၂]။

### ဘုရားရှိခိုး ဂါထာပါဠိအနက်

ဗုဒ္ဓေါ ဗောဓာယ ဒေသေတိ၊ ဒန္တော ယော ဒမထာယ စ။
သမထာယ သန္တော ဗုဒ္ဓေါ၊ တိဏ္ဏော တရဏာယ စ။
နိဗ္ဗုတော နိဗ္ဗာနတ္ထာယ၊ တံ လောကသရဏံ နမေ။

လောကသရဏော၊ လောကသုံးပါး၏ ကိုးစားရာ ဖြစ်တော်မူသော။ ယော နာဂေါ၊ ဗုဒ္ဓနာဂ အမည်တော်ရသည့် အစိန္တေယျထွတ်ထား အကြင် မြတ်စွာ ဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်ကိုင် သိမြင်တော်မူပြီးသည်ဖြစ်၍။ ဗောဓာယစ၊ ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း သိကြစေခြင်းငှါရင်း။ ဒန္တော၊ ဣန္ဒြေခြောက်ပါး တရားငြိမ့်သေး ကိုယ်တော်ဘိုင် ယဉ်ကျေးတော်မူပြီးဖြစ်၍။ဒမထာယ စ၊ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ယဉ်ကျေးကြစေခြင်းငှါရင်း။ သန္တော၊ ကိလေသာတူ အပူးကင်းဝေး ကိုယ်တော်ဘိုင် ချမ်းအေးတော်မူပြီးဖြင်၍။ သမထာယစ၊ ကျွတ်ဆိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်ဘူမယွင်း ချမ်းအေးကြစေခြင်းငှါရင်း။ တိဏ္ဏော၊ သံသရာနက်ဝှမ်း ဂယက်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင် တဘက်ကမ်း ရောက်ပြီးသည်ဖြစ်၍သာလျှင်။ တရဏာယစ၊ ကျွတ်ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ကူးမြောက်နိုင်ကြစေခြင်းငှါ ရင်း။ နိဗ္ဗုတော၊ ကိလေသပရိနိဗ္ဗာန် လေးကြိမ်တိုင်အောင်ပွဲခံသဖြင့် မကျန် ပူအေး ကိုယ်တော်တိုင် ငြိမ်းအေးတော်မူပြီး ဖြစ်၍။ နိဗ္ဗာနတ္ထာယစ၊ ကျွတ် ထိုက်သသူ ဗိုလ်ဗိုလ်လူတို့ ကိုယ်တူမယွင်း ငြိမ်းအေးကြစေခြင်းငှါရင်း။ မွှံ၊ အလင်းထိန်လက် တရားစက်ကို။ ဒေသေတိ၊ လေးဆယ့်ငါးဝါ ရှည်မြင့်ကြာ အောင် ကရုဏာ ရှေ့ထား နတ်လူအားလျှင် ဟောကြားတော် မူခဲ့လပြီ။ လောကသရဏံ၊ လောကသုံးပါး၏ ကိုးစားရာ ဖြစ်တော်မူသော။ တံ နာဂံ၊ ဗုဒ္ဓနာဂ အမည်တော်ရသည့် အစိန္တေယျထွတ်ထား ထို မြတ်စွာဘုရားကို။ နမေ နမာမိ၊ ကိုယ်, နှုတ်, နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါ၏ ဘုရား[၁]။

## သံဝေဂဂါထာ ပါဠိအနက်

ဟာ သံယောဂါ ဝိယောဂန္တာ၊ ဟာ အနိစ္စာဝ သင်္ခတာ။
ဟာ ဥပ္ပန္နာဝ ဘင်္ဂန္တာ၊ ဟာ ဟာ သင်္ခါရမေဝ္ဟတာ။

သံယောဂါ၊ ဆရာဒကာ မိတ်သဟာနှင့် ဆွေညာရင်းနှီး သားသမီးက ဇနီး မောင်နှံ ဆက်ဆံကြိုက်ကြုံ ပေါင်းစုံရခြင်း ဟူသမျှတို့သည်။ ဝိယောဂန္တာ၊ ဒေသဝေးခြား ရပ်တပါးသို့ ပြောင်းသွားကွေကွင်းရခြင်း,ဘဝခြားကာ ကွဲကွာ ကွေကွင်းရခြင်းတည်းဟူသော သေကွဲရှင်ကွဲ ဤနှစ်ကွဲလျှင် မလွဲနိုင်ဘိ အဆုံး ရှိကုန်ရကား။ ဟာ၊ သောက, ပရိဒေဝ စရိုက်ထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ

ဟင်...ကြောက်လန့်ဖွယ်ဘို့ပါပေ။ သခ်တာ၊ ကံ, စိတ်, ဥ, ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာပြုပြင် စီမံအပ်သမျှ သခ်တ တရားစုတို့သည်။ အနိစ္စာဝ၊ အစိုင်အခဲ အမြဲမတည် အစွန့်မရှည်ကြကုန်သည်ဖြစ်၍သာလျှင်။ ဟာ၊ သောက, ပရိဒေဝ စသည့်ထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင်...ကြောက်လန့်ဖွယ်တို့ပါပေ။ ဥပ္ပန္နာဝ၊ ဥပါဒ်မကင်း ဖြစ်ပေါ်ခြင်း ရှိကြသည့် မြင်သမျှ အလုံးစုံ သခ်ါရအဖုံဖုံ တို့သည်လည်း။ ဘင်္ဂတ္တာ၊ ပြိုခြင်း ပျက်ခြင်း ချုပ်ပျောက်ခြင်းလျှင် မငြင်းနိုင်ဘိ အဆုံးရှိကုန်ရကား။ ဟာ၊ သောက, ပရိဒေဝ စသည့်ထွေထွေ ဒုက္ခပေါင်း ပင်လယ်ဝေ ဟင်...ကြောက်လန့်ဖွယ်တို့ပါပေ။ သခ်ါရဓမ္မတာ၊ ရုပ်နာမ်ဓမ္မ သခ်ါရတို့၏ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာ သဘောတံ့ဘာ ဓမ္မတာ လင်းရှိုးကြီးသည်။ ဟာ-ဟာ၊ ဒုက္ခသမုဒ် ဝဋ်လုပ်ဝယ် နှစ်မြုပ်စေတတ် အကြောင်းရင်း ကောန် အခြေခံမှန်လတ်သဖြင့် ဆတ်ဆတ်ပုံသေ ဟင်ဟင်...ကြောက်ရွံ ထိတ်လန့်ဖွယ်ပေ တကား[၁]။

## ဝေဠုဝန် ဥယျာဉ်တော်ဖွဲ့ ဂီဘိ ၄-ဂါထာ ပါဠိအနက်

(၁) ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
န တေန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမသေ မယံ။

ယေန၊ အမှတ်မထင် အကြင်သူသည်။ ရမ္မံ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းသော။ သုဂတာလယံ၊ သုံးလူ့မှန်ကင်း တရားမင်း၏ သီတင်းသုံးနေထိုင်ရာသည်းဖြစ်သော၊ ဝေဠုဝနံ၊ ဝါးတောတွင်ခေါ် ဥယျာဉ်တော်ကို။ န ဒိဋ္ဌံ၊ ကုသိုလ်ကံ မထောက်မပံ့ဖြင့် မမြင်ရ မရှုရချေ။ တေန၊ ထိုသူသည်။ နန္ဒနံ၊ နတ်တို့ပျော်ရာ ကဲသာမြတ်မွန် နန္ဒာဝန်ခေါ် နတ်ဥယျာဉ်တော်ကို။ န ဒိဋ္ဌံ၊ မမြင်ရသည်မည်၏။ ဣတိ၊ ဤသို့။ မယံ၊ ငါတို့သည်၊ မညာမသေ၊ အောက်မေ့ဆင်ခြင် မှတ်ထင်ကြကုန်၏။

(၂) ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရနန္ဒနနန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒသုနန္ဒနံ။

ယေန၊ အမှတ်မထင် အကြင်သူသည်။ နရနန္ဒန နန္ဒနံ၊ လူတိုင်းကြည်ညိုဆာငြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရ နှစ်သက်အားရအပ်သော။ (ဝါ) နရ နန္ဒနနန္ဒနံ၊ တလောကသုံး ညွတ်ချုံးချက်ခင် ဘုရားရှင်သည် ပျော်ရွှင် နှစ်သက်တော်မူအပ်သော။ ဝေဠုဝနံ၊ ဆိတ်ငြိမ်သားမော ကျယ်ပြန့်ပြောသည့် ဝါးတောမြတ်မွန် တဘက်လွန်သော ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ ဒိဋ္ဌံ၊ မျက်ဝါးထင်ထင် ရှုမြင်ရ၏။ တေန၊ ထိုလူသည်၊ အမရိန္ဒသုနန္ဒနံ၊ နတ်တို့သနင်း သိကြား

---

[၁] မဟာဗုဒ္ဓဝင်၊ ၆၊ ၁၊ ၄၇၇။

မင်းသည် လွန်မင်းစွာ နှစ်သက်အပ်သော။ နန္ဒနံ၊ နတ်တို့ပျော်ရာ ကဲသာ မြတ်မွန် နန္ဒာဝန်ခေါ် နတ် ဥယျာဉ်တော်ကို။ သုဒိဋ္ဌံ၊ ကောင်းစွာလှလှ တွေ့မြင် ရသည် မည်၏။

(၃) ဝိဟာယ နန္ဒနံ ဒေဝါ၊ သြတရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ န တပ္ပန္တိ သုင်မိုတာ။

ဒေဝါ၊ တာဝတိံသာ နတ်များစွာတို့သည်။ နန္ဒနံ၊ နန္ဒဝန်ခေါ် နတ် ဥယျာဉ်တော်ကို။ ဝိဟာယ၊ ပယ်ခွါ ရှောင်ရှား စွန့်ပစ် ထားခဲ့ကြ၍။ မဟီတလံ၊ ဇမ္ဗူဒီပါ လကျာ်ဦးကင် မြေအပြင်သို့။ သြတရိတွာ၊ သက်ဆင်းခဲ့ကုန်၍။ ရမ္မံ၊ နှလုံးမွေ့လျော် ပျော်နှယ်ကောင်းသော။ ဝေဠုဝနံ၊ ဝေဠုဝန်ခေါ် ဥယျာဉ် တော်ကို။ ဒိသွာ၊ မျက်ဝါးဆင်ထင် တွေ့မြင်ကြရကုန်သည် ရှိသော်။ သုင်မိုတာ၊ အလွန်အကဲ အံ့ဖွဲ့ကြကုန်လျက်။ နတပ္ပန္တိ၊ ပူပန်ကင်းလေ့ စည်းစိမ်မှ၌ မငြီး ငွေ့မရောင့်ရဲ နိုင်ကြကုန်။

(၄) ယာဝ ပုဉ္ညေန နိဗ္ဗတ္တံ၊ ဗုဒ္ဓပုညေန ဘူသိတံ။
ကော ဝတ္တာ တဿ နိဿေသံ၊ ဝနဿ ဂုဏသဉ္စယံ။

ယံ ဝနံ၊ အကြင် ဝေဠုဝန်ခေါ် ဥယျာဉ်တော်သည်။ ရာဇပုညေန၊ မင်းကောင်းမှု ကုသိုလ်ကံကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်ပေါ် ပေါက်ရောက်လာ၏။ ယံ ဝနံ၊ အကြင် ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကား။ ဗုဒ္ဓပုညေန၊ ဘုရားဘုန်းတော် အာနုဘော်ဖြင့်။ ဘူသိတံ၊ တန်းဆာ ဆင်အပ်၏။ တဿ ဝနဿ၊ ထို ဝါးတောမြတ် မွန် ဝေဠုဝန်၏။ ဂုဏသဉ္စယံ၊ များလှဘိတောင်း ဂုဏ်အပေါင်းကို။ ကော၊ စာဆိုကဝိ အဘယ်ပညာရှိသည်။ နိဿေသံ၊ အကြွင်းမရှိအောင်။ ဝတ္တာ၊ သိကုံး ဖွဲ့ခိုင် ဆိုစွမ်းနိုင်အံ့နည်း။

မဟာဗုဒ္ဓဝင် ၆၊ ။၂၃၊၆။ ဤသည်လျှင် မဟာဗုဒ္ဓဝင်ကျမ်းလာ ဆရာတော်၏ လက်ရာ ကဗျာ လင်္ကာတချို့တည်း။

ဆရာတော်သည် နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးဂါထာ ပါဠိနိဿယကိုလည်း ရေးသားစီရင်တော်မူခဲ့ရာ ဤ၌ အဘူယူရှိခိုးနိုင်ရန် ဖော်ပြအပ်ပါသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးဂါထာ ပါဠိအနက်

(က) တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော။
ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒွိပဒုတ္တမော။

(ခ) မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ။
အနောမဒဿီ ပဒုမော၊ နာရဒေါ ပဒုမုတ္တရော။

(ဂ) သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာယသော။
အတ္ထဒဿီ ဓမ္မဒဿီ၊ သိဒ္ဓတ္ထော လောကနာယကော။

(ဃ) တိဿော ဖုဿော စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။
ကကုသန္ဓော ကောဏာဂမနော၊ ကဿပေါ စာပိ ဂေါတမော။

(င) ဧတေ အဟေသုံ သမ္ဗုဒ္ဓါ၊ ဝီတရာဂါ သမာဟိတာ။
အနန္တဂုဏသမ္ပန္နေ၊ ဝန္ဒေ တေ ဒွိပဒုတ္တမေ။

(က) တဏှင်္ကရော၊ ဝေနေယျများစွာ သတ္တဝါတို့၏ တဏှာရစ်မှေး ညစ်အကြေးကို လျှော်ဆေးသုတ်သင် ပယ်ဖျက်နှင်၍ တဏှင်္ကရ မည်တော်မူသော မြတ်စွာဘုရားသည်ရှင်း။ (၁) မေဓင်္ကရော၊ ဝေနေယျများ သောင်းထိုက်သားတို့၏ လေးပါးသစ္စာ ဉာဏ်ဝိဇ္ဇာကို လျှံဖြာဆန်းလင်း ပွင့်စေလျှင်း၍ သုံးခင်းဘုံတွင် ကျော်စောထင်သော မေဓင်္ကရ မည်တော်မူသော မြတ်စွာဘုရားသည်ရှင်း။ (၂) အထောပိ၊ ထိုမှထပ်လည်း။ သရဏင်္က-ရော၊ ဝေနေယျများ သောင်းထိုက်သားတို့ လေးပါးအပါယ် မကျတွယ်အောင် ကိုးကွယ်ရာမှု စောင့်ရှောက်ပြု၍ အတုမမြင် ကျေးဇူးတင်သား သရဏင်္ကရ မည်တော်မူသော မြတ်စွာဘုရားသည်ရှင်း။ (၃) သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး ဉေယျငါးကို ပိုင်းခြားကုန်စင် ထိုးထွင်းမြင်ပေသော ဒီပင်္ကရော၊ ဒီပင်္ကရ မည်တော်မူသော မြတ်စွာဘုရားသည်ရှင်း။ (၄) ဒွိပဒုတ္တမော၊ အခြေနှစ်ချောင်းရှိသူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အလူးသဖြင့် မြတ်တော်မူပေထသော။ ကောဏ္ဍညော၊ နွယ်တော်ဝံသ ကောဏ္ဍညဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။

(ခ) (၅) မင်္ဂလော၊ တစ်သောင်းသချင်္ချာ စကြဝဠာ၌ လျှံဖြာထွန်းလျှော် နေဝန်းပေါ်သို့ ကိုယ်တော်ရောင်ပ မင်္ဂလဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၆) သုမနော၊ နှုန်းခလျော်ရွှေတောင် ကိုယ်တော်ရောင်နှင့် ဉာဏ်ရောင်ထွန်းပ သုမနဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၇) ရေဝတော၊ ကယ္လာနာ ရပ်ဒိသာဝယ် မကွာနေညဉ့် ဖူးတိုင်းတင့်သား မိုးယံနှင့် ရေပြင် မြဲဘခွင်၌ ရောင်ရှင်ထွန်းပ ရေဝတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၈) သောဘိတော မုနိ၊ ရွှေအင်ကြင်းပင် ကဲ့အသွင်သို့ ဝန်းကျင်ဆယ်ရပ် ရွှေရောင်ဟပ်သား လျောက်ပတ်တင့်တယ် သပ္ပါယ်လှပ သောဘိတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၉) အနောမဒဿီ၊ ရွှေနောက်ဝံယာ ဖူးတိုင်းအာလျှင် မင်္ဂလာပြော ကြည်ညွှတ်ပေါ်သား အနောမဒဿီ ဘွဲ့မည်ထင်

ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၁၀) ပဒုမော၊ မဟာပဒုံ ကြာတော် မှန်သို ဘုန်းဂုဏ်ရန် ဘောင်နှံအောင် သင်းပျံ့လျံကြွ စံမတူသား သယမ္ဘူ ဇိန ပဒုမဟု နာမ တင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၁၁)နာရဒေါ၊ ယူဇနာတစ် ဝန်းကျင်ခေတ်ငယ် သစ်သစ် ထွန်းပြောင် နေရာထောင်သို့ ကိုယ်ရောင်ကိန်းပ နာရဒဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၁၂) ပဒုမုတ္တရော၊ အံ့ဖွယ်ထူးဆန်း ကြာခရွှန်းလျှင် ဂန္ဓမြန်းကြော ကြွ ကိုင်ပါသား ယူဇနာဆယ့်နှစ် ခန့်ခေတ်ဝယ် ထွန်းသစ်ရောင်ဟုန် လွှမ်း အုပ်ခြုံ၍ ပဒုမုတ္တရ နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။

(ဂ) (၁၃) သုမေဓော စ၊ တယူဇနာ ရပ်ချက်နာယ် ရောင်ဝါလျှံပ သုမေဓဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၁၄) သုဇာတော စ၊ ငါး ဆယ်သံတောင် ကိုယ်ရပ် ဆောင်သား ရွှေတောင်နှိုင်းပြူ သုဇာတဟု နာမတင်ရှား ရှင်တော် မြတ်ဘုရားသည်ရှင်း။ (၁၅) မဟာယသော၊ မြားခမြောင်ခြွေခံ ကျော်စောသံ ရှိတော်မူပေထသော။ ပိယဒဿီ၊ လုံးစုံ လောက ဟူသမျှကို အမြတ်သုခ ဖြန့်ဝေချီသား ပိယဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၁၆)အတ္ထဒဿီ၊ ဝေနေယျများ သောင်း တိုက်သားတို့၏ စီးပွားကိုသာ ရှုမြော်ကာဖြင့် တယူဇနာတိုင်လတ် ကိုယ် ရောင်ဟပ်သား အတ္ထဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၁၇) ဓမ္မဒဿီ၊ အကျိုးဖြစ်ရန် အကြောင်းမှန်ကို ဖန်ဖန်နှိုင်စွ ရှုမြင်ထသား ဓမ္မဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်ရှင်း။ (၁၈) လောက- နာယကော၊ လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော။ သိဒ္ဓတ္ထော၊ သောင်းတိုက် ဗိုလ်ခြေ များဝေနေတို့၏ အောင်မြိုးချန် အကျိုးမှန်ကို ဖန်ဖန်မလပ် ပြီးစေတတ်သော သိဒ္ဓတ္ထခေါ် မြတ်ဇိနေ သည်ရှင်း။

(ဃ) (၁၉) တိဿော စ သမ္ဗုဒ္ဓေါ၊ သုံးဘုံရပ်သူ နတ်နှင့်လူတို့ ခေဝူနိပ်သာ ရောက်စိမ့်ငှါဟု မကွာနေ့ည ပို့ဆောင်သသား တိဿတွင်ခေါ် မြတ်ဇိနေ သည်ရှင်း။ (၂၀) ဖုဿော စ သမ္ဗုဒ္ဓေါ၊ ဝေနေယျကြာ ပဒုမ္မာကို သစ္စာ လေးထွေ လင်းပွင့်စေသဖြင့် နေ-အာဒိစ္စ နှိုင်းပုံပြသား ဖုဿတွင်ခေါ် မြတ်ဇိနေသည်ရှင်း။ (၂၁) ဝိပဿီ၊ ခုနစ်ယူဇနာ သမန္တာဝယ် ခြောက် ဖြာရောင်ခေတ် ခြည်လျှံဟပ်သား ဝိပဿီခေါ် မြတ်ဇိနေသည်ရှင်း။ (၂၂) သိခီ၊ ယူဇနာသုံးရပ် မိုးမြေးပ်အောင် ထိန်လျှပ်ရောင်ခြည် လင်း လင်းစည်သား သိခီတွင်ခေါ် မြတ်ဇိနေသည်ရှင်း။ (၂၃) ဝေဿဘူ ငါးချက်သောမာရ် ဘင်းပရန်ကို တွန်းလှန်ထိန်ဆူ အောင်ပွဲယူသာ

ဝေသာဘူခေါ် မြတ်ဇိနေဘ်သည်ရင်း။ (၂၄) ကကုသန္ဓော၊ ဆယ့်နှစ်မှန်စွာ ယူဇနာဝယ် မကွာနိစ္စ မရောင်လျှံသား ကကုသန်ခေါ် မြတ်ဇိနေဘ် သည်ရင်း။ (၂၅) ကောဏာဂမနော၊ ဘဒ္ဒမည်သာ ဤကမ္ဘာဝယ် ဒုတိယာဖိစ္စ ပွင့်ထွန်းပသား ကောဏာဂုံခေါ် မြတ်ဇိနေဘ်သည်ရင်း။ (၂၆) ကဿပေါစ၊ ပြီး နွယ်တော်ဝံသ ကဿပဟု နာမထင်ရှား ရှင်တော်မြတ် ဘုရားသည်ရင်း။ (၂၇) ဂေါတမော၊ မဟာသမ္မတ အာဒိစ္စဂိုဏ်း ကွန့်ခဲ့ လိုင်းမြှ အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမဟု လောက တန်ဆောင် မြတ်ဘုန်းခေါင်သည်ရင်း။

(င) (၂၁) ဝိဘဿာ၊ တထောင့်ငါးရာ ကိလေသာတို့မှ ပေးကွာလွတ်ရှင်း ရာဂကင်းဘော် မူကြပေကုန်သော။ သမာဟိတာ၊ လောကမေလှ မှန်တိုင်းဝှေ့သည်း မဒရွှမဆိုင် ကျောက်စာတိုင်သို့ ကြံ့ခိုင်သော စိတ်နှလုံး ရှိတော်မူကြပေကုန်သော။ စတေ သမ္ဗုဒ္ဓါ၊ သစ္စာလေးဝ ဥဒေယျငါးပုံ တရားစုံကို အံ့ဘုန်မကြွင်း လင်းလင်းထင်ထင် သိမြင်တော်မူကြပေကုန် သော နှစ်ကျိပ်ချင်ဆူ သယမ္ဘူဟူတတ်ထား ထိုမြတ်စွာဘုရားတို့သည်ရင်း။ အပေယာသို့၊ သခေျလေးဖြာ သိန်းကမ္ဘာဟု အခါစာရင်း ဤအတွင်းဝယ် ကောင်းတင်းလိုင်ဆူ ပွင့်တော်မူကြလေကုန်ပြီ။ အနန္တဂုဏာသမ္ဘန္နေ၊ ဤ ရွှေဘုံမှ ဂဏန်းချ၍ မှန်းဆမကုန် အနန္တကျေးဇူးဂုဏ်နှင့် ပြည့်စုံတော် မူကြပေကုန်သော။ ဒိွပဒုတ္တမေ၊ အခြေနှစ်ချောင်းရှိသူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြတ်တော်မူကြ ပေကုန်သော။ တေ သမ္မာသမ္ဗုဒ္ဓေ၊ တဏှာကိုရာ မြတ်စွာဘုရားအစ ဂေါတမမြတ်စွာဘုရားအဆုံး ပေါင်းရုံးတွက်စိတ် နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူ ဟူတတ်ထား ထိုမြတ်စွာဘုရားတို့ကို။ ဝန္ဒေ ဝန္ဒာမိ၊ မဟာရဟာ ပလ္လက်ဟု သာသနာ့ရိပ်သာ ဤနေရာသို့ ကြွကွန့်လူ ပင့်ဆောင်ယူလျက် ပူဇော် ဖွယ်မှ အစုစုဖြင့် ချွေရှုသီသော ဤအခါဝယ် ကြည်သာမြတ်နိုး လက်စုံ မိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

ဤသည်လျှင် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ နှစ်ကျိပ် ရှစ်ဆူ ဘုရားရှိခိုး ဂါထာ ပါဠိနိဿယဖြစ်ပါသည်။

## မေတ္တာပို့နှင့် အရဟံ ပုတီးစိပ်နည်း

(၁) အရှေ့အရပ်မျက်နှာ၌ — အနန္တစကြဝဠာ အနန္တသတ္တဝါတို့—
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊
နှလုံး စိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

(၂) အနောက်အရပ်မျက်နှာ၌ — (အထက်အတိုင်းဆိုပါ)

(၃) မြောက်အရပ်မျက်နှာ၌ — ״

(၄) တောင်အရပ်မျက်နှာ၌ — ״

(၅) ဖီလာအရပ်မျက်နှာ၌ — ״

(၆) အောက်အရပ်မျက်နှာ၌ — ״

(၇) အထက်အရပ်မျက်နှာ၌ — ״

## အရဟံဂုဏ်တော် ပုတီးစိပ်နည်း

(၁) သံသရာဝဋ်ဆင်းရဲ အပါယ်ဝဋ်ဆင်းရဲ၏အကြောင်း မကောင်းယုတ်မာ တဒေါင့်ငါးရာ ကိလေသာ ရန်သူတို့ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ပယ်သတ်၊

(၂) ဝါသနာအာသင်္ခေါက်နှင့်တကွ ထိုတထောင့်ငါးရာ ကိလေသာရန်သူတို့မှ ဝေးကွာ၊

(၃) ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊

(၄) ဖြစ်မှုကြိမ်ဖန် အဟန်တန်လည်ပတ်သော သံသရာစက်၏ အကန့်ကို ဖျက်ဆီး၊

(၅) ကြီးကဲလွန်မြတ် ဂုဏ်သကတ်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံထိုက် တသောင်းတိုက်လုံး ခြိမ့်အုန်းညီးညံ အရဟံဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ပြန့်လွှင့်ကျော်စောတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

(တခေါက်ဆုံးမှ ပုတီးတလုံးချပါ)

## နေမကောင်းဖြစ်စဉ် သံဝေဂလင်္ကာစီရင်

ဆရာတော်သည် ၁၃၂၃-ခုနှစ်က ရုတ်တရက် ခေတ္တ မကျန်းမမာဖြစ်တော်မူသည်၊ ထိုဖြစ်၍ အောက်ပါ အပ္ပမာဒသံဝေဂလင်္ကာကို ရုတ်တရက်စီရင်တော်မူ၍ ရွတ်တော်မူသည်၊ တပည့် ဒကာ၊ ဒကာမတို့အားလည်း ဟောပြောတော်မူလေ့ရှိ၏၊ အရဆောင်၍ ရွတ်ရာ၏၊

### အပ္ပမာဒသံဝေဂလင်္ကာ

ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ဂဏ္ဍပုံ၊ ဖြစ်လိုက်ပုံလည်း၊ တဖုံဆင်ကွဲ၊ သူတနဲ့ဖြင့်၊ ဖောက်လွဲဘတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မြော်ထောက်ရှုသို့၊

ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊

ယခင်ပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

ရက္ခုချိန်ထောက်၊ ညှိခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေအံ့ငါဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစက်ကမ၊ မရှိကြဘူး၊ "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ဘုရားစကား၊ လိုက်နာပွါးသည်၊ တရားလက်မလွှတ်ခစနှင့်။

၁၃၂၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅-ရက်နေ့က ဆရာတော်သည် ဉာဏ်အသ္ယံအပတ် ရှိကြသည့် ပုဂ္ဂိုလ်တို့ အကျိုးငှါ အောက်ပါ ဝိပဿနာ ဓမ္မသံဝေဂလင်္ကာကိုလည်း စီရင်တော်မူသည်။

### ဝိပဿနာ ဘာဝနာ ဓမ္မသံဝေဂလင်္ကာ

(၁) မျက်စိတွင်မည် ရုပ်အကြည်ကား (မြင့်ရှည်ကာလ မဘည်ကြပဲ ခဏဖြစ်လျက် ခဏပျက်၏၊ ဖြစ်ပျက်နှစ်ဘန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏၊ နိုင်မြဲကျောမာ နှစ်မပါဘူး၊ ပညာစက္ခု မြော်ထောက်ရှုမသော် သူသဘာဝ အနိစ္စသည် ဒုက္ခ, အနတ္တ ပါတကား။)

(၂) နားဟုတွင်မည် ရုပ်အကြည်လည်း (အထက်အတိုင်း ဆက်ဆို)

(၃) နှာခေါင်းတွင်မည် ရုပ်အကြည်လည်း •

(၄) လျှာဟုတွင်မည် ရုပ်အကြည်လည်း •

(၅) ကိုယ်ဟုတွင်မည် ရုပ်အကြည်လည်း •

(၆) မနောတွင်မည် စိတ်အကြည်လည်း •

(ဆိုအပ်ပြီးသော မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဤခြောက်ပါးတို့ကို ကိုယ်တွင်းအာယတန ခြောက်ပါးဟူ၍ ခေါ်၏။)

(က) အဆင်းတွင်မည် ရုပ်ထိုဤလည်း (မြင့်ရှည်ကာလ မတည်ကြပဲ ခဏ ဖြစ်သျှ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျော်မာ နှစ်မပါဘူး၊ ပညာစက္ခု မြော်ထောက် ရှုသော် သူ့သဘာဝ အနိစ္စသည် ဒုက္ခ, အနတ္တ ပါတကား။)

(ခ) အသံတွင်မည် ရုပ်ထိုဤလည်း (ဆက်ဆို)

(ဂ) အနံ့တွင်မည် ရုပ်ထိုဤလည်း ။

(ဃ) ရသာတွင်မည် ရုပ်ထိုဤလည်း ။

(င) အတွေ့တွင်မည် ရုပ်ထိုဤလည်း ။

(စ) ဓမ္မတွင်မည် ရုပ်နာမ်သည်လည်း ။

(ဆိုအပ်ပြီးသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အထိ, ဓမ္မ သဘော ဤခြောက်ပါးတို့ကို အပြင်အာယတန ခြောက်ပါးဟူ၍ခေါ်၏။)

တဲကုပ်ကလေးခြောက်ခုစု၍ နေသည့်ရွာနှင့်တူသော အတွင်း အာယတနခြောက်ပါး၊ ဒမြ ၆-ဦးနှင့်တူသော အပြင်အာယတန ၆-ပါး၊ ဤအာယတန (၁၂) ပါးတို့၏ အနိစ္စသဘော ဒုက္ခသဘော,အနတ္တသဘော, အမှန်ကို မဂ်ဉာဏ် လေးပါးကို ရင့်သန်သည်အထိ သိမြင်အောင် ကြိုးစား ပွါးများနိုင်ကြပါစေသတည်း။

### နာမ်ရုပ်ကိုပိုင်း၍ ဝိပဿနာတင်ရန်

(၁) ဤ ကိုယ်ကာယ၊ တလံမျှသို၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏၊ နာမ်ရုပ် နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါတည်း၊ ဤမှာ ဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊ ခန္ဓာနာမ်ရုပ်မျှသာ တည်း။

(ဤလင်္ကာကို မပြတ်နှလုံးသွင်း ရွတ်ဆိုခြင်းဖြင့် နာမရူပပရိစ္ဆေဒ ဉာဏ် ရင့်သန်စေနိုင်ပါသည်။)

(၂) နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊ ရှည်လျားကာလ၊ မတည်ကြပဲ၊ ခဏ ဖြစ်လျက်၊ ခဏပျက်၍၊ နှိပ်စက်ခြင်းရာ၊ လိုမပါဘူး၊ သဘာဝအား၊ ဤ သုံးပါးကြောင့်၊ ဖြစ်ပွါးသမျှ၊ အနိစ္စသည်၊ ဒုက္ခ, အနတ္တ, ချည်းသာတည်း။

(ဤ လင်္ကာကို မပြတ်နှလုံးသွင်း ရွတ်ဆိုခြင်းဖြင့် လက္ခဏာသမ္မသနဉာဏ် ရင့်သန်စေနိုင်ပါသည်။)

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးနှင့်
မူလသာသနာ့ရိပ်သာတည်ပုံ သံပိုင်းမော်ကွန်း

ဆရာတော်သည် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးနှင့် မူလ သာသနာ့ ရိပ်သာ တည်ပုံ သံပိုင်းမော်ကွန်းကိုလည်း ၁၃၁၉-ခုနှစ် တပေါင်းလဆန်း ၁၃ ရက်နေ့က အပြီးသတ် ရေးသား စီရင်တော်မူခဲ့သည်။ ဖော်ပြပါ သံပိုင်းမော်ကွန်းကြီးကို လည်း တစုတဝေးတည်း အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

သိဒ္ဓမ်—

အနုဂ္ဂဏှန္တိ ဗုဒ္ဓဿ၊ သာသနံ သာဓုနန္ဒိတာ။
အနာကုလာ စိရံ ဌာတု၊ သံဟတိ သာဓု ဗန္ဓိတာ။

သာဓုဗန္ဓိတာ၊ အတ္တပရ ကျိုးနှစ်ဝကို နိဋ္ဌပြီးအောင် ထမ်းရွက်ဆောင်သား ပြည်ထောင်ဖန်စု ဝန်ကြီးချုပ် ဦးဆောင်မှုဖြင့် ပြည်သူ့ရှေ့ဆောင် ဂုဏ်ရောင် ထွန်းထင် သတိုးသီရိသုဓမ္မ (ဆာ)ဦးသွင်တို့ ပုဗ္ဗင်္ဂမ လမ်းညွှန်ပြ၍ သမဂ္ဂရင်းနှီး ဖွဲ့စည်း တည်ထောင်အပ်သော။ ဝါ၊ ဖွဲ့စည်း တည်ထောင်အပ်သောကြောင့်။ သာဓုနန္ဒိတာ၊ သူတော်စင်ပေါင်း နှစ်ထောင်းလေး မြတ် ချီးမွမ်းအပ်သော။ သံဟတိ၊ ပြည်ထောင်စု၏ ဖွားဘက်တော် နိုင်ငံတော်၏ သံရိန္ဓရ ဗုဒ္ဓသာသနာ-နုဂ္ဂဟ အနွတ္ထဘွဲ့ချီး အဖွဲ့ကြီးသည်။ ဗုဒ္ဓဿ၊ သုံးလောကထွတ်ထား မြတ်စွာ ဘုရား၏။ သာသနံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ အနုဂ္ဂဏှန္တိ၊ ဒြဗ်နှင့် အမည် ထပ်ဆင့်ညီအောင် ဂုဏ်ရည်လျှံသောက် ပင့်ချီးမြှောက်နိုင်သည် ဖြစ်၍။ အနာကုလာ၊ နှောင့်ယှက်ပိတ်ပင် ရန်မထင်ပဲ။ စိရံ ဌာတု၊ ဘုရားဟူသည် အမည်နာမ ဤလောကဝယ် ရှိသမျှပတ်လုံး မပျက်ပြုန်းပဲ နှလုံးစင်ပြူ ဝေနေ လူအား နိဗ္ဗူလမ်းမ မှန်းချက်ပြ၍ ကာလမြင့်ရှည် ဟည်ပါစေသတည်း။

အောင်သူ့ဘကာတို့၏ မဟာအဂ္ဂိန္ဒာဓိပတိ သိရိမကုဋ အတုလတုလာ အဒုတိယာဒိစ္စ သုံးလောကမှန်ကင်း တရားမင်း၏ ထားရင်းသြဝါ ငေက်သာသ နာကို မဟာန္တာနုဂ္ဂဟ ချီးမြှောက်လိုသော သမ္မာဆန္ဒဖြင့် သမဂ္ဂရင်းနှီး ဖွဲ့စည်း တည်ထောင်အပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီး၏ အတ္တုပ္ပတ္တိဖော်ညွှန်း မော်ကွန်းသံပိုင်းအချုပ်ကား—

ရဋ္ဌုတ္တမ ကမ္ဘာ့မင်္ဂလာ သေဉ်မြေလွှာ၌ လယ်ယာသစ်တော အံ့တကြလျှင် စိမ်းသောရောင်လျှံ အောက်ခြေခံ၍ သမန္တာစုပ် ရှစ်နယ်စပ်အောင် လျှပ်လျှပ် သိင်္ဂီနိက် ရွှေရည်ဖိတ်သကဲ့သို့ ဓမ္မိဿရ သာသနာ့တန်ဆောင် ခြည်ဝါရောင်တို့ ထိန်ပြောင်ယှက်ကာ ထွန်းလျက်ဖြာသော မြန်မာပြည်ထောင်စု စနေ့ဇွန်လျှင် ရာဟုဖြိတ်သျှ ဂြိုဟ်ပါပ၏ လက်မှလွတ်ရန် အချိန်တန်ရကား နိုင်ငံလူထု မကြုံဘူး

သော သွေးစည်းမှုဟု ဓမ္မပဒေသာ စွမ်းအင်ပြ၍ မြန်မာ့ဆိမိး ဗိုလ်ချုပ်ကြီး ဦးအောင်ဆန်းသည် နန်းအင်္ဂလန် ဗိမာန်ဘုံမြင့် ခုံပလ္လင့်ထက် ကလီမင့်အက်တလီနှင့် ယပဂ္ဂိလ္လာဘုဘ် လွတ်လပ်ရေးစာချုပ်ကို (၁၉၄၆)ခုနှစ် ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ဘိလပ်သို့ သွားရောက်ချုပ်ဆိုခဲ့ပါသတည်း။

မြန်မာပြည်ထောင် လွတ်လပ်ရေးအရှက်ရောင်ဖြင့် တောင်ပေါ်နှင့်မြေပြန့် သားနှောင်ညီနောင်များတို့ အားရနှစ်ခြိုက် ဝမ်းမြောက်စဉ်အခိုက်ဝယ် ဗိုလ်လိုက်ရင်ဝ ကော်မိုကြိုးခသကဲ့သို့ မြန်မာ့လွတ်လပ်ရေးဗိသုကာ အာဇာနည်သွေး တွေးတွေးချည်သျှမ်း ဗိုလ်ချုပ်ကြီးအောင်ဆန်း အမှူးပြုသည့် ပြည်သူ့ခေါင်းဆောင်ကြီးများ ရေးဝိပါကံကံဘုရားကြောင့် သူတပါးလက်နက်ဖြင့် သက်ခန္ဓာ ကြွေ စုတေဖောက်လွဲ မြန်မာပြည်ကို မျက်နှာလွှဲကြ၍ ပြည်ထဲအရေး စိတ်မအေးအောင် ပူဆွေးနှစ်မျော ငိုစဉ်မောဝယ် ဂေါသီတစန္ဒကူးဖြင့် ကြည်နူးစေကြောင်း ခဏချင်းသွန်းလောင်းသကဲ့သို့ ခေါင်းဆောင်ကြီးသည် လူထုကိုထိန်းအုပ်၍ မဟုတ်အတွင်း ထိုနေ့ချင်းပင် လင်းအရှက်ရည် လွတ်လပ်ရေးရောင်ခြည်ကို သေ့ဖ်တိမ်းမှောက် မျက်ခြေမပျောက်ရအောင် နောက်ထပ်၍ အစိုးရအဖွဲ့ကြီးကို ဖွဲ့စည်းထောင်တည် မြန်မာပြည်ကို အချိန်မှီ ထိန်းစောင့်ခဲ့ပါသတည်း။

ဝန်ကြီးချုပ် အမှူးပြုသည့် ပြည်ထောင်စုအစိုးရ ဖွဲ့ပြီးသောကာလဝယ် ဒုတိယတဖန် အင်္ဂလန်ဝန်ကြီးချုပ် ကလီမင့်အက်တလီနှင့် မြန်မာပြည်ဝန်ကြီးချုပ်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အား (၁၉၄၈) ခုနှစ် ဇန်နဝါရီလ (၄) ရက် တနင်္ဂနွေနေ့နံနက် (၄)နာရီ မိနစ်(၂၀)အချိန်တွင် အချုပ်အချာ အာဏာပိုင်လွတ်လပ်ရေးပေးရန် သန္နိဋ္ဌာန်ဆုံးဖြတ်မှု သဘောတူပြုဂြသော နုအက်တလီ စာချုပ်ကို(၁၉၄၇) ခုနှစ် အောက်တိုဘာလ (၁၇) ရက်နေ့တွင် ဝန်ကြီးချုပ်ခေါင်းဆောင်ပြု၍ ပြည်ထောင်စု၏ ကိုယ်စားလှယ်ကြီးများ ဘိလပ်သို့သွား၍ လက်မှတ်ရေးထိုး ချုပ်ဆိုပြီးအပြန် မြန်မာနိုင်ငံတော်သို့ အရောက်တွင် ဝန်ကြီးချုပ်၏စိတ်သန္တာန်၌ နိုင်ငံနှင့်သာသနာတော် နေ့ပေါ်ပြတင် ပလွှင်သကဲ့သို့ စည်ပင်ရန်အရေး လေးနက်စွာကြံတွေး၍ ရှေးရှေးသော စကြဝတ်လောင်းတို့၏ လမ်းကြောင်းအစဉ် ဥပုသ်တော်အဆောင်ဝင်သည့် မှေ့ဦးရပြုဆွ နှလုံး ကူးငှ်သံးလိုသော သမ္မာဆန္ဒ ပြင်းထန်လှသဖြင့် (၁၃၀၉) ခု နတ်တော်လပြည့်နေ့တွင် သုဝဏ္ဏဘူမိ ရွှေမြေအတွင်း ဘီးလင်းမြို့ ကေလာသတောင် ဘုန်းခေါင်မွေသရိ မြသပိတ်စေတီတော်မြတ် ဝိဝေကအရပ်သို့ ချဉ်းကပ်ခိုလှုံ၍ ဂုဏ်တော် ၉ ပါး ဘုရားအာရုံ နေ့ညဉ့်ဆုံခြင်း, မေတ္တာဘာဝနာ ဂမ္ဘီရဋ္ဌာန်း စီးဖြန်းပွါးများခြင်း, ဧရပ်ဟန်ဆောင်း ဟောင်းနွမ်းသည်တို့ကို အသစ်တဖန် မွမ်းမံပြုပြင်ခြင်းစသော ကောင်းမှုကိစ္စ အဝဝတို့နှင့်တကွ နဝင်္ဂဥပုသ်ကို ထိန်းချုပ်နှလုံး ၉-ရက်တိုင် စောင့်သုံး၍ တပြည်လုံးအေးမြရန် အဓိဋ္ဌာန်

ရှေးရှု အောင်ကြောင်းဆုဖြင့် တိုင်းပြုပြည်ပြု သာသနာပြုကိစ္စ အဝဝ၏ ပုဗ္ဗပရိက်ံ အခြေခံ မဟာကုသိုလ်ထူးကို ဆည်းပူးနှစ်လို ပစ္စည်းကြိုခဲ့ပါသတည်း။

ထိုသို့ကာလသတောင်မှ ဥပုသ်ဆောင်ဝင်၍ အပြန် နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနာပြုကိစ္စကို ပုဗ္ဗင်္ဂမ ပဓာနအရင်းခံလျက် နိုင်ငံတော်အသစ်ထူထောင်ရန် ရည်သန်ရင်း ဆန္ဒနှင့်၍ မိမိနေအိမ်၌ (၁၃၀၉) ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့ဘွင် လောက်လွှသဒ္ဓါဟုန် သာသနာပြုနှင့်လောက်သောသိက္ခာဂုဏ်နှင့် ပြည့်စုံသော လူကြီးများကို ဖိတ်ကြားတိုင်ပင် စိုင်းပြင်းစည်းဝေးလေးနက်စွာ ဆွေးနွေး၍ သာသနာရေးကိစ္စ ဟူသမျှကို ရှေ့တန်းက ရွက်ဆောင်စောင့်ရှောက် ချီးမြှောက်လိုသော ရည်ရွယ်ချက် အကျဉ်းချုပ်ဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို (၁) ဥက္ကဋ္ဌ သရေကြီး ဆ ဦးသွင်၊ (၂) ဒု-ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီး မြန်မာ့အလင်း ဦးတင်၊ (၃) အကျိုးဆောင်ဆောင် မြတ်တော်မင်းကြီး ဦးစံသန်း၊ (၄) ငွေထိန်း ကုန်သည်ကြီး ဦးအုန်းဆိုင်၊ (၅) စာရင်းစစ် ငွေစာရင်းမင်းကြီး ဦးဘခဲ။ အမှုဆောင် လူကြီးများအဖြစ် (က) ကျောင်းကုန်းမြို့ စက်သဌေး ဦးသာထက်၊ (ခ) ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဟသာတသဌေး ဦးမြ၊ (ဂ) ကုန်သည်ကြီး ဦးတင်ဘွားတို့ကို အများသဘောတူတင်မြှောက် ရွေးချယ်ကြ၍ ပဌမအာဒိကံ စဖန် ဖွဲ့စည်းကြပါသတည်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး ဖွဲ့စည်းတည်ဆောက် အောင်မြင်ပြီးမြောက်လတ်သောအခါ အဖွဲ့၏ တည်ရာဌာနကို ရွေးချယ် စဉ်းစားကြရာဝယ် ဌာနရွေးချယ်ရေးကော်မတီလူကြီးများ ပဌမစဉ်းစားသည့် အင်းယားကန် အလယ်ကျွန်းနှင့် ဒုတိယစဉ်းစားသည့် ကန်တော်ကြီးစောင်းတို့မှာ အသံဆိတ်သော်လည်း အသွားမလွယ်၊ အသွားအလာ လွယ်သော်လည်း ဆိတ်ငြိမ်မှု မရှိ၊ လိုအပ်သော အင်္ဂါမပြည့်၍ တတိယပြဿနာသည့် ဦးဘထွန်း၏ခြံမြေကွက်ကို နှစ်သက်ကြည်ရွှင် အဖွဲ့ဝင်လူကြီးများ သဘောတူ စဉ်းစားကြသည်တွင်—

တပါးသောသူတို့အား ဒုတိယကမ္ဘာစစ်ကြီးသည် ပစ္စည်းအသုံးအဆောင်ကုန်အောင်နှိပ်စက်သဖြင့် မြေကွက်လပ်ကို ကြည့်ကာကြည့်ကာ မသက်သာသောစိတ် ဝိပ္ပဋိသာရ မကောင်းကျိုးကိုသာ ရစေသော်လည်း ပုဗ္ဗစ ကတပုညတာ မင်္ဂလာစက္ကို လက်လက်ငြိသော သတိုးသီရိသုဓမ္မဥက္ကဋ္ဌကြီး ဆာဦးသွင်အဖို့မှာမူ အနာဂတဝင် တဉ္စဒါန်းတွင်ရစ်အောင် စီရင်တိုက်တွန်း ကုသိုလ်ကံဆော်ညွှန်းသဖြင့်ရင်း၊ ဦးဘထွန်း၏မြေကွက်နှင့် တဆက်တည်း တည်ရှိသောမိမိ၏အိမ်မြေယာကို အသခါရိက် တိဟိတ်ဥက္ကဋ္ဌ စိတ္တုပ္ပါဒ်ဖြင့် လှူတ်လှူကြည်ဖြူ စွန့်လှူရန် မြင့်အခါကောင်းသင့်ပြီဖြစ်ရကား ဥက္ကဋ္ဌကြီး ဆာဦးသွင်က အဖွဲ့ဝင်လူကြီးမင်းတို့အား ဦးဘထွန်း၏ မြေကွက်ကိုနှစ်သက်ကြည်ဖြူ လူကြီး

မင်းများသဘောတူပါလျှင် ထိုနေရာ၏အနောက်ဘက် တဆက်တည်း တည်ရှိသော မိမိ၏ခြံမြေအိမ်နေရာဘက်မှာ (၁) မြို့နှင့်ခရီး မနီးမဝေးတည်ရှိခြင်း၊ (၂) သွားလမ်းလာလမ်းတို့နှင့် ပြည့်စုံခြင်း၊ (၃) ထို့ကြောင့် သွားရောက်လိုသူတို့ အလွယ်တကူသွားရောက်နိုင်ခြင်း၊ (၄) နေ့ညဉ့်အခါ လူသူအများနှင့် ရောပြွမ်းမှု မရှိခြင်း၊ (၅) သူတော်ကောင်းတို့ တကိုယ်တည်း ကိန်းအောင်းရန် လျော်ကန်သင့်မြတ်ခြင်းတည်းဟူသော အင်္ဂါငါးပါးနှင့်ပြည့်စုံသည့်ပြင် ထိုနေရာသည် အရိပ် ရေ စမ်း စိမ်းသန်းစုံလင်သဖြင့် သူတော်စင်များ တရားနှလုံး ကျင့်သုံးတော်မူကြပါက အာဝါသသပ္ပါယ အထောက်အပံ့ ရမည်ဖြစ်၍ လူကြီးမင်းတို့က သာသနာရေးအတွက် အသုံးပြုလိုကြပါလျှင် မိမိက ဝမ်းမြောက်စွာ လှူဒါန်းလိုပါကြောင်း ဖွင့်ဟပြောဆိုလိုက်ရာ အမှုဆောင်လူကြီးမင်း အားလုံးတို့ ရွှင်ပြုံးနှစ်မော် အကြိမ်ကြိမ် သာဓုခေါ်၍ သဘောတူလက်ခံကြပါသတည်း။

သာသနာ့စောင့်နတ် နှိုးဆော်သတိသကဲ့သို့ လျောက်ပတ်သောနေရာကို လွယ်ကူစွာ ရရှိပြီးနောက် အဆောက်အအုံများ မဆောက်လုပ်မီ ထိုနေရာ၏ အမည်ကို သူရဿတီနတ် ပူးကပ်၍ပြောသည့်ပမာ သာသနာ့ရိပ်သာဟု မင်္ဂလာ လျှံပြည့် အမည်ဘွဲ့မှည့်ရန်နှင့် ဘူမိဝိသောဓန အပြစ်ဒေါသ သန့်ရှင်းအောင် အန္တရာယ်ကင်း ပရိတ်တော်များ ၇-ရက် ၇-လီ ရွတ်ဖတ်ပူဇော်ကြရန် ၁၉၄၈-ခု နိုဝင်ဘာလ ၁၄-ရက် ထိုမြောက်ဝယ် အစည်းကျင်းပသော ၁၂ ကြိမ်မြောက် အမှုဆောင်အစည်းအဝေး၌ ဆုံးဖြတ် အတည်ပြုခဲ့ကြသည့်အတိုင်း—

၁၃၁၀-ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှအစပြု၍ ဥဒယ မင်္ဂလာ ကြာနေဝန်း ပေါ်ထွန်းထွက်ချိန် နံနက် ၇-နာရီမှ ၈-နာရီခွဲအထိ အလှည့်ကျ နေ့စဉ် နေ့စဉ် နေပြည်တော်လေးပြင်မှ အရှင်ဆရာတော်ဆယ်ပါး ဆယ်ပါး ပင့်ဖိတ်၍ ပရိတ်တော်ရွတ်ဖတ်ပူဇော်ပွဲ ယှဉ်နွဲကျင်းပစဉ် ဥက္ကဋ္ဌကြီး သာဦးသွင်၊ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသော အမှုဆောင်လူကြီးများ ပရိတ်တရား နာယူပူဇော်စဉ် ရက်အတွင်းမှာပင် (၁) မင်္ဂလာ (ယာယီ) မဏ္ဍပ် တော်ကြီး၊ (၂) စံကျောင်းတော်၊ (၃) ကမ္မဋ္ဌာနာစရိယ အနုနာယက ကျောင်း တော်လေးဆောင်၊ (၄) ဆွမ်းစားကျောင်းဆောင် စသည်တို့အတွက် ပန္နက် တော်များ အသီးသီးချ၍ လှိုင်လအားသစ် ထိုနှစ်ကျင်းပမည့် တိပိဋကရေးဖြေ ချယ်ပွဲအမှီ စတင်တည်ဆောက်ကြလျက် ဘူမိဝိသောဓန အန္တရာယ်ကင်း ပရိတ် တော်ပွဲ ယှဉ်နွဲကျင်းပသည့် နဝတာလီရက်စဉ်စိပြည့်ရောက် ပြည်ထောင်စုသည် ဆောက်သည့် တနှစ်ပြည့်မြောက်သောရက်တို့ ဘား အချိန်းအချက် ပြုထားသည့် ပမာ အံ့ဖွယ်ရာ ကြုံကြိုက် တိုက်ဆိုင်လျက်ရှိကြပါသတည်း။

အဘိတ္တဓရထ ကလျာဏော ဗျာဒိတ်တော်စက် ဘုရားရှင်မိန့်မှာချက်ကို ဦးထိပ် ရွက်ပန်ဆင်၍ သမ္ဗုဇဉ်ရှေး သာသနာ့ကြီးပွါးရေးကို အလေးဂရုအရေးပြုလျက်

ဥက္ကဋ္ဌကြီး ဆာဦးသွင်ကိုယ်တိုင် နေ့စဉ်ကြပ်မတ် သာသနာ့ရိပ်သာအောင်မြေ ရပ်ဝယ် ဆုံးဖြတ်ရာပါ သာသနာအဆောက်အအုံတို့ကို သူတော်သော လုံ့လဖြင့် ထကြွစိမ့် လှုံ့ဖန်တည်ဆောက်ခဲ့ရာ မင်္ဂလာယာယီမဏ္ဍပ်တော်ကြီး စံကျောင်းတော်၊ ကမ္မဋ္ဌာနာစရိယ အနုနာယက ကျောင်းဆောင် လေးဆောင်နှင့် ဆွမ်းစားကျောင်းဆောင်တို့မှာ မကြာမီပင် ထမြောက် မဟာပဋ္ဌာန် မေဒနီမှ အစီအရီ ပေါက်သကဲ့သို့ အသုံးပြုနိုင်သော အခြေသို့ ရောက်ပြီဖြစ်၍ သက္ကရာဇ် ၁၃၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ အထက်ဖော်ပြရာပါ မင်္ဂလာယာယီမဏ္ဍပ်တော်ကြီးအတွင်းဝယ် မင်းထိုက်စိုးတန် မြတ်မွန်သော အခမ်းအနားတို့ဖြင့် အပါး(၁၀၀) ကျော် ဆရာတော် သံဃာတော်တို့ မျက်မှောက် နိုင်ငံတော်၏အစစ္စာသော သမ္မတကြီးကိုယ်တိုင် ကြွရောက်ဖွင့်လှစ်၍ များမြောက်လှစွာသော သာသနာပြုဒါယကာ ဒါယိကာမတို့ အစုံအညီငယ် ဟေီယက်ဏာ သက်သက် ခါမျှ မြွက်မျှသာရုံ နှုတ်လှူတို့ချီးစလျက် မည်သူမျှစိတ်မလုံ သူပုန်ရန်သေး အရေးများကြောင့် ပြေးရမလောက် ကြောက်လန့်ခြင်းအစရှိသော ခက်ခဲ အနှောင့်အယှက်ကို နှိမ်ချိုးထွင်းဖောက်ကြ၍ အစစ္စာသော တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ပြီးစီးအမြောက်အောင် ရှက်ဆောင် ကျင်းပကြပါသတည်း။

ဆဋ္ဌသံဂါယနာတင် ရည်သန်ချက်အခိကဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ကြ၍ တိပိဋကဓရရွေးချယ်ပွဲကို ယှဉ်နွဲကျင်းပသည့်အ တိုင်း ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှပင် (၁)ဆဋ္ဌသံဂါယနာ အတွက် အဘက်ဘက်မှ ရှက်ဆောင်ရသည့် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးကိုရင်း၊ (၂) ဆဋ္ဌသံဂါယနာဝယ် ကမ္ဘာ့လေးခွင်အောင် သက်စွန့်အားသွန် ပေးသမျှတာဝန်ကို ငြင်းဆန်မဒသွဖီ အောင်မြင်သည် ထေိ ကိုယ်ရေးဟုသိလုက် အဓိပတိစိတ်ပြဋ္ဌာန်း ဆောင်ရွက်တော်မူကြသည့် ဓမ္မပုစ္ဆကဆရာတော်နှင့် တိပိဋကဓရ ဓမ္မဝိဘာဇက ဆရာတော်တို့ကိုရင်း၊ အံ့ဩဘနန်း ရှင်လူတိုင်း၏ မွှမ်းရအောင် နိဗ္ဗာန်လမ်းရှူ မြော် အချိန်မှီထုဘ်ဖော် မွေးဖွားပေးခဲ့ပါသတည်း။

သာသနာ့ရိပ်သာ ဤနေရာကို ပဌမာဒိက ဖန်တီးစဉ်ကာလကပင် (၁) ဓမ္မသာလာ၊ (၂) မင်္ဂလာသိမ်မြတ်၊ (၃) ပိဋကတ်ရွှေတိုက်၊ (၄) သိုက်မော်ကွန်းရုံ၊ (၅) ရွှေဘုံစံကျောင်း၊ (၆) မြေညွှတ်စောင်းမျှ အပေါင်းကမ္မဋ္ဌာန်းကျောင်းသခ်မ်းနှင့်၊ (၇) ထောက်လှမ်းပြည်ပဗာဟိရမှ ဓမ္မဖွေမှီ သုတေသီတို့ ယောဂီရွှေဘုံ မှုန်စံပုံသော ဌာနဘုံဖြင့် နေရာကျတည်ဆောက်ရန် ရည်သန် ဆုံးဖြတ် ပြဋ္ဌာန်းအပ်သည့်အတိုင်း—

ဥက္ကဋ္ဌစေတနာ သဒ္ဓါနဂ္ဂိ လက်လက်ငြိသော အဖွဲ့၏ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ သဌေးကြီး ဆာဦးသွင်၊ သဌေးကတော်ကြီး ဒေါ်ဒေါ်ခင်နှင့် (သား) ထေရးလွတ်တော် ကရားဝန်ကြီး ဦးစန်မောင် (သမီး) တရားဝန်ကြီးကတော်

ဒေါ်ခင်ခင်ကြီးတို့က ဆုသီးမြွက်ပန် ဗောဓိဉာဏ်ကို လျင်မြန်စွာ မျက်မှောက် ပြုလိုကြသဖြင့်—

၁။ ၁၃၁၁-ခု နှစ်ဦး တန်ခူးလပြည့်ကျော် (၅) ရက်နေ့ နံနက် (၉)နာရီ (၅) မိနစ်အချိန်အပြီး "သာသနမလဝိသောဓနီ" ဘွဲ့မည်လျှပ သာသနာ တော်၏စံ ဝိနယာနုရူပ သိမ်တော်ကြီးသမုတ်ရာဝယ် ဒါယကာအဖြစ် နှစ်သက် ကြည်ဖြူ ခံယူကြ၍ ၁၃၁၂-ခုနှစ် ကဆုန်လအပြီး သိမ်တိုက်ကြီးတည်ဆောက် ကာ အသပြာကျပ်ပေါင်း (၅၃၄၅၁) ငါးသောင်း သုံးထောင် လေးရာ ငါးဆယ့် တစ်ကျပ်ကုန်စေ၍ သာသနာလယ်မြေ၌ မဟာကုသိုလ်မျိုး စိုက်ပျိုးကြဲချကြပါ သတည်း။

၂။ ဤမျှဖြင့်သည်း မရောင့်ရဲ ဆင့်ကဲတဖန် (ရချီးခန်း, ဝစ္စကုဋီတို့နှင့် အကွ) မင်္ဂလာစံကျောင်းဆောက် အဖိုးငွေကျပ် (၂၁၀၀၄·၀၆) တန် ကမ္မဋ္ဌာနစ- စရိယ အနုနာယက ကျောင်းဆောင်လေးဆောင်ဘို့နှင့်တကွ ဓမ္မနုလုံး ကျင့်သုံး စွဲမှီ ရဟန်းရှင်လူ ယောဂီတို့ သခီရာဋ္ဌဥ္စန ကိုယ်လက်သုတ်သင်ခြင်းကိစ္စကို အေးမြချမ်းသာစွာ ပြုလုပ်နိုင်ကြရန် အဖိုးငွေကျပ် (၁၄၀၉၊ ကျပ် ၇၅ ပြား) တန် ရေချိုးခန်းနှင့် ဝစ္စကုဋီ (၄) လုံးတို့ကိုလည်း (၄၅၂၉·ကျပ် ၂၅·ပြား) တန် တည်ဆောက်လှူဒါန်းကြပါသတည်း။

၃။ တိပိဋကဓရ ရွေးချယ်ပွဲကျင်းပ၍ ဆဋ္ဌသင်္ဂါယနာနှင့် နိုင်ငံတော်ဗုဒ္ဓ သာသနာအဖွဲ့ကြီး ဖွဲ့စည်း၍ မျိုးစေ့ချခဲ့သည့် မူလအိမ်ဟောင်းနေရာ မင်္ဂလာ ယာယီမဏ္ဍပ်တော်ကြီး တည်ဆောက်ရာ၌ ထာဝရရှည်ရှည် သာသနာတော် အညွန့်စည်စေအောင် နှစ်မည်သော ဘ-မိ ကျေးဇူးရှင်တို့သတိဖြင့် ပပေဥ္စဝိုက်ငံ "ဖလ်ယဉ်မေ့မာရ်ကြီး"ကိုလည်း အဖိုးကျပ်ငွေ ၁၈၁၀၇ဝိ-၆၃)တန် တည်ဆောက် လှူဒါန်းကြပါသည်ပြင် ဓေဒါဂတ္တရ သားရဟန်းတော်ဖြစ်သည့် အရှင်ဝိစိတ္တ- သာရာဘိဝံသ ဆဋ္ဌသံဂါယနာအမှီ တိပိဋကဓရအောင်ပန်းကို ဆွတ်လှမ်းတော် မူသည့်နေ့ အထိမ်းအမှတ်ဖြင့် ကျပ်ငွေ (၃၁၀၀၀ဝိ) တန် "ဝိစိတ္တာရုံ ကမ္မဋ္ဌာန်း တိုက်" ကိုလည်း နှစ်ခြိုက်ကြည်ဖြူ တည်လှူကြပါသတည်း။

သာသနာ့ရိပ်သာ ဓမ္မာဆိပ်ကြီး ဖန်တီးရန်မူလ စိုင်းပြင်းစဉ်ကာလကပင် ခုနှစ်ဘာနအောင် အပါပညာကောသ ဗဟုသုတဘာဏ်သမိုက် ပိဋကတ်တိုက်ကြီးကို မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသော အထိမ်းအမှတ်ဖြင့် တောင်ငူခရိုင် ဇေယျဝတီမြို့ သကြားစက်သဌေးကြီး "ဟာရိဂျီ" က နိုင်ငံတော်ဝန်ကြီးချုပ် အား အလိုရှိရာသုံးစွဲရန် လှူဒါန်းအပ်သောကျပ်ငွေ (၁၀၀၀၀၀) တသိန်းနှင့် တကျပ်ကို အရင်းမူလထည်၍ "ဇေယျဝတီ ဟာရိဂျီပိဋကတ်တိုက်တော်ကြီး" ဟူသောအမည်ဖြင့် အဖိုးကျပ်ငွေ (၁၂၂၄၉၂-၁၃) ကုန် သားနားသပ်ယပ်စွာ

၁၃၁၁-ခုနှစ် ဝါဆိုလ အပြီး တည်ဆောက်အပ်ပါသည့်ပြင် ပိဋကတ်တိုက်တော်ကြီး၏ အသုံးအဆောင် ပရိဘောဂများအတွက် ထိုသင်္ဃေးကြီးကပင် ပွါးစည်းသောဓေတနာ သဒ္ဓါဇောထက်သန်စွာဖြင့် အသပြာပေါင်း (၅၀၀၀ဝိ) ငါးထောင်းတို့ကို ထပ်လောင်း၍ လှူဒါန်းပြန်ပါသတည်း။

ထိုမှတပါး ရာထားရင်းမူလ ခုနစ်ဌာနအဝင်အပါ ပဋ္ဌိပတ္တိသာသနာကို သဒ္ဓါလုလု ချီးမြှောက်ပြုစုရာ၌ ဗဟုပကာရ ကျေးဇူးများလှသော ပဓာနစာရေခါ်ဆွေ-ငင်း ကမ္မဋ္ဌာန်းကျောင်းဆောင်တို့အနက် အခန်းပေါင်း (၁၀)ခန်းစီ တွဲလျက် အသယ်ချ ၍ စကြံပါ လှူ ဒါယကာနှင့် ရဟန်းယောဂီများ ကရားလုပ်ငန်း ကြိုးပမ်း အားထုတ်တော်မူကြရန် ကမ္မဋ္ဌာန်းတိုက်ကျောင်း နှစ်ဆောင် (၁၆၀၀ဝိ) တသောင်းခြောက်ထောင် ကျော်စီတန်ဖိုးကို ရန်ကုန်မြို့ ကုန်စျေးတန်း သင်္ဃေး ဟာယ်တဦ မြနှင့်-ဒေါ်ဒေါ်ပု သားသမီးတစု ၍ကရင်း၊ ရန်ကုန်မြို့ ဆင်းဒဝတ်လမ်း ကုန်သည်ကြီး ဦးချစ်မောင်-ဒေါ်သန်းမြင့် သားသမီးတစု တို့ကရင်း တကျောင်းစီ ဒါယကာခံယူကြပါသည့်ပြင်—

မြဟ္မစာရိနီ အမျိုးသမီးယောဂီများ တရားလုပ်ငန်း အားထုတ်ကြိုးပမ်းကြရန် (၈) ခန်းတွဲ ကမ္မဋ္ဌာန်း တိုက်တန်းလျား (၁၀) ခန်းတွဲ အဌ္ဌဂုတ်ကြီးနှင့် (၁၀) ခန်းတွဲ အဌ္ဌတန်းလျား ကမ္မဋ္ဌာန်း တိုက်များအပြင် နိုင်ငံခြားသားများ တရားအားထုတ်ရန် ကမ္မဋ္ဌာန်း တိုက်စသည်တို့ကိုလည်း ဟယ်ဘတ ဦးမြနှင့် သားများကုမ္ပဏီ၊ ဦးဆင်-ဒေါ်ငွေးကုမ္ပဏီ၊ ဦးမြရင်ကုမ္ပဏီ၊ ဦးဘိုးငြိမ်းကုမ္ပဏီ၊ ချင်းသင်္ဃေး ဦးဘကင်-ဒေါ်ဒေါ်သိန်းစသော သာသနူပကာရီ ဗုဒ္ဓဝါဒီ နွယ်ဝင် သူတော်စင် အပေါင်းတို့က ကောင်းမှုဒါယကာ ခံယူကြပါသတည်း။

ပဋိယတ် ပဋိပတ် နှစ်ရပ်သောသာသနာကို သဒ္ဓါတောက်လျှံ ချီးမြှောက်ရန် ဟု ရည်သန်ချက် ပဏိဓိအရင်းခံရှိကြသဖြင့် ပဋိပတ္တိသာသနာအတွက် ပဓာနာ-ရေိုနာ က ဆရာတော်သီတင်းသုံးရန် မင်္ဂလာစံကျောင်းတော် အနုနာယက ကျောင်းဆောင်များ တည်လား ဆောက်လုပ်ပြီးပြေမြိုလတ်သော် ဥက္ကဋ္ဌ ဆာဦးသွင်ကိုယ်တိုင် စစ်ကိုင်းမြို့သို့ ရောက်ရှိပြီး ရှိသေစွာ ပင့်ဖိတ်၍ တရားနာယူ ရှုမ်းထောက်လုမ်း အားရမ်းနှစ်သက် ရှိလှသဖြင့် စစ်ကိုင်းမှအပြန် ရန်ကုန်သို့ အရောက် နိုင်ငံတော် ဝန်ကြီးချုပ်အား အကြောင်းအကျိုး ပြောပြ ပင့်ဆောင်ရန် အကြံပေးချက် အရဖြင့်—

၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ် ကိုယ်တိုင် ရှိသေစွာ သွားရောက် လျှောက်ထား၍ ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ ကမ္မဋ္ဌာနာစရိယ နာယကအကျော် မဟာစည်ဆရာတော်ကို ရွေးဖော်ဖြရာပါ သာသနာ့ရိပ်သာမင်္ဂလာစံကျောင်းသို့လေကြောင်းမှပင့်ဆောင်ပြီးလျှင် ပဋိပတ္တိ

သာသနာတော်ကို အစွမ်းကုန်ရှိသမျှ ပူဇော်မှုပါရန် တောင်းပန်စကား ပြောကြားကြ၍ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးကပင် တာဝန်ယူ ဆောင်ရွက်လျက် အဘက်ဘက်မှ ပစ္စယလေး လိုလေသေးမရှိရအောင် ပဋိပတ္တိ သာသနာပြုလုပ်ငန်းကို ကြီးပမ်းအားထုတ် ကြပါသတည်း။

မဟာစည် ဆရာတော်ဘုရားလည်း လက်သားတပည့်ကြီးများနှင့် တကွ သာသနာ့ရိပ်သာဝယ် လေးဖြာယာပထ မျှတရှင်ပြုံး သိတင်းသုံးနေထိုင်ရန် ခေတ်မဆိတ်သည်၊ ခံ၍ ထိုသည့် ၁၃၁၁-ခုနှစ် နတ်တော်လပြည့်နေ့မှ အစပြု၍ စတုဒိသာ မှမှာအရပ်တို့မှ ဆည်းကပ်ခဲ့သော တရားတောင်းကြသော မေ့ဂဝေသီ ယောဂီနွယ်ဝင် ပုဂ္ဂိုလ်ရဟန်းတို့အား ကြိုးပမ်းနိစ္စ နေ့ညမအား တရားပြသ၍ ပဋိပတ္တိသာသနာကို အားသွန်ခေါင့်ရှောက် ချီးမြှောက် ပူဇော်မှုခဲ့ရာ တနေ့ထက်တနေ့ တလထက်တလ တနှစ်ထက်တနှစ် တရားအားထုတ် လိုသူတို့ တိုးတက်စည်ကား များ၍များ၍ လာသဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင် လူကြီးမင်းတို့ စိုင်းပြင်းစုံလင် သဘောတူ တိုင်ပင်ကြ၍ (၁၃၁၃) ခုနှစ်၊ ဝါဆိုလဆန်း (၁၁) ရက်နေ့တွင် သတိုးသီရိသုဓမ္မ ဆာဦးသွင် (ပဌမ ဥက္ကဋ္ဌ)၊ ဝန်ကြီးချုပ် (ဒုတိယ ဥက္ကဋ္ဌ)၊ မဟာသီရိသုဓမ္မ ဟသ်ာတ သရေဦးမြ (ဒုတိယ ဥက္ကဋ္ဌ) အစရှိသော ယောဂီထောက်ပံ့ရေး အဖွဲ့ခွဲကို တိုးချဲ့ဖွဲ့စည်းကာ ပဓာနာစရိယ နာယကဆရာတော် အနုနာယက ဆရာတော်များနှင့် တကွ မေ့ဂဝေသီ ပြည်တွင်းပြည်ပ ယောဂီရဟန်းရှင်လူတို့အား စားသောက်နေရေး, ကျန်းမာရေးတို့ကိုပါ လိုလေသေး မရှိရအောင် အဘက်ဘက်က တာဝန်ယူ ကူညီစောင့်ရှောက် ချီးမြှောက် ပူဇော်ကြသဖြင့် တေရဟိယနေ့ထိအောင် ပြည်တွင်းပြည်ပ ရဟန်းရှင်လူ ယောဂီအပေါင်း (၇၃၇၅)ဦး ရှိ၍ ကမ္မဋ္ဌာန်း ဌာနခွဲပေါင်း (ပြည်ထောင်စု မြန်မာနိုင်ငံ) (၁၁၆) ဌာန၊ သီဟိုဠ်ကျွန်း (၂၂) ဌာန၊ ယိုးဒယားနိုင်ငံ (၃၀၀) ဌာန၊ စုစုပေါင်း (၄၃၈) ဌာန ရှိသည့်တိုင် ပဋိပတ္တိ သာသနာပင်စည် ခိုင်ကျည်ကြီးထွား စည်ကားပြန့်ပြောခြင်းသို့ ရောက်ခဲ့ပါသတည်း။

ယင်းသို့ ပဋိပတ္တိစံပြ ပဓာနသိပ္ပံ ဂုဏ်ရည်လျံသဖြင့် နိုင်ငံတော် အစိုးရက နာယကအကျော် မဟာစည်ဆရာတော်အား ၁၃၁၃-ခု ပြည်ထောင်စု လွတ်လပ်ရေးနေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ဆပ်နှိပ်ကြေငြာ သဒ္ဒါပြဌာန်း လှူဒါန်းဆက်ကပ်ပါသည့်ပြင် ဆရာတော် ကိုယ်တိုင်လည်း သာသနာရေးကိစ္စ အဝဝတို့၌ ဆန္ဒ ဝီရိယ စိတ္တ ဝီမံသာ လေးဖြာသော အဓိပတိဇတို့ အလဲအလှယ်ကိန်းဝပ်သူပီပီ မြန်မာပြည် ဂဒါယကာခံ၍ ကေရဝါဒ ငါးနိုင်ငံ သံဃာတော် အရှင်မြတ်တို့ တညီတညွတ်တည်း တိုင်ပင် ဆင်ယင်ကျင်းပအပ်သော ထေရဝါဒဆဋ္ဌသံဂါယနာ၌ ဩဝါဒါစရိယ ဆရာတော်အဖြစ်, ဝန်ဆောင်

ဆရာတော်အဖြစ်, မြန်မာပြန်ပိဋကက ပါဠိပိဋကတို့ကို ဩဿာနသောခကေ ဆရာတော်အဖြစ်, အစအဆုံး ဓမ္မပူဇကာ ဆရာတော်အဖြစ်ဖြင့် အားသစ်ကြည် ဖြူ ရွက်ဆောင်တော်မူခြင်းဖြင့် လူမင်းမြတ်စွာ သာသနာကို နေဝါတန်ဆောင် ကဲ့အရောင်သို့ ထွန်းပြောင်ထိန်တောက်အောင် ချီးမြှောက် ပြုစုတော်မူပေ သတည်း။

ဤသို့လျှင်တည့်—

အသခ်ယ ဂဏန်းမပြနိုင်အောင် သာသနာ့ အစီးအပွါးတို့ ကြီးထွားပြည့်စုံ ပြန့်ပြောပုံကို အာရုံနိစ္စ ကိုယ်တိုင်ပင် ဆောင်ရွက် တွေ့မြင်နေရသော မူလ သာသနာ့ရိပ်သာ ဒါယကာ ဒါယိကာမ ဖြစ်ကြသည့် ဥက္ကဋ္ဌကြီး သတိုးသီရိ သုဓမ္မ သဌေးကြီး ဆာဦးသွင်, သဌေးကတော်ကြီး ဒေါ်ဒေါ်သိန်းတို့သည် အေးကိန်းအမြိုက် ဆုထူးပိုက်လျက် မိမိတို့၌ ထင်ရှားရှိသော လောကီဖွယ်ရာ စည်းစိမ်ဥစ္စာ အဖြာဖြာတို့ကို သာသနာရေးအတွက် အဆက်ဆက် နောက်ကာ လဝယ် ပြုစုလှူဒါန်းရစ်ကြရန် သာသနာ့ရံပုံ အလှူတော်ရံပုံအဖြစ် လွတ်လွတ် လှူဒါန်းရသည်ကို အားရရောင့်ရဲခြင်း မရှိကြပဲ ဆင့်ကဲ၍တဖန် ဥက္ကဋ္ဌကြီး၏ စိတ်သန္တာန်၌ ဘုံပျံရိပ်သာ ဤနေရာနှင့်တကွ သာသနာ့နုဂ္ဂဟ အဖွဲ့ကြီး ဖန်တည်းတည်ဆောက်၍ ထိရောက်လှစွာ သာသနာပြုလုပ်ငန်း ကြိုးပမ်းကြပုံ အကြောင်းအရာ အလုံးစုံကို ယုန်စန္ဒာရိပ် လဝယ်နိုပ်သကဲ့သို့ မဆိတ်ဥဒါန်း သိစေညွှန်းလျက် မော်ကွန်းစိုက်ထူရသော နှောင်းလူများစွာ သာသနာပြုပုံ နည်းကောင်း အကြောင်းအထောက်အပံ့ရ၍ ဟိတကျေးဇူး ပွါးလူးဆက်စည် ကျိုးရှိမည်ဟု မြော်ရည်စဉ်းစား သတိညာဏ်ထားမိသဖြင့် မျှားပြားလှစွာ အသပြာကျပ်ပေါင်း (၄၀၀၀၀ဝ) ကျပ်လေးသောင်းကျော်ခန့်ကုန်၍ မော်ကွန်း တင် ဓမ္မာရုံကို ဝိသုကြုံနတ် စီမံလတ်သကဲ့သို့ သပ်ရပ်စွာ တည်ဆောက်၍ နောက်အနာဂတဝင် တဥဒါန်းတွင်ရစ်အောင် မြော်မြင်ကြံနိုင်း ညာဏ် ကသိုဏ်းဖြင့် ဤသံပိုင်းမော်ကွန်းကို ဖော်ညွှန်း စိုက်ထူအပ်ပါသတည်း။

### သံပိုင်းထက်ာ

ကြားလေ့ရှင်လူ မော်ကွန်းထူပိမ့် ဇမ္ဗူကျောက်မျက် မြန်ဘုံစက် လျှင်း သူလက်တွင်းမှ လွတ်ချိန်ကျသော် မြန်မာ့လူထု စည်းလုံးမှုဖြင့် နအက် တလီ စာချုပ်သီလျက် သသီယုန်နတ် ဘုံပြာသာဒ်သို့ လွတ်အံ့ရောင်ခြည် ကွန့်ကွန့်လည်က မြန်ပြည်စိုးအုပ် ဝန်ကြီးချုပ်လျှင် ဥသုတ်တော်ယှဉ် မေတ္တာဉာဉ်ဖြင့် ဓမ္မဥ္စရ ကောင်ပြီးစဝယ် "ဗုဒ္ဓသာသနာ နုဂ္ဂဟာ"ဟု သညာလုံညီး အဖွဲ့ကြီးကို ဖန်တီးမူလ မျိုးစေ့ချခဲ့ ဆနာယက ဂုဏ်လောက်၍ သမ္မောဓိမျိုး ဘုပန်ပျိုးသား "သတိုးသီရိသုဓမ္မ" ဘွဲ့ရကျော်ထင် ဆာဦးသွင်တို့ ပုဗ္ဗဂံမ

ရွှေဆောင်ကြွလျက် မောရဂီဝါကုန်းမြေချာ၌ ရိပ်သာကွန်းပြောက် ဖန်ကည် ဆောက်၍ ဘုန်းတောက်မြတ်စွာ သာသနာကို မှောသောက နရိန္ဒသို့ ပြည်ပ ပြည်ဘွင်း ရှစ်နယ်လင်းအောင် သန့်ရှင်းသဒ္ဒါ ရှက်ဆောင်ပါသား ခြင်းရာ ကျယ်လှ ဝိတ္ထာရကို နယာဆူ နောက်နောင်လူဘို့ စွဲသူနလုံး ကျင့်ဆောက် သုံးအောင် ကုဥ် ရိုးဖော်ပြ သံခိပ်မှုဖြင့် တိပိဋက ရိုရိ ထေရ်ပုဂ္ဂိုလ်လျှင် မပို စေထ မသုဘ်ချဲ ဒေါသမှုန်း ဌပွဘ်ညွှန်းသည် မော်ကွန်းရှေစာ သံပိုင်း တည်း။

(ပုံ) တိပိဋကဓရ ဆရာတော်။

(၁၃-၁၂-၁၉)

## သာသနမလဝိသောဓနီ သိမ်အောင်စာ

ဆရာတော်သည် တိပိဋကဓရ စာမေးပွဲ မဝင်မီ ၁၃၁၂-ခုနှစ် ဗုဒ္ဓသာသနာ- နုဂ္ဂဟ ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ ဖြစ်စက ရန်ကုန်မြို့ သာသနာ့ ရိပ်သာအတွင်း သာသနမလဝိသောဓနီ သိမ်သမုတ်စဉ်က သာသနမလ- ဝိသောဓနီသိမ်အောင်စာကိုလည်း စီရင်တော်မူခဲ့သည်။ ၎င်းသိမ်အောင်စာမှာ အောက်ပါ အတိုင်းဖြစ်၏ –

သိဒ္ဓမ်—

သောဓေန္တိ ဇောတေန္တိ ဇိန၊ စက္ကသာယံ မလံ ပဘံ။
သီမာ အနာကုလာ ဌာတု၊ သာဓု သာဓုတိ သမ္မတာ။

သာဓု သာဓုတိ၊ မဟာသာဓု ဂုဏ်လျှံထုဖြင့် ဇမ္ဗူကျက်သရေ လက်လက်ဝေသား ထေရ်ကျော်အပေါင်း အရှင်ကောင်းတို့သည်။ သမ္မတာ၊ ဆယ်ဖြာသော ဗျဉ္ဇနဗုဒ္ဓိ စောင်းကြိုးကို ညှိဘိသကဲ့သို့ ထိမိမှန်ကန် ကရိုဏ်းနှင့် ပယတ်ဌာန်တို့ကို မလွန်မယုတ်ရအောင် နှုတ်တော်ရွှတ်ဖတ် သမုတ်အပ်သော။ (ဝါ) သာဓု သာဓု ဘိသမ္မတာ၊ပြည်ထောင် တည်လစ် ဤတခေတ်ဝယ် စနစ် ပုံမှီး ခိုကြီးတည်လောက်အောင် ကောင်းသည် မြတ်သည် လျောက်ပတ် သည်ဟု နှုတ်ရည်ဝိညတ် ထေရ်ကျော်မြတ်တို့ အမှတ်တခု အသိပြုအပ်သော။ အယံ သီမာ၊ သာသနမလ ဝိသောဓနီ ဘွဲ့မည်ထိန်လျှပ် ဤမင်္ဂလာ သိမ်တော် မြတ်သည်။ ဇိနစက္ကသာ၊ ဘုရားမြတ်စွာ သာသနာသုံးရပ် စက်တော်မြတ်၏။ မလံ၊ ပြင်ပဗာဟိ ဝိတက္ကတို့ ဝါဒီရစ်မှေး အညစ် အကြေးကို။ သောဓေန္တိ၊ နေလျှံရိန်ကြောက် ဆီးနှင်းပေါက်သို့ ပျောက်စေပယ်နှင်း ရှင်းလင်းသုတ်သင် လျက်၎င်း။ ပဘံ၊ သီလသမာဓိပညာ သိက္ခာထန်ဆောင် အလင်းရောင်ကို။

ဇောတေန္တိ၊ တက်စနေဝန်း ထွန်းစသော်ဘာ ကဲ့ပမာသို့ လျှံဖြာရှန်းမဝ တောက်သွန်းစေလျက်ရှင်း။ အနန္တကုလာ၊ နေ့နှောင့်ယှက်ပိတ်ပင် ရန်မထင် သည်ဖြာ်၍။ ဌာတု၊ ပဥ္စသဟဿ နှစ်တိုင်လသာ်အောင် မတ်မတ်ခိုင်ကျည် တည် ။စေသတည်း။

အောင်သူတကာတို့၏ မဟာအဂ္ဂနာဓိပတိ သီရိမကုဋ အတုလတုလာ အဒုတိယာဒိစ္စ သုံးလောကဝယ် မောဟတိုက်မှောင် အမိုက်ခေါင်ကို မြိုက် လှောင်ရှင်းခြေ လင်းပစေသဖြင့် တစင်းနေစစ် ကေန်ဖြစ်ခေသာ ရှစ်ချစ် ဥသျှောင် ဘုရားငါးမာရ် အောင်သည့် ရွှေဖောင်ဌက်မာ ယာဉ်နာဝါဖြင့် သံသရာကြော်မြစ်အပြောဝယ် နစ်မျောကုန်သူ ဝေနေယျကို ဆယ်ယူကယ်မ မြိုက် ဆုငှ၍ မာဇဂ္ဂိုဟ်မည် ထိုရွှေပြည်ဝယ် သိလုစ္စယ ဂိဇ္ဈကုဋ် တောင်ဗွေယံ၌ လေးတန်ယာပထ ဝိဟာရဖြင့် မျှတတင့်တယ် စံပယ်ကိန်းမွေတော်မူသော အခါ —

ဇွောဝတာ သာမဂ္ဂီ၊ ယာဝတာ ကောဝါသော —

ရှင်စောပိန့်ဖော် တသု'တော်၌ အာဘော်ခံကြိတ် ဉာဏ်မစိတ်နိုင်သဖြင့် ကိတ္တာဝဘာ နှ ခါ ကောဝါသော ဟောတိ အားယ်မျ အပိုင်းအခြားရှိမှ သာမဂ္ဂီအရာ ကောဝါသ အမည်ရသနည်းဟု တည်းလည်းပုစ္ဆာ ဤအရာဝယ် ပြဿနာစကား ရဟန်းများတို့ တရားအခြေပြု မေးလျှောက်သောဝတ္ထုဝယ် "အနုဇာနာမိ ဘိက္ခဝေ ဣမံ သမ္မန္နိတုံ" ၊ရွှေခွန်းစုံကို သုံးဘုံလူ့ထိပ် ဟောဖော် ညိတ်၍ ဘိက္ခုတွင်မည် ထိုထိုထေရ်တို့ လေးလီသော သံဃာ့ကံကို စိမ်ပြုစု လှယ်ကူမှုဖြင့် ဖာသုဝိဟာရ သံဃသုဒ္ဓအရေး မျှော်တွေးထုန်းထိန် ရွှေဉာဏ် ချိန်၍ သိမ်သနွှက်ရန်အရေးကို ခွင့်ပေးပညတ်တော်မူခဲ့ပါသည်။ အင်္ဂါရသ စောဇိနသည် သိမသမ္မုတိကံ ပြုနိုင်ရန်ကို နှုတ်သံငြိမ့်လေး အခွင့်ပေးသည်တွင် ရှေးရှေးသာသနာဝင် သူ့တော်စင်အချို့သား သာသနဒါယကာ အများ တို့သည် —

၁။ ဘုရားမြတ်စွာ သာသနာသည် သံဃာတော်အရှင်မြတ်တို့သည်သာ လျှင် မချွတ်မူလ ပဘာဝရှိခဲ့၏။

၂။ သံဃာ့ဂိုဏ်းဝင် ဂေါရ်ဘခင်တို့သည်လည်း ရှင်ဖင်ဆုံးမ ဟောဖော်ပြ သော သံဃာ့ကံလေးပါးသာလျှင် ထင်ရှားမူလ ပဘာဝအမွန်ရှိကုန်၏။

၃။ သံဃာ့ကံလေးပါးတို့သည်လည်း ပိုင်းခြားညွှန်ပြ ခဏ္ဍ, မဟာ သိမ်နှစ် ဖြာလျှင် ပဌမာဒိက မူလအမွန်ရှိကုန်၏။

ထို့ကြောင့်ရကား ဗုဒ္ဓသြဝါ သာသနာသည် မဟာခဏ္ဍာ သိမ်နှစ်ဝလျှင် မူလ ပဒေသာန် အခြေခံအကြောင်းရင်းရှိသဖြင့် သိမ်ဝသမှုတိကံ ဒါယကာခံရသော် ဘုန်းလျှံမြတ်စွာ သာသနာကို ပဌမာဒိက ရင်းမူသမှ အနုဂ္ဂဟ ပြုချေရက် ချိမ့်မည်ဟု အေးကြည်ရှင်မော နှစ်လိုဖော်ဖြင့် မုနေတင့်စံ သိမ်ဒါယကာ ခံကြ၍ နိုင်ငံတော်အရပ်ရပ်ဝယ် ပြုသာဒ် ရောင်မောင်း သိမ်တန်ဆောင်းတို့ ဖြင့် မညှောင်းရှုဖွယ် ကုသိုလ်တော်နယ်ကျယ်၍ ဘုန်းကြွယ် မြတ်စွာ သာသနာသည် အခါမျက်မှောက် ယနေ့နောက်အောင် ထွန်းတောက် ထိန်သင်းဆဲ ရှိပါသတည်း။

မဟာမဏ္ဍာသိ ရာရံ သီဖြင့် ဖလ်ခြည်ထိန်လက် ရဝိန်စက်သို့ ပြိုးပြက်လျှံဝါ သာသနာသည် မင်္ဂလာရှိန်ကြွေ ထွန်းထိန်လေသဖြင့် ယနေ့မျက်မှောက် ရောက် လတ်သောကာလဝယ်–

အစရံ ဝိရ မာနေန၊ တာဝမာနေန နိဗ္ဗုတိံ။
နိမေယျံ ပရမံ သန္တိံ၊ ယောဂက္ခေမမနုတ္တရံ။

ဓမ္မခဏ်ဂိုဏ်း ဟောမိန့်တိုင်းကို ကသိုဏ်းရှုယ်စုံ သတိဉာဏ်ငုံမိကြသဖြင့် ရန်ကုန်နေပြည်တော် ရွှေတိဂုံစေတီတော်မြတ် ဘဏ္ဍာတော်ထိန်း လူကြီးမင်း ဗိုလ်ဘခထောင် စေတီတော်ပြန်လည်တည်ဆောက်ရေး အဖွဲ့ကြီးဥက္ကဋ္ဌ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးတို့၏ ဦးစီးဥက္ကဋ္ဌ သဌေးကြီး ဆာ ဦးသင့်, သဌေးကတော် ဒေါ်ဒေါ်သိန်းနှင့် သား တရားလွှတ်တော် တရား ဝန်ကြီး ဦးစန်းမောင်, သမီး တရားဝန်ကြီးကတော် ဒေါ်ခင်ခင်ကြီးတို့သည် မှိုက်သဲ့ဆွတ်ခြူ ခြွေအံ့ဘူ၍ ရည်တူဆန္ဒ အလုံးစုံညီမျှ၍—

၁။ ဓမ္မသာလာ၊

၂။ မင်္ဂလာသိမ်မြတ်၊

၃။ ပိဋကတ်ရွှေတိုက်၊

၄။ တလိုက်မျှော်စင်၊

၅။ ထွက်ဝင်ရပ်ခြား တိုင်းတပါးမှ တရားနက်လေး ဆွေးနွေးနိုင်ရန် ရည် စိတ်သန်၍ ဧည့်ခံဝတ်ရုံ၊

၆။ ရွှေဘုံစံကျောင်း၊

၇။ မြေညွှတ်စေဆင်းမျှ အပေါင်းကမ္ဘာဒွန်း ကျောင်းသခ်ိန်းဟု ပြဋ္ဌာန်း ညွှန်ပြ ခုနှစ်ဌာနဘို့ဖြင့် သာသနာ့ရိပ်သာ ဖြစ်စိမ့်ငှါလျှင် သဒ္ဓါနှင့် လက်လက်

ညီ၍ မိမိတို့၏နေဟောင်းဌာန မောရဂီဝါ ကုန်းမြေသာဟု ဟာမင်တစ်လမ်းရှိ (၅)ကေခွဲခန့် ကျယ်ပြန့်သော မြေအရပ်ကို မ ာပ်မခ ဆူ ကင်းစင်စေ၍ သုံ ထွေ စေတနာ ဖြောင့်ညီစွာလျက် ၁၃၂၀ ပြည့်နှစ် နတ်တော် ဆုတ် ၅ ရက် နေ့ဝယ် လှေ့လှေ့ သဒ္ဓါ လှူ ဆော်ကာဖြင့် မဟာ ဗောဓိ ပဏ္ဍာ န ဘာသီသလျှင် ပြည့်ာ စရေး မျှေ ထောက်တွေ ၍ သင်္ဃြီး (ဆာ) ဦးသွင်၏ ခုနှစ်ဆယ် ပြည့်မွေးနေ့ ဂုဏ်ထိမ်းအမှတ် သင်္ဘာချပ်ပြီးလျှင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးသို့ လှူ ဒါန်း အပ်နှင်းခြင်းဖြင့် သနင်းမြတ်စွာ သာသနာဝယ် ရိပ်သာထွန်း ထောက် အဆမြောက်အောင် တည်ဆောက်စဖန်ကြပါသတည်း။

ရိပ်သာဘုံ၌ ဆောက်လုပ်ရန်ကို တည်ဖန်သည်မှ လက်မှန်း၍ နဝတာလီ ဂုဏ်ပြည့်ညီအောင် ဗျာဂိုလလးနက် မမှစက်ကဲ သကျပုတ္တိယော် ထေရ်ကျော် အများ မှင်တို့အားလျှင် ရှတ်ပွါးသရဏဂုံယ်တော်မူစေခြင်း စသည်တို့ဖြင့် ပုဗ္ဗပရိက် စိမ်ပြီးပြေလည်သောအခါ သာသနာ၏ မဟာပဓ မူလအချုပ် သိမ်သမုတ်ရန် အချိန်တန်ပြီ ကို ဝေဖန်ပိုင်းခြား အသင်းသားတို့ မပြားနှလုံး ရှင်ပြုံးကြည်မော သဘောတူညီ ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီး (ဆာ) ဦးသွင် ကပင် သိမ်ဒါယကာပြုလုပ်ရန် နှစ်သက်စွာ တာဝန်ယူ၍—

နိုင်ငံတော်အမှတ ကြီးထံသို့
၁၉၄၉-ခု၊ ဖေဖော်ဝါရီလ (၂၃) ရက်
ဗဒ္ဓသိမ်သမုတ်ရန် လျှောက်လွှာ

ထံသို့....

(မြေအရေးပိုင်မင်း)

စည်ပင်သာယာရေးမှူးတော်

ဗဒ္ဓသိမ်သမုတ်ရန် ပူးတွဲပါမြေပုံအရ ရန်ကုန်မြို့ တာ မှတ်ကိုက်နယ် ရပ်ကွက် (၃၅-အီ ၁) မြေရိယာ ဧလျားပေ (၆၀)၊ အနံပေ (၅၀)ရှိ ပိုင်းခြားသတ် မှတ်အပ်ပြီးသော အရပ်ကို ပကတိဂါမ မူလ ရွာမှထုတ်၍ ဝိသုံဂါမ ဘောဇက အသီးအခြား ရွာစားခန့်အပ်ပေးသနားရန် လျှောက်လွှာတင်သွင်းပါသည်။

အခွင့်ပြုသူလက်မှတ်
(ပုံ) ဦးတင် (ဘဏ္ဍာရေးဝန်ကြီး)
ဒုတိယ ဥက္ကဋ္ဌ
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့။

လျှောက်လွှာတင်သူလက်မှတ်
(ပုံ) ဆာဦးသွင်
အမှတ် ၂၆-ဝင်ဒါမီယာကရိဆင့်
ရန်ကုန်မြို့။

ဤမိတ္တူလွှာစာပါအတိုင်း ဂိုဏ်းပေါင်းစုံ မဟာနာယက ဆရာတော်ကြီးတို့ ဝိနည်းတော်နှင့်အညီ စိမ်ရေးဆွဲအပ်သော လျှောက်လွှာပုံစံအရ ဝိသုံဂါမ သောဇက ခံယူသောအခါ သာသနာတော်အရေး ဖင့်မနှေးပဲ အားပေးပြုစု တော်မူလေ့ရှိသော နိုင်ငံတော်၏ အစစ္စာ သမ္မတကြီးကလည်း—

## ဗဒ္ဓသိမ်သမုတ်ရန် မြေပေးအမိန့်တော်

မြန်မာနိုင်ငံတော် အထက်ပိုင်းမြေခွန်တော်နည်းဥပဒေ(၅၃-က)မြန်မာနိုင်ငံ တော် အောက်ပိုင်းနည်းဥပဒေ ၃၄ (က)၊ မြန်မာနိုင်ငံတော် အောက်ပိုင်း မြို့ရွာရှိ မြေယာနည်းဥပဒေ ၅၂။

ရန်ကုန်မြို့ ဝင်ဒါမီယာဂ-ရိဆင့် အမှတ် ၂၆-ခု လျှောက်ထားသူ (ဆာ) ဦးသွင် နာခံမှုမည်မှာ ရန်ကုန်မြို့ တာမွေတိုက်နယ် မြေတိုင်းပုံကွက် အမှတ် (၃၅) (အီ၊ ၁) မြေကွက် အမှတ် ၅၅· (အေ) တွင် တည်ရှိ၍ ပူးတွဲပါ မြေပုံအရ အောက်ပါ နိမိတ်များအတွင်း ပိုင်းခြား သတ်မှတ်ထားသော ဧက (၀.၆၉) ရှိမြေသည် ပကတိဂါမ မူလရွာမှ ဝိသုံဂါမ အသီးအခြား ရွာတခု ဖြစ်စေ။ ဤပိုင်းခြား သတ်မှတ်ပြီးသောအသီးအခြားအရပ်ကို လျှောက်ထားသူ ဆာဦးသွင် အား ဝိသုံဂါမ သောဇက အသီးအခြား ရွာစားအဖြစ်ဖြင့် ခန့်အပ် ပေးသနားတော်မူသည်။

လျှောက်ထားသူ ဆာဦးသွင်က ဝိသုံဂါမ သောဇက အသီးအခြား အသနားတော်ခံစေ။

### နယ်နိမိတ်များ

| | | |
|---|---|---|
| မြောက်အလား | ........ | ........ |
| တောင်အလား | ........ | ........ |
| အနောက်အလား | ........ | ........ |
| အရှေ့အလား | ........ | ........ |

အသနား ခံရသည့်မြေကို ဗဒ္ဓသိမ်သမုတ်ရန် အသုံးမပြုလျှင် အသနားတော် မူချင်းအတိုင်း အမိန့်တော်မှာ ပျက်စေ။

နိုင်ငံတော် ယာယီ သမ္မတ
ပြည်ထောင်စု မြန်မာနိုင်ငံတော်။

ရက်စွဲ ၁၃၁၀-ပြည့်နှစ်၊ ၁၉၄၉-ခုနှစ်၊ မတ်လ ၁၆-ရက်နေ့။

ဤမိတ္တူလွှာ စာပါအတိုင်း၊ မဆိုင်းပြည့်စုံ အချိန်ကို မကုန်စေပဲ ဝိသုံဂါမ သောဇက သီးခြား ရွာစားစင်စစ် ဖြစ်ပစေတည့် စိတ်တော်ရှိ၍—

**အယမ္ပိ ဝိသုံဂါမော ဟောတုတိ ရုဇာ ကဿစိ ဒေတိ—**

ပါဠိဝတ္ထုနာ အဋ္ဌကထာပါဠိ ကျမ်းဂန်နှင့် ညီညွတ်အောင် ခန့်အပ် ပေး သနားတော်မူပါသတည်း။

အင်္ဂါစုံညီ ဂုဏ်ပြည့်ညီ၍ ပြည်သောင်တည်လစ် ဤတခေတ်ဝယ် စနစ်ပုံမှီး ခုံကြီးတည်သောက်အောင် ပီပြင်နက်လေး ဝိသုံဂါမ အမိန့်တော် ပေးသဖြင့် ရှေးမဆုတ်ကပင် သီမာယ သိမ်သမ္မုတိနှုန်း သီမာယ သိမ် အဇ္ဈောဘ်ထရာ ဒေါ်သမတင် ဖြစ်ကင်းစင်အောင် အရှင်ကောဏ္ဍညာဘိဝံသ အမည်တော်ရသော သံဃ နာယက သံဃဥက္ကဋ္ဌ ရန်ကုန်နေပြည်တော် ဘုရားကြီးကျောင်းတိုက် မထေရ် မြတ် ခေါင်ကြပ်မတ်၍ ခရုတ်ပျားကြီး တနည်းခြမ်းသည်ဆိုင် ခရိုင်နယ်မြတ် ဆောင့်တန်းပြတ် ယက်နန်းခတ် မှတ်ဖွယ်အသီးသီး သိမ်နက်နည် ဘုံဖြင့် နုတ်ပြီးနှင့်သော မြေအရပ်ဝယ် ထပ်လှောက်ဆင့်ကာ ဝိနယာလင်္ကာ ဋီကာ အထွက် ညောင်စောင်းကွက်ကိုဖြင့် လက်ျာခွေပတ် သုံးကြိမ်ရစ် ဒေ မ် ရွတ်ဖတ်ညီညာ ကမ္မဝါဖြင့် သီမာသမ္မုတိနှုန်း ပုဗ္ဗဘာဂပရိကံ စီမံပြီးပြေလတ် သည်ရှိသော် နေပြည်တော်အရပ်ရပ် ကိန်းမျော်လတ်သ း တိုက်ကြပ် တိုက်အုပ် ဂိုဏ်းချုပ်စသော နာယကဟု ဆသာနာ ရပါဟီ အာဇာနည်ဇ တ် (၁၂၀) သော မထေရ်မြတ်တို့ကို ရှိညွတ်ခြင်း လျောက်တောင်းပန်၍ သိမ္မတ္ထ လင် မြေအပြင်၌ စုံလင်တပြေး စည်းဝေးတော်မူကြသောအခါ ဦးစွာမဆူ ပဌမ၌ သံဃပုင်ပေါ် ကျေးဇူးကျော်သော –

(၁) နော်မံကျောင်းကြီးတိုက်ဆရာတော် ဦးဉာဏာသေရ်မြတ်သည် အရှေ့ အရပ် လက်မှန်စ၍ ပါဂါကာနိမိတ္တ ပုဗ္ဗကိတ္တိက ဌာနပင်လတ် လက်ျာပတ်၍ လေးရပ်နယ်တောင် စပ်အောင်နိမိတ်ကြားခြင်း။

**ထို့အတူ....**

(၂) တောင်အရပ်မှစ၍ တာမွေသိမ်ကုန်းဆရာတော် ဦးရေဝတ။

(၃) အနောက်အရပ်မှစ၍ ဥယျာဉ်တိုက် လေသားဝရာတော် ဦးနန္ဒိက။

(၄) မြောက်အရပ်မှစ၍ သရက်တောတိုက်သာသနာလက်ရဆရာတော်။

(၅) အလယ်အရပ်မှစ၍ အလုံဇေတနာရာမဆရာတော်။

**နိမိတ်ခေါင့်....**

(၁) အရှေ့မှ ဘုရားကြီးတိုက် ဦးကုသလ။

(၂) တောင်အရပ်မှ ဘုရားကြီးတိုက် ဦးအာဒိစ္စ။

(၃) အနောက်အရပ်မှ ဘုရားကြီးတိုက် ဦးသာဂရ။

(၄) မြောက်အရပ်မှ ဘုရားကြီးတိုက် ဦးကေသလ္လ။

ဤမထေရ်မြတ်တို့လည်း စပ်အောင်နိမိတ်ကြားခြင်းတို့ဖြင့် သနင်းဘုန်းလျှံ ဟောမိန့်သွန်သော ပဉ္စမံ နိမိတ္တာ ကိတ္တေတဗ္ဗာ—

ဒေသနာတော်အရ နိမိတ္တကိတ္တနအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေ၍ နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။ ခန္ဓကအလာ ဒေသနာတော်မြတ် ပါဠိချပ်နှင့်၊သမသတ်ညီသျှော်အောင်—

(၁) နေ၀မ်ကျောင်းကြီးဆရာတော် ဦးဉာဏ။
(၂) ဥယျာဉ်တိုက်လေသာဆရာတော် ဦးမေဓိက။
(၃) တာမွေသိမ်ကုန်းဆရာတော်။

ဤဆရာတော် မထေရ်မြတ်တို့သည် ဆယ်ရပ်သော ဗျတ္တနဗုဒ္ဓိ အင်္ဂါရတိုင်း မိစေလျက် ဉတ္တိဒုတိယကမ္မဝါစာဖြင့် ဦးစွာအစ သမာနသံဝါသက သိမ် သမုတ်ခြင်း။

ထို့အတူ—

ဒုတိယအကြိမ်

(၁) ကြည့်မြင်တိုင် ပြည်လုံးချမ်းသာဆရာတော်။
(၂) ကြည့်မြင်တိုင် ဝေဠုဝန်ဆရာတော်။
(၃) ဗဟန်း ဝေဠုဝန်ဆရာတော်။

တတိယအကြိမ်

(၁) သပြေတောရဆရာတော်။
(၂) မြန်အောင်ဆရာတော်။
(၃) ကျွဲကူးဆရာတော်။

စတုတ္ထအကြိမ်

(၁) ပါဠိဆရာတော်။
(၂) ဒေးဒရဲဦးသီဟဆရာတော်။
(၃) ရွှေဘုန်းပွင့် ဆရာတော်။

ပဉ္စမအကြိမ်

(၁) အလယ်တောရ ဆရာတော်။
(၂) သရက်တောတိုက် ပိဋကတ်တိုက်သစ် ဆရာတော်။
(၃) ကြည့်မြင်တိုင် ဇေယျဝတီ ဆရာတော်။

ဆဋ္ဌမအကြိမ်

(၁) အောင်မြေဘုံစံ ဆရာတော်။

(၂) ဗားကရားတောရ ဆရာတော်။

(၃) ဗဟန်း မစိုးရိမ်ကျောင်း ဦးမေဓာဝီ။

သတ္တမအကြိမ်

(၁)သရက်တောတိုက် တောင်ဘီလူး ဆရာတော်။

(၂) မဟာ့ကုန်း မင်္ဂလာ သုခ ဆရာတော်။

(၃) ပုဇွန်တောင် မြသိန်းတန် ဆရာတော်။

အဋ္ဌမအကြိမ်

(၁) အရှင်အာဒိစ္စဝံသ ကျောင်းတိုက် ဆရာတော်။

(၂) သရက်တောတိုက် မဟာလက်ာရ ဆရာတော်။

(၃) ဘောက်ထော် ဦးဝဏ္ဏ ဆရာတော်။

နဝမအကြိမ်

(၁) စလင်းဆရာတော်။

(၂) ဘုရားကြီးတိုက် ဦးအာစိဏ္ဏ ဆရာတော်။

(၃) ပဋ္ဌာန်း ဆရာတော် ဦးနာရဒ။

ဤသို့လျှင် (၉) ကြိမ် (၉) ထပ် ခိုင်မြဲလတ်အောင် စောင့်ကြပ်သတိ လုံးတိုင်းမိစေ၍ အာဒိကမ္မ သမာနသံ သိမ်သမုတ်ခြင်း ကိစ္စကို (၈) နာရီ ၃၅ မိနစ်အချိန် ထမြောက်ပြီးပြေ အောင်မြင်စေ၍ အဝိပ္ပဝါသ သိမာသမ္မုတိကံ ဆောင်တော်မူသော အခါ၌လည်း—

ပဌမအကြိမ်

(၁) သရက်တောတိုက် သာသနာလင်္ကာရ ဆရာတော်။

(၂) သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဆရာတော်။

(၃) သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဦးသြဘာသ။

ဒုတိယအကြိမ်

(၁) ဦးအရိယတိုက် ဦးပညာဝံသ ဆရာတော်။

(၂) ကန်ဦးကျောင်းဆရာတော်။

(၃) သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဦးသောဘဏ။

တတိယအကြိမ်

(၁) နေ့ဘိမ်ကျောင်းကြီးဆရာတော်။

(၂) လေသာဆရာတော်။

(၃) တာခမ္ဘသိမ်ကုန်းဆရာတော်။

ဤသို့လျှင် သုံးထပ်သုံးကြိမ် (၉- နာရီ ၅-မိနစ်ပြီး၏။) အဝိပ္ပဝါသသိမ် သမုတ်ခြင်းတို့ဖြင့် လူမင်းမြတ်စွာ သာသနာ့ဝယ် မဟာရဟာ ဒုတိယကလျာဏီ ခေါ်တွင်ညီလောက်သော ဤသာသနမလဝိသောဓနီ ဘွဲ့မည်ထိန်လျှပ် သိမ် တော်မြတ်သည် လှူနတ်နုမော် ကောင်းကြီးခေါ်၍ သာသနာတော်နှစ် ၂၄၉၃-ခု ကောဇာသက္ကရာဇ် ၁၃၁၀-ပြည့်နှစ် ဦးတန်ခူးလဆုတ်၅-ရက်နေ့နံနက် စက် (၉) နာရီ ၅ မိနစ်အချိန်ဝယ် ဒါယကာတို့ပက္ခ လှူဘက်မှုလည်း—

(၁) မူလ သိမ်ဒါယကာ သဌေးကြီးဆာဦးသွင် သဌေးကတော် ဒေါ်-ဒေါ် သိန်း သားသမီးတစုတို့ကလည်း နိဗ္ဗာန ခေမာ ဆုခြွေကာဖြင့် ပူဇော ဝိဓသသ ဒါနမင်္ဂလာ ဖြစ်စိမ့်ငှါဟု ပင့်သံဃာ (၁၂၀) တို့အား နိကာယ် မဗ္ဗိမ မူလပဏ္ဏာသဠီကာ ကျမ်းရွှေစာနှင့် နာရီ ခါ.ပိုက်ဆောင် သံဃာစေ့အောင် လှူဒါန်းခြင်း၊

(၂) ဆွမ်းခံဖွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် သဗ္ဗါလုလု ဆွမ်း ပြုစုခြင်း၊

(၃) သိမ်တော်မြတ်၏မြောက်အရပ်, အရှေ့အရပ်တို့၌ အမှတ်အသား နယ် အလားကို နယ်ခြားပိုင်ပိုင် သိစေနိုင်အောင် ကျောက်တိုင်မော်ကွန်း စိုက်ထူခြင်း၊

(၄) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှလည်း တောင်အရပ်၌ အမျိုးသားတို့၏ ကောင်းမှု အနောက်အရပ်၌ အမျိုးသမီးတို့၏ ကောင်းမှု မော် ကွန်းကျောက်စာတိုင် စိုက်ထူခြင်း—

တို့ဖြင့် လင်းလင်းသမ္ပဇဉ် ကိုယ်စီယှဉ်၍ ခေမင်ကြွင်နိး နိရော်နန်းသို့ စောင်းတန်းလှေကား သွယ်ကြသတည်း။

ဆုတောင်းနှင့်အမျှဝေ

စေတနာစဉ်စီ သမင်္ဂီတည့် ပါရမီစိတ်သန် တီဟိတ်ဉာဏ်ဖြင့် နိဗ္ဗာန်လှေကား ပွင့်စေသားဟု ပွါးများ၊လေ့လာ ပြုခဲ့ပါသော သာသနာနုဂ္ဂဟ မြတ်ပုည ကြောင့် ဆန္ဒရှိရှိ အားသစ်ဘိသား ဗောဓိဆုကြီး ရှယ်တိုင်း ပြီး၍

ရှစ်ထီးပဂ်ဖိုလ် ဖွင့်ရလို၏၊ ထိုကုသလဖို့ ဘာဂကို သမ္မတရင်ဇာ ဗောဓိ လျှာလျှင် ပဥ္စမာဒိက လက်မှန်စ၍ မြန်မာ့ပြည်ထောင် တိုင်းရပ်ဘောင်၌ တောင်ပေါ်တံခွင် မြေပြန့်လွင်ဝယ် လူရှင်အပေါင်း ရစေကြောင်းဖြင့် နှစ်ထောင်းကြည်အေး အမျှပေး၏၊ တေးဘုံရပ်သူ နတ်နှင့်လူလည်း ထပ်တူ ကြည်ဖြူ ရစေဟူ၍ နိဗ္ဗူဗီဇ မျိုးစေ့သည် အမျှ........အမျှ........အမျှ ရကြ သည်ဖြစ်စေသောဝ်။

## ဩဘာစာ-ထောမနာစာတမ်း အမျိုးမျိုး

ဆရာတော်သည် ဩဘာစာ, ရတု, ရကန်, ချေင်း, မော်ကွန်း စသည် တို့ကိုလည်း ငယ်စဉ်ကပင် ရေးသားစီရင်တော် မူခဲ့ရာ အရှင် ဥတ္တမာဘိဝံသ သက္ကရာဇ် ၁၂၉၉ ပရိယတ္တိသာသနဟိတ သာကျသီဟ စာချတန်းစာမေးပွဲတွင် နှစ်ချင်းပေါက် အဋ္ဌကထာကြီး သုံးကျမ်းကို အောင်မြင်သဖြင့် ဂုဏ်ပြုချီး ကျူးပွဲတွင် သာကျသီဟ အသင်း၏ လျှောက်ထားချက်အရ ထိုစဉ်က အရှင် ဥတ္တမာဘိဝံသအား ချီးကျူးလှာ ဩဘာစာကို ရေးသားစီကုံး ဖတ်ကြား ဂုဏ်ပြု စေခဲ့လေသည်။ ယင်း ဩဘာစာမှာ အောက်ပါအတိုင်းဖြစ်၏။

### အရှင်ဥတ္တမာဘိဝံသအား ချီးကျူးဂုဏ်ပြုလွှာ ဩဘာစာ

ဇယတု မဟာဝိဇယာသဝ ဒွိပဒုတ္တမဟု သုံးလောကမှန်ကူ ခြောက် ရောင်လူ၍ ပြိုင်သူဘက်ကင်း မင်းဆုံး ဓမ္မရာဇ် ဘုန်းကျိုးလှစ်သော ရှင်ချစ် ပရမေ သုံးလူ့ဆွေသည် အောင်မြေသိရိ အပ္ပရာဇိထက် ဇာတိအာဏာ ဝိသဿာဟု စက္ကာပါဂ္ဂစ်ဝိုက် ခေတ်သုံးတိုက်မှ ဦးခိုက်ညွှတ်လာ နတ်ဗြဟ္မာတို့ ဂါထာနက်စံ ကောင်းချီးသံဖြင့် ကျွန်ကျွန်မဆိတ် မြေထိညိတ်မျှ ဘိသိက်သဘင် အောင်ပွဲတော်ယင်သည်မှ အညာတကောဏ္ဍဉ် အစယဉ်၍ အသခေျချေ များဝေနေအား မြိုက်ရေဖျန်းဆွတ် နန်းအထွတ်သို့ တန်းညွှတ်ရွယ်ချူ ကယ်တင်တော်မူပြီးမှ ဆောက်ဦကောင်းမှု ဣန္ဒြေနုကြသော ဟိန္ဒုဂုအများ ငှဲသနား၍ ပဋ္ဌာမြားသွဲ့ရိုး အမျက်လုံးကို သိကုံးသောလား မြိုက်တရားကို သုံး၂ါးဝေဖန် ဟောမိန့်ပြန်၍ နေရဗာန်ကြငှန်းကို သိန်းမြန်းစမ္ပသ်တော်မူ ပါသတည်း။

တြိဘဝ ဝိဇယသျှောင်ဖူး အောင်ပွဲမူးသည် ဆိပ်ဦးပလ္လင် နိဗ္ဗာန်ဝင်က အရှင်မဟာကဿပ အာဒိစ၍ ဆဋ္ဌဘုံည ပဘိန္နပဋိသမ္ဘိဒါ ခီဏာသဝ တေဝိဇ္ဇဂိုဏ်း သမိုင်းကုန်မြူး မဟေ ရှဲမျှူး တို့သည် ဆင့်ကူးစဉ်စက် ဆောင်ခဲ့ချက်ကြောင့် ကနက်မရမ္မ မန္တလဦ ဒုတိယနန်းစံ မာရ်ခံအောင် ရတနာ စေတီတော် ဒါယကာ မင်းတရားလက်ထက်တော်တိုင် ကြံ့ခိုင်မတ်မတ်

မယိမ်းညွတ်ပဲ ပိဋကတ်ဒေသနာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တရားရောင်တို့ မိုက်မှောင်မယှဉ် ထွန်းပစဉ်ဝယ် တိမ်ယှဉ်ပတ်ကုံး လကိုဖုံးက အုံးအုံးမြည်လျက် ဝါယုပက်သည် ဖြိုဖျက်စံပြု အတန္တုသို့စတုပစ္စယ သာသနာ့ဒါယကာ အာဏာကင်းပြဲ ဘုန်းရှိန်တော်နွဲလတ်သော် တုမဲ့ဘဂဝန် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ပြုစုအံ့သော်ငှါ ရတနာပုံ ဇေယျာပူရ မန္တလ ဘူသိခဋ္ဌ အာစာရကုသပုတ္တ ကလျာဏဂိုဏ်းဝင် သူတော်စင် အမျိုးသားတို့သည် မပြေးကတိ တူညီသောဆန္ဒရှိကြလျက် ပရိယတ္တိသာသန ဟိတ ကမ္မည်းသခေသော သင်္ဂဟရင်းနှီး အသင်းကြီးကို ရှေးတီးမဆွ ဖွဲ့စည်းကြ ပြီးလျှင် ပဋ္ဌာနဆေက သတ္တုနယည္ဟ ဝိဒုဂိုဏ်းဝင် အရှင်ဆရာတော်ဘုရားကြီးတို့ အား လေးပါးပစ္စယ နဂ္ဂဟဖြင့် ကာလမင်္ဂ ထောက်ပံ့ဖြည့်တင်းလျက် အသင်း ၏ရည်သန်ချက် (ခ)အရ စာချ စာသင် သေခ်ံအချင်တို့ စည်ပင် တိုးတက် အဆက်မပြတ်စေခြင်းငှါ နှစ်စဉ်စာချောက်မေးခန်း နှစ်တန်းနှင်ဌာန ဆင်ယင် ကျင်းပလျက် အာဂမယုတ္တိ ရှေ့နောက်ညှိ၍ တိတိမြေပြင် သိန္ဓောနှင်သို့ မငြင်မငြို ထိုသိုကျမ်းရှုံး ညာဏ်ဖွံ့ဖြိုး၍ အိပ်နိုးတင်ခတ် တုံ့ဆတ်မေးဖြေ ခွန်းချင်းချေသော နုထေရ်များစွာ သံဃာတော်အရှင်မြတ်တို့အား နိဗဒ္ဓဝတ် ဖန်တည်သတ်၍ ပရိယတ္တိသာသနာကျိုးကို သည်ပိုးရွက်ဆောင်ကြပါသတည်း။

ယင်းသည်မှ နှစ်ပရိစ္ဆေဒ ကာလတသွင် အတန်လွန်သော် ပြည့်လတ့် သော မော်စရိယ စာချအလျာ ဝင္ဂသကာဇာတ် ဘဒ္ဒန္တဥတ္တမာဘိဝံသ မထေရ်မြတ်၏ အလောင်းလျာသည် မဟာနိဂမ ပေါင်းတည်မြို့နယ် တောင်လှဲ ရွာဂါမတွင် ပုညရင်းနှီး လေ့ကျက်မှီးသော ခမည်းတော် ကျောင်းဒါယကာ ဦးသာထွန်းအား၏ နှိုး ဒေါ်နှင်းဘူး၏ ဂဗ္ဘမဂ်လာ ပဒုမာတိုက်နန်းဝယ် လျှမ်း လျှမ်းပြောင်ပြောင် စွယ်ရောင်ဝင်းဝင်း ဆဒ္ဒန်မင်းသည် ရံသင်းပတ်ခြံ ရွှေဂူ စံသည့်အသွင် ကိန်းဝပ်တော်မူသည်မှ ကာလချိန်ထောက် ရောက်လတ်သော အခါ ကောဇာသက္ကရာဇ် ၁၂၇၄ ခုနှစ် ပဌမဝါဆိုလဆုတ် ၂-ရက် တနင်္ဂနွေနေ့ တွင် သိမ်မွေ့လှစွာ မွေ့သန ပလ္လင်မှ လုမ်းကြွသာညင် ဓမ္မကထိက အရှင် ကဲ့သို့ ဖွားမြင်မီးသန့်သည် ဖြစ်ပါသတည်း။

"ပဌမရွယ် ငယ်သော်ကတည်း သိပ္ပခေါင်ဖျား တတ်မြောက်မြားမှ တောသားရန်အောင် ခြသေ့်ယောင်သို့ မရှောင်မညှာ တျင်းတျင်းမာလျက် ပညာရဲရင့် ပွဲလယ်တင့်" ဟု ဆိုလင့်ဤသို့ ကိုးခက်းပျို့ လာစကားကို မှတ်သား လိုက်နာလိုသောဆန္ဒ အရင်းရှိကြသော အမိ-အဖနှစ်ပါးတို့သည် ခုနစ်နှစ်သား အရွယ်ထိုစာချလျာသူငယ်ကို တောင်လှဲရွာကျောင်းဆရာတော်ထံ အပ်နှံဆောင် နှင်းကြ၍ မူလသင်ရိုး အမျိုးမျိုးကို ဒိုးနှယ်ကစား အမြင်ထွားလျက် ဆယ့်ငါး နှစ်အရွယ်ရောက်သောအခါ စကြာသနင်း လေးကျွန်းမင်း၏ ဝပ်စင်းရိုကျိုး

ရှိခိုးခြင်းကို ခံထိုက်စွာသော သာမဏေရ ပဗ္ဗဇ္ဇာဘုံရောက် ပင့်ချီးမြှောက်ကြ၍ နောက်နောင်အခါ ပညာရည်ချွန် ကဲသွန်ထူးမြတ် အံ့ဖွယ်သာနိမိတ်ကို အရိပ်ပေါ် ထင် ခွဲစိတ်မြင်ရကား ရှင်ဥတ္တမဟူသော ဘွဲ့သညာကို ဆရာတို့ညှိတ် မှည့်ခေါ် အပ်ပါသတည်း။

ယင်းမှနောက်ခါ ဆရာမိဘခွင့်ပြုချက်အရဖြင့် မူလနေဟောင်းတောင်လုံရွာ ဆရာတော်ကျောင်းမှ ရွှေ့ပြောင်းဖဲခွါ၍ ရတနာပုံ ဧယျကြွင်းနန်း မန္တလေး မြို့နယ် မြစ်ငယ်ဂူကုန်းကျောင်း ဆရာတော်ထံ၌ ကျိုးနွံရိုသေစွာ ပညာ သင်ကြားစဉ်အဘွင်း အစိုးရမင်းတို့၏ ပါဠိပြန်စာမေးပွဲ၊ အမျိုးသား ပရိယတ္တိစာမေးပွဲတို့၌ ဉာဏ်ကဲပိုင်းဖြတ် ပဌမငယ်-လတ်ကို ဖြောင့်မတ်စွာ ဒွန်တွဲ၍ အောင်ပွဲခံယူပြီးသောအခါ ကောဇာသက္ကရာဇ် ၁၂၉၄ ခုနှစ် ကဆုန် လဆန်း ၁၁ ရက်နေ့တွင် လှေ့လှေ့ သဒ္ဒါ ဟိတ်စွဲရင်း ပါကြသော ဒါယကာ မန္တလေးမြို့တိုက်တန်း မီးရထားလမ်း ဝန်ထောက်မင်း ဦးခင်မောင် ဇနီးဒေါ် မိတ်တို့က စတုပစ္စယ သာသနာ့ဒါယကာ ခံယူလျက် ဂူကုန်းကျောင်း ဆရာတော် ကြီးကို ကျောက်သီးတန္တ ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒဘော် ရဟန်းအဖြစ်သို့ ရောက်ပါသတည်း။

မမွာစရိယ စာချဝင်သကာ လောင်းလျာနှယ်ဘင် ထိုအရှင်ဥတ္တမသည် ၁၂၉၅ ခုနှစ်တွင် အစိုးရ ပဌမကြီးတန်း၌ အောင်ပန်းဆွတ်ချူ ခံယူတော်မူ ပြီးနောက် ၁၂၉၆ ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်ကြီး၌ ဝေးနီးအောက်သက် ဂုဏ်ရောင်လက်၍ အဂ္ဂမဟာပဏ္ဍိတ ရာဇဂုဏ်ပိ ဘွဲ့လိပ် အရှင် ကျော်စောထင်လျက် စာသင်စာချ ဘမရနန်း ပျားပိတုန်းတို့ ရှန်းရှန်း ညံစာ ကျံကျံညာမျှ ပညာတော်မှုန်ဝတ်ကို ခြွေဆွတ်စုပ်ယူရာ ကမလာ၏ ပဒုမာကြာတော၏နှန်းနှန်း ဘုန်းဆောင်လျှမ်းသော ညောင်ရမ်း ဆရာတော် ဘုရားကြီး၏ ထံပါးတော်ရင်း စက်ရိပ်ဘွင်း၌ ဝပ်စင်းလှုံခို၍ ထိုထိုကျမ်းဂန် သူမတန်အောင် ထဲဉာဏ်လှုံလ နှစ်ပါးမျှ၍ ယူကနန္ဒာ ငင်တိုင်းပါမျှ လေ့သာ ဆည်းပူး ပညာရည်နူးလတ်သောအခါ—

ရှေးဦးအစ ဖော်ပြခဲ့ရှိခဲ့သော ပရိယတ္တိသာသနဟိတအသင်း စာလျှောက် မေးခန်း စာချတန်း၌ ပြဋ္ဌာန်းချက်ပါ အဋ္ဌကထာကြီး ၃-ကျမ်းမှ ထောက်လှမ်း ကြံဆ ခဲကပ်လှသော ဝါကျမာလာ အဖြာဖြာကို "ယောဇနာမျိုး ကျမ်းရိုး ငါးချက် ဆက္ကဒ္ဓပနာ ပုစ္ဆာထုတ်ဘက် စုဒ်ဖက်နိုင်းရှိ ရှေ့နောက်ညှိ၍ သန္ဓိအနု ကြွေဘနည်း ဝုတ္တောဒည်းက ထုတ်နည်းပဌာန ပစ္စယငံ့ ဝါကျခွဲစိတ် ပုဒ်နိစ္ဆယ ယမကလှောက် ဆယ့်ခြောက်ဟာရ နယလေတန် ပငှာန်သာသန သဒ္ဒမှနေတ္တိ ဉာဉ်၏ကောက်ပုံ အစုံနှစ်ဖြာ ကြိယာငါးချက် ဖော်လျက်ယှဉ်ပြ

အာဘောဂမှ” နယစုံလင် တန်းဆာဆင်၍ မာတင်မှန်သောက် ခုံကြီးမြောက်တို့ ဝေဖောက်စစ်ဆေး မေးမေးသမျှ အဝဝကို မြမြဆက်လျှန် စက်တံခွန်သို့ တက်ဘုန်းဘုန်း ထိဘိုးရှသဖြင့် စာချဘုန်းအောင်မြင် နုထေရ်ရှင်အများတို့တွင် သူ့းခြားပဋိဘာန် ဂုဏ်ရည်လွှန်သဖြင့် ပြည်မွန်သာဂလ မိလိန္ဒမင်း ခဲယဉ်း ဆင်ဘိုင်း မေးအပ်သိုင်းကို မဆိုင်းခြေမှန် ဟုတ်ဘိုင်းပြန်သော အရဟန္တ ခိဘာသဝဘုန်းဘုန် နာဂသေနမထေရ်မွန်ကဲ့သို့ လွန်ခဲ့သော ၁၂၉၀-ခုနှစ်ကွင် ရဟန်းသိက္ခာ ၄ ဝါရလျက် ပဌမစာခန်း စာသင်တန်း၌ တစ်ဂဏန်းပေါက် အောင်မြောက်တော်မူသည်မှ ကာလမလျှား နှစ်ခြားဖေက် လျှပ်နွယ်ပြက်သို့ အသက်ဖော်ပြရေ ပါ စာချတန်း၌ ၁၂၉၃-ခုနှစ်တွင် တစ်ဂဏန်းပေါ်ထင်လျက် ဂုဏ်အင်ပြည့်နှက် အောင်ခုချက်ဖြင့် ဆက်၍စုံလင် တကြိမ်တည်းဖြင့် သုံး ကျမ်းပြီး အောင်မြင်ရကား “အရှင်ဥတ္တမဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ္ဋံသကာ” ရောစတုဝိ ကုံးဖွဲ့၍ ထိရောင်လွှတ် အောင်လက် မှတ်ကို ပရိယတ္တိသာသနဟိတအသင်း လူကြီးမင်းတို့ ကောင်းတင်းမြိမ့်ကြော ကြားစာဆက်ကမ်း၍ လှူဒါန်းခြင်းကိစ္စ လွန်ခဲ့သောနှစ်ကပင် ထမြောက် ပြီးစီးပြီ ဖြစ်ပါသည်။

ကမ္ဘာ့အတိတ် ကြာနိမိတ်ဖြင့် သာတိသာယ ဘဒ္ဒကာဟု ကပ္ပမည်သာ ၍ ကမ္ဘာတွင် သစ္စာလေးဆင့် တွေးတွေးရင့်၍ ပွင့်တော်မူပြီးသော စေတီး လေးဆူ သာသမ္မူထွတ်ခေါင်သို့၌ သုံးဆောင်တော်မူအပ်သော တောင်ဝေ့း ဓမ္မာကရိုဏ် ဆင်းပိုင်ဆံတော် ဓာတ်မွေတော်တို့ စံပျော်ကိန်းဝပ်သဖြင့် ပြာသာဒ်ရွှေသား နေရထားသို့ ကြားကြားရောင်စုံ ရှစ်ရပ်ခြုံသော မဟာ- တိဂုမ္ဗ စေတီတော်ကြီး၏တည်ရာ မင်္ဂလာရန်လုံ မျှိုပေါင်းခြုံသော ရန်ကုန်မြို့ ကြီး၌ အဝီး ရှေးခါ အနောက်ထင်ဆဲ ဂုဏ်ရှိန်နက်လေး သာသနာဝင်သူဌေးတို့နှင့် နှိုင်းသေးကမျှ ဥဘယပဋိပန် ကျိုးနှစ်ပန်ကို ထက်သန်ဆည်းပူး သူထက်ထူး ရကား ဒါနသီလ ပုညကြိယာ ဆယ်ဖြာမပြား ကောင်းမှုများ၌ ဘုရား အလျာ သုမေဓာသူ ရှင်ဘိုကဲ့သို့ လွတ်လွတ်ဖြည့်တင်းလေ့ရှိခြင်း၊ သည်းခံ နိုးကြား သနားဗြကြ နှိုင်းဆ ဝေဖန် နာယကဂုဏ်ခြောက်တန်နှင့် လောက် ငံပြည့်စုံခြင်း၊ ၎င်းသို့သော လောကသာသနာ နှစ်ဖြာဝေဖန် ဂုဏ်နေကန်ဖြင့် အင်္ဂါတိုင်းရပ် ထွတ်ချင်းခပ်အောင် နှံ့စပ်ထင်ရှား ကျော်ကြားခြင်းရှိပါ သော မဟာတိဂုမ္ဗစေတီတော် ဂေါပကဘဏ္ဍာတော်ထိန်း လူကြီးမင်းအထက် လွှတ်တော်အမတ် သူဌေး ဦးသွင် သူဌေးကတော် ဒေါ်ဒေါ်သိန်း တို့သည် ရှိန်းရှိန်းသာ ဉါဏ် ပညာမိမတ္တိ အရင်းရှိရကား ရန်ကုန်မြို့ရှိ ပါဠိဆရာ မြန်မာ ညာဏ်အသင်းကြီးနှင့် စိုင်းပြင်းတိုင်ပင်ရာ နှစ်စဉ်ကျင်းပသော ပရိယတ္တိ- သာသနဟိတအသင်း စာလျှောက်မေးခန်း စာချတန်း၌ သုံးကျမ်းကုန်စင်

တကြိမ်တည်းနှင့် ကျမ်းဇာပြီး အောင်မြင်တော်မူသော အရှင်မြတ်တို့အား "အဋ္ဌကထာပြန်အကျော်" ထင်ပေါ်ဘွဲ့လိပ် ရွှေတံဆိပ်ကို ခေတ်နှိပ်ကပ်လှူမှန် သဘောတူ ဆုံးဖြတ်ကြပြီး ဖြစ်ရကား ၁၂၉၉-ခုနှစ်၌ သုံးကျမ်းကုန်စင် တကြိမ်တည်းနှင့် ကျမ်းအပြီး အောင်မြင်တော်မူသော အရှင်ဥတ္တမာဘိဝံသအား "အဋ္ဌကထာပြန်အကျော်"ဟူသော သုဝဏ္ဏလိပ် ရွှေတံဆိပ်ကို ခတ်နှိပ်သွင်းထု ရတုမင်္ဂလာ ထေရာမနာစာတမ်းနှင့်တကွ လှူဒါန်းပူဇော်ပါသတည်း။

## အမျှဝေဆုတောင်း ကေပိုဝ်လင်္ကာ

ပေါဓိထဲဉာဏ် ရင့်ကြောင်းဖန်သား ဝေယန်ဇာတိ ကျောက်မဏိသို့ ညစ်ကြေးမထင် သဒ္ဓါစင်ဖြင့် ရှင်ရှင်ဆည်းစု ဤကောင်းမှုကြောင့် နိဗ္ဗုတိဗွေ အေးမဲ့မြေသို့ ဖောင်လှေယာဉ်ဇက် အဋ္ဌင်မဂ်ဖြင့် လျင်ဆက်ရောက်ကြောင်း ဆုရည်တောင်း၏ ရှည်ညောင်းသံသရာ ကျင်လည်ခါမူလည်း သုံးဖြာဆယ်လီ ပါရမီကို အာသီထန်ပြင်း မကျန်ကြွင်းအောင် ဖြည့်တင်းနိုင်ရ ပါလို၏ရှင့် အမတဆု ဤကောင်းမှုကို ပြောထုတ်ဖို့ရှုထု ဝေနည်လူတို့ ရည်ဘူရနိ ပတ္တိ-ဒါန်ဖြင့် မကျန်စေရ ပေးဝေသည် အမျှ–အမျှ–အမျှ ရကြစေသော၏။

စီကုံးရေးသားသူ
ပရိယတ္တိဓမ္မာစရိယ ဝဋ္ဋံသကာဘွဲ့ရ
အစိုးရပဋ္ဌမကျော်-အဋ္ဌကထာပြန်အကျော်
အရှင်ဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊မင်းကွန်း။

ဖတ်လျှောက်ကြားသူ
တောင်သာဆရာကြီး
ဦးခိုင်

မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်း တည်ထောင်၍ အနှစ် ၅၀-ပြည့် မြောက်သည့် အထိမ်းအမှတ် တံဆိပ်တော် ဆက်ကပ်ပွဲ သဘင်ကြီး၌လည်း ဆရာတော်သည် သဒ္ဓမ္မပူဇောသာသနာနုဂ္ဂဟ ဇေယျမင်္ဂလာ ထေရာမနာစာတမ်းကို စီရင်တော်မူ၍ ပရိယတ္တိ သာသနဟိတ အသင်းတိုက်မှူး ဆရာကြီး ဦးခိုင်အား ဖတ်လျှောက်စေခဲ့သည်။

## အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဇေယျမင်္ဂလာထေရာမနာစာတမ်း

ဘုန်းပန်းမျှ ကြိုင်လှိုင်ကြူသည့် ဝှန်ဆူကိုးချက် တန်ခိုးစက်ဖြင့် မိုးထက်လွှဲကျော် စိန္တေယျော်၏ နတ်တ‌ေးမြတ်ဟ စက်ခမ္ဘလျှင် ကာလမွန်ရှည် ပွါးစိမ့်မည်ဟု ဖန်တည်ဘာဒိ မျိုးထူးရှိသား ပရိယတ္တိသာသနဟိတမည်လျှင်း ဤအသင်း၏ သစ်လင်းအံ့ဖွယ် စားစားကာယ်လျက် ငါးဆယ်နှစ်ယောက် ပြည့်ခဲ့မြောက်၍ မျက်မှောက်ကြိမ်တွေ့ ဤယနေ့ဝယ် လွှေ့လွှေ့ရမ်းရမ်း သဒ္ဓါစွမ်းဖြင့် မင်းခမ်းစုံလင် ပွဲကြီးယင်၍ ကျော်ထင်နွှေလိပ် ဘွဲ့တံဆိပ်ဖြင့်

နိတ်နှိပ်လှူနှင်း ပူဇော်ခြင်းကို လင်းလင်းသိသာ ထောမနာဟု မင်္ဂလာစကား လျှောက်ဆက်ကြားမည် ရွှေနားဆင်ပါကုန်ဘုရား။

သိဒ္ဓမ်——

အောင်သူတကာတို့၏ မဟာဇိနေန္ဒြာဓိပတိ သိရိပဝရ အမိတဟု ဝိဇယ ဘွဲ့ကောင်ဖူး အောင်ပွဲမှူးစင်စစ် ဖြစ်ကြီးဖြစ်သော ရှင်ချစ်ပရမေ ဘုရား သုံးလူ့ဆွေသည် ညောင်ရွှေမာရ်နှင် ဗောဓိပလ္လင်၌ သံထင်ရိုက်ခုန်း ယမိုက် ဘုန်းဖြင့် တိုက်လုံးငြိမ့်ထွေ ကောင်းတင်းငြေလျက် ဇေယျာဘိဇေယျ ဇေယျုတ္တမ ဒေဝါတိဒေဝ ဒေဝုက္ကဋ္ဌ အနုတ္တရဘွဲ့နံ မြေ့ရာဇ်ဘိသိက်ခံ၍ နိဗ္ဗာန် သာထွန်း မှာရပ်ကျွန်းသို့ ပို့ညွှန်းကယ်ယူ ဗိုလ်ဗိုလ်လူကို ဂုဏ်တူဘေးမဲ့ ပေးပြီး ခဲ့မှ လေးဆယ့်ငါးဝါ အခါတော်မြတ် တိုင်တုံလတ်သော် နာဂတ်ဝေနေ ယျတ တွေတို့ မျက်ခြေမပျောက် ကိုယ်တော်နောက်သို့ ကောက်ကောက်လှုင်ထွေ လိုက်ပါစေဟု ဒေသနာစမ္မ နည်းစုံပြ၍ ပိဋကသုံးသွယ် နိကာယ်ငါးဖြာ အင်္ဂါ ကိုးတန် ဓမ္မခန်ပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်ကိုယ်ပွါး တည်ခဲ့ ထား၍ ငါးပါးထုတ်ပြ သမ္ဗုဒ္ဓတို့ ကိစ္စဥဿုံ ပြည့်ဝကုန်သဖြင့် ရွှေဘုံကြွှင်နှင်း နိဗ္ဗာန်နန်းကို သိမ်းမြန်းစိုးစံတော် မူလတ်သတည်း။

မဟာသက္က ဇောသီဟလျှင် အမတနိဗ္ဗာန် စံကိန်းပျော်က ကိုယ်တော် အလျှာ ထားခဲ့ပါသော မဟာကဿပ သံဃိန္ဒသည် သာသနဒါယကာ အဇာတသတ်မင်း ချီးမြှောက်ခြင်းဖြင့် ကောင်းတင်းသာအိ ဘာဂ်ဝိုင်ထိ စေလျက် အာဒိကမ္မိ ပဌမသံဂီတိသဘင် ယင်တော်မူသည်မှ လက်မှန်စ၍ သာသနပါလက သာသနဒါယကာ မဟာထေရ်ပေါင်း ရှေးမင်းကောင်းတို့ ဆင့်လောင်းစဉ်ဆက် စောင့်ရှောက်ချက်ကြောင့် ကနက်မြမှ မန္တလဠ ဒုတိယ ဥကင် ဖွင့်လှစ်ယင်သော အချင်သီးပါမင်းတရား ရွှေလက်ထက်ဘုင် နေစက် ရာထောင် တခုတိုက်ဘောင်ဝယ် တပြောင်ပြောင်စု၍ ပသကဲ့သို့ သာသနာ နေဝန်း သရေရှန်း၍ ဝေထွန်းတောက်ထိန်ဆဲအခါ စကြာယုန်နန်း ဣန္ဒြ စန်းကို ရှုန်ကြမ်းရာဟု ဖမ်းလာပြုသို့ သမုတိနတ် တို့မြတ်မင်းကို လှည့်ပတ် ထဲသို သံနုတ်ချိုဖြင့် ဝိတိုရိယ ဗာဟိရဟု ရာဇကေရိ မာယာဝီတို့ ဝါဒ်- ညစ်ညမ်း လောဘပြွမ်း၍ အကြမ်းဖက်ကာ မသမာပဲ ပသယှာဟောရမှု တိုက် ဖျက်လုသဖြင့် စတုဂ္ဂဝ သာသနဒါယကာ ကင်းလွတ်ကာလျက် သာသနာ တန်ဆောင် အရောင်မှိန်မှေး အရှိန်ခသး၍ အရေးနွဲ့လုလတ်သော်။

သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ—

အာသီသ ပတ္ထနာဖြင့် ရတနာပုံ မန္တလေး ရွှေမြို့တော်ရှိ ဇာတိအာစာရ ကုလပုတ္တခပင်း လူကြီးမင်းတို့သည် စိုင်းပြင်းတိုင်ပင် ဆင်ခြင်နှိုင်းညို့ မပြား

သော ဆန္ဒရှိကြ၍ ပရိယတ္တိသာသန ဟိတကမည်း အသင်းကြီးကို ဖွဲ့စည်း ဟည်ထောင် မှုကုန်ဆောင်ကြလျက် ဘုန်းခေါင်မြတ်စွာ သာသနာဝယ် ဓမ္မာဧရိယ မူလသီးခြား နှစ်နည်းထား၍ ပိုင်းခြားစုစီ ဂုဏ်အင်ညီသော သာကီဝင်ဇာတ် အရှင်မြတ်တို့ နိဗ္ဗာန်ဆွမ်းပစ္စည်း မလိပ်လည်းအောင် သိပ်သည်းကော်ရော် ပူဇော်ဝတ်ခင်း မလစ်ဟင်းစေပဲ အသင်း၏ စား လျောက် မေးခွန်း စာသင် စာချတန်းတို့၌ ကျွမ်းပြည့်အောင်မြင် နှုးထရ်ရှင်တို့ အားလည်း နှစ်စဉ်ထာဝရ အောင်ပွဲကြီး ကျင်းပ၍ သမဏပရိက္ခရာ ပဒေသာပင်ကြီး ငွေရှိးကို သီးသီးကြည်ဖြူ ဆက်လှူဆောက်နှင်း ပူဇော် ခြင်းတို့ဖြင့် လူမင်းမြတ်စွာ သာသနာကို သီဘာဥမ်းမြေ ရေနှင့်တွေ့သော ရာခစုချပ်လှာ သတပတ်ကြာကဲ့သို့ အခါနှစ် ယနေ့ကျအောင် တောက်ပ ပွင့်လင်းစေခဲ့ပါသတည်း။

ပရိယတ္တိသာသန ဟိတမည်လျှင်း ဤအသင်းမှ ရှေးမင်းတို့အရာ သာသနာကို သဒ္ဓါသော့လေ့ ချီးမြှောက်လေ့ဖြင့် ယနေ့တိုင်ဟူ ခါသော်မူကား အသူ ရှိန်မင်း သူ့ခံတွင်းမှ ဖောက်ထွင်းခဲ့ထုက် စန်းယုန်စက်ကဲ့သို့ အထက်ရှေက ရေးခဲ့ပြသော ဗြိတိသျှစိုးမင်း သူ့စက်တွင်းမှ ရှင်းရှင်းလွတ်ကွာ ချုပ်အချာ ဟု အာဏာလူထု ကိုယ်ပိုင်ပြုနိုင်သော ပြည်ထောင်စုတွင်ခေါ် သမ္မတ မြန်မာ နိုင်ငံတော်ဝယ် ဆယ်ခေတ်ရာဇမေ် ဂုဏ်ပြည့်လျှံသော နိုင်ငံဦးစီးသမ္မတကြီး လျှင် ငြိုးငြိုးထိန်လက် နေလုလင်တက်သကဲ့သို့ ပေါ်ထွက်ထွန်းပြု ဥဒည်မှုရကား လိုက်ဆူဘည်သင်း ဤအသင်းမှ နှစ်သက်ငြင်းပီတိ အကြိမ်ကြိမ်ဖြစ်ရှိ၍ ဇိနသာ သနာ ရွန့်ရှည်ကြာအောင် သဒ္ဓါနက်လေး ပြုဖန်ရေး၌ ရှေးရှေးသော သာသ နာပြုမင်းတို့ကဲ့သို့ အသင်း၏ရှေ့သွား ဦးစီးပုဂ္ဂိုလ်ကြီးအဖြစ်ဖြင့် နှစ်သိမ့်ဖြိုး စည် ဆောင်လိမ့်မည်ဟု ယုံကြည်အားတက်ကြပါသတည်း။

ဘဝန္တဂူ သယမ္ဘူ၏ ဝှန်ဆူထိန်လက် သာသနာစက်လျှင် တဝက်ခရီး ရောက်ချိန်နီးက ဘုန်းကြီးရာဇူ ထွန်းလိမ့်ဟူ၍ ပြည်သူနတ်မြက် စံနည်းထွက်ရ ကား စက်တေဇာရောင် ထိန်လျှံပြောင်သော ပြည်ထောင်ဦးစီး သမ္မတကြီး သည် မီးမကပူ ကျိုက်ကျိုက်ဆူမျှ သူလျှင်တလူ ငါမူတမင်း မာန်ငယ်တင်း၍ နေ့ငင်း ချင်းငြူစူ အန္တမူလျက် သူပူလုပ်လုက် ရတ်တရက်လျှင် ပျက်လူခါနီး ကမ္ဘာ ကြီး၌ စောထီးဗုဒ္ဓ ဩဝါဒသည့် သံဝေ့မီး လျှံငြိုးငြိုးကို အပြီးတိုင်လတ် ငြိမ်း စေတတ်သော ကပ္ပဝုဋ္ဌိကာ မိုးပမာသို့ ကမ္ဘာ၏ ငြိမ်းချမ်းရာ ငြိမ်းချမ်း ကြောင်း တရားကောင်းဟု နှစ်ထောင်းယုံကြည် နှလုံးရည်ဖြင့် မြိုက်ဆိဗုဒ္ဓ ဩဝါဒကို ပြည်ပပြည်တွင်း ကမ္ဘာထွင်းအောင် လင်းစေနှံ့သံ စေဖြန့်ချိ၍ သီရိ- မမ္မာသောက သာသနဒါယကာ ကဲ့ပမာသို့ ဤကမ္ဘာလောက ရုပ်ဌာနကို ဗုဒ္ဓ

မွေ့၍ကျက်စားရာ ခေမာနန်းရိပ် ကူးတို့ဆိပ်ဟု တံဆိပ်ပုံခတ် မော်ကွန်းမှတ် လောက်အောင် မှန်မြတ်သောကမ္ဘာကြီး၏ အဖြစ်သို့ စင်စစ်ဆိုက်မြောက် ရောက်စေသိမ်းဆည်း ပန်တီးကယ်ယူ စွမ်းလိမ့်ဟူ၍ ကြည်ဖြူလိုက်လှဲ နှလုံးထဲ၌ စွဲမြဲယုံမှတ် ကြပါသတည်း။

အမြိုက်ရွှေဘုံ ဆုအာရုံဖြင့် ပုညာဘိသန် အားသစ်ဟန်ကို တဖန်ထုတိ လျှောက်ဖွယ်ရှိသည်မှာ ပရိယတ္တိအသင်း လူကြီးမင်းတို့ စိုင်းပြင်းညီညာ တိုင်ပင်ကာဖြင့် ပဋ္ဌမဒိက ဖန်တည်ကြသော ထောင့်နှစ်ရာခြောက်ဆယ်ပြည့်နှစ် သက္ကရာဇ်မှ ယခု ၁၃ထောင့်သုံးရာ တဆယ်ပြည့်နှစ်ကျအောင် ကာလစာရင်း အနှစ်ငါးဆယ်အတွင်းဝယ် အသင်း၏ စာလျှောက်မေးခွန်း စာချဖန်းတို့၌ ဘက်ကမ်းပါရင် ပြီးအောင်မြင်ကြသော ဒူရှင်ဓမ္မာစရိယ ဘိဝံသဟု စာချဆရာ တော် ထွန်းပေါ်ပိုင်းခြား (၁၅၅)ပါးတို့တွင် ထင်ရှားအာယု သာသနာမှုကို ပြုစုလေ့ လေ့ ထမ်းဆောင်လေ့ဖြင့် ယခုတိုင်စည် တည်နေတော်မူဆဲရှိကြ ပါသော မဟာထေရ အနုထေရ မဇ္ဈိမနှင့် နဝကဘွဲ့ခေါ် ဆရာတော်များ(၇၉) ပါးတို့၏ ထူးခြားလောက်လုံ ကျေးဇူးဂုဏ်ကို အာရုံခံပတိ နှလုံးသွင်းမိကြ သော ပရိယတ္တိအသင်းဝင် သူတော်စင်အပေါင်းတို့သည် နှစ်ထောင်းကြည်ညို ပသာဒရွှန်းစိုသဖြင့် ထိုဆရာတော်ဘုရား (၇၈) ပါးတို့ကို ဝပ်တွားအဦလိ ပင့်လျှောက်ချီ၍ စုံညီစည်းဝေးတော်မူကြသောအခါ မဟာဝိဟာရသာသနာ့ တက္ကသိုလ် တိုက်ထိုဆို့မှ ဝိမိုရ်ပဏ္ဍိတ် ဂုဏ်လျှံဖိတ်သော တံဆိပ်၍ မရ သံဃ- ပုဂ်ဝေါ် အရှင်ဆရာတော်ကြီးတို့မျက်မှောက် စက်ရိပ်အောက်ဝယ် နောက်နာ- ဂတဝင် ဥဒါန်းတွင်အောင် ဆင်ယင်သိုက်မြိုက် အသင်းတိုက်၌ စိုးထိုက်မင်းထန် ပရိက်ံတို့ကို စီမံသန့်ရှင်း ပွဲကြီးကျင်း၍ အသင်း၏ ဥက္ကဋ္ဌမှ ပုညမင်္ဂလာ ဇဟာ ကုသိုလ်ပွါး တင်ထားဆက်သဘော အဘိဝံသ ဓမ္မာစရိယ ကမ္ပည်းတံဆိပ် တော် အသီးသီးကို သမ္မတကြီး ကိုယ်တိုင် ရွှေလက်တော်ကိုင်၍ သံအိုင်ကျူး ညိတ် အကနိဋ္ဌ်မှ ဗြဟ္မီသရော် ကောင်းချီးခေါ်စေလျက် ဆရာတော် ဘုရား တပါးပါးကို ခမ်းနားပင့်ယူ တံဆိပ်တော်ဆက်လှူ၍ ဇမ္ဗူဆီမီး ဤသာသနာပြု အောင်ပွဲကြီးကို ဝှဲချီးဆင်ယင်ကြပါသတည်း။

သာသနာနုဂ္ဂဟ သဒ္ဓမ္မပူဇာ မင်္ဂလာပေါင်းစု ဤကောင်းမှုသည် ယခု ရောက်သတ် ပရိသတ်နှင့် နာဂတ်ဗိုလ်လူ အောက်မေ့သူတို့ နိဗ္ဗူတိုင်ရောက် ပုံအထောက်လျှင် ဖြစ်မြောက်စေသော ဆုပန်စော၏၊ သမ္မောဓိဉာဏ်

ရင့်ကြောင်းဖန်သား မဟာန္တာ၏ ကုသိုလ်ဂုဏ်ကြောင့် ဥဿုံထွေပြား ကမ္ဘာသား တို့ ဘုရားလူ့ဘာ မုနိန္ဒ၏ ဓမ္မကွန်းထောက် အလံဆောက်သို့ စိတ်ရောက်ကိုပါ ခိုလှုံလာ၍ ရသာချိုမြ ဓမ္မာဇကို သုံးကြသည်ကို မြင်ရလို၏၊ ထိုကုသလ မြတ်ဘာဂကို နရမရူ ဝေနေယျအား ရည်တူရရန် ပဋ္ဌာဒါန်ဖြင့် မကျန်စေရ ပေးဝေငှသည် အမျှ-အမျှ-အမျှ ရကြသည် ဖြစ်စေသော်။

| | |
|---|---|
| ပရိယတ္တိ ဓမ္မာစရိယ ဝဋ္ဋသကာဘွဲ့နှင့် | ပရိယတ္တိ သာသန ဟိတအသင်း |
| သာသနဓဇ သိရီပဝရ ဓမ္မာစရိယ-ဘွဲ့ရ | တိုက် မှူးကြီး |
| အစိုးရ ပဌမကျော် ဓမ္မနာဒဆရာတော် | ကာဗျဘာဏကပါရဂူကျော်ထင်ဘွဲ့ရ |
| အရှင်ဝိစိတ္တသာရာဘိဝံသ | ဆရာကြီး-ဦးခိုင် |
| စီကုံးရေးသားသည်၊ | ဖတ်လျှောက်သည်။ |

ဆရာတော်သည် ဂုဏဝဏ္ဏနာ သံဝေဂ ဂါထာ များစွာတို့ကို စီရင်ရေးသား တော်မူခဲ့လေသည်။ ရံခါကိုယ်တိုင် ရေးသား၍ ရွတ်ဖတ်ပူဇော်တော် မူခဲ့လေ သည်။ ၁၃၁၆-ခုနှစ် တပို့တွဲလပြည့်နေ့တွင် ဆဋ္ဌသံဂါယနာ သံဃမဟာ နာယက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော် ဘုရားကြီး အရှင် ရေဝတ မဟာထေရ် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေရှိ အဘိဓဇ မဟာဝိဟာရ၌ ပျံလွန်တော်မူသဖြင့် နိုင်ငံတော်ဈာပနအဖြစ်ဖြင့် ကြီးကျယ်လှစွာ ပူဇော်ပြီး ၁၃၁၆-ခုနှစ် တန်ခူးလဆုတ် ၅-ရက်နေ့တွင် အန္တိမ အဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပ၏၊ ထိုစဉ်က ဆရာတော် အရှင်ဝိစိတ္တသာရာ- ဘိဝံသသည် အောက်ပါ ဂုဏာဝဏ္ဏနာ သံဝေဂ ဂါထာများဖြင့် ရေးသားဖွဲ့ဆို ပူဇော်တော် မူခဲ့လေသည်။

### ညောင်ရမ်းဆရာတော် ပျံလွန်စဉ် အရှင်ဝိစိတ္တသာရာဘိဝံသရေး ဂုဏဝဏ္ဏနာ သံဝေဂဂါထာများ

#### ရည်ညွှန်းချက်

မဟာအဂ္ဂ ပဏ္ဍိတတည့် ဂန္ထကာရီ မဟာဂဏီမှ သုံးလီသိက္ခာ သာသနာ့ကို သစ္စါလုလု ချိန်တိုင်းပြုသား ပြည်သူ့ဆရာ မဟာရဋ္ဌဂုရု ဘွဲ့ဂုဏ်ထူဖြင့် ဓမ္မု- ပဒေသ နည်းမှန်ပြ၍ ဆဋ္ဌသံဂါယနာ မဟာနာယက ရှေ့တန်းမှလျှင် သာသ နာ့ဝန် ကုန်ကျေပြွန်အောင် အားသွန်ဆောင်ထမ်း ဂုဏ်ရောင်လျှမ်းသည့် ညောင်ရမ်းထေရ်မောင် နတ်ရွာပျော်အား စာတော်ကိုးခန်း ပုလဲပန်းဖြင့်

စက်ပန်းတော်စုံ ပန်းကြာပဒိုသို့ ဖော်ရွှထူးချွန် ရှိဦးညွန်သည် အကျွန်မြတ်နိုး ပူဇော်၏။

သံဂီတိပါမောက္ခ

၁။ သံဃိန္ဒော ကဿပေါ နေသာ နု၊ ရေဝတော တိသသဿပ္ပယော။
နိသိန္နော မေ့ပလ္လင်္ကော၊ မေ့သံဂါယနုဿဝေ။

ဓမ္မပလ္လင်္ကော၊ သဗ္ဗညုရဲ့ ဖြည့်အလျှံတို့ ဝန်းရံဝဲယာ ပတ်ယှက်ဖြာသား အဂ္ဂဒြိန္ဒြ အာသနဝယ် သောဘူးဖောက်ခြည် တောင့်တောင့်စည်မျှ ရွှေရည်မှုမ်းမံ ဓမ္မပလ္လင်ပျံ၌။ နိသိန္နော၊ တာရာ့ဝန်းယှက် စန်းယုန်စက်သို့ ထောင်ဝက်သံဃာ ဝဲယက်ကျာမှ ယှက်ကာဖွေဖြိုး တရားမိုးကို ရွာကြိုးဖေစ်ချွန်း သိတင်းသုံးစံနေတော်မူလေ၏။ သံဃိန္ဒော၊ ဘုန်းစက်ရှိန်ဝါ လျှံထိန်ဖြာသည့် သံဃိန္ဒာမျိုး မထေရ်ထူးသည်။ မေ့သံဂါယနုဿဝေ၊ ပဌမသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီးယင်၌။ ကဿပေါ နေသာ ကဿပေါ နု၊ ဘုရားဇာနေ့ စိန္တေယျော်လျှင် ကိုယ်တော်အသျှာ ယာခဲ့ပါသား မဟာကဿပ သံဃာ့ဦးစီး မထေရ်မြတ်ကြီးပင် ဖြစ်လေရော့သလား။ နေ ။ မဟုတ်ရာပါ၊ မဟာကဿပ သံဃိန္ဒာသား အမတာနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဘာတ်သိမ်းတော်မူခဲ့လေပြီ။ နု၊ ခင်စစ်ကေန် အမှန်အားဖြင့်တော့။ (သော- ထို ယခုဒိဋ္ဌ ဖူးမြင်ရသည့် နာယကဦးစီး မထေရ်မြတ်ကြီးသည်)။ မေ့သံဂါယနုဿဝေ၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီးယင်၌။ သံဃိန္ဒော၊ နှစ်တောင့်ငါးရာ ဇေရ်သံဃာတို့ကို ခေတ္တာပိုက်ထုပ် ဒယာချုပ်၍ စိုးအုပ်တော်မူလျက်ရှိပါသော။ ကဿပေါ၊ မဟာကဿပ သံဃိန္ဒမှ ဝံသစီစဉ် ဆက်ခဲ့လျှင်သား သာသင်ဆဋ္ဌ ပါမောက္ခဟု နာယကဦးစီး ကျေးဇူးဘော်ရှင် သခင်ညောင်ရမ်း ဆရာတော်ဘုရားကြီးပါပေတည်း။

နု၊ အတွေးညာဏ်ဝင် တနည်းထင်မိပြန်သည်ကား။ သံဃိန္ဒော၊ ဖော်ပြရာပါ သံဃိန္ဒာခေါင်မျိုး မထေရ်ထူးသည်။ မေ့သံဂါယနုဿဝေ၊ ဒုတိယသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီးယင်၌။ ရေဝတော နေသာ ရေဝတော နု၊ စည်းရုံးရေး တာဝန်ခံ ဘုန်းလျှံယသ တိုက်တွန်းတော်မူချက်အရကြောင့် အဓမ္မဝါဒီ ဝဇ္ဇီတိုင်းသား ရဟန်းများကို တရားဖြင့် နှိပ်ကွပ်၍ မြတ်ရဟန္တာ ခုနစ်ရာတို့ဖြင့် သံဂါယနာဒုတိယ ရွှေဘန်းကရွှက်ဆောင် အခေါင်ပညာ ဓိကာသဝ ရေဝတမထေရ်မြတ်ပင် ဖြစ်လေရော့သလား။ နေသာ၊ မဟုတ်ရာချေ ရေဝတထေရ်လည်း နေရဗ္ဗာန်ကွန်းပြောက် ဆောက်ဘော်မူခဲ့လေပြီ။ နု၊ စင်စစ်ကေန် အမှန်အားဖြင့်တော့။ (သော၊ ထို သံဃာ့ဦးစီး မဟာထေရ်မြတ်ကြီးသည်။) မေ့သံဂါယနုဿဝေ၊ ပြည်ထောင်တည်ဆောက် ခြောက်နှစ်မြောက်ဝယ် ခြောက်ကြိမ်ယင်နှဲ့ ဓမ္မသံဂါယနာ သဘင်ပွဲကြီး၌။ သံဃိန္ဒော၊ သံဃိသဿရ သံဃာ့မဏ္ဍိုင်

သာသနာပိုင်တဆူ ဖြစ်တော်မူပေသော။ ရေဝတော၊ ဒုတိယသံဂါယနာတင် မဟာရေဝတ ထေရ်တမျှလျှင် ဆဋ္ဌသံဂါတင်သောခါ၌ မဟာပါ-မာက္ခ ရွှေတန်း မှအားသွန် သာသနာ့ဝန်ကို ချွန်ချွန်ရွက်ဆောင် ထမ်းလိမ့်နောင်ဟု ခေါင် ပဏ္ဍိတ်နှယ် ဥပဇ္ဈာယ်တို့ ဘုန်းကြွယ် "ရေဝတ" ထပ်တူမျှလျှင် အနွတ္ထနာမ် ပေးအပ်နှံသား ဘုန်းကံ မျောင်လျှမ်း အခေါင်လွှမ်းသည့် ညောင်ရမ်းထေရ် မော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးပါပေတည်း။

နှ၊ အထဝါကား ကနည်းပြား၍ ယုံမှား၍က်ဘ တွေးထင်မိပြန်သည်မှာ။ သံဃိနေ့၊ မဟာသံဃာရာဇ်ဘုန်းသင်းလျှလူ ဗုဒ္ဓကြ။ဇာတ် မထေရ်မြတ်ကြီးသည်။ ဓမ္မသံဂါယနသေ၊ တတိယသံဂါယနာ မဟာဓမ္မသဘင် ပွဲကြီးသင်၌။တိဿသ ဝှယော နော-တိဿသဝှယော နှ၊ မောဂ္ဂလိပုတ္တေး ရင်သေးသည်းချာ မဟာ-တိဿ တတိယသံဂါယနာမှူး မထေရ်ထူးသင် ဖြစ်ခလေနော့သလား။ နော၊ မဟာဘ်ရာဘိ မောဂ္ဂလိပုတ္တ ထေရ်တိဿလည်း ဘာဇာတ်သိမ်း ငြိမ်းတော်မူခဲ့ လေပြီ၊ နှ၊ စင်စစ်ကေန် အမှန်အားဖြင့်တော့၊ ဓမ္မသံဂါယနသေ၊ လူထုခေတ် သာသနာ ကမ္ဘာ့အေးကုန်း မြေချာဟု မဟာပါသာဏ လိုဏ်ဂူဆယ် ဆဋ္ဌယင်နှဲ ဓမ္မသံဂါယနာ သဘင်ပွဲကြီး၌။ သံဃိနေ့၊ သံဂီတိပါမောက္ခ သံဃာ့ဦးကိုင် သာသနာပိုင်တဆူဖြစ်တော်မူပေသော။တိဿဝှယော မောဂ္ဂလိပုတ္တ ထေရ်တိဿ မှ ဝံသစင်ကြယ် ဆက်ခဲ့နွယ်သား သုံးသွယ်သိက္ခာ ဖြူစင်စွာဖြင့် ကမ္ဘာကမ္ဘ မှုကိစ္စဝယ် တိဿမည်ပြောင် ရွှေတန်းက ရှက်သေဆင်သည့် ဘုန်းခေါင်ထေရ် မော် ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးပါပေတည်း။

၂။ ဣစ္ဆာနုသံဂီယော ရဋ္ဌ-ဂုရုပါဓိ မဟာမတိ။
နာယကော နော ဇဟိတ္ဘာန၊ ဒေဝလောက မလက်ရိ။

ဣဘိ၊ ဤသို့။ 'အနုသံဂီယော၊ ဖူးကြွေမျက်မြင် သူတော်စင်တို့ အရှင် မဟာကဿပနှင့်တဖြာ အရှင်ရေဝတနှင့်တပါး အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် လားဟု ယုံမှားလောက်ဖွယ် ကျေးဇူးကြွယ်ပေထသော။ ရဋ္ဌဂုရုပါဓိ၊ အဘိဓေ ယျာရဋ္ဌဂုရု ပြည်သူ့ဆရာ တော်လွှမ်းကျော် နိုင်ငံတော် ဩဝါဒါစရိယလည်း ဖြစ်တော်မူပေထသော။ မဟာမတိ၊ ကြီးမြတ်သန့်စင် ပညာရှင်လည်း ဖြစ် တော်မူပေထသော။ နော၊ အကျွန်ုပ်တို့၏။ နာယကော၊ ဆဋ္ဌသံဂါယနာ မဟာနာယက သာသနာ့ငုံလ်မှူး ကျေးဇူးရှင် ညောင်ရမ်းဆရာတော် ဘုရား ကြီးသည်။ နော၊ အကျွန်ုပ်တို့ကို။ ဇဟိတွာန၊ သံဂါယနာလက်စ တင်ရစ် ကြဟု လုပ်ဟခွန်းအိန္ဒြ ညွှန်းမမိန့်ဘဲ့ပဲ လွမ်းစိမ့်ဖွယ် ကံသစ်ခြွယ်တော်မူ ခဲ့၍။ ဒေဝလောကံ၊ နတ်ပြည်ဘဝ ဟုံလောကကို။ အလက်ရိ၊ ချမ်းမြသာနှင့် တန်းဆာဆင်ယင်တော်မူခဲ့လေပြီတကား၊ ဝါ-အလက်ရိ နတ်ပြည်တဝ ဟိုလော ကကို မမွှေဇဆေး ငါတိုက်ကြွေးမည်ဟု ရိုက်ကြွေးနတ်စည် မဆော်ယွမ်း

လည့်လျက် ယာယီစက်ပန်း မာဃဝီ ပင့်ပုံဆန်းသော်ကြောင့် ကြွမြန်းသာရှင် တန်းဆာဆင်တော်မူခဲ့လေပြီတကား။

**သီလမြေထု**

၃။ သီလံ ဝေ တဝ သံဃိန္ဒ၊ မဟီဝ ပတ္တင္ခံ မိတိ။
မေရုဝါနိလေဟိ လောက ဓမ္မေဟျသမ္ပဝေမိနီ။

သံဃိန္ဒ၊ ရှစ်ရပ်ဒိသာ ဂိုဏ်းသံဃာကို မေတ္တာတော်ဖြိုး စက်တန်ခိုးဖြင့် အုပ်စိုးနိုင်ပေ စောဘုန်းဆွေ။ တဝ၊ အရှင်ဘုရား၏။ သီလံ၊ အဓိမာန ထင်မှား ရအောင် ငယ်ကခုထိ ပြစ်မရှိသား သုဒ္ဓိလေးပုံ သီလကျေးဇူးဂုဏ်သည်။ ဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ မဟီဝ၊ ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာပထဝီ ဤမြေ အဝန်းကဲ့သို့။ ပတ္တင္ခံ၊ နေပြန့်ကျယ် ထုထယ် ကြီးမားလှပါပေ၏ ဘုရား။ မိတိ၊ လေငြိမ်ရာဝယ် ကောင်းစွာညှိသီး ဆိမ်းတူချိန် တည်ငြိမ်သော သမာဓိတော်မြတ်သည်။ အနိလေဟိ၊ အရပ်ဒိသာ ရှစ်မျက်နှာမှ တိုက်လာခတ်လှိုင်း လေမုန်တိုင်းတို့ကြောင့်။ မေရု၊ မဏ္ဍိုင်ဗဟို လေးရောင်စိုသည့် မြင်းမိုရ်သနင်း ဘောင်မျှားမင်းသည်။ အသမ္ပဝေဓိ ဣဝ၊ မလှုပ်ခိုင်ကျည် မတ်မတ်တည်သကဲ့သို့။ လောကဓမ္မေဟိ၊ မကောင်းလေးရပ် ကောင်းလေးရပ်ဟု ပေါင်းစပ်ရောပြွ သောသောညံသား လောကဓံရှစ်ဆိုင်း လေမုန်တိုင်းတို့ကြောင့်။ အသမ္ပဝေဓိနီ၊ မလှုပ်ခိုင်ကျည် တည်တော်မူပါပေ၏ ဘုရား။ ဝါ၊ အသမ္ပဝေဓိနီ၊ လောကဓလေ မုန်တိုင်းဝေ့လည်း မငြှမသုန် ကျောက်တိုင်ပုံသို့ မတုန်မလှုပ် သတိချုပ်၍ ဝိသုဒ်နွယ်ဇာတ် ထင်ယူမှတ်လောက် အောင် မတ်မတ်ခိုင်ကျည် တည်တော်မူပါပေ၏ဘုရား။

**ကရုဏာရေစင်**

၄။ ဟဒယာ တေ အနောတတ္တ-ဒဟာ ဒယာမ္ဗု ဉဋ္ဌိဒံ။
သန္တိကော ပါသ ကာ နေက- ပင်္ဂိသံ သီတလာယ တေ။

(ဒယာဝန္တ၊ ဒုက္ခစက်ပွါး ကဖက်သားကို သနားကဲလှန် ဘုန်းမြတ်မွန်။) တေ၊ ကရုဏာသခင် အရှင်ဘုရား၏။ အနောတတ္တ ဒဟာ ဟဒယာ၊ အနောတတ် အိုင်တော်မြတ်နှင့် ပုံဟပ်နှုန်းလျော် နှလုံးတော်မှ။ ဉဋ္ဌိဒံ၊ ဒုက္ခာ မုစ္စန္တု၊ အသံပြု၍ အန်တုမတတ် အထပ်ထပ်လျှင် အရပ်ဒိသာ ဆယ်မျက်နှာသို့ စိမ့်ဖြာ ဒီးဒီး ယိုထွက်စီးသော။ ဒယာမ္ဗု၊ စိတ်ပါလက်ပါ ပွါးလေ့လာသား မဟာ-ကာရုဏ် ဒယာဂုဏ်ဟု စီးသုန်ဖြူဖွေး ရေကြည်ရေအေးသည်။ သန္တိကော-ပါသကာနေကပင်္ဂိသံ၊ ထံပါးတော်ရင်း ကပ်လာချဉ်းသည့် မင်းနှင့်ပြည်သူ ဗိုလ်လူပရိသတ် အရပ်ရပ်ကို။ သီတလာယတေ၊ အပူငြိမ်းပြေ အေးမြတော်

မူစေပါ၏ ဘုရား။ ဝါ-သီတလာယတေ၊ ဤသူကားမင်း ဤအချင်းဟု စာရင်းကွဲပြား မခွဲခြားဘဲ တသားထပ်တူ ဖြန့်တော်မူသဖြင့် အပူကွယ်ပျောက် အချမ်းရောက်၍ ဝမ်းမြောက်နှစ်သိမ့် ပီတိဖိမ့်အောင် စိမ့်စိမ့်ကြည်ထွေ အေးမြတော် မူစေပါ၏ဘုရား။

**ပညာတော်စက်**

၅။ ဝဇိရံဝ မဟာပညာ၊ ပညာ တေ ဝိနိဗ္ဗေဓိနီ။
ခမာပိ ဣဋ္ဌာနိဋ္ဌေသု၊ ကေဋ္ဌာ ရေဏီ ယထာ။

မဟာပညာ၊ ကြီးကျယ်မြင့်မြတ် ပူဇော်အပ်သား ဥက္ကဋ္ဌဂိုဏ်းဝင် ပညာရှင်ဖြစ်တော်မူသော ဆရာတော်မြတ်ဘုရား။ တေ၊ အရှင်ဘုရား၏။ ပညာ၊ ဇာတိပါရိဟာ ဘာဝနာဟု ပညာကျေးဇူး ဂုဏ်အထူးသည်။ ဝဇိရံဝ၊ မြင်းမိုရ်စင်လျက် မှုန်မှုန်ညက်အောင် ဖြိုဖျက်နိုင်ခြား စွမ်းရည်ကြွားသည့် သိကြားလက်ချိန် စက်ဝရဇိန်ကဲ့သို့၊ ဝိနိဗ္ဗေဓိနီ၊ ရုပ်နာမ်နှစ်ပြာ ငါးခန္ဓာ၏ ယထာဘူတသဘာဝကို အနမတဂ် သံသာစက်မှ ခုထက်တိုင်သာ ဖုံးပိတ်ကာသည့် အဝိဇ္ဇာမဲ မှောင်ထုခဲကို ဖြိုခွဲထုဘ်ချင်း ဖောက်ထွင်းတော်မူနိုင်ပါပေ၏ဘုရား။ ရေဏီ·ယထာ၊စင်မင့်, ကောင်းမကောင်း သောင်းပြောင်းထွေလာ ကျရောက်လာသည့် ဣဋ္ဌာနိဋ္ဌ အတန်တန်တို့ကြောင့် ဖောက်ပြန်ဝိပရိ ပိတ်ဖရှိသား ပကတိမဟာပထဝီ ဤမြေကြီးကဲ့သို့။ ခမာပိ၊ "သည်းခံနိုင်ကန့်ဗ္ဗာန်ရ" ဟု နေ့ညပွါးထုံ ခန္တီကျေးဇူး ဂုဏ်သည်လည်း။ ဣဋ္ဌာနိဋ္ဌေသု၊ အလိုရှိအပ် မရှိအပ်ဟု နှစ်ရပ်ကျုံးခြုံ အလုံးစုံသောအာရုံတို့၌။ ကေဋ္ဌာ၊ မူတဖြောင့်ထဲ တည်မြဲတော်မူပါပေ၏။ ဝါ- ကေဋ္ဌာ၊ ဣဋ္ဌာဟူ၍လည်း သောမနဿမပွါး အနိဋ္ဌာဟူ၍လည်း ဒေါသမထားပဲ တရားဖြင့်သိမ်းယူ နှလုံးတော်ပြုသဖြင့် မူတပုံတဲ မဖောက်လွဲပဲ တည်မြဲတော်မူပါပေ၏ အရှင်ဘုရား။

**သက်တော်ကြွေလျှင်း**

၆။ သီလံ ယဿ မဟိတုလျံ၊ ဓိတိ ခေရုသမာ မဟိ။
ဝဇိရံဝ ထေရော ကိတ္တိ-ခသာသတံ ဒါနိ သော ဂတော။

ယဿ ထေရဿ၊ ဆဋ္ဌသံဂါယနာ မဟာနာယက သာသနာ့ဗိုလ်မှူး ကျေးဇူးတော်သခင် အကြွင်သြောင်ရမ်း ဆရာတော်ဘုရားကြီး၏။ သီလံ၊ ပွတ်သစ်ဖြူဝင်း ခရုသင်းနှင့် မယှဉ်းပုံပြု ဂုဏ်ရည်လှသား စတုပါရိ သုဒ္ဓိလေးပုံ သီလကျေးဇူးဂုဏ်သည်။ မဟိတုလျံ၊ မဟာပထဝီ ဤမြေနှိုင်းဆွယ် ထုထယ်ကြီးမား လှပါပေ၏။ဓိတိ၊ လေဂြိမ်ရာဝယ် ကောင်းစွာညိုသိး ဆီမီးတူချိန် တည်ငြိမ်သောသမာဓိတော်မြတ်သည်။ မေရုသမာ၊ မဟာမိုင်ဗဟို လေးရောင်စိုသား မြင်းမိုရ်

သနင်း တောင်များမင်းနှင့် မယှဉ်းပုံတူ တည်တံ့တော်မူလှပါစေ၏။ မတိ၊ တိဟိတ်ဥက္ကဋ္ဌ ဉာဏ်တော်မြတ်သည်။ ဝဇီရံဝ၊ သိကြားလက်နက် ဝရဇိန်စက် သို့ ထိန်လက်တောဇော် ထက်မြက်တော်မူလှပါစေ၏။ သော ထေရော၊ သံဂီတိ နာယက သာသနာ့ဗိုလ်မှူး ကျေးဇူးထင်ပေါ် ကျွန်းလုံးကျော်သည့် ဘုန်းမော် ဥက္ကဋ္ဌ ထိုညောင်ရမ်းဆရာတော်မထေရ်မြတ်ကြီးသည်။ ဒါနိ ဣဒါနိ၊ ဆဋ္ဌ- သံဂီတိ ဒုတိယသန္နိပါတအားဖြင့် ယင်၍ပြီးစ သုံးရာ့ဆယ့်ခြောက်ခုနှင်းရတုဝယ် ယာဂုတော်ပွဲ ကပ်ပို့ကဲ့လာပြည့်နေ၌။ ကိတ္တိသောသတံ၊ ကျော်စောခြင်းမျှ အကြွင်း ရသည်၏အဖြစ်သို့။ ဝါ-ကိတ္တိသောသတံ၊ မဟာဝင်နှယ် ထေရ်ဘုန်းကြွယ်ကား ဉာဏ်နှယ်သီလ ဂုဏ်ရည်ဝ၍ ကျွမ်းမှုမိတ် ပညာရှိဟု ကဝိဂိုဏ်းဝင် သူတော်စင်တို့ သံထင်ရင့်မော အံ့ဘာသြချင် ကျော်စောခြင်းမျှ အကြွင်းရသည်၏ အဖြစ်သို့။ ဂတော၊ ရောက်တော်မူခဲ့လေပြီ။ ဝါ- ဂတော၊ ရှင်လူတပည့် ကြွယ်နှယ်လှည့်၍ ရှုကြည့်ဝိုင်းမျှော် ကုပါသော်လည်း အဟော်သံက ကျူးမရခဲ့ ဒေဝနတ်ရွာ ပင့်လျှောက်လာကို ကြည်သာလက်ခံ ကဲ့အာဟန်သို့ ကံစီမံရာ ဖန်ဆင်းသာတော့ပဲ ခမ္မတာချိန်ထောက် ရောက်တော်မူခဲ့လေပြီ။

သေမင်းရှုတ်ချ

၇။ မိရတ္တု ဇမ္မ တေ မစ္စု၊ ဧစ္စု ဝိယောဂကာရက။
သံဂီတိနာယကော ထေရော၊ ဂတော ဟိ အာသိမဒ္ဒိတော။

ဇမ္မမစ္စု၊ အယုတ်တမာစင်းစင်း ဟဲ့သေမင်း။ တေ၊ ကရုဏာမဲ့လျှင်း နင်သေမင်း၏။ မိ၊ ပြင်လူဘဝက် မဲ့ကွက်ပဲ ရက်စက်ရှန့်ကြမ်း နင့်ပုံပန်းနှယ် အသွမ်း အသော့ နင်တန်တော့ဟု အော့နှလုံးဝယ် ထွီစဘွယ်သည်။ အတ္တု၊ လူရှင် အများ အမြင်အားဖြင့် ဇင်ရှားနေသော် ဗူးပေါ်သလို ပေါ်ခဲ့ပါပေါ့တကား။ ဟိ၊ ရက်စက်နင်ပြု နင့်အမှုကို လူထုမျက်မှောက် မှန်ရာထောက်၍ မကြောက် မရွံ့ နောက်မတွန့်ပဲ ငါတို့ ဝေးစား ဖွင့်၍ဖြင့် ပြောကြားတော့မည်။ ဝိယောဂ- ကာရက၊ ဆရာတပည့် အဒွါနှင့်ရှိနှင့် သံဂီတိပွဲ ကင်ဆဲဆဲတွင်မှ ရင်ကွဲ၍သေကြွေ အခွဲကြီးခွဲတတ်ပါပေစေ၊ မစ္စု၊ အရုဏ်မဲ့လျှင်း ဟဲ့သေမင်း။ တယာ၊ ကရုဏာမဲ့လျှင်း နင်သေမင်းသည်။ သံဂီတိနာယကော ထေရော၊ ဆဋ္ဌသံဂါယနာ မဟာနာယက သာသနာ့ဗိုလ်မှူး ဖို့ ကျေးဇူးရှင် သခင်ညောင်ရမ်းဆရာ တော်ဘုရားကြီးကိုမှ။ ဗတ္တိမဒ္ဒိတော၊ တမင်ကြိတ်ဖျက် နင်နှိပ်စက်အပ်ခဲ့လေပြီ။ ဝါ-အာသိမဒ္ဒိတော၊ သံဂါယနာပွဲပြီးရုံသာ ဆိုင်းမည်ဆိုဆိုင်းသင့်ပါလျက် ဆရာတော်ကိုလည်း နင်မသနား ဒကာဒတွကိုလည်းမထောက်ထား တပည့်များ ကိုလည်း မငဲ့ညှာ ကိုးဆယ့်ခြောက် နင့်ဗိုလ်ပါတို့ဖြင့် ဒေသစာနတ်ခွင် မြန်းရော့ လို့ ထေရ်ဆရာမြတ်သခင် ရဟန်းကိုမှ (ဟယ်) နင်အရမ်းနှိပ်စက်အပ်ခဲ့လေပြီ တကား။

**အပ္ပမာဒ**

ဂ။ သံဂါမေ နေ့ာ မဟာယော့ဓော၊ ပတိတော သံဃနာယကော။
သာခီရာ ဝယမ္ဗော ဟိ၊ အလံ ဒါနိ ပိမုတ္တိတုံ။

(သော၊ ရှင်လူအပေါင်း အို သူတော်ကောင်းတို့။) သံဂါမေ၊ မိစ္ဆာဝါဒ မာဟိရဟု အမွှေတွေကို တိုက်လှဲ ညှိဆဋ္ဌသံဂါယနာဝင် စစ်သဘင်ပွဲကြီးနှ၌။ နေ့ာ၊ အကျွန်ုပ်တို့၏။ သံဃနာယကော၊သံဃိတိပါဠိမောက္ခ၊သံဃပုဂ်ဝေါ ကျေးဇူးရှင် ဆရာတော်ဖြစ်ပေသော။ မဟာယောဓော၊ ရဲဇာနည်သွေး ရှစ်နှယ်စွေးမျှ တွေးတွေးထိန်မြူး တပ်တော်ဦးက ကွပ်မှူးအုပ်စီး သာသနာ့စစ်ဗိုလ်ချုပ်ကြီး သည်။ ပတိတော၊ မွေစစ်ပွဲ တိုက်နေဆဲတွင်မှ မိုက်ခဲသမင်း သူပစ်ခွင်းသည့် စဉ်းသွားဆိပ်လူး ကိုယ်တော်ကိုစူးပြီကြောင့် တပ်ဦးမှာနေ၍ အရေးပေါ်၍ မမျှော်လင့်ပဲ ဗုန်းဘုန်းလဲတော်မူခဲ့လေပြီ။ဟိ၊ပညတ်တွင်ကား မရပ်နားပဲ တရား သံဝေ အနုဖွေ့ကြစို့။ သခီရာ၊ ငုပ်နာမ်မွေ သခ်ီရတရားတို့သည်။ ဝယမ္ဗာ၊ အပ်ပေါ်မှန်ညင်း မြှက်ခေါ် နှင်းသို့ ကောချင်းချုပ်ပျက်ထတ်သော သဘောရှိ ကုန်၏။ ဒါနိ ဣဒါနိ၊ ညောင်ရမ်းဘုန်းဝေ သာကီဆွေလျှင် သက်သေဒိဋ္ဌ ရှုကုန် ကြဟုဖော်ပြနေပါ ညှိယခုအခါ၌။ ဝိမုတ္တိတုံ၊ ဇက်သံသာရ ငွေ့ဒုက္ခမှ မုချလွတ် မြောက် နိဗ္ဗူပေါက်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ခြင်းငှါ။ အလံ၊ သင့်လျော်လှလေပြီ။ ဝါ-အလံ၊ အပ္ပမာဒတရား ကိုယ်စီထားကြဘို့ ဘုရား လူ့ဘ မနိဋ္ဌ၏ ဟန္ဒဒါနိ မှာတော်ငို့ကို သတိစွဲမြဲ၍ အခါသော်မူ သင့်လျော် လှတော့ပြီတကား။

**သံဝေဂ**

၉။ ဟာ သံယောဂါ ဝိယောဂန္တာ၊ ဟာ စုတျန္တာ စ ဇီဝိတာ၊
ဟာ ဥပ္ပန္နာ စ ဘင်္ဂန္တာ၊ ဟာ သင်္ခါရာန မွတော။

သံယောဂါ၊ ဆရာတပည့် မိဖနှင့် သား အစထား၍ မျှားပြွားဖုံဖုံ လောက ဓာတ်ဘုံဝယ် ကြိုက်ကြုံစပ်နွဲ့ ယှဉ်တွဲ ပေါင်းဆုံခြင်း ဟူဟူသမျှတို့သည်။ ဟာ ဝိယောဂန္တာ၊ တနေ့မတွေ့ တနေ့တွေ့က ဆွေ့ဆွေ့လိုက်ရန် သည်းအူတုန်မျှ မကြုံချင်ဘဲ မိက်မရဲလည်း သူကွဲကိုကွဲ ညှိ နှစ်ကွဲဘွင်မှ နှာ်နဲဆင်ခြင် အဆုံး ထင်သည် ဟင် .. ကြောက်ဖွယ် ကောင်းလှချည့် တကား။

ဇီဝိတာ စ၊ အသက်ဇီဝရှည်နေသမျှ တို့သည်လည်း။ ဟာ စုတျန္တာ၊ကံ အရှိန် ကြွေ့အချိန်စေ့က စုတေ့ကျူးလျော မွေသဘောလျှင် သူရောကိုယ်ပင် အဆုံးထင် သည် ဟင်....ထိတ်ဖွယ်ကောင်းလှချည့် တကား။

ဥပ္ပန္နာ ဧ၊သက်မဲ့သက်ရှိ သင်္ခါရဓာတ်ဖြင့် ဖြစ်ဘိသမျှ သင်္ခါရဓာရင်းဝင် များဖြင့် **သောင်းသောင်း** တရားအပေါင်းတို့သည်လည်း။ ဟာဲ ဘဂ္ဂန္တာ၊ ငါကိုယ်ငါဟာ ငါ့ဥစ္စာဟု သညာဖောက်လွဲ ပညာမဲ့၍ စွဲမည့်နှလုံး ကြံစည်တုန်းဝယ် ပျက်ပြုန်းကုန်စင် **အဆုံးထင်သည်** ဟင်....လန့်ဖွယ်ကောင်းလှချည့်တကား။

**သင်္ခါရာနံ၊** အတွင်းအပ၊ နှင့်ဝသန္တာန် ကြွင်းမကျန်သား ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏၊ ဓမ္မတာ၊ ဖြစ်သျှင် ပျက်မြဲ ဆုံးလျှင်ကွဲသည့် လွဲမရပါ ဓမ္မတာလမ်းရိုးကြီးသည်။ ဟာ၊ "ဝေ အနိစ္စာ သင်္ခါရာ, ဝေ အဒ္ဓုဝါ သင်္ခါရာ, ဝေ အနဿာသိကာ သင်္ခါရာ"ဟု ပညာယှဉ်တဲ့ သတိစွဲက မြဲလည်းမမြဲနိုင် ခိုင်လည်းမခိုင်မာ **သက်သာရာသည်းရှာမရ** သုညပြင်ပြင် လင်းသင်းထင်သည် ဟင်.... ရွံ့ဖွယ်ကောင်း **လှချည့်တကား။**

( ပုံ ) **ဦးဝိစိတ္တသာရာဘိဝံသ**

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

**ဓမ္မနာဒတိုက် မင်းကွန်း။**

၁၃၁၆-ခု တပေါင်းလပြည့်ကျော် (၈) ရက်။

## မစိုးရိမ် ဂုဏဝဏ္ဏနာ ဂါထာ

ဆဋ္ဌသံဂါယနာ သံဃမဟာ နာယက, အဂ္ဂမဟာ ပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသသည် **သက်တော် ၉၆၊ ဝါတော် ၇၇–ဝါအရတွင်** ၁၃၃၇-ခုနှစ် သီတင်းကျွတ် လဆုတ် ၁၂-ရက်နေ့တွင် ရန်ကုန်မြို့ ဦးမောင်မောင်-ဒေါ်ငြိမ်းတို့၏ တာဝါလိန်းခြံ ယာယီစံကျောင်း၌ ပျံလွန်တော်မူရာ ရန်ကုန်မြို့တွင် ၁၃ ရက်ခန့် အပူဇော်ခံပြီး တန်ဆောင်မုန်း လဆန်း ၁၅-ရက်နေ့တွင် လေယာဉ်ပျံဖြင့် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီးတွင် အပူဇော်ခံ၍ နတ်တော်လပြည့်နေ့တွင် မန္တလေးမြို့ ရာပြည့်ကွင်းသို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသကင် ပြုလုပ်ကြ၏၊ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် နတ်တော်လဆန်း ၁၃-ရက်နေ့ ရုပ်ကလာပ် **စံကျောင်းဆောင်** ပင့်ဆောင်သည့် အခမ်းအနားတွင်—

သယံ သိက္ခိတသိက္ခာယ၊ ဩဝဒိ သာဝကေ မုနိ။
ဇာတာ ဇနုဇနာ ယာယ၊ ကက္ခဋ္ဌာ မုဒုဘာဝတိယာ။

မုနိ၊ အသိဉာဏ်ပိုင် ဂုဏ်စိုင်သခင် ဘျေးဇူးရှင်ဘုရား။ တွံ၊ တပည့်တော်များ၏ပုဗ္ဗင် အရှင်ဘုရားသည်။ သယံ သိက္ခိတသိက္ခာယ၊ အနုဿုတ သူကပါးထံမှ တဆင့်ကြားမဟုတ် ကိုယ်တော်တိုင် ကျင့်အပ်သည့် အရှင်မြတ်

သိက္ခာဖြင့်။ သာဝကေ၊ ကိုယ်တော်ထံပါး တရားတော်နာ ရောက်လာသတိတောင်း တပည့်အပေါင်းတို့ကို။ သြဒေ၊ ချိုမြိန်သာသာ နူးညံ့စွာဖြင့် သြဝါနက်လေး ဟောရင့်ကြွေးခဲ့ပါပြီ။ ယာယ၊ အရှင်ဟောကြား ယင်းသြဝါဒ တရားကြောင့်။ ဗဟုဇနာ၊ တပည့်တော်အား အစထားလျက် များလှသတိတောင်း တပည့်အပေါင်းတို့သည်။ ကက္ခဠာ၊ ပင်ကိုယ်အခြေ ငတ်နေဆိုးသွမ်း ရှန့်ကြမ်းသူများ ဖြစ်ကြငြားသော်လည်း။ မုဒုဇာတိယာ၊ မီးတွေ့သော ဖယောင်းကဲ့သို့ ပျော့ပျောင်းနူးညံ့သော သဘောရှိကြကုန်သည်။ ဇာတာ၊ ဖြစ်ကြရပါကုန်ပြီဘုရား[၁]။

စသည်ဖြင့် ရွက်ဆိုလျှောက်ထား ပူဇော်တော်မူခဲ့သည်။

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စာချအကျော် သာသနဇောတိကာရုံကျောင်း ဆရာတော် အရှင်နာရဒမဟာထေရ်သည် သက်တော်-၇၈၊ သိက္ခာတော် ၅၈-ဝါ ရရှိရာ ၁၃၂၇-ခုနှစ် သီတင်းကျွတ်လဆုတ် ၈-ရက်နေ့တွင် ပျံလွန်တော်မူသည်။ ဖော်ပြပါ ဆရာတော်၏ ထီးဖြူတော်ဖွင့် အခမ်းအနားတွင်လည်း ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် အောက်ပါ သံခေပဏ္ဏနာ ထောမနာစာတမ်းဖြင့် ပူဇော်ခဲ့သည်။

## သံခေပဏ္ဏနာ မဟာထေရုပ္ပတ္တိကထာ ထောမနာစာတမ်း

သိဒ္ဓမ် ရာဇိန္ဒကာတို့၏မဟာ စက္ကဝတ္တာဓိပတိ ဗြိဘဝန အာဒိလဗ္ဗရာဇာ သမ္မတရဂ္ဂ ထွန်းလျှံညီသော မုနိသင်းကျစ် ဘုရားသဗ္ဗညု မြမ္မရာဇ်သည် သက္ကရာဇ်မဟာ တဖုသုံးခု ရတုဝသန္တ ပစ္စိမအကြုံ ကဆုန်လပြည့်နေ့ဝယ် မြေမင်္ဂလာ သေဉ်အပရာဇ္ဇ ငါးဖြာသောမာရ် တွင်းပရန်ကို တွန်းလှန်ဖြိုခွင်း ဗောဓိပက္ခိယ ဓမ္မာနုစ်ရပ် အောင်တပ်မတော် ဖြန့်ခင်း၍ ခုနစ်သင်းဗောဇ္ဈင် ခေါ်မှတ်တွင်သား မယှဉ်နွန်းသာ အမြတ်ရတနာတို့နှင့် တကွ သဗ္ဗညုတ ဉာဏဥက္ကဌ် အကုတ်ဘပ်သော အရဟတ္တဖိုလ် ထီးဖြူကို သူမတူနိုင် စိုးပိုင်ရွှန်းတင့် သွန်းသွန်းဖွင့်လှုက် ဘုံသုံးဆင့် ခရိုင်အလုံးဝယ် ပင်းဆုံးတမှတ် မဟာ စက္ကဝတ် အထွတ်တိုင်ရမြောက် ရောက်တော်မူခဲ့၍ လေးဆယ့်ငါးဝါ ကာလကြာအောင် သတ္တဝါဖိုလ်ခြေ များဝေနေ့ကို အောင်ပြေလာခေါင် နိုးရာ်သောင်သို့ ပို့ဆောင်ကယ်မ ကျွတ်ဆုငှ၍ အဝသိဋ္ဌ နေ့ရင်းကျန်ဝေနေ ယျုဏတွေတို့ မျက်ခြေမပျောက် ကိုယ်တော့်နောက်မှ ကောက်ကောက်လိုက်ပါ စိမ့်သောငှါ လျှင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်ကိုယ်စား ဖြစ်စေ

သားဟု တများအစု ထားခဲ့ပြီးမှ အနုပါဒိသေသ အမတဇိမာန် ဝေဇယန်ဟု နေရဗာန်ကျွန်းခြေဘက် ဆောက်တော်မူလတ်သတည်း။

တြိလောကအတုလဒမ္မဆရာ မဟာစက္ကဝတ် လောကနတ်လျှင် ပြည်မြတ်ခေမငံ အနုပါဒိသေသ အမရာရိပ်ခွင် စိုးစံငင်က အရှင်မဟာကဿပ သံဃိန္ဒလျှင် ပဌမသံဂါယနာတင် ပွဲကြီးသဘင် ယင်တော်မူသည်မှ အာဒိစ၍ မဇ္ဈိမကိုက်တခို သီဟိုဠ်မြန်မာ သာသနာဝံသ ထွန်းတင်ပလျက် ပဌမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားနှင့် သားတော် မာရ်မအောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရားလက်ကက်တိုင် အပြိုင်နေလ တွန်းထိန်ပဏ်သို မမှ ဝိနယာ သာသနာဒနုပန်း၊ သရေရှန်း၍ ဝေထွန်းအောင်ခြောင်ဆဲအခါ–

(၁) မဟာဇေမာဂုလိပုတ္တ တိဿအလျှာ မိုးပြဟ္မာကဲ့သို့ မိတ္တာရန်လေ့း သာသနာ့ အညစ်အကြေးကို မထေးကြောသုတ်သင် မြွမတင်အောင် စင်စေလိုသော မဟာဆ္ဍာသယဖြင့် သာသနာသုဒ္ဓိကရ သာသနာဒ္ဓိကဒ ပဥ္စမသံဂါယနာတင် သဘင်ဦးစီး အမှူးကြီး ဥက္ကဋ္ဌ ဇတ္ထိကာဆုခ အဓိဝါသီ မဟာဂဏီ ထေရ်သံဃိန္ဒ "ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု" သုန်းထူးတော်နိုပ်မင်းလှူလိပ်ဟု တံဆိပ်ဘော်မြတ် ခေါင်းနိုပ်ဖြင့် မှတ်အပ်သော မြတ်မဟာထေရ် သဟာဿရုံသီ ဖလ်ရွှံနှောင်ပန်း ပန်ဆောင်သို့ ယွန်းပြီးနောက် ရွှေရှန်းဖြူလွှယ် ဟိမရုံသီ ဓန်းဆောင်ခြည်ဖြင့် အသိဘုံမြတ် ယန်ပြောဘာဒ်သည် လောကဓာတ် ဇက္ကဝါ ရွှေချက်နှာမှ ဝါဟလင့်မီ တင့်တင့်စည်လျက် ဥဒည်ထွက်ပြူလာသည့်အလား ဘုရားမြတ်စွာ သာသနာနှစ် (၂၄၃၂) ကောဇာသက္ကရာဇ် (၁၂၅၀) ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁-ရက် ဇနေနေ့တွင် လောကဒလွန့်သရဏဂုံ ကိုယ်လုံးထုံလျက် ငါးပုံသီလ နိစ္စမချွတ် သူတော်ဝတ်ဖြင့် ဖြူစွတ်ကျင့်ဂုဏ် ကက်ဝန်းကျင် ပြည့်စုံသော ရတနာပုံမန္တလေး ရွှေမြို့တော်အရှေ့ဖြင့် မင်္ဂလာဥယျာဉ်တော်ရပ်ကွက် ဘိက္ခုဝိဥ္စာ မြန်မာသဟားတော်ကြီး အဘ (ဦးအောင်သာ) အမိ (ဒေါ်ပုံ) တို့မှ မကြိုးပဒ်ကောပ်အာနွရာယ် ရန်မျိုးပယ်လျက် သပ္ပါယ်လှစွာ ကျင့်ဆိုက္ကာဖြင့် မွေးဘာန ပလ္လက်မှ ရေးကြွသာညင်ဓမ္မကထိက အာရှင်ကဲ့သို့ သန့်စင်ဖွားမြောက်မူတည်းဟုသော ဥဘတော သုဇာတ အာဘိဇစ္စ ကျေးဇူးဂုဏ်နှင့် ပြည့်စုံစွာထသော။

(၂) ဗောဓိပူးညှောက် ရှုပ်တော်ဆောက်နေသော ထွန်းတောက်သမ္မာ ဉာဏ်နေမှာနှ သာသနာပြု ဗဟုပကာရ ပုဂ္ဂလဝိသိဋ္ဌ ဖြစ်မည်ဟိဘ်ကိုနိမိတ် ပြဆွယ် သိစိမ့်ရှယ်သကဲ့သို့ သူငယ်ဘဝ ယိုကာလ၌ ဒက္ခိဏာရာမကျောင်းတိုက်တော်၏ အနီးဖြင်ပည်းများကြွယ် ထက်အောက်နယ်မှ ရောင်းဝယ်ဖောက်ကား ကုန်သည်များတို့ အသွားအလာ စည်ကားစုလျက် မဟာပါဋ္ဌလိပုတ် ပြည်ပုရှတ်ကဲ့သို့ ကုန်ယုပ်ဖြေရာ ဈေးနေရာဟု ကြောငြာခြ်မ့်သံ ရောင်းသူဝယ်သူ ထိုထိုလူတို့ ပေးယူသံ

ညံမစဲသော ရှမ်းပွဲခေါ်မှတ် ရွှေဘုန်းရှိန် ထိုအရပ်၌ စန်းနတ်ဂူနှုံ ကြွယ် အပေါင်းဝန်းရံသကဲ့သို့ ဆွေပုံမျိုးလယ် မညှိုးငယ်ပဲ သုံးဖွယ်ပြည့်နှက် ပြုဖူးသူ ကျနှယ်ယှက်ကြ၍ တလက်မှ တလက်ငင် တခင်ခွင်မှတရင်ခွင်သို့ ပြောင်းရွှင် ကူးသွား ထူးတခြားပင် ကြီးပွါးလာရခြင်းတည်းဟူသော သုခေမိတ သုခပရိ-ဘတဂုဏ်နှင့်လည်း ပြည့်စုံစွာယသော-

(၃) ကျောင်းသားသူငယ် အရွယ်ဘော်မြောက် ရောက်သတ်သောခါ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်အတွင်း "ပင်းသာကျောင်း" နေ "အရှင် တေဇာဘိဝံသ" ရာဇအပူဇော်ခံ မထေရ်ထံ၌အခြေခံမူလ ဝဏ္ဏမာလာ သိက္ခာမဥ္ဇရီ ခေါ်တွင်ညီသည့် ထိုဤသီးသီး သင်ပုန်းကြီးအစ မင်္ဂလသုတ်မြတ် အဇ္ဈတ္တဗာဟိရ တွင်းပအောင်ခြင်း မှချိုင့်ခါရင်း ရတနာမဟာနမက္ကာရ ဤသို့စသည့်ပါဒက ကျမ်းဂန်အတန်တန်ကိုမြန်မြန်လည်းသင်ကြား များများလည်းသင်ယူ သူမတူ သော လုံ့လဖြင့် သင်ယူပြီးသမျှသည်း မမေ့ပျောက် ပညာပျံ့ပျူး သူငယ်ထူးဟု အံ့စမူး ဂုဏ်ရည် မြောက်ခဲ့၍ နောက်အချိန်ခါ ဒက္ခိဏာရာမမာဓိပတိ ပဏ္ဍိတမဟာ "ထိုပင်းသာကျောင်း ဆရာတော် အရှင်ခန္တိဝံ" မထေရ်မြတ်စက်ရိပ်ဝယ် သာဝိတ္တိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်တော်သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံရောက် ချီးမြှောက်တော်မူချက်အရ "ရှင်နာရဒ" သာမဏေဟူ၍ဂရုဂဟိတနာမဖြေယုံ ဘွဲ့မည်ကိုလက်ခံ ယုံဥပဇ္ဈာယ် မထေရ်မြတ် အထံ၌ နိုယံမပြတ် တပည့်ဝတ်ဖြင့် ပိဋကတ်အခြေခံ ကျမ်းဂန် အထူးထူးတို့ကို ဆည်းပူးခလှသာ ရှိသေစွာ သင်ကြားခြင်းတည်းဟူသော သက္ကစ္စသဝ်ပ္ပဂ္ဂဟဏ ဂုဏ်နှင့်လည်း ပြည့်စုံစွာထသော-

(၄) ပုဏ္ဏဝီသတိဝဿ အသက်အရွယ် နှစ်ဆယ်သို့ရောက်ကာလဝယ် မူလ ဥပဇ္ဈာယ်ဆရာ သာသနာဘံခွန်ဆောက် ထေရ်ဘုန်းတောက်တို့ ချီးမြှောက် သမှု ကျေးဇူးပြုသဖြင့် ဥပသမ္ပဒဇာတ် မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိ၍ တိပိဋက သာဋ္ဌကထာ သဋီကာကို ရဘနာပုံ မန္တလေးရွှေမြို့တော် တောင်ပြင် ဝယ် ပဘက်ရ နေအဆောင်ဆောင် ထွန်းပသကဲ့သို့ သာသနာ့ကျက်သရေဆောင် ထိပ်ခေါင်တင်ချည်း ဖြစ်တော်မူကြသည့်-

(က) ဒက္ခိဏာရာမ ဘုရားကြီးတိုက် စတုတ္ထ နာယကဆရာတော် ဘဒန္တ အာစာရထေရ်၊

(ခ) ဘဒန္တသုဇာတာဘိဝံသ ဘွဲ့ရအကျော် ဆရာတော် ဦးရန်ကုန်မထေရ်၊

(ဂ) ညောင်ကန်တိုက်အုပ်ဆရာတော် ဘဒန္တဣန္ဒာဘိဝံသထေရ်၊

(ဃ) သံဃသမ္မတ မိုးတားသာသနာပိုင်ဆရာတော်၊

(င) ရွှေရေးဆောင်တိုက် နာယက အရှင်အာဒိစ္စရံသိ ဘွဲ့ထူးချီသော ဆရာတော် ဦးကြည်။

ဤဆရာတော် မယေရ်မြတ်တို့ထံ နိယံကပ်ဆည်း ကျင့်သိပ်သည်းလျက် ညှံ့ဖြည်းမှေ့ မွေ့ တခွေ့ရွေ့လျှင် တနေ့တထူး ကျေးဇူးချွဲထွင် သင်သင်အံအံ ကြံကြံကြည့်ကြည့် ပညာကို ဖြည့်သဖြင့် ရေပြည့်သည့် အိုး ပုံတမျိုးမူ အိပ်နိုးတင်ခတ် တံဆတ်မေးဖြေ ခွန်းတိုင်း ချေနိုင်သည့် အခြေမြင့်ကြွယ် သမုဒ်ပြင်နှယ် အသိဉာဏ်ကျယ်ရကား ဆယ်ဝါအရ ထေရ်စာရင်းဝင်စကပင် စာချသဘင် ပွဲကြီးယင်ခဲ့သဖြင့် ေသးပြင်ဠာန စာတော်ပို့ချသော သံဃ မထေရ် မျှားကြွယ်စန်းဂုဏ္ဍုတို့အလယ်၌ သောကြာကြယ်အသား သာသနာဝယ် ကျေးဇူးများ၍ ထင်ရှားကျော်စောခြင်း တည်းဟူသော "ဒဟရကာလတော ပဘုတိ ကိတ္တိ ယသ ပတ္တဋ္ဌ" ကျေးဇူးဂုဏ်နှင့်လည်း ပြည့်စုံစွာထသော–

(၅) ရဟန်းသိက္ခာ ဆယ်ဝါအရ ထိုမှစ၍ ဇီဝပိုင်းခြား ခုနစ်ဆယ့်ငါးသိက္ခာအားဖြင့် ငါးပါးစွန့်ကာယ် ဝါဆယ်ဆယ်တိုင် နေ့ဝယ်နေ့လျောက်ညဥ့်ဆက်ညဥ့်တာ မလင့်ပါအောင် စာတော်သို့ချ တိမတ်သော ဝိနိစ္ဆယနှင့်တကွ ကာလချိန်မှန် ပရိယတ္တိ တာဝန်ကို အားသွန် ကြိုးပမ်း ထမ်းဆောင်တော်မူခြင်း, စာပေမှတပါး အခြားသော လောကီမှုတို့ကို ဂရုမမူ လျစ်လျူတော်ရှု စတုပစ္စယ အာမိသ္ဌလည်း ရသမျှနှင့်သာ မျှာတော်မူ တကျာပူပင်မြူမတင်ဟု လူရှင်တို့ မှတ်ယူကြလျက် အေးသည်, ပူသည်, လေးသည်ပေါ့သည်, ပျော့သည် မာသည်, ထို ဤစကား ပြောကြားမရှိ အရိယဒိဋ္ဌိပမာအဆာမကျယ် မွေးမြူလွယ်၍ ငယ်စဥ်ကာလ ထိုခါကပင် အစပြုကာ သောမှဟဒယာ ကြည်သာသော စိတ်နှလုံးရှိသဖြင့် မိမိကို သူတပါး အပြစ်တင်ပြောကြားလည်း လားလားမျှ အမျက်မမူ သူ၏အပြစ်ကိုလည်း မမျှော်ငဲ့နူးညံ့သိမ်မွေ့သော စကားကိုသာ ပြောကြားတော်မူလေ့ ရှိခြင်း တည်းဟူသော ပရိယတ္တိဓုရန္ဓရ, လောကာမိသာနပေက္ခ, စတုပစ္စယသန္တောသ, သုဘရတာ, အဓိဝါသနခန္တိ, ပရဝဇ္ဇာနာနုပဿီ ဂုဏ်ဘို့နှင့်တကွ သဏှ သခိလ သမ္မာသဂုဏ်နှင့်လည်း ပြည့်စုံစွာထသော—

(၆) ဖော်ပြရာပါ ဟေတုသမ္ပဒါ မျှားစွာသော ဂုဏ်ကျေးဇူးတို့နှင့်တကွ သီလမြေထု မေရုသမာဓိနှံ ဝရဇိန်ပညာ လင်းလင်းဖြာသောကြောင့် ၁၃၁၃-ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်, နိုင်ငံတော် ဝိနည်းမိုရ် ဘွဲ့ပုံတော်, ဆဋ္ဌသံဂါယနာ ဩဿာနသော္ဓက ဘွဲ့ပုံတော်တို့နှင့်တကွ (ဝိုင်-အမ်-ဘီ-အေ) အသင်းမှတဆင့် (ဘီ-အို-စီ) ဒါယကာ (ဦးမောင်ကြီး)က သာသနုပကာရ သံဃာ့ကျေးဇူးရှင် ထေရ်သခင်တို့အား

တမင်ဝိသေသ ရွေးချယ်၍ လျှုအပ်သော အလှူဒါနနှင့်တကွ ပရိယတ္တိ-သာသနဟိတမည်လျှင်း ထိုအသင်း၏ လေးသင်းပစ္စယ လှူဒါနကို နိဗဒ္ဓခံယူရခြင်းတည်းဟူသော ပုညမဟတ္တတာ ဖလသမ္ပဒါ ကျေးဇူးဂုဏ်နှင့်လည်း ပြည့်စုံစွာထသော—

(၇) သက်တော်ခုနစ်ဆယ့်ငါး တိုင်လတ်ငြားသော် ရှည်လျားကာလ ပရိယတ္တိ သာသနာ့ဝန်ကို အားသွန်ထမ်းတော် မူခဲ့ရသဖြင့် ကရဇကာယ ပင်ပန်း အားတော်နှမ်း၍ မကျန်းမမာ ဖြစ်လတ်ခါ၌ ဆရာဝန်နှင့် တပည့်များ စာပေကိုရပ်နားရန် တောင်းပန်လျှောက်ထားကြ၍ တရားနှလုံးကျင့်သုံးတော်မူကာ သုံးနှစ်ကြာကာလ ဝါသရေ တာဝန်ကို အားသွန်ကျင့်ဆောင်တော်မူခြင်း တည်းဟူသော အတ္တဟိတ ပဋိပတ္တိ ဂုဏ်ဝိသေသကော အပ္ပမာဒ ကျေးဇူးဂုဏ်နှင့်လည်း ပြည့်စုံစွာထသော—

သံခေပေန အကျဉ်းချုပ်ဖော်ပြသည့် ဂုဏ်များဖြင့် ကျေးဇူးရှင်ဖြစ်တော်မူသော မန္တလေးမြို့ တောင်ပြင်ဒက္ခိဏာရာမ ဘုရားကြီး သာသနဇောတိကာရုံ အုတ်ကျောင်း၌ ကမ်းခအောင်းမေ့လျော် နေစံပျော်သော ဆရာတော် ဦးနာရဒ အဂ္ဂမဟာပဏ္ဍိတ သံဃဝိတာ ထေရ်မဟာသည်–

ဧဟာရေ စ မဟန္တေ စ၊ ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စုပရာယဏာ။

"ပညာရှိသူ၊ မရှိသူဟု၊ ကြီးသူငယ်သူ၊ ဘယ်မဟူပဲ၊ ဗိုလ်လူခပင်း၊
ထိုဘသင်းကား၊ သေမင်းနိုင်ငံ၊ လိုက်ရမှန်ဟု"–

ဓမ္မခန်ကသိုဏ်း လာရှိတိုင်းပင် သက်ပိုင်းခုနစ်ဆယ့်ရှစ် ရောက်လစ်သော ခါ ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ဂ-ရက်နေ့ မွန်းလွဲ ၂-နာရီ ၁၅-မိနစ်အချိန်တွင် ခန္ဓာအိမ်ကရဇ ကိုယ်ကာယကို ဏမ္မဇ-ဥသ္မာ တဖြာဝိညာဏ ဇီဝိတဟု ဓမ္မသုံးပါး စွန့်တန့်နားသဖြင့် များစွာသော တပည့်သံဃာ ဒါယကာတို့ကို ဥပေက္ခာပြု လျစ်လျူရှုဘိသို့ ကိတ္တိသေသ ဂုဏ်တော်သတင်း ကျော်စောခြင်းမျှ အကြွင်းရသည်၏ အဖြစ်သို့ စင်စစ်ရောက်တော်မူလတ်သတည်း။

မဟာပုဏ္ဏမိ ယုန်ဇန္ဒီသို့ ဂုဏ်ရည်လျှံပြည့် စံကဝိဟု ပဏ္ဍိတသခင် ဘွဲ့ထူးနှင်အပ်သော အရှင်နာရဒ မြတ်ထေရ်၏ ဥတုဇသမုတ် ကြွင်းကျန်သော ကလာပ်ရုပ်ကို "ပုထုဇ္ဇနသီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိယ မဟန္တမ္ပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ" (အံ၊ဋ္ဌ၊၂၊၁၉၅-လာ) ပကိဏ္ဏက ဒေသနာ အဋ္ဌကထာ မိန့်မှာချက်နှင့် လိုက်ဖက်ညီထွေ သမသတ်ညီစေလျက်

ပဝေဏီဖန်ပျိုး ပူဇော်ရိုးအစဉ်အလာ စကြာမန္ဓာတ်မင်းတို့၏ ပူဇော်ခြင်း အနှုန်းကဲ့သို့ ဘုန်းကံသခင် အရှင်တို့သာ ကျင်းပမြဲဓမ္မတာဖြင့် ဗြဟ္မာသိကြား နတ်လေးပါးတို့ ခမ်းနားစုံသင် ပွဲကြီးသဘင် ခြိမ့်ခြိမ့်ယင်လျက် ကျည်းရှင်သွန်း မြှင့် မြှင့်ဝန်းတင့်အောင် ထွန်းဖွင့်ပူဇော်ရာ ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ်၊ နတ်တော်လဆန်း (၅) ရက်နေ့ ထီးဖြူတော်ဖွင့် အခမ်းအနားသဘင်ခါဝယ် ပူဇော်ရပ မြတ်ထေရ်၏ အဋ္ဌဝန္ဓန်းတု ဂုဏ်တော်စုမှ ဥပလက္ခဏ နည်းညွှန်ပြ လျက် သံနေပကာသ ထေရုပ္ပတ္တိဝဏ္ဏနာ ထောမနာဘွဲ့ညွှန်း ဤစာပန်းဖြင့် အနုပ္ပကမ်းဂုဏ်သခင် ကျေးဇူးရှင်ကို အစဉ်ယာဝရ ရှိသေရင်းကုသိုလ်ဆန္ဒ ဖြင့် တိပိဋကမိုရ် ထေရ်ပုဂ္ဂိုလ်လျှင် ကြည်ညိုလေးမြတ် ပူဇော်အပ်သည်ကို နတ်နတ်ဘကာ ဗြဟ္မာဟွာနှင့် ကြွလာသီမူ ရှင်ရှင်လူတို့ ကြည်ဖြူနှုတ်ခွန်း ဗြဟ္မာ-မဟဂ္ဂုတ် ဘဝဂ်လှုပ်အောင် လက်ခုပ်သံ အောင်ပတ္တနာဆုဖြင့် အောင်သာဓု ညွှန်းတော်မူကြပါစေသတည်း။

အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကထေရ်ပုဂ္ဂိုလ် ကြည်ညိုရေးသားဖွဲ့ဆို၍ –

ဦးဆန်းထွန်း
မန်းတက္ကသိုလ်
လျှောက်ဆိုဖတ်ကြားပူဇော်သည်။

ဤသို့ စသည်ဖြင့် ဆရာတော် ရေးသားဖွဲ့ဆိုသည့် ဂုဏဝဏ္ဏနာ, သံဝေဂ ဂီတိတို့မှာ လွန်စွာ များပြားလှ၍ ဤနှံ့ အမြွက်မျှသာဖော်ပြပါသည်။

လိခိတာ တေန ထေရေန ဝဏ္ဏနာ သံဝေဂါ ဗဟူ။
ဣခ ကတိနံ ဟိတာယ၊ မုခမတ္တံ နိဒဿနံ။

၁၃၂၉-ခုနှစ် ကဆုန်လဆန်း ၅-ရက်နေ့ ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူ စာသင်တိုက် ၁၀-နှစ်ပြည့် အထိမ်းအမှတ် “သာသနဝိပုလကာရီ” အဖွဲ့မှ ကျင်းပအပ်သော ဝိနယာဒိပုဗ္ဗင်္ဂမ စာပြန်ပွဲ စာမေးပွဲ၌ ထမြောက်အောင် မြင်ကြသော အရှင်မြတ်တို့အား ဓမ္မပူဇာဆုနှင်းသဘင်တွင်လည်း အောက်ပါ အနုဗလပ္ပဒါန အဘိတ္ထဝ ပတ္ထနာ စာတမ်းဖြင့် ချီးကျူးတော်မူသည်—

အနုဗလပ္ပဒါန အဘိတ္ထဝ ပတ္ထနာစာတမ်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်–

ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူကျောင်းတိုက် သာသနဝိပုလကာရီ အမှုဆောင်အဖွဲ့မှ ကျင်းပပြုလုပ်အပ်သော ဝိနယာဒိ ပုဗ္ဗင်္ဂမ စာပြန်စာမေး သဘင်ဝယ် အောင်မြင် ထမြောက်တော် မူကြသော သာသနာ့ဉာဏ်ရည်ချွန်



၁၃၂၉-ခုနှစ် ကဆုန်လဆန်း ၅-ရက်နေ့က
**အရှင်ဝိစိတ္တသာရာဘိဝံသ**
ညောင်ရွှေမြို့ သာသနဝိပုလစာသင်တိုက်၌
အနုမောဒနာလှူဒါန်း, အဘိတ္ထဝပတ္တနာစာတမ်း
မြှက်ကြားတော်မူပုံ

အရှင်မြတ်တို့အား အနုဗလပ္ပဒါန အာဘိတ္ထ ပတ္ထနာ မင်္ဂလာစကား ပြောကြား အားပေးလိုသည်မှာ –

စာအောင်ပုဂ္ဂိုလ် အရှင်မြတ် အပေါင်းတို့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် လေးလမြောက်ဝယ် ပထမ သံဂါယနာသဘင် ယင် အံ့သောအခါ၌ အရှင်မဟာကဿပ မထေရ်မြတ်က ''မာတယ်ပိဋကတ်ကို ရှေးဦးစွာ သံဂါယနာ တင်ကြမည်နည်း''ဟု မေးမြန်းတော် မူသောအခါ (ဘန္တေ မဟာကဿပ ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ၊ သာသနံ ဌိတံ ဟောတိ=အရှင်မဟာကဿပဘုရား ဝိနည်း ပိဋကတ်မည်သည် မြတ်စွာဘုရားရှင် သာသနာတော်၏ အသက်ဖြစ်ပါသည်။ ဝိနည်း ပိဋကတ် အစွန့်ရှည်စွာ တည်လျှင် သာသနာတော် အစွန့်ရှည်စွာ တည်ပါပေသည်။ သို့ဖြစ်၍ ဝိနည်း ပိဋကတ်ကို ရှေးဦးစွာ သံဂါယနာ တင်ကြပါစို့) ဟူ၍ ငါးရာသော သံဂါယနာတင် အရှင်မြတ်တို့သည် တညီ တညွတ်တည်း လျှောက် ထားကြပါသည်။ မှန်ပါသည် ဝိနည်း ပိဋကတ်တော်သည် သုံးပါးသိက္ခာ သာသနာတော်အနက် အဓိသီလသိက္ခာ သာသနာအတွက် ဖြစ်ပါသည်။ ထိုအဓိသီလ သိက္ခာသည်ပင် သာသနာတော်၏ အသက်ဖြစ်၍ "ဝိနည်း ပိဋကတ်သည် မြတ်စွာဘုရားရှင် သာသနာတော်၏ အသက်ဖြစ်ပါသည်"ဟု တညီတညွတ်တည်း လျှောက်ထားကြခြင်းဖြစ်ပါသည်။

စာအောင် ပုဂ္ဂိုလ်အရှင်မြတ် အပေါင်းတို့ ထိုမှတပါးလည်း သမန္တပါသာ ဒိကာဝိနယအဋ္ဌကထာ ပါရာဇိကကဏ္ဍအဖွင့် ပဌမပါရာဇိက စတုတ္ထ ဝိနယကထာ အခန်းဝယ် (အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊ အနာဂတ နောက်ကာလဝယ် လဇ္ဇီပုဂ္ဂိုလ်သူမြတ်သည် သာသနာတော်ကို စောင့်ရှောက်လိမ့်မည်) ဟူ၍ ရှေး မဟာထေရ်မြတ်တို့ သုံးကြိမ်တိုင်တိုင် လေးလေးနက်နက် မိန့်မြွက်တော် မူကြ ကြောင်း ဖွင့်ပြချက်ရှိသည့်ပြင်၊ ဝိနယမဟာဝဂ္ဂပါဠိတော် မဟာခန္ဓကအဆုံး နိဂုံး၌လည်း (သုတ္တန်ပိဋက အဘိဓမ္မာပိဋကတို့ ကွယ်ပကုန်သော်လည်း ဝိနည်း ပိဋက မကွယ်ပလျှင် ဘုရားသာသနာတော်သည် တဖန်ဆက်စည် တည်နိုင် ကြောင်း၊) ပဌမသံဂါယနာတင် အရှင်မဟာကဿပ သုံးဆိန္ဒတို့သည် မှတ်တမ်း တင် နိဒါန်းစကား ဟောကြားတော်မူခဲ့ကြပါသည်။

စာအောင်ပုဂ္ဂိုလ် အရှင်မြတ်အပေါင်းတို့ ငါ့ရှင်တို့သည် ရှေးဖော်ပြပါ သံဂါယနာတင် မထေရ်မြတ်တို့နှင့် ပေါရာဏ မထေရ်မြတ်တို့၏ စကားကို ထောက်ထားဆင်ခြင်ပါက "သာသနာတော် အသက်သွေးကြောဖြစ်သော ဝိနည်းတရားတော်ကို အဦးပြုကာ ပရိယတ္တိမှ မပျောက်မပျက်ရအောင် စောင့်ရှောက်တော်မူကြသဖြင့် အနာဂတ နောက်ကာလဝယ် သာသနာ့သူရဲ ကောင်း စိတ်ကောင်းဖြူဖြောင့် သာသနာတော်စောင့် လဇ္ဇီပုဂ္ဂိုလ်သူမွန်တို့

ကောန်ပင် ဖြစ်ကြလိမ့်မည်”ဟု ဆရာဘောဘိုက အားရလှိုက်လှဲစွာ ထောမနာ နိမိတ်စကား ရဲဝံ့စွာ ပြောကြားလိုပါသည်။

သို့ဖြစ်သောကြောင့် အနာဂတ နောက်ကာလဝယ် သာသနာ့သူရဲကောင်း စိတ်ကောင်းဖြူဖြောင့် သာသနာစောင့်ပုဂ္ဂိုလ် လဇ္ဇီသူမွန် စင်စစ်ဖြစ်ကြမည့် ငါ့ရှင်တို့အတွက်တာ သာသနာသုံးရပ်ကို သမ္မပ္ပဓာနလုံ့လဝီရိယလေးချက်ဖြင့် ထက်မြက်စွာ အားထုတ်ကြရ၍ ဝိမုတ္တိခေါ်ဆို အရဟတ္တဖိုလ်သို့ ထုတ်ချောက် ရောက်ကြပါစေကုန်သော်ဟု မနောပဏိဓိ တောင့်တရင်းရှိသည်ကို—

(အနုဗလပ္ပဒါန)

ဝိနယော ဇိနစက္ကဿ၊ အာယု စေ စိရဋ္ဌိယာ။
တေ နဝါနာဂတေ လဇ္ဇီ၊ ရက္ခိဿတီတိ စာပြဝံ။ (၁)
ပဋိမှိ စ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ။
ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။ (၂)

အာဝုသော၊ စာအောင်ပုဂ္ဂိုလ် ထိုထိုများဖြင့် အို ငါ့ရှင်တို့။ ဝါ-အာဝုသော၊ ဝိနယာဒိ ပဋိပတ္တိ သဘာဝနှင့် အာဂမ, နှစ်ဌာနစုံလင် စာသဘင်ဝယ် ပါဝင် ရင့်ကျူး (သာသနာ့အညွန့်အဖူး) အောင်ပန်းကို ဆွတ်ခူးကြသည့် သဒ္ဓါထူး ညာထူး ကွန့်မြူးစုံလင် အို ငါ့ရှင်တို့။ ဝိနယော၊ ဝိနည်းတွင်ခေါ် တရားတော်သည်။ စေ-ကေန္တေန၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဇိနစက္ကဿ၊ ငါးမာရ်အောင်မြင် အောင်သူတကာတို့ထိပ်တင် ရှင်ပင်မြတ်စွာ သာသနာ သုံးရပ် စက်တော်မြတ်၏။ စိရဋ္ဌိယာ၊ အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါတိုင်လျှင်း ပွါးစီးခြင်းအကျိုးငှါ။ အာယု၊ ပဓာနအချက် အသက်သွေး ကြောနှင့်လုပေ၏။ တေနေဝ၊ ထိုကြောင့်ပင်လျှင်။ အနာဂတေ လဇ္ဇီ ရက္ခိဿ-တီတိ၊ ‘အနာဂတ နောက်ကာလဝယ် ပါပမှုကို အကုသိုလ်မှ သည်းဖို ကြောက်ရွံ့ ရှက်သေးမွန်သည့် သူမွန်ခေါ်မှန်း မြတ်ရဟန်းသည် သုံးခန်းသ်ကွာ သာသနာကို သဒ္ဓါဖြိုးစိမ့် စောင့်ရှောက်လိမ့်”ဟူ၍။ အပြဝံ၊ ပေါရာဏာ မြတ်ထေရတို့ ခွန်းဟန္ဒတ်ချို မိန့်ဆိုတော်မူခဲ့ကြလေပြီ။ (၁)

စ၊ ဤတွင်ရှေ့သာ မဟုတ်ပါသေး။ သုတ္တန္တေ စ၊ သုတ္တန်ခေါ်မှတ် ပိဋက တ်သည်၎င်း။ အဘိဓမ္မေ စ၊ အဘိဓမ္မာခေါ်မှတ် ပိဋကတ်သည်၎င်း။ ပဋိမှိ စ၊ အကယ်၍ပဲ့တိ ကွယ်ပဘိကာမူလည်း။ တာဝဒေ၊ သုတ္တန်နှင့်အဘိဓမ္မ ပိဋကနှစ် သွယ် ပျောက်ကွယ်သော ထိုအချိန်၌။ ဝိနယေ၊ ဝိနည်းတွင်ခေါ် ပိဋကတ် တော်သည်။ အဝိနဋ္ဌမှိ၊ မပျက်မစီး ညီးညီးလျှံရှိန် ထွန်းထိန်တောက်ပ၍ နေ ဆည်ရှိသော်။ သာသနံ၊ ဘုရားမြတ်စွာ သာသနာသည်။ ပုန တိဋ္ဌတိ၊ တဖန် နောက်ထပ် အနက်မပြတ်ပဲ မတ်မတ်ခိုင်ကျည် ကြံ့ကြံ့တည်နိုင်၏။

ဉာတိ စ၊ ဤသို့လည်း။ အဖြူဝုံ၊ ပဌမသံဂါယနာတင် အရှင်မဟာကဿပ သံဃိန္နတို့ ခွန်းဟန့်တ်ချို မိန့်ဆိုတော်မူခဲ့ကြလေပြီ။ (၂)

(အဘိတ္ထာ)

တုမှေ ဟျနာဂတေ လဇ္ဇီ၊ ဇိနစက္ကာနုရက္ခကာ။
မဟာယောဓာ ဓိတိမန္တော၊ ဇုတိမန္တော ဘဝိဿထ။ (၃)

(အာဝုသော၊ စာအောင်ပုဂ္ဂိုလ် ထိုထိုများဖြင့် အို ငါ့ရှင်တို့။) အနာဂတေ၊ အနာဂတာ နောက်ကာလ၌။ ဇိနစက္ကာနုရက္ခကာ၊ ဘုရားမြတ်စွာ သာသနာ စက် ပပလက်အောင် အဆက်တမျှ စောင့်ရှောက်ကြမည် ဖြစ်ကုန်သော။ မဟာယောဓာ၊ ကိလေသမာရ် သာသနာ့အတွင်းရန်ကို တွန်းလှန်ဖြိုခွဲ (ရောမ သတ္တိခွဲ) အရဟတ္တဖိုလ် တည်းဟူသော အောင်ပွဲကို ဆင်နွဲဘို့ရန် စိတ်သန်ရှယ် ချောင်း သာသနာ့သူရဲကောင်း ဖြစ်ကုန်သော။ ဓိတိမန္တော၊ သမာဓိဂုဏ် စွဲထုံနိဗဒ် သတိချုပ်၍ မတ်မတ်ခိုင်ကျည် တည်တံ့ကြကုန်သော။ ဇုတိမန္တော၊ ပညာတန်ဆောင် အရောင်ပြိုးပြက် ဖြိုးဖြိုးလက်ကြကုန်သော။ လဇ္ဇီ ပါပမှုကို အကုသိုလ်မှ သည်းဖိုကြောက်ရွံ ရှက်သွေးမွန်ကြသည့် သီလဝန်ခေါ်မှန်း ဂ ဇ္ဇီ ရဟန်းတို့ဟူသည်။ တုမှေဟိ-တုမှေဝေ၊ နေလုထင်စက် ထွက်မည့်ရှေးပြေး အရှုဏ်ရောင်ပေးသကဲ့သို့။ တေရှေဟိ၊ ယခုပင် ဝိနယပုဗ္ဗင်္ဂမ စာသဘင်ဝယ် အောင်မြင်မှုဂုဏ်တန်ဆောင် အရုဏ်ရောင်ဖြန့်လွှား သင် ငါ့ရှင်အများပင် လျှင်။ ဘဝိဿထ၊ မြေလက်ခတ်နဲ့ မချွတ်လွဲသို့ အမြဲပုံမှန် ကေန်စင်စစ် ဖြစ်ကြကုန်လိမ့်တကား။ (၃)

(ပတ္ထနာ)

တသ္မာ သီလေ ပတိဋ္ဌာယ၊စိတ္တံ ပညဉ္စ ဘာဝယံ။
ဝိဇဋေထ ဇဋံ ကျေသံ၊ သော အသ္မာက ပတ္ထနာ။ (၄)

တသ္မာ၊ ထို့ကြောင့်။ ဝါ၊ သို့ရကား။ တုမှေ၊ အနာဂတ နောက်ကာလဝယ် သာသနာ့ သူရဲကောင်း မစောင်းကေန် ဖြစ်မည်မှန်သည့် သူမွန်မြတ်လောင်း အရှင်ကောင်းတို့သည်။ သီလေ၊ စတုပါရိ သုဒ္ဓိလေးထွေ သီလတည်းဟူသော အောင်မြေ၌။ ပတိဋ္ဌာယ၊ ကာယိက စေတသိက ဝီရိယနှစ်တန် ခြေစုံဆန့်လျက် ကြံ့ကြံ့ခိုင်ကျည် မတ်မတ်တည်ကြ၍။ စိတ္တဉ္စ၊ အဓိစိတ္တသိက္ခာ သမာဓိဘာဝနာကို၎င်း။ ပညဉ္စ၊ တတိယသိက္ခာ အဓိပညာ ဘာဝနာကို၎င်း။ ဘာဝယံ ဘာဝယန္တာ၊ မနေမနား ပွါးများအားသစ် နိုင်ကြကုန်လျက်။ ကျေသံ ဇဋံ၊ အတိတ်ရှည်ကြာ ကမ္ဘာဘာဝယ် ဘယ်ခါကမှ ဖြေရှင်းခွင့်မရခဲ့သည့် ကိလေသရန်လှေး အတွင်း အပ အရှုပ်အထွေးကို။ ဝိဇဋေထ၊ မဂ်ဉာဏ်လေးချက် ဓားသန်လျက်ဖြင့်

ပယ်ဖျက်ခုတ်ထွင် အကြွင်းမဲ့သုတ်သင် ဖြေရှင်းနိုင်ကြစေကုန်သတည်း။ သော၊ ဤသည်ကား။ ဣဿွာကံ၊ ငါတို့ဆရာတော်များ၏။ ပဏ္ဏနာ၊ အဟိတာပန နှဟိဘူ၊သံဟ၁ရ အခဒါသခရဇလာ မေတ္တာနှစ်ပါး အရင်းထား၍ လိုလား တောင့်တချက်ပေတည်း။ (၄)

ဟူ၍ တော ၊ ည်း အ လက်၁ ဂုဏ်တန်ဆာတို့ဖြင့် ဂါထာ စတုက္က ညွန်းဖော်ပြ လျ က် (၁) အနုပလပ္ပဒါန၊ (၂) အဘိတ္ထဝ (၃) ပဏ္ဏ၃၁ မင်္ဂလာသုံးပြ သုံးကဏ္ဍတို့ ကို ဤမျှဖြင့် ကမ္ပတ်ဖုံး၍ နိဂုံးအုပ်ပေသတည်း။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော် မူကြပါစေ။

(ပုံ) ဦးဇိစိတ္တသာရာဘိဝံသ

တိပိဋကဓရဆရာတော်။

(၅၊ ၂၊ ၃၂၉)

ဘုရားရှိခိုးအမျိုးမျိုး

ဆရာတော်အရှင် ဝိစိတ္တသာရာဘိဝံသသည် နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးအပြင် ဇိနာလင်္ကာ ၊ ကျမ်းလာ သုဂတဂုဏ်တော်ဘွဲ့ ဘုရားရှိခိုး ဂါထာပါဠိ နိဿယ၊ ပါရမီတော်ချီး မဟာနမက္ကာရ ဘုရားရှိခိုး ပါဠိနိဿယစသည်တို့ကို စီရင်တော် မူခဲ့လေသည်။ ဤကျမ်းကား ပဌမဆုံး တိပိဋကဓရ ဆရာတော်ဘုရား၏ အဖိုး သန်စာပေများကို ကောက်စွမ်းသျှ မှတ်တမ်းတင်ရာကျမ်းဂန်ကြီးဖြစ်ရာ ဖော်ပြ ပါဘုရားရှိခိုး နှစ်ပုဒ်ကိုလည်း ဤ၌ မှတ်တမ်းတင်အပ်ပါသည်။

**ဇိနာလင်္ကာရကျမ်းလာ သုဂတဂုဏ်တော်ဘွဲ့**

**ဘုရာရှိခိုးဂါထာ ပါဠိနိဿယ**

သုခဥ္စ ဒုက္ခံ သမတာယုပေက္ခံ၊
နေဝိစ္ဆိယော ကာမမကာမနီတံ။
အသာခိတံ သခ်ိတ သမ္ဘဝံ ဘဝံ၊
ဟိတွာ ဂတော တံ သုဂတံ နမာမိ။

ယော သုဂတော၊ အကြင်သုဂတဂုဏ်ထူးဖြင့် ချီးကျူးအပ်ပါသော မြတ်စွာ ဘုရားကို ပ်တော်မြဘ်သည်။ သုခဥ္စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော်မူခြင်း ဝေဒယိတသုခကိုလည်း။ (ဝါ) သုခဥ္စ၊ ခုနစ်ရက်မျှ ဆိုင်းငံ့တွလျှင် လက်ရမှန်စွာ ဆိုက်ရောက်လာမည့် ၊ စကြာသနင်း မင်း၏ချမ်းသာကိုလည်း။ နေဝဣစ္ဆိ၊ ဆံသွားခြင်းမျှ မျှော်မှန်းဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော် မမူ။

ဒုက္ခဋ္ဌ၊ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ခန္ဓာတော်နွမ်း ပင်ပန်းရခြင်း ဆင်းရဲကိုလည်း။ (ဝါ) ဒုက္ခဋ္ဌ၊ လေးအသင်္ချေ သိန်းနေကမ္ဘာ ရှည်မြင့်ကြာအောင် ပါရမီစာဂ စရိယတို့ကို ဖြည့်ရများထွေ ဒုက္ခပေါင်း အသင်္ချေကိုလည်း။ နေဝဏ္ဏတ္ထိ၊ ဆံလွှာခြမ်းမျှ မျှော်မှန်းဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူ။ သမတာယုပေက္ခံ၊ မငြိမပင်ပတ် အကျင့်မြတ်ဖြင့် ရအပ်မှန်စွာ စတုတ္ထဈာန်ဥပေက္ခာ (အရဟတ္တဖိုလ် စတုတ္ထဈာန်ဥပေက္ခာ) ကိုလည်း။ နေဝဏ္ဏတ္ထိ၊ ဆံလွှာခြမ်းမျှ မျှော်မှန်းဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူ။ ကာမံ ကာမနီတံ၊ ဃာမတဏှာ ဆောင်တိုင်းပါသည့် သုံးရွာဘုံမိ သမ္ပတ္တိချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။ အကာမနီတံ၊ ကာမစ္ဆန္ဒ အယုတ်မမှက် ဖြတ်ချပယ်လှန် လက်ရောက်မှန်သည့် ဈာန်နှင့်မဂ်ဖိုလ် ထိုထိုချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။ အသင်္ခတသမ္ဘဝံ၊ အသင်္ခတဓာတ် ခေါ်တွင်မှတ်သား ပညတ် နိဗ္ဗာန် ဤနှစ်တန်ကြောင့် ခြေမှန်မျက်မှောက် လက်တော်ရောက် ရအင်သော။ ဘဝံ၊ ဈာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။ အသင်္ခတ သမ္ဘဝံ၊ အဘိသင်္ခါရ အမည်ရသား အပရိဓမ္မယျ ပုညမျိုးမှန် ပျိုးပြန်၍ ခံစံဆိုက်ကပ် ရောက်အပ်ရထိုက်သော။ ဘဝံ၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာအမျိုးမျိုးကိုလည်းကောင်း။ ဟိတွာ၊ ကိုယ်မှ ထွေးဟက် တံထွေးကျက်သို့ ရက်ရက်ကြီးစွန့်ခွါတော်မူ၍။ ဂတော၊ အနုပါဒိသေသ အမတ ကြွမှန်း နိဗ္ဗာန်နန်းသို့ ကြွမြန်းဆိုက်ရောက်တော်မူခဲ့လေပြီ။ တံ သုဂတံ၊ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသုံးပါး ကာမနီတချမ်းသာ အကာမနီတ ချမ်းသာ ဤနှစ်ပါး အသင်္ခတသမ္ဘဝချမ်းသာ သင်္ခတသမ္ဘဝချမ်းသာ ဤချမ်းသာနှင့်ပါးတို့ကို ကိုယ်မှထွေးဟက် တံထွေးကျက်သို့ ရက်ရက်ကြီးစွန့်ခွါ၍ အနုပါဒိသေသ အမတ ကြွမှန်း နိဗ္ဗာန်နန်းသို့ ကြွမြန်းဆိုက်ရောက်တော်မူမူကြောင့် "သုဂတ" ဂုဏ်ထူးဖြင့် ချီးကျူးအပ်ငြား ထိုအဂ္ဂိနွေယျ မြတ်စွာဘုရားကို။ နမာမိ၊ ကိုယ်နှုတ် နှလုံး သုံးပါးပေါင်းပျော့ မာန်ကိုလျှော့၍ ဘန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

### ပါရမီတော်ချီးမဟာနမက္ကာရ ဘုရားရှိခိုးပါဠိနိဿယ[၁]

ယော ဇိနော အနေကဇာတိယံ သမ္ပတ္တပါရမိဂ္ဂဝိဇမ္ဘိ၊
ဗောဓိသမ္ဘော အလင်္ကမနုဿော အဒါသိယေဝ အတ္ထိကဿ။
ဒါနပါရမိံ တံ တာပရံ အပ္ပဍိ သီလပါရမာဒိကမ္ပိ၊
တာသမိဒ္ဓိယော ပယာတမဂ္ဂတံ တမဟံ ကဗိကံ နမာမိ။

---

၁။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် မော်ပြပါ ဘုရားရှိခိုးကို တရားပွဲများ၌ ရွတ်ဆိုရှိခိုးလေ့ရှိသည်။

ယော ဇိနော၊ ငါးပါးမာရ်ညွန့် ရန်အဝန့်ကို မချွံမထိတ် ခြသေ့်စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွင့်ထူ အကြင်အောင်တော်မူ မြတ်စွာဘုရားသည်။ အနေကဇာတိယံ၊ တစ် နှစ် သုံး လေး ဂဏန်းရေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝ လေးအသင်္ချေနှင့် ကပ္ပါတသိန်းတို့ ကာလအတွင်း၌။ ဗောဓိပေမတော၊ ဗောဓိဉာဏ်ကြီး ရွယ်တိုင်းပြီးသည့် ထွတ်ထိဗိဘာန် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရန်စိတ်ထား လိုလားတောင့်တတော်မူခြင်းကြောင့်။ အတ္တိကဿ၊ အလိုရှိလတ် ချဉ်းလာကပ်သား ယုတ်မြတ်မဟူအလှူခံပုဂ္ဂိုလ် များထိုထိုအား။ သပုတ္တဒါရံ၊ ကိုယ်တော်ရင်သွေး အသက်ပေး၍ ချစ်ရေးဖြာစည် သည်းပွတ်နှင့် ပမာမှီရသည့် ဇာလိကဏှာဇိန်တို့ကဲ့သို့သော သမီး သား မဒ္ဒီဒေဝီတို့ကဲ့သို့သော ဇနီး မိဖုယားနှင့်တကွဖြစ်သော။ အင်္ဂဇီဝိတမ္ပိ၊ မဟာသွေးမဟာရည် ရာဇရုပ် ဂုဏ်အင်္ဂါ၍ ဖြိုးစည်သပ္ပါယ် ကိုယ်အင်္ဂါကြီးငယ်နှင့်တကွ လှူဝယ်အမြတ် ခေါ်မှတ်တင်ညောင်း အသက်တချောင်းကိုပင်ပေးသော်လည်း။ အလဂ္ဂမာနသော၊ ငါ့သား ငါ့သမီး ငါ့ဇနီးက ငါ့ထီး ငါ့နန်း ငါ့ကြငှန်းတည့် ငါ့သန်းရုံရွှေ ငါ့ရွှေငွေနှင့် ငါ့မြေ ငါ့ယာ ငါ့ဥစ္စာဟု တဏှာမြွေးယှက် မပေးရက်အောင် ရမက်ပိတ်ဖုံး စိတ်နှလုံးမှ ဆိတ်သုဉ်းတော်မူခဲ့သည်ဖြစ်၍။ အဒါသိဃော၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ဖြူဖွေး သဒ္ဓါရွှေး၍ လှူဒပေးတော်မူခဲ့သည်သာလျှင်တည်း။ ဒါနပါရမိံ၊ အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုရင်း။ ဝါ-ဒါနပါရမိံ၊ ဒါနပါရမီ, ဒါနဥပပါရမီ,ဒါနပရမတ္ထပါရမီတည်းဟူသော အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုရင်း။ တထောပရံ၊ ထိုဒါနပါရမီမှကမျိုးတခြား တပါးသာလျှင်ဖြစ်သော။ သီလပါရမာဒိကမ္ပိ၊ သီလပါရမီ, နေက္ခမ္မပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီတည်းဟူသော ပါရမီတော်မြတ်အပေါင်းကိုရင်း။ အပူရိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးဖြည့်ကျင့်တော်မူခဲ့လေပြီ။ တာသံ၊ ထိုပါရမီဆယ့်ပါး အကျယ်ပွါးက အပြားသုံးဆယ် နှုန်းမလွယ်တို့၏။ ပူရိတ္တိယာ၊ တစွန်းတစ မကျန်ရအောင် လောက်ငကုံလုံ ပြည့်စုံတော်မူခြင်းကြောင့်။ အဂ္ဂတံ၊ ဗြဟ္မာ နတ် လူ သုံးဘုံသူတွင် မည်သူမျှ မယှဉ်အပ်သည့် အမြတ်ခေါင်မှူး ပုဂ္ဂိုလ်ထူး၏ အဖြစ်သို့။ ဥပယာတော်၊ ဆုကြီးငွဲ့စည် ခါကန်ပြီးဘု ပါရမီတော် နှီးပင့်ဆော်၍ ရောက်တော်မူကြီး ရောက်တော်မူပြီးထသော။ ဝါ၊ ရောက်တော်မူခြင်းကြောင့်။ ကေဒီပကံ၊ အစမထင် ဟမ်မမြင်ပဲ သံသရာတကြော တဒေါ်ဗျာတည်းမျောခဲ့ရသည့် လူဗြော နတ် ဗြဟ္မာမကြွင်း သတ္တဝါခပင်းတို့၏ ဝပ်စင်းခိုမှီး တခုတည်းသော ကိုင်းကျွန် ကြီးသဖွယ်လည်း ဖြစ်တော်မူထသော။ တံဇိနံ၊ ငါးပါးမာရ်ညွန့် ရန်အဝန့်ကို မချွံမထိတ် ခြသေ့်စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွင့်ထူ သို့အောင်တော်မူ မြတ်စွာဘုရားကို။ အဟံ၊ ဘုရားတပည့်တော်သည်။

နမောမိ၊ ကာယဝစီ မနောချီလျက် အဥ္စလီညွတ်လျှိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ နမာမိ၊ ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## သဘောထားနှင့် ခံယူချက် ဩဝါဒကထာအမျိုးမျိုး

၁၃၃၃-ခုနှစ် တပေါင်းလဆုတ် ၄-ရက်နေ့တွင် ရန်ကုန်မြို့ စမ်းချောင်းရှင်လမ်း အမှတ်-၁၄၄၊ ဦးညာဏ်မိသားစုနေအိမ်၌ ဝိနည်းပူဇော်ပွဲကို ကျင်းပလေသည်၊ ထိုစဉ်က ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် သဘောထားနှင့် ခံယူချက်ကို မိန့်ကြားတော်မူသည်၊ ဩဝါဒကထာများကိုလည်း ထိုထို အစည်းအဝေးများစွာတို့၌ မိန့်ကြားတော်မူသည်မှာ များလှချေ၏၊ ဤကျမ်း၌ ဩဝါဒအခန်းတခု ထားရှိဖွင့်လှစ်၍ ရေးသားပြုစုရာ ဩဝါဒကထာများမှာ လွန်စွာများပြားလှသည်၊ ဤစာပြုသူ ပြည့်စုံအောင် မစုဆောင်းနိုင်ပါချေ၊ စုဆောင်းနိုင်သည်တိုင်အောင် ဤကျမ်း၌ တခန်းစာ သင့်တော်ရုံသာ ဖော်ပြထည့်သွင်းရန် လိုအပ်ပါသည်၊ သို့ဖြစ်၍ ဤ၌ သဘောထားနှင့် ခံယူချက်၊ ဦးကြည်ဦး-ဒေါ်မြကြည် မိသားစုတို့၏ ရှင်ပြုအလှူမင်္ဂလာပွဲတွင် မိန့်ကြားသည့် ဩဝါဒကောက်နုတ်ချက်နှင့် နိကာယ်ငါးရပ် စာပျောက်-မးပွဲ ဒုတိယဆုနှင်းသဘင်တွင် မိန့်ကြားသော အနုဗလပ္ပဒါန ဩဝါဒကထာ၊ နိကာယ်သာသနာ ထွန်းကားရေး အသင်းကြီး၏ ပဥ္စမနှစ်ပတ်လည် အစည်းအဝေး၌ မိန့်ကြားသည့် သမ္မာဒိဋ္ဌိ အနုဗလပ္ပဒါနကထာတို့ကို အစဉ်အတိုင်း ဖော်ပြအပ်ပါသည်။

## ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ သဘောထားနှင့် ခံယူချက်

ဆုံးမဩဝါဒတရားတွေဟာ သာသနာပိုင် ဆရာတော်ဘုရားကြီး ၃-ပါး ပေးလို့ ခင်မကန် ပြည့်စုံနေပါပြီ၊ ဘုန်းကြီးတော့ သဘောထားနဲ့ ခံယူချက်ပဲ ပြောပါ့မယ်၊ ဒီတော့ ကိုယ့်ခံယူချက်ကို ပြောရမယ်ဆိုရင် အရင်းများများနဲ့ အမြတ်နည်းနည်း ရချင်ပါတယ် ဆောင်ရွက်တဲ့ကိစ္စများမှာ များများဆောင်ရွက်ပြီး နည်းနည်းမြင်ချင်တဲ့ မဂ်ညာဏ်ဟာ သာဝကဗောဓိမဂ်ညာဏ်ကို ဆောင်တာပါတယ်။ ခံယူချက် ၁-မိမိဘဝလမ်းစဉ်တလျှောက်မှာ ဒကာ ဒကာမများ ကြောက်ရွံ့မနေရင် ကြိုးစားနိုင်သလို အားရှိအောင် မှန်လဲမှန်ရမယ်၊ ဒါပြောပေးချင်ပါတယ်။ အကယ်၍ ဒကာ-ဒကာမတွေ သိမ်မွေ့လျော့နေရင် ဝမ္မသံဝေဂရအောင် ထိတ်လန့်အောင် ပြောရမယ်ဆိုတာ မိမိဝတ္တရားပဲလို့ အဲဒီလို ခံယူချက် ရှိပါတယ်၊ အဲဒါ ခံယူချက်နှစ်ခုမှာ ၁-ခံယူချက်၊ ဒါ ကိုယ်ရေးကိုယ်တာအတွက် ဖြစ်ပါတယ်။

ခံယူချက် ၂-အရ ဒီလူဟာ အားတက်စရာရှိရင် လွယ်လွယ်နဲ့ အားတက်သလိုပဲ အားနွဲ့စရာရှိရင်လဲ လွယ်လွယ်နဲ့ စိတ်အားတွေနွဲ့သွားတတ်တယ်၊ ကနေ့ သာသနာနဲ့ပတ်သက်၍ အားနွဲ့စရာအသိတွေ အားနွဲ့စရာအဆုံးအမတွေအတော်များများ ရှိတယ်။ တနည်းအားဖြင့်ပြောရလျှင် ဒကာ, ဒကာမတွေနဲ့ ပတ်သက်ရင် အင်မတန်စိတ်အားငယ်တယ်လို့ ဒီလိုပဲအကဲခတ်ရပါတယ်၊ အဲဒီအခါမှာ စိတ်အားငယ်နေရင် စိတ်အားတိုးတက်အောင် ဘုန်းကြီးတို့ပြောရမဲ့ဝတ္တရားရှိပါတယ်။ မြတ်စွာဘုရားရဲ့ သီလ, သမာဓိ, ပညာ, ဒီသိက္ခာ ၃-ပါးဟာ သာသနာအစစ် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ သီလ, သမာဓိ, ပညာ ဒီသိက္ခာ ၃-ပါးတည်းဟူသော သာသနာကို အနှစ်-၅၀၀၀ ကမ္ဘာပေါ်မှာ တည်ရစ်ဘို့ စိတ်ကူးနဲ့ဆုတောင်းနဲ့ လုပ်ခဲ့တာမဟုတ်ပါဘူး၊ အဲဒီလို ကိုယ်တော်ရဲ့ အဆုံးအမ ဩဝါဒသုံးပါး သိက္ခာသာသနာဆိုတဲ့တိုက်ကြီး အနှစ် ၅၀၀၀-တည်နိုင်ရေးအတွက် မြတ်စွာဘုရားသည် လေးအသင်္ချေ ကမ္ဘာတသိန်းကြာ ပါရမီ ၁၀-ပါး ဥပပါရမီ ၁၀-ပါး ပရမတ္ထပါရမီ ၁၀-ပါးဆိုတဲ့ ပါရမီအုတ်မြစ်တွေ အင်မတန်ခိုင်ခိုင်ခံ့ခံ့ချပြီးမှ တည်ခဲ့တဲ့သာသနာတိုက်ကြီးပါ၊ သာသနာတိုက်ကြီးအနေနဲ့ အုတ်မြစ်နှုတာနဲ့စာရင် မြတ်စွာဘုရားမြော်ခေါ်တဲ့ အနှစ် ၅၀၀၀-ဟာနဲ့တောင် နဲပါသေးတယ်၊ အဲဒီ ၂-ခုကို ဆက်စပ်ကြည့်ရင် သာသနာဟာ ဒီအနှစ် ၅၀၀၀-အတွင်းမှာတော့ရှိတယ်၊ ဒီသာသနာဆိုတဲ့တိုက် သာသနာဆိုတဲ့ သီလ, သမာဓိ, ပညာ ဒီသာသနာဟာ အနှစ် ၅၀၀၀ အတွင်းမှာတော့ ရှိနေမယ်၊ သို့သော် ဘယ်နေရာမှာ ကနေ့အဲ စွဲမြဲခိုင်နေမယ်လို့တော့ မပြောလိုပါဘူး၊ ရှိသင့်တဲ့ နေရာမှာ ရှိမယ်လို့ ဒီလိုပဲပြောရမှာပါ။

ပြန်ပြီ တော့ သာသနာဆိုတာ သီလ, သမာဓိ, ပညာ ဒီ ၃-ခုပဲဆိုတာက ခုတော့ စွဲမြဲထားပါ၊ မိမိတို့ရဲ့သာသနာဆိုတာ မိမိတို့ရဲ့သီလ, မိမိတို့ရဲ့သမာဓိ, မိမိတို့ရဲ့ပညာဟာ မိမိတို့ရဲ့ သာသနာပါပဲ၊ သူတပါးရဲ့သီလ, သမာဓိ, ပညာသည် သူတပါးရဲ့သာသနာပါပဲ၊ မိမိတို့ရဲ့သာသနာကို မိမိတို့သာလျှင် တိုးတက်အောင်လည်း လုပ်နိုင်ပါတယ်၊ ဆုတ်ယုတ်အောင်လည်း လုပ်နိုင်ပါတယ်၊ မှန်ပါတယ်၊ မိမိရဲ့သီလကို ဣတ္တိဘာဂိယ, ဌိတိဘာဂိယ, နိဗ္ဗေဓဘာဂိယဆိုတဲ့ အဆင့်ဆင့်မြင့်သွားအောင် ကြိုးစားဖို့လဲပဲ မိမိပဲ တတ်နိုင်ပါတယ်၊ အဲဒီမိမိရဲ့သီလကို ဟာနဘာဂိယဖြစ်အောင် ကြိုးစားဖို့လဲပဲ မိမိပဲတတ်နိုင်ပါတယ်၊ ရောသွားအောင်ပေါ့၊ အဲဒါကြောင့် မြတ်စွာဘုရားရဲ့သာသနာသည် ပါရမီအုတ်မြစ်ချခိုင်ခဲ့တဲ့အတွက် သာသနာ ဝိတ်ခဲ့တိုက်သည် အနှစ် ၅၀၀၀-တည်မှာပါ ကေန်ပဲလို့ စွဲမြဲယုံကြည်ကြစေလိုပါတယ်။

အဲဒီသာသနာဆိုတဲ့ သီလ, သမာဓိ, ပညာ ဒီတရားကို မိမိတို့ရဲ့သီလ,သမာဓိ ပညာကို မိမိတို့ပြုနေသလောက် မိမိတို့သာသနာသည် ထွန်းတောက်နေပါ

တယ်၊ ဒါ့ကြောင့် ဒီဩဝါဒသဘောကို ညွှန်ပြတဲ့သဘောပါပဲ၊ နည်းလမ်းပေးတဲ့ သဘောပြောပါရစေ၊ သာသနာမဆုံးရှုံးစေချင်ဘူးဆိုတဲ့ စိတ်ရှိတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း မိမိတို့ သီလ, မိမိတို့သမာဓိ, မိမိတို့ပညာကို ဟာနဘာဂိယမဖြစ်စေပဲ အနည်းဆုံး ဌိတိဘာဂိယ, တတ်နိုင်လျှင် ဝိသေသဘာဂိယ, ထို့ထက် တတ်နိုင်လျှင် နိဗ္ဗေဓ ဘာဂိယဆိုတဲ့ အရိယမဂ်ဖိုလ်တိုင်အောင် သီလ, သမာဓိ, ပညာ သာသနာ အဆင့်ရောက်အောင် ကြိုးစား အားထုတ်ကြပါလို့ ဩဝါဒ ဆုံလဲ ဖော်တင်ပါတယ်။

ဤသို့ ကိုယ်စီကိုယ်ငှ ကိုယ့်သီလ ကိုယ့်သမာဓိ ကိုယ့်ပညာကို မမှေး မမှိန် အောင် ကိုယ့်အလုပ် လုပ်နေရင် ကိုယ့်သာသနာသည် မမှိန်ပါဘူး။ သူတပါး သာ သနာကိုကြည့်ပြီးတော့ သူတပါး၏ စီးပွါးဥစ္စာ ရေ့မှု တိုးမှုကို ကြည့်ပြီးတော့ စိတ်ပျက် မနေပါနဲ့၊ စိတ်လဲ အားတက်မနေပါနဲ့၊ ဘုန်းကြီးပြောလိုတဲ့နည်းက ကိုယ့်ရဲ့သာသနာကို တိုးတက်အောင်သာ ကိုယ့်သီလ ကိုယ့်သမာဓိ ကိုယ့်ပညာကို သတိပြု၍ ပွါးများ အားထုတ်ကြပါလို့ ဒုတိယမ္ပိ ၂ ကြိမ်မြောက်ရင်း တတိယမ္ပိ ၃ ကြိမ်မြောက်ရင်း တိုက်တွန်း နည်းညွှန်းပါတယ်။ ဘုန်းကြီးပြောခဲ့ပါ ဆိုရင်လဲ ရယူနိုင်ပါတယ်။ ဘုန်းကြီးတို့ ဟိုတင်ပိဋက ချီးကျူးပွဲတုန်းက ကော်မတီက ပေးထားတာကတော့ တဖွဲ့ကို ၅ မိနစ် ဒါပေမဲ့လို့ ဧည့်ဖွဲ့တွေက သဒ္ဓါတရား လွန်လွန်ကဲကဲနဲ့ သူ့ဘ်ချီးကျူးလိုက်တာ တချို့အဖွဲ့က နာရီဝက်၊ တချို့အဖွဲ့က မိနစ် ၂၀ ဆိုပေတော့ နေဝင်ရော၊ ဒီနေရာမှာ ရန်ကုန်ဒကာကြီး ဆာဦးသွင်ပေါ့ ပြောတာအမှတ်ရတယ်၊ ဆာဦးသွင်က ဘာပြောသလဲဆိုတော့ “ ငါးမိနစ်ဆိုယင် တော်တာပါပဲ ဦးဇင်းရော၊ ဘာဖြစ်လို့ ဒကာကြီးက ဒီလောက်တိုတို ကောင်းတောင်း မပြောရသလဲ၊ ဦးဇင်းရော မဟာဒါယကာကို ကြည့်စမ်း ဗြဟ္မာကြီး ၄ ယောက် ချီးကျူးတာဟာ တဂါထာပဲရယ်” တဲ့။ သူဟာ ဘာပဲပြောပြော သူဟာ တော်တော်နိုင်းတာပဲ၊ အဲဒီတင်ပြတဲ့ ဟာ ဗြဟ္မာကြီး ၄ ယောက် တယောက်တဂါထာ ချီးကျူးသလိုပဲ ဘုန်းကြီးရှင်ဒလဲ ဗြဟ္မာကြီး ၄ ယောက် တယောက်တဂါထာလောက်ပဲ မိမိတို့ရဲ့ သီလ, သမာဓိ, ပညာတည်းဟူသော သာသနာကို မိမိသာလျှင် ဌိတိဘာဂိယ တည်တံ့နိုင်တဲ့ အခြေအနေတင် မနေပဲ တတ်နိုင်ရင် ဝိသေသဘာဂိယ လောကီသီလမှ လောကုတ္တရာ သီလအစရောက်အောင် နိဗ္ဗေဓဘာဂိယ မိမိတို့၏ သီလသည် ကိလေသာတို့ကို ဖောက်ထွင်းခွဲပစ်နိုင်သော အရိယာမဂ်ဖိုလ် သီလအဆင့်ရောက် သမာဓိ ပညာတို့လဲ ထိုအတူပဲ နိဗ္ဗေဓဘာဂိယ သီလ သမာဓိ ပညာဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်လဲ အားထုတ်ကြပါလို့ အကြိမ်ကြိမ်တိုက်တွန်း ပါတယ်၊ အားလဲ ထုတ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။

## ၁၃၃၆-ခု၊ ကဆုန်လဆန်း ၈-ရက်နေ့ ရန်ကုန်မြို့၌ ကျင်းပသော ဦးကြည်ဦး-ဒေါ်မြကြည် မိသားစုတို့၏ ရှင်ပြုမင်္ဂလာပွဲတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ အရှင်မြတ် မြွက်ကြားသော ဩဝါဒကထာမှ ကောက်နုတ်ချက်

ကောဇာသက္ကရာဇ် ၁၃၃၆-ခု၊ သာသနာတော် ၂၅၁၇-ခုနှစ် ကဆုန်လဆန်း ၈-ရက်နေ့ ရန်ကုန်မြို့ ရွှေတိဂုံဘုရားစေတီတော်ခြေရင်းရှိ ရဲရိပ်သာ ပိဋကတိုက်၌ ရန်ကုန်မြို့ အလှူ့ဒါယကာ ဦးကြည်ဦး-အလှူ့ဒါယိကာမ ဒေါ်မြကြည်တို့၏ ရင်၌ဖြစ်သော သား ရှင်သာမဏေလောင်း မောင်ကျော်ဦးအား သာမဏေရပဗ္ဗဇ္ဇာဘုံရောက် ချီးမြှောက်သော သာသနာနုဂ္ဂဟပွဲ။

သာသနာတော် အဓွန့်ရှည်စွာ တည်တံ့စည်ပင်ရေးအတွက် ပဋ္ဌာန်းဒေသနာတော် ကျောက်စာတော် လှူဒါန်းခြင်း၊ နိကာယ်ငါးရပ် ပိဋကတ်သာသနာတော် ထွန်းကားရေးအသင်းသို့ ရံပုံငွေ ကျပ် ၅၀၀၀-လှူဒါန်းခြင်း၊ အသင်း၏ ဦးဆောင်ဂဏပါမောက္ခ ဂဏနာယက ဆရာတော်ကြီးဘုရားများအား သင်္ကန်း ဆွမ်း ခဲဖွယ် ဘောဇဉ် စသည်တို့ကို ဆက်ကပ်လှူဒါန်း ပူဇော်အပ်သော သာသနာနုဂ္ဂဟ ကောင်းမှုပွဲ၌ ဟောကြားအပ်သော ဒေဝသဒ္ဒသုတ္တန်တရား-လို့ ရှင်သာ မဏေအတွက် ဒေဝသဒ္ဒသုတ္တန်တရားကို ဟော၍ ဆုတောင်းပေးပါမယ်။ ဒကာ ဒကာမများနှင့်တကွ သာသနာတော်အတွက် ပထမပြောလိုပါတယ်။ ပဌမသင်္ဂါယနာတင်ပြီးတဲ့ အချိန်မှာ သံဂီတိဉက္ကဋ္ဌ၊ သံဂီတိနာယက ဖြစ်တော်မူတဲ့ အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်ဉပါလိ အရှင်အနုရုဒ္ဓါ အစရှိသော သံဂီတိအကြီးအကဲ ဆရာတော်များ တိုင်ပင်ညှိနှိုင်းတော်မူ၍ ဒီဃနိကာယ်ကို ဘယ်မထေရ်က ဦးဆောင်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ပါ၊ မဇ္ဈိမနိကာယ်ကို သံယုတ္တနိကာယ်ကို အင်္ဂုတ္တရနိကာယ်ကို ခုဒ္ဒကနိကာယ်ကို ဘယ်မထေရ်က ဦးဆောင်၍ စောင့်ရှောက်ပါလို့ နိကာယ်ငါးရပ် ပိဋကတ်တော်ကို ခွဲဝေပြီးတော့ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်စေခဲ့ပါတယ်။

အဲဒီကိစ္စသည် တိုက်ရိုက်ကဲ့သို့ပြောရင် သာသနာတော်က သာသနာ့ဝန်ဆောင် ဆရာတော်များ၏ အဓိကလုပ်ဆောင်ရမဲ့တာဝန် ဖြစ်ပါတယ်၊ ပဌမ, ဒုတိယ, တတိယ, စတုတ္ထ ပဉ္စမသင်္ဂါယနာ အဆက်ဆက်ပြီးလို့ ပြည်ထောင်စု မြန်မာနိုင်ငံဆဋ္ဌသင်္ဂါယနာပြီးတဲ့အချိန်မှာလဲပဲ ဝန်ဆောင်အဖွဲ့က ဦးဆောင်၍ နိကာယ်ငါးရပ် ပိဋကတ်တော်များကို အသီးသီး မဆိတ်မသုဉ်းအောင် ပို့ချဖို့ ဆရာတော်များ မေတ္တာရပ်ခံ ညွှန်ကြားချက် ထုတ်ခဲ့ပါတယ်၊ သို့သော် အကောင်အထည်ပေါ်လောက်အောင် နောက်ပိုင်းက ဒကာ, ဒကာမတို့ဘက်

ဆိုင်ရာ ပစ္စယာနုဂ္ဂဟ အားပေးမှုမရှိလို့ပဲလို့ ဆိုရပါမယ်။ ယနေ့ဆိုလျှင် သင်္ဂါယနာတင်ပြီးတာ နှစ်ပေါင်း ၁၆-နှစ်ကျော်ကျော် ကြာခဲ့ပါပြီ၊ နိကာယ်ငါးရပ်ပိဋကတ်တော်ကို ထွန်းကားအောင် ဆောင်ရွက်တဲ့ကိစ္စ အကောင်အထည်မပေါ်ခဲ့သေးပါဘူး၊ ဆောင်တော့ ဆောင်ရွက်တယ်ပဲဆိုပါစို့၊ သတ္တိရုပ်အနေနဲ့ ထိုထိုစာသင်တိုက်ကြီးများမှာ အထူးအားဖြင့် ပခုက္ကူ နိကာယတိုက်တော်ကြီးများမှာ နိကာယ်ငါးရပ် ပိဋကတ်တော် မဆိတ်မသုဉ်းပဲနဲ့ နေ့စဉ်နေ့စဉ် ပို့ချသင်ကြားလျက်ရှိပါသည်။ အဲဒီရှိတဲ့ ကိစ္စသည် နိကာယဘာဏက ပုဂ္ဂိုလ်တွေကို သတ္တိရုပ်အနေနဲ့သာ ထုတ်ဆောင်နိုင်၍ ဗျတ္တိရုပ်အနေနဲ့ ပေါ်လွင်ထင်ရှားလောက်အောင် မဖြစ်ခဲ့သေးတာကတော့ တခြမ်းလိုနေလို့ပါပဲ။

အဲဒီတခြမ်းက ဒကာဘက်ကနေပြီးတော့ နိကာယ္ဓေရာဏကသမိတိ နိကာယ်ငါးရပ် ပိဋကတ်တော်ထွန်းကားရေးအသင်းအဖွဲ့ရယ်လို့ မယ်မယ်ရရဖွဲ့ပြီး ထိုက်သလို ချီးမြှောက်မှုမရသေးတဲ့အတွက် သာသနာတော်မှာ နိကာယ်ဆောင်ပုဂ္ဂိုလ်များသည် သတ္တိရုပ်အနေနဲ့သာ ရှိသေးပြီး ဗျတ္တိရုပ်အနေနဲ့ ဤပုဂ္ဂိုလ် ဤပုဂ္ဂိုလ်သည် ဒီဃနိကာယဘာဏက၊ ဒီဃဘာဏက၊ ဤပုဂ္ဂိုလ်သည် မဇ္ဈိမဘာဏက၊ သံယုတ္တဘာဏက၊ အင်္ဂုတ္တရဘာဏက၊ ခုဒ္ဒကဘာဏက၊ နိကာယ်ငါးရပ် စုံလာတဲ့အခါမှာ ပဉ္စနိကာယိကမဟာဝေယျာကရဏိက ဆိုလောက်အောင် ဗျတ္တိရုပ်အနေနဲ့ပေါ်ဘို့ရန် ရောင်ခြည်သန်းနေပြီလို့ သံဃာတော်တို့ရဲ့ဘက်ကနေပြီး ကိုယ်စား ရွှေကသုတိမင်္ဂလာနိမိတ် ဖတ်ကြားလိုပါတယ်။

ဤဘွင် ဒကာဘက် ဆရာတော်ဘက် လက်တွဲမိသော ဤအချိန်ကစ၍ နိကာယ်ငါးရပ် ပိဋကတ်တော်ထွန်းကားလာမယ်၊ အဲဒီပိဋကတ်တော်မှ နာကြားရ၍ ရတော့သောသပစ္စည်းကိုရလျက် ကိုယ်စီကိုယ်ငှ ယောနိသော မနသိကာရ တည်းဟူသော အဇ္ဈတ္တအကြောင်း ရကြပါလိမ့်မယ်၊ အဲဒီအကြောင်းနှစ်ပါးရပြီးလျှင် ဓမ္မာနုဓမ္မပဋိပတ်ကို ရှင်ရော လူပါ ကျင့်ကြံကြိုးကုတ် အားထုတ်ကြသဖြင့် မြတ်စွာဘုရား၏ (၁) ပရိယတ္တိသဒ္ဓမ္မ ရေသောက်မြစ်၊ ထိုမှဆင့်ပွါး (၂) ပဋိပတ္တိသဒ္ဓမ္မတည်းဟူသော ပင်စည်၊ (၃) ပဋိဝေဓသဒ္ဓမ္မတည်းဟူသော လောကုတ္တရာ အရိယာမဂ်ဖိုလ် နိဗ္ဗာန် သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ထွန်းကားဖို့ရာ ယနေ့ ရွှေပြေးနိမိတ်အနေနဲ့ စတင်အကောင်အထည်ပေါ်တဲ့နေ့ဆိုလျှင် မမှားနိုင်ပါဘူး။

ဤရှင်ပြုပွဲတွင် နိကာယ်ငါးရပ်ဆောင် အရှင်မြတ်များ ပေါ်ထွန်းရေးအတွက် ရေးရှုသော ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ သာသနာချီးမြှောက်တဲ့ ရှင်ပြုပွဲ ဖြစ်ပါတယ်။ ဒီရှင်ပြုပွဲပေါ်ပေါက်လာခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် ထွန်းကားရေးအတွက် အာရုံတက်တယ်လို့ပဲ သာသနာတော်ဘက်က အသိအမှတ်ပြုရမယ် ဖြစ်ပါတယ်။

အဲဒီလို အာရုံဘက်သည်ကစ၍ တဖြည်းဖြည်း သဒ္ဓမ္မသုံးဖြာ သာသနာ သုံးရပ် အရဟတ္တဖိုလ်တိုင်မျောက်အောင် ထွန်းကားနိုင်ပါစေဟု ဆုတောင်း၍ ပထမပိုင်းကို နိဂုံးအုပ်ရအောင်——

သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။

ဣတိဝုတ်ပါဠိတော် မြတ်စွာဘုရားဟောတဲ့အတိုင်း။

သာဒေဝေါ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ သာဂါရာ၊ အိမ်နှင့်နေသူ ဒါယကာဟူသမျှတို့သည်၎င်း။ အနဂါရာ စ၊ အိမ်၏အစီးအပွါးမရှိသူ ရဟန်းတော် ဟူသမျှတို့ သည်၎င်း၊ ဥဘော၊ ဆရာ့ဒါကာနှစ်ဦး သားတို့ သည်။ အညောညနိဿိတာ၊ အချင်းချင်းပစ္စယဓမ္မ အပြန်အလှန် အမှီသဟဲရကုန် သည် ဖြစ်သော်၊ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ရာ မှန်သော။ အနုတ္တရံ၊ အတုမရှိ လွန်မြတ်သော။ သဒ္ဓမ္မံ၊ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို။ အာရာဓယန္တိ၊ အရဟတ္တဖိုလ် ပေါက် မြောက်အောင်တစေ ချီးမြှောက်ကောက်ပံ့ ပြုနိုင်စေကုန်၏။

မြတ်ဘုရားဘုရား မိန့်ကြားတဲ့အတိုင်း ဖြစ်ပါတယ်။ ဆရာဒကာ နှစ်ဖက် ညီညွတ်လာလျှင် သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ် အရဟတ္တဖိုလ်ပေါက် မြောက်စေနိုင်ကြမယ်၊ ပြီးမြောက်နိုင်ကြမယ်။

အဒေ္ဒသနာ ဗုဒ္ဓ မြတ်စွာဘုရားတို့ ဟောသည် ဘယ်ဘော့မှ နှစ်ခု မရှိ ပါဘူး။ တကန့် တခုတည်းရှိတယ်။ အဲဒီဘုရားရဲ့ မိန့်ကြားချက် ဒီဂါထာကို ကြိယာပုဒ်ကလေးကို အာသိဋ္ဌ ဆုတောင်းကဲ့ ကြိယာပုဒ် ပြောင်းလိုက်လျှင် ဆုတောင်းဂါထာ ဖြစ်ပါတယ်။

သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တု သဒ္ဓမ္မံ၊ ယောဂက္ခေမမနုတ္တရံ။

သာဂါရာ၊ အိမ်ယာထောင်သူ လူတောင်၌နေကြတဲ့ လူဒါယကာတို့သည် ၎င်း။ အနဂါရာ၊ အိမ်၏ အစီးအပွါးမရှိသူ သာသနာ့ဝန်ထမ်း ရှင်ရဟန်း တို့သည်၎င်း။ ဥဘော၊ ဒါကာနှင့်ဆရာ နှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ ယနေ့ကစ၍ ပစ္စယ, ဓမ္မ အပြန်အလှန် အမှီသဟဲ ရကြကုန်သည်ဖြစ်၍ အပြန် အလှန် အမှီသဟဲရကြပြီး အပြန်အလှန် အမှီသဟဲကို ရကြကုန်ရကား။ ယောဂက္ခေမံ၊ ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂတည်း ဟူသော ယောဂလေးတန် ကုန်ရာကုန်ကြောင်းမှန်သော။ အနုတ္တရံ၊ အတုမရှိ လွန်မြတ်သော။ သဒ္ဓမ္မံ၊ ပရိယတ္တိ,ပဋိပတ္တိ,ပဋိဝေဓ သဒ္ဓမ္မသုံးဖြာ သာသနာတော်

သုံးရပ်ကို။ အာရုဝယန္တု၊ အဒုဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင်တစေ ချီးမြှောက် ပြုစုနိုင်ကြပါစေသတည်း။

လို ပထမပိုင်း ဆုတောင်း၍ နိဂုံးအုပ်ပါသည်။

၁၃၃၇–ခုနှစ် တပေါင်းလပြည့် (၁၄-၃-၇၆) နေ့ ရန်ကုန်မြို့ ရွှေဘုံကျက်ကြီး ဘုရားကြီးကျောင်းတိုက် သာသနဝိပုလ မဟာသိမ်တော်ဘိုက်ကျောင်း ကြီး၌ ပူဇော် ကျင်းပအပ်သော နိကာယ် ငါးရပ် စာလျှောက်မေးပွဲ ဒုတိယ ဆုနှင်းသဘင်တွင် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော် မိန့်ဖော် ဟောကြားအပ်သော အနုဗလပ္ပဒါန ဩဝါဒကထာ

နမော တဿ ဗုဒ္ဓ ဝီရဿ။

နိကာယ်စာလျှောက်မေးပွဲ စာအောင် အရှင်သူမြတ်များနှင့်တကွ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ဤနိကာယ် ဘွဲ့နှင်းသဘင် အခမ်း အနား၌ စာအောင် အရှင်မြတ်တို့နှင့်တကွ ဒကာ, ဒကာမ အပေါင်း သူတော် ကောင်းတို့အား "နိကာယ်" ဟူသော မြန်မာဝေါဟာရ စကား၏ အနက် အဓိပ္ပါယ်ကို ရှေးဦးစွာ အကျဉ်းဖော်ပြ အသိပေးလိုပါသည်။ နိကာယ် ဟူသည် မှာ နိကာယဟူသော ပါဠိမှ ဆင်းသက်လာသော မြန်မာစကား ဖြစ်ပါသည်။ မြတ်စွာဘုရား ဟောညွှန်ကြားအပ်သည့် တရားစကားတော် အပေါင်းကို စုရုံး၍ ပါဠိလို နိကာယ၊ မြန်မာလို နိကာယ်ဟူ၍ ခေါ်ဆိုခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တရားစကားတော် အပေါင်းဟု ဆိုလိုပါသည်၊

ထိုမြတ်စွာဘုရား၏ တရားစကားတော် အပေါင်းတည်းဟူသော နိကာယ်ကို သဘောတူရာ သူ့အစုနှင့်သူ ခွဲဝေလိုက်သော အခါ (က) ဒီဃနိကာယ်၊ (ခ) မဇ္ဈိမနိကာယ်၊ (ဂ) သံယုတ္တနိကာယ်၊ (ဃ) အင်္ဂုတ္တရနိကာယ်၊ (င) ခုဒ္ဒက နိကာယ် ဟူ၍ ၅-စု ဖြစ်လာပါသည်။ (၅) စုထား၍ သံဂါယနာတင် အရှင် မြတ်တို့ သံဂါယနာ တင်တော်မူခဲ့ကြ စုပေါင်း ရွတ်ဆိုတော် မူခဲ့ကြပါသည်။

(က) ဒီဃနိကာယ်=ရှည်လျားသော ဘုရားစကားတော် (သုတ္တန်) အပေါင်းကို ဒီဃနိကာယ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုဒီဃနိကယ်၌ သုတ္တန်ပေါင်း (၃၄) သုတ်၊ စာအုပ်အရေအတွက် ၃-အုပ်ရှိပါသည်။

(ခ) မဇ္ဈိမနိကာယ်=မရှည်မတို အလယ်အလတ်ဖြစ်သော ဘုရားစကား တော်(သုတ္တန်) အပေါင်းကို မဇ္ဈိမနိကာယ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုမဇ္ဈိမ နိကာယ်၌ သုတ္တန်ပေါင်း (၁၅၂) သုတ်၊ စာအုပ် ၃-ရေအတွက် ၃-အုပ်ပင် ရှိပါသည်။

(ဂ) သံယုတ္တနိကာယ်=နတ်ပြဟ္မာ ဒေဝတာအား ဟောသော သုတ္တန်၊ နတ်သား ဒေဝပုတ္တတို့အား ဟောသောသုတ္တန်၊ ကောသလမင်းအား ဟောသောသုတ္တန် အစုစသည်ဖြင့် တရားနာခံဖြစ်ကြသည့် ပုဂ္ဂိုလ်များတူရာတူရာ၊ တရားသဘော တူရာတူရာ ဟောကြားအပ်သည့် သုတ္တန်အပေါင်း ဝဂ်အပေါင်း စသည်တို့ကို စုပေါင်းယှဉ်တွဲ၍ သံဂါယနာတင်အပ်သော ဘုရားစကားတော် သုတ္တန်အပေါင်းကို သံယုတ္တနိကာယ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုသံယုတ္တနိကာယ်၌ သုတ္တန်ပေါင်း(၇၇၆၂)သုတ်၊ စာအုပ်ရေ ၃-အုပ်ပင်ရှိပါသည်။

(ဃ) အင်္ဂုတ္တရနိကယ်=မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ တရားတော်ဟာ ဝေနေယျအလိုက် တရားတမျိုးတမျိုးဟောတဲ့ သုတ္တန်တွေလဲ ရှိပါတယ်။ တရားနှစ်မျိုးစသည် ဟောအပ်တဲ့သုတ္တန်တွေလဲ ရှိပါတယ်။ ထိုသို့ ရှိခဲ့ရာ တရားတမျိုးတမျိုး တို့ကို ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော် အပေါင်းကို ဧကင်္ဂုတ္တရ နာမည်နဲ့ သံဂါယနာ စုပေါင်းတင်ခဲ့ပါတယ်။ တရားနှစ်မျိုးနှစ်မျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော် အပေါင်းကို ဒုကင်္ဂုတ္တရ နာမည်နဲ့၊ တရားသုံးမျိုးသုံးမျိုးတို့ကို ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားအပေါင်းကို တိကင်္ဂုတ္တရ နာမည်နဲ့၊ တရားလေးမျိုးလေးမျိုး ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော် အပေါင်းကိုတော့ စတုကင်္ဂုတ္တရ နာမည်နဲ့ သံဂါယနာစုပေါင်း တင်ခဲ့ပါတယ်။ အဲဒီနည်းအတိုင်းပင် တရားငါးမျိုး ခြောက်မျိုး ခုနစ်မျိုး ရှစ်မျိုး ကိုးမျိုး ဆယ်မျိုး ဆယ့်တစ်မျိုး ဟောအပ်တဲ့ သုတ္တန်အပေါင်း ဘုရားစကားတော် အပေါင်းကို ပဥ္စင်္ဂုတ္တရ စသည်ဖြင့် သံဂါယနာ စုပေါင်းတင်ခဲ့ပါတယ်။ ၎င်းတို့ကို စာပေနယ်ပယ်၌ "အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်း လို့လဲ ခေါ်တယ်၊ အင်္ဂုတ္တရနိကာယ် ဆယ့်တစ်ကျမ်း" လို့လဲ ခေါ်တယ်။ သုတ္တန်ပေါင်းက (၉၅၅၇) သုတ်ရှိ၍ စာအုပ်ရေ အထူကြီး ၃-အုပ်ပင် ရှိပါသည်။

(င) ခုဒ္ဒနိကာယ်=ဆိုခဲ့ပြီးတဲ့ နိကာယ်ကြီး ၄-ရပ်မှ ကြွင်းကျန်တဲ့ ဘုရားစကားတော် (သုတ္တန်) အပေါင်းကိုတော့ ခုဒ္ဒကနိကာယ်ဟူ၍ ခေါ်ဆိုရပါတယ်။ ဒီဃနိကာယ်ကိုလဲ မရှည်မလျား၊ မဇ္ဈိမနိကာယ်လိုလဲ အလယ်အလတ်မဟုတ် တိုတိုတုတ်တုတ် ဘုရားစကားတော် သုတ္တန်အပေါင်းဟု ဆိုလိုပါတယ်။

အဲဒီခုဒ္ဒကနိကာယ် စာရင်းဝင် ဘုရားစကားတော် သုတ္တန်အပေါင်းထဲကမှ ရဟန်းတို့၏ ကျင့်ရမည့် ဝိနည်းသိက္ခာကို ဟောပြတဲ့စာအုပ်ကြီး ၅-အုပ်ကိုတော့ "ဝိနည်း ၅ကျမ်း လို့လဲ ခေါ်တယ်၊ ဝိနယပိဋက" လို့လဲ ခေါ်တယ်။ ရဟန်းတို့ကျင့်ရမဲ့ ဝိနည်းတရားသိက္ခာတွေကို စုပေါင်းထားတဲ့ တရားရတနာ သေတ္တာကြီးလို့ အဓိပ္ပါယ်ရှိပါတယ်။

အဲဒီခုဒ္ဒကနိကာယ်စာရင်းဝင် ဘုရားစကားတော် သုတ္တန်အပေါင်းထဲကပဲ သဘာဝဓမ္မရှိဘဲ့အတိုင်း သဘာဝဓမ္မတခုကိုပဲ ဦးတည်ပြီး ဟောကြားခဲ့တဲ့ ဘုရားစကားတော်ဟာ စာအုပ်ရေ (၁၂)အုပ် ရှိပါတယ်။ ကျမ်းအနေနဲ့ အဘိဓမ္မာခုနစ်ကျမ်းလို့လဲ ခေါ်ပါတယ်။ ထိုခုနစ်ကျမ်း အုပ်ရေ (၁၂) အုပ်ရှိတဲ့ ဘုရားစကားတော်တွေကိုတော့ အဘိဓမ္မလို့ခေါ်တဲ့ အလွန်နက်နဲသော ပရားတွေကို စုပြီးပေါင်းပြီး ဟောထားခဲ့တဲ့ တရားရတနာတောင်းကြီးသဖွယ်ဖြစ်လို့ အဘိဓမ္မပိဋကလို့ ခေါ်ပါတယ်။

အခုပြောခဲ့တဲ့ ဝိနည်း ၅-ကျမ်း စာအုပ်ရေ ၅-အုပ်၊ အဘိဓမ္မာခုနစ်ကျမ်း စာအုပ်ရေ ၁၂ အုပ်က ကျန်တဲ့ ကျမ်းအနေအားဖြင့် (၁၅)ကျမ်း၊ စာအုပ်အနေအားဖြင့် (၁၁) အုပ်ရှိတဲ့ ဘုရားစကားတော် သုတ္တန်အပေါင်းကိုသာ ပရိယတ္တိစာပေနယ်၌ ခုဒ္ဒကနိကာယ် ၁၁-အုပ်ဟူ၍ ခေါ်ဆိုကြပါတယ်။

ဝိနည်း (၅)ကျမ်းနဲ့ အဘိဓမ္မာခုနစ်ကျမ်းကို "ခုဒ္ဒကနိကာယ်" ပါလို့ မနဲ ပြောယူရပါတယ်။ အထူးမှတ်ဖွယ်အနေနဲ့ ပြောယူရပါတယ်။ စာအုပ်နယ်ပယ်ထဲမှာလဲ ဒီဝိနည်း ၅-ကျမ်း၊ အဘိဓမ္မာ (၇) ကျမ်းတို့ကို ခုဒ္ဒကနိကာယ်လို့ သိပ်ပြီး အသုံးအနှုန်း ဝေါဟာရမပြုကြဘူး၊ ထားပါတော့ ကျန်တဲ့(၁၁)အုပ်ကိုသာ ခုဒ္ဒကနိကာယ်လို့ သာသနာမှာ အသုံးအနှုန်း ဝေါဟာရ များပါတယ်။ စာအောင် အရှင်မြတ်ဘို့နှင့်တကွ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ အဲဒီခုဒ္ဒကနိကာယ်(၁၁)အုပ်၊ ဝိနည်း ၅-ကျမ်း(၅)အုပ်၊ အဘိဓမ္မာ(၇)ကျမ်း (၁၂)အုပ်ဆိုတဲ့ ခုဒ္ဒကနိကာယ်စာအုပ်ပေါင်း (၂၈)နှစ်ဆယ့်ရှစ်အုပ်နှင့် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် ခေါ်တဲ့ နိကာယ် လေးရပ်မှာလဲပဲ တရပ်တရပ်လျှင် စာအုပ်ပေါင်း ၃-အုပ်စီ ရှိကြတဲ့အတွက် အဲဒီ နိကာယ်လေးရပ်က စာအုပ်ပေါင်း ၁၂-အုပ်၊ အားလုံးပေါင်း မြတ်စွာဘုရားရဲ့ စကားတော်တွေ စာအုပ်ပေါင်း (၄၀) ကို "နိကာယ်ငါးရပ်" ခေါ်တယ်လို့ အိပ်ရာထဲအိပ်နေတုန်းတောင်မှ တင်ပါးပုတ်ပြီး"နိကာယ်ဆိုတာ ဘာခေါ်သလဲ" လို့ မေးလျှင် ဘုရားစကားတော်အပေါင်း စာအုပ်ရေ (၄၀) ကို ခေါ်တယ်လို့ မိမိတို့လဲ ပြောတတ်ကြပါစေ၊ မိမိတို့နဲ့ နီးစပ်ရာပုဂ္ဂိုလ်တွေကိုလဲပဲ လက်တို့ပြီး တော့ ပြောထားကြပါ။ နိကာယ်ဆိုတာ ဘုရားစကားတော်တွေကို သဘော တူရာ စုပေါင်းပြီး သံဂါယနာ(၆)ကြိမ်တိုင်တိုင် တင်ထားခဲ့တဲ့ ဘုရားစကား တော် အပေါင်းကို နိကာယ်ခေါ်တယ်လို့ ပြောတတ်ကြပါစေ။

အဲဒီနိကာယ်ခေါ်တဲ့ တရားရတနာတွေသည် ယနေ့ ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ ရဟန်းတော်တွေရော, ရှင်တွေရော, လူတွေရော အားလုံး၏ ဆရာ ဘုရားတွေ ဖြစ်ကြပါတယ်။ ဟိုတဖက် ဘာသာဝင်များက "မင်းတို့ဘုရားရှိရဲ့လား" လို့ မေးလျှင်

"ရှိတယ်"လို့ ဖြေရပါမယ်၊"မင်းတို့ဘုရား ဘယ်မှာလဲ" မေးလျှင် အဲဒီ နိကာယ် တွေကို လက်ညှိုးထိုးပြရပါမယ်၊ "နိကာယ်ငါးရပ်ဆိုတဲ့ ပိဋကတ်ဓမ္မက္ခန္ဓာတွေ ဟာ ကျွန်ုပ်တို့ရဲ့ဘုရားတွေ၊ ကျွန်ုပ်တို့ကို အမြဲတမ်း ဩဝါဒပေးနေတဲ့ ဘုရား ပေါင်း ရှစ်သောင်းလေးထောင်"လို့သာ လက်ညှိုးထိုးပြကြပါ။ အဲဒါ နံပါတ် (၁)ဘုန်းကြီးပြောချင်တာ ပြီးသွားပါပြီ။ဒကာ ဒကာမတွေ နိကာယ် နိကာယ် နဲ့ မြို့ဘဲ့နာသလဲ ပြောကြမယ်သေ၊ အခု ပြန်သွားယင်လဲပဲ "နိကာယ်ဘွဲ့နှင်း သဘင်က ပြန်လာတယ်၊ နိကာယ်ဆုနှင်းသဘင်က ပြန်လာတယ်"လို့ ပြောကြ ပေမယ်၊ အေး "နိကာယ်ဆိုတာ ဘာကိုခေါ်သလဲ" လို့ ဆိုလျှင် မေးလျှင် မပြောတတ်အောင် ဖြေတတ်အောင် ဘုန်းကြီးပြောပြီးသွားပါပြီ။

အဲဒီ နိကာယ်ဆိုတဲ့ စာအုပ်တိုင်း စာအုပ်တိုင်းမှာ မြတ်စွာဘုရားဟောကြား ခဲ့တဲ့သီလကျင့်ပုံ၊ သမာဓိကျင့်ပုံ၊ ပညာကျင့်ပုံ၊ သိက္ခာသုံးပါးကျင့်ပုံတွေ အပြည့် အစုံရှိပါတယ်။ အဲဒီ သိက္ခာ ၃ပါး ကျင့်ပုံအပြည့်အစုံပါရှိတဲ့ ဒီနိကာယ်စာအုပ် ကြီးတွေ ဟောဒီသဒ္ဓါပဋ္ဌာတဖြစ်တဲ့ သာသနာ့ဝန်ထမ်း စာအောင် ရဟန်းတော် အရှင်မြတ်များရဲ့နှုတ်ဖျားမှာ ရောက်ရှိလာမှ ဟောဒီ သဒ္ဓါပဋ္ဌာတ အမျိုး ကောင်းသားများ ဖြစ်ကြတဲ့ စာအောင် ရဟန်းတော် အရှင်သူမြတ်တွေသည် မိမိတို့ရည်သန်ရင်းဖြစ်တဲ့ သီလ, သမာဓိ, ပညာသိက္ခာကို မိမိတို့၏ နှုတ်ထဲမှာ ရောက်ရှိနေသော စာနားထဲမှ ထုတ်၍ထုတ်၍ ကျင့်သုံးတော်မူကြကာ သံသရာ ဝဋ်က ကျွတ်လွတ်ခြင်း တည်းဟူသော နိယျာနိကအကျိုးကို ရကြပါစေဆိုတဲ့ မြော်လင့်ချက် ကြီးစွာဖြင့် ကျေးဇူးရှင် မစိုးရိမ် ဆရာတော် ဘုရားကြီးသည် "ဖြစ်နိုင်မှာ မဟုတ်ပါဘူးကွယ်" လို့ ဘေးကပြောကြပေမယ်လို့ ဖြစ်အောင်ပဲ မန္တလေးမြို့မှာရော ရန်ကုန်မြို့မှာရော ပဲခူးမြို့မှာရော နိကာယ်သာသနာ ထွန်း ကားဖို့ မျိုးစေ့ချပေးသွားပြီး (တနည်းပြောရလျှင်) မစိုးရိမ် ဆရာတော် ဘုရားကြီးဟာ "ငါ့ကိစ္စတော့ပြီးပြီ" ဆိုပြီးတော့ ဘဝနတ်ထံ ဝင်စံချုပ်သိမ်း သွားပြီ။ "အေး ဦးပဉ္ဇင်းတို့ ဦးပဉ္ဇင်းတို့ တာဝန်ပဲရှိတော့တယ်"လို့ ဆိုဘိ အလား မန္တလေးမြို့မှာလဲပဲ နိကာယ်စာမေးပွဲ အောင်အောင်မြင်မြင် အခြေ ခိုင်၊ ရန်ကုန်မြို့မှာလဲ နိကာယ်စာမေးပွဲ အခြေခိုင်ခိုင် အောင်အောင်မြင်မြင်၊ ပဲခူးမြို့မှာလဲပဲ နိကာယ်စာမေးပွဲ အောင်အောင်မြင်မြင် အခြေခိုင်ခိုင် ဆရာ တော်ကြီးက စိုက်ထူခဲ့ပြီးတော့ "ငါ့ကိစ္စ ငါ့တာဝန်တော့ပြီးပြီ၊ ဦးပဉ္ဇင်းတို့ တာဝန် ဦးပဉ္ဇင်းတို့ ဆက်ပြီးထမ်းကြပေတော့"လို့ ဆိုသည့်အလား ဘဝနတ်ထံ ဝင်စံတော်မူသွားပါပြီ။

(၂) အရှင်တို့ စာအောင်အရှင်တို့ အရှင်တို့အတွက် နိကာယ်အားပေးတဲ့ သိဒ္ဓိဘိရိဂါထာတခု လျှောက်ထားစမ်းပါရစေ။ အရှင်ဥပါလိသည် မိမိက

ဝိနည်းမိုရ် ဝိနည်းကို ထုံးလိုချေ ရေလိုနှောက်တဲ့မထေရ် ဖြစ်တော့ သူ့ရဲ့ ဝိနယ ဓရ လုပ်ငန်းကို သူကိုယ်သူ အားပေးပြီးတော့—

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

ဒီဂါထာကို ဥဒါန်းဘကျူးကျူးနဲ့တဲ့။

ဝိနယော၊ ဝိနည်းတွင်ခေါ် တရားတော်သည်။ မယှံ၊ ဥပါလိမည် ငါ မထေရ်၏။ အာသယော၊ အမြဲတစေ ကိန်းပျော်ရာ ကျောင်းဗိမာန်လည်း မှန်ပေ၏။ ( အမြဲဘမ်း စံကျောင်းဗိမာန် ဓမ္မကျောင်း ဗိမာန်ကား ဝိနည်းပိဋကပဲ၊ ဝိနည်းပိဋကသည် ငါရဲ့ အမြဲကိန်းပျော်စံရာ ကျောင်းဗိမာန် ဖြစ်ပေတယ်–လို့ ဆိုလိုပါတယ်)။ ဝိနယော၊ ဝိနည်းတွင်ခေါ် တရားတော် သည်။ မယှံ၊ ဥပါလိမည် ငါမထေရ်၏။ ဌာနစင်္ကမံ၊ ရပ်ရာ စင်္ကြံသွားရာလည်း မှန်ပေ၏။ (ရပ်လဲပဲ ဝိနည်းစိတ် စင်္ကြံသွားလဲပဲ ဝိနည်းစိတ်နှင့်ပင် အချိန်ကုန် စေတယ်လို့ ဆိုလိုပါတယ်)။ အဟံ၊ ဥပါလိမည် ငါမထေရ်သည်။ ဝိနယေ၊ ဝိနည်း တွင်မွတ် တရားတော်မြတ်၌။ ဝါသံ၊ နေထိုင်ခြင်းကို။ ကပ္ပေမိ၊ ပြုပေ၏။ ဝိန- ယော၊ ဝိနည်းတွင်မွတ် တရားတော်မြတ်သည်။ မေ၊ ဥပါလိမည် ငါမထေရ်၏။ ဂေါစရော၊ နေ့နေ့ညည စိတ်ရဲ့ကျက်စားရာ စားကျက်ကြီးပါပေတည်း။

သူ့စိတ်ဟာ ဝိနည်းထဲမှာပဲ အမြဲပျော်တယ်၊ အိပ်လဲ ဝိနည်းစိတ် စားလဲ ဝိနည်းစိတ်ပဲတဲ့။ အဲဒီလို ဒီဂါထာဖြင့် အရှင်ဥပါလိသည် မိမိကိုယ် မိမိ အားပေး သိဒ္ဓိနှိုးနှိုးပြီးတော့ ဝိနည်းအရာမှာ မြတ်စွာဘုရားကိုယ်တော်တိုင်က ဧတဒဂ် ဘွဲ့ထူး ချီးကျူးယူရလောက်အောင် ဝိနည်းကို လေ့လာတော်မူခဲ့ပါတယ်။ လေ့လာတော်မူခဲ့တဲ့အတိုင်းလဲပဲ မြတ်စွာဘုရားက "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ"လို့ ဧတဒဂ်ဘွဲ့ထူးဖြင့်အချီးကျူး ခံခဲ့ရပါတယ်။ ထိုအတူ အရှင်မြတ်တို့လဲပဲ နိကာယသာသနာထဲ ဝင်လာကြပါ ပြီ။ ဒကာဒကာမအပေါင်း သူတော်ကောင်းတို့ စောစောက ပြောခဲ့တဲ့အတိုင်း နိကာယ်စာအုပ် တအုပ်တအုပ်ထဲမှာ မြတ်စွာဘုရားရဲ့ သာမုက္ကံသိက သီလ ဟောတဲ့နေရာ သမာဓိဟောတဲ့နေရာ ပညာဟောတဲ့နေရာ၊ သီလကျင့်ပုံ သမာဓိ ကျင့်ပုံ ပညာကျင့်ပုံတွေဟာ ထိုထိုသုတ္တန် အားလျော်စွာ အပြည့်ရှိနေပါတယ်။ ယခု ဒကာ ဒကာမတို့ရဲ့ မျက်မှောက်မှာ ဖူးတွေ့နေရသော အရှင်မြတ်များသည် ဓမ္မက္ခန္ဓာဓမ္မစေတီပေါင်း မြောက်မြားစွာကို လျှာပေါ်မှာ ပင့်တင်ထားတဲ့ စေတီတိုက်တွေလို့ စိတ်ထဲမှာ အာရုံယူပြီးတော့ သဒ္ဓါတရား ဖြစ်ပွါးကြစေချင် ပါတယ်။

(၁) စာအောင်သံဃာတော် သိတင်းသုံးဖော် အရှင်မြတ်တို့၊ အရှင်မြတ်တို့ ပရိယတ္တိနယ်ပယ်မှာ အတိုင်းအတာ ပမာဏအနေနဲ့ ချိတက်ခဲ့ရတဲ့ စာမေးပွဲ အဆင့်ဆင့်ကို ပြောလိုပါတယ်။ အစိုးရမှာ ငယ်, လတ်, ကြီး, ဓမ္မာစရိယ၊ သကျ သီဟ နှင့် စေတိယင်္ဂဏမှာ စာသင်တန်း စာချတန်း အဲဒီမှာ အစိုးရရဲ့ တိပိဋက ဓရစာ မေးပွဲ ယနေ့ ထိပ်ဆုံးအတန်းပါပဲ၊ (ဒါအကုန်ပဲထားပါတော့ ကျန်တဲ့ ထိုထိုမြို့ ထို ထိုရွာမှာ ရှိကြတဲ့ ပရိယတ္တိသာသနာနုဂ္ဂဟအသင်းတွေက ကျင်းပတဲ့ စာမေးပွဲတွေကတော့ ဒီအထဲမှာပဲ အကုန်ဝင်တယ်ထားပါစို့၊) ဒီတော့ မှတ်လွယ် အောင် အငယ်ရယ်, အလတ်ရယ်, အကြီးရယ်, ဓမ္မာစရိယရယ်, တိပိဋကဓရ ရယ်ဆိုတဲ့ အဲဒီအဆင့်အတန်း (၅) တန်းမှာ အရှင်မြတ်တို့ အစဉ်အတိုင်း တက်ခဲ့ကြပြီ။

အငယ်တနေပြီးတော့ အလတ်တန်းကို နှစ်ချင်းတက်ခဲ့ကြတယ်၊ တက်နိုင် ကြတယ်၊ အလတ်တနေပြီးတော့ အကြီးတန်းကို နှစ်ချင်းတက်ခဲ့ကြတာ များပါ တယ်၊ ဒီ အလွန်အကြောင်းမညီညွတ်လျှင် တနှစ်ခြားပြီးတော့တက်ကြ နှစ်နှစ် ခြားပြီးတော့တက်ကြပါတယ်။ အကြီးတန်းကနေပြီးတော့ ဓမ္မာစရိယတန်းကိုလဲ အနှစ်ပြောခဲ့ရသလို တနှစ်ထဲနဲ့ ကျမ်းအပြီး အောင်ကြတာလဲရှိတယ်၊ နှစ်နှစ်နဲ့လဲ အောင်ကြတာရှိတယ်၊ တနှစ်မှာကျမ်းစုံ နှစ်နှစ်မှာ ကျမ်းပြီးတာလဲ ရှိတယ်။ အဲဒီ ဓမ္မာစရိယကနေပြီးတော့ တိပိဋကဓရဆိုတဲ့ အဆင့်အတန်းကျတော့ ဥပမာ တပည့်တော်စိတ်ထဲမှာ မြင်လာတာကို ပြောရလို့ရှိလျှင် "အလှမ်း ကွာပြီ တော့ နောက်အဆင့်အတန်းကို လှမ်းကူးလိုက်ဖို့ နှစ်ချင်းမလွယ်ပါဘူး၊ အဲဒီမလွယ်တဲ့ အလှမ်းကွာနေတဲ့ ဓမ္မာစရိယအတန်းနဲ့ တိပိဋကဓရအတန်း၊ ဒီနှစ်တန်းကြားထဲမှာ အရှင်ဘုရားတို့ အစဉ်အတိုင်း လျှောက်သာ သွားသာ အောင် နိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မတံတားကြီး အရှင်တို့ဘုန်းကံကြောင့် ပေါ်လာပါတယ်။

အရှင်တို့ ဤနိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မတံတားကြီးမှာ အရှင်တို့ လျှောက် သာ သွားသာအောင် အရှင်ဘုရားတို့ရဲ့ ရှေ့က တပည့်တော် မားမားမတ်မတ် ရပ်တည်ပြီးတော့ –

(က) အရှင်တို့သည် တနှစ်ကို တကျမ်းဖြေလိုတယ်၊ နှစ်ကျမ်းဖြေလိုတယ်၊ သုံးကျမ်းဖြေလိုတယ် ဆိုလျှင် အလိုရှိသလို ဖြေဆိုနိုင်အောင်လဲပဲ (ဖြေဆိုခွင့် ရအောင်လဲပဲ) တပည့်တော် နာယကဆရာတော်များနှင့်တကွ နိကာယ်သာသ နာ ထွန်းကားရေးအသင်း ဒကာကြီးများကိုလဲပဲ ကျေနပ်အောင် အကြောင်း အကျိုး လျှောက်ထား ပြောကြားပြီးပါပြီ။

(ခ) ယင်းသို့ ဖြေတဲ့အခါမှာ အရှင်ဘုရားတို့ နှစ်ကျမ်းဖြေပါလျက် တစ်ကျမ်းအောင်လျှင် "နှစ်ကျမ်းဖြေတာ တကျမ်းစွဲ မအောင်ဘူး ဒီလိုမဟုတ်

ပါဘူး၊ နှစ်ကျွမ်းဖြေလို့ တကျွမ်းအောင်လျှင်လဲပဲ အဲဒီတကျွမ်းကို ကျွမ်းစွဲအမှတ်နဲ့ အောင်ပြီးထားပါ၊ ဟို နောက်ကျတော့မှ ကျန်တဲ့ကျွမ်းကို ဖြေဖို့ ဆိုဘာကို သက္ကသီဟ, ဇေတိယင်္ဂဏ, အစိုးရဓမ္မာစရိယ အတန်းတို့နှင့်နှိုင်းယှဉ်ပြီးတော့ အရှင်တို့၊ အရှင်တို့ရှေ့က မားမားရပ်ပြီး (တနည်းပြောရလျှင် အရှင်တို့မနစ်နာရအောင်) တပည့်တော် နာယကဆရာတော်များအားရော အသင်းဒကာကြီးများအားရော အားလုံးအား ကျေကျေနပ်နပ် လျှောက်ထားပြောကြားပြီးပါပြီ၊ အားလုံးကလဲပဲ လက်ခံကြပါတယ်။

(ဂ) ဒီအကြောင်းကို ဤအဖွဲ့ရဲ့ နာယကဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် ခြောက်ထပ်ကြီးဆရာတော်ဘုရားအား အတိအလင်း ယခုလဲပဲ အရှင်ဘုရားတို့ရဲ့ မျက်မှောက်မှာ လျှောက်ထားအပ်ပါတယ်။ အရှင်ဘုရားတို့အဖို့ ဘုရားစကားတွေကို မိမိရဲ့နှုတ်ဖျားသို့ ပင့်ဖို့ရန်အတွက် အလိုရှိသလို စိတ်ချမ်းသာသလို ပင့်ဖို့ရန် ဒိုကံဖန်တီးဒါပဲလို့ အောက်မေ့တော်မူကြပါ။ အဲဒီတော့ အရှင်ဘုရားတို့သည် ဒီနိကာယ်စာမေးပွဲကို ယခု ဝင်လဲ ဝင်လက်စ ရှိနေကြပါပြီ။ အရှင်တို့အားရှိအောင် သိဒ္ဓိအန္တိုးဂါထာအနေနဲ့ အရှင်ဥပါလိရဲ့—

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော—

ဆိုတဲ့ ဒီသိဒ္ဓိအန္တိုးဂါထာကို အတုယူပြီးတော့ အရှင်တို့လဲပဲ အရှင်ဥပါလိရဲ့ ညီတော်တွေပီပီ နိကာယ်ဆောင်ပုဂ္ဂိုလ်တွေ ဖြစ်လဲဖြစ်ပြီး ဖြစ်လဲဖြစ်ဆဲ ဖြစ်လဲ ဖြစ်ကြလိမ့်မည့်ပီပီ——

နိကာယော အာသယော မယှံ၊ နိကာယော ဌာနစင်္ကမံ။
ကပ္ပေမိ နိကာယေ ဝါသံ၊ နိကာယော မမ ဂေါစရော။

အရှင်တို့နှုတ်ဖျားမှာ ဒီဂါထာတပုဒ်ကို ဆောင်ထားကြပါ၊ ဆောင်ထားပြီးတော့ အရှင်တို့ နိကာယ်စာပေကို ကျက်ခါနီးပြီဆိုလျှင် (ဝါ၊ နိကာယ်စာကျက်ကြခါနီးလျှင်) လက်သီးကိုဆုပ်ပြီးတော့—

နိကာယော၊ နိကာယ်ငါးဖြာ ဘုရားရှဲဒေသနာတော်သည်။ မယှံ၊ ငါ(ဗုဒ္ဓရက္ခိတ)၏။ အာသယော၊ အမြဲကိန်းပျော်ရာ ကျောင်းဗိမာန်ကြီးပါပေတည်း။ နိကာယော၊ နိကာယ်ငါးဖြာ ဘုရားရှဲဒေသနာတော်သည်။ မယှံ၊ ငါ(ဗုဒ္ဓရက္ခိတ)၏။ ဌာနစင်္ကမံ၊ ရပ်ရာ စင်္ကြံသွားရာလည်း မှန်ပေ၏။ (ရပ်လဲပဲနိကာယ်စိတ်နဲ့၊ စင်္ကြံသွားလဲပဲ နိကာယ်စိတ်နဲ့ပဲ အချိန်ကုန်စေမယ်လို့ ဆိုလိုပါတယ်)။ အဟံ၊ (ဗုဒ္ဓရက္ခိတ) နာမသညာ ရဟန်းငါသည်။ နိကာယေ၊ နိကာယ်ငါးဖြာ ဘုရားဒေသနာတော်၌။ ဝါသံ၊ နေထိုင်ခြင်းကို။ ကပ္ပေမိ၊ ပြုပါ၏။ နိကာယော၊

နိကာယ်ငါးဖြာ ဘုရားရှဲဒေသနာတော်သည်။ မမ၊ုငါ(ဗုဒ္ဓရက္ခိတ)၏။ ဂေါစရော၊ နေ့နေ့ညည ကျက်စားရာကေန် စားကျက်ကြီးမှန်လှပါပေ၏။

အဲဒီသိဒ္ဓိအန္တိုးဂါထာကို ရွတ်ဆိုပြီးတော့မှ အရှင်ဘုရားတို့ နိကာယ်ဒေသနာတော်ကို လေ့ကျက်တော်မူကြမယ်ဆိုလျှင် စိတ်ဓာတ်တွေလဲ မြင့်ရှလာပါလိမ့်မယ်။မြတ်စွာဘုရား လေးအသင်္ချေနှင့်ကမ္ဘာတသိန်းကြာ ပါရမီတော်တွေကို ဖြည့်ကျင့်မှ ခဲခဲယဉ်းယဉ်း ထွက်ရှိလာတဲ့ ဘုရားစကားတော် ပရိယတ္တိသာသနာ ဟော ကို အရှင်တို့သည် မပျက်မပျောက်အောင် စောင့်ရှောက်တဲ့ သာသနာစောင့် သာသနာ့သူရဲကောင်းတွေ ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် အရှင်တို့အတွက် ဓမ္မာစရိယတန်းနဲ့ တိပိဋကဓရအတန်းကြားထဲမှာ လျှောက်သာ သွားသလောက်ငါးနိကာယ်စာမေးပွဲဆိုတဲ့ ဓမ္မတံတားကြီး ပေါ်လာဖို့ပဲလို့ ဝမ်းမြောက်စွာဖြင့်“ထို နိကာယ်သာသနာတော်သည် ငါတို့ရဲ့ အမြဲကိန်းစံရာ ကျောင်းဗိမာန်ကြီးဖြစ်တယ်”လို့ စိတ်ဓာတ်ကို မြင့်တင်ထော်မူကြစေလိုပါကြောင်း (အေး) အရှင်ဥပါလိရဲ့ဂါထာကို နည်းမှီး မှုတူကူးပြီးတော့ အရှင်ဘုရားတို့အား တဆင့်လက်ဆောင်ပါးအပ်ပါတယ်။

(၄) အရှင်တို့ နိကာယ်ငါးရပ် ပိဋကတ်ဒေသနာတော်ကို မိမိတို့ နှုတ်ရဆောင်မှာသည် မိမိတို့ရဲ့တာဝန်ပါ၊ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ရဲ့တာဝန်ပါ။ ဤမှာ ဒကာ, ဒကာမများသည် မနေနိုင် မထိုင်နိုင် (နေမထိ ထိုင်မထိ) ဖြစ်ကြပြီး နိကာယ်သာသနာပျောက်ရင် ဘုရားသာသနာ ကွယ်ပျောက်ရချေရှဲ၊ ဘုရားသာသနာကွယ်ပျောက်ရင် လောကကြီးတခုလုံး အမိုက်မှောင် ဖုံးရချေရှဲ) လို့ ဆိုဘ်အလား သာသနာတော်အတွက် အလွန်အလွန် စိုးရိမ်ကြီးစွာဖြင့် ဒကာ, ဒကာမတို့သည် ရန်ကုန်မြို့မှာရော မန္တလေးမြို့မှာရော(ဟုံ)ပဲခူးမြို့မှာရော ပြောကြပါတို့။

မစိုးရိမ်ဆရာတော်ဘုရားကြီး ယမန်နှစ်တုန်းက ပဲခူးမြို့မှ မြို့မစာသင်တိုက်ဆရာတော်ဘုရားအမှူးပြုသော ဆရာတော်များက မိမိတို့မြို့သို့ အပူဇော်ခံပင့်ကြတဲ့အခါမှာ ဆရာတော်ကြီးက—

ဆရာတော်တို့ ဒီ (၉၆)နှစ်ကြီးကျမှ အပူဇော်ခံ ဟိုမြို့သွား ဒီမြို့သွား မတော်တဆ ဣရိယာပထ မမျှလို့ တစုံတရာဖြစ်လျှင် ဘုန်းကြီးလဲပဲ လူကဲ့ရဲ့စရာဖြစ်လိမ့်မယ်၊ အရှင်ဘုရားတို့လဲပဲ အပြစ်တင်စရာ ဖြစ်ပါလိမ့်မယ်။ ဒီတော့ ဆရာတော်တို့ပင့်တဲ့ဆီ(ပဲခူး)ကို ဘုန်းကြီးလိုက်စေချင်ရင် ဆရာတော်တို့ရဲ့ ပဲခူးမြို့မှာ နိကာယ်စာမေးပွဲဖြစ်အောင် ရွှက်ဆောင်ပါမယ်လို့ ဆရာတော်တို့တာဝန်ခံ၊အာမခံရင် ဘုန်းကြီးလိုက်တုန်း လမ်းမှာပဲသေချင်သေပါစေ၊လိုက်မယ်လို့ အမိန့်ရှိသတဲ့။

(အေး) တနည်းအားဖြင့် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီးသည် အသက်ကိုပေးပြီးတော့ အသက်ကိုစွန့်ပြီးတော့ နိကာယ်စာမေးပွဲ သာသနာကို လိုလားတော်မူတာဟာ စာအောင်ပြီး စာအောင်လတ္တံ့ လေ့လာပြီး လေ့လာလတ္တံ့ ဖြစ်ကြသော သဒ္ဓါပဗ္ဗဇိတ အရှင်သူမြတ်တို့ကို မစိုးရိမ်ဆရာတော်ကြီးသည် အဲဒီလောက် ဆန္ဒပြင်းပြစွာ မိမိအသက်ကိုပင် မရေမတွက်ပဲနဲ့ နိကာယ် သာသနာ အရှင်မြတ်တို့နှတ်ပေါ် တင်ချင်လာအောင် စီမံပေးခဲ့ပါတယ်။

ထိုအတူ ဒကာ, ဒကာမတွေဘက်ကလဲပဲ ဝမ်းပန်းတသာ အရှင်တို့ရဲ့ နိကာယ်သာသနာကို ဆီးကြိုနေလျက် ရှိကြပါတယ်။ တနည်းအားဖြင့် သူတို့က "ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓသာသနာ မပျောက်အောင် စောင့်ရှောက်ဖို့ဟာ ဆရာတော် သံဃာတော်တွေရဲ့ တာဝန်ပဲ၊ ဒို့က ပစ္စည်းလေးပါး မနှမ်းပါး အောင် မဆင်းရဲအောင် စောင့်ရှောက်ဖို့ ဒို့တာဝန်ပဲ" ဆိုပြီးတော့ စည်းများ အကယ်၍ ခွဲလိုက်လို့ရှိလျှင် (နိကာယ်စာမေးပွဲ ဖြင့်မြောက်ရေးအတွက် လှူစံလှူ ရှုလိုက်လျှင်) ဒီနိကာယ်စာမေးပွဲကြီး ပေါ်ပေါက်ချင်မှ ပေါ်ပေါက်မယ် ယခု တော့ ဒကာကြီးတွေကိုယ်က စာမေးပွဲမဖြစ်ရလျှင် မနေနိုင်၊ ဒကာမကြီးတွေ ကိုယ်က စာမေးပွဲမဖြစ်ရလျှင် မနေနိုင်ကြပဲ သူတို့ဘက်ကတာဝန်ရော မိမိတို့ဘက် က (အရှင်တို့ တပည့်တော်တို့ဘက်က) တာဝန်ရော တာဝန်နှစ်ခုကို ကြော ကြ ကြီး အကြီးအကျယ်ပြုပြီးတော့ ဤ "နိကာယ်စာလျှောက်မေးပွဲကြီး" ကို ကျင်းပ ပေးတာ ဖြစ်ပါတယ်။

အဲဒီလို ကျင်းပပေးတဲ့နေရာမှာ တပည့်တော်တို့ သာသနာဘက်ကနေပြီး ကြည့်လိုက်မယ် ဆိုလျှင် အရှင်မြတ် ဘုရား(၄၉)ပါးသည် သာသနာ ဘက်က နေ့တန်း သို့ ထွက်လာတဲ့ သူရဲကောင်းတွေ ဖြစ်ကြပါတယ်။ အရှင်မြတ်တို့က မြတ်စွာဘုရား ရဲ့ တရားဒေသနာတော်ကို "လေနာစွဲချင်လျှင်စွဲ၊ စကားကျမ်း တွန်းပဲ တနုံတာ နဲ့ ရုက်စီး ချင်လျှင် ပျက်စီးပစေ၊ အလုပ်ခွင်၌ သေတာမြတ်တယ်" ဆိုတဲ့ ရည်မှန်း ချက် သာ အစနတ်သားများလို ဒီလိုဆန္ဒပြင်းပြစွာဖြင့် ဓမ္မာနုဂ္ဂဟဒ ပူ ဘုရားတို့ ပြုတော်မူကြတဲ့အတွက် ဒကာ, ဒကာမတွေဘက်ကလဲပဲ ကြည်ညိုလိုက် ယ်ဆိုလျှင် ယနေ့ ကြုံတွေ့နေရသော လောကအခက်အခဲ အရေးအရာတွေကို အကုန်လုံး ပေယျာလကန် ပြုပြီးတော့ အားလုံးကိုလုံးဝမပြုပဲ နိကာယ်သာသနာဘက် ကိုသာ စူးစိုက်၍ ပစ္စယာနုဂ္ဂဟဖြင့် ရေတွေ အိုးပေါင်းများစွာ ထမ်းပြီး လောင်းနေပါ တယ်။ ဤနည်းဖြင့် ယနေ့သာသနာမှာ —

သာဂါရော အနုဂါရော စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ မနုတ္တရံ။

သာဂါရော စ၊ အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူဒါယကာ ဒါယိကာမ တို့သည်၎င်း။ အနုဂါရော စ၊ အိမ်ရာမထောင် ရဟန်းဘောင်နေသူ ရဟန်းတော်

ဟူသမျှတို့သည်ရှင်း။ ဥဘော၊ ဆရာဒကာ နှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ အချင်းချင်း ပစ္စယ ဓမ္မ အမှီရကြကုန်လျက်။ (ဝါ) ရကြကုန်သည်ရှိသော်။ အနုတ္တရံ၊ အတုမရှိထူးမြတ်သော။ ယောဂက္ခေမံ၊ ယောဂလေးတန်ကုန်ရာမှန်သော။ ဝါ၊ ကုန်ကြောင်းမှန်သော။ သဒ္ဓမ္မံ၊ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မတည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို။ အာရာဓယန္တိ၊ အရဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင်တစေချီးမြောက်နိုင်ကြပေကုန်၏–

လို့ မြတ်စွာဘုရား ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့တဲ့အတိုင်း ယနေ့ ဆရာဘက်ကရော, ဒကာဘက်ကရော ဆရာဘက်က ဓမ္မာနုဂ္ဂဟ ဘုရားစကားတော်တွေ မပျောက်မပျက်အောင် အရှင်တို့ဆောင်ထားခြင်းသည်ပင် ဓမ္မာနုဂ္ဂဟပါ၊ ဒကာ ဒကာမဘက်က လိုအပ်သော သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါး လိုသေးသေးမရှိ ထောက်ပံ့ပူဇော်ခြင်းဟာ ပစ္စယာနုဂ္ဂဟပါပဲ၊ ဒကာ ဒကာမတို့ရဲ့ တာဝန်ကျေပြွန်အောင် ဆရာ ဒကာ ထမ်းဆောင်တော်မူကြတဲ့အတွက် မြတ်စွာဘုရားက သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို အရဟတ္တဖိုလ်ပေါက် ပြီးမြောက်စေနိုင်တယ်လို့ ဟောတော်မူခဲ့တဲ့အတိုင်း အဲဒီဂါထာကိုပင်လျှင် ကြိယာပုဒ်ကို အာသီသကြိယာပုဒ်ပြောင်းပြီး ဆုတောင်း၍ တပည့်တော်ရဲ့ ဩဝါဒဂါထာလို့ ဆိုချင်လဲဆို၊ အနုမောဒနာဂါထာ အားအဆင့် ပေးတဲ့စကားလို့လဲ ခေါ်ချင်ဆိုနိုင်ပါတယ်။ ယင်းသည် ဩဝါဒ အနုမောဒနာဂါထာကို ပတ္ထနာကြိယာပြောင်းပြီး ဆုတောင်း၍ နိဂုံးအုပ်ပါတော့မည်။

သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တု သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။

သာဂါရာစ၊ အိမ်ရာတည်ထောင် လူ့ဘောင်နေသူ ဒါယကာဟူသမျှတို့သည်ရှင်း။ (သာဂါရာစ၊ နိကာယ်သာသနာ ထွန်းကားရေး အားပေးဆိုတောင်း ဒကာ ဒကာမတို့သည်ရှင်း။) အနဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဆရာတော်ဟူသမျှတို့သည်ရှင်း။ (အနဂါရာစ၊ နာယက မဟာဩဝါဒါစရိယနိကာယ် နှုတ်ငုံဆောင် စာခအောင်များဖြင့် အရှင်သူမြတ်တို့သည်ရှင်း။) ဥဘော၊ ဆရာဒကာ နှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ ကိုင်းကိုကျွန်းကမှီ ကျွန်းကိုကိုင်းကမှီသလို အချင်းချင်းမှီ ပစ္စယအမှီ ဓမ္မအမှီ အချင်းချင်းအမှီ ရကြကုန်လျက်။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ရာမှန်သော။ ဝါ၊ ယောဂလေးတန် ကုန်ကြောင်းမှန်သော။ သဒ္ဓမ္မံ၊ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မတည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်ကို။ (အရှင်တို့ တပည့်တော်တို့ရဲ့ ပရိယတ္တိသည် နိတ္ထရဏ ပရိယတ္တိဖြစ်ပါတယ်၊) သဒ္ဓမ္မံ၊ နိတ္ထရဏပရိယတ် ထိုမှတဆင့်တက်၍ ပဋိပတ္တိ ထိုမှတဆင့်တက်၍ ရအပ်သော ပဋိဝေဓဆိုတဲ့ အစွန်း

အမြတ် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို။ အာရုဝယေန္တု၊ အရဟတ္တဖိုလ် တိုင်ရောက် ပြီးမြောက်အောင်တစေ ချီးမြှောက် ပြုစုနိုင်ကြပါစေကုန်သတည်း။ အာရုဝယေန္တု၊ ဝိသုဒ္ဓိခုနစ်ပါး ရထားယာဉ်ကြီး ကိုယ်စီစီး၍ မဂ်ထီးရှင်ဆူ စွင့်စွင့်ထူသျက် ပြည်နိဗ္ဗူဘုံတိုင်ရောက်အောင် သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးထောက်ကို ပြီးမြောက်အောင် ပံ့ပိုးသ ချီးမြှောက်ပြုစုတော် မူနိုင်ကြပါစေ ကုန်သတည်း။

ပုံ/ဦးဝိစိတ္တသာရာဘိဝံသ

၁၃၃၇-ခု၊ တပေါင်းလပြည့်နေ့။

---

### ၁၃၃၇-ခု၊ ဝါခေါင်လဆန်း ၄-ရက် (၁၀-၈-၇၅)နေ့
### နိကာယ်သာသနာတော်ထွန်းကားရေး အသင်းကြီး
### ပထမ နှစ်ပတ်လည် အစည်းအဝေး၌
### အရှင်ဝိစိတ္တသာရာဘိဝံသ၏
### သမ္မောဒနီယ အနုဗလပ္ပဒါနကထာ

နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ဥက္ကဋ္ဌ ဒါယကာကြီး၊ အမှူးပြုသော အမှုဆောင် ဒါယကာကြီးများထံသို့ အသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးကြီး၌ ပမ်းမြောက်ဖွယ်ရာ အားပေးစကား သမ္မောဒနီယ အနုဗလပ္ပ ဒါနကထာစကား ပြောကြားလိုသည်မှာ—

(၁) သာသနာတော်ကြီးပွါးရေး အားပေးလိုသော ကုသိုလ်ဆန္ဒ အပြည့် အဝ ရှိကြပါသော ဒါယကာကြီးတို့၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ညောင်စောင်း၌ လျောင်းတော်မူ ၍ငါးကပင်—

"ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"—

ဟူ၍ ဓမ္မဝိနယအား နှစ်ထွေပြားသော ဘုရားစကားတော်မြတ် ပရိယတ်ကို ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကိုယ်တော့်အရာ၌ မိန့်မှာ၍ ထားတော်မူခဲ့ပါသည်။

(၂) "သာသနဋ္ဌိတိယာ ပန ပရိယတ္တိမူလံ" ဟူ၍လည်း သာသနာတော် အဓွန့်ရှည်စွာ တည်နိုင်ရေးအတွက် ပရိယတ်သည် အခြေခံမူလ ဖြစ်ကြောင်း အဋ္ဌကထာ၌ ဖွင့်ဆိုခဲ့ပါသည်၊

(၃) ဖော်ပြရပါ ပါဠိတော်, အဋ္ဌကထာတို့ကို ထောက်ဆ၍ ယနေ့ ဒါယကာကြီးများ နိကာယ်သာသနာတော်ထွန်းကားရေးအတွက် ကိုယ်, နှုတ်, စိတ်ပါ သုံးဒွါရတို့ဖြင့် ထကြွလုံ့လ ဝီရိယအားတက်စွာဆောင်ရွက်နေကြခြင်းမှာ ဓမ္မက္ခန္ဓာ ဓမ္မစေတီတော်များ ကာလရှည်မြင့်စွာ သတ္တဝါတို့အား ဩဝါဒပေး နိုင်ရေး,နည်းမှန် လမ်းမှန် အကျင့်မှန်တို့ကို သတ္တဝါတို့ကျင့်ကြံနိုင်ရေးတို့အတွက် ဆောင်ရွက်ခြင်းဖြစ်သည့်ပြင် သာသနာတော် အဓွန့်ရှည်စွာ တည်နိုင်ရေး အတွက် ဆောင်ရွက်ခြင်းဖြစ်၍ စင်စစ် ဝမ်းမြောက်ဖွယ်ကောင်းမှုအလုပ်ကြီး ဖြစ်ကြောင်း ပညာရှိသူတော်ကောင်းတိုင်းက အားပေးဝန်ခံရမည့် အပဏ္ဏက ပဋိပဒါ=မမှားသော နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ် ဖြစ်ပါသည်။

(၄) အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်၌"မိမိပြုလုပ်,ပြောဆို,ကြံစည်သော အမှုသည် သုခဥ္စြေါင်း ကောင်းသောအပြစ်မရှိသည့် ကုသိုလ်မှုဖြစ်သည် ဟုဆင်ခြင်၍ သိရလျှင် ထိုအမှုကို အားအဆင့်ပေး၍ ရွှေးကထက်တိုးတက်အောင် ရှက်ဆောင်ပြုလုပ် ပြောဆိုကြံစည်ရမည်ဖြစ်ကြောင်း" အရှင်ရာဟုလာအား မြတ်စွာဘုရား တိုက်ရိုက် ဟောကြားတော်မူသည်ကို ထောက်၍ မိမိတို့ ဆောင်ရွက်ဆဲဖြစ်သည့် နိကာယ်သာသနာတော် ထွန်းကားရေးကိစ္စမှာလည်း သုခဥ္စြေါင်း ကောင်းသောအပြစ်မရှိသည့် ကုသိုလ်မှု ကောင်းအမှန်ဖြစ်သော ကြောင့် အားအဆင့်ဆင့်ပေးကာ ရွှေးကထက်တိုးတက်အောင် ရှက်ဆောင် ရမည့် ကောင်းမှုကိစ္စဖြစ်သည့်အတိုင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် နိကာယ်သာသနာ ကိစ္စကြီးဖြစ်အဝဝကို ရှက်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလျှက်ရှိပါသည်။

သမာ ဝဟန္တု ဒွာတာရော၊ နိကာယဋ္ဌာတနံ ဝရံ။
သာဓဝေါ တေန ပုညေန၊ သိဝံ ပပ္ပေါန္တု နိဗ္ဗုတိံ။

ဤသည်လျှင် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဩဝါဒကထာ အမြွက်တည်း။

ဇေ ဟိ နာ နုဿဝေသု၊ သုပ္ပကာသိ သုစိတိမာ။
သာသနောဂမောဝါဒံ၊ သာဓူဟိ အဘိမာနိတံ။

ဆရာတော်မိန့်ဆိုချပေးသည့် ရေစက်ချစာတမ်းတို့မှာလည်း အတိအကျ မဖော်ပြနိုင်အောင် များလှပါသည်။ ဤကျမ်း၌ ပဌမ တိပိဋကဓရဆရာတော်၏ ရေစက်ချစာတမ်းကို အလွယ်တကူ လေ့လာနည်းယူနိုင်ရန် ရန်ကုန်မြို့ ဦးညာဏ်၏ မိသားစုတို့၏ နေအိမ်၌ ချီးမြင့်အပ်သော ရေစက်ချစာတမ်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်—

## ဝိနည်းပူဇော်ပွဲ၌ အရှင်ဝိစိတ္တသာရာဘိဝံသ ချီးမြှင့်တော်မူသော ရေစက်ချစာတမ်း

သုပ္ပဋိပန္န စသည်ကိုးပုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော ဆရာတော် သံဃာတော်အရှင်တို့ဘုရား—

တပည့်တော်များသည် မြတ်စွာဘုရား၏ သုံးပါးသိက္ခာ သာသနာတွင် ပဉ္စမာဓိက ပဓာနဖြစ်သော သီလသာသနာ, ပိဋကတ်သုံးသွယ်တို့တွင် ထိုသီလ သာသနာကို ညွှန်ပြသော ဝိနယပိဋကကို သဒ္ဓါကော်ရော် ပူဇော်လိုကြသော ကုသိုလ်ဆန္ဒ မ်ိသားစုတို့က တညီတညွတ်တည်းရှိကြ၍ ပုဗ္ဗ, မုဉ္စ, အပရ သုံးပါးသော စေတနာတို့ကို မစွန့်ရှိယ အညစ်အကြေးတို့မှ ဝေးအောင် သုတ်သင်စေ၊ကြပြီးလျှင် မိမိတို့၏ ဓမ္မိယလဒ္ဓဥစ္စာတို့ကို ပရိစ္စာဂစေတနာဖြင့် သဒ္ဓါရဲရဲ စွန့်ကြကြ၍ ဘုရားလက်ထက်အခါ တရားရတနာကိုယူဆောင်နိုင်သော မြာဟ္မဏဇာတ် ပုဂ္ဂိုလ်မြတ်သည် တရားကိုဆောင်ပေသော အရှင်အာနန္ဒာကို ပူဇော်သကဲ့သို့ တပည့်တော်များသည်လည်း ဝိနယပူဇာ မဟာကုသိုလ်တရား ပွါးလိုရကား ဝိနည်းပိဋကကို ဆောင်တော်မူကြ ကျင့်ကြံကြသော ဝိနယဓရ ဘွဲ့ထူး ဂုဏ်ထူး ရရှိကြသော ရှစ်ပါးသောမထေရ်မြတ်တို့ကို ရိုသေစွာဖြင့် ပင့်ဖိတ်ကြ၍သူမြတ်တို့နှင့်ထိုက်တန်စွာသောနေရာအသီးသီး ပေးလှူကြပြီးလျှင် ကသျာဏမိတ် ပရိသတ်တို့အားလည်း ထိုအတူ မဟာပုဟသူမြတ်တို့နှင့် ထိုက်တန် သော နေရာအသီးသီး ပေးလှူကြ၍ ရှေးဦးစွာ သရဏဂုံသီလတို့ကို ဆောက် တည် ခံယူပါကုန်၏၊ သရဏဂုံသီလဆောက်တည် ခံယူ[illegible] ပြီးလျှင် [illegible]ဘိဇေမဟာ- ရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ဘံဆိပ်တော်ရ သံဃာ့ မဟာနာယက ၅-ပါး၌၏ အဆုံးအမ [illegible]ဒ ဒေသနာတော်နှင့် တကွ ၆-ပါးသော ၇-ပါးသော ဝိနည်း ဆောင် မထေရ်မြတ်တို့၏ နှလုံးသွင်း ခံယူချက် သာသနာစိတ်ဓာတ်ပုံကို သဒ္ဓါ ကြည်ဖြူ နာယူပါကုန်၏။ သဒ္ဓါ[illegible]ည်ညိုစွာ နာယူပါကုန်၏။ ယင်းသို့ [illegible] ကထာ ဒေသနာစကား နာကြားပြီးသော ယခုအခါဝယ် ထိုဝိနည်းဆောင် မထေရ်မြတ်တို့အား ကလို့ရှာအပ်စပ်သော ကပ္ပိယပစ္စည်းတို့ကို ရိုသေစွာ လျှောက်ထား တောင်းပန်ကြ၍ ထိုအရှင်မြတ်တို့ ညွှန်ကြားအပ်သော [illegible] ဓမ္မခန်းနှင့်တကွ ကပ္ပိယာပရိက္ခရာ ရဟန်းတို့၏ အသုံးအဆောင် များမြားစွာ တို့ကို အသီးသီး ညွှန်ကြားချက်အတိုင်း ပိုင်းခြားပြီးလျှင် ထိုအရှင်မြတ်တို့ ဝိနည်းတရားကို ဝိနည်းဖြင့် ဖော်ပြအပ်သော သီလသိက္ခာ သာသနာကို သဒ္ဓါ ကော်ရော် ပူဇော်သော အားဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါကုန်၏ အရှင်တို့ ဘုရား။

ထို့ပြင်လည်း ထိုအရှင်မြတ်တို့၏ ပစ္စည်းလေးရပ် နဝကမ္မအလို့ငှါ ငွေ အသပြာ ရည်မှန်းရာရာ ဝတ္ထုလွှာတို့ကို ကပ္ပိယတို့ထံ အပ်နှံ၍ ပစ္စည်းလေးဖြာ

အလျှာအဖြစ်ဖြင့် သမ္ပါပြဋ္ဌာန်း ဤရေစက်ချသွန်း၍ လှူဒါန်းပါကုန်၏ အရှင်တို့ဘုရား။

တပည့်တော်များ၏ ဝိနယပူဇာ သီလပူဇာ မင်္ဂလာကောင်းမှု ဤကုသိုလ် အစုစုသည် ဘုရားသာသနာ၏ အမြတ်ဆုံးသော အနှစ်ဖြစ်သော လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန် ၉-တန်သော တရားတို့ကို လျင်မြန်စွာ အရဟတ္တဖိုလ်ပေါက် ရရောက်ကြောင်း အားကောင်းသော ဥပနိဿယည်း ပစ္စည်းစင်စစ် ဖြစ်ပါစေ သတည်း။ ဤအတွင်းဝယ် အပါယ် ၄-ပါး စသည်ပြားသော မလိုလားအပ် သည့် ဝိနိပါတ ဒုက္ခဘေးတို့မှ ဘဝတိုင်း ကင်းဝေးလွှတ်မြောက်ကြ၍ ဖြစ်ဖြစ် သမျှ ခန္ဓာအစဉ်ဝယ် ပညာရှိသူ, သူတော်ကောင်းတရားကို လိုလားသူ, သာသ နာတော်ကို မြတ်နိုးကြသူ ဆွေကောင်း မျိုးကောင်းတို့၌ ဖြစ်ကြ၍ ဝဋ်မှ ထွက် ကြောင်း ကောင်းမှုတို့ကို မပြုမပြင် မပင်မပန်း ဘဝဆက်ကာ ဖြည့်စွမ်းနိုင်ကြ ၍ ဒုက္ခနိရောဓ အရိယသစ္စာ မဟာအသင်္ခတ စတုတ္ထပရမတ် နိဗ္ဗာန်တရား တော်မြတ်ကို အရဟတ္တဖိုလ်ပေါက် လျင်မြန်ထုတ်ချောက် မျက်မှောက်ပြုရသည် ကို ကောန်မချွတ် တည်တည့်တည်း ဖြစ်ပါလိုကုန်၏။ ဤကုသိုလ်၏ အဘို့ ဘာဂကို မိဘ ၂ ပါး နှစ်ဖက်သော ဆွေးစူးရှင်တို့အား အ အဦး အမှူးပြု၍ ယခု စည်းဝေးမိသော ပရိသတ်အပေါင်း သူတော်ကောင်းတို့အားလည်း ၄ ပည့် တော်များ၏ ကိုယ်စောင့်နတ်, တိုက်စောင့်နတ်, မြို့စောင့်နတ်, သာသ နာ တော်စောင့်, ဒါကြား, နတ်မင်း, ယာမမင်း, စတုလောကပါလ နတ်မင်းတို့ နှင့်တကွ အမှုထိန်းကာမင်း, လူမင်းတို့အားလည်း၊ ဆွေကောင်း မျိုးကောင်း အပေါင်းတို့ အားလည်း၊ ထိုမှတစ်ပါးသော ဘုံသုံးပါး၌ ကျင်လည်ရှိသော သတ္တဝါတို့ အားလည်း ပေးဝေပါကုန်၏။ ထိုထိုများစွာ အနေဘမိသ သတ္တဝါနှင့် အညီ အမျှ ဤကောင်းမှု အစုရှ၍ ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ဆို ကာဖြင့် ပတ္တာနုမောဒန ဥည်ကိရိယာ မဟာကုသိုလ်တရား ပွါးများကြသည် ဖြစ်ပါစေကုန်သတည်း။

ဤသည်လျှင် ရေစက်ချကသာ အမြွက်တည်း။

ဒက္ခိဏောဒကကထာပိ၊ မုခမတ္တံ သမုဒ္ဒိတာ။
ဝေဒေနေ သုနိဋ္ဌာရိတာ၊ သာဓူဟိ အဘိပတ္ထိတာ။

## ၃၇-ခန်း ကမ္မဝါစာ

ဆရာတော်သည် မန္တလေးမြို့ သမဘ ပုနိပ်တိုက်ပိုင်ရှင် ဦးသိန်းမောင် လျှောက်ထားသဖြင့် ၃၇-ခန်း ကမ္မဝါစာကိုလည်း မှမ်းမံပြင်ဆင်၍ သမဘ ပုနိပ်တိုက်ပိုင်ရှင် ဦးသိန်းမောင်အား ချီးမြှင့်တော်မူခဲ့သေသည်။ သာသနာ

တော်အတွက် အကျိုးရှိမည်ဖြစ်သဖြင့် ကိုယ်ပင်ပန်းမှုကို ဂရုမထားပဲ ကမ္မဝါနှင့်စပ်၍ မိမိ လေ့လာအပ်သမျှကို ထည့်သွင်းဖော်ပြ၍ မွမ်းမံပြင်ဆင်၍ ချီးမြှင့်တော်မူခြင်းဖြစ်လေသည်။ ဆရာတော်၏ ကမ္မဝါစာကား ပြည့်စုံလှသည်။ သက်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ စာမျက်နှာနံပါတ်နှင့် ဖော်ပြ၍ ကျန သေသပ် ကောင်းမွန်လှ၏။ ယင်းကမ္မဝါတွင် အခန်းပေါင်း ၃၇-ခန်း ပါရှိ၏။

ယင်းအခန်းတို့မှာ –

(၁) ဥပသမ္ပဒဝိဓိ။ (၂) ဥပသမ္ပဒကမ္မဝါစာ။ (၃) ဩဝါဒ။ (၄) ဒုန္နဥပသမ္ပဒါဝိဓိ။ (၅) တဇ္ဇနီယကမ္မပါဠိအနုလောမဒုန္နဥပသမ္ပဒ ကမ္မဝါစာ။ (၆) ကုဋ္ဌိဝတ္ထုဩလောကနာဒိပါဠိ အနုလောမဒုန္နကမ္မဝါစာ။ (၇) ဝိမတိဝိနောဒနီဋီကာနုလောမဒုန္နဥပသမ္ပဒကမ္မဝါစာ။ (၈) ကထိနုဗ္ဗိရေဒါနကမ္မဝါစာ။ (၉) ကထိနုဒ္ဓါရကမ္မဝါစာ။ (၁၀) အဝိပ္ပဝါသသီမာသမ္မုဟနနကမ္မဝါစာ။ (၁၁) သမာနသံဝါသသီမာ သမ္မုဟနန ကမ္မဝါစာ။ (၁၂) သီမာသမ္မုတိဝိဓိ။ (၁၃) သမာနသံဝါသ သီမာသမ္မုတိကမ္မဝါစာ။ (၁၄) အဝိပ္ပဝါသသီမာသ မ္မုတိကမ္မဝါစာ။ (၁၅) ဥပေါသထာဂါရ သမ္မုတိကမ္မဝါစာ။ (၁၆) ဥပေါသထာဂါရသမ္မုဟနနကမ္မဝါစာ။ (၁၇) ကပ္ပိယဘူမိသမ္မုတိကမ္မဝါစာ။ (၁၈) ကုဋ္ဌိဝတ္ထုဩလောကန သမ္မုတိ ကမ္မဝါစာ။ (၁၉) စီဝရပဋိဂ္ဂါဟကသမ္မုတိကမ္မဝါစာ။ (၂၀) စီဝရနိဒဟကသမ္မုတိကမ္မဝါစာ။ (၂၁) ဘဏ္ဍာဂါရိယသမ္မုတိကမ္မဝါစာ။ (၂၂) ဘဏ္ဍာဂါရိကသမ္မုတိကမ္မဝါစာ။ (၂၃) စီဝရဘာဇကသမ္မုတိကမ္မဝါစာ။ (၂၄) ဘတ္တုဒ္ဒေသကသမ္မုတိကမ္မဝါစာ။ (၂၅) သေနာသနပညာပကာဒိသမ္မုတိကမ္မဝါစာ။ (၂၆) အပဋိစ္ဆန္နမာနတ္တ။ (၂၇) အပဋိစ္ဆန္နအဗ္ဘာန။ (၂၈) ပဋိစ္ဆန္နပရိဝါသ။ (၂၉) အဂ္ဃသမောဓာနမာနတ္တ။ (၃၀) အဂ္ဃသမောဓာနအဗ္ဘာန။ (၃၁) သုဒ္ဓန္တပရိဝါသ။ (၃၂) သုဒ္ဓန္တမာနတ္တ။ (၃၃) သုဒ္ဓန္တအဗ္ဘာန။ (၃၄) အနန္တရာယိကခဏ္ဍသီမာဗန္ဓနကမ္မဝါစာ။ (၃၅) မဟာဒွါရဒေဝါရုဏ္ဍသမ္မုတိကမ္မဝါစာ။ (၃၆) ဂိရိမာနန္ဒသုတ္တဘာသနသမ္မုတိကမ္မဝါစာ။ (၃၇) ပကိဏ္ဏကခဏ္ဍ ဥပသမ္ပဒါခဏ္ဍ ပါဠိနိဿယာဒိ-တို့ ဖြစ်ကုန်၏။

ယင်းကမ္မဝါစာကို "တိပိဋကသာသနာ ၃၇-ခန်း ကမ္မဝါစာ"ဟူ၍ ပုံနှိပ်ထုတ်ဝေသူ ဦးသိန်းမောင်က အမည်မှည့်၍ ၁၉၆၆-ခုနှစ်က စောင်ရေ ၂၅၀၀-ပဌမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ဆရာတော်ကား သာသနာ့ဝန်ထမ်းကောင်းပီပီ ဘုရားဇိနော် သာသနာ့အမှုတော်ကို ကောင်းရော်လေးမြတ်စွာ ကြိုးကြိုးပမ်းပမ်း ထမ်းရွက်တော် မူခဲ့လေသည်။

သတ္တတိံသက ခဏ္ဍမှိ၊ ကမ္မဝါစံ မဟာဝိဇ္ဇါ။
သဗ္ဗညုဇိနစက္ကဿ၊ အတ္ထာယ မဏ္ဍနံ အကာ။

## စာမူများ ပြင်ဆင်တည်းဖြတ်ပေးတော်မူခြင်း

ဆရာတော်သည် အလွန်လျှင် ကရုဏာဓာတ်ခံ ကြီးမားတော်မူသည်။ အရပ်အသီးသီး ဌာနအသီးသီး ပုဂ္ဂိုလ်တို့က အကူအညီတောင်းခံလာလျှင် အတတ်နိုင်ဆုံး ကူညီတော်မူသည်။ ဘုရားအလောင်း သူတော်ကောင်းတမူ တူလှချေ၏။ တည်းဖြတ်သုတ်သင်ပေးပါရန် တောင်းပန်လျှောက်ထားသည့် စာမူကျမ်းဂန်အများကိုလည်း တည်းဖြတ်သုတ်သင် ပေးတော်မူသည်။

## ပါဠိအသင်း မဂ္ဂဇင်း ပဏ္ဏာမင်္ဂလာများ ပြင်ဆင်ခြင်း

သာသနာတော် ၂၅၀၀-ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ပါဠိအသင်းက ပါဠိအသင်း မဂ္ဂဇင်းစာစောင် ထုတ်ဝေဖို့ ကြိုးပမ်းလျက်ရှိရာ ပါဠိအသင်း၏ အတွင်းရေးမှူး ကိုရဲလွင်သည် ၁၃၁၇-ခုနှစ်က ဆရာတော် အရှင်ဝိစိတ္တ-သာရာဘိဝံသထံ ပါဠိဆောင်းပါး ဆယ်တွဲကို ဆက်ကပ်ပေးပို့၍ ပြင်ဆင်တည်းဖြတ်ပေးရန် အကူအညီတောင်းလေ၏။ ထိုအခါ ဆရာတော်သည် များလှစွာသော သံဃာယနာတင်ကိစ္စ, တရားဟောကိစ္စတို့ကြားမှ ကိုရဲလွင်၏ဆန္ဒကို ဖြည့်ပေးတော်မူခဲ့ပြီး အောက်ပါ စာနှင့် ပြင်ဆင်ချက်တို့ကို ပို့တော်မူသည်—

ဒါယကာ ကိုရဲလွင်ထံ

ပေးပို့လိုက်သော ပါဠိဆောင်းပါး ဆယ်တွဲကို အမြန်ပြင်၍ ယခု ပေးပို့လိုက်ပါသည်၊ ယခုစာနှင့် အတူ ဆယ်တွဲအနက်မှ (၁) ပဏ္ဏာမင်္ဂလာများ၏ ပြင်ဆင်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်—

(၁) ဂါထာမှာ ဏကာရန်ကို ပဓာနထား၍ ရေးသောကြောင့် ဆန်းကိုရှု၍ မပြင်လိုက်ပါ။ (ပြင်လျှင်လည်း ကာရန်ပျက်၍ ဂါထာရှင်၏ အလိုမကျဖြစ်တော့မည်။)

(၂) ပါဠိံ ပဒ္ဒိစိတုံ စေဝ၊ ပါဠိဇနုဍ္ဍ ဇာနိတုံ။
သဒ္ဓမ္မံ ပဝေဒိတုံ စ၊ ဝိနယဍ္ဍ သုသိက္ခိတုံ၊ ဟု ပြင်သင့်သည်။

(၃) လဒ္ဓုံ သိပ္ပံ ကာတုံ အဂ္ဂံ၊ ပတ္တုံ ဝိတ္တံ ယာတုံ သဂ္ဂံ။
ခိပ္ပံ အဒ္ဓံ မဂ္ဂံ ပတ္တုံ၊ အတ္ထမေ့ ပစ္စာသီသနာ။ (ဝိဇ္ဇုမ္မာလီ)

(၄) တေဟေဝ သာဓုဆန္ဒေဟိ၊ ဗန္ဓာမ ပါဠိသံဟတိံ။
ဝေရိက္ခယေ မရမ္မှိ၊ တက္ကာသီလာတိ ဝိဿုတေ။

(၅) ဏတေပိ အာဒိဘာဂမှိ၊ ဝိတ္တိံ နဝိန္ဒယာမသေ။
ဗဟူဟိ တတ္ထ ဒေါသာယေ၊ ဏဝိမနော ပတာပကာ။

(၆) ဉာတိမန္တာ ဒုတိယမ္ပိ၊ ဘာဂမိမံ နဝံ ပုန။
ကတာ ကာဝိဟိ သန္ဒေသ–ကထာ ဘာသာတ္တယေ နယာ။

(၇) တာဟိ ဘိယျောသော မတ္တာယ၊ ဝိစိနိတွာ သမန္တတော။
ဂါထာယော စိတြဝါစိနံ၊ ဝိဘာဝိတ္တ ဝိဘာဝိနိ။

(၈) သောဓေတွာ ဆန္ဒောညာယေတိ၊ စုဏ္ဏိယေပိ နိရုတ္တိယာ။
ဝိစာရယိတွာ ပစ္စေကံ၊ အတ္ထံ ပဒဥ္စ ဗျဥ္ဇနံ။

(၉) ဝိစိနိတွာ ယထာဓမ္မံ၊ ဥစ္စိနိတွာ ဝရာဂရံ။
မုဒ္ဒါပယာ မယံ ဂမ္ဗ-ဇညံ သာဓု မနောဟရံ။

(၁၀) ဘာသတ္တယ မယံ ဗဂ္ဂ-ဇညံ ယံ ပါဠိမပ္ပိတံ။
ပဘာသေတွာန ပါဠျာဘံ၊ ပါတုရဟောသိ ဒါနိပိ။

(၁၁) ရစိတံ စေ ပမာဒေန၊ ဘမေန ခလိတံ ပိဝါ။
ပဘောယျုံ ယံ ဒယာဝန္တော၊ သန္တော သံသောဓယန္တု တံ။

(၁၂) ကေ့နေ ဇိနစက္ကမ္ပိ၊ အစုတေယျသဟာဃကေ။
ဂိမေ့ ဖဂ္ဂုနမာသေယံ၊ သမတ္တာ ဗန္ဓပဒ္ဓတိ။[1]

ဟူ၍ ဖြင်သင့်သည်။ ကျန်သော ပါဠိမူများကို အဖြစ်ကြီးလောက်သာ ဖြင်လိုက်ပါသည် (ဖြင်သော် ကြိုက်သော်ရှိ မကြိုက်သော်ရှိ)

ဦးဝိစိတ္တသာရာဘိဝံသ

၁၃၁၇-ခု၊ တပေါင်းလဆုတ်(၈)ရက်။

## ဗုဒ္ဓဘဏ္ဍာတော်ပြဿနာကျမ်းကို တည်းဖြတ်ပြင်ဆင်ခြင်း

မြောင်မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်အေး လျှောက်ထားသဖြင့် ဝက်လက်မြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးတိဿသည် ဗုဒ္ဓဘာသာဝင်များ, အထူးသဖြင့် ဘုရားလူကြီး စေတီပုထိုး ကျောင်းကန်ဘုရား ဂေါပကအဖွဲ့ဝင် ဒါယကာ, ဒါယိကာမများ သိသင့်သိထိုက်သော ဗုဒ္ဓဘဏ္ဍာတော်ပြဿနာကျမ်းကို ပြုစီရင်၍ စာမူကိုဦးမောင်အေးထံ ပို့အပ်ခဲ့လေသည်။ ဦးမောင်အေးသည် ဆင်ရှင်ကျောင်းတိုက် နာယကဆရာတော် အရှင်ပညာမဟာထေရ်ထံ ပြင်ဆင်ရန် တည်းဖြတ်ရန် ဆက်ကပ်လေသည်။ ဆင်ရှင်ဆရာတော် အရှင်ပညာမဟာထေရ်သည် တဖန် ယင်းစာမူကို

---

၁။ ၂၅၀၀-ပြည့်နှစ် ပါဠိမဂ္ဂဇင်း။

ယူ၍ ၁၃၃၄-ခုနှစ်တွင် မင်းကွန်း ဓမ္မနာဒကျောင်းတိုက် ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသထံ တည်းဖြတ်ပေးပါရန် အကူအညီတောင်းလေသည်။ ထိုအခါဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက "ဆရာတော်ထိုဒုဒ္ဓဘဏ္ဍာတော် ပြဿနာကျမ်းကို ကြည့်ရှုပါရစေ၊ တပည့်တော် တတ်နိုင်သလောက် စာပေ သန့်ရှင်းကောင်းမွန်ရေးအတွက် ကူညီ၍ ဆရာတော်၏ သာသနာ့ပြုလုပ်ငန်းကို ဖြည့်စွမ်းပါရစေ" ဟူ၍ တောင်းခံလျှောက်ထား၍ အစအဆုံး ဖတ်ရှုတော်မူပြီး တည်းဖြတ်သုတ်သင် လက်နှိပ်ဖက်ငါးမူ ရိုက်နှိပ်ပေးတော်မူသည်။ ၎င်းပြင် နောက်ထပ်ပေးပို့သည့် ဘာသာ သာသနာရေးဆိုင်ရာ သိမှတ်ဖွယ်စာတမ်းများကို ပြင်ဆင်တည်းဖြတ် ရိုက်နှိပ်ပေးတော်မူလေသည်။ ဆရာတော်ကား ကိုယ်ကျိုးလည်းကျင့် သူကျိုးသည်းဆောင် သည်ခံတော် သည့်သာသနာတွင် အအောင်မြင်ဆုံးပုဂ္ဂိုလ်ဟု ဆိုထိုက်ပါသတည်း။

ဆင်ရှင်ဝုထေရသေဋ္ဌေန ၊ ပေသိတံ သုဟိတာဝဟံ။
ဂန္ထမ္ပိ သောဓေသိ ဓီရော၊ ဓိတိမာ ထေရသေခရော။

## သာသနာ့ကြယ်ရောင်စာတမ်း သုတ်သင်တည်းဖြတ်ခြင်း

မအူပင်မြို့နယ် လက်ခုပ်ပင်ကျေးရွာအား ရွေးယခင် ဓမ္မပါလရွာကြီး အသား တရားကျင့်ကြံ ဗုဒ္ဓစာပေလေ့လာကြသော ဥပါသကာ ဥပါသိကာတို့၏ နေထိုင်ရာရွာကြီး ဖြစ်၏။ ယင်းရွာကြီး၌ သာသနာ့ရောင်ခြည်အဖွဲ့ဟူ၍ ရှိသည်။ ဖော်ပြပါ သာသနာ့ရောင်ခြည်အဖွဲ့ဝင် ဥပါသိကာ ဒေါ်ကြင်မြိုင်သည် အခြေပြုသင်္ဂြိုဟ်, သင်္ဂြိုဟ်ဘာသာဋီကာ, ဋီကာကျော်မြန်မာပြန်, ဝိသုဒ္ဓိမဂ်မြန်မာပြန်, ပိဋကတ်တော်မြန်မာပြန်, မဟာဗုဒ္ဓဝင်ကျမ်းကြီး-စသည်တို့ကို ၁၀-နှစ်ကျော်ကျော် ဖတ်ရှုလေ့လာခြင်း၊ ပညာရှိသူတော်ကောင်းတို့၏တရားကို နာယူခြင်း စသည်များကြောင့် စာပေပိဋကတ်၌ ကျွမ်းကျင်သူ ဖြစ်လာလေ၏။ သူမသည် မိမိလေ့လာသဖြင့် သိရှိထားသည့် တရားစာပေအရသာကို သူတပါးတို့အားလည်း သိစေလိုသော စေတနာဖြင့်ပြပါသဖြင့် "သာသနာ့ကြယ်ရောင်စာတမ်း" အမည်ရှိသော ကျမ်းစာစောင်ကို ပြုစီရင်ခဲ့လေသည်။ ယင်းစာတမ်းသည် အနှစ်သာရနှင့် ပြည့်စုံသည့်ကျမ်းစာကောင်း ဖြစ်လေသည်။

ဒေါ်ကြင်မြိုင် ဥပါသိကာယ၊ သင်္ခတော သာဓုမာနိတော။
သာသနာ့ကြယ်ရောင်ဂန္ထော ဟိ၊ ဥတ္တမော သာရသံယုတော။

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဖော်ပြပါ သာသနာ့ကြယ်ရောင်စာတမ်းကိုလည်း ရန်ကုန်တိုင်း, ပဲခူးတိုင်း, ဧရာဝတီတိုင်း ထိုထိုမြို့ရွာများသို့ မန္တလေးမြို့ မလွန်ဈေးဆန်လှူသင်းထောက် သင်းခွဲများ၏ ဆွမ်း

ဆန့်ဟော်များ ရေစက်ချဟူးဟောပွဲများသို့ ခရီးသွားလာရင်းအကြားတွင် အချိန်ကိုအရယူကာ အဟတ်နိုင်ဆုံး တည်းဖြတ်ပေးတော်မူခဲ့လေသည်။ ၎င်းပြင် နိကာယမဟူချီကျမ်းကြီး စသည်တို့ကို စာအုပ်ဖြစ်အောင် ကူညီထောက်ခံတော်မူခြင်း စသည်တို့ကို ပြုတော်မူသည်။ ဆရာတော်ကား သူများအကျိုးကို သည်ပိုးရွက်ဆောင်သည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် စင်စစ်ဖြစ်တော်မူပါပေသည်။

အနေကေ ဂန္ထကာရေပိ၊ ဗလဒါယိ မဟာသုခိ။
ပရေဟိတ ပဋိပန္နော၊ အဟော တပ္ပုရိပ္ပုန္နတာ။

## နေတ္တိနိသျှည်းကျမ်းငယ် စာအုပ်အဖြစ်ရောက် ကူညီခြင်း

သက္ကရာဇ် ၁၁၅၀-မှ ဤဘက်၌ ထင်ရှားထွန်းပေါ်ခဲ့သော သာသနာပြုဆရာတော်ဘုရားပါး ဖြစ်တော်မူသော ပုဂံဆရာတော် အရှင်မေဓာဝမ္ဘာလင်္ကာရသည် သောတုန္နနယ် မှတ်သားလွယ်အောင် နေတ္တိနိသျှည်းကျမ်းငယ် တစ်စောင်ကို ပြုစီရင်တော်မူခဲ့ သည်။ ယင်း ကျမ်းမျိုးကို အိပ်ဆောင်ကျမ်းဟူ၍၎င်း၊ လက်ဆောင်ကျမ်းဟူ၍၎င်း ခေါ်သည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၀၃-ခုနှစ်က မင်းကွန်းတောင်ပေါ် သရေး ဦးပုကြီး ပိဋကတ်တိုက်ကျောင်းမှ ပေစာများကို ဘုတေသနပြုလေ့လာရင်း နေတ္တိနိသျှည်းကျမ်းငယ်ကို တွေ့ရှိတော်မူသည်။ ဖတ်ကြည့်တော်မူသောအခါ စာနေကျဉ်းကျဉ်းနှင့် လိုရင်းထိမိအောင် ရေးသားထားသော ကျမ်းငယ်ဖြစ်ကြောင်း သိရှိရသဖြင့် အခွင့်သင့်လျှင် စာချ အရှင်မြတ်များအဖို့ အထောက်အပံ့ ဖြစ်စေမည်ဟု ရည်ရွယ်တော်မူ၍ လက်ရေးမူဖြင့် ကူးယူထားခဲ့သည်။ ၁၃၁၂-ခုနှစ်လောက်က မင်္ဂလာ ဦးအောင်မြင့်နှင့် စကားစပ်မိ၍ နေတ္တိနိသျှည်းကျမ်းငယ်အကြောင်း ပြောပြရာ ဦးအောင်မြင့် စိတ်ဝင်စားနေသည်၊ သို့ဖြစ်၍ ဆရာတော်ထံ စာမူတောင်းလေ၏၊ ဆရာတော်သည် လွယ်ကူစွာပင် ဦးအောင်မြင့်အား ဧရာဝတီမြန်မာ့ဒ သရာတော် အရှင်ပညာစာမိ စီရင်သည့် နေတ္တိလက်ကာကိုပါ တပါတည်း ထည့်ပေးလိုက်သေးသည်။ မင်္ဂလာ ဦးအောင်မြင့်သည် ဖော်ပြပါ နေတ္တိနိသျှည်းကျမ်းငယ်ကို လက်ဆောင် နေတ္တိ အမည်ဖြင့် ၁၃၁၄-ခုနှစ်က အုပ်ရေ -၁၀၀၀ ရိုက်နှိပ် ထုတ်ဝေခဲ့လေသည်။ ဆရာတော်ကား တကယ့်ကို စာပေမြတ်နိုးသည့်ပုဂ္ဂိုလ်ပါတည်း။

သမ္ဗုဒ္ဓဂန္ထေသု ယောသ၊ မာမကော နိန္နမာနသော။
ဝိနိစ္ဆော ဝိစိတ္တသာရော၊ သုသာရော သာရသာသနေ။

## ထူးချွန်သည့် ဓမ္မကထိက

ဆရာတော်ကား သည့်ဘုရားမြတ်စွာ သာသနာ ၂၅ ရာစု နောက်ပိုင်းနှင့် ၂၆ ရာစုခေတ် ရှေ့ပိုင်းတွင် အထူးချွန်ဆုံးနှင့် အအောင်မြင်ဆုံးသော ဓမ္မကထိက

ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်။ တိပိဋကစရေစာမေးပွဲ မပြန်ဆို မဖြေဆိုမီက ပင် အကျော်ဇေယျ ဓမ္မကထိက ဖြစ်တော်မူ၏။ တိပိဋကစရေစာမေးပွဲအတွက် စာပေကျက်မှတ်လေ့လာစဉ်အတောအတွင်းမှာပင် ရံခါပင့်ဖိတ်ရာသို့ ကြွရောက် တော်မူ၍ တရားဟောတော်မူသေးသည်။ လုံ့လသတ္တိကား အံ့ဖွယ်လျှင်ကြီး မားလှဘိ၏။ ၁၃၁၄-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့ မန္တလေးမြို့ ပရိယတ္တိ သာသနဗိမာန်တော်ကြီး ဆောက်လုပ်ရန် အုတ်မြစ်ချပွဲ၌ တရားချီးမြှင့်ရန် အသင်းဥက္ကဋ္ဌကြီးနှင့် အသင်းလူကြီးများ တောင်းပန်လျှောက်ထားသော အခါ တိပိဋကစရေစာမေးပွဲတွင် စာပြန်ရန် ရက်ပိုင်းသာ လိုတော့သည့်အချိန် မျှ ဖြစ်သော်လည်း မဟောနိုင်ဘူး ဒါယကာတို့ဟု ပယ်ဖျက်ခြင်း အလျှင်းပြု သော်မမူပဲ လက်ခံတော်မူလိုက်လေသည်။

အရပ်ရပ် ကုသိုလ်ရှင်တွေက ပတ္တမြားအုတ်၊ ကျောက်သားအုတ်၊ ငွေအုတ် ဘိလပ်မြေ စသည် အသီးသီးလှူဒါန်းသော စာရင်းကို အသင်းလူကြီး နန္ဒဝန်၊ ဦးဘဘင်က ဖတ်ကြားပြီးသောအခါ ဘုန်းကြီးက မှန်အုတ်ကြီး ၄-ချပ် လှူ ဒါန်းပါမည်ဟု စကားပလ္လင်ခံ၍ ၄-နာရီခကျော်မျှ သစ္စာ ၄-ပါး တရားအချက် ဓမ္မစက္ကပဝတ္တနသုတ္တန်ကြီးကို နိဒါန်းနှင့်တကွ ဟောပြတော်မူသည်။

၁၁-ခန်း၊ ၁၂ ခန်း မဏ္ဍပ်ကြီးအပြည့် ရှင်ရော လူပါ ဆိတ်ငြိမ်စွာဖြင့် ၄-နာရီကျော် တရားနာကြသည်။- ၎င်းပြင် အသင်းဥက္ကဋ္ဌကြီးအား ဤဗိမာန် ကြီး ဆောက်လုပ်ပြီးစီးသောအခါ သာမန်ပရိတ်ရွတ် ဖတ်ကိုးကားလေးကားကြေး နှင့် ဖြတ်ရုံမျှလောက်နှင့် မဖွင့်ကြပဲ မြေကြီး ၆၂-ကြိမ်လှုပ်တဲ့ ပြဟ္မဇာလသုတ္တန် ကြီးများကို သုတ္တန်ပါဠိတော်ကြီးများစွာကို ရွတ်ဆို၍ ဘုရားရှင်စကားတော် အများအပြား ဥာပနာဖွင့်ရန် လေးနက်စွာ သတိပေးတော်မူခဲ့လေသည်။

## မဟောဘူးသည့် တိုင်း၊ ပြည်နယ်၊ မြို့ကြီး မရှိသလောက်

ဆရာတော် တရားဟောထူးချွန်ပုံမှာ လွန်ကိုလွန်လွန်းလှသည်၊ မဟောဘူး သည့်တိုင်း၊ မဟောဘူးသည့်ပြည်နယ်၊ မဟောဘူးသည့် မြို့ကြီး မရှိသလောက် ဖြစ်မည်ဟု ဆိုချင်၏။ ပိဋက ၃-ပုံ နိကာယ် ၅-ရပ်လုံးလောက်နီးပါး အရကျက် ဆောင်တော်မူ၍ ဟောတော်မူခဲ့သည်ကိုကြားနာရသူတိုင်းရင်သတ် ရှုမောအံ့သြ ကုန်၏။ တနေ့ထဲမှာ အနုမောဒနာတရားများ ၄-ကြိမ် ၅-ကြိမ်ဟောပြီး ည ၃-နာရီ ၄-နာရီကြာအောင် ဟောတော်မူလိုက်သေးသည်။ အသံတော်မှာလည်း ကြားနာရသူတိုင်းလိုလို တရားပွဲမှ မခွါနိုင် ဖြစ်ကြကုန်၏။ ပခုက္ကူမြို့ မဟာ ဝိသုတာရာမတိုက်ကြီးထဲ ဟောတော်မူခဲ့သည်မှာ ၁၀-ကြိမ်မကပြီ၊ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရ မဟာထေရ် သက်တော် ထင်ရှားရှိစဉ် ၁၃၃၇-ပြည့်နှစ်က မဟာဝိသုတာရာမတိုက်ကြီးထဲ ပဥ္စမဆုံးစ၍

တရားဟောတော်မူသည်။ အချိန်တွေကြာလွန်းတော့ အဘိဓမ္မဟာရဋ္ဌဂုရု အရှင်သုန္ဒရ ဆရာတော်ဘုရားကြီးက ဦးဝိစိတ္တ ကြာလွန်းပါတယ် ရှော့ရှော့ ဟောပါဟု မိန့်တော်မူရာ ဆရာတော် ကိစ္စမရှိပါဘုရား၊ ဘုရားတပည့်တော် ဟောနေကျပါဟု လက်အုပ်ချီ လျှောက်လေသည်။ ငါးရာ့ငါးဆယ် ဇာတ်တော်များကိုလည်း ဆက်တိုက်ဟောတော်မူရာ ကုသဇာတ်, အလမ္ဗုသာဇာတ် စသည် အနည်းငယ်လောက်သာ ကျန်ရှိသည်ဟု ဆရာတော်က ဤစာပြုသူအား မိန့်ပါသည်။ ၇၈၅-ဂါထာရှိ ဝေဿန္တရာ ဇာတ်တော်ကြီးကို အဋ္ဌကထာနှင့်တကွ နှုတ်ရဆောင်တော်မူ၍ ၃-ရက်ခန့် ၄-ရက်ခန့်နှင့် အပြီးသတ်ဟောတော်မူသည်။ ဟောလေ့ဟောထ သမျှထစ်နေသည်, တွေနေသည် တခါမျှ မတွေ့စဘူး မကြားစဘူးချေ။ ယနေ့အထိ တရားပွဲအကြိမ်ပေါင်း ၈၀၀၀-ကျော် ၉၀၀၀-အတွင်းမှာ ရှိသည်ဟု သိရ၏။

မဇ္ဈိမကာလေန စာပိ၊ အတိဝ ကောဝိဒေါ သုဓီ၊
ဒေသော ပုဂ္ဂလာဇ္ဈောသ၊ အတိဝ ဒုလ္လဘော ဟိ ခေါ။

ဘုရားလက်ထက် ဓမ္မကထိကပုဂ္ဂိုလ်တွေ အာရုံပြု၍ရ

ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ် တော်တော်များများက ဆရာတော် ဦးဝိစိတ္တ-အသံက ဘုရားရှင်၏အသံတော်ကိုမှန်းပြီး အာရုံပြုလို့ရသည်ဟု ပြောကြသည်ကို ဤကျမ်းပြုသူ ကြားဘူးလှ၏။ ဘုရားရှင်လက်ထက်က အလွန့်လျင် ဆန်းဆန်း ကြယ်ကြယ် ဥပမာ ဥပမေယျတို့ဖြင့် တန်ဆာဆင်ပြီး တရားဟောတတ်သော ရဟန်းများအနက် တေဒဂ်ရ အရှင်ကုမာရကဿပလေလော့ဟု ထင်မှတ်လောက်အောင်ပင် ဆန်းဆန်းကြယ်ကြယ် နားလည်လွယ်အောင် ပမာပမေခြယ်လှယ်၍ ဟောတော်မူ၏။

ဓမ္မကထိကန ထေရော ဟိ၊ အတိဝ ဝိစိတ္တော အဟု။
ကုမာရကဿပေါ နူန၊ ဇနာနံ ဝိမတိ ခလု။

ရွတ်တရက် ချက်တဖြုတ် ပေါ်ထင်လာသော ဂါထာဗန္ဓ စကားဝါကျတို့ကို စီကုံးရွတ်ဆို ဟောတော်မူသည်လည်း အံ့မခန်းဖြစ်ရသည်၊ ဘုရားရှင်လက်ထက် တော် ပဋိဘာနဝန္တုအရာ တေဒဂ်ရ အရှင်ဝင်္ဂီသလေလောဟု တွေးတောယုံမှား ရလောက်အောင်ပင်ဖြစ်၏။

ဝိစိတ္တော သုဝိစိတ္တော ဟိ၊ ဝိစိတ္တပဋိဘာနဝါ။
ဗုဒ္ဓကာလေ ဝင်္ဂီသော'ဝ၊ အစ္ဆေရော လောမဟံသနော။

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ အသံတော်၏ ကောင်းမွန်ထူးခြား ပုံမှာ ကြားနာသူအများတို့ ပျားသကာသို နားဝင်ချိုကြကုန်၏။ ဘုရားရှင်

ရွှေလက်ထက်သော် ကသျှာဏပါက္ကုရဏ=အသံကောင်းသူများအနက် ဧတဒဂ်ရ အရှင်သောဏကုဋိကဏ္ဏနှင့် စံပြုထိုက်ပါသတည်း။

ကလျာဏဝါက္ကရဏာပိ၊ ဝိစိတ္တော ဝိစိတ္တော သုဓိ။
မုနိနော သမယေ သောဏ—ကုဋိကဏ္ဏော ဝ သောဘတိ။

အသံတော်၏ သာယာပုံမှာလဲ ထူးကဲလှ၏။ ဆရာတော်အသံကို ကြားလိုက်လျှင် စိတ်ရွှင်လာသည်၊ အလုပ်လုပ်ချင်လာသည်၊ အားတက်လာသည်၊ တခါတလေ ညဥ့် ၉-နာရီ ၁၀-နာရီလောက်တွင် မီးရောင်အောက် စာရေးရင်း ဆရာတော်တရားကြိုးခွေသံကို ကြားရလျှင် ပာရေးခြင်းကိစ္စ ရပ်ပြီး ဆရာတော်တရားသံကို အာရုံပြုမိသည်၊ ပျော်လာသည် ပို၍ စာရေးချင်လာသည်၊ တကယ်တော့ ဆရာတော်၏အသံဟာ ဘုရားမြတ်စွာလက်ထက်က မဉ္ဇုဿရ=အသံသာယာသော ရဟန်းဘိုးအနက် ထိပ်တန်း ဧတဒဂ် အရှင်လကုဏ္ဍကဘဒ္ဒိယနှင့် နှိုင်းခိုင်းထိုက်ပေသတည်း။

မဉ္ဇုဿရေန စ သော အသိ၊ ဝိစိတ္တော စိတြဘာဏိကော။
လကုဏ္ဍကဘဒ္ဒိယော နူ၊ စိတ္တံ ဒေါလယတေ ခလု။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်လက်ထက်တော်က မန္တာဏိပုတ္တ အရှင်ပုဏ္ဏလဲ အလွန်လျှင် ထူးကဲသည့် ဓမ္မကထိက ပုဂ္ဂိုလ်ဖြစ်၏။ အရှင်ပုဏ္ဏ တရားဓမ္မနာရ၍ ကျွတ်တန်းဝင်သူတွေ ဖုန်ခွဲသေး မြင်၏။ အရှင်ဝိစိတ္တသာရာဘိဝံသသည်လည်း အရှင်ပုဏ္ဏနှင့်လဲ စံပြုထိုက်သည့် ပုဂ္ဂိုလ်ကျော်မြတ် ဖြစ်တော်မူပါပေသတည်း။

ဓမ္မကထိကထေရာနံ၊ ဝိစိတ္တော ဝိသိဋ္ဌော ဟိ ခေါ။
မန္တာဏိပုတ္တော ပုဏ္ဏော ဝ၊ ပမေတဗ္ဗော သိရိန္ဓရော။

## ရွှေတံဆိပ်များ ရွှေအိုးဘုရား ပြတိုက်လှူ

ဆရာတော်သည် ပဌမကျော် ရွှေတံဆိပ်၊ သကျသီဟဓမ္မာစရိယဝင်္ဂသကာ ရွှေတံဆိပ်၊ ပိဋကဆိုင်ရာတိပိဋကဓရစသော ရွှေတံဆိပ်များအကြီး ၇-ခု အလတ် ၄-ခု၊ အငယ် ၃-ခု စုစုပေါင်း ရွှေတံဆိပ် ၁၄-ခုကို ရွှေအိုးဘုရားပြတိုက်သို့—

ဗောဓိယာ ပစ္စယော ဟောတု၊ ဇော် မေ ပုညမင်္ဂလံ။
သုမနေန ပသန္နေန၊ အတ္တမနေန သဒ္ဓိတံ။

အရှင်ဝိစိတ္တသာရာဘိဝံသ ကျောင်းမှူး ဓမ္မနာဒတိုက်၊ မင်းကွန်းဟု ကဗျည်းထိုး၍ လှူဒါန်းပူဇော်ခဲ့လေသည်။

သုဝဏ္ဏလဉ္ဆနေ စာပိ၊ တိဂုမ္ဘဒဿနာဃရေ။
ဗောဓိဉာဏသမုဒ္ဓိယာ၊ နိယျာတယိ သုဓိတိမာ။

## တိပိဋကဓရ လစာဆွမ်းဆန်တော်ကို နိကာယ်သာသနာ်အားပူဇော်

ရင်းပြင် နိုင်ငံတော်အစိုးရက လစဉ်လှူဒါန်းသော တိပိဋကဓရဆွမ်းဆန်တော် လစဉ် အလှူငွေကျပ် ၁၁၁(သုံးရာတဆယ်တစ်ကျပ်)ကိုလည်း ၁၃၃၉-ခု တပို့တွဲလဆန်း ၁၁-ရက်နေ့က မိမိနေထိုင်ရာ ဓမ္မနာဒကျောင်းတိုက်၌ မင်းကွန်း တောင်ရိုး ချောင်အသီးသီးမှ ဆရာတော်များနှင့် ချောင်ဆရာကြီးများကို ပင့်ဖိတ်၍ အလှူပွဲကြီး ပြုလုပ်ပြီးလျှင် အောက်ဖော်ပြပါတ္တသည့် ဒတိုင်း စာတမ်းဖတ်ကြား၍ ချောင်ဆရာတော်များ, သီလရှင် ချောင်ဆရာကြီးများ၏ မျက်မှောက်၌ ဝမ်းမြောက် ရွှင်လန်းစွာ နိကာယ်ငါးရပ် ပိဋကတ်သာသနာ တော်အား အာလယပြတ် လှူဒါန်းတော်မူသည်။

## ဆရာတော်၏တိပိဋကဓရလစာ လှူဒါန်းသောစာတမ်း

(သိဒ္ဓိရတ္ထု) အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင်ဆရာတော်ဘုရားကြီး, ဓမ္မစကြာ သုံးဆယ်ပေးဆရာတော်ဘုရားကြီးများ အမှူးပြုသော ပင့်သံဃာ အရှင်မြတ် များနှင့် ဓမ္မနာဒတိုက်သား သံဃာတော်အရှင်မြတ်တို့ဘုရား။

တပည့်တော်သည် ၁၃၁၅-ခုနှစ် တပို့တွဲလဆန်း ၁၁-ရက်နေ့မှအစ ပြု၍ နိုင်ငံတော်အစိုးရက တိပိဋကဓရဘွဲ့တံဆိပ်နှင့်တကွ လစဉ်လစဉ် ဆွမ်းဆန်တော် အလှူငွေ ၃၁၁ (သုံးရာတစ်ဆယ်တစ်ကျပ်) ထို့ပြင် (ယပည့်နှစ်ယောက်ပါ) ကုန်း, ရေ, လေအခမဲ့ သွားလာနိုင်ခွင့်လက်မှတ် လှူဒါန်းသည်ကို ခံယူခဲ့ရပါ သည်ဘုရား။

ယနေ့ (၁၃၃၉ ခု၊ တပို့တွဲလဆန်း ၁၁-ရက်နေ့)ဆိုလျှင် တပည့်တော်၏ အဖို့ တိပိဋကဓရဘွဲ့နှင့် အလှူတော်ရခဲ့သည်မှာ (၂၄)နှစ်တင်းတင်းပြည့်၍ (၂၅)နှစ်မြောက် ရောက်ခဲ့ပါပြီဘုရား။ တပည့်တော်အဖို့မှာ ကျွမ်းနှစ်ပေါင်းစွေဒ (၂၄)နှစ်ကြာ နိုင်ငံတော်အစိုးရက လစဉ်လစဉ် ဆွမ်းဆန်တော် ၃၁၁ (သုံးရာ တစ်ဆယ်တစ်ကျပ်)လှူဒါန်းသည်ကို ခံယူရရှိခဲ့ပြီးဖြစ်ပါ၍ မိမိ၏ အင်္ကန်းအနှမ်း များ ပြေငြိမ်းသွားပြီဟု ယူဆဝမ်းမြောက်ရပြီးဖြစ်ပါ၍ ယခု ၂၅ နှစ်မြောက်မှ စ၍ ကြွင်းကျန်သော နှစ်ပရိစ္ဆေဒ ကာလရှည်ကြာ နိုင်ငံတော်အစိုးရက ဆက် ကပ်၍ လှူဒါန်းမည့် ဆွမ်းဆန်တော်အလှူဒါနကို သာသနာတော်အား ထိရောက်စွာလှူဒါန်းလိုသော ကုသိုလ်ဆန္ဒ ပြင်းပြစွာဖြစ်လျက် ရှိနေပါသည် ဘုရား။

သို့ပါ၍ တပည့်တော်သည် ယခု ၁၃၃၉-ခု တပို့တွဲလ(၁၉၇၈-ခု ဖေဖော်ဝါရီ လမှစ၍ မိမိရပိုင်ခွင့်ရှိသော တိပိဋကဓရ လစဉ်ဆွမ်းဆန်တော် ၃၁၁ (သုံးရာ တစ်ဆယ်တစ်ကျပ်)ကို မင်းကွန်းတောင်ရိုးရှိ “မိုးမိတ်စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး ဂေါပကအဖွဲ့သို့”ကပ္ပိယကာရကအဖြစ် အပ်နှင်း၍ ထိုအဖွဲ့က–

နိကာယ်စာမေးပွဲ တိပိဋကဓရစာမေးပွဲတို့ကို ဝင်ရောက်ဖြေဆို ဖြေဆိုတော်မူလိုကြ ပါလျက် ဘောဇနသပ္ပါယမျှတခြင်း, စာကျက်၍ အထူးရနိုင်စေမည့် ဝိဝေကအရပ်ကို မရရှိခြင်းတို့အတွက် ခရီးနှေးဖင့်နေကြရသော သီးတင်းသုံးဖော် ညီတော်သာသနာ့အာဇာနည်လျာ ရဟန်းတော်အရှင်မြတ်များအား ထိုမိုးညှင်းဂါထာ ပဲ့ကတာဝန်ယူ၍ မင်းကွန်းဘောင်ရိုး မိုးမိတ်စေတီတော်များ ကုန်းမြေ၌ နေရာထိုင်ခင်း (နေထိုင်ခွင့်) ပေးလှူနိုင်နှင့် ထိုအရှင်မြတ်များအား တ… တော်လှူမည်သော လစဉ်ဆွမ်းဆန်တော်(…၁၁)ကို မူလ(၆)တည်၍ လိုအပ်သေးပါက ဝေါဟာရအဖွဲ့မှ ဒကာခေါ်ဆောင်မည် ဆောင်ရွက်လျက် နေ့စဉ်(စာကျက်စာကြည့်နေသမျှ ကာလပတ်လုံး)သပ္ပါယဘောဇဉ် ဆွမ်းအာဟာရမကာ ဒေသ ဖွင်း များလှူဒါန်းနိုင်ရန်အတွက် နိကာယ် (၅)ရပ် ပိဋကတ်သာသနာတော်အား လှူဒါန်းပါသည်ဘုရား။

နိကာယ်ငါးပြာ သာသနာ ခိုင်ခံ့ခနသို့ထွန်းပါစေ။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
မဟာဝေဘင်ဝိုဟာ၊ မင်းကွန်း
(၁၁-၁၁-၇၉) ၁၀-၂-၇၀။

ဤသင်္ချင် ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ၏ တိပိဋကဓရလစာ အလှူတော်စာတမ်းဖြစ်သည်။ ကြည်ညိုနိုင်ကြရန် မူရင်းအတိုင်း ဖော်ပြပါသည်။ ဆရာတော်အား ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်၌လည်း ရဲရင့်တော်မူ၏၊ အလှူဒါန၌လည်း ရဲရင့်တော်မူ၏။

သူရော ပဉ္စနိကာယေသု၊ ယာဝ သူရော ပဒါနေပိစ။
ဒုလ္လဘော ဒိသော သူရော၊ အတိသူရော သာသနေ။

ဤမျှသာမက မြန်မာတနိုင်ငံလုံးရှိ နိကာယ်ငါးရပ် ပိဋကတ်စာမေးပွဲ ဝင်လိုသူအရှင်မြတ်များအထံသို့ အောက်ဖော်ပြပါ စာတမ်းကို ဗုဒ္ဓမ္မလောက စာစောင်စသည်မှတဆင့် အသိပေးတော်မူသည့်ပြင် အမြို့မြို့အရွာရွာရှိ စာသင်ကျောင်းတိုက်ကြီးများသို့ ပေးပို့သိစေတော်မူခဲ့လေသည်။

## ဆရာတော်၏သိစေသည့်စာတမ်း

နိကာယ်ငါးရပ် ပိဋကတ်စာမေးပွဲ ဝင်လိုသူအရှင်မြတ်များသို့ နိကာယ်စာမေးပွဲနှင့် တိပိဋကစာမေးပွဲဘို့သို့ ဝင်ရောက်ဖြေဆို ဖြေဆိုတော်မူလိုကြပါလျက် ဘောဇနသပ္ပါယကို မရနိုင်ခြင်း၊ နေရာထိုင်ခင်းအတွက် စာကြည့်စာကျက်ရန် အထူးသင့်လျော်သော ဝိဝေကအရပ်ကို မရရှိကြခြင်းတို့ကြောင့်

မြှော်မှန်းချက် စာပေခရီး နွေးဖင့်နေကြသော သာသနာ့အာဇာနည် အလျာ ရဟန်းတော် အရှင်မြတ်များဘုရား—

အရှင်မြတ်တို့အဖို့မှာ ဘောဇနသပ္ပါယမမျှတခြင်း၊ ဝိဝေကအရပ်ကို မရရှိခြင်း၊ ဤအခက်အခဲနှစ်ခုပ်ကို လွန်မြောက်နိုင်ရန် တပည့်တော်သည် ယခု ၁၃၃၉-ခု၊ တပို့တွဲလ(၁၉၇၈-ခု ဖေဖော်ဝါရီလ)မှစ၍ မိမိအား နိုင်ငံတော်အစိုးရက လစဉ်လှူဒါန်းထောက်ပံ့သော "တိပိဋကဓရလစာဆွမ်းဆန်တော်" ကို မင်းကွန်းတောင်ရိုးရှိ "မိုးမိတ်စေတီတော်များ ဂေါပကအဖွဲ့"သို့ ကပ္ပိယအဖြစ် ဆောင်ရွက်ရန် အပ်နှင်း၍ အရှင်မြတ်တို့ စိတ်အေးချမ်းသာစွာ စာကျက် စာကြည့်နိုင်ရန် နိကာယ်သာသနာတော်အား ပူဇော်လှူဒါန်းပြီး ဖြစ်ပါသည်။

မင်းကွန်း မိုးမိတ်ဂေါပကအဖွဲ့က တပည့်တော် လှူဒါန်းသော "တိပိဋကဓရ လစာ ဆွမ်းဆန်တော်"ကို မူလ(မ)တည်၍ လိုအပ်လျှင် လိုအပ်သလို ဒကာ ပေါ် ပေါက်အောင် ဆောင်ရွက်လျက်—

(က) အရှင်ဘုရားတို့ဆွမ်းမခံရပဲ စိတ်အေးချမ်းသာစွာ စာကျက်စာကြည့် နိုင်ရန် နှင့်)

(ခ) အရှင်ဘုရားတို့ ဆိတ်ငြိမ်သော နေရာရရှိရေးအတွက် မင်းကွန်း တောင်ရိုးရှိ မိုးမိတ်စေတီတော်များ ကုန်းမြေ၌ ချမ်းသာစွာ နေထိုင် နိုင်ရန် တာဝန်ယူ၍ စီမံပေးရန် သဘောတူပြီ ဖြစ်ပါသည်။

သို့ပါ၍ အလိုရှိသော အရှင်မြတ်များသည် မိုးမိတ်စေတီတော်များ ဂေါပက အဖွဲ့ဥက္ကဋ္ဌ(မန္တလေးမြို့ ဒေါင်းရိုးရပ် ဦးစံရွှေ)ထံ ကြွရောက်၍ တိုင်ပင် ဆွေးနွေး စာရင်းပေးတော်မူကြပါရန် သာသနာရေးအတွက် အားတက်ဖွယ် သတင်း ကောင်း အကြောင်း ကြားသိစေပါသည် အရှင်မြတ်တို့ဘုရား။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ

မင်းကွန်းတိပိဋကဓရ ဆရာတော်

၁၃၄၀-ခုနှစ် ကဆုန်လဆုတ် (၇) ရက်နေ့တွင် ဗုဒ္ဓမ္မလောက။

ဆရာတော်၏ ကြိုးပမ်းမှုကြောင့် မိုးမိတ်စေတီတော်များ ကုန်းမြေ၌ တိပိဋက နိကာယ်ကျောင်းတိုက် ဖြစ်လာလေပြီ၊ ၁၃၄၀ ပြည့်နှစ် ဝါတွင်း၌ တိပိဋက ဓရ သာသနာ့အာဇာနည်လျာ ၄၀-ခန့် ဝါကပ်၍ ၁၃၄၁-ခုနှစ်တွင် ၈၀ ကျော် ခန့် သီတင်းသုံးတော်မူကြ၍ ချမ်းသာစွာ စာပေကျက်မှတ် လေ့လာတော်မူ၍ ၁၃၄၀-ပြည့်နှစ် ၃၀-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် ဝင်ရောက် ပြန်ဆို ရေးဖြေကြရာ ဒီဃနိကာယ် အာဂုံပြန်အောင် ဒီဃဘာဏကပုဂ္ဂိုလ် ၆-ပါး

ပေါ်ထွန်းခဲ့လေသည်။ ၁၃၄၁ ခုနှစ်တွင် ၁၃-ပါး ပေါ်ထွန်းခဲ့လေသည်။ ဆရာတော်၏ ကြိုးပမ်းမှုကား အောင်မြင်လေပြီ။

ဥဿာဟော ထေရသေဋ္ဌဿ၊ အစ္စန္တ သံယုတော ဟိ ခေါ။
ယောကနာထသာသနဿ၊ ဝုဒ္ဓိယာ ပစ္စယော ဟိ ခေါ။

## ထူးခြားစွာ အများအကျိုးဆောင်သည့် ဆရာတော်

ဆရာတော်သည် အများပုဂ္ဂိုလ်တို့၏ အကျိုးဆောင်ရွက်တော်မူသည့်ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်၊ မိမိထံမှောက်သို့ ရောက်ရှိလာသော လာဘ်များကို လူအများ အကျိုးရှိအောင် ပြောင်းလဲရွက်ဆောင်တော်မူလေ့ရှိသည်။

၁၃၂၃ ခုနှစ်က မုံရွာမြို့ ဒေါင်းယာဉ်ပျံ စတိုးပိုင်ရှင် ဦးဖိုးမှိ-ဒေါ်ရွှေညွန့်တို့က ဓမ္မနာဒကျောင်းတိုက်ဝင်း၌ ခြသေ့ရုပ်ကြီးနှစ်ကောင် တည်ဆောက်လှူဒါန်းလိုကြသည်ကို လက်မခံဘဲ တကာယ်လိုအပ်သော မင်းကွန်းတိုက်နယ် ဆေးပေးခန်း လှူဒါန်းရန် ကြောင်းကျိုးညွှန်ကြား ကျေနပ်တရားဟောကြား၍ နိုင်ငံတော်အစိုးရချမှတ်သည့် မူအတိုင်း "စံချိန်မှီ" ကျေးလက်ကျန်းမာရေး အဆောက်အအုံကို ကိုယ်တိုင်ဖိဖိ ကြပ်မတ်ဆောက်လုပ်၍ ၁၃၂၄-ခုနှစ်က နိုင်ငံတော် အစိုးရ ကျန်းမာရေးဌာနသို့ ခမ်းနားကြီးကျယ်စွာ အပ်နှံ လှူဒါန်းခဲ့လေသည်။

ဘေသဇ္ဇဒါနဌာနမ္ပိ၊ ကာရာပေတွာ မဟာသုခီ။
နိယျာတေသိ ဘူပါလဿ၊ မဟာနေ့ဟိတာယ သော။

မင်းကွန်းတိုက်နယ်၌ နိုင်ငံတော်အစိုးရ ပညာရေးဌာနမှ အလယ်တန်းကျောင်း သတ်မှတ်ပေးသောအခါ တိုက်နယ်လူထု၏မေတ္တာရပ်ခံမှု တည်တော်မူ၍ မိမိအား အလောက်အောက် မြို့ရွာဒကာ, ဒကာမတို့ လှူဒါန်းကြသော နဝကမ္မဝတ္ထုများကို ရက်ရောစွာ စွန့်လှူတော်မူ၍ အများဆုံးတာဝန်ယူလျက် အလယ်တန်းကျောင်းကြီး ဆောက်လုပ်ပြီးလျှင် နိုင်ငံတော်အစိုးရ ပညာရေးဌာနသို့ အပ်နှင်းလှူဒါန်းတော်မူခဲ့လေသည်၊

မဇ္ဈိမဝိဇ္ဇာလယမ္ပိ၊ ကာရာပေတွာ မဟာယတိ။
အပ္ပေသိ ရညော ဌာနဿ၊ ဇနာနံ သိပ္ပဝုဒ္ဓိယာ။

မိုးကုဋ်မြို့ မြို့မရပ်နေ ကျောင်းဒါယကာကြီး ဦးဘရှင်း မိသားစုတို့က တသိန်းကျော်တန် ဓမ္မာရုံကြီး ဆောက်လုပ်လှူဒါန်းရန် လျှောက်ထားလာသောအခါ ဦးဘရှင်းနှင့် သားသမီးတစုတို့အား တရားဟောတော်မူ၍ ဆေးရုံ ဆောက်လုပ်လှူဒါန်းရန် ကိုက်တွန်းနိုးဆော် သဘောတူညီစေပြီးလျှင် မင်းကွန်းတိုက်နယ်ဆေးရုံ နှစ်သိန်းခွဲကျော်တန် (ကိုယ်တိုင်ကြပ်မတ်) ဆောက်လုပ်စေ၍

၁၃၃၅-ခုနှစ်က နိုင်ငံတော်အစိုးရ ကျန်းမာရေးဌာနသို့ ခမ်းနားကြီးကျယ်စွာ အပ်နှင်းလှူဒါန်းတော် မူခဲ့လေသည်။

ရောဂတိကိစ္ဆာဂါရမ္ဘိ၊ ကာရယိတွာ မဟာမတိ။
အပ္ပေသိ ရညော ဌာနဿ၊ ဇနာနံ သုသုခါဝဟံ။

ဝင်းပြင် ထိုဆေးရုံအတွက် လိုအပ်သော တိုးချဲ့လူနာဆောင်, လူနာရှင်များ တည်းခိုရိပ်သာနှင့် ရေကန်ကြီးများကိုပါ ဆောင်ရွက်လှူဒါန်းတော် မူခဲ့လေ သည်။

တိကိစ္ဆာဂါရာရာမေပိ၊ ဇနာဝါသာလယေပိ စ။
ကာရေတိ ပေါက္ခရဏိယော၊ လောကဿ သုခဝုဒ္ဓိယာ။

မိမိ ကြပ်မတ်လှူဒါန်းခဲ့သည့် မင်းကွန်းတိုက်နယ်ဆေးရုံအတွက် သိန်းကျော် ထောက်ပံ့ရေး ရံပုံငွေပင်ကို စည်းကမ်းဘကျ စိုက်ပျိုး၍ ထိုငွေပင်မှ ဖြစ်ပေါ် သော အတိုးအညွန့်များဖြင့် ၁၃၃၆-ခုနှစ်မှစ၍ ထောင်ပေါင်းများစွာ သောင်း, သောင်းကျော်, နှစ်သောင်းစသည် တန်ဖိုးရှိသော ဆေးပစ္စည်းများကို လှူဒါန်းတော် မူခဲ့လေသည်။

သုဘေသဇ္ဇ ဝတ္ထူနိပိ၊ ဒတွာန ယတိ သေခရော။
ရောဂိကာနံ သုခတ္ထာယ၊ အကာ ကာရုညမာနသော။

မိမိ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မြင်းခြံမြို့ ကျည်းပင်ရွာ (သဲဖြူ ဝရွာ) ၌ ကလေးများ ချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ၄-ခန်း ၇-ခန်းစီကျယ်သော စာသင်ကျောင်း ၂-ဆောင်ကို အထက်ထပ် ပျဉ်ခင်း၍ အောက်ထပ်က (ရေဝင်မြေ ဖြစ်သောကြောင့်) ကွန်ကရိခင်း ဝရံတာနေရောင် ကာလှည့်၍ ဆောက်လုပ်စေ၍ လှူဒါန်းတော်မူသည့်ပြင် သဲဖြူဝကျေးရွာနှင့် ကျည်းပင်ကျေးရွာ ဘုန်းကြီးကျောင်းများ မြစ်ကမ်းပြို၍ ပြောင်းရွှေ့သော အခါများ၌လည်း နဝကမ္မ ဝတ္ထုအသပြာ လှူဒါန်းစေ၍ ကူညီရွှေပြောင်းစေ တော်မူခဲ့လေသည်။

ဗဟုံ သော ဇာတိဂါမေပိ၊ ဗလဒါယိ မဟာသုခီ။
ဗောဓိသတ္တာဝ သော ကာသိ၊ ဗောဓိယာ[၁] နိန္နမာနသော။

ဤမျှသာမကသေး ဆရာတော်သည် မိမိငယ်စဉ်က သင်ကြားခဲ့သော မိမိအမွေခံဖြစ်သော မြင်းခြံမြို့ မင်းကျောင်းတိုက် ရဟန်းထောင့်ကျောင်းကို

---

၁။ ဗောဓိသတ္တ သဗ္ဗညုတညာဏ်သာမဟုတ် အရိယာမဂ်ကိုလည်း ဟော၏၊ ဗောဓိ သဗ္ဗညုတညာဏေ၊ ရိယာမဂ္ဂေ စ နာရိယံ။

စာချဆရာတော် ဦးသူရိယ[၁]အား လှူဒါန်းပြီးလျှင် ဆရာတော် ဦးသူရိယနှင့် တပည့်စာသင်သားများအား ဆွမ်းဆန်တော်စသည် နှစ်စဉ် လှူဒါန်းထောက်ပံ့တော်မူခဲ့သည်။ ၎င်းပြင် ကျောင်းအတွက် မပင်ပန်းရအောင် မိမိ ကြီးတော်ဆေးကုန်သည် ဒေါ်ဆယ်မိအား ထရားဟော၍ ၆-ခန်း, ၈-ခန်း ကျယ်ဝန်းသော မဟာဓမ္မပါလ ဓမ္မာရုံအုတ်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းစေခဲ့သည်။ ယင်းဓမ္မာရုံကြီးကား ၅ သိန်းကျော်ခန့်တန်သည်ဟု သိရ၏။ ယင်းဓမ္မာရုံကြီး၌ ဆရာတော်က တခန်းပါဝင်ကူညီလေသည်၊ ယင်းဓမ္မာရုံကြီးကို ၁၉၇၇-ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့က ခမ်းနားစွာ ရေစက်ချပွဲ ပြုလုပ်စေ၍ ဆရာတော် ဦးသူရိယအား အပ်နှင်းစေတော်မူခဲ့လေသည်။

ဓမ္မပါလနိကေတမ္ပိ၊ ကာရာပေတွာ မဟာသုဓီ။
နိယျာတယိ သူရိယဿ၊ တိပေဋကသုသူရိနော။

## ပိဋက ၃-ပုံ ပါဠိတော် အင်္ဂလိပ်ဘာသာပြန်အဖွဲ့ သြဝါဒါစရိယတာဝန်

ဆရာတော်သည် ၁၃၄၂-ခုနှစ် သီတင်းကျွတ်လပြည့်နေ့မှစ၍ တည်ထောင်ခဲ့သော ဦးနု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပိဋကတ် ၃-ပုံ အင်္ဂလိပ်ဘာသာပြန်ဖြန့်ချိရေးအဖွဲ့၏ သြဝါဒါစရိယ တာဝန်ကိုလည်း စိတ်စေတနာ ထက်သန်စွာဖြင့် ဆောင်ရွက်တော်မူသည်။

တိပိဋကသုဂန္ထဿ၊ အင်္ဂလိပရိဝတ္တနေ။
သြဝါဒါစရိယော ဟုတွာ၊ ဗလဒါယီ မဟာသုဓီ။

## ငွေအသပြာ သုံးသိန်းကျော် အဆင်းအဖွဲ့များလှူ

၁၃၄၀-ပြည့်နှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့ မန္တလေးမြို့ ငွေရတုသဘင် အထိမ်းအမှတ်ပူဇော်ပွဲမှ ဆရာတော်၏ နဝကမ္မအတွက် ဝတ္ထုငွေ ၃-သိန်းကျော် လှူဒါန်းကြကုန်၏၊ ဆရာတော်သည် ယင်းအသပြာ ၃-သိန်းကျော်ကို ရန်ကုန်မြို့ရှိ အဘိဓမ္မာပြန့်ပွါးရေးအသင်း, စေတိယင်္ဂဏအသင်း, နိကာယသင်္ဂဟတက ဿမိတိ=နိကာယ်သာသနာထွန်းကားရေးအသင်း မန္တလေးမြို့ သကျသီဟ အသင်း, မလွန် ဆန်လှူအသင်း, မင်းကုန်း မိုးမိတ်ကုန်းမြေရှိ တိပိဋကနိကာယ အသင်းတိုက်, မဟူနာဒကျောင်းတိုက် စသည်တို့အား အကုန်လုံးလှူဒါန်းတော်မူခဲ့လေသည်။ ဆရာတော်ကား—

၁။ ဦးသူရိယကား ၁၂၇၂-ခုဖွားတည်း။ ပေါင်သာနယ် သမ္ဗူရွာဇာတိ ဖြစ်၏။

ယထာပိ ကုမ္ဘော သမ္ပုဏ္ဏော၊ ယဿ ကဿစိ အဓော ကတော။
ဝမတေဝုဒကံ နိဿေသံ၊ ကုမ္ဘော ဝိယ အဓော ကတော။
တထေဝ ယာစကေ ဒိသွာ၊ ဟီနမုက္ကဋ္ဌ မဇ္ဈိမေ။
ဒဒါတိ ဒါနံ နိဿေသံ၊ ကုမ္ဘော ဝိယ အဓော ကတော။

"အမောင်သုမေဓ ဘုရားဖြစ်ချင်တယ်ဆိုလျှင် ရေပြည့်အိုး မှောက်လိုက်လျှင် ရေတွေ အကြွင်းအကျန်မရှိ ထွက်ကျသကဲ့သို့ မှောက်သွန်လိုက်သော ရေအိုးလို အလှူခံပုဂ္ဂိုလ်မြင်လျှင် ချန်မထားပဲ အယုတ်အလတ် အမြတ်မရွေး ပေးလှူပါလေ"–

ဟူသော အဆောင်းအလျှာ သုမေဓာထုံးနှင့် တူလှပါပေ၏။

ဆရာတော်ကား ပိဋကတ်ကျမ်းဂန်တွေ အရေအမိ များရာ၌လည်း သည် တခေတ် တယောက်ပေတည်း၊ တရားဟောမှုကထိကအရာမှာလည်း တခေတ် တယောက်, ရဟန်းတော်တပါးအနေနှင့် အလှူခံရာမှာလည်း တခေတ် တယောက်ပေတည်း။

ပေဋကဉ္ဇဂ္ဂဟော စေဝ¹၊ မဟာ ကထနေပိ စ။
ယတိ ဟုတွာန ဒါနေ စ၊ သမ္ပတိ ကေကော ဟိ ဝေ။

## တိပိဋကဓရ ပူဇော်ပွဲများ၌ တရားချီးမြှင့်

ဆရာတော်သည် တိပိဋကဓရပုဂ္ဂိုလ်ဖြစ်ကတည်းက တိပိဋကဓရပူဇော်ပွဲတွေ ကြွရောက်၍ အပူဇော်ခံ တရားချီးမြှင့်တော်မူရသည်မှာ များလှ၏။ ဆဋ္ဌသံဂါယနာတင်ချိန်တွင် တချို့ဒေသများ မအားမလပ်သဖြင့် ပိတ်ထားရသည်၊ ၁၃၃၇-ခုနှစ်ကစ၍ တိပိဋကဓရပူဇော်ပွဲတွေ ပိုများလာသည်၊ ၁၃၃၉-ခုနှစ်မှ၍ ရက်အားမရရှိအောင်ပင် မြန်မာပြည်အထက်ပိုင်း အောက်ပိုင်းအနှံ့အပြား ပို၍ များလာသည်၊ တိပိဋကဓရ ဆရာတော်လေးပါးတို့ကို ပင့်ဖိတ်၍ မြို့လုံးကျွတ် နယ်လုံးကျွတ် ပူဇော်ပွဲကြီးများ ကျင်းပ၍ပူဇော်ကြသည်၊ ပူဇော်ပွဲတိုင်းလိုလိုမှာ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ဦးဆောင်၍ တရားဟော ဂုဏ်ရေးချီး မြှင့်တော်မူသည်၊ ဆရာတော်သည် တချို့မြို့ရွာများ၌ လိုအပ်သည့်ဌာနများ အား နဝကမ္မ ငွေကြေးများ လှူဒါန်းတော်မူခဲ့လေသည်။ ဤရေးသော်၏ အလှူစာရင်း ပုညပေါ်ထွက်ကို ဆရာတော်သာလျှင် ကုန်စင်အောင် သိတော် မူပါလိမ့်မည်။

---

၁။ ဝိဘင်္ဂ [illegible] ၁၁၂ ([illegible])

## ငွေရတုသဘင်ပူဇော်ပွဲများ

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် ၂၅-နှစ်မြောက် ငွေရတုသဘင် အထိမ်းအမှတ်ပူဇော်ပွဲများကို ၁၃၄၀ ပြည့်နှစ် နယုန်လဆုတ် ၅-ရက်နေ့တွင် ရန်ကုန်မြို့ ကုက္ကိုင်း သာသနာ့ရိပ်သာ ဖလ်ယဉ်မဏ္ဍပ်၌ရင်း၊ ယင်း ၁၃၄၀ ပြည့်နှစ်တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် မန္တလေးမြို့ မဟာသက်ျသီဟ ဘုရားရင်ပြင်ပေါ်၌ရင်း ခမ်းနားစွာ ကျင်းပပြုလုပ်၍ ပူဇော်ကြကုန်၏။ အခြားမြို့များ၌လည်း ငွေရတု ပြုလုပ်ပူဇော်ကြသည်။ ဆရာတော်ကား ရှေးဦးစွာ ထူးထူးခြားခြား ပေါ်ထွန်းသည့် ခေါင်မှူးထွတ်ထိပ် တိပိဋကဓရ ပုဂ္ဂိုလ်မြတ်ကြီးပေတည်း။

> တပေါဓနော တေပိဋကော၊ ဘူတော မရမ္မဘူတလေ။
> တေသု ဝိစိတ္တသာရော ဟိ၊ ဇေဋ္ဌော ပုဗ္ဗင်္ဂမော အဟု။

## ဓမ္မရေ သောတာပန် နတ်သား

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ကျင့်ဆောင်ချက်များသည် အလောင်းတော်မြတ် ဗောဓိသတ်တို့၏ ကျင့်ဆောင်ပုံနှင့် တူနေ၍ တချို့ပုဂ္ဂိုလ်များက ဘုရားဆုပန် ပုဂ္ဂိုလ်ဟု ထင်မှတ်ကြသည်၊ သို့ရာတွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ငွေရတုသဘင်တွင် မိမိသည် "ဒုတိယဘဝ၌ မိတ်ဆွေပညာရှိတို့၏ အမှီကိုရရှိပြီး ဓမ္မဓရအမည်ဖြင့် သောတာပန် အရိယာနတ်သား ဖြစ်လိုကြောင်း ဤဘုရား သာသနာတော်၌ပင် ကျွတ်တန်း ဝင်ရလိုကြောင်း တောင်းဆုခြွေကြောင်း မိန့်ကြားတော် မူခဲ့လေသည်။ ၁၃၃၃-ခုနှစ် တပေါင်းလဆုတ် ၄-ရက်နေ့တွင် ရန်ကုန်မြို့ ဗမ်းချောင်းရပ် ဦးညာဏ် နေအိမ်၌ သာဝကဗောဓိဉာဏ် တောင့်တကြောင်း မိန့်ကြားတော်မူသည်။

> ဓမ္မဓရောတိ နာမေန၊ ဝိစိတ္တော ဝိသိဋ္ဌော သုဓီ။
> ဒုတိယေ အတ္တဘာဝမှိ၊ ဘဝိတုံ ဣစ္ဆတိ ဟိ သော။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၄၀-ပြည့်နှစ် ပြာသိုလဆန်း ၇-ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရတို့ ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသနှင့်အတူ ဆရာတော်ကြီး ၃-ပါးတို့ အဘိဓဇမဟာရဋ္ဌဂုရု, ဆရာတော်ကြီး ၁၁-ပါးတို့ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူကြကုန်၏။ ၁၉၇၉-ခု ဇန္နဝါရီ ၄-ရက်နေ့ အစိုးရ ထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်၏။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ

သက်တော် ၆၇-နှစ်၊ သိက္ခာတော် ၄၇-ဝါ

**အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆရာတော်ကြီး ၁၃-ပါးအား ကပ်လှူ**

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၇၊ ပုဒ်မခွဲ (စ)တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ အောက်ပါ ဆရာတော်ကြီးများအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းလိုက်ကြောင်းဖြင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး ဦးစန်းယုက လက်မှတ်ရေးထိုး၍ နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာ အမှတ် ၁/၇၉-ကို ယနေ့ ထုတ်ပြန် ကြေငြာသည်။

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တတိက္ခ၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက်၊ ပြည်မြို့ ပဲခူးတိုင်း။

၂။ ဘဒ္ဒန္တဇောသလ္လ၊ပိဋကတ်တိုက်ကျောင်း၊ မုဒ္ဒန်းရွာ ချောင်းဆုံမြို့နယ်။

၃။ ဘဒ္ဒန္တပဏ္ဍိတသီရိ၊ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဦးဝိစိတ္တသာရာဘိဝံသ(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)ဓမ္မနာဒ ကျောင်းတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂။ ဦးဣန္ဒက၊ ပဋ္ဌာန်းသိပ္ပံချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဦးဇောတယ ( ရွှေကျင်သာသနာပိုင် ) မဟာဝိသုဒ္ဓါရုံတိုက်၊ အရှေ့ပြင်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၄။ ဦးစန္ဒောဘာသ၊ ပရိယတ္တိနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။

၅။ ဦးဇာနေယျဗုဒ္ဓိ၊ ပိုက်ကျုံးဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အနောက်ပြင်၊ မန္တလေးမြို့။

၆။ ဦးနရိန္ဒ၊ တောင်ကျောင်းကြီး၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၇။ ဦးဂန္ဓမာ၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။

၈။ ဦးပဏ္ဍိတ၊ ငွေဥဝန်တိုက်၊ မင်းလှမြို့၊ ပဲခူးတိုင်း။

၉။ ဦးလောကီယာ၊ ကပိုင်ကျေးရွာကျောင်း၊ ပန်းတနော်မြို့နယ်။ ဧရာဝတီတိုင်း။

၁၀။ ဦးနာရဒ၊ ပဋ္ဌာန်းကျောင်းတိုက်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း။

ဤကား အစိုးရထုတ်ပြန်ချက်တည်း[၁]။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေနာပိ။
ပူဇေသုံ မြန်မာဘူပါလာ၊ ဝိစိတ္တံ စိတြဝါစကံ။

## သံဃာ့ဝန်ဆောင် အကြံပေးတာဝန်

ဆရာတော်သည် ၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် ၁-ရက်နေ့မှစ၍ ၁၃၄၂-ခုနှစ် နယုန်လဆန်း ၁၃-ရက်နေ့အထိ တည်ရှိခဲ့သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်အောင် ဆောင်ရွက်တော်မူသည့် ၆၆-ပါး သံဃာ့ဝန်ဆောင်အဖွဲ့၏ အကြံပေးဆရာတော်အဖြစ် တာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်တာဝန်

တဖန် ၁၃၄၂-ခုနှစ် နယုန်လဆန်း ၁၃-ရက်နေ့မှစ၍ ဖြစ်ပေါ်လာသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် တာဝန်ကိုလည်း ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာ လွန်းစွာကင်းလျက် ဆောင်ရွက်တော်မူခဲ့လေသည်။ ဆရာတော်ကား ပြုလုပ်ဆောင်ရွက်သမျှကိစ္စအားလုံး၌ ရဲရင့်တည်ကြည်စွာ ဆောင်ရွက်တော်မူခဲ့လေသည်။


ဇဟံ အာနနကာကိစ္စေသု၊ ဘာရဂါဟိ ဝိသာရဒေါ။
သပ္ပညော သုသန္တောယော၊ ဝိစိတ္တော စိတြဘာဏကော။

## ရန်ကုန်မြို့ တိပိဋကကျောင်းတော်

သပ္ပုရိသနွယ်ဝင် သူဇော်စင်အပေါင်းတို့သည် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကို ကြည်ညိုကြပါသဖြင့် ဆရာတော်ဘုရားကြီးနှင့် တပည့်များ ချမ်းသာစွာ သီတင်းသုံးတော်မူ၍ ဓုရ ၂-ပါး ပွါးများကြိုးကုတ် အားထုတ်တော်မူကြရန် ဆမ္ဗာဆန္ဒ အာသီသဖြင့် ခြောက်သိန်းခွဲခန့် အသပြာငွေကို မစွန့်မဖက် ရက်ရောစွာပေးစွန့်လှူဒါန်းကြ၍ ရန်ကုန်မြို့ အမှတ် ၁၂-နယူးလင်းလမ်းတွင် တိပိဋကကျောင်းတော်ကို ဆောက်

---

၁။ ၁၃၄၀-ပြည့်နှစ်၊ ပြာသိုလ်လဆန်း ၇-ရက်၊ ကြာသပတေးနေ့ (၄ - ၁ - ၇၉) ဗိုလ်တထောင်သတင်းစာ။



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် အကျိုးတော်ဆောင်အဖြစ်
ဆောင်ရွက်နေသော အရှင်ဝိစိတ္တသာရာဘိဝံသ

လုပ်၍ ၁၃၄၂-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့တွင် စုပေါင်းရေစက်ချကျွေးပြ၍ လှူဒါန်းပူဇော်ကြကုန်၏။

## တိပိဋကနိကာယကျောင်းတိုက်ကြီး တည်ထောင်ခြင်း

မင်းကွန်းတောင်ရိုး ဓမ္မာနာဒကျောင်းတိုက်ကြီး၏ မဟာနာယက တိပိဋကနိကာယကျောင်းတိုက်ကြီး၏ ပဓာနဦးဆောင်နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာဘိဝံသ မဟာထေရ်မြတ်သည် မိမိ၏ တိပိဋကဓရ ဆွမ်းဆန်တော်လစာ, အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်နဝကမ္မနှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် (၂၅) နှစ်မြောက် ငွေရတုပူဇော်ပွဲ အလှူများမှ ရရှိတော်မူသည့် နဝကမ္မများကိုမတည်၍ တိပိဋကနိကာယ သာသနာပြုအဖွဲ့ ဖွဲ့စည်းတော်မူပြီး ကပ္ပိယကာရကအဖြစ် လွှဲအပ်တော်မူကာ ၁၃၄၀-ပြည့်နှစ် မြန်မာနှစ်ဆန်း ၁-ရက်နေ့တွင် မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများကုန်းမြေတွင် တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို ဖွင့်လှစ်တည်ထောင်တော်မူခဲ့သည်။

## ပင့်လျှောက်ခြင်း

တိုင်းနှင့်ပြည်နယ် အသီးသီးမှ ဓမ္မာစရိယအောင်မြင်ပြီးသော သံဃာတော်များအား ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသကိုယ်တိုင် လက်မှတ်ရေးထိုးတော်မူ၍ တိပိဋက, နိကာယ ဗုဒ္ဓစာပေများကို သင်အံလေ့ကျက်ရန်အတွက် ဝိဝေကအရပ်နှင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး အလှူကို ပေးလှူမည့်အကြောင်း စာတမ်းထုတ်ဝေ၍ ပင့်လျှောက်ခဲ့လေသည်။

## အေးချမ်းစွာ စာကျက် စာကြည့်တော်မူကြ

ယင်းသို့ ပင့်လျှောက်ချက်အရ ၁၃၄၀-ပြည့်နှစ်တွင် သံဃာတော် ၄၈-ပါး ရောက်ရှိပြီး ၃၇-ပါး ဝင်ရောက်ဖြေဆိုရာ ၃၂-ပါး အောင်မြင်တော်မူသည်၊ ၁၃၄၁-ခုနှစ်တွင် သံဃာတော် ၈၂-ပါး ရောက်ရှိ သီတင်းသုံးတော်မူပြီး ၆၈-ပါး ဝင်ရောက်ဖြေဆိုရာ ၅၈-ပါး အောင်မြင်တော်မူသည်၊ ယင်း အောင်မြင်တော်မူသော သံဃာတော်များအနက် နှစ်ချင်းဘွဲ့ရ ဂုဏ်ထူးများဖြင့် အောင်မြင်သော ရဟန်းတော်များ ပါဝင်သည်။ ၁၃၄၂-ခုနှစ်တွင် သံဃာတော် ၁၁၃-ပါး သီတင်းသုံးတော်မူ၍ တနေ့လျှင် ၁၂-နာရီ စာကျက်, စာကြို, စာအံ, စာကြည့် လုပ်ငန်းကို ချမ်းသာစွာ ကြည့်ရှုတော်မူနိုင်ကြသည်။ ဆရာတော်၏ စီမံကိန်းကား အောင်မြင်ခဲ့လေသည်။

## သပ္ပါယမျှတစွာ သိတင်းသုံးတော်မူနိုင်ကြပြီ

တိပိဋကနိကာယ စာသင်သား သာသနာ့အာဇာနည် အရှင်မြတ်တို့သည်–

(၁) ရန်ကုန်မြို့တွင် နိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာန တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့မှ ကျင်းပပြုလုပ်သော တိပိဋကဓရ စာမေးပွဲ။

(၂) ရန်ကုန်မြို့ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းမှ ကြီးမှူးကျင်းပသော နိကာယဘာဏက နိကာယမဉ္ဇူစရိယစာမေးပွဲ။

(၃) ရန်ကုန်မြို့ စိန်ရောင်ခြည် နိကာယအသင်းမှ ကြီးမှူးကျင်းပသော စာမေးပွဲ။

(၄) ပဲခူးမြို့ နိကာယ် သာသနာတော် ပြန့်ပွါးရေးအသင်းမှ ကြီးမှူးကျင်းပသော စာမေးပွဲများကို ကြွရောက်ဖြေဆိုရန်နှင့် ဘွဲ့တံဆိပ်တော်များ လက်ခံရယူရန်အတွက် ရန်ကုန်မြို့သို့ တနှစ်လျှင်(၉)ကြိမ်ခန့် ကြွရောက်လာကြရသည်။

ဖော်ပြပါ တိပိဋက စာသင်သား သာသနာ့အာဇာနည် အရှင်မြတ်များသည် ရန်ကုန်မြို့ရှိ တိပိဋကကျောင်းတော်၌ သပ္ပါယမျှတစွာ သီတင်းသုံးတော်မူကြ၍ တိပိဋကကျမ်းဂန်တို့ကို ကျွန်ပိုင်နိုင်စွာ လေ့လာကြည့်ရှု၍ စာမေးပွဲဝင်နိုင်ကြပါလိမ့်မည် တကား။ သရောဇာဘင် အရှင်ဝိစိတ္တသာရာဘိဝံသကားကိုယ်တိုင်လဲ တိပိဋကဓရပုဂ္ဂိုလ်ကျော်ဖြစ်၍ အခြားသာသနာ့ဝန်ထမ်းတို့ကိုလည်း တိပိဋကဓရဖြစ်ရန် ကူညီတော်မူသည်၊ ကေန္တကလျာဏမိတ္တပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေသည်။

> သယဉ္စ ပေဋကော ဟုတွာ၊ အညေသဉ္စ နိယောဇကော။
> စဋ္ဌော ပေဋကဘာဝါယ၊ သဗ္ဗဒါ နိဋ္ဌမာနသော။

### တိပိဋကဓရ ဝုတ္တနုဝိကာသိနိကျမ်း

စာပြုသူသည် သပ္ပုရိသနွယ်ဝင် သူတော်စင်များစွာတို့၏ ကောင်းပန်မှုကိုအကြောင်းပြု၍ ဘုရားမြတ်စွာ သာသနာတော်၌ အလွန်လျှင် ထူးချွန်လှသည့် အာဒိမတိပိဋကဓရ အရှင်သူမြတ်၏ အဖြစ်တော်စဉ် ''တိပိဋကဓရဝုတ္တနုဝိကာသိနီ''ကျမ်းကြီးကို ကြိုးပမ်းရေးသားပါသည်။ ယင်းသို့ ကြိုးပမ်းရေးသားသော်လည်း ဆရာတော်၏ လုပ်ဆောင်ချက်တွေ, ဂုဏ်တွေမှာ များလွန်းလှသဖြင့် အသိပညာခကြွယ် အကျွန်ုပ်နွယ်ပုဂ္ဂိုလ်သည် အဘယ်မှာလျှင် ကုန်စင်အောင် ဖော်ပြနိုင်ပါအံ့နည်း။ သို့ရာတွင် ဖော်ပြပြီးသမျှဖြင့် ဆရာတော်၏ လုပ်ဆောင်ချက်နှင့် ဂုဏ်တော်များကို အတော်အသင့် သိရှိနိုင် ကြည်ညိုနိုင်ပြီး



ပဌမအကြိမ် ဂိုဏ်းပေါင်းစုံ **သံဃာ့အစည်းအဝေးပွဲကြီး** ဖြစ်မြောက်ရေးအတွက်
၁၃၄၁-ခုနှစ် တပို့တွဲလပြည့်ကျော် ၁-ရက်နေ့တွင် ဝန်ဆောင် ၆၆-ပါး စည်းဝေးစဉ်က
တာဝန်ထမ်းဆောင်တော်မူနေသော အကြံပေး ဆရာတော်အဖြစ်ဖြင့်
**အရှင်ဝိစိတ္တသာရာဘိဝံသ**

ဖြစ်ရကား အောက်ပါ ပါဠိဂါထာ မြန်မာစကားပြေတို့ကို ဖော်ထုတ်တပ်၍ တိပိဋကဓရဝုတ္တန္တဝိကာသိနီ ကျမ်းကြီးကို လက်စသတ်လိုက်ပါပြီ။

### တိပိဋကဓရဝုတ္တန္တဝိကာသိနီ နိဂုံး

(၁) ပခုက္ကူပုရသေဋ္ဌာ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မှန်မြို့မြတ်ဖြစ်သော ပခုက္ကူပိဋကတ် အတက်မြို့တော်၏ အနောက်ဖက် ၄-ဂါဝုတ်ပမာဏ ဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသောရွာ၏ လေးဖက်လေးတန်၌ ကျောင်းကန်ဘုရား, စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်လှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

(၂) ဒွိနေဝဝိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လင်္ကာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြှုပ်အနေအားဖြင့် ၁၂၇၂-ခုနှစ်၌ မွေးဖွားသော သီဟိုဠ်နိုင်ငံ (သီရိလင်္ကာနိုင်ငံ) ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံ အစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာနေခဲ့ဘူး၍ သက္ကတ, ပရာကရိုက်, အင်္ဂလိပ်, သီဟိုဠ်—အစရှိသော ထိုထိုဘာသန္တရ စာပေဗဟုသုတ သမိုင်းရာဇဝင် အမျိုးမျိုးတို့ကို ရှာမှီးလေ့လာ သင်ယူလေ့ရှိသော။

(၃) ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနိ၊ သံဂီတိ ကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်[၁] အစရှိကုန်သော မဟာဝိသုတာရာမဝါသီ မဟာထေရ်မြတ်ကြီးတို့၏အထံ၌ ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

(၄) ဒက္ခိဏာရာမဝါသိနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန အဋ္ဌဝီသ-ဝဿာနိ တေန ယသဿိနာ။

ရတနာပုံ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် အမရပူရ ကျောင်းဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင်မထေရ်မြတ်

---

[၁]။ ကျေးဇူးရှင် တိုက်အုပ်ဆရာတော်ကား ၁၃၃၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်နေ့တွင် ပျံလွန်တော်မူသည်။

တို့၏ အသံ၌လည်း သင်ယူအပ်သော နည်းနာနယ အဝဝရှိသော ရဟန်းသိက္ခာ ၂၈-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

(၅) သုန္ဒရေ ပုရေသဋ္ဌမှိ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဓောဘိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင့်စဖွယ် ကောင်းလှသော [illegible] ပိဋကတ် အဆောက်အအုံတော်ဖြင့် တင့်တယ်သော ဗမာ ကျောက်စာတော်ရှားနေသော မဟာဝိသု-ဒ္ဓာနုမင်းဆက် နေပြည်တော် ထိုက်တော်တည့် ကျေးလူ့ရွှေ ရေစကြိုဆရာ ကြော်ဘုန်းကြီး အရှင်ဂန္ဓသ ရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင် ညာ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ ဆောင်းသုံးရာ ခုရ၂-ပါး ပွါးများအားသစ်ရာ ဌာနမှန်ဖြစ်သဖြင့် တင့်တယ်သောဗမာ နေချင့်စရာ ကောင်းလှသော သာသနဓဇတိပါလကျောင်းကြီး၌ နေထိုင်ပျက် ဒီဃ နိကာယ်ပါဠိအဋ္ဌကထာ, မဇ္ဈိမနိကာယ်ပါဠိအဋ္ဌကထာ, သံယုတ္တနိကာယ်ပါဠိ အဋ္ဌကထာ, အင်္ဂုတ္တရနိကာယ်ပါဠိအဋ္ဌကထာ, ခုဒ္ဒကနိကာယ်အဝင်အပါ နေတ္တိ ပါဠိအဋ္ဌကထာ အစရှိသော မာဂဓနှင့် မုဒ္ဒဗောဓ, အမရကောသ–အစရှိသော သက္ကတစသည့် ဘာသန္တရကျမ်းဂန် အမျိုးမျိုးတို့ကို ချမ့်လေ့ရှိသောအကျွန်ုပ် သည်။

(၆) နိဿာယ ဣတိဟာသေ စ၊ ရာဇလက္ခိတပေါတ္ထကေ။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ ကတောယံ ဝိဒုမာနိတော။

သမိုင်းရာဇဝင် သာသနာဝင် အဋ္ဌုပ္ပတ္တိကျမ်းဂန်အမျိုးမျိုးတို့ကိုင်း၊ အစိုးရ သာသနာရေးဌာနမှ ထုတ်ဝေသည့် မှတ်တမ်းအမျိုးမျိုးတို့ကိုင်း၊ ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာဋီကာ ဇာတတ္တကီ ဓေသာတတ္တကီစသော ကျမ်းဂန် မှန်ကျမ်းဂန်မြတ်တို့ကိုင်း မှီငြမ်းပြု၍ ပညာရှင်အပေါင်းတို့ နှစ်ထောင်း ဝမ်းသာ ထောမနာအပ်သော ဤတိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်းကြီးကို ကြိုးပမ်းရေးသား အပ်ပါသတည်း။

(၇) တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုဿာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသိနံ၊ သုဿာရံ သုပကာသယံ။

အကျွန်ုပ်များလှစွာပြား စာချ,စာရေးစာပေ အလုပ်ကိစ္စတွေကြားမှ စိတ် အားထက်သန်စွာ မကြာမတင် ပြုစီရင်အပ်သော ဤတိပိဋကဓရ ဝုတ္တန္တ ဝိကာသိနီကျမ်းကြီးသည် ဘုရားမြတ်စွာသာသနာ တည်သရွေ့ကာလပတ်လုံး သာသနာ့သမိုင်းအဋ္ဌုပ္ပတ္တိ တိပိဋကဓရသမိုင်းအဋ္ဌုပ္ပတ္တိသုတေသီတို့အား ကောင်း မြတ်သော အကြောင်းအရာ အဓိပ္ပါယ်ကိုပြလျက် တည်ထွန်းပါစေသတည်း။

(ဂ) အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မနိသိဘိ ဂုရူဟော၀၊ ဂစ္ဆေယျ အမတံ သိဝံ။

ဤတိပိဋကဓရဝုတ္တန္တဝိကာသိနီကျမ်းကြီးကို ကြိုးပမ်းရသော ကောင်းမှုထူးနှင့် အခြားကျမ်းဂန်များကို ရေးသားရသောကောင်းမှု၊ စာပေကျမ်းဂန်ချပို့ရသောကောင်းမှု အစုစုကြောင့် ပညာရှင်ကြီးများသာ ဖြစ်တော်မူကြသော ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

တိပိဋကဓရ ဝုတ္တန္တဝိကာသိနီကျမ်း
**အလုံးစုံ ပြီးပြီ။**

## အရှင်ကေလာသပြုစုသော
## ကျမ်းစာများ

၁။ အဘိဓမ္မာဂုဏ်ရည်ကျမ်း။
၂။ တိပိဋက အတ္ထုဒ္ဓါရသူစိကျမ်း။
၃။ တိပိဋကသုတ္တသူစိကျမ်း။
၄။ အင်္ဂလိပ် ပါဠိ အဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ် အဘိဓာန်။
၆။ သက္ကတ မြန်မာ အဘိဓာန်။
၇။ ပခုက္ကူ သာသနာဝင်။
၈။ မဟာပိသုတာရာမသာသနာဝင်။
၉။ မန္တလေးသာသနာဝင် ပထမတွဲ။
၁၀။ မန္တလေးသာသနာဝင် ဒုတိယတွဲ။
၁၁။ မန္တလေးသာသနာဝင် တတိယတွဲ။
၁၂။ မန္တလေးသာသနာဝင် စတုတ္ထတွဲ။
၁၃။ မန္တလေးသာသနာဝင် ပဉ္စမတွဲ။
၁၄။ မန္တလေးသာသနာဝင် ဆဋ္ဌမတွဲ။
၁၅။ မန္တလေးသာသနာဝင် သတ္တမတွဲ။
၁၆။ မန္တလေးသာသနာဝင် အဋ္ဌမတွဲ။
၁၇။ မန္တလေးသာသနာဝင် နဝမတွဲ။
၁၈။ မန္တလေးသာသနာဝင် ဒသမတွဲ။
၁၉။ မန္တလေးသာသနာဝင် ဧကာဒသမတွဲ။
၂၀။ မန္တလေးသာသနာဝင် ဒွါဒသမတွဲ။
၂၁။ မန္တလေးသာသနာဝင် တေရသမတွဲ။

၂၂။ မန္တလေးသာသနာဝင် စုဒ္ဒသမတွဲ။
၂၃။ မန္တလေးသာသနာဝင် ပန္နရသမတွဲ။
၂၄။ ပုဂံ သာသနာဝင်။
၂၅။ ပင်းယ သာသနာဝင်။
၂၆။ အင်းဝ သာသနာဝင်။
၂၇။ စစ်ကိုင်း သာသနာဝင်။
၂၈။ အမရပူရ သာသနာဝင်။
၂၉။ စွန်းလွန်း ပဋိပတ္တိသာသနာဝင်။
၃၀။ သီဟိုဠ်ရဟန္တာများ။
၃၁။ သီဟိုဠ်ဘုရားစုံသမိုင်း။
၃၂။ စေတီယပ္ပတ္တိဒီပနီ။
၃၃။ ပခုက္ကူ ဘုရားစုံသမိုင်း။
၃၄။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၃၅။ ပခုက္ကူ စာချနည်း။
၃၆။ ပခုက္ကူ ရေစက်ချကျမ်း။
၃၇။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၃၈။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၃၉။ ပခုက္ကူ ဘုရားရှိခိုးကျမ်း။
၄၀။ ပခုက္ကူ စာစပ်ကျမ်း။
၄၁။ ပခုက္ကူ နိပါတ်နက်များကျမ်း။
၄၂။ ပခုက္ကူ ပရိတ်နိဿယအကျဉ်း။
၄၃။ ပါဠိ ပါဠိမဥ္စူ ပါဠိဖတ်စာ။
၄၄။ ဥပုသ်သည်များလက်စွဲ။
၄၅။ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိ ဒီပနီနှင့် အဖိုးတန် စာပေများ။

၄၆။ အဘိဓမ္မမဟာဓရဋ္ဌဂုရု အရှင်သုန္ဒရ၏ မဟာထေရစရိတ။

၄၇။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရဝုတ္တန္တဒီပနီ။

၄၈။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကလျာဏထေရဂုဏ်ရည်။

၄၉။ ဝါးကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန်ထေရဂုဏ်ရည်။

၅၀။ သံပုရာပင်ကုန်း ဆရာတော် အရှင်အရိယ၏ အရိယထေရဂုဏ်ရည်။

၅၁။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက် ဆရာတော် အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမထေရာပဒါန်။

၅၂။ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရဝုတ္တန္တပ္ပဒီပိကာ။

၅၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ မဟာထေရ လလိတ။

၅၄။ သာသနာပိုင် ဆရာတော် ဦးဥေယျထေရုပ္ပတ္တိ။

၅၅။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာခြောက်ဆယ်ပါဌ် နိဿယ။

၅၆၊ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာရှစ်ဆယ်ပါဌ် နိဿယ။

၅၇။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာကိုးဆယ်ပါဌ် နိဿယ။

၅၈။ ရေစကြို ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ဂါထာ ၁၀၀-ပါဌ် နိဿယ။

၅၉။ ကျွန်းဦး ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ ဂါထာသုံးဆယ်ပါဌ် နိဿယ။

၆၀။ လက္ခဏာတော် သုံးဆယ့်နှစ်ပါး ဘုရားရှိခိုး ဂါထာပါဌ် နိဿယ။

၆၁။ လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုး ဂါထာပါဌ် နိဿယ။

၆၂။ တရားရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး ဂါထာပါဌ် နိဿယ။

၆၃။ နမက္ကာရပါဌ် နိဿယ။

၆၄။ ရှင်ဥပဂုတ် ရှိခိုးဆယ့်နှစ်ဂါထာ နိဿယ။

၆၅။ ပဥ္စသိခ သိချင်းဂါထာပါဠိ နိဿယ။

၆၆။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရ သိမ်မော်ကွန်းပါဠိ နိဿယ။

၆၇။ မရဏာဿတိ ဘာဝနာ။

၆၈။ မူလပဏ္ဏာသ အဋ္ဌကထာဂဏ္ဌိ။

၆၉။ ပိဋကတ်သုံးပုံ ဘုရားရှိခိုး (၁၁၅-ဂါထာ ပါဠိ နိဿယ။)

၇၀။ မဟာဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာအက္ခရာပြန်ရေး။)

၇၁။ ဒီပဝံသပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး။)

၇၂။ အင်္ဂုတ္တရိယ ပဒါန်နှင့် အဖိုးဘန် စာခပများ။

၇၃။ ပဋ္ဌာန်း အဘိဓာန် နိဿယသစ်။

၇၄။ တိပိဋကဝုတ္တန္တသန္ဒီပနီကျမ်း။

၇၅။ ကဝိဒပ္ပဏနီတိ ပါဠိ နိဿယ။

၇၆။ တိပိဋကရေ ဝုတ္တန္တဝိကာသိနီ။

၇၇။ ဆယ့်နှစ်ရာသီဘွဲ့ ဂါထာပါဠိ နိဿယ။

၇၈။ ရေနံချောင်းမြို့ ရွှေတောင်တိုက်အုပ် ဆရာတော် အရှင်ဝဏ္ဏာစာရ၏ ထေရဝုတ္တန္တဝိလာသိနီ။

၇၉။ သမန္တကူဋဝဏ္ဏနာပါဠိ (သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး။)

၈၀။ မဟာဝိသုတာရာမ နိကာယာဟ်ရွှတ်စဉ် အဖွင့်။

၈၁။ မဟာဝိသုတာရာမ နိကာယ သာသနာဝင်သစ်။

၈၂။ မဟာဝိသုတာရာမိက ဂဏာဝါစကနိကာယ သမိုင်း မှတ်တမ်း။

၈၃။ မဟာစည် ထေရဝုတ္တန္တဝိလာသိနီ။

၈၄။ သာသနာဝင် ဘွဲ့ထံဆိပ်တော်များ သမိုင်း။

၈၅။ ၁၃၇၀-ပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၃-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာ တော်ကြီး ၁၀-ပါးတို့၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒီပနီ။

၈၆။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏ မဟာထေရ ဝိတ္ထိဋ္ဌိတ။

၈၇။ ပခုက္ကူ အဖိုးတန်စာများ။

၈၈။ မိဘမြတ်ကျေးဇူး။

၈၉။ ထနှောင်းခလ ထေရဂုဏ်ရည်။

၉၀။ ၁၃၄၁-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆-ပါးတို့၏ အဖြစ်ခတော်စဉ် မဟာထေရုပ္ပတ္တိပကာသိနီ။

၉၁။ ရွှေတန့်တစ် ဘုရားသမိုင်း။

၉၂။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေး သမိုင်းကျမ်း။

၉၃။ ရွှေကူဘုရားသမိုင်း။

၉၄။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်။

ပ-မ-သ-စ—ဖြ၂၁—၃၀-၁၂-၈၀—၃၀၀၀။

# အလိမ္မာ စာမှာရှိသည်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာနမှ

မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ

ပိဋကတ်ပါဠိတော် ၅၂-ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ။

## မြန်မာပြန်ကျမ်းများ

| | | | |
|---|---|---|---|
| ၁။ ဒီဃနိကာယ် ( သုတ္တန် ) | ပ၊ ဒိ၊ တ | ( ၃-ကျမ်း ) | ၃-အုပ် |
| ၂။ မဇ္ဈိမနိကာယ် ( သုတ္တန် ) | ။ | ( ၃-ကျမ်း ) | ၃-အုပ် |
| ၃။ သံယုတ္တနိကာယ် ( သုတ္တန် ) | ။ | ( ၅-ကျမ်း ) | ၃-အုပ် |
| ၄။ အင်္ဂုတ္တရနိကာယ် ( သုတ္တန် ) | ။ | ( ၁၁-ကျမ်း ) | ၃-အုပ် |
| ၅။ ခုဒ္ဒကနိကာယ် ( ကျမ်း-၃၀ ) မှ | ဝိနည်း | ( ၅-ကျမ်း ) | ၅-အုပ်၊ |
| | အဘိဓမ္မာ | ( ၇-ကျမ်း ) | ၁၂-အုပ် |
| | အခြားသုတ္တန် | ( ၁၄-ကျမ်း ) | ၅-အုပ် |

**တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီး**

၁၁-တွဲ ထွက်ပြီ

**မဟာဗုဒ္ဓဝင်**

ပဌမတွဲမှ ဆဋ္ဌမတွဲအထိ ၆-တွဲ ၈-အုပ် အပြည့်အစုံထွက်ပြီ။